မဒါရိဗွဲလ်
ကုရ်အာန်

ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းလွယ်ကူစွာဖွင့်ဆိုသောကျမ်း

ဘဏ္ဍာ (၃)
စူရဟ် ဘာလီ အင်မရန်

ဘဏ္ဍာ (၃)
စူရဟ် ဘာလီ အင်မရန်

မော်လာနာ မုဗ်ဿိ မုဟမ္မဒ်ရှမီး

မော်လာနာ မုဗ်ဿိ မုဟမ္မဒ်ရှမီး

မဒါရိဗွဲလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့က ဘာသာပြန်သည်

မဒါရိဗွဲလ်ကုရ်အာန်ကျမ်း
မြန်မာဘာသာပြန်အဖွဲ့က
ဘာသာပြန်သည်

အသင်တို့တွင် (အကြင်သို့သော) အမွဲ့အစည်းတစ်ခု ရှိရပေမည်။
ထိုအမွဲ့အစည်းသည်(လူသားတို့အား) ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ကြရမည်။
ထို့အပြင် ကောင်းမြတ်သောအရာများကို ညွှန်ကြားကြရမည်။
ထို့အပြင် ထိုအမွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။
ဤသို့သောသူများသည်ပင်လျှင် (လုံးဝ) အောင်မြင်သူမည်များ ဖြစ်ကြပေသတည်း ။ ။
၄င်းပြင် အသင်တို့သည် အကြင်သူများကဲ့သို့မဖြစ်ကြကုန်လင့်၊
ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ တစ်ခုတည်းသောသာသနာကိုတစ်လုံးတစ်စည်းတည်း
မလိုက်နာကြဘဲ) အချင်းချင်းကွဲကြသည်ပြင် မိမိတို့ထံ (အလ္လာဟ်အရှင်မြတ်၏)
ထင်ရှားလှစွာသော သက်သေသာဓကများရောက်ရှိလာပြီးသည့် နောက်တွင်လည်း
(ဂုဏ်တုဂုဏ်ပြိုင်ပြုလိုကြ၍) အချင်းချင်း ကွဲလွဲခဲကြကုန်၏။
အမှန်သော်ကား ယင်း(ကွဲသို့သော) သူတို့အဖို့သာလျှင်
ကြီးလေးသောအပြစ်ဒဏ်သည်ရှိပေသည် ။ ။
(ကုရ်အာန် ၃ း ၁၀၄၊၁၀၅)

Computerised Graphic Design myoewynn ☎ 01 - 55 76 86

စဉ်	အကြောင်းအရာ	စာမျက်နှာ
	မာတိကာ	
၁	အမှာစာ	၌
၂	အထူးကျေးဇူးတင်လွှာ	ပ
၃	နိဒါန်း	ဏာ
	စူရပ်အာလိအင်မ်ရာမ်	
၄	**အာယသ် ၁-၆ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက် . . . . . .**	**၁**
	ဆိုလိုရင်းအကျဉ်းချုပ်	၃
	တမန်တော်များအားလုံး ဟောကြားခဲ့သည့် မဖောက်မပြန်တည်တံ့သော သောင်ဟီးဒ် ယုံကြည်ချက်	၅
၅	**အာယသ် ၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက် . . . . . .**	**၇**
	မုဟ်ကမ် နှင့် မုသရှာဇိဟာဟ် တို့၏ အဓိပ္ပာယ်	၈
၆	**အာယသ် ၈-၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက် . . . . . .**	**၁၂**
	အာယသ်တော်၏ ဆက်စပ်မှု	၁၂
	အကျယ်ဖွင့်ဆိုချက်	၁၃
၇	**အာယသ် ၁၀-၁၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၁၄**
	အာယသ်တော်၏ အဆက်အစပ်	၁၅
	အကျယ်ဖွင့်ဆိုခြင်း	၁၅
၈	**အာယသ် ၁၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၁၆**
	အာယသ်တော်၏ ဆက်စပ်မှု	၁၆
	အကျယ်ဖွင့်ဆိုခြင်း	၁၆
၉	**အာယသ် ၁၄-၁၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၁၈**
	အာယသ်တော်၏ ဆက်စပ်မှု	၁၉
	အကျယ်ဖွင့်ဆိုချက်	
	တစ်စုံတစ်ဦး၏ လောကီစည်းစိမ်ဥစ္စာများအပေါ် ချစ်မြတ်နိုးခြင်း၏	

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ကန့်သတ်ချက်များ	၂၀
၁၀	**အာယသ် ၁၈-၁၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၈**
	အာယသ်တော်နှင့် နီးနွယ်ဆက်စပ်မှု	၃၀
	“အလ္လာဟ်အရှင်မြတ်သည် (မိမိကိုယ်တိုင်) သက်သေခံတော်မူခဲ့လေပြီ”	
	ဟူသော အာယသ်တော် ဆိုလိုရင်း၏ ထူးမြတ်မှု	၃၀
	“ဒီးန်နှင့် အစ္စလာမ်” စကားလုံးနှစ်လုံး၏ ရှင်းလင်းချက်	၃၁
	ကျွန်ုပ်တို့၏ အချိန်အခါ၌ နောင်တမလွန်တွင် ကယ်တင်ခံရခြင်းသည်	
	အစ္စလာမ်ဘာသာအပေါ်တွင် မူတည်သည်။ မုစ်လင်မ်မဟုတ်သူတစ်ဦး၏	
	ကောင်းမှုများနှင့် ကိုယ်ကျင့်တရားများသည် လက်ခံနိုင်ဖွယ်ရာမရှိ။	၃၄
၁၁	**အာယသ် ၂၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၃၆**
၁၂	**အာယသ် ၂၁-၂၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၃၈**
၁၃	**အာယသ် ၂၆-၂၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၄၁**
	အကျယ်ဖွင့်ဆိုချက်	
	ဝဟီကျရောက်ခြင်း၏ နောက်ခံသမိုင်း	
	“ခန်းဒတ်” စစ်ပွဲမှ အဖြစ်အပျက်တစ်ခု	၄၂
	ဆိုးရွားမည်ဟု ယူဆထားသည်များသည် အဆုံးစွန်တွင်ကား ထင်သလောက်	
	မဆိုးရွားခဲ့။	၄၄
	အာယသ်တော်၏ ထူးမြတ်မှု	၄၆
၁၄	**အာယသ် ၂၈-၃၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက် .....**	**၄၇**
	မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဆက်ဆံရေးများ.....	၄၉
၁၅	**အာယသ် ၃၁-၃၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၅၆**
၁၆	**အာယသ် ၃၃-၃၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၅၈**
၁၇	**အာယသ် ၃၅-၃၆ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၅၉**
၁၈	**အာယသ် ၃၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၆၁**
၁၉	**အာယသ် ၃၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၆၃**
၂၀	**အာယသ် ၃၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၆၆**

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁	**အာယသ် ၄၀-၄၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၆၈**
၂၂	**အာယသ် ၄၂-၄၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၀**
၂၃	**အာယသ် ၄၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၁**
၂၄	**အာယသ် ၄၅-၄၆ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၃**
၂၅	**အာယသ် ၄၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၅**
၂၆	**အာယသ် ၄၈-၅၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၆**
၂၇	**အာယသ် ၅၂-၅၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၇၉**
	အရေးကြီးသောမှတ်စု	၈၀
၂၈	**အာယသ် ၅၄-၅၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၈၁**
	အာယသ်တော်ပါ အရေးကြီးသော စကားလုံးတို့ကို ရှင်းလင်းခြင်း	၈၂
	ယေရှုသခင်အတွက် အလွှာဟ်အရှင်မြတ်၏ ကတိတော်ငါးပါး	၈၈
	ယေရှုသခင်။ ယေရှုသခင်ဘဝနှင့် ဒုတိယအကြိမ်လာရောက်ခြင်း၏အကြောင်း	၉၀
၂၉	**အာယသ် ၅၆-၅၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၉၆**
	အာယသ်တော်၏ ဆက်စပ်မှု	၉၆
	ဤကမ္ဘာလောက၏ ဒုက္ခသုက္ခများသည် နောင်တမလွန်ဘဝအတွက် အကျိုး	
	ဖြစ်ထွန်းပါ၏လော	၉၇
၃၀	**အာယသ် ၅၉-၆၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၉၈**
	မုဟာဟလဟ် အဖြစ်အပျက်နှင့် မိစ္ဆာဒိဋ္ဌိတို့၏ မမှန်ကန်သော ငြင်းဆိုချက် ..	၉၉
	မုဟာဟလဟ်၏ အဓိပ္ပာယ်	၁၀၀
	“သား”ဟူသော အသုံးအနှုန်း၌ “မြေး”ပါအကျုံးဝင်သည်	၁၀၁
၃၁	**အာယသ် ၆၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၀၂**
	သဗ်လိဂ် နှင့် ဒါအ်ဝသ် ၏ အရေးကြီးသော စည်းမျဉ်းများ	၁၀၂
၃၂	**အာယသ် ၆၅-၆၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၀၄**
၃၃	**အာယသ် ၆၉-၇၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၀၆**
၃၄	**အာယသ် ၇၂-၇၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၀၈**

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၅	**အာယသ် ၇၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၁၁**
	အချို့မူစ်လင်မ် မဟုတ်သူများတွင်ရှိသော ကောင်းသည့်အရည်အချင်းများကို ချီးကျူးခြင်းသည် မှန်ကန်၏	၁၁၂
၃၆	**အာယသ် ၇၆-၇၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၁၃**
၃၇	**အာယသ် ၇၈-၈၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၁၅**
	အကျယ်ဖွင့်ဆိုခြင်း	
	တမန်တော်များသည် ဂုနာဟ်အပြစ်ကင်း၍ အမှားအယွင်းကင်းသည်.....	၁၁၆
၃၈	**အာယသ် ၈၁-၈၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၁၈**
	အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်တော်မူသည့် ပဋိညာဉ် (၃) ရပ်	၁၂၀
	ပဋိညာဉ်၏ ရည်ရွယ်ချက်နှင့် ပြုလုပ်သည့်နေရာ	၁၂၁
	စကြဝဠာလုံးဆိုင်ရာ တမန်တော်နှင့် နောက်ဆုံးတမန်တော်ဖြစ်ခြင်း	၁၂၂
၃၉	**အာယသ် ၈၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၂၄**
	အာယသ် ၈၆-၉၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....	**၁၂၇**
	သံသယတစ်ခု ဖယ်ရှားခြင်း	၁၂၉
၄၀	**အာယသ် ၉၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၃၀**
	ဆွဟာဗဟ်များ၏ စိတ်အားထက်သန်စွာ အမိန့်နာခံမှု	၁၃၂
	ဤအာယသ်တော်များတွင် ပါဝင်သော “ဗိရ်” ဟူသော စကားလုံးသည် ဖရသွဲ (မပြုမနေရ) နှင့် နဖိလ် (မိမိဆန္ဒအလျောက်) လျှုဒါန်းခြင်းအားလုံး အကျုံးဝင်သည်	၁၃၄
	လျှုဒါန်းမှုဌ္ဌ မျှတစေခြင်း.....	၁၃၅
	လျှုဒါန်းခြင်းတွင် အရေးပါအရာရောက်မှုမှာ စိတ်ထားဖြူစင်ခြင်းဖြစ်သည်...	၁၃၅
	လျှုဒါန်းသုံးစွဲရန် မည်သည်မျှ မရှိသောသူအတွက် နည်းလမ်း.....	၁၃၅
	အသင် ချစ်မြတ်နိုးသော အရာဆိုသည်မှာဘာလဲ	၁၃၆
	ပိုလျှံသော ပစ္စည်းနှင့် အရံပစ္စည်းများ သုံးစွဲလျှုဒါန်းခြင်းသည်လည်း စဝါးဗ်ကုလ် မရသည် မရှိချေ။	၁၃၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁	**အာယသ် ၉၃-၉၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၃၈**
၄၂	**အာယသ် ၉၆ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၄၁**
	ကအ်ဗဟ်ဝတ်ကျောင်းတော်၏ ကောင်းချီးမင်္ဂလာများ	၁၄၅
၄၃	**အာယသ် ၉၇ အဓိပ္ပာယ်ပြန်ဆိုချက်နှင့် အကျယ်ဖွင့်ဆိုချက်**	**၁၄၈**
	ဗိုင်သုလ္လာဟ်၏ ထူးမြတ်မှုသုံးရပ်	၁၄၈
	အလ္လာဟ်အရှင်မြတ် တန်ခိုးတော်၏ လက္ခဏာများ	၁၄၉
	အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ ရပ်တည်ရာနေရာ	၁၅၀
	ဗိုင်သုလ္လာဟ်အတွင်း ဝင်ရောက်လာသူ မည်သူမဆို လုံခြုံမှုရှိသည်	၁၅၁
	ဟဂ်၏ မပြုမနေရတာဝန်၊ ဗိုင်သုလ္လာဟ်၏ ထူးခြားချက်	၁၅၂
၄၄	**အာယသ် ၉၈-၁၀၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၅၄**
၄၅	**အာယသ် ၁၀၂-၁၀၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၅၇**
	သတ်က်ဝါဆိုသည်မှာ မည်သည်နည်း	၁၅၈
	သတ်က်ဝါတွင် ရှိသင့်သော အဓိပ္ပာယ်	၁၅၉
	စည်းလုံးညီညွတ်ခြင်း၊ မုစ်လင်မ်များ၏ စုပေါင်းအင်အားဖြစ်စေသော ဒုတိယမူ	၁၆၁
	အစ္စလာမ်သာသနာသည် မုစ်လင်မ်စည်းလုံးညီညွတ်မှု၏ တစ်ခုတည်းသော ရင်းမြစ်ဖြစ်သည်	၁၆၅
	ကွဲပြားခြားနားခြင်းများနှင့် ယင်းတို့၏ သတ်မှတ်ချက်များ	၁၆၈
	လူသားခြင်း ရင်းနှီးချစ်ခင်မှု၏ ကောင်းချီးမင်္ဂလာ	၁၆၉
	မုစ်လင်မ်များအကြား စည်းလုံးညီညွတ်မှုသည် အလ္လာဟ်အရှင်မြတ်အမိန့်နာခံမှု အပေါ်တွင် တည်မှီသည်	၁၇၀
၄၆	**အာယသ် ၁၀၄-၁၀၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၇၁**
	မုစ်လင်မ်များ စုပေါင်းကောင်းစားခြင်းသည် အရာနှစ်ခုပေါ် တည်မှီသည်	၁၇၂
	အယူအဆ ကွဲလွဲခြင်းအတွက် စည်းမျဉ်းစည်းကမ်း	၁၈၂
	သတိမူရန် အရေးကြီးသည့် အချက်	၁၈၅
၄၇	**အာယသ် ၁၀၆-၁၀၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်**	**၁၈၆**

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဖြူစင်သော မျက်နှာနှင့် မည်းနက်သောမျက်နှာများ၏	
	ဆိုလိုရင်း အဓိပ္ပာယ်	၁၈၇
	ဖြူစင်လင်းဝင်းတောက်ပသော မျက်နှာရှင်များနှင့် မည်းနက်သော	
	မျက်နှာရှင်များကား မည်သူများနည်း.....	၁၈၈
	အထူးမှတ်စုတစ်ချို့	၁၈၉
	ဂုနာဟ်ပြစ်မှုကျူးလွန်သူသည် ကိုယ့်ကိုယ်ကို အပြစ်ပေးခြင်းဖြစ်သည်	၁၉၀
၄၈	**အာယသ် ၁၁၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၉၁**
	အကောင်းဆုံး အုပ္မသ်ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း	၁၉၁
၄၉	**အာယသ် ၁၁၁ အဓိပ္ပာယ် ပြန်ဆိုချက်နှင့် အကျယ်ဖွင့်ဆိုချက်.....**	**၁၉၄**
၅၀	**အာယသ် ၁၁၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၉၅**
	ဂျူးများ ဂုဏ်အသရေသေးသိမ်ခြင်းနှင့် အမျက်တော်သင့်ခဲ့ခြင်း၏ အဓိပ္ပာယ်	၁၉၅
၅၁	**အာယသ် ၁၁၃-၁၁၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၁၉၇**
၅၂	**အာယသ် ၁၁၈-၁၂၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၀၀**
	ဆွဗရ် နှင့် သတ်ဂ်ဝါ	
	မုစ်လင်မ်များအတွက် အရာရာကို အောင်နိုင်သောနည်းလမ်း	၂၀၆
၅၃	**အာယသ် ၁၂၁-၁၂၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၀၉**
	အုဟုဒ်စစ်ပွဲ နောက်ခံသမိုင်း	၂၁၀
	အုဟုဒ်စစ်ပွဲ	၂၁၂
	အုဟုဒ် အဖြစ်အပျက်များမှ ရရှိသောသင်ခန်းစာများ	၂၁၃
	မှတ်စု	၂၁၉
	ဗဒ်ရ်၊ တည်နေရာနှင့် အရေးပါအရာရောက်ပုံ.....	၂၁၉
၅၄	**အာယသ် ၁၂၄-၁၂၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၂၁**
	ကတိတော်များ၏ ကျိုးကြောင်းညီညွတ်မှု	၂၂၄
၅၅	**အာယသ် ၁၃၀-၁၃၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၂၇**
	ဆပ္ပားတိုးခြင်းနှင့် အဆပေါင်းများစွာ ဆိုသည်တို့၏ အဓိပ္ပာယ်	၂၂၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၆	**အာယသ် ၁၃၂-၁၃၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၂၈**
	အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်နာခံခြင်း	၂၂၉
	ချမ်းသာပေးသနားတော်မူခြင်း၊ ဂျန္နသ်အမတသုခဘုံသို့ ပြေးလာကြကုန်လော့	၂၃၄
၅၇	**အာယသ် ၁၃၄-၁၃၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၃၉**
	အချိန်အခါမရွေး အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် ပေးကမ်းစွန့်ကြဲ	
	လှူဒါန်းသည့် အကျင့်	၂၄၂
	အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် သုံးစွဲရာမှာ ပစ္စည်းဥစ္စာနှင့်သာလျှင်	
	မဟုတ် အခြားသော နည်းလမ်းများလည်းရှိသည်	၂၄၄
	စီးပွားရေးတိုးတက်ချောင်လည်စွာရှိသော အချိန်နှင့် ဆင်းရဲဒုက္ခရောက်ရှိသော	
	အချိန်ကို ဖော်ညွှန်းခြင်း၏ နောက်ကွယ်ရှိ အသိဉာဏ်	၂၄၅
	အမျက်နှင့် ရန်တုန့်ပြန်ခြင်းမှ ခွင့်လွှတ်ခြင်းနှင့် အကူအညီပေးခြင်းသို့	၂၄၅
၅၈	**အာယသ် ၁၃၉-၁၄၃ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၅၀**
၅၉	**အာယသ် ၁၄၄-၁၄၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၅၅**
၆၀	**အာယသ် ၁၄၆-၁၄၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၆၁**
	စကားလုံးအချို့၏ ရှင်းလင်းချက်	၂၆၂
	ကောင်းမှုလုပ်ရပ်တစ်ခုအတွက် မည်သည့်အခါမျှ မာနမထောင်လွှားသင့် ...	၂၆၃
	မည်သည့်အခြေအနေတွင်မဆို အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာ	
	ပေးသနားမှုရရန် ကြိုးပမ်းလော့	၂၆၄
	ကောင်းမှုကောင်းရာ လုပ်ဆောင်ရာတွင် စွဲမြဲ၍ တစ်သမတ်တည်း မဖောက်	
	ပြန်စေရန်အတွက် ဆုတောင်းဒုအာပြုခြင်း	၂၆၄
၆၁	**အာယသ် ၁၄၉-၁၅၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၆၅**
၆၂	**အာယသ် ၁၅၁-၁၅၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၆၇**
	ဆွဟာဗဟ်သာဝကြီးများ၏ မြင့်မားသောအဆင့်.....	၂၆၉
	ဆွဟာဗဟ်သာဝကြီးများသည် ရုပ်ဝတ္ထုဘက်သို့ တိမ်းညွှန်ခဲ့ပါသလား	၂၆၉
၆၃	**အာယသ် ၁၅၃-၁၅၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၂၇၁**

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အုဟုဒ်စစ်ပွဲ၌ ကြုံတွေ့ရသည့် အခက်အခဲများသည် ပြစ်ဒဏ်ပေးခြင်းမဟုတ်	
	စမ်းသပ်မှုတစ်ရပ်သာ ဖြစ်သည်	၂၇၄
	အဘယ်ကြောင့် မုစ်လင်မ်များ အုဟုဒ်စစ်ပွဲတွင် ဒုက္ခသုက္ခကြုံတွေ့ရသနည်း	၂၇၄
	အပြစ်ဂုနာဟ်တစ်ခုသည် အခြားအပြစ်ဂုနာဟ်၏ အကြောင်းခံဖြစ်သည်. . . .	၂၇၅
	အလ္လာဟ်အရှင်ထံတော်မှောက်တွင် ဆွဟာဗဟ် သာဝကကြီးများ၏	
	အဆင့်အတန်း	၂၇၆
	ဆွဟာဗဟ်သာဝကကြီးများသည် မုစ်လင်မ်များအတွက် အတုယူဖွယ်	၂၇၇
၆၄	**အာယသ် ၁၅၆-၁၅၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၂၈၀**
၆၅	**အာယသ် ၁၅၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၂၈၂**
	ဦးစီးနာယကတစ်ဦး၏ လက္ခဏာရပ်များ	၂၈၃
	ဒါအ်ဝသ်၏ ဆက်ဆံရေးစည်းကမ်းချက်	၂၈၄
	အကြောင်းကိစ္စ နှင့် တိုင်ပင်ဆွေးနွေးခြင်း၏ အဓိပ္ပာယ်	၂၈၆
	အစ္စလာမ်ဥပဒေတွင် တိုင်ပင်ဆွေးနွေးခြင်း	၂၈၇
	တမန်တော်မြတ်ﷺသည် ၎င်း၏ဆွဟာဗဟ်သာဝကကြီးများနှင့်ဆွေးနွေး	
	တိုင်ပင်ခြင်း	၂၉၀
	အစ္စလာမ့်နိုင်ငံတစ်ခုတွင် တိုင်ပင်ဆွေးနွေးမှု အနေအထား	၂၉၃
	ဆွေးနွေးတိုင်ပင်ခြင်း၊ အယူအဆ ကွဲလွဲမှုတစ်ခုအပေါ် အဆုံးအဖြတ်ပေးခြင်း	၂၉၆
	သံသယတစ်ခုအတွက် အဖြေ	၂၉၈
	အသင်လုပ်ဆောင်နိုင်သမျှ လုပ်ပါ။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်အပေါ်	
	ယုံကြည်အားထားပါ	၂၉၈
၆၆	**အာယသ် ၁၆၀-၁၇၁ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်. . . . . .**	**၃၀၀**
	စစ်အောင်နိုင်သည့်အခါ လက်ရပစ္စည်းများအလွဲသုံးစားပြုခြင်း။ အပြစ်တစ်ခု	
	သည် မည်သို့ပင်တွေးတွေး မည်သည့်တမန်တော်တစ်ပါးပါးအပေါ်၌ ယိုးစွပ်၍	
	မရသော အပြစ်ဖြစ်သည်။	၃၀၄
	ဝကဖ်ပစ္စည်းများနှင့် အစိုးရဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်ခြင်းသည်	
	“ဂွလ်လူး” တွင် အကျုံးဝင်သည်	၃၀၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အစ္စလာမ်တမန်တော်။ လူသားထုအတွက် ကြီးမားသောကောင်းချီးမင်္ဂလာ တစ်ရပ်	၃၀၇
	အုပ်ဒ်စစ်ပွဲတွင် မုစ်လင်မ်များကြုံတွေ့ရသော အခက်အခဲများနောက်ကွယ်မှ အသိဉာဏ်	၃၀၉
	အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် ၎င်းတို့ဘဝကို စွန့်လွှတ်သူများ၏ အထူးကောင်းချီးမင်္ဂလာများနှင့် အဆင့်အတန်းများ	၃၁၀
၆၇	**အာယသ် ၁၇၂-၁၇၅ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၃၁၃**
	သံသယတစ်ခုအား ပယ်ရှားခြင်း	၃၁၆
	မိမိအသက်ရင်း၍ တစ်စုံတစ်ခုကောင်းကျိုးရရှိရန်ကြိုးပမ်းရာတွင် ထိုကြိုးပမ်းမှု နောက်ကွယ်၌ လုံးဝဥဿုံ ဖြူစင်ရိုးသားမှုမရှိလျှင် ရလိမ့်မည်မဟုတ်.....	၃၁၇
	အလ္လာဟ်တမန်တော်မြတ်၏ အမိန့်နာခံခြင်းသည် အလ္လာဟ်အရှင်မြတ် အမိန့် နာခံခြင်းဖြစ်သည် ဆိုသည်ကား အဆုံးအစွန်သော မှန်ကန်ချက် ဖြစ်သည်..	၃၁၇
	အဲဟ်စန်၏ အဓိပ္ပယ် ဖွင့်ဆိုချက်	၃၁၈
	သတ်ဂ်ဝါ၏ အဓိပ္ပယ် ဖွင့်ဆိုချက်	၃၁၈
	ကျွန်ုပ်တို့အားလုံးအတွက် အံ့သြဖွယ် တောင်းဆုတော်တစ်ရပ်	၃၂၂
	အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းသည် မည်သည်ကို ဆိုလိုသနည်း ..	၃၂၃
၆၈	**အာယသ် ၁၇၆-၁၇၈ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၃၂၄**
	မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမှုမှာ အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်ခတ်ခြင်းကို ရှည်ကြာစေခြင်းတစ်ရပ် ဖြစ်သည်	၃၂၅
၆၉	**အာယသ် ၁၇၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အကျယ်ပြန်ဆိုချက်.....**	**၃၂၆**
	အီမာန်ရှင်တစ်ဦးနှင့် အရေခြုံတစ်ဦးကို ဝဟီမှတစ်ဆင့်မဟုတ်ဘဲ လက်တွေ့ ပြသခြင်းမှတစ်ဆင့် ကွဲပြားစေရန်ပြုလုပ်ခြင်း၏ အသိဉာဏ်	၃၂၇
	အကွယ်မှ အကြောင်းအရာများအကြောင်းကို တစ်စုံတစ်ဦးအား အသိပေးခြင်း ကြောင့် ထိုသူသည် အကွယ်မှအကြောင်းကို သိသူဟု မဆိုနိုင်ပါ	၃၂၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၀	**အာယသ် ၁၈၀-၁၈၆ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက်**	**၃၂၉**
	စေးနဲ့ဝွန့်တိုခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ယင်းအတွက်ကြောင့် အပြစ်ဒဏ်ခတ်မှု	၃၃၂
	မယုံကြည်သွေဖည်မှုနှင့် အလွှာဟ်အရှင်မြတ်အား မနာခံမှုကို စိတ်နှလုံးသားမှ ကျေနပ်နှစ်သိမ့်နေခြင်းသည်လည်း ကြီးမားသောတူညီသည့် ဂုနာဟ်အပြစ် ဖြစ်သည်	၃၃၄
	အာခိရသ် တမလွန်နှင့် ပတ်သက်သော အတွေးများသည် ဝမ်းနည်းကြေကွဲမှု အားလုံးကိုကုစား၍ သံသယအားလုံး ဖယ်ရှားစေသည်	၃၃၆
	မှားယွင်းသော တရားလက်ကိုင်ထားသူသည် အမှန်တရား စွဲကိုင်ထားသူများ အား ထိခိုက်နာကြင်စေခြင်းဆိုသည်မှာ သဘာဝဖြစ်ရပ်ပင်တည်း	၃၃၈
	သည်းခံခြင်းနှင့် သတ်ဂ၀ါ ခေါ် အလွှာဟ်အရှင်မြတ်ကို ချစ်ကြောက်ရိုသေ ခြင်းသည် အရာရာတိုင်းကို ကုစားသည်	၃၃၈
၇၁	**အာယသ် ၁၈၇-၁၈၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက်**	**၃၃၉**
	အီမာန်သက်ဝင်ယုံကြည်မှုနှင့် သက်ဆိုင်သော အသိပညာကို ဖုံးကွယ်ထားခြင်း အားတားမြစ်သည်။ လက်တွေ့ကျင့်သုံးခြင်းမရှိဘဲ ချီးမွမ်းခံရရန် လိမ်မာ ပါးနပ်စွာ ချယ်လှယ်ခြင်းနှင့် မျော်လင့်ခြင်းသည် စက်ဆုတ်ဖွယ်ဖြစ်သည်။	၃၄၀
၇၂	**အာယသ် ၁၉၀-၁၉၄ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက်**	**၃၄၃**
	ဝဟီကျရောက်ခြင်း၏ နောက်ခံအကြောင်း	၃၄၅
	“အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူခြင်း” ဆိုသည်ကား မည်သည်ကို ဆိုလိုသနည်း	၃၄၆
	နေ့နှင့်ည ပြောင်းလဲခြင်းတို့၏ ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာများ	၃၄၆
	အာယသ်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကား အဘယ်နည်း	၃၄၇
	အလွှာဟ်အရှင်မြတ်အား ယုံကြည်၍ ထိုအရှင်မြတ်အား အမြဲတစေအောက်မေ့ တသ သတိရသူများသာ အသိဉာဏ်ရှိသူများ ဖြစ်ကြသည်	၃၄၇
၇၃	**အာယသ် ၁၉၅-၁၉၉ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက်**	**၃၅၂**
၇၄	**အာယသ် ၂၀၀ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျယ်ပြန်ဆိုချက်**	**၃၆၁**
	ရိဗာတ်အစ္စလာမ့် ရှေ့တန်းစစ်မျက်နှာအား ကာကွယ်စောင့်ရှောက်ခြင်း	၃၆၂
	ဂျမာအသ်နှင့် ဆွလာသ်ဝတ်ပြုပြီးနောက် လာမည့်ဆွလာသ် ဝတ်ပြုဆောက် တည်မှု အတွက် စောင့်ဆိုင်းခြင်းသည်လည်း အလွှာဟ်အရှင်မြတ်လမ်းတော်၌ နေခြင်းပင်ဖြစ်သည်။	၃၆၅
	အထူးမှတ်ရန်	၃၆၅

بسم الله الرحمن الرحيم

الحمدلله رب العالمين ، والعاقبة للمتقين ، والصلاة والسلام على سيد المرسلين،

وعلى آله واصحابه اجمعين ، وعلى كل من تبعهم

باحسان الى يوم الدين

တရားသူကြီး မော်လာနာ မုဟမ္မဒ် သကီးအုဆ်မာနီ

၏

နိဒါန်း

မအာရိဖုလ်ကုရ်အာန် ဒုတိယတွဲထွက်လာခြင်းသည် ကျွန်တော်အတွက် ဂုဏ်ယူစရာနှင့် အခွင့်အရေး တစ်ရပ်ပင် ဖြစ်ပါသည်။ ပထမတွဲသည် ကမ္ဘာပေါ်ရှိ စာဖတ်ပရိသတ်အများက လက်ခံခဲ့သောကြောင့် ပထမ အကြိမ်ရိုက်နှိပ်ထုတ်ဝေသော စာအုပ်များသည် တိုတောင်းလှသော အချိန်ကာလအတွင်းမှာ ကုန်သွားပါသည်။ ဤသည်က ခိုင်လုံပြီးအသေးစိတ်ကျသော ကုရ်အာန်ကျမ်းတော်မြတ်၏ အကျယ်ဖွင့်ဆိုသောကျမ်းအပေါ် ၌ ထားရှိသော စာဖတ်သူများတို့၏ ကြီးမားသောစိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို ပြသပါသည်။ တစ်ချိန်တည်းမှာပင် ကျန်ရှိသော အတွဲများကို မြန်မြန်ဆန်ဆန် ပုံနှိပ်ထုတ်ပေးပါရန် တောင်းဆိုမှုများသည်လည်း တစ်နေ့တစ်ခြားတိုးပွားလာပါသည်။ အလွာဟ်အရှင်မြတ်၏ ကရုဏာတော်ဖြင့် ကျွန်ုပ်တို့သည် ဒုတိယနှင့် တတိယတွဲတို့ကို တစ်ပြိုင်နက်နီးနီး ပြီးမြောက်အောင်ပြုစုနိုင်ခဲ့ပြီး အင်ရှာအလွာဟ် ဤဒုတိယတွဲ၏ နောက်များမကြာမီ တတိယတွဲကိုလည်း ထုတ်ဝေပါတော့မည်။

ပထမတွဲပါ ကျွန်ုပ်၏နိဒါန်းတွင် ရှင်းလင်းပြခဲ့သည့်အတိုင်း ပထမတွဲ ဘာသာပြန်ဆိုခြင်းသည် ပါမောက္ခ ဟာစန်အက်စ်ခရီနှင့် ပါမောက္ခ မုဟမ္မဒ်ရှမီးမ် နှစ်ဦးတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြစ်ပါသည်။ ဒုတိယတွဲကိုမူ ပါမောက္ခ မုဟမ္မဒ် ရှမီးမ်တစ်ဦးတည်း ဘာသာပြန်ဆိုခဲ့ပါသည်။ ကျွန်ုပ်ကမူ စာမူတစ်ခုလုံးကို ပြန်လည်စစ်ဆေးခြင်းနှင့် တည်းဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်သည် ပါမောက္ခ မုဟမ္မဒ် ရှမီးမ်အား အလွန်ကျေးဇူးတင်ပါသည်။ သူသည် ဘာသာပြန်ဆိုခြင်းကို သူ၏ဓလေ့ဖြစ်သော ရည်မှန်းချက်ရှိရှိနှင့် ဇွဲနဲဘဲကြီးကြီးဖြင့် လုပ်ဆောင်ခဲ့ရုံမျှမက စာမူများအတွက် ကျွန်ုပ်၏အကြံပြုသော ပြင်ဆင်ချက်များကိုလည်း လက်ခံခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားများကို ဘာသာပြန်ဆိုရန်အတွက် သုံးဦးပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းကာ လုပ်

ဆောင်ခဲ့သည်။ ယင်းကော်မတီတွင် ပါမောက္ခ မုဟမ္မဒ် ရှမီးမ်၊ မုဟမ္မဒ် ဝလီရာဇီနှင့် ကျွန်ုပ်ကိုယ်တိုင် ဖြစ်ကြပါသည်။

ပထမတွဲနှင့် ပတ်သက်၍ ကျေနပ်နှစ်သက်ကြောင်း စာရေးအကြောင်းကြားသူများနှင့် အလွန်အဖိုးတန်သော အကြံပြုချက်များ ပေးပို့သောသူများကိုလည်း အထူးကျေးဇူးတင်ပါသည်။ ထိုကဲ့သို့သော စာရေးသားပေးပို့သူများကြောင့် ကျွန်ုပ်တို့အားလုံး အားတက်ရပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းသွက်လက်မြန်ဆန်စေသော မစ္စတာ ယူစွဖ်နူးရ် နှင့် မစ္စတာ အစ္စဟားက်နူးရ်တို့၏ အဖိုးမဖြတ်နိုင်သော ကူညီပံ့ပိုးမှုကို အသိအမှတ်ပြုပါသည်။ ထိုသူများအားလုံးအပေါ်၌ ဤကမ္ဘာလောကနှင့် နောင်တမလွန် အာခိရတ်တွင်ပါ အလွှာဟ်အရှင်မြတ်၏ အကောင်းဆုံးသော ကောင်းချီးမင်္ဂလာများ ကျရောက်ပါစေ။

ဤအတွဲကိုလည်း စာဖတ်သူများ ကြိုက်နှစ်သက်ကြပါလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုကို အလွှာဟ်အရှင်မြတ် လက်ခံတော်မူပါ။ ၎င်းပြင်ဤကြိုးပမ်းမှုမှ အမှုသဲထုသည်လည်း အကျိုးအမြတ်ရရှိစေတော်မူပါ။

(အာမီးန်)

မုဟမ္မဒ် သကီးအုဆ်မာနီ
ဒါရုလ်အုလူမ်၊ ကရာချီ (၁၄)၊
၂၇ မုဟရ်ရမ် ၁၄၁၉၊
၂၄ မေလ ၁၉၉၈။

အထူးကျေးဇူးတင်လွှာ

ဤမအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်ကို ကြီးလေးသော သာသနာ့တာဝန်များနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကြားမှ၊ အထူးအချိန်ပေး၍ ဖတ်ရှုစိစစ်ပေးကာ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အကြံဉာဏ်ကောင်းများပေးခဲ့ကြသော

(၁) အလ်ဟာဂ်ျ မော်လာနာ မုဖ်သီ နူးရ်မုဟမ္မဒ် (ဦးကိုလေး)

(၂) အလ်ဟာဂ်ျ မော်လာနာ ဟာရူးန်လူလာသ်

စသော ပညာရှင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာပြန်တွင် အမှားအယွင်းနှင့် ချို့ယွင်းချက်များပါရှိခဲ့ပါက၊ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်ဆိုရေးအဖွဲ့၏ တာဝန်သာဖြစ်သည်။ အကယ်၍ ချို့ယွင်းချက်များကို အကြံပြုထောက်ပြခဲ့ပါလျှင် ပညာရှင်များနှင့် တိုင်ပင်၍ ပြင်ဆင်ရန်လိုအပ်လျှင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။

စူရဟ်အာလိအင်မ်ရာန်

အာယသ် (၁-၆)

بسم الله الرحمن الرحيم

الٓمّٓ ﴿١﴾ اللّٰهُ لَآ اِلٰهَ اِلَّا هُوَ الْحَيُّ الْقَيُّوْمُ ﴿٢﴾ نَزَّلَ عَلَيْكَ الْكِتٰبَ
بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَاَنْزَلَ التَّوْرٰىةَ وَالْاِنْجِيْلَ ﴿٣﴾
مِنْ قَبْلُ هُدًى لِّلنَّاسِ وَاَنْزَلَ الْفُرْقَانَ ۗ اِنَّ الَّذِيْنَ كَفَرُوْا
بِاٰيٰتِ اللّٰهِ لَهُمْ عَذَابٌ شَدِيْدٌ ۗ وَاللّٰهُ عَزِيْزٌ ذُو انْتِقَامٍ ﴿٤﴾
اِنَّ اللّٰهَ لَا يَخْفٰى عَلَيْهِ شَيْءٌ فِى الْاَرْضِ وَلَا فِى السَّمَآءِ ﴿٥﴾
هُوَ الَّذِىْ يُصَوِّرُكُمْ فِى الْاَرْحَامِ كَيْفَ يَشَآءُ ۗ لَآ اِلٰهَ اِلَّا
هُوَ الْعَزِيْزُ الْحَكِيْمُ ﴿٦﴾

“မပြတ်မစဲ သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။”

“အလစ်ဖ်၊ လာမ်၊ မီမ်” အလ္လာဟ်အရှင်မြတ်သည်သာလျှင် (ခဝတ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။) ထိုအရှင်မြတ်မှတစ်ပါး၊ ခဝတ်ကိုးကွယ်ရာဟူ၍ အလျင်းမရှိချေ။ (ထိုအရှင်မြတ်သည် သေခြင်းတရားမှ လုံဝ ကင်းစင် တော်မူ၍) ထာဝရအမြဲရှင်နေတော်မူသောအရှင် (မိမိကိုယ်တော်တိုင် အမြဲထာဝရတည်နေတော်မူ၍ သက်ရှိ သက်မဲ့အပေါင်းတို့အား) ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်မြတ် ဖြစ်တော်မူလေသတည်း။ (၃း၁-၂)

ထို (အလ္လာဟ်) အရှင်မြတ်သည် အသင်၏အပေါ်ဝယ် ကျမ်းမြတ် (ကုရ်အာန်) ကို မှန်ကန်တိကျစွာဖြင့် ထုတ်ပြန်ပို့ချတော်မူလေပြီ။ (ယင်း ကုရ်အာန် ကျမ်းတော်မြတ်သည်) မိမိထက် ရှေးဦးစွာကျရောက်ခဲ့သောတရား ကျမ်းဂန်များကို ထောက်ခံလျက်ရှိပေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ရှေးအထက်ကျော်ကာလ၌ လူခပင်း တို့အဖို့ တရားဓမ္မအဖြစ် “သောင်ရာသ်” ကျမ်းမြတ်နှင့် “အင်နဂျီလ်” ကျမ်းမြတ်ကိုလည်း ထုတ်ပြန်ပို့ချတော်မူ ခဲ့လေပြီ။ (၃း၃)

ထိုမှတစ်ပါးတုံ အရှင်မြတ်သည် (မိမိစေလွှတ်တော်မူသော နဗီတမန်တော်များကို ထောက်ခံစေရန်) အမှားအမှန်ကို ခွဲခြားသိစွမ်းနိုင်စေသော အရာကိုလည်း ချပေးသနားတော်မူခဲ့ချေပြီ။ မုချဧကန် အလွှာဟ်အရှင်မြတ်၏ သက်သေသာဓက လက္ခဏာရပ်များကို မယုံမကြည်သွေဖည် ငြင်းပယ်ကြသောသူတို့အဖို့ ပြင်းထန်သော ပြစ်ဒဏ်သည် အသင့်ရှိ၏။ အကြောင်းမူကား အလွှာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ တုံ့ပြန်လက်စားချေတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၃:၄)

ဧကန်မုချ ပထဝီမြေပြင်၌ ရှိရှိသမျှသော အရာဝတ္ထုများသည်လည်းကောင်း၊ အာကာသကောင်းကင်၌ ရှိရှိသမျှသော အရာဝတ္ထုများသည်လည်းကောင်း၊ မည်သည့်တစ်စုံတစ်ခုမျှ အလွှာဟ်အရှင်မြတ်ထံတော်၌ ဖုံးကွယ်နေသည်ဟူ၍ မရှိချေ။ (၃:၅)

ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသည့်အတိုင်း (မိခင်တို့၏) သားအိမ်များတွင် အသင်တို့၏ ရုပ်ဆင်းသဏ္ဌာန်များကို ပြုလုပ်ဖန်ဆင်းတော်မူသောအရှင်မြတ်ပင်(ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ဓဝတ်ကိုးကွယ်ရာအရှင် ဟူ၍ အလျင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုး တော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်ပညာနှင့် ပြည့်စုံတော်မူ သောအရှင် ဖြစ်တော်မူချေသတည်း။ (၃:၆)

ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ တတိယစူရဟ်ဖြစ်သော စူရဟ်အာလိအင်မ်ရာမ်၏ ပထမအခန်း ဖြစ်သည်။ စူရဟ် အလ်ဖာသိဟဟ်၏ နောက်ဆုံးပိုင်းတွင် ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသရန် အတွက် ဆုဒုအာတစ်ရပ် ပါဝင်ခဲ့ကြောင်း ပြန်လည်သတိရမိပါလိမ့်မည်။ ပြီးနောက် စူရဟ် အလ်ဘကရဟ်တွင် الٓمٓ: ذٰلِكَ الْكِتَابُ لا رَيْبَ فِيْهِ "အလစ်ဖ်လာမ်မီး" ဤသည် ကျမ်းဂန်တည်း။ ယင်းကျမ်းမြတ်နှင့်စပ်လျဉ်း၍ ယုံမှားသံသယဖြစ်ဖွယ် အကြောင်းအလျဉ်းမရှိပြီ" ဟူ၍ စထားခြင်းကြောင့် အလွှာဟ်အရှင်မြတ်သည် ထိုတောင်းဆု ဒုအာကို လက်ခံ၍ ဖြောင့်မတ်မှန်ကန်သောလမ်းညွှန်မှုပါသော ဤကုရ်အာန်ကျမ်းတော်မြတ်ကို ပို့ချပေးကြောင်း ညွှန်ပြပါသည်။ ထို့နောက် အစွလာမ်ဥပဒေ၏ အမိန့်ပညတ်ချက်များစွာကို အသေးစိတ်သော်လည်းကောင်း၊ အကျဉ်းချုပ်သော်လည်းကောင်း ပို့ချထားပါသည်။ ဤသည်နှင့် ဆက်စပ်ကာ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ရန်လိုမှုကို မကြာခဏ ဖော်ပြ၍ ယင်းတို့ကို ရင်ဆိုင်ရန် လိုကြောင်း ဖော်ပြထားသည်။ အဆုံးတွင် ဆုဒုအာတို့၏ နည်းလမ်းအတိုင်း وَانْصُرْنَا عَلَى الْقَوْمِ الْكَافِرِيْنَ "အရှင်မြတ်သည် သာလျှင် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူသောအရှင်ဖြစ်တော်မူပါ၏၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား "ကာဖိရ်"မယုံကြည်သွေဖည် ငြင်းဆန်

သူများအပေါ်ဝယ် (အောင်နိုင်စေခြင်းငှာ) ကူညီစောင်မတော်မူပါ"ဟု နိဂုံးချုပ်ထားသည်။

ဤဆုဒုအာသည် မုစ်လင်မ်များက မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ရင်ဆိုင်ရာတွင် အောင်မြင်နိုင်စေရန်အတွက် တောင်းဆိုထားသောကြောင့် ယင်းဆုဒုအာနှင့် လိုက်လျောညီထွေစွာဖြင့် စူရဟ်အာလိအင်မ်ရာမ်ပါ မူရင်းစာသားများသည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဆက်ဆံရာတွင် ပြောဆိုပြုမူရမည့် နည်းလမ်းများကို ဖော်ပြထားသကဲ့သို့ ထိုမယုံကြည်သွေဖယ်သူများကို ဆန့်ကျင်ရာတွင် အကယ်၍လိုအပ်ခဲ့လျှင် ၎င်းတို့နှင့် ဂျိဟားဒ် စစ်ဆင်နွှဲရန်ကိုပါ ဖော်ပြထားသည်။ ပြောရမည်ဆိုလျှင် ဤသည်မှာ **وَانْصُرْنَا عَلَى الْقَوْمِ الْكَافِرِيْنَ** အရှင်မြတ် ..... ကူညီစောင်မ တော်မူပါ"ကို စေ့စေ့ငုငု အကျယ်ချဲ့ထားခြင်းဖြစ်သည်။

ဆိုလိုရင်းအကျဉ်းချုပ်

စူရဟ်အာလိအင်မ်ရာမ်၏ ဤအာယသ်တော်ငါးပိုဒ်သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း သောင်ဟီးဒ်အယူဝါဒကို ရှင်းလင်းထားသည်။ ယင်းသည် အစ္စလာမ်နှင့် အခြားဘာသာဝင်များကြားတွင် လည်းကောင်း၊ စစ်မှန်သောမုစ်လင်မ်နှင့် မယုံကြည်သွေဖည်သူတို့၏ ကြားတွင်လည်းကောင်း ခြားနားခြင်း အခြေခံအချက်ဖြစ်သည်။ အလ္လာဟ်အရှင် မြတ်သည် တစ်ပါးတည်းတည်ရှိကြောင်း (နှင့် အရှင်မြတ်၏ တမန်တော်(ﷺ) များအားလုံးကို) ယုံကြည်သူများသည် မုစ်လင်များ ဖြစ်ကြသည်။ အထက်ပါအချက်များကို မယုံကြည်သူများသည် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူများဟုလည်းကောင်း၊ မုစ်လင်မ်မဟုတ်သူများဟုလည်းကောင်း ခေါ်သည်။ ဤအခန်း၏ ပထမအာယသ်တွင် အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း၊ **ကျိုးကြောင်းညီညွတ်သည့် သက်သေပြချက်ဖြင့်** ဖော်ပြ ထားသည်။ ဒုတိယအာယသ်တွင်မူ **ဆင့်ပြန်ခဲ့သော သက်သေ ပြချက်ဖြင့်** ဖော်ပြထားသည်။ ထို့နောက်ပိုင်းတွင် မယုံကြည် သွေဖည်ငြင်းပယ်သူများ မွေးမြူထားသော သံသယအချို့ကို အဖြေပေးသည်။

ရှင်းလင်းချက် - အစ္စလာမ်ရှရီအသ်အသုံးအနှုန်းအရ ကျိုးကြောင်းညီညွတ်သည့် ငြင်းခုံမှုအပေါ် အခြေပြုထားသည့် သက်သေပြချက်ကို **ကျိုးကြောင်းညီညွတ်သည့် သက်သေပြချက်** ဟုခေါ်သည်။ အလ္လာဟ်အရှင်မြတ် ကျမ်းတော်ပါ အာယသ်တော်တစ်ရပ်အပေါ်၌လည်းကောင်း၊ အာဏာပိုင်များ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ် အပေါ်၌လည်းကောင်း၊ 'ယုံကြည်စိတ်ချရသောသူတစ်ဦး၏ ဆင့်ပြန်ချက်အပေါ် အခြေခံထားသော သက်သေ ပြချက်ကို **ဆင့်ပြန်ခဲ့သော သက်သေပြချက်**ဟုခေါ်သည်။

ပထမအာယသ်၏ ခေါင်းစီးဖြစ်သော **الم** အလစ်ဖ်၊ လာမ်၊ မီမ် ဆိုသည့်စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးနှုန်းသော အထူးစာလုံးတွဲဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ ကွယ်ဝှက်ထားပြီး (မုသရှာဗီဟတ်) ဟု ခေါ်သည်။ ယင်း၏ စစ်မှန်သော အဓိပ္ပာယ်သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်﴿ﷺ﴾ သခင်၏ကြားတွင်ရှိသော လျှို့ဝှက်ချက်ဖြစ်သည်။ ယင်း၏အသေးစိတ်များကို ဤအခန်းနောက်ပိုင်းတွင် ဖော်ပြထားသည်။ ယင်းစကားလုံးများ၏နောက်တွင် တဆက်တည်းလာသော **لَآ اِلٰهَ اِلَّا هُوَ** "အလ္လာဟ်အရှင်မြတ် သည်သာလျှင် ခဝတ်ကိုးကွယ်ခြင်း ခံထိုက်တော်မူ၏။ ထိုအရှင်မြတ်မှအပ ခဝတ်ကိုးကွယ်ခြင်းကို ခံထိုက်သူဟူ၍ တစ်ဦး တစ်ယောက်မျှ အလျဉ်းမရှိချေ" ဟူသော စကားလုံးများထဲတွင် အလ္လာဟ်တစ်ပါးတည်းရှိသည်ဟူသော

အယူဝါဒ ကို ခွင်းချက်မရှိသော ကြေညာချက်အနေဖြင့် ထည့်သွင်းထားသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သည်မျှ ခဝတ်ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ လုံးဝဥဿုံအလျဉ်းမရှိဟု ဆိုလိုသည်။

ထို့နောက် اَلْحَيُّ الْقَيُّوْمُ "ထာဝရအမြဲရှင်နေတော်မူသောအရှင် (မိမိကိုယ်တော်တိုင်အမြဲထာဝရတည်နေတော်မူ၍ သက်ရှိသက်မဲ့အပေါင်းတို့အား) ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်မြတ် ဖြစ်တော်မူလေသတည်း"ဟူသော စကားလုံးများသည် အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း ကျိုးကြောင်းညီညွတ်သော သက်သေ ပြချက်အနေဖြင့် ဖော်ပြထားသည်။ ဤအခြေအတင်ပြောဆိုမှု၏ အနှစ်သာရမှာ ခဝတ်ကိုးကွယ်ခြင်းဟူသည် တစ်စုံတစ်ဦး ရှေ့မှောက်တွင် အဆုံးစွန်နှိမ့်ချကာ ရိုကျိုးခဝတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ခဝတ်ကိုးကွယ်ခြင်းခံထိုက်သူသည် ဂုဏ်သိက္ခာနှင့် ဩဇာအာဏာတွင် အမြင့်ဆုံးဖြစ်၍ အဖက်ဖက်မှ ပြီးပြည့်စုံဆုံးသော အခြေအနေရှိရန် လိုအပ် သည်။ ထင်ရှားသည်မှာ မိမိကိုယ်ကို မိမိကျွေးမွေးစောင့်ရှောက်နိုင်စွမ်းမရှိသူသည် တစ်စုံတစ်ဦးအပေါ် မှီခို နေရ၍ ဂုဏ်သိက္ခာနှင့် ဩဇာအာဏာရှိသည်ဟုရန် ခဲယဉ်းလာသည်။ ထို့ကြောင့် ကျောက်ဖြင့်ထုဆစ်ထားသော ရုပ်တုများသော်လည်းကောင်း၊ ရေသော်လည်းကောင်း၊ သစ်ပင်သော်လည်းကောင်း ကောင်းကင်စေတမန်များနှင့် တမန်တော်များ စသည်တို့သည် မိမိကိုယ်ကို မိမိဖြစ်တည်စေရန်လည်း မပြုနိုင်၊ ကျွေးမွေးစောင့်ရှောက်နိုင်မှုလည်း မပြုနိုင်သောသူများဖြစ်ကြ၍ ခဝတ်ကိုးကွယ်ခြင်း မခံထိုက်ဆိုသည်မှာ အလွန်ထင်ရှား ရှင်းလင်းပါသည်။ ခဝတ်ကိုးကွယ် ခံထိုက်သောအရှင်သည် ထာဝရ အမြဲတည်နေတော်မူပြီး မိမိကိုယ်တိုင် အမြဲထာဝရတည်နေတော်မူ၍ သက်ရှိသက်မဲ့ အပေါင်းတို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်ရမည်။ ထိုအရှင်သည်ကား အလ္လာဟ်အရှင် မြတ်မှတစ်ပါး အခြားမရှိပြီ။ ထိုအရှင်မှတစ်ပါး မည်သူမျှ ခဝတ်ကိုးကွယ်ခြင်း မခံထိုက်ပါ။

အာယသ်တော်(၃)တွင် အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်း ဆင့်ပြန်ခဲ့သော သက်သေပြချက်ပါဝင်သည်။ အတိုချုပ်ရလျှင် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖော်ပြထားသော သောင်ဟီးဒ်၏မူသည် ကုရ်အာန်ကျမ်းတော်မြတ်အတွက်ဖြစ်စေ အစ္စလာမ်၏ တမန်တော်အတွက်ဖြစ်စေ ထူးခြားသောအရာမဟုတ်ချေ။ ရှေးယခင်ကပင် အလ္လာဟ်အရှင်မြတ်သည် သောင်ရသ်နှင့် အင်နဲဂျီလ်ကဲ့သို့သော ကျမ်းတော်များနှင့် အရှင်မြတ်၏ တမန်တော်များကို ပို့ချပွင့်ပေါ်စေခဲ့ပြီးဖြစ်သည်။ သောင်ဟီးဒ်ကိုပင် တမန်တော်အားလုံးက ဖွင့်ဟကြေညာခဲ့သည်။ ဤသောင်ဟီးဒ် ကိုပင် သတင်းစကားအဖြစ် ကျမ်းတော်မြတ်တွင် ပါဝင်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခဲ့သော အခါ ယင်းတို့၏ မှန်ကန်မှုကိုပင် ရိုးရှင်းစွာ အတည်ပြုထားသည်။ ယင်းသောင်ဟီးဒ်ကို လူအများ နားလည်ခြင်းကိုလည်းကောင်း၊ လက်ခံခြင်းတွင်လည်းကောင်း ပြဿနာဖြစ်စေနိုင်မည့် မည်သည့်တင်ပြချက် အသစ်အဆန်းကိုမျှ တင်ပြထားခြင်း မရှိပါ။

နောက်ဆုံးနှစ်အာယသ်သည် သောင်ဟီးဒ်အယူဝါဒကို ထပ်မံအားဖြည့်ထားခြင်း ဖြစ်သည်။ ထိုသို့အားဖြည့်ရာတွင် ဟစ်က်မသ်ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် အနန္တတန်ခိုးတော်ဖြင့် အရာရာကို နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်ဟူသော ဂုဏ်တော်များဖြင့် မွှမ်းထားသည်။ ထို့နောက် ထိုအရှင်မြတ်သည် သာလျှင် တစ်ပါးတည်းတည်ရှိသော အနန္တတန်ခိုးတော်ရှင်ဖြစ်၍ အရှင်သာလျှင် မှန်ကန်စွာ ခဝတ်ကိုးကွယ်ခံထိုက်သောအရှင်ဖြစ်ကြောင်း မိန့်ကြားထားသည်။ မပြည့်စုံသော အသိဉာဏ်မဲ့ ကန့်သတ်ဘောင်ခတ်ထားသော

တန်ခိုးသာရှိသောသူ မည်သူ့ကိုမဆို ထိုကဲ့သို့ ဂုဏ်သရေနှင့် ပြည့်စုံသည့် မြင့်မားသော အဆင့်အတန်းကို မအပ်နှင်းနိုင်ချေ။

တမန်တော်များအားလုံး ဟောကြားခဲ့သည့် မဖောက်မပြန် တည်တံ့သော သောင်ဟီးဒ်ယုံကြည်ချက်

အာယသ်တော် (၂) တွင် ဆင့်ပြန်ခဲ့သော သက်သေပြချက်၏ အချို့အသေးစိတ်ပါဝင်သည့် ကမ္ဘာဦးအစက မူဝါဒတစ်ရပ်သည် အကယ်၍ ကွဲပြားခြားနားသော အချိန်နှင့်နေရာမှာရှိ၍ တစ်ဦးနှင့်တစ်ဦးလည်း ဆက်သွယ်ရန်နည်းလမ်းလည်းမရှိခဲ့ဘဲ လူအများသဘောတူညီခဲ့ကြလျှင် ယင်းသည်ပင် ထိုမူဝါဒစစ်မှန်ကြောင်း သဘာဝသက်သေပြချက်ပင်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

ဤရှုထောင့်မှ စွဲကိုင်ကြည့်လျှင် စိုက်ယိဒိနာ အာဒမ်﴿عليه السلام﴾သခင်သည် လူသားများရှေ့မှောက်တွင် သောင်ဟီးဒ်သတင်းစကားကို တင်ပြခဲ့သော ပထမဦးဆုံး တမန်တော်ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ အာဒမ်﴿عليه السلام﴾ သခင်၏နောက်တွင် သားစဉ်မြေးဆက်ထိ ဤသတင်းစကား ရှင်သန်နေလိမ့်မည်ဆိုသည်ကို နားလည်ရန်မှာကား မခဲယဉ်းချေ။ သို့သော်လည်း ကာလာကြာညောင်းသော် အာဒမ်﴿عليه السلام﴾သခင်၏ သားစဉ်မြေးဆက်၏ လမ်းစဉ်များသည် မူလသတင်းစကားမှ သွေဖည်သွားသောအခါ တမန်တော်နူးဟ်﴿عليه السلام﴾ သခင်ပွင့်ပေါ်တော်မူခဲ့သည်။ ထိုတမန်တော်နူးဟ်﴿عليه السلام﴾ သခင်က ယခင်သောင်ဟီးဒ်မူဝါဒဆီသို့ပင် ဖိတ်ခေါ်ခဲ့ပါသည်။

တစ်ဖန်အချိန်ကြာညောင်းလာသောအခါ စိုက်ယိဒိနာ အိဗ်ရာဟီမ်၊ အိစ်မာအီလ်၊ အိစ်ဟားက်နှင့် ယအ်ကူးဗ်﴿عليه السلام﴾ သခင်များသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ပွင့်တော်မူခဲ့၍ ထိုသောင်ဟီးဒ်ဘက်သို့ပင် ဖိတ်ခေါ်ခဲ့ပါသည်။ ထို့နောက် စိုက်ယိဒိနာ မူစာ၊ ဟာရွန်နှင့် အခြားတမန်တော်များ﴿عليهم السلام﴾ သည် သောင်ဟီးဒ်ကို လက်ခံခဲ့ကြ၍ လူအများကိုလည်း ယင်းဘက်သို့ ဖိတ်ခေါ်ခဲ့ပါသည်။

ထို့နောက် အချိန်ကာလကြာညောင်းလာသောအခါ တမန်တော်အီစာ﴿عليه السلام﴾ သခင်ပွင့်တော်မူ၍ ထိုဖိတ်ခေါ်မှုကိုပင် ပြုလုပ်ခဲ့ပါသည်။ အဆုံးတွင် တမန်တော်အားလုံး လုပ်ဆောင်ခဲ့သော ဖိတ်ခေါ်မှုဖြင့် ကမ္ဘာကြီးအား ဂုဏ်ကျက်သရေ တင့်တယ်စေခဲ့သည်မှာ စိုက်ယိဒိနာ မုဟမ္မဒ် အလ်မုစ်သဖာ﴿ﷺ﴾သခင် ဖြစ်တော်မူသည်။

ဤသည်မှာ စိုက်ဒိယိနာ အာဒမ်﴿عليه السلام﴾ မှ နောက်ဆုံးတမန်တော်မြတ်﴿ﷺ﴾ ထိ တမန်တော်အဆက်ဆက်ဖြင့် တမန်တော်များ တစ်သိန်းနှစ်သောင်းကျော် ပွင့်ပေါ်ခဲ့သည်။ ထိုတမန်တော်များသည် ခေတ်အဆက်ဆက်တွင် မွေးဖွားခဲ့၍ ဘာသာစကားအမျိုးမျိုး၊ နိုင်ငံအသီးသီးတွင် နေထိုင်ခဲ့ကြပါသည်။ တမန်တော်အားလုံးက ထိုအမှန်တရားကို ဟောကြား၍ သင်ကြားပေးခဲ့ပါသည်။ တမန်တော်အများသည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခွင့် မရကြပါ။ အားလုံးသော တမန်တော်များသည် စာရေးဆက်သွယ်သော ခေတ်မထွန်းကားမီက ပွင့်ပေါ်ခဲ့ကြပါသည်။ အကယ်၍ ထိုသို့ ဆက်သွယ်သောခေတ်သာ ထွန်းကားခဲ့လျှင် အခြားတမန်တော်များ၏ ဖိတ်ခေါ်ချက်မှတ်တမ်းများကို ကြည့်ရှု၍ မိမိ၏ဖိတ်ခေါ်မှုအဖြစ် သုံးနိုင်ကြပါလိမ့်မည်။

အမှန်ဖြစ်ပျက်ခဲ့သည်မှာ တမန်တော်များအထဲမှ တမန်တော်များသည် တစ်ဦးနှင့်တစ်ဦး ရာစုနှစ်များစွာ

ခြား၍ ပွင့်ပေါ်ခဲ့ကြသည်။ တမန်တော်တိုင်းသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဝဟီလက်ခံရရှိခဲ့ကြသည်။ အခြားမည်သည့် သတင်းစကားမျှ မရရှိနိုင်ပါ။ ကွဲပြားခြားနားသော အချိန်များနှင့် ကွဲပြားခြားနားသော နေရာဒေသများ၌ရှိသော တစ်သိန်းနှစ်သောင်းလေးထောင်ကျော်သော လူအုပ်ကြီး၏ သဘောထားတူညီမှုသည် ၎င်းတို့၏အတွင်းပိုင်းဆိုင်ရာ ယုံကြည်မှုကိုအပထား၍ပင် သောင်ဟီးဒ်ဆိုသည့်မူ ကိုအတည်ပြုရန် လုံလောက်ပါသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်သည် ထိုတမန်တော်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အသွေးများကို ကြည့်ရှုလေ့လာခဲ့ပါလျှင် ထိုတမန်တော်များ ကျင့်သုံးခဲ့သော တရားမျှတမှုနှင့် မှန်ကန်မှုတို့သည် အမြင့်ဆုံးအဆင့်အတန်းတွင်ရှိသောကြောင့် တမန်တော်တို့၏ သတင်းစကားသည် မှန်ကန်ပြီး တမန်တော်တို့၏ ဖိတ်ခေါ်မှုသည် စစ်မှန်ကြောင်းယုံကြည်ရပါမည်။

အချို့သော ဟဒီးဆ်တော်ထဲတွင် ဆင့်ပြန်ထားသည်မှာ နဆွာရာနီအချို့တို့သည် တမန်တော်မြတ်ﷺသခင်ထံ လာရောက်၍ ဘာသာရေးဆိုင်ရာ စကားစမြီ ပြောကြားခဲ့ပါသည်။ အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း အတည်ပြုသည့် အခြေအတင်ပြောဆိုချက်များတွင် တမန်တော်မြတ်ကြီးသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အရ ဤအာယသ်တော်နှစ်ပိုဒ်အား တင်ပြသည်။ နဆွာရာနီများသည် ထိုအာယသ်တော်ကို ချေပရန်အတွက် အဖြေမရှိခဲ့ကြပါ။

နောက်ဆုံးအနေဖြင့် အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့ တန်ခိုးဂုဏ်တော်နှင့် ဉာဏ်တော်ကို ရည်ညွှန်းရာတွင် အာယသ်တော်အမှတ်ခြောက်က ပုံသွင်းတော်မူသောအချက်နှင့် သန်းပေါင်းများစွာသော ယောကျ်ားများနှင့် မိန်းမများကို တစ်ဦးနှင့်တစ်ဦး ခွဲခြားနိုင်ရန်အတွက် သိသာနိုင်သော ပုံသဏ္ဌာန်များဖြင့် ဖန်ဆင်းထားမူခဲ့ကြောင်း တစ်စုံတစ်ဦးအား သတိမူမိစေပါသည်။ ယောကျ်ားများနှင့် မိန်းမများအားလုံးကို ယင်းတို့၏ မိခင်၏သားအိမ်ထဲတွင် (အလ္လာဟ်အရှင်မြတ်သည်) အမြင့်မားဆုံးသော ဉာဏ်တော်ဖြင့် ပုံသွင်းတော်မူသည်ဟူသော အချက်ကို တစ်စုံတစ်ဦးအား သတိမူမိစေပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် သန်းပေါင်းများစွာသော ယောကျ်ား များနှင့် မိန်းမများအား တစ်ဦးနှင့်တစ်ဦး ခွဲခြားနိုင်ရန်အတွက် သိသာနိုင်သော ပုံပန်းသဏ္ဌာန်များဖြင့် ဖန်ဆင်း တော်မူခဲ့ပါသည်။ ထို့ကြောင့် အရှင်သည်သာ ခဝတ်ကိုးကွယ်သင့်သော တစ်ပါးတည်းသောအရှင်ဖြစ်ပါသည်။

VVVVVVVVV

အာယသ် (၇)

هُوَ الَّذِيٓ أَنزَلَ عَلَيْكَ الْكِتَٰبَ مِنْهُ
ءَايَٰتٌ مُّحْكَمَٰتٌ هُنَّ أُمُّ الْكِتَٰبِ وَأُخَرُ مُتَشَٰبِهَٰتٌ ۖ فَأَمَّا الَّذِينَ
فِى قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَٰبَهَ مِنْهُ ابْتِغَآءَ
الْفِتْنَةِ وَابْتِغَآءَ تَأْوِيلِهِۦ ۗ وَمَا يَعْلَمُ تَأْوِيلَهُۥٓ إِلَّا اللَّهُ ۘ وَ
الرَّٰسِخُونَ فِى الْعِلْمِ يَقُولُونَ ءَامَنَّا بِهِۦ كُلٌّ مِّنْ عِندِ رَبِّنَا ۗ
وَمَا يَذَّكَّرُ إِلَّآ أُو۟لُوا۟ الْأَلْبَٰبِ ۝٧

ထို အလ္လာဟ်အရှင်မြတ်သည် အသင့်အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချတော်မူသော အရှင်မြတ်ပင်တည်း။ ထိုကျမ်းမြတ်အနက် မပြောင်း မလွဲပေါ်လွင်ထင်ရှားပြတ်သား၍ အနက်အဓိပ္ပာယ်တစ်မျိုးတစ်စား တည်း ထွက်သော အာယသ်တော်များလည်း ရှိပေ၏။ ယင်းအာယသ်တော်များသည်သာလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ မူလအရင်းခံ အခြေအဖြစ်ဖြစ်လေ သည်။ ထို့ပြင်တစ်ဝ အခြားအာယသ်တော်များမူကား အဓိပ္ပာယ်ပြားသော၊ ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များလည်းရှိ၏။ သို့ရာတွင် မည်သို့ပင် ဖြစ်စေ စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသော သူတို့မူကား (လူခပင်းတို့အား သာသနာရေးတွင်) လမ်းမှားစေလိုရှုလည်းကောင်း၊ ထို အာယသ်တော်များ၏ အဓိပ္ပာယ်များကို အမှားကောက်လိုရှုလည်းကောင်း၊ ယင်းဆင်တူ ရိုးမှားအာယသ်တော်များကိုပင် လိုက်နာလိုက်စားကြကုန်၏။ အမှန်စင်စစ် ယင်းအဓိပ္ပာယ်ပြားသော ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များ၏ မှန်ကန်သောအနက်အဓိပ္ပာယ်အလိုသဘောကိုမူကား အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။ သို့ရာတွင် ပညာအရာ၌ ကျွမ်းကျင်လိမ္မာရင့်သန်သော ပါရဂူများကမူ (ကုရ်အာန်ကျမ်းလာ မုဟ်ကမာသ်၊ မုသရှာ ဗိဟာတ် အာယသ်တော်များ) အားလုံးတို့သည် ကျွန်ုပ်တို့အား မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှပင် (ကျရောက်လာသော အာယသ်တော်များ) ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပာယ်ပြားသော၊ ဆင်တူရိုးမှားဖြစ်သော အာယသ် တော်များကိုလည်း (ခြွင်းချက်မရှိ လုံး၀) ယုံကြည်ကြပါသည်ဟု ပြောဆိုကြ ကုန်၏။ အမှန်သော်ကား စင်ကြယ်သန့်ရှင်းအပြစ်ကင်းသည့် ပညာရှင် အပေါင်းတို့မှအပ အခြားသူများ တရားလမ်းမှန် မရနိုင်ချေ။(၃း၇)

အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိခြင်းဟူသည့် မူဝါဒကို အတည်ပြုပြီးသည့်နောက် ကုရ်အာန်ကျမ်းတော်မြတ်က ထိုမူနှင့် ဆန့်ကျင်သော ယုံမှားသံသယများကို ဖြေကြားထားပါသည်။ အစောပိုင်းက အကျဉ်းချုပ်တင်ပြထားသကဲ့သို့ ဤအာယသ်တော်သည် သီးသန့်နောက်ခံအကြောင်းရင်းတစ်ခုကြောင့် ကျရောက်ခဲ့ပါ သည်။ တစ်ချိန်က နဆ္ဓာရာနီ အုပ်စုတစ်စုသည် တမန်တော်မြတ်﴿ﷺ﴾ ထံရောက်ရှိလာပြီး ဘာသာရေးဆိုင်ရာ စကားများပြောကြားသည်။ တမန်တော်မြတ်﴿ﷺ﴾ က ၎င်းတို့၏ ပုဂ္ဂိုလ်သုံးဦးပေါင်းတစ်ဆူတည်းသောဘုရားမူကို အသေးစိတ်ငြင်းချက်ထုတ်ခဲ့ပါသည်။ ၎င်းနောက်အမြဲတည်ရှိနေခြင်း၊ ပြီးပြည့်စုံသော တန်ခိုးတော်၊ အရာရာကို လွှမ်းခြုံသိနိုင်တော်မူသော ဟစ်က်မသ်ဉာဏ်တော်နှင့် အလွန်ပြိုင်ဘက်ကင်းစွာ ဖန်ဆင်းနိုင်ခြင်းစသော အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို ကိုးကား၍ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းသာဖြစ်ပြီး ခွဲခြား၍ မရနိုင်ကြောင်း သက်သေပြခဲ့ပါသည်။ နဆ္ဓာရာနီများသည် ဤတင်ပြချက်ကို လက်ခံရန်သာရှိခဲ့ပြီး သောင်ဟီးဒ်မူဝါဒမှန်ကန်ကြောင်း သက်သေပြပြီးသည့်နောက်တွင် ပုဂ္ဂိုလ်သုံးဦးပေါင်းဘုရားတစ်ဆူမူဝါဒသည်လည်း မခိုင်လုံကြောင်း သက်သေပြပြီး ဖြစ်သွားပါတော့သည်။ ထို့နောက် နဆ္ဓာရာနီများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးနှုန်းထားသော စိုက်ယိဒ်နာ အီစာ﴿عليه السلام﴾ (၎င်းတို့အခေါ် ယေရှု)နှင့် ပတ်သက်သော စကားလုံးများမှ ဒွိဟသံသယများကို မေးမြန်းကြပါသည်။ ယင်းတို့မှာ "ရူဟုလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏ ဝိညာဉ်တော်) သို့မဟုတ် "ကလိမသ်တွလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏ နုတ်ကပါဋ္ဌတော်) ဟူသည့် စကားလုံးများ ဖြစ်ပါသည်။ ထိုစကားလုံးများကြောင့် အီစာ﴿عليه السلام﴾ သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်သင့်ကြောင်း သက်သေပြစေရန် အကြောင်းဖြစ်လာခဲ့ပါသည်။

ဤအာယသ်တော်မှတစ်ဆင့် အလ္လာဟ်အရှင်မြတ်သည် ဒွိဟသံသယများကို အဆုံးသတ်စေခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ ထိုကဲ့သို့သော အသုံးအနှုန်းများသည် 'မုသရှာဗိဟာဟ်' အမျိုးအစားတွင်ပါဝင်ပြီး ၎င်းတို့၏အပြင်ပန်း အဓိပ္ပာယ်သည် ဆိုလိုရင်းမဟုတ်ပါ။ ယင်းစကားလုံးများသည် အလ္လာဟ်အရှင်မြတ်နှင့် သူ၏တမန်တော်အကြားရှိ လျှို့ဝှက်ချက်ဖြစ်ပြီး ယင်းတို့စစ်မှန်သော အဓိပ္ပာယ်ကို အခြားသူများသိသာထင်ရှားရန် ဖြစ်နိုင်ဖို့မဆိုထားဘိ၊ တွေးတောကြံဆရန်ပင် မလျော်ကန်ချေ။ အလ္လာဟ်အရှင်မြတ်သည် ထိုစကားလုံးများဖြင့် ရွေးချယ်ထားသည့် ဆိုလိုရင်းသည် အမှန်ဟူ၍ပင် တစ်စုံတစ်ဦးသည် လက်ခံယုံကြည်ရန်သာဖြစ်သည်။ ယင်းစကားလုံးများ၏ အဓိပ္ပာယ်ကို သိရှိရန်အတွက် နက်နက်နဲနဲရှာဖွေခြင်းများ သုတေသနလုပ်ခြင်းများကို ခွင့်မပြုပါ။

မုဟ်ကမ် محكم နှင့် မုသရှာဗိဟာဟ် متشابه တို့၏အဓိပ္ပာယ်

အာယသ်တော်အစတွင် မုဟ်ကမသ်နှင့် မုသရှာဗိဟာဟ်တို့ကို ဖော်ပြထားခြင်းသည် ယေဘုယျမူတစ်ခုဆီသို့ အလ္လာဟ်အရှင်မြတ်က ညွှန်ပြခြင်းပင်ဖြစ်သည်။ အကယ်၍သာ ထိုမူကို နားလည်းသဘောပေါက်ပါကများစွာသော ဒွိဟသံသယများနှင့် ငြင်းခုံမှုများကို ပယ်ဖျက်ပြီးဖြစ်ပါလိမ့်မည်။ ထိုမူသည် ကုရ်အာန်ကျမ်းတော်မြတ်၌ အာယသ်တော်များ နှစ်မျိုးနှစ်စားရှိသည်ဟူသည့်မူ ဖြစ်သည်။ တစ်မျိုးသည် မုဟ်ကမသ်ဟုခေါ်ပါသည်။ ယင်းအမျိုးအစားတွင် ပါဝင်သောအာယသ်တော်များ၏ အဓိပ္ပာယ်သည် အတည်ပြုပြီး ဖြစ်ပါသည်။ ၎င်းနောက်

အခြားအမျိုးအစားကို မုသရှာဗိဟတ်ဟု ခေါ်ပါသည်။ ယင်းအမျိုးအစားတွင်ရှိသော အာယသ်တော်၏ တိကျသော အဓိပ္ပာယ်ကို မသိကြပါ။

မုတ်ကမသ်သည် အရဗီသဒ္ဒါစည်းမျဉ်းများကို အသင့်အတင့်နားလည်ရုံဖြင့် အာယသ်တော်၏ အဓိပ္ပာယ်ကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းလင်းစွာနားလည်နိုင်သော အာယသ်တော်များတို့၏ အမည်ဖြစ်သည်။ သို့ရာတွင် အချို့သော အာယသ်တော်များ၏အဓိပ္ပာယ်သည် မရှင်းလင်း မပြတ်သားပါက ယင်းအာယသ်တော်ကို မုသရှာဗိဟတ်ဟု ခေါ်သည်။ **(မဇ်ဟရီ အတွဲ - ၂)**

မုတ်ကမသ်ဟုခေါ်သော ပထမအမျိုးအစား အာယသ်တော်များကို အလ္လာဟ်အရှင်မြတ်က အုမ္မုလ် ကိသဗ်ဟုခေါ်သည်။ (**امّ الكتاب** "အာယသ်တော်များ၏မိခင်" ဟူ၍ အဓိပ္ပာယ်ပြန်ဆို၍ရသည်။) ဆိုလိုသည်မှာ ယင်း အာယသ်တော်များသည် သင်ကြားပို့ချမှုအားလုံးတို့၏ အရင်းအမြစ်နှင့် အနှစ်သာရတို့ပင် ဖြစ်သည်။ ၎င်း အာယသ်တို့၏ အဓိပ္ပာယ်များနှင့် ရှင်းလင်းချက်တို့သည် ဒွိဟသံသယနှင့် မပြတ်မသားဖြစ်ခြင်းတို့မှ ကင်းစင်ပါသည်။

မုသရှာဗိဟတ်ဟူသော ဒုတိယအမျိုးအစား အာယသ်တို့၏ တိကျသော ရည်ရွယ်ချက်သည် မပြတ်မသား မသေမချာဖြစ်နေသောကြောင့် ၎င်းတို့အား အဓိပ္ပာယ်ဖွင့်ဆိုရန် အကောင်းဆုံးနည်းသည် ပထမအမျိုးအစားဖြစ်သော မုတ်ကမသ်နှင့် ဆီလျော်ညီညွတ်အောင် ပြန်ဆိုခြင်းပင်ဖြစ်သည်။ သို့ဆိုလျှင် မုသရှာဗိဟတ် အာယသ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် မုတ်ကမသ်အာယသ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဆန့်ကျင်နေပါက အကြွင်းမဲ့ငြင်းပယ်ရပါမည်ဆိုသည်မှာ ဥပဒေပင်ဖြစ်သည်။ ထို့နောက် အဓိပ္ပာယ်အတည်ပြုပြီးဖြစ်သော မုတ်ကမသ် အာယသ်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မဆန့်ကျင်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ယုံကြည်ရပါမည်။ ပမာဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် စိုက်ယိဒနာ အီစာ﴿عليه السلام﴾ (ယေရှုသခင်)၏ အဆင့်အတန်းကို ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ -

اِنۡ هُوَ اِلَّا عَبۡدٌ اَنۡعَمۡنَا عَلَيۡهِ

‘ “(အီစာ)ကား ကျွန်တစ်ပါးမျှဖြစ်၏။ ငါအရှင်မြတ်သည် ၎င်း၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့သည်။ (၄၃း၅၉)

(သို့မဟုတ်)

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် မိန့်ကြားထားသည်မှာ -

اِنَّ مَثَلَ عِيۡسٰى عِنۡدَ اللّٰهِ كَمَثَلِ اٰدَمَ ؕ خَلَقَهٗ مِنۡ تُرَابٍ

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ (နဗီတမန်တော်) အီစာ၏ (ထူးဆန်းသော) အဖြစ်ကား (နဗီတမန်တော်) အာဒမ်၏ (ထူးဆန်းသော) အဖြစ်ကဲ့သို့ပင်တည်း။ ထိုအရှင်မြတ်သည် (ဦးစွာပထမ) ထို (နဗီတမန်တော်အာဒမ်) အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ (၃း၅၉)

ဤအာယသ်တော်များနှင့် များစွာသော အာယသ်တော်များက ရှင်းလင်းစွာမိန့်တော်မူသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ မစီးဟ်သည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူခဲ့ပြီး အလ္လာဟ်အရှင်မြတ်က ရွေးချယ်ထားသော ကျေးကျွန်တစ်ဦးပင်ဖြစ်သည်။ ထို့ကြောင့် နဆွာရာနီများက ၎င်းအားဘုရားအဖြစ်လည်းကောင်း၊ သားတော်အဖြစ်လည်းကောင်း ဘွဲ့တံဆိပ်ချိုးမြှင့်ကာ အခိုင်အမာပြောဆိုချက်သည် မမှန်ကန်ပါ။

အကယ်၍ တစ်စုံတစ်ဦးသည် မုဟ်ကမသ်ကို မျက်ကွယ်ပြု၍ မုသရှာဗိဟဟ်နှင့် မိမိအကြိုက်ရောထွေးကာ မျက်စိမှိတ်၍ ဆန့်ကျင်ဘက် အဓိပ္ပာယ်များကို ထုတ်နှုတ်ယူလျှင် ဆိုလိုသည်မှာ မုသရှာဗိဟဟ်အာယသ်တော်ထဲမှ كلمة الله (အလ္လာဟ်အရှင်မြတ်၏နှုတ်ကပါဠ်ဆိုတော်)၊ وروح منه (အလ္လာဟ်အရှင်မြတ်ထံမှ ဝိညာဉ်တော်) စသည်တို့နှင့် မိမိအကြိုက်ရောကာ အဓိပ္ပာယ်ထုတ်နှုတ်လျှင် လမ်းမှားခြင်းနှင့် ခေါင်းမာခြင်း ဖြစ်ပေလိမ့်မည်။

မုသရှာဗိဟဟ်တို့၏ စစ်မှန်သောအဓိပ္ပာယ်ကို အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိတော်မူသည်။ ထိုအရှင်သည်သာလျှင် အရှင်မြတ်အသနားတော်ဖြင့် ရွေးချယ်၍ မသိသည့်အထဲမှ ဘယ်အပိုင်းကိုမဆို အရှင်မြတ်အလိုတော်အရ တစ်စုံတစ်ဦးကို အသိပေးတော်မူပေသည်။ ထိုကြောင့် မိမိကိုယ်ပိုင်ထင်မြင်ယူဆချက်ပေါ် အခြေခံ၍ အဓိပ္ပာယ်ကောက်ရန် ကြိုးစားခြင်းသည် မမှန်ကန်ချေ။

فَأَمَّا الَّذِينَ فِي قُلُوبِهِمْ زَيْغٌ "(သို့ရာတွင် စိတ်နှလုံးတွင် သွေဖယ်ယိမ်းယိုင်မှုရှိသော သူတို့မှာကား")

ဟူသောအမိန့်၏ ရည်ရွယ်ချက်မှာ သဘာဝအားဖြင့် နူးညံ့သိမ်မွေ့သူများသည် မုသရှာဗိဟဟ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု မပြုလုပ်ကြပါ။ ဤအာယသ်တော်များကို အလ္လာဟ်အရှင်မြတ် စစ်မှန်သော မုခ်ပါဠ်တော်များဟု မှတ်ယူကာ လက်ခံယုံကြည်ကြသည်။ အရှင်မြတ်သည် အရှင်မြတ်၏ အသိကြွယ်သော တွေးဆချက်အရ ကျွန်ုပ်တို့ကို ယင်းတို့၏ အဓိပ္ပာယ်များအား ပို့ချမထားပါဟု သိရှိကြသည်။ ဤကဲ့သို့ ချဉ်းကပ်နည်းသည်ကား စင်စစ် စိတ်အချရဆုံးနှင့် သတိအမူဆုံးပင်တည်း။ သို့သော်လည်း ဤနည်းနှင့် လုံဝဆန့်ကျင်၍ စိတ်နှလုံးတွင် သွေဖည်ယိမ်းယိုင်မှုရှိသောသူများလည်း ရှိနေသည်။ ၎င်းတို့သည် မျက်စိစုံမှိတ်ကာ မုသရှာဗိဟဟ် နှင့်ပတ်သက်၍ စုံစမ်း စစ်ဆေးခြင်းနှင့် တွေးတောစဉ်းစားဆင်ခြင်ခြင်းများ ပြုလုပ်နေကြပါသည်။ သို့ဖြင့် သူတို့၏ စိတ်ကူးယဉ်မှုများနှင့် လိုက်လျောညီထွေစေရန်ပြုလုပ်ကာ လူအများကို လမ်းမှားသို့ ရောက်ရှိစေပါသည်။ ထိုကဲ့သို့သော သူများအတွက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များတွင် တင်းကြပ်သော သတိပေးမှုများ ပါဝင်ပါသည်။

စိုက်ယိဒါ အာအိရှဟ်﴿رضي الله عنها﴾ မိန့်တော်မူသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ မုသရှာဗိဟဟ်နှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်၍ အလုပ်ရှုတ်နေသူများကို တွေ့မြင်ရလျှင် ၎င်းတို့နှင့် ဝေးဝေးနေပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ကုရ်အာန်ကျမ်းတော်မြတ်၌ အလ္လာဟ် အရှင်မြတ်မိန့်ကြားထားသော သူများပင်ဖြစ်သည်။ (ဗုခါရီ အတွဲ-၂)

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾ သခင်မိန့်ကြားထားသည်မှာ ကျွန်ုပ်၏ အုမ္မသ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု (၃) ရပ်ဖြစ်မိပါသည်။ (၁) ချမ်းသာကြွယ်ဝလာ၍ တစ်ယောက်နှင့်တစ်ယောက် မနာလိုဝန်တိုဖြစ်လာကာ သဘောထားကွဲ၍ သွေးထွက်သံယိုဖြစ်လာခြင်း (၂) အလ္လာဟ်အရှင်မြတ်၏ ကျမ်း

တော်ကို သေးသိမ်စေခြင်း (ဆိုလိုသည်မှာ တက်သိလိမ္မာစေရန် သင်ကြားသည်လည်းမရှိ၊ နားလည်မှုလည်း မရှိဘဲ၊ ဘာသာပြန်များကိုကြည့်ရှုလေ့လာကာ ပြီးပြည့်စုံစွာနားလည်သည်ဟု အခိုင်အမာပြောဆိုခြင်း၊ အလ္လာဟ် အရှင်မြတ်တစ်ပါးတည်းသာ သိတော်မူသော မုသရှာဗိဟာဟ်ကို စုံစမ်းစစ်ဆေးခြင်းနှင့် စဉ်းစားဆင်ခြင်ခြင်းသည် ၎င်းတို့၏ ဦးတည်ချက်သာလျှင်ဖြစ်သွားခြင်း) (၃) အသိပညာရှာဖွေပြီးနောက် ပိုမိုတိုးတက်လာစေရန် မကြိုးစားဘဲ ကျောခိုင်းပစ်ပယ်ကာ အချည်းအနှီးဖြစ်စေခြင်း၊ **(သဗ်ရာနီကျမ်းကိုကိုးကား၍ အိဗနိကဆီးကျမ်း)**

အာယသ်တော်၏အဆုံးဖြစ်သော وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ اٰمَنَّا بِهٖ တွင်ပါဝင်သော "ပညာအရာ၌ ကျွမ်းကျင်လိမ်မာရင့်သန် သော ပါရဂူများ" ဆိုသည်ကား မည်သူတို့နည်း။ ဤကိစ္စနှင့် ပတ်သက်၍ မုစ်လင်မ် ပညာရှင်များသည် ကွဲပြားခြားနားစွာ ရှင်းလင်းချက်များ ဖော်ပြကြပါသည်။

ဤကိစ္စအတွက် အလေးသာဆုံးသော ရည်ရွယ်ချက်သည် အဟ်လိစွန္နသ်ဝလ်ဂျမာအသ်ဟူသော မုစ်လင်မ်များ၏ အဓိကအုပ်စုပင်ဖြစ်သည်။ ၎င်းတို့သည် ဆွဟာဗဟ်သာဝကကြီးများမှတစ်ဆင့် ဆင့်ပြန်ခဲ့သော ကုရ်အာန် ကျမ်းတော်မြတ်နှင့် စွန္နသ်တော်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်များကိုသာ ဦးစားပေးသူများ ဖြစ်ကြသည်။ ထိုဆွဟာဗဟ်များသည် မုစ်လင်မ်ထု တညီတညွတ်တည်း သဘောတူညီလက်ခံသော မှန်ကန်သည့် မျိုးဆက်များဖြစ်ကာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အဓိပ္ပာယ်အတည်ပြုထားသော မုဟ်ကမသ် အာယသ်တော်များသည် ကျမ်းတော်မြတ်၏ ဗဟိုချက်နှင့် မဏ္ဍိုင်ဖြစ်ကြောင်း ယုံကြည်ခဲ့ကြသည်။ ဆွဟာဗဟ်များသည် ၎င်းတို့၏ အတွေးအခေါ်နှင့် အသိပညာသည် အကန့်အသတ်နှင့်သာရှိကြောင်း ဝန်ခံခဲ့ပြီး မုတရှာဗိဟာဟ်၏ စစ်မှန်သော အဓိပ္ပာယ်များမှာ ၎င်းတို့၏ နားလည်သဘောပေါက်ခြင်းနှင့် လက်ခံယူနိုင်စွမ်းရှိသည့်ထက် ကျော်လွန်နေ၍ ယင်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်သည်ဟု သက်မှတ်ခဲ့ကြသည်။

ဆွဟာဗဟ်များသည် အီမာန်ယုံကြည်မှု မည်မျှခိုင်မာအားကောင်းပါစေ၊ ပညာအရာတွင် မည်မျှပြီးပြည့်စုံပါစေ မည့်သည့်အခါတွင်မျှ ဂုဏ်မမောက်ကြပါ။ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်ထံ အလ္လာဟ်အရှင်မြတ်၏ အသနားကြင်နာမှုနှင့် ကောင်းချီးမင်္ဂလာကို စွဲမြဲခိုင်မာစေရန် အမြဲမပြတ် ဆုဒုအာပြုလျှက် ရှိကြပါသည်။

ဆွဟာဗဟ်ကြီးတို့သည် မကောင်းမှုဘက်သို့ရောက်စေသော စိတ်ထားဖြစ်သည့် မုသရှာဗိဟာဟ်၏ အဓိပ္ပာယ် လိုက်စားစေမည့် လှုံ့ဆော်စေသည့် သဘောထားမျိုးလည်း မရှိချေ။ ဆွဟာဗဟ်များသည် မုဟ်ကမသ်နှင့် မုသရှာ ဗိဟာဟ်နှစ်မျိုးစလုံးကို အစစ်အမှန် ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် နှစ်မျိုးစလုံးသော အာယသ်တော်များသည် ရင်းမြစ်တစ်ခုတည်းမှလာခြင်း ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်သောကြောင့် ဖြစ်သည်။ သို့သော်လည်း မုဟ်ကမသ်များ၏ အဓိပ္ပာယ်ကို ရှာဖွေရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ကျွန်ုပ်တို့အတွက် အသုံးဝင်၍ အဓိကလည်းကျသောကြောင့်ဖြစ်သည်။ ဤသည်အတွက် အလ္လာဟ်အရှင်မြတ်က လျှို့ဝှက်မထားပါ။ ထိုကဲ့သို့သော အာယသ်တော်များ၏ အဓိပ္ပာယ်ကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းလင်းစွာ ပြုလုပ်ထားခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်ကြွယ်ဝတော်မူသော ဆင်ခြင်တုံတရားအရ မုသရှာဗိဟာဟ်၏ အဓိပ္ပာယ်ကို ကျွန်ုပ်တို့အား ဖွင့်ထုတ်မပြရန် ရွေးထုတ်ထားသောကြောင့် ထိုအရာများ၏ အဓိပ္ပာယ်ကို ရှာဖွေရန် ကျွန်ုပ်တို့အတွက် မလိုအပ်ချေ။ ကျွန်ုပ်တို့သည် ထိုအရာများကို အရှိအတိုင်း ယုံကြည်လက်ခံခြင်းသည် လုံလောက်ပေသည်။ **(မဇဟရီကျမ်းမှ အကျဉ်းချုပ်ထားသည်)**

အာယသ် (၈-၉)

رَبَّنَا لَا تُزِغْ قُلُوبَنَا بَعْدَ إِذْ
هَدَيْتَنَا وَهَبْ لَنَا مِن لَّدُنكَ رَحْمَةً إِنَّكَ أَنتَ الْوَهَّابُ ﴿٨﴾
رَبَّنَا إِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لَّا رَيْبَ فِيهِ إِنَّ اللَّهَ لَا يُخْلِفُ
الْمِيعَادَ ﴿٩﴾

(ယင်းကဲ့သို့ အသိအမြင်ဉာဏ်ပညာအရာ၌ ရင့်သန်သောသူတို့သည် ဤကဲ့သို့ ဆုပန်ကြကုန်၏။) အို - ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အရှင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးနောက် ကျွန်တော်မျိုးတို့၏ စိတ်နှလုံးများကို တိမ်းစောင်းလွဲချော်အောင် ပြုတော်မမူပါနှင့်။ ကျွန်တော်မျိုးတို့အား (တရားလမ်းပေါ်၌ မြဲမြံစွာတည်တံ့နိုင်စေ ခြင်းငှာ) မိမိအထံတော်မှ ကရုဏာတရားကိုပေးသနားတော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည်သာလျှင် ရက်ရောစွာပေးသနားတော်မူသောအရှင်မြတ် ဖြစ်တော်မူပါသည်။ (၃း၈)

အို - ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ မုချဧကန် အရှင်မြတ်သည် အကြင် (ရှင်ပြန်ထမည့်) နေ့တွင် လူခပ်သိမ်းတို့အား စုရုံးတော်မူမည့်အရှင်မြတ်ပင်တည်း။ ထိုနေ့နှင့် စပ်လျဉ်း၍ လုံးဝ ယုံမှားသံသယမရှိပါ။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ထားရှိတော်မူသော ကတိသစ္စာတော်ကို အလျင်းဖောက်ဖျက်တော်မူမည် မဟုတ်ပါ။ (၃း၉)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော်ထဲတွင် ညွှန်းထားခဲ့သော "ပညာအရာ၌ ကျွမ်းကျင်လိမ္မာသော ပါရဂူများ" အကြောင်းကို ဖော်ပြခဲ့ပါသည်။ ၎င်းတို့၏ အသိပညာသည် အကောင်းဆုံးဖြစ်သော်လည်း ယင်းအပေါ်၌ မာနထောင်လွှားခြင်းမရှိချေ။ သို့သာမက အလ္လာဟ်အရှင်မြတ်ထံတော်မှ မည်သည့်အမိန့်တော်လာသည်ဖြစ်စေ ယုံကြည်ရန် ရွေးချယ်ခဲ့ကြပါသည်။ လက်ရှိအာယသ်တော်ထဲတွင် ထိုသူတို့၏ နောက်ထပ်သာလွန် ကောင်းမွန်ချက်တစ်ရပ်ဖြစ်သည့် လမ်းမှန်ပေါ်တွင် ခိုင်မြဲစွာ ရှိနေရေးအတွက် ဆုဒုအာပြုခြင်းအကြောင်း ဖော်ပြထားသည်။ ထိုသို့ ဆုဒုအာတောင်းပေးခြင်းသည် ကမ္ဘာလောက အကျိုးအမြတ်အတွက်မဟုတ်ဘဲ နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းအတွက် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်

ပထမအာယသ်"၈"က ကျွန်ုပ်တို့ကို ပြသည်မှာ လမ်းညွှန်ချက်နှင့် လမ်းမှားခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အစီအမံသာလျှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးကို လမ်းမှန်ညွှန်ပြရန် ရည်ရွယ်လျှင် အရှင်မြတ်သည် ထိုသူ၏ နှလုံးသားအား ကောင်းမွန်သည့်အရာနှင့် မှန်ကန်သည့်ဘက်သို့ တိမ်းညွတ်စေပါသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးအား လမ်းမှန်မှ သွေဖည်ရန် ဆုံးဖြတ်တော်မူလျှင် အရှင်မြတ်သည် ထိုသူ၏ နှလုံးသားအား လမ်းမှန်မှ ဝေးကွာစေပါသည်။

တမန်တော်မြတ် ﷺ သခင်၏ ဟဒီးဆ်တော်တစ်ရပ်တွင်လည်း ဤကဲ့သို့ပင် မိန့်ကြားထားသည်။ အလ္လာဟ်အရှင်မြတ်၏ လက်နှစ်ချောင်းကြား၌ မရှိသောအသည်းနှလုံးဟူ၍ မရှိပါ။ အရှင်မြတ်အလိုတော်ရှိတော်မူသည်အထိ ထိုနှလုံးသားအား အမှန်တရားပေါ်တွင် ခိုင်မြဲစေပြီး အရှင်အလိုတော်ရှိလျှင် ထိုနှလုံးသားသည် အမှန်တရားမှ ဝေးကွာစေသည်။

ထိုအရှင်သည်သာလျှင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၍ အကြွင်းမဲ့တန်ခိုးတော်ရှင် ဖြစ်တော်မူပေသည်။ အရှင်မြတ်အလိုဆန္ဒရှိသည့်အတိုင်း ပြုလုပ်တော်မူသောအရှင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ အီမာန်ယုံကြည်မှုတွင် ခိုင်မြဲစွာရှိနေစေရန် သောကရောက်နေသူများသည် မူလဇစ်မြစ်ဆီသို့သာလျှင် သွားရလိမ့်မည်။ ယင်းသည်ကား အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်၍ ထိုအရှင်မြတ်ထံတော်တွင် အီမာန်ယုံကြည်မှု စွဲမြဲခိုင်မာစေရန် တောင်းခံခြင်းနှင့် ဒုအာတောင်းဆုပြုရမည်။ ဟဒီးဆ်တော်တစ်ရပ်တွင် လာရှိသည့်အတိုင်း တမန်တော်မြတ် ﷺ သခင်သည် ထိုကဲ့သို့ စွဲမြဲခိုင်မာစေရန်အတွက် အမြဲတစေ ဒုအာပြုလေ့ရှိသည်။ ယင်းဒုအာမှာ **يَامُقَلِّبَ الْقُلُوْبِ ثَبِّتْ قُلُوْبَنَا عَلٰى دِيْنِكَ** "အို - နှလုံးသားများကို ပြောင်းလဲစေတော်မူသောအရှင် အရှင်မြတ်ရွေးချယ်ပေးသနားတော်မူခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏ နှလုံးသားများကို အီမာန်ယုံကြည်မှုတွင် မြဲမြံခိုင်မာစေတော်မူပါ"။ **(မဇ္ဇာဟရီ)**

vvvvvvvvvv

အာယသ် (၁၀-၁၂)

إِنَّ الَّذِينَ كَفَرُوا لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا
أَوْلَادُهُم مِّنَ اللَّهِ شَيْئًا ۖ وَأُولَٰئِكَ هُمْ وَقُودُ النَّارِ ﴿١٠﴾ كَدَأْبِ
آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ ۚ كَذَّبُوا بِآيَاتِنَا ۖ فَأَخَذَهُمُ
اللَّهُ بِذُنُوبِهِمْ ۗ وَاللَّهُ شَدِيدُ الْعِقَابِ ﴿١١﴾ قُل لِّلَّذِينَ كَفَرُوا
سَتُغْلَبُونَ وَتُحْشَرُونَ إِلَىٰ جَهَنَّمَ ۚ وَبِئْسَ الْمِهَادُ ﴿١٢﴾

ဧကန်အမှန် မယုံကြည်သွေဖည်ငြင်းပယ်သော သူတို့၏ ပစ္စည်းဥစ္စာ ရတနာများသည်လည်းကောင်း၊ ယင်းသူတို့၏ သားသမီးရတနာများသည် လည်းကောင်း၊ ယင်းသူတို့အဖို့ (ရှင်ပြန်ထမည့်နေ့၌) အလွှာဟ်အရှင်မြတ် (၏ပြစ်ဒဏ်)မှ (ကာကွယ်ရန်) စိုးစဉ်းမျှပင် အသုံးဝင်မည် မဟုတ်ချေ။ စင်စစ် သော်ကား ယင်းသူတို့သည် "ဂျဟန္နမ်" ငရဲမီး၏ လောင်စာများသာ ဖြစ်လတ္တံ့။ (၃း၁၀)

(ထိုသူတို့အလေ့အကျင့်သည်) ဖိရ်အောင်န်၏ နောက်လိုက်အခြွေအရံတို့နှင့် ယင်းဖိရ်အောင်န်၏ အခြွေအရံများအလျင်ရှိခဲ့ကြသော သူများ၏ အလေ့အကျင့်ကဲ့သို့ပင် ဖြစ်၏။ (ထိုအလေ့အကျင့်မှာ) ယင်းသူတို့သည် ငါအရှင်မြတ်၏ အမိန့်တော် (သက်သေခံလက္ခဏာတော်) များကို မဟုတ်မမှန် မုသားဖြစ်သည်ဟူ၍ ငြင်းဆိုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ အလွှာဟ်အရှင်မြတ်သည် ယင်းသူတို့အား၊ ယင်းသူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် အရေးယူအပြစ်ဒဏ်ပေးတော်မူခဲ့ချေပြီ။ အမှန်စင်စစ် အလွှာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ်ပင်တည်း။ (၃း၁၁)

(အို - နဗီတမန်တော်) အသင်သည် (ယင်း) မယုံကြည် သွေဖည်ငြင်းပယ်ကြကုန်သော ကာဖရ်တို့ကို ပြောကြားပါလေ။ "မကြာမီအတွင်း အသင်တို့သည် (ဤပစ္စုပ္ပန်မျက်မှောက်ဘဝတွင်လည်း မုစ်လင်မ်တို့၏) နိုင်နင်းလွှမ်းမိုးခြင်းကို ခံကြရကုန်အံ့။ ၎င်းပြင် (နောင်တမလွန်ဘဝတွင်လည်း) "ဂျဟန္နမ်" ငရဲဘုံ၌စုရုံးစေခြင်းကို ခံကြရကုန်အံ့။ စင်စစ် ထို(ငရဲဘုံတည်းဟူသော) နေရာထိုင်ခင်းသည် အလွန်ယုတ်ညံ့သိမ်ဖျင်းလှစွာတကား။ (၃း၁၂)

အာယသ်တော်၏ အဆက်အစပ်

မူရင်းစာသားသည် ယခုအခါ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် နှုတ်ဖြင့်ရင်ဆိုင်ခြင်းမှ ကိုယ်နှင့်ရင်ဆိုင်ခြင်းများသို့ ရောက်ရှိလာတော့မည်ဟူသော သတိပေးချက်များဆီသို့ ရွေ့ပြောင်းကာ အာယသ်တော် (၁၂)၌ ညွှန်ပြထားသည့် "မကြာမီအတွင်း အသင်တို့သည် (ဤပစ္စုပ္ပန်ဘဝတွင်လည်း မုစ်လင်မ်တို့၏) နိုင်နင်းလွှမ်းမိုးခြင်းကို ခံကြရကုန်အံ့)" ဟု မိန့်ကြားထားသည်။ (အစောပိုင်းအာယသ် (၁၀-၁၁) က နိဒါန်းအဖြစ် ချီ၍ မိန့်ကြားထားခဲ့သည်။)

အကျယ်ဖွင့်ဆိုခြင်း

ကိုးကားခဲ့သောအာယသ်တော်(၁၂) **قُلْ لِّلَّذِيْنَ كَفَرُوْا سَتُغْلَبُوْنَ** ကိုဖတ်ရှုသူအချို့က မယုံကြည်သွေဖည်ငြင်းပယ်သူများ အပေါ်၌ မုစ်လင်မ်များက နိုင်နင်းလွှမ်းမိုးမည်ဟူသော အကြောင်းနှင့် ပတ်သက်၍ သံသယအချို့ ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ မယုံကြည်သူများအားလုံးနှင့် ဤသည် မသက်ဆိုင်သောကြောင့် ဖြစ်သည်။ သို့သော်လည်း ဤသံသယကား အခြေအမြစ်မရှိချေ။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်၌ ရည်ညွှန်း ထားသော မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ထိုအချိန်ကာလတွင်ရှိ ယဟူဒီများနှင့် မယုံကြည်သွေဖည် ငြင်းပယ်သူများသာ ဖြစ်သည်။ ၎င်းတို့ထဲမှ မိစ္ဆာဒိဋ္ဌိများကို သတ်ဖြတ်ခြင်းဖြင့်လည်းကောင်း၊ အကျဉ်းသားအဖြစ်ပြုလုပ်၍လည်းကောင်း၊ ဂျိဇ်ယာ(အခွန်)ပေးဆောင်စေခြင်းဖြင့်လည်းကောင်း နိုင်နင်းလွှမ်းမိုးခဲ့ပါသည်။ ယဟူဒီ များအားသတ်ဖြတ်ခြင်း၊ အကျဉ်းချခြင်း၊ ပြည်နှင် ဒဏ်ပေးခြင်းအားဖြင့်လည်း နိုင်နင်းလွှမ်းမိုးခဲ့ပါသည်။ ထို့ကြောင့် အာယသ်တော်ထဲတွင် ဖော်ပြထားသော မယုံကြည်သွေဖည်ငြင်းပယ်သူများအပေါ် နိုင်နင်းလွှမ်းမိုးခြင်းဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ မယုံကြည်သွေဖည် ငြင်းပယ်သူများကို ရည်ညွှန်ခြင်းမဟုတ်ပါ။

VVVVVVVVVV

အာယသ် (၁၃)

قَدْ كَانَ
لَكُمْ اٰيَةٌ فِىْ فِئَتَيْنِ الْتَقَتَا ؕ فِئَةٌ تُقَاتِلُ فِىْ سَبِيْلِ اللّٰهِ وَاُخْرٰى
كَافِرَةٌ يَّرَوْنَهُمْ مِّثْلَيْهِمْ رَاْىَ الْعَيْنِ ؕ وَاللّٰهُ يُؤَيِّدُ بِنَصْرِهٖ
مَنْ يَّشَآءُ ؕ اِنَّ فِىْ ذٰلِكَ لَعِبْرَةً لِّاُولِى الْاَبْصَارِ ﴿۱۳﴾

မချွတ်ဧကန် အသင်တို့ (ဆင်ခြင်ရန်၊ ကိုးကားရန်)အတွက် (ဗဒ်ရ်) စစ်ပွဲတွင် လူနှစ်စုသည် တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်ကြသော (အခြင်းအရာ) ၌ သက်သေသာဓကတစ်ရပ် ရှိပေသည်။ (ယင်းလူနှစ်စုအနက်) တစ်စုသည် (မုစ်လင်မ်များပင်ဖြစ်ကြပေရာ) အလွှာဟ်အရှင်မြတ်လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်လျက် ရှိခဲ့ကြလေသည်။ သို့ရာတွင် နောက်တစ်စုသည် မယုံကြည်သွေဖည်ငြင်းပယ်သော ကာဖိရ်များပင် ဖြစ်ခဲ့ကြ၏။ ယင်းသူတို့သည် မိမိတို့ကိုယ်ကို ထိုမုစ်လင်မ်များထက် နှစ်ဆဖြစ်နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြလေသည်။ သို့ရာတွင် (အနိုင်အရှုံးသည် အလွှာဟ်အရှင်မြတ်လက်တော်၌သာ ရှိနေပေရာ) အလွှာဟ်အရှင်မြတ်သည် မိမိနှစ်လိုသောသူများကိုသာ မိမိအကူအညီဖြင့် အားပေး၍ (နိုင်စေ) တော်မူလေသည်။ အမှန်စင်စစ်သော်ကား ယင်း(အခြင်းအရာ)၌ ဉာဏ်အမြော်အမြင်ရှိသူများအဖို့ (ကြီးကျယ်သော)သင်ခန်းစာသည် အမှန်ရှိပေသတည်း။(၃း၁၃)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သောအာယသ်တော်တွင် မယုံကြည်သွေဖည်ငြင်းပယ်သူများအား ၎င်းတို့နိုင်နင်းလွှမ်းမိုးခြင်း ခံရလိမ့်မည်ဟူသော သတင်းပေးထားခဲ့သည်။ ယခုကြိုတင်ဟောကိန်းသည် အဘယ်ကဲ့သို့ မှန်ကန်ကြောင်းကို ဥပမာတစ်ရပ်အနေနှင့် ဤအာယသ်တော်တွင် ဖော်ပြခဲ့သည်။

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်သည် ဗဒ်ရ်စစ်ပွဲကို ရည်ညွှန်းသည်။ ထိုစစ်ပွဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် လူအင်အား ၁၀၀၀၊ ကုလားအုတ် ၇၀၀ နှင့် မြင်း ၁၀၀ ရှိသည်။ မုစ်လင်မ်မုဂ္ဂာဟိဒင်များဘက်တွင်မူ လူအင်အား ၃၀၀ ကျော်၊ စုစုပေါင်းကုလားအုတ် ၇၀၊ မြင်းနှစ်ကောင်၊ သံကိုယ်ချပ်အင်္ကျီ ၆ ထည်နှင့် ဓား ၈

ချောင်းရှိသည်။ တိုက်ပွဲစစ်ရင်ဆိုင်တိုက်ခိုက်မှုသည် ဧကန်မုချ အလွန်ထူးဆန်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် ယှဉ်ပြိုင်တိုက်ခိုက်မည့်အုပ်စု အသီးသီးတို့သည် မိမိထက်နှစ်ဆဖြစ်နေကြောင်း တွေ့ရှိသောကြောင့် ဖြစ်သည်။ တစ်ဖက်ရန်သူသည် စိတ်ဓာတ်တက်ကြွနေသော မုစ်လင်မ်မြောက်များစွာကို မြင်လိုက်သောအခါ မယုံကြည်သွေဖည်သူများ၏ နှလုံးသားမှာ ကြောက်စိတ်ဝင်လာခဲ့ကြသည်။ မုစ်လင်မ်များကမူ ၎င်းတို့ထက်နှစ်ဆများပြားသော မယုံကြည်သွေဖည်ငြင်းပယ်သူများကို တွေ့မြင်သောအခါ အလွှာဟ်အရှင်မြတ်ဘက်ကို ပိုမို၍ စိတ်ထက်သန်စွာ မျှော်လင့်အားကိုးလာသည်။ မုစ်လင်မ်တို့သည် အလွှာဟ်အရှင်မြတ်၏ အကူအညီနှင့် အဆုံးစွန်အောင်မြင်မှုကို မျှော်လင့်အားထားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလွှာဟ်အရှင်မြတ်ပေါ်တွင် လုံးဝဥဿုံ ယုံပုံအားထားခဲ့ပြီး အလွှာဟ်အရှင်မြတ်က ၎င်းတို့အပေါ်ပို့ချခဲ့သော

اِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ

“အကယ်၍ သင်တို့အနက် စွဲမြဲ (စွာတိုက်ခိုက်မည့်) သူ(၁၀၀) တစ်ရာရှိကြပါလျှင် ၎င်းတို့သည် (ရန်သူတို့ဘက်မှလူ) နှစ်ရာကို နိုင်နင်းနိုင်ကြမည်။” (စး၆၆) ဟူသော ကတိတော်ကို စွဲမြဲခိုင်မာရိုးသားစွာဖြင့် ယုံကြည်ခဲ့ ကြခြင်း ဖြစ်သည်။

အကယ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အင်အားအရေအတွက် အစစ်အမှန်သည် မုစ်လင်မ်တို့ထက် (၃)ဆ ရှိသည်ဟု သတိမူမိခဲ့လျှင် မုစ်လင်မ်များသည် အလွန်အမင်း စိုးရိမ်ထိတ်လန့်နိုင်ပေသည်။ အခြားအုပ်စု၏အရေအတွက်သည် နှစ်ဆဖြစ်ကြောင်း မြင်တွေ့ရသည့်အခြေအနေသည်ကား သီးသန့်အချိန်တစ်ရပ်တွင်သာ ဖြစ်ပေသည်။ အခြားအချိန်တွင်မူ ယှဉ်ပြိုင်တိုက်ခိုက်နေသော အုပ်စုတစ်အုပ်စုစီသည် တစ်ဘက်ကိုတစ်ဘက် မိမိထက် အရေအတွက် နည်းသည်ဟု မြင်ခဲ့ကြသည်။ ယင်းကိုနောက်လာမည့် စူရဟ် အလ်အန်ဖာလ်တွင် တွေ့ရလိမ့်မည်။

အချုပ်ဆိုရသော် မက္ကာဟ်မြို့တွင် ကြုံတင်မိန့်ကြားထားခဲ့သော လက်နက် အနည်းငယ်နှင့် လူနည်းစုသည် လူအင်အားတောင့်တင်းသော လူတစ်စုကို တိုက်ရာတွင် အောင်ပွဲဆင်နိုင်လိမ့်မည်ဟု ဆိုခြင်းသည် လေ့လာသူ မြင်နိုင်သူအတွက် သင်ခန်းစာအပြည့်ပါသော ထူးဆန်းသည့် အဖြစ်အပျက် တစ်ရပ်ဖြစ်ကြောင်း အသေအချာ ပြောနိုင်ပါသည်။

VVVVVVVVVV

အာယသ် (၁၄-၁၇)

زُيِّنَ
لِلنَّاسِ حُبُّ الشَّهَوٰتِ مِنَ النِّسَآءِ وَالْبَنِيْنَ وَالْقَنَاطِيْرِ
الْمُقَنْطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالْاَنْعَامِ
وَالْحَرْثِ ؕ ذٰلِكَ مَتَاعُ الْحَيٰوةِ الدُّنْيَا ۚ وَاللّٰهُ عِنْدَهٗ حُسْنُ
الْمَاٰبِ ﴿۱۴﴾ قُلْ اَؤُنَبِّئُكُمْ بِخَيْرٍ مِّنْ ذٰلِكُمْ ؕ لِلَّذِيْنَ اتَّقَوْا عِنْدَ
رَبِّهِمْ جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَاَزْوَاجٌ
مُّطَهَّرَةٌ وَّرِضْوَانٌ مِّنَ اللّٰهِ ؕ وَاللّٰهُ بَصِيْرٌۢ بِالْعِبَادِ ﴿۱۵﴾
اَلَّذِيْنَ يَقُوْلُوْنَ رَبَّنَآ اِنَّنَآ اٰمَنَّا فَاغْفِرْ لَنَا ذُنُوْبَنَا وَقِنَا
عَذَابَ النَّارِ ﴿۱۶﴾ اَلصّٰبِرِيْنَ وَالصّٰدِقِيْنَ وَالْقٰنِتِيْنَ
وَالْمُنْفِقِيْنَ وَالْمُسْتَغْفِرِيْنَ بِالْاَسْحَارِ ﴿۱۷﴾

လူခပင်းတို့အဖို့ရာ မိန်းမများကိုလည်းကောင်း၊ သားရတနာများကိုလည်းကောင်း၊ စုဆောင်းသိုမှီးထားသော ရွှေငွေရတနာများကိုလည်းကောင်း၊ သင်ကြားလေ့ကျင့်ရွေးချယ်သတ်မှတ်ထားသော၊ မျိုးမှန်မျိုးကောင်းမြင်းများကိုလည်းကောင်း၊ (နွားသိုးဆိတ်) ကုလားအုပ်စသည့် တိရစ္ဆာန်များကိုလည်းကောင်း၊ လယ်ယာဥယျာဉ်များကိုလည်းကောင်း၊ ချစ်ခင်စုံမက်နှစ်သက်မြတ်နိုးလှပတင့်တယ်ရှုချင်စဖွယ်ရှိအောင် ပြုလုပ်ထားတော်မူသည်။ ဤသည်တို့ကား ပစ္စုပ္ပန်လောကီဘဝ၏ အသုံးအဆောင်များသာတည်း။ အမှန်စင်စစ်အားဖြင့် အမြင့်မြတ်ဆုံးသော ပြန်လည်ရာ ဌာနသည်ကား အလ္လာဟ်အရှင်မြတ်၏ အထံတော်၌သာလျှင် ရှိပေသတည်း။ (၃း၁၄)

(အို - နဗီတမန်တော်) အသင်သည် (လူသားတို့အား) ပြောကြားပါလေ။ ကျွန်ုပ်သည် အသင်တို့အား ထို(အထက်အဆိုပါ လောကီရတနာစည်းစိမ်များ)ထက် ပိုမိုသင့်မြတ်သောအရာများကို အကြောင်းကြားရပါမည်လော။ (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားခြင်း ဒုစရိုက်မှုတို့ကို) ကြဉ်

ရှောင်သော သူတော်စဉ်များအဖို့ ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ဥယျာဉ်တော်များရှိပေသည်။ ထိုဥယျာဉ်တော်များ၏ အောက်၌ စမ်းရေချောင်းများသည် (အယဉ်တွေတွေ) စီးဆင်းလျက်ရှိပေသည်။ (ယင်းသူတို့သည်) ထိုဥယျာဉ်တော်များတွင် အမြဲထာဝရ စံနေကြမည့်သူများပင် ဖြစ်ကြပေသည်။ (ထို့ပြင် ယင်းသူတို့အဖို့) စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော ဇနီးများလည်း ရှိကြပေသည်။ ထို့ပြင်တစ်ဝ အလွှာဟ်အရှင်မြတ်၏ နှစ်သက်မှုလည်းရှိပေသည်။ စင်စစ်မူကား အလွှာဟ်အရှင်မြတ်သည် (မိမိ၏) ကျွန်များ (၏အခြေအနေအဖြစ်အပျက်အားလုံးတို့ကို) ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၃း၁၅)

အကြင်(သူတော်စင်)တို့သည် (အလွှာဟ်အရှင်မြတ်အထံတော်၌) "အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မလွဲဧကန် (အလွှာဟ်အရှင်မြတ်ကို) သက်ဝင်ယုံကြည်ကြပါပြီ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည်၊ ကျွန်တော်မျိုးတို့၏ ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူပါ။ ငရဲပြင် (နောင်တမလွန်ဘဝတွင်) ကျွန်တော်မျိုးတို့အား ငရဲမီးဘေးမှလည်း ကာကွယ်စောင့်ရှောက်တော်မူပါဟု လျှောက်ထားပန်ကြားကြလေသည်။ (၃း၁၆)

(အပြစ်များမှ ကြဉ်ရှောင်သော ထိုသူတော်စင်များသည်) ခန္တီတရားနှင့်ပြည့်စုံသောသူများလည်းကောင်း၊ (စိတ်နှလုံးဖြောင့်မတ်မှန်ကန်ငြိမ်သက်တည်ကြည်သော) သစ္စာဝါဒီများလည်းကောင်း၊ (အလွှာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင်) ခယရိုကျိုးသူများလည်းကောင်း၊ (အစွမ်းလာမ်တရားတော်နှင့်အညီ သဒ္ဓါစေတနာထက်သန်စွာ) လှူဒါန်းသုံးစွဲပေးကမ်းစွန့်ကြဲသူများ လည်းကောင်း၊ ညဉ့်၏နောက်ဆုံးယံ အရုဏ်တက်ချိန်များတွင် (အလွှာဟ် အရှင်မြတ်အထံတော်တွင် မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားသူများလည်းကောင်း ဖြစ်ကြလေသည်။ (၃း၁၇)

အာယသ်တော်၏ ဆက်စပ်မှု

မယုံကြည်သွေဖည်သူများ၏ ရန်လိုမှုကို "ဂျိဟားဒ်" စစ်ပွဲဖြင့်သာ တုန့်ပြန်သင့်ကြောင်းသည် ပြီးခဲ့သော အာယသ်တော်များ၏ အကြောင်းအရာဖြစ်ခဲ့သည်။ ဤအာယသ်တော်များ၏ စာသားတို့က အစွမ်းလာမ်ဘာသာနှင့် မုစ်လင်မ်တို့အား (မယုံကြည်သွေဖည်ငြင်းပယ်သူများက) အဘယ်ကြောင့်ရန်လိုရခြင်းကို ရှင်းလင်းပြပါသည်။

ဤရန်လိုခြင်းကိစ္စသာမက မကောင်းမှုလုပ်ရပ်အားလုံးတို့၏ အကြောင်းရင်းသည် လောကီစည်းစိမ်ဥစ္စာ ချစ်မြတ်နိုးခြင်းကြောင့် ဖြစ်သည်။ အမှန်တရားကို ဆန့်ကျင်ရန်အတွက် စုစည်းထားသော လူစုတွင် ရည်မှန်းချက်အမျိုးမျိုးရှိသော လူများပါဝင်ကြသည်။ အချို့တို့သည် စည်းစိမ်ဥစ္စာအတွက်ဖြစ်စေ၊ အာဏာရရှိရန်အတွက်ဖြစ်စေ၊ လောဘရမက်က စေ့ဆော်ခြင်းခံရသူများဖြစ်စေ၊ လူအမျိုးမျိုးပါဝင်ကြသည်။ အချို့တို့သည် တဏှာရာဂစိတ်၏ စေ့ဆော်ခြင်း ခံရသူများဖြစ်ကြသည်။ ၎င်းပြင်အချို့တို့သည် မှားယွင်းသော ဘိုးဘွားဘီဘင်တို့၏ ဓလေ့များကို ခုခံကာကွယ်ရန် ဖြစ်ကြပါသည်။ ဤအရာများအားလုံးသည် လက်ရှိဘဝသက်တမ်း၏ လောကီဆိုင်ရာ စည်းစိမ်ဥစ္စာများ ဝေစုရရန်သာဖြစ်ကြသည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်သည်များကို ဤအာယသ်တော်များတွင် ဖော်ပြထားခဲ့ပါသည်။

အကျယ်ဖွင့်ဆိုချက်

တစ်စုံတစ်ဦး၏ လောကီစည်းစိမ်ဥစ္စာများအပေါ် ချစ်မြတ်နိုးခြင်း၏ ကန့်သတ်ချက်များ

တမန်တော်မြတ်ﷺ မိန့်ကြားတော်မူခဲ့သည်မှာ -

حُبُّ الدُّنْيَا رَأْسُ كُلِّ خَطِيْئَةٍ

ဆိုလိုသည်မှာ - "ဒွန္နယာ" (လောကီဘဝ(သို့)လောကီစည်းစိမ်ဥစ္စာများ) အပေါ် ချစ်မြတ်နိုးခြင်းသည် အမှားများ အားလုံးတို့၏ အဓိကကျသော အကြောင်းရင်းပင် ဖြစ်တော့သည်။ ပထမအာယသ်တော်ထဲတွင် အလွန်လိုချင်တပ်မက်စေသော အချို့သော လောကီစည်းစိမ်ဥစ္စာများကို ဖော်ပြထားသည်။ ထို့နောက် ထိုအရာများကို ဆွဲဆောင်တပ်မက် မှုရှိစေရန် ပြုလုပ်ထားသည်။ ထို့ကြောင့် လူများသည် စွဲမက်ဖွယ်ရာများ၏ ဆွဲဆောင်ဖြားယောင်းခြင်းခံရကာ နောင်လာမည့်ဘဝအတွက် ပူပင်သောကများရှိနေလျှင်သော်မှ ယင်းတို့ကို လျစ်လျူရှုထားလိုက်ပါသည်။

ဤအာယသ်တော်တွင်ဖော်ပြခဲ့သော အရာများသည် လူသားများကို ဆွဲဆောင်ရာတွင် အဓိကကျသော အရာများပင် ဖြစ်ကြသည်။ ၎င်းတို့ထဲမှ အမျိုးသမီးများကို ဦးစွာဖော်ပြပြီးနောက် သားသမီးများကို ဖော်ပြထားသည်ကို သတိပြုမိပါလိမ့်မည်။ အမျိုးသားတစ်ဦး မည်သည့်အရာကိုရှာရယူသည်ဖြစ်ပါစေ၊ ယင်းသည် သူ၏ မိသားစု၊ ဇနီး သားသမီးများတို့၏ လိုအပ်ချက်ကြောင့်ဖြစ်ပြီး ၎င်းတို့နှင့်အတူ မျှဝေခံစားရန်ပင်ဖြစ်သည်။ ထို့နောက် ရွှေ၊ ငွေ၊ ကျွဲ၊ နွား တိရစ္ဆာန် လယ်ယာစသော ပိုင်ဆိုင်မှုနောက်တစ်မျိုးကို ဖော်ပြထားသည်။ ယင်းတို့သည် လူတို့အား ဒုတိယ အနေနှင့် ဆွဲဆောင်မှုရှိပါသည်။

ဤအရာများကို စိတ်အားထက်သန်စွာဖြင့် ဆွဲငင်မှုရှိစေရန် လူသားများအား အဘယ်ကြောင့် တစ်နည်းတစ်ဖုံ ပြုလုပ်ထားရသနည်း။ အဖြေမှာ အလ္လာဟ်အရှင်မြတ်၏ အဆုံးအစွန်သော ဉာဏ်တော်အရ အလ္လာဟ်အရှင် ပြုလုပ်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်ကြည့်ကြစို့။

(၁)အကယ်၍ လူသားသည် စွဲမက်ဖွယ်ကောင်းသော ဤစွဲဆောင်မှုများအား သဘာဝအားဖြင့်၊ မတိမ်း

ညွတ်ခဲ့လျှင် လောကီရေးရာဆိုင်ရာလုပ်ငန်းဆောင်တာ အားလုံးသည် ကမောက်ကမ ဖြစ်သွားပါလိမ့်မည်။ တစ်စုံတစ်ဦးသည် လယ်ယာခြံမြေတွင် အဘယ်ကြောင့် တပင်တပန်းလုပ်ဆောင်ရပါသနည်း။ အဘယ်ကြောင့် လုပ်သား တစ်ဦး (သို့) လုပ်ငန်းရှင်တစ်ဦးသည် လုပ်ငန်းတစ်ခုတွင် ၎င်းတို့ကိုယ် ၎င်းတို့ ဘာကြောင့် မြှုပ်နှံလုပ်ဆောင်နေသနည်း။ အဘယ်ကြောင့်စီးပွားရေးသမားတစ်ဦးသည် ရောင်းခြင်း ဝယ်ခြင်းဆိုင်ရာ ပစ္စည်းများတွင် သူ၏ငွေရင်းနှင့် အလုပ်သမားများ သုံးစွဲလုပ်ကိုင်နေရပါသနည်း။ ကမ္ဘာပေါ်ရှိ လူသားများသည် ချစ်ခင်စုံမက်ဖွယ်ရာ ထိုအရာများကို ပင်ကိုယ်စိတ်ကြောင့် ချစ်ခင်မြတ်နိုးကာ ထိုအရာများကို ရှာဖွေစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်လာသည်။ ယင်းစိတ်ဇောသည်ပင် လူသားကို ရှင်သန်ကြီးထွားစေသော လျှို့ဝှက်ချက်ဖြစ်၏။ အလုပ်သမားသည်ငွေရှာသည်။ ကြွယ်ဝချမ်းသာသူကလည်း ၎င်းအလုပ်အတွက် အလုပ်သမားငှားရန် ကြိုးစားသည်။ ကုန်သည်သည် သူ၏အကောင်းဆုံးသော ရောင်းကုန်ပစ္စည်းများကို ခင်းကျင်းပြသ၍ စားသုံးသူထံမှ ငွေရရန်စောင့်မျှော်နေသည်။ စားသုံးသူတစ်ဦးသည် သူအသက်ရှင်နေထိုင်ရန်ဖြစ်စေ၊ သူနှစ်သက်ပျော်ရွှင်စေရန်ဖြစ်စေ၊ ပစ္စည်းဝယ်ရန်အတွက် ဈေးဆိုင်သို့သွားသည်။ အကယ်၍ ဤဖြစ်စဉ်ကို စဉ်းစားလျှင် ဤကမ္ဘာလောကတွင် နှစ်လိုဖွယ်ကောင်းသောအရာများကို အိမ်အပြင်ကပဲ ယူခဲ့ရသည်ချည်းဖြစ်သည်။ ထို့ပြင် ဤတိတ်ဆိတ်ငြိမ်သက်သောဖြစ်စဉ်က ကမ္ဘာလောကတွင် ခိုင်မာရှင်သန်နေသော လူမှုစရိုက်တစ်ရပ်ဖြစ်နေသည်ကို ကျွန်ုပ်တို့သတိချပ်မိပါလိမ့်မည်။

ယင်း၏နောက်ကွယ်တွင် အခြားအသိဉာဏ်အမြော်အမြင်လည်းရှိပါသည်။ အကယ်၍ လူသားသည် ဤလောကတွင် သူမြင်တွေ့ရသော ကောင်းချီးမင်္ဂလာများကို အဆက်အသွယ်မရှိခဲ့လျှင် နောင်လာမည့် တမလွန်ဘဝအတွက် ကတိပြုထားတော်မူသော ကောင်းချီးမင်္ဂလာများကို ခံစားလိုစိတ်ထားခြင်းကိုလည်းကောင်း၊ နှစ်သက်တပ်မက်ခြင်းကိုလည်းကောင်း မရှိမည်မှာ ထင်ရှားပါသည်။ ထိုသည့်အကြောင်းကြောင့် ဂျန္နသ်သုခဘုံနှင့်ထိုက်တန်လာရန် မည်သည့် ကောင်းမှုကောင်းရာမဆို ဒုက္ခခံ၍ လုပ်ဆောင်ခြင်းကိုလည်းကောင်း ငရဲမှလွတ်မြောက်စေရန် မည်သည့်မကောင်းမှုကိုမျှ မလုပ်ဆောင်ခြင်းကိုလည်းကောင်း ဒုက္ခခံကာ အစဉ်လုပ်ဆောင်နေသင့်ပေသည်။

ဤတွင်သာပို၍ စဉ်းစားထိုက်သော အသိဉာဏ်တစ်ရပ်လည်းရှိပေသေးသည်။ ပစ္စည်းဥစ္စာများကို သူ၏နှလုံးသားက ချစ်မြတ်နိုးသည်မှာ ထိုလူသားပင်မဟုတ်ပါလား။ သူ့ကို ဤကဲ့သို့ အစမ်းသပ်ခံစေခဲ့ပါသည်။ သူသည် လောကီဥစ္စာစည်းစိမ်ခံစားမှုကို စိတ်ဝင်စားပြီး နောင်တမလွန်ဘဝကို မေ့လျော့နေလေသည်။ တစ်ဖန်သူသည် လောကီစည်းစိမ်တို့၏ တကယ့်အစစ်အမှန်နှင့် တဒင်္ဂသဘာဝကို သိမြင်လာကာ ဥစ္စာပစ္စည်းကို သူ၏ လိုအပ်ချက်နှင့်လျော်ညီစွာ သောကထားလေသည်။ ထို့နောက် နောင်လာမည့် ဘဝကောင်းစားရေးနှင့် လုံခြုံရေးကိုပေးမည့် သူ၏ကြိုးပမ်းအားထုတ်မှုအားလုံးနှင့် ကောင်းမှုကောင်းရာကို ဖော်ဆောင်လေတော့သည်။

ထိုကဲ့သို့သောအရာများဖြင့် မွမ်းမံတန်ဆာဆင်ထားခြင်း၏ နောက်ကွယ်၌ရှိသော အသိဉာဏ်တော်အမျှော်အမြင်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာတွင် ဖော်ပြထားသည်မှာ -

اِنَّا جَعَلْنَا مَاعَلَى الْاَرْضِ زِيْنَةً لَّهَا لِنَبْلُوَهُمْ اَيُّهُمْ اَحْسَنُ عَمَلاً ۔

“ဧကန်မလွဲ ငါအရှင်မြတ်သည် လူတို့အား ၎င်းတို့အနက် မည်သူသည် အကျင့်မူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာ ပထဝီမြေကြီးပေါ်၌ ရှိကုန်သော အရာဝတ္ထုများကို ငါအရှင်မြတ်သည် ယင်းပထဝီမြေ၏ အလှများ ပြုလုပ်တော်မူခဲ့လေ၏။ (၁၈း၇)

ထိုကဲ့သို့သော တပ်မက်ဖွယ်ရာကောင်းသော အရာများ၏ အာရုံကပ်ညိုဆွဲဆောင်မှုတို့သည် များစွာသော အသိဉာဏ်ကြွယ်ဝသည့် စဉ်းစားဆင်ခြင်မှုအပေါ်၌ အခြေခံထားသော အလွှာဟ်အရှင်မြတ်၏လုပ်ရပ်ဖြစ်ကြောင်း၊ အထက်ဖော်ပြပါ အာယသ်တော်ကရှင်းလင်းစွာ ပြသပါသည်။ သို့သော်လည်း ရှိုင်တွာန်ကြောင့် ဥစ္စာပစ္စည်းများ တပ်မက်စွဲညိစေသည့်အကြောင်း ဖော်ပြသည့် အာယသ်များဖြစ်သော -

زَيَّنَ لَهُمُ الشَّيْطَانُ اَعْمَالَهُمْ

“ရှိုင်တွာန်” မိစ္ဆာကောင်သည် ၎င်းတို့၏ အပြုအမူကို၊ ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုခဲ့လေသည်။ (၈း၄၈၊ ၁၆း၆၃၊ ၂၇း၂၄၊ ၂၉း၃၈)

အာယသ်တော်များထဲတွင် ရည်ညွှန်းချက်သည် ဘာသာရေးအရနှင့် စဉ်းစားဆင်ခြင်တုံတရားအရ မကောင်းသောအရာများသာဖြစ်သည်။ သို့မဟုတ် အလွှာဟ်အရှင်မြတ် သတ်မှတ်ထားသော စည်းမျဉ်းများကို အဓိပ္ပာယ်လွဲမှားစွာဖြင့် တန်ဆာဆင်ကာ ချိုးဖောက်ခြင်းလည်း ရည်ညွှန်းခြင်းဖြစ်သည်။

တနည်းဆိုရလျှင် တရားဝင်ခွင့်ပြုထားသောအရာများနှင့် တန်ဆာဆင်ခြင်းသည် လုံးဝဥဿုံမကောင်းဟု မဆိုချေ။ စင်စစ်ထိုသို့ပြုလုပ်ခြင်းဖြင့် အကျိုးကျေးဇူးအနည်းငယ်ပင် ရှိနိုင်ပါသည်။ ထို့ကြောင့် ဤကဲ့သို့ အရာဝတ္ထုများပေါ် စွဲလမ်းတပ်မက်မှုများပါဝင်သည့် အထက်ဖော်ပြခဲ့သော အာယသ်တော်အချို့တွင် အလွှာဟ်အရှင်မြတ်၏ အစီအမံသာဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်တို့ဆွေးနွေးပြီးသမျှကို အကျဉ်းချုပ်ပြီး ယခုလက်ရှိဘဝတွင် မည်ကဲ့သို့ လုပ်ဆောင်သည်ကို ကြည့်ကြစို့။ အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်နှင့် အသနားတော်အရ ဤကမ္ဘာတွင် ဘဝ၏ကောင်းသောအရာများအားလုံးကို ဖန်ဆင်းခဲ့ကြောင်း ကျွန်ုပ်တို့သိရှိပြီးဖြစ်သည်။ ဖန်ဆင်းခံအရာများကို စွဲဆောင်မှုရှိရန်ပြုလုပ်ထား၍ ယင်းတို့ဖြင့်လူသား၏ ကြိုးပမ်းမှုထိုက်တန်စေရန်လည်း ပြုလုပ်ထားသည်။ ထို့ကြောင့် ယင်းတို့နှင့် ပတ်သက်၍ လူသားအားစမ်းသပ်နိုင်ပြီးဖြစ်မည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် အလွှာဟ်အရှင်မြတ် ဟစ်ကမသ်ဉာဏ်တော်၏ လုပ်ဆောင်မှုများတွင် တစ်ခုဖြစ်ပေသည်။ လူသားသည် မြားမြောင်သော စည်းစိမ်ခံစရာများတွင် ယစ်မူးသွားသလော (သို့တည်းမဟုတ်) ဤသည်တို့က ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်ကို သတိရ အောက်မေ့သလော (သို့တည်းမဟုတ်) မိမိကိုယ်ကိုပင် ဖန်ဆင်းတော်မူသော အရှင်အား မေ့လျော့သွားပြီလောဟူသည်ကို စမ်းသပ်ရန်ဖြစ်သည်။ ဤသို့သိရှိနားလည်းမှု အကူအညီအားဖြင့်လူသားသည် ဤအရာဝတ္ထုများမှတစ်ဆင့် အလွှာဟ် အရှင်မြတ်အား သိရှိနားလည်ရန်နှင့် ချစ်ခင်မြတ်နိုးရန် ပြုလုပ်ပါ၏လော။ သို့တည်းမဟုတ် ဤမတည်မြဲသော အရာဝတ္ထုများဟု သိရှိပြီးသောအရာများအပေါ် ချစ်ခင်မြတ်နိုး၍ လုံးဝဥဿုံလမ်းစပျောက်ကာ နောက်ဆုံး နေ့တွင် သူလုပ်ခဲ့သမျှ အရှင်သခင်ရှေ့မှောက်တွင် အစစ်ဆေးခံရမည်ဖြစ်သော ထိုအရှင်သခင်ကို မေ့လျော့နေပါသလော။

တစ်ဖက်တွင် နှစ်ဘဝစလုံး၏ အကောင်းဆုံးများကို ရရှိသူတစ်ဦးရှိလေသည်။ ၎င်းသည်လက်ရှိဘဝ၏ ကောင်းချီးမင်္ဂလာများခံစားပြီး ယင်းအရာများဖြင့် နောင်လာမည့်ဘဝတွင် အောင်မြင်မှုရရန်သုံးစွဲခဲ့ပါသည်။ ထိုသူအတွက် မတည်မြဲသော ကမ္ဘာ၏ စည်းစိမ်ချမ်းသာများသည် အတားအဆီးဖြစ်မလာခဲ့ပါ။ သို့သာမက ထိုအရာများသည် သာယာဝပြောသော နောင်တမလွန်ဘဝကို လုံခြုံစိတ်ချစွာ ရောက်စေရန်အတွက် မှတ်တိုင်များ ပင်ဖြစ်နေခဲ့သည်။ သို့သော် အခြားသူတစ်ဦးအတွက်မူ နောင်ဘဝတွင် ကောင်းမွန်သောဘဝတစ်ခုရရှိစေ မည့် အခွင့်အလမ်းကို ပျက်စီးစေသည့် အကြောင်းရင်းများဖြစ်သွားသည်။ ဤအရာများသည် အမြဲတစေ ပြစ်ဒဏ်ပေး ခံရမှု၏ အကြောင်းလည်းဖြစ်သွားပေသည်။ အကယ်၍ အကျွန်ုပ်တို့သည် ပွင့်လင်းစွာဖြင့် အနည်းငယ်တိုး၍ လေ့လာလျှင် ဤအရာများသည် ဤကမ္ဘာလောကမှာပင်လျှင် ထိုသူ့အတွက် ပြစ်ဒဏ်သဖွယ်ဖြစ်ကြောင်း သိရှိ နားလည်လိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့သော သူများအတွက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ

فَلَا تُعْجِبْكَ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ ۭ اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ بِهَا فِي الْحَيٰوةِ الدُّنْيَا

"သို့ဖြစ်ပေရာ ထို(မုနာဖစ်က်)တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း ထိုသူတို့၏ သားသမီး များသည်လည်းကောင်း၊ အသင့်အား အံ့အားမသင့်စေရ။ အလ္လာဟ်အရှင်မြတ်သည် ထိုဥစ္စာပစ္စည်းနှင့် သားသမီးတို့အားဖြင့် ထိုသူတို့အား ပစ္စုပ္ပန်လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန် ရည်စူးတော်မူ သည်။" (၉း၅၅)

ထို့ကြောင့် လူဘဝအတွက် အကောင်းဆုံးသောအရာကို သင့်တော်ရုံ မျှမျှတတရှာဖွေနိုင်သည်။ ထို့ပြင် ကျွန်ုပ်တို့၏ စစ်မှန်သော လိုအပ်ချက်နှင့်အညီ သိုမှီးထားနိုင်သည်။ ဤသို့ပြုလုပ်ခြင်းတွင် လာမည့်ဘဝအတွက် နှင့် ဤဘဝအတွက်ပါ အဆုံးစွန်သောကောင်းခြင်းများရှိသည်။ ထိုအရာများကို တားမြစ်ထားသော နည်းလမ်း များဖြင့် သုံးစွဲခြင်း (သို့) ထိုအရာများပေါ်တွင် လွန်လွန်ကျူးကျူး ယစ်မူးခြင်းသည် သေဆုံးပြီးနောက် အာခိရတ် ၏ စစ်မှန်မှုကို မေ့လျော့စေပါသည်။ ယင်းကား မိမိကိုယ်မိမိ ပျက်စီးရာပျက်စီးကြောင်းပင်တည်း။ ကဗျာ ဆရာကြီး ရူမီက အာဝဇ္ဇန်းရွှင်စွာ တင်ပြထားသည်မှာ -

آب اندر زیر کشتی پشتی است
آب در کشتی هلاك کشتی است

ကျွန်ုပ်တို့တွင် ဝိုင်းရံထားသော ဤကမ္ဘာလောကရှိအရာများသည် ရေနှင့်တူ၍ လူသား၏နှလုံးသား သည် ထိုရေထဲတွင်ရှိ လှေနှင့် သဏ္ဌာန်တူသည်။ လှေ၏အောက်နှင့် လှေဝန်းကျင်တွင် ရေရှိနေသမျှ ထိုရေ သည် ကောင်းကျိုးပြု၍ အသုံးဝင်ပါသည်။ ထိုနေရာတွင် ယင်းရေရှိခြင်း၏ ရည်ရွယ်ချက်သည် မုချအာမခံချက် ရှိလေသည်။ သို့သော်လည်း အကယ်၍ ထိုရေသည် လှေထဲဝင်သွားပါက လှေမှောက်စေကာ လှေတွင်းရှိ အရာ များကို ဖျက်ဆီးပစ်လိမ့်မည်။ အလားတူပင် တစ်စုံတစ်ဦး၏ ဥစ္စာဓနနှင့် ပိုင်ဆိုင်မှုအားလုံးတို့သည် သူ့အတွက် ဤကမ္ဘာနှင့် နောင်ဘဝအတွက်ပါ အဆင်ပြေစေသော အကြောင်းခံများဖြစ်ကြသည်။ ယင်းတို့သည် ၎င်း၏ နှလုံးသားထဲထိရောက်မသွားဘဲ သူ့နေရာနှင့်သူ ရှိနေရပါမည်။ ထို့ကြောင့်ယခု ဆွေးနွေးနေသော အာယသ်

တော်သည် ဤကမ္ဘာကြီး၏ အထူးစွဲမက်စရာအချို့ကို ဖော်ပြပြီးနောက် လူသားများအတွက် မရှိမဖြစ်လိုအပ်သော လမ်းညွှန်မှုကို တင်ပြမိန့်ကြားထားသည်မှာ -

ذٰلِكَ مَتَاعُ الْحَيٰوةِ الدُّنْيَا وَاللّٰهُ عِنْدَهٗ حُسْنُ الْمَاٰبِ

"ဤသည်တို့သည်ကား ပစ္စုပ္ပန်လောကီဘဝ၏ အသုံးအဆောင်များသာတည်း။ အမှန်စင်စစ် အားဖြင့် အမြင့်မြတ်ဆုံးသော ပြန်လည်ရာဌာနသည်ကား အလ္လာဟ်အရှင်မြတ်၏ အထံတော်၌သာလျှင် ရှိပေသတည်း။" (၃း၁၄)

တစ်နည်းဆိုရသော် ဤအရာများအားလုံးတို့သည် လက်ရှိကမ္ဘာတွင် လူသား၏ မတည်မြဲသောဘဝတွင် အသုံးချရန်အတွက် သက်သက်သာဟူသော ရည်ရွယ်ချက်ဖြစ်ကြောင်းကို ဆိုလိုချင်ပါသည်။ ထိုအရာဝတ္ထုများအပေါ် စွဲလမ်းတပ်မက်ခြင်း မဖြစ်စေရပါ။ အဘယ်ကြောင့်ဆိုသော် ထိုမြတ်နိုးဖွယ်ရာများ၏ စစ်မှန်သော အလှအပခံစားမှုသည် အလ္လာဟ်အရှင်မြတ်အား အစွန်ဆုံးအားကိုးမှုဖြင့် ရရှိသော ထာဝရသုခချမ်းသာတွင်သာ တည်ရှိပါသည်။ ထိုသုခချမ်းသာမှုများသည် မည်သည့်အခါမျှ မပျက်စီးနိုင်ပါ။ မလျှော့နည်းနိုင်။ အစွမ်းသတ္တိလည်း လျှော့ကျမသွားနိုင်ပါ။

နောက်ဆက်လိုက်လာသော ဒုတိယအာယသ်တော်ဖြစ်သည့် အာယသ်တော်(၁၅)တွင် ဤအကြောင်းကိုပင် ပိုမိုရှင်းလင်းစေခဲ့ပြီး မိန့်ကြားထားသည်မှာ -

قُلْ اَؤُنَبِّئُكُمْ بِخَيْرٍ مِّنْ ذٰلِكُمْ لِلَّذِيْنَ اتَّقَوْا عِنْدَ رَبِّهِمْ جَنّٰتٌ تَجْرِىْ مِنْ تَحْتِهَا
الْاَنْهٰرُ خَالِدِيْنَ فِيْهَا وَاَزْوَاجٌ مُّطَهَّرَةٌ وَّرِضْوَانٌ مِّنَ اللّٰهِ وَاللّٰهُ بَصِيْرٌۢ بِالْعِبَادِ.

"ကျွန်ုပ်သည် အသင်တို့အား ထို(အထက်အဆိုပါလောကီရတနာစည်းစိမ်များ) ထက် ပိုမိုသင့်မြတ်သောအရာများကို အကြောင်းကြားရပါမည်လော။ (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား၍ ဒုစရိုက်မှုတို့ကို) ကြဉ်ရှောင်သော သူတော်စဉ်များအဖို့ ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ဥယျာဉ်တော်များ ရှိပေသည်။ ၎င်းဥယျာဉ်တော်များ၏အောက်မှ စမ်းရေချောင်းများသည် (အယဉ်တွေတွေ) စီးဆင်းလျက်ရှိပေသည်။ ယင်းသူတို့သည် ထိုဥယျာဉ်တော်များတွင် အမြဲထာဝရ စံနေကြမည့်သူများပင် ဖြစ်ကြပေသည်။ (ထို့ပြင် ယင်းသူတို့အဖို့) စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်းသော ဇနီးများလည်း ရှိကြပေသည်။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုလည်း ရှိပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ၏) ကျွန်များ (၏အခြေအနေ အဖြစ်အပျက်အားလုံးတို့ကို) ခွဲခြားသိမြင်တော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။"

ဤနေရာတွင် တမန်တော်မြတ်﴿ﷺ﴾ အား ဦးတည်မိန့်ကြားထားခြင်းဖြစ်သည်။ လက်ရှိဘဝတွင် တွေ့ရှိရသော မပြည့်စုံပြီး ပျက်စီးနိုင်သော ကောင်းချီးများကို ယစ်မူးနေသူအား သာလွန်ကောင်းမွန်သော ကောင်းချီးမင်္ဂလာများရှိရာဆီသို့ တမန်တော်မြတ်﴿ﷺ﴾ က ပို့ဆောင်နိုင်ကြောင်းကို ပြောကြားရန်ဖြစ်သည်။

ဤကောင်းချီးများသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသောသူများအတွက် ကောင်းကျိုးချမ်းသာများ ဖြစ်ပါလိမ့်မည်။ ဤကောင်းချီးများမှာ "ထိုဥယျာဉ်တော်များ၏အောက်မှ စမ်းရေချောင်းများသည် (အယဉ်တွေ့တွေ့) စီးဆင်းလျက်ရှိပေသည်။ (ထို့ပြင် ယင်းသူတို့အဖို့) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောဇနီးများလည်း ရှိကြပေသည်။ အရှင်မြတ်နှစ်သက်မှုလည်း ရှိပေသည်။ နောက်ဆုံးဖော်ပြထားသည့်အရာသည် လူသားတစ်ဦး အတွက် အဆုံးအစွန်မျှော်မှန်းတမ်းတနိုင်ပြီး တမ်းတသင့်သည့်အရာလည်း ဖြစ်ပါသည်။

ပြီးခဲ့သော အာယသ်တော်(၁၄) ကို ပြန်လည်သတိထားမည်ဆိုလျှင် လူသားလွဲမှားစွာ စွဲလမ်းတမ်းတစေသည့် ကောင်းချီးခြောက်မျိုးတို့ကို ဖော်ပြထားပါသည်။ ယင်းတို့မှာ (၁) အမျိုးသမီးများ (၂) သားသမီးများ (၃) ရွှေငွေအစုအပုံ (၄) မြင်းကောင်းမြင်းသန့်များ (၅) ကျွဲနွားတိရစ္ဆာန်များနှင့် (၆) လယ်ယာမြေတို့ ဖြစ်ပါသည်။

အာယသ်တော်(၁၄)နှင့်ယှဉ်လျှင် အာယသ်တော်(၁၅)ထဲတွင် တမလွန်ဘဝ၏ ကောင်းချီးများကို သုံးမျိုးသာ ဖော်ပြထားပါသည်။ (၁) ဂျန္နသ်၏ဥယျာဉ်များ(၂) စင်ကြယ်သန့်ရှင်းအပြစ်ကင်းသောဇနီးများ (၃) အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုတို့ ဖြစ်ပါသည်။ ကျန်သည်များထဲမှ သားသမီးများအကြောင်းကို ဖော်ပြမထားပါ။ အဘယ်ကြောင့်ဆိုသော် လူသားသည် လောကီတွင်ရှိသော သူ့ဘဝတွင် သား၊သမီးများကို ချစ်ခင်ကြပါသည်။ ထိုသားသမီးများတို့သည်သူ့အား ကူညီလုပ်ဆောင်ပေးခြင်း၊ အင်အားဖြည့်ခြင်းနှင့် ကလေးများမှ တစ်ဆင့် သူ၏ အမည်တွင် ကျန်ရစ်နေစေသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် နောင်တမလွန်ဘဝမှာ သူသည် ထိုကဲ့သို့သော ကူညီမျိုးများ မလိုအပ်ပါ။ နောင်တမလွန်တွင် သူသည် သေဆုံးမည်မဟုတ်သောကြောင့် အမွေစားအမွေခံ တစ်ယောက်ရှာဖွေရန် မလိုချေ။ သည့်ပြင်သားသမီးရှိခဲ့သော သူများသည် ဂျန္နသ်တွင် ထိုကလေးများအားလုံး ပြန်လည်ရရှိပါလိမ့်မည်။ လောကီ၌ အစပထမတည်းက သားသမီးများရှိခဲ့သောသူများသည် ဂျန္နသ်တွင်လည်း သားသမီးများလိုချင်သော ဆန္ဒရှိလိမ့်မည် မဟုတ်ပါ။ တစ်စုံတစ်ဦးသည် သားသမီးများလိုချင်သော ဆန္ဒဖြစ်ပေါ်လာခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား သားသမီးများဖြင့် ကောင်းချီးပြုပါလိမ့်မည်။ ဂျာမီအလ်တစ်ရ်မေဇီကျမ်းပါ ဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ်ﷺက မိန့်သည်မှာ အကယ်၍ ဂျန္နသ်တွင်နေထိုင်သော သူတစ်ဦးသည် သားသမီးများရလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာပါက ထိုကလေးတို့အား ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားသန့်စင်ခြင်းနှင့် ကြီးပြင်းလာခြင်း ကိစ္စတို့သည် တမဟုတ်ခြင်း ပြီးမြောက်သွားကာ သူဆန္ဒပြုသည့် သား သမီးများ ရရှိပါလိမ့်မည်။

အလားတူပင် ဂျန္နသ်သုခဘုံနှင့် ပတ်သက်လာလျှင် ရွှေငွေများအကြောင်း တင်ပြမထားပါ။ အဘယ်ကြောင့်ဆိုသော် ရွှေနှင့်ငွေသည် မတည်မြဲသော ကမ္ဘာလောကတွင်သာလျှင် လိုအပ်သည်။ လောကတွင် သူလိုချင်သည့်အရာများကို ရွှေငွေဖြင့် ရနိုင်ပါသည်။ တမလွန်ဘဝတွင် မည်သည့်အရာကိုမျှ ဝယ်ရန်သော်လည်းကောင်း၊ ရောင်းရန်သော်လည်းကောင်း ပေးရန်သော်လည်းကောင်း မလိုအပ်ချေ။ အဘယ်ကြောင့်ဆိုသော် ဂျန္နသ်သုခဘုံသားများသည် လိုအပ်သမျှ ချက်ချင်း အလိုပြည့်သွားလိမ့်မည်ဖြစ်သည်။ သို့သော်ဂျန္နသ်သုခဘုံသည် ရွှေငွေမရှိသည် မဟုတ်ချေ။ တမန်တော်မြတ်ﷺ သခင်၏ ဩဝါဒတော်အချို့တွင် ဂျန္နသ်သုခဘုံ၏

အချို့နေရာများသည် ရွှေအုတ်ငွေအုတ်တို့ဖြင့် တည်ဆောက်ထားသည်ဟု ရည်ညွှန်းထားခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ အတုမရှိသော ဂျန္နသ်သုခဘုံတွင် ရွှေငွေတို့ကို ဖော်ပြရန်ပင် မထိုက်တန်ဟု မှတ်ယူထားသည်။

မြင်းများအကြောင်းပြောရလျှင် ဤကမ္ဘာလောကတွင် ခရီးတွင်စေရန် ကူညီပေးပါသည်။ တမလွန်ဘဝတွင် ခရီးသွားရန်လည်းမလို။ စီးနင်းရန်လည်း မလိုချေ။ သို့သော်ခိုင်လုံသော ဟဒီးဆ်တော်တွင် ဆင့်ပြန်ထားသည်မှာ သောကြာနေ့၌ ဂျန္နသ်သုခဘုံသားတွင် မြင်းကောင်းမြင်းသန့်တစ်ကောင် ရရှိလမ့်မည်ဖြစ်၍ ထိုမြင်းနှင့် သူ၏မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများထံ သွားတွေ့ရလိမ့်မည်ဟူ၍ ဖြစ်သည်။ ထင်ရှားသည်မှာ ဤအာယသ်တော်ထဲတွင် မြင်းများကို ဖော်ပြရန် မလိုသကဲ့သို့ ကျွဲနွား၊ လယ်ယာနှင့် လယ်ယာထွက်ကုန်များအကြောင်းကိုလည်း မဖော်ပြတော့ချေ။ ဂျန္နသ်သားများရရှိပြီးသမျှသည် အလွှာဟ်အရှင်မြတ်က မည်သည့်ကြားခံမျှ မပါဘဲ ဂျန္နသ်သုခဘုံသားများကို ထောက်ပံ့ကျွေးမွေးပေးကမ်းထားပြီး ဖြစ်သည်။

သို့သော်လည်း တစ်စုံတစ်ဦးသည် မလိုအပ်ဘဲနှင့် စိုက်ပျိုးလိုသည့်ဆန္ဒရှိလာပါက သူ၏ဆန္ဒဖြည့်ဆည်းပြီးဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့သောသူအတွက် လယ်ယာစိုက်ပျိုးမှုတွင် လိုအပ်သည်များကို တမဟုတ်ခြင်း စုစည်းပေးပြီး ဖြစ်ပေလိမ့်မည်ဟူသော ဆင့်ပြန်ချက်အချို့ အလ်သဗရာနီကျမ်းတွင် ပါရှိသည်။ ထို့နောက် လယ်ထွန်ခြင်း၊ မျိုးကြဲခြင်း၊ ရင့်မှည့်ခြင်းနှင့် ရိတ်သိမ်းခြင်းဟူသော လုပ်ငန်းစဉ်များသည် မတဟုတ်ချင်း ပြီးမြောက်သွားကာ ထိုသူဆန္ဒရှိသည်တို့ ၎င်းရှေ့မှောက်တွင် ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် အာခိရသ်၏ ကောင်းချီးများထဲတွင် "စင်ကြယ်သန့်ရှင်းအပြစ်ကင်းသောဇနီးများ" အကြောင်း ဖော်ပြခြင်းသည် လုံလောက်သည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဂျန္နသ်နေထိုင်သူများအတွက် အခြားကတိပြုချက်တစ်ခုလည်း မိန့်ကြားထားသည်။

وَلَهُمْ مَّا يَشْتَهُوْنَ

သို့ရာတွင် ၎င်းတို့အဖို့ ၎င်းတို့နှစ်သက်ကြသော အရာသည် ရှိပေသည်။ (၁၆း၅၇)

ထိုကဲ့သို့ ပြီးပြည့်စုံသည့် ကြေညာချက်၏နောက်တွင် မည်သည့်ကောင်းချီးမင်္ဂလာ တစ်ခုစီ၏အကြောင်းဖော်ပြရန် မလိုတော့ချေ။ ဖော်ပြပြီးခဲ့သော ကောင်းချီးမင်္ဂလာများတို့သည် တောင်းဆိုရန်ပင်မလိုဘဲ ဂျန္နသ်သုခဘုံတွင် ရှိပြီးဖြစ်သည်။

နောက်ဆုံးနှင့် အလွန်အရေးကြီးသော ကောင်းချီးမင်္ဂလာဖော်ပြထားခဲ့သည်မှာ "အလွှာဟ်အရှင်မြတ်၏နှစ်သက်မှု"ပင် ဖြစ်သည်။ ထိုအရာသည် တစ်စုံတစ်ဦးက စိတ်ကူး၍ပင် မရနိုင်သောအရာပင်ဖြစ်သည်။ ထိုကဲ့သို့ ကောင်းချီးမင်္ဂလာရရှိပြီးလျှင် အလွှာဟ်အရှင်မြတ်၏ မကျေနပ်မနှစ်သက်မှုဆိုသည့် အန္တရာယ်မျိုး မရှိတော့ချေ။ ဟဒီးဆ်တော်တစ်ရပ်အရ ဂျန္နသ်သုခဘုံသားများသည် နေသားကျသွားလျှင် ပျော်ပျော်ရွှင်ရွှင်နှင့် စိတ်ကျေနပ်ကာ စိတ်ဆန္ဒမဖြည့်ဆည်းသည့်အခါဟူ၍ မရှိချေ။ ထိုအချိန်တွင် အလွှာဟ်အရှင်မြတ်က ၎င်းတို့ပျော်ရွှင်ရဲ့လား လိုချင်တာရှိပါသေးသလားဟူ၍ မေးမြန်းတော်မူလိမ့်မည်။ အို - မွေးမြူဖန်ဆင်းတော်မူသော အရှင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ လိုသမျှပေးပြီးဖြစ်သဖြင့် ဘာမျှမလိုအပ်တော့ပါဟု လျှောက်ထားကြမည်။ အရှင်မြတ်က မိန့်တော်မူသည်မှာ သို့ဆိုလျှင် ကောင်းချီးမင်္ဂလာများထဲမှ အကြီးကျယ်ဆုံးသော ကောင်းချီး

မင်္ဂလာကို အသင်တို့အားပေးတော်မူမည်။ ယင်းမှာ အသင်တို့အပေါ်၌ ငါအရှင်မြတ်သည် မည်သည့်အခါမှ မနှစ်သက်၊ မကျေနပ်မရှိတော့ဟူ၍ လည်းကောင်း၊ ငါအရှင်နှင့် အမြဲတမ်းနီးကပ်စွာ ရှိနေလိမ့်မည်ဟူ၍ လည်းကောင်း ခွင့်ပြုချက် ရရှိပေမည်။

ဣန္ဒသ်သုခဘုံတွင် အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့ခြင်းဟူသော အန္တရာယ်မရှိသောကြောင့် ဣန္ဒသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာတို့ကို ရုတ်သိမ်းခြင်း၊ လျော့နည်းစေခြင်းဟူသော အန္တရာယ်လည်း မရှိတော့ချေ။

ဤအာယသ်တော်များ၏ အကြောင်းအရာကိုပင် တမန်တော်မြတ်ﷺ သခင်က အောက်ပါဟဒီးဆ်တော်အတိုင်း အတိုချုပ်မိန့်ကြားထားသည်။

"الدنيا ملعونة وملعون ما فيها الاّما ابتغى به وجه الله" وفى رواية " الاّ ذكر الله وما والاه او عالما او متعلماً"

"ကမ္ဘာလောက၏ဘဝဆိုသည်မှာ ရွံရှာစက်ဆုပ်ဖွယ်ကောင်းပေသည်။ ထို့နောက် ဤကမ္ဘာကြီးထဲတွင် အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့မှုရှာဖွေခြင်းမှအပ အားလုံးသည် စက်ဆုပ်ဖွယ်ရာများဖြစ်သည်။ အခြားဆင့်ပြန်ချက်တစ်ရပ်တွင်လည်း မိန့်ကြားထားသည်မှာ ဇိကိရ် (အလ္လာဟ်အရှင်မြတ်အားအောက်မေ့တသသတိရခြင်းနှင့် အလ္လာဟ်ကြိုက်နှစ်သက်သည်များ လုပ်ဆောင်ခြင်းမှအပ အားလုံးစက်ဆုပ်ဖွယ်ရာများဖြစ်သည်။)

အခြားဆင့်ပြန်ချက်တွင် **عَالِمْ** အာလင်မ် (ဘာသာရေးပညာရှင်များ) နှင့် **طَلب عالم** သွာလိဗ်အိလ်မ် ဘာသာရေးပညာ သင်ကြားနေသူများမှအပ အားလုံးစက်ဆုပ်ဖွယ်ရာများ ဖြစ်သည်ဟု ဆင့်ပြန်ထားသည်။

ဤဟဒီးဆ်တော်သည် စိုက်ယိဒါ အဗူဟုရိုင်ရဟ်ﷺ၏ ဆင့်ပြန်ချက်ဖြစ်၍ အိဗနိမာဂျာဟ်နှင့် အလ်သဗ်ရာနီကျမ်းတို့တွင် တင်ပြထားသည်။

VVVVVVVVVV

အာယသ် (၁၈-၁၉)

شَهِدَ اللّٰهُ اَنَّهٗ
لَاۤ اِلٰهَ اِلَّا هُوَ ۙ وَالْمَلٰٓئِكَةُ وَاُولُوا الْعِلْمِ قَآئِمًۢا بِالْقِسْطِ ؕ
لَاۤ اِلٰهَ اِلَّا هُوَ الْعَزِيْزُ الْحَكِيْمُ ﴿۱۸﴾ اِنَّ الدِّيْنَ عِنْدَ اللّٰهِ
الْاِسْلَامُ ۗ وَمَا اخْتَلَفَ الَّذِيْنَ اُوْتُوا الْكِتٰبَ اِلَّا مِنْۢ بَعْدِ
مَا جَآءَهُمُ الْعِلْمُ بَغْيًۢا بَيْنَهُمْ ؕ وَمَنْ يَّكْفُرْ بِاٰيٰتِ اللّٰهِ
فَاِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۱۹﴾

အလ္လာဟ်အရှင်မြတ်သည် မိမိမှတစ်ပါး အခြားခဝတ်ကိုးကွယ်ရာအရှင် မရှိကြောင်း (မိမိကိုယ်တော်တိုင်) သက်သေခံတော်မူခဲ့လေပြီ။ ထိုနည်းတူစွာ "မလာအိကဟ်" ကောင်းကင်တမန်များနှင့် ပညာရှင်သုခမိန်အပေါင်းတို့သည်လည်း (မိမိတို့၏ အကျင့်အမူများဖြင့် သက်သေခံခဲ့ကြလေပြီ။) ထိုအရှင်မြတ်သည် တရားမျှတစွာ စီမံအုပ်ချုပ်လျက်ရှိတော်မူ၏။ ထိုအရှင်မြတ်သည်သာလျှင် ခဝတ်ကိုးကွယ်ရာ အရှင်ဖြစ်တော်မူ၍ ထိုအရှင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ရာအရှင်ဟူ၍ အလျဉ်းမရှိပြီ။ (ထိုအရှင်မြတ်သည်) တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင်တည်း။ (၃း၁၈)

မချွတ်ဧကန် အလ္လာဟ်အရှင်မြတ်အထံတော်၌ (နှစ်မြို့တော်မူပြီးဖြစ်သော) "ဒီန်" သာသနာမှာမူကား အစွလာမ်သာသနာတော်ပင်တည်း။ အမှန်သော်ကား ("သောင်ရသ်"နှင့်"အင်နဂျီလ်") ကျမ်းများ ပေးသနားတော်မူခြင်း ခံရသောသူတို့သည် မိမိတို့ထံ အသိတရားရောက်ရှိပြီး နောက်သော်မှပင် မိမိတို့အချင်းချင်း မနာလိုဝန်တိုစိတ်ထားရှိခြင်းကြောင့် မညီမညွတ်သဘောကွဲလွဲကြကုန်၏။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းပယ်ပါမူ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးစောကြောတော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူသတည်း။ (၃း၁၉)

စူရဟ်အာလိအင်မ်ရာမ်၏အဖွင့်တွင် အစပြုခဲ့သော အလ္လာဟ်တစ်ပါးတည်းတည်ရှိသည့် သောင်ဟီးဒ်၏ အကြောင်းအရာကို ပထမအာယသ်ဖြစ်သော အာယသ်တော်(၁၈) တွင် အလွန်ထူးခြားသည့်ဟန်ဖြင့် ပြန်လည် ဖော်ပြထားသည်။ ဤနေရာတွင် သက်သေထူထားသော(၃)ဦးအနက် အလ္လာဟ်အရှင်မြတ်အား သက်သေထူ ထားခြင်းသည် တင်စားသုံးနှုန်းထားခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းနှင့် အရှင် မြတ်၏ ဂုဏ်တော်များတို့သည် အရာရာတိုင်းအပေါ် တည်ရှိခြင်းနှင့် အရှင်မြတ်၏ ဂုဏ်တော်များတို့သည် အရာရာတိုင်းအပေါ် ဖန်ဆင်းနိုင်ခြင်းနှင့် ထိုအရှင်မြတ်၏ တန်ခိုးတော်တို့ကို ထင်ရှားစေခြင်းဖြစ်ကာ ထိုအရှင် တစ်ပါးတည်းသာ တည်ရှိကြောင်း ထင်ရှားပွင့်လင်းသည့်လက္ခဏာတော်များ ဖြစ်သည်။ ထို့နောက် အလ္လာဟ် အရှင်မြတ် စေလွှတ်တော်မူသော တမန်တော်များနှင့် ပို့ချတော်မူသော ကျမ်းဂန်များသည်လည်း ထိုမှန်ကန်ချက် ကို အတည်ပြုကြသည်။ ဒုတိယသက်သေခံချက်အဖြစ် ဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် နီးကပ် သော ကောင်းကင်တမန်များပင်ဖြစ်သည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ကြကာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ခဝတ်ကိုးကွယ်ထိုက်ကြောင်းကို (မြင်တွေ့သိရှိ နားလည်ကာ) သက်သေခံကြသည်။

တတိယသက်သေခံချက်မှာ အသိပညာရှိသောလူပင် ဖြစ်သည်။ أُولُوا۟ الْعِلْمِ အုလူလ်အိလ်မ်ဟူသော အသုံးအနှုန်း၏ အဓိပ္ပာယ်မှာ တမန်တော်များနှင့် အစွမ်းလာမ်အသိပညာကို တတ်သိနားလည်သူများကို ဆိုလိုသည်။ ဤကိစ္စသည် အိုလမာသာသနာ့ပညာရှင်များအတွက် ကြီးမားသည့် ဂုဏ်အင်္ဂါရုပ်ဖြစ်ကြောင်း အိမာမ်ဂဇာလီနှင့် အိဗ်နိုကဆီးရ်က တွေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုအလ္လာဟ်အရှင်မြတ် အရှင်မြတ်၏ကောင်းကင် တမန်များနှင့် ယှဉ်တွဲဖော်ပြထား၍ ဖြစ်သည်။ အုလူလ်အိလ်မ်ဟူသော ဝေါဟာရသည် နောက်တစ်မျိုးလည်း ဖြစ်နိုင်သည်။ အစစ်အမှန် ရည်မှန်းသည်မှာ ခိုင်မာသောအသိပညာဆိုင်ရာမူပေါ် အခြေခံစုံစမ်းစိစစ်ခြင်းဖြင့် လည်းကောင်း၊ ဤကမ္ဘာလောကနှင့်ဆိုင်သည်တို့ကို တည်ငြိမ်းအေးဆေးစွာ ဆင်ခြင်စဉ်းစားခြင်းဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိကြောင်း သိရှိနားလည်သွားသူများ ဖြစ်နိုင်သည်။ ၎င်းတို့၏အသိပညာ သည် ထုံးတမ်းအရ အစွမ်းလာမ်အရင်းအမြစ်များမှ သမရိုးကျ သင်ကြားကာ ရရှိလာသော အာလင်မ် (သို့) အသိပညာရှင် နှင့် မတူချေ။

နောက်ထပ်အာယသ်ဖြစ်သော အာယသ်(၁၉)သည် အလ္လာဟ်အရှင်မြတ် လက်ခံသော တစ်ခုတည်း သော ဒီန်ယုံကြည်မှုသည် အစွမ်းလာမ်သာလျှင်ဖြစ်ကြောင်း ရှင်းလင်းစွာ မိန့်ကြားထားသည်။ ထို့ကြောင့် အလ္လာဟ် အရှင်မြတ်လက်ခံနိုင်သော ယုံကြည်မှုကိုဖြစ်စေ ဘာသာကိုဖြစ်စေ ဖော်ထုတ်ခြင်းဖြင့် အခြားသောသာသနာ များသည် ဖယ်ရှားပြီးဖြစ်ကာ အာယသ်တော်က အလ္လာဟ်တစ်ပါးတည်းရှိကြောင်းကို ပြီးပြည့်စုံသွားစေပါသည်။ ထိုယုံကြည်ချက်မှ ဆန့်ကျင်သည်များသည် ပျက်စီးကြပေမည်။

အာယသ်တော်နှင့် နီးနွယ်ဆက်စပ်မှု

“အလ္လာဟ်အရှင်မြတ်သည် (မိမိကိုယ်တိုင်) သက်သေခံတော်မူခဲ့လေပြီ” ဟူသော အာယသ်တော် ဆိုလိုရင်း၏ ထူးမြတ်မှု

شَهِدَ اللّٰهُ “ရှဟိဒလ္လာဟု” ဖြင့် အစပြုထားသော အာယသ်တော်တွင် အထူးလှပတင့်တယ်မှု တစ်ရပ်ရှိလေသည်။ အထူးလူသိများထင်ရှားသော မုဖတ်စိရ်ဋီကာရှင် အိမာမ်အလ်ဇဂါဒီက ဆင့်ပြန်ထားသည်မှာ ဆီးရီးယားနိုင်ငံမှ မဒီနဟ်မြို့တော်သို့ ယဟူဒီသာသနာပညာရှင်နှစ်ပါး ရောက်ရှိလာခဲ့ကြသည်။ မဒီနဟ်မြို့တော်ကို မြင်တွေ့သောအခါ သောင်ရသ်ကျမ်း တော်တွင် ကြိုတင်နိမိတ်ဖတ်ဟောကြားထားသည့် တမန်တော်များ၏ နောက်ဆုံးတမန်တော်နေထိုင်မည်ဖြစ်သော နေရာအသွင်အပြင်နှင့် မဒီနဟ်မြို့ ကိုက်ညီနေသည်ဟုသူတို့နှစ်ဦးအချင်းချင်းပြောကြားနေခဲ့ကြသည်။ နောက်ပိုင်းတွင် လူအများက တမန်တော်ဟု ရည်ညွှန်းခေါ်ဆိုသည့် ဘာသာတရားကိုင်းရှိုင်း ရိုသေသူပုဂ္ဂိုလ်တစ်ဦးသည် ဤနေရာတွင် နေထိုင်သည်ဟု သူတို့သိရှိလာခဲ့သည်။ သူတို့သည် တမန်တော်မြတ်ﷺ သခင်အား တွေ့ဆုံရန် သွားခဲ့ကြသည်။ တမန်တော်မြတ်ﷺ သခင်အား သူတို့ ပထမဦးဆုံးအကြိမ် မြင်လိုက်သည်နှင့် သောင်ရသ်ကျမ်းတွင် ကြိုတင်မိန့်ကြားထားသည့် တမန်တော်တစ်ပါးတွင် ရှိရမည့် ဂုဏ်အင်္ဂါရုပ်များအားလုံးကို ပြန်လည်သတိရခဲ့ပါသည်။

သူတို့သည် တမန်တော်မြတ်ﷺ သခင်၏ ရှေ့တော်မှောက်ဝင်ရောက်၍ အသင်သည် မုဟမ္မဒ် မဟုတ်ပါသလောဟု မေးမြန်းခဲ့သည်။ တမန်တော်မြတ်ﷺ သခင်က ဟုတ်ကြောင်း ဖြေကြားခဲ့သည်။ တဖန်ထပ်မံ၍ အသင်သည် အဟ်မဒ်မဟုတ်ပါသလောဟု မေးခဲ့သည်။ ကိုယ်တော်မြတ်ﷺ သခင်က ကျွန်ုပ်သည် မုဟမ္မဒ်လည်း ဟုတ်သည်။ အဟ်မဒ်လည်း ဟုတ်သည်ဟု မိန့်ကြားခဲ့သည်။ ထို့နောက် ၎င်းတို့က ပြောသည်မှာ ကျွန်ုပ်တို့သည် သင့်အားမေးခွန်းတစ်ခုမေးပါမည်။ အကယ်၍ သင်သည်မှန်ကန်စွာ ဖြေကြားနိုင်ပါက ကျွန်ုပ်တို့သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပါမည်။ တမန်တော်မြတ်ﷺ သခင်က မေးပါဟု မိန့်ကြားတော်မူသည်။ ၎င်းတို့က အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ထဲတွင် အကြီးကျယ်ဆုံးသော သက်သေကား မည်သည်နည်းဟု မေးမြန်းခဲ့သည်။ ဤမေးခွန်း၏အဖြေတစ်ရပ်အဖြစ် ရှဟာဒတ် (သက်သေခံခြင်း) ဟူသော ဤအာယသ်တော်မြတ်ကို ပို့ချတော်မူခဲ့သည်။ တမန်တော်မြတ်ﷺ သခင်သည် ၎င်းတို့အား ရွတ်ဖတ်သရစ္ဈာယ်ပြခဲ့လေသည်။ နှစ်ဦးစလုံးသည် အစ္စလာမ်ဘာသာကို ချက်ချင်းသက်ဝင်ယုံကြည်သွားခဲ့သည်။

မုစ်နတ်ဒ်အဟ်မဒ်ကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်အရ တမန်တော်မြတ်ﷺ သခင်သည် အရဖတ်တွင် ဤအာယသ်တော်ကို ရွတ်ဖတ်ပြီးလျှင်ပြီးခြင်း မိန့်ကြားသည်မှာ -

وَاَنَا عَلٰى ذٰلِكَ مِنَ الشّٰهِدِيْنَ يَارَبِّ

“အို - ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းစောင့်ရှောက်တော်မူသောအရှင် ထိုကိစ္စနှင့်ပတ်သက်လာလျှင် ကျွန်တော်မျိုးသည်လည်း သက်သေခံချက် တစ်ရပ်ပင် ဖြစ်ပါသည်။ (အိဗနိကဆီး၍)

အိမာမ်အလ်အာမတ်၌၏ ဆင့်ပြန်ချက်တစ်ရပ်အရ မည်သူမဆို ဤအာယသ်တော်ကို ရွတ်ဖတ်

သရစ္ချာယ်ပြီးနောက် وَاَنَا عَلٰى ذٰلِكَ مِنَ الشّٰهِدِيْنَ يَارَبِّ "အို - ကျွန်တော်မျိုးအားမွေးမြူဖန်ဆင်းကျွေးမွေး စောင့်ရှောက်တော်မူသော အရှင် ထိုကိစ္စနှင့် ပတ်သက်လာလျှင် ကျွန်တော်မျိုးသည်လည်း သက်သေခံသူ တစ်ယောက်ပင် ဖြစ်သည်"ဟု ပြောဆိုခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်က ကောင်းကင်စေတမန်များအား အောက်ပါ အတိုင်း မိန့်ကြားပါလိမ့်မည်။ "ငါအရှင် မြတ်သည် ကတိပြုတော်မူခဲ့လျှင် ထိုကတိကို တည်မည်ဖြစ်ကြောင်း ဦးစွာပထမမိန့်ကြားထားသော်လည်း ငါ အရှင်ကျေးကျွန်က ကတိကဝတ်ပြုသောကြောင့် ငါအရှင်၏ ကျေးကျွန်ကို ဂျန္နသ်သုခဘုံသို့ ဝင်ရောက်တော် မူစေလော့။ **(အိဗ်နိကဆီး၍)**

စိုက်ယိဒနာ အဗူအိုင်ယွတ်ဗ်အလ်အန်စွာရီ﴿ﷺ﴾ သခင်၏ အခြားဟဒီးဆ်တော်အရ တမန်တော် မြတ်﴿ﷺ﴾ သခင်မိန့်ကြားခဲ့သည်မှာ "မည်သူမဆို အာယာသုလ်ကုရ်စီ ၂၅၅၅ "ရှဟိဒလ္လာဟု" ၃း၁၈ နှင့် قُلِ اللّٰهُمَّ مَالِكَ الْمُلْكِ ကုလိလ္လာဟုမ္မ မလိကလ်မုလ်ကိမ္မ بِغَيْرِ حِسَابٍ ဗိဂိုင်းရိဟိစားဗ်ထိ (၃း၂၆,၂၇) တို့ကို ဖတ်ရွတ်သရစ္ချာယ်ခဲ့လျှင် အလ္လာဟ် အရှင်မြတ်က သူ၏ပြစ်မှုဂုနာဟ်များအားလုံး ခွင့်လွှတ်ပါလိမ့်မည်။ သူအား ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေပြီး သူ၏လိုအပ်ချက် ၇၀ (ဆိုလိုသည်မှာ များလှစွာသော လိုအပ်ချက်) များကို ဖြည့်ဆည်းပေးပါလိမ့်မည်။ အရိုးရှင်းဆုံးမှာကား သူ့အားခွင့်လွှတ်ချမ်းသာပေးခြင်းပင် ဖြစ်သည်။ **(ဒိုင်လာမီအား ရည်ညွှန်း၍ ရူဟုလ်မအာနီကျမ်း)**

"ဒီးန်နှင့် အစ္စလာမ်" စကားလုံးနှစ်လုံး၏ ရှင်းလင်းချက်

အရဗီဘာသာ၌ ဒီးန် (**دين**) ဟူသော စကားလုံးသည် တစ်ခုထက်မကသော အဓိပ္ပာယ်များပါရှိပါသည်။ ယင်းတို့ထဲမှ အဓိပ္ပာယ်တစ်ခုမှာ "နည်းလမ်း"ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ ဒီးန်ဟူသော အသုံးအနှုန်းသည် စိုက်ယိဒနာ အာဒမ်﴿عليه السلام﴾ မှ နောက်ဆုံး စိုက်ယိဒနာ တမန်တော်မြတ် မုစ်သဖာ ﴿ﷺ﴾ အထိ တမန်တော်များအားလုံးနှင့် သက်ဆိုင်သောသူများနှင့် အဓိန့်ပညတ်ချက်များကို ဆိုလိုသည်။ နောက်ပိုင်းတွင် သုံးနှုန်းသော အသုံးအနှုန်းများမှ "ရှရီအသ်(**شريعة**) (သို့) အလ်မင်နဟာဂ်(**المنهاج**) (သို့) မဇ်ဟဗ်(**مذهب**) ဟူသော စကားလုံးများသည် ဆင့်ပွားအဓိန့်ပညတ်ချက်များအတွက် ဖြစ်သည်။ ယင်းပညတ် ချက်များသည် မတူညီသော အချိန်ကာလများနှင့် ကွဲပြားခြားနားသော အုပ်စုများတွင် မတူကွဲပြားခြားနားကြ ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ -

شَرَعَ لَكُمْ مِّنَ الدِّيْنِ مَاوَصّٰى بِهٖ نُوْحًا

"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ အကြင်သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့၏။ ထိုအရှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား ယင်းသာသနာတော်ကိုပင် နာယူကျင့်မူရန် အဓိန့်ပေးတော် မူခဲ့၏။ (နှင့်အခြားတမန်တော်များ) (၄၂း၁၃)

ဤသည်က ကျွန်ုပ်တို့အားပြောပြသည်မှာ တမန်တော်များအားလုံးတို့၏ "ဒီန်" သည် တူညီကြပြီး တစ်ခုတည်းသာဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ ထိုတစ်ခုတည်းသော "ဒီန်"ဆိုသည်မှာ အလွန်ပြီးပြည့်စုံသော အလ္လာဟ်

အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ဂုဏ်တော်များအား သက်ဝင်ယုံကြည်ခြင်း၊ ထိုအရှင်သည် အလုံးစုံသော ချို့တဲ့မှုအပေါင်းတို့မှ ကင်းစင်တော်မူပြီး ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် ခဝတ်ကိုးကွယ်ရန်ထိုက်ကြောင်းတို့ကို တစ်စုံတစ်ဦး၏ နှလုံးသား၏ အနက်ရှိုင်းဆုံးသောနေရာမှ ယုံကြည်ပြီး နှုတ်လျာအားဖြင့်လည်း ဖွင့်ဟအတည်ပြုရမည်။ တရားစီရင်မည့်နေ့ကို ယုံကြည်ခြင်း၊ ထိုနေ့သည် တစ်စုံတစ်ဦးလုပ်ရပ်များအားလုံးကို အပြီးသတ်စာရင်းရှင်းခြင်း၊ ဂျန္နသ်သို့ဝင်ရသည့် ဆုလာဘ်နှင့် ငရဲသို့ကျခံကာ ပြစ်ဒဏ်ခံရခြင်းများကို ယုံကြည်ရမည်။ အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသော တမန်တော်အားလုံးတို့နှင့် ၎င်းကိုယူဆောင်လာသော အလ္လာဟ်အရှင်မြတ်အမိန့်ပညတ်ချက်အားလုံးတို့ကို အသဲနှလုံးထဲတွင်ယုံကြည်ရုံသာမက ထိုယုံကြည်ချက်များကို နှုတ်အားဖြင့်လည်း ဖွင့်ဟအတည်ပြုရမည်။

အစ္စလာမ်ဟူသောစာလုံး၏ စစ်မှန်သော အဓိပ္ပာယ်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား ရိုကျိုးပြီး ထိုအရှင်မြတ်၏ အမိန့်တော်များနာခံခြင်း ဖြစ်သည်။ ဤအာယသ်တော်အရဆိုလျှင် သူတို့ခေတ်အခါသမယက ပွင့်တော်မူသော တမန်တော်များအား ယုံကြည်ပြီး၊ ထိုတမန်တော်များကို နာခံသောသူများအားမုစ်လင်မ်ဟု ခေါ်ဆိုနိုင်ခွင့်ရှိပါသည်။ ၎င်းတို့ကိုးကွယ်သည့်ဘာသာသည်လည်း အစ္စလာမ်ပင်ဖြစ်ပါသည်။ ဤစကားလုံး၏ အဓိပ္ပာယ်ရ စိုက်ယိဒိနာနူးဟ်﴿عليه السلام﴾ မိန့်တော်မူသည်မှာ **وَاُمِرْتُ اَنْ اَكُوْنَ مِنَ الْمُسْلِمِيْنَ**

“၎င်းပြင် ငါသည် “မုစ်လင်မ်” (အမိန့်တော်ကိုလိုက်နာသူ) တို့တွင် တစ်ဦးအပါအဝင်ဖြစ်ရန် အမိန့်တော်ပေးတော်မူခြင်းကို ခံခဲ့ရလေသတည်း။” (၁၀း၇၂)

ထို့ကြောင့်ပင် စိုက်ယိဒိနာ အိဗ်ရာဟိမ်﴿عليه السلام﴾ က ၎င်းကို ၎င်းနှင့် ၎င်း၏အုပ္ပသ်များအား မုစ်လင်မ်များဟု ဖော်ကြူးကာ မိန့်ကြားသည်မှာ **رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَآ اُمَّةً مُّسْلِمَةً لَّكَ**

“အို - ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်သည် ကျွန်တော်မျိုးတို့အား အမိန့်တော်ကို ခံယူသူ မုစ်လင်မ်နှစ်ဦးဖြစ်စေတော်မူပါ။ ထိုနည်းတူစွာ ကျွန်တော်မျိုးတို့၏ သားစဉ်မြေးဆက်ကိုလည်း အရှင်မြတ်၏ အမိန့်တော်ကို နာခံသူမုစ်လင်မ်များ ဖြစ်စေတော်မူပါ” (၂း၁၂၈) **ဟူ၍ဖြစ်သည်။**

၎င်းပြင် စကားလုံး၏ ဤအနှစ်သာရအတိုင်း စိုက်ယိဒနာ အီစာ﴿عليه السلام﴾ ၏ သာဝကကြီးများက မိန့်တော်မူသည်မှာ - **وَاشْهَدْ بِاَنَّا مُسْلِمُوْنَ**

“သို့ဖြစ်ပါ၍ အသင် (နဗီတမန်တော်ကိုယ်တိုင်) ပင် ကျွန်တော်မျိုးတို့သည် အမိန့်နာခံသောသူများဖြစ်ကြောင်း သက်သေခံတော်မူပါ”(၃း၅၂) ဟူ၍ ဖြစ်ပါသည်။

တစ်ခါတစ်ရံ ဤစကားလုံးကို တမန်တော်များ၏ နောက်ဆုံးနဗီတမန်တော်ဖြစ်တော်မူသော စိုက်ယိဒိနာ မုဟမ္မဒ် မုစ်တဖာ ﴿ﷺ﴾နောက်ဆုံးယူဆောင်လာသော “ဒီန်” (သာသနာ)နှင့် “ရှရီအသ်” (ဥပဒေ) အတွက်သာ အသုံးပြုသည်။ ဤဥပဒေဖြင့် ယခင်ကဘာသာတရားတွင်ရှိသော နည်းလမ်းကိုပယ်ဖျက်ပြီးဖြစ်ကာ ယင်းဥပဒေသည် တရားစီရင်မည့်နေ့ (ကိယာမသ်) တိုင်အောင် တည်ရှိနေပါလိမ့်မည်။ အစ္စလာမ်ဟူသော စကားလုံး၏

ဤအဓိပ္ပာယ်အရဆိုလျှင် အစ္စလာမ်သာသနာ၏ တမန်တော်ယူဆောင်လာသော ဘာသာနှင့် ထိုတမန်တော်၏ကြီးမားလှသော အုပ်စုနှင့် ၎င်း၏နောက်လိုက်များအတွက်သာ ဖြစ်ပေသည်။ ဂျိဗ်ရာအီလ်၏ လူသိများသော ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် တမန်တော်မြတ်﴿ﷺ﴾ က အစ္စလာမ်ကို ဤနည်းအတိုင်းပင် ရှင်းပြခဲ့ပါသည်။

ဤအာယသ်တော်ထဲတွင်ပါဝင်သော "အလ်အစ္စလာမ်" ဟူသောစကားလုံး၏ အဓိပ္ပာယ်သည် နှစ်မျိုးစလုံးဖြစ်နိုင်ချေရှိပါသည်။ အကယ်၍ ပထမအဓိပ္ပာယ်အရဆိုလျှင် ထိုစကားလုံး၏ အဓိပ္ပာယ်သည် အလ္လာဟ်အရှင်လက်ခံတော်မူသော တစ်ခုတည်းသော ဘာသာတရားသည် အစ္စလာမ်ဖြစ်သည်ဟု ဆိုလိုသည်။ ထိုဘာသာအရဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လုံးဝဥဿုံ ရိုကျိုးနာခံခြင်း ခေတ်အဆက် ဆက်တွင် ပွင့်တော်မူသော တမန်တော်များအားလုံးတို့နှင့် ၎င်းတို့ယူဆောင်လာသော မည်သည့်အမိန့်ပညတ် ချက်ကိုမဆို ယုံကြည်ပြီး ယင်းတို့နှင့်အညီ လိုက်နာကျင့်ဆောက်တည်ခြင်းတို့ ဖြစ်ပါသည်။ ဤနေရာတွင် ဟဇ်ရသ် မုဟမ္မဒ်﴿ﷺ﴾ ယူဆောင်လာသော သာသနာကို သီးသန့်ဖော်ပြမထားသော်လည်း ယေဘုယျဥပဒေအရဆိုလျှင် နောက်ဆုံးနဗီ တမန်တော်ပွင့်တော်မူပြီးနောက်တွင် သူယူဆောင်လာသော အမိန့်ပညတ်ချက်များအားလုံးတို့ကို ယုံကြည်ခြင်းနှင့် ကျင့်ဆောင်ခြင်းတို့သည် အတည်ဖြစ်သွားကာ၊ ဤဥပဒေတွင် အကြုံးဝင်သွားပါသည်။ ထိုကဲ့သို့ဆိုလျှင် ရလဒ်မှာ စိုက်ယိဒိနာ နူးဟ်﴿عليه السلام﴾ လက်ထက်တွင် လက်ခံနိုင်သောဘာသာသည် သူယူဆောင်လာသော ဘာသာဖြစ်သည်။ အိဗ်ရာဟီမ်﴿عليه السلام﴾ ခေတ်တွင်လည်း သူယူဆောင်လာသောဘာသာဖြစ်သည်။ ထိုနည်းတူစွာ စိုက်ယိဒိနာ မူစာ ﴿عليه السلام﴾ ခေတ်က အစ္စလာမ်ဘာသာသည် ကျောက်ပြားကြီးများအသွင်ရှိ သောင်ရသ်ကျမ်းနှင့် မိုးဇက်၏ သင်ကြားပြသမှုများသာ ဖြစ်ပါသည်။ ၎င်းနောက် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ လက်ထက်တွင်ရှိသော အစ္စလာမ် သည် အင်ဂျိလ်ကျမ်းနှင့် ယေရှု၏ သင်ကြားမှုများသာ ဖြစ်ပါသည်။ တမန်တော်များ အစဉ်အဆက်၏ နောက်ဆုံး ဖြစ်သော စိုက်ယိဒိနာ မုဟမ္မဒ်﴿ﷺ﴾ ခေတ် အစ္စလာမ်သည် ကုရ်အာန်ကျမ်းတော်မြတ် နှင့် စွန္နသ်တော်ပုံစံ အတိုင်းသာ ဖြစ်ပါလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့သည် အစ္စလာမ်၏ ဒုတိယအဓိပ္ပာယ်ဖြစ်သော တမန်တော်များတို့၏ နောက်ဆုံးတမန်တော်﴿ﷺ﴾ က ယူဆောင်လာသောဥပဒေနှင့် ကျင့်ဆောင်နည်းများဟူသော "ရှရီအသ်" ဆိုသည့် အဓိပ္ပာယ်ကို ယူခဲ့ပါလျှင် အာယသ်တော်ကဆိုနိုင်သည်မှာ တမန်တော်မြတ်﴿ﷺ﴾ ၏ သင်ကြားပြသမှုများနှင့် ကိုက်ညီသော အစ္စလာမ်ဟူသော ဘာသာတစ်ခုတည်းသာ ဤအချိန်အခါ၌ အလ္လာဟ်အရှင်လက်ခံတော်မူသော ဘာသာဖြစ်သည်။ ယခင်က ဘာသာတရားများသည်လည်း ယင်းတို့၏ အချိန်အခါက အစ္စလာမ်ဟုခေါ်ခဲ့သည်မှာ သံသယဖြစ်ဖွယ်ရာမရှိပေ။ သို့ရာတွင် ထိုဘာသာတရားများသည် ယခုအချိန်ခါ၌ ပယ်ဖျက်ပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်ဆုံးရလဒ်သည် နှစ်မျိုးစလုံးအတူပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ တမန်တော်တိုင်းတို့၏ လက်ထက်တွင် ထိုတမန်တော်၏ သင်ကြားပြသမှုများ၊ ဝတ်ပို့ချချက်များနှင့် လိုက်လျောညီထွေသည့် ထိုသီးသန့်အစ္စလာမ်ဘာသာသည်သာလျှင် အလ္လာဟ်အရှင်မြတ် လက်ခံတော်မူသော ဘာသာဖြစ်သည်။ ဤဘာသာတရားမှလွဲ၍ ယခင်ပယ်ဖျက်ပြီးသော ဘာသာပင်ဖြစ်ပါစေ အလ္လာဟ်အရှင်မြတ်လက်မခံသောကြောင့် နောက်ပိုင်းတွင် "အစ္စလာမ်" ဟူ၍ခေါ်ဆိုရန်ပင် မထိုက်ချေ။ စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾၏ ရှရီအသ်သည် ၎င်း၏အချိန်အခါသမယက "အစ္စလာမ်" ဘာသာပင်ဖြစ်ပါသည်။ စိုက်ယိဒိနာ မူစာ﴿عليه السلام﴾ ၏ အချိန်အခါသမယရောက်လာသောအခါ အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ ရှရီအသ်ပါ ဥပဒေစည်းမျဉ်းသည် ပယ်ဖျက်ပြီးဖြစ်သောကြောင့် "အစ္စလာမ်" အဖြစ် မတည်ရှိတော့ပါ။ ထိုနည်းတူစွာ စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ ၏ လက်ထက်တွင် တမန်တော် မိုးဇက်၏

စည်းမျဉ်းဥပဒေများသည် ပယ်ဖျက်ပြီးဖြစ်သောကြောင့် "အစ္စလာမ်"ဟု မခေါ်တွင်ပါ။ ထိုနည်းနှင်နှင် တမန်တော်များတို့၏ နောက်ဆုံးတမန်တော်မြတ်ﷺ လက်ထက်တွင် ယခင်ဘာသာတရားများတို့၏ ဥပဒေများနှင့် အမိန့်ပညတ်ချက်များတို့သည် ပယ်ဖျက်ပြီးဖြစ်သောကြောင့် ယင်းတို့သည် "အစ္စလာမ်" အဖြစ် တရားဝင်မတည်ရှိနိုင်တော့ပေ။ ထို့ကြောင့် ဤစကားလုံး၏ ယေဘုယျဖြစ်စေ၊ သီးသန့်ဖြစ်စေ မည်သည့်အဓိပ္ပာယ်ကိုပင် ကောက်ယူစေကာမူ ကုရ်အာန်ကျမ်းတော်မြတ်က ဦးတည်ပြောကြားသော အစ္စလာမ်သည် အခြားမဖြစ်နိုင်ပါ။ တမန်တော်မြတ်ﷺ ပွင့်တော်မူပြီးသည့်နောက်တွင် အစ္စလာမ်ဟု ခေါ်ဆိုထိုက်သော တစ်ခုတည်းသော ဘာသာတရားသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် လိုက်လျောညီထွေပြီး၊ ဝဟီများကို လက်ခံရယူသောကိုယ်တော်၏ သင်ကြားပြသမှုနှင့် ကိုက်ညီသော ဘာသာတရားသာလျှင် အလ္လာဟ်အရှင် လက်ခံတော်မူသော ဘာသာတရားဖြစ်သောကြောင့်တည်း။ မည်သည့် ဘာသာတရားကိုမျှ အလ္လာဟ်အရှင် လက်ခံတော်မမူသောကြောင့် ယင်းဘာသာတရားသည် နောင်တမလွန်တွင် ကယ်တင်ခံရခြင်း၏ အရင်းအမြစ်လည်း မဖြစ်နိုင်ပါ။ ဤအကြောင်းနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များတွင် သီးခြားစီရှိပါသည်။ ထိုကဲ့သို့သော အာယသ်တော် (၃း၈၅)

وَمَنْ يَّبْتَغِ غَيْرَ الْاِسْلَامِ دِيْنًا فَلَنْ يُّقْبَلَ مِنْهُ ဆိုလိုသည်မှာ မည်သူမဆို အစ္စလာမ်ဘာသာမှအပ အခြားဘာသာတစ်ခုကို သက်ဝင်ယုံကြည်ပါက ထိုသူထံမှ (ယင်းဘာသာ၏ အဆိုအမိန့်အတိုင်း လုပ်ဆောင်မှုများသည် အချည်းအနှီးဖြစ်ပါလိမ့်မည်) မည်သည့်အရာမျှ လက်ခံလိမ့်မည် မဟုတ်။

ကျွန်ုပ်တို့၏ အချိန်အခါ၌ နောင်တမလွန်တွင် ကယ်တင်ခံရခြင်းသည် အစ္စလာမ်ဘာသာအပေါ်တွင်မူတည်သည်။ မုစ်လင်မ်မဟုတ်သူတစ်ဦး၏ ကောင်းမှုများနှင့် ကိုယ်ကျင့်တရားများသည် လက်ခံနိုင်ဖွယ်ရာ မရှိ။

အစ္စလာမ်သာသနာတော်က ဟောကြားသော သည်းခံခြင်းတရားကို အခြေခံ၍ တူညီသည်ဟု သတ်မှတ်ကာ ဘာသာမဲ့များ၏ အစ္စလာမ်သာသနာနှင့် မယုံကြည်သွေဖည်မှုတို့ကို တစ်တန်းတစ်စားတည်းဖြစ်အောင် ကြိုးပမ်းမှုတို့၏ အရင်းအမြစ်ကို ဤအာယသ်တော်များက အထင်အရှားထိုးနှက်ထားပါသည်။ ထိုကဲ့သို့ တစ်တန်းတစ်စားတည်းဖြစ်သွားပါက ကမ္ဘာပေါ်ရှိ ယုံကြည်ကိုးကွယ်မှုအားလုံးဖြစ်သော ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ နေလမီးစသည်တို့ကို ကိုးကွယ်သည့်ဘာသာတို့သော်မှ နောင်တမလွန်တွင် ကယ်တယ်ခံရခြင်း၏ အရင်းအမြစ်ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏နောက်လိုက်တို့သည် ကောင်းမှုကုသိုလ်လုပ်ခြင်းနှင့် ကောင်းမွန်သောကိုယ်ကျင့်တရားကို စောင့်ထိန်းသောကြောင့်ဖြစ်သည်။ ဤသည်မှာ တကယ်တန်းဆိုလျှင် အစ္စလာမ်သာသနာ၏ မူတစ်ခုကို ဖျက်ဆီးပစ်ရန်နှင့် အစ္စလာမ်ဘာသာသည် မည်သည့်အနှစ်သာရမျှ မရှိကြောင်း သက်သေပြရန် ပရိယာယ်ဆင်ထားသော ကြိုးပမ်းမှုဖြစ်ပါသည်။ ထိုကဲ့သို့ တစ်တန်းတစ်စားတည်း ထားခြင်းသည် ရှင်းလင်းပြီး စိတ်ကူးယဉ်ဆန်ကာ တစ်စုံတစ်ဦးသည် မည်သည့်ဘာသာကိုပင် သက်ဝင်ယုံကြည်ပါစေ "ကုဖုရ်"မယုံကြည်သွေဖည်ခြင်း ဖြစ်လျှင်သော်မှ အံဝင်ဂွင်ကျဖြစ်စေရန် ပုံသွင်းရယူနိုင်ပါသည်။ ဤနေရာတွင် ဖော်ပြထားသော အာယသ်တော်အချို့နှင့် အခြားသောနေရာများတွင် ဖော်ပြထားသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များက ရှင်းလင်းစွာဖြင့် အလေးအနက်မိန့်ကြားထားသည်မှာ အမှောင်နှင့်အလင်းသည် မည်သည့်အခါမျှ

မတူညီနိုင်ပါ။ အလားတူစွာ အလ္လာဟ်အရှင်မြတ်သည် နာခံခြင်းနှင့်ရိုကျိုးခြင်းကို နှစ်သက်တော်မူသကဲ့သို့ ထိုအရှင်အား မနာခံခြင်းနှင့် ပုန်ကန်ခြင်းကိုလည်း ကြိုက်နှစ်သက်မည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ တစ်စုံတစ်ဦးသည် ပုံမှန်ကိုယ်ကျင့်တရားရှိပြီး သူ၏လုပ်ရပ်များတို့သည် မည်မျှပင် အထင်ကြီးဖွယ်ရာဖြစ်ပါစေ အကယ်၍ အစွလာမ် ဘာသာ၏ အခြေခံမူတစ်ခုကိုပင် ငြင်းပယ်ပါက သူသည် အလ္လာဟ်အရှင်မြတ်အား ပုန်ကန်သူအဖြစ်နှင့် အလ္လာဟ် အရှင်မြတ်၏ တမန်တော်များ၏ ရန်သူဖြစ်သွားသည်မှာ အနည်းငယ်မျှ သံသယဖြစ်ဖွယ်ရာ မရှိပေ။ နောင် တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းသည် ပထမဦးစွာဖြင့် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်၏ တမန်တော်အား နာခံခြင်းပေါ်တွင် မူတည်ပါသည်။ မည်သူမဆို ထိုကဲ့သို့ နာခံခြင်းကင်းမဲ့ပါက သူ၏မည်သည့်လုပ်ရပ်ကိုမျှ လက်ခံနိုင်မည်မဟုတ်ပါ။ ထိုကဲ့သို့သောသူများအတွက် ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ-

فَلاَ نُقِيمُ لَهُمْ يَوْمَ الْقِيَامَـةِ وَزْنًا

"သို့ဖြစ်ပေရာ ငါအရှင်မြတ်သည်လည်း ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် မည်သည့်အလေးချိန်ကိုမျှပင် ၎င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည်မဟုတ်ပေ။" (၁၈း၁၀၅) ဟူ၍ဖြစ်သည်။

အာယသ်တော်(၁၉) وَمَااخْتَلَفَ الَّذِيْنَ اُوْتُوا الْكِتَابَ اِلَّا مِنْ م بَعْدِ مَاجَآءَ هُمُ الْعِلْمُ بَغْيًام بَيْنَهُمْ တွင် "အလ္လာဟ်အရှင်မြတ်ထံတော်၌ (နှစ်မြို့တော်မူပြီးဖြစ်သော) "ဒီန်" သာသနာမှာမူကား အစွလာမ် သာသနာပင်တည်း" ဟု ကြေညာပြီးနောက် ကုရ်အာန်အာယသ်တော်က အဘယ်ကြောင့်ကျမ်းရသူများသည် တမန်တော်မြတ် ﷺ တမန်တော် ဖြစ်ခြင်းကို ငြင်းခုံရခြင်းနှင့် အစွလာမ်သာသနာသည် မှားယွင်းသည်ဟု အန်တုပြောဆိုမှုအား ရှင်းလင်း ပြောဆိုထားသည်။ ထိုသူများတို့သည် ဤကိစ္စရပ်များ၏ မှန်ကန်ချက်ကို ယင်းတို့၏ ကျမ်းစာများမှ တစ်ဆင့် သိရှိထားသောကြောင့် သံသယမရှိပါ။ သို့ရာတွင် သူတို့ငြင်းခုံအန်တုရခြင်းမှာ မုစ်လင်မ်များအား အလျှော့ပေးရမည်ကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။ မုစ်လင်မ်များအပေါ် သူတို့၏ မနာလိုဝန်တိုမှု၊ အာဏာနှင့် လွှမ်းမိုးမှုအပေါ် မြတ်နိုးမှုနှင့် သူတို့သည် ရှေးရိုးစဉ်လာ ခေါင်းဆောင်များဖြစ်သည်ဟူသော ပလ္လားမှုတို့က ဤပဋိပက္ခများ ဖြစ်စေပါသည်။

နောက်ဆုံးတွင် အာယသ်တော်က မိန့်ကြားထားသည်မှာ -

وَمَنْ يَّكْفُرْبِاٰيَاتِ اللهِ فَاِنَّ اللهَ سَرِيْعُ الْحِسَابُ

သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းပယ်ပါမူ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် "လျှင်မြန်စွာ" စစ်ဆေးစောကြောတော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူသတည်း" ဟူ၍ ဖြစ်သည်။ ဤ "လျှင်မြန်စွာ" စစ်ဆေးခြင်းကို အသေအချာစဉ်းစားကြည့်၍ ရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် သေဆုံးပြီးလျှင် "ဗရ်ဇခ်" သို့ ရောက်သွားကာ ထိုနေရာ၌ပင် စစ်ဆေးခြင်းစတင်ပါသည်။ သို့ရာတွင် တစ်စုံတစ်ဦး၏ လုပ်ရပ်များအပေါ် အသေးစိတ်စာရင်း စစ်ဆေးခြင်းသည် တရားစီရမည့်နေ့၌ ပြုလုပ်ပါလိမ့်မည်။ ထိုအချိန်တွင် သူသည် သူ၏လုပ်ရပ်များအတွက် အသေးစိတ်တင်ပြရပေမည်။ ထို့နောက် အမှန်တရားကို ငြင်းဆန်တတ်သည့် ဝါသနာသည်လည်း ဖော်ထုတ်ပြီးသား ဖြစ်ပေလိမ့်မည်။ အမှန်တရားကို ငြင်းပယ်သူများ၏ တန်ဘိုးသည်လည်း ပေါ်လွင်ထင်ရှားလာပြီး ထိုငြင်းပယ်မှုကြောင့် ကျခံရမည့် ပြစ်ဒဏ်သည်လည်း သူတို့သိရှိရလိမ့်မည်။

အာယသ် (၂၀)

فَإِنْ حَآجُّوكَ فَقُلْ أَسْلَمْتُ
وَجْهِيَ لِلَّهِ وَمَنِ اتَّبَعَنِ ۗ وَقُل لِّلَّذِينَ أُوتُوا الْكِتَٰبَ
وَالْأُمِّيِّـۧنَ ءَأَسْلَمْتُمْ ۚ فَإِنْ أَسْلَمُوا۟ فَقَدِ ٱهْتَدَوا۟ ۖ وَإِن
تَوَلَّوْا۟ فَإِنَّمَا عَلَيْكَ ٱلْبَلَٰغُ ۗ وَٱللَّهُ بَصِيرٌۢ بِٱلْعِبَادِ ﴿٢٠﴾

(အစ္စလာမ်သာသနာတော်သည် မှန်ကန်သော သာသနာဖြစ်၍ အလ္လာဟ်အရှင်မြတ် သဘောတူနှစ်ခြိုက်တော်မူသော သာသနာဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်ပါလျက်နှင့်ပင်) တစ်ဖန် ယင်းသူတို့သည် အသင်နှင့် အခြေအတင် ပြောဆိုငြင်းခုံကြပါမူ အသင်က(ယင်းသူတို့အား) (ဟယ်အချင်းတို့) အကျွန်ုပ်သည် မိမိမျက်နှာကို အလ္လာဟ်အရှင်မြတ် (အမိန့်တော်ကိုနာခံခြင်းအားဖြင့် ထိုအရှင်မြတ်) ဘက်သို့သာလျှင် လှည့်ပြီးဖြစ်ချေပြီ။ ထိုနည်းတူစွာ အကျွန်ုပ်၏ နောက်လိုက်များသည်လည်း (မိမိတို့၏မျက်နှာများကို အရှင်မြတ်ဘက်သို့ သာလျှင် လှည့်ကြချေပြီ။)ဟု ပြောကြားပါလေ။ ထိုမှတစ်ပါးတုံ အသင်သည် ကျမ်းဂန် (သောင်ရသ်နှင့် အင်န်ဂျီလ်)ကို ရရှိပြီးဖြစ်သောသူတို့ကိုလည်းကောင်း၊ စာပေမတတ် အသိပညာကင်းမဲ့သော (အရဗ်မုရှ်ရိစ်က်)တို့ကိုလည်းကောင်း၊ (ဟယ်အချင်းတို့) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်ကို နာခံသော မုစ်လင်မ်များဖြစ်ကြပါသလောဟု မေးမြန်းပါလေ။ တစ်ဖန် အကယ်၍သာ ယင်းသူတို့သည် အမိန့်တော်ကို နာခံသော မုစ်လင်မ်များ ဖြစ်ကြပါလျှင် ယင်းသူတို့သည်လည်း တရားလမ်းမှန်ကို ရရှိကြလတ္တံ့။ သို့ရာတွင် အကယ်၍ ယင်းသူတို့သည် (အစ္စလာမ်သာသနာတော်ကို) မျက်နှာလွှဲရှောင် ကျောခိုင်း၍သွားကြပါလျှင် အသင့်အပေါ်ဝယ် (အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်များကို ဟောကြားပို့ဆောင်ရုံမျှသာ တာဝန်ရှိပေသည်။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ) ၏ ကျေးကျွန်များကို ခွဲခြား၍ သိမြင်တော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၃း၂၀)

စူရဟ်သည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိတော်မူကြောင်း အတည်ပြုချက်နှင့် သုံးပါးတစ်ဆူ အယူဝါဒကို မမှန်ကန်ကြောင်း ငြင်းဆိုချက်တို့ဖြင့် အစပြုခဲ့ပါသည်။ အာယသ်တော်ထဲတွင် အစ္စလာမ်ဘာသာ၏ စစ်မှန်ကြောင်းကို ဒွိဟသံသယမရှိစေဘဲ အပြီးပြတ် သက်သေပြပြီးငြားသော်လည်း ကျမ်းရသူများထဲမှ မယုံ

ကြည်သွေဖည်သူများနှင့် ငြင်းပယ်သူများတို့၏ တစိုက်မတ်မတ် ငြင်းခုံချက်များကို ဖြေကြားထားပါသည်။ မလိုလားအပ်ဘဲနှင့် စဉ်ဆက်မပြတ် ငြင်းခုံချက်များနှင့် ပတ်သက်၍ အကြံပြုထားသည်မှာ ငြင်းခုံသူများ၏ အစွလာမ်ဘာသာကို လက်ခံခြင်းကိုဖြစ်စေ၊ ငြင်းပယ်ခြင်းကိုဖြစ်စေ၊ အစွလာမ်ဘာသာ သက်ဝင်ယုံကြည်သူတစ်ဦးအတွက် ဘာမျှအသုံးမကျချေ။ ထိုသက်ဝင်ယုံကြည်သူက ရိုးရိုးကြေညာရန်မှာ “သူနှင့် အခြားသူတို့သည် အစွလာမ်ဘာသာ၏ စစ်မှန်မှုအပေါ်၌ သံသယမရှိသောကြောင့် အစွလာမ်ဘာသာသို့ သက်ဝင်သွားကြပြီ” ဟူ၍သာ ဖြစ်သည်။ တမန်တော်မြတ်ﷺ အားကျမ်းရသူများဖြစ်သော ယဟူဒီ၊ နဆွာရာနီများနှင့် အာရေဗီးယားရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများကို အလ္လာဟ်အရှင်မြတ်ဘက်တော်သို့လှည့်၍ အလ္လာဟ်အရှင်မြတ်ကိုရိုကျိုးကာ အစွလာမ်ဘာသာသို့ဝင်ရန် ဖိတ်ခေါ်မှုပြုရန်အတွက် တာဝန်ကို အပ်နှင်းထားပါသည်။ ထိုကဲ့သို့ပြုလုပ်ခဲ့ပါက သူတို့အတွက် ကောင်းရာကောင်းကျိုးများဖြစ်ထွန်းကာ လမ်းမှန်ပေါ်သို့ ရောက်ရှိကြပါလိမ့်မည်။ အကယ်၍ ထိုသူတို့သည် သူတို့၏ ရန်လိုသော သဘောထားကို ဆက်လက်စွဲကိုင်ထားပါလျှင် တမန်တော်မြတ်ကြီး၏ တာဝန်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနှင့် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို ပို့ဆောင်ရန်သာ တာဝန်ရှိကြောင်း ဤနေရာတွင် တမန်တော်မြတ်ﷺ အား နှစ်သိမ့်ထားပါသည်။ သတင်းစကားကို သူတို့ရရှိဟန်မတူပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လက်ခံရမည့်စား ငြင်းပယ်ခဲ့သောကြောင့် ထိုကိစ္စကို တမန်တော်မြတ်ﷺ ပူပင်သောက မရောက်သင့်ပါ။

အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကျေးကျွန်များ၏ လုပ်ရပ်တို့ကို ခွဲခြားသိမြင်တော်မူသောကြောင့် ထိုကိစ္စကို အလ္လာဟ်အရှင်မြတ်၏ လုပ်နည်းတော်အတိုင်း တာဝန်ယူပါလိမ့်မည်။

VVVVVVVVVV

အာယသ် (၂၁-၂၂)

إِنَّ
الَّذِينَ يَكْفُرُونَ بِآيَاتِ اللَّهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ
حَقٍّ ۙ وَيَقْتُلُونَ الَّذِينَ يَأْمُرُونَ بِالْقِسْطِ مِنَ النَّاسِ ۙ
فَبَشِّرْهُمْ بِعَذَابٍ أَلِيمٍ ﴿٢١﴾ أُولَٰئِكَ الَّذِينَ حَبِطَتْ
أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ ۖ وَمَا لَهُمْ مِنْ نَاصِرِينَ ﴿٢٢﴾

ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို မနာယူ ငြင်းဆန်ပယ်ရှားကြကုန်၏။ ထို့ပြင်တစ်ဝ ယင်းသူတို့သည် နဗီတမန်တော်များကို သတ်ဖြတ်ခွင့်မရှိဘဲလျက် (တရားမဲ့) သတ်ဖြတ်ကြကုန်၏။ ထိုနည်းတူစွာ ယင်းသူတို့သည် လူသားတို့အနက်မှ တရားမျှတစွာ ပြုလုပ်ကြရန် ညွှန်ကြားသူတို့ကိုလည်း သတ်ဖြတ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် ယင်းကဲ့သို့သော သူတို့အား အလွန်နာကျင်ဖွယ်ရာဖြစ်သော အပြစ်ဒဏ် (ခံကြရမည့်အကြောင်း) သတင်းကောင်း ကြေညာပါလေ။ (၃း၂၁)

ဤသူများသည် အကြင်သူများပင်တည်း။ ယင်းသူတို့ ဆည်းပူးခဲ့သမျှသော (ကောင်းမှု) တို့သည် ဤပစ္စုပ္ပန်ဘဝ၌(၎င်း) နောင်တမလွန်ဘဝ၌(၎င်း) အချည်းနှီး အကျိုးမဲ့ဖြစ်ချေပြီ။ ထို့ပြင်တစ်ဝ ယင်းသူတို့ကို (အလ္လာဟ်အရှင်မြတ်၏) အပြစ်ဒဏ်တော်မှ လွတ်မြောက်စေရန် ကယ်ဆယ်စောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ချေ။ (၃း၂၂)

စူရဟ်၏ အစောပိုင်းတွင် အာယသ်တော်၏စာသားများသည် များသောအားဖြင့် နဆွာရာနီများကို ဦးတည်ခဲ့ပါသည်။ အာယသ်တော် (၂၀) တွင် ပါရှိသော "ကျမ်းရသူများ" ဟူသည် ခရစ်ယာန်များနှင့် ဂျူးများ ပါနှစ်ဦးစလုံး ပါဝင်ပါသည်။ ယခု အာယသ်တော်များဖြစ်သော (၂၁-၂၂) တွင် ဂျူးများ၏ မူမမှန်သော လုပ်ရပ်အချို့ကို တင်ပြထားပါသည်။ ရူဟုလ်မအာနီကျမ်းတွင် ဤအာယသ်တော်အကြောင်း အကျယ်ဖွင့်ရာ၌ အိဗ်နိအဗီဟာသင် ဆင့်ပြန်ခဲ့သော တမန်တော်မြတ်ﷺ ဟဒီးဆ်တစ်ပုဒ်ကို တင်ပြထားသည်။ ဤအာယသ်တော်ကို ရှင်းပြစဉ်တွင် ဗနီအစ္စရာအီလ် မျိုးနွယ်စုတို့က တစ်ချိန်တည်းမှာပင် တမန်တော်လေးဆယ့်သုံးပါးကို သတ်ဖြတ်ခဲ့ကြောင်း ကျမ်းရှင်က တင်ပြထားပါသည်။ တစ်ရာ့ခုနှစ်ဆယ်မျှသော ဘုရား၊ တရားကိုင်းရှိုင်းသော သက်ကြီးရွယ်အိုများက တရားမျှတမှုကို စောင့်ထိမ်းရန် ပြောကြားခဲ့သောအခါ ၎င်းတို့သည် ထိုနေ့မှာပင် သက်ကြီးရွယ်အိုများကို သတ်ဖြတ်ခဲ့ပါသည်။ **(ဘယာန္နလ်ကုရ်အာန်)**

အာယသ်တော်(၂၁) ပါ "ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို မနာယူ ငြင်းဆန်သူ"ဟူသည် "အင်နဂျီလ်"ကျမ်းနှင့် "ကုရ်အာန်ကျမ်းတော်မြတ်"ကို မယုံကြည်သော ဂျူးများကို ရည်ညွှန်းပါသည်။ "ထို့ပြင်တစ်ဝ ယင်းသူတို့သည် နဗီတမန်တော်များကို သတ်ဖြတ်ခွင့် မရှိဘဲလျက် (တရားမဲ့) သတ်ဖြတ်ကြကုန်၏။" ဟူသည်မှာ တရားမျှတမှုမရှိမှုနှင့် ၎င်းတို့လုပ်ဆောင်သည်ဟု ဆိုလိုပါသည်။ "လူသားတို့အနက်မှ တရားမျှတစွာ ပြုလုပ်ရန် ညွှန်ကြားသူတို့" ဟူသည် လုပ်ရပ်များနှင့် ကိုယ်ကျင့်တရားတို့တွင် အလယ်အလတ်ကျစေရန် သင်ကြားပြသသူများ ဖြစ်ကြပါသည်။

အာယသ် (၂၂) က မိန့်ကြားသည် ၎င်းတို့၏ ကြောက်ခမန်းလိလိ လုပ်ရပ်များတို့အတွက်ကြောင့် ၎င်းတို့ကောင်းမှုကုသိုလ်များသည် ပစ္စုပ္ပန်နှင့် နောင်တမလွန်ဘဝအတွက်ပါ အချည်းနှီးဖြစ်သွားပါသည်။ ၎င်းနောက် ထိုသူများအား အပြစ်ဒဏ် ခတ်သောအခါတွင် ယင်းတို့အား ကူမည့်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း တွေ့ရှိပါလိမ့်မည်။

အာယသ် (၂၃-၂၅)

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ يُدْعَوْنَ اِلٰى كِتٰبِ
اللّٰهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلّٰى فَرِيْقٌ مِّنْهُمْ وَهُمْ مُّعْرِضُوْنَ ﴿٢٣﴾
ذٰلِكَ بِاَنَّهُمْ قَالُوْا لَنْ تَمَسَّنَا النَّارُ اِلَّاۤ اَيَّامًا مَّعْدُوْدٰتٍ ۖ وَّغَرَّهُمْ
فِيْ دِيْنِهِمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٢٤﴾ فَكَيْفَ اِذَا جَمَعْنٰهُمْ لِيَوْمٍ لَّا
رَيْبَ فِيْهِ ۗ وَوُفِّيَتْ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ ﴿٢٥﴾

(အိုး-နဗီ) ကျမ်းဂန်များအနက်မှ တစ်စိတ်တစ်ဒေသ ချီးမြှင့်ခြင်းခံရသော အကြင်သူတို့ (၏အဖြစ်) ကို အသင်စဉ်းစားဆင်ခြင် မိပါသလော။ ထိုသူတို့သည် ၎င်းတို့၏ စပ်ကြားဝယ်အချင်းချင်း (အငြင်းပွားလျက်ရှိသော ပြဿနာကို) စီရင်ဆုံးဖြတ်ပေးရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်(၏ အဆုံးအဖြတ်) ကို ခံယူကြရန် ဖိတ်ခေါ်ခြင်းခံကြရလေသည်။ (သို့ဖိတ်ခေါ်ခြင်းခံကြရသည့်) နောက်တွင် ယင်းသူတို့အနက် (အကြီးအကဲဖြစ်သော) လူတစ်စုသည် သွေဖည်ကျောခိုင်း၍ သွားကြလေသည်။ အမှန်သော်ကား ထိုသူများသည် (အမြဲတစေ) မျက်နှာလွှဲဖယ် သူများပင် ဖြစ်ကြကုန်သတည်း။ (၃း၂၃)

ဤ (ကဲ့သို့ တရားဒေသနာတော်များကို သွေဖည်ကျော်ခိုင်းဝံ့ခြင်း အကြောင်း) မှာကား ထိုသူတို့က ငရဲမီးသည် ငါတို့အား ရေတွက်ထားသော နေ့ရက် (အနည်းငယ်)မှအပ အလျင်းထိရောက်မည်မဟုတ်ဟု (ယုံကြည်) ပြောဆို နေခြင်းကြောင့်ပင်တည်း။ စင်စစ်သော်ကား ၎င်းတို့အား ၎င်းတို့၏ သာသနာ ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် လိမ်ဆယ်လုပ်ကြံ ဖန်တီးထား သော အချက်များကပင် လှည့်ပတ်ဖြားယောင်းထားလေသည်။ (၃း၂၄)

သို့ရာတွင် "ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင် ငါအရှင်မြတ်သည် ထို သူတို့အား စုရုံးစေတော်မူသည့်အခါ (ထိုသူတို့၏ အဖြစ်သည်) မည်သို့ ဖြစ်အံ့နည်း။ ထိုရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ ဒွိဟသံသယ အလျင်းမရှိ။ (ထိုနေ့သည်ကား မုချဆိုက်ရောက်လာမည်ဖြစ် သည်) ထို့ပြင် (ထိုနေ့တွင်) လူတိုင်းလူတိုင်းသည် မိမိတို့ပြုလုပ်ဆည်းပူးခဲ့သော (ကောင်းမှု၊ မကောင်းမှု တို့၏ အကျိုးအပြစ်ကို) အပြည့်အစုံပေးခြင်း ခံကြရလတ္တံ့။ ထိုသူတို့သည် (အကျိုးအပြစ်ပေးခြင်းခံကြရာ၌) မတရားပြုလုပ်ခြင်းကို အလျဉ်းခံကြရ မည်လည်း မဟုတ်ချေ။ (၃း၂၅)

အာယသ်တော် ၂၁-၂၂ တွင် ဂျူးများ၏ အကြောင်းများကို မိန့်ကြားထားသကဲ့သို့ လက်ရှိအာယသ် တော်များထဲတွင်လည်း ၎င်းတို့တိကျခိုင်မာစွာပြောဆိုသည့် ကိစ္စတစ်ရပ်နှင့်ပတ်သက်၍ ပြစ်တင်ဆုံးမထားသည်။ ဦးတည်ပြောဆိုခြင်း ခံရသူသည် တမန်တော်မြတ်ﷺဖြစ်ပြီး ဦးတည်ချက်သည် ဂျူးများအား ချပေးထားတော် မူသော သောင်ရသ်ကျမ်းပင် ဖြစ်သည်။ အကယ်၍သာ ဂျူးများသည် လမ်းညွှန်မှုကို အမှန်တကယ်ရှာဖွေခဲ့ပါ လျှင် ထိုကျမ်းထဲတွင် သူတို့အတွက် ပြည့်စုံလုံလောက်စွာ တွေ့ရှိပါလိမ့်မည်။ သို့ရာတွင် သူတို့သည် အလေးမမူ ဂရုမပြုကြပါ။ သူတို့က ပြောကြားသည်မှာ ဂျဟန္နမ်၌ အပြစ်ပေးခြင်းခံရလျှင်လည်း ရက်အနည်းငယ်မျှလောက် သာဖြစ်ပြီး ထို့နောက် သူတို့သည် ခွင့်လွှတ်ခြင်းခံကြရလိမ့်မည်ဟု သူတို့ထင်မှတ်ကြသည်။ ဤအကြောင်းအရာ နှင့် ပတ်သက်၍ မိန့်ကြားထားသည်မှာ ဤအယူအဆသည် လိမ်လည်မှုတစ်ရပ်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် မိမိတို့ကိုယ် မိမိတို့ တမန်တော်များ၏ မျိုးနွယ်ဆက်များ ဖြစ်သည်။ ထို့ကြောင့် ဂျဟန္နမ်၌ အပြစ် ပေးခံရခြင်းမှ လွတ်ကင်းနိုင်သည်ဟု မိမိကိုယ်မိမိ လိမ်လည်လှည့်စား ထင်မှတ်ထားသောကြောင့် ဖြစ်သည်။ ဂျူးများသည် နွားငယ်အား ရက်ပေါင်းလေးဆယ် ကိုးကွယ်ခဲ့သောကြောင့် အကယ်၍ အပြစ်ဒဏ်ကျရောက်မည် ဆိုလျှင်လည်း ထိုရက်ပိုင်းလောက်ဖြစ်မည်ဟု မိမိကိုယ်မိမိ ရောင့်ရဲတင်းတိမ်နေကြသည်။

VVVVVVVVVV

အာယသ် (၂၆-၂၇)

قُلِ اللّٰهُمَّ مٰلِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَنْ تَشَآءُ وَتَنْزِعُ الْمُلْكَ
مِمَّنْ تَشَآءُ وَتُعِزُّ مَنْ تَشَآءُ وَتُذِلُّ مَنْ تَشَآءُ بِيَدِكَ الْخَيْرُ ؕ
اِنَّكَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۲۶﴾ تُوْلِجُ الَّيْلَ فِي النَّهَارِ وَتُوْلِجُ النَّهَارَ
فِي الَّيْلِ ۫ وَتُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَتُخْرِجُ الْمَيِّتَ مِنَ الْحَيِّ ۫
وَتَرْزُقُ مَنْ تَشَآءُ بِغَيْرِ حِسَابٍ ﴿۲۷﴾

(အိုး-နဗီ) အသင်သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထားပန်ကြားပါလေ။ အာဏာတန်ခိုးအမျိုးမျိုးကို စိုးပိုင်တော်မူသော အိုအလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား တန်ခိုးအာဏာကို ပေးသနားတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ထံမှ ဩဇာအာဏာကို ပြန်လည်ရုပ်သိမ်းတော်မူ၏။ ထိုနည်းပမာ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူကို ဂုဏ်အင်ဒြပ်ချီးမြှင့်တော်မူ၏။ ထိုနည်းအတိုင်းပင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို ဂုဏ်အင်ဒြပ်နှိမ့်ချ ယုတ်လျော့စေတော်မူ၏။ ကောင်းမြတ်ခြင်းအဖြာဖြာတို့သည် အရှင်မြတ်၏ လက်တော်၌သာလျှင်ရှိ၏။ မုချကောန် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင်တည်း။ (၃း၂၆)

အရှင်မြတ်သည် (အချို့ဥတုရာသီလ၌) ညဥ့် (၏အစိတ်အပိုင်း) ကို နေ့၏အတွင်း၌ ထည့်သွင်းတော်မူလေသည်။ ထိုနည်းတူစွာ (အချို့ရာသီဥတု၌) နေ့ (၏အစိတ်အပိုင်း)ကို ညဥ့်၏အတွင်း၌ ထည့်သွင်းတော်မူလေသည်။ ထိုပြင် အရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်တော်မူ၏။ ထိုနည်းပမာ သက်ရှိမှ သက်မဲ့ကို ထုတ်တော်မူ၏။ ထိုမှတစ်ပါးတံု အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား အသချေ် အသချ်ာ အရေအတွက်မရှိ ရိကွာပေးသနားတော်မူ၏။ (၃း၂၇)

ဤအာယသ်တော်များထဲတွင် မုစ်လင်မ်အား သီးသန့်ဒုအာ ဆုမွန်တောင်းဆိုနည်းတစ်ခုကို သင်ကြားပြသကာ၊ အမြဲတစေ ပြုလုပ်ရန် လှုံ့ဆော်တိုက်တွန်းထားသည်။ ယင်းဒုအာတောင်းဆုတော်ထဲတွင် မုစ်လင်မ်များသည် မယုံကြည်သွေဖည်သူများအား အောင်နိုင်လိမ့်မည်ကို နူးညံ့သိမ်မွေ့သောနည်းလမ်းဖြင့် ဖော်ညွှန်းထား

ပါသည်။ ဤအာယသ်တော်များကျရောက်ခြင်း၏ နောက်ခံသမိုင်းတွင် အောင်နိုင်မှုအတွက် သက်သေပြချက်များရှိပါသည်။ တမန်တော်မြတ်ﷺက ဗိုင်ဇန်တိုင်းနှင့် ပါရှားတို့ကို သိမ်းပိုက်မည်ဟု ကတိကဝတ်ပြုသောအခါ ဂျူးများနှင့် အရေခြံများက ပြက်ရယ်ပြုခဲ့ကြပါသည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်သည် **(အလ်ဝဟီဒီကျမ်းပါ အိဗ်နိအပွားစ်နှင့် အနားစ်ﷺတို့ ဆင့်ပြန်ချက်ကို ရူဟုလ်မအာနီကျမ်းတွင် ဖော်ပြထားသည်။)**

အကျယ်ဖွင့်ဆိုချက်

ဝဟီကျရောက်ခြင်း၏ နောက်ခံသမိုင်း

ခန်ဒတ်စစ်ပွဲမှ အဖြစ်အပျက်တစ်ခု

မက္ကာမြို့တော်ရှိ မယ်ကြည်သွေဖည်သူတို့သည် ဗဒ်ရ်နှင့် အုဟုဒ်စစ်ပွဲတို့တွင် ဆင့်ကာဆင့်ကာရှုံးနိမ့်မှုနှင့် မုစ်လင်မ်များအပေါ်တွင် ရန်လိုခြင်းကြောင့် မယ်မယ်ရရ အကျိုးအမြတ်မရရှိခြင်း နှစ်ခုတို့နှင့်အတူ မုစ်လင်မ်များ အင်အားကြီးထွားလာမှုနှင့် အစ္စလာမ်ဘာသာ ထွန်းကားလာမှုတို့ ပေါင်းစပ်လိုက်သောအခါ ၎င်းတို့သည် ဆောက်တည်ရာမရလောက်အောင်ပင် စိုးရိမ်သောက ဖြစ်လာကြသည်။ ထိုအကြောင်းအရာများအားလုံးတို့သည် မကောင်းမှုကိစ္စရပ်တစ်ခုကို ပူးပေါင်းကြံစည် လုပ်ဆောင်ရန် ဖြစ်သွားစေခဲ့ပါသည်။ အာရေးဗီးယားရှိ မယုံကြည်သွေဖည်သူများဖြစ်ကြသော ခရစ်ယာန်များနှင့် ဂျူးတို့ ပူးပေါင်း၍ မုစ်လင်မ်များအတွက် စစ်မျက်နှာတစ်ခုဖွင့်ကာ မဒီနဟ်မြို့တော်အား စီးနင်းတိုက်ခိုက်၍ အပြီးအပြတ် စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ မုစ်လင်မ်များနှင့် အစ္စလာမ်ဘာသာအား သုတ်သင်ရှင်းလင်းရန် သိန်းဋ္ဌာန်ချကာ သူတို့ ဤကဲ့သို့ ဆောင်ရွက်ခဲ့ကြသည်။

ဤစစ်ပွဲကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ်အဟ်ဇာဗ် စစ်ပွဲဟုခေါ်တွင်ပါသည်။ သမိုင်းတွင် ဤစစ်ပွဲကို 'ခန်းဒတ်' ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည်ဆွဟာဗဟ်များနှင့် တိုင်ပင်ကာ စစ်ပွဲအတွင်း ရန်သူများ၏ အတားအဆီးမရှိ တိုက်ခိုက်ခြင်းမှ ကာကွယ်ရန် မဒီနဟ်ဒေသအချို့တွင် "ခန်းဒတ်" ခေါ် တူးမြောင်းများ တူးရန် ဆုံးဖြတ်ခဲ့ပါသည်။

အလ်ဗိုင်ဟာကီကျမ်းပါ အဗူနအီးမ်နှင့် အိဗ်နိခုဇိုင်မဟ်တို့၏ ဆင့်ပြန်ချက်အရဆိုလျှင် အစ္စလာမ်တပ်မတော်အား တူးမြောင်းတူးရန်ဟူသော တာဝန်ကိုအပ်နှင်းခဲ့သောအခါ စီစဉ်ထားပုံမှာ လူလေးဆယ်ယောက်က လက်တစ်ဆန့် အကွာအဝေးကို လူဆယ်ယောက်စုက တူးရန်ဖြစ်သည်။ ဤတူးမြောင်းသည် မိုင်ပေါင်းများစွာရှည်လျားကာ အတော်အသင့်လည်းနက်၍ ကျယ်ဝန်းပါသည်။ သို့မှသာ ရန်သူသည် ဖြတ်သန်းမရနိုင်ပါ။ ထို့နောက်တူးဖော်ခြင်းကိုလည်း ဖြစ်နိုင်သမျှ အချိန်တိုအတွင်း ပြီးမြောက်ရန်ဖြစ်သည့်အတွက် ဆွဟာဗဟ်တို့သည် သူတို့၏ အရေးတကြီးလိုအပ်ချက်များကို ဆောင်ရွက်ရန်အတွက် အနားယူကာ အလုပ်မှစွန့်ခွာရန်ကိုပင် မဖြစ်နိုင်လောက်အောင် ခက်ခဲစေပါသည်။ ဆွဟာဗဟ်ကြီးများတို့သည် ရသမျှအချိန်နှင့် ရှိသမျှခွန်အားတို့ကို ဤလုပ်ငန်းအတွက် မြှုပ်နှံလိုက်ကြပါသည်။ သူတို့သည် အဆာခံကာ မနားတမ်းလုပ်ဆောင်ကြသည်။ခေတ်မီကရိယာများရှိသော ယခုခေတ်အင်ဂျင်နီယာတပ်အတွက်ဆိုလျှင် ဤကဲ့သို့သောအလုပ်ကို လုပ်ဆောင်ရန် လွယ်ကူသည်မှာ

သေချာပါသည်။ ဤနေရာတွင်မူ ဤကဲ့သို့သော ခက်ခဲသောလုပ်ရပ်တစ်ခုကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်သည်မှာ အီမန်ယုံကြည်ချက်၏ အစွမ်းပင်ဖြစ်သည်။

တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဤကတုပ်ကျင်းတူးခြင်းကိစ္စ၌ အများတကာကဲ့သို့ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ပါသည်။ ကတုပ်ကျင်းတစ်နေရာ၌ တူးနေသောသူများသည် ကြီးမားသောကျောက်တုံးကြီးတစ်တုံး ခံနေသည်ကို ကံအားလျော်စွာတွေ့ရပါသည်။ ထိုကတုပ်ကျင်းတူးရာ တာဝန်ကျသူများသည် ခံနေသောကျောက်တုံးအားခွဲရန် အစွမ်းကုန်ကြိုးစားသော်လည်း မတတ်နိုင်ဘဲရှိကာ လက်လျှော့ခဲ့ကြသည်။ ထိုသူများက စိုက်ယိဒိနာစလ်မာန်ဖာရစီ﴿رضي الله عنه﴾ သခင်အား တမန်တော်မြတ်﴿ﷺ﴾ သခင်ထံသွား၍ ဤကိစ္စနှင့်ပတ်သက်၍ ပြောကြားကာ အကြံဉာဏ်တောင်းစေပါသည်။ တမန်တော်မြတ်﴿ﷺ﴾ သည် ချက်ချင်းထိုနေရာသို့ သွားရောက်ကာ ပေါက်ချွန်းကိုယူ၍ ကျောက်တုံးအား ရိုက်ခွဲခဲ့သည်။ ကျောက်တုံးမှာ အစိတ်စိတ်အမွှာမွှာကွဲ၍ အလင်းရောင်တန်းတစ်ခုထွက်လာခဲ့သည်။ ထိုအလင်းရောင်မှာ ထိုနေရာတွင်သာမက အဝေးဆီသို့ပင် လင်းဝင်းသွားပါသည်။ တမန်တော်မြတ်ကြီးက ဤအလင်းရောင်ကြောင့် ပါရှားနိုင်ငံဟီရာတွင်ရှိသော နန်းတော်များနှင့် အဆောက်အဦများကို ကျွန်ုပ်မြင်တွေ့နေရသည်ဟု မိန့်ကြားတော်မူခဲ့သည်။ တဖန်ထပ်မံ၍ ပေါက်ချွန်းနှင့်ပေါက်လိုက်ရာ ဒုတိယအကြိမ် အလင်းတန်းတစ်ခု ထွက်လာပါသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က ဤအလင်းရောင်ကြောင့် ကျွန်ုပ်သည် ဗိုင်ဇန်တိုင်းနိုင်ငံရှိ အနီရောင် အဆောက်အဦများကို မြင်တွေ့လိုက်ရပါသည်ဟု မိန့်ကြားခဲ့သည်။ တတိယအကြိမ် ပေါက်ချွန်းနှင့်ပေါက်လိုက်ရာတွင် မီးတန်းသည် ပတ်ဝန်းကျင်အား လင်းဝင်းသွားစေခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က ဤအလင်းရောင်ကြောင့် ယီမင်နိုင်ငံရှိ ဆာနာနန်းတော်ကြီးကို မြင်တွေ့ခဲ့ရသည်ဟု မိန့်ကြားခဲ့သည်။

ထို့နောက် တမန်တော်မြတ်﴿ﷺ﴾ သခင်က ဤနိုင်ငံများကို ကျွန်ုပ်၏မုစ်လင်မ်အုမ္မသ်ထုက အောင်နိုင်လိမ့်မည်ဟု ဂျိဗရာအီလ်﴿عليه السلام﴾ ကောင်းကင်တမန်ပေးသော သတင်းကောင်းကို ငါကိုယ်တော်သည် သင်တို့နှင့်အတူ မျှဝေခံစားရသည်ဟု မိန့်ကြားခဲ့သည်။

မဒီနဟ်မြို့ရှိ အရေခြုံများသည် ဤအကြောင်းကို ကြားသိသောအခါ မုစ်လင်မ်များအား ပြက်ရယ်ပြုရန် အချက်ရသွားခဲ့သည်။ ထိုသူတို့က မုစ်လင်များသည် ရန်သူကိုကြောက်၍ စားရကောင်းမသိ၊ နားရမှန်းမသိဘဲ ကတုပ်ကျင်းတူးကာ မိမိအသက်ကို လုံခြုံပါမည်လားဟု မသေချာသူများက ပါးရှား၊ ဗိုင်ဇန်တိုင်းနှင့် ယီမင်တို့ကိုပင် အောင်နိုင်မည်ဟု စိတ်ကူးယဉ်နေကြသည်ဟု ပြက်ရယ်ပြုကြသည်။ မျှတမှုမရှိသောသူများအတွက် အလ္လာဟ်အရှင်မြတ်သည် အောက်ပါအာယသ်တော်ကို ပို့ချတော်မူခဲ့သည်။ ယင်းမှာ -

قُلِ اللّٰهُمَّ مَالِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَنْ تَشَآءُ وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَآءُ وَتُعِزُّ مَنْ تَشَآءُ وَتُذِلُّ مَنْ تَشَآءُ بِيَدِكَ الْخَيْرُ ؕ اِنَّكَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ.

“အို(နဗီ) အသင်သည် (အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤသို့) လျှောက်ထားပန်ကြားပါလေ။ အာဏာတန်ခိုးအမျိုးမျိုးကို စိုးပိုင်တော်မူသော အိုအလ္လာဟ်အရှင်မြတ် အရှင်မြတ်သည် မိမိနှစ်လိုတော်

မူသောသူအား တန်ခိုးအာဏာကို ပေးသနားတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် မိမိအလိုတော်ရှိတော်မူသောသူ၏ထံမှ ဩဇာအာဏာကို ပြန်လည်ရုပ်သိမ်းတော်မူ၏။ ထိုနည်းပမာ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူကို ဂုဏ်ဒြပ်ချီးမြှင့်တော်မူ၏။ ထိုနည်းအတိုင်းပင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို ဂုဏ်ဒြပ်နှိမ့်ချ ယုတ်လျော့စေတော်မူ၏။ ကောင်းမြတ်ခြင်း အဖြာဖြာတို့သည် အလွှာဟ်အရှင်မြတ်၏ လက်တော်၌သာလျှင်ရှိ၏။ မုချဧကန် ကိုယ်တော်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင်တည်း။ (၃း၂၆)

တောင်းဆုတော်အသွင်ဆောင်သော ဤအာယသ်တော်သည် အာဝိဇ္ဇနိုးရွှင်စွာဖြင့် တိုင်းပြည်များ တိုးတက်ကြီးပွာလာပုံ၊ တိုင်းပြည်များ ဆုတ်ယုတ်လာပုံနှင့် တိုင်းပြည်များတွင် နိုင်ငံရေးများကြောင့် မငြိမ်မသက်ဖြစ်စေခြင်း အသွင်ဖြင့် အလွှာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးအာဏာကို အာရုံစူးစိုက်စေပါသည်။ တစ်ချိန်တည်းမှ ထိုအာယသ်တော်ကဗိုင်ဇန်တိုင်းနှင့် ပါးရှားတို့သည် မုစ်လင်မ်များ လက်ဝယ်ကျရောက်လိမ့်မည်ဟူသော တမန်တော်မြတ်ﷺ သခင်၏ ကြိုတင်မိန့်ကြားချက် မှန်ကန်လိမ့်မည်ဟူသည်ကို ညွှန်းဆိုထားပါသည်။ ဤနေရာ၌ အစွလာမ်ရန်သူများအား လွန်လေပြီးသော တန်ခိုးအာဏာကြီးထွားခဲ့သူများလည်း အောင်မြင်ခြင်း၊ ကျဆုံးခြင်းမှ သင်ခန်းစာကို ၎င်းတို့မယူခဲ့ကြောင်း သတိပေးထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရုပ်ဝတ္ထုရူထောင့်မှသာ ထိုအဖြစ်အပျက်များနှင့် ပုဂ္ဂိုလ်ရေးကို ကြည့်ခဲ့သောကြောင့် ဖြစ်သည်။ အမှန်မှာ ကမ္ဘာပေါ်ရှိ အုပ်ချုပ်မှုအပေါင်းနှင့် တန်ခိုးအာဏာအလုံးစုံတို့သည် အလွှာဟ်အရှင်မြတ် လက်တွင်သာ တည်ရှိသည်။ ထိုအရှင်ထံတွင်သာ ဂုဏ်အသရေရှိခြင်း၊ ယုတ်လျော့ခြင်း တည်ရှိသည်။ ထိုအရှင်မြတ်သည် ဘုရင်များ ဧကရာဇ်များထံမှ တန်ခိုးအာဏာသိမ်းယူ၍ ဆင်းရဲနုံချာအောက်ကျို့သူကို သလွန် ပေါ်တင်စေနိုင်သည်မှာ ယုံမှားသံသယမရှိချေ။ သို့ဆိုပါလျှင် ဤကတုပ်ကျင်းတူးသူ နုံချာလှသော အီမာန်ရှင် များအား ဆီးရီးယား၊ ပါရှား၊ အီရတ်နှင့် ယီမင်တို့ကို အုပ်စိုးစေရန် ရွေးချယ်ရသည်မှာ ခက်ခဲပါမည်လော။

ဆိုးရွားမည်ဟု ယူဆထားသည်များသည် အဆုံးစွန်တွင်ကား ထင်သလောက် မဆိုးရွားချေ။

အာယသ်တော်အဆုံးတွင် "ကောင်းမြတ်ခြင်း အဖြာဖြာတို့သည် အလွှာဟ်အရှင်မြတ်လက်တော်၌သာလျှင်ရှိသည်ဟု" အဓိပ္ပါယ်သက်ရောက်သော **بِيَدِكَ الْخَيْرُ** အသုံးအနှုန်းကို အနည်းငယ် ရှင်းလင်းပြရန်လိုပါသည်။ အာယသ်တော်အစပိုင်းတွင် တန်ခိုးအာဏာပေးခြင်းနှင့် ရုပ်သိမ်းခြင်း၊ ဂုဏ်သရေရှိစေခြင်းနှင့် ဂုဏ်သအရေယုတ်လျော့စေခြင်းတို့ကို ယှဉ်တွဲ၍ ဖော်ပြထားခဲ့သည်ကို သတိမူခဲ့ကြပါလိမ့်မည်။ အကယ်၍ **شَرًّا** "ရှုရ်ရန်" (မကောင်း) နှင့် **خَيْرًا** "ခိုင်းရ်"(အကောင်း) တို့ကို ယှဉ်တွဲပြခဲ့လျှင် အထက်ပါပုံစံနှင့် ကိုက်ညီပါလိမ့်မည်။ သို့သော်လည်း မူရင်းစာသားတွင် "ခိုင်းရ်" (အကောင်း) ဟူသော စကားလုံးသာ သုံးနှုန်းထားပါသည်။ ထိုသို့သုံးနှုန်းခြင်းသည် လူသားကိစ္စရပ်များတွင် စစ်မှန်၍ ပေါ်လွင်ထင်ရှားသော တစ်စုံတစ်ရာကို ညွှန်ပြခြင်း ဖြစ်သည်။ မှတ်သား သင့်သည့်အချက်မှာ လူတစ်ဦးဖြစ်စေ၊ လူတစ်စုဖြစ်စေသည့် တစ်စုံတစ်ရာအား လက်မခံသင့်ဟု မှတ်ယူခဲ့လျှင် ထိုအရာသည် ထိုသူတစ်ဦး (သို့) အုပ်စုအတွက်ကား ဟုတ်ကောင်းဟုတ်နိုင်ပါသည်။ သို့သော်လည်း

လူအဖွဲ့ အစည်းတစ်ရပ်လုံးနှင့် ခြံကြည့်လျှင် ထင်သလောက် မဆိုးချေ။ အရှင်ကဗျာဆရာကြီး မုတ်နဗီဂ တိုတိုနှင့် လိုရင်းရေးထားသည်မှာ -

مَصَائِبُ قَوْمٍ عِنْدَ قَوْمٍ فَوَائِدُ

"အုပ်စုတစ်ခု၏ ကံဆိုးမိုးမှောင်ကျရောက်မှုများသည် အခြားအုပ်စုအတွက် အကျိုးအမြတ်များ ဖြစ်သည်။"

အတိုချုပ်ရသော် အရာဝတ္ထုများ၏ မကောင်းခြင်းဟု ကျွန်ုပ်တို့ထင်မှတ်သော အရာများတွင် ထို မကောင်းခြင်းဆိုသည်မှာ တစ်စိတ်တစ်ဒေသ သဘောသာလျှင်ဖြစ်သည်။ စကြဝဠာတွင်းရှိ အားလုံး၏ဖန်ဆင်းရှင်နှင့် အထက်ပါအချက် ဆက်နွယ်မှုရှုထောင့်မှကြည့်လျှင်သော် လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကျွန်ုပ်တို့၏ အတွေ့အကြုံရကြည့်လျှင်သော်လည်းကောင်း၊ မည်သည့်မကောင်း သည့်အရာမျှ ထင်သလောက် မဆိုးချေ။ ထို့ကြောင့် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းခြင်း၏ တန်ခိုးတော်နှင့် တွေးတောကြံဆခြင်းများကပေးသော အသိဉာဏ်အမြော်အမြင်အရ ခြံကြည့်လျှင် အားလုံးကောင်းသည်။ထို့ကြောင့် အာယသ်တော်က ခိုင်းရှုပူသော စကားလုံးဖြင့် မိန့်ကြားခြင်းသည်ပင် လုံလောက်သည်ဟု မှတ်ယူရသည်။

ဒုတိယ အာယသ်ဖြစ်သော အာယသ်တော် (၂၇) သည် အာကာသနှင့် ဂြိုလ်နက္ခတ်တာရာများကို အလွှာတ်အရှင်မြတ်က ထိန်းချုပ်ထားကြောင်း ဖော်ပြထားသည်။ ထို့ပြင်အရှင်မြတ်၏ အမိန့်တော်နှင့် ဆန့်တော်အရ ညများကို နေ့ထက်ရှည်စေရန်နှင့် နေ့များကို ညထက်ရှည်စေရန် လနှင့်နေကို တာဝန်ပေးထားသည်။

ထိုသို့ ဖော်ပြထားပြီးနောက် အလွှာတ်အရှင်မြတ်၏ အနှိုင်းမဲ့ တန်ခိုးတော်ကို ဖော်ပြထားသည်။ ယင်းတို့မှာ သက်မဲ့မှ သက်ရှိဖြစ်ပေါ်စေခြင်း၊ ပမာအားဖြင့် ကြက်ဥမှ ကြက်ငယ်ဖြစ်လာခြင်း၊ သုတ်ပိုးမှ ကလေးငယ်ဖြစ်ပေါ်လာခြင်း၊ သစ်စေ့မှ သစ်ပင်တစ်ပင် ပေါက်လာခြင်းတို့ဖြစ်သည်။ သက်ရှိမှ သက်မဲ့ဖြစ်ပေါ်စေခြင်း ပမာအားဖြင့် ငှက်များနှင့် တိရစ္ဆာန်များမှ ဥ,ဥစေခြင်း၊ လူသားမှ သုတ်ပိုးဖြစ်စေခြင်း (သို့) သစ်ပင်များမှ သစ်သီးဝလံဖြစ်ပေါ်စေခြင်းနှင့် ကောက်ပင်များမှ အစေ့အဆံများ ထွက်စေခြင်းတို့ ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် သက်ရှိနှင့်သက်မဲ့ဟူသော စကားလုံးကို ကျယ်ပြန့်ပြီး ယေဘုယျကျသော အဓိပ္ပာယ်ကောက်ယူမည်ဆိုလျှင် ယင်းကောက်ယူချက်၌ ပညာရှိသူ၊ ပညာမဲ့သူ၊ ပြည့်စုံသူ၊ မပြည့်စုံသူ၊ ယုံကြည်သူ မယုံကြည်သူ (မုစ်လင်မ်နှင့် ကာဖိရ်) တို့သည်လည်း အကျုံးဝင်သွားပေသည်။ ဤသည်က အလွှာတ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်သည် ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ ဖြစ်ရပ်များအားလုံးအပေါ်၌ အကြွင်းမဲ့ထိန်းချုပ်တော်မူသည်ကို ပြသနေသည်။ ထို့ကြောင့် အရှင်မြတ်သည် ကာဖိရ်တစ်ဦးမှ မုစ်လင်မ်တစ်ဦးအဖြစ် လည်းကောင်း၊ ခေါင်းမာသည့် မယုံကြည်သွေဖည်ငြင်းပယ်သူကို ပြီးပြည့်စုံသော ယုံကြည်သူတစ်ဦးအဖြစ် လည်းကောင်း၊ ပညာမဲ့တစ်ဦးအား ပညာရှိတစ်ဦးအဖြစ်လည်းကောင်း၊ အရှင်မြတ်အလိုတော်အရ ပြုလုပ်နိုင်ပေသည်။ ထို့ပြင် အရှင်မြတ်အလိုတော်ရှိလျှင် ယုံကြည်သူတစ်ဦးအား မယုံကြည်သွေဖည်ငြင်းပယ်သူအဖြစ် လည်းကောင်း၊ ကျေးတောသားတစ်ဦးအား ပညာရှင်တစ်ဦးအဖြစ်လည်းကောင်း ဖြစ်စေနိုင်သည်။ အလွှာတ် အရှင်မြတ်သည် အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်အား ရုပ်တုကိုးကွယ်သူများထဲမှ ဆွဲထုတ်ယူခဲ့ပါသည်။ အလွှာတ်

အရှင်မြတ်သည် တမန်တော်နူးဟ်﴿عليه السلام﴾ သခင်၏ သားတော်အား မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးအဖြစ် ချန်လှပ်ထားခဲ့ပါသည်။ ထူးခြားသော်လည်း မှန်ကန်သည်မှာကား အာလင်မ်ပညာရှင်တစ်ဦး၏ သားမှာ ပညာမတတ်သူတစ်ဦးဖြစ်နိုင်သကဲ့သို့ စာပေမတတ်ကျွမ်းသူတစ်ဦး၏သားသည် ပညာရှင်တစ်ဦး ဖြစ်နိုင်လေသည်။

အာကာသမှသည် လူသားနှလုံးသားတိုင် စကြဝဠာတွင် သူ့အစီအစဉ်နှင့်သူ ဖြစ်စေခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အပြည့်စုံဆုံးသော တန်ခိုးတော်ဖြစ်၍ ယင်းကို ထိမိစွာဖော်ထုတ်ပြထားခြင်းအား ခွဲခြမ်းစိတ်ဖြာလေ့လာကာ ကြည့်ရှုသူတစ်ဦးအနေဖြင့် သတိမမူဘဲ မနေနိုင်ချေ။

အာယသ်တော်၏ ထူးမြတ်မှု

အိမာမ်အလ်ဗဂါဝီက တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဟဒီးဆ်တော်တစ်ရပ်ကို ဆင့်ပြန်ခဲ့သည်။ ယင်းတွင် တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားထားသည်မှာ "မည်သူမဆို ဆွလာသ်ဝတ်ပြုဆောက်တည်မှုပြီးနောက် စူရဟ် အလ်ဖာသိဟဟ်၊ အာယသုလ်ကုရ်စီ၊ စူရဟ်အာလိအင်မ်ရာမ်မှ အာယသ်နှစ်ပုဒ်ဖြစ်သည့် (بِغَيْرِ حِسَابٍ)မှ(قُلِ اللّٰهُمَّ مَالِكَ الْمُلْكِ)(၃း၁၈)နှင့်လက်ရှိအာယသ်တော်(شَهِدَ اللّٰهُ اَنَّهٗ لَآ اِلٰهَ اِلَّا هُوَ)ထိ (၃း၂၆-၂၇) ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့လျှင် အလ္လာဟ်အရှင် မြတ်သည် ထိုသူအား ဂျန္နသ်သုခဘုံ၏ မြင့်မြတ်သောအဆောင်တွင်ထားကာ တစ်နေ့လျှင် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်မဟာကရုဏာတော်ပေါင်း (၇၀) နေ့စဉ်ချပေး၍၊ ၎င်းသူ၏ လိုအပ်ချက် (၇၀)ကို ဖြည့်ဆည်းပေးတော်မူ မည်။ ထို့ပြင် မနာလိုဝန်တိုသူနှင့် ရန်သူများ၏ ရန်မှလည်း ကာကွယ်ပေးတော်မူ၍ ၎င်းတို့အပေါ်တွင် အောင်နိုင်လိမ့်မည်ဟု အလ္လာဟ်အရှင်မြတ်က ကတိတော်ပေးထားသည်။

VVVVVVVVVV

အာယသ် (၂၈-၃၀)

لَا يَتَّخِذِ الْمُؤْمِنُوْنَ
الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۚ وَمَنْ يَّفْعَلْ
ذٰلِكَ فَلَيْسَ مِنَ اللّٰهِ فِيْ شَيْءٍ اِلَّآ اَنْ تَتَّقُوْا مِنْهُمْ تُقٰىةً ؕ
وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ؕ وَاِلَى اللّٰهِ الْمَصِيْرُ ﴿۲۸﴾ قُلْ اِنْ
تُخْفُوْا مَا فِيْ صُدُوْرِكُمْ اَوْ تُبْدُوْهُ يَعْلَمْهُ اللّٰهُ ؕ وَيَعْلَمُ مَا
فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۲۹﴾
يَوْمَ تَجِدُ كُلُّ نَفْسٍ مَّا عَمِلَتْ مِنْ خَيْرٍ مُّحْضَرًا ۚ وَّمَا عَمِلَتْ مِنْ
سُوْٓءٍ ۚ تَوَدُّ لَوْ اَنَّ بَيْنَهَا وَبَيْنَهٗٓ اَمَدًا بَعِيْدًا ؕ وَيُحَذِّرُكُمُ اللّٰهُ
نَفْسَهٗ ؕ وَاللّٰهُ رَءُوْفٌۢ بِالْعِبَادِ ﴿۳۰﴾

ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြကုန်သော မုအ်မင်န်တို့သည်မုအ်မင်န်များကို ပစ်ပယ်ကျော်လွန်၍ (အလ္လာဟ်အရှင်မြတ်အား) သွေဖည်ငြင်းပယ်ကြကုန်သော ကာဖိရ်တို့ကို အဆွေခင်ပွန်းအဖြစ် မပြုအပ်ကြပေ။ အကြင်မည်သူမဆို ယင်းသို့ပြုအံ့၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့်စပ်လျဉ်း၍ အဘယ်တစ်စုံတစ်ခုနှင့်မျှ မပတ်သက်တော့ချေ။ သို့ရာတွင် အသင်တို့သည် ထို(ကာဖိရ်) တို့၏ ဘေးရန်မှ စိုးရိမ်ကြောင့်ကြ(၍ မိမိတို့ကိုယ်ကိုကာကွယ်လိုကြသောအခါ၌မူ အခြေအနေရ ပြုလုပ်နိုင်ကြ) ပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိအားကြောက်ရွံ့ရန် အသင်တို့ကို ခြိမ်းခြောက်တော်မူသည်။ ထို့ပြင် နောက်ဆုံးပြန်လည်ရန်ဌာနသည် အလ္လာဟ်အရှင်မြတ်အထံ တော်၌သာလျှင် ဖြစ်ပေသတည်း။ (၃း၂၈)

(အို-နဗီတမန်တော်) အသင်ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့သည် မိမိတို့၏ရင်တွင်းဝယ်ရှိသော အကြံအစည်များကို ထိမ်ချန်လျှို့ဝှက်ဖုံးအုပ်ထားကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုအကြံအစည်များကို ထင်ရှားစွာ ထုတ်ဖော်ကြသည်ဖြစ်စေ (မည်သို့ပင်ဖြစ်စေကာမူ) အလ္လာဟ်အရှင်မြတ်သည် ထိုအကြံအစည်များကို သိရှိတော်မူလေသည်။ ထိုမျှမကသေးချေ၊ ထိုအရှင်မြတ်သည် အာကာသကောင်းကင်ဘုံများ၌ လည်းကောင်း၊

ပထဝီမြေပြင်၌လည်းကောင်း၊ ရှိရှိသမျှ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေသည်။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်တော်မူပေသတည်း။ (၃း၂၉)

အကြင်နေ့၌ လူတိုင်းလူတိုင်းသည် မိမိပြုလုပ်ခဲ့သမျှသော ကောင်းမှုသုစရိုက်များကိုလည်းကောင်း၊ မိမိတို့ပြုလုပ်ခဲ့သမျှသော မကောင်းမှုဒုစရိုက်များကိုလည်းကောင်း (မိမိတို့) ရှေ့မှောက်တွင် အဆင်သင့်တွေ့ရှိကြရလတ္တံ့။ ထိုအခါ ယင်းသူတို့သည် (မိမိတို့ပြုကျင့်ခဲ့သော ဒုစရိုက်များကို မမြင်လိုကြသဖြင့်) "အကယ်၍သာ ယင်းသူတို့နှင့် ထိုနေ့၏စပ်ကြားဝယ် ကမ်းလှမ်းဝေးကွာလှသော ခရီးစခန်းများရှိနေပါလျှင် ကောင်းလေစွတကား" ဟု တောင်းတကြကုန်အံ့။ တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် မိမိ(၏)အပြစ်ဒဏ်တော်) ကို (ကြောက်ရွံ့စေရန်) အသင်တို့အား သတိပေးနှိုးဆော်တော်မူသည်။ အကြောင်းတစ်မူကား အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်များကို အလွန် သနားညှာတာတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၃း၃၀)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများအား အဆွေခင်ပွန်းအဖြစ် မပြုကြရန် မုစ်လင်မ်များအား ညွှန်ကြားထားခဲ့ပါသည်။ ဤညွှန်ကြားချက်ကို မလိုက်နာသူများအား ပြင်းပြင်းထန်ထန် သတိပေးခဲ့ပါသည်။ ထိုကဲ့သို့ မယုံကြည်သွေဖည်သူများအား အဆွေခင်ပွန်းပြုလုပ်သူများသည် အလ္လာဟ်အရှင်မြတ်၏ ချစ်ခင်မှုနှင့် ဆက်သွယ်မှုတို့ ဖြတ်တောက်ပြီးဖြစ်ပါလိမ့်မည်။ နှလုံးသားမှလာသော စိတ်လှုပ်ရှားဖွယ်ရာ အဆွေခင်ပွန်းဖွဲ့မှုကို လုံးဝညှဉ်းတားမြစ်၍ "ဟရာမ်" ဖြစ်သည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ပုံမှန်ဆက်ဆံရန် အဆင့်ရှိသည့် အဆွေခင်ပွန်းဖွဲ့မှုကို ခွင့်ပြုသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ သို့သော်လည်း ယင်းကိုပင် မလိုအပ်ဘဲ မလုပ်စေချင်ပါ။

ဤအကြောင်းအရာနှင့် ပတ်သက်သည်များကို အဓိပ္ပာယ်အမျိုးမျိုးတို့ဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် မိန့်ကြားထားပါသည်။ စူရဟ်အလ်မွမ်သဟိနဟ်တွင် မိန့်ကြားထားသည်မှာ -

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوا۟ عَدُوِّى وَعَدُوَّكُمْ أَوْلِيَآءَ تُلْقُونَ إِلَيْهِم بِٱلْمَوَدَّةِ

အို-'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့ (အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခြင်းငှာလည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးအံ့သောငှာလည်းကောင်း၊ ထွက်ခဲ့ကြသည်ဖြစ်မူ) အသင်တို့သည် ငါအရှင်မြတ်၏ ရန်သူများကိုလည်းကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း အဆွေခင်ပွန်းများ မပြုကြကုန်လင့်။ (၆၀း၁)

ထို့နောက် အာယသ်တော်ဆုံးကာနီးတွင် မိန့်ကြားထားသည်မှာ -

وَمَنْ يَّفْعَلْهُ مِنْكُمْ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ

"စင်စစ်သော်ကား၊ အသင်တို့အနက် မည်သူမဆို ယင်းလျှို့ဝှက်သတင်းပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ ထိုသူသည် ဧကန်မလွဲ ဖြောင့်မတ်သောလမ်းစဉ်မှ တိမ်းပါးလွဲချော်၍ သွားခဲ့လေပြီ။ (၆၀း၁)

အခြားတစ်နေရာတွင် ဖော်ပြထားသည်မှာ -

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الْيَهُوْدَ وَالنَّصٰرٰٓى اَوْلِيَآءَ ۘ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ
وَمَنْ يَّتَوَلَّهُمْ مِّنْكُمْ فَاِنَّهٗ مِنْهُمْ ؕ

အို-'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် ယဟူဒီတို့အားလည်းကောင်း၊ နဆွာရာနီတို့အားလည်းကောင်း၊ မိတ်သဟာအဆွေခင်ပွန်းများ မပြုကြကုန်လင့်။ ၎င်း (ယဟူဒီနှင့် နဆွာရာနီ) တို့သည် (အသင်တို့ကို ဆန့်ကျင်ရာတွင်)အချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီသော အဆွေခင်ပွန်းများပင် ဖြစ်ကြပေသည်။ အမှန်သော်ကား အသင်တို့အနက် မည်သူမဆို ထိုသူတို့အား "ကလျာဏ" အဆွေခင်ပွန်းပြုလုပ်သည်ရှိသော် ထိုသူသည် ဧကန်မုချ ၎င်းတို့တွင် (အပါအဝင်) ဖြစ်၏။ (၅း၅၁)

ထို့ပြင် စူရဟ် အလ်မုဂျဒလဟ်တွင် -

لَا تَجِدُ قَوْمًا يُّؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ يُوَآدُّوْنَ مَنْ حَآدَّ اللّٰهَ وَرَسُوْلَهٗ وَلَوْ
كَانُوْٓا اٰبَآءَهُمْ اَوْ اَبْنَآءَهُمْ اَوْ اِخْوَانَهُمْ اَوْ عَشِيْرَتَهُمْ ؕ

("အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ပမာမခန့်ပြုလုပ်သူတို့ကို ထိုသို့ပမာမခန့်ပြုကြသူတို့မှာ ၎င်းတို့၏ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ သားများပင်ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကိုများပင်ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ ချစ်ခင်မြတ်နိုးသည်ဟူ၍ကား အသင်တွေ့ရှိရမည် မဟုတ်ပေ။" (၅၈း၂၂)

မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဆက်ဆံရေးများ

အထက်ဖော်ပြပါ အာယသ်တော်များနှင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များစွာတို့တွင် မုစ်လင်မ်များအား မုစ်လင်မ်မဟုတ်သူများနှင့် **موالات** "မုဝါလာသ်" ပြုလုပ်ခြင်းကို ပြင်းပြင်းထန်ထန် ဟန့်တားခဲ့သည်။ **موالات** "မုဝါလာသ်" ဆိုသည်မှာ ချစ်ရေးချစ်ရာနှင့် အဆွေခင်ပွန်းဖြစ်မှုများအပေါ် အခြေခံထားသော

ဆက်ဆံရေးများကို ဆိုလိုပါသည်။ ဤရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များကိုကြည့်၍၊ ဥပဒေ၏ စစ်မှန်သော ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများကို သတိမမူမိသော မုစ်လင်မ်မဟုတ်သူများတို့သည် မုစ်လင်မ်ဘာသာ၌ သည်းခံခြင်း တရားမရှိဟုလည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်ဆံရေးမရှိဟုလည်းကောင်း သာမန်လောက ဝတ်ပင်မရှိဟုလည်းကောင်း တွေးစပြုလာကြသည်။

အခြားတစ်ဖက်တွင်မူ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသောအာယသ်တော်များ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်များ၊ ကျင့်သုံးခဲ့မှုများ၊ ဖြောင့်မတ်မှန်ကန်သော "ခုလဖာ" တို့နှင့် ကြည်ညိုလေးဖွယ်ရာ ကောင်းသော ဆွဟာဗဟ်သာဝကြီးများတို့၏ ကျင့်သုံးခဲ့သည်များတို့က၊ မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံ ရေးအတွက် သက်ဆိုင်သော အမိန့်ပညတ်ချက်များနှင့် မှန်ကန်သော လုပ်နည်းဟန်များကို ကြည့်ခြင်းဖြင့် ပေါ်လွင် ထင်ရှားစေပါသည်။ ယင်းကဲ့သို့သော အမိန့်ပညတ်ချက်များကို ကျင့်သုံးရာတွင် အခွင့်အရေးပေးခြင်းများ၊ စာနာ ရိုင်းပင်းမှုများ၊ ရက်ရောခြင်းများ၊ စာနာထောက်ထားခြင်းများနှင့် ပူပင်သောကထားရှိမှုများတို့ လုပ်ဆောင် ကျင့်သုံးစေခဲ့ပါသည်။ ယင်းလုပ်ရပ်များသည် ကမ္ဘာ့သမိုင်းတွင် နှိုင်းယှဉ်နိုင်ဖွယ်မရှိပါ။ ကွဲပြားသော လုပ်ဆောင် မှုများကို အပေါ်ယံအားဖြင့်ကြည့်လျှင် ၎င်းတို့တွင် တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်ရှိနေသည်ဟု ထင်မှတ်ယူ နိုင်ပါသည်။ သို့ရာတွင် ဤကဲ့သို့ထင်မှတ်ခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ စစ်မှန်သော သင်ကြားမှုများ ကို သာမန်ကာလျှံကာ လေ့လာခြင်းကြောင့်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤအကြောင်းရပ်နှင့် ပတ် သက်သော ကုရ်အာန်ကျမ်းတော်မြတ် နေရာအနှံ့အပြား၌ မိန့်ကြားထားသော အာယသ်တော်များကို တစ်ပေါင်း တစ်စည်းတည်း လေ့လာကြည့်ရှုခဲ့ပါလျှင် မုစ်လင်မ်မဟုတ်သူများ၊ စိတ်အနှောက်အယှက်ဖြစ်စေရန် အကြောင်း တစ်စုံတစ်ရာမရှိပါ။ ၎င်းပြင် ကျမ်းတော်မြတ်ပါ စာသားနှင့် ဟဒီးဆ်ဩဝါဒတော်တို့သည် တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်ဖြစ်သည်ဟု သံသယပွားဖွယ်ရာ အကြောင်းမရှိပါ။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်ဩဝါဒ တော်များကို ပြည့်ပြည့်ဝဝနားလည်ရန် လိုအပ်ချက်ကြောင့် အောက်တွင်ဤကိစ္စနှင့် ပတ်သက်၍ ပြည့်စုံစွာ ရှင်းလင်းတင်ပြထားပါသည်။ ယင်းတင်ပြချက်ကြောင့် အဆွေခင်ပွန်းဖြစ်ခြင်း အဖုံဖုံနှင့် ယင်း၏နောက်ကွယ်ရှိ စစ်မှန်ချက်ကို ကွဲပြားခြားနားစွာ သိရှိနားလည်လိမ့်မည်ဟု မျှော်လင့်ရသည်။ ထို့ပြင် အဆွေဖြစ်ခြင်း၏ ခွင့်ပြု သည့်အဆင့်၊ တားမြစ်ပိတ်ပင်သည့်အဆင့်နှင့် တားမြစ်ပိတ်ပင်သည့်အဆင့်တွင် အဘယ်ကြောင့် တားမြစ်သည် ဟူသည့်အကြောင်းပြချက်များကိုလည်း သိရှိနားလည်စေပါသည်။

အကြောင်းရင်း အမှန်မှာ အုပ်စု နှစ်စု (သို့) လူနှစ်ဦး၏ ဆက်ဆံရေးတွင် အဆင့်အမျိုးမျိုးရှိသော ကြောင့်ဖြစ်သည်။ ယင်းဆက်ဆံမှုတို့၏ ပထမအဆင့်သည် နှလုံးသားမှလာရှိပြီး ပြင်းထန်စွာစိတ်လှုပ်ရှားမှုနှင့် သက်ဆိုင်သော ချစ်ခင်ခြင်း စုံမက်ခြင်းတို့ ဖြစ်ပါသည်။ ဤကဲ့သို့သော ဆက်ဆံရေးကို **موالات** "မုဝါလသ်"(သို့) အနီးစပ်ဆုံး အဆွေခင်ပွန်းဖြစ်မှုဟု ခေါ်သည်။ ဤကဲ့သို့သော အဆွေခင်ပွန်းဖြစ်မှုကို စစ်မှန်သော မုစ်လင်မ်များ အား တားမြစ်ထားပါသည်။ မုစ်လင်မ်တစ်ဦးသည် မုစ်လင်မ်မဟုတ်သူတစ်ဦးနှင့် ဤကဲ့သို့ ဆက်ဆံခြင်းမျိုးကို ခွင့်မပြုပါ။

ဒုတိယအဆင့်သည် ...aSAoM "မုဝါဆာသ်"ဖြစ်၍ စာနာထောက်ထားမှု၊ ကြင်နာမှုတို့နှင့် အလေးထားမှု အပေါ် အခြေခံသော ထောက်ပံ့ပေးကမ်းကူညီခြင်း၊ ကရုဏာသက်ခြင်း၊ နှစ်သိမ့်အားပေးခြင်းနှင့် ကောင်းစေလို

သောဆန္ဒဖြင့် မည်သည့်ကောင်းသောလုပ်ရပ်မဆို ပါဝင်ကြသည်။ မုစ်လင်မ်များနှင့် စစ်ပြိုင်တိုက်ခိုက်နေသော မယုံ ကြည်သွေဖည်သူများမှအပ အခြားမုစ်လင်မ်မဟုတ်သူများအားလုံးနှင့် အထက်ပါဆက်ဆံရေးမျိုးကိုကား ခွင့်ပြု သည်။ ဤချဉ်းကပ်နည်း၏ အသေးစိတ်ရှင်းလင်းချက်မှာ စူရဟ်အလ်မွမ်သဟိနဟ်တွင် ဖော်ပြထားသည်။

لَا يَنْهٰكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ وَلَمْ يُخْرِجُوْكُمْ مِّنْ دِيَارِكُمْ اَنْ تَبَرُّوْهُمْ وَتُقْسِطُوْٓا اِلَيْهِمْ ۝

“အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည် မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား “ဒီန်” သာသနာနှင့် စပ်လျဉ်း၍ တိုက်ခိုက်ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ (၆၀း၈)

တတိယအဆင့်သည် **مدارات** “မုဒါရာသ်”ဟုခေါ်သည်။ ဓလေ့ထုံးတမ်းအရ ဖော်ရွေမှု၊ ယဉ်ကျေးမှုအရ လည်းကောင်း၊ နှစ်သက်ဖွယ်ရာ အပြုအမူအရလည်းကောင်း၊ သေသေသပ်သပ်ယဉ်ကျေးဖွယ်ရာ အပြုအမူအရ လည်းကောင်း၊ အခြေခံဆက်ဆံရေးကို ဆိုလိုသည်။ ဤအဆင့်တွင်လည်း မုစ်လင်မ်မဟုတ်သူများအားလုံးနှင့် ဆက်ဆံခွင့်ရှိသည်။ အထူးသဖြင့် အီမာန်ယုံကြည်မှုနှင့်ပတ်သက်၍ အကျိုးအမြတ်ဖြစ်စေသည်များကို တင်ပြရန် ရည်ရွယ်ခဲ့လျှင် သော်လည်းကောင်း၊ သူတို့သည် ဧည့်သည်ဖြစ်လျှင်သော်လည်းကောင်း၊ သူတို့ထံမှ အန္တရာယ် ပြုလာနိုင်ဖွယ်မှ ကာကွယ်ရန်အလို့ငှာလည်းကောင်း၊ ၎င်းတို့နှင့်ဆက်ဆံခွင့်ရှိသည်။ (**اِلَّآ اَنْ تَتَّقُوْا مِنْهُمْ تُقٰىةً**) ဆိုရာတွင် အသင်တို့သည် ထို(ကာဖိရ်) တို့၏ဘေးရန်မှ စိုးရိမ်ကြောင့်ကြ (၍ မိမိတို့ကိုယ်ကို ကာကွယ်လိုသော အခါ၌မူ အခြေအနေ အရ ပြုလုပ်နိုင်ကြ) ပေသည်။” ဟူသောစကားလုံးများက ဤအာယသ်တော်ထဲတွင် ဤတတိယအဆင့် မုဒါရာသ်ကို ဆိုလိုကြောင်း ပေါ်လွင်ထင်ရှားသည်။ တစ်နည်းဆိုရသော် မုဝါလသ် (သို့) မယုံကြည်သွေဖည် ငြင်းပယ်သူနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန်အလို့ငှာ အခြေအနေ ဖြစ်လာလျှင်မှအပ အခြားအချိန်တွင် ခွင့်မပြုချေ။ “မုဒါရသ်” (သို့)စာနာထောက်ထားသော ဆက်ဆံမှုများသည် “မုဝါလသ်” (သို့) အဆွေခင်ပွန်းဖွဲ့ခြင်း နှင့် တစ်နည်းနည်းတူလျှင် “မုဝါလသ်”အမျိုးအစားတွင် မပါတော့ချေ။ **(ဘယာန္ဝလ်ကုရ်အာန်)**

စတုတ္ထအဆင့်သည် **معاملات** “မုအာမလာသ်” (သို့)ဆက်ဆံရေးဖြစ်သည်။ ယင်းသည် စီးပွားရေးလုပ်ငန်း အလုပ် အကိုင် ခန့်ထားခြင်း၊ အခကြေးငွေ၊ စက်မှုလုပ်ငန်း၊ နည်းပညာဆိုင်ရာတွင်လည်းကောင်း၊ ဆက်ဆံရေးကို ဆိုလို သည်။ ယင်းသို့ဆက်ဆံရေးသည် မုစ်လင်မ်များကို ထိခိုက်စေသော ဆက်ဆံရေးမဟုတ်လျှင် မုစ်လင်မ်မဟုတ် သူများနှင့် ဆက်ဆံရေးကိုလည်း ခွင့်ပြုသည်။ တမန်တော်မြတ်ﷺ သခင်၊ ဖြောင့်မတ်မှန်ကန်သော ခုလာဖာ ဆွဟာဗာသာဝကကြီးများနှင့် အခြားသော ဆွဟာဗဟ်များ စဉ်ဆက်မပြတ် လုပ်ဆောင်ကျင့်သုံးခဲ့မှုများ ယင်းသို့ ဆက်ဆံနိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ ဤသည်အပေါ် အခြေခံ၍ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက မုစ်လင်မ်နှင့် စစ်ခင်းနေသော မယုံကြည်သွေဖည်ငြင်းပယ်သူများအား စစ်လက်နက်ပစ္စည်းရောင်းချခြင်းကို

တားမြစ်သည်။ သို့သော်လည်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဆက်နွယ်သော လုပ်ရပ်များကို ခွင့်ပြုသည်။ ယင်းမယုံကြည်သွေဖည်ငြင်းပယ်သူများအား အလုပ်ခန့်ထားခြင်း၊ ထိုသူတို့၏ စက်ရုံနှင့် အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းတို့ကိုလည်း ခွင့်ပြုလေသည်။

ပေါင်းချုပ်လိုက်လျှင် မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံသော အဆင့် (၄) ဆင့်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သိရသည်မှာ မုစ်လင်မ်တစ်ဦးသည် မုစ်လင်မ်မဟုတ်သူများနှင့် မည်သည့်အချိန်တွင်မဆို နီးနီးကပ်ကပ် ဆက်ဆံခြင်းကို ခွင့်မပြုပါ။ လူသားတစ်ဦးအနေဖြင့် အလေးထားကာ ကြင်နာသနားမှုအပေါ် အခြေခံ၍ ဆက်ဆံရေးကို ခွင့်ပြုသော်လည်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နေသူနှင့် ဆက်ဆံရေးကိုမူကား ခွင့်မပြုချေ။ ထိုနည်းတူ ယဉ်ကျေးမှုနှင့် ဖော်ရွေစွာဆက်ဆံမှုတွင်လည်း ဧည့်သည်တစ်ဦးကို ဧည့်ဝတ်ပြုရန်၊ မုစ်လင်မ်မဟုတ်သူအား အစွမ်းအဆုံးအမများကို ပြောကြားရန်လည်းကောင်း၊ အန္တရာယ်ပြုခြင်းနှင့် ထိခိုက်ခြင်းမှ ကာကွယ်ရန်အလို့ငှာလည်းကောင်း ဆက်ဆံရာတွင်မူ ခွင့်ပြုပေသည်။

စကြဝဠာတစ်ခုလုံး၏ ရဟ်မသ်ကရှဏာ သက်တော်မူသော ကိုယ်တော်မြတ်﴿ﷺ﴾ သည် မုစ်လင်မ်မဟုတ်သူများနှင့် မည်သို့ဆက်ဆံကျင့်သုံးခဲ့သည်ကို လေ့လာကြပါစို့။ ကိုယ်တော်မြတ်﴿ﷺ﴾ သခင်သည် မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံရာတွင် ကရုဏာသက်ခြင်း၊ ရက်ရောခြင်း၊ ယဉ်ကျေးခြင်းများဖြင့် ကမ္ဘာ့သမိုင်းတွင် ရှာတွေ့ရန် ခက်ခဲသော နမူနာပုံစံဖြင့် ဆက်ဆံကျင့်သုံး ပြသခဲ့သည်။ မက္ကာမြို့တော်၌ အငတ်ဘေးဆိုက်ရောက်သောအခါ မိမိအိုးအိမ်မှ ထွက်ခွာစေခဲ့သော ရန်သူ များကိုပင်လျှင် တမန်တော်မြတ်﴿ﷺ﴾ သခင်ကိုယ်တော်တိုင် သွားရောက်အကူအညီပေးခဲ့ပါသည်။ ထို့နောက် မက္ကာမြို့တော်အား အောင်နိုင်သည့်အချိန်ရောက်ခဲ့ပါသည်။ ဤရန်သူများအားလုံးသည် တမန်တော်မြတ် ﴿ﷺ﴾ သခင်၏ အာဏာနှင့် ထိန်းချုပ်မှုအောက်တွင် ကျဆင်းခဲ့ရသည်။ ထိုရန်သူများအားလုံးကို နှောင်ကြိုးမဲ့ လွှတ်လိုက်၍ (**لَا تَثْرِيبَ عَلَيْكُمُ الْيَوْمَ**) "ဤနေ့တွင် အသင်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်သာမက ယခင်က ကျွန်ုပ်တို့အပေါ် မတရားရက်စက်စွာ အုပ်စိုးခဲ့မှု အပေါ် အပြစ်မယူတော့ပါ"ဟု ဆိုလိုရင်းဖြစ်သည်။ မုစ်လင်မ်မဟုတ်သော စစ်သုံ့ပန်းများကို တမန်တော်မြတ်﴿ﷺ﴾ ရှေ့တော်မှောက်တင်သွင်းရာတွင် ၎င်းတို့ကို ဆက်ဆံရာတွင် ထိုသူများက မိမိတို့ သားသမီးများပေါ်တွင်ပင် မပြသနိုင်ခဲ့သော ကြင်နာမှုမျိုးဖြင့် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်က ဆက်ဆံခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်အား နာကြင်စေ၍ ထိခိုက်မှု အလုံးစုံလုပ်ခဲ့သော မယုံကြည်သွေ ဖည်ငြင်းပယ်သူများကို ကိုယ်တော်မြတ်သည် ထိုသူတို့ကို မကောင်းဖြစ်စေရန် ဆန္ဒပင်မရှိချေ။ ဗနူသွာကိဖ်မျိုးနွယ်မှ ကိုယ်စားလှယ်တစ်ဖွဲ့သည် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်ထံလာရောက် လည်ပတ်ခဲ့ရာ ထိုအချိန်က ယင်းလူမျိုးတို့သည် မုစ်လင်မ်မဖြစ်ခဲ့ကြသေးချေ။ မုစ်လင်မ်များအတွက် အထူးမြတ်ဆုံးသော နေရာဌာနတစ်ခုဖြစ်သည့် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဗလီဝတ် ကျောင်းတော်တွင် ၎င်းတို့အား နေထိုင်စေခြင်းဖြင့် ဂုဏ်ပေးခဲ့ပါသည်။

စိုက်ယိဒနာ အုမရ်﴿ﷺ﴾ သခင်ကြီးသည် မုစ်လင်မ်နိုင်ငံတွင် အခွန်ပေး၍နေသော ဆင်းရဲနွမ်းပါးသည့် မုစ်လင်မ်မဟုတ်သူ ဒီမ်မီးစ်ကို ထောက်ပံ့ကြေးငွေပေးခဲ့ပါသည်။ ဖြောင့်မတ်မှန်ကန်သည့် ခုလာဖာနှင့် ဆွဟာဗဟ်ကြီးများ၏ ကြီးကျယ်ခန်းနားသော ကျင့်သုံးသည့် စံနမူနာဖြင့် တစ်ကမ္ဘာလုံးကို ပြန့်နှံ့စေခဲ့ပါသည်။ ဤလုပ်ရပ်များအားလုံးသည် တစ်နည်းမဟုတ်တစ်နည်း "မုဝါဆာသ်" (အလေးထားမှု)တွင်လည်းကောင်း၊

"မုဒါရာသ်" (ဖော်ရွေမှု) တွင်လည်းကောင်း၊ "မုအာမလာသ်" (ဆက်ဆံရေး)တွင်လည်းကောင်း အကျုံးဝင်သည်။ တားမြစ်ထားသည့် "မုဝါလာသ်" (ရင်းရင်းနှီးနှီးဆက်ဆံရေး) နှင့် မသက်ဆိုင်ချေ။

အထက်ဖော်ပြပါ ရှင်းလင်းချက်များသည် အကြောင်းချင်းရာ(၂)ခုကို ရှင်းလင်းစေပါသည်။ ပထမ တစ်ခုမှာ မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံရာတွင် ဖြစ်နိုင်သမျှ သည်းခံခြင်း အလုံးစုံ၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် သူတစ်ပါးအား ကောင်းမှုပြုခြင်းတို့ကို သင်ကြားပြသပါသည်။ ဒုတိယတစ်ခုမှာကား မုစ်လင်မ်မဟုတ်သူများနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကို တားမြစ်သည့် အာယသ်တော်နှင့် ပတ်သက်၍ အပေါ်ယံ ဖီလာဆန့်ကျင်ဖြစ်သည်ဟု ထင်မှတ်ရသော အချက်ကို ပယ်ဖျက်ပြီးဖြစ်ပါသည်။

သို့သော်လည်း မေးနိုင်ဖွယ်ရှိသော မေးခွန်းတစ်ခုကိုကား မဖြေကြားသေးဘဲ ဖြစ်နေသည်။ မေးခွန်းမှာ ကုရ်အာန်ကျမ်းတော်မြတ်သည် မယုံကြည်သွေဖယ်ငြင်းပယ်သူနှင့် မည်သည့်အခြေအနေတွင် လက်ပွန်းတတီး ပေါင်းသင်းဆက်ဆံခြင်း မပြုရသည့် (မုဝါလာသ်) ကိစ္စကို ပြင်းပြင်းထန်ထန် တားမြစ်ရပါနည်း။ ယင်း၏နောက်ကွယ်တွင် မည်သည့်အသိဉာဏ် အမြော်အမြင်ရှိပါသနည်း။ အကြောင်းပြချက် တစ်ခုတွင် ထူးခြားသည့်တစ်ချက်မှာ အစ္စလာမ်ဘာသာသည် ဤလောကၦ လူတစ်ဦးအား သာမန်တိရစ္ဆာန် (သို့)တောရိုင်းသစ်ပင်နှင့် မြက်တစ်ပင်ကဲ့သို့ ပေါက်ရောက်ကြီးထွား သေဆုံးပြီး အဆုံးသတ်သွားသည်သို့ သဘောမထားပါ။ သို့မဟုတ်ပါဘဲ ဤကမ္ဘာတွင် လူသား၏ဘဝသည် ရည်ရွယ်ချက်ရှိသောဘဝတစ်ခု ဖြစ်လေသည်။ သူ့ဘဝတစ်လျှောက် အလုံးစုံ၏ဖြစ်စဉ်များဖြစ်သော စားခြင်း၊ သောက်ခြင်း၊ မတ်တပ်ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးကြားခြင်းနှင့် အသက်ရှင်ခြင်းနှင့် သေဆုံးခြင်း စသည်တို့သည်ပင်လျှင် ဦးတည်ချက်တစ်ခုတည်းပေါ်တွင် မူတည်ရပေသည်။ သူလုပ်သမျှသည် ဤဦးတည်ချက်နှင့် လိုက်လျောညီထွေသရွေ့ ၎င်း၏လုပ်ဆောင်မှုသည် မှန်ကန်ခိုင်မာလေသည်။ အကယ်၍ ဤလုပ်ဆောင်မှုများသည် ဦးတည်ချက်နှင့် ဆန့်ကျင်နေပါက အားလုံးသောလုပ်ရပ်များသည် မှားယွင်းသည်။ နာမည်ကျော်ကဗျာဆရာကြီး ရူမီက ထိထိမိမိ မိန့်ကြားခဲ့သည်မှာ -

زند گی از بهر ذکر وبند گی ست
بے عبادت زند گی شرمند گی ست

"လူ့ဘဝ၏ ဦးတည်ချက်သည် ဖန်ဆင်းရှင်အား အောက်မေ့တသခြင်းဖြစ်၍ ထိုဖန်ဆင်းရှင်အား ကောင်းမွန်မှန်ကန်စွာ ခဝတ်ကိုးကွယ်ရန် ဖြစ်သည်။ ထိုကဲ့သို့ ခဝတ်ကိုးကွယ်မှုမရှိသော လူ့ဘဝသည်ကား ရှက်ဖွယ်လိလိပင်တည်း။

ထိုကဗျာဆရာကြီး၏ အဖြေနှင့် မှန်ကန်စွာတွေးခေါ်တတ်သော လူများ၏အမြင်အရ လူသားသည် ဤရည်မှန်းဦးတည်ချက်ကို စွန့်လွှတ်လိုက်ပါက လူအဖြစ်ဖန်ဆင်းခြင်းခံရသော လူ့အဖြစ်ပင် မတည်ရှိတော့ချေ။

آنچه می بینی خلاف آدم انـد
نـیـسـتـنـد آدم غلا ف آدم اند

“အသင်မြင်နေရသည်မှာ လူမဟုတ်သော လူစုပင်ဖြစ်သည်။ ၎င်းတို့သည် လူသားများမဟုတ်၊ လူ့အရေ ခြုံထားသော လူ့အခွံသာလျှင် ဖြစ်သည်။” ကုရ်အာန်ကျမ်းတော်မြတ်သည် အောက်ပါစကားလုံးများဖြင့် လူသား တို့အား ဤရည်မှန်းချက်ကို ၎င်းတို့၏လေးနက်တည်ကြည်သော ယုံကြည်ချက်အဖြစ် ကြေညာစေသည်။ قُلْ اِنَّ صَلاَتِیْ وَنُسُکِیْ وَمَحْیَایَ وَمَمَاتِیْ لِلّٰہِ “(အချင်းတို့) ငါ၏“ဆွလာသ်”ဝတ်ပြုမှုသည်လည်းကောင်း၊ ငါ၏(အခြားသော) ခဝတ်ကိုးကွယ်မှု(အပေါင်း)တို့သည်လည်းကောင်း၊ ငါ၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ ငါ၏ အသက်သေခြင်းသည်လည်းကောင်း၊ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် နှစ်သက်တော်မူရန်သာလျှင် ဖြစ်သည်။”(၆း၁၆၃)

လူသားဘဝ၏ ရည်မှန်းချက်သည် စကြဝဠာအပေါင်းတို့၏ အရှင်သခင်ဖြစ်သော အလ္လာဟ်အရှင်မြတ်အား နာခံခြင်းနှင့် ခဝတ်ကိုးကွယ်ခြင်းဖြစ်ကြောင်း အမြဲတစေ အတည်ပြုပြီးဖြစ်သွားသောကြောင့် ဤကမ္ဘာလောကတွင် လူဘဝအရေးအခင်းများဖြစ်သော စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးနှင့် လူမှုဆက်ဆံရေးတို့တွင် ဤရည်မှန်းချက်အတိုင်း မုချမလွဲမသွေ လိုက်နာရပါမည်။ ထို့ကြောင့် ဤရည်မှန်းချက်နှင့် ဆန့်ကျင်သူများသည် လူသားတို့၏ အဆိုးဝါးဆုံးသော ရန်သူများပင်ဖြစ်သည်။ ဤရန်သူများထဲတွင် ရှိုင်တွာန်မိစ္ဆာသည် ထိပ်ဆုံးမှဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း မိန့်ကြားသည်မှာ -

اِنَّ الشَّیْطٰنَ لَکُمْ عَدُوٌّ فَاتَّخِذُوْہُ عَدُوًّا ؕ

“မလွဲဧကန်” “ရှိုင်တွာန်” မိစ္ဆာကောင်သည် အသင်တို့၏ ရန်သူပင်ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရှိုင်တွာန်မိစ္ဆာကောင်အား (မိမိတို့၏) ရန်သူဟူ၍ပင် အသိအမှတ်ပြုကြလေကုန်။(၃၅း၆)

ထို့ကြောင့် ရှိုင်တွာန်၏ဆွဲဆောင်သော ညွှန်ကြားမှုကို လိုက်နာကာ တမန်တော်များ﴿عليهم السلام﴾ မှတစ်ဆင့် ပို့ချသော အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်သူများဖြစ်သည့် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ရင်းနှီးကျွမ်းဝင် အဆွေခင်ပွန်းဖွဲ့ခြင်းဖြစ်သော (မုဝါလသ်) ပြုခြင်း မထိုက်တန်ချေ။ လူ့ဘဝတွင် တိကျသောရည်မှန်းချက်ရှိ၍ မိတ်ဆွေနှင့်ရန်သူ၊ သဘောတူညီမှုနှင့် သဘောကွဲလွဲမှုများရှိကာ ဤဗဟိုဦးတည်ချက်ကို အမြဲတစေ လိုက်နာသူတစ်ဦးသည် ဤကဲ့သို့မိတ်ဆွေဖွဲ့ခြင်းကို လုပ်ဆောင်ရန်မှာ မဖြစ်နိုင်ချေ။ ဤအကြောင်းအရာကိုပင် ဗုခါရီကျမ်းနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်ဩဝါဒတော်တစ်ရပ်တွင် ဖော်ပြထားသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ -

مَنْ اَحَبَّ لِلّٰہِ وَاَبْغَضَ لِلّٰہِ فَقَدِ اسْتَکْمَلَ اِیْمَانَہٗ

“မည်သူမဆို အလ္လာဟ်အရှင်မြတ်အတွက် ချစ်ခင်ခြင်းနှင့် မုန်းတီးခြင်း ပြုလုပ်သူသည် ၎င်း၏ အီမာန်ယုံကြည်မှု ပြီးပြည့်စုံပြီးဖြစ်သည်”။ (ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)

ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ လူသားတစ်ဦးသည် သူ၏ချစ်ခင်မြတ်နိုးမှုနှင့် အဆွေခင်ပွန်းဖွဲ့မှု၊ မုန်းတီးမှုနှင့် ရန်သူပြုမှုသည် အလွှာဟ်အရှင်မြတ်အတွက် သက်သက်ရိုကျိုးစွာ မပြုလုပ်သမျှကာလပတ်လုံး ၎င်း၏အိမာန်ယုံကြည်မှု ပြည့်စုံလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် စစ်မှန်သော မုစ်လင်မ်သည်ချစ်ခင်မှုနှင့် ရင်းနှီးဖော်ရွှမှုအပေါ် အခြေခံသည့် (မုဝါလသ်) စိတ်လှုပ်ရှားဖွယ် ကိစ္စရပ်ကိုပြုလုပ်ခဲ့လျှင် အလွှာဟ်အရှင်မြတ် အမိန့်နာခံ၍ မွန်မြတ်သည့် ရည်မှန်းချက်ကို ဘဝတစ်လျှောက်လုံး အမြဲတစေ လိုက်နာသည့်သူအတွက်သာလျှင် သီးသန့်ဖြစ်သင့်ပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က အကျယ်ဖွင့်ဆိုမှုအစပိုင်း၌ ကိုးကားထားသည့် အာယသ်တော်တွင် မိန့်ထားခဲ့သည်မှာ တစ်စုံတစ်ဦးသည် မယုံကြည်သွေဖယ်ငြင်းပယ်သူများနှင့် နှစ်နှစ်ကာကာ ချစ်ခင်မှုနှင့် ဖော်ရွှေမှုပေါ် အခြေခံ၍ ဆက်ဆံခဲ့လျှင် ၎င်းသည်လည်း ယင်းတို့တွင် အပါအဝင်တစ်ဦး ဖြစ်သွားလေသည်။

အကျိုးအမြတ်များစွာနှင့် ရည်ရွယ်ချက်တို့အတွက် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် အလွှာဟ်အရှင်မြတ်၏ အမျက်တော်ကို ရှစေနိုင်သောကြောင့် နောက်ဆုံးအာယသ်တော်(၃၀)က အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင် အသင့်အား သတိပေးထားသည်ဟု မိန့်ကြားထားသည်။ နီးကပ်စွာ မိတ်ဆွေဖွဲ့ခြင်း (မုဝါလသ်) သည် အလွှာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှ မသိရှိနိုင်သော နှလုံးသားနှင့်ဆိုင်သော အကြောင်းအရာများနှင့် နီးနွှယ်နေ၍ လူတစ်ဦးသည် မယုံကြည်သွေဖယ်ငြင်းပယ်သူများနှင့် ချစ်ခင်ကျွမ်းဝင်နေသော်လည်း နှုတ်အားဖြင့်ကား ငြင်းကွယ်နိုင်ပါသည်။ ထို့ကြောင့် အစပိုင်းအာယသ်တော် (၂၉) သည် ဤအရာကို အကျုံးဝင်စေရန် မိန့်ကြားသည်မှာ "အကယ်၍ အသင်တို့သည် မိမိတို့၏ ရင်တွင်းဝယ်ရှိသော အကြံအစည်များကို ထိမ်ချန်လျှို့ဝှက်ဖုံးအုပ်ထားကြသည်ဖြစ်စေ သို့တည်းမဟုတ် ထိုအကြံအစည်များကို ထင်ရှားစွာထုတ်ဖော်ကြသည်ဖြစ်စေ (မည်သို့ပင်ဖြစ်စေကာမူ) အလွှာဟ်အရှင်မြတ်သည် ထိုအကြံအစည်များကို သိရှိတော်မူလေသည်။" မည်သည့်ငြင်းဆိုချက်သည်လည်းကောင်း မမှန်မကန် ပြောဆိုချက်တို့သည်လည်းကောင်း အလွှာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် မခိုင်လုံချေ။

VVVVVVVVV

အာယသ် (၃၁-၃၂)

قُلْ إِن كُنتُمْ تُحِبُّونَ اللَّهَ فَاتَّبِعُونِي
يُحْبِبْكُمُ اللَّهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ ۗ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٣١﴾ قُلْ
أَطِيعُوا اللَّهَ وَالرَّسُولَ ۖ فَإِن تَوَلَّوْا فَإِنَّ اللَّهَ لَا يُحِبُّ الْكَافِرِينَ ﴿٣٢﴾

(အို-နဗီတမန်တော်) အသင်သည် (လူခပင်းတို့အား၌သို့) ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးကြပါမူ ငါ၏အမိန့်ဩဝါဒတော်များကို အစဉ်တစိုက် လိုက်နာကြကုန်။ (သို့မှသာလျှင်) အသင်တို့အား အလ္လာဟ်အရှင်မြတ်သည် ချစ်ကြည်မြတ်နိုးတော်မူအံ့။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူအံ့။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် (အပြစ်များမှ) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အစဉ်သနားညှာတာတော်မူသောအရှင်၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသတည်း။ (၃း၃၁)

အသင်သည် (ယင်းသူတို့အား) ပြောကြားပါလေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ အမိန့်ဩဝါဒတော်များကိုလည်းကောင်း (တစ်သဝေမတိမ်း) လိုက်နာကြကုန်။ တစ်ဖန် အကယ်၍သာ ယင်းတို့သည် သွေဖည်ကျော်ခိုင်း၍ လွှဲရှောင်သွားကြပါမူ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့) မယုံကြည်သွေဖည်ငြင်းပယ်သော "ကာဖိရ်" တို့ကိုကား နှစ်သက်တော်မမူချေ။ (၃း၃၂)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိကြောင်း၊ အတည်ပြုချက်နှင့် ထိုတစ်ပါးတည်းတည်ရှိကြောင်းကို မယုံကြည်မှုအတွက် ပြစ်တင်ရှုံ့ချခြင်းများ ပါဝင်သည်။ ယခု အာယသ်တော်တွင် တမန်တော်ဖြစ်ခြင်းအား ယုံကြည်ခြင်းနှင့် ထိုတမန်တော်မြတ်နောက်လိုက်ခြင်းသည် လိုအပ်ကြောင်း ဖော်ပြထားသည်။ သို့မှသာ တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည်လည်းကောင်း၊ တမန်တော်မြတ်ﷺ သခင်အား နာခံရန် ငြင်းဆိုခြင်းတို့သည်လည်းကောင်း အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း ငြင်းသကဲ့သို့ မယုံကြည်သွေ ဖည်ငြင်းပယ်ခြင်း (ကုဖရ်) ၏ အပြုအမူတစ်ရပ်ပင်ဖြစ်သည်ဟု ကျွန်ုပ်တို့အား အမြဲတစေ သတိပေးနေပါသည်။

အကျယ်ဖွင့်ဆိုခြင်း

ချစ်ခင်ခြင်းသည် လျှို့ဝှက်ထားသောအရာဖြစ်သည်။ တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးအား ချစ်ခြင်း၊ မချစ်ခြင်းကိုလည်းကောင်း၊ များများချစ်သည်၊ နည်းနည်းချစ်သည်ဆိုသည်ကိုလည်းကောင်း အတိအကျ ဖြေနိုင်သောမေးခွန်းများ မဟုတ်ချေ။ ဤအကြောင်း၏ အမှန်တရားကိုဆုံးဖြတ်ရန် တိုင်းတာရန် ပေတံမရှိချေ။ သို့ရာတွင် မျက်မြင်အနေအထားများနှင့် ဆက်ဆံရေးပေါ်၊ အခြေခံ၍ တတ်သိနားလည်မှုနှင့် မှန်းဆ၍ရပေသည်။ အဘယ်ကြောင့်ဆိုသော် အချစ်ဟူသည် ယင်းအား သိရှိနိုင်ရန် သဲလွန်စနှင့် နိမိတ်လက္ခဏာများ ချန်ထားတတ်ပေသည်။ ဤအာယသ် တော်များထဲတွင် အလ္လာဟ်အရှင်မြတ်အား ချစ်ခင်၍ အရှင်မြတ်၏ ချစ်ခင်မှုကို မျှော်ကိုးသည်ဟု ဆိုသူများအား အရှင်မြတ်၏ အချစ်မှတ်ကျောက်နှင့် ဆန်းစစ်ရန် မိန့်ကြားထားသည်။ တစ်နည်းဆိုရသော် ယနေ့ဤကမ္ဘာတွင် အသက်ရှိလျက်ရှိသောသူတစ်ဦးသည် သူ၏ဖန်ဆင်းရှင်ကို ချစ်ခင်ပါသည်ဟုဆိုလျှင် ၎င်း၏ ချစ်ခင်ကြင်နာခြင်း အရည်အသွေးအား တမန်တော်မြတ်၏ အမိန့်ကို မည်သို့နာခံသည်၊ မည်သည့်အတိုင်းအတာထိ လိုက်နာသည် ဆိုခြင်းကို မှတ်ကျောက်တင်၍ စစ်ဆေးကြည့်ရမည်။ ဤသို့မှတ်ကျောက်တင်ကြည့်လျှင် အစစ်အမှန်နှင့် အတုအယောင်သည် ထင်ရှားပေါ်လွင်သွားလိမ့်မည်။ လူတစ်ဦးသည် ၎င်းအခိုင်အမာပြောဆိုချက်မှန်ကြောင်းကို တမန်တော်မြတ်﴿ﷺ﴾သခင်၏ နောက် မည်မျှလောက် လိုက်နာကျင့်သုံးသည်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်ယူဆောင်လာသော လမ်းညွှန်မှုကို ၎င်း၏ဘဝလမ်းညွှန်မှုအဖြစ် မည်ရွေ့မည်မျှ ကျင့်သုံးသည်ဆိုသည်ကို ကြည့်ရမည်။ ထိုစမ်းသပ်နည်းကပင်လျှင် ၎င်းအခိုင်အမာပြောဆိုချက်အားနည်းပျော့ ညံ့သလောက် တမန်တော်မြတ်﴿ﷺ﴾ အားနာခံခြင်းအပေါ်၌လည်း ပျော့ညံ့အားနည်းပေလိမ့်မည်ဖြစ်ကြောင်း ပြသပါလိမ့်မည်။

တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ -

“မုဟမ္မဒ်﴿ﷺ﴾ သခင်အား နာခံသူသည် အလ္လာဟ်အရှင်မြတ်အား နာခံသူဖြစ်သည်။ ထို့နောက် မုဟမ္မဒ်﴿ﷺ﴾ သခင်အား မနာခံသူသည် အလ္လာဟ်အရှင်မြတ်အား မနာခံသူ ဖြစ်သည်။ **(သဖ်စီရ်မဇ်ဟရီ၊ အတွဲ-၂)**

VVVVVVVVVV

အာယသ် (၃၃-၃၄)

إِنَّ اللَّهَ اصْطَفَىٰ آدَمَ وَنُوحًا وَآلَ إِبْرَاهِيمَ وَآلَ عِمْرَانَ عَلَى
الْعَالَمِينَ ﴿٣٣﴾ ذُرِّيَّةً بَعْضُهَا مِن بَعْضٍ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٣٤﴾

ကေန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်) အာဒမ်ကိုလည်းကောင်း၊ (နဗီတမန်တော်) နူးဟ်ကိုလည်းကောင်း၊ (နဗီတမန်တော်) အိဗ်ရာဟီမ်၏ အဆက်အနွယ်ကိုလည်းကောင်း၊ အင်မ်ရာန်၏အဆက်အနွယ်ကိုလည်းကောင်း၊ စကြဝဠာခပ်သိမ်းတို့အပေါ်ဝယ် ရွေးချယ်မြှောက်စားတော်မူခဲ့လေပြီ။ (၃း၃၃)

ယင်းသူတို့အနက် အချို့သောသူတို့သည် အချို့သောသူတို့၏ သားစဉ်မြေးဆက်များပင် ဖြစ်ကြပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်ပေသတည်း။ (၃း၃၄)

ဤအာယသ်တော်များထဲတွင် တမန်တော်မြတ်﴿ﷺ﴾ သခင်အား နှစ်သိမ့်ရန်အားလျော်စွာ လွန်လေပြီးသော တမန်တော်﴿عليهم السلام﴾ များအား ရည်ညွှန်းထားသည်။ အဘယ်ကြောင့်ဆိုသော် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ တမန်တော်ဖြစ်ခြင်းအပေါ် သံသယဝင်ကာ မနာခံခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုသူများအား လမ်းညွှန်မှုပေးရန်အတွက် လွန်လေပြီးသော တမန်တော်များ၏ အမည်နာမများကို ဖော်ပြကာသံသယများကို ဖယ်ရှားစေခဲ့ပါသည်။ သို့သော်လည်း ဤတမန်တော်များကို အကျဉ်းချုပ်မျှသာ ရည်ညွှန်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဓိကရည်ရွယ်ချက်မှာ နောင်တွင် ဆက်၍ပါလာမည့် ဆိုက်ယိဒနာ အီစာ﴿عليه السلام﴾ သခင်အကြောင်း ဖော်ပြရန်ဖြစ်သည်။ ဆိုက်ယိဒနာ အီစာ﴿عليه السلام﴾ သခင်သည် ဤကမ္ဘာသို့ တစ်ဖန်ပြန်လည်ကြွရောက်လာကာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ နောက်လိုက်များနှင့်အတူ လက်တွဲလုပ်ဆောင်မည်ဖြစ်သောကြောင့် မုစ်လင်မ်များသည် ဆိုက်ဒိယိနာ အီစာ﴿عليه السلام﴾ သခင်အကြောင်း သိထားရန် လိုအပ်လေသည်။

VVVVVVVVVV

အာယသ် (၃၅–၃၆)

إِذْ قَالَتِ امْرَأَتُ عِمْرَٰنَ رَبِّ إِنِّي نَذَرْتُ لَكَ مَا فِي بَطْنِي
مُحَرَّرًا فَتَقَبَّلْ مِنِّي ۖ إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ ﴿٣٥﴾ فَلَمَّا وَضَعَتْهَا
قَالَتْ رَبِّ إِنِّي وَضَعْتُهَا أُنثَىٰ ۗ وَاللَّهُ أَعْلَمُ بِمَا وَضَعَتْ ۖ وَ
لَيْسَ الذَّكَرُ كَالْأُنثَىٰ ۖ وَإِنِّي سَمَّيْتُهَا مَرْيَمَ وَإِنِّي أُعِيذُهَا
بِكَ وَذُرِّيَّتَهَا مِنَ الشَّيْطَانِ الرَّجِيمِ ﴿٣٦﴾

(ပြန်လည်အောက်မေ့သတိကြရကုန်) အခါတစ်ပါး၌ (မရ်ယမ်သခင်မ၏ မိခင်) အင်မ်ရာန်၏ဇနီးမိန်းမက (အလ္လာဟ်အရှင်မြတ်အထံတော်၌ဤသို့) လျှောက်ထားပန်ကြားခဲ့၏။ "အို-ကျွန်တော်မျိုးမအား မွေးမြူတော်မူသော အရှင်မြတ် စင်စစ်ကော် ကျွန်တော်မျိုးမသည် အရှင်မြတ်အဖို့ မိမိဝမ်းတွင်း၌ ရှိသောကလေးကို အရှင်မြတ်အားသာ (ဝတ်ပြုနိုင်စေခြင်းငှာ) လွတ်လပ်စွာ ထားရှိရန်အတွက် အမိဌာန်ပြုပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ယင်း (အမိဌာန်ချက်ကို) ကျွန်တော်မျိုးမ၏အထံမှ သဘောတူလက်ခံတော်မူပါ။ မုချကော်အရှင်မြတ်သည် အကြွင်းမဲ့ကြားသိတော်မူသောအရှင် အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်။ (၃း၃၅)

တစ်ဖန် ထို(အင်မ်ရာန်၏ဇနီးမိန်းမ)သည် ထို (သန္ဓေ)ကို သမီးမိန်းကလေး ဖွားမြင်ခဲ့လေရာ (ဝမ်းနည်းစွာဖြင့်) "အို-ကျွန်တော်မျိုးမအား မွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်တော်မျိုးမသည် ထိုသန္ဓေကို သမီးမိန်းကလေးဖွားမြင်ပါပြီ" အမှန်အားဖြင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူမ ဖွားမြင်ခဲ့သည်ကို ပိုမို၍ သိရှိတော်မူ၏။ သို့ရာတွင် (ထိုသူမလိုလားသော) ယောကျ်ားကလေးမူကား (မည်သည့်နည်းနှင့်မျှ) ဤ (ဖွားမြင်လေသော) သမီးမိန်းကလေးကဲ့သို့ မဟုတ်ချေ။ ထို့ပြင်တစ်ဝ မုချကော် ကျွန်တော်မျိုးမသည် ထိုသမီးမိန်းကလေးကို "မရ်ယမ်"ဟူ၍ အမည်မှည့်ခေါ်ပါပြီ။ ထို့ပြင် ထိုသူမကိုလည်းကောင်း၊ ထိုသူမ၏ သားသမီးများကိုလည်းကောင်း နှင်ထုတ်ခံရသော ရှိုင်တွာန်၏ အနှောင့်အယှက်များမှ ကာကွယ်ထိန်းသိမ်းတော်မူပါရန် အရှင် မြတ်အား အပ်နှံပါ၏"ဟု လျှောက်ထားပန်ကြားလေသည်။ (၃း၃၆)

အကျယ်ဖွင့်ဆိုခြင်း

လွန်လေပြီးသော တမန်တော်များ၏ ဘာသာရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွင် တစ်စုံတစ်ဦး၏ ကလေးများထဲမှ ကလေးတစ်ဦးကို လောကီရေးအလုပ်များအားလုံး မလုပ်စေဘဲ အလ္လာဟ်အရှင်မြတ်အတွက် သက်သက် အမှုထမ်းစေသော ခဝတ်ကိုးကွယ်မှု နည်းလမ်းတစ်ရပ်ရှိခဲ့ပါသည်။ ဤကျင့်သုံးမှုနှင့် လျော်ညီစွာ စိုက်ယိဒါဟ် မရ်ယမ်သခင်မ၏ မိခင်သည် သူမအား ပဋိသန္ဓေတည်စဉ်အတွင်း အဓိဋ္ဌာန်တစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်း အဓိဋ္ဌာန်မှာ မရ်ယမ်သခင်မ၏ မိခင်သည် မွေးဖွားသောကလေးငယ်ကို လောကီရေးအလုပ်များ မလုပ်စေဘဲ ဗိုင်သုလ်မုကတ်ဒတ်စ်တွင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ အမှုတော်ထမ်းစေရန်ဖြစ်သည်။ စိုက်ယိဒါဟ် မရ်ယမ်သခင်မ၏မိခင်သည် ယောက်ျားကလေး မွေးဖွားလာလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ သို့သော်လည်း မိန်းကလေး မွေးဖွားလာသောအခါ ဤတာဝန်ကို အမျိုးသမီးတစ်ဦးထမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟု ထင်မှတ်၍ များစွာ စိတ်မကောင်းဖြစ်မိသည်။ သို့သော်လည်း ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒါဟ် မရ်ယမ်သခင်မ မိခင်ကြီး၏ ရိုးသားဖြူစင်မှုအတွက် ဤမိန်းကလေးကိုပင် ကမ္ဘာပေါ်ရှိ အခြားမိန်းကလေးများထက် ထူးခြားသော အဆင့်အတန်း ပေးခဲ့သည်။

ဤသည်မှ မိခင်တစ်ဦး သူ့ကလေးငယ်၏ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး ကိစ္စနှင့်ဆက်နွယ်သော အုပ်ထိန်းခွင့် အတိုင်းအတာတစ်ရပ် ပိုင်ဆိုင်သည်ဟု ကျွန်ုပ်တို့ သိရှိရသည်။ အကယ်၍သာ မိခင်သည် သူမ၏ ကလေးငယ်အပေါ် အုပ်ထိန်းခွင့်မရှိခဲ့လျှင် စိုက်ယိဒါဟ် မရ်ယမ်သခင်မ၏မိခင်ကြီးသည် မည်သည့်အခါမျှ အဓိဋ္ဌာန်ပြုလိမ့်မည် မဟုတ်ချေ။ အလားတူပင် မိခင်တစ်ဦးသည်လည်း သူမကလေးကိုနာမည်ပေးရန် အခွင့်အရေးရှိကြောင်း ဤသည်က သက်သေထူပေသည်။ **(အလ်ဂျဆ္စ်ဆွားဆ်)**

VVVVVVVVVV

အာယသ် (၃၇)

فَتَقَبَّلَهَا رَبُّهَا بِقَبُوْلٍ
حَسَنٍ وَّاَنْۢبَتَهَا نَبَاتًا حَسَنًا ۙ وَّكَفَّلَهَا زَكَرِيَّا ؕ كُلَّمَا دَخَلَ عَلَيْهَا
زَكَرِيَّا الْمِحْرَابَ ۙ وَجَدَ عِنْدَهَا رِزْقًا ۚ قَالَ يٰمَرْيَمُ اَنّٰى لَكِ هٰذَا ؕ
قَالَتْ هُوَ مِنْ عِنْدِ اللّٰهِ ؕ اِنَّ اللّٰهَ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿۳۷﴾

ထို့နောက် ထို (မရ်ယမ်) အား ၎င်းကိုမွေးမြူတော်မူသောအရှင်သည် ကောင်းမွန်သောလက်ခံခြင်းမျိုးနှင့် သဘောတူလက်ခံတော်မူ၍ ကောင်းမွန်သော ကြီးပြင်းဖွံ့ဖြိုးခြင်း နည်မျိုးဖြင့် ကြီးပြင်းဖွံ့ဖြိုးစေတော်မူ၏၊ ၎င်းပြင် ထိုအရှင်မြတ်သည် တမန်တော်ဇကရိယာအား ထိုမိန်းကလေးကို ထိန်းသိမ်းစောင့်ရှောက်စေတော်မူခဲ့၏။ တမန်တော် ဇကရိယာသည် ထိုမရ်ယမ်သခင်မအား ကြည့်ရှုရန် ၎င်း၏အဆောင်တွင်းသို့ ဝင်ရောက်သည့်အခါတိုင်း၌ ထို (မရ်ယမ်) ၏အနီးတွင် စားဖွယ်များကို တွေ့ရှိရသဖြင့် "အို-မရ်ယမ် ဤစားဖွယ်ရာများသည် အသင့်ထံအဘယ်မှ ရောက်ရှိလာပါသနည်း" ဟု မေးမြန်းလေသည်။ ထိုအခါ (မရ်ယမ်) က ထိုစားဖွယ်ရာများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်ပါသည်ဟု ဖြေကြားခဲ့လေသည်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူများကို မခန့်မှန်း မချင့်တွက်နိုင်လောက်အောင် စားနပ်ရိက္ခာများကို ပေးသနားတော်မူလေသတည်း။ (၃:၃၇)

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒါဟ် မရ်ယမ်သခင်မ၏ မိခင်ကြီးသည် အဓိဋ္ဌာန်ပြုချက်ကို ဖြည့်ဆည်းရန်အလို့ငှာ ဗိုင်သုလ်မုကဒ်ဒတ်စ်ဝတ်ကျောင်းတော်သို့ သမီးကိုခေါ်သွား၍ ဝတ်ကျောင်းတော် ထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဝတ်ကျောင်းတော်တွင် ဝတ်ပြုဆောက်တည်နေကြသူများကို ပြောကြားခဲ့သည်။ ပြောကြားခံရသူထဲတွင် စိုက်ယိဒိနာ ဇကရိယာ သခင်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ ထိုသူတို့ကို မိခင်ကြီးက ပြောကြားရာတွင် သူမသည် ကလေးငယ်ကို အလ္လာဟ်အရှင်မြတ်၏ အမှုတော်ထမ်းရန် ရည်စူးသတ်မှတ်၍ အဓိဋ္ဌာန်ပြုထားခဲ့သောကြောင့် သူမသည် ထိုသမီးငယ်ကို သူမနှင့်အတူ ခေါ်မသွားနိုင်ပါဟု ပြောကြားခဲ့သည်။ သူ့သမီးကိုခေါ်ထားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ထားရန် ထိုသူတို့အား ပြောကြားခဲ့သည်။

စိုက်ယိဒနာ အင်မ်ရာန်သည် ဤဝတ်ကျောင်းတော်၏ အိမာမ်ဖြစ်ခဲ့သည်။ မရ်ယမ်သခင်မ၏မိခင်ကိုယ်ဝန်ဆောင်စဉ်အတွင်း အိမာမ်ကြီးစိုက်ယိဒနာ အင်မ်ရာန်ကွယ်လွန်သေဆုံးခဲ့ပါသည်။ မရ်ယမ်သခင်မ၏အဖေလည်းဖြစ် ဗလီဝတ်ကျောင်းတော်၏ အိမာမ်လည်းဖြစ်သော အင်မ်ရာန်သခင်သည် အကယ်၍သာ မကွယ်လွန်ခဲ့ပါမူ ကလေးငယ်ကို ထိန်းသိမ်းရန် အထိုက်တန်ဆုံးသူဖြစ်ပေသည်။ ထို့ကြောင့် ဗလီဝတ်ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်သူတိုင်းနှင့် ဗလီတွင်လာရောက်ဝတ်ပြုသူတိုင်းက ကလေးငယ်ကို သူ၏စောင့်ရှောက်မှုအောက်တွင် ထားရန်ဆန္ဒရှိခဲ့ကြသည်။ စိုက်ယိဒနာ ဇကရီယာက ၎င်း၏ဇနီးသည် မရ်ယမ်သခင်မ၏ အဒေါ်ဖြစ်သောကြောင့် မရ်ယမ်သခင်မ၏ မိခင်ပြီးလျှင် သူတို့သည်သာ သူမကို ထိန်းသိမ်းစောင့်ရှောက်ရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း လူအများက အခြားသူထက် ဇကရီယာ သခင်ကို ဦးစားပေးရန်ကား သဘောမတူကြချေ။ နောက်ဆုံးတွင် မဲနှိုက်၍ရွေးချယ်ရန် လူတိုင်းသဘောတူညီကြသည်။ မဲနှိုက်ရာတွင် ပေါ်ထွက်လာသော ထူးဆန်းအံ့ဘွယ်ကို နောင်တွင် တွေ့ရပါလိမ့်မည်။ ဤတွင်လည်း ဆိုက်ယိဒနာဇကရိယာ﴿عليه السلام﴾ သခင်က မဲပေါက်ပါသည်။

ထို့ကြောင့် မရ်ယမ်သခင်မအား ထိန်းသိန်းစောင့်ရှောက်ရန် တာဝန်ယူရသည်။ အချို့သောဆင့်ပြန်ချက်အရ သူမကိုနို့တိုက်ကျွေးရန် နို့ထိမ်းသည်တစ်ဦး ငှားရမ်းပေးခဲ့သည်ဟု ဆိုသည်။ အခြားသော ဆင့်ပြန်ချက်များတွင် သူမသည် နို့တိုက်ကျွေးရန် မလိုအပ်ဟု ဆိုကြသည်။ သူမသည် ထိုင်နိုင်လမ်းလျှောက်နိုင်သောအရွယ်သို့ ကြီးပြင်းလာသောအခါ စိုက်ယိဒနာ ဇကရိယာသည် ဗလီဝတ်ကျောင်းတော်နှင့် ကပ်လျက်ရှိသော အိမ်ကောင်းတစ်လုံးတွင် နေစေခဲ့သည်။ သူအပြင်ထွက်လျှင် အိမ်ကိုသော့ခတ်၍ ပြန်လာမှဖွင့်ပေးသည်။ ဤအကြောင်းအရာများကို ယခုအာယသ်တော်တွင် အကျဉ်းဖော်ပြထားသည်။

VVVVVVVVVV

အာယသ် (၃၈)

هُنَالِكَ دَعَا زَكَرِيَّا رَبَّهُ ۖ قَالَ رَبِّ هَبْ لِي مِن لَّدُنكَ ذُرِّيَّةً طَيِّبَةً ۖ إِنَّكَ سَمِيعُ الدُّعَاءِ ﴿٣٨﴾

(မရ်ယမ်သခင်မ၏ ပြန်ကြားချက်ကို ကြားနာရလေသော်၊ နဗီတမန်တော်) ဇကရိယာ﴿عليه السلام﴾ သည် ထိုအခါ ထိုနေရာ၌ပင် မိမိအားမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ (ဆုတောင်းရာတွင်) ထိုနဗီတမန်တော်ဇကရိယာ﴿عليه السلام﴾ က "အို-ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးကို မိမိအထံတော်မှ စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော သားကောင်းရတနာတစ်ပါးကို ပေးသနားတော်မူပါ။ မလွဲဧကန် အရှင်မြတ်သည် ဆုတောင်းပတ္ထနာများကို ကြားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း"ဟု လျှောက်ထားပန်ကြားခဲ့လေသည်။ (၃း၃၈)

အကျယ်ဖွင့်ဆိုခြင်း

၁။ ဤအာယသ်တော် **هُنَالِكَ دَعَا زَكَرِيَّا رَبَّهُ** "ဇကရိယာ﴿عليه السلام﴾ သည် ထိုအခါ ထိုနေရာ၌ပင် မိမိအားမွေးမြူတော် မူသောအရှင်မြတ်ထံတော်၌ ဆုတောင်းပတ္ထနာပြုခဲ့လေသည်"ဟူသော ပထမဝါကျကိုကြည့်လျှင် ဇကရိယာ ﴿عليه السلام﴾ သခင်သည် ထိုအချိန်ထိ သားသမီးမရှိခဲ့ဟု ကျွန်ုပ်တို့စိတ်တွင် စွဲမှတ်ထားသင့်သည်။ ဇကရိယာ﴿عليه السلام﴾ သခင်သည် အလွန်အိုမင်းနေ၍ ဤအသက်အရွယ်တွင် များသောအားဖြင့် သားသမီးမရရှိနိုင်ချေ။ သို့သော်လည်း ဇကရိယာ﴿عليه السلام﴾ သခင်သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ အဆုံးစွန်သောတန်ခိုးတော်ဖြင့် အသက် အရွယ်လွန်နေသော်လည်း ပုံမှန်သဘာဝကို ပြောင်းလဲနိုင်၍ သားသမီးပေးကာကောင်းချီးပေးနိုင်သည်ဟု ခိုင်မာစွာ ယုံကြည်ထားခဲ့သည်။ သို့သော်လည်း ဇကရိယာ﴿عليه السلام﴾ သခင်သည် အရှင်မြတ်၏ ပုံမှန်မဟုတ်သော အပြုအမူများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့သည်မဟုတ် သော်လည်း စိုက်ယိဒါဟ် မရ်ယမ်သခင်မအတွက် ပုံမှန်မဟုတ်သည့်နည်းလမ်းဖြင့်၊ ရာသီအလိုက်ပေါ်သော သစ်သီးဝလံသည် သူ့ရာသီမဟုတ်ဘဲနှင့်သော်မှ ထောက်ပံ့ခံနေရသည်ကို မြင်တွေ့ရသောအခါ အဘယ်ကြောင့် သူ့တွင် သားသမီးတစ်ဦးထွန်းကားရန် အလ္လာဟ်အရှင်မြတ်ရှေ့၌ လက်ဖြန့်တောင်းခံရန် သတ္တိနည်းရပါမည်နည်းဟု အတွေးပေါ်လာခဲ့သည်။ ယခု အလ္လာဟ်အရှင်မြတ်၏ တန်ခိုးပြာဋိဟာကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသောအခါ ရာသီလိုက်ပေါ်ရမည့် အချိန်မဟုတ်ဘဲ သစ်သီးဝလံကို အစေခံကျွန်တစ်ဦးအား ကျွေးမွေး နိုင်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အလွန်အိုမင်းနေသောအချိန်တွင်ပင် သားသမီးတစ်ဦး ပေးကမ်းထောက်ပံ့ချီးမြှင့်ရန် မဖြစ်နိုင်သည်မရှိဟု သဘောပေါက်၍ ဆုဒုအာ တောင်းဆိုခဲ့သည်။

၂။ "ထိုနဗီတမန်တော် ဇကရိယာ﴿عليه السلام﴾ က အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးကို မိမိအထံတော်မှ စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော သားကောင်းရတနာတစ်ပါးကို ပေးသနားတော်မူပါ။"သည် အာယသ်တော်၏ ဒုတိယစာကြောင်းဖြစ်သည်။ ယင်း -

قَالَ رَبِّ هَبْ لِيْ مِنْ لَّدُنْكَ ذُرِّيَّةً طَيِّبَةً အာယသ်က ကျွန်ုပ်တို့ကို ဟောကြားသည်မှာ သားသမီး ရတနာများ ထွန်းကားစေရန် တောင်းဆုဒုအာပြုခြင်းသည် နဗီ တမန်တော်များနှင့် ဖြောင့်မတ်မှန်ကန်သူများ၏ ကောင်းချီးမင်္ဂလာရှိသော အကျင့်ဓလေ့တော်တစ်ခုဖြစ်သည် ဟူ၍ ဖြစ်ပါသည်။

အခြားသော အာယသ်တော်တွင် وَلَقَدْ اَرْسَلْنَا رُسُلاً مِّنْ قَبْلِكَ وَجَعَلْنَا لَهُمْ اَزْوَاجًا وَّذُرِّيَّةً "ငါပြင် မချွတ်ကေန် ငါအရှင်မြတ်သည် အသင်၏အလျင် ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များအဖို့ ဇနီးကြင်ရာများကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း စီမံပြုလုပ်၍ ပေးတော်မူခဲ့လေသည်။" (၁၃း၃၈) ဟူ၍ မိန့်ကြားခဲ့ပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများဖြစ် သည့် သားသမီးများကို တမန်တော်မြတ်﴿ﷺ﴾ အပေါ်တွင် ပေးအပ်ချီးမြှင့်ခဲ့သကဲ့သို့ အခြားသော တမန်တော် များအားလည်း ချီးမြှင့်ခဲ့သည်။

အကယ်၍ တစ်စုံတစ်ဦးသည် မည်သည့်နည်းနှင့်မဆို ကလေးမွေးဖွားသန့်စင်ခြင်းကို တားဆီးရန် ကြိုးစားခဲ့လျှင် ၎င်းသည် သဘာဝကို ပုန်ကန်ခြားနားရုံမျှမက တမန်တော်များ၏ ယေဘုယျလက်ခံခဲ့ကြသော ဓလေ့တော်နှင့်လည်း လိုက်လျောညီထွေမှုမရှိဘဲ ထိုဓလေ့နှင့် ကင်းကွာစေပါသည်။ အစ္စလာမ်သာသနာ၏ မြင့်မြတ်သော တမန်တော်မြတ်﴿ﷺ﴾ သခင်သည် အိမ်ထောင်ရေးနှင့် သားသမီးကိစ္စကို မည်မျှအလေးပေးထားသနည်းဟူမူ အိမ်ထောင်သည်ဘဝနှင့် သားသမီးကိစ္စရပ်များကို စွမ်းဆောင်ရန် မတတ်နိုင်လျှင်ပင် ရှောင်ရှားခွင့်မပြုခဲ့။ အကယ်၍ ရှောင်ရှားခဲ့လျှင် ထိုသူသည် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်၏ နောက်လိုက်အဖြစ် လက်ခံရန်ပင် ငြင်းဆိုခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားခဲ့သည်မှာ -

(၁) اَلنِّكَاحُ مِنْ سُنَّتِيْ

(၂) فَمَنْ رَغِبَ عَنْ سُنَّتِيْ فَلَيْسَ مِنِّيْ

(၃) تَزَوَّجُوا الْوَدُوْدَ الْوَلُوْدَ فَاِنِّيْ مُكَاثِرٌ بِكُمُ الْاُمَمَ

(၁) နိကဟ်ထိမ်းမြားခြင်းသည် ကျွန်ုပ်၏ စွန္နသ် (ဓလေ့တော်) ဖြစ်သည်။

(၂) ထို့ကြောင့် မည်သူမဆို ကျွန်ုပ်၏ စွန္နသ်တော်မှ ရှောင်ရှားခဲ့လျှင် ထိုသူသည် ကျွန်ုပ်၏ နောက်လိုက်မဟုတ်ချေ။

(၃) ထို့ကြောင့် ချစ်ခင်ဖွယ်နှင့် သားသမီးထွန်းကားနိုင်သော အမျိုးသမီးတစ်ဦးနှင့် နိကဟ်ထိမ်းမြားပါလေ။ အဘယ်ကြောင့်ဆိုသော် သင်တို့၏ အရေအတွက်ပေါ်မူတည်၍ ကျွန်ုပ်သည် အခြားအုမ္မသ်များအပေါ် ယှဉ်ပြိုင်နိုင်ပါလိမ့်မည်။

အခြားအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ထံတော်မှောက်တွင် ဇနီးတစ်ဦးကို

လက်ထပ်ထိမ်းမြားရန်၊ သားသမီးရရှိရန်နှင့် ထိုသားသမီးများကို ကောင်းမွန်ဖြောင့်မတ်မှန်ကန်စွာ ကြီးထွားနေရန် ဆုမွန်တောင်းဆိုသူအား ချီးမွမ်းထားပါသည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ -

وَالَّذِيْنَ يَقُوْلُوْنَ رَبَّنَا هَبْ لَنَا مِنْ اَزْوَاجِنَا وَذُرِّيّٰتِنَا قُرَّةَ اَعْيُنٍ

ထိုမှတစ်ပါး အကြင်သူများပင် ထိုသူတို့သည် အို-ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဇနီးကြင်ရာများမှလည်းကောင်း၊ ကျွန်တော်မျိုးတို့၏ သားမြေးတို့ထံမှလည်းကောင်း၊ မျက်စိအေးမြ ကြည်လင်မှုကို ပေးသနားတော်မူပါ။ (၂၅:၇၄)

ဟစန်အလ်ဗစရီ ([ylI.A]mHR) ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းဖြစ်သော **قُرَّةَ اَعْيُنٍ** "ကုရ်ရသအာ်ယွန်" (အဘိဓာန်အရ မျက်စိများအေးမြခြင်းနှင့် ကြည်လင်ခြင်း) ဆိုသည်မှာ တစ်စုံတစ်ဦးကို နှစ်နှစ်ကာကာချစ်မြတ်နိုး ခြင်းကိုဆိုလိုသည်) ဤနေရာတွင် ဆိုလိုသည်မှာ တောင်းဆုဒုအာပြုသူသည် ၎င်း၏သားသမီးများနှင့် ဇနီးသည် တို့သည် အလ္လာဟ်အရှင်မြတ်အား နာခံရိုကျိုးကိုးကွယ်ဆည်းကပ်နေသည်ကို မြင်တွေ့ရခြင်းဟု ဆိုလိုသည်။

ဟဒီးဆ်တော်တစ်ရပ်တွင် လာရှိသည်မှာ အုမ်မိစုလိုင်မ်﴿ﷺ﴾ သည် ၎င်းအားပြုစုသူ စိုက်ယိဒိနာ အနပ်စ်အတွက် ဆုမွန်တောင်းပေးရန် တမန်တော်မြတ်﴿ﷺ﴾ သခင်ကို ပန်ကြားခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ၎င်းအတွက် အောက်ပါဆုဒုအာကို တောင်းဆိုပေးခဲ့သည်။

اَللّٰهُمَّ اَكْثِرْ مَالَهُ وَوَلَدَهُ وَبَارِكْ لَهُ فِيْمَا اَعْطَيْتَهُ

"အို အလ္လာဟ်အရှင်မြတ် ထိုသူ၏ သားသမီးရတနာများနှင့် စီးပွားဥစ္စာများကို တိုးပွားစေတော်မူပါ။ ထို့ပြင် အရှင်မြတ် ၎င်းအားပေးကမ်းချီးမြှင့်ထားသမျှကို ကြီးပွားတိုးတက်စေတော်မူပါ။"

ကိုယ်တော်မြတ်﴿ﷺ﴾ သခင်၏ ဒုအာ၏ ရလဒ်ကြောင့် စိုက်ယိဒိနာ အနပ်စ်﴿ﷺ﴾ သခင်သည် သားသမီးရတနာတစ်ရာကျော်နှင့် ဥစ္စာပစ္စည်း အမြောက်အမြား ချီးမြှင့်ပေးကမ်းခံရလေသည်။

VVVVVVVVVV

အာယသ် (၃၉)

فَنَادَتْهُ الْمَلٰٓئِكَةُ وَهُوَ قَآئِمٌ
يُّصَلِّيْ فِي الْمِحْرَابِ اَنَّ اللّٰهَ يُبَشِّرُكَ بِيَحْيٰى مُصَدِّقًا بِكَلِمَةٍ
مِّنَ اللّٰهِ وَسَيِّدًا وَّحَصُوْرًا وَّنَبِيًّا مِّنَ الصّٰلِحِيْنَ ﴿٣٩﴾

သို့ဖြစ်ပေရာ ထို (တမန်တော်ဇကရိယာ﴿عليه السلام﴾ သည် အခန်းတွင်း၌ ဆွလာသ်ဝတ်ပြုနေခိုက် "မလာအိကဟ်" ကောင်းကင်တမန်များသည် ထို တမန်တော်အား အသံကျယ်စွာပြောဆိုကြသည်မှာ "မုချဧကန် အလ္လာဟ် အရှင်မြတ်သည် အသင့်အား "ယဟ်ယာ" အမည်ရှိသော သားကောင်းရတနာ တစ်ပါး ပေးသနားတော်မူမည့်အကြောင်း ဝိတိသောမနဿ ဝမ်းမြောက် ဖွယ်ရာ သတင်းပြောကြားတော်မူလေသည်။ ထိုသားရတနာသည် "ကလိမ သုလ္လာဟ်" အလ္လာဟ်အရှင်မြတ်၏ အာယသ်တော် (တည်းဟူသော တမန် တော် အီစာ) ကို ထောက်ခံမည့်သူဖြစ်အံ့၊ အကြီးအမှူးလည်းဖြစ်အံ့၊ (ကာမဂုဏ် အာရုံကို) အထူးစောင့်စည်းသူလည်းဖြစ်အံ့။ သူတော်စဉ်များ အနက်မှ နဗီ တမန်တော်တစ်ပါးလည်းဖြစ်အံ့။ (၃း၃၉)

အကျယ်ဖွင့်ဆိုခြင်း

၁။ ကလိမသုလ္လာဟ် كَلِمَةُ اللهِ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်သည် စိုက်ယိဒနာ အီစာ﴿عليه السلام﴾ ကို ရည်ညွှန်းသည်။ ဤအသုံးအနှုန်းကို အီစာ﴿عليه السلام﴾ သခင်အတွက် သုံးထားခြင်းမှာ အီစာ﴿عليه السلام﴾ သခင်သည် အမိအဖဟူသော ဆက်စပ်မှုမပါဘဲ အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်နှင့် အမိန့်တော်သက်သက်ဖြင့် သမရိုးကျ မဟုတ် ထူးခြားသောနည်းဖြင့် ဖန်ဆင်းခံရ၍ဖြစ်သည်။

၂။ တမန်တော် ယဟ်ယာ၏ ဒုတိယအရည်အချင်းကို ROUH"ဟဆူရ်"ဟူသော စကားလုံးဖြင့် ဖော်ပြ ထားသည်။ ယင်းစကားလုံးမှာ စောင့်စည်းသူဟု ပြန်ဆိုထားသည်။ ဆိုလိုသည်မှာ တမန်တော်ယဟ်ယာသည် လူတိုင်းကြိုက်နှစ် သက်သောအရာများ၏ ဖြားယောင်းမြူဆွယ်မှုများမှာ ရှောင်ရှားခြင်းကို အထူးဂရုပြုသူဟု ဆိုလိုသည်။ တစ်စုံ တစ်ဦးသည် လူဘဝ၏ ပျော်ရွှင်မှုများမှ ရှောင်ရှားသည်ဟု ကျွန်ုပ်တို့ဆိုခဲ့ပါလျှင် ထိုအဆိုပြုချက်ထဲတွင် ခွင့်ပြု ထားသော စွဲမက်ဖွယ်ရာများလည်း ပါဝင်ပေသည်။

ပမာဆိုသော် စားကောင်းသောက်ဖွယ်များ၊ အကောင်းစား အဝတ်အစားများ၊ အိမ်ထောင်သည်ဘဝ စသည်များလည်း ပါဝင်သည်။ စောင့်စည်းခြင်း၏ အရည်အသွေးကို ဤနေရာတွင် တိကျခိုင်မာစွာ ရည်ညွှန်းထား သောကြောင့် ဟဒီးဆ်တော်အရ အိမ်ထောင်သည်ဘဝနေထိုင်မှုတွင် မြင့်မားသော ကောင်းမြတ်ခြင်းရှိသော်လည်း ဤစောင့်စည်းခြင်းက သာပိုကောင်းသောနည်းဟု ညွှန်းဟန်ရှိပါသည်။

ဤအခြေအနေတွင် တွေးတောကြံဆသော ထင်မြင်ချက်အရ တစ်စုံတစ်ဦးသည် စိုက်ယိဒိနာ ယဟ်ယာ ﴿عليه السلام﴾ သခင်၏ အခြေအနေနှင့် တူသည်ဟုယူဆလျှင်သော်လည်းကောင်း၊ နောင်လာမည့်ဘဝအတွက် တွေးတောမှုတွင် နစ်မွန်းနေကာ ဇနီးတစ်ဦးရယူရန် (သို့) ဇနီးနှင့် ကလေးငယ်၏ ရုပိုင်ခွင့်တို့ကို ဖြည့်ဆည်းရန် မလိုအပ်၊ အချိန်လည်းမရှိဟု ထင်မှတ်ခဲ့လျှင်စောင့်စည်းခြင်းသည် ထိုသူအတွက် အကောင်းဆုံးသောရွေးချယ်မှုပင် ဖြစ်သည်။ ဤထူးခြားသည့် အကြောင်းကြောင့် အိမ်ထောင်ပြုခြင်း၏ ကောင်းခြင်းကို ဖော်ပြထားသော ဟဒီးဆ်တော်သည် ကန့်သတ်ထားသော စာပိုဒ်အဖြစ် ပါဝင်လာသည်။ ဆိုလိုသည်မှာ **مَنِ اسْتَطَاعَ مِنْكُمُ الْبَاءَةَ** တစ်စုံတစ်ဦးသည် အိမ်ထောင်လည်းပြုနိုင်စွမ်းရှိသည်။ ဇနီးသည်၏ ရုပိုင်ခွင့်ကိုလည်း ဖြည့်ဆည်းနိုင်စွမ်းရှိသည်ဟု ဆိုလျှင် အိမ်ထောင်ပြုသင့်သည်။ ထိုသို့ နိကာဟ်အိမ်ထောင်ပြုခြင်းသည် ၎င်းအတွက် သာလွန်ကောင်းမွန်ပါသည်။ သို့မဟုတ်ပါမူ ၎င်းအား အိမ်ထောင်ပြုရန် အကြံမပေးသင့်ပါ။ **(ဗယာန္နွလ်ကုရ်အာန်)**

VVVVVVVVVV

အာယသ် (၄၀-၄၁)

قَالَ رَبِّ
اَنّٰى يَكُوْنُ لِىْ غُلٰمٌ وَّقَدْ بَلَغَنِىَ الْكِبَرُ وَامْرَاَتِىْ عَاقِرٌ ؕ قَالَ
كَذٰلِكَ اللّٰهُ يَفْعَلُ مَا يَشَآءُ ۝ قَالَ رَبِّ اجْعَلْ لِّىْۤ اٰيَةً ؕ قَالَ
اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَةَ اَيَّامٍ اِلَّا رَمْزًا ؕ وَاذْكُرْ رَّبَّكَ
كَثِيْرًا وَّسَبِّحْ بِالْعَشِىِّ وَالْاِبْكَارِ ۝

(ထိုစကားကိုကြားလျှင်) ထိုနဗီတမန်တော်မြတ် (ဇကရိယာ) က "အို-ကျွန်တော်မျိုးကို မွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုး၌ သားကောင်းရတနာသည် အဘယ်သို့ရရှိနိုင်ပါအံ့နည်း။ အကြောင်းကား ဇကနဲစင်စစ် ဇရာဓမ္မအိုခြင်းတရားသည် ကျွန်တော်မျိုးထံ ဆိုက်ရောက်လာခဲ့ချေပြီ။ ကျွန်တော်မျိုး၏ ဇနီးမိန်းမသည်လည်း (အသက်အရွယ်ကြီးရင့်ဖြိုဖြစ်သည်သာမက) သားသမီးမမွေးသော အမြုံလည်းဖြစ်ပါသည်ဟု လျှောက်ထားပန်ကြားလေသည်။ (ထိုရောကာလ) အလ္လာဟ်အရှင်မြတ်က "ဤနည်းအတိုင်းပင် (သားကောင်းရတနာရရှိအံ့၊ အကြောင်းကား) အလ္လာဟ်အရှင်မြတ်သည် (ဖြစ်လေ့ဖြစ်ထမရှိ၊ အံ့ဖွယ်သရဲဖြစ်သော အမူကိစ္စများကိုပင်) မိမိအလိုတော်ရှိရာ ပြုလုပ်တော်မူပေသည်"ဟု ပြန်ကြားတော်မူခဲ့လေသည်။ (၃း၄၀)

ထို(နဗီတမန်တော် ဇကရိယာသည် အလ္လာဟ်အရှင်မြတ်၏ ပြန်ကြားချက်ကို ကြားရလျှင်ထပ်မံ၍ ဤသို့) လျှောက်ထားပန်ကြားလေသည်။ "အို-ကျွန်တော်မျိုးတို့ကို မွေးမြူတော်မူသောအရှင် (သို့ဖြစ်လျှင်) အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့အရာ (ကျွန်တော်မျိုး၏ဇနီးမှာ သားရတနာ ကိုယ်ဝန်ဆောင်ရှိကြောင်း ကောင်းစွာသိနိုင်အံ့သောငှာ) နိမိတ်လက္ခဏာတစ်ရပ်ကို ပြဋ္ဌာန်း၍ ပေးတော်မူပါ" (ထိုရောအခါဝယ် အလ္လာဟ်အရှင်မြတ်က ဤသို့) မိန့်ကြားတော်မူလေသည်။ (အို-ဇကရိယာ) အသင်၏လက္ခဏာကား သုံးရက်တိုင်တိုင် လူအပေါင်းတို့နှင့် လက်ရိပ်ခြေရိပ် မျက်ရိပ်မှအပ (တစ်ခွန်းတစ်ပါဒမျှ) အသင်စကားမပြောဆိုနိုင်ခြင်းပင်တည်း။ အသင်သည် (ထိုနေ့ရက်များတွင်) မိမိအရှင်ကို များစွာ တသသတိရကာ ညဉ့်ဦးယံများ၌လည်းကောင်း၊ မိုးသောက်ယံများ၌လည်းကောင်၊ (ထိုအရှင်မြတ်) "သတ်စ်ဗီဟ်" ဘာဝနာစီးဖြန်းပါလေ။ (၃း၄၁)

အကျယ်ဖွင့်ဆိုခြင်း

၁။ စိုက်ယိဒနာ ဇကရိယာ﴿عليه السلام﴾ သခင်သည် အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးတော်ကို ယုံကြည်ပြီး ယင်း၏ထင်ရှားပြသမှုကိုလည်း ကြိမ်ဖန်များစွာ မြင်တွေ့ခဲ့ရပြီဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးပေပြီ။ ဇကရိယာ ﴿عليه السلام﴾ သခင်ကိုယ်တိုင် ဆုဒုအာတောင်းခံခဲ့ပြီး ယင်းဒုအာဆုမွန်ကို လက်ခံမည့်အကြောင်း သိပြီးဖြစ်သော်လည်း "ကျွန်တော်မျိုးတွင် သားသမီးမည်သို့ရနိုင်အံ့နည်း"ဟု မေးမြန်းခြင်းကား ၎င်းမည်သည်ကို ဆိုလိုပါသနည်း။ ဇကရိယာ﴿عليه السلام﴾ သခင် မေးခွန်းမေးမြန်းခြင်း၏ အမှန်တရားကား အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးတော်အပေါ် ဒွိဟသံသယအနည်းငယ်မျှ ရှိသောကြောင့် မဟုတ်ချေ။ ဤသည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ မေးခွန်းမေးရခြင်းကား သက်ကြီးရွယ်အိုတွင် သားသမီးရမည်လော သို့တည်းမဟုတ် သက်ကြီးရွယ်အိုအခြေအနေကို ပြောင်းလဲပြီး သားသမီးပေးမည်လောဟူသည်ကို သိလိုရှု၍ဖြစ်သည်။ အာဝဇ္ဇန်းရွှင်စွာဖြေကြားသော **كَذٰلِكَ اللّٰهُ يَفْعَلُ مَا يَشَآءُ** "အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာ ပြုလုပ်တော်မူလေသည်"က ရှင်းလင်း စေသည်မှာ ၎င်းတို့သည် လက်ရှိအခြေအနေတွင်ပင် သားသမီးရမည်ဟူ၍ ဖြစ်သည်။ ဤနေရာတွင် ဖြစ်ပေါ်လာနိုင်သော ဒွိဟသံသယများကို ဤအဖြေက ဖြေရှင်းပြီး ဖြစ်သည်။ **(ဗယာနုလ်ကုရ်အာန်)**

၂။ အာယသ်တော် (၄၁) အား ညွှန်းရမည်ဆိုလျှင် စိုက်ယိဒနာ ဇကရိယာ﴿عليه السلام﴾ သခင်က (ကိုယ်ဝန်ရှိခြင်း) ၏ နိမိတ်လက္ခဏာ တောင်းခံခြင်း၏အကြောင်းရင်းကား သားသမီးရတော့မည့်အကြောင်း ဝမ်းမြောက်စေရန်နှင့် ကလေးအမှန်တကယ် မမွေးမီ အရှင်မြတ်အား ကျေးဇူးတော်တင်ရှိနေစေရန် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိမိတ်လက္ခဏာတော်ကို ချပေးတော်မူခဲ့သည်။

ချပေးသော နိမိတ်လက္ခဏာမှာ ယင်း၏ရည်ရွယ်ချက်နှင့် မှတ်သားဖွယ် သင့်လျော်ပေသည်။ စိုက်ယိဒနာ ဇကရိယာ﴿عليه السلام﴾ သခင်၏ စိတ်ဆန္ဒကြောင့် ၎င်းတောင်းခံခဲ့သော နိမိတ်လက္ခဏာတော်သည် ကျေးဇူးတင်ကြောင်း ပြသရန်ဖြစ်သည်။ ၎င်းအတွက်ချပေးသော လက္ခဏာသည် ဇကရိယာ﴿عليه السلام﴾ ဆန္ဒရှိသည်ကို လုပ်ဆောင်ရာမှအပ မည်သည်ကိုမျှ ပြုလုပ်မရသော လက္ခဏာပင်တည်း။ နိမိတ်လက္ခဏာပေါင်း (၁၀၀) မျှသည်ပင်လျှင် ဤနိမိတ်လက္ခဏာလောက် ဇကရိယာ﴿عليه السلام﴾ သခင်၏ ဆန္ဒရှိသလို မပြုလုပ်နိုင်ပါ။ ထို့ကြောင့် ဇကရိယာ﴿عليه السلام﴾ စိတ်ထဲတွင်ရှိသော မြင့်မြတ်သော ရည်ရွယ်ချက်သည်လည်း အောင်အောင်မြင်မြင် ဆောင်ရွက်ပြီး ဖြစ်စေခဲ့ပါသည်။ **(ဗယာနွလ်ကုရ်အာန်)**

၃။ ဤအာယသ်တော်၏နောက်ဆုံးစာပိုဒ် **اِلَّا رَمْزًا** (ခြေဟန်လက်ဟန် အရိပ်နိမိတ်မှအပ) က ကျွန်ုပ်တို့ကို ပြောသည်မှာ ခိုင်လုံသော အကြောင်းတစ်ခုကြောင့် စကားပြောရန် မဖြစ်နိုင်လျှင် ခြေဟန်လက်ဟန် အရိပ်နိမိတ်ဖြင့် အစားထိုးခြင်းသည် လျော်ကန်သည်ဟု မှတ်ယူရမည်။ ဟဒီးဆ်တော်တစ်ရပ်တွင် လာရှိသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် အစေခံတစ်ဦးအား **اين الله** "အလ္လာဟ်အရှင်မြတ် ဘယ်မှာရှိသလဲ"ဟု မေးမြန်းရာ သူမက မိုးကောင်းကင်သို့ လက်ညှိုးညွှန်ပြခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က "ဤအစေခံမလေးသည် မုစ်လင်မ်တစ်ဦးဖြစ်သည်"ဟု မိန့်ကြားခဲ့သည်။ **(အလ်ကုရ်သုဗီ)**

VVVVVVVVV

အာယသ် (၄၂-၄၃)

وَإِذْ قَالَتِ الْمَلَٰٓئِكَةُ
يَٰمَرْيَمُ إِنَّ اللَّهَ اصْطَفَىٰكِ وَطَهَّرَكِ وَاصْطَفَىٰكِ عَلَىٰ
نِسَآءِ الْعَٰلَمِينَ ﴿٤٢﴾ يَٰمَرْيَمُ اقْنُتِي لِرَبِّكِ وَاسْجُدِي وَارْكَعِي
مَعَ الرَّٰكِعِينَ ﴿٤٣﴾

တစ်ဖန် (သတိရကြလေကုန်) တရံရောအခါ မလာအိကဟ် ကောင်းကင်စေတမန်များက (မရ်ယမ်သခင်မအား) အို“မရ်ယမ်” မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အသင့်အားရွေးချယ်မြှောက်စားတော်မူခဲ့လေပြီ။ မနှစ်မြို့ဖွယ်ရာသော အကြောင်းအရာများမှလည်း ကင်းရှင်းစေတော်မူခဲ့လေပြီ။ ၎င်းအပြင် (ယခုတစ်ဖန်) အသင်အား စကြဝဠာအပေါင်းရှိ အမျိုးသမီးများတွင်လည်း ရွေးချယ်မြှောက်စားတော်မူခဲ့လေပြီဟု ပြောကြားခဲ့လေသည်။ (၃း၄၂)

(သို့ဖြစ်ပေရာ) အို-မရ်ယမ် အသင်သည် မိမိအရှင်မြတ်၏ အမိန့်တော်များကို ဦးထိပ်ဦးရွက် ဆင်လျက်နေပါလေ။ ထို့ပြင်တစ်ဝသင်သည် “စဂျ်ဒဟ်” ပျပ်ဝပ်ဦးချလျက် နေပါလေ။ ထို့ပြင် အသင်သည် ရုကူအ်ကိုင်းညွတ် ရိုကျိုးသူတို့နှင့်အတူတကွ ရုကူအ်ကိုင်းညွတ် ရိုကျိုးလျက် နေပါလေ (ဟု “မလာအိကဟ်” အပါးတော်စေတမန်များက ဆက်လက်၍ ပြောကြားကုန်သတည်း)။ (၃း၄၃)

အကျယ်ဖွင့်ဆိုခြင်း

၁။ အာယသ် (၄၂) ပါ ဝါကျ **وَاصْطَفَىٰكِ عَلَىٰ نِسَآءِ الْعَٰلَمِينَ** “အသင့်အား စကြဝဠာအပေါင်းရှိ အမျိုးသမီးများတွင်လည်း ရွေးချယ်မြှောက်စားတော်မူခဲ့လေပြီ” က ရည်ညွှန်းသည်မှာ ထိုအခါကာလရှိသော မိန်းမများအားလုံးကို ဆိုလိုသည်။ ထို့ကြောင့် ဟဒီးဆ်တော်၌ မိန့်ကြားခဲ့သော **سَيِّدَةُ نِسَآءِ اَهْلِ الْجَنَّةِ فَاطِمَة** “ဖာသေမဟ်သခင်မသည် ဂျန္နသ်တွင်ရှိသော အမျိုးသမီးများထဲတွင် အဦးဆုံးဝင်ရောက်မည့်သူဖြစ်သည်” ဟူသည်မှာ ဤအကြောင်းအရာနှင့် ဖိလာဆန့်ကျင် မဖြစ်ပေ။

၂။ အာယသ်တော် (၄၃) ၏နောက်ဆုံးဝါကျဖြစ်သော **وَارْكَعِي مَعَ الرَّاكِعِينَ** “ရုကူအ်ကိုင်းညွတ်ရိုကျိုးသူတို့နှင့် အတူ တကွ ရုကူအ်ကိုင်းညွတ်ရိုကျိုးလျက်နေပါလေ” တွင် ရုကူအ်ကိုင်းညွတ်ရန် အမိန့်ပေးထားရာ၌ ထိုအမိန့်သည် “ရုကူအ်ဦးညွတ်သူများနှင့်အတူ” ဟူသော စကားလုံးဖြင့် အထူးပြုထားသော်လည်း စဂျ်ဒဟ်ဦးချရန်

အမိန့်ပေးရာတွင်မူ ထိုကဲ့သို့ အထူးပြုမူမပါချေ။ ဤသည်က လူအများသည် ယေဘုယျအားဖြင့် ရုကူအ်ဦးညွှတ်ရာ၌ ဂရုတစိုက်လုပ်သင့်သည်ကို ဂရုမစိုက်ကြောင်း ရည်ညွှန်းနေဟန်ရှိသည်။ သူတို့သည် အနည်း ငယ်မျှ ကိုင်းညွှတ်၍ အလျင်စလို မတ်တတ်ရပ်သည့် အနေအထားသို့ ပြန်လည်ရပ်လိုက်ကြသည်။ ဤကဲ့သို့ ရုကူအ်ကိုင်းညွှတ်ခြင်းသည် မတ်တတ်ရပ်သော ကိယာမ်နှင့် နီးစပ်နေသည်။ အစောပိုင်း ဖော်ပြသကဲ့သို့ အလ္လာဟ် အရှင်မြတ်သည် "ရိုကူအ်ဦးညွှတ်သူများနှင့်အတူ" ဟူသော အထူးပြုချက်ကို ဖော်ပြခြင်းသည် တစ်စုံတစ်ဦး ဆွလာသ်ဝတ်ပြု ဆောက်တည်ရာတွင် ဦးညွှတ်ခြင်းကို အပြည့်အဝ ပြုလုပ်သောသူများ၏ စံနမူနာကိုယူ၍ အလားတူလုပ်ဆောင်ရန် ရည်ညွှန်းခြင်းဖြစ်သည်။

အာယသ် (၄၄)

ذَٰلِكَ مِنْ أَنۢبَآءِ ٱلْغَيْبِ نُوحِيهِ إِلَيْكَ ۖ وَمَا
كُنتَ لَدَيْهِمْ إِذْ يُلْقُونَ أَقْلَٰمَهُمْ أَيُّهُمْ يَكْفُلُ مَرْيَمَ ۖ وَمَا
كُنتَ لَدَيْهِمْ إِذْ يَخْتَصِمُونَ ﴿٤٤﴾

(အို-နဗီတမန်တော်) ဤ (သည်အတ္ထုပ္ပတ္တိများ) သည် (အသင်၏) မျက်ကွယ်၌ဖြစ်သော သတင်းများအနက်မှ ဖြစ်ရကား ငါအရှင်မြတ်သည် ထိုအတ္ထုပ္ပတ္တိများကို အသင့်အားပြန်ကြားတော်မူလေသည်။ စင်စစ်တစ်မူကား ယင်းသူတို့သည် "မရိယမ်" ကို ယင်းသူတို့အနက်မှ မည်သူအုပ်ထိန်းရမည်ကို (မဲကောက်ရန်အတွက်) မိမိတို့၏ ကလောင်များကို (ရေထဲ၌) ပစ်ချကြသောအခါတွင်လည်း အသင်သည် ယင်းသူတို့အပါး၌ ရှိခဲ့သည်မဟုတ်။ ထိုနည်းတူစွာ ယင်းသူတို့သည် (မဲမကောက်မီ) မိမိတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ငြင်းခုံလျက်ရှိကြသော အခိုက်တွင်လည်း အသင်သည် ယင်းသူတို့အပါးဝယ် ရှိခဲ့သည်မဟုတ်ချေ။ (၃း၄၄)

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒါဟ် မရိယမ်သခင်မနှင့် စိုက်ယိဒိနာ ဇကရိယာ﴿عليه السلام﴾ သခင်တို့၏ဘဝ အဖြစ်အပျက်များကို ရည်ညွှန်းကာ စိုက်ယိဒိနာ မုဟမ္မဒ်﴿ﷺ﴾ သခင် တမန်တော်ဖြစ်ခြင်းကို သက်သေပြရန်အတွက် အခြေအတင် ပြောဆိုချက်တစ်ရပ်ကို ဤအာယသ်တော်က တင်ပြထားသည်။ ဤအဖြစ်အပျက်များသည် ရှေးလွန်လေပြီးသော အချိန်ကာလက ဖြစ်ပျက်ခဲ့ပြီး ယင်းအကြောင်းများကို မြင်တွေ့၊ ကြားသိ၊ ဖတ်ရှုရန်ဖြစ်နိုင်သည့် အခြေအနေမရှိပါ။ အထူးသဖြင့် တမန်တော်မြတ်﴿ﷺ﴾ သခင်အတွက်ဆိုလျှင် သာ၍ပင် မဖြစ်နိုင်ချေ။ ပုံမှန်လေ့လာ ဆည်းပူးရုံမျှဖြင့် မဖြစ်နိုင်သောအရာများကို တမန်တော်မြတ်﴿ﷺ﴾ သခင်အား သိစေရန် အသိပေးထားခြင်း သည်ပင်လျှင်

သက်သေခိုင်မာနေပေသည်။ တမန်တော်မြတ်ﷺ သခင်၏ အမိန့်တော်အရ မည်သို့ပင်စေခိုင်း စေကာမူ တမန်တော်မြတ်ﷺ သခင်သည် ယင်းကဲ့သို့သော အသေးစိတ်အချက်အလက်များကို ရှာဖွေတွေ့ရှိ ရန် နည်းလမ်းမရှိချေ။ ထို့ကြောင့် အခြားသူများအား သတင်းစကားအဖြစ် တစ်စိတ်တစ်ဒေသ အသိပေးခဲ့ခြင်းသည် တမန်တော်မြတ်ﷺ ထံ ဤသတင်းစကားပို့ချပေးခံခဲ့ရ၍ ဖြစ်သည်။ ဤသည်မှာ အမှန်တရားပင်တည်း။ မူရင်းစာသားများက အလွန်အာဝဇ္ဇန်းရွှင်စွာ တင်ပြထားသည်မှာ ၎င်းတို့မဲနှိုက်သောနေရာ၌ တမန်တော်မြတ် ﷺသခင် ရှိမနေခဲ့ပါ။ (ယင်းတို့၏ မဲချနည်းမှာ ကျွဲရိုး ကလောင်တန်ကို ရေထဲပစ်ချရာတွင် ရေစုန်ကို ဆန် တက်သောကလောင်တံပိုင်ရှင်သည် အနိုင်ရသူဖြစ်သည်ဟူသော ကြိုတင်သဘောတူညီချက်ဖြင့်မဲချကြသည်။) ထို့ပြင် မဲချရန်သဘောမတူညီမီအလျင် စိုက်ယိဒါဟ် မရ်ဃမ် သခင်မအား အုပ်ထိန်းရန် အချင်းများနေစဉ်၌လည်း တမန်တော်မြတ်ﷺ သခင် မရှိခဲ့ချေ။

ဟန္နဖီဓမ္မသတ်ပညာရှင်များအဆိုအရ အစ္စလာမ်တရားတော်က သတ်မှတ်အတည်ပြုပြီးဖြစ်၍ အများ သိပြီးဖြစ်သော ရပိုင်ခွင့်များသည်] I r Q "မဲချ"၍ ဆုံးဖြတ်ခြင်း မပြုနိုင်ဟူ၍ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် မဲချ ဆုံးဖြတ်ခဲ့လျှင် "ကိမရ်" (လောင်းကစားခြင်း)ထဲတွင် အကျုံးဝင်သွားသည်။ ပမာဆိုသော် အကယ်၍ တစ်စုံတစ်ရာကို လူအများက အစုစပ်ပိုင်ဆိုင်ခဲ့ပြီး မဲချကာ မဲပေါက်သော ပထမဦးဆုံးသူက အားလုံးသိမ်းကျုံး ရမည်ဆိုသော မဲနှိုက်ခြင်းမျိုးဖြစ်သည်။ သို့မဟုတ် ကလေးမိဘနှင့် ပတ်သက်၍ အငြင်းပွားမှုတွင် မဲချကာ မဲပေါက်သူသည် ကလေးဖခင်ဖြစ်ရမည်ဟူ၍ မဲချခြင်းမျိုးဖြစ်သည်။ အထက်ပါကိစ္စရပ်မျိုးတွင် မဲချခြင်းကို ရှရီအသ်တရားတော်က ခွင့်မပြုချေ။ ထင်မြင်ယူဆချက်အပေါ် တည်မှီသော ရပိုင်ခွင့်များနှင့် ပတ်သက်လျှင် "ကုရ်အဟ်"မဲချခြင်းကို ခွင့်ပြုသည်။ ပမာဆိုသော် အစုစပ်ပိုင်ပစ္စည်းများ ခွဲဝေရာတွင် "က" အရှေ့ဖက်နှင့် "ခ"ကို အနောက်ဖက်ဟု မဲချခွဲဝေခြင်း။ ဤသို့ခွဲဝေခြင်းကို ခွင့်ပြုရခြင်းမှာ မဲမချဘဲနှင့်လည်း နှစ်ဦးသဘောတူ ညီနှိုင်း၍လည်းကောင်း၊ တရားသူကြီး၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း ခွဲဝေနိုင်၍ဖြစ်သည်။ **(ဗယာန္ဒလ်ကုရ်အာန်)**

တနည်းဆိုရသော် သက်ဆိုင်သူအားလုံး၏ရပိုင်ခွင့်များသည် သာတူညီမျှရှိသော အခြေအနေတစ်ရပ် တွင် မည်သည့်ဝေစုဝေပုံသည် မည်သူရထိုက်သည်ဟူသော ကိစ္စမျိုး၌ ဆုံးဖြတ်ရန် မဲချနိုင်ခွင့်ရှိသည်။

VVVVVVVVVV

အာယသ် (၄၅-၄၆)

إِذْ قَالَتِ الْمَلَٰٓئِكَةُ يَٰمَرْيَمُ
إِنَّ اللَّهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ ٱسْمُهُ الْمَسِيحُ عِيسَى ابْنُ مَرْيَمَ
وَجِيهًا فِي الدُّنْيَا وَالْآخِرَةِ وَمِنَ الْمُقَرَّبِينَ ﴿٤٥﴾
وَيُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلًا وَمِنَ الصَّالِحِينَ ﴿٤٦﴾

(ပြန်လည်အောက်မေ့သတိရကြကုန်) အခါတစ်ပါးဌ "မလာအိကဟ်" ကောင်းကင်တမန်များက (မရ်ယမ်အား) ဤသို့ပြောဆိုကြကုန်၏။ အို - မရ်ယမ်၊ အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ မိမိထံတော်မှ မုကွပါဋ္ဌတော် [(ဝါ) အလ္လာဟ်အရှင်မြတ်၏ မုကွပါဋ္ဌတော်ဟူသောဘွဲ့နာမဖြင့် ကျော်ကြားမည့် သားတော်တစ်ပါးရရှိမည့်အကြောင်း)]နှင့် ပတ်သက်၍ ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာသတင်းကို အသင့်ထံသို့ပို့တော်မူ၏။ ယင်း(သားကောင်းရတနာ)၏ အမည်နာမ(နှင့်ဘွဲ့)မှာ မရ်ယမ်၏သား "အီစာ"၊"မစီဟ်"ဟူ၍ဖြစ်အံ့။ ယင်းအီစာသည် မျက်မှောက်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း ဂုဏ်သရေရှိသူလည်းဖြစ်အံ့။ အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သောသူတို့ဘောင်တွင် အပါအဝင်လည်းဖြစ်အံ့။ (၃း၄၅)

ထင်းပြင် ယင်းအီစာသည် (အလ္လာဟ်အရှင်မြတ်အထံတော်မှ တန်ခိုးပြာဋိဟာများ ရရှိခြင်းကြောင့်) ပုခက်တွင်း၌လည်းကောင်း၊ အရွယ်ရောက်သောအခါ၌ လည်းကောင်း၊ လူခပင်းတို့နှင့် စကားစမြည်ပြောဆိုအံ့။ ထင်းပြင်ယင်းအီစာသည် သူတော်စင်သူတော်ကောင်းတို့ဘောင်တွင် အပါအဝင်လည်းဖြစ်အံ့။(၃း၄၆)

ပြီးခဲ့သော အာယသ်တော် (၄၄) သည် အာယသ် ၄၅၊ ၄၆ နှင့် အာယသ် ၄၂-၄၃ တို့ကြားဌ စကားညှပ်အဖြစ်ပါဝင်ခြင်း၏ ရည်ရွယ်ချက်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင် တမန်တော်ဖြစ်ခြင်းကို အတည်ပြုရန်ဖြစ်သည်။ လက်ရှိအာယသ်တော်သည် စိုက်ယိဒါဟ် မရ်ယမ်သခင်မအကြောင်းနှင့် ပြန်လည်စခြင်းသည် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်၏ တန်ခိုးပြာဋိဟာများ၊ လုပ်ငန်းစဉ်များနှင့် မွေးဖွားသန့်စင်ခြင်းအကြောင်းတို့ကို ပြည့်ပြည့်စုံစုံ တင်ပြရန်ဖြစ်သည်။

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်ထဲတွင် ဖော်ပြထားသည့် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်၏ အရည်အချင်းများထဲမှ တစ်ခုမှာ ပုခက်အတွင်း၌ စကားပြောလိမ့်မည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ မည်သည့်ကလေးမျှ မလုပ်နိုင်သော ပုခက်တွင်းမှ ကလေးငယ်ဘဝတွင် စကားပြောဆိုခြင်းကိုဖြစ်သည်။ နောက်အာယသ်တော်တစ်ခုတွင် ဖော်ပြထားသကဲ့သို့ အီစာ﴿عليه السلام﴾ သခင် ကလေးငယ်ဘဝတွင် လူအများသည် စိုက်ယိဒါဟ်မရိယမ်သခင်မအား မမှန်ကန်သော စွပ်စွဲချက်များပေါ် အခြေခံ၍ ပြစ်တင်မောင်းမဲခြင်းကို အီစာ﴿عليه السلام﴾ သခင်မွေးလျှင်မွေးခြင်း၊ လူမမယ်ဘဝတွင်ပင် **انى عبد الله** "ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးဖြစ်သည်" ဟု ကြွေးကြော်ခဲ့သည်။ ထို့နောက် အာယသ်တော်က ဆက်လက်၍ တမန်တော်အီစာ﴿عليه السلام﴾ သခင်သည် အရွယ်ရောက်လျှင်(ကဟ်လ်)လူအများကို စကားစမြည်ပြောဆိုလိမ့်မည်ဟု မိန့်ကြားထားသည်။ ဤနေရာ၌ မှတ်သားထိုက်သည်မှာ ကလေးငယ်ဘဝတွင် စကားပြောခြင်းသည် နိမိတ်လက္ခဏာတစ်ပါးနှင့် တန်ခိုးပြာဋိဟာ တစ်ရပ်ဖြစ်ကြောင်း သေချာသည်။ ထို့ပြင် ဤနေရာ၌ ထိုအကြောင်းဖော်ပြခြင်းကလည်း လျော်ကန်ပေသည်။ သို့သော်လည်း တစ်စုံတစ်ရာ အရွယ်ရောက်ချိန်တွင် လူအများနှင့် စကားပြောခြင်းသည် အလွန်သဘာဝကျ၍ စကားပြောဆိုသူသည် မုစ်လင်မ်ဖြစ်စေ၊ မုစ်လင်မ်မဟုတ်သူဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ အကြောင်းမဟုတ်ချေ။ ထိုကိစ္စရပ်ကို ဤနေရာ၌ အဘယ်ကြောင့် အထူးပြုဖော်ပြထားရသနည်း။ မည်သည်ကို ဆိုလိုသနည်း။

မော်လာနာ အရှ်ရဖ်အလီထာနဝီသခင်၏ ဗယာနွလ်ကုရ်အာန်ကျမ်းတွင် ဤမေးခွန်းအတွက် အဖြေတစ်ခုပေးထားသည်မှာ စစ်မှန်သောရည်ရွယ်ချက်ကား ကလေးငယ်၏ အဓိပ္ပာယ်ရှိသော စကားပြောခြင်းသည် တန်ခိုးပြာဋိဟာဖြစ်ကြောင်း ထင်ရှားစေရန်ဖြစ်သည်။ အရွယ်ရောက်ချိန်တွင် စကားပြောခြင်းကို ရည်ညွှန်းထားခြင်းသည်ကား တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ ကလေးဘဝ စကားပြောဆိုခြင်းသည် သာမန်ကလေး စကားမဟုတ်ဘဲ အရွယ်ရောက်သူများ ပြောဆိုသကဲ့သို့ ပညာသားပါ၍ အာဝဇ္ဇန်းရွှင်ကာ ကျိုးကြောင်းညီညွတ်ကြောင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်၏ စစ်မှန်သော သမိုင်းကြောင်းကို ကြည့်လျှင် ဤကိုးကားချက်ဖြစ်သော အရွယ်ရောက်ချိန် စကားစမြည်ပြောခြင်းသည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်သည် အသက်ရှင်လျက်နှင့် မိုးကောင်းကင်သို့ ကြွတော်မူသည်ဟူသော အစွဲလာမ်ရပ်တည်ချက်ကို ကြီးမား ခိုင်မာသော အခြေတင်ပြောဆိုနိုင်ရန် အကြောင်းဖြစ်စေသည်။

ဟဒီးဆ်ဆင့်ပြန်ချက်များက သက်သေပြသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သည် ကောင်းကင်ခရီးကြွမြန်းခဲ့သောအချိန်သည် သက်တော် (၃၀-၃၅) နှစ်အချိန်ဖြစ်သည်။ ယင်းသည်ကား ငယ်ရွယ်နုပျိုပြီး အကောင်းဆုံးအချိန်ပင်ဖြစ်သည်။ အရဗီစကားလုံး "ကဟ်လ်""လူလတ်ပိုင်း" ဆိုသည်မှာ ဤကမ္ဘာလောကၭ တမန်တော်အီစာ﴿عليه السلام﴾ ဘဝတွင် ဘယ်သောအခါမျှမရောက်ခဲ့သောအချိန်ဖြစ်သည်။ ထို့ကြောင့် တမန်တော်၏ လူလတ်ပိုင်းအသက်အရွယ်တွင် လူအများအား စကားပြောဆိုခြင်းမှာ ဤကမ္ဘာလောကသို့ ကောင်းချီးပေးသည့် အနေနှင့် တမန်တော်﴿عليه السلام﴾ ပြန်လည်ကြွချီလာချိန်တွင်သာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သူ၏ကလေးဘဝတွင် စကားပြောခြင်းသည် တန်ခိုးပြာဋိဟာ တစ်ခုဖြစ်သကဲ့သို့ သူ၏လူလတ်ပိုင်းအရွယ်၌ စကားပြောခြင်းသည်လည်း နောက်ထပ်တန်ခိုးပြာဋိဟာမှလွဲ၍ အခြားမဖြစ်နိုင်ပါ။

အာယသ် (၄၇)

قَالَتْ
رَبِّ اَنّٰى يَكُوْنُ لِىْ وَلَدٌ وَّلَمْ يَمْسَسْنِىْ بَشَرٌ ؕ قَالَ كَذٰلِكِ اللّٰهُ
يَخْلُقُ مَا يَشَآءُ ؕ اِذَا قَضٰٓى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ۝٤٧

ထိုသူမ (မရ်ယမ်သခင်မ)သည် (အပါးတော်စေတမန်များ၏ စကား များကို ကြားရလျှင် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ ဤသို့လျှောက်ထားခဲ့လေသည်) အို-ကျွန်တော်မ၏အရှင် ကျွန်တော်မျိုးမ၌ မည်သည့်နည်းဖြင့် သား ရတနာရှိနိုင်ပါအံ့နည်။ အမှန်စင်စစ်သော်ကား မည်သည့်ယောကျ်ားတစ်ဦး တစ်ယောက်ကမျှ ကျွန်တော်မျိုးမအား ထိတွေ့ဘူးခဲ့သည်မရှိပါ။ (ထိုအခါ) အလ္လာဟ်အရှင်မြတ်က (အို-မရ်ယမ် အသင်၌ မည်သူတစ်ဦးတစ်ယောက်မျှ ထိတွေ့ခြင်းမရှိဘဲလျက်) ဤနည်းအတိုင်းပင် (သားကောင်းရတနာ တစ်ပါး ရရှိအံ့၊ အကြောင်းတစ်မူကား) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာ ဖန်ဆင်းတော်မူ၏။ ထိုအရှင်မြတ်သည် တစ်စုံတစ်ခုသော အရေးကိစ္စကို စီရင်ပြဋ္ဌာန်းတော်မူသောအခါ ထိုအရေးကိစ္စဖြစ်စေဟူ၍ မိန့်ကြားတော်မူရုံ မျှဖြင့် ထိုအရေးကိစ္စသည် (တမဟုတ်ခြင်းပင်) ဖြစ်လာလေသည်။ (၃း၄၇)

စိုက်ယိဒါဟ် မရ်ယမ်သခင်မသည် အပျိုစင်ဖြစ်သောကြောင့် အာယသ်တော် (၄၆) ပါ စိုက်ယိဒိနာ အီစာ ﴿عليه السلام﴾ သည် အဖေမပါဘဲ မွေးဖွားလိမ့်မည်ဟူသော သတင်းကို ကောင်းကင်တမန်က ပြောကြားသောအခါ သူမသည် အံ့သြခြင်းဖြစ်ခဲ့ရသည်။ ယင်းကိစ္စ မည်ကဲ့သို့ဖြစ်နိုင်မည်နည်းဟု သူမ နဝေတိမ်တောင်ဖြစ်ခဲ့ရသည်။ ထိုကိစ္စသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးပြာဋိဟာအရဖြစ်မည်လော သို့တည်းမဟုတ် သူမအား ယောကျ်ား တစ်ဦးနှင့် လက်ထပ်ထိမ်းမြားစေခိုင်းမည်လော။ အလ္လာဟ်အရှင်မြတ်၏အဖြေသည် ယောကျ်ားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုသည်ကို လုံးဝပယ်ရှားခဲ့သည်။ ယောကျ်ားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းဟူသည့် ကန့်သတ်ချက်မရှိဘဲ နှင့် "အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာကို ဖန်ဆင်းတော်မူ" ဟူသည်မှာ တစ်စုံတစ်ရာကို ဖြစ်စေ ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ဆန္ဒတော်တစ်ခုတည်းနှင့် လုံလောက်ပါသည်။ အလ္လာဟ်အရှင်မြတ်အတွက် မည်သည့်ကြားခံကိုဖြစ်စေ၊ အကြောင်းတရားကိုဖြစ်စေ မလိုအပ်ချေ။ "ဖြစ်စေ" ဟူသော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် အရာအားလုံး ဖြစ်စေပါသည်။

VVVVVVVVVV

အာယသ် (၄၈-၅၁)

وَيُعَلِّمُهُ الْكِتٰبَ وَالْحِكْمَةَ وَالتَّوْرٰىةَ وَالْاِنْجِيْلَ ۚ﴿٤٨﴾ وَرَسُوْلًا اِلٰى
بَنِيْٓ اِسْرَآءِيْلَ ۙ اَنِّيْ قَدْ جِئْتُكُمْ بِاٰيَةٍ مِّنْ رَّبِّكُمْ ۙ اَنِّيْٓ اَخْلُقُ
لَكُمْ مِّنَ الطِّيْنِ كَهَيْـَٔةِ الطَّيْرِ فَاَنْفُخُ فِيْهِ فَيَكُوْنُ طَيْرًا بِاِذْنِ
اللّٰهِ ۚ وَاُبْرِئُ الْاَكْمَهَ وَالْاَبْرَصَ وَاُحْيِ الْمَوْتٰى بِاِذْنِ اللّٰهِ ۚ وَ
اُنَبِّئُكُمْ بِمَا تَاْكُلُوْنَ وَمَا تَدَّخِرُوْنَ ۙ فِيْ بُيُوْتِكُمْ ۭ اِنَّ فِيْ ذٰلِكَ
لَاٰيَةً لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ﴿٤٩﴾ وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ
التَّوْرٰىةِ وَلِاُحِلَّ لَكُمْ بَعْضَ الَّذِيْ حُرِّمَ عَلَيْكُمْ وَجِئْتُكُمْ
بِاٰيَةٍ مِّنْ رَّبِّكُمْ ۣ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ۚ﴿٥٠﴾ اِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ
فَاعْبُدُوْهُ ۭ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ۚ﴿٥١﴾

ထိုမှတစ်ပါးတဲ့ ထိုအရှင်မြတ်သည် ယင်း(သားတော်) အားကျမ်းဂန်ကို လည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း၊ "သောင်ရသ်" ကျမ်းမြတ်ကိုလည်းကောင်း၊ "အင်နဂျီလ်" ကျမ်းမြတ်ကိုလည်းကောင်း သင်ကြားပြသတော်မူလတ္တံ့။ (၃း၄၈)

ထို့ပြင်တစ်ဝ (ယင်းသားတော်) အားအစ္စရာအီလီမျိုးနွယ်အပေါင်းတို့ထံသို့ ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူအံ့။ (ထိုအခါ ယင်းသားတော်က အစ္စရာအီလ်လီမျိုးနွယ်တို့အား ဤသို့ပြောကြားအံ့။)"(အို-အချင်းတို့) ကျွန်ုပ်သည် ဧကန်မုချ အသင်တို့ထံသို့ အသင်တို့၏အရှင်မြတ်အထံတော်မှ သက်သေလက္ခဏာ တန်ခိုးပြာဋိဟာရ်များကို အမှန်ပင်ဆောင်ယူခဲ့ပါသည်။ အကျွန်ုပ်သည် မုချဧကန် အသင်တို့ (ယုံကြည်အံ့သောငှာ) ရွှံမြေဖြင့်ငှက်တိရစ္ဆာန်၏ ပုံသဏ္ဌာန်ကဲ့သို့ ငှက်ရုပ်ပြုလုပ်ပြီးနောက် ထိုပုံသဏ္ဌာန်အတွင်းသို့ မန်းမှုတ်မည်။ ထိုအခါ ငှက်ရုပ်သည် အလွှာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် (အသက်ရှင်၍ ပျံသန်းနိုင်သောပကတိ) ငှက်တိရစ္ဆာန်ဖြစ်လာအံ့။ ၎င်းပြင် ကျွန်ုပ်သည် အမိဝမ်းတွင်းမှ စက္ခုအလင်းမရရှိခဲ့သောသူကို လည်းကောင်း၊ (ခရုသင်းစသော) ကုဋ္ဌနူနာစွဲကပ်သူကိုလည်းကောင်း၊ ရောဂါဘယ

ပျောက်ကင်း (၍ပြကတော့ လူကောင်းများဖြစ်လာ) နိုင်စေအံ့။ ထိုနည်းတူစွာ ကျွန်ုပ် သည် အလ္လာဟ်အရှင်မြန်၏အမိန့်တော်ဖြင့် သူသေများကိုလည်း ရှင်စေနိုင် အံ့။ ထိုမှတစ်ပါးတဲ့ အကျွန်ုပ်သည် အသင်တို့ မိမိတို့အိမ်များတွင် စားသုံး ခဲ့သောအရာများကိုလည်းကောင်း၊ အသင်တို့ (မိမိတို့အိမ်များ၌) သိမ်းဆည်း သိုမှီးထားခဲ့သော အရာများကိုလည်းကောင်း၊ အသင်တို့အား ထုတ်ဖော်ပြောကြားနိုင်အံ့။ အကယ်၍သာ အသင်တို့သည် ယုံကြည်သူများ ဖြစ်ကြပါမူ မလွဲဧကန် ဤအချက်၌ အသင်တို့အဖို့ရာ လုံလောက်စွာသော သက်သေလက္ခဏာ တန်ခိုးပြာဋိဟာ မုချရှိပေသည်။ (၃း၄၉)

ထို့ပြင် (အို-အချင်းတို့) အကျွန်ုပ်သည် မိမိအလျင်ရှိနှင့် ပြီးဖြစ်သော သောင်ရသ်ကျမ်းကိုထောက်ခံအတည်ပြုသူအဖြစ်လည်းကောင်း၊ အသင်တို့ အဖို့ရာ (နဗီတမန်တော်မူစာ﴿ﷺ﴾ ၏ ပဋိပတ်ကျင့်စဉ်၌) "ဟရာမ်"ဟူ၍ မြစ်တားထားသောအရာများအနက်မှ အချို့ကို "'ဟလာလ်"ဟူ၍ ခွင့်ပြုအံ့ သောဌာလည်းကောင်း (ပွင့်ခဲ့သည်။) ထို့ပြင် ကျွန်ုပ်သည် အသင်တို့ထံသို့ အသင်တို့၏အရှင်မြတ်ထံတော်မှပင်(လုံလောက်စွာသော)သက်သေလက္ခဏာ တန်ခိုးပြာဋိဟာကိုလည်း ဆောင်ယူခဲ့သည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်။ ၎င်းပြင် အကျွန်ုပ်ဟောပြော သော ဓမ္မဒေသနာများကိုလည်း (တစ်သဝေမတိမ်း) လိုက်နာဆောင်ရွက် ကြကုန်။ (၃း၅၀)

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်ကို မွေးမြူတော်မူသော အရှင်လည်းဖြစ်တော်မူ၏။ အသင်တို့ကို မွေးမြူတော်မူသော အရှင်မြတ် လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ လျှင် ဓဝတ်ကိုးကွယ်ကြကုန်။ ဤကား ဖြောင့်မတ်မှန်ကန်သော တရားလမ်း ပင် ဖြစ်ချေသည်။ (၃း၅၁)

(၁) စိုက်ယိဒနာ အီစာ﴿عليه السلام﴾ သည် အလ္လာဟ်အရှင်၏ ကျမ်းဂန်များ၊ အသိ ဉာဏ်ပညာများ၊ အထူးသဖြင့် သောင်ရသ်နှင့် အင်နှ်ဂျီလ်ကျမ်းကို သင်ကြားပေးခြင်းခံရသည်ဟူသော ဂုဏ်ပုဒ်ဖြင့် မွေးဖွားလာခဲ့ခြင်း၊ အစ္စရာ အီလ်လူမျိုးများအားလုံးထံသို့ အလ္လာဟ်အရှင်မြတ် စေတမန်တော်အဖြစ် ပို့လွှတ်ခံရခြင်း စသည့် စိုက်ယိဒနာ အီစာ﴿عليه السلام﴾ ၏ ပါရမီထူးများကို အာယသ်တော် (၄၈) က ပြန်လည်ပြောပြသည်။

(၂) ထိုသူများအတွက် တမန်တော်အီစာ﴿عليه السلام﴾ သယ်ဆောင်လာသည့် သတင်းစကားသည် ၎င်းတမန်တော်ဖြစ်ကြောင်းကို ထောက်ခံသည့် အချေအတင်ပြောကြားချက်ပင် ဖြစ်သည်။ သူတို့ယုံကြည်စိမ့်သောဌာ

အာယသ်တော် (၄၉) တွင် ဖော်ပြထားသည်။ ပြသမည့်လက္ခဏာတော်သည်လည်းကောင်း၊ တန်ခိုးပြာဋိဟာ လေးရပ်သည်လည်းကောင်း စိတ်အားထက်သန်သော ယုံကြည်သူများအတွက် လုံလောက်ပါသည်။

(၃) အာယသ်တော် (၅၀) မိန့်ကြားသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သည် အလျင်က ကျရောက်ခဲ့ပြီးသော သောင်ရသ်ကျမ်းကို အတည်ပြုရန်နှင့် "မိုးဇက်" မူစာ﴿عليه السلام﴾ ၏ တရားဥပဒေတွင် သူတို့အတွက် တရားမဝင်အဖြစ် တည်ရှိနေသည်များကို တရားဝင်ပြုလုပ်ရန် လာရောက်ရကြောင်း ကြေညာပါလိမ့်မည်။ ဆိုလိုသည်မှာ အစောပိုင်း ကိုဝဥပဒေတွင် ပါဝင်သော တရားမဝင်သည့် အချို့အရာများသည် ကိုဝဥပဒေအသစ်ဖြင့် ပယ်ဖျက်ပြီးသားဖြစ်ပါလိမ့်မည်။ ဖျက်သိမ်းကြောင်း အခိုင်အမာပြောချက်သည် ၎င်း၏ တမန်တော်ဖြစ်ကြောင်း အပြီးသတ် အခြေအတင်ပြောဆိုချက်ပင် ဖြစ်သည်။ ၎င်း၏ မှန်ကန်ကြောင်း သက်သေပြချက်များသည် အလွှာဟ်အရှင်မြတ်အထံတော်မှလာသော သက်သေလက္ခဏာများဖြစ်သည်။

(၄) တမန်တော်ဖြစ်ကြောင်းကို အတည်ပြုပြီးသည်နှင့် တပြိုင်နက် အာယသ်တော် (၅၁) က မိန့်ကြားသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သည် ၎င်းတို့အား အလွှာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်းကို သတိထားရန်နှင့် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန်၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သင်ကြားပို့ချချက်များကို လေးစားလိုက်နာရန် မှာကြားပါလိမ့်မည်။ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သင်ကြားပို့ချ ချက်များကို အတိုချုံး ဖော်ပြရလျှင် "အလွှာဟ်အရှင်မြတ်သည် အသင်တို့၏ အရှင်သခင်ဖြစ်သကဲ့သို့ ကျွန်ုပ်၏ အရှင်သခင်လည်း ဖြစ်သည်။" ကျင့်သုံးမှုတွင် ယုံကြည်မှုအထွဋ်အထိပ်နှင့် ထိုအရှင်မြတ်အား ခဝတ်ကိုးကွယ်ကြကုန်။ဤသည်မှာပင် ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်ပြီး၊ လုပ်ဆောင်မှု များနှင့် ယုံကြည်ချက်များကို ပြီးပြည့်စုံသော စံနမူနာ ယူလောက်သော ပေါင်းစည်းမှုဖြစ်စေကာ ကယ်တင်ခံရ ခြင်းသို့ ရောက်စေနိုင်ပြီး အလွှာဟ်အရှင်မြတ်ကို ဖူးတွေ့ရမည့် အရင်းအမြစ်လည်း ဖြစ်စေပါသည်။

ဥပဒေသ

ဒုက်ပုံသဏ္ဌာန် ပြုလုပ်ခြင်းဆိုသည်မှာ ဒုက်ရုပ်ဆွဲခြင်းပင်ဖြစ်သည်။ ၎င်း၏ရှရီအသ်၌ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကို ခွင့်ပြုထားပါသည်။ ကျွန်ုပ်တို့၏ ရရှိအသ်တွင် ထိုကဲ့သို့ ပြုလုပ်ခွင့်ကို ဖျက်သိမ်းပြီး ဖြစ်ပါသည်။

VVVVVVVVV

အာယသ် (၅၂-၅၃)

فَلَمَّآ اَحَسَّ عِيْسٰى مِنْهُمُ
الْكُفْرَ قَالَ مَنْ اَنْصَارِيْٓ اِلَى اللّٰهِ ۭ قَالَ الْحَوَارِيُّوْنَ نَحْنُ
اَنْصَارُ اللّٰهِ ۚ اٰمَنَّا بِاللّٰهِ ۚ وَاشْهَدْ بِاَنَّا مُسْلِمُوْنَ ۝ رَبَّنَآ اٰمَنَّا
بِمَآ اَنْزَلْتَ وَاتَّبَعْنَا الرَّسُوْلَ فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ۝

တစ်ဖန် (နဗီတမန်တော်) အီစာ﴿عليه السلام﴾ သည် ယင်း (အစ္စရာအီလ်မျိုးနွယ်)များဘက်မှ သွေဖည်ငြင်းဆန်မှုကို တွေ့သိရသောအခါ "အကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်၌ကူညီစောင်မမည့်သူ မည်သူများရှိကြသနည်း"ဟု မေးမြန်းလေသည်။ (ထိုရောကာလ) ဟဝါရီများက 'ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် (၏သာသနာတော်ကို) ကူညီသောသူများဖြစ်ကြပါသည်။ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ကြပါပြီ။ သို့ဖြစ်ပါ၍ အသင်(နဗီတမန်တော်ကိုယ်တိုင်) ပင် ကျွန်တော်မျိုးတို့သည် အမိန့်နာခံသောသူများဖြစ်ကြောင်း သက်သေခံတော်မူပါ"ဟု ပြောဆိုကြကုန်၏။ (၃း၅၂)

(ထို့နောက် ယင်းဟဝါရီတို့က) "အို-ကျွန်တော်မျိုးတို့၏အရှင်မြတ် ကျွန် တော်မျိုးတို့သည် အရှင်မြတ်ထုတ်ပြန်ပို့ချတော်မူသော အမိန့်တော်များကို ယုံကြည်၍ (အရှင်မြတ်စေလွှတ်တော်မူသော) ရစူလ်တမန်တော် (အီစာ)﴿عليه السلام﴾ ၏ ဩဝါဒတော်များကို (လည်းတစ်သဝေမတိမ်း) လိုက်နာကြပါပြီ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သက်သေခံသူအပေါင်းနှင့်အတူ ရေးမှတ်တော်မူပါ" (ဟုအလ္လာဟ်အရှင်မြတ်အထံတော်၌ ဆက်လက်၍ ဆုတောင်းပတ္ထနာပြုကြကုန်သတည်း။) (၃း၅၃)

အစောပိုင်းကဖော်ပြခဲ့သည့် ကောင်းချီးမင်္ဂလာအတိပြီးသော ကြိုတင်ပြောကြားချက်နောက်တွင် စိုက်ယိဒနာ အီစာ﴿عليه السلام﴾ သည် ဂတိပြုထားသော သက်သေလက္ခဏာနှင့်အညီ မွေးဖွားခဲ့ပါသည်။ ဗနီအစ္စရာအီလ်မျိုးနွယ်စုသို့ စေလွှတ်ခြင်းခံရသော တမန်တော်တစ်ဦးအနေဖြင့် ၎င်းဖိတ်ခေါ်ချက်ကို ဗနီအစ္စရာအီလ်တို့အား တင်ပြခဲ့ပါသည်။ ၎င်း၏ တမန်တော်ဖြစ်ခြင်းကိုလည်း တန်ခိုးပြာဋိဟာများ အထောက်အကူဖြင့် ပြသခဲ့ပါသည်။ သို့ရာတွင် ဗနီအစ္စရာအီလ်တို့သည် စိတ်နှလုံးမာကြောခက်ထန်ပြီး တမန်တော်ဖြစ်ခြင်းကို အစဉ်ငြင်းဆိုခဲ့ကြပါသည်။ အဘယ်မျှ ငြင်းပယ်ခဲ့သနည်းဟုမူ တမန်တော်အား ကိုယ်ထိလက်ရောက် ရန်ပြုသည်အထိ

ရောက်ရှိသွားပါသည်။ အာယသ်တော်၏စာသားသည် တမန်တော်အီစာ ﴿عليه السلام﴾ ၏ ပထမဦးဆုံးသော နောက်လိုက်များအကြောင်းကို ဖော်ပြထားပါသည်။ ထိုသူတို့သည် စစ်မှန်သောယုံကြည်ချက်ကို ပေါ်လွင်ထင်ရှားစေရန် ဦးစွာပထမ သူတို့၏ တမန်တော်ရှေ့မှောက်၌ ဖော်ထုတ်ပြသပြီး အာယသ်တော် (၅၃)တွင် သူတို့၏ အရှင်သခင်ရှေ့၌ ဆုမွန်ဒုအာအဖြစ် အဖန်တလဲလဲ ဖော်ပြခဲ့ကြပါသည်။

အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော်(၅၂)တွင်ပါဝင်သော **حوارى** "ဟဝါရီ"ဟူသောစကားလုံးသည် **اَلْحَوَارِيُّوْنَ** "အလ်ဟဝါရီယူမ်"ဟူသော စကားလုံး၏ အနည်းကိန်းဖြစ်ပြီး ယင်း၏အဓိပ္ပာယ်မှာ နောက်လိုက်များဟူ၍ဖြစ်သည်။ ထိုစကားလုံးသည် "ဟဝါ" ဟူသောစကားလုံးမှ ဆင်းသက်လာပြီး "ဟဝါ"၏ အဓိပ္ပာယ်မှာ ဖြူဖွေးသန့်စင်ခြင်းဟု ရရှိပါသည်။ ဘာသာရေး ဆိုင်ရာ အသုံးအနှုန်းတွင် "အဟဝါရီ"ဟူသောဘွဲ့ကို ရိုးသားဖြောင့်မတ်သော နောက်လိုက်များကိုလည်းကောင်း၊ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ ၏ ဆွေဟာဗတ်ကြီးများကိုလည်းကောင်း ပေးအပ်ခဲ့ပါသည်။ ယင်းသို့ပေးအပ်ခြင်း၏ အကြောင်းရင်းမှာ ထိုနောက်လိုက်များ၏ ရိုးသားဖြောင့်မတ်ခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့ ယင်းတို့၏နှလုံးသား ဖြူစင်သန့်ရှင်းခြင်းကြောင့်လည်းကောင်း ထိုသူတို့၏ ဖြူဖွေးသော ဝတ်ဖြူစင်ကြယ်များကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ အလားတူစွာ တမန်တော်မြတ်﴿ﷺ﴾ ၏နောက်လိုက်များကိုလည်း ဆွေဟာဗီဟု ခေါ်ဆိုကြသည်။ ယင်းစကားလုံးသည် ဆွေဟာဗတ်၏ အများကိန်းဖြစ်သည်။

အချို့သော အကျယ်ဖွင့်ဆိုသူများက တမန်တော်အီစာ﴿عليه السلام﴾ ၏နောက်လိုက်များကို (၁၂)ဦးဟု ဖော်ပြကြသည်။ ဆက်စပ်ဖော်ပြရလျှင် "ဟဝါရီ"ဟူသော စကားလုံးသည် တစ်ခါတစ်ရံ "ကူညီသူ" (သို့) "ထောက်ခံသူ" ဟူသည့် သဘောကိုအကြွင်းမဲ့အဓိပ္ပာယ်သက်ရောက်စေရန် သုံးစွဲခဲ့သည်။ ထိုအနက် အဓိပ္ပာယ်ကို သက်ရောက်စေသည့်အနေဖြင့် ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားသည်မှာ တမန်တော်တိုင်း၌ "ဟဝါရီ"တစ်ယောက်တစ်ယောက်ရှိပါသည်။ ဆိုလိုသည်မှာ ဖြောင့်မတ်မှန်ကန်သော နောက်လိုက်တစ်ဦးဟူ၍ ဖြစ်သည်။ ဇုဗိုင်းရ်သည် ကွန်နုံပ်၏ "ဟဝါရီ"ပင် ဖြစ်တော့သည်။ **(သဖ်စီရ်အလ်ကုရ်တုဗီ)**

အရေးကြီးသောမှတ်စု

အာယသ်တော် (၅၂)တွင် မိန့်ကြားထားသည်မှာ - စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သည် အလ္လာဟ်အရှင်မြတ်လမ်းတော်အတွက် ကူညီသူများရှာဖွေခဲ့ရာတွင် ၎င်း၏ဖိတ်ခေါ်ချက်၏ ကနဦးအဆင့်တွင်မဟုတ်မူဘဲ မယုံကြည်သွေဖည်ငြင်းပယ်ခဲ့သူများက ရန်ညှိုးဖွဲ့မှုကို သိရှိခံစားပြီးမှဖြစ်သည်။ ထင်ရှားသည်မှာ ၎င်းသည် ကြိုတင်ပြီး လူတစ်စုကို စုထားရန်အတွက် သောကမရှိဘဲ၊ အလ္လာဟ်အရှင်မြတ်၏အမိန့်ကိုနာခံကာ ပေးအပ်သည့်တာဝန်ကို တစ်ဦးတည်းဆောင်ရွက်ခဲ့သည်။ လိုအပ်လာသောအချိန်တွင် အုပ်စုတစ်ခုရှိပြီးဖြစ်နေသည်ကို တွေ့ရသည်။ ဤတွင် အနည်းငယ်သော တွေးတောကြံဆမှုက ထိုက်တန်သော စေခိုင်းချက်တိုင်းတွင် ဤကဲ့သို့သော သိန္ဒိဋ္ဌာန်ချမှတ်မှုနှင့် ဇွဲသတ္တိလိုအပ်ကြောင်းကို အနည်းငယ် စဉ်းစားတွေးတောရုံဖြင့် သိနိုင်ပါသည်။

အာယသ် (၅၄-၅၅)

وَمَكَرُوْا وَمَكَرَ اللّٰهُ ؕ وَاللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿۵۴﴾ اِذْ قَالَ اللّٰهُ
يٰعِيْسٰۤى اِنِّىْ مُتَوَفِّيْكَ وَرَافِعُكَ اِلَىَّ وَمُطَهِّرُكَ مِنَ الَّذِيْنَ
كَفَرُوْا وَجَاعِلُ الَّذِيْنَ اتَّبَعُوْكَ فَوْقَ الَّذِيْنَ كَفَرُوْۤا اِلٰى
يَوْمِ الْقِيٰمَةِ ۚ ثُمَّ اِلَىَّ مَرْجِعُكُمْ فَاَحْكُمُ بَيْنَكُمْ فِيْمَا كُنْتُمْ
فِيْهِ تَخْتَلِفُوْنَ ﴿۵۵﴾

ယင်း (အစ္စရာအီလ်မျိုးနွယ်တို့အနက် တမန်တော်အီစာအား မယုံကြည်သော) သူတို့သည်လည်း (နဗီတမန်တော်အီစာ﴿عليه السلام﴾ ကို သတ်ဖြတ်ကြရန် အလို့ငှာ ပရိယာယ်မာယာဝေဝုန်းအားဖြင့်) လိမ်မာပါးနပ်စွာ ကြံစည်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည်လည်း (နဗီတမန်တော်အီစာ﴿عليه السلام﴾)အား ယင်းသူတို့၏ ဘေးရန်ခပ်သိမ်းတို့မှ ကင်းလွတ်စေတော်မူခြင်းငှာ) ပရိယာယ်ဝေဝုန်းဖြင့်ပင် ကြံဆောင်တော်မူခဲ့လေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပရိယာယ်ဝေဝုန်းဖြင့် ကြံဆောင်သူများထက် အကောင်းဆုံးကြံဆောင်တော်မူနိုင်သော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၅၄)

တရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်က အိုး-အီစာ (အသင်သည် မည်သို့မျှ စိုးရိမ်ကြောင့်ကြခြင်းမရှိလေနှင့်) မုချဧကန် ငါအရှင်မြတ်သည် အသင့်ကို (သတ်မှတ်ထားသောအချိန်၌) သေစေတော်မူအံ့။ ၎င်းပြင် အသင့်အား မိမိအထံတော် (ကောင်းကင်ဘုံ) သို့ပင့်မယူတော်မူအံ့။ ၎င်းပြင် မယုံကြည်သွေဖည်ငြင်းပယ်သော ကာဖိရ်တို့ (၏စွပ်စွဲချက်တို့)မှ သန့်ရှင်းစင်ကြယ်၍ လွတ်ကင်းတော်မူအံ့။ ၎င်းပြင်အသင်၏ ဩဝါဒကို လိုက်နာသူတို့အား (အသင့်ကို) မယုံမကြည်ငြင်းဆန်သော ကာဖိရ်တို့အထက်ဝယ် ကိယာမသ်နေ့အထိ လွှမ်းမိုးစေတော်မူအံ့။ ပြီးနောက်တစ်ဖန် အသင်တို့၏ (နောက်ဆုံး) ပြန်လည်ရာစခန်းသည် ငါအရှင်မြတ်၏အထံတော်တွင်ရှိနေပေရာ ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း အကွဲအလွဲရှိခဲ့သော ကိစ္စများနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူအံ့။ (၃း၅၅)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များတွင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ ကောင်းကင်သို့ ကြွရောက်ခြင်း တန်ခိုးပြာဋိဟာ အကြောင်း အဖြစ်အပျက်ကို ဖော်ပြထားသည်။ "သူတို့သည် (ပရိယာယ်ဝေဝုစ်သောအားဖြင့်) လိမ်မာပါးနပ်စွာ ကြံစည်ခဲ့ကြ၏။" ဟူသည် ဂျူးတို့၏ မကောင်းဆိုးဝါးအကြံအစည်များကို ရည်ညွှန်းပါသည်။ ၎င်းတို့သည် တမန်တော်အီစာ﴿عليه السلام﴾ အား ဖမ်းဆီးကာ လက်ဝါးကပ်တိုင်တွင်တင်၍ သတ်ရန်ကြံစည်ခဲ့ကြပါသည်။

နောက်စာကြောင်းဖြစ်သော "အလ္လာဟ်အရှင်မြတ်သည်လည်း ပရိယာယ်ဝေဝုစ်ဖြင့် ကြံဆောင်တော်မူခဲ့လေသည်။" သည် ဂျူးတို့၏မကောင်းသော အကြံအစည်များမှ အရှင်မြတ်၏တမန်တော်ကို ကယ်တင်ရန် အတွက် အလ္လာဟ်အရှင်မြတ် စီမံတော်မူခြင်းကို ရည်ညွှန်းပါသည်။ ဂျူးတို့သည် ၎င်းတို့ထဲမှ လူတစ်ဦးအား စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ အား ဖမ်းဆီးရန် စေလွှတ်ခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား တမန်တော် အီစာ ﴿عليه السلام﴾ နှင့်တူစေရန် သူ၏မျက်နှာအား ပြုပြင်ပြောင်းလဲခဲ့ပါသည်။ တမန်တော်အီစာ﴿عليه السلام﴾ ကိုမူကား အလ္လာဟ် အရှင်မြတ်သည် ကောင်းကင်ဘုံသို့ခေါ်ဆောင်သွားပြီး၊ ထိုသူမှာမူ တမန်တော်အီစာဟု ထင်မှတ်မှားကာ လက် ဝါးကပ်တိုင်၌တင်၍ အသတ်ခံရလေသည်။ အလ္လာဟ်အရှင်မြတ်သည် အီစာ﴿عليه السلام﴾ အား ယင်းတို့၏ ပြုသမျှခံနေရခြင်းမှ ကယ်တင်ရန်ကို မည်ကဲ့သို့ ကြံစည်ထားကြောင်း၊ တမန်တော်အီစာ﴿عليه السلام﴾ ၏ ရန်သူများက သူ့အား ဖမ်းဆီးရန်လာကြသောအခါမှ အလ္လာဟ်အရှင်မြတ်က ထင်ရှားစေရန် ပြသခဲ့သည်။ ထိုပြသချက်၏ အသေး စိတ်များကို အာယသ်တော် (၅၅) တွင် ဖော်ပြထားသည်။

အာယသ်တော်ပါ အရေးကြီးသော စကားလုံးတို့ကို ရှင်းလင်းခြင်း

မုစ်လင်မ်အများစုက ယုံကြည်ထားသည့် တမန်တော်အီစာ﴿عليه السلام﴾ ကောင်းကင်ဘုံသို့ ကြွမြန်းတော်မူခြင်း၊ ကောင်းကင်ဘုံ၌ အသက်ရှင်လျက်ရှိနေခြင်းနှင့် နောင်တစ်ချိန်၌ ကောင်းကင်ဘုံမှ မြေပြင်သို့ဆင်းလာခြင်းတို့ကို ဆန့်ကျင်ငြင်းပယ်သောအချို့သော ဂိုဏ်းဂဏဝင်တို့က ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများနှင့် အာယသ် တော်များ၏ အဓိပ္ပာယ်များကို ကြိုက်သလို ကောက်ယူပြီး ကုရ်အာန်ကျမ်းတော်မြတ် စာသားများကို ပုံပျက်ပန်းပျက်ဖြစ်စေပါသည်။ ထို့ကြောင့် စာလုံးများကို အသေးစိတ် ရှင်းလင်းပြခြင်းသည် လျော်ကန်သင့်မြတ်သည်ဟု ထင်မိပါသည်။

ကျွန်ုပ်တို့သည် **وَاللهُ خَيْرُ الْمٰكِرِيْنَ** "အလ္လာဟ်အရှင်မြတ်သည် ပရိယာယ်ဝေဝုစ်ဖြင့် ကြံဆောင်သူများထက် အကောင်းဆုံးကြံဆောင်တော်မူနိုင်သော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း" ဟူသည်နှင့် အစပြုကြပါစို့။ "မာကရ်" **مَكر** ဟူသော အရဗီစကားလုံးသည် နူးညံ့သိမ်မွေ့ပြီး လျှို့ဝှက်သော လုပ်ဆောင်ချက်ဟုလည်းကောင်း အကြံအစည်ဟုလည်းကောင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤအကြံအစည်ကို ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ပါက ကောင်းမွန်ပြီး၊ မကောင်းသောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ပါက မကောင်းပါ။ ထို့ကြောင့် အာယသ် (၃၅:၄၃) လာ **وَلَا يَحِيْقُ الْمَكْرُ السَّيِّئُ اِلَّا بِاَهْلِهٖ** "အမှန်စင်စစ်သော်ကား မကောင်းသောအကြံအစည်၏ အကျိုးသည် မကောင်းသော အကြံအစည်ကို ကြံစည်သောသူတို့၏ အပေါ်၌သာလျှင် သက်ရောက်ပေသည်"

တွင် (“မာကရ်” **مَكر**) (လုပ်ဆောင်ချက်၊ အကြံအစည်) ၏ရှေ့တွင် (“စိုက်ယိ **سيئ**”) (မကောင်းသော) ကို ခံထားသည်။

ကုရ်အာန်ကျမ်းတော်မြတ်ပါ “မာကရ်” ဟူသောစကားလုံးကို (အကျယ်ဖွင့်ဆိုချက်ရေးသားနေချိန်၌) အုရ်ဒူဘာသာစကား နေ့စဉ်သုံးသော ဓလေ့အသုံးနှုန်းတွင် ပူးပေါင်းကြံဆည်ခြင်း၊ မကောင်းသော အကြံအစည်များ ကြံ စည်ခြင်း၊ မကောင်းသည့်နည်းဗျူဟာများလုပ်ဆောင်ခြင်းတို့အတွက် သီးသန့်သုံးစွဲပါသည်။ ထို့ကြောင့် ဤ စကားလုံးကို အရဗီအသုံးနှင့် နှိုင်းယှဉ်၍ မရပါ။ ထို့ကြောင့် ဤနေရာ၌ အလ္လာဟ်အရှင်မြတ်အား “ခိုင်းရှလ် မာကိရ်ရီ” **خَيْرُ الْمٰكِرِيْنَ** ဟု ခေါ်ဆိုခဲ့ပါသည်။

အာယသ်တော်က ဆိုလိုသည်မှာ ဂျူးတို့သည် ပူးပေါင်းကြံစည်မှုနှင့် လျှို့ဝှက်စီမံကန်းများ တသီကြီးကို စတင်လုပ်နေကြသည်။ အဘယ်မျှ ပူးပေါင်းကြံစည်နေကြသနည်းဟူမူ တမန်တော်အီစာ﴿عليه السلام﴾ သည် ဒိဋ္ဌိဖြစ်ပြီး၊ သောင်ရသ်ကျမ်းတော်ကိုလည်း ပြုပြင်ပြောင်းလဲကာ လူတိုင်းကို ဘုရားမဲ့များဖြစ်စေရန် လုပ်ဆောင်နေပါသည်ဟူ၍ ယင်းအချိန်က အုပ်ချုပ်သူများအား သွေးဆောင်ပြောကြားခဲ့သည်အထိ ဖြစ်သည်။ အုပ်ချုပ်သူများက စိုက်ယိဒိနာအီစာ﴿عليه السلام﴾ အား ဖမ်းဆီးရန် အမိန့်ထုတ်ခဲ့ပါသည်။ တစ်ဖက်တွင် ဤကဲ့သို့ဖြစ်ပွားနေစဉ် အလ္လာဟ်အရှင်မြတ် စီမံတော်မူသော နူးညံ့ပြီး လျှို့ဝှက်သည့် အကြံအစည်ကလည်း ယင်းတို့၏မကောင်းသည့် အကြံအစည်များကို ပိုမိုထိရောက်စွာ တုံ့ပြန်နေပါသည်။ ယင်းအကြောင်းအရာများကို နောက်လာမည့် အာယသ်တော်ထဲတွင် ဖော်ပြထားပါသည်။

اِنِّیْ مُتَوَفِّیْكَ တွင် ‘မုသဝ်ဖိ’ ဟူသော စကားလုံးသည် ÝFOT ‘သဝ်ဖိ’ ရင်းမြစ်ဝဖ်ယူမ်မှ ဆင်းသက်လာ၍ ယင်း၏ရင်းမြစ်မှာ “ဝဖ်ယူမ်” ကြိယာ နာမ်ဖြစ်ပေသည်။ လုံးချင်းကောက်အဓိပ္ပာယ်အရ စကားလုံး၏ ဆိုလိုရင်းမှာ အပြည့်အစုံ ယူခြင်းဖြစ်သည်။ ဝဖာ၊ အိဖာ နှင့် အိစ်တီဖာတို့သည် ယင်းဝဖ်ယူမ်မှ ဆင်းသက်လာခြင်းဖြစ်၍ အဓိပ္ပာယ်မှာ ဝဖ်ယူမ်အဓိပ္ပာယ်ဖြစ်သည်။ စင်စစ် သဝဖီဇ်၏ ဆိုလိုရင်းအမှန်သည် “အပြည့်အစုံယူခြင်း”ဖြစ်၍ ယင်းကိုအရဗီဘာသာရပ် အဘိဓာန် အားလုံးက အတည်ပြုပြီးဖြစ်သည်။

လူသား၏ သတ်မှတ်ထားသောအချိန်သည် သေဆုံးချိန်၌ ပြီးဆုံးသွားကာ၊ အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော အသက်(သို့) ဝိညာဉ်ကို အပြည့်အစုံနှင့် ထင်ရှားစွာ ပြန်လည်ရုတ်သိမ်းသွားပါသည်။ ထိုသဘောအရပင် ဤစကားလုံးကို သေဆုံးသည့် သဘောဆောင်သည့် အဓိပ္ပာယ်ကိုလည်း တင်စားသုံးနှုန်းသည်။ သေဆုံးခြင်း၏ ရိုးရှင်းသောပုံစံတစ်ခုမှာ လူသားနေ့စဉ် အိပ်စက်ခြင်းဖြစ်သည်။ ဤကိစ္စရပ်တွင်လည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤစကားလုံးကိုသုံး၍ မိန့်ကြားထားသည်မှာ -

اَللّٰهُ يَتَوَفَّى الْاَنْفُسَ حِيْنَ مَوْتِهَا وَالَّتِىْ لَمْ تَمُتْ فِىْ مَنَامِهَا

“အလ္လာဟ်အရှင်မြတ်သည်ပင် (သေဆုံးရန်အချိန်ရောက်သော) အသက်ဇီဝိန်များကို ၎င်းတို့သေဆုံး ချိန်၌ နှုတ်သိမ်းတော်မူ၏။ ထိုနည်းတူစွာ သေဆုံးရန် အချိန်မရောက်သေးသော အသက်ဇီဝိန်များကိုလည်း ၎င်းတို့အိပ်စက်ရာ၌ (နှုတ်သိမ်းတော်မူအံ့) (၃၉း၄၂)

ဟာဖိဇ် အိဗ်နို့သိုင်မီယဟ်က အလ်ဂျဝါဗလ်စာဟိဗ်ကျမ်း (အတွဲ ၂- စာစဉ်) တွင် မိန့်ကြားထားသည်မှာ

التوفى فى لغة العرب معناها القبض والاستيفاء وذلك ثلاثة انواع، أحدها التوفى فى النوم، والثانى توفى الموت، والثالث توفى الروح والبدن جميعًا.

အလ်သဝါဖိဖီကို အရဗီဘာသာရပ်တွင် "အပြည့်အစုံယူခြင်း" (သို့) "လုံးလုံးလျားလျားယူခြင်း" ဟု ခေါ်သည်။ ၎င်းတွင် သုံးမျိုးသုံးစားရှိသည်။

(၁) အိပ်စက်ခြင်း။

(၂) သေဆုံးခြင်း။

(၃) ဝိညာဉ်နှင့် ခန္ဓာကိုယ် တပေါင်းတည်းကို ရုပ်သိမ်းခြင်းတို့ဖြစ်သည်။

ကူလ်လီယတ် အဗူအလ်ဗာကာတွင် မိန့်ကြားထားသည်မှာ-

التوفى الاماتة وقبض الروح، وعليه استعمال العامة او الاستيفاء واخذ الحق وعليه استعمال البلغاء.

အလ်သဝါဖိဖီသည် သေဆုံးစေခြင်း သမရိုးကျ အသုံးအနှုန်းတွင် ဝိညာဉ်နှုတ်သိမ်းခြင်းနှင့် ယဉ်ကျေးသော စာပေအသုံးအနှုန်းတွင် အပြည့်အစုံယူခြင်း နှင့် ရပိုင်ခွင့်ကို ယူခြင်းတို့ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့လေ့လာနေသော အာယသ်တော်ထဲပါ **متوفيك** 'မုတဝ်ဖိဖီ' ဟူသော စကားလုံး ကို ပညာရှင်အများစုက အပြည့်အစုံယူခြင်း သဘောသက်ရောက် အဓိပ္ပာယ်ပြန်ဆိုခဲ့ကြသည်။ ဤသည်က ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်အား ဂျူးတို့လက်ဝယ် ပစ်မထား ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာသခင်အား နဂိုမူလပုံစံအတိုင်း ရှေ့တော်မှောက် ကောင်းကင်ဘုံသို့ ကြွယူပေလိမ့်မည်။

ထို့ကြောင့် "အသင့်အားမိမိအထံတော် (ကောင်းကင်ဘုံ) သို့ အပြည့်အစုံ ပင့်မယူတော်မူအံ့"ဟူသော စကားလုံးများဖြင့် ပညာရှင်အများစုက အဓိပ္ပာယ်ကောက်ယူကြသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ် ဋီကာရှင်အချို့ကလည်း ဤစကားလုံးများကို သေဆုံးစေခြင်း" ဟူ၍လည်း ပြန်ဆိုခဲ့ကြပါသည်။ သို့သော်လည်း ၎င်းတို့ သည် ဆိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သည် ရန်သူဂျူးတို့လက်တွင် သေဆုံးသည်ဟု မဆိုလိုချေ။ ဤဋီကာရှင်များ အဆိုအရ အာယသ်တော်၏ စစ်မှန်သော အဓိပ္ပာယ်သည် အောက်ပါအတိုင်းဖြစ်သည်။

ဂျူးများက တမန်တော်အီစာ﴿عليه السلام﴾ သခင်ကို သတ်ရန်ပြောကြားချိန်တွင် တမန်တော်အီစာသခင်ကို နှစ်သိမ့်ရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် အကြောင်းအရာနှစ်ခု မိန့်ကြားတော်မူခဲ့သည်။ ပထမတစ်ခုမှာ တမန်တော်အီစာသခင် ကွယ်လွန်သေဆုံးချိန်ကား ရောက်လာလိမ့်မည်ဖြစ်သော်လည်း ဂျူးများလက်ဝယ်သတ် ဖြတ်ခံရခြင်း ပုံစံမျိုးမဟုတ်ပေ။ သဘာဝအတိုင်း သေဆုံခြင်းဖြစ်ပေလိမ့်မည်။ ဒုတိယတစ်ခုမှာ ဂျူးများ၏

မကောင်းသောအကြံအစည်မှကယ်တင်ရန်အလို့ငှာ ထိုအချိန်တွင် တမန်တော်အီစာ﴿عليه السلام﴾ သခင်ကို အလ္လာဟ် အရှင်မြတ်ထံ ခေါ်ဆောင်ခြင်းခံရလိမ့်မည်။ ဤရှင်းလင်းချက်မှာ စိုက်ယိဒိနာ အိပ်နိုအဗွားစ်﴿رضي الله عنه﴾ သခင်၏ ဆင့်ပြန်ချက်နှင့် တစ်ထပ်တည်းဖြစ်ကာ ယင်းကို အလ်စုယူတွိက ၎င်း၏ အလ်ဒုရ်ရုရ် အလ်မန်ဆူရ်ကျမ်း အတွဲ (၂) စာမျက်နှာ (၃၆) တွင် အခြားခိုင်လုံသော ဆင့်ပြန်သူများကို ကိုးကားကာ ဖော်ပြထားသည်။

ဤရှင်းလင်းချက် (သို့) သဖိစိရ်၏ အကျဉ်းချုပ်ကား 'သဝဖိဖိ' သည် သေဆုံးစေခြင်းဟု အဓိပ္ပာယ်ဆောင်သော်လည်း သုံးနှုန်းထားသော စကားလုံးတွင် ရှေ့နောက်ဖြစ်ခြင်း အစီအစဉ်ဟူသည်မှာလည်း ရှိပေသေးသည်။

رَافِعُكَ "အသင့်အား မိမိအထံတော် (ကောင်းကင်ဘုံ)သို့ ပင့်မယူတော်မူအံ့"သည် အလျင်လာပြီး **مُتَوَفِّيكَ** "အသင့်ကို (သတ်မှတ်ထားသောအချိန်၌) သေစေတော်မူအံ့" နောက်မှလာခြင်းဆိုသည့်အချက်လည်း ရှိသည်။ ဤနေရာတွင် အစောပိုင်းအဖြစ်အပျက်ကို ဖော်ပြခြင်း၏နောက်ကွယ်ရှိ အသိဉာဏ်ကား ရှေ့လာမည့် အဖြစ်အပျက်များကို ဖော်ပြမည်ဆိုသည့် အညွှန်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ထံ ခေါ်ဆောင်ခြင်းသည် အမြဲထာဝရမဟုတ်ဘဲ ယာယီမျှသာဖြစ်ပြီး ထို့နောက်မှ လောကကမ္ဘာသို့ ဆင်းသက်ကာ ရန်သူများကို အောင်နိုင်၍ သေဆုံးခြင်းသည် သဘာဝအတိုင်း ၎င်းထံကျရောက်ပေလိမ့်မည်။

ထို့ကြောင့် ကောင်းကင်ဘုံမှ တစ်ဖန်ပြန်လည်ဆင်းသက်ခြင်းနှင့် ကမ္ဘာလောတွင် တမန်တော်အီစာ၏ အောင်နိုင်ခြင်းတံခွန် စိုက်ထူပြီးနောက် သေဆုံးခြင်းမှာ ထူးဆန်းအံ့ဘွယ်တစ်ရပ်ဖြစ်ရုံမက အီစာ﴿عليه السلام﴾ သခင်၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ရိုးသားဖြောင့်မတ်ခြင်းတို့၏ ပြီးပြည့်စုံခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် နဆွာရာနီတို့၏ အခြေအမြစ်မရှိသည့် တမန်တော်အီစာသခင်သည် ဘုရားသခင်ဖြစ်သည်ဆိုသော ယုံကြည်ချက်ကိုလည်း ငြင်းဆိုထားပါသည်။ သို့မပြုလုပ်ခဲ့ပါမူ အီစာသခင်အား ကောင်းကင်ဘုံသို့ အသင်ရှင်လျက် ခေါ်ဆောင်ခြင်း အဖြစ်အပျက်သည် အလ္လာဟ်အရှင်မြတ်ကဲ့သို့ အမြဲထာဝရရှင်နေသည်ဟူသော ၎င်းတို့၏လွဲမှားသော အယူအဆကို ခိုင်မာစေပါလိမ့်မည်။ ထို့ကြောင့် **مُتَوَفِّيكَ** "အသင့်ကိုသေစေတော်မူအံ့" ဟူသည့် စကားလုံးကို အလျင်ထည့်ခြင်းဖြင့် အီစာ﴿عليه السلام﴾ သခင်အား ကောင်းကင်ဘုံသို့ ခေါ်ဆောင်ခြင်းဆိုသည်မှ ပေါ်ထွက်လာနိုင်သော လွဲမှားသည့် အယူအဆအားလုံးကို ကြိုတင်ငြင်းဆိုထားခဲ့ပါသည်။

အမှန်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများသည် တမန်တော်များအား အစဉ်သဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြပါသည်။ ဤသည်နှင့်ယှဉ်၍ အလ္လာဟ်အရှင်မြတ်ထံတော်တွင် လုပ်လေ့လုပ်ထရှိသောဓလေ့တော်တစ်ခုလည်း ရှိပါသည်။ ယင်းမှာ လူတစ်စုထံ တမန်တော်တစ်ပါး စေလွှတ်ပြီးနောက် ထိုလူစုမှာ ၎င်းတို့၏အတွေးအခေါ် အယူအဆများကိုသာ အသေစွဲကိုင်၍ တမန်တော်၏ စကားကိုလည်း မနာခံ၊ တမန်တော်ပြသော တန်ခိုးပြာဋိဟာကို မျက်မြင်ဖြစ်သော်လည်း ထိုတမန်တော်ကို မယုံကြည်ပါက တုံ့ပြန်သည့်အရေးယူမှု တစ်ခုမဟုတ်တစ်ခုခံရပါလိမ့်မည်။ တမန်တော်လုသ်﴿عليه السلام﴾ သခင်နှင့် တမန်တော်ဆွာလေ့ဟ်﴿عليه السلام﴾ သခင်တို့၏ လူများဖြစ်သော အာဒ်နှင့်သမုဒ်မျိုးနွယ်စုများအား သဘာဝဘေး အန္တရာယ်များမှ တစ်ဆင့် ပျက်စီးစေခြင်းကဲ့သို့သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်အား ထိုမယုံကြည်သွေဖည်ငြင်းပယ်သူများမှ ဖယ်ခွာ၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့စေခြင်းသော်လည်းကောင်း

ပြုလုပ်ပါသည်။ ထိုကဲ့သို့သော ဂုဏ်သိက္ခာများ၊ တန်ခိုးအာဏာများ ပေးကမ်းခြီးမြှင့်ထားသောကြောင့် တမန်တော်များသည် စေလွှတ်ခံရသော လူများအပေါ်ဝယ် အဆုံး၌ အမြဲပင် အောင်နိုင်လေ့ရှိပါသည်။ ပမာဆိုသော် တမန်တော် အိဗရာဟိမ်﴿عليه السلام﴾ သခင်သည် အီရတ်နိုင်ငံမှ ပြောင်းကာ ဆီးရီးယားနိုင်ငံတွင် ခိုလှုံခဲ့ပါသည်။ အလားတူပင် တမန်တော်မူစာ﴿عليه السلام﴾ သခင်မိုးဇက်စ်သည် အီဂျစ်မှပြောင်းရွှေ့ကာ မဒ်ယန်သို့ လာခဲ့ပါသည်။ အဆုံးတွင် နောက်ဆုံးနဗိတမန်တော်မြတ်ဖြစ်သော မုဟမ္မဒ်﴿ﷺ﴾ သခင်သည် မက္ကာဟိမြို့မှ ပြောင်းရွှေ့ထွက်ခွာကာ မဒီနာဟ်မြို့သို့ လာရောက်ခဲ့ပါသည်။ ထိုနေရာမှပင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် မက္ကာဟ်မြို့တော်ကို နောက်ဆုံးတိုက်ခိုက်ကာ အနိုင်ရသိမ်းပိုက်နိုင်ခဲ့ပါသည်။ တမန်တော်အီစာ﴿عليه السلام﴾ သခင်ကား ဂျူးတို့၏ ကြောက်မက်ဖွယ်အကြံအစည်များကို အပေါ်စီးယူ၍ ကောင်းကင်ဘုံသို့ ကြွယူခံခဲ့ခြင်းသည် စင်စစ် သူနည်းသူဟန်ဖြင့် ပြောင်းရွှေ့ခြင်းတစ်မျိုးဖြစ်ကာ တမန်တော် အီစာ﴿عليه السلام﴾သည် ကမ္ဘာမြေပြင်သို့ ပြန်လာကာ ဂျူးများအပေါ်ဝယ် လုံးဝဥဿုံ အောင်နိုင်ပါလိမ့်မည်။

တမန်တော်၏ ပြောင်းရွှေ့ခြင်းသည် အခြားတမန်တော်များ၏ ပြောင်းရွှေ့ခြင်းနှင့် လုံးဝသီးခြားဖြစ်သော ခရီးဆုံးကို ကောင်းကင်ဘုံဟု အဘယ်ကြောင့်သတ်မှတ် ရပါသနည်းဟူသည့်မေးခွန်း ပေါ်ထွက်လာပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင်က တမန်တော်အီစာ﴿عليه السلام﴾ နှင့် ပတ်သက်သည့် အကြောင်းမိန့်ကြားထားသည်မှာ တမန်တော်အီစာ﴿عليه السلام﴾ ၏အခြေအနေသည် တမန်တော် အာဒမ်﴿عليه السلام﴾ သခင်၏ အခြေအနေနှင့်တူညီကြောင်း မိန့်ထားသည်။ အာဒမ်﴿عليه السلام﴾ မွေးဖွားသန့်စင်ခြင်းသည် အခြားဖန်ဆင်းခံတို့၏ သဘာဝမွေးဖွားသန့်စင်မှုနှင့် ကွာခြားသည်။ (ယင်းမှာ အဖေနှင့်အမေမရှိဘဲ မွေးဖွားခြင်း)။ အလားတူပင် တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ မွေးဖွားခြင်းသည်လည်း လူသားများသဘာဝအလျောက် မွေးဖွားခြင်းနှင့် ကွဲလွဲသော ထူးဆန်းအံ့ဩဖွယ်ပုံဆောင်ခဲ့ပါသည်။ ထို့ပြင် ၎င်း၏သေဆုံးခြင်းသည်လည်း အတုမရှိ၊ အနှိုင်းမဲ့ပုံစံဖြစ်ကာ တမန်တော်သည် နောက်နှစ်ပေါင်းရာပေါင်းများစွာတွင် အကောင်အထည်နှင့် ပြန်လာလိမ့်မည်မှာ စင်စစ်တုနိုင်းဖွယ်မရှိချေ။ သို့ဆိုပါလျှင် တမန်တော်၏ ပြောင်းရွှေ့ခြင်းသည်လည်း ထိုကဲ့သို့ အနှိုင်းမဲ့ ပုံစံမျိုးဖြစ်ခြင်းကို အဘယ်ကြောင့် အံ့အားသင့်ရပါသနည်း။

သဘာဝ၏ အံ့ဩဖွယ်ရာတို့သည် နဆွာရာနီများထဲမှ အသိဉာဏ်နည်းသောသူအချို့အား တမန်တော်အီစာသည် ဘုရားသခင်ဖြစ်သည်ဟု ယုံကြည်ခြင်းနှင့် ကြေညာခြင်းတို့ဖြစ်စေပါသည်။ ဤအံ့ဩဖွယ်ရာများ၏ အမျိုးစုံအသွင်သဏ္ဌာန်ကို စဉ်းစားသုံးသပ်ကြည့်ခဲ့လျှင် လူသားတစ်ဦးအနေဖြင့် ၎င်း၏ ဖန်ဆင်းရှင်အား နာခံကျိုးနွံခြင်း၊ အလွှာဟ်အရှင်မြတ်၏ အလိုတော်ကိုနာခံခြင်းတို့က ၎င်းလူသားဖြစ်ကြောင်း ပြသသည့်ရှင်လင်းသည့် သက်သေများဖြစ်ပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုကိစ္စရပ်များနှင့် ပတ်သက်၍ တမန်တော် အီစာ﴿عليه السلام﴾ သခင်အား ဘုရားသခင်အဖြစ်ယုံကြည်ခြင်းကို ငြင်းဆိုကြောင်း ရှင်းလင်းသည့် ရည်ညွှန်းချက်ဖြင့် မိန့်ကြားထားသည်။ ကောင်းကင်ဘုံသို့ ခေါ်ဆောင်ခြင်းက ယင်းသံသယကို ပိုမိုခိုင်မာစေပါသည်။ ထို့ကြောင့် အစောပိုင်းတွင် 'မုသဝဒ်ဖီကာ' "အသင့်ကို (သတ်မှတ်ထားသောအချိန်၌) သေစေတော်မူအံ့" ဟူသည့် စကားလုံးဖော်ပြခြင်းဖြင့် ဤသံသယအား လုံးဝဥဿုံ ဖယ်ရှားပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သိရသည်မှာ ဤအာယသ်တော်သည် တမန်တော်အီစာ﴿عليه السلام﴾ သခင်အား လက်ဝါးကပ်တိုင်တင်၍ သတ်ဖြတ်ရန် ဂျူးတို့၏အကြံအစည်

များကို ပျက်ပြယ်စေရန်နှင့် အလ္လာဟ်အရှင်မြတ်က ၎င်းတို့အကြံအစည်များ ပျက်ပြားစေရန်နှင့် အချည်းအနှီး ဖြစ်စေရန် ရည်ရွယ်သည်။ သို့သာမက ဤကဲ့သို့ စကားလုံးများ ရှေ့နောက်အစီအစဉ်သည် နဆွာရာနီတို့ ယုံကြည်ချက်ဖြစ်သည့် အီစာ﴿عليه السلام﴾ သခင်သည် ဘုရားသခင်ဖြစ်၍ မည်သည့်အခါမှ မသေဟူသော အချက်ကို ငြင်းဆိုကာ တစ်ချိန်တွင် ၎င်းသည်လည်း သေဆုံးရမည်ဖြစ်ကြောင်း တင်ပြထားသည်မှာ ကုရ်အာန်၏ ဟန်ပန်ပင် ဖြစ်သည်။

အိမာမ်အလ်ရာဇီသည် ၎င်း၏သဖ်စီရ်ကျမ်းတွင် မိန့်ကြားခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် စကားလုံးများ ရှေ့နောက်အထားအသိုပြုလုပ်၍ မကြာခဏ သုံးနှုန်းသည်မှာ အဖြစ်အပျက်တစ်ခုသည် နောင်မှ ဖြစ်ပေါ်မည့်အရာကို အလျင်တင်ပြ၍ ဦးစွာပထမဖြစ်ပျက်သည်ကို နောက်မှတင်ပြခြင်းသည် အလားတူ ကိစ္စ ရပ်ကို စဉ်းစားတွေးတောခြုံငုံမိစေရန်အတွက် ဖြစ်သည်။ **(အလ်သဖ်စ်ရ်ကဗီရ် အတွဲ-၂ စာ -၄၈)**

رَافِعُكَ اِلَيَّ "ငင်းပြင်အသင့်အား မိမိအထံတော်သို့ ပင့်မတော်မူအံ့" ၏ ဆိုလိုရင်းကား ရှင်းလင်းပါသည်။ ဤနေရာတွင် အလ္လာဟ်အရှင်မြတ်က ယေရှူအား ဦးတည်မိန့်ကြားသည်မှာ "အသင့်အား မိမိအထံတော် (ကောင်းကင်ဘုံ) သို့ ပင့်မယူတော်မူအံ့" ဟူ၍ဖြစ်သည်။ ယေရှုဟူသောအမည်သည် ဝိညဉ်နှင့် ခန္ဓာကိုယ် တပေါင်းတည်းဖြစ်သော ယေရှု၏ အမည်သာဖြစ်ကြောင်း လူတိုင်းသိပါသည်။ ယေရှုသခင်အား ပင့်မယူခြင်း သဘောသည် ဝိညဉ်သက်သက်သာဖြစ်၍ ရုပ်မပါဟုဆိုလျှင် လုံးဝမှားယွင်းပေသည်။ **رفع** ရာဖ် (ပင့်မ,ယူခြင်း) ဟူသောစကားနှင့် ပတ်သက်သမျှကို ပြောရလျှင် အဆင့်အတန်းမြှင့်တင်ခြင်းကိုညွှန်းသော အခါများ တွင် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် သုံးနှုန်းပါသည်။ အောက်ပါကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော် များတွင် လာရှိသည်မှာ -

رَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَاتٍ

"အသင်တို့အနက် အချို့ကို အဆင့်အတန်းအားဖြင့် အချို့ထက် မြင့်စေတော်မူခဲ့၏။"(၆း၁၆၅)

يَرْفَعِ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَالَّذِيْنَ اُوْتُوا الْعِلْمَ

"အရှင်မြတ်သည် အသင်တို့အနက် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ အသိ ပညာချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ရသော သူတို့အားလည်းကောင်း အဆင့်အတန်းများစွာ မြှင့်တင် ပေးတော်မူပေမည်း။ (၅၈း၁၁)

ထို့ကြောင့် ထင်ရှားသည်မှာ **رفع**"ရာဖ်"မြှင့်တင်ခြင်းဟူသော စကားလုံးသည် အထက်ဖော်ပြပါ အာယသ် တော်များ၏ စာသားအမြင်အရဆိုလျှင် အခြေအနေ (သို့) အဆင့်အတန်းမြှင့်တင်ခြင်းသဘောကို တင်စား သုံးနှုန်းခြင်းဖြစ်သည်။ ဤနေရာ၌ စစ်မှန်သော အဓိပ္ပာယ်ကို လျစ်လျူရှု၍ တင်စားသုံးနှုန်းသောအဓိပ္ပာယ်ကိုယူရန် အကြောင်းမရှိချေ။ ထို့ပြင် ဤသီးသန့်ထူးခြားသောနေရာ၌ **رفع** 'ပင့်မယူခြင်း'ဆိုသည်စကားလုံးကို **الى** အိလာ (ဆီသို့) နှင့် ယှဉ်တွဲသုံးနှုန်းထားခြင်းကပင် တင်စားသုံးနှုံးသည့် အဓိပ္ပာယ်ဖြစ်နိုင်သည်ဆိုသည်ကို လုံးဝ ချေဖျက်ပြီး ဖြစ်လေသည်။ ဤအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ **رَافِعُكَ اَلَيَّ** 'ရာဖိအုကအိလိုင်ယ' အသင့်အား

မိမိအထံတော်သို့ ပင့်မယူတော်မူအံ့' ဖြစ်သည်။ ထို့ပြင် ဂျူးတို့၏ ယုံကြည်ချက်မမှန်ကြောင်းကို စူရဟ်အလ်နိဆာ (၄:၁၅၇-၁၅၈) အာယသ်တွင်ပါရှိသည်။ ထိုအာယသ်တွင် မိန့်ကြားထားသည်မှာ **وَمَاقَتَلُوْهُ يَقِيْنًا بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ** ဖြစ်သည်။ ဆိုလိုသည်မှာ ဂျူးများသည် ယေရှုသခင်အားအလျဉ်းမသတ်နိုင်ခဲ့ပါ။ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်တိုင် ပင့်မယူတော်မူခဲ့ပါသည်။ ဤနောက်ဆုံး အသုံးအနှုန်းသည် ဝိညာဉ်နှင့် ခန္ဓာကိုယ်တပေါင်းတည်းအရှင် လတ်လတ်ပင့်မယူခြင်းကို ဖော်ပြရန် သုံးနှုန်းခြင်းဖြစ်သည်။

ယခုအချိန်ထိ ရှင်းပြီးခဲ့သမျှမှာ အာယသ်တော်ပါ စကားလုံးများအကြောင်း ဖြစ်သည်။

ယေရှုသခင်အတွက် အလ္လာဟ်အရှင်မြတ်၏ ကတိတော်ငါးပါး

ယခုရည်ညွှန်းနေသော အာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ဂျူးများနှင့် ယှဉ်၍ အီစာ ﴿عليه السلام﴾ သခင်အတွက် ကတိတော်ငါးပါး ပြုလုပ်ခဲ့သည်။

(၁) ပထမကတိတော်မှာ တမန်တော်သေဆုံးမှုသည် ဂျူးများလက်ချက်နှင့် သေဆုံးခြင်း မဖြစ်စေရ။ သဘာဝအလျောက်သေဆုံးခြင်းသည် သတ်မှတ်သည့် အချိန်တွင် ဖြစ်လိမ့်မည်။ ထိုအချိန်သည်ကား ကိယာမသ်ကမ္ဘာပျက်ခါနီးလျှင် ဖြစ်မည်။ ထိုအချိန်၌ အီစာ﴿عليه السلام﴾ သခင်သည် ကောင်းကင်မှ မြေပြင်သို့ ဆင်းသက်တော်မူလိမ့်မည်။ ထိုအကြောင်း အသေးစိတ်ကို ကွင်းဆက်မပြတ်သော ခိုင်လုံသည့် ဟဒီးဆ်တော်များမှတစ်ဆင့်ဖြစ်ကြောင်း နောက်ပိုင်းတစ်စိတ်တစ်ပိုင်း တင်ပြပါမည်။

(၂) ဒုတိယကတိတော်မှာ တမန်တော်အား ကောင်းကင်ဘုံသို့ ပကတိတည်ရှိသော အခြေအနေနှင့်ပင့်မတော်မူသည်ဟူ၍ ဖြစ်သည်။ ထိုကတိတော်မှာ ချက်ခြင်းဖြည့်ဆည်းပြီးဖြစ်သည်။ ထိုကတိတော်ဖြည့်ဆည်းမှုအကြောင်းကို စူရဟ်အလ်နိစား (၄:၁၅၈) တွင် တင်ပြထားသည်မှာ -

وَمَاقَتَلُوْهُ يَقِيْنًا بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ

"စင်စစ်သော်ကား ယင်းသူတို့သည် ထိုနဗီတမန်တော်အီစာအား အမှန်စင်စစ် သတ်ဖြတ်နိုင်ခဲ့ကြသည်မဟုတ်ပေ။ ထိုသို့အလျဉ်းမဟုတ်ပေ။ စစ်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် ထိုနဗီတမန်တော်အီစာအား မိမိအထံတော်သို့ ပင့်ချီမယူတော်မူခဲ့လေသည်။

(၃) တတိယကတိတော်မှာ **وَمُطَهِّرُكَ مِنَ الَّذِيْنَ كَفَرُوْا** ဖြစ်သည်။ ဆိုလိုသည်မှာ တမန်တော်၏ ရန်သူများအား ၎င်းအပေါ် မမှန်မကန်စွပ်စွဲချက်များမှ ကင်းစင်စေခြင်းဖြစ်သည်။ ထိုကတိတော်သည် တမန်တော်များ၏ နောက်ဆုံးတမန်တော်﴿ﷺ﴾ ပွင့်ပေါ်တော်မူပြီးနောက် ဂျူးတို့၏ မမှန်မကန်စွပ်စွဲချက်အပေါ် မဟုတ်မမှန်ကြောင်း ငြင်းဆိုပြီးသောအချိန်တွင် ဖြည့်ဆည်းပြီးဖြစ်လေသည်။ ပမာဆိုသော် ဆိုက်ယိဒ်နာအီစာ﴿عليه السلام﴾ သခင်သည် ဖခင်မရှိဘဲ မွေးဖွားခြင်းအပေါ် ဂျူးများက သွားပုတ်လေလွင့် မဟုတ်အမှန်ပြောကြားခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းမဟုတ်မမှန်စကားကို တမန်တော်အီစာ﴿عليه السلام﴾ သခင်သည် ဖခင်မရှိဘဲ မွေးဖွားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ဆန္ဒတော်အရဖြစ်ကြောင်း ကြေညာကာ ငြင်းဆိုခဲ့သည်။ ထိုဖြစ်ရပ်မှာ

အံ့ဩစရာမဟုတ်ချေ။ ပို၍အံ့ဩဘွယ်မှာကား တမန်တော်အာဒမ်﴿عليه السلام﴾ သခင်၏ မွေးဖွားသန့်စင်မှုပင် ဖြစ်သည်။ ထိုတမန်တော်မှာ အမေနှင့်အဖေ နှစ်ပါးစလုံးမရှိဘဲ မွေးဖွားခဲ့ခြင်းဖြစ်သည်။

စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်သည် ဘုရားဖြစ်ကြောင်း ကြေညာခဲ့သည်ဟု ဂျူးများက စွပ်စွဲကြပါသည်။ ဤစွပ်စွဲမှုနှင့် ဖီလာဆန်ကျင်၍ အီစာ﴿عليه السلام﴾ သည် လူသားတစ်ဦးသာဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသာဖြစ်ကြောင်း လူသိရှင်ကြား ဝန်ခံခဲ့မှုအား ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်များတွင် တင်ပြထားခဲ့သည်။

(၄) စတုတ္ထကတိတော်မှာ **وَجَاعِلُ الَّذِيْنَ اتَّبَعُوْكَ فَوْقَ الَّذِيْنَ كَفَرُوْٓا** "ၵင်းပြင် အသင်၏ဩဝါဒကို လိုက်နာသူတို့အား (အသင့်ကို) မယုံကြည် ငြင်းဆန်သော ကာဖိရ်တို့အထက်ဝယ် ကိယာမသ်နေ့အထိ လွှမ်းမိုးစေတော်မူအံ့" ထဲတွင် ပါဝင်သည်။ ဆိုလို သည်မှာ တမန်တော်၏ နောက်လိုက်များသည် တမန်တော်အား ငြင်းပယ်ဆန့်ကျင်သူများကို အောင်နိုင်လိမ့်မည်ဟု ဆိုပါသည်။ ဤကတိတော်သည် ဖြည့်ဆည်းပြီးဖြစ်သည်။ ဆိုလိုသည်မှာ ဤနေရာ၌ နောက်လိုက်ခြင်း အဓိပ္ပာယ်သည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို ယုံကြည်သက်ဝင်၍ ဝန်ခံခြင်းဖြစ်သည်။ တမန်တော်အီစာ﴿عليه السلام﴾ သခင်ကို အကြောင်းခံသည့် အမိန့်ပညတ်ချက် များအားလုံး အပေါ်၌ ယုံကြည်ခြင်း နှင့် လက်တွေ့ကျင့်သုံးခြင်းသည် ကြိုတင်သက်မှတ်ချက်တစ်ရပ်ကား မဟုတ်ချေ။ ထို့ကြောင့် ခရစ်ယာန်များနှင့် မုစ်လင်မ်များတို့သည် ဤအမျိုးအစားထဲတွင် အကျုံးဝင်သွားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို ယုံကြည်ကြ၍ ဖြစ်သည်။ သို့သော်လည်း ထိုမျှလောက်သော ယုံကြည်ချက်စွဲကိုင်ထားရုံမျှဖြင့် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရရန်မှာ မလုံလောက်ချေ။ နောင်တမလွန် ဘဝတွင် ကယ်တင်ခံရရေးမှာ စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်ယူဆောင်လာသော အမိန့်ပညတ်ချက်များအားလုံးကို ယုံကြည်ခြင်းအပေါ်၌ တည်မှီသည်။ ဆိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်ပေးခဲ့သော ညွှန်ကြားချက်များထဲမှ တစ်ခုမှာ ၎င်း၏နောက်လိုက်များသည် တမန်တော် များတို့၏ နောက်ဆုံးတမန်တော်﴿ﷺ﴾ သခင်ကို အီမာန်ယုံကြည်ရန်နှင့် ထိုတမန်တော်မှာ ယေရှုသခင် ကြွချီခံရ ပြီးနောက် ပွင့်ပေါ်မည့်တမန်တော် ဖြစ်ပေသည်။

ခရစ်ယာန်များသည် အီမာန်ယုံကြည်ခြင်းနှင့် ပတ်သက်သော ဤညွှန်ကြားချက်ကို မလိုက်နာသော ကြောင့် ၎င်းတို့သည် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းမှ လက်လွတ်ခံရပေမည်။ မုစ်လင်မ်များမှာမူ ထိုညွှန်ကြားချက်နှင့်အညီ ကျင့်သုံးခဲ့သောကြောင့် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရန် ထိုက်တန်သွားမည် ဖြစ်သည်။ သို့သော်လည်း ကတိတော်၏ တစိတ်တပိုင်းဖြစ်သော ဂျူးများပေါ် လွှမ်းမိုးအောင်နိုင်ခြင်းဆိုသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို ယုံကြည်ခြင်းပေါ်၌သာ မူတည်တည်။ ဤကမ္ဘာပေါ်တွင် မုစ်လင်မ်များနှင့် ခရစ်ယာန်များ၏ ကြမ္မာသည် ဂျူးများနှင့် ယှဉ်လျှင်အမြဲတမ်းအသာစီးရနေပါသည်။ မုချဇကန် ဤသည်မှာ ကိယာမသ်တရားစီရင်မည့်နေ့ထိ ဖြစ်ပေလိမ့်မည်။

အလ္လာဟ်အရှင်မြတ်က ဤကတိတော်စတင်လုပ်သည့်အချိန်မှ ယနေ့တိုင် ခရစ်ယာန်နှင့် မုစ်လင်မ်များသည် ဂျူးများအပေါ်၌ လွှမ်းမိုးခဲ့ပါသည်။ မုစ်လင်မ်နှင့် ခရစ်ယာန်များအင်ပါယာ တည်ထောင်ခဲ့ခြင်းများကို (ကမ္ဘာက တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်) လက်ရှိ အစ္စရေးနိုင်ငံလေး တည်ရှိမှုကြောင့် ဤသစ္စာတရားအပေါ် သံသယမပွားသင့်ချေ။ တကယ်ဆိုလျှင် ဤနိုင်ငံသည် ရုရှားနှင့် ပင်ရင်းဥရောပ၊ အမေရိကန် ခရစ်ယာန်များ

တို့၏ စစ်အင်အားဖော်ထုတ်ပြသမှုထက် မပိုချေ။ ယင်းသို့တည်ထောင် ထိန်းသိမ်းထားခြင်းမှာ မုစ်လင်မ်များကို ဆန့်ကျင်ရန်ဖြစ်သည်။ ရုရှား၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသည် ၎င်းတို့၏ကူညီထောက်ပံ့မှုတွင် ရုပ်သိမ်းလိုက်သည်နှင့်တပြိုင်နက် ဤနိုင်ငံသည် တမဟုတ်ချင်း ပြိုလဲပျက်စီးသွား၍ ကမ္ဘာမြေပုံပေါ်မှ ပျောက်ကွယ်သွားခြင်းကို ကမ္ဘာကတွေ့မြင်ရလိမ့်မည်။ ထို့ကြောင့် အမှန်တရားကို မြင်သောသူများသည် အစ္စရေးနိုင်ငံ(သို့) ဂျူးအစိုးရ၏ စစ်မှန်သော အခြေအနေကို သိရှိကြပါသည်။ အစ္စရေးနိုင်ငံတည်နေခြင်းသည် ဂျူးများလွှမ်းမိုးခြင်းကို ပြသသည့်အချက်ဟု မဆိုလိုချေ။

အကယ်၍ငြင်းချက်တစ်ရပ်အနေဖြင့် ပြောရလျှင် လက်ရှိအစ္စရေးတို့၏နိုင်ငံသည် ၎င်းတို့ကိုယ်တိုင် တည်ထောင်ထားသောနိုင်ငံဟု ဆိုပါမူ ခရစ်ယာန်နှင့် မုစ်လင်မ်များ၏ အရေအတွက်များမှုကြောင့် လွှမ်းမိုးလျှင်ပင် အနည်းငယ်သာ လွှမ်းမိုးနိုင်၍ အကြောက်နှင့်သာ လွှမ်းမိုးနေသည်ဆိုသည်ကို မည်သူငြင်းနိုင်အံ့နည်။ ဤကိစ္စကို ခဏဘေးဖယ်ထားလျှင် ကျွန်ုပ်တို့သိရသည်မှာ တရားစီရင်မည့်နေ့ နီးလာလျှင် ဂျူးတို့၏ ယာယီလွှမ်းမိုးမှုဖြစ်မည်ဆိုသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင် ခိုင်လုံသောဆင့်ပြန်ချက်များတွင် တင်ပြထားခဲ့ပါသည်။ အကယ်၍ ဤကမ္ဘာကြီးတည်ရှိသည့် အချိန်အတိုင်းအတာကာလတစ်ခု သတ်မှတ်ခဲ့ပြီး တရားစီရင်မည့်နေ့ နီးကပ်လာလျှင် မုစ်လင်မ်များ လက်ခံယုံကြည်ထားသည့် စစ်မှန်သော ဟဒီးဆ်တော်များနှင့်လည်း မဆန့်ကျင်ချေ။ ၎င်းပြင်ထိုကဲ့သို့ ခဏတာမျှ ပိုင်ဆိုင်ခြင်းကို နိုင်ငံတစ်ခု (သို့) အစိုးရတစ်ခုအမည်မပေးနိုင်ချေ။ အထူးသဖြင့် ထိုကိစ္စရပ်သည် ကွန်မြူနစ်များနှင့် ခရစ်ယာန်များပူးပေါင်း လုပ်ကြံထားသည်မှ ပေါ်ပေါက်လာမှုအပေါ် အခြေခံထားသောကြောင့် သာ၍ပင် မဖြစ်နိုင်ချေ။

(၅) ပဉ္စမကတိတော်မှာ အီမာန်သက်ဝင်ယုံကြည်မှုများနှင့်သက်ဆိုင်သောကိစ္စရပ်များ၌ ကွဲလွဲဆန့်ကျင်မှုများကို တရားစီရင်မည့်နေ့တွင် အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ထိုကတိတော်သည်လည်း သတ်မှတ်ထားသည့် အချိန်၌ ဖြည့်ဆည်းပြီးဖြစ်မည်ကို အောက်ပါအာယသ်တော်က ညွှန်းထားသည်။

ثُمَّ اِلَيَّ مَرْجِعُكُمْ فَاَحْكُمُ بَيْنَكُمْ

"ပြီးနောက်တစ်ဖန် အသင်တို့၏ (နောက်ဆုံး) ပြန်လည်ရာစခန်းသည် ငါအရှင်မြတ်၏ အထံတော်တွင် ရှိနေပေရာ ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း အကွဲအလွဲရှိခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ စီရင်ဆုံဖြတ်တော်မူအံ့" (၃:၅၅)

ယေရှုသခင် – ယေရှုဘဝနှင့် ဒုတိယအကြိမ် လာရောက်ခြင်း၏အကြောင်း

ဤကမ္ဘာတွင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်သည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရကာ မြှုပ်နှံခံရ၍ အသက်ရှင်လျက် လူ့ဘဝပြန်လာစရာအကြောင်းမရှိဟု ဂျူးများကသာ ပြောကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ စူရဟ်အလ်နိစား၏ အာယသ်တော် (၁၅၈) တွင် အမှန်တကယ် ဘာဖြစ်ခဲ့သည်ကို ရှင်းလင်းခဲ့ပြီးဖြစ်သည်။ လက်ရှိအာယသ်တော်တွင် **وَمَكَرُوْا وَمَكَرَ اللّٰهُ** "ယင်းသူတို့သည်လည်း လိမ္မာပါးနပ်စွာ ကြံစည်ခဲ့ကြ၏" ဟုပါရှိ၏။ "အလ္လာဟ်အရှင်မြတ်သည်လည်း ပရိယာယ်ဝေဝုစ်ဖြင့်ပင် ကြံဆောင်တော်မူခဲ့လေသည်" ထဲတွင်

အလ္လာဟ် အရှင်မြတ်က စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်အား သတ်ဖြတ်ရန် အိမ်ထဲသို့ဝင်သော ရန်သူများ၏ မကောင်းသော လုပ်ရပ်အပေါ် ပြန်လည် ထိစေရန်အတွက် ပြုလုပ်တော်မူခဲ့ကြောင်း ထောက်ပြထားသည်။ ထိုသူတို့အထဲမှ တစ်ယောက်အား စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်နှင့် ချွတ်စွပ်တူစေရန် အလ္လာဟ်အရှင်မြတ်က ပြောင်းလဲ ပြုလုပ်၍ အီစာ﴿عليه السلام﴾ သခင်ကိုမူ အသက်နှင့်တကွ ကောင်းကင်ဘုံသို့ ပင့်ချီယူတော်မူခဲ့လေသည်။ အာယသ် တော်၏ စကားလုံးများမှာ အောက်ပါအတိုင်းဖြစ်သည်။

وَمَاقَتَلُوْهُ وَمَا صَلَبُوْهُ وَلٰكِنْ شُبِّهَ لَهُمْ

"အမှန်စင်စစ်သော်ကား ယင်းသူတို့သည် ထိုနဗီတမန်တော် (အီစာကို) သတ်ဖြတ်နိုင်ခဲ့ကြသည်လည်းမဟုတ်ပေ။ လက်ဝါးကပ်တိုင်တင်နိုင်ခဲ့ကြသည်လည်း မဟုတ်ချေ။ အမှန်မှာကား ၎င်းတို့အဖို့မှာ (လက်ဝါးကပ်တိုင်အတင်ခံရသောသူ၏ အဆင်းသဏ္ဌာန်သည်) ဆင်တူယိုးမှားဖြစ်စေခြင်း ခံရခဲ့လေသည်။ (၄း၁၅၇)

ဤအကြောင်းအရာနှင့်ပတ်သက်သော အသေးစိတ်များသည် စူရဟ်အလ်နိစာဟ်အကျယ်ဖွင့်ခြင်းတွင် ပါလာပါလိမ့်မည်။ ခရစ်ယာန်များက ယေရှုသခင် လက်ဝါးကပ်တိုင်တွင် အသတ်ခံရသည်မှာ သံသယမရှိပါဟု ပြောကြသည်။ သို့သော်လည်း ၎င်းအသက်တစ်ဖန်ပြန်ရှင်စေကာ ကောင်းကင်ဘုံသို့ ပင့်ချီယူခံရသည်ဟု ဆိုကြသည်။

လက်ရှိကိုးကားသော အာယသ်တော်သည် ဤမှားယွင်းသော အယူအဆကိုလည်း မှားကြောင်း ငြင်းဆိုသည်။ ဤနေရာတွင် အလေးအနက်ဖော်ပြထားသည်မှာ ဂျူးများသည် မိမိတို့လူကိုသတ်ဖြတ်၍ ပျော်ရွှင်နေသကဲ့သို့ ခရစ်ယာန်များသည်လည်း အလားတူမှားယွင်းကာ လက်ဝါးကပ်တိုင်ပေါ်မှလူသည် မည်သူမည်ဝါဟု မသိဘဲ ယေရှုသခင်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။ ၎င်းတို့သည်လည်း ဂျူးများကဲ့သို့ပင် လူလွဲမှားမှုသားကောင်ဖြစ်ခဲ့ရလေသည်။ သို့ထင်မှတ်မှားမှုကို ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော် **شُبِّهَ لَهُمْ** "၎င်းတို့အဖို့မှာ (လက်ဝါးကပ်တိုင် အတင်ခံရသောသူ၏အဆင်းသဏ္ဌာန်သည်) ဆင်တူရိုးမှားဖြစ်စေခြင်း ခံခဲ့ရလေသည်။"ဟူသည်က ဂျူးများကဲ့သို့ပင် ၎င်းတို့ကလည်း ထင်မှတ်မှားမှု၏ လှည့်စားခြင်းကို ခံခဲ့ရကြောင်း ထင်ရှားစေပါသည်။

ဤအုပ်စုနှစ်စု၏ အယူအဆနှင့် ဆန့်ကျင်သော အစွလာမ်ယုံကြည်မှုကို ဤအာယသ်တော်နှင့် အခြားအာယသ်တော်များတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာ﴿عليه السلام﴾ သခင်အား ဂျူးများလက်မှ ကယ်တင်ရန်အလို့ငှာ အသက်ရှင်လျက် ကောင်းကင်ဘုံသို့ ပင့်ချီယူဆောင်ခဲ့သည်ဟူ၍ ဖြစ်သည်။ ယေရှုသခင်သည် သတ်ဖြတ်ခြင်း မခံစေရပါ။ ၎င်းပြင် လက်ဝါးကပ်တိုင်တင်၍လည်း အသတ်မခံရစေပါ။ ယေရှုသခင်သည် ကောင်းကင်၌ အသက်ရှင်လျက်ရှိပြီး တရားစီရင်မည့်နေ့ နီးကပ်သောအခါ ကမ္ဘာမြေသို့ ဆင်းသက်လာကာ ဂျူးများအပေါ် အောင်မြင်မှုရရန် မုစ်လင်မ်များကို ခေါင်းဆောင်မှုပေးပြီး နောက်ဆုံးတွင် သဘာဝအလျောက် သေဆုံးရပါလိမ့်မည်။

ဤယုံကြည်ချက်နှင့် ပတ်သက်၍ မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံးက အညီအညွတ်တည်း လက်ခံယုံကြည်ကြသည်။ ဟာဖိဇ်အိဗ်နိဟဂျရ်က ဤတညီတညွတ်တည်း သဘောတူညီချက်ကို ၎င်း၏ သလ်ခိစ်စလ်ဟဗီရ် ကျမ်း (စာမျက်နှာ ၃၁၉) တွင် ဆင့်ပြန်ထားသည်။

ဤယုံကြည်ချက်နှင့် အုမ္မသ်ထုက ယင်းယုံကြည်ချက်ပေါ် တညီတညွတ်တည်း လက်ခံခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်များနှင့် ကွင်းဆက်မပြတ် အဆင့်ဆင့် ဆင့်ပြန်ခဲ့သော မုသဝါသိရ်ဟဒီးဆ်တော်များ၏ ဆင့်ပြန်ချက်များကို သက်သေပြုကာ အစဉ်သဖြင့် ရပ်တည်ခဲ့သည်။ သို့သော်လည်း ဤနေရာတွင် ဤအကြောင်းအသေးစိတ် ဆွေးနွေးရန် မဟုတ်ချေ။ လိုလည်းမလိုအပ်ချေ။ အကြောင်းမှာ သခင်ယေရှု ကောင်းကင်သို့ကြွခြီခြင်းနှင့် ပတ်သက်၍ ငြင်းခုံသူများအတွက် အုမ္မသ်ထု၏ သာသနာ့ပညာရှင်များက အပြည့်အစုံ ရှင်းလင်းချက်ပေးကာ အသေးစိတ် အဖြေများပါသော ကျမ်းများတွင် ဖော်ပြပြီးဖြစ်သည်။ ပမာဆိုသော် ဟုဂျ်ဂျသုလ်အစ္စလာမ် မော်လာနာ စိုက်ယိဒိနာ မုဟမ္မဒ် အန်နဝါရ်ရှားဟ် အလ်ကရ်မီရီ၏ အရဗီဘာသာနှင့် ပြုစုသော အကီဒသုလ် အစ္စလာမ်ဖိဟယာသိ အီစာ﴿عليه السلام﴾ ကျမ်းတွင်လည်းကောင်း၊ ဟဇရတ်မော်လာနာ ဗဒ်ရ်အာလမ် မုဟာဂျီရ်မဒနီက အူရဒူဘာသာဖြင့်ပြုစုသော 'ဟယာသိမစိဟ် (ယေရှုသခင်၏ဘဝ) 'ကျမ်းတွင်လည်းကောင်း၊ မော်လာနာ စိုက်ယဒ်မုဟမ္မဒ် အီဒ်ရီးစ်က အူရဒူဘာသာဖြင့် ပြုစုသော "ဟယာသိမစိဟ်﴿عليه السلام﴾" နှင့် ဤကိစ္စနှင့် ပတ်သက်သော ရာပေါင်းများစွာသော အခြားကျမ်းများနှင့် အက်ဆေးများသည် ကျယ်ပြန့်စွာ ပုံနှိပ်ထုတ်ဝေပြီး ဖြစ်ပါသည်။ ကျမ်းပြုသူ မော်လာနာ ရှဖီး၏ ရိုသေလေးစားရသော ဆရာသခင်ဖြစ်သူ မော်လာနာ စိုက်ယဒ်မုဟမ္မဒ် အန်နဝါရ်ရှား အလ်ကရ်မီရိက ၎င်းကိုစုဆောင်းခိုင်းခဲ့၍ မုသဝါသိရ်ဟဒီးဆ်တော် တစ်ရာထက်မကကို စုဆောင်းပေးခဲ့သည်။ တမန်တော်အီစာ﴿عليه السلام﴾ ကောင်းကင်ဘုံသို့ ပင့်ချီခံရ၍ တရားစီရင်မည့်နေ့မတိုင်မီ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း ငြင်းမရနိုင်သော ယင်းဟဒီးဆ်တော်များကို ဆရာသခင်ကြီးကိုယ်တိုင်က စစ်ဆေးကာ အတည်ပြုပေးခဲ့သည်။

ဤစုဆောင်းမှုကို ကျမ်းအဖြစ်ပြုလုပ်၍ "အလ်သတ်စ်ရိဟ်ဗိမာ သဝ သရာ ဖီ နုဇုလ် လူလ်မစိဟ်' အမည်တတ်ကာ ဘေရွတ်မြို့မှ မကြာမီက ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ ယင်းကျမ်းကို ဆီးရီးယားနိုင်ငံ အလ်လပိုမြို့မှ ထင်ရှားကျော်ကြားသည့် ပညာရှင် အလ္လာဟ်မဟ် အဗ္ဗဒုလ်ဖသ်သဟ် အဗူရုဒ်ဒါဟ်က မှတ်စုများနှင့် အကျယ်ဖွင့်ဆိုရေးသားထားသည်။

စူရာဟ်အလ်ဖုရ်ကာန်(ကုရ်အာန်)အာယသ်ဆတ်]_I-as #-1L#_ù%l^i_L-[>N#-A_O- ကိုယာအိဖိအနကဆိဒ်ရာန်နှင့်သင်ရာတွင် မိန့်ကြားသည်မှာ -

وقد تواترت الاحاديث عن رسول الله صلى الله عـليـه وسلّم انه اخبر بنزول عيسى عليه السلام قبل يوم القيامة اماما عادلا الخ.

"တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်တော်မူခဲ့သည်မှာ ကွင်းဆက်မပြတ် ဆင့်ပြန်ခဲ့သော ဟဒီးဆ်တော်များထဲတွင် ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ်﴿ﷺ﴾ က တမန်တော်အီစာ﴿عليه السلام﴾ သခင်သည် တရားစီရင်မည့်နေ့မတိုင်မီ တရားမျှတသော ခေါင်းဆောင်အဖြစ် ပြန်လာမည်ဟု မြွက်ကြား ကြေညာခဲ့သည်။

ဤအဆင့်၌ စာရှုသူအား အချက်တစ်ချက်ကို သတိမူစေလိုပါသည်။ အနည်းငယ်မျှသော တရားမျှတမှုနှင့် စိတ်ကောင်းရှိစွာဖြင့် သတိမူခဲ့ပါလျှင် ဤကိစ္စအတွက် စိုးစဉ်းမျှ သံသယဖြစ်စရာအကြောင်း မရှိပါ။ စူရဟ်အလ်အင်မ်ရာမ်၏ (၁၁) ပါဒတွင် လွန်လေပြီးသော တမန်တော်များအကြောင်းကို ရည်ညွှန်းရာ၌ တမန်တော်အာဒမ်﴿عليه السلام﴾၊ တမန်တော်နူးဟ်﴿عليه السلام﴾ ၊ တမန်တော်အိဗ်ရာဟီမ်﴿عليه السلام﴾ နှင့် တမန်တော်အင်မ်ရာမ်﴿عليه السلام﴾ တို့၏ အကြောင်းကို ဖော်ပြရုံဖြင့် လုံလောက်သည်ဟု သတ်မှတ်ပြီး ၎င်းတို့အကြောင်းကို အာယသ်တော်တစ်ခုတည်းတွင် တိုတောင်းစွာ ဖော်ပြခဲ့သည်။ ထို့နောက် သုံးပါဒနှင့် နှစ်ဆယ်နှစ်အာယသ် (၂၂) အာယသ်ထဲတွင် တမန်တော်အီစာ﴿عليه السلام﴾ နှင့် သူ၏မိသားစုအကြောင်းကို စေ့စပ်သေချာစွာဖြင့် အသေးစိတ်ဖော်ပြထားပါသည်။ ထိုကဲ့သို့သောနည်းဖြင့် ကုရ်အာန်ကျမ်းတော်မြတ် လက်ခံရရှိသော နောက်ဆုံး တမန်တော်ဖြစ်မြတ်ဖြစ်သည့် တမန်တော်မုဟမ္မဒ်﴿ﷺ﴾ ၏အကြောင်းကိုပင် မဖော်ပြခဲ့ပါ။ ယေရှု၏ အဘွားအကြောင်း အသေးစိတ်ဖော်ပြချက်။ သူမ၏ ဂတိသစ္စာပြုမူ။ ယေရှု၏ မိခင်ဖွားမြင်ခြင်း၊ မိခင်၏အမည်၊ မိခင်အား ကြီးပြင်းလာသည့်တိုင်အောင် ပြုစုပျိုးထောင်ခြင်း၊ မိခင်ဝမ်းဗိုက်ထဲတွင် ယေရှုအား ကိုယ်ဝန်ရှိခြင်း၊ ၎င်းနောက် ယေရှုအား ဖွားမြင်ကြောင်း အသေးစိတ် ဖော်ပြချက်၊ ထိုသို့မွေးဖွားပြီးသည့်နောက် မိခင်ဘာစားသည်၊ သောက်သည်ဆိုသည့်အကြောင်းဖော်ပြချက်။ မွေးကင်း စကလေးငယ်နှင့် မိခင်၏မိသားစုထံပြန်လာခြင်း။ မိခင်၏ မိသားစုတို့မှ ပြစ်တင်မောင်းမဲခြင်းနှင့် ကြိမ်ဆဲခြင်းတို့ အကြောင်း။ တန်ခိုးဗျာဒိဟာအနေဖြင့် မွေးကင်းစကလေးက အာဝီဇနိ်းရွှင်ရွှင်စကားပြောနိုင်ခြင်း။ ၎င်းနောက် ယေရှုကြီးပြင်းလာပုံနှင့် လူအများအားဖိတ်ခေါ်မှုပြုခြင်း။ ငြင်းဆန်မှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး နောက်လိုက်များက အကူအညီပေးခြင်း။ ရန်ညှိုးထားသော ဂျူးများတို့က အကွက်ဆင်ကာ သတ်ရန်ကြိုးပမ်းမှုများ။ ထို့နောက် သူ့အား အသက်ရှင်လျက်ကောင်းကင်ဘုံသို့ မချိယူတော်မူခြင်း။ ၎င်းနောက်အခြားထူးခြားသည့် အဖြစ်အပျက်များကိုလည်း ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ယင်းတို့မှာ တမန်တော်၏ ရုပ်ဆင်းသဏ္ဌာန်၊ ကိုယ်ခန္ဓာဖွဲ့စည်းမှု၊ ဝတ်စား ဆင်ယင်ပုံ စသည်တို့နှင့်တူညီသော အကြောင်းအရာများပင် ဖြစ်တော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်ပါ တမန်တော်အီစာ﴿عليه السلام﴾ နှင့် ပတ်သက်သော အထက်ပါအနုစိတ်ဖော်ပြပုံမျိုးကို မည်သည့် တမန်တော်နှင့်မျှ ပတ်သက်၍ မဖော်ပြခဲ့ပါ။ ဤအချက်သည် အဘယ်ကြောင့် ဖြစ်ပျက်ခဲ့ရသည်နှင့် ဤအဖြစ် အပျက်၏ နောက်ကွယ်ရှိ အသိဉာဏ်သည် မည်သည်နည်းဆိုသည်ကို လူတိုင်းအား တွေးတောဆင်ခြင်စေရန် လမ်းဖွင့်ပေးထားပါသည်။

အနည်းငယ်မျှတွေးဆလိုက်ရုံဖြင့် ရှင်းလင်းသွားသည်မှာ တမန်တော်များတို့၏ နောက်ဆုံးတမန်တော်ကြီး﴿ﷺ﴾ သည် ၎င်း၏နောက်တွင် ထပ်မံပွင့်မည့် နဗီမရှိသောကြောင့် ယခုအချိန်မှစ၍ တရားစီရင်မည့်နေ့တိုင် ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေများအကြောင်းကို သူ၏အုမ္မသ်အား ညွှန်ကြားမှုပြုနိုင်ရန်အတွက် အထူးဂရုပြုခဲ့ပါသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သည် အုမ္မသ်ထုအား ရှေ့ဆောင်ရှေ့ရွက်ပြုထိုက်သူ မည်သူမည်ဝါဖြစ်ကြောင်းကို ကိုယ်တော်တိုင်ဖော်ထုတ်ပြသခဲ့သည်။ သူသည်မူအရ ထိုခေါင်းဆောင်များ၏ အကြောင်းကို သူတို့၏ ယေဘုယျအရည်အချင်းများနှင့်တကွ ဖော်ပြခဲ့သည်။ ကောင်းချီးမင်္ဂလာပေးခံရသော လူအချို့တို့ အမည်နာမနှင့်တကွ ဖော်ပြခဲ့ပြီး လူအများအား ထိုသူတို့ကို နောက်လိုက်ရန် လေးလေးနက်နက် ညွှန်ကြားခဲ့သည်။ ထိုပုဂ္ဂိုလ်များအပြင် အုမ္မသ်ထု၏ အီမာန်ယုံ ကြည်ချက်အပေါ် အန္တရာယ်ပြုနိုင်သည့် လမ်းလွဲလမ်းမှားသည့်သူများကိုလည်း ဖော်ထုတ်ပြသခဲ့သည်။

တမန်တော်မြတ်﴿ﷺ﴾ သခင်နောက် ပေါ်ပေါက်လာမည့် ပျက်စီးရာပျက်စီကြောင်း ပြုလုပ်သူများတွင် ခရစ်တော်ကို ဆန့်ကျင်သည့် မစိဟ်သဘောဆောင်သော ဒဂျ်ဂျလ်မှာ အဆိုးရွားဆုံးသူဖြစ်သည်။ ၎င်း၏ စိုးရိမ်ဘွယ် ကောက်ကျစ်စဉ်းလဲမှုသည် လမ်းလွဲခြင်းသို့ ဆိုးဝါးစွာရောက်စေသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ က ၎င်း၏အကြောင်းနှင့် ပတ်သက်သည့် အသေးစိတ်များ မိန့်ကြားထားခဲ့ပါသည်။ အာရုံစိုက်ဖွယ် အခြေအနေနှင့် ခွဲခြားသိမှတ်ဖွယ်အထူးအချက်အလက်များကို ဖော်ပြခြင်းဖြင့် မည်သည့်အချိန်တွင် ပေါ်ထွက်လာသည်ဖြစ်စေ အုမ္မသ်ထုသည် ၎င်းအားဒုက္ခပေးသူဖြစ်ကြောင်း သိနိုင်သည်မှာ သံသယဖြစ်ဖွယ်မရှိတော့ချေ။ အလားတူပင် နောက်ပိုင်းတွင် ဘာသာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲသူများနှင့် ဩဇာရှိသော အကြီးအကဲများထဲတွင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်သည် အလွန်ထင်ရှားသည်။ အီစာ﴿عليه السلام﴾ သခင်ကို အလွှာဟ် အရှင်မြတ်က တမန်တော်ဖြစ်ခြင်း၏ အဆင့်အတန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထိုတမန်တော်ကို ကောင်းကင်ဘုံတွင် အသက်ရှင်လျက် ထိန်းသိမ်းတော်မူခဲ့၍ ဒဂျ်ဂျလ်၏ ကောက်ကျစ်စဉ်းလဲသောအချိန်ကာလအတွင်း မုစ်လင်မ်ထုအား ကယ်တင်ရန် ရောက်ရှိလာကာ ကိယာမသ်တရားစီရင်မည့် နီးကပ်သောအချိန်တွင် ထိုဒဂျ်ဂျလ်အား သတ်ဖြတ်ရန်အတွက် အလွှာဟ်အရှင်မြတ်က ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မုစ်လင်မ်ထုသည် တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ ပုဂ္ဂိုလ်ရေးအကြောင်းများနှင့် အရည်အချင်းများကို ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်သည်ဟု ယူဆသည်။ သို့မှသာ တမန်တော်အီစာ﴿عليه السلام﴾ သခင်သည် ဒုတိယအကြိမ် ကမ္ဘာမြေပြင်သို့ ပြန်လည်လာရောက်ရာတွင် လူအများက သံသယကင်းစွာနှင့် မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ပေမည်။

ဤကဲ့သို့ လုပ်ဆောင်ခြင်းတွင် မြောက်မြားစွာသော ဟိက်မသ်အသိဉာဏ်များရှိသည်။

ပထမအနေဖြင့် အုမ္မသ်ထုသည် တမန်တော်အီစာ (ယေရှုသခင်) ﴿عليه السلام﴾ အား ခွဲခြားသိနိုင်ရန် ခဲယဉ်းခဲ့လျှင် ထိုတမန်တော်လာခြင်း၏ ရည်ရွယ်ချက်မှာ ပျက်ပြယ်ပေလိမ့်မည်။ အကယ်၍ မုစ်လင်မ်ထုသည် တမန်တော်အီစာ﴿عليه السلام﴾ သခင်ကို ကွဲပြားစွာမသိခဲ့ပါလျှင် ၎င်းနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟုတ်ချေ။ သို့ဆိုလျှင်တမန်တော်အီစာသည် အုမ္မသ်ထုကို မည်သို့ကူညီပံ့ပိုးနိုင်အံ့နည်း။ ဒုတိယအချက်မှာ စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ သခင်သည် ကမ္ဘာမြေပြင်သို့ သတ်မှတ်ချိန်တွင် လာရောက်ခြင်းမှာ တမန်တော်တစ်ပါးအနေဖြင့် လာခြင်း မဟုတ်ချေ။ မုစ်လင်မ်များကို ဦးဆောင်ရန်အတွက် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ခလိဖဟ် (ကိုယ်စားလှယ်တော်) အနေဖြင့် သာလာခြင်းဖြစ်မည်။ တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ တမန်တော်ဖြစ်ခြင်းဟူသော ပုဂ္ဂိုလ်ရေးအခြေအနေကိုလည်း ရုတ်သိမ်းပစ်မည်မဟုတ်ချေ။ တမန်တော်အီစာ﴿عليه السلام﴾ သည် ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးမှူးတစ်ဦးနှင့် တူပေသည်။ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်ရေးမှူးတစ်ဦးသည် အခြားသော ပြည်နယ်အချို့ကို ကိစ္စရပ်အချို့အတွက်သာ သွားရောက်ခဲ့သော်လည်း ၎င်းမှာ ထိုနယ်၏ အုပ်ချုပ်ရေးမှူးပင်ဖြစ်သကဲ့သို့ပင်တည်း။ ထို့ကြောင့် ၎င်းသည်ထိုပြည်နယ်၏ အုပ်ချုပ်ရေးမှူးတစ်ဦး မဖြစ်သော်လည်း ၎င်းတွင်ရှိနေသော ယခင်အုပ်ချုပ်ရေးမှူးတစ်ဦး၏အာဏာကို ရောက်ရှိသောနေရာအကြောင်းပြု၍ မဖယ်ရှားပစ်နိုင်ပါ။ အလားတူပင် ဆိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်သည် ထိုအချိန်၌ တမန်တော်ဂုဏ်ပုဒ်မရှိဟူသည်မှာ မဟုတ်ချေ။ ယခင်အစောကာလက မယုံကြည်သွေဖည်ငြင်းပယ်သူများသည် တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ နဗီတမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ကြသကဲ့သို့ ထိုအချိန်၌လည်း မယုံကြည်သွေဖည်ငြင်းပယ်သူများက ငြင်းပယ်ကြပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ လမ်းညွှန်မှုအပေါ် အခြေခံ၍ တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ တမန်

တော်ဖြစ်ခြင်းကို ယုံကြည်လက်ခံခဲ့သော်လည်း တမန်တော်အီစာ﴿عليه السلام﴾ သခင် ကြွရောက်လာလျှင် မမှတ်မိဘဲ ငြင်းပယ်ခဲ့ကာ မဟာအမှားကျူးလွန်မိသူဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တမန်တော်၏ လက္ခဏာများနှင့် ဂုဏ်ပုဒ်များကို အထူးရှည်လျားစွာ ရှင်းလင်းတင်ပြရန် အထူးလိုအပ်ပေသည်။

တတိယအချက်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ ကြွရောက်လာခြင်း အဖြစ်အပျက်သည် ဤမတည်မြဲသော ကမ္ဘာကြီး၏ နောက်ပိုင်းအချိန်ကာလတွင်ဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်သည်မှာ တမန်တော်အီစာ﴿عليه السلام﴾ သခင်၏ ဖော်ထုတ်နိုင်သောအမှတ်လက္ခဏာများသည် ဒွိဟသံသယဖြစ်ကာ အချို့သူတို့က ၎င်းသည်မရဒ်ယမ်၏သား မစိတ်ဟုပြောကြပေလိမ့်မည်။ ထိုအချိန်တွင် ဤရည်ညွှန်းချက်များက ယင်းကဲ့သို့သော အခိုင်အမာပြောဆိုမှုများကို ငြင်းပယ်၍ မဟုတ်မမှန်ကြောင်း ပြောဆိုနိုင်ရန်အတွက် ကောင်းစွာအထောက်အကူပြုလိမ့်မည်။ အိန္ဒိယနိုင်ငံ မကွဲမှီက ကာဒီယမ်မြို့မှ မိရ်ဇာဂူလာမ် အဟ်မဒ်သည် ၎င်းမှာကတိတော်လာ မစိတ်ဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့ပါသည်။ ယခုဖော်ပြခဲ့သောအညွှန်းများကို အခြေခံ၍ မုစ်လင်မ်ထု၏ ပညာရှင်များက ၎င်း၏အခိုင်အမာပြောဆိုမှုကို မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ပါသည်။

အချုပ်မှာ ဤအာယသ်တော်နှင့် အခြားအာယသ်တော်များတွင် ပါဝင်သည့် တမန်တော်အီစာ﴿عليه السلام﴾ နှင့် ပတ်သက်သည့် အသေးစိတ်ရှင်းလင်းချက်များသည် တရားစီရင်မည့်နေ့ နီးကပ်လျှင် ၎င်းပြန်လည်ပေါ်ထွက်၍ ကမ္ဘာမြေပြင်သို့ လာမည်ဆိုသည့် အညွှန်းပင်ဖြစ်ပေသည်။ ဤစာရေးသူ မုဖ်သီရှဖီးသည် အူရဒူဘာသာနှင့် ရေးထားသော (စစ်မှန်သည့် မစိတ်ဖော်ထုတ်ခြင်း) မစိတ်မောင်အုဒ်ကိပဲဟ်ချိန်း" ကျမ်းတွင် ဤကိစ္စနှင့် ပတ်သက်၍ အသေးစိတ်ပါဝင်ကာ လိုအပ်လျှင် ကြည့်ရှုလေ့လာနိုင်သည်။

VVVVVVVVVV

အာယသ် (၅၆–၅၈)

فَأَمَّا الَّذِينَ كَفَرُوا فَأُعَذِّبُهُمْ عَذَابًا
شَدِيدًا فِي الدُّنْيَا وَالْآخِرَةِ وَمَا لَهُمْ مِنْ نَاصِرِينَ ﴿٥٦﴾ وَأَمَّا
الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَ
اللَّهُ لَا يُحِبُّ الظَّالِمِينَ ﴿٥٧﴾ ذَٰلِكَ نَتْلُوهُ عَلَيْكَ مِنَ الْآيَاتِ وَ
الذِّكْرِ الْحَكِيمِ ﴿٥٨﴾

သို့ဖြစ်လေရာ မယုံကြည်သွေဖည်ငြင်းပယ်သော မိစ္ဆာဒိဋ္ဌိတို့ကိုမူကား ငါအရှင်မြတ်သည် ယင်းသူတို့အား ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း ပြင်းထန်စွာသော ပြစ်ဒဏ်ကိုခတ်တော်မူအံ့။ ထိုမှတစ်ပါးတုံ ယင်းသူတို့အား ကူညီမှီငြမ်းမမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ချေ။ (၃း၅၆)

သို့ရာတွင် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြ၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူတို့မှာမူကား ထိုအရှင်မြတ်သည် ယင်းသူတို့အား (ယင်းသူတို့ ပြုလုပ်ဆောက်တည်ခဲ့ကြသော အကျင့်သီလများ၏) အကျိုးကျေးဇူးများကို ပြည့်စုံစွာပေးသနား တော်မူလတ္တံ့။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မတော်မတရား ကျူးလွန်စော်ကားသူတို့အား နှစ်သက်တော်မူသည်မဟုတ်ချေ။ (၃း၅၇)

၌(အထွဋ်ပွတ္တိများ)သည် (အသင်နဗီဖြစ်ခြင်း၏) သက်သေလက္ခဏာများ အနက်မှလည်းဖြစ်၏။ ဉာဏ်ပညာနှင့် ပြည့်စုံသောအကြောင်းအရာများ အနက်မှလည်း ဖြစ်ပေ၏။ ထိုအကြောင်းအရာများကို ငါအရှင်သည် အသင့်အား (ဝဟီဖြင့်) ရွတ်ဖတ်ကြားနာပြောပြတော်မူသည်။ (၃း၅၈)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော် (၅၆)ထဲတွင် သူတို့အချင်းချင်းကြား ခြားနားလေ့ရှိသည်များအား အလ္လာဟ် အရှင်မြတ်သာလျှင် အဆုံးအဖြတ်ပေး၍ နောက်ဆုံးဆုံးဖြတ်မည့်အရှင်ဖြစ်ကြောင်း မိန့်ကြားထားသည်။ ဤ အာယသ်တော်သည် ထိုဆုံးဖြတ်ချက်ကို ဖော်ပြထားသည်။

အကျယ်ဖွင့်ဆိုခြင်း

ဤကမ္ဘာလောက၏ ဒုက္ခသုက္ခများသည် နောင်တမလွန်ဘဝအတွက် အကျိုးဖြစ်ထွန်းပါ၏လော။

အာယသ်တော် (၅၆) တွင်ပါရှိသော "ငါအရှင်မြတ်သည် ယင်းသူတို့အား ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း ပြင်းထန်စွာသော ပြစ်ဒဏ်ကိုခတ်တော်မူအံ့" ဟူသော စကားလုံးများတွင် သံသယအနည်းငယ်ဖြစ်စေနိုင်သည်။ ထိုအဆိုအမိန့်သည် နောက်ဆုံးနေ့တွင် ကြေညာမည့်အဆုံးအဖြတ်ဖြစ်သောကြောင့် "ငါအရှင်မြတ်သည် ယင်းသူတို့အား ပစ္စုပ္ပန်ဘဝ၌လည်းကောင်း နောင်တမလွန်ဘဝ၌လည်းကောင်း၊ ပြင်းထန်စွာသော ပြစ်ဒဏ်ကို ခတ်တော်မူအံ့" ဟူသည့် အဆိုအမိန့်ကို မည်သို့ရှင်းလင်းအံ့နည်း။ အဆုံးအဖြတ်ပေးမည့်နေ့ဖြစ်သော ပြန်လည် ရှင်ပြန်ထမည့်နေ့တွင် ယနေ့တည်ရှိနေသော ကမ္ဘာကြီးသည် ထိုအချိန်၌တည်ရှိနေမည် မဟုတ်ပါ။

ဤအခက်အခဲကို အလားတူကိစ္စရပ်တစ်ခုအား ယှဉ်ကြည့်လျှင် ဖြေရှင်းပေးနိုင်ပါသည်။ ဤအဆိုအမိန့်သည် တရားသူကြီးတစ်ဦးက တရားခံတစ်ဦးကို ပြောသည့်ပုံစံနှင့် အလားတူပေသည်။ ယင်းမှာ "ယခုအချိန်မှစ၍ ကျွန်ုပ်သည် သင့်အားတစ်နှစ်ထောင်သွင်းအကျဉ်းချပါမည်။ အကယ်၍ သင်သည် ထောင်တွင်း၌ကောင်းစွာမနေပါက ပြစ်ဒဏ်ကိုနှစ်နှစ်ထိ ကျခံစေရမည်။" ရိုးရိုးရှင်းရှင်း ဆိုလိုသည်မှာ ထိုပြစ်ဒဏ်နှစ်နှစ်ကို ပြစ်ဒဏ်စတင်ကျခံရသည်မှစ၍ ရေတွက်မည်ဖြစ်သည်။ ဤသည်အပေါ် အခြေခံ၍ သေချာသည်မှာ ကောင်းမွန်စွာမနေက နောက်တွင် နှစ်နှစ်ကျခံမည်ဆိုသော ပြစ်ဒဏ်မှာ အကျိုး ဝင်သွားပါလိမ့်မည်။ ထို့ကြောင့် ကောင်းမွန်စွာမနေလျှင် ပထမတစ်နှစ်နှင့် နောက်တစ်နှစ် ထပ်ဆောင်းကျခံရ မည်မှာ အလိုအလျောက် အတည်ဖြစ်ပေလိမ့်မည်။

ဤနေရာတွင်လည်း လောကီတွင် အပြစ်ပေးခံရခြင်းသည် ထိုသို့ပင်ဖြစ်သည်။ နောင်တမလွန်တွင် ကျခံရမည့်ပြစ်ဒဏ်သည် ထပ်ဆောင်းကာ စုစုပေါင်းပြစ်ဒဏ်သည် နောက်ဆုံးနေ့ ကိယာမသ်နေ့တွင် စတင်မည်ဖြစ်သည်။ ထို့ကြောင့် လောကီတွင် ပြစ်ဒဏ်ခံရပြီးသည့်တိုင် ယင်းသည် နောင်တမလွန်တွင် ပြစ်ဒဏ်ခံရခြင်းလွတ်ငြိမ်းခွင့်မဖြစ်ချေ။ ဤအခြေအနေသည် အီမာန်ရှင်များ၏ အခြေအနေနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။ အီမာန်ရှင်များသည် ဤလောကီတွင် ဒုက္ခသုက္ခခံစားခဲ့ရပြီးနောက် ၎င်းတို့၏ပြစ်မှုများကို ခွင့်လွှတ်ခံရပြီး နောင်တမလွန်အာခိရသ်တွင် ခံရမည့်ပြစ်ဒဏ်မှာ လျော့ပေါ့ခြင်း (သို့) ပယ်ဖျက်ခံရခြင်းအဖြစ်သို့ ရောက်ရှိကြောင်း တွေ့ရပါလိမ့်မည်။ ဤအကြောင်းကြောင့် ထိုသို့လုပ်ဆောင်မည့် အညွှန်းကို အာယသ်တော် (၅၇) တွင် **لَا يُحِبُّ الظَّالِمِينَ** "၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မတော်မတရားကျူးလွန်စော်ကားသူတို့အား နှစ်သက်တော်မူမည် မဟုတ်ချေ။" ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏အီမာန်သက်ဝင်ယုံကြည်မှုကြောင့် ချစ်ခင်စုံမက် ခြင်းခံရသည်။ ချစ်ခင်စုံမက်ခံရသူအား ထိုကဲ့သို့ပင် အမြဲတမ်းကောင်းမွန်စွာ ဆက်ဆံခံရပါသည်။ မယုံကြည် သွေဖည်ငြင်းပယ်သူများမှာမူ ၎င်းတို့၏ မယုံကြည်သွေဖည်မှုကြောင့် မုန်းတီးစက်ဆုတ်ခံရကာ ထိုသို့မုန်းတီး စက်ဆုတ်ခံရသူများသည် ယင်းကဲ့သို့သော ဆက်ဆံမှု မရနိုင်ကြချေ။ **(ဘယာနုလ်ကုရ်အာန်)**

VVVVVVVVVV

အာယသ် (၅၉-၆၃)

إِنَّ مَثَلَ عِيسَىٰ عِندَ اللَّهِ كَمَثَلِ آدَمَ ۖ خَلَقَهُ
مِن تُرَابٍ ثُمَّ قَالَ لَهُ كُن فَيَكُونُ ﴿٥٩﴾ الْحَقُّ مِن رَّبِّكَ فَلَا
تَكُن مِّنَ الْمُمْتَرِينَ ﴿٦٠﴾ فَمَنْ حَاجَّكَ فِيهِ مِن بَعْدِ مَا جَاءَكَ
مِنَ الْعِلْمِ فَقُلْ تَعَالَوْا نَدْعُ أَبْنَاءَنَا وَأَبْنَاءَكُمْ وَنِسَاءَنَا وَ
نِسَاءَكُمْ وَأَنفُسَنَا وَأَنفُسَكُمْ ثُمَّ نَبْتَهِلْ فَنَجْعَل لَّعْنَتَ اللَّهِ
عَلَى الْكَاذِبِينَ ﴿٦١﴾ إِنَّ هَٰذَا لَهُوَ الْقَصَصُ الْحَقُّ ۚ وَمَا مِنْ
إِلَٰهٍ إِلَّا اللَّهُ ۚ وَإِنَّ اللَّهَ لَهُوَ الْعَزِيزُ الْحَكِيمُ ﴿٦٢﴾
فَإِن تَوَلَّوْا فَإِنَّ اللَّهَ عَلِيمٌ بِالْمُفْسِدِينَ ﴿٦٣﴾

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏အထံတော်၌ (နဗီတမန်တော်) အီစာ၏ (ထူးဆန်းသော) အဖြစ်ကား (နဗီတမန်တော်) အာဒမ်၏ (ထူးဆန်းသော) အဖြစ်ကဲ့သို့ပင်တည်း။ ထိုအရှင်မြတ်သည် (ဦးစွာပထမ) ထို (နဗီတမန်တော် အာဒမ်) အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ ပြီးနောက် ထိုအရှင်မြတ်သည် ထိုနဗီတမန်တော် အာဒမ် (၏ပုံသဏ္ဌာန်)ကိုဖြစ်စေဟု မိန့်ကြားတော်မူခဲ့ရာ ထိုတမန်တော် အာဒမ်(၏ပုံသဏ္ဌာန်)သည် (အသက်ထင်ရှားရှိသော လူသတ္တဝါ) ဖြစ်လာခဲ့ရလေသတည်း။ (၃း၅၉)

(အို-နဗီတမန်တော် ဤအဆိုပါ နဗီတမန်တော်အီစာ၏) မှန်ကန်သော အတ္ထုပ္ပတ္တိအကြောင်းအရာများသည် အသင့်အားမွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ (ထုတ်ပြန်မိန့်ကြားတော်မူသော) အတ္ထုပ္ပတ္တိအကြောင်းအရာများပင် ဖြစ်ပေရာ အသင်သည် ဒွိဟသံသယရှိသူတို့အနက် အပါအဝင်မဖြစ်လေနှင့်။ (၃း၆၀)

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင့်ထံ၌ (ငါအရှင်မြတ်အထံတော်မှ မှန်ကန်သော) အသိတရားရောက်ရှိလာပြီးသည့်နောက်သော်မှပင်၊ အကြင်သူတစ်ဦးတစ်ယောက်သည် ယင်း(နဗီတမန်တော်အီစာ)နှင့် ပတ်သက်၍

အသင့်အား အချေအတင်ပြောဆိုခဲ့ပါမူ၊ အသင်သည် (ယင်းသူတို့အား) (“ဟယ်အချင်းတို့) လာကြကုန်လော့။ (အသင်တို့နှင့်)အကျွန်ုပ်တို့သည် (ပူးပေါင်းကာ) အကျွန်ုပ်တို့၏ သားမြေးတို့ကိုလည်းကောင်း၊ အသင်တို့၏ သားမြေးတို့ကိုလည်းကောင်၊ အကျွန်ုပ်တို့၏ မိန်းမများကိုလည်းကောင်း၊ အသင်တို့၏ မိန်းမများကိုလည်းကောင်း၊ ခေါ်ယူ(စုရုံးစေ)ပြီး အကျွန်ုပ်တို့ကိုယ်တိုင်နှင့် အသင်တို့ကိုယ်တိုင်လည်း (ပါဝင်ကြကုန်အံ့။) ထို့နောက် အကျွန်ုပ်တို့ (နှင့်အသင်တို့)သည် (ပူးပေါင်းကာ အလွှာဟ်အရှင်မြတ်အထံတော်၌ ဤအခြေအတင်ပြောဆိုရာတွင်) “မုသားပြောဆိုသူတို့အပေါ်ဝယ် အလွှာဟ်အရှင်မြတ်၏ လအ်နသ်(အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းသည်) ကျရောက်ပါစေသား” ဟူ၍ စိတ်ရောကိုယ်ပါ တောင်းပန်အသနားခံကြကုန်အံ့ဟု ပြောဆို(ကြေညာ) ပါလေ။ (၃း၆၁)

မုချဇကန် ဤ(အဆိုပါ) အထွျပွတ္တိ အကြောင်းအရာများသည်သာလျှင် စင်စစ်အားဖြင့် မှန်ကန်သော အထွျပွတ္တိ အကြောင်းအရာများတည်း။ အမှန်စင်စစ် (ဇကေဝ တစ်ဆူတည်းသော) အလွှာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝတ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပြီ။ ၎င်းပြင်မုချဇကန် ထိုအလွှာဟ်အရှင်မြတ်သည်သာလျှင် စင်စစ်အားဖြင့် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ အကျိုးအကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၃း၆၂)

သို့ဖြစ်လေရာ (ဤရွေ့ဤမျှ ဖွင့်ဟမိန့်ဆိုထားတော်မူပြီးသည့်နောက်သော်မှပင်) အကယ်၍သာ ယင်း(ခရစ်ယာန်)တို့သည် မျက်နှာလွှဲ၍ ကျောခိုင်းသွားကြပါမူ၊ မုချဇကန် အလွှာဟ်အရှင်မြတ်သည် ဖျက်ဆီးသူအပေါင်းတို့ကို အကြွင်း မဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။ (၃း၆၃)

မုဟာဟလဟ် အဖြစ်အပျက်နှင့် မိစ္ဆာဒိဋ္ဌိတို့၏ မမှန်မကန်သော ငြင်းဆိုချက်

ဤအာယသ်တာ်များကျရောက်ခြင်း၏ နောက်ခံအကြောင်းမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် နဂျရန်ရှိ ခရစ်ယာန်များအား နောက်ဆုံးရာဇသံပေးခြင်းဖြစ်၍ ထိုရာဇသံတွင် အချက်(၃)ချက်ပါဝင်ကာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အစွလာမ်အား လက်ခံရန် (သို့မဟုတ်လျှင်)

၂။ ဂျိဇ်ယာအခွန်ပေးဆောင်ရန် (မုစ်လင်မ်များအုပ်ချုပ်မှုအောက်တွင် နေထိုင်သော လွတ်လပ်သည့် မုစ်လင်မ်မဟုတ်သူက ပေးဆောင်ရသောအခွန်) (သို့မဟုတ်လျှင်)

၃။ စစ်ပွဲဆင်နွှဲရေး အဆင်သင့်လုပ်ထားရန် ဖြစ်သည်။

ခရစ်ယာန်များသည် အချင်းချင်းတိုင်ပင်၍ ရှူဟ်ရာဟ်ဗိလ် အဗ်ဒုလ္လာဟ်ဗင် ရှူဟ်ရာဟ်ဗိလ်နှင့် ဣဗာရ်အိဗ်နိဖယဒ်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို တမန်တော်မြတ်ﷺ သခင်ထံစေလွှတ်ခဲ့သည်။ သူတို့ရောက်လာ၍ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ စတင်ပြောကြားခဲ့သည်။

ခရစ်ယာန်တို့သည် ယေရှုသခင်ဘုရားဖြစ်ကြောင်း သက်သေပြရန် ကြိုးပမ်းစဉ်တွင် ၎င်းတို့၏စကား အခြေအတင်ပြောဆိုမှုသည် ငြင်းခုန်ခြင်း၏ အဆုံးစွန်သို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်၌ ဤမုဟာဟလဟ် အာယသ်တော်ကျရောက်ခဲ့ပါသည်။ ထိုအချိန်တွင် တမန်တော်မြတ်ﷺ သခင်သည် ခရစ်ယာန်များအား မျက်နှာချင်းဆိုင်ကာ မုဟာဟလဟ်ပြုလုပ်ရန် ဖိတ်ခေါ်ခဲ့သည်။ (မုဟာဟလဟ်ပြုလုပ်ခြင်းဆိုသည်မှာ အရှင်မြတ်ထံ ဒုအာတောင်းဆိုကာ အငြင်းအခုံများကို ရှင်းလင်းသည့် နည်းတစ်မျိုးဖြစ်သည်) ယင်းအကြောင်း မကြာမီ အသေးစိတ်ဆွေးနွေးပါမည်။ ထို့နောက် တမန်တော်မြတ်ﷺ သခင်သည် မဆိုင်းမတွပင် စိုက်ယိဒါဟ်ဖာသိမာဟ် (رضي الله عنها)၊ စိုက်ယိဒနာအလီﷺ နှင့် ၎င်းတို့၏သားများဖြစ်သော ဟစန်နှင့် ဟူစိုင်န်ﷺ သခင်နှစ်ပါးတို့နှင့်အတူ မုဟာဟလဟ်ပြုလုပ်ရန် အဆင့်သင့်ပြင်ဆင်လိုက်သည်။ ထိုအချင်းအရာကိုကြည့်ကာ ရှူရာဟ်ဗိလ်သည် သူ၏ရဲဘော်နှစ်ဦးအား ပြောသည်မှာ "ထိုပုဂ္ဂိုလ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်ကြောင်း မင်းတို့သိပြီးဖြစ်သည်။ ထိုကဲ့သို့သော တမန်တော်တစ်ပါးနှင့် မုဟာဟလဟ်ပြုရင်ဆိုင်ရန် ပြုလုပ်ခဲ့ပါက မုချဧကန်ကျွန်ုပ်တို့အတွက် သေဆုံးခြင်းနှင့် ပျက်စီးခြင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဤအခက်အခဲမှရှုန်းထွက်ရန် ကျွန်ုပ်တို့အခြားနည်းလမ်းရှာကြစို့"။ သူ၏ ရဲဘော်များက ရှူရာဟ်ဗိလ်ကို မည်သို့သောနည်းလမ်းစဉ်းစားထားသနည်းဟု မေးမြန်းကြသည်။ ရှူရာဟ်ဗိလ်က "ကျွန်ုပ်အထင်မှာ အကောင်းဆုံးနည်းလမ်းသည် တမန်တော်အကြံပြုထားသကဲ့သို့ စစ်ပြေငြိမ်းမှု တောင်းခံရန်ဖြစ်ပါသည်။ ထိုနည်းလမ်းကို လူတိုင်းက သဘောတူလက်ခံခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ သခင်သည် ငြိမ်းချမ်းရေးပြုလုပ်ရန်အတွက် အခွန်အခပေးဆောင်ရန် သတ် မှတ်ခဲ့ရာ ၎င်းတို့က လက်ခံခဲ့သည်။ **(သဖ်စ်ရ်အိဗ်နိကဆီး်ရ်၊ အတွဲ-၁)**

မုဟာဟလဟ်၏ အဓိပ္ပာယ်

အစောပိုင်းက ဖော်ပြခဲ့သည့်အတိုင်း အာယသ်တော် (၆၁) က တမန်တော်မြတ်ﷺ အား သူ၏ ယှဉ်ပြိုင်ဖက် (ခရစ်ယာန်) များအား "မုဟာဟလဟ်" ပြုလုပ်ရန်အတွက် ဖိတ်ခေါ်ရန်ညွှန်ကြားခဲ့ပါသည်။ "မုဟာဟလဟ်"ဟူသည် အဘိဓာန်အရ နှစ်ဦးနှစ်ဖက် ယှဉ်တွဲ၍ ဆုမွန်ဒုအာတောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် အစ္စလာမ်ရရှိအသိ အသုံးအနှုန်းတွင် ဘာသာရေးဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းသည့်သီးသန့် နည်းလမ်းတစ်ရပ်ကို ရည်ညွှန်းပါသည်။ ဘာသာရေးဆိုင်ရာကိစ္စတစ်ရပ်ကို၊ အငြင်းအခုံ၊ အချေအတင်ပြောဆိုချက်များဖြင့် ဖြေရှင်း၍မရပါက အငြင်းပွားသည့်နှစ်ဖွဲ့စလုံးတို့သည် မှားယွင်းသည့်အဖွဲ့အပေါ်၌ အလ္လာဟ်အရှင်မြတ် ကျိန်စာသင့်စေရန် ပူးတွဲဒုအာတောင်းကြပါသည်။ ကျိန်စာ၏ အဓိပ္ပာယ်မှာ တစ်စုံတစ်ဦးအား အလ္လာဟ်အရှင်မြတ် အသနားတော်မှ ကင်းဝေးစေခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့် နီးကပ်ခြင်း

ပင်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်၏ အနှစ်သာရသည် အမျက်တော်ရှစေခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် လိမ်လည်သောသူသည် မကောင်း သည့်ဆိုးကျိုးများနှင့် ရင်ဆိုင်ရကာ အမှန်တရားသည် မယုံကြည်သွေဖည်သူများ ရှေ့မှောက်တွင်လည်း ပေါ် ထွက်လာပါလိမ့်မည်။ ဤကဲ့သို့ ဒုအာဆုမွန်တောင်းခြင်းကို "မုဗာဟလဟ်"ဟု ခေါ်ပါသည်။

"မုဗာဟလဟ်"သည် အငြင်းပွားသူတို့ဖြင့်သာ ပြုလုပ်နိုင်ပါသည်။ ၎င်းတို့အချင်းချင်းပူးတွဲကာ ဒုအာဆုမွန်တောင်းရုံသာဖြစ်ပါသည်။ ၎င်းတို့၏ မိသားစုဝင်များ စုစည်းပါဝင်ရန် မလိုအပ်ပါ။ သို့သော်လည်း အကယ်၍ မိသားစုဝင်များ "မုဗာဟလဟ်" တွင် ပါဝင်ဆင်နွှဲပါက အကျိုးသက်ရောက်မှု ပိုမိုရရှိနိုင်ပါသည်။ ထို့အတွက်ကြောင့် နှစ်ဖက်စလုံး၏ မိသားစုဝင်များအား ဖိတ်ကြားရန် တမန်တော်မြတ်ﷺ အား ညွှန်ကြားခြင်း ခံခဲ့ရပါသည်။

"သား"ဟူသော အသုံးအနှုန်း၌ "မြေး" ပါ အကျုံးဝင်သည်

အာယသ်တော် (၆၁) တွင်ပါဝင်သော "ကျွန်ုပ်တို့၏သားများ" ဟူသောစကားလုံးသည် ကျွန်ုပ်တို့ရင်နှစ်သီးခြာသားများကိုသာ မဆိုလိုပါ။ အမှန်တကယ် အဓိပ္ပာယ်မှာ ယေဘုယျဖြစ်ပါသည်။ သားများ (သို့) မြေးများလည်း ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤစကားလုံးကို ယေဘုယျအနေဖြင့် သုံးနှုန်းထားသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ ၏ မြေးတော်များဖြစ်သော စိုက်ယိဒနာ ဟစန်နှင့် စိုက်ယိဒနာ ဟုစိုင်န်ﷺ နှင့် တမန်တော်မြတ်ﷺ ၏ သားမက်ဖြစ်သော စိုက်ယိဒနာအလီﷺ သည်လည်း "ကျွန်ုပ်တို့၏သားများ" ဟူသော စကားလုံးတွင် အားလုံးကြုံးဝင်သွားပါသည်။

စိုက်ယိဒနာအလီﷺ သည် "ကျွန်ုပ်တို့၏သားများ" ဟူသောစကားလုံးတွင် အကျုံးဝင်စေသည့် နောက်ထပ်အကြောင်းတစ်ကြောင်းလည်းရှိသည်။ ၎င်းသည် တမန်တော်မြတ်ﷺ ၏ ပြုစုပြုပျိုးထောင်မှုအောက်တွင် ကြီးပြင်းလာခဲ့ပြီး၊ တမန်တော်မြတ်ﷺ ကလည်း ၎င်းအားမိမိသားကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့သည်။

ထို့ကြောင့် စိုက်ယိဒနာအလီﷺ အား "ကျွန်ုပ်တို့၏သားများ" ဟူသော စကားလုံးတွင် ပါဝင်စေခြင်းကို ပေါ်လွင်ထင်ရှားပါသည်။ အချို့သော ရှီအိုက်များက ပြောသည်မှာ စိုက်ယိဒနာအလီﷺ သည် တမန်တော်မြတ်ﷺ ၏သားမဟုတ်သောကြောင့် "ကျွန်ုပ်တို့၏သားများ"ဟု တမန်တော်မြတ်ﷺ က ရည်ညွှန်းသကဲ့သို့ ရည်ညွှန်းမရပါ။ ဤအယူအဆဖြင့် ရှီအိုက်တို့သည် "ကျွန်ုပ်တို့ကိုယ်တိုင်" ဟူသောစကားလုံးတွင် အကျုံးဝင်စေပါသည်။ ထို့ကြောင့် သူသည် တမန်တော်မြတ်ﷺ ၏ နောက်ဆက်ခံသူဖြစ်သွားပါသည်။ ဤကဲ့သို့ အချေအတင်ပြောဆိုချက်၏ မှားယွင်းကြောင်းကို အထက်ပါဆွေးနွေးချက်တို့က ထင်ရှားစေပါသည်။

VVVVVVVVVV

အာယသ် (၆၄)

قُلْ يَٰٓأَهْلَ
ٱلْكِتَٰبِ تَعَالَوْا۟ إِلَىٰ كَلِمَةٍ سَوَآءٍۭ بَيْنَنَا وَبَيْنَكُمْ أَلَّا نَعْبُدَ إِلَّا
ٱللَّهَ وَلَا نُشْرِكَ بِهِۦ شَيْـًٔا وَلَا يَتَّخِذَ بَعْضُنَا بَعْضًا أَرْبَابًا
مِّن دُونِ ٱللَّهِ ۚ فَإِن تَوَلَّوْا۟ فَقُولُوا۟ ٱشْهَدُوا۟ بِأَنَّا مُسْلِمُونَ ﴿٦٤﴾

(အို-နဗီ) အသင်သည် (ယဟူဒီနှင့် ခရစ်ယာန်တို့အား) ပြောကြားပါလေ။ အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် အကျွန်ုပ်တို့နှင့် အသင်တို့ ကြား၌ (အားလုံးလက်ခံထားသည့်) တူညီသော စကားဘက်သို့ လာကြကုန်။ (ထိုစကားသည်ကား) ငါတို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည် သည့်အရာကိုမျှ မခဝတ် မကိုးကွယ်ခြင်း၊ ငါတို့သည် တစ်စုံတစ်ခုသော အရာကိုမျှ ထိုအရှင်မြတ်နှင့်တွဲဖက်ယှဉ်ဖက်ဟူ၍ မပြုခြင်း၊ ငါတို့အနက် အချို့သည် အလ္လာဟ်အရှင်မြတ်ကို ဖဲကြဉ်၍ အချို့သောသူများကို မွေးမြူ တော်မူသောအရှင်များဟူ၍ မပြုလုပ်ခြင်း (ပင်တည်း။) (ယင်းကဲ့သို့ ဖိတ်ခေါ် ပြီးသည့်နောက်သော်မှပင်) အကယ်၍ ထိုသူတို့သည် သွေဖည်ကျောခိုင်းသွား ကြပါမူ (အို-မုစ်လင်မ်အပေါင်းတို့) အသင်တို့က (ထိုသူတို့အား အချင်းတို့) ကျွန်ုပ်တို့သည် (အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်များကို မုချနာခံသော မုစ်လင်မ်များပင်ဖြစ်ကြောင်း အသင်တို့ကိုယ်တိုင် သက်သေခံကြကုန်ဟု ပြောဆိုကြကုန်လော့။ (၃း၆၄)

အကျယ်ဖွင့်ဆိုချက်

õylbT သဗ်လိဂ်နှင့် ...oID ဒါအ်ဝသ်၏ အရေးကြီးသော စည်းမျဉ်းများ

ဤအာယသ်တော်သည် تَعَالَوْا۟ إِلَىٰ كَلِمَةٍ سَوَآءٍۭ بَيْنَنَا وَبَيْنَكُمْ 'သဗ်လိဂ်'(ဟောကြားခြင်း)နှင့် 'ဒါအ်ဝသ်' (အစွယ်လာမ်တရားတော်ဟောကြား ခြင်း)၏ အရေးကြီးသည့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ဖော်ပြသခဲ့သည်။ ယင်းမူအရ တစ်စုံတစ်ဦးသည် မိမိစွဲကိုင်ထားသော ယုံကြည်ချက်များ၊ အတွေးအခေါ်များနှင့် တူညီမှုမရှိသော အခြားသော အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ရန် ဆန္ဒရှိလျှင်သူသည် သီးခြားနည်းလမ်းတစ်ရပ်ကို လုပ်ဆောင်သင့်သည်။ ယင်းနည်းလမ်းမှာ နှစ်ဦး နှစ်ဖက် သဘောတူလက်ခံကာ ပူးပေါင်းနိုင်သော အရာအပေါ်၌သာ လုံ့ဆော်နားဝင်

စေခြင်းဖြစ်သည်။ ပမာ ဆိုသော် ဗိုင်ဇန်တိုင်းဘုရင် ဟိရက်ကလ် (ဟိရက်ကလိယပ်စ်) ကို အစ္စလာမ် ဘာသာဘက်သို့ ဖိတ်ခေါ်ရာ၌ တမန်တော်မြတ်(ﷺ) သည် နှစ်ဦးနှစ်ဖက်သဘောတူညီသည့် အချက်ဖြစ်သော အလ္လာဟ်တစ်ပါးတည်းဆိုသည့် အကြောင်းအရာကို ရွေးချယ်ခဲ့ပါသည်။

ထိုဖိတ်ခေါ်ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

بسم ا لله الرحمن الرحيم، من محمّد عبد الله ورسوله الى هرقل عظيم الروم ، سلام عليه من اتبع الهدى ، امابعد فانى ادعو ك بدعاية الاسلام اسلم تسلم يؤ تك الله اجرك مرتين فان توليت فان عليك اثم اليريسين،
يٰٓاَهۡلَ الۡكِتٰبِ تَعَالَوۡا اِلٰى كَلِمَةٍ سَوَآءٍ ۢ بَيۡنَنَا وَبَيۡنَكُمۡ اَلَّا نَعۡبُدَ اِلَّا اللّٰهَ وَلَا نُشۡرِكَ بِهٖ شَيۡئًا وَّلَا يَتَّخِذَ بَعۡضُنَا بَعۡضًا اَرۡبَابًا مِّنۡ دُوۡنِ اللّٰهِ (البخارى)

အားလုံးအပေါ် ကြင်နာပြီး၊ အလွန့်အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် ကျွန်ုပ်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်နှင့် တမန်တော်ဖြစ်သော မုဟမ္မဒ်ထံမှ ဗိုင်ဇန်တိုင်းဘုရင် ဟိရက်ကလီယပ်စ်ထံသို့ လမ်းမှန်ကိုရွေးချယ်သူအပေါ်၌ ငြိမ်းချမ်းသာယာမှုအပေါင်း ခညောင်းပါစေ။ ထို့နောက် ကျွန်ုပ်သည် အစ္စလာမ်သာသနာဘက်သို့ သင့်အားဖိတ်ခေါ်မှုပြုပါသည်။ အစ္စလာမ်သာသနာသို့ ဝင်ရောက်ခါ ငြိမ်းချမ်းသာယာမှုရယူပါလေ။ အလ္လာဟ်အရှင်မြတ်သည် အသင့်အပေါ်၌ ဆုလာဘ်နှစ်ပါး ပေးအပ်လိမ့်မည်။ သို့ရာတွင် အသင်ရှောင်ခွာသွားခဲ့လျှင် အပြစ်ဖြစ်ခြင်းသည် အသင်၏လုပ်ရပ်ကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်။ အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် အကျွန်ုပ်တို့နှင့် အသင်တို့အကြား၌ တူညီသော စကားဘက်သို့လာကြကုန်။ ငါတို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည့်သည့်အရာကိုမျှ မဓဝတ်မကိုးကွယ်ခြင်း၊ ငါတို့သည် တစ်စုံတစ်ခုသောအရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက်ယှဉ်ဖက်ဟူ၍ မပြုခြင်း၊ ငါတို့အနက် အချို့သည် အလ္လာဟ်အရှင်မြတ်ကို ဖဲကြဉ်၍ အချို့သောသူများကို မွေးမြူတော်မူသောအရှင်များဟူ၍ မပြုလုပ်ခြင်း(ပင်တည်း။) **(အလ်ဗုခါရီ)**

အာယသ်တော်၏ နောက်ဆုံးစာကြောင်းထဲတွင်ပါဝင်သော "အသင်တို့ကိုယ်တိုင် သက်သေခံကြကုန်" ဟူ သောအဆိုအမိန့်က ကျွန်ုပ်တို့အား သင်ခန်းစာတစ်ခုပေးပါသည်။ ရှင်းလင်းစွာ သက်သေပြပြီးသည့်နောက်မှ ပင်လျှင် တစ်စုံတစ်ဦးသည် အမှန်တရားကိုလက်ခံရန် ငြင်းဆိုပါက အကောင်းဆုံးနည်းသည် မိမိ၏ယုံကြည်ချက်ကို ပြန်လည်ဖော်ထုတ်ပြောဆိုပြီးနောက် စကားပြောခြင်းကို အဆုံးသတ်ရန်ပင်ဖြစ်သည်။ ထပ်မံ၍ အခြေအတင်ပြောဆိုခြင်းနှုတ်အားဖြင့် ကတောက်ကဆဖြစ်စေခြင်းတို့သည် မလျော်ကန်ပါ။

VVVVVVVVVV

အာယသ် (၆၅-၆၈)

يَٰٓأَهۡلَ ٱلۡكِتَٰبِ لِمَ تُحَآجُّونَ فِيٓ إِبۡرَٰهِيمَ وَمَآ أُنزِلَتِ ٱلتَّوۡرَىٰةُ
وَٱلۡإِنجِيلُ إِلَّا مِنۢ بَعۡدِهِۦٓۚ أَفَلَا تَعۡقِلُونَ ٦٥ هَٰٓأَنتُمۡ
هَٰٓؤُلَآءِ حَٰجَجۡتُمۡ فِيمَا لَكُم بِهِۦ عِلۡمٞ فَلِمَ
تُحَآجُّونَ فِيمَا لَيۡسَ لَكُم بِهِۦ عِلۡمٞۚ وَٱللَّهُ يَعۡلَمُ وَأَنتُمۡ
لَا تَعۡلَمُونَ ٦٦ مَا كَانَ إِبۡرَٰهِيمُ يَهُودِيّٗا وَلَا نَصۡرَانِيّٗا وَلَٰكِن
كَانَ حَنِيفٗا مُّسۡلِمٗا وَمَا كَانَ مِنَ ٱلۡمُشۡرِكِينَ ٦٧
إِنَّ أَوۡلَى ٱلنَّاسِ بِإِبۡرَٰهِيمَ لَلَّذِينَ ٱتَّبَعُوهُ وَهَٰذَا
ٱلنَّبِيُّ وَٱلَّذِينَ ءَامَنُواْۗ وَٱللَّهُ وَلِيُّ ٱلۡمُؤۡمِنِينَ ٦٨

အို-ရွေးအထက် ကျမ်းဂန်များကို ရရှိသူအပေါင်းတို့၊ အသင်တို့သည် တမန်တော်အိဗ်ရာဟီမ်နှင့် ပတ်သက်၍ (ထိုတမန်တော်သည် ယဟူဒီဖြစ်သည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်ဖြစ်သည်ဟူ၍လည်းကောင်း)အဘယ်ကြောင့် အချေအတင်ပြောဆိုငြင်းခုံကြသနည်း။ အမှန်စင်စစ် "သောရသ်" နှင့် "အင်နဂျီလ်" ကျမ်းများသည် ထိုတမန်တော် အိဗ်ရာဟီမ်၏နောက် (အတန်ကြာမှပင်) ကျရောက်လာသော ကျမ်းဂန်များဖြစ်၏။ (ယဟူဒီနှင့် ခရစ်ယာန် ဘာသာအယူဒါဝများသည် ထိုကျမ်းဂန်များကျရောက်ပြီးနောက်မှ ဖြစ်ပေါ် လာသော ဘာသာအယူဝါဒများဖြစ်ပေရာ တမန်တော်အိဗ်ရာဟီမ်သည် အဘယ်သို့လျှင် ယဟူဒီ သို့မဟုတ် ခရစ်ယာန်ဘာသာဝင်ဖြစ်နိုင်အံ့နည်း။ ဤမျှ ထင်ရှားသောစကားကိုပင်) အသင်တို့မသိ၊ မမြင်၊ မဆင်ခြင်ကြပါသလော။ (၃း၆၅)

ဟယ်အချင်းတို့၊ အသင်တို့သည် အကြင်အကြောင်းနှင့် စပ်လျဉ်း၍ အချေအတင်ပြောဆိုခဲ့ကြချေပြီ။ (ထိုအကြောင်းနှင့်စပ်လျဉ်း၍) အသင်တို့၌ အနည်းငယ်မျှသာ အသိတရားရှိခဲ့၏။ ယခုတစ်ဖန် မိမိတို့လုံးဝ မသိသောကိစ္စနှင့်စပ်လျဉ်း၍ အဘယ်ကြောင့် အသင်တို့အချေအတင်ငြင်းခုံ ပြောဆိုကြပြန်သနည်း။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အရာခပ်သိမ်းကိုလုံးဝဉာဏ်သိ အလုံးစုံ) သိတော်မူ၏။ အသင်တို့မူကား (အဘယ်တစ်စုံတစ်ရာကိုမျှ အတိအကျ) မသိနားမလည်ကြချေ။ (၃း၆၆)

တမန်တော်အိဗ်ရာဟီမ်သည် ယဟူဒီလည်းမဟုတ်ခဲ့ပေ။ ခရစ်ယာန်လည်း မဟုတ်ခဲ့ပေ။ အမှန်စင်စစ်အားဖြင့် "ဟနီးဖ်" ဖြောင့်မတ်မှန်ကန်သော "မုစ်လင်မ်" အမိန့်တော်နာခံသော ပုဂ္ဂိုလ်မြတ်တစ်ပါးသာလျှင် ဖြစ်ခဲ့ပေသည်။ ထိုတမန်တော် (အိဗ်ရာဟီမ်) သည် "မုရှ်ရိုက်" ဘုရားအများကိုးကွယ်သောသူများတွင် အပါအဝင်လည်း မဟုတ်ခဲ့ပေ။ (၃း၆၇)

မုချတမန်တော် အိဗ်ရာဟီမ်နှင့် အနီးစပ်ဆုံးသောသူတို့သည်ကား အမှန်စင်စစ် ထိုတမန်တော် (အိဗ်ရာဟီမ်၏ ဩဝါဒများ) ကို လိုက်နာသူများသည်လည်းကောင်း၊ ဤနဗီတမန်တော် (မုဟမ္မဒ်ﷺ)သည်လည်းကောင်း၊ ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကုန်သော (တမန်တော်မုဟမ္မဒ်၏ တပည့်နောက်လိုက်များသည်)လည်းကောင်း ဖြစ်ကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် (မှန်ကန်စွာ) ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော "မုအ်မင်န်"များကို စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ (၃း၆၈)

အကျယ်ဖွင့်ဆိုချက်

အာယသ်တော် (၆၅)တွင် ညွှန်းထားသော အချေအတင်ပြောဆိုမှုမှာ စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ သခင်သည် ဂျူးတို့၏ လမ်းစဉ်ကိုလိုက်ခဲ့သလော (သို့မဟုတ်) ခရစ်ယာန်တို့၏ လမ်းစဉ်ကို လိုက်ခဲ့သလော ဟူသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ၎င်းတို့၏ အကျိုးမရှိ အချည်းအနှီး လုပ်ဆောင်မှုမှာ အရှင်းသားပေါ်လွင်နေသည်။ ဤလမ်းစဉ်များသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများ ကျရောက်ပြီးနောက် ကြာညောင်းမှ ပေါ်ခဲ့သည့်လမ်းစဉ်ဖြစ်သည်။ ထိုကျမ်းများအလျင်က ဤလမ်းစဉ်များမရှိခဲ့ပါ။ သို့ဆိုပါလျှင် စိုက်ယိဒိနာ အိဗ်ရာဟီမ်ﷺ သည် ဤလမ်းစဉ်များအပေါ်တွင် လိုက်နာကျင့်သုံးသူဖြစ်သည်ဟု မည်သို့ အခိုင်အမာပြောဆိုနိုင်အံ့နည်း။

၎င်းတို့၏ အချေအတင်ပြောဆိုမှုသည် မပြည့်စုံသော အသိပညာအပေါ် အခြေခံထားသဖြင့် သူတို့၏ချည်းကပ်နည်းမှာ အနှစ်မပါကြောင်း အာယသ်တော်(၆၆) က ထောက်ပြထားသည်။ သူတို့ဘာမှ မသိနားမလည်မှုပေါ် အခြေခံ၍ ၎င်းတို့အရဲစွန့်လုပ်ခြင်းကို ရှင်းပြရန်မှာပင် အလွန်ခဲယဉ်းလှပေသည်။ အမှန်တရားကား အိဗ်ရာဟီမ်ﷺ သခင်၏ လမ်းစဉ်ကို အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိရှိတော်မူသည်။

ထိုလမ်းစဉ်ကို အာယသ်တော် (၆၇) တွင် ဖော်ပြထားခဲ့သည်။

အာယသ်တော် (၆၈) က တမန်တော် အိဗ်ရာဟီမ်ﷺ သခင်နှင့် အနီးကပ်ဆုံးသူများအား ထိုတမန်တော်၏ ကာလအတွင်းက ၎င်းတမန်တော်နောက်လိုက်ကြသူများပင်ဖြစ်သည်ဟု ကြေညာထားသည်။ ယခုအခါတွင် အိဗ်ရာဟီမ်ﷺ သခင်၏ အနီးစပ်ဆုံးသူသည် အစ္စလာမ်ဘာသာ၏ တမန်တော်ဖြစ်သော မုဟမ္မဒ် မုစ်သဖာﷺ သခင်နှင့် ကွယ်လွန်လေပြီးသော တမန်တော်များကို ယုံကြည်ကြသူများပင်ဖြစ်သည်။ ဤယုံကြည်သူများမှာ မုဟမ္မဒ်ﷺ သခင်၏ အုမ္မသ်ထုဖြစ်ပြီး၊ ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်သူမှာ အလ္လာဟ်အရှင်မြတ်ဖြစ်၍ အရှင်မြတ်သည် ထိုသူတို့၏ ယုံကြည်မှုအတွက် ဆုလာဘ်များ ပေးသနားတော်မူလိမ့်မည်။

အာယသ် (၃:၆၉-၇၁)

وَدَّتْ طَّآئِفَةٌ مِّنْ اَهْلِ الْكِتٰبِ لَوْ يُضِلُّوْنَكُمْ ؕ
وَمَا يُضِلُّوْنَ اِلَّاۤ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ﴿۶۹﴾ يٰۤاَهْلَ
الْكِتٰبِ لِمَ تَكْفُرُوْنَ بِاٰيٰتِ اللّٰهِ وَاَنْتُمْ تَشْهَدُوْنَ ﴿۷۰﴾
يٰۤاَهْلَ الْكِتٰبِ لِمَ تَلْبِسُوْنَ الْحَقَّ بِالْبَاطِلِ وَتَكْتُمُوْنَ الْحَقَّ
وَاَنْتُمْ تَعْلَمُوْنَ ﴿۷۱﴾

ရွေးအထက် ကျမ်းဂန်ရရှိသူတို့အနက်မှာ လူတစ်စုသည် အသင်တို့အား လမ်းမှားစေခြင်းကို အာသာဆန္ဒရှိကြကုန်၏။ အမှန်စင်စစ် ယင်းသူတို့သည် မိမိတို့ကိုယ်မှအပ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လမ်းမှားသို့ရောက်စေနိုင်ကြသည်မဟုတ်။ သို့ရာတွင် ယင်းသူတို့သည် (ဤအကြောင်းကို) မသိနားမလည်ကြချေ။ (၃:၆၉)

အို-အထက်ကျမ်းဂန်ရရှိသူအပေါင်းတို့၊ အသင်တို့သည် (မိမိတို့ယုံကြည်လေးစားကြသော "သောင်ရသ်"နှင့်"အင်နှ်ဂျီလ်"ကျမ်းလာ) အလွှာဟ်အရှင်မြတ်၏ မုကွပါဠိတော်များကို အဘယ်ကြောင့် မယုံမကြည်သွေဖည်ငြင်းဆန်ကြပါသနည်း။ အမှန်စင်စစ် အသင်တို့သည် မိမိတို့ကိုယ်တိုင် ဝန်ခံပြီးဖြစ်ကြကုန်၏။ (၃:၇၀)

အို-အထက်ကျမ်းဂန်ရရှိသူအပေါင်းတို့ အဘယ်ကြောင့် အသင်တို့သည် အမှန်ကို အမှားနှင့် ရောနှောရှုတ်ထွေးစေကြပါသနည်း။ ၎င်းပြင် (အဘယ်ကြောင့်) အမှန်ကို ထိမ်ချန်ထားကြပါသနည်း။ အမှန်သော်ကား အသင်တို့သည် မိမိတို့ကိုယ်တိုင် သိမြင်နားလည်ကြကုန်၏။ (၃:၇၁)

အကျယ်ဖွင့်ဆိုခြင်း

၎င်းတို့ယုံကြည်လက်ခံထားသော စစ်မှန်သည့် ယုံကြည်ချက်မှ မူစ်လင်မ်များအား လမ်းမှားသို့ရောက်စေခြင်းကို အထက်ကျမ်းရသူများက မြတ်နိုးသောဆန္ဒရှိကြကြောင်းကို အာယသ်တော်(၆၉)က ဖော်ထုတ်ထားသည်။ မူရင်းဘာသာမှ ဤသို့လမ်းမှားသို့ရောက်ရှိရန် ကြိုးပမ်းမှု၏ သားကောင်သည် မည်သူမျှ မဖြစ်ဘဲ ၎င်းတို့သာလျှင်ဖြစ်ကြောင်း ခိုင်မာစွာ ကြေညာထားသည်။ ယင်းကို ၎င်းတို့ မသိရှိကြပါ။

အာယသ်တော် (၇၀) က အထက်ကျမ်းရသူများကို ဦးတည်ပြောကြားရာတွင် သောင်ရသ်နှင့်အင်နဂျီလ် ကျမ်းပါ အာယသ်တော်များကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများကို အဘယ်ကြောင့် မယုံကြည်ရပါသနည်းဟု ၎င်းတို့အား မေးမြန်းထားသည်။ ထိုအာယသ်တော်များမှာ တမန်တော်မြတ် မုဟမ္မဒ်ﷺသခင်၏ တမန်တော်ဖြစ်ခြင်းကို သက်သေပြထားသည်။ တမန်တော်မြတ်၏ တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည် ဤအာယသ်တော်များ မှားသည်ဟုကြေညာခြင်းဖြစ်၍ ယင်းလုပ်ရပ်သည် မယုံကြည်သွေဖည်ငြင်းပယ်ခြင်းဖြစ်သည်။ တကယ်တွင် ဤအာယသ်တော်မှာ မှန်ကန်ကြောင်း ၎င်းတို့ကိုယ်တိုင် အတည်ပြုပြီးဖြစ်သည်။ ဤသည်ကား ၎င်းတို့၏ ယုံကြည်ချက်မှားယွင်းမှုအပေါ် သတိပေးဆုံးမချက် တစ်ရပ်ဖြစ်သည်။

တမန်တော်မြတ်ﷺသခင်သည် တမန်တော်ဖြစ်ကြောင်း ကြိုတင် နိမိတ်ဖတ်ထားသော စစ်မှန်သည့် မိန့်ကြားချက်နှင့် မဟုတ်မမှန်သော လုပ်ကြံဖန်တီးထားသည့် ကြားညှပ်ဖြည့်စွပ်ချက်အမိန့်များ (သို့) မှားယွင်းသည့် အဓိပ္ပာယ်ဖွင့်ခြင်းဖြင့် ရောနှောကာ ရှုပ်ထွေးနေခြင်းကို ၎င်းတို့အား အာယသ်တော် (၇၁)က သတိပေးဆုံးမထားသည်။ ထိုနေရာ၌ အရေးကြီးသည့် မေးခွန်းတစ်ခုမေးထားသည်မှာ ကိစ္စရပ်၏ အမှန်တရားကို သိလျှက်နှင့် အဘယ်ကြောင့် ဖုံးကွယ်ထားရသနည်း။ ၎င်းတို့သည် အမှန်တရားကို ဖုံးကွယ်ထားမှန်းလည်း ၎င်းတို့ သိရှိကြပါသည်။

အာယသ်တော် (၇၀) ပါ **اَنْتُمْ تَشْهَدُوْنَ** "အမှန်စစ်စစ် အသင်တို့သည် မိမိတို့ကိုယ်တိုင် ဝန်ခံပြီးဖြစ်ကြကုန်၏"နှင့် အာယသ်တော် (၇၁) ပါ **اَنْتُمْ تَعْلَمُوْنَ** "အမှန်သော်ကား အသင်တို့သည် မိမိတို့ကိုယ်တိုင် သိမြင်နားလည်ကြကုန်၏" တို့သည် အောက်ပါအတိုင်း ဖြစ်ပါသည်။ ယင်းမှာ ၎င်းတို့သည် အမှန်ကိုလည်းမသိ၊ ဤကိစ္စရပ်နှင့် ပတ်သက်၍ အသိပညာကိုလည်း မရှိသောကြောင့် အမှန်တရားကို မထောက်ခံသဖြင့် ၎င်းတို့၏ မယုံကြည်သွေဖည်မှုများ လက်ခံနိုင်ဘွယ်ရှိသည်ဟူသော အဓိပ္ပာယ်ကို မကောက်ယူနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ကုဖ်ရ် (မယုံကြည်သွေဖည်ငြင်းပယ်မှု) သည် ပင်ကိုယ်အားဖြင့် လက်တွေ့မှာ ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော ကိစ္စရပ်ပင်ဖြစ်သည်။ ယင်းလုပ်ရပ်ကို မည်သည့်အခြေအနေတွင်မဆို တားမြစ်ပိတ်ပင်သည်။ သို့သော်လည်း သိရှိနားလည်၍ အမှန်တရား သက်သေခံပြီးနောက် မယုံကြည်သွေဖည်ခြင်း ကုဖ်ရ်ကို ထုတ်ဖော်လာလျှင် ပိုမိုပြစ်တင်ရပေမည်။

VVVVVVVVVV

အာယသ် (၇၂-၇၄)

وَقَالَت طَّآئِفَةٌ مِّنْ أَهْلِ الْكِتَٰبِ ءَامِنُوا۟ بِالَّذِىٓ
أُنزِلَ عَلَى الَّذِينَ ءَامَنُوا۟ وَجْهَ النَّهَارِ وَاكْفُرُوٓا۟ ءَاخِرَهُۥ لَعَلَّهُمْ
يَرْجِعُونَ ﴿٧٢﴾ وَلَا تُؤْمِنُوٓا۟ إِلَّا لِمَن تَبِعَ دِينَكُمْ ۗ قُلْ إِنَّ الْهُدَىٰ
هُدَى اللَّهِ أَن يُؤْتَىٰٓ أَحَدٌ مِّثْلَ مَآ أُوتِيتُمْ أَوْ يُحَآجُّوكُمْ
عِندَ رَبِّكُمْ ۗ قُلْ إِنَّ الْفَضْلَ بِيَدِ اللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ
وَاللَّهُ وَٰسِعٌ عَلِيمٌ ﴿٧٣﴾ يَخْتَصُّ بِرَحْمَتِهِۦ مَن يَشَآءُ ۚ وَاللَّهُ
ذُو الْفَضْلِ الْعَظِيمِ ﴿٧٤﴾

ရှေးအထက်ကျန်းဂန်ရရှိသူများအနက်မှ လူတစ်စုက အသင်တို့သည် မုအ်မင်နှ်တို့အပေါ်၌ ကျရောက်သော (တရားဓမ္မ)ကို နံနက်ပိုင်းတွင် ယုံကြည်၍ ညနေချမ်းတွင် သွေဖည်ငြင်းပယ်ကြကုန်။ သို့မှသာလျှင် (မုအ်မင်နှ်) များသည် (မိမိတို့၏တရားဓမ္မမှ) ဆုတ်ခွာပြန်လှည့်သွားကြပေမည်ဟု (အချင်းချင်း) ပြောဆိုကြလေသည်။ (၃း၇၂)

ထို့ပြင် အသင်တို့သည် မိမိတို့၏သာသနာကို ယုံကြည်လိုက်နာသူများမှအပ (အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ) မယုံကြည်ကြကုန်လင့် (ဟုလည်း ထိုသူများသည် ပြောဆိုကြလေသည်)။ အို-နဗီတမန်တော် မုဟမ္မဒ်အလ္လာဟ်အရှင်မြတ်၏ တရားဓမ္မသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားဓမ္မဖြစ်သည်ကို (ယင်းကျမ်းရသူတို့အား) ပြောကြားပါလေ။ (အို-ကျမ်းရသူအပေါင်းတို့ အသင်တို့ ယခုကဲ့သို့ ပြောဆိုခြင်းမှာ) အသင်တို့ရရှိသကဲ့သို့သော တရားဓမ္မကို အခြားသူတစ်ဦးတစ်ယောက်ရရှိခြင်းကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် ထိုအခြားသူတို့သည် အသင်တို့၏ အရှင်မြတ်အထံတော်၌ အသင်တို့အား အချေအတင်ပြောဆိုရာတွင် အနိုင်ရရှိမည်ဖြစ်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်ချေသည်။ (အို-နဗီတမန်တော် ယင်းသူတို့အား) ပြောကြားပါလေ။ (ဟယ်အချင်းတို့) ကျေးဇူးတော်အစုံတို့သည် အလ္လာဟ်အရှင်မြတ်လက်တော်တွင်း၌သာရှိ၏။ ထိုအရှင်မြတ်သည် မိမိနှစ်မြို့တော်မူသော သူကိုသာလျှင် ကျေးဇူးပြုတော်မူ၏။ အကြောင်းသော်ကား

အလ္လာဟ်အရှင်မြတ်သည် အလွန်ကျယ်ဝန်းစွာ ပေးသနားတော်မူသောအရှင် အကြွင်းမဲ့ဥဿုံအလုံးစုံကို သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃:၇၃)

ထိုအရှင်မြတ်သည် မိမိကရုဏာတော်ဖြင့် မိမိနှစ်မြို့တော်မူသောသူအား သီးသန့်ရွေးချယ်တော်မူလေသည်။ အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးမားလှစွာသော ကျေးဇူးတော်အရှင် ဖြစ်တော်မူခြင်းကြောင့်တည်း။ (၃:၇၄)

ကျမ်းရပုဂ္ဂိုလ်များထဲမှ လူအချို့တို့သည် မုစ်လင်မ်များအား လမ်းမှားသို့ရောက်စေရန် လှည့်ဖြားသည့် နည်းဗျူဟာတစ်ခု ရွေးချယ်ထားသည်။ သူတို့သဘောတူညီထားသော အကြံအစည်အရဆိုလျှင် နံနက်ပိုင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ယုံကြည်ကြောင်းကြေညာ၍ ညနေပိုင်းတွင် ငြင်းပယ်ကြောင်း ကြေညာပါလိမ့်မည်။ ၎င်းတို့ ယင်းသို့မြန်မြန်ဆန်ဆန် ပြောင်းလဲလိုက်ခြင်းသည် မုစ်လင်မ်များ၏ စိတ်ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အစ္စလာမ်သာသနာအကြောင်း သံသယများပွားများကြလိမ့်မည်။ ယင်းသံသယမှာ ၎င်းတို့ထဲမှ ပညာရှိ၍ ပွင့်လင်းစွာမြင်တတ်သောသူများသည် ပထမအစ္စလာမ်သာသနာကို လက်ခံကြကာ နောက်မှ အစ္စလာမ်သာသနာတွင် မြင်သာသော မှားယွင်းမှုအချို့ရှိသောကြောင့်သာ စွန့်ခွာသွားခြင်းဖြစ်သည်ဟု မှတ်ယူ၍ အစ္စလာမ်ဘာသာဝင် မုစ်လင်မ်များသည် ၎င်းတို့၏သာသနာမှ စွန့်ခွာသွားကြလိမ့်မည်ဟု ၎င်းတို့ကယုံကြည်ထင်မှတ်ခဲ့ကြသည်။ ၎င်းတို့၏ အစ္စလာမ်သာသနာအပေါ်တွင် ယုံကြည်လက်ခံကြောင်း ဟန်ဆောင်ကြေညာထားချက်သည် မုစ်လင်မ်များအား တပတ်ရိုက်လိမ်လည်လှည့်စားရန် ပြုလုပ်ခြင်းဟု မှတ်ယူထားခဲ့သည်။ ၎င်းတို့ကြံစည်ထားသည်မှာ သူတို့၏စစ်မှန်သောယုံကြည်ချက်ကို ယုံကြည်ချက်ခြင်းတူသူ၏ရှေ့တွင်သာ အတည်ပြုလိမ့်မည်။ ဥပဒေမှာကား ၎င်းတို့ယုံကြည်ချက်ကိုသာလျှင် စွဲမြဲစွာယုံကြည်၍ အစ္စလာမ်ယုံကြည်ချက်ကိုမူ လိုသလို အသုံးချရန်အတွက် ဟန်ဆောင်ယုံကြည်ကြခြင်းသာ ဖြစ်သည်။

ဤလှည့်စားမှုများသည် အောက်တန်းကျ၍ အဆင့်မရှိကြောင်း အာယသ်တော် (၇၃)၏နောက်ပိုင်းတွင် သက်သေပြထားသည်။ ထိုအာယသ်တွင် တမန်တော်မြတ်ﷺ သခင်အား ၎င်းတို့၏လိမ္မာပါးနပ်စွာလုပ်ဆောင်မှုသည် သူတို့အတွက် အကျိုးဖြစ်ထွန်းမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်များအား လမ်းညွှန်မှုပေးခြင်းသည် မုချဧကန် အရှင်မြတ်ထံမှ လာရောက်ခြင်းဖြစ်သည်ဟု ကြေညာခိုင်းခဲ့သည်။

ထို့ကြောင့် ထိုအရှင်မြတ်သည် လမ်းညွှန်မှုကို အရှင်မြတ်၏ ထိန်းချုပ်မှုအောက်တွင်ထားရှိကာ ထိုအရှင်မြတ်၏ အလိုတော်အရမည်သူကိုမဆို လမ်းညွှန်မှုပေါ်တွင် စွဲမြဲစေတော်မူလိမ့်မည်။ ထိုကဲ့သို့သော လမ်းညွှန်မှုပေါ် စွဲမြဲသူကို မည်သူကမျှ မည်သည့်လိမ်လည်လှည့်ဖြားမှု အကြံအစည်၊ သွေးဆောင်ဖြားယောင်းမှုနှင့်မျှ ချေဖျက်မရနိုင်ပါ။

ကျမ်းရပုဂ္ဂိုလ်တို့သည် ကြံစည်ထားသည့်အတိုင်းလုပ်ရသည့်အကြောင်းမှာကား မနာလိုဝန်တို၍ဖြစ်သည်။ ၎င်းတို့ မုစ်လင်မ်များကို မနာလိုဝန်တိုရခြင်းသည် မုစ်လင်မ်များ ကျမ်းပေးပို့ခံရ၍လည်းကောင်း၊ ဘာသာရေးဆိုင်ရာ အချေအတင်ပြောဆိုရာတွင် မုစ်လင်မ်များ၏ သာလွန်မြင့်မြတ်သောကြောင့်လည်းကောင်း ဖြစ်သည်။ ဤမနာလိုဝန်တိုမှုကြောင့် ၎င်းတို့သည် အစ္စလာမ်သာသနာနှင့် ယင်းသာသနာလက်ခံ ယုံကြည်သူများအပေါ် ကျဆုံးစေရန် အစဉ်မပြတ် လုပ်ဆောင်ခဲ့ကြသည်။

ဤမနာလိုဝန်တိုမှုအခြေခံမှာ အလ္လာဟ်အရှင်မြတ်၏ အသနားတော်၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်၊ အလ္လာဟ်အရှင်မြတ်၏ ဟစ်ကမသ်ဉာဏ်တော်၏ သဘာဝနှင့် သတ်မှတ်ချက်တို့ကို နားမလည်၍ ဖြစ်ကြောင်း အာယသ် (၇၃)နှင့် အာယသ်(၇၄)တွင် ရှင်းလင်းဖော်ပြထားသည်။

VVVVVVVVVV

အာယသ် (၇၅)

وَمِنْ أَهْلِ الْكِتَابِ مَنْ إِنْ تَأْمَنْهُ
بِقِنْطَارٍ يُؤَدِّهِ إِلَيْكَ ۖ وَمِنْهُمْ مَنْ إِنْ تَأْمَنْهُ بِدِينَارٍ لَا
يُؤَدِّهِ إِلَيْكَ إِلَّا مَا دُمْتَ عَلَيْهِ قَائِمًا ۗ ذَٰلِكَ بِأَنَّهُمْ قَالُوا
لَيْسَ عَلَيْنَا فِي الْأُمِّيِّينَ سَبِيلٌ ۚ وَيَقُولُونَ عَلَى اللَّهِ الْكَذِبَ وَ
هُمْ يَعْلَمُونَ ﴿٧٥﴾

ၵင်းပြင် ရှေးအထက်ကျမ်းဂန်ရရှိသူများအနက် အကြင်သူများသည်လည်း ရှိကြ၏။ အကယ်၍ အသင်တို့သည် ထိုသူများအား ယုံကြည်စိတ်ချ၍ (ရွေငွေ) အမြောက်အမြားကို အပ်နှံထားခဲ့သည်ရှိသော် ထိုသူများသည် အသင့်အား ပြန်လည်ပေးဆပ်ကြကုန်အံ့။ ထို့ပြင် ထိုသူများအနက် အကြင်သူများသည်လည်း ရှိကြသေး၏။ အကယ်၍ အသင်သည် ထိုသူတို့အား ယုံကြည်စိတ်ချကာ (ရွေငွေအမြောက်အမြားကိုမဆိုထားဘိ) "ဒီနာရ်" ရွေဒဂ်ီး တစ်ပြားမျှကိုပင် အပ်နှံခဲ့သည်ရှိသော် အသင်သည် ထိုသူများထံ မတ်တပ်ရပ်၍ (ကြာရှည်စွာမနေမနား) မတောင်းဆိုသမျှ ကာလပတ်လုံး ထိုသူများသည် ထိုရွေဒဂ်ီးကို အသင့်အားပြန်လည်ပေးဆပ်ကြမည်မဟုတ်ပေ။ ယင်းကဲ့သို့ မပေးဆပ်ခြင်းအကြောင်းမှာ ယင်းသူတို့က စာပေမတတ်ကျမ်းသော သူများ (ဝါ) ကျမ်းဂန်မရသောသူများနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အပေါ်၌ (ဘာသာတရားအရ အပြစ်သင့်ရန်) နည်းလမ်းမရှိဟု ပြောဆိုခြင်းကြောင့်ပင်တည်း။ စင်စစ်ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အား မဟုတ်မလျားစွပ်စွဲပြောဆိုကြကုန်၏။ အမှန်သော်ကား ၎င်းတို့သည် (၎င်းတို့မတရားကြောင်းကိုလည်း) ၎င်းကိုယ်တိုင်အသိပင်ဖြစ်ကြပေသည်။ (၃း၇၅)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော် (၇၀-၇၂) တို့ထဲတွင် ရှေးကျမ်းရပုဂ္ဂိုလ်များ၏ ယုံကြည်မှုချို့ယွင်းခြင်းကို ဖော်ပြထားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များအပေါ် မယုံကြည်ခြင်း၊ အမှားနှင့်အမှန်တို့ရောနှောရှုပ်ထွေးစေခြင်း၊ အမှန်တရားကို ဖုံးကွယ်ထားခြင်းတို့နှင့် သက်ဝင်ယုံကြည်သူ မုစ်လင်များကို လမ်းမှားသို့ရောက်စေရန် လှုံ့ဆော်ကြံစည်ခြင်းတို့ အကျုံးဝင်သည်။

အထက်ဖော်ပြခဲ့သည့် အာယသ်တော် (၇၅) ထဲတွင် ဥစ္စာပစ္စည်းနှင့် ပတ်သက်သည့်ကိစ္စများတွင် သူတို့၏ယုံကြည်မှု ဖောက်ဖျက်ခြင်းကို ဖော်ပြထားသည်။ ယင်းတို့ထဲမှ အချို့တို့သည် ယုံကြည်စိတ်ချရသူများ ဖြစ်နေသောကြောင့် နှစ်မျိုးနှစ်စား ကွဲပြားခြားနားစေရန် ဖော်ပြထားသည်။

အကျယ်ဖွင့်ဆိုခြင်း

အချို့မုစ်လင်မ်မဟုတ်သူများတွင်ရှိသော ကောင်းသည့်အရည်အချင်းများကို ချီးကျူးခြင်းသည် မှန်ကန်၏။

ဤအာယသ်တော် (၇၅) ထဲတွင် အချို့သောသူများအား ယင်းတို့၏ယုံကြည်စိတ်ချရခြင်းအား ချီးမွမ်းထားပါသည်။ အကယ်၍ ဤ"အချို့"ဟူသော စကားလုံးသည် ကျမ်းရပုဂ္ဂိုလ်များထဲမှ အစွလာမ်ဘာသာသက်ဝင်ယုံကြည်သောသူဖြစ်နေခဲ့လျှင် ၎င်းတို့အား ချီးမွမ်းခြင်းသည် ပြဿနာမရှိချေ။ သို့သော်လည်း ဤ "အချို့" ဟူသော စကားလုံးသည် ၎င်းတို့ထဲမှ မုစ်လင်မ်ဖြစ်သူများကို သီးသန့်မရည်ညွှန်းဘဲ မုစ်လင်မ်မဟုတ်သူများပါဝင်သော ရှေးကျမ်းရပုဂ္ဂိုလ်များကို ရည်ညွှန်းခဲ့လျှင်မူ ယင်းအခြေအနေသည် မေးခွန်းထုတ်ရဖွယ် ဖြစ်သွားမည်။ ကာဖိရ် မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦး၏ မည်သည့်လုပ်ရပ်ကိုမျှ လက်မခံနိုင်ပါဟုဆိုလျှင် အဘယ်ကြောင့် ၎င်းတို့အား ချီးကျူးရသနည်း။

အဖြေကား အပြုအမူ (သို့) လုပ်ရပ်တစ်ခုသည် လက်ခံနိုင်ဖွယ်ဖြစ်သည်ဆိုခြင်းမှာ တစ်ပိုင်းဖြစ်၍ ထိုလုပ်ရပ်ကို ချီကျူးခြင်းသည် တစ်ပိုင်းဖြစ်ကာ မတူညီကြချေ။ တစ်ကဏ္ဍစီဖြစ်သည်။ တစ်စုံတစ်ရာကို ချီးကျူးခြင်းအားဖြင့် ထိုအရာသည် အလွှာတ်အရှင်မြတ် လက်ခံသည့်အရာဖြစ်မသွားချေ။ ထောက်ပြလိုသည့် ရည်ရွယ်ချက်မှာ အချို့သောကောင်းမှုကို မယုံကြည်သွေဖည်ငြင်းပယ်သူ ကာဖရ်တစ်ဦးက လုပ်သည်ဖြစ်စေ အတိုင်းအတာတစ်ခုအထိကား ကောင်းပေသည်။ ၎င်းအတွက် ဤကမ္ဘာတွင် သူရမည့်အကျိုး အမြတ်မှာ ကောင်းသောဂုဏ်သတင်း ကျော်စောမှုပင်ဖြစ်သည်။ တမလွန်ဘဝတွင်မူ ၎င်း၏ မယုံကြည်သွေဖည် ငြင်းပယ်မှုအပေါ် ခံရမည်ပြစ်ဒဏ်တွင် လျော့ပေါ့ပေးခံရခြင်း ဖြစ်နိုင်သည်။

ဤအဆိုအမိန့်က အစွလာမ်သာသနာသည် အမြင်ကျဉ်းမြောင်းခြင်းနှင့် မနာလိုဝန်တိုခြင်းကို မလိုလားကြောင်း ထင်ရှားစေသည်။ ကောင်းသည့်အရာများပေါ်၌ မိမိရန်သူ၏ အောင်မြင်မှုကိုပင် ပွင့်လင်းစွာ တန်ဘိုးထား အသိအမှတ်ပြုသည်။

ဤအာယသ်တော် **اِلَّا مَادُمْتَ عَلَيْهِ قَآئِمًا** "အသင်သည် ထိုသူများထံ မတ်တပ်ရပ်၍ (ကြာရှည်စွာမနားမနေ) မတောင်းဆိုသမျှ ကာလပတ်လုံး" ဟူသည်မှ အိမာမ်အဗူဟနီဖတ်က ဥပဒေတစ်ခုထုတ်နှုတ်ခဲ့သည်။ ယင်းမှာ ငွေကြေး ချေးငှားသူတွင် ချေးငွေပြန်လည်ပေးဆပ်သည် အထိမရမချင်း တောင်းခံပိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။ **(ကုရ်တုဗီ အတွဲ-၄)**

VVVVVVVVVV

အာယသ် (၇၆-၇၇)

بَلٰى مَنْ اَوْفٰى بِعَهْدِهٖ وَاتَّقٰى فَاِنَّ اللّٰهَ يُحِبُّ
الْمُتَّقِيْنَ ۝ اِنَّ الَّذِيْنَ يَشْتَرُوْنَ بِعَهْدِ اللّٰهِ وَاَيْمَانِهِمْ ثَمَنًا
قَلِيْلًا اُولٰٓئِكَ لَا خَلَاقَ لَهُمْ فِى الْاٰخِرَةِ وَلَا يُكَلِّمُهُمُ اللّٰهُ وَلَا
يَنْظُرُ اِلَيْهِمْ يَوْمَ الْقِيٰمَةِ وَلَا يُزَكِّيْهِمْ وَلَهُمْ عَذَابٌ اَلِيْمٌ ۝

ထို့သို့အလျင်းမဟုတ်၊ စင်စစ် (ထိုသူတို့အပေါ်၌ အပြစ်ရှိပေသည်။ အဘယ်ကြောင့်ဟူမူ) အကြင်သူတို့သည် မိမိတို့ထားရှိအပ်သော ပဋိညာဉ်ကိုအတည်ပြု၍ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေပါမူ အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့ရိုသေသော သူတော်စင်တို့အား မုချနှစ်သက်တော်မူပေသည်။ (၃း၇၆)

၈ကန်မုချ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် (မိမိတို့ထားရှိခဲ့သော) ပဋိညာဉ်ကိုလည်းကောင်း၊ မိမိတို့၏ ကျိန်ဆိုချက်များကိုလည်းကောင်း၊ အနည်းငယ်မျှသော အဖိုးအခဖြင့် လဲလှယ်ရောင်းချကြကုန်၏။ ဤသူများကား အကြင်သူများပင်၊ ထိုသူတို့အဖို့ နောင်တမလွန်ဘဝ၌ (သုခချမ်းသာ များအနက်) ဝေစုဝေပုံဟူ၍ စိုးစဉ်းမျှရှိမည်မဟုတ်။ ထို့ပြင် အလ္လာဟ်အရှင် မြတ်သည် "ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင် ထိုသူတို့အား စကားပြောကြားတော်မူမည်လည်း မဟုတ်။ ထိုသူတို့အား ရှုစားတော်မူမည်လည်းမဟုတ်။ ထိုသူတို့အား (ဒုစရိုက်မှုများမှ) သန့်စင်အောင်ပြုလုပ်ပေးတော်မူမည်လည်းမဟုတ်။ ထိုသူတို့အဖို့ ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သည် အသင့်ရှိပေမည်။ (၃း၇၇)

အာယသ်တော်၏ ဆက်စပ်မှု

စောစောပိုင်းက ဖော်ပြထားသော **يَقُوْلُوْنَ** (ယင်းသူတို့သည် ပြောဆိုကြကုန်၏-၃း၇၅) ထဲတွင် ရှေးကျမ်းရ ပုဂ္ဂိုလ်များ၏ အခိုင်အမာပြောဆိုချက် မဟုတ်မမှန်ကြောင်း ငြင်းဆိုမှုတစ်ခုပါဝင်သည်။ ထိုမှ ဆက်လက်၍ အာယသ်တော် ၇၆-၇၇ တို့ထဲတွင် ထိုမမှန်ကန်သော ငြင်းဆိုချက်ကိုပင် အတည်ပြုခဲ့၍ တာဝန်ခံထားသောကိစ္စရပ်ကို ပြီးမြောက်စေရန် လုပ်ဆောင်ခြင်း၏ ကောင်းကျိုးများနှင့် ဖောက်ဖျက်ခြင်းအတွက် ပြစ်တင်ရှုတ်ချထားကြောင်းတို့ကို ရှင်းလင်းဖော်ပြထားသည်။

အကျယ်ဖွင့်ဆိုခြင်း

dေI "အဟ်ဒ်" (ပဋိညာဉ်) သည် နှစ်ဦးနှစ်ဖက်ကြား ဆွေးနွေးပြီးနောက် ပြေလည်သွားစေသည့်အရာ ဖြစ်ပြီး ယင်းကို နှစ်ဖက်စလုံးမှ လိုက်နာကြရမည်။ ဤသည်နှင့် ဆန့်ကျင်သော { dIO "ဝအ်ဒဟ်" (ကတိ)သည် ဘက်တစ်ဖက်တည်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ အဟ်ဒ် (ပဋိညာဉ်) သည် ဘက်နှစ်ဖက်မှ ပေါ်ထွက်ခြင်း ဖြစ်သည်။

ဝန်ခံကတိပြုချက်များကို ဖြည့်ဆည်းရမည်ဆိုသည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဓသ်တော်ထဲတွင် လေးနက်စွာဖြင့် ကြိမ်ဖန်တလဲလဲ မိန့်ကြားထားသည်။ ပမာအားဖြင့် အထက်တွင် ကိုးကားဖော်ပြခဲ့သော အာယသ်တော် (၇၇) ထဲမှာပင် လေးနက်စွာ ပြုလုပ်ထားသော ပဋိညာဉ်ကို ဖောက်ဖျက်သူများအတွက် သတိပေးမှု (၅) ရပ် ဖော်ပြထားသည်။

(၁) ထိုသူများသည် ဂျန္နသ်သုခဘုံ၏ ကောင်းချီးများ ဝေစုကို ရရှိလိမ့်မည်မဟုတ်။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားထားသည်မှာ မမှန်မကန်ကျမ်းကျိန်၍ မုစ်လင်မ်တစ်ဦး၏ရပိုင်ခွင့် အလွဲသုံးစားပြုလုပ်သူသည် ဂျဟန္နမ်မီးတွင် မလွဲမသွေ ကျရောက်မည်ဖြစ်သည်။ ဟဒီးဆ်တော်ဆင့်ပြန်ခဲ့သူက တမန်တော်မြတ်﴿ﷺ﴾ သခင်အား မေးမြန်းလျှောက်ထားသည်မှာ အကယ်၍ သေးဖွဲ့သောအရာတစ်ခုကို အလွဲသုံးစားပြုလုပ်ခဲ့ပါလျှင် ဂျဟန္နမ်ငရဲမီးသည် သူ့အပေါ် မလွဲမသွေ ကျရောက်နိုင်ပါ၏လော။ တမန်တော်မြတ်﴿ﷺ﴾ ပြန်ကြားသည်မှာ အကယ်၍ သစ်ပင်တစ်ပင်မှ သစ်ခက်စိမ်းတစ်ခုကိုပင်လျှင် အလွဲသုံးစားပြုလုပ်ပါက ဂျဟန္နမ် ကျရောက်နိုင်ပါသည်။ **(မုစ်လင်မ်ကျမ်းမှတစ်ဆင့် မဇာဟရီကျမ်း)**

(၂) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဝမ်းမြောက်ဖွယ်စကား ပြောဆိုလိမ့်မည် မဟုတ်ချေ။

(၃) တရားစီရင်မည့်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားသနားကြင်နာစွာ ကြည့်ရှုတော်မူမည် မဟုတ်ချေ။

(၄) အလ္လာဟ်အရှင်မြတ်သည် ယုံကြည်မှုဖောက်ဖျက်၍ ထိုအရှင်မြတ်၏ ကျေးကျွန်တစ်ဦး၏ ရပိုင်ခွင့်ကို ဖြုန်းတီးပစ်သောသူအား ခွင့်မလွှတ်ချေ။ ၎င်းပြင် အခြားသူတစ်ဦးအပေါ် ပေးဆပ်ရန်ရှိသူတစ်ဦးအားလည်း အလ္လာဟ်အရှင်မြတ်သည် ခွင့်မလွှတ်ချေ။ အစွယ်လာမ် ရှရီအသ်အသုံးအနှုံးတွင် dbiLA÷H "ဟတ်က်ကလ်အိဗဒ်" (သို့) အလ္လာဟ်ကျေးကျွန် တစ်ဦး၏ ရပိုင်ခွင့်ဟု ခေါ်သည်။

(၅) ထို့ပြင်ကြီးလေးသော ပြစ်ဒဏ်သည် ၎င်းတို့အား စောင့်ဆိုင်းနေပေမည်။

VVVVVVVVVV

အာယသ် (၇၈-၈၀)

وَإِنَّ مِنْهُمْ لَفَرِيقًا يَلْوُۥنَ أَلْسِنَتَهُم بِٱلْكِتَٰبِ لِتَحْسَبُوهُ
مِنَ ٱلْكِتَٰبِ وَمَا هُوَ مِنَ ٱلْكِتَٰبِ ۚ وَيَقُولُونَ هُوَ مِنْ عِندِ
ٱللَّهِ وَمَا هُوَ مِنْ عِندِ ٱللَّهِ ۚ وَيَقُولُونَ عَلَى ٱللَّهِ ٱلْكَذِبَ وَ
هُمْ يَعْلَمُونَ ﴿٧٨﴾ مَا كَانَ لِبَشَرٍ أَن يُؤْتِيَهُ ٱللَّهُ ٱلْكِتَٰبَ
وَٱلْحُكْمَ وَٱلنُّبُوَّةَ ثُمَّ يَقُولَ لِلنَّاسِ كُونُوا۟ عِبَادًا لِّى مِن
دُونِ ٱللَّهِ وَلَٰكِن كُونُوا۟ رَبَّٰنِيِّۧنَ بِمَا كُنتُمْ تُعَلِّمُونَ ٱلْكِتَٰبَ
وَبِمَا كُنتُمْ تَدْرُسُونَ ﴿٧٩﴾ وَلَا يَأْمُرَكُمْ أَن تَتَّخِذُوا۟
ٱلْمَلَٰٓئِكَةَ وَٱلنَّبِيِّۧنَ أَرْبَابًا ۚ أَيَأْمُرُكُم بِٱلْكُفْرِ بَعْدَ إِذْ
أَنتُم مُّسْلِمُونَ ﴿٨٠﴾

ၚင်းပြင် ထိုသူများအနက် လူတစ်စုသည် မုချရှိ၏။ ထိုသူများသည် ကျမ်းဂန်(ကိုရွှတ်ဖတ်ရာ)၌ မိမိတို့လျှာများကို လိပ်ခေါက်ကြ၏။ (ယင်းကဲ့သို့ပြုလုပ်ခြင်းမှာ ထိုသူတို့လုပ်ကြံရွှတ်ဖတ်သော) ထိုအရာကို သင်တို့က ကျမ်းလာစကားဟုထင်မှတ်ကြရန်ဖြစ်သည်။ အမှန်သော်ကား ထိုအရာသည် ကျမ်းလာစကားအလျှင်းမဟုတ်ပေ။ ၚင်းပြင် ထိုသူတို့က (မိမိတို့ရွှတ်ဖတ်သော) အရာသည် အလ္လာဟ်အရှင်မြတ်၏အထံတော်မှ (ကျရောက်သည်)ဟု ပြောဆိုကြ၏။ စင်စစ်သော်ကား ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏အထံတော်မှ (ကျရောက်သည်) အလျှင်းမဟုတ်ချေ။ သို့တစေလည်း ထိုသူများသည် မိမိတို့ကိုယ်တိုင် သိကြပါလျက်နှင့်ပင် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မုသားကို လုပ်ကြံပြောဆိုကြလေသည်။ (၃း၇၈)

မည်သည့်လူသားတစ်ဦးတစ်ယောက်မဆို အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား တရားဒေသနာတော် ကျမ်းမြတ်ကိုလည်းကောင်း၊ အကျိုးအကြောင်းဆင်ခြင်နိုင်သော ဥာဏ်အမြော်အမြင်ကိုလည်းကောင်း၊ နဗီတမန်တော်၏ဂုဏ်ထူးကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူ၏။ သို့ချီးမြှင့်ပြီးနောက် ထိုသူက လူခပင်းတို့အား "(ဟယ်အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုစွန့်လွှတ်၍ ငါ၏ကျွန်များဖြစ်ကြကုန်"ဟူ၍ ပြောဆိုရန် မဖြစ်

နိုင်ပေ။ သို့ရာတွင် (ထိုသို့ချီးမြှင့်ခြင်းခံရသောသူက ဤသို့သာလျှင်ပြောဆိုအံ့။) "(ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံသူများဖြစ်ကြကုန်" အကြောင်းမူကား အသင်တို့သည် ဒေသနာတော်ကျမ်းဂန်ကို (သူတစ်ပါးတို့အား) သင်ကြားပြသပို့ချသည့်ပြင် မိမိတို့ကိုယ်တိုင်လည်း ဖတ်ရွတ်လေ့လာသူများဖြစ်သောကြောင့်ပင်တည်း။ (၃း၇၉)

ထိုနည်းတူစွာပင် ယင်း(ကဲ့သို့ချီးမြှင့်ခြင်းခံရသော) သူက အသင်တို့အား "မလာအိကဟ်" အပါးတော်စေတမန်များကိုလည်းကောင်း၊ နဗီတမန်တော်များကိုလည်းကောင်း (မိမိတို့အား) မွေးမြူတော်မူသော အရှင်များအဖြစ် ပြုလုပ်ကြရန်လည်း (မည်သည့်အခါမျှ) ညွှန်ကြားမည်မဟုတ်ပေ။ အသင်တို့(မုစ်လင်မ်) အမိန့်နာခံသောသူများဖြစ်ကြပြီးနောက် ထို(နဗီအဖြစ်ချီမြှင့်ခံရသော) သူသည် အသင်တို့အား သွေဖည်ငြင်းပယ်ရန် ညွှန်ကြားပါမည်လော။ (၃း၈၀)

အကျယ်ဖွင့်ဆိုခြင်း

နဂျ်ရမ်မှ ကိုယ်စားလှယ်အဖွဲ့ရှိနေစဉ်အတွင်း အချို့သောဂျူးများနှင့် ခရစ်ယာန်များရောက်လာကာ တမန်တော်မြတ်﴿ﷺ﴾ သခင်အား "အို-မုဟမ္မဒ် မေရီ၏သား ယေရှုသခင်ကို ခရစ်ယာန်များ ဓဝတ်ကိုးကွယ်သကဲ့သို့ ကျွန်ုပ်တို့က အသင့်ကို ကိုးကွယ်စေချင်သလား"ဟု ပြောကြားခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က "ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံပါ၏။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါးမည်သူ့ကိုမျှ မကိုးကွယ်ပါ။ အခြားသူများကိုလည်း ထိုကဲ့သို့ပြုလုပ်ရန် မဖိတ်ခေါ်ပါ။ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့ကို စေလွှတ်သည်မှာ ထိုသို့ပြုလုပ်ရန် မဟုတ်ချေ"ဟု မိန့်ကြားခဲ့သည်။ ထိုအချိန်၌ ဤအာယသ်တော်ကျရောက်ခဲ့သည်။

တမန်တော်များသည် ဂုနာဟ်အပြစ်ကင်း၍ အမှားအယွင်းကင်းသည်။

ဤအာယသ်တော်က ရည်ညွှန်းသည်မှာ လူတစ်ဦးအား အလ္လာဟ်အရှင်မြတ်က ကျမ်းတော်ပေးအပ်၍ ဟစ်က်မသ်အသိဉာဏ်ပေးကာ ဆုံးဖြတ်ချက်ပေးနိုင်သော အစွမ်းပေးပြီး တမန်တော်ဖြစ်ခြင်း၏ ကြီးမားသော အဆင့်အတန်းပေးထားခံရသူတစ်ဦးသည် ၎င်း၏တာဝန်ဝတ္တရားဖြစ်သော လုပ်ငန်းအပေါ်၌ အမြဲတမ်းသစ္စာရှိပေသည်။ ထိုလုပ်ငန်းမှာ လူအများကို အလ္လာဟ်အရှင်မြတ်၏ သစ္စာရှိသော ကျေးကျွန်များဖြစ်လာစေရန် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားဖြင့် ဆက်သွယ်ဖိတ်ခေါ်ရန် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ဓဝတ်ကိုးကွယ်ခြင်းမှ လူအများဖယ်ခွာစေရန်လည်းကောင်း၊ အခြားအဖန်ဆင်းခံများကိုသာလျှင် ဓဝတ်ကိုးကွယ်ကြစေရန် အတွက် စတင်ပြောရန်ဟူသော အလုပ်မျိုးကိုလည်းကောင်း မည်သည့်အခါမျှ မလုပ်ချေ။

အကယ်၍ ထိုသို့ပြုလုပ်ခဲ့ပါမူ အလ္လာဟ်အရှင်မြတ်က တမန်တော်အဖြစ် စေလွှတ်သောသူသည် စင်စစ် ထိုရာထူးနှင့် မထိုက်တန်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဤကမ္ဘာပေါ်တွင် မည်သည့်အစိုးရကမဆို တာဝန်ရှိသောရာထူးတစ်ခုအတွက် တစ်စုံတစ်ဦးကို ခန့်အပ်မည်ဆိုလျှင် အချက်နှစ်ရပ်ကို အမြဲတမ်း ထည့်သွင်းစဉ်းစားကြသည်။

(၁) ရာထူးလက်ခံမည့်သူသည် အစိုးရ၏ မူဝါဒများကို နားလည်သဘောပေါက်၍ ကောင်းစွာလုပ်ကိုင်နိုင်မည့် အရည်အချင်းရှိပါသလော။

(၂) အစိုးရ၏ ညွှန်ကြားချက်ကို လုပ်ဆောင်ရာတွင်နှင့် သူ၏လက်အောက်ခံများကို တည်ငြိမ်သော သစ္စာရှိသည့် အနေအထားဖြင့် စုစည်းထားရာတွင် မည်မျှလောက်အထိ မျှော်လင့်ထားနိုင်သနည်း။

အစိုးရ၏ မူဝါဒမှ တိမ်းစောင်းသွားနိုင်သော (သို့) အစိုးရကို ဆန့်ကျင်သော အပြုအမူပြုလုပ်နိုင် သည်ဟု စိုးစဉ်းမျှသံသယရှိသောသူတစ်ဦးကို မည်သည့်ဘုရင်ကဖြစ်စေ၊ ပါလီမန်ကဖြစ်စေ ၎င်း၏ကိုယ်စားလှယ် (သို့) သံအမတ်အဖြစ် ခန့်အပ်လိမ့်မည်မဟုတ်ချေ။ သို့သော်လည်း ဖြစ်နိုင်သည်မှာ အစိုးရသည် ထိုသူ၏ အရည်အချင်း (သို့) သစ္စာရှိမှုကို မှန်ကန်စွာ အကဲမဖြတ်နိုင်သောကြောင့်သာ ဖြစ်နိုင်သည်။ သို့သော်လည်း အလ္လာဟ် အရှင်မြတ် စီမံသောကိစ္စရပ်တွင် ဒွိဟသံသယဟူ၍ မရှိချေ။

အလ္လာဟ်အရှင်မြတ်ပေါ် သစ္စာရှိမှုနှင့် ရိုသေမှုပေါ်တွင် စိုးစဉ်းမျှမကျူးလွန် မဖောက်ဖျက်ဟု အရှင်မြတ်သိထားသူတစ်ဦးသည် နောက်ပိုင်း၌ ထိုအကဲဖြတ်ထားချက်နှင့် မည်သို့မျှ ဆန့်ကျင်ဘက်ဖြစ်မသွားနိုင်ချေ။ သို့မဟုတ်ခဲ့လျှင်ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်သည် ချို့တဲ့သည်ဟု ဆိုလိုရာရောက်လိမ့်မည်။ (အလ္လာဟ်အရှင်မြတ်ထံ ကျွန်ုပ်တို့ ခိုလှုံခွင့်တောင်းခံပါ၏။) ဤနေရာမှစ၍ နဗီတမန်တော်များ﴿ﷺ﴾ နှင့် ပတ်သက်သော ɛmuI'အဆွဲမာသ်' (ဂုနာဟ်အပြစ်ကင်း၍ အမှားအယွင်းမရှိခြင်း) ၏ ကိစ္စသည်ရှင်းလင်းပြတ်သားလာပါသည်။ (မှတ်ချက် - အဆွဲမာသ်ဆိုသည်မှာ အပြစ်ဂုနာဟ်များမှ ရှောင်ရှားနိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်က တစ်စုံတစ်ဦးကို အထူးအကာအကွယ်ပေးထားခံရခြင်းဖြစ်သည်။ တိုတိုတုတ်တုတ်ဖြစ်ရန် ကျွန်ုပ်တို့သည် အပြစ်ဂုနာဟ်ကင်း၍ အမှားအယွင်းမရှိခြင်းဟု ဘာသာပြန်ထားသည်) ကောင်းချီးပေးခံရတော်မူသော မြင့်မြတ်တော်မူသော တမန်တော်များသည် ဂုနာဟ်အသေးများမှ ကင်းစင်ကြပါလျှင် ဂုနာဟ်အကြီးဖြစ်သည့် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်တွဲ ကိုးကွယ်ခြင်း ရှိရှိက်လုပ်ခြင်း (သို့) အလ္လာဟ်အရှင်မြတ်အား ပုန်ကန်ခြားနားခြင်းများ ပြုလုပ်နိုင်ချေရှိသည်ဟုဆိုလျှင် ဖြစ်နိုင်မည်လော။

မစိဟ်﴿ﷺ﴾ သခင်က ၎င်းသည် ဘုရားသားတော်ဖြစ်၍ ၎င်းအားဘုရားသခင်အဖြစ် ယုံကြည်ကြရန် ပြောကြားသည်ဟု ခရစ်ယာန်များက အခိုင်အမာ ပြောဆိုချက်ကို မမှန်မကန်ကြောင်း ငြင်းဆိုထားသည်။ တမန်တော်မြတ်﴿ﷺ﴾ ထံသို့သွားကာ အကယ်၍ တမန်တော်ကို ထုံးစံအတိုင်း စလာမ်ဆိုနှုတ်ခွန်းဆက်သည်ထက် ကိုယ်တော်မြတ်ရှေ့တွင် ဦးခိုက်စဂျဒါချကာ နှုတ်ဆက်ခြင်းသည် မှန်မမှန် မေးမြန်းသော မုစ်လင်မ်များကိုလည်း ဆုံးမပဲ့ပြင်ထားသည်။ ၎င်းတို့၏ ဘုန်းတော်ကြီးများကို ဘုရားအဆင့်အတန်း သတ်မှတ်ကြသည့် ရှေးကျမ်းရပုဂ္ဂိုလ်များကိုလည်း ပြစ်တင်ဆုံးမထားသည်။ (အလ္လာဟ်အရှင်မြတ်ထံပါး ခိုလှုံပါ၏။) **(သဖ်စီရ်အုစ်မာနီ)**

အာယသ် (၈၁–၈၄)

وَإِذْ أَخَذَ اللَّهُ مِيثَاقَ النَّبِيِّينَ لَمَا
آتَيْتُكُم مِّن كِتَابٍ وَحِكْمَةٍ ثُمَّ جَاءَكُمْ رَسُولٌ مُّصَدِّقٌ
لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهِ وَلَتَنصُرُنَّهُ ۚ قَالَ أَأَقْرَرْتُمْ وَأَخَذْتُمْ
عَلَىٰ ذَٰلِكُمْ إِصْرِي ۖ قَالُوا أَقْرَرْنَا ۚ قَالَ فَاشْهَدُوا وَأَنَا مَعَكُم
مِّنَ الشَّاهِدِينَ ﴿٨١﴾ فَمَن تَوَلَّىٰ بَعْدَ ذَٰلِكَ فَأُولَٰئِكَ هُمُ
الْفَاسِقُونَ ﴿٨٢﴾ أَفَغَيْرَ دِينِ اللَّهِ يَبْغُونَ وَلَهُ أَسْلَمَ مَن فِي
السَّمَاوَاتِ وَالْأَرْضِ طَوْعًا وَكَرْهًا وَإِلَيْهِ يُرْجَعُونَ ﴿٨٣﴾
قُلْ آمَنَّا بِاللَّهِ وَمَا أُنزِلَ عَلَيْنَا وَمَا أُنزِلَ عَلَىٰ إِبْرَاهِيمَ وَ
إِسْمَاعِيلَ وَإِسْحَاقَ وَيَعْقُوبَ وَالْأَسْبَاطِ وَمَا أُوتِيَ مُوسَىٰ وَ
عِيسَىٰ وَالنَّبِيُّونَ مِن رَّبِّهِمْ لَا نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ
لَهُ مُسْلِمُونَ ﴿٨٤﴾

ထိုမှတစ်ပါးတဲ့ (ပြန်လည်အောက်မေ့သတိရကြကုန်) တစ်ရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူလေသည်။ "(အို-နဗီတမန်တော်အပေါင်းတို့) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာ အမြော်အမြင်ကိုလည်းကောင်း ပေးသနားတော်မူပြီးနောက် အသင်တို့လက်ဝယ်ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကို ထောက်ခံရသော ရဏူလ်တမန်တော် တစ်ပါးပါးသည် အသင်တို့ထံရောက်လတ်သော်၊ အသင်တို့သည် ထိုရဏူလ်တမန်တော်ကို (မိမိတို့စိတ်တွင်းမှ) မုချယုံကြည်ကြပေမည်။ ၎င်းပြင်ထို ရဏူလ်တမန်တော်ကို (ကာယကံမြောက်လည်း) အားပေးကူညီကြပေမည်။" ထို့နောက်အလ္လာဟ်အရှင်မြတ်က "(အို-နဗီတမန်တော်အပေါင်းတို့) အသင်တို့သည် ဝန်ခံကြပြီလော၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့သည် ငါအရှင်မြတ်၏ ပဋိညာဉ်တော်ကိုလည်း လက်ခံကြပြီလော"ဟု မေးမြန်းတော်မူ၏။ (ထိုအခါ နဗီတမန်တော်အပေါင်းတို့က) "ကျွန်တော်မျိုးတို့သည် ဝန်ခံကြပါပြီ"

ဟုတင်လျှောက်ကြလေသည်။ (ထိုအခါ အလ္လဟ်အရှင်မြတ်က) "သို့ဖြစ်လျှင် အသင်တို့သည် (ဤပဋိညာဉ်ဝန်ခံချက်နှင့် စပ်လျဉ်း၍) အသိသက်သေများ ဖြစ်ကြကုန်၏။ ငါအရှင်မြတ်သည်လည်း အသင်တို့နှင့်အတူ အသိသက်သေများအနက် အပါအဝင်ဖြစ်တော်မူသည်" ဟု မိန့်ကြားတော်မူလေသည်။ (၃း၈၁)

တစ်ဖန် အကြင်သူသည် ထို(ကဲ့သို့ပဋိညာဉ်ထားရှိပြီး)နောက် မျက်နှာလွှဲဖယ်သွားခဲ့ပါမူ၊ ဤကဲ့သို့သော သူတို့သည်သာလျှင် အမိန့်မနာခံသူများဖြစ်ကြပေသည်။ (၃း၈၂)

ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်မှတစ်ပါး၊ အခြား(နည်းလမ်း)ကို စူးစမ်းရှာဖွေလိုကြသလော။ စင်စစ်သော်ကား ကောင်းကင်များနှင့် ပထဝီမြေကြီးတွင် ရှိရှိသမျှသော အရာခပ်သိမ်းတို့သည်၊ သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာလျက်ရှိကြကုန်သည်။ တစ်ဖန် (နောက်ဆုံးတွင်) ထိုခပ်သိမ်းကုန်သော အရာတို့သည် ထိုအရှင်မြတ်၏ အထံတော်သို့သာလျှင် ပြန်လှည့်ကြရပေမည်။ (၃း၈၃)

(အိုး-နဗီတမန်တော်မုဟမ္မဒ်) အသင်သည် ပြောကြားပါလေ။ "အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ အကျွန်ုပ်တို့အပေါ်ဝယ် ကျရောက်လာသော ဓမ္မဒေသနာ (ကုရ်အာန်ကျမ်းတော်မြတ်) ကိုလည်း ကောင်း၊ နဗီတမန်တော် အိဗ်ရာဟီမ်၊ နဗီတမန်တော် အိစ်မာအီလ်၊ နဗီ တမန်တော် အစ္စဟားက်၊ နဗီတမန်တော် ယအ်ကူးဗ်နှင့် (နဗီတမန်တော် ယအ်ကူးဗ်၏) သားမြေး၊ မြစ်တို့အပေါ်၌ ကျရောက်လာသော ဒေသနာတော်များကိုလည်း ကောင်း ယုံကြည်ကြပါသည်။ ထို့ပြင် နဗီတမန်တော်မူစာ၊ နဗီတမန်တော် အီစာနှင့် အခြားနဗီတမန်တော်အပေါင်းတို့အား ၎င်းတို့၏အရှင်မြတ်အထံတော်မှ ပေးသနားတော်မူသော ဒေသနာတော်ကိုလည်း ကျွန်တော်တို့ ယုံကြည်ကြပါသည်။ (တစ်ဖန် ယင်းကဲ့သို့ ယုံကြည်ကြရာ၌) ထိုနဗီတမန်တော်အပေါင်းတို့အနက် တစ်ပါးနှင့်တစ်ပါး ခွဲခြားခြင်း အလျင်းမပြုကြပါ။ အမှန်သော်ကား ကျွန်ုပ်တို့သည် ထို (တစ်ဆူတည်းသော) (အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များ)ကို လိုက်နာသော မုစ်လင်မ်များ ဖြစ်ကြပါသည်။ (၃း၈၄)

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်တော်မူသည့် ပဋိညာဉ် (၃) ရပ်

အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ် ကျေးကျွန်များနှင့် ပဋိညာဉ်(၃)ရပ် ပြုလုပ်ခဲ့သည်။

(၁) ယင်းတို့အထဲမှ တစ်ခုမှာ စူရဟ်အလ်အအ်ရာဖ် **الأعراف** တွင်ရှိ **ألست بربكم** "အလတ်စ်သု ဗိရဗ်ဗိကွန်မ်" "ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် မဟုတ်ပါလော" (၇း၁၇၂)ဟူ၍ ဖြစ်သည်။ ဤပဋိညာဉ် ၏ ရည်ရွယ်ချက်မှာ လူသားထုတစ်ရပ်လုံးအား အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်သည် စကြဝဠာတစ်ခုလုံးကို စိုးပိုင်သူဖြစ်ကြောင်း ယုံကြည်စေရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သာသနာတစ်ရပ်လုံးသည် ဤ အချက်ပေါ်မှာ မူတည်သည်။ ဤယုံကြည်မှုမရှိခဲ့လျှင် ဆင်ခြင်တုံတရားနှင့် ပြန်လည်တွေးတောမှုတို့ကပေးသော ဦးဆောင်မှုမှာ ဘာသာရေးဆိုင်ရာ နယ်ပယ်တွင် အပြုသဘောဆောင်လိမ့်မည် မဟုတ်ချေ။ ဤအကြောင်းအရာနှင့် ပတ်သက်သော ထပ်ဆောင်း၍ အသေးစိတ်အချက်များကို အင်ရှာအလ္လာဟ် အရှင်မြတ် အလိုတော်ရှိတော်မူလျှင် လိုအပ်သောနေရာ၌ တင်ပြပါမည်။

(၂) ဒုတိယ ပဋိညာဉ်ကို လက်ရှိစူရဟ်အာလိအင်မ်ရာမ်၏ အာယသ်တော် (၁၈၇) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

وَاِذْاَخَـذَ اللّٰهُ مِيْثَـاقَ الَّـذِيْـنَ اُوْتُـوا الْـكِتٰـبَ لَتُبَيِّنُـنَّـهٗ لِلنَّاسِ وَلَا تَكْتُمُوْنَـهٗ

"ထို့ပြင်တစ်ဝ (အသင်တို့သည် ပြန်လည်အောက်မေ့သတိရရှိကြလေကုန်) အခါတစ်ပါး၌ အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အလျင်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော သူတို့ထံမှ ပဋိညာဉ်ခံဝန်ချက်ကို (ဤသို့) ယူတော်မူခဲ့လေသည်။ မုချဧကန် အသင်တို့သည် ယင်းကျမ်းဂန် (လာတရားဒေသနာတော်များ)ကို ထိမ်ချန်မထားကြဘဲ လူသားတို့ (သိစိမ့်သော) ငှာ အတိအကျ ထင်ရှား စေကြရမည်။ (၃း၁၈၇)

ဤပဋိညာဉ်သည် ကျမ်းရပုဂ္ဂိုလ်များထဲမှ အုလမာ (သာသနာ့ပညာရှင်များ)နှင့် သီးသန့်ပြုလုပ်ထားကာ ၎င်းတို့အား အမှန်တရားကို မဖုံးကွယ်ရန်နှင့် ယင်းအမှန်တရားကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းလင်းစွာ ဖော်ပြစေရန် ဖြစ်သည်။

(၃) တတိယပဋိညာဉ်ကို လက်ရှိအာယသ်တော်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

وَاِذْ اَخَـذَاللّٰهُ مِيْثَـاقَ الـنَّبِيّـنَ لَـمَـآاٰتَيْتُكُمْ مِّنْ كِتٰبٍ وَّحِكْمَـةٍ

"ထို့မှတစ်ပါးတုံ (ပြန်လည်အောက်မေ့သတိကြကုန်) တရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူလေသည်။ (အိုနဗီတမန်တော်

အပေါင်းတို့) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာ အမြော်အမြင်ကိုလည်းကောင်း ပေးသနားတော်မူပြီးနောက် (၃း၈၁)

ပဋိညာဉ်၏ ရည်ရွယ်ချက်နှင့် ပြုလုပ်သည့်နေရာ

ဤတတိယပဋိညာဉ်ယူခဲ့သည့်နေရာသည် အဘယ်နေရာဟု ဖြေကြားရန်မှာ ဝိညာဉ်ကမ္ဘာတွင် ရှုပ်လွန်အခြေအနေတွင်ဖြစ်နိုင်သကဲ့သို့၊ ကျွန်ုပ်တို့၏ ရုပ်လောကကမ္ဘာတွင် ဝဟိအားဖြင့်လည်း ဖြစ်နိုင်ပေသည်။ နှစ်မျိုးလုံးဖြစ်နိုင်ပါသည်။ **(ဗယာနုလ်ကုရ်အာန်)**

"acyM မိဆာက်(ပဋိညာဉ်)ဟူသော စကားလုံး၏ အဓိပ္ပာယ်အတွက်မူ ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်၌က ယင်းတွင်ပါဝင်ရမည့်အချက်များ ဖော်ပြပြီးဖြစ်သည်။ သို့သော်လည်း ဤပဋိညာဉ်အကြောင်းနှင့် ပတ်သက်သည့် ပေါ်လွင်ထင်ရှားသော အကြောင်းကိစ္စတွင်မူ အဆိုအမိန့်များ ကွဲပြားခြားနားကြ ပါသည်။ စိုက်ယိဒိနာအလီနှင့် အိဗ်နိအဗ္ဗားစ်﴿ﷺ﴾ သခင်တို့က ဤကိစ္စသည် တမန်တော်မြတ်﴿ﷺ﴾ သခင် ၏အကြောင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်များအားလုံးထံမှ ဤပဋိညာဉ်ယူခြင်းမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ပတ်သက်သော တစ်ခုတည်းသောအကြောင်း ကြောင့်သာဖြစ်သည်။ အကယ်၍ တမန်တော်များသည် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်၏ အချိန်ကာလတွင် ရှိခဲ့ပါလျှင် တမန်တော်မြတ်﴿ﷺ﴾ သခင်အားယုံကြည်ရမည်။ အကူအညီပေးရမည်။ ထောက်ကူပြုရမည်။ ထို့ပြင် တမန်တော်များ၏ အုပ်မသ်ထုသို့လည်း ထိုနည်းအတိုင်း ကျင့်သုံးလုပ်ဆောင်ကြရန် ညွှန်ကြားချက်များ ထားခဲ့ရမည်။

သအ်ဝုဇ်၊ ဟစန်အလ်ဗစရီနှင့် ကသာဒဟ်([ylI.A]mHR) သခင်များက တမန်တော်များထံမှ ဤပဋိညာဉ်ယူခြင်းသည် ယင်းတို့အချင်းချင်းကူညီရန်နှင့် ပံ့ပိုးထောက်ကူစေရန် ဖြစ်သည်။ **(သဖ်စိရ်အိဗနိကဆီး၏)**

ဤနောက်ပိုင်း အဆိုအမိန့်ကို စူရဟ်အလ်အဟ်ဇာဗ်တွင် အလ္လာဟ်အရှင်မြတ် မိန့်ကြားထားချက်ကပြီးပြည့်စုံနိုင်ပါသည်။ ယင်းမှာ -

وَاِذْ اَخَذْنَا مِنَ النَّبِيّٖنَ مِيْثَاقَهُمْ وَمِنْكَ وَمِنْ نُّوْحٍ وَّاِبْرَاهِيْمَ وَمُوْسٰى وَعِيْسَى
ابْنِ مَرْيَمَ وَاَخَذْنَا مِنْهُمْ مِيْثَاقًا غَلِيْظًا (الاحزاب)

"၎င်းပြင် (ပြန်လည်သတိရပါလေ) တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် နဗီတမန်တော်တို့ထံမှ ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။ (ထိုနဗီတမန်တော်များတွင်) အသင့်ထံမှလည်းကောင်း၊ 'နူးဟ်'ထံမှလည်းကောင်း၊ 'အိဗ်ရာဟီမ်'၏ထံမှလည်းကောင်း၊ 'မူစာ'၏ထံမှလည်းကောင်း၊ 'မရ်ယမ်'၏သားတော် 'အီစာ'၏ထံမှလည်းကောင်း (ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့၏။) စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့ထံမှ ခိုင်မာသော ဝန်ခံချက်ကို ယူတော်မူခဲ့၏။ (၃၃း၇)

ဤကဲ့သို့ဝန်ခံချက်ယူရခြင်းမှာ ၎င်းတို့အချင်းချင်း အထောက်အကူပြုရန်နှင့် မှန်ကန်ကြောင်း သက်သေပြရန်ဖြစ်သည်။ **(သဖ်စိရ်အဟ်မာဒီ)**

အထက်ဖော်ပြပါရှင်းလင်းချက်နှစ်ခုတို့သည် စင်စစ်မှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်မနေပါ။ နှစ်မျိုးစလုံးသည် ဆိုလိုရင်းအဓိပ္ပာယ်နှင့် လိုက်လျောညီထွေရှိသည်ဟု မှတ်ယူနိုင်သည်။ **(သဖိစိရ်အိဗနိကဆီး၏)**

ဤနေရာတွင် ဒွိဟသံသယတစ်ခုဖြစ်နိုင်ပါသည်။ တစ်စုံတစ်ဦးက အလ္လာဟ်အရှင်မြတ်သည် အရာရာကိုသိရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာရာကို ကြားသိတော်မူသော အရှင်ဖြစ်သည်။ ဤကမ္ဘာလောကတွင် မည်သည့်တမန်တော်တစ်ဦးဦးရှိလျှင်ဖြစ်စေ၊ တမန်တော်မြတ် မုဟမ္မဒ်﴿ﷺ﴾ သခင် ပွင့်ပေါ်တော်မူစေလိမ့်မည် မဟုတ်ကြောင်း အရှင်မြတ်သည် မုချဧကန် သိရှိပြီးဖြစ်သည်။ သို့ဆိုလျှင် တမန်တော်များအား တမန်တော်မြတ်﴿ﷺ﴾ သခင်ကို ယုံကြည်စေရန် စေခိုင်းခြင်းသည် အသုံးမဝင်ဟန်ရှိသည်။ သို့သော်လည်း အနည်းငယ်တွေးတောစဉ်းစားကြည့်ရုံမျှဖြင့် ယင်း၏အသုံးဝင်မှုကို ရှင်းလင်းစွာ မြင်လာပါလိမ့်မည်။ အလွန်နူးညံ့သိမ်မွေ့သည့် ဂုဏ်တော်များ၏ ပြယုဂ်ဖြစ်သော တမန်တော်မြတ်မုဟမ္မဒ်﴿ﷺ﴾ သခင်၏ တမန်တော်ဖြစ်ခြင်း ကို အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည့်အတိုင်း ယုံကြည်စွဲမြဲစေသည့် စိတ်ဆန္ဒရှိကြောင်း ကြေညာလိုက်သည်နှင့်တပြိုင်နက်တည်း ယင်းအချိန်မှစ၍ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာကို ရပိုင်ခွင့်ရှိလာပါလိမ့်မည်ဖြစ်ကြောင်း တစ်စုံတစ်ဦးက သိရှိပါလိမ့်မည်။ **(စာဝီကျမ်းမှတစ်ဆင့်ဂျလာလိုင်ကျမ်း)**

စကြဝဠာဆုံးဆိုင်ရာ တမန်တော်နှင့် နောက်ဆုံးတမန်တော်ဖြစ်ခြင်း

အာယသ်တော် (၈၁)တွင် **وَاِذْ اَخَذَ اللّٰهُ مِيْثَاقَ النَّبِيّٖنَ** "ထိုမှတစ်ပါးတုံ (ပြန်လည်အောက်မေ့သတိရကြကုန်) တစ်ရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူလေသည်" ဟူသော စကားလုံးများဖြင့် စတင်၍ ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော် များအားလုံးထဲမှ ခိုင်မြဲသော ပဋိညာဉ်တစ်ခုယူတော်မူခဲ့သည်။ ယင်းပဋိညာဉ်မှာ အသင်တို့၏ သက်တမ်းအတွင်း အခြားတမန်တော်တစ်ပါး ပွင့်ပေါ်လာက ယင်းနဗီတမန်တော်သည် လွန်လေပြီးသော တမန်တော်များနှင့် ယင်းတို့၏ ကျမ်းစာများကို မုချဧကန်အတည်ပြုလိမ့်မည်။ သို့ဆိုလျှင် ထိုအချိန်ရှိ တမန်တော်သည် ၎င်းကိုယ်တိုင် ထိုတမန်တော်အသစ် နဗီဖြစ်ခြင်းမှန်ကန်ကြောင်း ကိုယ်တိုင်ယုံကြည်ရုံမျှမက အခြားသူများကိုလည်း ထိုအသစ်ပွင့်ပေါ်လာသည့် နဗီတမန်တော်ကို ယုံကြည်ရန် ညွှန်ကြားရမည်။ ကုရ်အာန်ကျမ်းတော်မြတ်က ပြဋ္ဌာန်းထားသည့် ဤလုံးဝဥဿုံပြည့်စုံသော ဥပဒေက ရှင်းလင်းစေသည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒါနာ မုဟမ္မဒ် ﴿ﷺ﴾ သခင်နှင့် ပတ်သက်၍လည်း တမန်တော်များထံမှ ပဋိညာဉ်မုချယူခဲ့ခြင်းဖြစ်ပါသည်။ အလ္လာဟ်မဟ် အလ်စုဗ်ကီကလည်း သူ၏ကျမ်းဖြစ်သော (**التعظيم والمنة فى لتومن به ولتنصرنه**) တွင် ဤအတိုင်း တစ်ထပ်တည်း မိန့်ကြားထားသည်။ ၎င်းမိန့်ကြားထားသည်မှာ "ဤအာယသ်တော်ထဲတွင် ရစူလ်(တမန်တော်)ဟူသောစကားလုံးသည် မုဟမ္မဒ်﴿ﷺ﴾ ကို ရည်ညွှန်းသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို ယုံကြည်ရန်နှင့် ကိုယ်တော်အား ကူညီထောက်ပံ့ရန် ပံ့ပိုးရန်အတွက် ပဋိညာဉ်မယူခဲ့သည့် တမန်တော်ဟူ၍ တစ်ပါးမျှ မရှိခဲ့ချေ။ ထို့ပြင် ၎င်းတို့အုပ္မသ်ထုအားလည်း တမန်တော်မြတ်﴿ﷺ﴾ ကိုယုံကြည်ရန်၊ ကူညီရန်နှင့် ထောက်ပံ့ရန်ဟူသော အမွေမှာ မှာတမ်းမထားခဲ့သော တမန်တော်ဟူ၍လည်း တစ်ပါးမျှမရှိချေ။ အကယ်၍ တမန်တော် များရှိနေစဉ် အချိန်အတွင်း ဤတမန်တော်မြတ်﴿ﷺ﴾ သခင် ပွင့်ပေါ်ခဲ့ပါလျှင် ထိုတမန်

တော်မြတ် ﷺ သခင်ကိုသာလျှင် အားလုံးကနာခံလိုက်နာရမည်။ ထို့ပြင် ထိုသူတို့အားလုံးလည်း တမန်တော်မြတ်၏ အုမ္မသ် တစိတ်တပိုင်း ဖြစ်ပေလိမ့်မည်။

ဤသည်က ကျွန်ုပ်တို့အား ပြောကြားသည်မှာ တမန်တော်မြတ် ﷺ ၏ အဆင့်အတန်းသည် ကိုယ်တော်၏ အုမ္မသ်ထု၏ တမန်တော်အဖြစ်သာ သတ်မှတ်ထားသည်မဟုတ်ဘဲ တမန်တော်များ၏ တမန်တော်အဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ တမန်တော်မြတ်ကြီးကိုယ်တိုင် ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ အကယ်၍ တမန်တော်မူစာ(မိုးဇက်) သည် ယနေ့အချိန်၌ အသက်ထင်ရှားရှိနေခဲ့ပါလျှင် ကျွန်ုပ်၏ နောက်လိုက်ရန်မှအပ အခြားမရှိပါ။

နောက်ထပ် ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ တမန်တော်အီစာ ﷺ (ယေရှု)သည် ဤကမ္ဘာသို့ဆင်းသက်လာခဲ့ပါလျှင် ၎င်းသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့်အညီ အသင်တို့၏ တမန်တော်ကြီးချမှတ်ထားသော စည်းကမ်းဥပဒေများနှင့်လည်း အညီလုပ်ဆောင်ရပါလိမ့်မည်။ **(သဖ်စီရ်အိဗ်နိ်ကဆီး၍)**

ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ တမန်တော်ကြီး၏ တမန်တော်ဖြစ်ခြင်းသည် စကြဝဠာတစ်ခုလုံးနှင့် အားလုံးကို အကြုံးဝင်စေပြီး ယခင်က ဘာသာရေးဆိုင်ရာ ကိုဓဥပဒေများသည် တမန်တော်မြတ်၏ ရှရီအသ်ထဲတွင် အကြုံးဝင်သွားပါသည်။ **بُعِثْتُ اِلَى النَّاسِ كَآفَّـةً** "ကျွန်ုပ်သည် လူသားအားလုံးတွက် စေလွှတ်ခြင်းခံရသည်"ဟူသော တမန်တော်ကြီးမိန့်ဆိုချက်၏ မှန်ကန်သောအဓိပ္ပာယ်သည်လည်း ဤအဆိုအမိန့်များက ရှင်းလင်းစေပါသည်။ ဤဟဒီးဆ်တော်အရ တမန်တော်မြတ်ကြီး၏ တမန်တော်ဖြစ်ခြင်းသည် ယင်းအခါသမယမှ စတင်၍ ကိယာမသ်နေ့အထိ ဖြစ်သည်ဟု အဓိပ္ပာယ်ယူခဲ့ပါလျှင် မမှန်ကန်ပါ။ တမန်တော်မြတ်ကြီး၏ တမန်တော်ဖြစ် ခြင်းသည် စိုက်ယိဒါနာ အာဒမ် ﷺ တမန်တော်မဖြစ်ခင်ကပင် စတင်ခဲ့ပါသည်။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ တမန်တော်မြတ်ကြီးကိုယ်တိုင် ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ **كنت نبيا و اٰدم بين الروح والجسد** (အာဒမ် ﷺ သည်ရုပ်ခန္ဓာနှင့် ဝိညာဉ်မပေါင်းစပ်မီကြားကာလအချိန်၌ကပင် ကျွန်ုပ်တမန်တော်မြတ်ကြီးသည် တမန်တော်ဖြစ်နှင့်ပြီးဖြစ်သည်။) ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ တမန်တော်မြတ်ကြီးသာလျှင် ဦးစွာပထမ အလွှာဟ် အရှင်မြတ်ရှေ့မှောက်၌ဝင်ကာ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခွင့်ရခြင်း၊ အာဒမ် ﷺ ၏ သားစဉ်မြေး ဆက်တို့သည် တမန်တော်မြတ်ကြီး၏ အလံတော်အောက်၌ စုစည်းစေခြင်းနှင့် ကောင်းကင်ခရီးကြွချီမည့်ညဉ့်၌ တမန်တော်များအားလုံးကို စုရုံးစေကာ ဗိုင်သုလ်မုကတ်ဒ်ဒစ်၌ ရှေ့ဆောင်အဖြစ် ဆွလာသ်းဝတ်ပြုခြင်းတို့သည် ကြီးကျယ်ပြီး တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ခေါင်းဆောင်ဖြစ်ခြင်း၏ နိမိတ်လက္ခဏာများ ဖြစ်သည်။

VVVVVVVVVV

အာယသ် (၈၅)

وَمَنْ يَّبْتَغِ غَيْرَ الْاِسْلَامِ دِيْنًا
فَلَنْ يُّقْبَلَ مِنْهُ ۚ وَهُوَ فِى الْاٰخِرَةِ مِنَ الْخٰسِرِيْنَ ۝

ထို့ပြင်တစ်ဝ မည်သူမဆို "အစ္စလာမ်" သာသနာမှတစ်ပါး အခြားသာသနာ တစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကို အလျင်းခံရမည်မဟုတ်ပေ။ ၎င်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင် ဖြစ်ပေမည်။ (၃း၈၅)

အကျယ်ဖွင့်ဆိုခြင်း

အစ္စလာမ်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ "ရိုကျိုးခြင်းနှင့် နာခံခြင်း" တို့ဖြစ်ပါသည်။ ဝေါဟာရတစ်ခုအနေဖြင့် အစ္စလာမ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသော တမန်တော်များမှတစ်ဆင့် လူသားများအား လမ်းညွှန်မှုပြုသည့် ထိုသီးသန့်ဘာသာတရားကို ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်၏ အခြေခံမူများသည် အားလုံးသောတမန်တော်များ၏ ဘာသာရေးဆိုင်ရာ ကိုဓဉပဒေများနှင့် တူညီသောကြောင့် ဖြစ်သည်။

အစ္စလာမ်ဟူသော စကားလုံးကို ထိုယေဘုယျအဓိပ္ပာယ်ဖြင့် သုံးစွဲသည့်အချိန်အခါများရှိသလို တမန်တော်များ၏ နောက်ဆုံးတမန်တော်ကြီးထံ ချပေးသော နောက်ဆုံးရရှိအသိကို ဖော်ပြရန်အတွက် သီးသန့်သုံးသည့် အခါများလည်းရှိပါသည်။ ဤကဲ့သို့သုံးစွဲခြင်းနှစ်မျိုးစလုံးကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါရှိသည်။ လွန်လေပြီးသော တမန်တော်များသည် မိမိကိုယ်မိမိ "မုစ်လင်မ်" ဟုလည်းကောင်း မိမိတို့၏ အုမ္မသ်ကို မုစ်လင်မ် အုမ္မသ်ဟုလည်းကောင်း ခေါ်ဆိုခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ် စာသားပါစကားလုံးတို့၏ အခွင့်အာဏာအရ အမြဲသက်သေပြပြီး ဖြစ်သည်။ ဤအမည်ကို တမန်တော်များ၏ နောက်ဆုံးတမန်တော်၏ အုမ္မသ်အတွက် သီးသန့် အမည်အဖြစ်လည်း ထပ်တူညီစွာ သုံးစွဲခဲ့သည်။

هُوَ سَمّٰكُمُ الْمُسْلِمِيْنَ ۙ مِنْ قَبْلُ وَفِىْ هٰذَا

"ထို့အရှင်မြတ်သည်ပင် အသင်တို့အား ယခင်ကလည်း (မုစ်လင်မ်များဟူ၍ အမည်ပညတ်တော်မူခဲ့လေသည်။) (ယခု) ဤ (ကုရ်အာန်ကျမ်းတော်မြတ်) တွင်လည်း မုစ်လင်မ်များဟူ၍ပင် အမည်ပညတ်ထားတော်မူလေသည်။ (၂၂း၇၈)

အတိုချုပ်အားဖြင့် တမန်တော်တစ်ပါးမှတစ်ဆင့် အလ္လာဟ်အရှင်မြတ် ချပေးတော်မူသော ဘာသာတရားတိုင်းကိုလည်း အစ္စလာမ်ဟုခေါ်သည်။ ထို့ပြင် ဤနာမည်ကို မုစ်လင်မ်အုမ္မသ်ထုအတွက် သီးသန့်ဘွဲ့အမည်အဖြစ်လည်း သုံးစွဲပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်ထဲတွင်ပါ "အစ္စလာမ်"ဟူသည့် စကားလုံးသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ ထွက်ပေါ်လာရမည့် ရလဒ်၏ အခြေအနေသည် ကွဲပြားခြားနားမှုမရှိသောကြောင့် အဓိပ္ပာယ်နှစ်မျိုးအနက် မည်သည့်အဓိပ္ပယ်ကိုမဆို ကောက်ယူခြင်းသည် မှန်ကန်သည့် အနေအထားတွင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ရှေးလွန်လေပြီးသော တမန်တော်များ၏ ဘာသာတရားအတွက် အစ္စလာမ်ဟူသောအမည်ကို ပေးထားခြင်းသည် သတ်မှတ်ထားသော လူတစ်စုနှင့် သတ်မှတ်ထားသော အချိန်အတွင်းအတွက်သာ ဖြစ်ပါသည်။

ထို"အစ္စလာမ်" သည်ကား ထိုအချိန်က "အစ္စလာမ်" ပင်တည်း။ သီးသန့်အုပ်စု (သို့) အုမ္မသ်ထုအတွက် ကန့်သတ်ထားသောကြောင့် ထို"အစ္စလာမ်"သည် နောင်လာမည့်အချိန်တိုင်းအတွက် စကြဝဠာလုံးဆိုင်ရာ ကိုဝဉပေဒတစ်ရပ်အဖြစ် အသုံးပြုရန် မရည်ရွယ်ခဲ့ချေ။ သို့ပါ၍ တမန်တော်တစ်ပါးပါး ဝဖာသ်ကွယ်လွန်ပြီးနောက် ၎င်းတမန်တော်နေရာတွင် အခြားတမန်တော်တစ်ပါး အစားထိုးပြီးလျှင် ပထမထိုအချိန်ကာလတွင် ရှိခဲ့သော "အစ္စလာမ်" (သီးခြားကိုဝဉပဒေ)သည် ကျင့်သုံးရန် ရပ်ဆိုင်းသွားသည်။ ထိုအချိန်ကာလအတွက် "အစ္စလာမ်"မှာ နောက်ဆုံးပွင့်ပေါ်သော တမန်တော်သစ်၏ "အစ္စလာမ်" ဖြစ်ပေလိမ့်မည်။ ထင်ရှားသည်မှာ ထိုကွဲပြားခြားနားသော ကိုဝဉပဒေများတွင် အခြေခံကိုဝဉပဒေများနှင့် ပတ်သက်လျှင်မူ ကွဲပြားခြားနားမှု သိပ်ရှိလိမ့်မည်မဟုတ်ချေ။ ဆင့်ပွားအမိန့်ပညတ်ချက်များတွင်မူ ကွဲပြားနိုင်သည်။ နောက်ဆုံးတမန်တော်မြတ်﴿ﷺ﴾ သခင်မှတစ်ဆင့် ချမှတ်ပေးသော "အစ္စလာမ်"သည်ကား ပယ်ဖျက်ရုပ်သိမ်းခြင်းမရှိဘဲ တည်ရှိနေပေလိမ့်မည်။ ယင်းသည် တရားစီရင်မည့်နေ့အထိ အမြဲတည်တံ့သော ကိုဝဉပဒေအဖြစ် အသုံးပြုပေလိမ့်မည်။ ထို့ပြင် အထက်တွင် ကိုးကားဖော်ပြသော ဥပဒေအရ တမန်တော်မြတ်﴿ﷺ﴾ သခင် ပွင့်ပေါ်မူပြီးသည့်နောက်တွင် ရှေးယခင် ဘာသာများ အပြီးတိုင်ပယ်ဖျက် ရုပ်သိမ်းပြီးဖြစ်သည်။

ထို့ကြောင့် ထိုဘာသာများသည် "အစ္စလာမ်" မဖြစ်ကြချေ။ "အစ္စလာမ်" ဟူသည် တမန်တော်မြတ် မုဟမ္မဒ် အလ်မုစ်တဖာ﴿ﷺ﴾ သခင်မှတစ်ဆင့် ကျွန်ုပ်တို့ထံရောက်ရှိလာသည့် ထိုသီးခြားဘာသာသာသနာ၏ အမည်ပင်ဖြစ်သည်။ ထို့ကြောင့် ခိုင်လုံသော ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားသည်မှာ "အကယ်၍ ဤနေ့ ဤအချိန်၌ မူစာ﴿عليه السلام﴾ သက်ရှိထင်ရှားရှိနေခဲ့လျှင် ၎င်းသည်လည်း မလွဲမသွေ ကျွန်ုပ်၏ နောက်မှာလိုက်ရန်တာဝန်ပင် ရှိပေလိမ့်မည်။ နောက်ထပ် ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ မိန့်ကြားချက်ကို ဆင့်ပြန်ခဲ့သည်မှာ အီစာ﴿عليه السلام﴾ သခင်သည် ပြန်လည်ရှင်ပြန်ထရမည့်နေ့ နီးကပ်သောအချိန်၌ ပေါ်ထွက်လာခဲ့လျှင် တမန်တော်တစ်ပါးဖြစ်သည့်အပြင် ထူးခြားသော ဂုဏ်ပုဒ်များနှင့် ပြည့်စုံလင့်ကစား အစ္စလာမ့်တမန်တော်ဖြစ်သော တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဘာသာရေးဆိုင်ရာ ကိုဝဉပဒေမှအပ အခြားမည်သည့် ဘာသာရေးဆိုင်ရာ ကိုဝဉပဒေကိုမျှ လိုက်နာရမည် မဟုတ်ချေ။

ထို့ကြောင့် ဤနေရာ၌ "အစ္စလာမ်" ၏ ယေဘုယျ (သို့) သီးခြားအဓိပ္ပာယ်အား မည်သည်ကို ကောက်

ယူသည်ဖြစ်စေ ထွက်ပေါ်လာမည့်အဖြေမှာ အတူတူပင်ဖြစ်သည်။ ဆိုလိုသည်မှာ တမန်တော်များတို့၏ နောက်ဆုံးတမန်တော် ပွင့်ပေါ်ပြီးနောက်တွင် နောက်ဆုံးတမန်တော်မှတစ်ဆင့် ကမ္ဘာသို့ရောက်ရှိလာသော ဘာသာတရားတစ်ခုတည်းကိုသာလျှင် "အစ္စလာမ်"ဟု ခေါ်ဆိုရလိမ့်မည်။ ထိုဘာသာတရားတစ်ခုတည်းပေါ် ယုံကြည်ခြင်းသာလျှင် လူသားများအားလုံး၏ ...ąJN (နဂျသ်) ကယ်တင်ခံရခြင်း မူတည်သည်။ ထိုဘာသာတရားသည် လူသား များအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ဤသည်က လက်ရှိအာယသ်တော်ထဲတွင် မိန့်ကြားထားသော "ထို့ပြင်တစ်ဝ မည်သူမဆို 'အစ္စလာမ်' သာသနာမှတစ်ပါး အခြားသာသနာတစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလွှာဟ်အရှင်မြတ်ထံတော်၌) လက်ခံသဘောတူတော်မူခြင်းကို အလျဉ်းခံရမည် မဟုတ်ပေ။" ကို ရှင်းလင်းစေပါသည်။

ဤအကြောင်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များမှာ အာယသ် (၃း၁၉) အကျယ်ဖွင့်ဆိုချက်တွင် ဖော်ပြပြီးဖြစ်သည်။

VVVVVVVVVV

အာယသ် (၈၆-၉၁)

كَيْفَ يَهْدِى اللّٰهُ قَوْمًا
كَفَرُوْا بَعْدَ اِيْمَانِهِمْ وَشَهِدُوْٓا اَنَّ الرَّسُوْلَ حَقٌّ وَّجَآءَهُمُ
الْبَيِّنٰتُ ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿٨٦﴾ اُولٰٓئِكَ جَزَآؤُهُمْ
اَنَّ عَلَيْهِمْ لَعْنَةَ اللّٰهِ وَالْمَلٰٓئِكَةِ وَالنَّاسِ اَجْمَعِيْنَ ﴿٨٧﴾
خٰلِدِيْنَ فِيْهَا ۚ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُوْنَ ﴿٨٨﴾
اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْا ۖ فَاِنَّ اللّٰهَ
غَفُوْرٌ رَّحِيْمٌ ﴿٨٩﴾ اِنَّ الَّذِيْنَ كَفَرُوْا بَعْدَ اِيْمَانِهِمْ ثُمَّ
ازْدَادُوْا كُفْرًا لَّنْ تُقْبَلَ تَوْبَتُهُمْ ۚ وَاُولٰٓئِكَ هُمُ الضَّآلُّوْنَ ﴿٩٠﴾
اِنَّ الَّذِيْنَ كَفَرُوْا وَمَاتُوْا وَهُمْ كُفَّارٌ فَلَنْ يُّقْبَلَ
مِنْ اَحَدِهِمْ مِّلْءُ الْاَرْضِ ذَهَبًا وَّلَوِ افْتَدٰى بِهٖ ۗ
اُولٰٓئِكَ لَهُمْ عَذَابٌ اَلِيْمٌ وَّمَا لَهُمْ مِّنْ نّٰصِرِيْنَ ﴿٩١﴾

ယုံကြည်ခြင်း သဒ္ဓါတရားထားရှိပြီးနောက်လည်းကောင်း၊ ရစူလ်တမန်တော်(မုဟမ္မဒ်ﷺ)သည် နဗီတမန်တော်အစစ်အမှန်ဖြစ်ကြောင်း သက်သေခံ ပြီးနောက်လည်းကောင်း၊ မိမိတို့ထံဝယ် (အစွယ်လာမ်သာသနာတော်သည် မှန်ကန်သော သာသနာဖြစ်ကြောင်းနှင့် စပ်လျဉ်း၍) ထင်ရှားလှစွာသော သက်သေသာဓကများလည်း ရောက်ရှိခဲ့ပြီးနောက်လည်းကောင်း၊ မယုံကြည်သွေဖည်ငြင်းပယ်ကြကုန်သော လူစုကို အလ္လာဟ်အရှင်မြတ်သည် မည်သည့်နည်းဖြင့် တရားလမ်းမှန်ကိုညွှန်ကြားတော်မူအံ့နည်း။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် မတော်မတရားပြစ်မှုကျူးလွန်သူတို့အား တရားလမ်းမှန်ကို ညွှန်ကြားတော်မူသည် မဟုတ်ချေ။ (၃း၈၆)

ယင်းသူတို့၏အကျိုးကား မုချဧကန် "ယင်းသူတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ "လအ်နသ်" ရွတ်ချခြင်းသည်လည်းကောင်း၊ "မလာအိကဟ်" အပါးတော် စေတမန်အပေါင်းတို့၏ ရွတ်ချခြင်းသည်လည်းကောင်း၊ လူခပင်း

တို့၏ ရှုတ်ချခြင်းတို့သည်လည်းကောင်း အားလုံးတို့၏ ရှုတ်ချခြင်းသည် ကျရောက်လေသည်။ (၃:၈၇)

ထိုသူတို့သည် ယင်း (ရှုတ်ချခြင်း)၌ပင် ထာဝစဉ် ခံစားရမည့်ပြင် ယင်းသူတို့၏ အပြစ်ဒဏ်သည်လည်း လျော့ပေါ့စေခြင်းခံရမည်မဟုတ်။ ထိုမှတစ်ပါး ယင်းသူတို့သည် (အပြစ်ဒဏ်စီရင်ရာ၌) ဆိုင်းငံ့ထားခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ (၃:၈၈)

သို့ရာတွင် အကြင်သူတို့သည် ထို (ကဲ့သို့ငြင်းပယ်) ပြီးနောက် (သံဝေဂ တရားရရှိကာ မိမိအပြစ်များကို) ဝန်ချတောင်းပန်ကြ၍ (မိမိတို့စိတ်နှလုံးကိုလည်း) ပြုပြင်ကြပါမူ မုချဧကန် အလ္လာဟ်အရှင်မြတ်သည်လည်း (ထိုကဲ့သို့ သောသူတို့အား) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ မပြတ်မစဲသနားကြင်နာညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။ (၃:၈၉)

ဧကန်အမှန် အကြင်သူတို့သည် မိမိတို့ယုံကြည်ခြင်းသဒ္ဓါတရားထားရှိပြီး နောက်မှတစ်ဖန် သွေဖည်ငြင်းပယ်ကြကုန်၏။ ထို့နောက် ယင်းသူတို့သည် သွေဖည်ငြင်းပယ်မှု၌ပင် နစ်မွန်း၍နေကြကုန်သည်။ ယင်းသို့သောသူတို့၏ နောင်တတရားရရှိခြင်းသည် (အလ္လာဟ်အရှင်မြတ်အထံတော်၌) သဘောတူလက်ခံခြင်းကို အလျဉ်းခံရမည်မဟုတ်ပေ။ အမှန်သော်ကား ထိုသူတို့သည် (အစဉ်) လမ်းလွဲသော သူများသာတည်း။ (၃:၉၀)

ဧကန်အမှန် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြ၍ သွေဖည်ငြင်းပယ်သူများအဖြစ်နှင့်ပင် သေဆုံးကြ၏။ ထိုသို့သောသူတို့အနက် တစ်ဦးဦး သည် (အပြစ်များမှ ချမ်းသာရရန်အလို့ငှာ) ကမ္ဘာမြေနှင့် အပြည့်ရွှေကို (စုပုံ၍) လျော်ကြေးပေးငြားသော်လည်း (အလ္လာဟ်အရှင်မြတ်သည်) အလျဉ်းသဘောတူလက်ခံတော်မူမည် မဟုတ်ပေ။ (အမှန်စင်စစ်) ယင်းသူတို့အဖို့ အလွန်ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သာရှိ၏။ ထို့ပြင် ယင်းသူတို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ (၃:၉၁)

အကျယ်ဖွင့်ဆိုခြင်း

သံသယတစ်ခု ဖယ်ရှားခြင်း

كَيْفَ يَهْدِى اللهُ “အလ္လာဟ်အရှင်မြတ်သည် မည်သည့်နည်းဖြင့် တရားလမ်းမှန်ကို ညွှန်ကြားတော်မူအံ့နည်း”ဟူသည့် အာယသ်တော်ကို အပေါ်ယံကြောအားဖြင့် ကြည့်ခဲ့လျှင် ဘာသာပြောင်းသွားသူတစ်ဦးအား နောင်တွင် လမ်းညွှန် မူရလိမ့်မည်မဟုတ်ဟူသော သံသယတစ်ခုထွက်ပေါ်နိုင်သည်။ အမှန်မှာ ဤသည်နှင့် ဆန့်ကျင်ပါသည်။ ဘာသာတရား စွန့်လွှတ်ပြီးနောက် တစ်ဖန်ဘာသာတရားကို ပြန်လည်ယုံကြည်လာကာ လမ်းညွှန်ခံရသူများဖြစ်သွားသူ မြောက်မြားစွာရှိသည်။

အဖြေမှာ ဤနေရာ၌ ဖော်ပြထားသော လမ်းညွှန်မှုဆိုင်ငံခြင်းသည် ယေဘုယျအသုံးအနှုန်းအရ ဖြစ်သည်။ ဥပမာ ဆိုသော် ပြစ်မှုကျူးလွန်သူအချို့အား အုပ်ချုပ်သူက အပြစ်ဒဏ်ပေးပြီးနောက်တွင် ထိုတရားခံက ပြောနိုင်သည်မှာ “ကျွန်ုပ်သည် အုပ်ချုပ်သူကိုယ်တိုင်၏ အထူးအခွင့်အရေးပေးခြင်းခံရပါသည်။” ထို့နောက် ၎င်းကို ဖြေကြားသည့်အနေဖြင့် ပြောသည်မှာ “ထိုကဲ့သို့သော တရားခံတစ်ဦးအား ကျွန်ုပ်တို့က အဘယ်သို့ အထူးအခွင့်အရေးပေးနိုင်ပါမည်နည်း” ဆိုလိုသည်မှာ ဤကိစ္စ၌ တရားခံအတွက် အထူးအခွင့်အရေးဟူသည်မှာ မလိုလားအပ်ချေ။ သို့သော်လည်း တရားခံတစ်ဦးသည် အကယ်၍ တနည်းနည်းဖြင့် ကောင်းမွန်စွာနေခဲ့ပါလျှင်ပင် အထူးအခွင့်အရေးနှင့် မထိုက်တန်ဟု မဆိုလိုချေ။ **(ဗယာနုလ်ကုရ်အာန်)**

VVVVVVVVVV

အာယသ် (၉၂)

لَنْ تَنَالُوا الْبِرَّ حَتَّىٰ تُنْفِقُوا مِمَّا تُحِبُّونَ ۚ وَمَا تُنْفِقُوا
مِنْ شَيْءٍ فَإِنَّ اللَّهَ بِهِ عَلِيمٌ ﴿٩٢﴾

(အို-မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် မိမိတို့နှစ်သက်ကြကုန်သော ဥစ္စာပစ္စည်းများအနက်မှ လျှဒါန်းသုံးစွဲခြင်း မပြုသမျှကာလပတ်လုံး မြင့်မြတ်သော အကျင့်တရား အစစ်အမှန် (၏)အကျိုးကျေးဇူး) မည်သည့်နည်းနှင့်မျှ ရယူနိုင်ကြမည်မဟုတ်ပေ။ ၎င်းပြင် မည်သည့်အရာမဆို အသင်တို့လျှဒါန်းသုံးစွဲကြပါမူ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။ (၃း၉၂)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သောအာယသ် (၉၁) တွင် မယုံကြည်သွေဖည်သူများနှင့် ငြင်းပယ်သူများ၏ လျှဒါန်းမှုကို အလ္လာဟ် အရှင်မြတ်ထံတော်ပါးဌ် လက်မခံကြောင်း မိန့်ကြားထားခဲ့သည်။ ဤအာယသ်တော်ထဲတွင် ယုံကြည်သက်ဝင်သူများအား လက်ခံနိုင်ဖွယ်ရှိသော လျှဒါန်းခြင်းနှင့် ထိုလျှဒါန်းခြင်းအား လွှမ်းမိုးထားသော ကျင့်ဝတ်များအကြောင်း မိန့်ကြားထားသည်။

အကျယ်ဖွင့်ဆိုခြင်း

ဦးစွာပထမ ကျွန်ုပ်တို့သည် **بر** ဗိရ်ဟူသော စကားလုံး၏အဓိပ္ပာယ်နှင့် ယင်းစကားလုံး၏ အမှန်ဖော်ကျူးထားမှုမှာ မည်သည်ဖြစ်သည်ကို နားလည်ကြရန် လိုအပ်သည်။ သို့မှသာ အာယသ်တော်၏ အနှစ်သာရတစ်ခုလုံး ကျွန်ုပ်တို့ စိတ်တွင် ရှင်းလင်းသွားမည်။

بر ဗိရ်ဟူသောစကားလုံး၏ လုံးချင်းကောက်အဓိပ္ပာယ်နှင့် စစ်မှန်သောအဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ ရပိုင်ခွင့်များကို အပြည့်အဝဖြည့်ဆည်းခြင်းဖြစ်သည်။ ကောင်းမွန်သော အကျင့်စာဂနှင့် ကောင်းမွန်သော လုပ်ရပ်များ လုပ်ဆောင်ခြင်းဖြစ်သည့် လျှဒါန်းခြင်း၏ အနှစ်သာရကိုလည်း ထိုစကားလုံးသုံးစွဲသည်။ **بر** ဗိရ်နှင့် **بار** ဗာရ် ဟူသော စကားလုံးများမှာ တစ်စုံတစ်ဦးလုပ်ဆောင်ရန် ဝတ္တရားများကို အပြည့်အဝနှင့် တစ်လုံးတစ်ဝတည်း ဖြည့်ဆည်းသောသူအတွက် သုံးနှုန်းသည်။

بَرًّا بِوَالِدَيْهِ "ကျွန်ုပ်၏မိခင်ကို ကောင်းစွာပြုစုကျေးဇူးပြုတတ်သူ" (၁၉း၃၂) နှင့် **بَرًّا بِوَالِدَتِي "မိမိ၏ မိဘနှစ်ပါးအား အလွန်ကျေးဇူးပြုတတ်သူ (၁၉း၁၄)** တို့ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် သုံးနှုန်းထားခြင်းသည် ဤအနက်အဓိပ္ပာယ်ပင် ဖြစ်သည်။ ၎င်းတို့မိဘများ၏ တာဝန်များကို ပြည့်ပြည့်ဝဝ

ဖြည့်ဆည်းခဲ့သော တမန်တော်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဂုဏ်ပုဒ်တစ်ရပ်အဖြစ် ကုရ်အာန်ကျမ်းတော် မြတ်ထဲတွင် သုံးနှုန်းထားသည်။ ဤစကားလုံး **بر** ဗိရ်၏ အများကိန်းမှာ **ابرار** အဗွရား၌ဖြစ်ပြီး ယင်းကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ကြိမ်ဖန်များစွာ သုံးနှုန်းထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ၇၆း၅ တွင် မိန့်ကြားသည်မှာ

إِنَّ الْأَبْرَارَ يَشْرَبُونَ مِنْ كَأْسٍ كَانَ مِزَاجُهَا كَافُورًا

"ဧကန်စင်စစ် သူတော်သူမြတ်တို့သည် ပရုပ်ရောစပ်ထားသော အရက်အပြည့်အလျှံရှိသော ခွက်မှ သောက်သုံးကြပေမည်။" (၇၆း၅)

တစ်ဖန်အခြားတနေရာ၌ မိန့်ထားသည်မှာ -

إِنَّ الْأَبْرَارَ لَفِي نَعِيمٍ عَلَى الْأَرَائِكِ يَنْظُرُونَ

"ဧကန်မလွဲ သူတော်ကောင်းတို့မှာ ထာဝရသုခ၌ ရှိကြပေမည်။" "ဂင်းတို့သည် သလွန်များ ထက်ဝယ် စံမြန်းကာ ရှုစားကြလျက် ရှိကြပေမည်။" (၈၃း၂၂-၂၃)

ထပ်၍တဖန် မိန့်ထားသည်မှာ -

وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ

"သို့ရာတွင် ဆိုးသွမ်းသူတို့မူကား ဧကန်မလွဲ 'ဂျဟန္နမ်' ငရဲဘုံ၌ပင် ရှိကြပေမည်။" (၈၂း၁၄)

နောက်ဆုံးဖော်ပြထားသော အထက်ပါအာယသ်မှ ကျွန်ုပ်တို့အား ပြောကြားသည်မှာ **بر** ဗိရ်၏ ဆန့်ကျင်ဘက်စကားလုံးမှာ **الفجر** ဖုဂ်ဂျရ် (အမိန့်မနာခံခြင်း၊ အပြစ်ကျူးလွန်ခြင်း) ဖြစ်သည်။

အိမာမ်အလ်ဗုခါရီ၏ အလ်အာသာဗ်အလ်မုဖ်ရာဒ်ကျမ်း၊ အိဗ်နိမာဂျာဟ်နှင့် မုစ်နာဒ်အဟ်မဒ်ကျမ်းတို့တွင် တမန်တော်မြတ်ﷺ သခင်၏ မိန့်ကြားချက်ကို စိုက်ယိဒိနာ အဗူဗကရ်ﷺ သခင်က ဆင့်ပြန်ထားသည်မှာ "အမှန်တရားပြောဆိုခြင်းကို စွဲစွဲမြဲမြဲပြုပါလေ။ အဘယ်ကြောင့်ဆိုသော် အမှန်တရားပြောသူသည် **بر** ဗိရ် သူတော်သူမြတ်တို့နှင့် အပေါင်းအဖော်ဖြစ်၍ နှစ်ဦးစလုံးသည် ဂျန္နသ်သုခဘုံမှာရှိသည်။ ထို့ပြင် လိမ်လည်ပြောဆိုခြင်းမှ ရှောင်ရှားပါလေ။ လိမ်လည်ပြောဆိုသူသည် အပြစ်ဒုစရိုက် "ဖုဂ်ဂျရ်" အပေါင်းအဖော်ဖြစ်ပြီး နှစ်ဦးစလုံးသည် ဂျဟန္နမ်ငရဲတွင် ရှိသည်။

စူရဟ် အလ်ဘကရဟ်၏ အာယသ် (၁၇၇) ထဲတွင် မိန့်ကြားထားသည်မှာ -

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَكِنَّ الْبِرَّ مَنْ آمَنَ بِاللهِ وَالْيَوْمِ الْآخِرِ.

"အရှေ့အရပ်ဘက်သို့လည်းကောင်း၊ အနောက်အရပ်ဘက်သို့လည်းကောင်း၊ မျက်နှာမူခြင်း

သည်(သာလျှင်) အသင်တို့အဖို့ ကောင်းမြတ်သော အကျင့်သီလ မဟုတ်သေးပေ။ ကောင်းမြတ်သော သီလရှိသူ သီလဝန်ဂုဏ်ဝန်တို့ဟူသည်ကား အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်မြတ်နိုးကြသောသူများတည်း။" (၂း၁၇၇)

ဤအာယသ်တော်ထဲတွင် ကုသိုလ်ကောင်းမှုလုပ်ရပ်တို့၏ စာရင်းကိုဖော်ပြပြီးနောက် အားလုံးကို **بر** ဗီးရ် ကောင်းခြင်း၏ လမ်းစဉ်အရပ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ အာယသ်တော်မှ ကျွန်ုပ်တို့ပြောသည်မှာ ကောင်းခြင်း၏ လမ်းစဉ်အရပ်ရပ်ထဲတွင် မိမိအကြိုက်နှစ်သက်ဆုံးသော ပစ္စည်းများကို အလ္လာဟ်အရှင်မြတ် လမ်းတော်၌သုံးစွဲခြင်းသည် အနှစ်သက်ဆုံးကောင်းခြင်း လမ်းစဉ်ဖြစ်သည်။အာယသ်တော်က ဆက်လက်မိန့်ကြားသည်မှာ "အသင်တို့သည် မိမိနှစ်သက်ကြကုန်သော ဥစ္စာပစ္စည်းများအနက်မှ လျှဒါန်းသုံးစွဲခြင်း မပြုသမျှ ကာလပတ်လုံး မြင့်မြတ်သောကိုယ်ကျင့်တရား အစစ်အမှန် (၏အကျိုးကျေးဇူး) ကို မည်သည့်နည်းနှင့်မျှ ရယူနိုင်ကြမည်မဟုတ်ပေ" ဟူ၍ဖြစ်သည်။

ဆိုလိုသည့်အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်အတွက် လုပ်ဆောင်ရမည့်တာဝန် ပြီးပြည့်စုံအောင် ဖြည့်ဆည်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှလုံးသားမှ မြတ်နိုးသောအရာများကို အလ္လာဟ်အရှင်မြတ်လမ်းတော်၌ မလျှဒါန်းသမျှကာလပတ်လုံး ထိုလျှဒါန်းခြင်းသည် တာဝန်မကျေချေ။ တာဝန်ဝတ္တရားများ ပြီးပြည့်စုံစွာ ဖြည့်ဆည်းခြင်းကို ပြည့်စုံသောကောင်းခြင်းဟုလည်းကောင်း၊ ကောင်းမှုလုပ်ရပ်တွင် သာလွန်ခြင်းဟုလည်းကောင်း ကြီးမားသော ဆုလာဘ်ဟုလည်းကောင်း အဓိပ္ပာယ်ပြန်ဆိုသည်။ အချုပ်ဆိုရသော် အဗွရားရိသူတော်စင်များ၏ အဆင့်အတန်းသို့ ဝင်ရောက်ရန်မှာ မိမိနှစ်သက်သောအရာကို အလ္လာဟ်အရှင်မြတ်လမ်း၌ စွန့်လွှတ်မှုအပေါ် တည်မှီသည်ဟု ဤနေရာ၌ ဆိုလိုသည်။

ဆွဟာဗဟ်များ၏ စိတ်အားထက်သန်စွာအမိန့်နာခံမှု

ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကို ပထမဦးစွာ ပြောကြားခံရ၍ တမန်တော်မြတ် ﷺ သခင်နှင့် တိုက်ရိုက်ဆက်ဆံခဲ့ရသော ဆွဟာဗဟ်သာဝကကြီးများ﴿**رضى الله عنهم اجمعين**﴾သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကို တိတိကျကျ လိုက်နာရန်အမှန်ပင် မြတ်နိုးကြသူများဖြစ်သည်။ ဤအာယသ်တော်ကျ ရောက်လာသောအခါ ဆွဟာဗဟ်ကြီးတစ်ဦးစီသည် မိမိတို့ပိုင်ဆိုင်သည်မှမည်သည်ကို အနှစ်သက်ဆုံးဖြစ်သည် ဆိုသည်ကို လေ့လာဆန်းစစ်ခဲ့ကြပါသည်။ ထိုပစ္စည်းများကို အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲရန်အတွက် တမန်တော်မြတ်၏﴿ﷺ﴾ သခင်က လက်ခံပါရန် မေတ္တာရပ်ခံကာ စတင်ရောက်ရှိလာခဲ့ပါသည်။ မဒီနဟ်မြို့ရှိ အန်ဆာရ် (အကူအညီပေးမြို့ခံများ)ထဲတွင် စိုက်ယိဒိနာ အဗူတွလ်ဟဟ်﴿رضي الله عنه﴾ သည် အချမ်းသာဆုံးသူဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ဗလီဝတ်ကျောင်းတော်၏ တစ်ဖက်တွင်ရှိသော သစ်သီးခြံပိုင်ရှင်လည်း ဖြစ်သည်။ ထိုခြံတွင် ဗီရေဟာမည်သော ရေတွင်းတစ်တွင်းရှိသည်။ ယခုအခါတွင် ဤခြံနေရာမှာ ဗာဗလ်မာဂျဒ်၏ အရှေ့ဘက် တွင်တည်ရှိကာ မဒီနဟ်မြို့သို့လာရောက် ဟဂျ်ပြုသူများတည်းခိုရာ အစ်သိဖာမန်ဇိလ်ဟု ခေါ်သောအဆောက်အဦး တစ်ခုရှိသည်။ သို့သော်လည်း ထိုအဆောက်အဦး၏ အရှေ့မြောက်

ထောင့်တွင် ဤဗီရေဟာရေတွင်းမှာ မူလအမည်နှင့်ပင် ရှိနေခဲ့သည်။ (ဤအဆောက်အဦးနှင့် ရေတွင်းတို့မှာ ယခုအခါ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဗလီဝတ်ကျောင်းတော် ချဲ့ထွင်တိုးချဲ့ရာ၌ ဖြိုဖျက်ခဲ့ပြီးဖြစ်သည်) တမန်တော်မြတ်သည်﴿ﷺ﴾ ထိုခြံသို့ ရံဖန်ရံခါ သွားရောက်လေ့ရှိကာ ဗီရေဟာရေတွင်းမှ ရေကိုလည်း သောက်သုံးခဲ့ပါသည်။ ထိုရေတွင်းမှရေကို တမန်တော်မြတ်﴿ﷺ﴾ သခင် ကြိုက်နှစ်သက်ခဲ့သည်။ စိုက်ယိဒနာ တွလ်ဟဟ်﴿ﷺ﴾ သခင်ပိုင်ဆိုင်သော ဤခြံသည် အလွန်အဖိုးထိုက်တန်၍ မြေဩကောင်းကာ ၎င်းပိုင်ဆိုင်သမျှ အားလုံးတွင် အနှစ်သက်ဆုံးလည်းဖြစ်သည်။ ဤအာယသ်တော်ကျရောက်ပြီးနောက် အဗူတွလ်ဟလ်﴿ﷺ﴾ သည် တမန်တော်မြတ်﴿ﷺ﴾ ရှေ့မှောက်ဝင်ရောက်၍ လျှောက်ထားခဲ့သည်မှာ "ကျွန်တော်မျိုးပိုင်ဆိုင်သမျှအားလုံးတွင် ဗီရေဟာသည် အနှစ်သက်ဆုံးဖြစ်ပါသည်။ ဤသည်ကို "ကျွန်တော်မျိုး အလွာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲလိုပါသည်၊ ကိုယ်တော်မြတ် ကြိုက်သလိုသုံးပါဟု" လျှောက်ထားပန်ကြားသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ ဤခြံသည် သစ်သီးအထွက်ကောင်းသောခြံဖြစ်သည်။ ယင်းကိုသင်၏ ဆွေမျိုးသားချင်းများအား ဝေ၍ ပေးခြင်းသည်က သင့်တော်သည်ထင်သည်။ စိုက်ယိဒနာ တွလ်ဟဟ်﴿ﷺ﴾ သည် တမန်တော်မြတ်﴿ﷺ﴾ သခင်ပေးသော အကြံဉာဏ်ကိုလက်ခံကာ သူ၏ဆွေမျိုးသားချင်းများနှင့် ညီအစ်ကိုဝမ်းကွဲများအား ဝေ၍ခဲ့ပါသည်။ **(အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)** ဤဟဒီးဆ်တော်က ပေးကမ်းလှူဒါန်းခြင်းသည် ဆင်းရဲသူဆင်းရဲသားနှင့် ချို့တဲ့သူအပေါ်၌ သုံးစွဲရမည်ဟု ကန့်သတ်ချယ်မထားဘဲ မိမိ၏မိသားစုနှင့် ဆွေမျိုးသားချင်းအပေါ် ပေးကမ်းခြင်းသည်လည်း လှူဒါန်းခြင်းဖြစ်သကဲ့သို့ ကုသိုလ်အကျိုးစဝါးဗ်လည်း ထပ်တူရမည်ဟု ကျွန်ုပ်တို့ကို ပြောကြားသည်။

စိုက်ယိဒနာ ဇိုက်ဒ်အိဗ်နိဟာရိဆ်﴿ﷺ﴾ သခင်သည် မြင်းတစ်ကောင်နှင့်အတူ ရောက်ရှိလာ၍ သူပိုင်သည်များထဲတွင် ထိုမြင်းကိုပို၍နှစ်သက်ကြောင်း၊ ထို့ကြောင့်ထိုမြင်းကို အလွာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲချင်ကြောင်း ပြောဆိုခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က ထိုမြင်းကို လက်ခံခဲ့ပါသည်။ သို့သော်လည်း ထိုမြင်းကိုလက်ခံပြီးနောက် စိုက်ယိဒနာ ဇိုက်ဒ်အိဗ်နိဟာရိဆ်၏သား စိုက်ယိဒနာ အုစာမာဟ်﴿ﷺ﴾ အား ထိုမြင်းကိုပေးခဲ့သည်။ ဇိုက်ဒ်အိဗ်နိဟာရိဆ်က ၎င်းလှူခဲ့သောပစ္စည်းမှာ ၎င်းအိမ်သို့ပြန်ရောက်လာသည့် အကြောင်းကို တွေးတောကာ စိတ်ပျက်ခဲ့ရပါသည်။ သို့သော်လည်း တမန်တော်မြတ်﴿ﷺ﴾ သခင်က ၎င်းအား နှစ်သိမ့်ပြီး သင်၏လှူဒါန်းမှုကို အလွာဟ်အရှင်မြတ် လက်ခံပြီးဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ **(သဖ်စိရ်မဇဟာရီမှ တစ်ဆင့် အိဗနီဂျရီးရ်နှင့် အခြားကျမ်းများ)**

စိုက်ယိဒနာ အုမရ်﴿ﷺ﴾ သခင်သည် ၎င်းပိုင်သမျှတွင် ကျွန်မတစ်ဦးကို အနှစ်သက်ဆုံးဖြစ်သည်။ ၎င်းသည် အလွာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲသည့်အနေဖြင့် သူမအား သူကောင်းပြုခဲ့သည်။

ထိုနည်းတူစွာ စိုက်ယိဒနာ အဗ်ဒုလ္လာဟ်အိဗ်နိအုမရ်﴿ﷺ﴾ သည် သူပိုင်သမျှတွင် ကျွန်မတစ်ဦးကို ချစ်ခင်တွယ်တာခဲ့သည်။ ၎င်းသည် အလွာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲသည့်အနေဖြင့် သူကောင်းပြုခဲ့သည်။

အချုပ်မှာအာယသ်တော်၏ အကျဉ်းချုပ်သည် အလွာဟ်အရှင်မြတ်၏ တာဝန်များကို ပြည့်စုံကောင်းမွန်ခြင်းနှင့် ကောင်းမှုကောင်းရာလုပ်ဆောင်ရာတွင် သာလွန်ခြင်းဖြင့် ပြီးပြည့်စုံစွာ ဖြည့်ဆည်းခြင်းသည် တစ်ဦးတစ်ယောက်က မိမိပိုင်ဆိုင်သမျှထဲမှ အနှစ်သက်ဆုံးသောအရာအား အလွာဟ်အရှင်မြတ်လမ်းတော်၌ မလှူဒါန်း

သမျှကာလပတ်လုံး မရရှိနိုင်။ ဤအာယသ်တော်ထဲတွင် မီးမောင်းထိုးပြထားသည့် ကျွန်ုပ်တို့သတိမူသင့်သော မှတ်သားသင့်သည့် အချက်အချို့တို့ကို အောက်တွင် ဖော်ပြထားသည်။

ဤအာယသ်တော်များတွင် ပါဝင်သော 'ဗိရ်'ဟူသော စကားလုံးသည် ဖရသွဲ့(မပြုမနေရ) နှင့် နဖိလ် (မိမိဆန္ဒအလျှောက်) လှူဒါန်းခြင်းအား လုံး အကျုံးဝင်သည်။

(၁) ဦးစွာပထမ ဤအာယသ်တော်သည် အလွှာဟ်အရှင်မြတ်လမ်း၌ သုံးစွဲလှူဒါန်းခြင်းကို လှုံ့ဆော်ထား သည်။ အချို့သောဋ္ဌကာရှင်များက အာယသ်တော်သည် 'ဇကားသ်' ကဲ့သို့သော (မပြုမနေရ) ဖရသွဲ့လှူဒါန်း ခြင်းမျိုးကို ဆိုလိုသည်ဟု မှတ်ယူကြသည်။ အချို့ကမူ နဖိလ် (မိမိဆန္ဒအလျှောက်) လှူဒါန်းခြင်းမျိုးကို ဆိုလို သည်ဟု မှတ်ယူကြသည်။ သာသနာရေးနယ်ပယ်ရှိ ကြည်ညိုလေးစားရပါသော သုတေသနပညာရှင်များ၏ အဆိုအရ ယင်း၏ ဆိုလိုရင်းသည် ယေဘုယျဖြစ်ပြီး၊ မပြုမနေရ ဖရသွဲနှင့် မိမိဆန္ဒအလျှောက် နဖိလ်လှူဒါန်း ခြင်းနှစ်မျိုးစလုံးကို အကြုံးဝင်သည်ဟု အတည်ပြုပြီး ဖြစ်လေသည်။ ထို့နောက်အထက်တွင် ဖော်ပြပြီးဖြစ်သော မှတ်တမ်းတင်ထားသည့် ဆွဟာဗဟ်ကြီးများ၏ လုပ်ရပ်က ယင်းတို့၏ လှူဒါန်းခြင်းများတို့သည် မိမိသဘော ဆန္ဒအလျှောက် နဖိလ်ဖြစ်ကြောင်း သက်သေခံပါသည်။

ထို့ကြောင့် ဤအာယသ်တော်၏ ဆိုလိုရင်းအဓိပ္ပာယ်သည် အလွှာဟ်အရှင်မြတ်လမ်းတော်တွင် ပေးကမ်း လှူဒါန်းရာ၌ ဇကားသ်ကဲ့သို့ မပြုမနေရ ဖရသွဲဖြစ်စေ၊ မိမိဆန္ဒသဘောအလျှောက် လှူဒါန်းခြင်းသက်သက် ဖြစ်သော နဖိလ် ဖြစ်စေ မည်သည်ပဲဖြစ်စေ အသင်နှစ်သက်မြတ်နိုးသောအရာကို သုံးစွဲမှသာလျှင် ပြီးပြည့်စုံခြင်း၊ သာလွန်ကောင်း မွန်ခြင်းနှင့် အကျိုးကျေးဇူးတို့ ရရှိပါလိမ့်မည်။ အသင်သည် ပိုလှံသည့်ပစ္စည်းကိုလည်းကောင်း၊ အသုံးမကျသည့် ပစ္စည်းကိုလည်းကောင်း၊ အဖိုးမတန်သည့် ပစ္စည်းများတို့ကို အခွန်ဒဏ်ကြေးပေးရခြင်းကဲ့သို့ လည်းကောင်း လှူဒါန်းခြင်းကို တာဝန်ကျေလျှင်ပြီးရောဟူသော သဘောဖြင့်မလှူရပေ။ ဤအကြောင်းအရာကို ပိုမိုရှင်းလင်းစွာ ဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ခုတွင် မိန့်ကြာထားသည်မှာ -

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اَنْفِقُوْا مِنْ طَيِّبٰتِ مَا كَسَبْتُمْ وَمِمَّآ اَخْرَجْنَا لَكُمْ مِّنَ الْاَرْضِ ۫
وَلَا تَيَمَّمُوا الْخَبِيْثَ مِنْهُ تُنْفِقُوْنَ وَلَسْتُمْ بِاٰخِذِيْهِ اِلَّآ اَنْ تُغْمِضُوْا فِيْهِ ؕ

အို-အီမန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့ရှာဖွေလုပ်ကိုင်၍ရရှိသော သန့်စင်သောဥစ္စာပစ္စည်းများအနက်မှလည်းကောင်း၊ ငါအရှင်မြတ်သည် အသင်တို့အဖို့ မြေမှထွက်စေ သော (သစ်သီး၊သစ်ဥ၊ သတ္ထုအစရှိသည်)တို့အနက်မှလည်းကောင်း ပေးကမ်းစွန့်ကြဲကြကုန်။ သို့ရာတွင် အသင်တို့သည် (သေးနုပ်သိမ်ဖျင်း) မသန့်ရှင်းသော ဥစ္စာပစ္စည်းများကိုမူ ပေးကမ်းစွန့်ကြဲလှူဒါန်းရန် စိတ်ကူးမျှမထည့်ကြကုန် လင့်။ စင်စစ်တစ်မူကား (သူတစ်ပါးတို့က အသင်တို့အား ထိုကဲ့သို့ သေးနုပ် သိမ်ဖျင်း မသန့်ရှင်းသော ပစ္စည်းများကို ပေးကမ်းသည်ရှိသော်)အသင်တို့ကိုယ်တိုင်ပင် ထိုပစ္စည်းများကို ယူကြမည့်သူများ မဟုတ်ကြချေ။ သို့ရာတွင် (အားနာသောအားဖြင့်) မျက်စိမှိတ်၍သာ ယူကြပေမည်။ (၂း၂၆၇)

ထို့ကြောင့် အကျိုးရလဒ်မှာ မသန့်စင်၊ အသုံးမဝင်သော အရာများကိုရွေးချယ်၍ လျှုဒါန်းခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိဟူ၍ ဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော တစ်စုံတစ်ဦး၏ နှစ်သက်မြတ်နိုးရသော ပိုင်ဆိုင်မှုများကို လျှုဒါန်းခြင်းသည် လက်ခံနိုင်ဖွယ်ရာဖြစ်ပြီး အကျိုးစဝါးဗ်လည်း အပြည့်အဝ ရရှိပါလိမ့်မည်။

လျှုဒါန်းမှုဌ် မျှတစေခြင်း

(၂) ဤအာယသ်တော် am–#M_ ဟူသောစကာလုံးတွင်ပါသော အညွှန်းအရ ဒုတိယဥပဒေတစ်ခု ပေါ်ထွက်လာပါသည်။ ဤသည်မှာ မိမိနှစ်သက်မြတ်နိုးသော ပစ္စည်းများအားလုံး တပေါင်းတစ်စည်းထဲကို အလျှာဟ် အရှင်မြတ်လမ်းတော်၌ မလျှုဒါန်းရန်ဖြစ်သည်။ အထက်ပါ နည်း၏ဆန့်ကျင်ဘက်ဖြစ်သောနည်းမှာ ကောင်းသော သန့်စင်သောအရာများထဲမှ သုံးသင့်သလောက်ကိုသာ အသုံးပြုခြင်းဖြစ်သည်။ ဤနည်းအတိုင်း သုံးခြင်းသည် အလျှုဒါနပြုခြင်း အကျိုးစဝါးဗ်အပြည့်အဝ ရရှိလိမ့်မည် ဖြစ်သည်။

လျှုဒါန်းခြင်းတွင် အရေးပါ အရာရောက်မှုမှာ စိတ်ထားဖြူစင်ခြင်းဖြစ်သည်

(၃) တတိယဥပဒေသည် နှစ်သက်မြတ်နိုးသော အရာကို သုံးစွဲခြင်းဆိုရာဝယ် တန်ဖိုးကြီးခြင်းနှင့် မသက်ဆိုင်ပေ။ တစ်ဦးတစ်ယောက်သည် မြတ်မြတ်နိုးနိုးထား၍ ကြိုက်နှစ်သက်သည့်အရာသည် မည်မျှသေးငယ်သည်ဖြစ်စေ၊ တန်ဖိုးနည်းသည်ဖြစ်စေ ယင်းကိုသုံးစွဲလျှုဒါန်းပါက ဤဗိရ (သို့) မြတ်သောအကျင့်တရားဆိုသည် နှင့် ထိုက်တန်ပါလိမ့်မည်။ ဟစန်အလ်ဗစရီက မိန့်ကြားသည်မှာ “မည်သူမဆို အလျှာဟ်အရှင်မြတ်နှစ်သက်ရန် အတွက် စိတ်ထားဖြူစင်စွာနှင့် စွန့်ပလွှဲသီးတစ်လုံးတည်း လျှုဒါန်းသုံးစွဲရုံမျှဖြင့် ဤအာယသ်တော်ထဲတွင် ကတိပြုထားသော ကြီးမားသော အကျိုးစဝါးဗ်ရ ပြီးပြည့်စုံသည့် မြင့်မြတ်သောအကျင့်တရားတို့နှင့် ထိုက်တန်သွားပါလိမ့်မည်။

လျှုဒါန်းသုံးစွဲရန် မည်သည်မျှ မရှိသော သူအတွက်နည်းလမ်း

(၄) အပြင်ပန်းကြည့်လျှင် အာယသ်တော်ထဲမှ ဖော်ပြထားသောကြီးမားသော ကောင်းခြင်းနှင့် မြင့်မြတ်သော အကျင့်တရားအစစ်အမှန်ဆိုသည်တို့မှာ သုံးစွဲရန်မရှိသော သူဆင်းရဲတို့အတွက်မူ လက်မဲ့ဖြစ်မည်ဟု ဆိုလိုဟန်ရှိနေသည်။ သို့ထင်ရသည်မှာ အာယသ်တော်ထဲ၌ မိန့်ကြားထားရာတွင် မိမိပိုင်ဆိုင်သည်မှ နှစ်သက်မြတ်နိုးသည့်အရာကို အလျှာဟ်အရှင်မြတ် လမ်းတော်၌ မသုံးစွဲသရွေ့ ကြီးမားသောကောင်းခြင်း မရရှိနိုင်ဟူ၍ ဖြစ်သည်။ သူဆင်းရဲနှင့် ချို့တဲ့သူတို့မှာ လျှုဒါန်းခြင်းမှ ရရှိနိုင်သည့် မြင့်မြတ်သော ကိုယ်ကျင့်တရားအစစ်အမှန်ရရှိရန်အတွက် သုံးစွဲရန်မှာ မည်သည်မျှမရှိချေ။ သို့သော်လည်း အနည်းငယ်တွေးတောစဉ်းစားရုံမျှဖြင့် ကြီးမားသောကောင်းခြင်းနှင့် ကြီးမားသော အကျိုးစဝါးဗ်ရယူလိုသောသူသည် မိမိတို့ပိုင်ဆိုင်သည်မှ နှစ်သက်သောအရာကို သုံးစွဲလျှုဒါန်းခြင်းမှအပ အခြားနည်းလမ်းမရှိဟူ၍ အာယသ်တော်က ဆိုလိုမထားကြောင်း သိနိုင်ပေသည်။

ယင်းနှင့်ဆန့်ကျင်၍ စစ်မှန်သောအချက်ကား ဤကြီးမားသောကောင်းခြင်းကို ရရှိရန် အခြားသော နည်းလမ်းများလည်း ရှိပါသည်။ အီဗာဒတ်၊ ဇိကိရ်၊ ကုရ်အာန်သေလာဝသ်နှင့် နဖိလ်ဆွလာသ်များ ဆောက်တည်ကျင့်သုံးခြင်းကဲ့သို့သော ကိစ္စများဖြင့် ယင်းကောင်းခြင်းကို ရရှိနိုင်သည်။ ထို့ကြောင့် ဟဒီးဆ်ဆင့်ပြန်ချက်များတွင် ရှင်းလင်းစွာ ဖော်ပြထားသည့်အတိုင်း သူဆင်းရဲများနှင့် ချို့တဲ့သူများသည် ဤကြီးမားသောကောင်းခြင်းကို အခြားသောနည်းလမ်းများဖြင့် ရယူနိုင်ပေသည်။

အသင်ချစ်မြတ်နိုးသော အရာဆိုသည်မှာ ဘာလဲ

(၅) ဤသည်မှာ ပဉ္စမမြောက်မေးခွန်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တစ်ခုက ကျွန်ုပ်တို့အားပြောသည်မှာ ချစ်မြတ်နိုး၍ ကြိုက်နှစ်သက်သော တစ်စုံတစ်ရာဆိုသည်မှာ ထိုအရာသည် ၎င်းအတွက် အသုံးချအလုပ်လုပ်နေသောအရာဖြစ်ကာ လိုအပ်နေသောအရာဖြစ်သည်။ ထို့ပြင် အရံလည်းမဟုတ် အသုံးမဝင်လည်း မဟုတ်ချေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ (၇၆း၈) တွင် မိန့်ကြားထားသည်မှာ -

وَيُطْعِمُوْنَ الطَّعَامَ عَلٰى حُبِّهٖ مِسْكِيْنًا

"ထိုမှတစ်ပါး ထိုသူတို့သည် အစားအစာကို ခုံမင်စုံမက်ကြလျက်နှင့်ပင် ထိုအရှင်မြတ်အား ချစ်ကြည်မြတ်နိုးသောကြောင့် သူဆင်းရဲတို့အားလည်းကောင်း . . . . ကျွေးမွေးကြကုန်၏။" အလားတူပင် ဤအကြောင်းအရာကို အခြားအာယသ်တော်ထဲတွင် အောက်ပါအတိုင်း ပိုမိုရှင်းလင်းထားသည်။

وَيُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ

"ထိုမှတစ်ပါး ၎င်းတို့သည် မိမိကိုယ်တိုင် ငတ်မွတ်နေသော်လည်း (ထိုမုဟာဂျိရိန်တို့အား) မိမိတို့ထက် ဦးစားပေးကြကုန်၏။ (၅၉း၉)

ပိုလျှံသောပစ္စည်းနှင့် အရံပစ္စည်းများ သုံးစွဲလှူဒါန်းခြင်းသည်လည်း စဝါးဗ်ကုသိုလ် မရရှိသည်မရှိရော

(၆) ဤအာယသ်တော်ထဲတွင် ပါဝင်သော ဆဌမမြောက်ဥပဒေသည် ပြီးပြည့်စုံသောကောင်းခြင်း၊ ကြီးမားသောအကျိုးစဝါးဗ်နှင့် ကြီးမြတ်သော အကျင့်တရားများအဆင့်သို့ ရောက်ရန်မှာ မိမိပိုင်သည်မှ မြတ်နိုးသော အရာကို အလွှာတ်အရှင်မြတ်လမ်းတော်၌ သုံးစွဲခြင်းအပေါ် မူတည်သည်။ သို့သော်လည်း မိမိလိုအပ်သည်ထက် ပိုလျှံသောအရာကို သုံးစွဲလှူဒါန်းသူသည် အကျိုးစဝါးဗ်မရနိုင်ဟု အာယသ်တော်က မဆိုလိုချေ။ ဤသည်နှင့် ဆန့်ကျင်၍ အာယသ်တော်တွင် မိန့်ကြားထားသည်မှာ -

وَمَا تُنْفِقُوْا مِنْ شَىْءٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ

"၎င်းအပြင် မည်သည့်အရာမဆို အသင်တို့လှူဒါန်းသုံးစွဲကြပါမူ၊ အလွှာတ်အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်" ဟုဖြစ်သည်။ အာယသ်တော်ပါစာသားက ဆိုလိုသည်မှာ ပြီးပြည့်စုံသောကောင်းခြင်းနှင့် မြင့်မြတ်သောအကျင့်တရားအဆင့်ရရှိရန် ပိုင်ဆိုင်သည့်အထဲမှ

လျူဒါန်းသုံးစွဲခြင်းအပေါ် မူတည်သည်ဆိုသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိချေ။ သို့သော်လည်း နှစ်သက်သည်ထဲမှ လျူဒါန်းသုံးစွဲသည်ဖြစ်စေ၊ ပိုလျှံသည်ထဲမှ လျူဒါန်းသုံးစွဲသည်ဖြစ်စေ စဝါးဗ်အကျိုးမရဟု မရှိချေ။ သို့သော် ပိုလျှံ၍ မသန့်ရှင်း၊ မကောင်းမွန်သောအရာကို အမြဲတမ်းရွေးထုတ်၍ အလွှာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲသည့် အကျင့်ကိုမူ မုချမနှစ်သက်၊ မလိုလား၍ တားမြစ်ပိတ်ပင်ထားခဲ့သည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် လျူဒါန်းသုံးစွဲရာတွင် ကောင်းမွန်သန့်စင်၍ ၎င်းနှစ်သက်သောအရာများသာမက ၎င်း၏လိုအပ်ချက်ထက် ပိုလျှံသောအရာများကိုပါ ထည့်သွင်းလျူဒါန်းသုံးစွဲသည်ဆိုလျှင် အပြစ်ဂုနာဟ်မဖြစ်ချေ။ လိုအပ်ချက်ထက် ပိုလျှံသောအရာများဆိုရာ၌ ဥပမာအားဖြင့် ပိုလျှံသောအစားအသောက်များ၊ အဝတ်အထည်အဟောင်းများ၊ အနည်းငယ်ချို့ယွင်းသော အိုးခွက်ပုဂံများနှင့် ပစ္စည်းအသုံးအဆောင်များဖြစ်သည်။ ဤပိုလျှံပစ္စည်းများ ပေးကမ်းလျူဒါန်းခြင်းအတွက် မုချဧကန် ဆုလာဘ်ရရှိပါလိမ့်မည်။ ပိုင်ဆိုင်သည်ထဲမှ နှစ်သက်မြတ်နိုးသောအရာ လျူဒါန်းသုံးစွဲခြင်းအတွက် သူသည်ကြီးမားသော ကောင်းခြင်းနှင့် မြင့်မြတ်သော အကျင့်တရားအဆင့်ကိုလည်း ရရှိမည်ဖြစ်သည်။

အာယသ်တော်၏ နောက်ဆုံးစာကြောင်းထဲတွင် မိန့်ကြားထားသည်မှာ အလွှာဟ်အရှင်မြတ်သည် လူသားလျူဒါန်းသုံးစွဲသည့်အရာ၏ အရည်အသွေးဖြစ်သည့် ၎င်းထိုအရာကို နှစ်သက်မြတ်နိုးသည် ဟုတ်မဟုတ်ကိုလည်းကောင်း၊ အကယ်၍ ၎င်းသုံးစွဲလျူဒါန်းမှုသည် အလွှာဟ်အရှင်မြတ် နှစ်သက်ကျေနပ်ရန်ဖြစ်သည်၊ သို့မဟုတ် ဟန်ဆောင်ခြင်း၊ လူသိစေရန်ဖြစ်ခြင်း ဟုတ်မဟုတ်သည်လည်းကောင်း စသည်တို့ကို အလွှာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိရှိတော်မူသော အရှင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် အလွှာဟ်အရှင်မြတ်လမ်းတွင် ၎င်းမြတ်နိုးသည်များကို သုံးစွဲလျူဒါန်းနေပါသည်ဟု နှုတ်မှပြောကြားရုံသက်သက်မျှဖြင့် မလုံလောက်ချေ။ ထိုသူအပေါ်၌ ကြည့်ရှုစောင့်ကြပ်နေသော အရှင်မြတ်သည် အရာခပ်သိမ်းကို သိရှိတော်မူသော အကြွင်းမဲ့သိရှိတော်မူသည့်အရှင် ဖြစ်သည်။ ထိုအရှင်သည် နှလုံးသားထဲမှ လျှို့ဝှက်ချက်များကို ထင်ရှားစွာသိရှိတော်မူသော အရှင်ဖြစ်သည်။ ထိုအရှင်သည် စောင့်ကြပ်ကြည့်ရှုတော်မူ၍ အရှင်မြတ်လမ်းတော်တွင် သုံးစွဲလျူဒါန်းမှုသည် မည်မျှစစ်မှန်တန်ဖိုးရှိကြောင်း သိရှိတော်မူသည်။

VVVVVVVVVV

အာယသ် (၉၃-၉၅)

كُلُّ الطَّعَامِ كَانَ حِلًّا لِّبَنِيٓ
إِسۡرَٰٓءِيلَ إِلَّا مَا حَرَّمَ إِسۡرَٰٓءِيلُ عَلَىٰ نَفۡسِهِۦ مِن قَبۡلِ أَن
تُنَزَّلَ ٱلتَّوۡرَىٰةُۗ قُلۡ فَأۡتُواْ بِٱلتَّوۡرَىٰةِ فَٱتۡلُوهَآ إِن كُنتُمۡ
صَٰدِقِينَ ٩٣ فَمَنِ ٱفۡتَرَىٰ عَلَى ٱللَّهِ ٱلۡكَذِبَ مِنۢ بَعۡدِ ذَٰلِكَ
فَأُوْلَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ٩٤ قُلۡ صَدَقَ ٱللَّهُۗ فَٱتَّبِعُواْ مِلَّةَ إِبۡرَٰهِيمَ
حَنِيفٗاۖ وَمَا كَانَ مِنَ ٱلۡمُشۡرِكِينَ ٩٥

"သောင်ရသ်"ကျမ်းတော်မြတ်မကျရောက်မီ (နဗီတမန်တော်) အစ္စရာအီလ် (ဝါ) ယအ်ကူးဗ်﴿عليه السلام﴾ သည် Sciatica (ခေါ်) တင်ကြောလျှောက်နာ ဖြစ်ခဲ့သဖြင့်) မိမိအဖို့ မြစ်တားထားခဲ့သောအရာ (ဝါ) ကုလားအုတ်သား)မှအပ (ယေဘုယျအားဖြင့် လူအများစားသုံးကြကုန်သော အခြား) စားသောက်ဖွယ်ရာအားလုံးတို့သည် အစ္စရာအီလ်မျိုးနွယ်များအဖို့ (စား)ခွင့် ပြုပြီးဖြစ်ခဲ့လေသည်။ (သို့ဖြစ်ပေရာ အို-နဗီတမန်တော် ကုလားအုတ်သားကို မစားရဟု နဗီတမန်တော်အိဗ်ရာဟီမ်﴿عليه السلام﴾ လက်ထက်ကပင် တားမြစ်ထားသည်ဟု ပြောဆိုကြကုန်သော ယဟူဒီများအား) အသင် (ဤသို့) ပြောကြားပါလေ။ "(ဟယ် ယဟူဒီအပေါင်းတို့)"သို့ (အသင်တို့ပြောဆိုကြသည့်အတိုင်း) ဖြစ်ခဲ့ပါလျှင် အသင်တို့သည် သောင်ရသ်ကျမ်းတော်မြတ်ကို ယူဆောင်ခဲ့ကြလေကုန်။ ပြီးနောက် တစ်ဖန် အကယ်၍ သင်တို့သည် (မိမိတို့ပြောဆိုရာ၌) အမှန်ကို ပြောဆိုကြသူများဖြစ်ကြပါမူ ယင်း(သောင်ရသ်ကျမ်းမြတ်)ကို ရွတ်ဖတ်ကြလေကုန်။ (၃း၉၃)

သို့ (ထိုသူတို့မှသားပြောဆိုကြောင်းကို သာဓကနှင့်တကွ ထင်ရှားစေပြီး) ဖြစ်ပါလျက် အကြင်သူတို့သည် ထို(ကဲ့သို့ထင်ရှားစေပြီး) နောက် အလ္လာဟ် အရှင်မြတ်အပေါ်၌ လုပ်ကြံမှုသားပြောဆိုကြပါမူ ဤကဲ့သို့သော သူများသည် ပြစ်မှုကျူးလွန်သောသူများပင် ဖြစ်သည်။ (၃း၉၄)

(အို-နဗီတမန်တော်) အသင်သည် (ယင်းယဟူဒီတို့အား ဤသို့) ပြောကြားပါလေ။ "(ဟယ်-ယဟူဒီအပေါင်းတို့) အလ္လာဟ်အရှင်မြတ်က

ဟုတ်တိုင်းမှန်ရာ မြွက်ဟမိန့်ကြားတော်မူခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ဖြောင့်မတ် မတ်တည်ကြည်သော (နဗီတမန်တော်) အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ (အစ္စလာမ်) သာသနာကိုပင် လိုက်နာကြလေကုန်။ စင်စစ်သော်ကား ယင်း နဗီတမန်တော် (အိဗ်ရာဟီမ်﴿عليه السلام﴾)သည် အခြား တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူများ အနက်မှလည်း မဖြစ်ခဲ့ဘူးချေ။ (၃း၉၅)

အကျယ်ဖွင့်ဆိုခြင်း

အထက်ပါအာယသ်တော်များထဲတွင် ရှေးကျမ်းရသူများ၏ ရပ်တည်မှုအနေအထားကို ဆန့်ကျင်သော အခြေအတင်ပြောဆိုမှုများအကြောင်း ဆက်လက်ဖော်ပြထားသည်။

အချို့နေရာများမှာ ယဟူဒီများနှင့် ပတ်သက်၍ အခြားသောနေရာများတွင်မူ နဆွာရာနီများနှင့် ပတ်သက်သည်။ ထိုကဲ့သို့သော အခြေအတင်ပြောဆိုမှုတစ်ခုကို ရူဟုလ်မအာနီကျမ်းတွင် ဝါဟီဒိနှင့် ခလီဗီတို့၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်။ ယင်းအဖြစ်အပျက်မှာ အခြားမဟုတ်ချေ။ တမန်တော်မြတ်﴿ﷺ﴾ သခင်က ကိုယ်တော်မြတ်သည် တမန်တော် အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်၏ အုမ္မသ်သားတို့ကဲ့သို့ပင် အခြေခံဘာသာရေးဆိုင်ရာ ကိုဓဉပဒေအားလုံးနှင့် ဆင့်ပွားဥပဒေများစွာတို့ကို သစ္စာစောင့်သိလိုက်နာသူများဖြစ်ကြသည်ဟု မိန့်ကြားသောအခါ ဖြစ်ပျက်မှုဖြစ်သည်။ ထိုအခါ ယဟူဒီများက ကန့်ကွက်ပြောကြားခဲ့သည်မှာ "တမန်တော် အိဗ်ရာဟီမ်အတွက် တရားမဝင်ဟု သတ်မှတ်ခဲ့သော ကုလားအုတ်သားကို အသင်တို့စား၍ ကုလားအုတ်နို့ကို အသင်တို့ သောက်သုံးခဲ့ကြသည်။" တမန်တော်မြတ်﴿ﷺ﴾ သခင်က "မဟုတ်၊ ဤအရာများသည် တမန်တော် အိဗ်ရာဟီမ်အတွက် တရားဝင်ဖြစ်သည်"ဟု မိန့်ကြားခဲ့သည်။ ယဟူဒီများက "ကျွန်ုပ်တို့ တရားမဝင်ဟု မှတ်ထားခဲ့သော အရာအားလုံးသည် တမန်တော်နူးဟ်နှင့် တမန်တော်အိဗ်ရာဟီမ်တို့၏ လက်ထက်မှ ကျွန်ုပ်တို့တိုင်အောင် တရားမဝင်ဟု ထောက်ပြခဲ့သည်။ ထိုအချိန်တွင် အလွှာဟ်အရှင်မြတ်သည် ယဟူဒီတို့၏ အခိုင်အမာပြောဆိုချက် မဟုတ်မမှန်ကြောင်း အောက်ပါအာယသ်တော် (၉၃) ကို ပို့ချပေးခဲ့သည်။ **كُلُّ الطَّعَامِ كَانَ حِلًّا لِّبَنِيٓ اِسۡرَآئِيۡلَ** "(ယေဘုယျအားဖြင့် လူအများစားသုံးကြကုန်သောအခြား) စားသောက်ဖွယ်ရာအားလုံးတို့သည် အစ္စရာအီလ် မျိုးနွယ်များအဖို့ စား(ခွင့်) ပြုပြီးဖြစ်ခဲ့လေသည်။" ယင်းအာယသ်တော်ထဲတွင် မိန့်ကြားသည်မှာ သောင်ရသ်ကျမ်းမကျမီက အစ္စရာအီလ် မျိုးနွယ်စုအားလုံးအတွက် ကုလားအုတ်သားမှအပ အခြားစားသောက်ဖွယ်ရာများအားလုံးသည် တရားဝင်ခွင့်ပြု ထားသည်။ ထိုကုလားအုတ်သားကို တမန်တော် ယအ်ကူးဗ်﴿عليه السلام﴾ သခင်အတွက် သီးခြားအကြောင်းတစ်ခုကြောင့် ကုလားအုတ်သားစားရန် ငြင်းဆိုခဲ့သည်။ ထို့နောက် ၎င်းတို့၏ သားစဉ်မြေးဆက်တို့ အတွက် တရားမဝင်အဖြစ် ကျန်ရှိခဲ့သည်။

ဆိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်﴿رضي الله عنه﴾ သခင်၏ ခိုင်လုံသောဆင့်ပြချက်အရ အဖြစ်မှန်မှာ ယအ်ကူးဗ်﴿عليه السلام﴾ သခင်သည် Sciatica တင်ကြောလျှော်နာ ဝေဒနာခံစားခဲ့ရသည်။ ခံစားနေရသော ဝေဒနာပျောက်စေရန် အတွက် အကယ်၍ အလွှာဟ်အရှင်မြတ်သည် ရောဂါပျောက်ကင်းစေမည်ဆိုလျှင် ၎င်းအကြိုက်နှစ်သက်ဆုံး

စားသောက်ဖွယ်ရာကို စွန့်လွှတ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။ တမန်တော်ယအ်ကူးဗ်﴿عليه السلام﴾ သခင်သည် ရောဂါပျောက်ကင်းခဲ့၍ အကြိုက်နှစ်သက်ဆုံးသော အသားမှာ ကုလားအုတ်သားဖြစ်ကာ ယင်းကို စွန့်လွှတ်ခဲ့ပါသည်။ **(ရူအုလ်မအာနီကိုးကားထားသော အလ်ဟာကင်မ်နှင့် အလ်သိရ်မိဇီကျမ်းတွင်ကြည့်ပါ)**။ ထို့နောက် သစ္စာအဓိဋ္ဌာန်ပြုချက်တစ်ခုမှ စတင်ခဲ့သော ဤတားမြစ်ချက်သည် ဗနီအစ္စရာအီလ်တို့ထဲတွင် အလွှာဟ်အရှင်မြတ်အမိန့်တော်တစ်ရပ်ကဲ့သို့ ဖြစ်သွားခဲ့သည်။

ကျွန်ုပ်တို့ ရှရီအသ်တရားတော်အရ သစ္စာ အဓိဋ္ဌာန်ပြုခွင့်ရှိသော အပြုအမူကို သစ္စာအဓိဋ္ဌာန် ပြုလျှင် ဝါဂျစ်ဗ် မပြုမနေရ လုပ်ခွင့်ရှိသကဲ့သို့ အစ္စရာအီလ်တို့သည် တရားဝင်သောအရာကို သစ္စာအဓိဋ္ဌာန် တစ်ရပ်ကြောင့် တရားမဝင်အဖြစ် ရောက်သွားခြင်းကို သူတို့ကိုဓဉပဒေက အသိအမှတ်ပြုသောကြောင့် ဖြစ်ပုံရသည်။

သို့သော်လည်း အရာများသည် ဟရာမ်တရားမဝင်အဖြစ် ရောက်စေနိုင်သော သစ္စာအဓိဋ္ဌာန်ပြုချက်သည် စင်စစ်ကျိန်ဆိုခြင်းတစ်ရပ်ဖြစ်၍ ကျွန်ုပ်တို့ ရှရီအသ်တရားတော်တွင် ခွင့်မပြုချေ။ အကယ်၍ ထိုသို့ သစ္စာအဓိဋ္ဌာန်ပြုလျှင် ကျိန်ဆိုခြင်းကို ချေဖျက်၍ ကဖ်ဖာရတ်ပြုလုပ်ကာ ပြင်ဆင်ခြင်းသည် မလုပ်မနေရ တာဝန်ဝါဂျစ်ဗ်ဖြစ်သည်။ ဤသည်မှာ အောက်ဖော်ပြသည့် အာယသ်တော်ထဲတွင် အလွှာဟ်အရှင် မိန့်ကြားသည်နှင့်အညီ ဖြစ်ပေသည်။ ယင်းမှာ **لِمَ تُحَرِّمُ مَآ اَحَلَّ اللّٰهُ لَكَ** အသင်သည် မိမိအဖို့ အလွှာဟ်အရှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူခဲ့သောအရာကို မည်သည့်အတွက်ကြောင့် အသင်၏ကြင်ယာတော်များ၏ နှစ်သက်မှုကို ရှာဖွေသော အားဖြင့် (ဟရာမ်) ဟူ၍တားမြစ်သောအရာ ပြုလုပ်ပါသနည်း။ (၆၆း၁) **(အလ်သဖ်စီရ်အလ်ကဗီရ် ကြည့်)**

VVVVVVVVVV

အာယသ် (၉၆)

إِنَّ أَوَّلَ
بَيْتٍ وُضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا وَهُدًى لِّلْعَالَمِينَ ﴿٩٦﴾

ဧကန်စင်စစ် (အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ရန်အလို့ငှာ) လူသားတို့အဖို့ ဦးစွာပထမတည်ဆောက်ထားသော အိမ်တော်သည်ကား မက္ကာဟ်မြို့တော်၌ တည်ရှိသော အိမ်တော်ပင်တည်း။ ထိုအိမ်တော်သည် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက်ရှိသည့်ပြင် စကြဝဠာခပ်သိမ်းကို တရားလမ်းမှန်လည်း ညွှန်ကြားလျက်ရှိပေသည်။ (၃း၉၆)

အကျယ်ဖွင့်ဆိုခြင်း

အထက်ပါ အာယသ်တော်က အလ္လာဟ်အရှင်မြတ်၏အိမ်တော် ကအ်ဗဟ်သည် တစ်ကမ္ဘာလုံးရှိ အိမ်များနှင့် ဗလီဝတ်ကျောင်းတော်များနှင့် နှိုင်းယှင်လျှင် သာလွန်မြင့်မြတ်ကြောင်းနှင့် ထူးခြားထင်ရှားကြောင်းကို ညွှန်းပြသည်။ ဤကဲ့သို့အခြေအနေဖြစ်စေသည့် အကြောင်းများကို အာယသ်တော်တွင် ဖော်ပြထားခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဤကမ္ဘာတွင် ဆွလာသ်ဝတ်ပြုရန်အတွက် စစ်မှန်သော အိမ်တော်များတွင် ကအ်ဗဟ်သည် ပထမဦးဆုံးဖြစ်သော အိမ်တော်ဖြစ်ခြင်းမှာ ထူးခြားချက် ဖြစ်သည်။

(၂) ယင်းအိမ်တော်သည်ကား ကောင်းချီးမင်္ဂလာ အပြည့်ရှိသည်။

(၃) ဤကျမ်းတော်သည် တစ်ကမ္ဘာလုံးကို လမ်းညွှန်မှုပေးသော ရင်းမြစ်ဖြစ်သည်။

ဤအာယသ်တော်ပါ စကာလုံးများ၏ အတိုချုပ်ကား အလ္လာဟ်အရှင်မြတ်က လူအများဝတ်ပြုကိုးကွယ်ရန်အတွက် သတ်မှတ်ထားသော ပထမဦးဆုံးအိမ်တော်သည် မက္ကာဟ်မြို့ရှိ ဤအိမ်တော်မှလွဲ၍ မည်သည်မျှ မရှိခဲ့ချေ။ ဆိုလိုသည်မှာ မက္ကာဟ်မြို့ရှိ ကအ်ဗဟ်သည် ပထမဦးဆုံးသော ဆွလာသ်ဝတ်ပြုဆောက်တည်သည့် အိမ်တော်ဖြစ်သည်။ ဤအာယသ်တော်၏ဖြစ်နိုင်ဖွယ် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်ကို သီးသန့်ဝတ်ပြုဆောက်တည်ရန်အတွက် အိမ်တော်များတွင် ကအ်ဗဟ်သည် ပထမဦးဆုံး အိမ်တော်ဖြစ်သည်။ သို့ဆိုပါလျှင် ကအ်ဗဟ်၏ အလျှင် ဝတ်ပြုဆောက်တည်ရန်သော်လည်းကောင်း နေထိုင်ရန်သော်လည်းကောင်း နေရာဟူ၍ မရှိခဲ့ဟုဆိုလိုဟန်ရှိသည်။

အာဒမ်﴿عليه السلام﴾ သခင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်။ တမန်တော် အာဒမ်၏ အနေအထားနှင့် အလ္လာဟ်အရှင်မြတ်၏ ကိုယ်စားလှယ်အဖြစ် ပေါ်လွင်သည့်အဆင့်အတန်းအရဆိုလျှင် အာဒမ်

﴿عليه السلام﴾ ကမ္ဘာမြေပြင်သို့ရောက်ပြီးနောက် မကြာမီနေထိုင်ရာအိမ် မပြုလုပ်မီ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို ဦးစွာတည်ဆောက်ရန် ရွေးချယ်ခန့်အပ်ခံရသည်။ ဤအကြောင်းကြောင့် စိုက်ယိဒိနာ အဗ်ဒုလ္လာအိဗ်နိအုမရ်၊ မုဂျာဟစ်ဒ်၊ ကသာဒဟ်နှင့် ဆွေဟာဗဟ်သာဝကကြီးများထဲမှ အခြားသူများ ဆွေဟာဗဟ်များကို ဆက်ခံသူများ၏ ထင်မြင်ယူချက်အရ ကအ်ဗဟ်သည် ကမ္ဘာပေါ်တွင် ပထမအိမ်ဖြစ်သည်ဟု ဆိုကြသည်။ ထို့နောက် ဖြစ်နိုင်သေးသည့် အစောပိုင်းကာလ လူအများနေထိုင်ရန် အိမ်များရှိခဲ့သော်လည်း ဆွေလာသ်ဝတ်ပြုဆောက်တည်ရန် သက်သက် သတ်မှတ်ခံရသော အိမ်သည် ဤအိမ်တော်ဖြစ်သည်။ ဤအယူအဆကို စိုက်ယိဒိနာ အလီ﴿رضي الله عنه﴾ သခင်က တင်ပြခဲ့သည်။

အလ်ဗိုင်ဟကီက ၎င်း၏ဒလာအီလ်အလ်နဗူဝယ်တွင် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအမ်ရ်အိဗ်နိအလ်အားစ်﴿رضي الله عنه﴾ ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားတော်မူခဲ့သည်။ "စိုက်ယိဒိနာ အာဒမ်﴿عليه السلام﴾ သခင်နှင့် စိုက်ယိဒဟ် ဟောင်ဝါ(رضي الله عنها)သခင်မတို့ ဤကမ္ဘာလောက ရောက်ရှိပြီးနောက် အလ္လာဟ်အရှင်မြတ်က ကောင်းကင်တမန်ဂျိဗရာအီလ်﴿عليه السلام﴾ သခင်မှတစ်ဆင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်(ကအ်ဗဟ်) ကို တည်ဆောက်သင့်ကြောင်း မိန့်ကြားခဲ့သည်။ အမိန့်တော်ကို ဖြည့်ဆည်းလုပ်ကိုင်ပြီးနောက် ကအ်ဗဟ်ကို သဝဖ်လှည့်ရန်စေခိုင်းခံခဲ့ရသည်။ လူအများဝတ်ပြုဆောက်တည်ရန်အတွက် သတ်မှတ်ထားသော ဤအိမ်တော်သည် ပထမဦးဆုံးဖြစ်၍ ၎င်းတို့သည် လူတို့တွင် ဦးစွာပထမ ဝတ်ပြုဆောက်တည်သူများဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အိဗ်နိကဆီး၍)**

အချို့သောဆင့်ပြန်ချက်များအရဆိုလျှင် စိုက်ယိဒိနာ အာဒမ်တည်ဆောက်ခဲ့သော ဤကအ်ဗဟ် အဆောက်အဦ၏ဖွဲ့စည်းပုံမှာ စိုက်ယိဒိနာ နူးဟ်၏ခေတ်ကာလတိုင် တည်ရှိခဲ့ပါသည်။ ကမ္ဘာကြီးရေလွှမ်းမိုးသောအခါတွင် ဤအဆောကအဦပြိုပျက်ကာ ယင်း၏အစအနလည်း ပျောက်ကွယ်သွားခဲ့ပါသည်။ ထို့နောက်တွင် စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်သည် မူလအုတ်မြစ်ပေါ်တွင် ပြန်လည်တည်ဆောက်ခဲ့ပါသည်။ အကြောင်းအားလျော်စွာ ထိုအဆောက်အဦထပ်မံ၍ ပြိုပျက်သွားရာ ဂျူရ်ဟူမ်မျိုးနွယ်စုမှ အုပ်စုတစ်စုသည် နောက်တစ်ကြိမ်ထပ်မံတည်ဆောက်ခဲ့သည်။ နောက်တစ်ဖန် ပြိုပျက်သွားသောအခါ အမလ်ကိုက်များက ပြန်လည်တည်ဆောက်ခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အစောပိုင်းကာလ နီးကပ်ချိန်က ပြိုပျက်ခဲ့သောအခါတွင် တမန်တော်မြတ်﴿ﷺ﴾ ကိုယ်တိုင်ပါဝင်ဆင်နွှဲကာ ကျောက်နက်တုံးကို မိမိလက်တော်ဖြင့် နေရာချပေးခဲ့သည်။ သို့သော်လည်း ကုရိုက်ရှ်တို့ ပြန်လည်တည်ဆောက်ရာတွင် စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ မူလအုတ်မြစ်နှင့် အနည်းငယ်ကွာခြားပါသည်။ ဟသွီမ်ဟုခေါ်သည့် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်တစ်စိတ်တစ်ပိုင်းကို ကုရိုက်ရှ်တို့ ချန်လှပ်ခဲ့သည်။ စိုက်ယိဒိနာ အိဗ်ရာဟီမ်တည်ဆောက်ခဲ့သော မူလကအ်ဗဟ် အဆောက်အဦတွင် တံခါးပေါက်နှစ်ပေါက်ရှိသည်။ တစ်ခုမှာ အဝင်တံခါးဖြစ်၍ တစ်ခုမှာ နောက်ဘက်ထွက်ပေါက်ဖြစ်သည်။ ကုရိုက်ရှ်တို့သည် ဝင်ပေါက်ထွက်ပေါက်ကို အရှေ့ဘက်တွင် တစ်ပေါက်တည်းထားသည်။

၎င်းတို့ပြုလုပ်သည့်တတိယ အပြောင်းအလဲတစ်ခုမှာ အလ္လာဟ်အရှင်မြတ်အိမ်တော်နှင့် ဝင်ပေါက် တံခါးကို ပြေပြင်ညီထက် မြှင့်ထားသည်။ သို့ပြုလုပ်သည်မှာ လူအများအလွယ်တကူ မဝင်စေရန်ဖြစ်သည်။ ကုရိုက်ရှ်တို့ခွင့်ပြုထားသောသူများသာ ကန့်သတ်၍ ဝင်ရောက်စေရန် ပြုလုပ်ထားခြင်းဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾

သခင်က အာအိရှဟ်(ﷺ) သခင်မကြီးကို မိန့်ကြားသည်မှာ "လက်ရှိအဆောက်အဦကို ဖြိုဖျက်နိုင်၍ တမန်တော်အိဗ်ရာဟီမ်﴿عليه السلام﴾သခင်၏ အုတ်မြစ်နှင့်အညီ တစ်ထပ်တည်းကျအောင် ဆောက်လုပ်ရန် ငါကိုယ်တော် ဆန္ဒတော်ဖြစ်ပါသည်။ ဤသို့သာပြုလုပ်ခဲ့လျှင် ကုရိုက်ရှ်များ တမန်တော်အိဗ်ရာဟမ်﴿عليه السلام﴾ သခင်၏ အုတ်မြစ်မှ မဆင်မခြင် သွေဖည်တိမ်းလွဲချက်ကို ပြင်ဆင်ပြီးဖြစ်ပေလိမ့်မည်။ သို့ပါသော်လည်း ဤသို့ ပြုလုပ်လျှင် အသိပညာ မပြည့်စုံသော မုစ်လင်မ်များနှင့် နောင်လာမည့် မုစ်လင်မ်များသည် နားလည်မှုလွဲမှား ခြင်းတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ယခုဤအတိုင်းပင် ထားဦးအံ့။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ထိုဆန္ဒ ဖြည့်ဆည်းရန် ကြာရှည်နေမသွားခဲ့ရပါ။

သို့သော် အာအိရှဟ်(ﷺ)သခင်မ၏တူ ဖြစ်သူ စိုက်ယိဒနာ အဗ်ဒုလ္လာဟ် အိဗ်နိဇုဗိုင်းရ်﴿ﷺ﴾ သည် တမန်တော်မြတ်﴿ﷺ﴾ ဤသို့ပြောဆိုသည်ကို ကြားခဲ့ရသည်။ ခုလဖာအိ ရာရှီဒိန်များ၏ နောက်ပိုင်း မက္ကာမုကရ်ရာမတ်သို့ အုပ်ချုပ်ရန် ၎င်းရောက်ရှိလာသောအခါတွင် အလ္လာဟ်အရှင်မြတ်အိမ်တော်ကို ဖြိုဖျက်၍ ဆိုက်ယိဒနာ အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်၏ မူလအုတ်မြစ်နှင့် တမန်တော်မြတ်﴿ﷺ﴾ သခင်မိန့်ကြားခဲ့သည့် အတိုင်း ပြန်လည်တည်ဆောက်ခဲ့သည်။ သူသည် မက္ကာအလယ်မုကရ်ရာမဟ်ကို အချိန်တိုတောင်းစွာပင် အုပ်ချုပ်ခဲ့ရသည်။ မုစ်လင်မ်အုမ္မသ်ထု၏ မင်းဆိုးဖြစ်သော ဟဂ်ဂျာဂ်အိဗ်နိယူစွဖ်သည် မက္ကာဟ်ကို ဝင်ရောက်သိမ်းပိုက်ရာတွင် ဟဇရတ်အဗ်ဒုလ္လာဟ်သခင် ကျဆုံးခဲ့ရသည်။ အုပ်ချုပ်ရေးကို မိမိရရ ချုပ်ကိုင်ပြီးနောက် အဗ်ဒုလ္လာဟ် အိဗ်နိဇုဗိုင်းရ်၏ လုပ်ရပ်သည် သာသနာအာဇာနည်ဖြစ်သော အုပ်ချုပ်သူအတွက် ဂုဏ်သတင်းကျော်ဇောမှု တစ်ရပ်ဖြစ်သဖြင့် ထိုမင်းဆိုးက စက်ဆုပ်ဖွယ်အကြံတစ်ခုကြံစည်ခဲ့သည်။ ၎င်းက အဗ်ဒုလ္လာဟ် အိဗ်နိဇုဗိုင်းရ် ကအ်ဗဟ်ကို ပြင်သည်မှာ မှားသည်။ ကိုယ်တော်မြတ်﴿ﷺ﴾ သခင်ရှိစဉ်ကအတိုင်း သားစဉ်မြေးဆက်မပြတ်ဘဲ ထိန်းသိမ်းသင့်သည်ဟူ၍ သိက္ခာချသော စည်းရုံးရေးတစ်ရပ် စတင်လုပ်ဆောင်ခဲ့သည်။ ဤအကြောင်းပြချက်ကို သုံး၍ အလ္လာဟ်အရှင်မြတ်အိမ်တော်ကို ထပ်မံ၍ တစ်ကြိမ်ဖြိုဖျက်ကာ ဂျာဟိလိယတ်အမှောင်ခေတ်က ကုရိုက်ရှ်များဆောက်လုပ်ခဲ့သည့်အတိုင်း အသစ်ပြန်ဆောက်ခဲ့သည်။ ဟဂ်ဂျာဂ်အိဗ်နိယူစွတ်ဖ်ကို ဆက်ခံသောမုစ်လင်မ် အုပ်ချုပ်သူအချို့သည် အထက်ဖော်ပြပါ ဟဒီးဆ်တော်ပါ အရှိန်ဩဇာကိုသုံး၍ တမန်တော်မြတ်﴿ﷺ﴾ သခင် ဟဒီးဆ်တော်အရ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို တစ်ဖန်ပြန်လည်တည်ဆောက်လိုကြသည်။ သို့သော်လည်း ထိုအချိန်က ဓမ္မသတ်မှုးချုပ်ဖြစ်သော စိုက်ယိဒနာ အိမာမ်မာလိက်အိဗ်နိအနားစ်က အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို ပြန်ဖြိုလိုက်၊ ပြန်တည်ဆောက်လိုက်ပြုခြင်းကြောင့် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သည် အုပ်ချုပ်သူများလက်ဝယ် ကစားစရာဖြစ်သွားလိမ့်မည်ဟု ဖသာဝါပေးခဲ့သည်။ နောင်တက်လာသမျှသော အုပ်ချုပ်သူများသည် ၎င်းတို့၏ကျော်စောမှုအတွက် ဤသည်ကိုပင် လုပ်လာကြပါလိမ့်မည်။ ထို့ကြောင့်ယခုလက်ရှိအတိုင်း ထားသည်မှာ သင့်မြတ်လှသည်။ အုမ္မသ်ထုတစ်ရပ်လုံးကလည်း ဤအတိုင်းလက်ခံကြပါသည်။ ယနေ့တိုင် တည်ရှိသော အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သည် ဟဂ်ဂျာဂ်အိဗ်နိယူစွဖ် ဆောက်လုပ်ခဲ့သော အဆောက်အဦ ပုံစံဖြစ်သည်။ ပျက်စီးခြင်း၊ ယိုယွင်းခြင်းများကား ရှိခဲ့ပါသည်။ ယင်းတို့ကို ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အား စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ကြသည်။

ဦးစွာ ဤဆင့်ပြန်ချက်များက ကအ်ဗဟ်ကျောင်းတော်သည် ကမ္ဘာတွင် ပထမဦးဆုံး အိမ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောနေသည်။ သို့မဟုတ် အနည်းဆုံး ခဝတ်ကိုးကွယ်ရာ ပထမဦးဆုံးအိမ်အဖြစ် ပြော

နေပါသည်။ တမန်တော်အိဗ်ရာဟီမ်နှင့် အိစ်မာအီလ်တို့သည် အလ္လာဟ်ရှင်မြတ်၏ အမိန့်တော်နှင့် ဆန္ဒတော်အရ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို တည်ဆောက်ခဲ့ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြစဉ်တွင် အညွှန်းများလည်းရှိသေးသည်။ ယင်းမှာ တမန်တော်နှစ်ပါးသည် အိမ်တော်တည်ဆောက်ရာတွင် ၎င်းပုံစံထုတ်တည်ဆောက်ထားခြင်း မဟုတ်ကြောင်းကို ညွှန်းသည့်အညွှန်းများ ဖြစ်သည်။ ၎င်းတို့သည် နဂိုရှိပြီးသော အုတ်မြစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကအ်ဗဟ်၏ အုတ်မြစ်အစစ်သည် ထိုနေရာ၌ ရှိနေပြီးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ မိန့်ထားသည့် وَإِذْ يَرْفَعُ إِبْرَاهِيمُ الْقَوَاعِدَ مِنَ الْبَيْتِ وَإِسْمَاعِيلُ "ထိုမှတစ်ပါး (ပြန်လည်အောက်မေ့သတိ ရကြကုန်လော့) အခါတစ်ပါး၌ နဗီတမန်တော် အိဗ်ရာဟီမ်﴿عليه السلام﴾ နှင့် (သားတော်) နဗီတမန်တော် အိစ်မာအီလ် ﴿عليه السلام﴾ တို့သည် (ကအ်ဗဟ်) ကျောင်းတော်မြတ်၏ ကျောက်နံရံကို မြှင့်တင်နေစဉ်" (၂း၁၂၇) မှ အလ္လာဟ် အရှင်မြတ်အိမ်တော်၏ အုတ်မြစ် (သို့) ကဝါအိဒ်သည် ထိုနေရာ၌ ရှိနေပြီးဖြစ်သည်ဟူသော အညွှန်းတစ်ခုကို ကျွန်ုပ်တို့ရပါသည်။ စူရတ်အလ်ဟဂ်ျတွင် လာရှိသည်မှာ وَإِذْ بَوَّأْنَا لِإِبْرَاهِيمَ مَكَانَ الْبَيْتِ "ထိုမှတစ်ပါး (အို့နဗီတမန်တော် ပြန်လည် သတိရပါလေ) တရံရောအခါဝယ် ငါအရှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ်အား (ထူးမြတ်သော) အိမ်တော်၏ နေရာကို ညွှန်ပြ၍ ပေးတော်မူခဲ့၏" (၂၂း၂၆) ဟူ၍ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်အိမ်တော်၏နေရာသည် အစောပိုင်း အချိန်ကတည်းက ကြိုတင်ဆုံးဖြတ်ကာ သတ်မှတ်ခဲ့သည့်အတိုင်း ဆက်လက်တည်ရှိနေသည်ဟူသော အချက်ကို ညွှန်းနေသည်။ ပထမအာယသ်တော်သည် အလ္လာဟ်အိမ်တော်၏ အုတ်မြစ်မှာ ထိုနေရာ၌ ရှိနေခဲ့ပြီးဖြစ်သည်ဟူသော အယူအဆကို အထောက်အကူ ပြုသည်။

အချို့သော ဆင့်ပြန်ချက်အရ တမန်တော် အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်အား အလ္လာဟ်အရှင်မြတ် အိမ်တော်ဆောက်လုပ်ရန်အမိန့်ပေးခံရသောအခါတွင် ကောင်းကင်တမန်တော်တစ်ပါးက ယခင်ကတည်းက တည်ရှိခဲ့သော ကအ်ဗဟ်ကျောင်းတော်၏ သဲသောင်ဖုံးအုပ်နေသော အုတ်မြစ်နေရာကို ပြသခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ယခုဆွေးနွေးနေသော အာယသ်တော်က ပထမဦးဆုံးအိမ် (သို့) ခဝတ်ကိုးကွယ်ရာနေရာဖြစ်သည်ဆိုသည့် ကအ်ဗဟ်၏ ထူးခြားမှုများမှ တစ်ခုကို သက်သေပြသည်။ စဟီဟိုင်နမ့ ဟဒီးဆ်တော်တစ်ရပ်တွင် ဆင့်ပြန်ထားခဲ့သည်မှာ စိုက်ယိဒိနာ အဗူဇရ်﴿رضي الله عنه﴾ သခင်သည် တမန်တော်မြတ်﴿ﷺ﴾ သခင်ကို "ဤကမ္ဘာတွင် ပထမဦးဆုံးသော မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်ကား အဘယ်နည်း"ဟု မေးလျှောက်ခဲ့သည်။ ကိုယ်တော်မြတ်﴿ﷺ﴾ က "အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်"ဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ တစ်ဖန်ထပ်၍ မေးလျှောက်သည်မှာ "ထိုမတ်စ်ဂျိဒ်ပြီးနောက် မည်သည့် မတ်စ်ဂျိဒ်ဖြစ်သနည်း" ကိုယ်တော်မြတ်က "ဗိုင်သုလ်မုကတ်ဒတ်စ်"ဟု မိန့်ကြားခဲ့သည်။ အဗူဇရ်က "ဤမတ်စ်ဂျိဒ်နှစ်ခုဆောက်လုပ်ရာ တွင် အချိန်ကာလ မည်မျှကွာခြားသနည်း"ဟု တစ်ကြိမ်ထပ်မံပေးလျှောက်ရာ "တမန်တော်မြတ်﴿ﷺ﴾ "အနှစ် လေးဆယ်" ဟု မိန့်ကြားခဲ့သည်။

ဤဟဒီးဆ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်အဆောက်အဦအသစ် တည်ဆောက်ခြင်းနှင့် ဗိုင်သုလ်မုကတ်ဒတ်စ် စတင်တည်ဆောက်ခြင်းတို့ ကြားကာလနှစ်ခုတို့၏ ကွာခြားချက်ကို ဖော်ပြထားသည်။ အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်က ကအ်ဗဟ်ဝတ်ကျောင်းတော်တည်ဆောက်ပြီး နှစ်ပေါင်းလေးဆယ်ကြာမှ ဗိုင်သုလ်

မုကတ်ဒတ်စ် တည်ဆောက်ခဲ့သည်။ ဤအဆောက်အဦသည်လည်း ကအ်ဗဟ်ကျောင်းတော်ကဲ့သို့ပင် အုတ်မြစ် အသစ်နှင့် အဆောက်အဦအသစ် တည်ဆောက်ခဲ့ခြင်းမဟုတ်ချေ။ စိုက်ယိဒိနာ စုလိုင်မာန်﴿عليه السلام﴾ သခင်သည် စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾ သခင်၏ မူလအုတ်မြစ်ပေါ်တွင် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆင့်ပြန်ချက်များကြား ဖီလာဆန့်ကျင်မှုများ မရှိချေ။

ကအ်ဗဟ်ကျောင်းတော်ကြီးသည် အမြဲတစေ ကြည်ညိုလေးစားမြတ်နိုးရမည့်အရာဖြစ်သည်။ ဤအချက်အား ကျွန်ုပ်တို့ ယခုဆွေးနွေးနေသော အာယသ်တော်ထဲတွင် وُضِعَ لِلنَّاسِ "လူခပင်းတို့အဖို့ သတ်မှတ်ထားပြီးဖြစ်ခဲ့ သည်"ဟူ၍ ထောက်ပြထားသည်။ အထက်ပါစာသားက ညွှန်းသည်မှာ ဤဝတ်ပြုဆောက်တည်ရာ အိမ်တော်၏ ဂုဏ်သိက္ခာနှင့် ရိုသေမြတ်နိုးမှုသည် တိုင်းပြည်တစ်ပြည်ဖြစ်စေ၊ အုပ်စုတစ်ခုအတွက်ဖြစ်စေ သတ်မှတ်ထားလိမ့်မည် မဟုတ်ချေ။ လူသားအားလုံးက ရိုသေမြတ်နိုးရလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အိမ်တော်ရှေ့မှောက်ရောက်သည်နှင့် လူသား၏ စိတ်နှလုံးကို အလိုအလျောက် သိမ်းယူကာ ဆွဲဆောင် နိုင်စေသော ဂုဏ်သိက္ခာနှင့် အံ့ဩဖွယ် အရှိန်အဝါ ထည့်ပေးထားပါသည်။

ဤနေရာ၌ "ဗက္ကဟ်"ဟူသောစကားလုံးသည် မက္ကာဟ်အလ်မုအတ်ဇ်ဇမာဟ်ကို ဆိုလိုသည်။ မင်မ်ဟူသော အက္ခရာအစား ဗာဟူသော အက္ခရာအစားထိုးပြောဆိုခဲ့လျှင်လည်း ပြဿနာတစ်စုံတစ်ရာ မရှိချေ။ နေ့စဉ် အရပ်အသုံးအနှုန်းတွင် မင်မ်အစား ဗာကို အစားထိုးသုံးနှုန်းကြသည်။ သို့မဟုတ် ဗက္ကဟ်မှာ "မက္ကာ" ၏ အခြားနာမည်တစ်မျိုးဖြစ်သည်ဟု ရိုးရိုးပြောလျှင်လည်း ရပါသည်။

ကအ်ဗဟ်ဝတ်ကျောင်းတော်၏ ကောင်းချီးမင်္ဂလာများ

ဤအာယသ်တော်တွင် ဖော်ပြထားသည့် ဗိုင်သုလ္လာဟ် (ကအ်ဗဟ်)၏ ဒုတိယ မြင့်မြတ်မှုမှာ ကောင်းချီးမင်္ဂလာပေးခံရခြင်းဖြစ်သည်။ "မုဗာရက်ဂ်" ဟူသော စကားလုံးသည် "ဗရအတ်ဟ်"ဟူသော စကားလုံးမှ ဆင်းသက်လာ၍ "ကြီးထွားရန်"နှင့်"တည်မြဲရန်"ဟု ဆိုလိုသည်။ ဤကြီးပွားခြင်းအချက်ကို ရှုထောင့်နှစ်ခုမှ ကြည့်နိုင်ပါသည်။ တစ်စုံတစ်ရာသည် ကြီးထွားရာတွင် မြင်သာသော အရေအတွက်တိုးပွားခြင်း နည်းတစ်နည်းရှိသည်။ သို့သော်လည်း ကြီးထွားရာတွင် နောက်ဖြစ်နိုင်သည်မှာ အရေအတွက်တွင် မှတ်သားဖွယ် တိုးခြင်းမဟုတ်သော်လည်း အသုံးဝင်သည့် ကိစ္စရပ်တွင်မူ အခြေအနေအတော်များများ အလွန်အသုံးဝင်၍ တိုးပွားမှုတွင် ဤနည်းသည် အများအားဖြင့် ပိုမိုလိုအပ်ပေသည်။ ထိုသဘောအရဆိုလျှင် ဤသည်မှာလည်း တိုးပွားခြင်း (သို့) "ကြီးပွားခြင်း"ဟု မှတ်ယူနိုင်သည်။

ကအ်ဗဟ်ကျောင်းတော်ကြီးသည် အတွင်းပိုင်းရော အပြင်ပိုင်းပါ ကောင်းချီးမင်္ဂလာနှင့် ပြည့်နှက်နေသည်။ အပြင်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာကား လုံးဝထင်ရှားသည်။ မက္ကာဟ်နှင့် ထိုမြို့ဝန်းကျင်သည် ခြောက်သွေ့၍ မြေဩဇာညံ့ဖျင်းကာ သဲကန္တာရဖြစ်လင့်စကား လိုအပ်သော အသုံးအဆောင်များနှင့် သစ်သီး၊ သီးနှံစုံ၊ ကောက်ပဲသီးနှံစုံကို ရာသီမရွေး အချိန်မရွေး ရရှိနိုင်ပါသည်။ ဤသည်တို့သည် မက္ကာဟ်မြို့သားများအတွက် လုံလောက်ရုံမျှမက ပိုလျှံ၍ပင်နေသည်။ တစ်ကမ္ဘာလုံး နေရာအနှံ့မှ လာရောက်ကြသော ဧည့်သည်များအတွက်လည်း ဤအရာများလုံလောက်ပါသည်။ အထူးသဖြင့် ဟဂ်ရာသီအတွင်း လာသောဧည့်သည်ပမာဏကို လူတိုင်းသိကြပါ

သည်။ ထိုအချိန်တွင် မက္ကာဟ်မြို့သားတို့ထက် လေးငါးဆပို့များသော ထောင်သောင်းချီသောလူများသည် ကမ္ဘာ့အဝေးဆုံးနေရာအနှံ့အပြားမှ ဤနေရာတွင် လာရောက်စုရုံးကြပါသည်။ ဤမြောက်မြားစွာသော လူအများမှာ ထိုနေရာတွင် ရက်အနည်းငယ်သာ နေကြသည်မဟုတ်ဘဲ လပေါင်းများစွာ တည်းခိုနေထိုင်ကြပါသည်။ ဟဂ်ျရာသီမှအပ အခြားအချိန်များတွင်ပင် တစ်နှစ်ပတ်လုံး ထောင်ပေါင်းများစွာသော သူတို့သည် ဝင်လိုက်ထွက်လိုက် မလုပ်သည့်အချိန်ဟူ၍ မရှိချေ။ ဤနေရာ၌ မှတ်သားသင့်သည်မှာ အထူးသဖြင့် ဟဂ်ျရာသီတွင် ပြင်ပမှ လူအများထောင်ပေါင်းများစွာ စုရုံးကြချိန်တွင် အသုံးဝင်သည့် ပစ္စည်းများစျေးတွင် ပြတ်လပ်သွားခြင်း၊ ဝယ်မရခြင်းဟူ၍ မည်သည့်အခါမျှ မဖြစ်ခဲ့ချေ။ ပျမ်းမျှတစ်ဦးတစ်ကောင်နှုံး ကုရ်ဗာနီပြုလုပ်သော သားကောင်နှင့် အချို့ဆိုလျှင် တစ်ကောင်ထက်ပို၍ ကုရ်ဗာနီလုပ်သူများအတွက် သားကောင်များကို ထိုနေရာ၌ အမြဲရရှိနိုင်ပါသည်။ အခြားသောနိုင်ငံများမှ အထူးစီစဉ်မှုဖြင့် တင်သွင်းလုပ်ဆောင်ထားခြင်း မဟုတ်ချေ။ ဤထူးဆန်းသည့် အခြေအနေအတွက် ထင်ရှားသည့်အညွှန်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် ၂၈း၅၇ တွင် **يُجْبَىٰٓ إِلَيْهِ ثَمَرَاتُ كُلِّ شَىْءٍ** "အမျိုးမျိုးသောအသီးအနှံများသည် ငါအရှင်မြတ်အထံတော်မှ စားနပ်ရိက္ခာအဖြစ် သယ်ယူရောက်ရှိလာပေသည်"ဟူ၍ ရှင်းလင်းစွာ ရည်ညွှန်းထားသည်။

ဤသည်မှာ အပြင်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာတို့၏ အမြင်ဖြစ်ပါသည်။ ၎င်းတို့သည် အဆုံးအစွန်သော ရည်မှန်းချက်မဟုတ်ပါ။ နာမ်ပိုင်းဆိုင်ရာ အတွင်းပိုင်းကောင်းချီးမင်္ဂလာများသည် အလွန်များပြားလှသောကြောင့် ဤတွင်ရေတွက်၍ ပြရန် မဖြစ်နိုင်ပါ။ ကအ်ဗဟ်နှင့်သာ သီးသန့်သက်ဆိုင်သော အရေးကြီးသည့် ခဝတ်ကိုးကွယ်မှုဆိုင်ရာ "အိဗာဒသ်" များရှိပါသည်။ ထိုကဲ့သို့ လုပ်ဆောင်သည့် "အိဗာဒသ်" များမှ ရရှိသောကြီးမားသော ဆုလာဘ်နှင့် နာမ်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာတို့သည် ဗိုင်သုလ္လာဟ်နှင့် လုံးဝဥဿံ ဆက်စပ်နေပါသည်။ ပမာဆိုသော် ဟဂ်ျနှင့် အုမ်ရဟ်ပြုလုပ်ခြင်းတို့ဖြစ်သည်။ အလ်မတ်စ်ဂျိစ်အလ်ဟရာမ်တွင် အချို့သောခဝတ်ကိုးကွယ်မှု"အိဗာဒသ်"များကို လုပ်ဆောင်ပါက အကျိုးစဝါးဗ်သည် အဆပေါင်းမြောက်မြားစွာရရှိနိုင်ပါသည်။ တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ လူတစ်ဦးသည် သူ၏အိမ်၌ ဆွလာသ်ဝတ်ပြုခဲ့ပါက သူသည် ဆွလာသ်တစ်ကြိမ်ပြုလုပ်ခြင်း၏ အကျိုးစဝါးဗ်ရရှိမည်။ အကယ်၍ သူသည် သူ၏ ပတ်ဝန်းကျင်တွင်ရှိသော မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်တွင် ဆွလာသ်တစ်ကြိမ်ဝတ်ပြုခဲ့ပါက သူဆွလာသ် (၂၅) ကြိမ် ဝတ်ပြုသော အကျိုးစဝါးဗ်ရရှိမည်။ အကယ်၍သူသည် ဂျာမီ (လူစုလူဝေးအများနှင့် ဖတ်နိုင်သော) ဗလီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ်ဝတ်ပြုခဲ့ပါက စွလာသ်အကြိမ်ငါးရာပြုခြင်း၏ အကျိုးစဝါးဗ်ရရှိလိမ့်မည်။ ၎င်းနောက် အကယ်၍ သူသည် အလ်မတ်စ်ဂျိဒ်အလ်အက်ဆာ ဗလီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ်ဝတ်ပြုခဲ့ပါလျှင် ဆွလာသ်အကြိမ်တစ်ထောင် ဝတ်ပြုခြင်း အကျိုးစဝါးဗ်ရရှိလိမ့်မည်။ ထို့နောက် အကယ်၍သူသည် (ကျွန်ုပ်၏ဗလီဝတ်ကျောင်းတော်)၌ ဆွလာသ်တစ်ကြိမ်ဝတ်ပြုခဲ့ပါလျှင် ဆွလာသ်အကြိမ်ငါးသောင်းဝတ်ပြုခြင်း၏ အကျိုးစဝါးဗ်ရရှိမည်။ အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်တွင် ဆွလာသ်တစ်ကြိမ်ဝတ်ပြုခဲ့ပါက ဆွလာသ်အကြိမ်ပေါင်းတစ်သိန်းပြုခြင်း၏ အကျိုးစဝါးဗ်ရရှိပါလိမ့်မည်။ **(ဤဆင့်ပြန်ချက်ကို အိဗ်နိမာဂျာ၊ သဟ်ဝီနှင့် အခြားကျမ်း၌ ဖော်ပြထားသည်။)**

ဟဂ်ျနှင့် ပတ်သက်သော အကျိုးစဝါးဗ်များအတွက်ဆိုလျှင် များစွာသော မုစ်လင်မ်တို့သည် ယင်းနှင့် ပတ်သက်သော ဟဒီးဆ်တော်ကို သိကြပါသည်။ ယင်းဟဒီးဆ်တော်က ကြေညာသည်မှာ သူ၏ဖရသ်ွ(မလုပ်မနေ ရဖြစ်စေ) ဟဂ်ျတာဝန်ကို တိကျမှန်ကန်စွာ လုပ်ဆောင်ခဲ့ပါက သူသည် ထိုနေ့၌ သူ၏လွန်ခဲ့သော အချိန်က ပြုခဲ့သောအပြစ်များ သန့်ရှင်းစင်ကြယ်သွားပြီး၊ ပကတိအပြစ်ဂုနာဟ်မှ ကင်းသူဖြစ်သွားပါသည်။ ဤသည်များ အားလုံးတို့သည် ဗိုင်သုလ္လာဟ်၏ နာမ်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာများဖြစ်ကြသည်မှာ ထင်ရှားပါသည်။ ဤ ကောင်းချီးမင်္ဂလာများကို အာယသ်တော်၏အဆုံးတွင် **هُدًى** ဆိုသော စကားလုံးနှင့် ဖော်ပြထားသည်မှာ **مُبَارَكًا وَّهُدًى لِّلْعَالَمِيْنَ** (ထိုအိမ်တော်သည် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက်ရှိသည့်ပြင် စကြဝဠာ ခပ်သိမ်းကို တရားလမ်းမှန်သို့လည်း ညွှန်ကြားလျက်ရှိပေသည်။)

VVVVVVVVVV

အာယသ် (၉၇)

فِيهِ اٰيٰتٌۢ بَيِّنٰتٌ مَّقَامُ
اِبْرٰهِيْمَ ۚ وَمَنْ دَخَلَهٗ كَانَ اٰمِنًا ۗ وَلِلّٰهِ عَلَى النَّاسِ حِجُّ الْبَيْتِ
مَنِ اسْتَطَاعَ اِلَيْهِ سَبِيْلًا ۗ وَمَنْ كَفَرَ فَاِنَّ اللّٰهَ غَنِيٌّ عَنِ
الْعٰلَمِيْنَ ﴿٩٧﴾

ယင်းအိမ်တော်၌ ထင်ရှားလှစွာသော သက်သေလက္ခဏာများရှိကြ၏။ (ယင်းလက္ခဏာများအနက်မှ "မကာမိအိဗ်ရာဟီမ်နဗီတမန်တော်) အိဗ်ရာဟီမ်(ﷺ)ရပ်တည်နေရာသည်(လည်းလက္ခဏာတစ်ရပ်ပင်)ဖြစ်ချေသည်။ ထိုမှတစ်ပါး အကြင်သူသည် ယင်းအိမ်တော်သို့ ဝင်ရောက်ခဲ့အံ့။ ထိုသူသည် ဘေး ရန်(ခပ်သိမ်း)ကင်းဝေးသူဖြစ်လတ္တံ့။ တစ်ဖန်လူများအပေါ်ဝယ် တာဝန်ရှိ သည်မှာ အကြင်သူသည် ထိုအိမ်တော်သို့ အရောက်ခရီးသွားရန် တတ်စွမ်း နိုင်ခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူရန်) အတွက် ထိုအိမ် တော်သို့သွားရောက် ဟဂ်ျပြုရန် (ထိုသူအပေါ်၌) တာဝန်ရှိပေသည်။ သို့ရာ တွင် အကြင်သူသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ငြင်းပယ်သည်ရှိသော် (အလ္လာဟ်အရှင်မြတ်၌ တစ်စုံတစ်ရာမျှ နစ်နာဆုံးရှုံးမှု အလျင်းမရှိချေ) အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မုချကေန စကြဝဠာအပေါင်းတို့အား လိုလားတောင့်တခြင်း ကင်းတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၃း၉၇)

အကျယ်ဖွင့်ဆိုခြင်း

ဗိုင်သုလ္လာဟ်၏ထူးမြတ်မှုသုံးရပ်

ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်အိမ်တော် ကအ်ဗဟ်၏ထူးခြားချက်များနှင့် ထွဋ်မြတ်မှု ကို ပြန်လည်ဖော်ပြသည်။ ဦးစွာပထမ ဤအိမ်တော်တွင် အလ္လာဟ်အရှင်မြတ် တန်ခိုးတော်နှင့် သက်ဆိုင်သော လက္ခဏာများမြောက်မြားစွာရှိသည်။ တစ်ခုမှာ မကာမိအိဗ်ရာဟီမ်ခေါ် အိဗ်ရာဟီမ်(ﷺ) ရပ်တည်သော နေရာဖြစ်သည်။ ဒုတိယမှာ တစ်စုံတစ်ဦးသည် ထိုအိမ်တော်အတွင်းသို့ ဝင်ရောက်သွားပါက သူသည် ငြိမ်းချမ်းမှုကို လက်ခံရရှိသူဖြစ်သွားကာ အိမ်တော်ထဲတွင်ရှိနေ၍ အကာအကွယ်ရပြီးသားဖြစ်သွားပါသည်။ သူ့အား မည်သူကမျှ သတ်ဖြတ်ခွင့်မရှိပါ။ တတိယမှာ ထိုမျှဝေးလံသောဒေသသို့ အရောက်သွားနိုင်သည့်စွမ်းအားနှင့် အချက်အလက်အခြေအနေများ ပြည့်စုံခဲ့ပါလျှင် ကမ္ဘာတစ်ဝန်းလုံးရှိ မုစ်လင်မ်များအတွက် အလ္လာဟ်အရှင်မြတ် အိမ် တော်အား ဟဂ်ျပြုလုပ်ရန်မှာ မပြုမနေရ (ဖရဿ်) တာဝန်တစ်ရပ် ဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်တန်ခိုးတော်၏ လက္ခဏာများ

ဗိုင်သုလ္လာဟ်အား အုတ်မြစ်ချပြီးသည့်အချိန်မှ စတင်၍ ယင်းဗိုင်သုလ္လာဟ်၏ မြောက်မြားစွာသော ကောင်းချီးမင်္ဂလာတို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် မက္ကာဟ်မြို့နေလူထုအား ရန်သူများတိုက်ခိုက်မည့် ဘေးရန်မှ အကာအကွယ်ပေးခဲ့သည်။ အဗရဟာဟ်သည် သူ၏ဆင်တပ်ဖြင့် မက္ကာဟ်မြို့အား တိုက်ခိုက်သောအခါ အလ္လာဟ် အရှင်မြတ်သည် အရှင်၏အလွန်ပြီးပြည့်စုံသော တန်ခိုးတော်ဖြင့် ရန်သူတို့အား ငှက်များကတစ်ဆင့် ဖျက်ဆီး ချေမှုန်းခဲ့ပါသည်။ လူယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ တိရစ္ဆာန်ပင်လျှင်ဖြစ်စေ မက္ကာဟ်၏ မြင့်မြတ်သောပရဝဏ်အတွင်းသို့ ဝင်ရောက်သွားပါက ဘေးရန်မှ ကာကွယ်ပြီး ဖြစ်သွားပါသည်။

ဗိုင်သုလ္လာဟ်၏ တစ်ဖက်ဖက်တွင် မိုးရွာသွန်းသောအခါ ထိုမှာဘက်တွင်ရှိသော တိုင်းပြည်များတွင် မိုးရွာသွန်းခဲ့ကြောင်းကို သတိပြုမိပါသည်။ နောက်ထပ် ထူးခြားသော လက္ခဏာတစ်ခုသည် ဂျမ်ရတ်နှင့် သက်ဆိုင်ပါသည်။ ဂျမ်ရတ်ဆိုသည်မှာ ဟဂ်ျပြုသူတိုင်း နေ့စဉ်ကျောက်ခဲခုနစ်ခဲဖြင့် ပစ်ပေါက်ရသော ကျောက်တိုင်ကြီးများဖြစ်သည်။ ယင်းကဲ့သို့ ပစ်ပေါက်မှုကို သုံးရက်လုပ်ဆောင်ရပါသည်။ နှစ်စဉ်နှစ်သန်းထက်မကသော ဟဂ်ျပြုသူများထိုနေရာသို့ ရောက်ရှိကြပါသည်။ ကျောက်စရစ်ခဲလေးများ ထိုနေရာ၌ရှိနေပါက ဂျမ်ရတ်သည် တောင်ပုံရာပုံရှိသော ကျောက်စရစ်ခဲကလေးများအောက်တွင် မြုပ်သွားပါလိမ့်မည်။ အဖြစ်ပျက်အမှန်သည် ဤဟဂ်ျကျင့်စဉ်သုံးရက်ပြီးမြောက်သွားသောအခါ ပြန်ကြွေနေသော ကျောက်ခဲကလေးများမှအပ တောင်ပုံရာပုံ ကျောက်စရစ်ခဲလေးများသည် ထိုနေရာ၌ မမြင်တွေ့တော့ပါ။ ယင်း၏အကြောင်းသည် တမန်တော်မြတ်ﷺ မိန့်ဆိုသကဲ့သို့ ကျောက်ခဲကလေးများကို ကောင်းကင်တမန်များက လာရောက်ကောက်ယူသွားသောကြောင့် ဖြစ်ပါသည်။ ကျန်ရစ်ခဲ့သော ကျောက်ခဲကလေးများသည် အချို့သောအကြောင်းကြောင့် ဟဂ်ျအထမမြောက်သော သူများ ပစ်ပေါက်သော ကျောက်တုံးများဖြစ်ကြသည်။ ထို့ကြောင့် ဟဂ်ျကျင့်စဉ်တစ်စိတ်တစ်ဒေသဖြစ်သော ကျောက်ခဲပစ်ပေါက်ခြင်းကို ဂျမ်ရတ်၏ အနီးအနားမှာရှိသော ကျောက်ခဲလေးများကို ကောက်ယူ၍ ဂျမ်ရတ် ပေါက်ခြင်းအား တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်ခဲများသည် ဟဂ်ျအထမမြောက်သော သူများ အသုံးပြုသွားသော ကျောက်ခဲများဖြစ်သောကြောင့်တည်း။

ဤအချင်းအရာနှင့်ပတ်သက်၍ သူ၏ထင်မြင်ချက်ပေးရာတွင် အလ်ခစားလ်အလ်ကုဗ်ရာကျမ်းထဲတွင် ကျမ်းရှင် ရှိခ်ဂျလာဟ်လုဒ္ဒင်အလ်စုယုတ်တို့က မိန့်သည်မှာ တမန်တော်မြတ်ကြီးနှင့်သက်ဆိုင်သော အချို့သော ထူးဆန်းအံ့ဘွယ်ရာတို့သည် ကိုယ်တော်မြတ်ﷺ ကွယ်လွန်ပြီးသည့်တိုင် တရားစီရင်မည့်နေ့အထိ အမြဲတည်ရှိနေပါလိမ့်မည်။ ယင်းတို့ကိုလည်း လူတိုင်းတွေ့မြင်ရပါလိမ့်မည်။ ယင်းအံ့ဖွယ်တစ်ခုမှာ အန္ဓိုင်းမဲ့စွာတည်ရှိနေသော ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးတွင်ရှိသော အင်အားစုများ စုပေါင်းဆောင်ရွက်သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ယှဉ်နိုင်သော ကျမ်းစာတစ်အုပ်ပြုစုနိုင်လိမ့်မည်မဟုတ်ပါ။ ဤကဲ့သို့မစွမ်းဆောင်နိုင်မူသည် တမန်တော်မြတ်ﷺ လက်ထက်မှ တရားစီရင်မည့်နေ့တိုင်အောင် တည်ရှိနေပါလိမ့်မည်။ မုစ်လင်မ်တိုင်းသည် မည်သည့်အချိန်၌မဆို တစ်ကမ္ဘာလုံးအား စိန်ခေါ်နိုင်ပါလိမ့်မည်။ **فَأْتُوا بِسُورَةٍ مِّثْلِهِ** "သို့ဖြစ်လျှင် အသင်တို့သည် ယင်းကုရ်အာန်(ကျမ်းတော်မြတ်၏ကဏ္ဍာ)နှင့်တူသော ကဏ္ဍာတစ်ခုကိုပင် (စီကုံး ရေးသား၍) ယူဆောင်လာခဲ့ကြကုန်။" (၁၀း၃၈)

အထက်တွင် ဖော်ပြခဲ့သော 'ဂျမ်ရတ်' သည်လည်း အံ့ဖွယ်တစ်ရပ်ပင်ဖြစ်ပါသည်။ ဂျမ်ရတ်နှင့် ပတ်သက်၍ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်တွင် အလားတူ မိန့်ကြားထားပါသည်။ တမန်တော်မြတ်ﷺ မိန့်ကြားသည့် မိန့်ကြားချက်တွင် ဤကျောက်တိုင်ကို ပစ်ပေါက်သောကျောက်ခဲကလေးများကို လူသားများ မမြင်နိုင်သည့်အနေအထားဖြင့် ကောင်းကင်တမန်များက ကောက်ယူသွားကြသည်။ အနည်းငယ်မျှ ကျန်ရစ်ခဲ့သော ကျောက်တုံးကလေးများတို့သည် ၎င်းတို့၏ဟဂ်ျပြုလုပ်မှုကို အလွှာဟ်အရှင် လက်မခံသည့် ကံဆိုးသော သူများ ပစ်ပေါက်ခဲ့သော ကျောက်ခဲကလေးများဖြစ်ကြပါသည်။ တမန်တော်မြတ်ကြီး၏ အဆိုအမိန့်သည် ရာစုပေါင်းမြောက်မြားစွာ တစ်ဆက်တည်းမှန်ကန်ခဲ့ပြီး ကြီးကျယ်သောနေ့ (တရားစီရင်မည့်နေ့တိုင်)အစဉ်မပြတ် မှန်ကန်နေပါလိမ့်မည်။ ဤသည်မှာ မြင့်မြတ်သော ကအ်ဗဟ်နှင့် ပတ်သက်သည့် တမန်တော်မြတ်ကြီးﷺ အတွက် အံ့ဘွယ်တစ်ပါးဖြစ်ပြီး အလွှာဟ်အရှင်မြတ်၏ ကြီးမားသော လက္ခဏာတစ်ရပ်လည်း ဖြစ်ပါသည်။

အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ ရပ်တည်ရာနေရာ

ကအ်ဗဟ်ကျောင်းတော်နှင့် ပတ်သက်သော လက္ခဏာတော်များထဲတွင် ကြီးကျယ်သော လက္ခဏာတစ်ပါး ရှိပါသည်။ ယင်းမှာ သီးခြားဖော်ပြပြီးဖြစ်သော 'မကာမိ' အိဗ်ရာဟီမ်ခေါ် အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ ရပ်တည်ရာနေရာပင်ဖြစ်ပါသည်။ မကာမိအိဗ်ရာဟီမ်ဆိုသည်မှာ ကအ်ဗဟ်ကျောင်းတော် အဆောက်အဦး တည်ဆောက်စဉ် စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾ တက်ရပ်ခဲ့သော ကျောက်တုံး၏အမည်ဖြစ်ပါသည်။ ဆင့်ပြန်ချက်များအရ ထိုကျောက်တုံးသည် အဆောက်အဦးမြင့်တက်လာသည်နှင့်အမျှ ယင်းကလည်း မြင့်တက်လာပါသည်။ ၎င်း နောက်လိုအပ်လာပါ ယင်းကလည်းအလိုအလျောက် ပြန်လည်နိမ့်ကျလာသည်။ ယနေ့တိုင် ထိုကျောက်တုံးပေါ်၌ စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾ ၏ ခြေရာများ ကျန်ရှိနေပါသည်။ ထိုကဲ့သို့သော တမူဟူတ်ချင်းအသိဉာဏ်ပေးခြင်း ခံရကာ အလုပ်တွင် လိုအပ်ချက်ဖြစ်သော အပေါ်သို့မြင့်တက်ခြင်း၊ အောက်သို့ဆင်းခြင်း စသည်တို့ မိမိအလိုအလျောက်လုပ်ဆောင်နိုင်ခြင်း၊ သို့မဟုတ် ယင်းကျောက်တုံးကိုပင် ဖယောင်းကဲ့သို့ ပြောင့်ပြောင်းစေကာ ယင်း၏ မျက်နှာပြင်ပေါ်၌ ခြေရာကျန်နေခဲ့ခြင်းတို့သည် အလွှာဟ်အရှင်၏ အလွန်ပြီးပြည့်စုံသော တန်ခိုးတော်၏ လက္ခဏာတော်များဖြစ်ပြီး ဗိုင်သုလ္လာဟ်၏ မြင့်မြတ်သော ဂုဏ်ဒြပ်ကို ထင်ဟပ်စေပါသည်။

ယခင်က ကျောက်တုံးသည် ဗိုင်သုလ္လာဟ်၏ တံခါးဝအနီးမြေကြီးပေါ်တွင် ရှိသည်။ သို့ရာတွင် ကျမ်းတော်မြတ်၏ အမိန့်တော် **وَاتَّخِذُوْا مِنْ مَّقَامِ اِبْرَاهِيْمَ مُصَلًّى** (ထို့ပြင် ထိုနဗီတမန်တော် အိဗ်ရာဟီမ်﴿عليه السلام﴾) ရပ်တည်ရာနေရာကို ဆွလာသ် ဝတ်ပြုရန်နေရာအဖြစ် သတ်မှတ်ကြကုန်) ၂း၁၂၅- ကျရောက်လာသောအခါ သဝဖ်လှည့်သူများ အဆင်ပြေ စေရန်အတွက် ထိုကျောက်တုံးကို ယခင်နေရာမှ ဖယ်ရှားကာ (မသာဖ်) သဝဖ်လုပ်သော ဧရိယာ၏အပြင်ဘက် လည်းဖြစ်စေပြီး ဗိုင်သုလ္လာ၏ရှေ့တွင်ဖြစ်သော ဇမ်ဇမ် (ဇမ်ဇမ်ရေတွင်း) အနီးတွင် ထားရှိခဲ့ပါသည်။ ယခု ယင်းကျောက်တုံး၏ မူလနေရာဖြစ်သော ဗိုင်သုလ္လာ၏ ကြမ်းပြင်တွင် ကျောက်တုံးအနက်များဖြင့် စက်ဝိုင်းပုံ မှတ်သားထားသည်။ ယင်းကျောက်တုံးအနက်ပေါ်၌ သမိုင်းကြောင်းကိုလည်း အရဗီစာဖြင့် ရေးထွင်းထားပါသည်။ နောက်ပိုင်းတွင် သဝဖ်လှည့်အပြီး ဆွလာသ်နှစ်ရကအသ် ဖတ်ရသော နေရာ၏နောက်တွင် အဆောက်အဦငယ်ကလေးတွင်း၌ လုံခြုံစွာထားရှိခဲ့သည်။ ယခုအချိန်တွင် အိဗ်ရာဟီမ်

﴿عليه السلام﴾ ၏ ရပ်တည်ရာနေရာကို ကြံ့ခိုင်သည့် သတ္ထုအိမ်အတွင်း၌ ထားရှိပါသည်။ ယင်းသတ္ထုအိမ် အတွင်းရှိ ကျောက်တုံးသည်ကား မကာမိအိဗ်ရာ ဟီမ်ခေါ် ထူးခြားသည့် ကျောက်တုံးပင်ဖြစ်ပါသည်။ သဝဖ်လှည့်အပြီး ဆောက်တည်ရသော ဆွလာသ်နှစ်ရကအသ်ကို ထိုကျောက်တုံး၏နောက်တွင်သော်လည်းကောင်း အနီးအနားတွင် သော်လည်းကောင်း ဆောက်တည်လျှင် စဝါးဗ်ပိုမိုရရှိသည်။ သို့ရာတွင် မကာမိအိဗ်ရာဟီမ်ဟူသော ဝေါဟာရ အဓိပ္ပာယ်အရဆိုလျှင် မြင့်မြတ်သော ပလီ ဝတ်ကျောင်းတော်ဖြစ်သည့် မတ်ဂျိဒ်ဟရာမ် ပရဝဏ်တစ်ခု လုံးကို အကျုံးဝင်နေစေပါသည်။ ထို့ကြောင့် မုစ်လင်မ် ဓမ္မသတ်ပညာရှင်များက ဥပဒေပြုခဲ့သည်မှာ သဝါးဖ်လှည့်ပြီး ဆွလာသ်နှစ်ရကအသ်ကို မြင့်မြတ်သော ပလီအတွင်း မည်သည့်နေရာမဆို ဆောက်တည်ခဲ့ပါ ထိုသူ့အပေါ်၌ တာဝန်ကျေပြီး ဖြစ်ပါလိမ့်မည်။

ဗိုင်သုလ္လာဟ်အတွင်း ဝင်ရောက်လာသူ မည်သူမဆို လုံခြုံမှုရှိသည်

အာယသ်တော်ထဲတွင်ဖော်ပြခဲ့သော ကအ်ဗဟ်ကျောင်းတော်၏ ဒုတိယထူးခြားချက်မှာ "ဗိုင်သုလ္လာဟ် အတွင်းဝင်ရောက်လာသူ မည်သူမဆို လုံခြုံမှုရှိသည်။" ဤအဆိုအမိန့်တွင် ကွဲပြားခြားနားသော အမြင်များ ရှိပါသည်။ ပထမအနေဖြင့် ယင်းလုံခြုံမှုသည် တရားဥပဒေအရဆိုလျှင်လည်း မှန်ကန်ပါသည်။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အရှင်မြတ်က စီရင်ပြဋ္ဌာန်းထားသည်မှာ မြင့်မြတ်သော ပရဝဏ်အတွင်းသို့ ဝင်ရောက်လာသူအား နှောက်ယှက်ခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရပါ။ အကယ်၍ တစ်စုံတစ်ဦးသည် လူတစ်ဦးတစ်ယောက်ကို သတ်ပြီးလျှင်ဖြစ်စေ၊ အခြားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ပြီးလျှင်ဖြစ်စေ မြင့်မြတ်သောပရဝဏ်အတွင်းသို့ ဝင်ရောက်သွားပါက ထိုသူအား ပရဝဏ်အတွင်းတွင်ရှိနေစဉ် ပြစ်ဒဏ်မပေးရပါ။ သူအားဟရာမ်ပရဝဏ် အပြင်ပသို့ထွက်စေရန် အတင်းကြပ်ပြုလုပ်ပြီး၊ သူအပြင်ထွက်လာသောအချိန်မှပင်၊ ထိုက်သင့်သောအပြစ်ဒဏ် စီရင်ရမည်။ ဤသည်ကား ဟရာမ်ပရဝဏ်အတွင်းဝင်ရောက်သူသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မှ အကာအကွယ်ရခြင်းပင် ဖြစ်သည်။

ဟရာမ်ပရဝဏ်အတွင်းသို့ ဝင်ရောက်သောသူ၏ ဒုတိယလုံခြုံမှုအမျိုးအစားသည် အဖြစ်မှန်ပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုထဲတွင် အလ္လာဟ်အရှင်မြတ်သည် ဗိုင်သုလ္လာဟ်နှင့် ပတ်သက်သော အံ့ဩမှု၊ ရိုသေမှုတို့ကို လူအများ၏ နှလုံးသားတွင်ဖြစ်ပေါ် စေရန် ပြုလုပ်ထားခဲ့သည်။ (ဂျာဟိလိယသ်) အမှောင်ခေတ်က အရဗ်မျိုးနွယ်တို့သည် သူတို့တွင်မကောင်းသောအကျင့်များ ရှိလင့်ကစား ဗိုင်သုလ္လာ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက်ဆိုလျှင် သူတို့၏အသက်များကိုပင် စတေးရန်အဆင်သင့်ဖြစ်နေကြပါသည်။ ၎င်းတို့သည် အလွန်ရိုင်းစိုင်းပြီး စစ်မက်လိုလားသည်ဆိုခြင်းကို လူတိုင်းသိကြသည်။ သူတို့သည် ဟရာမ်အား မည်မျှအလေးအမြတ်ထားသနည်းဟူမူ သားသည်မိမိဖခင်အား သတ်သွားသောသူအား တွေ့၍ ဂလဲစားချေလိုစိတ်ပြင်းပြနေသော်လည်း လူသတ်သမားအား မည်သည်မျှမပြောဘဲ ဟရာမ်အတွင်းမှ အေးဆေးစွာ ထွက်သွားပါတော့သည်။

ဟရာမ်နယ်နိမိတ်အတွင်း တိုက်ခိုက်ရန် ခွင့်ပြုသည့်တစ်ခုတည်းသောအချိန်မှာ အလ္လာဟ်အရှင်မြတ်၏ ဝဟီတစ်ရပ်မှတစ်ဆင့် နာရီအနည်းငယ်ခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။ ထိုအချိန်ကား မက္ကာဟ်မြို့တော်ကို အောင်မြင်ခဲ့ပြီးနောက် တမန်တော်မြတ်﴿ﷺ﴾ သခင်ကိုသာလျှင် ကန့်သတ်ခွင့်ပြုခဲ့သော အချိန်ဖြစ်သည်။ သို့မှသာလျှင်

တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ယုံကြည်မှုအီမာန်၏ အရေးကြီးသည့်အကြောင်းတစ်ခုဖြစ်သော ဗိုင်သုလ္လာဟ် အား သန့်စင်နိုင်ရန်အတွက်ဖြစ်သည်။ အောင်မြင်ပြီးလျှင်ပြီးခြင်း တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ရှင်းလင်းသည့် ကြေညာချက်တစ်ရပ်ထုတ်ခဲ့သည်။ ယင်းမှာ မူလပထမက ဟရာမ်အတွင်း တိုက်ခိုက်မှု တရားမဝင်ကြောင်း ဆိုသည်မှာ ယခုအချိန်မှစ၍ အမြဲတမ်းအတွက်လည်း တရားမဝင်ကြောင်း ဆက်လက်တည်ရှိကြောင်းပင်ဖြစ်သည်။

ဟဂ်ျဂျာဂျ်ဗင်ယူစွဖ် နှင့် ပတ်သက်လျှင် ၎င်းသည် တမန်တော်မြတ်﴿ﷺ﴾ သခင် ဝဖသ်ဖြစ်ကွယ်လွန်ပြီးနောက် မက္ကာတ်တွင် စိုက်ယိဒနာ အဗ်ဒုလ္လာဟ်အိဗ်နိဇုဗိုင်းရ်﴿ﷺ﴾ ကို လက်နက်စွဲကိုင် ဆန့်ကျင်သောကြောင့် သတ်ဖြတ်မှုများ မငြိမ်သက်မှုများ ဖြစ်စေခဲ့ပါသည်။ မုစ်လင်မ်အုမ္မသ်ထု၏ အမြင်အရ ၎င်း၏လုပ်ရပ်သည် ကြီးမားသောပြစ်မှုတစ်ရပ်ဖြစ်ပြီး တရားဥပေဒနှင့် ကအ်ဗဟ်၏ ထွက်မြတ်မှုကို မတော်မတရားစော်ကားကျူးလွန်ခဲ့ခြင်း၊ ၎င်း၏ပြုလုပ်မှုအတွက် အားလုံးကမုန်းတီးကြသည်။ သို့ဆိုလျှင် ကအ်ဗဟ်၏ထွတ်မြတ်မှုနှင့် အလ္လာဟ်အရှင်မြတ်၏ ကြေညာချက်ကို ယင်းလုပ်ရပ်က မထိခိုက်စေခဲ့ပါ။ ဗိုင်သုလ္လာဟ်တွင်ရှိနေသော ထွတ်မြတ်မှုကို တမင်တကာ ၎င်းချိုးဖောက်ခဲ့သည်ဟု ပြောရန်မှာ ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် ဟဂ်ျဂျာဂျ်ကိုယ်တိုင်က သူ၏ဤလုပ်ရပ် တရားဝင်သည်ဟု မယုံကြည်ခဲ့ပါ။ ၎င်းသည်ကြီးမားသော ပြစ်မှုကြီးတစ်ရပ်ကျူးလွန်မိကြောင်း သိရှိခဲ့ပါသည်။ သို့သော်လည်း နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တွေးတောဆင်ခြင်မှုများက ၎င်းအားလွှမ်းမိုးသွားခဲ့၍ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အမှန်တရားမှကား မုစ်လင်မ်အုမ္မသ်ထုကြီးက ဟရာမ်နှင့် ဗိုင်သုလ္လာဟ်ကို အမြင့်မားဆုံးနှင့် အဖြစ်နိုင်ဆုံး ဂုဏ်ပေး၍ မြင့်မြတ်သော နယ်နိမိတ်အတွင်း တိုက်ခိုက်ခြင်း(သို့) စကားများခြင်းသည် အလွန်အကျည်းတန်ဆုံးသော ပြစ်မှုများမှတစ်ခုအဖြစ် အမြဲတမ်းမှတ်ယူထားခဲ့သည်။ ဤသည်မှာ တစ်ကမ္ဘာလုံး ငြင်းမရသော ပြိုင်ဘက်ကင်းသည့် အမှတ်လက္ခဏာပင်ဖြစ်ချေသည်။

ဟဂ်၏ မပြုမနေရတာဝန်၊ ဗိုင်သုလ္လာဟ်၏ ထူးခြားချက်

တစ်စုံတစ်ဦးတွင် ထိုနေရာသို့ရောက်ရန် လိုအပ်သည်များပြည့်စုံ၍ တတ်စွမ်းနိုင်လျှင် ဗိုင်သုလ္လာဟ် ဟဂ်ျပြုလုပ်ရန် မပြုမနေရတာဝန်တစ်ရပ်ဖြစ်သည်ဟု အလ္လာဟ်အရှင်မြတ်က ပြုလုပ်ထားသည်။ လိုအပ်သည်များပြည့်စုံခြင်း ဆိုသည်မှာ တစ်စုံတစ်ဦးသည် အခြေခံလိုအပ်ချက်များထဲမှ ပိုလျှံသောငွေဖြင့် ဗိုင်သုလ္လာဟ်သို့ အသွားအပြန်ခရီးစရိတ်လမ်းတစ်လျှောက် သုံးစွဲစရိတ်နှင့် မြင့်မြတ်သော နယ်မြေတွင် နေထိုင်စားသောက်စရိတ်တို့ လုံလောက်ရပေမည်။ ၎င်းပြင် လိုအပ်သည်များပြည့်စုံခြင်းဆိုသည်မှာ ၎င်းသူပြန်မလာမီ မိသားစုအသုံးစရိတ်များ လုံလုံလောက်လောက်ရှိနေ ခဲ့ရန်အတွက်မှာ သူ၏မလုပ်မနေရ တာဝန်တစ်ရပ်ဖြစ်သည်။ ထို့ပြင် တစ်စုံတစ်ဦးသည် မျက်စိမမြင်ခြင်း၊ ခြေလက် အသုံးမပြုနိုင်ခြင်းစသော ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ မရှိသင့်ချေ။ ထိုကဲ့သို့သော ချို့တဲ့သူသည် အဝေးလည်းမသွားနိုင်၊ ဟဂ်၏မြားမြောင်လှစွာသော လိုအပ်ချက်များကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်စွမ်းမရှိ သည့်အတွက်ဖြစ်သည်။

အမျိုးသမီးများသည် မဟ်ရာမ် (လက်ထပ်ခွင့်တားမြစ်ခံရသူ) တစ်ဦးမပါဘဲ ခရီးသွားလာရန် တရားဝင်ခွင့်ပြုမထားသောကြောင့် ဟဂ်ျပြုလုပ်နိုင်စွမ်းရှိသည်မှာ ၎င်းတို့သည် အတူလိုက်မည့် မဟ်ရာမ်အတွက် စရိတ်

သည် မဲဟ်ရာမ်၏ ကိုယ်ပိုင်စရိတ်မှလော သို့မဟုတ် အမျိုးသမီးက မဲဟ်ရာမ်အတွက်ကျခံရမည်လောဟူသည်ကို စဉ်းစားရလိမ့်မည်။ အလားတူပင် ဟဂ်ျသွားရာလမ်းခရီးသည် လုံခြုံမှုရှိသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာလည်း တတ်စွမ်းနိုင်မှု အခြေအနေ၏ တစိတ်တစ်ဒေသဖြစ်သည်။ အကယ်၍ အသက်နှင့်ဥစ္စာပစ္စည်းများကို အန္တရာယ်မဖြစ်စေနိုင်သော ငြိမ်းချမ်းမှုအခြေအနေမျိုး ဟဂ်ျခရီးစဉ်တလျှောက်မရှိလျှင် ဟဂ်ျပြုလုပ်ရန် တတ်စွမ်းနိုင်မှုမရှိဟု ဆိုလိုသည်။

စာပေဝေါဟာရအရ ဟဂ်ျဟူသည်မှာ "ရည်စူးရန်ဟု" ဆိုလိုသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားပြီးသည့်အတိုင်း သတ်မှတ်ပြီးသော ဘာသာရေးဆိုင်ရာ အသုံးအနှုန်းအရဆိုလျှင် ကအ်ဗဟ်ကို သဝါဖ်လှည့်ပတ်ခြင်း၊ အရဖာသ်နှင့် မုဇ်ဒလိဖဟ်တွင်နေထိုင်ခြင်းကို ဆိုလိုသည်။ ကျန်အသေးစိတ်များသည် တမန်တော်မြတ်ﷺ သခင်၏ မိန့်မြွက်ချက်များနှင့် လုပ်ဆောင်ချက်များမှတစ်ဆင့် ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဗိုင်သုလ္လာဟ်၏ ဟဂ်ျကိုမပြုမနေရ တာဝန်အဖြစ် ကြေညာသည့်နောက် ဆက်၍ မိန့်ကြားသည်မှာ -

وَمَنْ كَفَرَ فَإِنَّ اللهَ غَنِيٌّ عَنِ الْعٰلَمِيْنَ

"သို့ရာတွင် အကြင်သူသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ငြင်းပယ်သည်ရှိ သော် (အလ္လာဟ်အရှင်မြတ်၌ တစ်စုံတစ်ရာမျှ နစ်နာဆုံးရှုံးမှုအလျဉ်းမရှိချေ) အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မုချဧကန် စကြဝဠာအပေါင်းတို့အား လိုလားတောင့်တခြင်းကင်းတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၃း၉၇)

ဤတွင် ဟဂ်ျပြုလုပ်ခြင်းသည် မပြုမနေရတာဝန်ဖြစ်ကြောင်း တမင်သက်သက် ငြင်းပယ်သူများအကြောင်း ပါဝင်သည်မှာ သံသယမရှိချေ။ ထိုကဲ့သို့သောသူအား မုစ်လင်မ်တစ်ဦးအဖြစ် မမှတ်ယူနိုင်သည်မှာ ထင်ရှားသည်။ အမှန်စင်စစ် ၎င်းသည် မယ်ကြည်သွေဖည်ငြင်းပယ်သူတစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "အကြင်သူသည် (အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို) ငြင်းပယ်သည်ရှိသော်" ဟူသည့် ဖော်ပြချက်သည်လည်းကောင်း၊ ထိုအဆင့်အတန်းတွင်ရှိကြောင်း ယင်းအသုံးအနှုန်းက ရှင်းလင်းစွာနှင့် ပြည့်စုံစွာ အံဝင်ကွင်ကျဖြစ်နေသည်။ ထို့နောက်ဟဂ်ျသည် မပြုမနေရ တာဝန်ဖြစ်ကြောင်းကို ယုံကြည်သူတစ်ဦးအကြောင်း ဖော်ပြသည်။ ၎င်းသည် ဟဂ်ျပြုလုပ်နိုင်ရန်လိုအပ်သည်များ ပြည့်စုံသော်လည်း ဟဂ်ျမပြုလုပ် မဆောက်တည်ချေ။ သူသည်လည်း တနည်းအားဖြင့်ဆိုလျှင် အလ္လာဟ်အရှင်မြတ် အမိန့်ပညတ်ချက်ကို ငြင်းပယ်သူပင်ဖြစ်သည်။ ၎င်းသူအတွက် ဆိုလျှင် "အကြင်သူသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ငြင်းပယ်သည်ရှိသော်" ဟူသောစကားလုံးများသည် ဆုံးမခြင်းနှင့် သတိပေးခြင်းအသွင်ဖြင့် သုံးနှုန်းလိမ့်မည်ဖြစ်သည်။ ယင်းသူသည် မယ်ကြည်သွေဖည်ငြင်းပယ်သူတစ်ဦး ဟဂ်ျမပြုလုပ်သကဲ့သို့ လုပ်ကိုင်နေသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော သူသည်လည်း ၎င်းသူများထဲမှ တစ်ဦးကဲ့သို့ဖြစ်သည်ဟု မိန့်ကြားထားခြင်းဖြစ်သည်။

ထို့ကြောင့် မုစ်လင်မ်မမှသတ်ပညာရှိများက မိန့်ကြားသည်မှာ ဤအာယသ်တော်သည် တတ်စွမ်းနိုင်သူများ ဟဂ်ျမပြုလုပ်ခြင်းအတွက် ပြင်းထန်စွာ သတိပေးချက်တစ်ရပ်ဖြစ်သည်။ ၎င်းတို့၏ ဂရုမပြုသော ဤလုပ်ရပ်သည် မယ်ကြည်သွေဖည်ငြင်းပယ်သူများနှင့်တူလာစေသည်။ ထိုကဲ့သို့သော ကြမ္မာမျိုးမှ ကင်းဝေးရန် ကျွန်ုပ်တို့ အရှင်မြတ်ထံပါး ခိုလှုံကြပါစို့။

အာယသ် (၉၈–၁၀၁)

قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لِمَ تَكْفُرُونَ بِـَٔايَٰتِ ٱللَّهِ وَٱللَّهُ
شَهِيدٌ عَلَىٰ مَا تَعْمَلُونَ ﴿٩٨﴾ قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لِمَ تَصُدُّونَ عَن
سَبِيلِ ٱللَّهِ مَنْ ءَامَنَ تَبْغُونَهَا عِوَجًا وَأَنتُمْ شُهَدَآءُ ۗ وَمَا ٱللَّهُ
بِغَٰفِلٍ عَمَّا تَعْمَلُونَ ﴿٩٩﴾ يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن تُطِيعُوا۟ فَرِيقًا
مِّنَ ٱلَّذِينَ أُوتُوا۟ ٱلْكِتَٰبَ يَرُدُّوكُم بَعْدَ إِيمَٰنِكُمْ كَٰفِرِينَ ﴿١٠٠﴾
وَكَيْفَ تَكْفُرُونَ وَأَنتُمْ تُتْلَىٰ عَلَيْكُمْ ءَايَٰتُ ٱللَّهِ وَفِيكُمْ رَسُولُهُۥ ۗ
وَمَن يَعْتَصِم بِٱللَّهِ فَقَدْ هُدِىَ إِلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿١٠١﴾

အသင်တို့သည် (ထို-အထက်ကျမ်းဂန်ရရှိသူတို့အား ဤသို့) ပြောကြားပါလေ။ "အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို အဘယ်ကြောင့် ငြင်းပယ်ကြပါသနည်း။ စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသော ကိစ္စအဝဝကို မျက်မြင်အသိသက်သေပင် ဖြစ်တော်မူသည်။ (၃း၉၈)

(အို-နဗီတမန်တော်) အသင်သည် (ယင်းအထက်ကျမ်းဂန်ရရှိသူတို့အား ဤသို့) ပြောကြားပါလေ။ "အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူတို့အား အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်မှ ထိုတရားလမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေစူးစမ်း (ဖန်တည်း) ကာ အဘယ်ကြောင့် ပိတ်ပင်တားဆီးကြပါသနည်း။ စစ်စစ်တစ်မူကား (အလ္လာဟ်အရှင်မြတ်၏တရား လမ်းစဉ်မှန်ကန်ကြောင်းနှင့်စပ်လျဉ်း၍) အသင်တို့ကိုယ်တိုင်ပင်လျှင် အသိသက်သေများဖြစ်ကြကုန်၏။ထို့မှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကိုမေ့လျော့လျစ်လျူရှုတော်မူမည့် အသျှင်လည်းမဟုတ်ချေ။ (၃း၉၈-၉၉)

အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အကယ်၍ အသင်တို့သည် (အထက်) ကျမ်းဂန်ရရှိသူတို့အနက် လူတစ်စု(၏စကား)ကို လိုက်နာကြပါမူ ယင်းသူတို့သည် အသင်တို့အား အသင်တို့ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြပြီးနောက် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သောသူများအဖြစ်

သို့ ပြန်လည်ရောက်ရှိစေကြကုန်အံ့။ (၃း၁၀၀)

ဂင်းပြင် အသင်တို့သည် မည်သည့်နည်းနှင့် မယုံကြည်သွေဖည်ခြင်းပယ်နိုင်ကြအံ့နည်း။ စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များလည်း အသင်တို့ ရှေ့ဝယ်ဖတ်ကြားလျက်ရှိ၏။ ထိုမှတစ်ပါး ထို (အလ္လာဟ်) အရှင်မြတ်၏ ရစူလ်တမန်တော်(မုဟမ္မဒ်ﷺ)သည်လည်း အသင်တို့ အတွင်း၌ရှိနေလေပြီ။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ်ကို မြဲမြံစွာဖက်ကိုင်၍ထားပါလျှင် ထိုသူသည် ဖြောင့်မတ် မှန်ကန်သော တရားလမ်းစဉ်သို့ ဧကန်မလွဲ ညွှန်ကြားပြခြင်းခံရလတ္တံ့။ (၃း၁၀၁)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော်များအချို့သည် ရှေးကျမ်းရပုဂ္ဂိုလ်များ၏အကြောင်း၊ ဂင်းတို့၏မှားယွင်းသော ယုံကြည်မှုများနှင့် ဂင်းတို့၏ဒွိဟသံသများကို တင်ပြထားသည်။ ထို့နောက်ဗိုင်သုလ္လာဟ်နှင့် ဟဂ်အကြောင်း ဖော်ညွှန်းမှုများ တင်ပြထားခဲ့သည်။ ယခုတစ်ဖန်ပြန်လည်၍ ရှေးကျမ်းရပုဂ္ဂိုလ်များကို ဦးတည်မိန့်ကြားထားသည်။ ဤအာယသ်တော်များသည် ထူးခြားသည့် အဖြစ်အပျက်တစ်ခုအကြောင်းနှင့် ဆက်နွယ်နေသည်။ မုစ်လင်မ်များအပေါ် အမြဲတန်း မလိုတမာစိတ်မွေးသော ရှမားစ်အိဗ်နိကိုက်စ်ဟူသည့် ဂျူးတစ်ဦးရှိခဲ့သည်။ တစ်ချိန်က ဂင်းသည် အန်ဆွာမျိုးနွယ်များဖြစ်သော အောက်စ်နှင့်ခဇ်ရာဂ်မျိုးနွယ်နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး တစ်နေရာတွင် ချစ်ကြည်လျှက် တွေ့မြင်ရသောအခါ ဂင်း၏မနာလိုဝန်တိုစိတ်သည် သူ့ကိုလွှမ်းမိုးကာ ထိုလူနှစ်ဦးကြားမသင့်မြတ်စေရန်အတွက် နည်းလမ်းရှာဖွေခဲ့သည်။ နောက်ဆုံးတွင် လူတစ်ဦးကို ခေါ်၍ပြောသည်မှာ ထိုမျိုးနွယ်မတူသည့် လူနှစ်ဦးသည် အစ္စလာမ်မထွန်းမီက တစ်ဖက်နှင့်တစ်ဖက် နှစ်ရှည်လများ တိုက်ခိုက်ခဲ့ကြပြီး မျိုးနွယ်နှစ်ရပ်စလုံးသည် ဂင်းတို့၏ မျိုးနွယ်ဂုဏ်ကို ဖော်ကျူးထားသည့် ကဗျာလင်္ကာများရွတ်ဆိုခဲ့ကြသူများ ဖြစ်သည်ဟု ပြောသည်။ ထို့ကြောင့် ဂင်းတို့နှစ်ဦးအတူနေထိုင်စဉ် ကိုယ့်မျိုးနွယ်ကို ကိုယ်ချီးကျူးသည့် ကဗျာလင်္ကာများရွတ်ဆိုရသော် မကောင်းလောဟု ပြောခဲ့သည်။ ဤကဗျာလင်္ကာများရွတ်ဆိုခဲ့သည်နှင့် စိတ်လှုပ်ရှားမှုမြင့်တက်ကာ အပြန်အလှန်စွပ်စွဲမှုများ ဖြစ်ပေါ်လာ၍ တိုက်ပွဲအသစ်စတင်ကြရန် နေရာနှင့်အချိန်သတ်မှတ်ပြီးသည်အထိ ဖြစ်သွားကြသည်။ ဤအကြောင်း တမန်တော်မြတ်ﷺ သခင်ကြားသိရသောအခါ ဂင်းတို့ထံရောက်ရှိ၍ မိန့်ကြားသည်မှာ "ဘာတွေဖြစ်ကုန်ကြတာလဲ" မင်းတို့အလယ်မှာ ဇါဟိုယ်တော်ရှိပြီး မုစ်လင်မ်ဖြစ်လာကာ တစ်ဦးနှင့်တစ်ဦး ညီညွတ်ချစ်ခင်လျက်ရှိခဲ့ပြီးမှ အခုလိုဘာကြောင့် ဖြစ်လာရတာလဲ။ ဤကိစ္စသည် မသိနားမလည်မှုသက်သက်မျှသာဖြစ်သည်။ မင်းတို့ ဤလို အဓိမာန်ယူပြီးသည့် အခြေအနေမျိုးတွင် ကုဖိရ်အဖြစ် ပြန်ပြောင်းသွားချင်လို့လား။"

ဂင်းတို့သည် တမန်တော်မြတ်ﷺ သတိပေးချက်ကို စိတ်ထဲစွဲဝင်သွားစေခဲ့ပါသည်။ ဤသို့လွဲချော်သွားခြင်းသည် ရှိုင်တွာန်ကြောင့်ဖြစ်ကြောင်း ဂင်းတို့သိသွားခဲ့ပါသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ဖက်ကြကာ

ဝိုကြွေး၍ သောင်ဗဟ်ဝန်ချတောင်းပန်ကြသည်။ ဤအဖြစ်အပျက်၏ နောက်ခံအကြောင်းကြောင့် ဤအာယသ် တော်ကျရောက်ခဲ့သည်။

ဤအဖြစ်အပျက်ကို ရူဟုလ်မအာနီကျမ်းတွင် အိဗ်နိအစ္စဟာက်၏ ဆင့်ပြန်ချက်အဖြစ် ဖော်ပြထားသကဲ့သို့ ဇိုက်အိဗ်နိ အတ်စ်လာမ်မှ ဆင့်ပြန်ချက်ကိုလည်း အခြားကျမ်းများတွင် ဖော်ပြထားသည်။ ဤအကြောင်းအရာကိုလည်း အခြားကျမ်းများတွင် ဖော်ပြထားသည်။ ဤအကြောင်းအရာကို ဤအာယသ်မှစ၍ နောက်အာယသ် အချို့တွင်လည်း ဆက်လက်ဖော်ပြထားသည်။ အာယသ်တော်များသည် ဤအဖြစ်အပျက်ကို ပူးပေါင်းကြံစည်သော ရှေးကျမ်းရပ္ဂိုလ်များကို သတိပေးဆုံးမစကားဖြင့် စတင်ထားသည်။ သတိပေးဆုံးမရာတွင် အာဝိဇ္ဇနိးရွှင်စွာနှင့် မည်သို့စတင်သနည်းဆိုလျှင် ၎င်းတို့လုပ်ရပ်ကို ပြစ်တင်ဆုံးမမှု မပြုလုပ်မီ ၎င်းတို့၏ မယုံကြည်မှုများနှင့် စတင်ထားသည်။ မည်သို့နည်းဟူမူ ၎င်းတို့သည် ယုံကြည်သူများကို လမ်းမှားသို့ဆွဲဆောင်မည့်အစား ၎င်းတို့ကိုယ်တိုင် လမ်းမှန်ပေါ်လျှောက်လှမ်း အနှစ်သာရပိုကောင်းမည့်အကြောင်းဖြင့် စထားသည်။ ဆက်၍ မုစ်လင်မ်များ သတိမူမိစေရန် ဦးတည်မိန့်ကြားထားသည်မှာ မည်သည့်အခါမျှ မမှားမယွင်းနိုင်သော ရင်းမြစ်ကြီးနှစ်ခုဖြစ်သည့် အလ္လာဟ်အရှင်မြတ်၏ ကျမ်းနှင့် အလ္လာဟ်၏တမန်တော်တည်းဟူသော သြဇာအရှိန်အဝါနှစ်ခုကြောင့် မုစ်လင်မ်တို့သည် ၎င်းတို့၏ ယုံကြည်မှုတွင် တည်တံ့ခိုင်မြဲရန် အကူအညီရလိမ့်မည်ဖြစ်ကြောင်းပင်တည်း။

وَمَنْ يَّعْتَصِمْ بِاللّٰهِ "စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို မြဲမြံစွာဖက်ကိုင်၍ ထားပါလျှင်" ဟူသော ဖော်ပြချက်တွင် "အိအ်တီစာမ်" ဟူသော အလ္လာဟ်အရှင်မြတ်အား မြဲမြံစွာဖက်ကိုင်ခြင်းအဖြစ် ရောက်ရန်မှာ တစ်စုံတစ်ဦးသည် ၎င်း၏အီမာန်(သို့) ယုံကြည်မှုကို ခိုင်မြဲစေရုံး အီမာန်၏ လိုလားချက်များအားလုံးကို ဖြည့်ဆည်းလုပ်ဆောင်ရပေလိမ့်မည်။ အီမာန်၏ လိုအပ်ချက်များမှာ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်၏ ဂုဏ်တော်များကို အတည်ပြုသင့်သည်။ အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်အပေါ် ခိုင်မာစွာ ယုံကြည်ရမည်။ သို့လုပ်ဆောင်ရာတွင် မည်သည့်တုဖက်ယှဉ်ပြိုင်သူ၏ အဆင့်ကိုမဆို ထောက်ခံရန် ဆွဲဆောင်ခံရခြင်းကိုမျှ မခံစေရ ပါ။ ဤကဲ့သို့ပြုလုပ်သောသူသည် မှန်ကန်သောလမ်းကို အသေအချာ ညွှန်ပြခံရမည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သော သူသည် လမ်းမှန်ပေါ်တွင်ရှိနေပြီးယင်းက အလ္လာဟ်အရှင်မြတ်ကတိပြုထားသော ကောင်းချီးမင်္ဂလာနှင့် အကျိုး ဖြစ်ထွန်းမှုများ၏ သော့ချက်ပင်ဖြစ်သည်။

VVVVVVVVVV

အာယသ် (၁၀၂-၁၀၃)

يَٰٓأَيُّهَا
ٱلَّذِينَ ءَامَنُواْ ٱتَّقُواْ ٱللَّهَ حَقَّ تُقَاتِهِۦ وَلَا تَمُوتُنَّ إِلَّا وَأَنتُم
مُّسۡلِمُونَ ١٠٢ وَٱعۡتَصِمُواْ بِحَبۡلِ ٱللَّهِ جَمِيعٗا وَلَا تَفَرَّقُواْ وَٱذۡكُرُواْ
نِعۡمَتَ ٱللَّهِ عَلَيۡكُمۡ إِذۡ كُنتُمۡ أَعۡدَآءٗ فَأَلَّفَ بَيۡنَ قُلُوبِكُمۡ فَأَصۡبَحۡتُم
بِنِعۡمَتِهِۦٓ إِخۡوَٰنٗا وَكُنتُمۡ عَلَىٰ شَفَا حُفۡرَةٖ مِّنَ ٱلنَّارِ فَأَنقَذَكُم
مِّنۡهَاۗ كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمۡ ءَايَٰتِهِۦ لَعَلَّكُمۡ تَهۡتَدُونَ ١٠٣

အို-(မုဟ်မင်န်) ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် မုစ်လင်မ်အဖြစ်မှတစ်ပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်။(၃း၁၀၂)

ထို့ပြင်တစ်ဝ အသင်တို့သည် တစ်စည်းတစ်လုံးတည်း အလ္လာဟ်အရှင်မြတ်၏ ကြိုးကိုစွဲမြဲစွာ ကိုင်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် အချင်းချင်း သွေးမကွဲကြကုန်လင့်။ တစ်ဖန် အသင်တို့သည် မိမိတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ် ပြုတော်မူသော ကျေးဇူးတော်ကိုလည်း ပြန်လည်၍ သတိရကြကုန်လော့။ အခါတစ်ပါး၌ အသင်တို့သည် (မိမိတို့အချင်းချင်း တစ်ဦးနှင့် တစ်ဦး) ရန်သူများပင် ဖြစ်ခဲ့ကြပေရာ ထို(အလ္လာဟ်)အရှင်မြတ်သည် အသင် တို့၏ စိတ်နှလုံးများကို ချစ်ခင်ညီညွတ်စေတော်မူခဲ့၏။ သို့ဖြစ်၍ အသင်တို့သည် (ယခုအခါ) ထိုအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် (မိမိတို့အချင်းချင်း) ညီရင်းအစ်ကိုများပင် ဖြစ်ခဲ့ကြချေပြီ။ ၎င်းပြင် အသင်တို့သည် "ဂျဟန္နမ်" ငရဲမီး၏နှုတ်ခမ်းသို့ (လုံးဝ) ရောက်ရှိခဲ့ကြပေရာ ထိုအရှင်မြတ်သည် အသင်တို့အား (အစ္စလာမ်သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူခြင်းအားဖြင့်) ယင်းငရဲမီးမှ ကယ်ဆယ်တော်မူခဲ့လေပြီ။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဒေသနာတော်များကို ထင်ရှားစေတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေမည်။ (၃း၁၀၃)

အကျယ်ဖွင့်ဆိုချက်

ပြီးခဲ့သော အာယသ်တော်များထဲတွင်း ရှေးကျမ်းရပုဂ္ဂိုလ်များနှင့် အခြားသောသူတို့သည် မုစ်လင်မ် များကို ဖြောင့်မတ်မှန်ကန်သောလမ်းမှ သွေဖည်သွားစေလိုကြကြောင်း သတိပေးထားသည်။ ထို့ကြောင့် မုစ်လင်မ်များသည် ထိုသူများ၏ လှုပ်ရှားမှုများကို အမြဲသတိရှိနေကြ၍ ၎င်းတို့၏ မုစ်လင်မ်ဆန့်ကျင်ရေး လုပ်ရပ် များကို တုန့်ပြန်ရန်အတွက် အသင့်ကြိုတင်ပြင်ဆင်ထားရပေမည်။

ယခုဖော်ပြပါ အာယသ်တော်နှစ်ပိုဒ်ထဲတွင် အရေးကြီးသောမူနှစ်ရပ် ဖော်ပြထားသည်။ ထိုမူနှစ်ရပ် ကြောင့် မုစ်လင်မ်တို့၏ စုပေါင်းအင်အားကို မထိုးဖောက်နိုင်ကြချေ။

(၁) သတ်ဂ်ဝါ

(၂) စည်းလုံးညီညွတ်မှု

ပထမမူသည် အာယသ်တော်နှစ်ပိုဒ်မှ ပထမအာယသ်တော်ထဲတွင် ပါဝင်သည်။ ဒုတိယမူသည် ဒုတိယ အာယသ်တော်ထဲတွင် ပါဝင်သည်။ ပထမအာယသ်တော်တွင်ပါသော ပထမမူမှာ တစ်စုံတစ်ဦးသည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေရပါမည်။ အလ္လာဟ်အရှင်မြတ်အတွက် ထမ်းဆောင်ရမည့်တာဝန်များဖြစ် သော တားမြစ်ထားသည့်အရာများကိုဖြစ်စေ မလိုလားအပ်သည်များအားလုံးကိုဖြစ်စေ ရှောင်ကြဉ်ရာတွင် အနှစ်သာရ ပြည့်ဝစွာ နှင့် ထမ်းဆောင်နိုင်ရန်အတွက် မိမိဘဝကို စုစည်းစီမံလုပ်ဆောင်သင့်ပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသည့်အတိုင်း လုပ်ဆောင်ရပေမည်။

သတ်ဂ်ဝါဆိုသည်မှာ မည်သည်နည်း

အရဗီဘာသာ၌ သတ်ဂ်ဝါဆိုသောစကားလုံးသည် ရှောင်ကြဉ်ခြင်းဟု ဖော်ညွှန်းသည်။ ထိုစကားလုံး အားကြောက်ရွံ့ရိုသေခြင်းဟု ဘာသာပြန်ဆိုရခြင်းသဘောမှာ တစ်စုံတစ်ဦးအား ရှောင်ရှားရန်ခိုင်းထားသော အရာများသည် ကြောက်ရွံ့မှုကို ဖြစ်စေသောအရာများဖြစ်သည်။ သို့မဟုတ်ပါလျှင် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခံ ရခြင်းအန္တရာယ်ကို သတိပေးခြင်းဖြစ်သည်။

သတ်ဂ်ဝါတွင် ကိုယ်ပိုင်အဆင့်အတန်းများရှိ၍ အနိမ့်ဆုံးအဆင့်အတန်းမှာ ကုဖ်ရ်နှင့် ရှိရ်ဂ်ကို ရှောင် ရှားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တရားတော်များကို မယုံကြည်ခြင်းနှင့် အရှင်မြတ်၏ ဂုဏ်တော်နှင့် ယှဉ်၍တုဖက်ယှဉ်တွဲခြင်းဖြစ်သည်။ ဤသဘောအရဆိုလျှင် မုစ်လင်မ်တိုင်းသည် အကယ်၍ ပြစ်မှုဒုစရိုက်များ ကျူးလွန်သည့်တိုင် မုသ်သကီ (သတ်ဂ်ဝါအရည်အချင်းရှိသူ) အဖြစ်မှတ်ယူနိုင် သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် မုသ်သကီးန် (မုသ်ကီ၏အများကိန်း)နှင့် သတ်ဂ်ဝါ ဟူသောစကားလုံးများကို ထိုသဘောအတိုင်းသုံးနှုန်းထားခဲ့သည်။ အမှန်လိုလားနှစ်သက်ဖွယ်ရာဖြစ်သည်မှာ သတ်ဂ်ဝါ၏ ဒုတိယအဆင့်ပင်ဖြစ်သည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့ မနှစ် သက်သည်များကို ရှောင်ရှားခြင်းဖြစ်သည်။ ဤရှောင်ရှားမှုအဆင့်အတန်းကြောင့် ကုရ်အာန်နှင့် ဟဒီးဆ်တော်များ တွင် ကတိပြုထားခဲ့သော သတ်ဂ်ဝါ၏ ထွဋ်မြတ်ခြင်းနှင့် ကောင်းချီးမင်္ဂလာများကို ရေတွက်ဖော်ပြထားသည်။

သတ်ဂ်ဝါ၏ တတိယအဆင့်အတန်းနှင့်ပတ်သက်လျှင်မူ အဆင့်မြင့်သော တမန်တော်﴿ﷺ﴾ များ၊ ၎င်းတို့၏ ရိုသေကိုင်းရှိုင်းသော သာဝကကြီးများနှင့် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များအတွက်သာဖြစ်၍ ယင်းအဆင့် အတန်းမှာမူ လူတိုင်းလူတိုင်း လက်လှမ်းမမီနိုင်ချေ။ သတ်ဂ်ဝါ၏ တတိယအဆုံးတွင် အလ္လာဟ်နှင့် မသက်ဆိုင် သောအရာများ တစ်စုံတစ်ဦး၏ နှလုံးသားထဲသို့ ချင်းနင်းဝင်ရောက်ခြင်းမှ ကာကွယ်ခြင်း၊ အလ္လာဟ် အရှင်မြတ်အား သတိရတသခြင်းများနှင့် နှလုံးသား ပြည့်ဝနေစေခြင်းဖြင့် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက် စေရန် ဆန္ဒပြင်းပြခြင်းတို့ ဖြစ်သည်။ ၎င်းတို့သည် ကြီးမားသော အလုပ်တာဝန်များ ဖြစ်ကြသည်။

သတ်ဂ်ဝါတွင် ရှိသင့်သော အဓိပ္ပာယ်

သတ်ဂ်ဝါရရှိရန် ညွှန်ကြားချက်ပေးစဉ်တွင် ကုရ်အာန်ကျမ်းတော်မြတ်သည် သတ်ဂ်ဝါဟူသော စကား လုံးကို **تُـقٰـتِـهٖ** "ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း" ဟူသော စကားလုံးနှင့် အထူးပြုထား သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် သတ်ဂ်ဝါအဆင့်အတန်း တစ်ရပ်ကို ယင်းနှင့်ထိုက်တန်သည့်အတိုင်း ရရှိရန် ကြိုးပမ်းရမည်။

ဤကိစ္စကို ဆွဟာဗဟ်သာဝကကြီးများဖြစ်ကြသော အဗ်ဒုလ္လာဟ် အိဗ်နို မတ်စ်အူးဒ်၊ ရဗီအ်၊ ကသာဒဟ် နှင့် ဟစန်အလ်ဗဆွရီ ﴿رحمهم الله﴾ သခင်များက အောက်ပါစကားလုံးများနှင့် ရှင်းလင်းထားသည်။

حَقَّ تُقٰتِهٖ هو ان يُّطاع فلا يُعصى ويذكر فلايُنسى رَيُشكر فلايُكفر (البحر المحيط)

"အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ရိုသေကြလေကုန်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် နာခံသည်၊ ထို့နောက် မနာခံခြင်းလည်း မပြုလုပ်။ အောက်မေ့တသ သတိရသည်။ ထို့နောက် မေ့လျော့ခြင်းလည်းမရှိ။ ထို့ပြင် ကျေးဇူးလည်းတင်ရှိသည်။ ထို့နောက် ကျေးဇူး လည်းမကန်းချေ။" (အလ်ဗဟ်ရ်အလ်မုဟီဒ်)

အထက်ပါရှင်းလင်းချက်သည် တမန်တော်မြတ်﴿ﷺ﴾ ကိုယ်တော်တိုင် မိန့်ကြားချက်ဖြစ်၍ ကွင်းဆက် မပြတ်ဘဲ ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်ဖြစ်သည်။

အဓိက အကျယ်ပြန်သူများက အထက်ပါဆင့်ပြန်ချက်အနှစ်သာရကို ကွဲပြားစွာနှင့် ရှင်းလင်းခဲ့ပါသည်။ ပမာဆိုသော အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြကုန်ဆိုသည်မှာ "အလ္လာဟ် အရှင်မြတ်ကို နာခံမှုပြုရာတွင် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေသော ဝေဖန်ချက်များ မည်သည့်နေရာမှလာသည် ဖြစ်စေ ဖယ်ရှားသင့်သည်။ မှန်ကန်သည့် ကိစ္စတွင်ရပ်တည်ရာ၌ ယင်းကိစ္စသည် သူ့ကိုယ်ကိုဖြစ်စေ၊ သူ၏သားသမီး များကိုဖြစ်စေ၊ သူ၏ မိဘများကိုဖြစ်စေ ထိခိုက်နစ်နာစေသော်လည်း စွဲမြဲခိုင်မာစွာ ရပ်တည်ရမည်။ အချို့က ပြောပြသည်မှာ သူ၏နှုတ်လျှာကို မထိန်းသိမ်းသမျှ တစ်စုံတစ်ဦးသည် ထိုက်တန်သော သတ်ဂ်ဝါရရှိနိုင်မည်ဟု မည်သည့်အခါမျှ မမျှော်လင့်နိုင်ချေ။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ -

اِتَّقُوا اللّٰهَ مَااسْتَطَعْتُمْ

"အသင်တို့သည် မိမိတို့တတ်စွမ်းနိုင်သမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။" (၆၄:၁၆)

ဆွဟာဗဟ်သာဝကကြီးများဖြစ်သော အိဗ်နိအဗ္ဗာစ်နှင့် သအ်ဝုစ်﴿ﷺ﴾တို့၏ အဆိုအရ ဤသည်မှာ حَقَّ تُقٰتِهٖ "အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း" ဟူသည်၏ ရှင်းလင်းချက်မှအပ မည်သည်မျှ မဟုတ်ချေ။ ဆိုလိုသည်မှာ လူတစ်ဦးသည် အစွမ်းကုန်ကြိုးစား၍ ၎င်း၏အာရုံများ အင်အားများကို မကောင်း သည့်အရာများမှ ကာကွယ်ရန်အလို့ငှာ သုံးစွဲခဲ့ပါလျှင် "သတ်က်ဝါ"၏ မပြုမနေရတာဝန်ကို အမြဖြည့်ဆည်းပြီး ဖြစ်ပေလိမ့်မည်။ အကယ်၍ တစ်စုံတစ်ဦးသည် တတ်စွမ်းသမျှအားလုံး လုပ်ဆောင်ပြီးနောက် ခွင့်မပြုသော ကိစ္စတစ်ရပ်လုပ်ဆောင်မိပါက ယင်းသို့ပြုလုပ်မိခြင်းသည် ထိုက်တန်သော "သတ်က်ဝါ"နှင့် ဆန့်ကျင်သည်ဟု မှတ်ယူလိမ့်မည် မဟုတ်ချေ။

ဆက်တိုက်ဖော်ပြထားသော وَلَا تَمُوْتُنَّ اِلَّا وَاَنْتُمْ مُّسْلِمُوْنَ "၎င်းပြင် မုစ်လင်မ်များအဖြစ်မှတစ်ပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်" ဟုသော မိန့်ကြားချက်သည် "သတ်က်ဝါ" ဆိုသည်မှာ မည်သည်ဖြစ်သည်ကို ကျွန်ုပ်တို့အား ပြောပြနေခြင်းဖြစ်သည်။ စင်စစ် အစွလာမ်တစ်ရပ်လုံးသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့၏အမိန့်ကို လုံးဝဥဿုံ ရိုကျိုးနာခံခြင်းဖြစ်၍ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ် တမန်တော် နှစ်ခုစလုံး၏ အမိန့်ဖီဆန်ခြင်းမှ လုံးဝဥဿုံ ရှောင်ရှားခြင်းဖြစ်သည်။ ယင်းသည်ပင်လျှင် "သတ်က်ဝါ" ဖြစ်၍ ဤသည်ပင် အစွလာမ်ဖြစ်သည်။

"၎င်းပြင် မုစ်လင်များအဖြစ်မှတစ်ပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်" ဟူသော အာယသ်တော်ထဲပါ အမိန့်သည် ဒွိဟသံသယတစ်ရပ်ဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် သေခြင်းတရားကို ထိန်းချုပ်နိုင်စွမ်းမရှိ၍ ယင်းသေခြင်းတရားသည် မည်သည့်နေရာ မည်သည့်အချိန်တွင်မဆို ကျရောက်နိုင်သည်။ အောက်ဖော်ပြပါ ဟဒီးဆ်တော်ကို ကျွန်ုပ်တို့ ဆင်ခြင်တွေးတောလျှင် ယင်းသံသယပယ်ရှားပြီးဖြစ်သည်။

كَمَا تُحْيُوْنَ وَتَمُوْتُوْنَ وَكَمَا تَمُوْتُوْنَ تُحْشَرُوْنَ

"အသင်ကျင့်ကြံနေထိုင်သကဲ့သို့ အသင်သေဆုံးရလိမ့်မည်။ အသင်သေဆုံးသကဲ့သို့ပင် ပြန်လည်ရှင်ထရလိမ့်မည်။"

ထို့ကြောင့် တစ်စုံတစ်ဦးသည် ၎င်း၏ဘဝတစ်လျှောက်လုံးအစွလာမ် မူဝါဒနှင့်အညီ နေထိုင်မည်ဟု ဆုံးဖြတ်ချက်ချ၍ ထိုမူအတိုင်း အတတ်နိုင်ဆုံး စွဲမြဲစွာ ကျင့်ကြံလုပ်ဆောင်ခဲ့ပါက အင်ရှာအလ္လာဟ် သူ၏သေဆုံးခြင်းသည် အစွလာမ်အနေဖြင့် မုချသေဆုံးရလိမ့်မည်။ အချို့သော ဟဒီးဆ်တော်များ၌ ဆင့်ပြန်ထားသည်မှာ ဘဝတစ်သက်တာလုံး ကောင်းမှုကောင်းရာ ပြုလုပ်သွားသောသူအချို့ရှိပါလိမ့်မည်။ သို့သော်လည်း ကွယ်လွန်သေဆုံးခါနီးနောက်ပိုင်းတွင် တစ်စုံတစ်ရာအဆိုးဆုံးကို ပြုလုပ်ခဲ့သောကြောင့် ရှေ့ပိုင်းပြုလုပ်ခဲ့သော ကောင်းမှုကောင်းရာတစ်ခုလုံးသည် အချိုးအနှိုးဖြစ်သွားပေလိမ့်မည်။ အစကနဦးမှစ၍ ရိုးသားစွာနှင့် စွဲမြဲစွာလုပ်ဆောင်

ခြင်း မဟုတ်သောသူများသာလျှင် ထိုကဲ့သို့သော ကြမ္မာမျိုးကျရောက်နိုင်ပါသည်။

စည်းလုံးညီညွတ်ခြင်း၊ မုစ်လင်မ်များ၏ စုပေါင်းအင်အားဖြစ်စေသော ဒုတိယမူ

ဒုတိယအာယသ်တော်ဖြစ်သော အာယသ်တော် (၁၀၃) **وَاعْتَصِمُوْا بِحَبْلِ اللهِ جَمِيْعًا** "ထို့ပြင်တစ်ဝ အသင်တို့သည် တစ်စည်းတစ်လုံးတည်း အလွှာဟ်အရှင်မြတ်၏ကြိုးကို စွဲမြဲစွာကိုင်ထားကြလေကုန်" ထဲတွင် စည်းလုံးညီညွတ်မှု၏ ရွှေစည်း မျဉ်းကို အာဝဇ္ဇန်းရွှင်စွာနှင့် ဉာဏ်ပညာရှိစွာ မိန့်ကြားထားသည်။ ထိရောက်စွာ စည်းလုံးစေနိုင်သော ထိုမူဝါဒ ကိုစည်းလုံးညီညွတ်ရန် အမိန့်မပေးမီ ဖော်ပြထားသည်။ ထို့နောက်တွင်မှ သွေးကွဲခြင်းနှင့် ကစဉ့်ကလျားဖြစ်ခြင်း ကို တားမြစ်ကြောင်း မိန့်ကြားထားသည်။

ဤသည်ကို အနည်းငယ် အကျယ်ချဲ့ရလျှင် စည်းလုံးညီညွတ်ခြင်းဆိုသည်မှာ ကောင်းမြတ်၍ နှစ်လို ဖွယ်ရာဖြစ်သည်ဟု ပြောနိုင်သည်။ လူသားအားလုံးသည် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်ဘာသာ နှင့် မည်သည့်လူနေမှုဘဝ ကျင့်သုံးသည်ဖြစ်ပါစေ ယင်းအခြေခံအယူအဆကို ယေဘုယျ ထောက်ခံကြပါသည်။ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အငြင်းအခုန်ဖြစ်ခြင်းသည် ပင်ကိုယ်အားဖြင့် ကောင်းသည်၊ အသုံးဝင်သည်ဟု ပြောဆိုသူ တစ်စုံတစ်ဦးကို ရှာတွေ့ရန် ခဲယဉ်းပေသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးရှိအားလုံးသောအုပ်စုများ၊ အဖွဲ့အစည်းများသည် လူအများစည်းလုံးညီညွတ်ကြရန် အမြဲ ပြောဆိုကြသည်။ သို့သော်လည်း အတွေ့ အကြုံအရ ကမ္ဘာပေါ်ရှိ ကိစ္စရပ်များသည် အားလုံးအကောင်းချည်း မဟုတ်ကြချေ။ စည်းလုံးညီညွတ်မှုမှာ အသုံးဝင်၍ လိုအပ်သည် ဆိုသည်ကို လူတိုင်းကသဘောတူညီကြသည်မှာ သံသယမရှိသော်လည်း လူသားထုမှာ ဂိုဏ်းဂဏများ၊ အုပ်စုများနှင့် အဖွဲ့အစည်းများအဖြစ် ကွဲပြားနေကြသည်။ ထို့နောက် ဂိုဏ်းထဲမှ ဂိုဏ်းကွဲများ ပေါ်ပေါက်လာခြင်း၊ ပါတီမှ ပါတီခွဲများ ပေါ်လာခြင်းတို့သည် အစဉ်မပြတ်ဖြစ်လာခြင်းဖြင့် စည်းလုံးညီညွတ်မှုဆိုသည်မှာ ရယ်ဖွယ်ကောင်းသော အယူအဆဖြစ်လာကာ လူနှစ်ဦးစည်းလုံးညီညွတ်သည် ဆိုခြင်းပင်လျှင် ဒဏ္ဍာရီတစ်ရပ်ဖြစ်လာလိမ့်မည်။ လူအချို့သည် ယာယီဦးတည်ချက်များ၏ စေ့ဆော်မှုကြောင့် တစ်စုံတစ်ခုအပေါ် သဘောတူညီခဲ့ကြပြီး ရည်မှန်းချက်များ မရရှိ၍သော်လည်းကောင်း၊ ထိုရည်မှန်းချက်အကောင် အထည်မဖော်လျှင်သော်လည်းကောင်း၊ စည်းလုံးညီညွတ်မှုမှာ ပျောက်ပျက်သွားကာ အချင်းချင်း တကျက်ကျက် ဖြစ်ခြင်းနှင့် ရန်လိုခြင်းများသာ အဖတ်တင် ကျန်ရစ်ပေမည်။

အုပ်စုတိုင်း၊ ဂိုဏ်းဂဏတိုင်း၊ လူတိုင်းလိုလိုပင် မိမိပြုလုပ်ထားသော အစီအစဉ်များဖြင့် လူအများအား စည်းလုံးစေချင်ပါသည်။ သို့သော်လည်း လူတိုင်းသည်လည်း မိမိပြုလုပ်ထားသော အစီအစဉ်များရှိနေကြသည်ကို အနည်းငယ် စဉ်းစားဆင်ခြင်လျှင်ပင် ရှင်းလင်းစွာ သိနိုင်လိမ့်မည်။ ထို့ကြောင့် အခြားသူများနှင့် သဘောတူညီကြရန်ထက် မိမိအစီအစဉ်အောက်တွင် စုစည်းကြရန် အခြားသူများအား ဖိတ်ခေါ်ကြပါသည်။ ထို့ကြောင့် စည်းလုံး ညီညွတ်မှုအတွက် ဖိတ်ခေါ်မှုအားလုံးတို့သည် အဖွဲ့အစည်းများနှင့် လူအများအကြား အကွဲအပြားပြားကစဉ့် ကလျားဖြစ်ကုန်ကြပါသည်။ ထို့ကြောင့် ကွဲပြားခြားနားမှု ဝဲဂယက်တွင် ကျဆင်းကာ လူသားများသည်ကြီးစွာသော ဆုံးရှုံးမှုများ ဖြစ်သွားပါသည်။

ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းသာယာမှုအတွက် ဩဝါဒပေးခြင်းကို မရပ်တန့်ရုံမျှမက ကမ္ဘာပေါ်တွင် လိုလားအပ်သော အခြေအနေကိစ္စရပ်များကို ခိုင်မာစွာ ရရှိရေးအထောက်အကူပြုသည့် တရားမျှတသော မူတစ်ရပ်တင်ပြထားသည်။ ယင်းမူကြောင့် အုပ်စု၊ အဖွဲ့အစည်းအသီးသီးတို့သည် ကွဲပြားကြရန် အကြောင်းမရှိတော့ချေ။ ကိစ္စရပ်၏ အမှန်တရားကား လူသားထုမှ လူသားတစ်ဦး (သို့) အချို့တို့သည် မိမိတို့စိတ်ကူးကြံဆထားသော စနစ်တစ်ရပ်ကိုဖြစ်စေ၊ အစီအစဉ်တစ်ခုကိုဖြစ်စေ အခြားသူများလက်ခံလိမ့်မည်ဟူသော မျှော်လင့်ချက်နှင့် လုပ်ဆောင်စေခြင်းသည် တရားမျှတခြင်းနှင့် သာမာန်အသိဉာဏ်တို့ကို ဆန့်ကျင်ကာ မရိုမသေလုပ်သော မိမိကိုယ်ကိုမိမိ လိမ်ညာလှည့်စားခြင်းသာဖြစ်သည်။

သို့သော်လည်း رَبُّ الْعَلَمِيْنَ ရဗ်ဗွလ် အာလမီးန် ကမ္ဘာလောကအားလုံး ဖန်ဆင်းမွေးမြူကျွေးမွေးစောင့်ရှောက်တော်မူသောအရှင် ချမှတ်ထားသောစနစ်နှင့် အစီအစဉ်သည်ကား လူသားအားလုံး သဘာဝအလျောက် လက်ခံသင့်သော ကိစ္စသာလျှင်ဖြစ်သည်။ ယင်းကို မည်သည့်ကျိုးကြောင်းညီညွတ်သော လူသားကမျှ မငြင်းနိုင်ချေ။ ကွဲပြားခြားနားမှုကို အဖြစ်နိုင်ဆုံးသော ထိုးဖောက်ဝင်ရောက်မှုမှာ အရှင်သခင်များ၏ထိပ်ခေါင်ရဗ္ဗအရှင်သခင် ချမှတ်ပေးသော စနစ်ကို အမှန်တကယ် အကောင်အထည်ဖော်မှသာလျှင် ဖြစ်ပေမည်။ ယင်းကားဘာလဲ။ ယဟူဒီ (ဂျူး)များကပြောသည်မှာ ယင်းသည် သောင်ရသ်ကျမ်း၏စနစ်ဖြစ်သည်။ ခရစ်ယာန်ကပြောဆိုသည်မှာ ယင်းသည် ဧဝံဂေလိကျမ်း၏ စနစ်ဖြစ်သည်ဟုဆိုသည်။ အုပ်စုနှစ်ခုစလုံးက ယင်းတို့သည် အလ္လာဟ်အရှင်မြတ် ချပေးခြင်း ဖြစ်သောကြောင့် ကျမ်းပါအတိုင်း လိုက်နာရန်မှာ လိုအပ်သည်ဟု ပြောဆိုကြသည်။ ၎င်းတို့၏ ချဉ်းကပ်မှုသည် ၎င်းတို့အသီးသီး၏ ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုနှင့် ဂုဏ်တော်များ တသမှုသည်မည်သူ့ အတွက်မှ မဟုတ်ဘဲ ၎င်းတို့၏ ဘုရားများအတွက်သာလျှင် ဖြစ်သည်ဟူသည်အထိ ဖြစ်လာကြသည်။

သို့သော်လည်း အကယ်၍ လူသားသည် အလ္လာဟ်အရှင်မြတ်ပေးသနားထားသော မိမိကိုယ်ပိုင်ဆင်ခြင်တုံတရားကို အသုံးပြု၍ အုပ်စုအချင်းချင်း မနာလိုဝန်တိုမှုနှင့် ဘိုးဘေးဘီဘင်တို့၏ နည်းစနစ်ကို မျက်စိကန်းလိုက်နာမှုပေါ် တစ်ဆင့်တိုးကြည့်လျှင်မူ မလိုအပ်သောတန်ဆာဆင်မှု မပါသည့်အကြောင်းမှန်ကို ထိပ်တိုက်တွေ့ရပါလိမ့်မည်။ ယင်းအကြောင်းမှန်ကား တမန်တော်များ၏ နောက်ဆုံးတမန်တော် ﷺ သခင်သည် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးကျမ်းတော်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်နှင့်အတူ ပွင့်ပေါ်တော်မူခဲ့သည်။ ထို့အချိန်မှစ၍ မည်သည့်စနစ် (သို့) မည်သည်ကျင့်သုံးမှုပုံစံမျှ အလ္လာဟ်အရှင်မြတ်ထံတော်တွင် လက်ခံနိုင်ဖွယ်မရှိချေ။ ဤအကြောင်း၊ အကျယ်ချဲ့မှုကို ခဏထား၍ ကုရ်အာန်ကျမ်းတော်မြတ်၏ ပထမဆုံးနှင့် ပစ္စုပ္ပန်တွင် ဦးတည်ပြောသောသူများအကြောင်း ကျွန်ုပ်တို့လှည့်ကြလျှင် ၎င်းတို့သည် ဤကမ္ဘာပေါ်တွင် ထိုစနစ်ကို ယုံကြည်ကြသော မုစ်လင်မ်များဖြစ်ကြကြောင်း တွေ့ရသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်ပို့ချတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်သည် တစ်ခုတည်းသော ဘဝနေနည်းဖြစ်ကြောင်း၊ သံသယစိုးစဉ်းမျှ မရှိကြချေ။ ထိုကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ကာကွယ်ထိန်းသိမ်းရန် တာဝန်ယူထားတော်မူသောကြောင့် ကိယာမသ် တရားစီရင်မည့်နေ့တိုင် ဖြည့်စွက်ပြင်ဆင်ချက်များကိုလည်းကောင်း ပြောင်းလဲမှုများကိုလည်းကောင်း မပြုလုပ်နိုင်ချေ။ ဤအနေ အထားရ မုစ်လင်မ်မဟုတ်သော အုပ်စုများနှင့်ပတ်သက်၍ အခြားအချိန်တွင် ဆွေးနွေးပါမည်။ ကျမ်းတော်မြတ် ကုရ်အာန်ကို ယုံကြည်သော မုစ်လင်မ်များကိုသာ ကျွန်ုပ်ပြောလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ လမ်းစဉ်မှလွဲ၍ အခြားမည်သည့်လမ်းစဉ်မျှ မရှိဟု ပြောလိုသည်။ အကယ်၍

မုစ်လင်မ်များကြား ကွဲပြားသော အဖွဲ့ အစည်းများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ စနစ်အရ စည်းလုံးညီညွတ်ကြပါလျှင် လူသားများ တိုးတက်ခြင်းလမ်းကို ပိတ်ပင်ထားသော အုပ်စုနှင့် နိုင်ငံစသည်တို့အပေါ် အခြေခံထားသော ထောင်ပေါင်းများစွာ ကွဲပြားခြားနားမှုတို့သည် တမဟုတ်ချင်း ပြေလည်သွားပါလိမ့်မည်။

မုစ်လင်မ်များကြား ကျန်ရှိနေသော ကွဲပြားခြားနားမှုတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား နားလည်မှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုကြောင့်သာဖြစ်နိုင်ပေလိမ့်မည်။ အကယ်၍သာ ထိုကွဲပြားခြားနားမှုသည် သတ်မှတ်ထားသောဘောင်အတွင်း ရှိနေပါက အပြစ်လည်းမဆိုထိုက်။ လူသားများ စုပေါင်းနေထိုင်မှုအတွက်လည်း အန္တရာယ်မရှိနိုင်ချေ။ စင်စစ် ယင်းကဲ့သို့သော ထင်မြင်ယူဆချက် ကွဲပြားမှုသည် တတ်သိနားလည်သူများကြားတွင် သဘာဝပင်တည်း။ ထို့ကြောင့် ထိန်းချုပ်မှုကို လက်တွေ့လုပ်ဆောင်၍ သတ်မှတ်ဘောင် မကျူးလွန်လျှင် ဤကိစ္စရပ်ကို စီမံရန် မခဲယဉ်းချေ။ ဤသည်နှင့် ဆန့်ကျင်ကာ အကယ်၍ ကျွန်ုပ်တို့၏ အဖွဲ့အစည်းများသည် ကုရ်အာန်ကျမ်းတော်မြတ်ကို လုံးဝဥဿုံ လျစ်လျူရှု၍ တိုက်ခိုက်နေကြမည်ဆိုလျှင် ၎င်းတို့သည် ပြုပြင်ပြောင်းလဲနိုင်ချေမရှိတော့။

ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုကဲ့သို့သော သဘောထားကွဲလွဲမှုနှင့် မငြိမ်သက်မှုကို ပြင်းပြင်းထန်ထန်တားမြစ်ထားသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်သောမူဝါဒကို စွန့်လွှတ်ခြင်းကြောင့် မငြိမ်မသက်ဖြစ်ခြင်းနှင့် ဂိုဏ်းခွဲခြင်းအဖြစ်ရောက်ကာ ကျွန်ုပ်တို့လူထုအတော်တော်များများ၏ စွမ်းပကားး ဖြုန်းတီးရာရောက်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ယခုလက်ရှိ အာယသ်တော်ထဲတွင် အကွဲကွဲအပြားပြားဖြစ်နိုင်ခြင်းကို ရှောင်ရှားနိုင်ရန် နည်းလမ်းပြကာ မိန့်ကြားထားသည်မှာ -

وَاعْتَصِمُوْا بِحَبْلِ اللهِ جَمِيْعًا

"ထို့ပြင်တစ်ဝ အသင်တို့သည် တစ်စည်းတစ်လုံးတည်း အလ္လာဟ်အရှင်မြတ်၏ ကြိုးကို စွဲမြဲစွာကိုင်ထားကြလေကုန်။" ဟူ၍ ဖြစ်သည်။

ဤနေရာ၌ **حبل الله** (အလ္လာဟ်အရှင်မြတ်၏ကြိုး) ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်သည်။ အဗ်ဒုလ္လာဟ်အိဗ်နိမတ်စအူးဒ်﴿رضي الله عنه﴾ ဆင့်ပြန်ခဲ့သော ဟဒီးဆ်တော်၌ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားခဲ့သည်မှာ -

كتاب الله هو حبل الله الممدود من السماء الى الارض

"အလ္လာဟ်အရှင်မြတ်၏ ကြိုးဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ပင်ဖြစ်သည်။ ယင်းသည် မိုးကောင်းကင်မှ ကမ္ဘာမြေကြီးတိုင် သွယ်တန်းထားခဲ့သည်။"

ဆွဟာဗဟ်ကြီး ဇိုက်အိဗ်နိအရကန်က ဆင့်ပြန်ထားသော အခြားဟဒီးဆ်တော်တွင် သုံးနှုန်းထားသော စကားလုံးတို့မှာ **حبل الله هو القرآن "အလ္လာဟ်အရှင်မြတ်၏ ကြိုးဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်သည်။" (အိဗ်နိကဆီး၏)**

အရဗီအသုံးအနှုန်းတွင် 'ဟဗ်လ်' ဟူသော စကားလုံးမှာ ပဋိညာဉ်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။ ၎င်း၏ အကြွင်းမဲ့ အဓိပ္ပာယ်အရဆိုလျှင် ဆက်သွယ်မှုကွင်းဆက်အဖြစ်သုံးသော အရာတိုင်းကို အကျုံးဝင်ပါသည်။ ကြိုးဟူသော တင်စားချက်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွက်သော်လည်းကောင်း၊ သို့မဟုတ် အီမာန်ယုံကြည်မှုအတွက်သော်လည်းကောင်း သုံးနှုန်းသည်။ ယုံကြည်သူနှင့် ၎င်းတို့၏ အရှင်သခင်ကြားတွင်လည်းကောင်း၊ တစ်ဖက်တွင် ယုံကြည်သူအချင်းချင်းသည် စုစည်းမှုရကာ အုပ်စုတစ်စုဖြစ်သွားစေရန်လည်းကောင်း ဆက်သွယ်ပေးသောလမ်းကြောင်း ဖြစ်စေခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်သည်။

အချုပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအဆိုအမိန့်တစ်ရပ်သည် လုပ်ဆောင်ရန် အသိဉာဏ်ကြွယ်ဝသောဥပဒေများနှင့် ပြည့်နှက်နေသည်။ စရမည်ဆိုလျှင် လူသားသည် အလွှာဟ်အရှင်မြတ်ချမှတ်ပေးထားသော ကုရ်အာန်ကျမ်းတော်မြတ်ပါ ဘဝနေနည်းနှင့်အညီ စွဲမြဲစွာ လုပ်ဆောင်ရပေမည်ဟု ပြောနိုင်သည်။ ထို့နောက် စည်းလုံးညီညွတ်စွာ လုပ်ဆောင်မှုအကြောင်းလာရှိသည်။ "ဆိုလိုသည်မှာ မုစ်လင်မ်အားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့်အညီ လက်ခြင်းယှက်၍ လုပ်ဆောင်သင့်ပေသည်။ ရလဒ်ကား မုစ်လင်မ်များသည် စုစုစည်းစည်းနှင့် ညီညွတ်ကာ အကယ်၍ ၎င်းတို့အားလုံး ထိုကြိုးကို မြဲမြံစွာကိုင်ထားလျှင် အုပ်စုတစ်ခုလုံးသည် စွမ်းပကားပြည့်စုံသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်လာပေလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤလျှို့ဝှက်နက်နဲသော မုစ်လင်မ်စည်လုံးညီညွတ်မှုကို ပိုမိုရှင်းလင်းစွာဖြင့် အခြားအာယသ်တော်တွင် မိန့်ကြားထားသည်မှာ -

إِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا

"ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ကြကုန်၏။ "ရဟ်မာန်" အနန္တဂုဏ်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ပေးတော်မူပေမည်။" (၁၉း၉၆)

ဤတွင် မုစ်လင်မ်များ အလွှာဟ်အရှင်မြတ်ကျမ်းတော်ကို စွဲမြဲစွာ လက်ကိုင်ပြုထားသည့်အကြောင်း အာရုံစူးစိုက်ထားသော သိမ်မွေ့သည့် ဥပမာတစ်ရပ်လည်း ပါဝင်သည်။ ၎င်းတို့၏ ကြိုးပမ်းလုပ်ဆောင်မှုသည် တောင်တက်ရာ၌သန်မာသော ကြိုးတစ်ချောင်းကို စွဲကိုင်ကာ တက်သူများနှင့် အလားသဏ္ဌာန်တူပေသည်။ သို့ပြုလုပ်ခြင်းကြောင့် လိမ့်ကျမှုမှ ကာကွယ်ပြီးဖြစ်ပေမည်။ ထို့ကြောင့် ရည်ညွှန်းသည်မှာ အကယ်၍ မုစ်လင်မ်များသည် အလွှာဟ်အရှင်မြတ်ကျမ်းတော်ကို ၎င်းတို့၏ စုပေါင်းအင်အားနှင့် တညီတညွတ်တည်း ဆွဲကိုင်ထားကြမည်ဆိုလျှင် မည်သည့်ရှိုက်တွာန်မိစ္ဆာကမျှ ၎င်းတို့အား သွေးခွဲနိုင်လိမ့်မည် မဟုတ်ချေ။ ရလဒ်မှာ ၎င်းတို့၏ တစ်ဦးချင်းဘဝကဲ့သို့ မုစ်လင်မ်ထု၏ စုပေါင်းအင်အားသည်လည်း တည်ငြိမ်ကာ ကြံ့ကြံ့ ခံနိုင်စွမ်းရှိလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို မြဲမြံစွာ ဆုတ်ကိုင်ခြင်းသည် ပြန့်ကြဲနေသော အင်အားများကို စုစည်းမှုဖြစ်ကာ ကျဆုံးနေသောဘဝမှ ဘဝသစ်တစ်ခုအဖြစ် ရရှိရေးအထောက်အကူပြုပေသည်။ အကယ်၍ မုစ်လင်မ်များသည် ကုရ်အာန်ကျမ်းတော်မြတ်မှ ဖယ်ကြဉ်သွားခဲ့ပါလျှင် သေချာသည်မှာ ၎င်းတို့၏အမျိုးသားရေးနှင့် စုစည်းမှုဘဝသည် ပျက်စီးသွားပေလိမ့်မည်။ ထို့ပြင် ထိုသို့ဖြစ်သွားခဲ့ပါက တစ်ဦးစီ၏ဘဝသည်လည်း ကောင်းနိုင်စရာမရှိတော့ချေ။ အလွှာဟ်အရှင် ကျွန်တော်မျိုးတို့အား ထိုအဖြစ်မျိုးမှ ကာကွယ်စောင့်ရှောက်တော်မူပါစေ။

အစ္စလာမ်သာသနာသည် မုစ်လင်မ်စည်းလုံးညီညွတ်မှု၏ တစ်ခုတည်းသော ရင်းမြစ်ဖြစ်သည်

စည်းလုံးညီညွတ်မှုနှင့် သဘောတူညီချက်တွင် တူညီသော အယူအဆ (သို့) ဆွဲဆောင်မှု၏ ဗဟိုချက်မ တစ်ခုလိုအပ်သည်။ ဤဗဟိုချက်မ၏ အယူအဆသည် ကမ္ဘာပေါ်ရှိ ကွဲပြားခြားနားသော လူအသီးသီးတွင် အကွဲကွဲ အပြားပြားရှိခဲ့ကြသည်။ အချို့သောနေရာ၌ ယင်းသည် လူမျိုးနှင့် မျိုးနွယ်စုမြတ်နိုးတွယ်တာခြင်းဖြစ်သည်။ ပမာအားဖြင့် လူမျိုးနွယ်စု ရှုတ်ထွေးသော အရေးဗီးယားတွင် ကုရိုက်ရှမျိုးနွယ်သည် မျိုးနွယ်စုတစ်ခု ဖြစ်၏။ ဗနူသမီးမ်မျိုးနွယ်သည် အခြားတစ်ခုဖြစ်သည်။ အခြားနေရာများတွင် အသွေးအရောင်သည် မူတစ်ခုဖြစ်၍ လူမဲများသည် လူမျိုးတစ်မျိုးအဖြစ် မှတ်ယူထားကာ လူဖြူများသည် အခြားလူမျိုး တစ်မျိုးမျိုးအဖြစ် မှတ်ယူကြသည်။ အခြားနေရာများတွင် ပထဝီဝင်အနေအထား (သို့) ဘာသာစကားသည် စည်းလုံးညီညွတ်ခြင်း၏ ဗဟိုချက်မအဖြစ်ပြု၍ အိန္ဒိယသည် လူမျိုးတစ်မျိုးဖြစ်ပြီး အရဗ်များသည် အခြားလူမျိုးတစ်မျိုးဖြစ်သွားသည်။ အခြားသော နယ်ပယ်များတွင် လူမျိုးသည် ဘိုးဘွားဘီဘင်၏ ဓလေ့ထုံးစံပေါ်အခြေပြု၍ စုစည်းကြကာ ထိုဓလေ့ထုံးစံလို လိုက်နာသူနှင့် မလိုက်နာသူကြား စည်းခွဲခြားထားသည်။ ပမာအားဖြင့် အိန္ဒိယနိုင်ငံရှိ အရ်ယာစမာဂျ်တို့ ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤသည်တို့ကို ရှောင်ရှား၍ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ကို စည်းလုံးညီညွတ်မှု၏ အခြေခံအဖြစ် ပြုလုပ်ခဲ့သည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ် ပို့ချတော်မူသော စနစ်ပင်ဖြစ်သည်။ မုစ်လင်မ်များသည် ဟဗ်လိလ်လာဟ် ဟူသော အလ္လာဟ်အရှင်မြတ်၏ ကြိုးကို ဆွဲကိုင်သူများဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ကြိုးကို မစွဲကိုင်သော မယုံကြည်သူများသည် အခြားအုပ်စုအဖြစ် ကုရ်အာန်ကျမ်းတော်မြတ်က တစ်ချက်တည်းနှင့် အပြီးအပြတ် ကြေညာခဲ့သည်။

خَلَقَكُمْ فَمِنكُمْ كَافِرٌ وَّمِنكُمْ مُّؤْمِنٌ

"ထိုအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အရှင်ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက် အချို့မှာသွေဖည်ငြင်းပယ်သူဖြစ်၍၊ အသင်တို့အနက် အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏"။ (၆၄း၂) ဟူသော မိန့်ကြားချက်သည် ဤသည်ကို ဆိုလိုသည်။ ထို့ကြောင့် ညီညွတ်ခြင်း၏ အချက်အလက်များဖြစ်သော ပထဝီအနေအထား၊ လူမျိုး၊ မျိုးနွယ်စု (သို့) ဘာသာစကားတို့သည် မြတ်နိုးတွယ်တာခြင်း၏ ဗဟိုချက်မအဖြစ် မထိုက်တန်ချေ။ အဘယ်ကြောင့်ဆိုသော် လူသည် ယေဘုယျအားဖြင့် ထိုအရာများအပေါ် မထိန်းချုပ်နိုင်ချေ။ ပုဂ္ဂိုလ်ရေးကြိုးပမ်းမှု (သို့) ရွေးချယ်မှုကြောင့် တစ်စုံတစ်ဦးသည် ထိုအရာများကို မရရှိနိုင်ပေ။ လူမည်းတစ်ဦးသည် လူဖြူဖြစ်မလာနိုင်။ ကုရိုက်ရှမျိုးနွယ်တစ်ဦးသည် ဗနူသမီးမ်မျိုးနွယ်တစ်ဦး ဖြစ်မလာနိုင်။ အိန္ဒိယလူမျိုးတစ်ဦးသည် အရဗ်တစ်ဦး ဖြစ်မလာနိုင်ချေ။ ထိုကဲ့သို့သော စည်းလုံးညီညွတ်မှုမျိုးသည် အလွန်ကျဉ်းမြောင်းသောဘောင်အတွင်းတွင် တည်ရှိနိုင်သည်။ လူသားထုတစ်ရပ်လုံးသည် စုစည်းမိပြီးဖြစ်၍ တစ်ကမ္ဘာလုံးသည် စည်းလုံးညီညွတ်သော မူဘောင်တစ်ရပ်အတွင်း ကျရောက်ပြီးဟု ၎င်းတို့ မည်သည့်အခါမျှ အခိုင်အမာ ပြောနိုင်မည်မဟုတ်။ မျှော်လင့်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ် ချမှတ်ပေးထားသော ဘဝနေနည်းကို စည်းလုံးညီညွတ်မှု၏ ဗဟိုချက်မအဖြစ် ပြုလုပ်ခဲ့

သည်။ တစ်စုံတစ်ဦးသည် မိမိအတွက် မိမိရွေးချယ်နိုင်ပေသည်။ အရှေ့ (သို့) အနောက်၊ လူဖြူ (သို့) လူမည်း၊ အရဗီစကားပြောသူဖြစ်စေ၊ အင်္ဂလိပ်စကားပြောသူဖြစ်စေ၊ မည်သည့်စကားပြောသူဖြစ်စေ မည်သည့်မိသားစုမှ ပေါက် ဖွားလာသူဖြစ်စေ၊ မည်သည့်မျိုးနွယ်စု၊ မည်သည့်လူများအုပ်စုမှဖြစ်စေ လူတိုင်းသည် ရနိုင်သမျှထဲမှ ကျိုးကြောင်း ညီညွတ်ဆုံးနှင့် မှန်ကန်သော ရွေးချယ်မှုဖြစ်သော ဤစည်းလုံးညီညွတ်မှု ဗဟိုချက်မကို ကိုယ်ပိုင်အဖြစ် လွတ်လပ်စွာ အသုံးပြုနိုင်သည်။ ထို့နောက်လူသားမျိုးနွယ်စုသည် ဤဗဟိုချက်ကြောင့် တစ်ဦးနှင့်တစ်ဦး နီးကပ်လာနိုင်ကာ ညီရင်းအစ်ကို မောင်ရင်းနှမဖြစ်လာနိုင်ပါသည်။

လိုအပ်နေသည်မှာ အနည်းငယ်မျှ ဘက်မလိုက်သောတွေးတောဆင်ခြင်မှုပင် ဖြစ်သည်။ ဓလေ့ထုံးစံ၊ အစွဲအလမ်းနှင့် အလေ့အကျင့်တို့အပေါ် အနည်းငယ်ကျော်ကြည့်လိုက်လျှင် ရှာဖွေစူးစမ်းသူသည် အကောင်းဆုံး အကျိုးအမြတ်ရရှိပါလိမ့်မည်။ ၎င်းသည် အလွှာဟ်အရှင်မြတ် ချမှတ်ပေးသော ဘဝနေနည်းကို သူ့အတွက် ရှာဖွေတွေ့ရှိပါလိမ့်မည်။ ယင်းဘဝနေနည်းကို သိရှိနားလည်ကာ အလွှာဟ်အရှင်မြတ်နှင့် ဤခိုင်မာသောကြားခံဆက်သွယ်မှုအပေါ် စွဲမြဲစွာ ဆုတ်ကိုင်၍ လိုက်နာကျင့်သုံးရန် မျှော်လင့်ရပါသည်။ ဤသည်၏ရလဒ်အားလုံးနှင့် ဆိုင်သော အလွှာဟ်အရှင်မြတ် ချမှတ်ပေးသနားတော်မူသည့် လမ်းညွှန်မှုကို ဗဟိုချက်မအဖြစ် အသုံးပြုခြင်းကြောင့် လူသားထုတစ်ရပ်လုံးသည် ဗဟိုတူဖြစ်သော အကျိုးခံစားရလိမ့်မည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ဤကြီးကျယ်သော စုစည်းမှု၏လူတစ်ဦးချင်းစီတိုင်းသည် ဤအားလုံးလက်ခံထားခဲ့သော အလွှာဟ်အရှင်မြတ် ချမှတ်ပေးသော ဘဝနေနည်းအရ သူ၏ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများကို လုပ်ကိုင်နိုင်ပေလိမ့်မည်။

ဤသည်မှာ အသိဉာဏ်ကြွယ်ဝ၍ မှန်ကန်သောမူပင်ဖြစ်သည်။ ယင်းမူကြောင့် မုစ်လင်မ်များ ဂုဏ်တက်နိုင်ကာ အခြားသူများ ပါဝင်လက်တွဲရန်ဖိတ်ခေါ်ရာ၌ ယုံကြည်မှုရှိစေပါသည်။ ကံမကောင်းအကြောင်းမလှစွာဖြင့် မုစ်လင်မ်များ၏ ညီညွတ်မှုကို ဖြိုခွဲရန် ရာစုနှစ်ပေါင်းများစွာကြာ ဥရောပသားများ၏ ပူးပေါင်းလုပ်ကြံမှုကြီးသည် မိမိကိုယ်မိမိ မုစ်လင်မ်ဟုဆို၍ ကြိုးကိုမြဲမြံမကိုင်ထားသူများအား ဖြိုခွဲရာတွင် အောင်မြင်ခဲ့ပါသည်။

သူတို့သည် ၎င်းတို့ကိုယ်တိုင် လူမျိုး၊ ဘာသာစကားနှင့် မျိုးနွယ်များ၏ ကွဲပြားခြားနားမှုကို သွေးခွဲသည့် အင်အားစုများအဖြစ် လက်ခံခဲ့ကြသည်။ ထို့ပြင် မုစ်လင်မ်စည်းလုံးညီညွတ်ခြင်း၏ ဆက်သွယ်မှုမှာ အရစ်နှင့် အရစ်မဟုတ်ခြင်း၊ အိန္ဒိယလူမျိုးနှင့် အိန္ဒိယလူမျိုးမဟုတ်ခြင်း စသောအယူအဆကြောင့် ပြတ်တောက်ခဲ့ရသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ကမ္ဘာလုံးဆိုင်ရာ အမှန်တရားတစ်ရပ်ကို ကျယ်လောင်စွာနှင့် ပွင့်လင်းစွာဖြင့် အကြိမ်ဖန်များစွာ ကြေညာခဲ့သည်။ အထက်ပါခွဲခြားမှုများသည် အခြေအမြစ်လည်းမရှိ၊ အစိတ်စိတ်အမွှာမွှာ ကွဲပြားစေသောကြောင့် ယင်းတို့အပေါ် အခြေခံသော မည်သည့်စည်းလုံးညီညွတ်မှုမဆို ကျိုးကြောင်းဆီလျော်လိမ့်မည်မဟုတ်၊ မှားလည်းမှားယွင်းပေသည်။ ဗဟိုချက်မကျခြင်းသည် မုစ်လင်မ်များအတွက် ဖြေရှင်းချက်မဟုတ်ချေ။ မုစ်လင်များအားလုံးအတွက် ဘဝနေနည်းဖြစ်သော "အလွှာဟ်အရှင်မြတ်၏ကြိုးကို စွဲမြဲစွာကိုင်ထားကြလေကုန်" ကို လုပ်ဆောင်ရန်မှအပ ရွေးချယ်ရန်မရှိချေ။ ယင်းကြောင့်မုစ်လင်များသည် အစောပိုင်းကာလက ဂုဏ်တက်ခဲ့ပေသည်။ ထို့ပြင်အကယ်၍ ၎င်းတို့အတွက် နောက်ထပ်အောင်မြင်မှုများ သတ်မှတ်ထားခဲ့ပါလျှင် ယင်းကြောင့်ပင် တစ်ဖန်ပြန်လည်အောင် မြင် ဂုဏ်တက်နိုင်ပေသည်။

အာယသ်တော်၏ ဒုတိယအပိုင်းမဆက်မီ ဤအာယသ်တော်ထဲတွင် မုစ်လင်မ်များကို ပေးထားသော ထူးခြားသည့်လမ်းညွှန်ချက်နှစ်ရပ်ကို ကျွန်ုပ်တို့ပြန်လည်အောက်မေ့ သတိရကြစို့။ ဦးစွာပထမ အလ္လာဟ်အရှင်မြတ် ချမှတ်ပြဋ္ဌာန်းထားခဲ့သော နည်းစနစ်အတိုင်း နေထိုင်သင့်သည်။ ထို့နောက် ၎င်းတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ကြိုးကို မြဲမြံစွာစွဲကိုင်သင့်သည်။ ဤသည်ကြောင့် အတိတ်က မုစ်လင်မ်အုမ္မသ်ထုသည် အောင်မြင်မှုအထွက်အထိပ်သို့ ရောက်ရှိခဲ့ကြသည်။ ထိုအထွက်အထိပ်သို့ တစ်ဖန်နောက်တစ်ကြိမ် မရောက်နိုင်စရာအကြောင်းမရှိချေ။

ဤမျှလောက်သည် မုစ်လင်မ်များအကြား စည်းလုံးညီညွတ်မှုအကြောင်း အပြုသဘောဆောင်သည်များသာဖြစ်သည်။ ကျမ်းပါစာသားတွင် ယခုတစ်ဖန် အပျက်သဘောဖြစ်သော **وَلَا تَفَرَّقُوْا** "၎င်းပြင် အသင်တို့အချင်းချင်း သွေးမကွဲကြကုန်လင့်" ကို မိန့်ကြားထားသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြား၍ အသိဉာဏ်ကြွယ်ဝသော နောက်ဥပမာပုံစံတစ်မျိုးပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ပထမဦးစွာ အပြုသဘောဆောင်သည်ကို မီးမောင်းထိုးပြ၍ ထို့နောက်တွင်မှ အပျက်သဘောဆောင်သည်ကို ဖော်ပြကာ ယင်းတို့ကို တားမြစ်ခဲ့သည်။

အခြားအာယသ်တော်တွင် မိန့်ကြားထားသည်မှာ -

وَاَنَّ هٰذَا صِرَاطِیْ مُسْتَقِیْمًا فَاتَّبِعُوْهُ ۚ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِیْلِهٖ ؕ

"ထိုမှတစ်ပါး (အသင်ပြောကြားပါလေ) ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်ကြလေကုန်။ ထို့ပြင် အခြားအခြားသောလမ်းစဉ်များကို မလိုက်ကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် ယင်းလမ်းစဉ်များသည် အသင်တို့အားထိုအရှင်မြတ်၏လမ်းတော်မှ ကွဲကွာစေမည်ဖြစ်သောကြောင့်ပင်။ (၆း၁၅၃)

စည်းလုံးညီညွတ်မှုမရှိခြင်းသည် နိုင်ငံတစ်ခုပျက်စီးခြင်း၏ ပထမဦးဆုံးနှင့် နောက်ဆုံးအကြောင်းဖြစ်သောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် နည်းမျိုးစုံဖြင့် ထပ်ကာတလဲလဲ တားမြစ်ပိတ်ပင်ခဲ့သည်။ ဤသည်ကို အခြားအာယသ်တော်၌ မိန့်ကြားထားသည်မှာ -

اِنَّ الَّذِیْنَ فَرَّقُوْا دِیْنَهُمْ وَ كَانُوْا شِیَعًا لَّسْتَ مِنْهُمْ فِیْ شَیْءٍ

"စင်စစ်ကောန် အကြင်သူတို့သည် မိမိတို့၏ သာသနာကို အစိတ်စိတ်ခွဲပစ်ခဲ့ကြ၏။ ၎င်းနောက် ထိုသူများသည် ဂိုဏ်းဂဏအသီးသီးကွဲခဲ့ကြ၏။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မပတ်သက်ပါ။ (၆း၁၅၉)

ကုရ်အာန်ကျမ်းတော်မြတ်တွင် ၎င်းတို့၏တမန်တော်များ ဦးဆောင်သော အုမ္မသ်ထုသည် အုမ္မသ်သားအချင်းချင်း အငြင်းအခုန်ဖြစ်ပွားခြင်းနှင့် မညီညွတ်ခြင်းတို့ကြောင့် လောကီနှင့် လောကုတ္တရာတွင် ဂုဏ်အသရေမဲ့သွားသော အဖြစ်အပျက်များကို ဖော်ပြထားသည်။ သို့လုပ်ဆောင်ခြင်းများသည် ဘဝ၏အဓိကရည်ရွယ်ချက်နောက်လိုက်ခြင်းမှ ဖယ်ခွာသွားစေပါသည်။

တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ် ကြိုက်နှစ်သက်တော်မူသော ယင်းတို့၏လုပ်ရပ် (၃)ခုနှင့် အလ္လာဟ်အရှင်မြတ် မနှစ်သက်သောလုပ်ရပ် (၃)ခုရှိသည်။ အလ္လာဟ်အရှင်မြတ် ကြိုက်နှစ်သက်သော လုပ်ငန်း(၃)ရပ်မှာ -

(၁) အသင်တို့၏ ခဝတ်ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာလျှင် ဖြစ်သင့်၍ အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲ၍ မကိုးကွယ်သင့်ပါ။

(၂) အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ကို စွဲမြဲစွာကိုင်၍ မညီညွတ်ခြင်းမှ ရှောင်ရှားရမည်။

(၃) သင်တို့ထဲမှာ အာဏာပိုင်များအပေါ် စိတ်ကောင်းစေတနာထားသင့်သည်။

အလ္လာဟ်အရှင်မြတ် မနှစ်သက်သော လုပ်ငန်း (၃) ခုမှာ -

(၁) မလိုလားအပ်ဘဲ ငြင်းခုန်ခြင်း။

(၂) မလိုလားအပ်ဘဲ မေးမြန်းစုံစမ်းခြင်း။

(၃) ရင်းမြစ်များကို ဖြုန်းတီးခြင်း၊ **(အဗီဟုရိုင်ရဟ်မှတဆင့် အိဗ်နိကဆီး၍)**

ကွဲပြားခြားနားခြင်းများနှင့် ယင်းတို့၏ သတ်မှတ်ချက်များ

မေးခွန်းတစ်ခုမဖြေကြားဘဲ ကျန်နေသည်မှာ ခြားနားခြင်းတိုင်းသည် စက်ဆုတ်ဖွယ်ရာဖြစ်သလော (သို့) အပြစ်မတင်ထိုက်ဟုခေါ်သော ကွဲပြားခြားနားခြင်းမျိုးဆိုသည်မှာ ရှိပါသလောဟူ၍ ဖြစ်သည်။ အဖြေမှာ ကွဲပြားခြင်းတိုင်းသည် အပြစ်မတင်ထိုက် (သို့) စက်ဆုပ်ဖွယ်မဟုတ်ဟူ၍ ဖြစ်သည်။ အပြစ်တင်ထိုက်သော ကွဲပြားခြားနားမှုဟူသည်မှာ ယင်းကြောင့် တစ်စုံတစ်ဦးသည် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ကုရ်အာန်ကျမ်းတော်မြတ်မှ ဖယ်ခွာသွားခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့အချင်းချင်း စိတ်ကူးပေါက်ရာအတိုင်း တွေးတောခြင်းဖြစ်သည်။ သို့သော်လည်း လူတိုင်းသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့်အတူ ရှိနေပြီး တမန်တော်မြတ်﴿ﷺ﴾ မှ တစ်ဆင့်လာရှိသော အသေးစိတ်များရှင်းလင်းချက်များကိုလည်း လက်ခံထားကြမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော သဘာဝအစွမ်းအစနှင့် ဉာဏ်ရည်ဉာဏ်သွေးပေါ်အခြေခံ၍ တရားတော်၏ ဆင့်ပွားအချက်အလက်များ အကြောင်းခြားနားသည့် အမြင်များကို ထုတ်ဖော်ပြောကြားခြင်းသည် သဘာဝဖြစ်၍ အစွလာမ်တရားတော်ကလည်း မတားမြစ်ချေ။ ဆွဟာဗဟ်သာဝကကြီးများ သာဗီအိန်များကြားနှင့် ဦးဆောင်ဓမ္မသတ်ပညာရှင်များအကြား ကွဲပြားခြားနားခြင်းသည် ဤသဘာဝကြောင့်ပင် ဖြစ်သည်။ ဤကဲ့သို့ ကွဲပြားခြားနားခြင်းသည် အုမ္မသ်ထုအတွက် "အသနားတော်"တစ်ရပ်သာလျှင် ဖြစ်သည်။ သို့သော်လည်း ဤကဲ့သို့ တရားတော်ဆင့်ပွားအကြောင်းအရာများကို အခြေအတင် ပြောဆိုမှုများသည် တရားတော်၏ပင်မလမ်းကြောင်းအခြေအနေဟု သတ်မှတ်ကာ ယင်းမှပေါ်ထွက်လာသော အငြင်းပွားမှု ထိပ်တိုက်ရင်ဆိုင်မှု၊ စော်ကားမှုနှင့် အမနာပပြောကြားခြင်းများဖြစ်လာမည်ဆိုလျှင်ကား အပြစ်တင်ထိုက်သည်ဟု ယူဆရလိမ့်မည်။

လူသားခြင်းရင်းနှီးချစ်ခင်မှု၏ ကောင်းချီးမင်္ဂလာ

မူရင်းစာသားသည် စည်းလုံးညီညွတ်မှု၏ သွင်ပြင်နှစ်ရပ်ကို ရှင်းလင်းစေပြီးနောက် အစ္စလာမ်မပေါ်ထွန်းမီက အရဗ်များ၏ အခြေအနေကို ထောက်ပြခဲ့သည်။ လူမျိုးစုချင်း ပြိုင်ဆိုင်ခြင်းများ၊ အဆက်မပြတ် စစ်ပွဲများနှင့် ရှည်ကြာသော သွေးကြွေးဆပ်မှုများတို့ကြောင့် တစ်မျိုးသားလုံး လုံးဝဥဿုံ ပျက်စီးလုနီးပါးဖြစ်သွားခဲ့သည်။ ၎င်းတို့အား မုန်းတီးခြင်းမီးမှ ကယ်တင်ခဲ့သည်မှာ အစ္စလာမ်သာသနာ၏ ဤကောင်းချီးမင်္ဂလာများမှအပ အခြားမဟုတ်ပေ။ ထို့ကြောင့် မိန့်ကြားထားသည်မှာ -

وَاذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ كُنْتُمْ اَعْدَآءً فَاَلَّفَ بَيْنَ قُلُوْبِكُمْ فَاَصْبَحْتُمْ
بِنِعْمَتِهٖٓ اِخْوَانًا وَكُنْتُمْ عَلٰى شَفَا حُفْرَةٍ مِّنَ النَّارِ فَاَنْقَذَكُمْ مِّنْهَا ؕ

“တစ်ဖန်အသင်တို့သည် မိမိတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ် ပြုတော်မူသောကျေးဇူးတော်ကိုလည်း ပြန်လည်၍ သတိရကြကုန်လော့။ အခါတစ်ပါး၌ အသင်တို့သည် (မိမိတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး) ရန်သူများပင် ဖြစ်ခဲ့ကြပေရာ ထို(အလ္လာဟ်) အရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများကို ချစ်ခင်ညီညွတ်စေတော်မူခဲ့၏။ သို့ဖြစ်၍ အသင်တို့သည် (ယခုအခါ) ထိုအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် (မိမိတို့အချင်းချင်း) ညီရင်းအစ်ကိုများပင် ဖြစ်ကြချေပြီ။ ၎င်းပြင် အသင်တို့သည် “ဂျဟန္နမ်” ငရဲမီး၏ နှုတ်ခမ်းသို့ (လုံးဝ) ရောက်ရှိခဲ့ကြပေရာ ထိုအရှင်မြတ်သည် အသင်တို့အား (အစ္စလာမ်သာသနာ အတွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူခြင်းအားဖြင့်) ယင်းငရဲမီးမှ ကယ်ဆယ်တော်မူခဲ့လေပြီ။” (၃း၁၀၃)

တစ်နည်းပြောရလျှင် လွန်ခဲ့သောရာစုနှစ်ပေါင်းများစွာက အမြစ်တွယ်ခဲ့သော ရန်ငြိုးများကို ပယ်ဖျက်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အစ္စလာမ်သာသနာတော်တွင်းသို့ သွတ်သွင်းကာ တမန်တော်မြတ်ﷺ သခင်မှတစ်ဆင့် ၎င်းတို့တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမဖြစ်စေခဲ့ပါသည်။ ဤသည်ကား ၎င်းတို့၏ ရှုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာဘဝတွင် အသက်ရှင်ရကျိုး နပ်စေသည်။ ၎င်းတို့အကြား ဤကဲ့သို့စံပြညီရင်းအစ်ကို စိတ်ဓါတ်သည်ကား ၎င်းတို့၏ ရန်သူများကိုပင် တအံ့တသြဖြစ်ရပါသည်။ အကယ်၍ ကမ္ဘာပေါ်ရှိ အဘိုးထိုက်တန်သော ရတနာများကို စုပေါင်းသုံးစွဲ၍ ရှာဖွေသည့်တိုင် ဤသို့အလ္လာဟ်အရှင်မြတ်၏ ကြီးမားလှသော ကောင်းချီးမင်္ဂလာနှင့် ဤကဲ့သို့သော ညီရင်းအစ်ကို စည်းလုံးညီညွတ်မှုမျိုးကို ဤကမ္ဘာတစ်ခွင်လုံးတွင် ဘယ်နေရာ၌ တွေ့နိုင်အံ့နည်း။

ယခုအာယသ်တော်များ၏ အဖွင့်မှတ်ချက်ကို ကျွန်ုပ်တို့ပြန်လည် သတိကြရပါလျှင် အောက်စ်ဖုဒ် ခဇရဂျ် မျိုးနွယ်စုများကို အတိတ်ကသွေးကြွေးများအကြောင်း သတိရစေ၍ သွေးကွဲစေရန် ကောက်ကျစ်စဉ်းလဲသူ၏ မကောင်းကြံစည်မှုကို ဖယ်ရှားရန်အတွက် ဤအာယသ်တော်က အထောက်အကူပြုကြောင်း ကျွန်ုပ်တို့ ရှင်းလင်းစွာ မြင်နိုင်သည်။ အစ္စလာမ်သာသနာသို့ဝင်ပြီးသည်နှင့် တပြိုင်နက် သွေးကွဲမှုဆိုသည်မှာ စဉ်းစားတွေးတောနိုင်ဖွယ်မရှိချေ။

မုစ်လင်မ်များအကြား စည်းလုံးညီညွတ်မှုသည် အလ္လာဟ်အရှင်မြတ်အမိန့်နာခံမှုအပေါ် တည်မှီသည်

အထက်ပါကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားချက်သည် နောက်ထပ်လျှို့ဝှက်နက်နဲမှုကိုလည်း ဖြေရှင်းထားသည်။ ကျွန်ုပ်တို့ ယခုသိရသည်မှာ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် နှလုံးသားတို့၏ အရှင်သခင်ဖြစ်သည်။ အချင်းချင်း ချင်ခင်ကြင်နာစိတ်ဖြစ်ပေါ်ခြင်းနှင့် လူတစ်ဦး၏ နှလုံးသားအတွင်း တွေးတောဆင်ခြင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာသန့်သန့်သာလျှင် ဖြစ်သည်။ ဤသည်နှင့် ယှဉ်၍ ထင်ရှားသည်မှာ အလ္လာဟ်အရှင်မြတ်အား ရိုကျိုးအမိန့်နာခံခြင်းမှတစ်ဆင့် အလ္လာဟ်အရှင်မြတ် ကောင်းချီးမင်္ဂလာများနှင့် ထိုက်တန်စေသည်ဟူ၍ ဖြစ်သည်။ အမိန့်မနာခံခြင်းနှင့် အပြစ်ကျူးလွန်သည်ဆိုလျှင် ထိုကဲ့သို့သော ဆုလာဘ်ရရှိရန် မမျှော်လင့်နိုင်ချေ။

ဤသည်မှ မုစ်လင်မ်များအတွက်ဆက်၍ ဖြစ်လာသည်မှာ အကယ်၍ ၎င်းတို့သည် ၎င်းတို့ကြားတည်တံ့ခိုင်မာသော အဖွဲ့အစည်းတစ်ရပ်နှင့် စည်းလုံးညီညွတ်မှုရရှိရန် ဆန္ဒရှိခဲ့လျှင် ၎င်းတို့၏ဘဝပုံစံမှာ အလ္လာဟ်အရှင်မြတ်ကို နာခံရိုကျိုးသည့်ပုံစံဖြစ်သည်။ အာယသ်တော်ဆုံးကာနီးတွင် ဤအချက်ကို ညွှန်ကြားထားသည်မှာ -

كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ تَهْتَدُوْنَ

"ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဒေသနာတော်များကို ထင်ရှားစေတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေမည်။ (၃:၁၀၃)

VVVVVVVVVV

အာယသ် (၁၀၄–၁၀၅)

وَلْتَكُنْ
مِّنكُمْ أُمَّةٌ يَدْعُونَ إِلَى الْخَيْرِ وَيَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ
عَنِ الْمُنكَرِ ۚ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿١٠٤﴾ وَلَا تَكُونُوا كَالَّذِينَ
تَفَرَّقُوا وَاخْتَلَفُوا مِن بَعْدِ مَا جَاءَهُمُ الْبَيِّنَاتُ ۚ وَأُولَٰئِكَ لَهُمْ
عَذَابٌ عَظِيمٌ ﴿١٠٥﴾

ၔင်းပြင် အသင်တို့တွင် (အကြင်သို့သော) အဖွဲ့အစည်းတစ်ခုရှိရပေမည်။ ထိုအဖွဲ့အစည်းသည် (လူသားတို့အား) ကောင်းရာကောင်းကြောင်း ဘက်သို့ ဖိတ်ခေါ်ကြရမည်။ ထိုပြင် ကောင်းမြတ်သော အရာများကို ညွှန်ကြားကြရမည်။ ၔင်းပြင်ထိုအဖွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။ ဤသို့သောသူများသည်ပင်လျှင် (လုံး၀) အောင်မြင်မည့်သူများဖြစ်ကြလေသတည်း။ (၃း၁၀၄)

ၔင်းပြင်အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်။ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ တစ်ခုတည်းသောသာသနာကို တစ်စည်းတစ်လုံးတည်း မလိုက်နာကြဘဲ) အချင်းချင်းကွဲကြသည့်အပြင် မိမိတို့ထံ (အလ္လာဟ်အရှင်မြတ်၏) ထင်ရှားလှစွာသော သက်သေသာဓကများရောက်ရှိလာပြီးသည့်နောက်တွင်လည်း (ဂုဏ်တုဂုဏ်ပြိုင်ပြုလိုကြ၍) အချင်းချင်းကွဲလွဲခဲ့ကြကုန်၏။ အမှန်သော်ကား ယင်း(ကဲ့သို့သော) သူတို့အဖို့သာလျှင် ကြီးလေးသောအပြစ်ဒဏ်သည် ရှိပေမည်။ (၃း၁၀၅)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော် ၁၀၂-၁၀၃ ထဲတွင် မုစ်လင်မ်များ စုပေါင်းကောင်းစားရေးအတွက် အာမခံချက်ပေးသည့် မူနှစ်မူကို ပေးအပ်ထားသည်။ အကယ်၍ လူတိုင်းသည် သတ်ဝါကို လက်တွေ့ကျင့်သုံးပြီး အလ္လာဟ်နှင့် ၔင်း၏ဆက်သွယ်မှုအတွက် အစွမ်းလာမ်သာသနာကို အသုံးပြုပါက ရလဒ်မှာ တစ်ဦးချင်းစီ၏ ဘ၀ပြုပြင်ပြီးဖြစ်၍ မုစ်လင်မ်တို့၏ စုပေါင်းအင်အားသည်လည်း နိုးကြားတက်ကြွလာလိမ့်မည် ဖြစ်သည်။

လက်ရှိအာယသ်တော် ၁၀၄-၁၀၅ (وَلْتَكُنْ مِّنكُمْ) ထဲတွင် အကြံပြုထားသော စနစ်အတွက် နောက်ထပ်ရှုထောင့် ကိုထပ်ထည့်ထားသည်။ ဤနေရာတွင် မိန့်ထားသည်မှာ မုစ်လင်မ်များသည် တစ်ဦးချင်းစီ၏ တွေးတောမှု

နှင့် လုပ်ကိုင်မှုကို ပြုပြင်ခြင်းခဲ့ ရပ်တန့်မနေဘဲ ယင်းနှင့်အတူ အစွမ်းသတ္တိသာသနာ သက်ဝင်ယုံကြည်ထားသော အခြားမုစ်လင်မ် ညီအစ်ကိုမောင်နှမများတို့၏ ကောင်းစားရေးအတွက် ကြင်နာစွာ သောကထားရပေမည်။ ဤသို့လုပ်ခြင်းအားဖြင့် အုမ္မသ်ထုအားလုံးသည် ပြုပြင်သည့်လုပ်ငန်းကို တစ်ချိန်လုံး မှန်ကန်မှုရှိစေ၍ တစ်ချိန်တည်းမှာပင် ယင်းကိစ္စရပ်သည် အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းကို အာမခံချက်ပေးလိမ့်မည် ဖြစ်သည်။

မုစ်လင်မ်များ စုပေါင်းကောင်းစားခြင်းသည် အရာနစ်ခုပေါ် တည်မှီသည်

ယင်းတို့မှာ -

(၁) သတ်ဂ်ဝါမှတစ် ဆင့် မိမိကိုယ်ကိုမိမိ ပြုပြင်ခြင်း၊ အီမာန်ယုံကြည်မှုနှင့် ကုရ်အာန်ကျမ်းတော်မြတ်မှ တစ်ဆင့် "အလ္လာဟ်အရှင်မြတ်၏ကြိုး" ကို ခိုင်မြဲစွာ စွဲကိုင်ခြင်းတို့ဖြစ်သည်။

(၂) ဒါအ်ဝသ်ဖိတ်ခေါ်ခြင်းနှင့် အပြုသဘောဆောင်သော သာသနာ ဖြန့်ချိမှုမှတစ်ဆင့် အခြားသူများကို ပြုပြင်ခြင်း။

အာယသ်တော်အဖွင့်တွင်ပါဝင်သော လမ်းညွှန်မှု၏ ဒုတိယစာပိုဒ်မှာ "ၔင်းပြင် အသင်တို့တွင် (အကြင်သို့သော) အဖွဲ့အစည်းတစ်ခုရှိရပေမည်" **وَلْتَكُنْ مِّنْكُمْ** ဖြစ်သည်။ ထို့ကြောင့် ပြီးခဲ့သော အာယသ်တော်နှင့် ယခု အာယသ်တော်၏ အချုပ်သဘောမှာ တစ်စုံတစ်ဦးသည် သူ/သူမ၏ လုပ်ရပ်များနှင့် ကိုယ်ကျင့်တရားများကို အလ္လာဟ်အရှင်မြတ် ချမှတ်ပေးသောဥပဒေနှင့်အညီ ပြုပြင်မှုလုပ်ရမည်။ ယင်းနှင့်အတူ တစ်စုံတစ်ဦးသည် အခြားသော မုစ်လင်မ်ညီအစ်ကို မောင်နှမများကိုလည်း ထိုနည်းတူ လုပ်ဆောင်စေရန် သောကထားရမည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ စူရဟ် အလ်အဆ်ရ်တွင် လာရှိသည်မှာ -

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَتَوَاصَوْا بِالْحَقِّ وَتَوَاصَوْا بِالصَّبْرِ

"အကြင်သူတို့မှတစ်ပါး ထိုသူတို့သည် (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၔင်းပြင် ကောင်းမြတ်သောအကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြ၏။ ထို့ပြင် အချင်းချင်း မှန်ကန်သော (သာသနာပေါ်၌ကြံ့ခိုင်စွာ) တည်ရှိကြရန်လည်း ဆုံးမကြကုန်၏။ ထိုမှတစ်ပါး ၔင်းတို့သည် သည်းခံကြရန်လည်း အချင်းချင်း ဆုံးမကြကုန်သတည်း။" (၁၀၃း၂,၃)

မုစ်လင်မ်များ စည်းလုံးညီညွတ်မှုတစ်ခုရရန် ခိုင်မြဲစွာနှောင်ဖွဲ့ရာတွင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ဆက်နွယ်နေရမည်။ ဤနှောင်ဖွဲ့မှုသည် ခေတ်အဆက်ဆက် ခိုင်မြဲစေရန် မိမိနှင့် အီမာန်ယုံကြည်ထားသော အခြားသော ညီအစ်ကိုများ၊ မောင်နှမများကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သတ်တော်တွင် မိန့်ထားသည်နှင့်အညီ ကောင်းမှုကောင်းရာလုပ်ဆောင်စေခြင်းနှင့် မကောင်းမှုမှ မြစ်တားခြင်းသည် ၔင်းတို့မလုပ်မနေရ တာဝန်ဟု မှတ်ယူရပေမည်။ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ "ကြိုး"ကို မည်သူတစ်ဦးတစ်ယောက်၏ လက်မှပင် လွတ်ချော်မသွားစေရန်ဖြစ်သည်။ ဤအချက်ကို ကျွန်ုပ်၏ ဆရာဖြစ်သော ထင်ပေါ်ကျော်

ကြားသည့် ရှိုက်ခွလ်အစ္စလာမ် မော်လာနာ ရှဗီရ်အဟ်မဒ် အုတ်သ်မာနီ ([ylI.A]mHR) က လိုတိုရှင်း မိန့်ကြားထားသည်မှာ -

"အလ္လာဟ်အရှင်မြတ်၏ကြိုး" သည် မည်သည့်အကြောင်းနှင့်မျှ မပြတ်နိုင်ပါ။ တစ်စုံတစ်ဦး ၎င်းလက်မှ လွတ်ထွက်သွားသည်ဆိုလျှင် ဖြစ်နိုင်ပေသည်။

ဤကဲ့သို့သော အန္တရာယ်မျိုး ရှောင်ရှားနိုင်ရန် ကုရ်အာန်ကျမ်းတော်မြတ်သည် မုစ်လင်မ်များအား အခြားမုစ်လင်မ်ညီအစ်ကို မောင်နှမများကို မကောင်းမှုများမှ မြစ်တား၍ ကောင်းရာညွှန်ကြားစေပြီး ပညာပေးသင်ကြားရေး စေခိုင်းထားသည်။ အလ္လာဟ်အရှင်မြတ်နှင့် အတူရှိစေ၍ အရှင်မြတ်အမိန့်တော်များကို လိုက်နာရန်အတွက် လုပ်ဆောင်ခြင်းသည် စုပေါင်းကြိုးပမ်းမှုတစ်ရပ်ဖြစ်လာလိမ့်မည်။ ထို့ပြင် ဤကမ္ဘာနှင့် နောင်တမလွန်ဘဝတွင် အကျိုးကျေးဇူးများတစ်ပေါင်းထဲအတူ ရရှိခံစားကြရမည်။ မိမိကိုယ်ကိုမိမိပြုပြင်ခြင်းနှင့် အခြားသူကို ပြုပြင်ခြင်းဟူသောတာဝန်မှာ မုစ်လင်မ်တိုင်းပေါ်တွင် ကိုယ်စီရှိကြောင်းကိုဖော်ပြသည့် အခြားသော သက်သေသာဓကများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိသည်။

အထက်တွင် ဖော်ပြပြီးဖြစ်သော စူရဟ်အာလိအင်မ်ရာမ်ပါ အမိန့်ကို သင်တွေ့ရှိပြီးဖြစ်ပါသည်။ ယခုလက်ရှိ စူရဟ်အာလိအင်မ်ရာမ်ထဲတွင် အခြားနေရာ၌ မိန့်ကြားထားသည်မှာ -

كُنْتُمْ خَيْرَ اُمَّةٍ اُخْرِجَتْ لِلنَّاسِ تَأْمُرُوْنَ بِالْمَعْرُوْفِ وَتَنْهَوْنَ عَنِ الْمُنْكَرِ

"(အိုု-မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အဖို့ (တရားမမွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာဝင်လူစုပင်တည်း။ (အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သောကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည့်ပြင် စက်ဆုတ်ရွံရှာဖွယ်ရာများမှလည်း မြစ်တားကြကုန်၏။" (၃း၁၁၀)

ဤအာယသ်တော်တွင်လည်း ထင်ရှားသည်မှာ "ကောင်းမြတ်သောကိစ္စများကို ညွှန်ကြား၍ စက်ဆုပ်ရွံရှာဖွယ်ရာများမှ မြစ်တားကြကုန်" ဆိုသည့် မလုပ်မနေရ တာဝန်ကို အုမ္မသ်ထုတစ်ရပ်လုံးအား အပ်နှင်းထားသည်။ ဤတာဝန်ဝတ္တရား ထမ်းဆောင်ခြင်းကြောင့် ၎င်းတို့အား အခြားအုမ္မသ်ထုများထက် အဆင့်အတန်းမြင့်မားစေသည်။ အလားတူပင် ဤကိစ္စရပ်နှင့် ပတ်သက်၍ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အဆိုအမိန့်များ မြောက်မြားစွာရှိသည်။ အိဗ်နိမာဂျာဟ်နှင့် သိရ်မိဇီတွင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားထားသည်မှာ -

والذى نفسى بيده لتأمرن بالمعروف ولتنهون عن المنكر اوليوشكن الله ان يبعث عليكم عقابا من عنده ثم لتدعنه فلا يستجيب لكم

"ကျွန်ုပ်အသက်ကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ ပြောအံ့။ အသင်တို့သည် ကောင်းရာညွှန်ကြား၍ မကောင်းရာမြစ်တားကြကုန်။ ယင်းသို့မလုပ်လျှင် အလ္လာဟ်အရှင်မြတ်

သည် သင်တို့အပေါ်၌ ပြင်းထန်သည့် ဒဏ်ခတ်မှုပြုလုပ်လိမ့်မည်။ ထိုအချိန်တွင် သင်တို့သည် အလွှာဟ် အရှင်မြတ်ထံ (သနားကြင်နာစေရန်) တောင်းခံခဲ့သော်လည်း အရှင်မြတ်သည် လက်ခံတော်မူလိမ့်မည် မဟုတ်ချေ။"

အခြား ဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺ သခင် မိန့်ကြားတော်မူခဲ့သည်မှာ -

من رأى منكم منكرا فليغيره بيده، فان لم يستطع فبلسانه، وان لم يستطع فبقلبه ، وذلك اضعف الايمان.

"အသင်တို့အထဲမှ မည်သူမဆို မကောင်းမှုတစ်ရပ် ကျူးလွန်နေသည်ကို တွေ့မြင်ရလျှင် လက်ရုံးအားဖြင့် တားမြစ်သင့်သည်။ အကယ်၍ ထိုသို့မပြုလုပ်နိုင်လျှင် နှုတ်ဖြင့်တားမြစ်ရမည်။ အကယ်၍ ထိုမျှပင် မတတ်နိုင်လျှင် စိတ်နှလုံးသားထဲမှ တားမြစ်ရမည်။ ဆိုလိုသည်မှာ ထိုကိစ္စသည် မကောင်းမှုဟု မှတ်ယူကာ ရွံရှာစက်ဆုပ်ရပေမည်။ ဤသည်မှာ အီမာန်ယုံကြည်မှု၏ အားအနည်းဆုံးသော အနိမ့်ဆုံး အဆင့်ဖြစ်သည်။"

ဤကိုးကားချက်များအားလုံးအရ ကောင်းမှုညွှန်ကြား၍ မကောင်းမှုမြစ်တားခြင်းဟူသော တာဝန်သည် အုမ္မသ်ထုတစ်ဦးစီတွင် ရှိသည်ဆိုခြင်းမှာ ယုံးမှားသံသယမရှိချေ။ သို့သော်လည်း ယင်းတာဝန်သည် လူတိုင်း စွမ်းဆောင်နိုင်သည့် အတိုင်းအဆအရသာလျှင်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် အခြားသော အစွမ်းလာမ် အမိန့်ပညတ်ချက်အားလုံးတွင်လည်း မှန်ကန်ပေသည်။ ဖော်ပြခဲ့သော ဟဒီးဆ်တော်ထဲတွင် မပြုမနေရတာဝန်သည် စွမ်းဆောင်နိုင်သည့် အတိုင်းအတာပေါ်မူတည်၍ ပြောင်းလဲကြောင်း အသင်သတိမူမိပါလိမ့်မည်။

လုပ်ဆောင်မှုတစ်ခုစီသည် ကွဲပြားသော စွမ်းဆောင်နိုင်မှု လိုအပ်သည်။ ဦးစွာပထမ ကောင်းမှုပြုလုပ်ရန် ညွှန်ကြားနိုင်မှုသည် ကောင်းမကောင်း မှန်ကန်စွာ သိရှိမှုအပေါ် မူတည်သည်။ တစ်စုံတစ်ဦးသည် ထိုကိစ္စနှစ်ရပ်ကို ခွဲခြားသိမြင်ခြင်းလည်းမရှိ၊ ၎င်း၏လုပ်ဆောင်မှုကို ပြည့်စုံစွာနားလည်ခြင်းလည်း မရှိက အခြားသူများထံ သွားရောက်၍ ကောင်းမှုညွှန်ကြား မကောင်းမှုမြစ်တားသည့်အလုပ် မလုပ်သင့်သူဖြစ်မည်။ ထင်ရှားသည်မှာ ထိုသို့ပြုလုပ်ခြင်းဖြင့် စည်းကမ်းတကျ ဖြစ်မည့်အစား မငြိမ်မသက်မှုများကို ဖန်တီးသလို ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့သောသူသည် ၎င်း၏အသိဉာဏ်နည်းပါးမှုကြောင့် ကောင်းမှုတစ်စုံတစ်ရာကို တားမြစ်ခြင်းနှင့် မကောင်းမှုတစ်စုံတစ်ရာကို ညွှန်ကြားခြင်း လုံးဝဖြစ်နိုင်ပေသည်။ ထို့ကြောင့် တစ်စုံတစ်ဦး ကောင်းမှုမကောင်းမှုကို မသိသူသည် ယင်းကိုသိနားလည်ရန် လုပ်ဆောင်ရန် တာဝန်ရှိသည်။ အစွမ်းလာမ်ရှရီအသ်တရားတော်က ဆုံးဖြတ်ချမှတ်ထားသော (**الْمَعْرُوْفِ**) မအ်ရုဖ်နှင့် (**الْمُنْكَرُ**)မွန်ကရ်ကို သင်ယူတတ်မြောက်ထားရမည်။ ပြီးမှသာလျှင် ယင်းအလုပ်လုပ်သည့်အနေဖြင့် အခြားသူများကို တင်ပြသိရှိစေရမည်။ ရှင်းလင်းစွာ သိရမည်မှာ တစ်စုံတစ်ဦးသည် ဤလုပ်ငန်းစဉ်၏ ကြုံတင်လိုလားချက်များကို မရရှိသေးသမျှ ထိုလုပ်ငန်းလုပ်ရန်သူ့အတွက် ခွင့်မပြုချေ။ ယနေ့အချိန်တွင် စိတ်အား ထက်သန်ပြီး အသိဉာဏ်နည်းသူများသည် ကုရ်အာန်ကိုသော်လည်းကောင်း ဟဒီးဆ်ကိုလည်းကောင်း မသိဘဲနှင့် တရားဟောနေကြပါလိမ့်မည်။ သို့တည်းမဟုတ် ပိုဆိုးသည်မှာ သာမန်လူတစ်စုသည် အခြားသူများ၏ လုပ်သင့် မလုပ်သင့် ငြင်းခုန်မှုများကို တစ်ဆင့် ကြားဖြင့် ဟောကြားပါလိမ့်မည်။

ဤနည်းလမ်းသည် မုစ်လင်မ်လူထုကိုပြုပြင်ရန် လျော်ကန်သည့်နည်း မဟုတ်ခဲ့။ စင်စစ်ယင်းနည်းသည် ငြင်းခုံမှုများပိုလာပြီး ပြုပြင်ခြင်းလမ်းစဉ်ကိုပင် ပျက်စီးစေသည်။

အလားတူပင် ကောင်းရာညွှန်ကြားခြင်းတွင် ယင်းကိစ္စ၌ပါဝင်သောသူများကို ကြောက်မက်ဖွယ်အန္တရာယ်ကိုလည်းကောင်း သည်းမခံနိုင်သော နစ်နာမှုများကိုလည်းကောင်း မဖြစ်စေသင့်ခြင်းလည်း ပါဝင်သည်။ ထို့ကြောင့် အထက်တွင် ကိုးကားဖော်ပြထားသော ဟဒီးဆ်တော်ထဲတွင် မိန့်ကြားထားသည်မှာ တစ်စုံတစ်ဦးသည် မကောင်းမှုကို ဟန့်တားရာ၌ မိမိလက်ရုံး (မိမိခွန်အား) ဖြင့် တားဆီးသင့်သည်ဟူ၍ဖြစ်သည်။ အကယ်၍ ဤကဲ့သို့ မလုပ်ဆောင်နိုင်ခဲ့ပါ လျှင် သူ၏နှုတ်လျှာဖြင့် လုပ်ဆောင်ရပါမည်။ အကယ်၍ သူ၏နှုတ်လျှာအားဖြင့်လည်း မလုပ်ဆောင်နိုင်ခဲ့ပါလျှင် သူသည် အနည်းဆုံးထိုအရာကို မကောင်းဟု သူ၏နှလုံးသားက မှတ်ယူထားသင့်လေသည်။ သူ၏နှုတ်လျှာ ဖြင့် မတားဆီးနိုင်ဟုဆိုခြင်းမှာ ထိုသူ၏ နှုတ်လျှာ မလှုပ်ရှားနိုင်ဟု မဆိုလိုကြောင်း ထင်ရှားပါသည်။ ဤသည်ကား ပါးစပ်ဖွင့်ကာ အမှန်တရားကို ပြောဆိုခဲ့လျှင် သူ့အသက်ဆုံးရှုံးမှုကိုဖြစ်စေ၊ အခြားအပြင်းအထန် ထိခိုက် အနာတရာဖြစ်မှုကိုဖြစ်စေ၊ ဆုံးရှုံးနစ်နာမှုကိုဖြစ်စေ အသေအခြာဖြစ်သည်ကို သိရှိသောကြောင့် အမှန်တရားကို ပါးစပ်ဖွင့်ဟ မပြောခြင်းဖြစ်သည်ဟူ၍ ဆိုလိုသည်။ ထိုကဲ့သို့သော ကိစ္စရပ်တွင် ဤသူအား လုပ်နိုင်စွမ်းရှိသူဟူ၍ မှတ်ယူလိမ့်မည်မဟုတ်ပါ။ ကောင်းရာကို ညွှန်ကြားခြင်း၊ မကောင်းမှုမှ မြစ်တားခြင်းကို စွန့်လွှတ်ခဲ့သည့်အတွက် သူ့အားအပြစ်ထိုက်သူဟူ၍ မခေါ်ဆိုနိုင်ပေ။ အကယ်၍ သူသည် သူ့အသက်နှင့် ဥစ္စာပစ္စည်းကို အလွှာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲပြီး၊ ဆုံးရှုံးမှုများကို ရင်ဆိုင်ကာ ကောင်းမှုညွှန်ကြားခြင်းနှင့် မကောင်းမှုမြစ်တားခြင်းဖြင့် လုပ်ဆောင်သည်မှာ အခြားကိစ္စရပ်ပင် ဖြစ်သည်။ ယင်းလုပ်ရပ်သည် များစွာသော ဆွဟာဗဟ်ကြီးများနှင့် သူတို့အား ဆက်ခံသူ သာဗိအိန်များလုပ်ခဲ့ကြောင်း ဆင့်ပြန်ချက်များရှိခဲ့သည်။ ဤလုပ်ရပ်သည် ဆုံးဖြတ်ချက်၏ အမြင့်ဆုံးသော အဆင့်ဖြစ်ကာ ကြီးကျယ်သောကောင်းမှုလုပ်ရပ်ကြီးဖြစ်သည်။ ဤသည်ကြောင့် ယင်းတို့၏ အဆင့်သည် ကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတွင်ပါ အဆင့်မြင့်မားစေသည်။ သို့သော် သူတို့လုပ်ခဲ့သော လုပ်ရပ်သည် သူတို့အပေါ်၌ မပြုမနေရ ပြုလုပ်ရမည့်တာဝန်တစ်ရပ် မဟုတ်ပေ။

ဤကဲ့သို့သော မပြုမနေရဖြစ်သော တာဝန်၏ သဘောသဘာဝသည် တစ်စုံတစ်ဦး ကောင်းရာသို့ ညွှန်ကြားခြင်း၊ မကောင်းမှုကို မြစ်တားခြင်းအား လိုအပ်သည့်ကိစ္စရပ်အတွက်သာ လုပ်ဆောင်ရပါမည်။ သို့လုပ်ဆောင်မှသာလျှင် မပြုမနေရ တာဝန်ထမ်းဆောင်ခြင်းမည်ပါလိမ့်မည်။ အကယ်၍ နဖိလ်လုပ်ရပ်ကို လုပ်ဆောင်ပါက ထိုအလုပ်သည် နဖိလ်ဖြစ်ပါလိမ့်မည်။ ပမာဆိုသော် - ဆွလာသ်ငါးကြိမ်ဝတ်ပြုခြင်းသည် မပြုမနေရ တာဝန်ဖြစ်သည်။ ထို့ကြောင့် ဆွလာသ်ဝတ်ပြုသူအားကောင်းသော အကြံဉာဏ်ပေးရန် လူတိုင်းတွင် တာဝန်ရှိသည်။ နဖိလ်ဝတ်ပြုခြင်းများသည် ခရီးကျူးဖွယ်ရာဖြစ်ခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်းဟု သတ်မှတ်ထားသောကြောင့် ယင်းကိစ္စရပ်များအတွက် ကောင်းသောအကြံဉာဏ်ပေးခြင်းသည် နှစ်လိုဖွယ်ရာပင် ဖြစ်သည်။ ဤနေရာ၌ ယဉ်ကျေးမှုအရ လိုအပ်သည်မှာ တစ်စုံတစ်ဦးအား နှစ်လိုဖွယ်ရာ အပြုအမူအတွက် အကြံပြုရာတွင် ချိုသာသော စကားနှင့် ညင်သာသော အပြုမူများကို သုံးရန်လိုအပ်သည်။ အလားတူစွာ မပြုမနေရကိစ္စရပ်အတွက် ဖိတ်ခေါ်မှုပြုရာတွင် ပျော့ပြောင်းနူးညံ့စွာ ဖိတ်ခေါ်မှုကို လုံးလုံးလျားလျား ငြင်းပယ်ပါက တင်းမာမှုကို ပြောင်းလဲအသုံးပြုနိုင်သည်။ ယခုအခါတွင် သမရိုးကျ မြင်ကွင်းတစ်ခုမှာ နှစ်လိုဖွယ်ရာဖြစ်သော (နဖိလ်) ကိစ္စရပ်များကို ကန့်ကွက်လိုကြပြီး လူအများ ဖရသ်စွန့်လွှတ်နေကြသည်ကို နှုတ်ပိတ်နေကြသည်။

ဤသည်အတွက် ထပ်ဆောင်းရလျှင် တစ်စုံတစ်ဦးသည် တားမြစ်ထားသည်ကို လုပ်ဆောင်နေခြင်းအား မိမိကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်ပြီးမှသာလျှင် ဤမပြုမနေ တာဝန်ကိုစတင်လုပ်ဆောင်ရပါမည်။ ဥပမာ လူတစ်ဦးသည် မုစ်လင်မ်တစ်ဦး အရက်သောက်နေခြင်း၊ ခိုးဝှက်ခြင်း (သို့) မုဒိန်းမှုကျူးလွန်းခြင်းကို မြင်တွေ့ပြီးမှသာ ထိုကဲ့သို့လုပ်ဆောင်ခြင်းများကို အစွမ်းကုန် တားဆီးရန် သူ့အတွက် မပြုမနေရ တာဝန်ဖြစ်နေပေလိမ့်မည်။ အကယ်၍ ဤကိစ္စရပ်များ ဖြစ်ပျက်ခြင်းကို သူ မမြင်တွေ့ရပါက မပြုမနေရတာဝန်ကို လုပ်ဆောင်ရန် သူ့တွင် တာဝန်မရှိပါ။ ထို့ကြောင့် အစ္စလာမ်အစိုးရတို့သည် ပြစ်မှုကို စုံစမ်းပြီး ထောက်လှမ်းမှုပြုကာ ရာဇဝတ်သားကို အပြစ်ပေးရမည်။

တမန်တော်မြတ်﴿ﷺ﴾ မိန့်ဆိုချက်ဖြစ်သော **من رأى منكم منكرا (အသင်တို့အနက် မည်သူမဆို မကောင်းမှု တစ်ရပ်ပြုလုပ်နေသည်ကို မြင်တွေ့ရလျှင်)** ဆိုသည်မှာ ဤမူကို ညွှန်ပြပါသည်။

ထို့နောက် ဤလုပ်ငန်းစဉ်၏ နောက်တစ်ဆင့်ရောက်လာသည်။ ယင်းမှာလူအများအား အီမာန်ယုံကြည်မှုဆီသို့ ဖိတ်ခေါ်၍ မှန်ကန်သောလမ်းညွှန်မှုပေးသည့် လုပ်ငန်းစဉ်သာလျှင် ရည်စူးလုပ်ကိုင်သော အဖွဲ့တစ်ဖွဲ့ရှိရမည်။ ယင်းအဖွဲ့၏ တစ်ခုတည်းသော လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းစဉ်သည် ၎င်းတို့၏လုပ်ရပ်နှင့် ဟောပြောချက်မှတစ်ဆင့် လူအများကုရ်အာန်နှင့် စွန္နသ်တော်ဆီသို့ အစဉ်ဖိတ်ခေါ်ခြင်း ဖြစ်သင့်သည်။ ယင်းအဖွဲ့အစည်းသည် လူအများ ကောင်းမှုတွင် တိမ်းညွတ်မှု နည်းပါးခြင်း (သို့) မကောင်းမှုတွင် နစ်မွန်းခြင်းတို့ကို မြင်ရသောအခါ ကောင်းရာညွှန်ပြခြင်းနှင့် မကောင်းမှုမြစ်တားခြင်းတွင် ၎င်းစွမ်းဆောင်နိုင်သမျှ လုပ်ဆောင်သင့်သည်။ ဤကြီးမားသည့် လုပ်ငန်းစဉ်ကို ပြည့်ပြည့်ဝဝနှင့် ထိရောက်စွာ လုပ်ကိုင်နိုင်သည့်နည်းမှာ ယင်းကိစ္စကြောင့် ပေါ်ပေါက်လာမည့်မေးခွန်းများကို လုပ်ဆောင်မည့်သူများသည် အပြည့်အစုံ သိနားလည်ရမည်။ ထို့ပြင် ရှရီအာသ်တရားတော်အမြင်အရ ထိရောက်အောင်မြင်သော ဖိတ်ခေါ်မှုဖြစ်စေရန် နည်းလမ်းများကိုလည်း သိနားလည်ရမည်ဖြစ်ကြောင်း သတိမူရမည်။ ဤအကြောင်းကြောင့် မုစ်လင်မ်များထဲမှ သီးသန့်အုပ်စုတစ်စုကို ဤတာဝန်အပ်နှင်းထားသည်။ ဤကြိုးပမ်းအားထုတ်မှုမှ ဖြာထွက်လာသောကိစ္စအားလုံး ကို ၎င်းတို့တာဝန်ယူနိုင်သည်။

ထို့ကြောင့် လက်ရှိအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ -

وَلْتَكُنْ مِّنْكُمْ اُمَّةٌ يَّدْعُوْنَ اِلَى الْخَيْرِ وَيَأْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ ؕ

“၎င်းပြင် အသင်တို့သည် (အကြင်သို့သော) အဖွဲ့အစည်းတစ်ခုရှိပေမည်။ ထိုအဖွဲ့အစည်းသည် (လူသားတို့အား) ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ကြရမည်။ ထို့ပြင် ကောင်းမြတ်သော အရာများကို ညွှန်ကြားရမည်။ ၎င်းပြင် ထိုအဖွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။”

အာယသ်တော်၏ ပထမပိုင်းတွင်ပါဝင်သော **وَلْتَكُنْ مِّنْكُمْ اُمَّةٌ** “အသင်တို့သည် အကြင်သို့သော အဖွဲ့အစည်း တစ်ခုရှိရပေမည်” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းက ရည်ညွှန်းချက်တစ်ရပ်ပေးသည်မှာ ဤကဲ့သို့သော အဖွဲ့အစည်းတစ်ခုရှိရန် လိုအပ်သည်ဟူ၍ဖြစ်သည်။ အကယ်၍ အစိုးရတစ်ရပ်သည် ဤတာဝန် ဝတ္တရားကို မထမ်းဆောင်ပါက မုစ်လင်မ်များအပေါ်၌ ထိုကဲ့သို့ အဖွဲ့အစည်းတစ်ရပ်တည်ထောင်၍ လုပ်ကိုင်ရမည်မှာ မပြုမနေရ တာဝန်ဖြစ်လာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အုမ္မသ်ထု၏ အဓိက အခန်းကဏ္ဍသည်

ယင်းကဲ့သို့သော အဖွဲ့အစည်းတစ်ရပ်တည်ရှိမှုပေါ် တည်မှီသည်။ ဤအဖွဲ့အစည်း၏ အဓိက သွင်ပြင်လက္ခဏာများကား မည်သည်နည်း။ ကုရ်အာန်ကျမ်းတော်မြတ်၏အဖြေမှာ **يَدْعُوْنَ اِلَى الْخَيْرِ** "ထိုအဖွဲ့အစည်းသည် ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ကြရမည်" ဆိုလိုသည်သည်မှာ ထိုသူတို့၏ ဖိတ်ခေါ်မှုသည် ၎င်းတို့၏ မူလရည်ရွယ်ချက်ပင်ဖြစ်ရမည်။ "ခိုင်းရ်" (သို့) ကောင်းရာကောင်းကြောင်းဆိုသည်မှာ မည်သည် နည်း။ တမန်တော်မြတ်ﷺ သခင်ကိုယ်တော် တိုင် ရှင်းလင်မိန့်ကြားခဲ့သည်မှာ **الخير هر اتباع القرآن وسنتى** အဓိပ္ပာယ်မှာ "ခိုင်းရ်" ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ကျွန်ုပ်၏ စွန္နသ်တော်များကို လိုက်နာခြင်းဖြစ်သည်။" **(အိဗ်နိကဆီး၏)**

ကန့်သတ်ထားသည့်အဓိပ္ပာယ်အနေနှင့် ကြည့်မည်ဆိုလျှင် ကောင်းရာညွှန်ကြားခြင်းနှင့် မကောင်းရာမြစ်တားခြင်းသည် မကောင်းမှုလုပ်ရပ် မွန်ကရ် ကို ကျူးလွန်ကြောင်း မြင်တွေ့မှသာလျှင် လုပ်ရမည်ဟု အဓိပ္ပာယ်သက်ရောက်သွားနိုင်သည်။ သို့သော်လည်း အာယသ်တော်အစဉ် ဖော်ပြထားသော **يَدْعُوْنَ اِلَى الْخَيْرِ "ကောင်းရာ ကောင်းကြောင်းသို့ ဖိတ်ခေါ်ရမည်"** ဆိုသည်ကို ရှင်းလင်းစေသည်မှာ ဤအဖွဲ့အစည်း၏ လုပ်ငန်းစဉ်သည် မကောင်းမှုလုပ်ရပ်လုပ်ဆောင်ခြင်း မမြင်သည့်တိုင် (သို့) မလုပ်မနေရတာဝန်ကို ထမ်းဆောင်ရန် အချိန်မကျသေးမီတိုင် ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ရမည်ဖြစ်သည်။

ပမာအားဖြင့် နေထွက်ပြီးမှ မွန်းတည့် (ဇဝါးလ်) အချိန်တွင်း ရှရီအသ်တရားတော်က မည်သည့် ဆွလာသ်ဝတ်ပြုမှုကိုမျှ ပြဋ္ဌာန်းမထားကြောင်း သိရှိရပါသည်။ သို့သော်လည်း ဤအဖွဲ့အစည်းသည် လူအများအား အချိန်ကျလျှင် ဆွလာသ်ဝတ်ပြုခြင်းကို နှိုးဆော်မှုဖြစ်စေရန်အတွက် ထိုအချိန်တွင် ၎င်းတို့သည် ဆွလာသ်ဝတ်ပြုနိုင်ပါသည်။ သို့မဟုတ်လျှင် ဥပုသ်စောင့်ခြင်းနှင့် ပတ်သက်၍ကြည့်လျှင် ရမဿန်လမြတ်သည်လည်း ရောက်ရန်ဝေးသေးသည်။ သတ်မှတ်ချိန်လည်း မရောက်သေးသော် ထိုအုပ်စုသည် မိမိတို့၏တာဝန်ကို ချောင်ထိုး၍ အေးအေးဆေးဆေး မနေပါ။ ၎င်းတို့သည် ရမဿန်လမြတ်အကြောင်းကြိုတင်၍ လူအများအား သတိပေးနေပေလိမ့်မည်။ ထိုလရောက်သည့်အချိန်တွင် ဥပုသ်သီလဆောက်တည်ခြင်းသည် လူအများအပေါ် မလုပ်နေရတာဝန်ဖြစ်လိမ့်မည်ဖြစ်ကြောင်းကိုလည်း လေးနက်စွာ သတိပေးနေပါလိမ့်မည်။ အတိုချုပ်အားဖြင့် လူအများအား ကောင်းရာကောင်းကြောင်း ဖိတ်ခေါ်ခြင်းသည် အစဉ်သဖြင့် ထိုအုပ်စုဝင်များအတွက် ပင်ကိုယ်တာဝန်ဖြစ်လိမ့်မည်ဖြစ်သည်။

ထို့နောက် ဤကောင်းရာကောင်းကြောင်း ဖိတ်ခေါ်ခြင်း၌ အဆင့်ခွဲနှစ်ခုရှိသည်။

(၁) မုစ်လင်မ်မဟုတ်သူများအား "ခိုင်းရ်" ဆီသို့ဖိတ်ခေါ်ခြင်းသည် အစွလာမ်သာသနာဆီသို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။ ဤကိစ္စအတွက် မုစ်လင်မ်အားလုံး သက်ဆိုင်သည်။ ဆိုလိုသည်မှာ ယေဘုဘျအနေနှင့်အားလုံးသော မုစ်လင်မ် တိုင်းအတွက်ဖြစ်၍ အဓိကမှာ ဤအဖွဲ့အစည်းသည် တစ်ကမ္ဘာလုံးရှိ လူအားလုံးအားနှုတ်နှင့်ရော အပြုအမူ အရပါ အစွလာမ်သာသနာဘက်သို့ ဖိတ်ခေါ်ခြင်းပြုရန် တာဝန်တင်ရှိသည်။ ထို့ကြောင့် မုစ်လင်မ်တို့အပေါ်၌ ဂျိဟားဒ်ပြုလုပ်ရန် သတ်မှတ်သော အာယသ်တော်ထဲတွင် စစ်မှန်သော မုစ်လင်မ်ဆိုသည်မှာ မည်သူဖြစ်ကြောင်းနှင့် ၎င်းတို့အား ခြိုးကျူးထားမှုကို အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်။

اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِى الْاَرْضِ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ وَاَمَرُوْا بِالْمَعْرُوْفِ وَنَهَوْا عَنِ الْمُنْكَرِ ؕ

ယင်းမှာ - **"အကြင်သူတို့သည် အကယ်၍ ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ်လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင် ၎င်းတို့သည် ဆွလာသံဝတ်ပြုမှုကို ဆောက်တည်ကြပေမည်။ ၎င်းပြင် ဇကားသ်ကိုလည်း ပေးဆပ်ကြပေမည်။ ကောင်းမြတ်သော ကိစ္စများကိုလည်း အမိန့်ပေးကြပေမည်။ မကောင်းမှုမျှားမှ လည်း တားမြစ်ကြပေမည်။** (၂၂:၄၁)

အကယ်၍သာ ယနေ့မုစ်လင်မ်လူ့အဖွဲ့အစည်းသည် အခြားသူများအား ကောင်းရာကောင်းကြောင်း ဘက်သို့ ဖိတ်ခေါ်ခြင်းကို ၎င်းတို့၏ရည်မှန်းချက်အဖြစ် သတ်မှတ်ခဲ့လျှင် မုစ်လင်မ်မဟုတ်သည့်နိုင်ငံများနောက်သို့ မျက်စိစုံမှိတ်လိုက်ခြင်းကြောင့် ပေါ်ပေါက်လာမည့်ဆိုးကျိုးများ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတွင် ဝင်ရောက်လာလိမ့်မည် မဟုတ်ချေ။ လူအဖွဲ့အစည်းတစ်ရပ်သည် ဤကြီးမားသည့် ရည်ရွယ်ချက်အတွက် စုစည်းပူးပေါင်းရန် ဆုံးဖြတ်ခဲ့ပါလျှင် ကမ္ဘာပေါ်ရှိတိုင်းပြည်အားလုံးကို စုစည်းရန် သေချာပါသည်။ ထိုလုပ်ငန်း ကို သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်းတာဝန်သည် ဖိတ်ခေါ်သည့် မုစ်လင်မ်များ၏ ပုခုံးပေါ်ကျရောက်လာပေမည်။ ယင်းသို့ကြိုးစားလုပ်ဆောင်လျှင် မညီညွတ်မှုများ ပျောက်ကွယ်သွားပြီး အံ့ဘွယ်ရည်မှန်းချက်ပန်းတိုင်ကို မြင်လာရပါလိမ့်မည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ဆွဟာဗတ်သခင်ကြီးများ﴿**رضى الله عنهم اجمعين**﴾ ရရှိသော အောင်မြင်မှုများ၏ လျှို့ဝှက်ချက်ကား ဤကြိုးပမ်းမှု၏ နောက်ကွယ်တွင်ရှိသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဤအာယသ်တော်တွင် **وَلْتَكُنْ مِّنْكُمْ** "၎င်းပြင် အသင်တို့တွင် (အကြင်သို့သော) အဖွဲ့အစည်းတစ်ခုရှိရပေမည်" ဟူသော အာယသ်တော်ကိုရွတ်ပြီးနောက် မိန့်ကြားသည်မှာ ထိုအထူးအဖွဲ့အစည်းသည် ဆွဟာဗတ်သာဝကကြီးများနှင့် ဖွဲ့စည်း ထားသော အဖွဲ့အစည်းပင်ဖြစ်သည်။" **(အီဗ်နိ ဂျရီး၏)**

ဤကဲ့သို့မိန့်ကြားခြင်း၏အကြောင်းမှာ ဆွဟာဗတ်သာဝကြီးတိုင်းသည် လူအများအား ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ခြင်းတာဝန်ကို ၎င်းတို့အား အပ်နှင်းထားသည်ဟု မှတ်ယူထားခဲ့သောကြောင့်ဖြစ်သည်။

(၂) ဤမွန်မြတ်လှသောလုပ်ငန်းကြီး၏ ဒုတိယအဆင့်ခွဲသည် မုစ်လင်မ်များအချင်းချင်း ကောင်းရာကောင်းကြောင်းဖက်သို့ ဖိတ်ခေါ်ခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၌ ပြဋ္ဌာန်းထားသည့် (}oID) ဒါအ် ဝသ်တာဝန်ကို ဖြည့်ဆည်းသည့်အနေဖြင့် သဗ်လီးဂ် (သို့) အရှင်မြတ်၏သတင်းစကားကို ပို့ဆောင်မှုမှာ ယေဘုယျအားဖြင့် မုစ်လင်မ်များကလည်းကောင်း၊ အဓိကအားဖြင့် မုစ်လင်မ်ထဲမှ အထူးအုပ်စုကလည်းကောင်း ပြုလုပ် သင့်ပေသည်။

ထိုလုပ်ငန်းတွင်ပင် အောက်မှာဖော်ပြသည့်အတိုင်း အသွင်နှစ်ရပ်ရှိလေသည်။

(က) ယေဘုယျနှင့် ပွင့်လင်းစွာ ကောင်းရာကောင်းကြောင်း ဖိတ်ခေါ်ခြင်းအားဖြင့် အစွမ်းသတ္တိသာသနာတော်က ပြဋ္ဌာန်းထားသည့်လိုအပ်သော အမိန့်ပညတ်ချက်များနှင့် ကိုယ်ကျင့်တရားများကို ပညာပေးပြီး ဖြစ်ပေလိမ့်မည်။

(ခ) ဒုတိယအမျိုးအစားမှာ သီးသန့်နှင့်အထူးဖြစ်သည်။ ယင်းမှာ မုစ်လင်မ်အုမ္မသ်ထုတွင် ကုရ်အာန်ကျမ်း တော်မြတ်နှင့် စွန္နသ်တော်များ၏ သိပ္ပံပညာတွင် ကျွမ်းကျင်သော မုစ်လင်မ်များပေါ်ထွက်လာစေရေး ရည် ရွယ်ချက်ပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်က ဤရည်ရွယ်ချက်ကို ရောက်စေရေး အတွက် လမ်းညွှန်ထားသည်မှာ -

فَلَوْلَا نَفَرَ مِنْ كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُوْا فِى الدِّيْنِ وَلِيُنْذِرُوْا قَوْمَهُمْ اِذَا رَجَعُوْٓا اِلَيْهِمْ لَعَلَّهُمْ يَحْذَرُوْنَ

“သို့ဖြစ်ပေရာ ၎င်းတို့အနက် အုပ်စုတိုင်းမှ လူတစ်စုသည်သာလျှင် (စစ်တလင်းသို့ အဘယ် ကြောင့်မထွက်သနည်း) ထွက်ကြရပေမည်။ သို့မှသာလျှင် (ကျန်လူတို့မှာ) ‘ဒီန်’သာသနာနှင့်စပ်လျဉ်း၍ (အသိပညာများကို) သင်ယူဆည်းပူးနိုင်ကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏အမျိုးသားတို့အား (စစ်တလင်းမှ) မိမိတို့ထံ ပြန်လည်ရောက်ရှိလာခဲ့ကြသောအခါ (အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ် တော်များကို ဟောကြားခြင်းအားဖြင့်) သတိပေးနှိုးဆော်နိုင်ကြပေမည်။ သို့မှသာလျှင် ထိုအမျိုးသားတို့ သည် (ပြစ်မှုဒုစရိုက်တို့မှ) ရှောင်ရှားတန်ကြရာကုန်သတည်း။” (၉း၁၂၂)

ထို့အပြင် ဤတာဝန်ကိုထမ်းဆောင်သောအုပ်စုတွင် နောက်ထပ် ထူးခြားချက်တစ်ခုရှိကြောင်း အာယသ် တော်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ **يَأْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ** “ထို့ပြင် ကောင်းမြတ် သောအရာများကို ညွှန်ကြားပြရမည်။ ၎င်းပြင် ထိုအဖွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။”

“မအ်ရူဖ်”ဟူသော ဤစကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်မှာ အသိအမှတ်ပြုပြီးဟု ဆိုလိုသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ် အသုံးအနှုန်းအရဆိုလျှင် ဤဝေါဟာရတွင် အစွယ်လာမ်သာသနာတော်က မိန့်မှာထားသော ကောင်းမြတ်သည့် အရာအားလုံးနှင့် ခေတ်အသီးသီးရှိ တမန်တော်အားလုံးကလည်း အားပေး မြှင့်တင်ခဲ့သည့် အကြောင်းအရာများအားလုံး အကျုံးဝင်သည်။ ကောင်းမြတ်သည့် အရာများကိုသိရှိပြီး အသိ အမှတ်ပြုပြီးဖြစ် သောကြောင့် မအ်ရူးဖ်ဟု ရည်ညွှန်းခဲ့သည်။

အလားတူ “မွန်ကရ်”ဆိုသောစကားလုံး၏တိုက်ရိုက်အဓိပ္ပာယ်မှာ အသိအမှတ်မပြုခြင်း (သို့) မသက် ဆိုင်ခြင်းဟု ဆိုလိုသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်အသုံးအနှုန်းအရဆိုလျှင် အားလုံးသိပြီး အသိ အမှတ် ပြုထားသော မကောင်းမှုများနှင့် မငြိမ်မသက်မှုများအားလုံး အကျုံးဝင်သည်။ တမန်တော်မြတ်ﷺ သခင် ထိုအရာများကို ခွင့်မပြုကြောင်း ကြေညာခဲ့သည်။

ဤအယူအဆကို စွဲမှတ်၍ နောက်ထပ်အချက်ကို စဉ်းစားထိုက်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မအ်ရူးဖ်ဟူသော စကားလုံးအစား ‘ဝါဂျိဗ်’ (မပြုမနေရ) ဟူသောစကားလုံး၊ ‘မွန်ကရ်’ ဟူသောစကားလုံးအစား ‘မအာဆီ’ (အပြစ်ဒုစရိုက်များ) ဟူသောစကားလုံး သုံးနိုင်သော်လည်း မသုံးနှုန်းခဲ့ပါ။ “မအ်ရူးဖ်” နှင့် “မွန်ကရ်”ဟူ သော စကားလုံးများကို ရွေးချယ်သုံးနှုန်းခြင်းသည် ကောင်းရာညွှန်ကြားခြင်းနှင့် မကောင်းမှုမြစ်တားရာတွင်

မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံးက အသိအမှတ်ပြုပြီးဖြစ်ကာ ကောင်းမှုနှင့်မကောင်းမှုဟူသည့် အဓိပ္ပာယ်ဖွင့်ဆို ရာတွင် မည်သည့်ကွဲပြားခြားနားမှုမှ မရှိဟူသည်ကို ရည်ညွှန်းသည့်မူဖြစ်သည်။

ကွဲပြားခြားနားသောအဓိပ္ပာယ် ဖွင့်ဆိုချက်များကိုဖြစ်စေ ထုတ်နှုတ်နိုင်သည့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက အိဂျ်သိဟာဒ်မှတစ်ဆင့် ထုတ်နှုတ်ထားသောဥပဒေများအတွက် **الامر بالمعروف والنهى عن المنكر** ကောင်းရာညွှန်ကြား၍ မကောင်းမှုမြစ်တား ခြင်း၏ ကိစ္စရပ်များကို ငြင်းချက်တစ်ရပ်အဖြစ် မပြုလုပ်သင့်ချေ။

ဆိုလိုသည်မှာ အသိအမှတ်ပြုထားသော အစ္စလာမ့်ဓမ္မသတ်ဆိုင်ရာ မဇ်ဟဗ် (ဟန္နဖီကဲ့သို့သော မဇ်ဟဗ်)မှ အစ္စလာမ်ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ကို မှန်ကန်သည်ဟု လိုက်နာမှတ်ယူထားခဲ့ပါလျှင် ဆန့်ကျင်ဘက် အယူအဆလိုက်နာမှတ်ယူထားသော ရှာဖွေအီမဇ်ဟဗ်တို့သည် အထက်ပါဟန္နဖီ မဇ်ဟဗ်ရှင်တို့၏ အယူအဆကို ပြစ်တင်ဝေဖန်မှု မပြုသင့်ပါ။ အလားတူ ဟန္နဖီကလည်း ရှာဖွေအီမဇ်ဟဗ်ရှင်ကို ပြစ်တင်ဝေဖန်မှု မပြုသင့်ချေ။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ မုစ်လင်မ်အုမ္မသ်ထုသည် ထိုကဲ့သို့ အသိဉာဏ်ကြွယ်သည့် ကုရ်အာန် ကျမ်းတော်မြတ်၏မူကို မေ့လျော့ကာ အကွဲကွဲအပြားပြား အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြုလုပ်နိုင်သည့် ဆင့်ပွားကိစ္စ ရပ်များအပေါ်တွင် တစ်ဦးနှင့်တစ်ဦး အငြင်းပွားတိုက်ခိုက်နေကြသည်။ ထိုကဲ့သို့သော လုပ်ဆောင်ချက်များကို လူအများက ဘာသာတရားကိုင်းရှိုင်းသည်ဟု မှတ်ထင်ကာ အုမ္မသ်ထုတစ်ရပ်လုံးက အပြစ်ဂုနာဟ်ဟု ဒွိဟ သံသယမရှိ လက်ခံထားသည့် ကိစ္စရပ်များကိုမူ သတိမမူ၊ ဂရုမပြုဘဲ အထိန်းအကွပ်မရှိ ကျူးလွန်နေကြပါသည်။

အာယသ်တော်နိဂုံးတွင် အုပ်စု၏ ခိုးကျူးဖွယ်ရာ အဆုံးသတ်မှုကို အောက်ပါစကားလုံးများဖြင့် ဖော်ပြ ထားသည်။

وَأُولَٰئِكَ هُمُ الْمُفْلِحُونَ

"ဤကဲ့သို့သောသူများပင်လျှင် (လုံး၀) အောင်မြင်မည့်သူများ ဖြစ်ကြပေသတည်း"

စင်စစ်အောင်မြင်မှုကို ထိုကဲ့သို့သောသူများသာ ရရှိသည်ဟု ရိုးရိုးလေး ဆိုလိုရင်းဖြစ်သည်။

ဤဖော်ပြချက်သည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ကြီးကျယ်လှသော ဆွဟာဗဟ်ကြီးများကိုသာ မူလက ရည်ညွှန်းခဲ့သည်။ ထိုဆွဟာဗဟ်များသည်သာလျှင် ကောင်းမှုများဘက်သို့ ဖိတ်ခေါ်ကြခြင်းနှင့် မကောင်းမှု လုပ်ရပ်များကို ထိန်းချုပ်ခြင်းဟူသော ကြီးမားသည့် ရည်ရွယ်ချက်ဖြင့် စတင်ခဲ့ကြသောသူများဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် ၎င်းတို့၏ ခေတ်ကာလမှာ တိုတောင်းသောအချိန်အတွင်း တစ်ကမ္ဘာလုံးကို အောင်မြင်ခဲ့ကြ ပါသည်။ တန်ခိုးအာဏာ၏ ဗဟိုချက်ချာဖြစ်သော ဗိုင်ဇန်တိုင်းနှင့် ပါရှားတို့သည်ပင်လျှင် ၎င်းတို့အား မတားနိုင် ကြချေ။ ထို့နောက် ထိုသူတို့သည် ကိုယ်ကျင့်တရားနှင့် စင်ကြယ်မှု သင်ခန်းစာကောင်းများကို တဆက်တည်း သင်ကြားပေးသွားခဲ့သည်။ ထို့ပြင် ဘုရားတရားကိုင်းရှိုင်း ရိုသေခြင်းနှင့် ဖြောင့်မတ်မှန်ကန်မှုဆိုင်ရာ ကိစ္စရပ်များကို ရောက်လေရာနေရာ၌ လမ်းညွှန်ပြသသွားခဲ့ကြပါသည်။

မုစ်လင်မ်များတွင် ထင်ရှားပေါ်လွင်သောလုပ်ငန်းစဉ်တစ်ရပ်သယ်ဆောင်ရန်နှင့် အလွှာဟ်အရှင်မြတ်

အား ဦးတည်သည့်ကောင်းမှုကောင်းရာ သတင်းဟောကြားရန်ပါရှိကြောင်း အတည်ပြုပြီးနောက် အောက်ပါစကား လုံးများဖြင့် မုစ်လင်မ်များအား သတိပေးထားသည်။

وَلَا تَكُوْنُوْا كَالَّذِيْنَ تَفَرَّقُوْا وَاخْتَلَفُوْا مِنْۢ بَعْدِ مَا جَآءَهُمُ الْبَيِّنٰتُ

"၎င်းပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်။ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ တစ်ခုတည်းသော သာသနာကိုတစည်းတစ်လုံးတည်း မလိုက်နာကြဘဲ) အချင်းချင်း ကွဲလွဲကြသည့်အပြင် မိမိတို့ထံ (အလ္လာဟ်အရှင်မြတ်၏) ထင်ရှားလှစွာသော သက်သေသာဓကများ ရောက်ရှိလာပြီးသည့်နောက်တွင်လည်း (ဂုဏ်တုဂုဏ်ပြိုင်ပြုလိုကြ၍) အချင်းချင်းကွဲလွဲခဲ့ကြကုန်၏။"(၃း၁၀၅)

အာယသ်တော်က ဆိုလိုသည်မှာ မုစ်လင်မ်များသည် ဂျူးများနှင့် ခရစ်ယာန်များကဲ့သို့ မဖြစ်စေသင့်ကြောင်းဖြစ်သည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားသော အမိန့်ပညတ်ချက်များရောက်ရှိလင့်ကစား မိမိတို့၏ စိတ်ဆန္ဒ၏ စေ့ဆော်ရာနောက်လိုက်လိုကြ၍ အီမာန်ယုံကြည်မှု၏ အခြေခံကိုဥပဒေကို ပြီးမြောက်အောင်ဆောင်ရွက်ရာ၌ အကွဲကွဲအပြားပြား ဖြစ်သွားကြပါသည်။

ထို့ကြောင့် နှုတ်နှင့်ကိုယ်နှစ်ခုစလုံးပါသည့် ပြင်းထန်သည့် ငြင်းခုန်မှုများဖြစ်ပွားခဲ့ကာ ၎င်းတို့ကိုယ် ၎င်းတို့ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကျရောက်စေခဲ့ပါသည်။ စင်စစ် ဤအာယသ်တော်က အာယသ်တော်(၁၀၃) **وَاعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا** အား ပြီးပြည့်စုံစေသည်မှာ အောက်ပါအတိုင်းဖြစ်သည်။ ထိုအာယသ်တော်ထဲတွင် မုစ်လင်မ်များကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို စွဲကိုင်၍ အင်အားနှင့် စည်းလုံးမှုကို ရှာဖွေရယူခိုင်းသည်။ ဤသို့ဖြင့် အုမ္မသ်ထုတစ်ရပ်လုံး၏ လုပ်ရပ်သည် တစ်ဦးတည်း၊ တစ်ဖွဲ့တည်း တစ်မျိုးတစ်စားတည်းက လုပ်ဆောင်သကဲ့သို့ ဖြစ်သွားပေမည်။ လူအများအားကောင်းမှုကောင်းရာဆွဲန်၍ မကောင်းမြစ်တားသည့် အမြဲအစဉ်လုပ်ရပ်ဖြစ်သော ဒါအ်ဝသ်လုပ်ငန်းအကြောင်းလာရှိသည်။ ဤသည်တို့သည် စည်းလုံးညီညွတ်မှုကို ပြုစုပျိုးထောင်၍ တောင့်တင်းခိုင်မာစေသည်။ ထို့နောက် အာယသ်တော်(၁၀၃)ထဲတွင် **وَلَا تَفَرَّقُوْا** "၎င်းပြင် အသင်တို့သည် အချင်းချင်း သွေးမကွဲကြကုန်လင့်"ဟုမိန့်၍ လက်ရှိအာယသ်တော်တွင် **وَلَا تَكُوْنُوْا كَالَّذِيْنَ تَفَرَّقُوْا** "၎င်းပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်"ဟု ဖော်ပြထားခြင်းအားဖြင့် မုစ်လင်မ် များကို အချင်းချင်း စိတ်ဝမ်းကွဲမှုများကြောင့် ဖျက်ဆီးခြင်းခံရသော လွန်လေပြီးသည့် အုမ္မသ်ထုအကြောင်းမှ သင်ခန်းစာရယူစေရန် အကြံပြုသည်။ မုစ်လင်မ်ထုကို ဤရောဂါဆိုး မကျရောက်စေရန် အတတ်နိုင်ဆုံး ကာကွယ်ရန် ကောင်းသောအကြံပြုထားသည်။

ဤအာယသ်တော်ထဲတွင် အပြစ်တင်ထားသော ကွဲပြားခြင်းပုံစံများမှာ မည်သည်တို့ဖြစ်သည်ကို ပြဆိုရာတွင် ဘာသာရေးဆိုင်ရာ အခြေခံများနှင့် ယင်း၏ဆင့်ပွားများနှင့်ပတ်သက်သော ကိစ္စရပ်များတွင် ထောင်လွှားခြင်း၊ အတ္တဆန်၍ မိမိကိုယ်မိမိ အထင်ကြီးခြင်းတို့ကြောင့် ပေါ်ထွက်လာသော ကွဲပြားခြားနားမှုကို ဆိုလိုသည်။ "မိမိတို့ထံ (အလ္လာဟ်အရှင်မြတ်၏) ထင်ရှားလှစွာသော သက်သေသာဓကများရောက်ရှိလာပြီးသည့်နောက်တွင်လည်း"ဟူသော မိန့်ကြားချက်သည် ဤရှင်းလင်းမှုအတွက် ထင်ရှားသော အညွှန်းတစ်ရပ်

ဖြစ်သည်။ အမှန်တရားကား ဘာသာရေးဆိုင်ရာ အခြေခံအချက်များအားလုံးသည် ရှင်းလင်းပြတ်သားသည်။ အချို့သော ဆင့်ပွားကိစ္စရပ်များပင်လျှင် သဘောမတူညီမှုများမရှိအောင် ရှင်းလင်းပေသည်။ ယင်းတို့၏နောက်ကွယ်တွင် တစ်ကိုယ်ကောင်းကြံသော ရည်ရွယ်ချက်ရှိလျှင်မူကား သဘောမတူညီမှုများ ရှိလာနိုင်ပေသည်။

သို့သော်လည်း သိပ်မတိကျ မပြတ်သားသော ဆင့်ပွားကိစ္စရပ်များလည်း ရှိပါသည်။ ထိုကိစ္စရပ်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ မူရင်းစာသားတွင် ထင်ထင်ရှားရှားထောက်ခံသော အချက်များမရှိသောကြောင့် ဖြစ်သည်။ (ယင်းတို့သည် ဆင်တူရိုးမှားကိစ္စရပ်များအပေါ် အခြေခံ၍ ကျွမ်းကျင်သောပညာရှင်များက ထုတ်နှုတ်ယူထားချက်များဖြစ်သည်။) သို့မဟုတ်လျှင် ယင်းကိစ္စရပ်ကို အခြေခံသည့် မူရင်းစာသားသည် ကွဲပြားသောအဓိပ္ပာယ်ဖွင့်ဆိုနိုင်သောကြောင့် ဖြစ်သည်။

ဤဆင့်ပွားများကို သိရှိနားလည်ရန်အတွက် ရရှိလာသော ကွဲပြားခြားနားသည့် ထင်မြင်ယူဆချက်သည် ဤအာယသ်တော်၏ အနှစ်သာရတွင် မပါဝင်ပါ။ ဆွဟာဗဟ်သာဝကြီး အမ်ရ်အိဗ်နိအလ်အားစ်က ဆင့်ပြန်၍ အလ်ဗုခါရီနှင့် မုစ်လင်မ်တို့က ဆင့်ပြန်ထားသည်မှာ လူသိများ၍ ခိုင်လုံသောဟဒီးဆ်အရ ယင်းကိစ္စရပ်သည် ခွင့်ပြုရန် လုံလောက်သည်။ ဤဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺ မိန့်ကြားခဲ့သည်မှာ တစ်စုံတစ်ဦးသည် အိဂျ်သိဟာဒ် (ဘာသာရေးဆိုင်ရာကိစ္စရပ်ကို ဆုံးဖြတ်ရန်အတွက် ရှရီအသ်တရားတော်က သတ်မှတ်ထားသည့် ဘောင်အတွင်းမှ ကျွမ်းကျင်စွာ စုံစမ်းထုတ်နှုတ်ယူခြင်း) လုပ်ဆောင်ပြီးနောက် ဥပဒေတစ်ရပ်ထွက်လာကာ ယင်းသည် မှန်ကန်ပါက ဆုလာဘ်နှစ်ဆရရှိမည်။ အကယ်၍ ၎င်း၏ အိဂျ်သိဟဒ်တွင် အမှားအယွင်းပြုလုပ်မိပါက ဆုလာဘ်တစ်ဆု ရရှိပေမည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ တတ်ကျွမ်းသောပညာရှင်တစ်ပါး အိဂျ်သိဟာဒ်ပြုလုပ်ရာတွင် အကယ်၍ အစွမ်းကုန်ကြိုးစားလုပ်ဆောင်၍ မှားယွင်းလျှင်ပင် ဆုလာဘ်နှင့် ထိုက်တန်ပေသည်ဟူ၍ဖြစ်သည်။ ဤကိစ္စရပ်ကို အပြစ်တင်ထိုက်သည်ဟု မှတ်ယူနိုင်ပါ၏လော။ ထို့ကြောင့် အိမာမ်ကြီးများနှင့် ဆွဟာဗဟ် သာဝကကြီးများက အိဂျ်သိဟာဒ်ပြုလုပ်ခြင်းဖြင့် ပေါ်ထွက်သည့် ကွဲပြားသောအယူအဆများသည် ဤအာယသ်တော်နှင့် လုံးဝဆက်နွယ်မှုမရှိချေ။ စိုက်ယိဒနာ ကာဆင်မ်အိဗ်နိမုဟမ္မဒ်နှင့် အုမရ်အိဗ်နိအဗ်ဒုလ်အဇီဇ် သခင်([ylI.A]mHR) တို့၏အဆိုရ ဆွဟာဗဟ်သာဝကကြီးများအကြား ကွဲပြားခြားနားသော ထင်မြင်ယူဆချက်သည် သနားကြင်နာမှုရင်းမြစ်တစ်ရပ် ဖြစ်၍ လူအများအတွက် သက်သာစေပါသည်။ **(ဗိုင်ဟကီနှင့် အလ်မုခ်သရ်ကျမ်းမှတစ်ဆင့် ရူဟုလ် မအာနီကျမ်း)**

အယူအဆကွဲလွဲခြင်းအတွက် စည်းမျဉ်းစည်းကမ်း

ဤဆွေးနွေးမှုမှ ပေါ်ထွက်လာသော လေးနက်သည့်မူဝါဒရေးရာကိစ္စရပ်များကို ရှင်းလင်းစွာ နားလည်ကြပါစို့။ "အိဂျ်သိဟတ်" ကြောင့်ပေါ်ထွက်လာသော ကွဲပြားခြားနားမှုများအကြောင်း ကျွန်ုပ် တို့ပြောကြရာတွင် အစွလာမ့်ရှရီအသ်က ခွင့်ပြုထားသော "အိဂျ်သိဟတ်"ကိုသာ ဆိုလိုပါသည်။ (ရှရီအသ် တရားတော်၏ ဖြာထွက်ခြင်းပြင်ပမှရှိသော အိဂျ်သိဟတ်ဟူ၍မရှိချေ။) ရှရီအသ်ကိုအခြေခံသည့် အိဂျ်သိဟာဒ် တစ်ရပ်တွင် အိမာမ်တစ်ပါး သို့မဟုတ် အခြားတစ်ပါးသည် မိမိတွေးခေါ်မျှော်မြင်မှုအရ အယူအဆတစ်ခုကို ရွေးချယ်

ပါလိမ့်မည်။ သို့သော်လည်း မှန်ကန်သည့်အကြောင်းမှာ အလွှာဟ်အရှင်မြတ်ထံတွင် အယူအဆတစ်ရပ်သာလျှင် မှန်ကန်၍ အခြားအယူအဆများမှာ ပို၍မှန်ကန်သည်ဟု မဆိုသာချေ။ တစ်ဖန် မည်သည့်ယူဆချက်မှာ မှန်၍ မည်သည့်ယူဆချက်မှာ မမှန်ဟူသည့်အကြောင်းသည် အလွှာဟ်အရှင်မြတ်ထံတော်တွင်သာရှိသည်။ ထိုအရှင်မြတ်သည် ပြန်လည်ရှင်ပြန်ထမည့်နေ့၌ အိဂျ်သိဟတ်မှတစ်ဆင့် မှန်ကန်သော ဥပဒေထုတ်နှုတ်ယူနိုင်သော အိမာမ်နှင့် အာလင်မ်ကို ဆုလာဘ်နှစ်ဆပေးသနားတော်မူမည်ဖြစ်သည်။ အိဂျ်သိဟတ်မှတစ်ဆင့် မှန်ကန်စွာ ထုတ်နှုတ်မယူနိုင်သောသူကိုလည်း ထိုနေ့မှာပင် ဆုလာဘ်ချီးမြှင့်လိမ့်မည်ဖြစ်သည်။ အချုပ်ဆိုရသော် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ကွဲပြားခြားနားမှုအပေါ် ဆုံးဖြတ်ချက်အား အလွှာဟ်အရှင်မြတ်မှအပ မည်သူမျှ မပေးနိုင်ပါ။ ထိုအရှင်မြတ်သည်သာလျှင် မည်သည်မှား၍ မည်သည်မှန်သည်ကို မိန့်ကြားနိုင်တော်မူသော အရှင်ဖြစ်သည်။ သို့ရာတွင် တစ်စုံတစ်ဦးသည် ၎င်း၏အဆုံးစွန် နားလည်တတ်ကျွမ်းကျင်မှု၊ ထိုးထွင်းမှုဖြင့် မည်သည့်အဆိုအမိန့်သည် ကုရ်အာန်ကျမ်းတော်မြတ်၊ စွန္နသ်တော်တို့နှင့်အနီးစပ်ဆုံးဖြစ်ကာ မှန်ကန်သည်ဟု ရွေးချယ်ပြောနိုင်ပါလိမ့်မည်။ သို့သော်လည်း ၎င်း၏ရွေးချယ်မှုသည် မှားနိုင်ချေမရှိနိုင်ဟု မယူဆနိုင်ချေ။ ၎င်းက မမှန်ကန်ဟုယူဆသော အချက်သည် အလွှာဟ်အရှင်မြတ်ထံတော်တွင် မှန်ကောင်းမှန်နေပေလိမ့်မည်။ ဤသည်မှာ မုစ်လင်မ်မမှသတ် ပညာရှင်ကြီးများဖြစ်သော ဖိကာဟ်အိမာမ်ရှင်အားလုံး လက်ခံထားသောအရာဖြစ်သည်။

ထို့ကြောင့် အိဂျ်သိဟတ် အိမာမ်များ၏ အဓိပ္ပာယ်ပြန်ဆိုခြင်းတစ်ရပ်တွင် ကွဲပြားခြားနားမှုများ၌ ဘက်မလိုက်ခြင်းသည် "မွန်ကရ်" (သို့) "မကောင်းမှု"ဖြစ် ပြီး ကန့်ကွက်မှုများကို ဖြစ်ပေါ်စေကြောင်း ဥပဒေကရှင်းပြပါသည်။ ထို့ကြောင့် **يَأْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ** "ကောင်းမြတ်သောအရာများကို ညွှန်ကြားကြရမည်"ဟူသော အခွင့်အာဏာအရ ပြစ်တင်ရှုတ်ချမှု ပြုနိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် မကောင်းမှုမဖြစ်ခြင်းကို ဘာကြောင့် မကောင်းမှု မဖြစ်ရသနည်းဟု ဆန့်ကျင်ကန့်ကွက်ခြင်းက သူ့ကိုယ်သူ မကောင်းမှုဟု မှတ်ယူပါလိမ့်မည်။ ဤသည်တို့ကို ရှောင်ကြဉ်ရမည်။ ယင်းတို့ကို အပြည့်အစုံ နားလည်မှုမရှိခြင်းသည်လည်းကောင်း၊ လျစ်လျူရှုခြင်းသည်လည်းကောင်း ယနေ့ခေတ်များစွာသော ပညာတတ်များ၏ လုပ်နည်းလုပ်ဟန်တစ်ရပ်ပင်ဖြစ်သည်။ ၎င်းတို့သည် အတွေးအခေါ်မတူသော အခြားသောသူများကို ယုတ်ညံ့မှုအမျိုးစုံသော မှတ်ချက်များ၊ စိတ်တိုစေသော အချက်များနှင့် ဆဲရေးတိုင်းထွာ ထိုးနှက်ကြသည်။ ဤသည်က မြေကြီးလက်ခတ်မလွဲ နှစ်ဖက်စလုံးကို ပျက်စီးဆုံးရှုံးစေသော ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်စေပြီး မုစ်လင်မ်များအတွင်း မညီညွတ်မှုများ ပြန့်ပွားလာစေသည်။ ယင်းမှာ မုစ်လင်မ်ကမ္ဘာတွင် မြင်သာသော ဖြစ်ရပ်ပင် ဖြစ်ပါတော့သည်။

အဓိပ္ပာယ်ပြန်ဆိုမှုကွဲပြားခြင်းတစ်ခုသည် အိဂျ်သိဟတ်မူများနှင့် လိုက်လျောညီထွေရှိပါက **وَلَا تَفَرَّقُوْا** "ယင်းသူတို့သည် အချင်းချင်းကွဲကြသည့်အပြင်" ဟူသောအမိန့်ပညတ်ချက်နှင့် မဆန့်ကျင်ကြောင်း မိန့်ဆိုခဲ့ပြီးဖြစ်သောကြောင့် အပြစ်မတင်ထိုက်ပါ။ သို့သော်လည်း ယခုအချိန်အခါတွင် ထိုကွဲပြားခြားနားခြင်းကို ဖြေရှင်းပုံမှာ တတိယအဆင့်ရှိ အကြောင်းအရာများကို မုစ်လင်မ်အီမာန်ယုံကြည်မှု၏ အခြေခံအဖြစ် သတ်မှတ်ကာ အချင်းများ အခြေအတင်ပြောဆိုနေကြခြင်းပင်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အချင်းချင်းထိပ်တိုက်ရင်ဆိုင်မှုများနှင့် ဆဲရေးတိုင်းထွာမှုများ ပေါ်ပေါက်စေပါသည်။ သံသယလုံးဝမရှိဘဲ ပြောနိုင်သည်မှာ ဤကဲ့သို့သော အပြုအမူသည် ကုရ်အာန်ကျမ်းတော်မြတ်၏ **وَلَا تَفَرَّقُوْا** "ယင်းသူတို့သည် အချင်းချင်းကွဲကြသည့်အပြင်" ဟူသော

အမိန့်ပညတ်ချက်ကို အတိအလင်းချိုးဖောက်ခြင်းပင် ဖြစ်သည်။ ထိုကိစ္စရပ်သည် မုချဧကန် ကန့်ကွက်ရမည့်ကိစ္စ ဖြစ်ပြီး ကျွန်ုပ်တို့၏ အကြီးအကဲ ပညာတတ်များ၊ ဆွဟာဗဟ်သာဝကကြီးများနှင့် ၎င်းတို့ကို ဆက်ခံခဲ့သူများ၏ လမ်းစဉ်နှင့် လုံးဝဥဿုံ ဖီလာဆန့်ကျင်နေသည်။ ဤကဲ့သို့သောပြုလုပ်မှုသည် ကျွန်ုပ်တို့အုပ်စုသည်ထု၏ အစောဆုံးနှင့် အကောင်းဆုံးသော ဆွဟာဗဟ်ကြီးများနှင့် ထိုဆွဟာဗဟ်ကြီးများ နောက်လိုက်များကြားတွင် အစဉ်အလာ မရှိခဲ့ပါ။

အဓိပ္ပာယ်ပြန်ဆိုသော ကိစ္စရပ်တွင် အယူအဆ ကွဲပြားခြားနားမှုပေါ် အခြေခံ၍ တစ်စုံတစ်ဦးအား ပြစ်တင်မောင်းမဲခဲ့သည်ဟူသောအကြောင်း ကျွန်ုပ်တို့မကြားခဲ့ဖူးပါ။ ပမာဆိုသော အိမာမ်ရှာဖိအီနှင့် အခြားသော အိမာမ်ကြီးများ (အလ္လာဟ်အရှင်မြတ် ထိုသူတို့အားလုံးအပေါ် သနားကြင်နာတော်မူပါစေ)တို့က အိမာမ်၏ နောက်မှ ဂျမာအသ် (အစုအဝေး) ဖြင့် ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် စူရဟ်ဖွာသိဟဟ်ရွတ်ဖတ်ခြင်း ဝါဂျစ်ဗ် (မပြုမနေရတာဝန်) ဟု ဥပဒေသတ်မှတ်သည်။ ဤဥပဒေအရဆိုလျှင် ထိုဝါဂျိစ်ဗ်တာဝန်ကို မဖြည့်ဆည်းပါက သူ၏ဆွလာသ်ဝတ်ပြုဆောက်တည်မှုမှာ မပြုသကဲ့သို့ ဖြစ်သွားပေမည်။ ဤအယူအဆနှင့်အပြိုင် အိမာမ် အဗူဟနီဖဟ်([ylI.A]mHR) သခင်က တစ်စုံတစ်ဦးသည် အိမာမ်တစ်ပါး၏နောက်တွင် ဂျမာအသ်ဖြင့် ဆွလာသ်ဆောက်တည်ပါက စူရဟ်ဖာသိဟဟ်ဖတ်ခြင်း ခွင့်မပြုပါ။ ထို့ကြောင့် ဟန္နဖီမဇ်ဟဗ်ဝင်များသည် အိမာမ်တစ်ပါး၏နောက်၌ ဂျမာအသ် (အစုအဝေး)ဖြင့် ဆွလာတ်ဝတ်ပြုဆောက်တည်စဉ်တွင် စူရဟ်ဖာသိဟဟ် မဖတ်ရွတ်ကြပါ။ သို့ရာတွင် အစ္စလာမ် သမိုင်းတလျှောက်၌ ရှာဖိအီမဇ်ဟဗ်ဝင်များက ဟန္နဖီမဇ်ဟဗ်ဝင်များအား ဆွလာတ် ဝတ်ပြုဆောက်တည်မှု၏ ဝါဂျစ်ဗ်တာဝန်ကို စွန့်ပစ်သူများ (သို့) ၎င်းတို့၏ဆွလာသ်ဝတ်ပြုမှုသည် မပြည့်စုံဟု မမှတ်ယူခဲ့ပါ။ တစ်စုံတစ်ဦးသည် ရှရီအသ်တရားတော်မှ တားမြစ်ထားသည့် မကောင်းမှုလုပ်ရပ်များအပေါ် ထိုးနှက်ဝေဖန်ခြင်း ပြုသကဲ့သို့ ရှာဖွေအီမဇ်ဟဗ်ဝင်များက ဟန္နဖီများကို မည်သည့်အခါမျှ ဝေဖန်ပြစ်တင်ခြင်း မပြုခဲ့ပါ။

အိမာမ်အိဗ်နိအလ်ဗားရ်သည် ကြည်ညိုလေးစားအပ်သော အကြီးအကဲများနှင့် အစောပိုင်းသာသနာ့ပညာရှင်များ၏ သဘောထားကို အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်။'

عن يحى بن سعيد قال مابرح اهل الفتوى يفتون فيحل هذا ويحرم هذا
فلا يرى المحرم ان المحل هلك لتحليله ولا يرى المحل ان المحر هلك
لتحريمه (جامع بيان العلم ، ص ٨٠)

"ဖသ်ဝါထုတ်ပိုင်ခွင့်ရှိသူများတို့သည် အမြဲတစေ ဖသ်ဝါများထုတ်နေကြပါသည်။ (အာယသ်တော် အောက်တွင် အကြံုးမဝင်သည့် အမိန့်ပညတ်ချက်များနှင့်ပတ်သက်၍) တစ်ဦးဦးက တစ်စုံတစ်ခုကို တရားဝင်သည်ဟု ထုတ်ပြန်ချိန်တွင် အခြားတစ်ယောက်က တရားမဝင်ဟု ထုတ်ပြန်ပါလိမ့်မည်။ သို့သော် ဒုတိယလူသည် ပထမလူကို ငရဲလားလိမ့်မည်ဟု မယူဆသကဲ့သို့ ပထမလူကလည်း ဒုတိယလူကို ငရဲလားလိမ့်မည်ဟု မယူဆပါ။ **(ဂျာမီအ်ဗယာမ် အလ်အီလ်မ်၊ စာ-၈၀)**

သတိမူရန် အရေးကြီးသည့်အချက်

အိဂျ်သိဟတ်နှင့်ပတ်သက်သည့် ဤဆွေးနွေးမှုအားလုံးတို့သည် အိဂျ်သိဟတ်ပြုလုပ်ရန် သတ်မှတ်ထားသော စံကိုက်ဥပဒေများအတိုင်း ပြုလုပ်သော အိဂျ်သိဟတ်တို့နှင့်သာ သက်ဆိုင်သည်။ အိဂျ်သိဟတ်ပြုရန်အတွက် ပထမဦးဆုံးအကြောင်းတစ်ရပ်မှာ မေးခွန်းများ၊ အငြင်းပွားဖွယ်ရာကိစ္စရပ်များ၏ မူလသဘောထားဆုံးဖြတ်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၌သော်လည်းကောင်း၊ စွန္နသ်တော်များ၌သော်လည်းကောင်း ရှာဖွေ၍ မရသောအခါတွင် ပြုလုပ်နိုင်သည်။ သို့မဟုတ်မူ ဖြစ်နိုင်သည်မှာ ထိုကဲ့သို့သော ဆုံးဖြတ်ချက်သည် ရှင်းလင်းပြတ်သားမှုမရှိဘဲ တစ်ခုထက်ပိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိနိုင်သောအခါ၌ဖြစ်သည်။ ထို့နောက်ဖြစ်နိုင်သည်မှာ ကုရ်အာန်အာယသ်တော်အချို့နှင့် ဟဒီးဆ်ဆင့်ပြန်ချက်အချို့တို့၏ ပေါင်းစပ်ခြင်းတွင် ဝိရောဓိဖြစ်ဟန်ရှိသောအခါတွင်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အိဂျ်သိဟတ်ပြုရန်အတွက် လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံသောသူများသာလျှင် လုပ်ပိုင်ခွင့်ရှိသည်။ အိဂျ်သိဟတ်ပြုလုပ်ခြင်းသည် လွယ်ကူသော ကိစ္စရပ်တစ်ခုမဟုတ်ပါ။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များပါ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ပြီးပြည့်စုံအောင် တတ်သိနားလည်ရန် လိုအပ်ပါသည်။ အရဗီဘာသာစကားနှင့် ပတ်သက်၍လည်း ကျယ်ကျယ်ပြန့်ပြန့် ပြီးပြည့်စုံအောင် တတ်သိနားလည်းရပါမည်။ ၎င်းပြင်သာဝကကြီးများနှင့် သာဗိအိန်များတို့အဆိုအမိန့်များကိုလည်း ပြည့်စုံစွာတတ်သိနားလည်ရပါမည်။ ထို့ကြောင့် ခိုင်လုံသော စာအုပ်စာတမ်းများဖြင့် ရှင်းလင်းပြီးဖြစ်သောကိစ္စရပ်ကို တစ်စုံတစ်ဦးသည် ဟိုစပ်စပ် သည်စပ်စည်းလုပ်သည့်အနေဖြင့် အထင်ကရပညာရှင်များ၏ အယူအဆနှင့် ဆန့်ကျင်သော အယူအဆများ တင်ပြလာလျှင် ရှရီအသ်က သတ်မှတ်ပြဋ္ဌာန်း ထားသည်တို့နှင့် အကြုံးမဝင်သော အိဂျ်သိဟတ်ဖြစ်သောကြောင့် သူ၏ကွဲပြားခြားနားသော အယူအဆကို အိဂျ်သိဟတ်ဟု မခေါ်ဆိုနိုင်ပါ။

အိဂျ်သိဟတ်၏လိုအပ်ချက်များ မဖြည့်ဆည်းဘဲ အိဂျ်သိဟတ်လုပ်ဆောင်သောသူအတွက် အထက်ပါအတိုင်းပင်ဖြစ်သည်။ ထိုသူပြောသမျှ ကိစ္စရပ်အားလုံးသည် ထိရောက်စေမှုမရှိပါ။ ဤကဲ့သို့သော အခြေအနေမျိုးကို မုစ်လင်မ်အသိုင်းအဝိုင်းတွင် စိတ်မကောင်းစွာဖြင့် အတော်များများမြင်တွေ့နိုင်သည်။ မိမိကိုယ်ကို ပညာတတ်ကြီးများ (ခေတ်သစ်သိပ္ပံပညာရှင်)ဟုယူဆကာ၊ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်များထဲတွင် ရှင်းလင်းအတည်ပြုထားသော ကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့ကိုယ်ပိုင် အယူအဆများကို ထုတ်ဖော်ပြသပြုလာကြသည်။ ဤသည်မှာ အဆုံးအစွန်ဆုံး အသိဉာဏ်ကင်းမဲ့ခြင်းဖြစ်သည်။ ဤကိစ္စရပ်များနှင့် ပတ်သက်လာလျှင် အိမာမ်ကြီးများနှင့် မုဂျ်သဟီးဒ်များသော်မှ မပြောဆိုဝံ့ကြပါ။ အိဂျ်သိဟတ်ပြုလုပ်ရန် လိုအပ်သော ဘာသာရေးဆိုင်ရာ အမြင့်မားဆုံး တတ်သိနားလည်မှုကို မဆိုထားဘိ၊ အစွလာမ်သိပ္ပံပညာရပ်များကိုပင် တတ်သိနားလည်မှုမရှိသော သူ၏ပြောဆိုချက်များကို မုဂျ်သဟီးဒ်တို့၏ လုပ်ရပ်သဖွယ် မည်ကဲ့သို့ လက်ခံနိုင်ဖွယ်ရာ ရှိပါမည်နည်း။

VVVVVVVVVV

အာယသ် (၁၀၆–၁၀၉)

يَّوْمَ تَبْيَضُّ وُجُوْهٌ وَّتَسْوَدُّ وُجُوْهٌ ۚ فَاَمَّا
الَّذِيْنَ اسْوَدَّتْ وُجُوْهُهُمْ ۫ اَكَفَرْتُمْ بَعْدَ اِيْمَانِكُمْ فَذُوْقُوا
الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ ﴿۱۰۶﴾ وَاَمَّا الَّذِيْنَ ابْيَضَّتْ وُجُوْهُهُمْ
فَفِيْ رَحْمَةِ اللّٰهِ ۭ هُمْ فِيْهَا خٰلِدُوْنَ ﴿۱۰۷﴾ تِلْكَ اٰيٰتُ اللّٰهِ
نَتْلُوْهَا عَلَيْكَ بِالْحَقِّ ۭ وَمَا اللّٰهُ يُرِيْدُ ظُلْمًا لِّلْعٰلَمِيْنَ ﴿۱۰۸﴾
وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَاِلَى اللّٰهِ تُرْجَعُ
الْاُمُوْرُ ﴿۱۰۹﴾

ထို (လာလတ္တံ့ရှင်ပြန်ထရမည့်) နေ့၌များစွာသော (သူတို့၏) မျက်နှာများသည် (ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ သန့်ရှင်းကြည်လင်) ဖြူစင်စွာရှိကြကုန်အံ့။ သို့ရာတွင် များစွာသော(သူတို့၏) မျက်နှာများမှာမူကား (အိန္ဒြေကင်းမဲ့)လျက် မည်းနက်စွာရှိကြကုန်အံ့။ ထိုအခါ မည်းနက်သော မျက်နှာရှင်တို့အား "အသင်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိပြီးနောက် သွေဖည်ငြင်းပယ်ခဲ့သည်မဟုတ်လော၊ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ငြင်းပယ်သွေဖည်ခဲ့ကြသည့်အတွက် အပြစ်ဒဏ်၏အရသာကို မြည်းစမ်းကြကုန်လော့" (ဟု မိန့်ကြားတော်မူပေမည်။) (၃း၁၀၆)

သို့ရာတွင် (ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ၍) မျက်နှာသန့်ရှင်းကြည်လင်ဖြူစင်သော သူတို့မူကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၌ရှိကြ၍ ထိုကရုဏာတော်၌ပင် ထာဝစဉ် တည်နေကြမည့်သူများ ဖြစ်ကြပေသတည်း။ (၃း၁၀၇)

(အို-နဗီတမန်တော်) ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ အာယသ် တော်များတည်း။ ငါအရှင်မြတ်သည် ဤအာယသ်တော်များကို မှန်ကန်စွာဖြင့် အသင်အား ကြားနာစေတော်မူ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် စကြဝဠာ ခပ်သိမ်းတို့ကို အနည်းငယ်မျှပင် မတရားပြုရန် ကြံရွယ်တော်မူသည်မရှိချေ။ (၃း၁၀၈)

ထို့ပြင်တစ်ဝ ကောင်းကင်ဘုံများနှင့် ပထဝီမြေဝယ် ရှိရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသောအရာများသာ ဖြစ်ကြကုန်၏။ တစ်ဖန်အရေးကိစ္စဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်သို့ သာလျှင် ပြန်လည်ရောက်ရှိကြလတ္တံ့။ (၃း၁၀၉)

အကျယ်ဖွင့်ဆိုခြင်း

ဖြူစင်သော မျက်နှာနှင့် မည်းနက်သော မျက်နှာရှင်များ၏ ဆိုလိုရင်း အဓိပ္ပာယ်

ဤအသုံးအနှုန်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် ပါရှိသည်။ ပမာဆိုသော်

وَيَوْمَ الْقِيٰمَةِ تَرَى الَّذِيْنَ كَذَبُوْا عَلَى اللّٰهِ وُجُوْهُهُمْ مُّسْوَدَّةٌ

"စင်စစ်သော်ကား (အိုနဗီတမန်တော်) အသင်သည် ကိယာမသ် ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားပြောဆိုစွပ်စွဲခဲ့ကြသောသူတို့အား ၎င်းတို့မျက်နှာတို့မှာ မည်း၍နေကြသည်ကို တွေ့မြင်ရပေမည်။" (၃၉း၆၀)

وُجُوْهٌ يَّوْمَئِذٍ مُّسْفِرَةٌ ضَاحِكَةٌ مُّسْتَبْشِرَةٌ وَوُجُوْهٌ يَّوْمَئِذٍ عَلَيْهَا غَبَرَةٌ تَرْ هَقُهَا قَتَرَةٌ

"ထိုနေ့တွင် မြောက်မြားစွာသော မျက်နှာတို့မှာ လင်းဝင်းတောက်ပလျက် ရှိကြပေမည်။ ရယ်မောရွှင်ပြလျက် (ရှိကြပေမည်)။ ထိုမှတစ်ပါး မြောက်မြားစွာသော မျက်နှာတို့အပေါ်၌မူကား မြူမှုန်များသည်ရှိနေပေမည်။ ထိုမျက်နှာများအပေါ်၌ အမှောင်သည် ဖုံးလွှမ်းလျက်ရှိပေမည်။"(၈၀း၃၈-၄၁)

وُجُوْهٌ يَّوْمَئِذٍ نَّاضِرَةٌ اِلٰى رَبِّهَا نَاظِرَةٌ

"ထိုနေ့တွင် များစွာသော မျက်နှာတို့မှာ ရွှင်လန်းလျက်ရှိကြပေမည်။ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ဖူးမြော်လျက်ရှိကြပေမည်။" (၇၅း၂၂-၂၃)

ဤအာယသ်များထဲတွင် (**بيض**) "ဗေယဿ်" (**سود**)"စဝါဒ်" (**غبرة**)"ဂဗရာဟ်" (**قترة**) "ကသရာဟ်" နှင့် (**ناظرة**) "နာဇိရဟ်" ကဲ့သို့သော စကားလုံးများကို အထက်ပါအနှစ်သာရအတိုင်း သက်ရောက်စေရန် သုံးနှုန်းထားသည်။ ဋီကာရှင်အများစု၏ အဆိုအရ အလင်းရောင်တောက်ပခြင်းကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ အီမာန်ရှင်များ၏ မျက်နှာများသည် အီမာန်၏ အလင်းရောင်ဖြင့် လင်းဝင်းတောက်ပကြသည်။ အလ္လာဟ် အရှင်မြတ် ပေးအပ်ချီးမြှင့်သောဆုလာဘ်၏ အကျိုးကြောင့် ၎င်းတို့ မျက်နှာများ ပြုံးပျော်ရွှင်ကာ လန်းဆန်းနေပေသည်။ 'မည်းနက်'ခြင်းဆိုသည်မှာ မယုံကြည် သွေဖည် ငြင်းပယ်ခြင်းကို ဖော်ကျူးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ မျက်နှာများသည် မယုံကြည်သွေဖည်မှုကြောင့် ဖြစ်ပေါ်လာသော

ပြင်းပြသော စိတ်ဝေဒနာဖြင့် ညှို့မှိုင်းနေပြီး ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုဒုစရိုက်နှင့် ကျူးလွန်စည်းဖောက်ခြင်းတို့ကြောင့် ၎င်းတို့၏မျက်နှာများ ပို၍ မည်းမှောင်စေလိမ့်မည်။

ဖြူစင်လင်းဝင်းတောက်ပသော မျက်နှာရှင်များနှင့် မည်းနက်သော မျက်နှာရှင်များကား မည်သူများနည်း

ဋီကာရှင်များက ဖြူစင်လင်းဝင်းတောက်ပသော မျက်နှာရှင်နှင့် မည်းနက်သောမျက်နှာရှင်များ အကြောင်းဖော်ကျူးရာတွင် အမျိုးမျိုးအဖုံဖုံ ရှင်းလင်းတင်ပြခဲ့ကြပါသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ် ﴿ﷺ﴾ သခင်က မိန့်ကြားခဲ့သည်မှာ စွန္ဒသ်တော်ကို လိုက်နာသူများ၏ မျက်နှာမှာ လင်းဝင်းတောက်ပနေပြီး ဗိဒ်အသ်နောက်လိုက်များ၏ မျက်နှာမှာ မည်းနက်နေသည်။ (ဗိဒ်အသ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်တမန်တော်မှလည်းကောင်း၊ ကိုယ်တော်မြတ်﴿ﷺ﴾ သခင်၏ အသားမည်း ပညာတတ် ဆွဟာဗဟ် သာဝကကြီးများကသော်လည်းကောင်း မရည်ရွယ်ခဲ့သည့် ထုတ်ပြန်ပို့ချပြီးသော အီမာန်ယုံကြည်မှုကို အသစ်တည်ထွင်ပြုလုပ်ခြင်းဖြစ်သည်။) ဟဇ်ရသ်အတွာ ﴿[ylI.A]mHR﴾ သခင်ကမိန့်ကြားသည်မှာ မုဟာဂျိရိန်နှင့် အန်ဆာရ်တို့၏ မျက်နှာများမှာ လင်းဝင်းတောက်ပနေပြီး ဗနီကုရိုင်ဇဟ်နှင့် ဗနီနဿိရ်တို့၏ မျက်နှာများမှာ မည်းနက်နေသည်ဟူ၍ ဖြစ်သည်။ **(ကုရ်သုဗီ)**

စိုက်ယိဒိနာ အဗူအုမာမဟ်မှ ဟဒီးဆ်တော်တစ်ရပ်ကို အီမာမ်သိရ်မိဇီက ဆင့်ပြန်ခဲ့သည်မှာ သက်တမ်းအရင့်ဆုံးသော သူပုန်ဂိုဏ်းကွဲဖြစ်သည့် ခဝါရိဂျ်တို့သည် မည်းနက်သောမျက်နှာပိုင်ရှင်များဖြစ်ကြ၍ ၎င်းတို့ကို သတ်ဖြတ်မည့်သူများ၏ မျက်နှာမှာ လင်းဝင်းတောက်ပသော မျက်နှာရှင်များ ဖြစ်ကြလိမ့်မည်။ အောက်တွင် ဟဒီးဆ်တော်ကို ဖော်ပြထားသည်။

قال ابو امامة كلاب النار شر فتلى تحت اديم السماء، وخير قتلى من قتلوه
ثم قرأ : " يَوْمَ تَبْيَضُّ وُجُوهٌ وَّتَسْوَدُّ وُجُوهٌ "

"စိုက်ယိဒိနာ အဗူအုမာမဟ်အား ဟဒီးဆ်တော်ကို တမန်တော်မြတ်﴿ﷺ﴾ သခင်ထံမှ ကြားသိဖူးခဲ့ပါသလားဟု မေးမြန်းခဲ့သည်။ ၎င်းက လက်ချောင်းများကိုချိုးရေတွက်၍ မိန့်ကြားသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင်ထံမှ ခုနစ်ကြိမ်မျှ မကြားခဲ့ရလျှင် ၎င်းပြန်လည် ဆင့်ပြန်နိုင်ခဲ့လိမ့်မည်မဟုတ်ဟု မိန့်ကြားခဲ့သည်။ (သိရ်မီဇီ)

စိုက်ယိဒိနာ အိစ်ဂ်ရမဟ် ﴿ﷺ﴾ က မိန့်ကြားခဲ့သည်မှာ မျက်နှာမည်းနက်သူများဆိုသည်မှာ တမန်တော်မြတ်﴿ﷺ﴾ မပွင့်ပေါ်မီက ရှေးကျမ်းရပုဂ္ဂိုလ်များထဲတွင် တမန်တော်မြတ်﴿ﷺ﴾ သခင် ပွင့်တော်မူမည့် အကြောင်း မိန့်ကြားခဲ့သည်ကို လက်ခံအတည်ပြုထားသူအချို့အတွက် ဖြစ်ပါလိမ့်မည်။ သို့သော်လည်း တမန်တော်မြတ်﴿ﷺ﴾ သခင် တမန်တော်ဖြစ်လာသောအခါတွင်မူ ၎င်းတို့သည် ကိုယ်တော်မြတ်အား မဟုတ်မမှန် စတင်ပြောဆိုလာကြသည်။ **(ကုရ်သုဗီ)**

အထက်တွင်ကိုးကားခဲ့သည့် အချက်များအပြင် အခြားသောရှင်းလင်းချက်များလည်း ရှိပေသေးသည်။ သို့သော်လည်း ၎င်းရှင်းလင်းချက်အားလုံးက အကွဲအလွဲမရှိဘဲ တူညီသော ကောက်ချက်ကိုသာ ချခဲ့ကြပါသည်။ အီမာမ်အလ်ကုရ်တုဗီက ၎င်း၏ သဖ်စီရ်ကျမ်းတွင် မိန့်ကြားထားသည်မှာ အာယသ်တော်ထဲမှာပါသည့်

يَوْمَ تَبْيَضُّ وُجُوهٌ وَّتَسْوَدُّ وُجُوهٌ အသုံးအနှုန်းက ဆိုလိုသည်မှာ ရိုးသားသော မုတ်စလင်မ်များ၏ မျက်နှာမှာ ဖြူစင်လင်းလက်တောက်ပ၍ မိမိတို့၏ဘာသာတရားကို ပြုပြင်ပြောင်းလဲသူများ၊ ဘာသာစွန့်ပယ်သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများ သို့မဟုတ် မိမိတို့၏ နှလုံးသားတွင် အရေခြုံမှုကို ဖုံးကွယ်ထားသောသူများ၏ မျက်နှာများသည် မည်းနက်နေကြ လိမ့်မည်။

အထူးမှတ်စုတချို့

(၁) အာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် 'ဗိဒ်အသ်' ကို ပထမညွှန်းထားပြီးနောက်မှ 'စဝဒ်သ်' (သို့) မည်းနက်ခြင်းကို ဖော်ပြထားသည်။ သို့သော်လည်း နောက်မှဆက်လာသော **فَأَمَّا الَّذِينَ اسْوَدَّتْ وُجُوهُهُمْ "သို့ရာတွင် များစွာသော (သူတို့၏) မျက်နှာများမှာမူကား (ကွန်ဖြေကင်းမဲ့)လျက် မည်းနက်စွာရှိကြကုန်အံ့"** ထဲတွင် 'စဝဒ်သ်' (သို့) မည်းနက်ခြင်းကို ဦးစွာဖော်ပြ၍ 'ဗယဿ်ဿ်' (သို့) ဖြူစင်လင်းဝင်းတောက်ပခြင်းကို နောက်မှဖော်ပြထား သည်။ အာယသ်တော်၏ ရှေ့မှအာယသ်တော်အရဆိုလျှင် ဤအာယသ်တော်သည်လည်း ဖြူစင်လင်းဝင်းတောက်ပခြင်းသည် ပထမဖြစ်၍ နောက်မှမည်းနက်ခြင်း ဖြစ်သင့်ပေသည်။ ဤသို့ အစီအစဉ် ရှေ့နောက် ပြောင်းပြန် ဖြစ်နေခြင်းသည် အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှု အဓိကရည်ရွယ်ချက်ကို ရည်ညွှန်း လိုဟန်ရှိသည်။ ထိုရည်ရွယ်ချက်ကား အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုအပေါ်၌ အရှင်မြတ်၏ အသနားကြင်နာမှုကို ခိုးမြှင့်ရန်ဖြစ်၍ ပြစ်ဒဏ်ခပ်ခြင်းသည် ရည်ရွယ်ချက်မဟုတ်ကြောင်းပင်တည်း။ ထို့ကြောင့် ဖြူစင် လင်းဝင်းတောက်ပသော မျက်နှာရှင်တို့သည် ၎င်းတို့၏မွေးမြူဖန်ဆင်းရှင်ထံမှ ခိုးမြှင့်သော အသနားကြင်နာမှု နှင့် ကောင်းချီးများတို့နှင့် ထိုက်တန်သူများဖြစ်သောကြောင့် ၎င်းတို့ကို ဦးစွာဖော်ပြရခြင်း ဖြစ်သည်။ မည်းနက်သောမျက်နှာရှင်၊ အလွန်ပြင်းပြစွာ စိတ်ဝေဒနာခံစားရသော မျက်နှာရှင်များကား ပြစ်ဒဏ်နှင့် ထိုက်တန်သောကြောင့် နောက်မှ ဖော်ပြထားရခြင်းဖြစ်သည်။ အာယသ်တော်ဆုံးကာနီး ဖော်ပြထားသော မိန့်ကြားချက် **فَفِي رَحْمَةِ اللهِ "မျက်နှာသန့်ရှင်းကြည်လင် ဖြူစင်သောသူတို့မူကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၌ရှိကြလေသတည်း"** သည် ဖန်ဆင်းရှင်၏ ကြီးမားသောကရုဏာတော်ကို ထင်ရှားစေရန် ဆိုလိုသည်။ အရှင်မြတ်၏ ကရုဏာတော်နှင့် ထိုက်တန်သူများကို အာယသ်တော်စလျှင်စချင်း ဖော်ပြထား၍ အဆုံးတွင်လည်း ချစ်ခင်ကြင်နာစွာဖြင့် ထပ်မံဖော်ပြထားသည်ကို မမြင်နိုင်စရာ အကြောင်းမရှိချေ။ မည်းနက်သောမျက်နှာရှင်များကိုမူကား အာယသ်တော်အစနှင့် အဆုံးကြား၌ ဖော်ပြထားသည်။ ဤသည်တို့က အလ္လာဟ်အရှင်မြတ်၏ အဆုံးအစမရှိ၊ အတိုင်းအဆမရှိသော သနားကြင်နာ ကရုဏာကို ဖော်ကျူးလျက်ရှိပါသည်။ ယင်းသည်က လူသားများအား ဖန်ဆင်းခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်ပေးခြင်းကို ဖော်ပြရန် သော်လည်းကောင်း ပြစ်ဒဏ်ပြသရန်သော်လည်းကောင်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာကရုဏာ အောက်၌ အောင်မြင်ရန် ဖန်ဆင်ခြင်းမုချဧကန်ဖြစ်သည်။

(၂) "မျက်နှာသန့်ရှင်းကြည်လင်ဖြူစင်သော သူတို့မူကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၌ရှိကြ၍ ထိုကရုဏာတော်၌ပင် ထာဝစဉ်တည်နေကြမည့်သူများ ဖြစ်ကြပေသတည်း"ဟူသော အမိန့်တော်နှင့် ပတ်သက်၍ ဆွာဟာဗဟ်သာဝကကြီး စိုက်ယိဒ်နာ အိဗ်နိအဗ္ဗာစ်(ရ) သခင်က] mHR ကရုဏာတော်ဟူသော စကားလုံးသည်

"ဂျန္နသ်" (သို့) သုခဘုံကို ဆိုလိုသည်။ ဤနေရာ၌လည်း ကရုဏာတော်ကို သုခဘုံဟု အမည်သညာပြုခြင်း၏ နောက် ကွယ်ရှိအသိဉာဏ်ကား လူသားသည် မည်မျှပင် ဘုရားတရား ကိုင်းရှိုင်းရှိသေသည်ဖြစ်ပါစေ အလျှာဟ် အရှင်မြတ်၏ အသနားကရုဏာတော်မပါဘဲလျက် သုခဘုံသို့ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ချေ။ အကြောင်းမှာ ဘုရားတရားကိုင်းရှိုင်း ရှိသေခြင်းဆိုသည်မှာ လူသား၏ ထူးခြားပြောင်မြောက်သော စွမ်းဆောင်ချက်တစ်ရပ် မဟုတ်ပါဘဲ၊ ထိုသို့လုပ်ဆောင်နိုင်စွမ်းရှိခြင်းသည်ပင်လျှင် အလျှာဟ်အရှင် ပေးသနားတော်မူသော လက်ဆောင် တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် 'အိဗာဒသ်' (သို့) 'ခဝတ်ကိုးကွယ်မှု' သည် သုခဘုံဝင်နိုင်သော မွေးရာပါ အခွင့်အရေးတစ်ရပ်မဟုတ်ချေ။ အလျှာဟ်အရှင်မြတ်၏ သနားကရုဏာတော်မှတစ်ဆင့်သာလျှင် ဂျန္နသ်သုခဘုံ၏ ကောင်းချီးကို ခံစားနိုင်ပေသည်။ **(အလ်သဖ်စီရ်အလ်ကဗီး၍)**

(၃) فَفِيْ رَحْمَةِ اللّٰهِ "မျက်နှာသန့်ရှင်းကြည်လင် ဖြူစင်သောသူတို့မူကား အလျှာဟ်အရှင်မြတ်၏ ကရုဏာတော်၌ရှိကြ၍" ဟူသည့်ဝါကျကို هُمْ فِيْهَا خٰلِدُوْنَ "ထိုကရုဏာတော်၌ပင် ထာဝစဉ်တည်နေကြမည့် သူများ ဖြစ်ကြပေသတည်း" ဟူသော စကားလုံးက အနီးကပ်လျက် အထူးပြုထားခဲ့သည်။ ဤသည်က အီမာန်ယုံကြည်သူများ အလျှာဟ်အရှင်မြတ်၏ ကရုဏာတော်၌ ရှိကြခြင်းသည် ယာယီခေတ္တမဟုတ်ဘဲ ထာဝရအမြဲအစဉ် တည်နေကြမည့်သူများဖြစ်ကြောင်း ကို ဆိုလိုသည်။ ၎င်းတို့အား ပေးအပ်ထားသော ကောင်းချီးမင်္ဂလာကို မည်သည့်အခါမျှ ဖယ်ရှားခြင်း၊ လျော့ချ ခြင်းကို ပြုလိမ့်မည် မဟုတ်ချေ။ ဤသည်နှင့် ဆန့်ကျင်သော မျက်နှာမည်းနက်သူများတို့အကြောင်းမှကား ၎င်း တို့သည် ထိုအဖြစ်အတိုင်း အမြဲထာဝရ ရှိနေမည်ဟု ရှင်းလင်းစွာ ဖော်ပြမထားပါ။

ဂုနာဟ်ပြစ်မှုကျူးလွန်သူသည် ကိုယ့်ကိုယ်ကိုအပြစ်ပေးခြင်းဖြစ်သည်။

فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ငြင်းပယ်သွေဖည်ခဲ့ကြ သည့်အတွက် အပြစ်ဒဏ်၏ အရသာကို မြည်းစမ်းကြကုန်လော့" (၃း၁၀၆) ဟူသော အာယသ်တော်က ရည်ညွှန်းသည်မှာ တရားစီရင်မည့်နေ့တွင် ၎င်းတို့ပြစ်ဒဏ်ခံရခြင်းသည် အလျှာဟ်အရှင်မြတ်ထံတော်မှ မဟုတ်ဘဲ သူ၏လောကီဘဝသက်တမ်းတွင် နေထိုင်စဉ် ဆည်းပူးကျင့် ကြံသည့်အတွက် အကျိုးဆက်အဖြစ် ရရှိခြင်းဖြစ်ပေ သည်။" အဘယ်ကြောင့်ဆိုသော် အမှန်တရားမှာကား ဂျန္နသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာနှင့် ဂျဟန္နမ်ငရဲ၏ ပြင်းပြမှုများမှာ ကွာနှံပ်တို့ ပြုကျင့်ခဲ့မှုတို့မှ ပြောင်းလဲရရှိမှုတစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့်နောက်အာယသ် တော် ဖြစ်သော (၁၀၈) အာယသ်တွင် မိန့်ကြားခဲ့သည်မှာ وَمَا اللّٰهُ يُرِيْدُ ظُلْمًا لِّلْعٰلَمِيْنَ "အမှန်သော်ကား အလျှာဟ်အရှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့ကို အနည်းငယ်မျှပင် မတရားပြုရန် ကြံရွယ်တော်မူသည်မရှိချေ" ဟူသည်က ဆိုလိုသည်မှာ အလျှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ဖန်ဆင်းမှုအပေါ်တွင် မတရားပြုရန် ကြံရွယ်တော် မမူကြောင်းပင်ဖြစ်သည်။ မည်သို့သော ဆုလာဘ်ပေးခြင်းဖြစ်စေ ပြစ်ဒဏ်ပေးခြင်းဖြစ်စေ ယင်းတို့သည် အလျှာဟ်အရှင်မြတ်၏ ဟစ်က်မသ်တော်နှင့် အကြင်နာ ကရုဏာ၏ အလွန်တရာ ပြီးပြည့်စုံမှုကို ဖော်ပြခြင်းဖြစ်သည်။

အာယသ် (၁၁၀)

كُنتُمْ خَيْرَ أُمَّةٍ أُخْرِجَتْ لِلنَّاسِ تَأْمُرُونَ
بِالْمَعْرُوفِ وَتَنْهَوْنَ عَنِ الْمُنكَرِ وَتُؤْمِنُونَ بِاللَّهِ ۗ وَلَوْ
آمَنَ أَهْلُ الْكِتَابِ لَكَانَ خَيْرًا لَّهُم ۚ مِّنْهُمُ الْمُؤْمِنُونَ وَأَكْثَرُهُمُ
الْفَاسِقُونَ ﴿١١٠﴾

(အိုမုစ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အဖို့ (တရားဓမ္မ ညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာဝင် (အုမ္မသ်) လူစုပင်တည်း။ (အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သောကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည့်ပြင် စက်ဆုတ်ရွံရှာဖွယ်ရာများမှလည်း မြစ်တားကြကုန်၏။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြလေကုန်၏။ အကယ်၍သာ (အထက်) ကျမ်းဂန်ရရှိသူတို့သည်လည်း (အသင်တို့ကဲ့သို့ပင်) ယုံကြည်ကြပါ မူ။ မုချ ယင်းသူတို့အဘို့ (ထိုယုံကြည်ခြင်းသည်) သာ၍ပင် ကောင်းချေသည်။ ယင်းသူတို့အနက်မှ (အချို့)ယုံကြည်သောသူများလည်း ရှိကြပေသည်။ သို့ရာတွင် ထိုသူများအနက် အများဆုံးသော သူများမှာမူကား အမိန့်တော်ကို မနာခံသူများ (ဝါ) (ကာဖိရ်) များသာဖြစ်ကြလေသတည်း။ (၃း၁၁၀)

အာယသ်တော်၏ ဆပ်စပ်မှု

ပြီးခဲ့သော အာယသ်တော်များထဲတွင် မုစ်လင်မ်များအား ၎င်းတို့၏အီမာန်ယုံကြည်ချက်အပေါ် ၌လည်းကောင်း၊ ကောင်းရာညွှန်ကြား၍ မကောင်းမှုမြစ်တားသော ကိစ္စရပ်များအပေါ်တွင်လည်းကောင်း၊ စွဲစွဲမြဲမြဲရှိကြရန်အလို့ငှာ အထူးကရုပြုစေခိုင်းသည်။ ယခုလက်ရှိအာယသ်တော်ထဲတွင် ပိုမို၍ အလေးအနက်ပြုထားသည်မှာ အထက်ပါအကြောင်းတို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺ သခင်၏ အုမ္မသ်အပေါ် ၌ "ခိုင်ရှုလ်အုမ္မသ်" အုမ္မသ်တကာတို့တွင် အကောင်းဆုံးသောအုမ္မသ်အဖြစ် အပ်နှင်းခဲ့သည်။ ထိုတာဝန်ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်သည်နှင့်အမျှ ဂုဏ်တက်ကာ အဆင့်မြင့်ပေလိမ့်မည်။

အကောင်းဆုံး အုမ္မသ်ဖြစ်ရသည် မှာ အဘယ်ကြောင့်နည်း။

ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် တမန်တော်မြတ်မုဟမ္မဒ်ﷺ သခင်၏ အုမ္မသ်ကို အကောင်းဆုံးအုမ္မသ်အဖြစ် ကြေညာခြင်း၏အကြောင်းရင်းကို ဖော်ပြထားသည်။ ယင်းတို့အထဲမှ

အရေးပါဆုံးသောအကြောင်းကို စူရဟ်ဘကရဟ်တွင် အောက်ပါအတိုင်း ပါရှိသည်။

وَكَذٰلِكَ جَعَلْنٰكُمْ اُمَّةً وَّسَطًا

"ထို့ပြင် ဤနည်းနှင်နှင် ငါအရှင်မြတ်သည် အသင်တို့ကိုလည်း အလယ်အလတ် (တရားမျှတသော အမြင့်မြတ်ဆုံးသော) သာသနာဝင်များအဖြစ် ပြုတော်မူခဲ့လေပြီ။" (၂:၁၄၃)

အထက်ပါအာယသ်တော်၏ အသေးစိတ်ရှင်းလင်းချက်ကို ဤကျမ်းအတွဲ(၂)တွင် ကြည့်ရှုနိုင်သည်။ ယခုအပိုင်းမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အုမ္မသ်ကို လူသားထု၏ အကောင်းဆုံးသောအုမ္မသ်အဖြစ် ခေါ်ခဲ့ ရခြင်း၏အဓိကအကြောင်းကို ဖော်ပြထားသည်။ ဤအထဲ၌ ညွှန်ပြထားသည်မှာ အလယ်အလတ်ဖြစ်ခြင်းသည် အကြီးမားဆုံးသော လက္ခဏာရပ်ဖြစ်ပြီး ယင်းကို လူဘဝ၏ ကဏ္ဍအားလုံးတွင် မြင်တွေ့နိုင်ပါသည်။

ဤအာယသ်တော်ထဲ၌ နောက်ထပ်အကြောင်းရင်းကို ဖော်ပြထားသည်။ ထိုအကြောင်းရင်းမှာ ဤအုမ္မသ်ထုသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံအားလုံးထဲသို့ ကောင်းသတင်းဖြန့်ချိရန်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းအတွက် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ အဖန်ဆင်းခံတို့၏ နာမ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာတွင် ပြုပြင်စေရန်ဟူသော လုပ်ငန်းစဉ်ကို အမြဲတစေ ပူပင်သောကရှိနေရန်အတွက် အမှန်တာဝန်အပ်နှင်းထားခြင်းဖြစ်သည်။

ကောင်းရာညွှန်ကြား၍ မကောင်းမှုမြစ်တားခြင်းလုပ်ငန်းစဉ်ကို လွန်လေပြီးသော အုမ္မသ်ထုအားလည်း တာဝန်ပေးထားခဲ့ကြောင်း ဆွဟီးဂ်ဟဒီးဆ်များတွင် မိန့်ကြားထားသော်လည်း ၎င်းတို့နှင့်နှိုင်းစာလျှင် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အုမ္မသ်ထုက ထိုတာဝန်ကို အများဆုံးလုပ်ဆောင်ခဲ့ကြောင်း မြင်တွေ့နိုင်ပါသည်။

သို့သော်လည်း လွန်လေပြီးသော အုမ္မသ်တော်တော်များများသည် ဘာသာရေးတာဝန်တစ်ရပ်ဖြစ်သော ဂျိဟားဒ်မရှိခဲ့ပါ။ သို့ဆိုပါလျှင် ကောင်းရာညွှန်ကြားခြင်းဟူသည့် လုပ်ရပ်ကို နှလုံးသားနှင့် နှုတ်လျှာတစ်မျိုးတည်းနှင့်သာ လုပ်ဆောင်နိုင်ပါလိမ့်မည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏နောက်လိုက်အုမ္မသ်အတွက် ကောင်းရာညွှန်ကြားမှု၏ တတိယအမျိုးအစားဖြစ်သော လက်ရုံးနှင့် ဆောင်ရွက်ခြင်းဟူသည် ရှိခဲ့ပေသည်။ ယင်းကား အမျိုးမျိုးသော ဂျိဟားဒ်အတွက် အကျုံးဝင်ပေသည်။ သို့ဆိုလျှင် အစွမ်းလမ့်ဉပဒေများကို အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ပြဋ္ဌာန်းအတည်ပြုခြင်းသည်လည်း တစိတ်တဒေသပင် ဖြစ်လေသည်။ အခြားလွန်လေပြီးသော အုမ္မသ်ထုများတွင် ဘာသာရေးဆိုင်ရာ ထင်ရှားသောလက္ခဏာများတို့သည် အများအားဖြင့် တည်ငြိမ်နေသောကြောင့် ပျောက်ကွယ်သွားရသည်။ မပြုမနေရ တာဝန် အမ်ရိဗိလ်မအ်ရူဖ် ဟူသည့် ပြဋ္ဌာန်းပြီးသောလုပ်ငန်းစဉ်ဖြစ်သည့် ကောင်းရာညွှန်ကြားခြင်းသည်လည်း လုံးဝဥဿုံ ကွယ်ပျောက်ခဲ့ပါသည်။

ကိုယ်တော်မြတ်﴿ﷺ﴾ သခင်က ကိုယ်တော်၏အုမ္မသ်ထုအတွက် အောက်ပါအတိုင်းကြိုတင်မိန့်ကြားခဲ့သည်မှာ -

"ဤအုမ္မသ်ထဲတွင် ကိယာမသ်ကမ္ဘာပျက်မည့်နေ့တိုင် ကောင်းရာညွှန်ကြား၍ မကောင်းမှုမြစ်တားသော လုပ်ငန်းကို စွဲမြဲစွာလုပ်ဆောင်သော လူတစ်စုသည် ကျန်ရှိနေပါလိမ့်မည်။"

ဤအုမ္မသ်ထု၏ ဒုတိယထင်ရှားသောလက္ခဏာရပ်မှာ **تُؤْمِنُوْنَ بِاللّٰهِ** "ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြကုန်၏" ဟူ၍ဖြစ်သည်။ ဤနေရာ၌ လွန်လေပြီးသော တမန်တော်များနှင့်

ၵင်းတို့၏ အုမ္မသ်ထုသည် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်ခြင်းတွင် မုစ်လင်မ်များနှင့်အတူဖြစ်သော်လည်း ဤအုမ္မသ်ယုံကြည်မှုသည် အဘယ်ကြောင့် ထူးခြားရပါသနည်းဟု မေးမြန်းနိုင်ပါသည်။

အဖြေကားရှင်းပါသည်။ ယုံကြည်ခြင်းဆိုသည်မှာ အားလုံးနှင့် သက်ဆိုင်သော်လည်း ယုံကြည်ခြင်းတွင် ပြီးပြည့်စုံမှုအဆင့်အတန်းတွင်ကား မတူညီကြချေ။ လွန်လေပြီးသော အုမ္မသ်ထုနှင့် နှိုင်းစာလျှင်တမန်တော်မြတ် ﷺ သခင်၏ အုမ္မသ်ထုကို ပေးအပ်ထားသော နှစ်လိုဖွယ် အဆင့်အတန်းကား တသီးတခြားနှိုင်းယှဉ်၍ မရချေ။

အာယသ်တော်ဆုံးကာနီးတွင် ရှေးကျမ်းရပုဂ္ဂိုလ်များအကြောင်းနှင့် ၎င်းတို့အထဲတွင် မုစ်လင်မ်အချို့ ရှိကြောင်း မိန့်ကြားထားသည်။ ဤသည်ကား ကျွန်ုပ်တို့ တမန်တော်မြတ် ﷺ သခင်အား တမန်တော်ဖြစ်ခြင်းကို အတည်ပြုလက်ခံထားသောသူများကို ရည်ညွှန်းသည်။ ပမာဆိုသော် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိစလာမ်နှင့် အခြားသူများ ဖြစ်ကြသည်။

VVVVVVVVVV

အာယသ် (၁၁၁)

لَن يَضُرُّوكُمْ إِلَّا أَذًى ۖ وَإِن يُقَاتِلُوكُمْ يُوَلُّوكُمُ الْأَدْبَارَ ثُمَّ لَا يُنصَرُونَ ﴿١١١﴾

ယင်း (ကျမ်းဂန်ရရှိသော) သူတို့သည် (မည်မျှပင် ရန်ရှာကြသော်လည်း) အသင်တို့အား အနည်းငယ်မျှသော အန္တရာယ်ဖြစ်စေနိုင်ရုံမျှအပ ဆုံးရှုံးနစ်နာ ပျက်စီးလေအောင် အလျဉ်းပြုနိုင်ကြမည် မဟုတ်ချေ။ တစ်ဖန် အကယ်၍သာ ယင်းသူတို့သည် (တစ်ဆင့်တိုး၍) အသင်တို့နှင့် စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြပါမူ၊ ယင်းသူတို့သည် အသင်တို့ဘက်သို့ ကျောခိုင်း၍ ထွက်ပြေးကြလတ္တံ့။ ထို့နောက် ယင်းသူတို့သည် (မည်သူတစ်စုံတစ်ယောက်သောသူ၏) ကူညီစောင်မခြင်းကိုမျှ ခံကြရမည် မဟုတ်ပေ။ (၃း၁၁၁)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော်များဖြစ်သည့် (၉၈-၁၀၁) ထဲတွင် ရှေးကျမ်းရပုဂ္ဂိုလ်များသည် မုစ်လင်မ်များအပေါ် မည်မျှရန်လိုကြောင်းနှင့် သာသနာအပေါ် မည်သို့အန္တရာယ်ပြုရန် ကြံရွယ်ခဲ့ကြောင်းကို ဖော်ပြထားခဲ့သည်။ ယခုလက်ရှိ အာယသ်တော်တွင် မုစ်လင်မ်များကို ပစ္စည်းဥစ္စာအားဖြင့် အန္တရာယ်ပြုမည့် ၎င်းတို့၏ အကြံအစည်များကို ဖော်ပြထားသည်။ နောက်ဆုံးဝါကျသည် ၎င်းတို့အောင်မြင်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်ဟောကြားထားသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ကြိုတင်ဟောကြားချက်မှန်ကန်ကြောင်း သက်သေပြခဲ့သည်မှာ တမန်တော်မြတ်၏ တမန်တော်ဖြစ်စဉ် ကာလတစ်လျှောက်လုံးတွင် ရှေးကျမ်းရပုဂ္ဂိုလ်တို့သည် ဤအာယသ်တော်၌ ဦးတည်မိန့်ကြားခံရသော ဆွဟာဗဟ်သာဝကကြီးများကို မကျော်လွှား မလွှမ်းမိုးနိုင်ခဲ့ကြပါ။ ဤသည်မှာ ဂျူးလူမျိုးနွယ်တို့ကို အထူးသဖြင့် ရည်ညွှန်းခြင်းဖြစ်၍ ၎င်းတို့သည် ဆွဟာဗဟ်များအကြားတွင် စိတ်ဝမ်းကွဲပြားအောင် ကြိုးစားလုပ်ဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ရလဒ်မှာကား ၎င်းသိက္ခာကျသွားခဲ့ကြသည်။ အချို့မှာကား ဂျိဇ်ယာ (အခွန်) ပေးဆောင်ကာ မုစ်လင်မ်များလက်အောက် နေထိုင်ခဲ့ကြသည်။ အချို့မှာ သတ်ဖြတ်ခံခဲ့ကြ၍ အချို့မှာကား နယ်နှင်ဒဏ် ခတ်ခံခဲ့ကြရသည်။

နောက်အာယသ်တော် (၁၁၂) သည် ဖော်ပြချက်ကို ပြီးပြည့်စုံအောင် ပြုလုပ်ထားသည်။

VVVVVVVVVV

အတိုချုပ်အားဖြင့် အာယသ်တော်က ဂျူးလူမျိုးတို့သည် အခြေအနေ နှစ်ရပ်မှအပ ဂုဏ်အသရေ သေးသိမ်ခြင်းနှင့် ဒုက္ခဆင်းရဲခံစားရခြင်း အမြဲရှိနေမည်ဟု ဆိုလိုသည်။

ထိုအခြေအနေနှစ်ရပ်ကား -

(၁) အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တစ်ရပ်မှတစ်ဆင့်လည်းကောင်း၊ ပမာဆိုသော် အရွယ်မရောက်သေးသော ကလေးငယ် (သို့) အမျိုးသမီးသည် သတ်ဖြတ်ခံရလိမ့်မည် မဟုတ်ချေ။ (ဤခြွင်းချက်သည် အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်ထားရှိသည်မှအပဟူသော စကားလုံးများကို ဆိုလိုသည်။)

(၂) လိုက်နာရန် သဘောတူညီထားသည့် ပဋိညာဉ်မှတစ်ဆင့်ဆိုသည်မှာ **بِحَبْلٍ مِّنَ النَّاسِ** "လူတို့ထံမှ ပဋိညာဉ်နှင့် ဖြစ်စေ" ဟူ၍ဖြစ်သည်။ ထိုကဲ့သို့သော ကာကွယ်စောင့်ရှောက်မှုကြောင့် ၎င်းတို့၏ ဂုဏ်အသရေသေးသိမ်ခြင်း နှင့် ဆင်းရဲခြင်း ဒုက္ခခံစားရခြင်းတို့မှာ ပေါ်လွင်ထင်ရှားမလာနိုင်စေတော့ပါ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးနှုန်းထားသည့် အသေးစိတ်တိကျသော စကားလုံးများ ယင်းမှာ "လူတို့ထံမှ ပဋိညာဉ်ဖြင့်ဖြစ်စေ" တွင် ယုံကြည် သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများအားလုံး အကျုံးဝင်သည်။

မုစ်လင်မ်များနှင့် ငြိမ်းချမ်းရေးစာချုပ် ပြုလုပ်ပြီးနောက် ၎င်းတို့လွတ်လပ်စွာနေထိုင်သည်ဆိုသည့် ဖြစ်နိုင်စွမ်းမှာ ဤတွင်အကျုံးဝင်ပေသည်။ ငြိမ်းချမ်းရေးစာချုပ်မှတစ်ဆင့် (သို့) (တရားမဝင် ပူးပေါင်းဆောင်ရွက်သည့် နည်းဗျူဟာဖြစ်သည့်) မုစ်လင်မ်မဟုတ်သော အင်အားကြီးနိုင်ငံ၏ အကာအကွယ်အောက်တွင် ရောက်သွားနိုင်သည့် အခြေအနေဆိုသည်မှာလည်း ဖြစ်နိုင်ပေသည်။ ယင်းအခြေအနေသည် ယနေ့မျက်မှောက်ကာလ အစ္စရေးနိုင်ငံ၏ သွင်ပြင်ပင်တည်း။ ကမ္ဘာတစ်ဝှမ်းရှိ ခွဲခြားဝေဖန်ပိုင်းဖြတ်နိုင်သူများအတွက် စင်စစ် အစ္စရေးနိုင်ငံဆိုသည်မှာ အနောက်နိုင်ငံ၏ ပူးတွဲတပ်စခန်းဖြစ်သည်ဆိုသည်မှာ လျှို့ဝှက်ချက် မဟုတ်တော့ပါ။ စင်စစ် ၎င်းတို့အာဏာဆိုသည်မှာ အခြားသူ၏ အာဏာသာဖြစ်သည်။

အကယ်၍သာ အမေရိကန်၊ အင်္ဂလိပ်၊ ဥရောပနှင့် ရုရှားသည်လည်း အစ္စရေးကို အကာအကွယ်ပေးစောင့်ရှောက်မှု ရုတ်သိမ်းဝဲမည်ဆိုလျှင် တစ်ရက်ပင်တည်တံ့မည်မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်သာလျှင် အကောင်းဆုံး သိနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

VVVVVVVVV

အာယသ် (၁၁၂)

ضُرِبَتْ عَلَيْهِمُ الذِّلَّةُ أَيْنَ مَا
ثُقِفُوٓا إِلَّا بِحَبْلٍ مِّنَ اللَّهِ وَحَبْلٍ مِّنَ النَّاسِ وَبَآءُو بِغَضَبٍ
مِّنَ اللَّهِ وَضُرِبَتْ عَلَيْهِمُ الْمَسْكَنَةُ ۚ ذَٰلِكَ بِأَنَّهُمْ كَانُوا
يَكْفُرُونَ بِآيَاتِ اللَّهِ وَيَقْتُلُونَ الْأَنۢبِيَآءَ بِغَيْرِ حَقٍّ ۚ ذَٰلِكَ
بِمَا عَصَوا وَّكَانُوا يَعْتَدُونَ ﴿١١٢﴾

ထိုသူတို့သည် မည်သည့်နေရာ၌မဆို အလ္လာဟ်အရှင်မြတ်နှင့်သော်လည်းကောင်း၊ လူတို့နှင့်သော်လည်းကောင်း၊ ပဋိညာဉ်ထားရှိသည်မှအပ နေလေရာအရပ်တိုင်းတွင် ယင်းသူတို့အပေါ်၌ ဂုဏ်အသရေ သေးသိမ်ခြင်းသည် အတည်ပြုပြီးဖြစ်သည့်ပြင်၊ ယင်းသူတို့အား အလ္လာဟ်အရှင်မြတ်၏ အမျက်တော်သည် သင့်ခဲ့ချေပြီ။ ထိုမျှမက ယင်းသူတို့အပေါ်ဝယ် ဒုက္ခဆင်းရဲခြင်းသည်လည်း အတည်ပြုပြီးဖြစ်ချေပြီ။ ဤ(ကဲ့သို့ဂုဏ်ရေသေးသိမ်ခြင်း၊ အမျက်တော်သင့်ခြင်းနှင့် ဆင်းရဲခြင်းဒုက္ခခံစားရခြင်းတို့) အကြောင်းကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ဗျာဒိတ်တော်များကို မယုံကြည်သွေဖည်ငြင်းပယ်လေ့ရှိခြင်းကြောင့်လည်းကောင်း၊ နဗီတမန်တော်များအား (မည်သည့်နည်းနှင့်မျှ) သတ်ဖြတ်ပိုင်ခွင့်မရှိဘဲလျက် မတရားသဖြင့် သတ်ဖြတ်လေ့ရှိခြင်းကြောင့်လည်းကောင်း ဖြစ်ချေသည်။ (တစ်ဖန်) ဤ (ကဲ့သို့ ပြစ်မှုဒုစရိုက်များကျူးလွန်ခြင်း) အကြောင်းကား ယင်းသူတို့သည် အမိန့်တော်များကို မနာခံခဲ့ခြင်းကြောင့်လည်းကောင်း၊ စည်းကမ်းဖောက်ဖျက်ခဲ့ကြခြင်းကြောင့်လည်းကောင်း ဖြစ်ပေသတည်း (၃း၁၁၂)

အကျယ်ဖွင့်ဆိုခြင်း

ဂျူးများ ဂုဏ်အသရေ သေးသိမ်ခြင်းနှင့် အမျက်တော်သင့်ခဲ့ခြင်း၏ အဓိပ္ပာယ်

ဤအကြောင်းအရာနှင့် ပတ်သက်သော အသေးစိတ် ဆွေးနွေးချက်ကို စူရာဟ်ဘကရာဟ်၏ အာယသ်တော် (၆၁) အကျယ်ဖွင့်ဆိုခြင်း အောက်တွင်ဖော်ပြပြီးဖြစ်သည်။ ယင်းမူရင်းစာသားတွင် မည်သည့်ခြွင်းချက်ကိုမျှ မဖော်ပြခဲ့ပါ။ ဤသည်ကို အတွဲ (၁) တွင် ဖတ်ရှုနိုင်ပါသည်။ ယခုအာယသ်တော်တွင် ခြွင်းချက်ကို ဖော်ပြထားသည်။ ယင်းမှာ **اِلَّا بِحَبْلٍ مِّنَ اللهِ وَحَبْلٍ مِّنَ النَّاسِ** ဖြစ်သည်။

အာယသ် (၁၁၃-၁၁၇)

لَيْسُوْا سَوَآءً ؕ مِنْ اَهْلِ
الْكِتٰبِ اُمَّةٌ قَآئِمَةٌ يَّتْلُوْنَ اٰيٰتِ اللّٰهِ اٰنَآءَ الَّيْلِ وَ
هُمْ يَسْجُدُوْنَ ﴿۱۱۳﴾ يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَ
يَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُسَارِعُوْنَ
فِى الْخَيْرٰتِ ؕ وَاُولٰٓئِكَ مِنَ الصّٰلِحِيْنَ ﴿۱۱۴﴾ وَمَا يَفْعَلُوْا
مِنْ خَيْرٍ فَلَنْ يُّكْفَرُوْهُ ؕ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿۱۱۵﴾
اِنَّ الَّذِيْنَ كَفَرُوْا لَنْ تُغْنِىَ عَنْهُمْ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ
مِّنَ اللّٰهِ شَيْـًٔا ؕ وَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿۱۱۶﴾
مَثَلُ مَا يُنْفِقُوْنَ فِىْ هٰذِهِ الْحَيٰوةِ الدُّنْيَا كَمَثَلِ رِيْحٍ فِيْهَا
صِرٌّ اَصَابَتْ حَرْثَ قَوْمٍ ظَلَمُوْٓا اَنْفُسَهُمْ فَاَهْلَكَتْهُ ؕ وَمَا
ظَلَمَهُمُ اللّٰهُ وَلٰكِنْ اَنْفُسَهُمْ يَظْلِمُوْنَ ﴿۱۱۷﴾

ယင်း (အထက်ကျမ်းဂန်ရရှိသော)သူတို့သည်အားလုံး မတူကြချေ။ (အမှန်စင်စစ် ထိုအထက်) ကျမ်းဂန်ရရှိသူတို့အနက်မှပင် (မှန်ကန်သောတရားလမ်းစဉ်၌) ဖြောင့်မတ်စွာ တည်တံ့နေသော လူတစ်စုသည်လည်း ရှိနေကြကုန်၏။ ယင်းသူတို့သည် ညဥ့်ယံများ၌ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ၎င်းပြင် (အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) 'စဂျ်ဒဟ်' ဦးချကြကုန်၏။ (၃း၁၁၃)

(ထိုမျှမကသေး) ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကောင်းရာကောင်းကြောင်းများကိုလည်း ညွှန်ကြားကြကုန်၏။ ထိုနည်းတူစွာ ယင်းသူတို့သည် ဒုစရိုက်မှု (အရပ်ရပ်တို့)မှလည်း တားမြစ်ကြကုန်၏။ တစ်ဖန် ထိုသူတို့သည် (မိမိတို့ကိုယ်တိုင်လည်း) ကောင်းမှုကုသိုလ်များပြုလုပ်ရာတွင် သူ့ထက်ငါသာအောင် (အပတ်တကုတ် ကြိုးစားအားထုတ်၍)

အဆောတလျင် ပြုလုပ်ကြကုန်၏။ စင်စစ်သော်ကား ဤသူများသည် ကောင်းမြတ်သောအကျင့် သီလများကို ဆောက်တည်ကြကုန်သော သူမွန်သူမြတ်များအနက်မှ ဖြစ်ကြ ကုန်၏။ (၃း၁၁၄)

ထို့ပြင်တစ်ဝ ယင်းသူတို့သည် မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို ပြုလုပ် ကြပါမူ၊ ထိုသူတို့သည် ထိုကောင်းမှုကုသိုလ်(၏အကျိုး)ကို လက်လွတ်စေ ခြင်း၊ အလျင်းခံကြရမည်မဟုတ်ပေ။ အကြောင်းတစ်မူကား အလ္လာဟ်အရှင် မြတ်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်စင်အပေါင်း တို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၁၅)

ဧကန်အမှန် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ ဥစ္စာပစ္စည်း ရတနာများသည်လည်းကောင်း၊ ယင်းသူတို့၏ သားသမီးရတနာများသည် လည်းကောင်း (ရှင်ပြန်ထမည့်နေ့တွင်) အလ္လာဟ်အရှင်မြတ် (၏ပြစ်ဒဏ်တော်)မှ ကာကွယ်ရန်အနည်းငယ် စိုးစဉ်းမျှပင် အလျင်းအသုံးဝင်မည်မဟုတ်။ စင်စစ် ဤသူတို့သည် ငရဲသားများပင် ဖြစ်ကြ၏။ ယင်းသူတို့သည် ထိုငရဲ၌ ပင် ထာဝစဉ် နေထိုင်ခံစားကြရမည့်သူများပင်တည်း။ (၃း၁၁၆)

ဤပစ္စုပ္ပန်ဘဝတွင် ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့ကြကုန်သော ထို ('ကာဖိရ်'၊ မိစ္ဆာဒိဋ္ဌိ) တို့၏ လျှုဒါန်းစွန့်ကြခြင်း၏ ဥပမာပုံဆောင်ချက်ကား အကြင်လေနှင့် အလားတူ၏။ ထိုလေ၌ အလွန်ပြင်းထန်သော အအေးဓါတ် သည်ရှိ၏။ ထိုလေသည် မိမိတို့ကိုယ်ကို နှိပ်စက်ကလူပြုကြကုန်သော အ ကြင်လူစုတစ်စု၏ လယ်ယာကို တိုက်ခတ်၍ ထိုလယ်ယာကိုင်းကျွန်းကို (ဆွေးမြေ့)ပျက်စီးစေခဲ့၏။ (ထိုနည်းပမာယုံကြည်ခြင်း သဒ္ဓါတရားကင်းမဲ့ သော သူတို့၏ အလှူဒါနများသည်လည်း နောင်တမလွန်ဘဝ၌ အချည်းအနှီး ပင် ဖြစ်ပေမည်) အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့အား နှိပ်စက်ညှင်းပန်းတော်မူသည် မဟုတ်ပေ။ သို့ရာတွင် ယင်းသူတို့သည် မိမိ တို့ကိုယ်ကိုမိမိတို့ ကိုယ်တိုင်ပင် နှိပ်စက်ကလူ ပြုကြကုန်သတည်း။ (၃း၁၁၇)

အကျယ်ဖွင့်ဆိုခြင်း

ကျမ်းရပုဂ္ဂိုလ်ထဲမှ ပုဂ္ဂိုလ်တော်တော်များများသည် မယုံကြည်သွေဖည်ငြင်းပယ်သူများဖြစ်လင့်ကစား၊ ၎င်းတို့အထဲမှ အချို့သူတို့သည် ယုံကြည်သူများဖြစ်ကြောင်း အာယသ်တော် (၁၁၀) တွင် မိန့်ကြားထားသည်။ လက်ရှိအာယသ်တော်ထဲတွင် ကျမ်းရပုဂ္ဂိုလ်များထဲမှ ယုံကြည်သူများ၏ အတ္ထုပ္ပတ္တိအကျဉ်းကို မိန့်ထားသည်။

ငင်းတို့သည် မုစ်လင်မ်များဖြစ်သွားသောကြောင့် ထင်ရှားသည့်အမှတ်လက္ခဏာဖြစ်သည့် အီမာန်ကို လက်ခံယုံကြည်သည်။ ထို့ကြောင့် ငင်းတို့သည် ထိုအချိန်က အုမ္မသ်များတွင် အကောင်းဆုံးသူများ ဖြစ်သွားသည်။

ရှေးကျမ်းရပုဂ္ဂိုလ်ထဲမှ အစ္စလာမ်သာသနာ သက်ဝင်လာသော သူအချို့အား ချီးမွမ်းပြီးသည်နှင့် အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်ခြင်းလည်းမရှိ၊ ငင်းတို့၏ မယုံကြည်မှုကိုလည်း ခေါင်းမာစွာ ထိန်းထားသော သူများအားပြစ်တင်ထားသည်။ ငင်းမယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ် အပြစ်ဒဏ်ခတ်ခြင်းမှ သူတို့၏ ဥစ္စာပစ္စည်းများနှင့် သူတို့၏ သားသမီးများကလည်း ကာကွယ်နိုင်လိမ့်မည်မဟုတ်။ သူတို့၏ အမြဲထာဝရ စံမြန်းရမည့်နေရာမှ ငရဲသာဖြစ်ကြောင်း မသိရှိသောကြောင့် ပြစ်တင်ထားသည်။

အာယသ် (၁၁၇) က ဤကမ္ဘာလောကတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ လှုဒါန်းမှုသည် အချည်းအနှီး အလဟသသာဖြစ်ကြောင်း ပုံဆောင်မှုတစ်ရပ်မှတစ်ဆင့် ကြေညာထားသည်။ မည်ကဲ့သို့သော လှုဒါန်းမှုဖြစ်စေ အလ္လာဟ်အရှင်မြတ်က လက်ခံစေရန်မှာ ဦးစွာလိုအပ်သော အခြေအနေတစ်ရပ်ရှိသည်။ ယင်းမှာ အစ္စလာမ်သာသနာသက်ဝင်ယုံကြည်ရန် ဖြစ်သည်။ ငင်းတို့၏ လှုဒါန်းမှုသည် ဤကမ္ဘာလောကတွင် အချည်းအနှီးဖြစ်ကာ နောင်တမလွန်တွင်လည်း မည်သည့်ဆုလာဘ်မျှ မရရှိနိုင်ဘဲနှင့် လုပ်ဆောင်နေခြင်းသည် ငင်းတို့ကိုယ်ငင်းတို့ နှိပ်စက်ကလူ ပြုသည်နှင့်တူကြောင်း ပုံဆောင်ချက်က အလေးအနက် ပြဆိုနေသည်။ အကယ်၍သာ ငင်းတို့သည် မိမိကိုယ်ကို မိမိနှိပ်စက်ကလူမပြုဘဲ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် ခဲ့လျှင် ငင်းတို့သည် အခြားသောမုစ်လင်မ်များနှင့် တူညီသွားကြပါလိမ့်မည်။ ထိုမုစ်လင်မ်တို့သည် ဤကမ္ဘာ လောကၭ ဆုံးရှုံးမှုရင်ဆိုင်ရလျှင် အလ္လာဟ်အရှင်မြတ်သည် ဆုလာဘ်ပေးခြင်းနှင့် အပြစ်များခွင့်လွှတ်ချမ်းသာ ပေးခြင်းတို့ဖြင့် အစားပေးတော်မူကြောင်း ဟဒီးဆ်တော်တစ်ရပ်၌ လာရှိသည်။

VVVVVVVVVV

အာယသ် (၁၁၈-၁၂၀)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟
لَا تَتَّخِذُوا۟ بِطَانَةً مِّن دُونِكُمْ لَا يَأْلُونَكُمْ خَبَالًا وَدُّوا۟ مَا
عَنِتُّمْ قَدْ بَدَتِ ٱلْبَغْضَآءُ مِنْ أَفْوَٰهِهِمْ وَمَا تُخْفِى صُدُورُهُمْ
أَكْبَرُ قَدْ بَيَّنَّا لَكُمُ ٱلْءَايَٰتِ إِن كُنتُمْ تَعْقِلُونَ ﴿١١٨﴾ هَٰٓأَنتُمْ أُو۟لَآءِ
تُحِبُّونَهُمْ وَلَا يُحِبُّونَكُمْ وَتُؤْمِنُونَ بِٱلْكِتَٰبِ كُلِّهِۦ وَإِذَا لَقُوكُمْ
قَالُوٓا۟ ءَامَنَّا وَإِذَا خَلَوْا۟ عَضُّوا۟ عَلَيْكُمُ ٱلْأَنَامِلَ مِنَ ٱلْغَيْظِ
قُلْ مُوتُوا۟ بِغَيْظِكُمْ إِنَّ ٱللَّهَ عَلِيمٌۢ بِذَاتِ ٱلصُّدُورِ ﴿١١٩﴾ إِن
تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكُمْ سَيِّئَةٌ يَفْرَحُوا۟
بِهَا وَإِن تَصْبِرُوا۟ وَتَتَّقُوا۟ لَا يَضُرُّكُمْ كَيْدُهُمْ شَيْـًٔا إِنَّ
ٱللَّهَ بِمَا يَعْمَلُونَ مُحِيطٌ ﴿١٢٠﴾

အိုဲ"မုအ်မင်နဲ်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူအပေါင်းတို့ အသင်တို့သည် မိမိတို့ (မုစ်လင်မ်များ)အပြင် (အခြားမည်သူ့ကိုမျှ) အကျွမ်းတဝင်ခင်မင်ရင်းနှီးသော အတွင်းသိ ချစ်ဆွေအဖြစ် မပြုကြကုန်လင့်။ (အကြောင်းတစ်မူကား) ထိုသူတို့သည်အသင်တို့အား မကောင်းကြံစည်ရာ၌ အကြံအစည်လျှော့ကြမည်မဟုတ်ချေ။ (အမှန်စင်စစ်) ယင်းသူတို့သည် အသင်တို့ဒုက္ခကြီးစွာ တွေ့ကြုံခြင်းကိုသာ နှစ်သက်ကြကုန်၏။ (ထို့ကြောင့်) ရန်ညှိုးထားခြင်းသည် ယင်းသူတို့၏ နှုတ်များမှ မုချထွက်ပေါ်လာခဲ့ချေပြီ။ တစ်ဖန် ယင်းသူတို့၏ စိတ်နှလုံးများ၌ ကိန်းအောင်းလျက်ရှိသော အကြံအစည်များမှာမူ သာ၍ပင် ကြီးမားလှ၏။ အကယ်၍သာ အသင်တို့ သိနားလည်ကြပါမူ ငါအရှင် မြတ်သည် အသင်တို့အကျိုးငှာ (ယင်းသူတို့ရန်ငြိုးထားရှိကြောင်းနှင့် စပ်လျဉ်း၍) သက်သေသာဓက လက္ခဏာရပ်တို့ကို မုချထုတ်ဖော်မိန့်ကြားထင်ရှားစေတော်မူခဲ့ပြီ ဖြစ်ချေသတည်း။ (၃း၁၁၈)

ကြည့်စမ်း၊ ဟယ် ('မုအ်မင်နဲ်'ယုံကြည်သူအပေါင်းတို့) အသင်တို့သည် (သာလျှင်) ယင်းသူတို့အား ချစ်ခင်မြတ်နိုးကြကုန်၏။ သို့ရာတွင် ထိုသူတို့

မူကား အသင်တို့အား (အလျင်း) ချစ်ခင်မြတ်နိုးကြသည်မဟုတ်ချေ။ ၎င်းပြင် အသင်တို့သည် (ကောင်းကင်မှကျရောက်လာသော) ကျမ်းဂန်အလုံးစုံတို့ကို ယုံကြည်ကြကုန်သည်။ (ထိုသူတို့ကား ဤသို့မဟုတ်ချေ) ထိုမှတစ်ပါး ယင်းသူတို့သည် အသင်တို့နှင့် တွေ့ဆုံကြသောအခါ "အကျွန်ုပ်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြပါပြီ" ဟုပြောဆိုကြကုန်၏။ သို့ရာတွင် (အသင်တို့၏ကွယ်ရာတွင်) တစ်ကိုယ်ထီးတည်း ဖြစ်ကြလေသောအခါ အသင်တို့အပေါ်ဝယ် အမျက်ဒေါသထွက်ခါ (မိမိတို့၏) လက်ချောင်းများကိုပင် ကိုက်ခဲ့ကြကုန်သည်။ (အိုနဗီတမန်တော်) အသင်သည် ယင်းသူတို့အား("အချင်းတို့") အသင်တို့သည် မိမိတို့အမျက်ဒေါသနှင့်ပင် သေကြကုန်လော့"ဟု ပြောကြားပါလေ"မုချကေန် အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများ၌ရှိသော အရာများကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။ (၃း၁၁၉)

အကယ်၍ အသင်တို့၌ ကောင်းကျိုးချမ်းသာတစ်စုံတစ်ရာ ဖြစ်ပေါ်လာခဲ့ပါမူ၊ ထိုသူတို့အား စိတ်ဒုက္ခရောက်စေ၏။ သို့ရာတွင် အသင်တို့၌ တစ်စုံတစ်ရာဘေးအန္တရာယ်ဆိုက်ရောက်သည်ရှိသော် ယင်းသူတို့သည် ဝမ်းသာအားရဖြစ်ကြလေသတည်း။ အမှန်စင်စစ်သော်ကား အကယ်၍သာ အသင်တို့သည် သည်းခံခြင်းတရားထားရှိ၍ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြပါမူ ထိုသူတို့၏ လှို့ဝှက်ကြံစည်မှုသည် အသင်တို့အား လုံးဝနစ်နာစေနိုင်မည်မဟုတ်ပေ။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၂၀)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များ ကျရောက်ခဲ့ခြင်းမှာ ထူးခြားသော နောက်ခံအကြောင်းတစ်ရပ်အတွက်ကြောင့် ဖြစ်သည်။ မဒီနဟ်မြို့တော်ဝန်းကျင်တွင် ဂျူးလူမျိုး အခြေချနေထိုင်သူများ ရှိခဲ့သည်။ သူတို့သည် အောက်စ်နှင့် ခဇရဂျ်လူမျိုးစုများနှင့် မိတ်ဟောင်းဆွေဟောင်းများ ဖြစ်ခဲ့ကြသည်။ ဤမျိုးနွယ်စုများမှ တစ်ဦးချင်းသည်လည်း အခြားဂျူးလူမျိုး အခြေချနေထိုင်သူများနှင့် ရင်းနှီးကျွမ်းဝင်ကြသည်။ မျိုးနွယ်စုအနေအထားအရဆိုလျှင် အောက်စ်၊ ခဇရဂျ်မျိုးနွယ်စုတို့နှင့် ဂျူးတို့သည် အိမ်နီးချင်းနှင့် မဟာမိတ်များ ဖြစ်ခဲ့ကြသည်။ အောက်စ်နှင့် ခဇရဂျ်မျိုးနွယ်စုနှစ်စုသည် အစွယ်လာမ်သာသနာ သက်ဝင်ယုံကြည်လာခဲ့သောအခါတွင်လည်း ဂျူးများနှင့် ယခင်ကဲ့သို့ ဆက်ဆံမြဲ ဆက်ဆံခဲ့ကြပါသည်။ ဤမျိုးနွယ်စုမှ လူများသည် ဂျူးလူမျိုးမိတ်ကောင်းဆွေကောင်းများနှင့် ချစ်ချစ်ခင်ခင် ရိုးရိုးသားသား တွေ့ဆုံရန်မှာ ဘာမျှပြဿနာမရှိဟု မြင်ကြသည်။ သို့သော်လည်း ဂျူးများကမူ တမန်တော်မြတ်ﷺ သယ်ဆောင်ခဲ့သော သာသနာနှင့် တမန်တော်မြတ်ﷺ သခင်အပေါ်တွင်မူ အလွန်

အလွန်ရန်ငြိုးထားကြသည်။ အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်ကာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဖိတ်ခေါ်မှုကို လက်ခံခဲ့သော မည်သူ့ကိုမဆို ရိုးသားချစ်ခင်စွာ ဆက်ဆံရန် ဆန္ဒမရှိခဲ့ကြပါ။ ထို့ကြောင့် မဒီနဟ်ရှိ အန်ဆာရ်များကို ဂျူးတို့က ယခင်မိတ်ကောင်းဆွေကောင်းအတိုင်း အပြင်ပန်းဆက်ဆံခဲ့သော်လည်း အတွင်းပိုင်း အနေနှင့်မူ ရန်သူအဖြစ် ဆက်ဆံခဲ့သည်။ ဂျူးတို့က မိတ်ဆွေအဖြစ် အပြင်ပန်း ထိန်းသိမ်းထားခြင်းအားဖြင့် ၎င်းတို့အကာ အကွယ်ရစေရန်ဖြစ်သည်။ သို့မှသာ မုစ်လင်မ်များ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေ၍ မုစ်လင်မ်များကြား ဘေးဒုက္ခများ ပေါ်ပေါက်စေရန် ကြိုးစားနိုင်လိမ့်မည်။ ဤသို့ မုစ်လင်မ်များနှင့် ဟန်ဆောင်မိတ်ဆွေဖြစ်မှုကို မည်မျှထိ အသုံးချခဲ့သည်ဟူမူ မုစ်လင်မ်တို့၏ စည်းရုံးရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်ကာ ရန်သူများလက်သို့အပ်ခဲ့သည်။

ဂျူးတို့၏ ဤအရေခြုံ အပြုအမူကို ကာကွယ်နိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်က မုစ်လင်မ်များအား မိန့်ကြားထားသည်။ ပေါင်းသင်းဆက်ဆံမှုနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေတစ်ရပ်ကို ကျွန်ုပ်တို့အား ပေးအပ်၍ မိန့်ကြားထားသည်မှာ -

يَـٰٓأَيُّهَا الَّذِيْنَ اٰمَنُوْا لاَ تَتَّخِذُوْا بِطَانَـةً مِّنْ دُوْنِكُمْ

"အို 'မုအ်မင်နဲ်' ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူအပေါင်းတို့ အသင်တို့သည် မိမိတို့ (မုစ်လင်မ်များ) အပြင် (အခြားမည်သူ့ကိုမျှ) အကျွမ်းတဝင် ခင်မင်ရင်းနှီးသောအတွင်းသိချစ်ဆွေအဖြစ် မပြုကြကုန်လင့်"

ဤနေရာတွင် သုံးနှုန်းထားသော] NapB "ဗိတွာနာဟ်" ဟူသည့် စကားလုံးကဆိုလိုသည်မှာ မိတ်ဆွေတစ်ဦး၊ လျှို့ဝှက်ချက်များကို တစ်ဦးနှင့်တစ်ဦး သိရှိ၍ ယုံကြည်စိတ်ချရသူကို ခေါ်သည်။ လူ့ခန္ဓာကိုယ်နှင့် အနီးကပ်ရှိသော အဝတ်အစားတစ်ခု၏အတွင်းပိုင်း (သို့) အတွင်းခံလိုင်နာကိုလည်း 'ဗိတွာနာဟ်' ဟုခေါ်သည်။ 'ဗိတွာနာဟ်' (အတွင်းပိုင်း)ဟူသော စကားလုံးမှဆင်းသက်ခဲ့ပြီး ဇွဟိရ် (အပြင်ပိုင်း) ဆိုသောစကားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အရာတိုင်းအတွက် သုံးနှုန်းသည်။ အပြင်ပိုင်းရှိအရာကို 'ဇွဟိရ်' ဟုခေါ်၍ အတွင်းပိုင်းရှိအရာကို 'ဗာတွင်န်' ဟုခေါ်သည်။ အဝတ်အထည်များအတွက် အပြင်ပိုင်းကို ဇွဟိရ်ဟုခေါ်၍ ခန္ဓာကိုယ်နှင့် ထိစပ်နေသော လိုင်နာကဲ့သို့ အတွင်းပိုင်းကို 'ဗိတွာနာဟ်' ဟုခေါ်သည်။ အလားတူပင် **بطانة الثوب** "ဗတွာနသုလ် ဆဝါဗ်" ဟူသော အသုံးအနှုန်းသည် "မိတ်ဆွေ" 'ယုံကြည်စိတ်ချရသူ' လျှို့ဝှက်ချက်များကို သိရှိသူတို့အတွက် တင်စားသုံးနှုန်းသည်။ ထို့ကြောင့် 'ဗိတွာနာဟ်' ဟူသော စကားလုံးသည် ယင်းအဓိပ္ပါယ်သက်ရောက်စေရန် သုံးနှုန်းထားသည်။ လိစာနုလ်အရဗီ ဟူသော ကျော်ကြား၍ ခိုင်လုံသောအရဗီ ဝေါဟာရကျမ်းတွင် 'ဗိတွာနာဟ်' ကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

بطانة الرجل صاحب سره وداخلة امره الذى يشاوره فى احواله

ဆိုလိုသည်မှာ လူတစ်ဦး၏ 'ဗိတွာနာဟ်' ဆိုသည်မှာ တစ်စုံတစ်ဦး၏ လျှို့ဝှက်ချက်များကိုလည်း သိသည်။ ၎င်းသူ၏ အကြံဉာဏ်တောင်းခံသော ကိစ္စရပ်တွင်လည်း အလုံးစုံသိရှိနားလည်းသူကို ဆိုလိုသည်။ ရာဂစ်ဗ် အလ်အဆ်ဖဟာနီ ၏ မုဖ်ရာဒတ်ကျမ်းနှင့် အလ်ကုရ်တုဗီ၏ သဖ်စီရ်ကျမ်းတို့တွင်လည်း ဤအဓိပ္ပာယ်ပင် ပေးထား

သည်။ (ဤနေရာတွင် 'ဗိတွာနဟ်' ဟူသော စကားလုံးကို 'အတွင်းလူ' ဟု ဘာသာပြန်ဆိုထားခြင်းမှာ ထိုစကားလုံး၏ အရေးကြီးသော အချို့အဓိပ္ပာယ်ပြန်ဆိုမှုနှင့် အကျုံးဝင်စေရန် ဖြစ်သည်)

ထို့ကြောင့် ဤအာယသ်တော်မှတစ်ဆင့် မုစ်လင်မ်များကို မိန့်ထားသည်မှာ မိမိတို့အုမ္မသ်ထုမှလွဲ၍ အခြားသူများကို အကြံဉာဏ်ပေးသူများနှင့် ယုံကြည်စိတ်ချရသူများအဖြစ် မမှတ်ယူကြသင့်ဟူ၍ ဖြစ်သည်။ သို့မှသာ တစ်စုံတစ်ဦး၏ တိုင်းပြည် (သို့) အစိုးရတို့၏ အရေးကြီးသည့် လျှို့ဝှက်ချက်များ မပေါက်ကြားနိုင်ချေ။ အစ္စလာမ်သာသနာ၏ စကြစဉ်ဆိုင်ရာ သနားကြင်နာမှုအရ အစ္စလာမ်သည် သမရိုးကျမဟုတ်သော ထူးခြားသည့် ညွှန်ကြားချက်ကို ပေးထားသည်။ ယင်းမှာ မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံရာတွင် ကရုဏာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် ဖော်ရွေစွာ သည်းခံ၍ ဆက်ဆံရန်ဖြစ်သည်။ တမန်တော် မြတ်﴿ﷺ﴾ က မုစ်လင်မ်မဟုတ်သူများနှင့်ဆက်ဆံရာတွင် ဤသည်တို့ကို အပြောနှင့်မဟုတ် လက်တွေ့ဆက်ဆံပြခဲ့ပါသည်။သို့သော်လည်း တစ်ချိန်တည်းမှာ ဤလုံးဝပြည့်စုံသော အသိဉာဏ်နှင့် ညွှန်ကြားချက်များကား မုစ်လင်မ်များ၏ စည်းရုံးမှုနှင့် ထူးခြားသည့် အမှတ်လက္ခဏာများကို ကာကွယ်ပြီးဖြစ်စေရန် ပေးထားခြင်းပင်တည်း။ မုစ်လင်မ်တစ်ဦးသည် မယုံကြည်သွေဖည်ငြင်းပယ်သူ (သို့) အစ္စလာမ်ဥပဒေကို လက်တွေ့ရန်ငြိုးထား ဆန့်ကျင်သူတို့နှင့် ဆက်ဆံရာတွင် (မိမိဘက်မှဖြစ်စေ၊ နှစ်ဦးနှစ်ဖက်မှဖြစ်စေ၊ အများစုနှင့်ဖြစ်စေ) ဆက်ဆံရေးကို စတင်ဆောင်ရွက်ရာ၌လည်းကောင်း၊ တိုးမြှင့်လုပ်ဆောင်ရာ၌လည်းကောင်း ပြုလုပ်ရာတွင် သတ်မှတ်ဘောင် ကျော်၍ လုပ်ခွင့်မရှိချေ။ အထက်ပါ ဘောင်ကိုကျော်လွှင် တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ အုမ္မသ်ထု အတွက်သော် လည်းကောင်း၊ အန္တရာယ်နှင့် ဒုက္ခကျရောက်စေနိုင်သောကြောင့် ဖြစ်သည်။ ဤအစီအစဉ်ကား ရှင်းလင်း၏။ ကျိုးကြောင်းညီညွတ်သည်။ လျော်ကန်သင့်မြတ်သည်။ အလွန်လိုအပ်သည်။ သို့မှသာလျှင် မုစ်လင်မ် တစ်ဦးချင်းစီနှင့် မုစ်လင်မ်နိုင်ငံအတွက်လုံခြုံ၍ အကာကွယ်ပေးပြီး ဖြစ်ပါလိမ့်မည်။

အစ္စလာမ့်နိုင်ငံတွင် နေထိုင်သော မုစ်လင်မ်မဟုတ်သူ (သို့) သဘောတူစာချုပ်တစ်ရပ်အရ မုစ်လင်မ်များနှင့် ဆက်သွယ်ထားသူများအတွက် လုံခြုံရေးသည်လည်း အစ္စလာမ်ဥပဒေ၏ အစိတ်အပိုင်းများဖြစ်ကြောင်း ၎င်းတို့နှင့်ပတ်သက်၍ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ သင်ကြားမှုနှင့်ကိုယ်တော်မြတ်﴿ﷺ﴾ သခင်၏ လေးနက်သော ညွှန်ကြားမှုများမှတစ်ဆင့် သိရှိနိုင်ပါသည်။

တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားခဲ့သည်မှာ -

من اذى ذميا فانا خصمه ومن كنت خصمه خصمته يوم القيمة

မည်သူမဆို "ဇင်မီ" (မုစ်လင်မ်အုပ်ချုပ်မှုအောက်တွင် နေထိုင်သောမုစ်လင်မ်မဟုတ်သူ) တစ်ဦးအား အန္တရာယ်ပြုခဲ့ပါက တရားစီရင်မည့်နေ့တွင် ထိုသူသည် ကျွန်ုပ်နှင့် ယှဉ်ပြိုင်မည့်သူဖြစ်၍ ကျွန်ုပ်သည် ထိုယှဉ်ပြိုင်လာသူအား အမြဲတစေ အနိုင်ရပါသည်။ **(အိဗနိမတ်စ်အုဒ်မှဆင့်ပြန်ချက်)**

အခြားဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﴿ﷺ﴾ သခင် မိန့်ကြားထားသည်မှာ -

منعنى ربى ان اظلم معاهدا ولاغيره

ကျွန်ုပ်ကိုမွေးမြူဖန်ဆင်းတော်မူသောအရှင်က သဘောတူစာချုပ်အရ ကာကွယ်စောင့်ရှောက်မှုပေးထားသူတစ်ဦးအား မတရားပြုခြင်းမှလည်းကောင်း (သို့တည်းမဟုတ်) အခြားမည်သူတစ်ဦးတစ်ယောက်ကိုမဆို မတရား

ပြုခြင်းမှလည်းကောင်း တားမြစ်ခဲ့ပါသည်။ **(ဆိုက်ယိဒနာအလီသခင်၏ ဆင့်ပြန်ချက်)**

အခြားဟဒီးဆ်တော်တစ်ရပ်တွင်လည်း မိန့်ကြားထားသည်မှာ -

الا من ظلم معاهدا او انتقصه او كلفه فوق طاقته او اخذ منه شيئا بغير طيب نفس منه فانا حججه يوم القيمة

"မည်သူမဆို သဘောတူစာချုပ်အရ ကာကွယ်စောင့်ရှောက်ခြင်းခံရသော မုစ်လင်မ်မဟုတ်သူတစ်ဦးအား မတရားပြုလုပ်ခြင်းကိုဖြစ်စေ၊ ထိုသူ၏ ရပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ခြင်းကိုဖြစ်စေ၊ ထိုသူတတ်စွမ်းနိုင်သည်ထက် ကျော်လွန်၍ မဖြစ်မနေ လုပ်ဆောင်စေခြင်းကိုဖြစ်စေ ထိုသူ၏ စစ်မှန်သောသဘောတူညီမှု မရှိဘဲလျှက် တစ်စုံတစ်ရာ ကို ယူဆောင်ခြင်းတို့ကိုဖြစ်စေ ပြုလုပ်ကြသောသူများ သတိပြုကြကုန်လော့။ သို့လုပ်ဆောင်ခဲ့လျှင် တရားစီရင်မည့်နေ့၌ ကျွန်ုပ်သည် ထိုသူ (မုစ်လင်မ်မဟုတ်သူ) အတွက် ကျွန်ုပ်ရှေ့နေအဖြစ် လျှောက်လဲပေးလိမ့်မည် ဖြစ်သည်။"

မုစ်လင်မ်မဟုတ်သူများအတွက် ဤအခွင့်အရေးပေးမှုများနှင့် ယှဉ်တွဲကာ မုစ်လင်မ်များအားညွှန်ကြားထားသည်မှာ မိမိတို့၏ သီးသန့်အုပ်စု၏ စည်းလုံးမှုကို အကာအကွယ်ပြုလုပ်ရန်အတွက် အစွမ်းလာမ်နှင့် မုစ်လင်မ်ရန်သူများအား လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ ယုံကြည်မှု မပြုထိုက်ချေ။ အိဗ်နိအဗီဟာသိမ်က ဆင့်ပြန်ခဲ့သည်မှာ အုပ်ချုပ်မှုနှင့် အရေးအသားတွင် အလွန်ထူးချွန်သော မုစ်လင်မ်မဟုတ်သည့် လူငယ်တစ်ဦးအား အုပ်ချုပ်သူအကြီးအကဲတစ်ဦးအဖြစ် ခန့်အပ်ရန် စိုက်ယိဒနာ အုမရ်အိဗ်နိအလ်ခတ္တဗ်အား လျှောက်ထားခဲ့သည်။ ထိုအခါ အုမရ် ﷺ သခင်က မိန့်ကြားသည်မှာ -

قد اتخذت اذا بطانة من دون المؤمنين

"အကယ်၍သာ ငါသူ့ကို ခန့်အပ်ခဲ့ပါလျှင် မုစ်လင်မ်မဟုတ်သူများထဲမှ အတွင်းလူတစ်ဦးအဖြစ် ပြုထားလိုက်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။" (ထိုကဲ့သို့သော အပြုအမူသည် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားချက်နှင့် ဆန့်ကျင်ပေလိမ့်မည်။)

ငါးရာစုနှစ်က ကျော်ကြားခဲ့သော ပညာရှင်နှင့် ဋီကာအကျယ်ဖွင့်ဆိုသူတစ်ဦးဖြစ်သော အိမာမ်အလ်ကုရ်တုဗီက အမျှော်အမြင်ကြီးစွာ မိန့်ကြားခဲ့သည်မှာ ဤကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားမှုကို ဆန့်ကျင်ခြင်းသည် မုစ်လင်မ်များအတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်။

وقد انقلبت الاحوال فى هذه الازمان باتخاذاهل الكتب كتبة وامنآء وتسودوا بذلك عند جهلة الاغنياء من الولاة والامرآء

"ဤခေတ်ကာလတွင် အရာခပ်သိမ်းကား အလွန်ပြောင်းလဲသွားခဲ့ပါသည်။ ကျူးနှင့် ခရစ်ယာန်တို့အား စိတ်ချယုံကြည်ရသည်ဟု မှတ်ယူ၍ လျှို့ဝှက်ချက်များကို ယုံမှတ်အပ်နှံခဲ့သည်။ ထိုယုံမှတ်အပ်နှံမှုမှတစ်ဆင့် ၎င်းတို့သည် အသိဉာဏ်မရှိသော မုစ်လင်မ် သူဌေးများ၊ အုပ်ချုပ်သူများနှင့် အကြီးအကဲများအပေါ်တွင် အောင်နိုင်လွှမ်းမိုးခဲ့ကြပါသည်။"

ယနေ့မျက်မှောက်ကာလတွင် သီးခြားမူဝါဒတစ်ခုဖြင့် တည်ထောင်ထားသော တိုင်းပြည်တစ်ခုတွင် တစ်စုံတစ်ဦးသည် ယင်းမူဝါဒအား လက်မခံပါက ယုံကြည်စိတ်ချသူအနေဖြင့် ၎င်းတို့အသိုင်းအဝိုင်းတွင် မဝင်ရောက်နိုင်တော့ပါ။ ရုရှနှင့် တရုတ်ပြည်တို့တွင် တစ်စုံတစ်ဦးသည် ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်ခြင်းမရှိပါက ထိုသူအား အရေးပါသည့် ရာထူးခန့်အပ်မည်မဟုတ်ချေ။ (သို့) နိုင်ငံတော်၏ လျှို့ဝှက်ချက်များ အပ်နှင်းခြင်းကိုမူ သာ၍ပင်ဝေးသေးသည်။ မုစ်လင်မ်တိုင်းပြည်များ ကျဆုံးခြင်းကို အနီးကပ်လေ့လာကြည့်လျှင် ယင်းအဖြစ်၏နောက်ကွယ်ရှိ အကြောင်းရင်းများစွာ တွေ့မြင်နိုင်လိမ့်မည်ဖြစ်သည်။ မကြာခဏ ပြောလေ့ရှိသော ကိစ္စတစ်ရပ်မှာ မုစ်လင်မ်များသည် မုစ်လင်မ်မဟုတ်သော ယုံကြည်စိတ်ချသူများလက်ထဲသို့ ၎င်းတို့၏ အရေးကြီးသော ကိစ္စရပ်များအတွက် 'ဝ'ကွက်အပ် လိုက်ခြင်းပင်ဖြစ်သည်။ ဤနည်းလမ်းသည် အော်တိုမင် အုပ်ချုပ်ရေးပျက်ပြားခြင်း၏ အရေးပါသည့် အချက်ပင်ဖြစ်သည်။

ဤအမိန့်တော်သည် အဘယ်ကြောင့် ထုတ်ပြန်ရကြောင်း ချက်ခြင်းပင် ရှင်းလင်းချက်ပေးခဲ့သည်။ **لاَ يَأْلُونَكُمْ خَبَالاً** "ထိုသူတို့သည် အသင်တို့အား မကောင်းကြံစည်ရာ၌ အကြံအစည်လျော့ကြမည် မဟုတ်ချေ") ဖြင့် အစပြု၍ **اِن كُنتُمْ تَعْقِلُوْنَ** "အကယ်၍သာ အသင်တို့သိနားလည်ကြမူ" ဖြင့် အဆုံးသတ်ထားသော မူရင်းစာသားတို့က မုစ်လင်မ်များအား ၎င်းကိစ္စရပ်များအတွက် အတွင်းလူအဖြစ် ရွေးချယ်ရာတွင် မိမိတို့ညီနောင်များမှအပ မည်သူကိုမျှ မရွေးချယ်သင့်ကြောင်း သတိပေးထားသည်။ အဘယ်ကြောင့်ဆိုသော် အခြားသောအုပ်စုဖြစ်သော ဂျူး အုပ်စု၊ ခရစ်ယာန်အုပ်စု၊ အရေခြုံအုပ်စုများနှင့် အခြားသော မယုံကြည်သွေဖည်ငြင်းပယ်သူများသည် စစ်မှန် သည့် ကောင်းကျိုးလိုလားသူများ မဖြစ်နိုင်သောကြောင့်ပင်တည်း။ ၎င်းတို့သည် မုစ်လင်မ်များအား ရုပ်ပိုင်းဆိုင် ရာနှင့် နာမ်ပိုင်းဆိုင်ရာတို့တွင် နစ်နာစေရန်အတွက် လိမ်လည်လှည့်ဖျားရန် အခွင့်အလမ်းများအမြဲတမ်းရှာ ကြံချောင်းမြောင်းနေသူများ ဖြစ်ကြသည်။ ထိုသူတို့သည် မုစ်လင်မ်များအား ဤကမ္ဘာလောကတွင် အန္တရာယ် ပြုရန် အမြဲကြံစည်နေကြသကဲ့သို့ ပညတ်ပြီးဖြစ်သော သူတို့၏ အီမာန်ယုံကြည်မှုဆိုင်ရာ လိုက်နာမှုမှ သွေဖည် စေရန်လည်း အမြဲကြံစည်နေကြသည်။

ဤသည်တို့ကို မုစ်လင်မ်တို့သည် ကိုင်တိုင်မြင်တွေ့နိုင်ပါသည်။ သို့သော်လည်း ရန်သူများ၏ နှလုံးသားတွင်ရှိသော အဆိပ်သည်ကား ပြင်းထန်လှသည်။ သို့ရာတွင် ၎င်းတို့၏ သွေးအေးသောလိမ်လည်လှည့်ဖြားမှုမျက်နှာဖုံးကွာသွားသောအခါတွင်လည်းကောင်း၊ ၎င်းတို့၏ ရန်လိုစိတ် ထင်သာမြင်သာ ဖြစ်လာသောအခါတွင်လည်းကောင်း ဒေါသဖြစ်လာကြသည်။ ထိုကဲ့သို့သောသူအား ၎င်း၏ ယုံကြည်စိတ်ချရသူအဖြစ် အသိဉာဏ်ရှိသူတစ်ဦးက အဘယ်ကြောင့် မှတ်ယူရလိမ့်မည်နည်း။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က ထိုသူများမည်သူဖြစ်ကြောင်း၊ ၎င်းတို့နှင့် ပတ်သက်၍ ဘာလုပ်ရမည်ဟူသည်ကို ညွှန်ပြပြီးဖြစ်လေသည်။ ဤအထဲတွင် ပါဝင်သည်ကို နားလည်သဘောပေါက်သူတစ်ဦးအနေနှင့် နားလည်သဘောပေါက်သည့်အတိုင်း လုပ်ဆောင်ရန်မှာ သူ့တာဝန်ပင်ဖြစ်သည်။

وَدُّوْا مَاعَنِتُّمْ

"ယင်းသူတို့သည် အသင်တို့ဒုက္ခကြီးစွာ တွေ့ကြုံခြင်းကိုသာ နှစ်သက်ကြကုန်၏" ဟူသောဝါကျသည်

မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပြီးပြည့်စုံသော စိတ်ကြေးမုံပင်ဖြစ်သည်။ ဤနေရာတွင် နက်နက်နဲနဲ သင်ကြားမှုမှာကား မုစ်လင်မ်မဟုတ်သူသည် မုစ်လင်မ်များ၏ စစ်မှန်သော မိတ်ဆွေနှင့် ကောင်းကျိုးလိုလားသူ အဖြစ် မည်သည့်အခါမျှ မဖြစ်နိုင်ဟူ၍ ဖြစ်သည်။

ထို့နောက် အာယသ် (၁၁၉) **هَآ أَنتُمْ أُولَآءِ تُحِبُّونَهُمْ** ထဲတွင် မိန့်ကြားထားသည်မှာ ထိုသူတို့သည် သင်တို့အား မိတ်ဆွေ များဟု မသတ်မှတ်သော်လည်း သင်တို့သည်ကား ထိုသူတို့ကို မိတ်ဆွေများဟု သတ်မှတ်ကာ ချစ်ခင်ရင်းနှီးစွာ သွားလာကြသည်မှာ မုချကေန် အထူးအဆန်းပင်ဖြစ်သည်ဟု မုစ်လင်မ်များအား မိန့်ကြား ထားခဲ့သည်။ စင်စစ် ၎င်းတို့သည် အသင်တို့၏ အဆိုးဝါးဆုံးသော ရန်သူများပင်တည်း။ နဗီများပွင့်တော်မူ၍ ကျမ်းစာပို့ချခဲ့သည့် အချိန်မှစတင်ခါ ဦးတည်မိန့်ကြားခံခဲ့ရသော ပုဂ္ဂိုလ်များကဲ့သို့ အသင်တို့သည် ကျမ်းစာများ အပေါ်၌ ခွင်းချက်မရှိ သက်ဝင်ယုံကြည်ခဲ့ကြသည်မှာ ပိုမို၍ ထူးခြားသည့် အခြေအနေတစ်ရပ်ပင် ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်၍ ၎င်းတို့သည် သင်တို့၏ ကျမ်းတော်နှင့်အသင်တို့၏ တမန်တော်ကို လက်ခံခဲ့ခြင်း မရှိခဲ့ပါ။ ၎င်းတို့ကျမ်း စာသာ ၎င်းတို့ယုံကြည်ခြင်းသည်ကား မမှန်ကန်ချေ။ ဤအခြေအနေမျိုး အရဆိုလျှင် ၎င်းတို့သည် သင်တို့ကို ချစ်ခင်ကြင်နာသင့်ပေသည်။ ထို့ပြင် သင်တို့ကသာ ၎င်းတို့ကို အဖက်မလုပ်ဘဲ ဆက်ဆံသင့်ပေသည်။ သို့သော် လည်း ယခုဖြစ်နေသည်မှာ ဖြစ်သင့်သည်နှင့် ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်နေပါသည်။

အာယသ်တော်၏ ပထမပိုင်းတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စိတ်သဘောထားကို ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ **اِنْ تَمْسَسْكُمْ حَسَنَةٌ** "အကယ်၍ အသင်တို့၌ ကောင်းကျိုးချမ်းသာတစ်စုံတစ်ရာ ဖြစ်ပေါ်လာခဲ့ပါမူ ထိုသူတို့အား စိတ်ဒုက္ခရောက်စေ၏။ သို့ရာတွင် အသင်တို့၌ တစ်စုံတစ်ရာဘေးအန္တရာယ် ဆိုက်ရောက်သည် ရှိသော် ယင်းသူတို့သည် ဝမ်းသာအားရဖြစ်ကြလေသတည်း" ဟူ၍ ဖြစ်သည်။

အရေခြုံများ၏ အကြောင်းမလှသောအန္တရာယ်မှလည်းကောင်း၊ ပြိုင်ဘက်တို့၏ အသက်အန္တရာယ်ပင် ဖြစ်နိုင်သော ရန်လိုမှုမှလည်းကောင်း မုစ်လင်မ်များ မည်သို့ကာကွယ်ပြီးဖြစ်စေနိုင်ပါသနည်း။ ဤကိစ္စအတွက် ရိုးရိုးနှင့် ထိရောက်သော နည်းလမ်းကို အကြံပြုထားသည်မှာ -

وَاِنْ تَصْبِرُوْا وَتَتَّقُوْا لَا يَضُرُّكُمْ كَيْدُهُمْ شَيْئًا ۭ اِنَّ اللّٰهَ بِمَا يَعْمَلُوْنَ مُحِيْطٌ

"အမှန်စင်စစ်သော်ကား အကယ်၍သာ အသင်တို့သည် သည်းခံခြင်းတရားထားရှိ၍ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြပါမူ၊ ထိုသူတို့၏ လျှို့ဝှက်ကြံစည်မှုသည် အသင်တို့အား လုံးဝနစ်နာစေနိုင်မည် မဟုတ်ပေ။ မုချ အမှန် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"

ဆွဗရ် နှင့် သတ်ဂ်ဝါ

မုစ်လင်မ်အများအတွက် အရာရာကို အောင်နိုင်သောနည်းလမ်း

ဆွဗရ် (သည်းခံခြင်း၊ ခံနိုင်ရည်ရှိခြင်း) နှင့် သတ်ဂ်ဝါ (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း)သည် အခက်အခဲဟူသမျှတို့အတွက် ထိရောက်စေသည့်နည်းလမ်းတစ်ရပ် ဖြစ်သည်ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်

၌ ပြဋ္ဌာန်းထားသည်။ မုစ်လင်မ်များအတွက် ဤအခြေခံကျသော သင်ကြားပို့ချမှုသည် ဤတစ်နေရာတွင်သာ မဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင်လည်း ပါရှိသည်။ ပမာအားဖြင့် အထက်ဖော်ပြပါ အာယသ်တော်၏နောက်တွင် ကပ်ပါလာသော အာယသ်တော်၌ မိန့်ကြားထားသည်မှာ -

بَلٰى اِنْ تَصْبِرُوْا وَتَتَّقُوْا وَيَاْتُوْكُمْ مِّنْ فَوْرِهِمْ هٰذَا يُمْدِدْكُمْ رَبُّكُمْ بِخَمْسَةِ اٰلَافٍ مِّنَ الْمَلٰٓئِكَةِ مُسَوِّمِيْنَ

“အဘယ်ကြောင့် မလုံလောက်ပါမည်နည်း (မုချလုံလောက်ပေမည်။) အကယ်၍သာ အသင်တို့သည် ခန္တီတရား ထားရှိကြပါလျှင်လည်းကောင်း၊ ထို့နည်းတူစွာ အသင်တို့သည် (မြစ်တားထားသော အချက်တို့မှ) ကြဉ်ရှောင်ကြပါလျှင်လည်းကောင်း၊ ထို့ပြင် ထို(ရန်)သူများသည် အသင်တို့ထံ ရုတ်တရက် တမဟုတ်ခြင်းလာရောက် (တိုက်ခိုက်) ကြပါလျှင်လည်းကောင်း၊ အသင်တို့ကို မွေးမြူတော်မူသော အရှင်မြတ်သည် အမှတ်သညာ ထားရှိကြကုန်သော “မလာအိကဟ်” အပါးတော် စေတမန်ငါးထောင်ဖြင့် အသင်တို့အား ကူညီစောင်မတော် မူလတ္တံ့။ (၃း၁၂၅)

ဤနေရာ၌ ကူညီစောင်မတော်မူလတ္တံ့ “ဟူသော အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် ဆွဗရ်နှင့် သတ်ဂ်ဝါပေါ်၌ တည်သည်”

စူရတ်ယူစွဖ်တွင် မိန့်ကြားထားသည်မှာ -

اِنَّهٗ مَنْ يَّتَّقِ وَيَصْبِرْ

“စင်စစ် ဧကန်မည်သူမဆို ပြစ်မှုဒုစရိုက်များမှာ ကြဉ်ရှောင်အံ့၊ ၎င်းပြင် ခန္တီတရားထားရှိအံ့။ (၁၂း၉၀)

ဤနေရာ၌လည်း ကြီးပွားခြင်းနှင့် အောင်မြင်ခြင်းကို ဆွဗရ်နှင့် သတ်ဂ်ဝါတို့ဖြင့် ဆက်နွယ်ထားသည်။ လက်ရှိစူရတ် အာလိအင်မ်ရာမ်၏ အဆုံးတွင်လည်း ဆွဗရ်ကို ကျင့်သုံးရန် အကြုံပြုထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည် -

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اصْبِرُوْا وَصَابِرُوْا وَرَابِطُوْا وَاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ

“အိုသက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် (ဒုက္ခတွေ့ကြုံလျှင်) သည်းခံကြလေကုန်။ ၎င်းပြင် (ရန်သူတို့နှင့်) ဖြိုင်ဆိုင်တိုက်ခိုက်ရာတွင်လည်း တည်တံ့ခိုင်မြဲစွာ ရှိကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ရန်သူ တို့အား ခုခံကာကွယ်ရန်) အဆင်သင့်ရှိကြလေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် (အခါခပ်သိမ်း) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားကြလေကုန်” သို့မှသာ အသင်တို့သည် အောင်မြင်ကြပေမည်။ (၃း၂၀၀)

နောက်တစ်ကြိမ်ထပ်၍ ကြီးပွားခြင်းနှင့် အောင်မြင်ခြင်းတို့ကို ဆွဗရ်နှင့် သတ်ဂ်ဝါတို့အပေါ် တည်မှီနေသည်။

ဆွဗရ်နှင့် သတ်ဂ်ဝါဟူသည့် စကားလုံး နှစ်လုံးတို့သည် တိုတောင်းသော ခေါင်းစဉ်တစ်ခုနှင့်တူသော်လည်း အလွန်ပင် ပြည့်ဝစုံလင်သော အဓိပ္ပာယ်များ ပါဝင်လေသည်။ ထိုစကားလုံး နှစ်လုံးထဲတွင် တစ်ဦးချင်းဘဝ

နှင့်ဖြစ်စေ၊ စုပေါင်းနေထိုင်သည့်ဘဝတွင်ဖြစ်စေ ကိစ္စရပ်အားလုံး၌ အောင်မြင်စေမည့် စည်းမျဉ်းတစ်ရပ်ပါဝင်ရုံမျှမက လူထုကိစ္စ၊ အစိုးရကိစ္စနှင့် စစ်မက်ရေးကိစ္စရပ်များ အားလုံးပါဝင်သည်။

စိုက်ယိဒိနာ အဗူဿရ် ﷺ သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ် ﷺ သခင်မိန့်ကြားခဲ့သည်မှာ-

عن ابى ذرقال قال رسول الله صلى الله عليه وسلمً انى لا علم اية لواخذ الناس بها لكفتهم "ومن يتق الله يجعل له مخرجا" الاية (رواه احمد)

"အကယ်၍သာ လူအများသည် ထိုအတိုင်းလိုက်နာမည်ဆိုလျှင် ၎င်းတို့အတွက် ပြီးပြည့်စုံမည့် အာယသ်တော်တစ်ရပ် ကျွန်ုပ်သိရှိပါသည်။ ယင်းမှာ စင်စစ်သော်ကား မည်သူမဆို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအရှင်မြတ်သည် ထိုသူတို့၏အဖို့ ထွက်မြောက်ရာနည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။" (၆၅း၂)

VVVVVVVVVV

အာယသ် (၁၂၁-၁၂၃)

وَإِذْ غَدَوْتَ مِنْ أَهْلِكَ
تُبَوِّئُ الْمُؤْمِنِينَ مَقَاعِدَ لِلْقِتَالِ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿١٢١﴾
إِذْ هَمَّتْ طَّائِفَتَانِ مِنْكُمْ أَنْ تَفْشَلَا ۙ وَاللَّهُ وَلِيُّهُمَا ۗ وَعَلَى
اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٢٢﴾ وَلَقَدْ نَصَرَكُمُ اللَّهُ بِبَدْرٍ وَأَنْتُمْ
أَذِلَّةٌ ۖ فَاتَّقُوا اللَّهَ لَعَلَّكُمْ تَشْكُرُونَ ﴿١٢٣﴾

(အို-နဗီတမန်တော်) အခါတစ်ပါး၌ အသင်သည် မိမိအိမ်သူအိမ်သားများထံမှ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် အလို့ငှာ အုဟုဒ်တောင်ခြေသို့) နံနက်စောစောထွက်ခဲ့၍ တပ်စွဲရန်နေရာများတွင် "မုအ်မင်န်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိသော သူတို့အား နေရာချပေးလျက် ရှိခဲ့သည် (ကိုအသင်သည် ပြန်လည်၍ သတိရှိပါလေ)။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုအခါက အသင်တို့နှင့်တကွ အသင်တို့၏ ရန်သူများ ပြောဆိုကြသော စကားအရပ်ရပ်တို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင် (အသင်တို့နှင့်တကွ အသင်တို့၏ ရန်သူများ၏ အဖြစ်အပျက်အခြေအနေအလုံးစုံတို့ကို) အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ (၃း၁၂၁)

ထိုအချိန်တွင် အသင် (မုစ်လင်မ်) တို့အနက်မှ လူစုနှစ်စုကားအားလျှော့ (၍လှည့်ပြန်ကြ) ရန် ကြံရွယ်ခဲ့ကြလေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထိုလူစုနှစ်စုလုံးကိုပင် စောင့်ရှောက်လျက်ရှိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြကုန်သော "မုအ်မင်န်" အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ယုံကြည်စိတ်ချ၍ အားကိုး အားထားပြုထိုက်ကြချေသည်။ (၃း၁၂၂)

အသင်တို့သည် ဗဒ်ရ်(စစ်ပွဲ)၌ အင်အားချိနဲ့နေခိုက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ဧကန်အမှန် ကူညီတော်မူခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့လေကုန်။ သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကျေးဇူးတော်များကို သိတတ်ကြရာသတည်း။ (၃း၁၂၃)

အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော်များထဲ၌ သည်းခံခြင်းနှင့် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်း (ဆွဗရ်)နှင့် (သတ္တဝါ) တို့ကို လိုက်နာခဲ့ပါလျှင် သူတို့အား မည်သည့်ကြီးမားသော အင်အားစုကမှ အန္တရာယ် မပြုနိုင်ကြောင်းကို မုစ်လင်မ်များအား မိန့်ကြားထားပါသည်။ အုဟုဒ်စစ်ပွဲအတွင်းတွင် မုစ်လင်မ်များ ရင်ဆိုင်ခဲ့ရသော ယာယီအဟန့်အတား၊ အနှောက်အယှက်ဖြစ်မှုသည် ဤကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေများကို ၎င်းတို့ ပြည့်ပြည့်ဝဝ လိုက်နာရန် ပျက်ကွက်ခဲ့သောကြောင့် ဖြစ်သည်။ လက်ရှိအာယသ်များက အုဟုဒ်စစ်ပွဲ အတွင်း မည်သို့ဖြစ်ခဲ့သည်ကိုလည်းကောင်း ဗဒ်ရ် စစ်ပွဲအတွင်း အောင်နိုင်ခဲ့သည်ကိုလည်းကောင်း မုစ်လင်မ်များအား ပြန်လည်သတိရစေသည်။

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များ၏ ရှင်းလင်းဖွင့်ဆိုမှု မစတင်မီ အုဟုဒ်စစ်ပွဲအတွင်းက ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များ၏ ကွင်းဆက် ကွန်နိုပ်တို့တွင် ရှိသင့်ပါသည်။

အုဟုဒ်စစ်ပွဲ နောက်ခံသမိုင်း

ဟိဂျ်ရီသက္ကရာဇ်နှစ်ခုနှစ် ရမဿွာန်လမြတ်၌ ကုရိုက်ရှ်စစ်တပ်နှင့် မုစ်လင်မ်မုဂ္ဂါဟိစ်ဒင်တို့သည် ဗဒ်ရ်၌ စစ်ပွဲတစ်ပွဲဆင်နွှဲခဲ့ကြသည်။ ယင်းစစ်ပွဲတွင် မက္ကာမြို့တော်မှ လူသိများသော 'ကုဖုရ်' (မယုံကြည် သွေဖည် ငြင်းပယ်သူများ) ခုနစ်ဆယ်ကျဆုံးပြီး ယင်းအရေအတွက်မှ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရလေသည်။ အမှန်စင်စစ် ဤစစ်ရှုံးမှုသည် အလွှာဟ်အရှင်မြတ်၏ အပြစ်ပေးခြင်း ပထမအသုတ်ဖြစ်ပြီး အထိနာကာ၊ အရှက်ရစေသောကြောင့် ကုရိုက်ရှ်တို့သည် အမျက်ဒေါသထွက်ခဲ့ကြသည်။ ကလဲ့စားခြေရန်အတွက် သူတို့၏ကြီးပမ်းမှုသည် အတားအဆီးမရှိပါ။ ဗဒ်ရ်စစ်ပွဲ၌ ကျဆုံးခဲ့သော ကုရိုက်ရှ်အကြီးအကဲတို့၏ ဆွေမျိုးတို့သည့် ရိုးရာအရပ်မာန်မာနအရ ဗဒ်ရ်စစ်ပွဲ၌ သူတို့အားရှုံးနိမ့်စေသော မုစ်လင်မ်များအား ကလဲ့စားမချေရမချင်း ရပ်တန့်လိမ့်မည် မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သူတို့၏ရဲဘော်ရဲဘက်များကို ကျဆုံးစေခဲ့သော တမန်တော်မြတ်ﷺ နှင့်ကိုယ်တော်၏ ဆွဟာဗဟ်များအား ကလဲ့စားချေနိုင်ရန်အတွက် ဆီးရီးယားတိုင်းပြည်မှ တင်သွင်းလာသော ကုန်စည်များကို ရောင်းချရသည့် ငွေကြေးများအား မုစ်လင်မ်များနှင့် စစ်ခင်းရန်အတွက်မှအပ မည်သည့်ကိစ္စတွင်မျှ မသုံးစွဲသင့်ဟု ကုရိုက်ရှ်များက မက္ကာမြို့တော်သူ မြို့တော်သားများအား အကြံပြုခဲ့ကြသည်။ ဤအကြံပြုချက်ကို အားလုံးက သဘောတူခဲ့ကြပါသည်။ ထို့ကြောင့် ဟိဂျ်ရီ သက္ကရာဇ် (၃) ခုနစ်၌ ကုရိုက်ရှ်များနှင့်အတူ အခြားသော မျိုးနွယ်စု အတော်များများတို့သည် မဒီနဟ်မြို့တော်အား တိုက်ခိုက်ရန် ခီတက်သွားကြသည်။ ကျူးကျော်တိုက်ခိုက်မည့်စစ်တပ်တွင် အမျိုးသမီးများလည်း ပါလာသည်။ ၎င်းတို့သည် သူတို့၏ ယောကျ်ားသားများ၏ ဂုဏ်သိက္ခာမကျရလေအောင် အသနားခံရန်နှင့် ယင်းယောကျ်ားသားတို့ စစ်တပ်မှ ထွက်ပြေးလျှင်သော်မှ ထွက်မပြေးရန် တောင်းပန်မှု ပြုရန်ဖြစ်သည်။

စစ်လက်နက်များနှင့် အခြားသော တိုက်ခိုက်ရေးပစ္စည်းများ တပ်ဆင်ထားသော သုံးထောင်မျှလူအင်အားရှိသော ဤစစ်တပ်ကြီး မဒီနဟ်မြို့ပြင်သုံးလေးမိုင်အကွာရှိ အုဟုဒ်တောင်အနီး၌ စခန်းချသောအခါ တမန်တော်မြတ်ﷺ သည် မုစ်လင်မ်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုခဲ့ပါသည်။ တမန်တော်မြတ်ﷺ သခင်၏ ထူးမြတ်သောအကြံဉာဏ်အရ မဒီနဟ်မြို့တွင်း၌သာနေပြီး ရန်သူကို ခုခံကာကွယ်ခြင်းသည် လွယ်ကူမှုရှိပြီး အောင်မြင်နိုင်ရန် အလားအလာပို၍ ကောင်းသည်ဟူ၍ဖြစ်သည်။ အရေခြုံများ၏ ခေါင်းဆောင်ဖြစ်သော အဗ်ဒုလ္လာဟ်အိဗ်နိအုဗိုင်ရ်သည် မုစ်လင်မ်များနှင့် လက်တွဲခြင်းသည် ဤအကြိမ်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပါသည်။ သူအား ထင်မြင်ချက်ပေးရန် တောင်းဆိုခဲ့သောအခါ တမန်တော်မြတ်ﷺ ၏ ထင်မြင်ချက်နှင့် အတူတူပင် ဖြစ်နေပါသည်။ သို့ရာတွင် မုစ်လင်မ်အရေးအခင်းအတွက် ၎င်းတို့၏ အသက်များကိုပေးရန် ပြင်းပြသော ဆန္ဒရှိပြီး ဗဒ်ရ်စစ်ပွဲတွင် ပါဝင်နိုင်ခြင်း မရှိခဲ့သော အချို့သောစိတ်အားထက်သန်သည့် မုစ်လင်မ်တို့က ရန်သူများသည် မိမိတို့အား သူရဲဘောကြောင်သောသူများဟု မထင်မှတ်နိုင်စေရန်အတွက် စစ်တလင်း၌ သွားရောက်တိုက်သင့်သည်ဟု အခိုင်အမာ ပြောဆိုလာကြသည်။ ဤအကြံပြုချက်ဘက်သို့ အများစုလိုက်ပါခဲ့ကြသည်။

ထိုအချိန်တွင် တမန်တော်မြတ်ﷺ သည် အိမ်သို့ပြန်ခဲ့ပြီး အိမ်မှပြန်ထွက်လာသောအခါ စစ်ဝတ်တန်ဆာ ဝတ်ဆင်ပြီးဖြစ်နေပါသည်။ ထိုအခါ တမန်တော်မြတ်ﷺ သည် သူ၏အကြံပြုချက်ကို ဆန့်ကျင်ပြီး မဒီနဟ် အပြင်ရှိ စစ်တလင်း၌ စစ်ပွဲကိုဦးဆောင်ရန် ဖိအားပေးခံရသည်ဟု အချို့သောသူများက ထင်ကြသည်။ ထိုသူများသည် မိမိတို့၏ လုပ်ရပ်မှားယွင်းကြောင်း သိရှိခဲ့ရသောအခါတွင် ၎င်းသူတို့သည် တမန်တော်မြတ်ကြီး၏ အယူအဆဖြစ်သော ရန်သူအား မဒီနဟ်မြို့တွင်းမှ ခုခံကာကွယ်ရန်ဆိုသည့်အတိုင်း ပြုလုပ်ရန် တမန်တော်မြတ်အား တိုးလျှိုးတောင်းပန်ခဲ့ကြသည်။ တမန်တော်မြတ်ﷺ ၏အဖြေမှာ "စစ်ဝတ်တန်ဆာဝတ်ကာ လက်နက်စွဲကိုင်ပြီးမှ စစ်မတိုက်ဘဲ စစ်ဝတ်တန်ဆာများ ချွတ်ပြစ်ရန်ဆိုသည်မှာ တမန်တော်တစ်ပါးအတွက် မလျော်ကန်မသင့်မြတ်ပါ"ဟူ၍ ဖြစ်သည်။ ဤစာတစ်ကြောင်းသည် တမန်တော်တစ်ပါးနှင့် တမန်တော်မဟုတ်သူတို့ ခြားနားချက်ရှင်းလင်းရန် လုံလောက်ပါသည်။ တမန်တော်တစ်ပါးအနေဖြင့် ထိုကဲ့သို့သော အားနည်းမှုမျိုး မပြသနိုင်ပါ။ ၎င်းပြင် ဤနေရာတွင် အုမ္မသ်ထုအတွက်လည်း သင်ခန်းစာ တစ်ခုရှိပါသည်။

တမန်တော်မြတ်ﷺ သခင်သည် ရန်သူများအား ရင်ဆိုင်တိုက်ခိုက်ရန် မဒီနဟ်မြို့မှ ထွက်လာ စဉ်ကိုယ်တော်မြတ်ဘက်တော်မှ လူအင်အားတစ်ထောင်ခန့်သာရှိသည်။ သို့သော်လည်း အရေခြုံအဗ်ဒုလ္လာဗင် အုဗိုင်ရ်သည် လူဦးရေ (၃၀၀) ခန့်နှင့် ချီတက်နေစဉ်မှ ဖယ်ခွာသွားသည်။ သို့ဖယ်ခွာသွားစဉ် "ကျွန်ုပ်၏ အကြံပြုချက်ကိုပယ်ချ၍ အခြားသူ၏ အကြံပြုချက်အတိုင်း လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့အသက်အတွက် အဘယ်ကြောင့် အန္တရာယ်ဖြစ်စေ၍ အဘယ်ကြောင့် ကျွန်ုပ်တို့ တိုက်သင့်ရမည်နည်း" ပြောကြားခဲ့သည်။ ထင်ရှားသည်မှာ သူ၏ရဲဘော်ရဲဖက်အများစုသည် အရေခြုံများဖြစ်သည်။ မုစ်လင်မ်အချို့မှာ အရေခြုံများ၏ ဆွဲဆောင်မှုနောက် ကောက်ကောက်ပါ လိုက်သွားခဲ့ကြသူများ ဖြစ်သည်။

အဆုံးတွင် တမန်တော်ﷺ သခင်သည် မုဂျာဟိဒ်ဒီးန် ခုနစ်ရာ (၇၀၀) ခန့်နှင့် စစ်မြေပြင်သို့ ရောက် ရှိသွားခဲ့သည်။ စစ်ဗျူဟာခင်းကျင်းမှုကိုလည်း ကိုယ်တော်မြတ်ကိုယ်တော်တိုင် ခင်းကျင်း၍ ကွပ်ကဲစီမံမှုကိုလည်း ကိုယ်တိုင်စီမံအုပ်ချုပ်ကွပ်ကဲထားသည်။ စစ်ခင်ကျင်းမှုမှာ ကိုယ်တော်မြတ်၏ တပ်သားများသည်

အုဟုဒ်တောင်ကို ကျော်ပေး၍ နေရာယူထားသည်။ စိုက်ယိဒိနာ မုအားဗ်အိဗ်နိအုမိုင်းရ်သည် တပ်ဦးအလံကိုင်ဖြစ်၍ စိုက်ယိဒိနာ ဇုဗိုင်းရ်အိဗ်နိအောင်ဝမ်သည် မြင်းသည်တော်များကို ကွပ်ကဲရပါသည်။ စိုက်ယိဒိနာ ဟမ်ဇာဟ်အား ချုပ်ဝတ်တန်ဆာမပါသော တပ်သားများအား ကွပ်ကဲစေခဲ့သည်။ ရန်သူသည် နောက်ကျောဖက်မှ ဝင်ရောက်တိုက်ခိုက်နိုင်သည့် အခြေအနေရှိခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ သခင်သည်လေးမြားစ်သည်တော် (၅၀) အား နောက်ကျောရှိ တောင်ပူစာတစ်ခုပေါ်တွင် တပ်စွဲစေပါသည်။ ထို့နောက် ယင်းစစ်သည်များအား နောက်ကျောဖက်မှ ဝင်ရောက်တိုက်ခိုက်လာလျှင် ခုခံကာကွယ်ရန် အမိန့်ပေးထားခဲ့သည်။ ယင်းလေးသည်တော်များကို တောင်အောက်၌ တိုက်ခိုက်သော စစ်တွင်ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ဂရုမစိုက်ရန်နှင့် သတ်မှတ်နေရာမှ မရွေ့စေရန် ပြောကြားခဲ့သည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိဂျုဗိုင်းရ်အား လေးသည်တော်များကို ကွပ်ကဲရန် စေခိုင်းခဲ့သည်။ ကိုရိုက်များမှာမူ ဗဒ်ရ်စစ်ပွဲတွင် အတွေ့ကြုံရှိပြီးသူများဖြစ်သည့်အလျောက် စနစ်တကျ ပါဝင်ဆင်နွှဲခဲ့သည်။

အုဟုဒ်စစ်ပွဲ

စစ်ပွဲစတင်ဆင်နွှဲချိန်တွင် မုစ်လင်မ်များသည် ကနဦးကပင် အသာစီးရခဲ့သည်။ ရန်သူ၏တပ်မှာ လုံးဝကစဉ့်ကလျားဖြစ်သွားခဲ့သည်။ မုစ်လင်မ်များသည် စစ်ပွဲနိုင်ပြီထင်ကာ အနိုင်ရပစ္စည်းများကို ယူငင်ရန် လုပ်ဆောင်ကြသည်။ ထိုအချိန်တွင် ကျောဖက်၌ ခုခံကာကွယ်ရန်အတွက် ကိုယ်တော်မြတ်ﷺ သခင် ခန့်အပ်ထားသော လေးသည်တော်များသည် ရန်သူများထွက်ပြေးကုန်သည်ကို မြင်ရသည့်အတွက် သတ်မှတ်ထားသော နေရာမှ တောင်အောက်သို့ ဆင်းလာခဲ့ကြသည်။ လေးသည်တော်များ၏ကွပ်ကဲသူ စိုက်ယိဒိနာ အိဗ်နိဂျုဗိုင်းရ်က တာဝန်ကျရာနေရာမှ မရွေ့ရဟူသော တမန်တော်မြတ်ﷺ သခင်၏ လေးနက်ပြတ်သားသောအမိန့်ကို သိမှတ်စေ၍ တောင်အောက်မဆင်းရန် အစွမ်းကုန်တားဆီးခဲ့သည်။ သို့သော်လည်း တပ်သားအနည်းငယ်မှလွဲ၍ အခြားတပ်သားများက ကွပ်ကဲသူ၏ မေတ္တာရပ်ခံချက်အား ထိုအမိန့်သည် အချိန်နှင့်တွဲဖက်ထားခြင်းဖြစ်၍ ယခုအချိန်တွင်မူ ၎င်းတို့သည် အများနှင့်အတူ ရောကာသွားနိုင်သည်ဟုဆို၍ တောင်အောက်သို့ ဆင်းသွားကြသည်။ ခါလိဒ်အိဗ်နိဝလီးဒ်သည် မက္ကာဟ်မြို့မှ ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူများကို ကွပ်ကဲနေသူဖြစ်သည်။ ၎င်းသည် ထိုအချိန်က အစွလာမ်ဘာသာ သက်ဝင်ယုံကြည်ခြင်း မရှိသေးပါ။

ဤအခွင့်အရေးကို အချိန်မီအသုံးချသည့်အနေဖြင့် ခါလိဒ်အိဗ်နိဝလီးဒ်သည် တောင်ကိုပတ်ကာ တောင်ကြားလမ်းကိုဖြတ်၍ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အဗ်ဒုလ္လာဟ် အိဗ်နိဂျုဗိုင်းရ်နှင့် လက်ကျန်တပ်သား အနည်းငယ်သည် ရန်သူများကို ရပ်တန့်ရန် အစွမ်းကုန်ခုခံတိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ရန်သူတို့ သည် တောင်အောက်ရှိ မုစ်လင်မ်တပ်များကို ရုတ်တရက်တိုက်ခိုက်နိုင်စေခဲ့သည်။ ဤအခြေအနေကြောင့် ထွက် ပြေးဆုတ်ခွာနေသော ရန်သူများမှာ ပြန်လှည့်လာ၍ မုစ်လင်မ်များအား တပ်ကူဖြည့်တိုက်ခိုက်ခဲ့သည်။ စစ်ပွဲ၏ ကံကြမ္မာကား လုံးဝပြောင်းပြန်ဖြစ်သွားသည်။ မုစ်လင်မ်များသည် စစ်ပွဲ၏ မမျှော်လင့်သည့် အပြောင်းအလဲကို နားမလည်နိုင်ဖြစ်ကာ တပ်သားအများစုသည် စစ်မြေပြင်မှ ကစဉ့်ကလျား ဆုတ်ခွာခဲ့ရသည်။ သို့သော်လည်း ဆွဟာဗဟ် သာဝကကြီးအချို့ကား ကြံ့ကြံ့ခံ တိုက်ခိုက်ခဲ့သည်။ ထိုအချိန်တွင်ပင် တမန်တော်မြတ်ﷺ သခင် ကျဆုံးသွားပြီဟူသော ကောလာဟာလ ပျံ့နှံ့ခဲ့သည်။ ဤကောလာဟာလကြောင့် တမန်တော်မြတ်ﷺ

သခင်၏ ဆွဟာဗဟ်သာဝကကြီးများသည် ထိတ်လန့်သွားကာအချို့မှာ စိတ်ဓာတ်ကျကုန်သည်။ ထိုကဲ့သို့သော အခြိန်တွင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ကိုယ်တော်မြတ်အား အလွန်ပင် သစ္စာရှိသော ဆွဟာဗဟ်သာဝကြီး (၁၀)ပါး (သို့) တစ်ဆယ့်နှစ်ပါး၏အလယ်တွင် ရှိနေခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သည် ဒဏ်ရာရခဲ့သည်။ စစ်ရှုံးတော့ လုမည့်အချိန်တွင် စစ်မြေပြင်၌ ပျံ့နေသော ဆွဟာဗဟ် သာဝကကြီးများက ကိုယ်တော်မြတ်﴿ﷺ﴾ သခင် အသက်ရှိထင်ရှားရှိနေကြောင်း သိလာခဲ့သည်။ ဆွဟာဗဟ်များသည် ကိုယ်တော်မြတ်အပါးတွင် ပြန်လည်စုစည်း၍ ကိုယ်တော်မြတ်ကို တောင်ပေါ်သို့ ဘေးမသီရန်မခ ရွှေ့ပြောင်းပေးခဲ့ကြသည်။

ဤစစ်ရှုံးမှုကြောင့် မုစ်လင်မ်များ အလွန်အမင်းစိတ်မချမ်းသာမှုမှာ ယာယီမျှသာဖြစ်သည်။ ထိုစစ်ရှုံးမှုနောက်ကွယ်တွင် အကြောင်းများရှိသည်။ အကြောင်းတစ်ခုစီကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အလွန်တိကျသော စကားလုံးများဖြင့် ရှင်းလင်းချက်ပေးထားသည်။ ထို့နောက် အနာဂတ်တွင် ဂရုမူသတိရှိစေရန် မုစ်လင်မ်များအား နှိုးဆော်ထားသည်။

အုဟုဒ်အဖြစ်အပျက်များမှ ရရှိသောသင်ခန်းစာများ

(၁) အုဟုဒ်စစ်ပွဲ၏ အဖြစ်အပျက်များထဲတွင် မုစ်လင်မ်များအားလုံးအတွက် အဖိုးတန်သော အကြံကောင်းနှင့် အသိဉာဏ်ကြွယ်ဝသော လမ်းညွှန်မှု ပါဝင်သည်။ မယုံကြည်သွေဖည်သော ကုရိုက်ရှ်များသည် ၎င်းတို့၏ တိုက်ခိုက်ရေး၌ လှုံ့ဆော်ရန် စစ်ပွဲမှ ထွက်ပြေးလျှင် အရှက်ရစေရန်နှင့် ပြန်တိုက်စေရန်အတွက် အမျိုးသမီးများပါ ခေါ်လာခဲ့သည်ကို ပြန်လည်သတိရပါလိမ့်မည်။ အဗူစွဖ်ယမ်၏ဇနီး ဟင်ဒါဟ်သည် အမျိုးသမီးတစ်စုကို ဦးဆောင်၍ ၎င်းတို့လူများ စစ်တိုက်လိုစိတ် တက်ကြွစေရန် ကဗျာလင်္ကာများ ရွတ်ဆိုခဲ့ကြသည်ကို တမန်တော်မြတ် ﴿ﷺ﴾ သခင် မြင်တွေ့ခဲ့သည်။ ၎င်းတို့ ရွတ်ဆိုကြသည်မှာ -

ان تقبلوا نعانق ونفرش النمارق

او تد بروانفارق فراق وامن

ယင်းမှာ "အကယ်၍ ရှင်တို့ ကြံ့ကြံ့ခံတိုက်ခိုက်၍ အောင်နိုင်ခဲ့လျှင် ကျွန်မတို့က ဖက်လဲ့တကင်းပြု၍ ဖဲမွေ့ယာပြင်ပေးပါမည်။ အကယ်၍ ရှင်တို့ဆုတ်ခွာခဲ့လျှင် ကျွန်မတို့ အချစ်နှင့်လွဲရပေလိမ့်မည်။"

ဤသည်နှင့် ဆန့်ကျင်ကာ တမန်တော်မြတ် ﴿ﷺ﴾ သခင်က ဆုမွန်တောင်းခံနေသည်မှာ -

اللهم بك اصول و بك اقاتل حسبى الله ونعم الوكيل

"အိုအလ္လာဟ်အရှင်မြတ် - အရှင်မြတ်ထံမှသာ ကျွန်တော်မျိုးအင်အား တောင်းခံပါသည်။ ထို့ပြင် အရှင်မြတ်အတွက်နှင့် အရှင်မြတ်နာမတော်တသကာ ကျွန်တော်မျိုးတိုက်ခိုက်တော်မူပါမည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးတို့အတွက် လုံလောက်ပြီးပြည့်စုံတော်မူပြီး အရှင်မြတ်တစ်ပါးသာလျှင် ယုံကြည်အားကိုးထိုက်သော အရှင်ဖြစ်တော်မူပါသည်။"

ဤဒုအာ ဆုမွန်တွင်ပါဝင်သော စကားလုံးတိုင်းသည် အေးချမ်းသာယာသောအချိန်တွင် သာမက

စစ်မက်ဖြစ်ပွားနေသောအချိန်တွင်ပါ မုစ်လင်မ်များ အလ္လာဟ်အရှင်မြတ်နှင့် ဆက်သွယ်မှု မည်ကဲ့သို့ မြဲမြံခိုင်မာစေသင့်သည်ဟူသည်ကို ပြသထားသည်။ ဤလုပ်နည်းလုပ်ဟန်သည် မုစ်လင်မ်နှင့် မုစ်လင်မ်မဟုတ်သူများကြား ထင်ရှားသော စည်းခြားချက်ပင် ဖြစ်ပေသည်။

(၂) စစ်ပွဲတွင် အောင်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်ထံမှ ဖြစ်ပြီး၊ လက်နက်ပစ္စည်းအစုအပုံလိုက်ရှိခြင်းကြောင့် မဟုတ်ပါ။ ဤသင်ခန်းစာတွင် ရဲရင့်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ရည်စူးခြင်းများသည် သမိုင်းတွင် ယှဉ်နိုင်ရန် ခက်ခဲသော မဟုတ်ပါလော။ စိုက်ယိဒိနာ အဗူဒူဂျာနာဟ် ﷺ သခင်သည် ၎င်းအလွန်ချစ်ခင်လှသော နဗီတမန်တော်မြတ် ﷺ အတွက် ဝင်လာသမျှသောမျှားတံများကို ကျောတွင်အစိုက်ခံ၍ ခန္ဓာကိုယ်ကို ဒိုင်းအဖြစ် ကာကွယ်ခဲ့သည်။ စိုက်ယိဒိနာ တွလ်ဟာ ﷺ သခင်သည် ၎င်း၏ခန္ဓာကိုယ်ကို မျှားများဖောက်ဝင်သွားသော်လည်း ၎င်း၏ချစ်ခင်လှသော ကိုယ်တော်မြတ်သခင် အကာကွယ်မဲ့ဖြစ်မသွားစေရန် အပါးတော်မှ တစ်ဖဝါးမျှ မခွာခဲ့ချေ။ စိုက်ယိဒိနာ အနတ်စ်အိဗ်နိမာလစ်၏ဦးလေး စိုက်ယိဒိနာ အနတ်စ်အိဗ်နိအလ်နဒီးရ်ﷺ သခင်သည် ဗဒ်ရ်စစ်ပွဲ၌ မပါဝင်ခဲ့ရ၍ အလွန်ဝမ်းနည်းယူကျုံးမရ ဖြစ်ခဲ့ရသည်။ တမန်တော်မြတ် ﷺ သခင်နှင့် ဂျိဟားဒ်စစ်ပွဲတစ်ပွဲ ဆင်နွှဲရန်ကြုံကြိုက်လာလျှင် တမန်တော်မြတ်နှင့်အတူ ပါဝင်ခွင့်ရလျှင် ကောင်းလေစွဟု မျှော်လင့်စောင့်စားခဲ့သည်။

များမကြာမီ အုဟုဒ်စစ်ပွဲဖြစ်ပွားလာခဲ့သောအခါ အနတ်စ်အိဗ်နိနဒီးရ်သည် ပါဝင်ခဲ့သည်။ မုစ်လင်မ်များ ကစဉ့်ကလျားဖြစ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူ ကုရိုက်ရှ်များအလုံးအရင်း တက်လာသောအချိန်တွင် လက်တွင်ဓားဆွဲကိုင်၍ ထိုသူများကို ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ စစ်မြေပြင်မှ ကစဉ့်ကလျားထွက်ပြေးသောအုပ်စုတွင် စိုက်ယိဒိနာ စအားဒ် ﷺ သခင်ကို သူတွေ့ခဲ့သည်။ ၎င်းအားလှမ်းခေါ်၍ "အိုစအားဒ် မင်းဘယ်သွားမလို့လဲ" ဤအုဟုဒ်တောင်ကြားတွင် ဂျန္နသ်၏ ရနံ့များ ငါရနေပါသည်။ ဤသို့ပြောရင်း ၎င်းသည် ရန်သူများအား တဟုန်ထိုးတိုက်ခိုက်ခဲ့သည်။ ရွပ်ရွပ်ခွံခွံ တိုက်ခိုက်ပြီး အဆုံး၌ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အသက်စတေးပေးလျှသွားပါသည်။ **(အိဗ်နိကဆီးရ်)**

စိုက်ယိဒိနာ ဂျာဗိရ် ﷺ သခင်က မိန့်ကြားသည်မှာ မုစ်လင်မ်များ ကစဉ့်ကလျားဖြစ်နေချိန်တွင် စိုက်ယိဒိနာ တွလ်ဟာ ﷺ အပါအဝင် ဆွာဟာဗဟ်ကြီးဆယ့်တစ်ဦးသာ တမန်တော်မြတ် ﷺ နှင့်အတူ ရှိနေခဲ့သည်။ ကုရိုက်ရှ်တပ်သားတို့သည် ရှေ့သို့ တလိမ့်လိမ့်တက်လာခဲ့ကြသည်။ တမန်တော်မြတ် ﷺ သခင်က "အဲဒီတပ်သားများကို မည်သူရင်ဆိုင်မည်နည်း" ဟု မိန့်ကြားခဲ့သည်။ စိုက်ယိဒိနာ တွလ်ဟာ ﷺ က ရဂုတ်တရက်ချက်ချင်း အဖြေပေးသည်မှာ "အို-အလ္လာဟ်အရှင်မြတ်၏တမန်တော် ထိုကိစ္စကျွန်တော် တာဝန်ယူပါမည်။" အခြားအနှစ်ဆွာရီ သာဝကတစ်ပါးကလည်း "ကျွန်တော်မျိုးကိုလည်း ကြိုက်သလို သုံးတော်မူပါ"ဟု မိန့်ကြားခဲ့သည်။ တမန်တော်မြတ် ﷺ သခင်က အန်ဆွာရီဆွာဟာဗဟ်အား သွားတိုက်စေရာ တိုက်ခိုက်ရင်းနှင့် အာဇာနည်အဖြစ် ကျဆုံးသွားသည်။ ထို့နောက် ရန်သူတို့က နောက်တခါ ထပ်မံဖိစီးလာပြန်သည်။ တမန်တော်မြတ် ﷺ သခင်သည် ယခင်မေးခွန်းများကိုပင် ပြန်လည်မေးခဲ့သည်။ စိုက်ယိဒိနာ တွလ်ဟာ ﷺ သခင်ကလည်း ယခင်အတိုင်းပင် ထမ်းဆောင်မည့်အကြောင်း လျှောက်ထားခဲ့သည်။ ဆွာဟာဗဟ်ကြီးသည် ၎င်းသွားရောက်တိုက်ခိုက်နိုင်ရန် ကိုယ်တော်မြတ် ﷺ သခင်၏ တိုက်ခွင့်အမိန့်ကို စောင့်ဆိုင်းနေရခြင်းအား စိတ်မရှည်ဖြစ်

လာခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း တမန်တော်မြတ်ﷺသခင်သည် နောက်အန်ဆွာရီ ဆွဟာဗဟ်တစ်ပါးကို စေလွှတ်ခဲ့၍ စိုက်ယိဒနာ တွလ်ဟာ ﷺ သခင်၏ ဆန္ဒမပြည့်ဘဲ ဖြစ်နေခဲ့သည်။ ထိုကဲ့သို့ ၇ (ခုနစ်ကြိမ်) တိုင်တိုင်မေးမြန်းခဲ့ရာ အကြိမ်တိုင်းပင် အခြားဆွဟာဗဟ်များကို ခွင့်ပေးခဲ့ပြီး စစ်ပွဲတွင် ရှဟာဒသ်(အာဇာနည်) အဖြစ် ကျဆုံးခဲ့ကာ စိုက်ယိဒနာ တွလ်ဟာﷺသခင်ကိုမူ တစ်ကြိမ်မျှ တိုက်ခွင့်မပေးပါ။

(၃) မုစ်လင်မ်များ၏ တပ်အင်အားနည်းပင် နည်းသော်လည်း ဗဒ်ရ်စစ်ပွဲတွင် အောင်မြင်ခဲ့သည်။ ဗဒ်ရ်နှင့် နှိုင်းယှဉ်ပြောရလျှင် အုဟုဒ်စစ်ပွဲတွင် တပ်သားအင်အားများသော်လည်း ရှုံးနိမ့်ခဲ့ရသည်။ ဤနေရာတွင်လည်း မုစ်လင်မ်များသင်ခန်းစာတစ်ရပ် ယူရပေမည်။ မုစ်လင်မ်များသည် စစ်အောင်နိုင်ရန်အတွက် စစ်လက်နက်ပစ္စည်းပေါ်တွင်လည်းကောင်း၊ စစ်တိုက်ခိုက်ရန် အထောက်အကူပြုပစ္စည်းအင်အားပေါ်တွင်လည်းကောင်း စစ်သည်အရေအတွက်ပေါ်တွင်လည်းကောင်း မမှီခိုသင့်ကြောင်း ဖြစ်သည်။ အောင်နိုင်ခြင်းဆိုသည်ကား အလ္လာဟ်အရှင်မြတ်၏ အသနားတော်ဖြင့်သာရကြောင်း သေချာစွာ မှတ်ယူသင့်ပေသည်။ ထို့ကြောင့် မုစ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ဆက်သွယ်မှုတွင် အစဉ်ခိုင်မြဲစေရန် သတိချပ်ရမည်။

ယာမုက်စစ်ပွဲတွင်ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ရပ်ကို ပြန်လည်သတိရသင့်ပေသည်။ ရှေ့တန်းစစ်မျက်နှာစာတွင် ကွပ်ကဲအုပ်ချုပ်နေသောအရာရှိက မဒီနဟ်မြို့တွင်းရှိ ခလိဖဟ်စိုက်ယိဒနာ အုမရ်ﷺထံ စာရေးအကြောင်းကြားကာ လျော့နည်းသွားသော စစ်သည်များအတွက် တပ်အင်အားဖြည့်တင်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ အုမွရ်ﷺသခင်ကြီး ပြန်စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

"قد جاء نی کتابکم تستمد ونني وانی ادلکم علی من هو اعز نصرًا واحصن جندا الله عزوجل فاستنصروه فان محمدا صلی الله علیه وسلم قد نصر فی یوم بدرفی اقل من عدتکم فاذا جاء کم کتابی هذا فقاتلوهم ولا تراجعو نی" (مسند احمد، ابن کثیر)

"သင့်စာကို ကျွန်ုပ်လက်ခံရရှိပါသည်။ သင်က စစ်သည်အင်အား ဖြည့်တင်းရေးအတွက် မေတ္တာရပ်ခံချက်ကို စစ်တပ်အတွက် သြဇာအာဏာကြီးသော အကာအကွယ်ပေးမှုနှင့် အထောက်အပံ့ပြုမှုတွင် အလွန်စွမ်းဆောင်နိုင်သောအရှင် တစ်ပါးထံ ကျွန်ုပ်ညွှန်ပါအံ့။ ယင်းမှာ ထွတ်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ပင်တည်း။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ထံမှ အကူအညီတောင်းခံလော့။ အဘယ်ကြောင့်ဆိုသော် မုဟမ္မဒ်ﷺသခင်သည် ဗဒ်ရ် စစ်ပွဲတွင် တပ်သားအင်အားနည်းသော်လည်း အကူညီပေးခြင်း ခံခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်၏ ဤစာကိုရလျှင် စစ်တိုက်ခိုက်ပေတော့။ ကျွန်ုပ်ထံ ပြန်လှည့်မလာပါနှင့်။" **(အိဗ်နိကဆီးရ် - မတ်စ်နဒ် အဟ်မဒ်ကို ရည်ညွှန်းသည်)**

ဆင့်ပြန်သူက ပြောသည်မှာ သူတို့သည် စာရရှိလျှင်ရရှိခြင်း အလ္လာဟ်အရှင်မြတ်၏ နာမတော်ကိုတသကာ တပ်အင်အား အလွန်ပင်ကြီးလာသော မယုံကြည်သွေဖည်ငြင်းပယ်သူများကို တမဟုတ်ချင်းစတင်တိုက်ခိုက်ရာ အောင်ပွဲရရှိခဲ့သည်။ စိုက်ယိဒနာ အုမရ်က စစ်ရှုံးခြင်း၊ စစ်နိုင်ခြင်းတို့သည် အရေအတွက်ပေါ်တွင် မူမတည်

ကြောင်း သိရှိနားလည်ခဲ့သည်။ ယင်းကိစ္စသည် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ကူညီစောင့်ရှောက်မှုအပေါ်၌သာ မူတည်ပါသည်။ ဤအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်သည် ဟိုနိုင်န်စစ်ပွဲကို ရည်ညွှန်း၍ ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ -

يَوْمَ حُنَيْنٍ ۙ اِذْ اَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنْكُمْ شَيْـًٔا

"ထိုဟိုနိုင်န် (တောင်ကြားတွင်စစ်ဖြစ်သောအခါ) ၌ အသင်တို့၏ (စစ်သည်အရေအတွက်)များပြားမှုသည် အသင်တို့အား စိတ်ကြီးဝင် ဘဝင်မြင့် (မော်ကြွားထောင်လွှား) စေခဲ့လေသည်။ သို့ရာတွင် ထို(အရေအတွက်) များပြားမှုသည် အသင်တို့အဖို့ လုံးဝအသုံးမဝင်ခဲ့။" (၉း၂၅)

အာယသ်တော်များ၏ ရှင်းလင်းခြင်းဘက်သို့ လှည့်ကြပါစို့။

(၁) အာယသ် ၁၂၁ သည် အောက်ပါစကားလုံးများဖြင့် အစပြုထားသည်။

وَاِذْ غَدَوْتَ مِنْ اَهْلِكَ

(အို-နဗီတမန်တော်) အခါတစ်ပါး၌ အသင်သည် မိမိအိမ်သူအိမ်သားများထံမှ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် အလို့ငှာ အုဟုဒ်တောင်ခြေသို့) နံနက်စောစောထွက်ခဲ့၍ တပ်စွဲရန်နေရာများတွင် "မုအ်မင်န်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသော သူတို့အား နေရာချပေးလျက် ရှိခဲ့သည်။

ဤသည်မှာ အဖြစ်အပျက်များကိုသာတင်ပြရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးဆန်းသောအံ့သြဖွယ်ကောင်းသော နည်းဟန်များအနက် ဥပမာ တစ်ခုပင်ဖြစ်တော့သည်။ ယေဘုယျအနေဖြင့် မည်သည့်အဖြစ်အပျက်ကိုမျှ လုံးဝဥဿုံ အသေးစိတ်ဖော်မပြပါ။ အဖြစ်အပျက်များကိုဖြစ်စေ၊ ယင်းတို့၏ အသေးစိတ်အချက်အလက်များကိုဖြစ်စေ လမ်းညွှန်မှု သဘောသက်ရောက်စေသည့် အချက်အလက်များပါဝင်မှသာလျှင် အသေးစိတ်ဖော်ပြပါသည်။ ပမာဆိုသော် အသေးစိတ်အချက်အလက်တို့၏ ဒုတိယတန်းဖြစ်သော နေအိမ်မှ ထွက်ခွာသည့် နေ့၊ ရက် စသည်တို့ကို 'ဂဒေါင်သ' ဟူသည့် **غَدَوْتَ** စကားမှတစ်ဆင့် ဖော်ပြထားသည်။ ၎င်းပြင် ထိုထွက်ခွာသည့် နေ့ရက်သည် ဟိဂ္ဂရီသက္ကရာဇ် သုံးခုနှစ် ရှောင်ဝလ်လ ခုနစ်ရက်နေ့ဖြစ်ကြောင်း ဟဒီးဆ်ဆင့်ပြန်ချက်များက သက်သေပြ အတည်ပြုထားပါသည်။

ထို့နောက် ဤလူစုလူဝေးသည် မည်သည့်နေရာမှ စတင်ထွက်ခွာခဲ့ကြောင်း ဖော်ပြထားသည်။ **مِنْ اَهْلِكَ** စကားလုံးက ရည်ညွှန်းသည်မှာ ယင်းအချိန်၌ တမန်တော်မြတ်ﷺသည် သူ၏မိသားစုနှင့်အတူရှိနေပြီး စစ်ချီရန် အချိန်ကျရောက်သောအခါ မဒီနဟ်မြို့ကို စီနင်းဝင်ရောက်တိုက်ခိုက်မည်ကိုသိလျက်နှင့်ပင် မိသားစုကို ထားရစ်ကာ ထွက်ခွာခဲ့လေသည်။ ဤကဲ့သို့သော ဒုတိယတန်းစား အသေးစိတ်များတွင် လမ်းညွှန်မှုပါဝင်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရာတွင် အိုးအိမ်နှင့် မိသားစုတို့ကို ချစ်ခင်မှုက အဟန့်အတားမဖြစ်သင့်ကြောင်းပင်ဖြစ်သည်။ စစ်စတင်ချီတက်ချိန်မှ စစ်မြေပြင်သို့ရောက်ရှိချိန်အတွင်း အသေးစိတ်အဖြစ်အပျက်များကို ဖော်ပြမထားကြောင်း သတိမူမိပါလိမ့်မည်။ ယင်းတို့အစား စစ်မြေပြင်သို့ရောက်လျှင်ရောက်ချင်း

ပထမဦးစွာ လုပ်ဆောင်သည်များကို ဤကဲ့သို့ ဖော်ပြထားသည်။ **تُبَوِّئُ الْمُؤْمِنِيْنَ مَقَاعِدَ لِلْقِتَالِ** "တပ်စွဲရန် နေရာများတွင် 'မုအ်မင်နဲ်' ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသောသူတို့အား နေရာချပေးလျက်ရှိခဲ့သည်။"

အာယသ်တော်သည် အောက်ပါစကားလုံးများ **وَاللّٰهُ سَمِيْعٌ عَلِيْمٌ** "စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုအခါက အသင်တို့နှင့်တကွ အသင်တို့၏ ရန်သူများပြောဆိုသော စကားအရပ်ရပ်တို့ကို) အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။" ဟူသည်တို့နှင့် အဆုံးသတ်ထားပါသည်။ မုစ်လင်မ်များအား အလ္လာဟ် အရှင်မြတ် ၏ ဂုဏ်တော်များကို သတိရစေခြင်းမှာ ထိုအချိန်က စစ်တပ်နှစ်တပ်တို့၏ ပြောဆိုသမျှ အလုံးစုံတို့ကို အလ္လာဟ်အရှင်မြတ်သိတော်မူခြင်း၊ ၎င်းတို့နှစ်ဖက်စလုံးတွင် ဖြစ်ပျက်သမျှ မည်သည့်အရာကိုမျှ အလ္လာဟ်အရှင်မြတ်အား ဖုံးကွယ်ထား၍ မရခြင်းနှင့် စစ်ပွဲအဆုံးသတ်မည့်ပုံစံသည်လည်း အလ္လာဟ်အရှင်မြတ်အား ဖုံးကွယ်ထား၍ မရခြင်းဟူသည်တို့ကို ထောက်ပြရန်ဖြစ်သည်။

အာယသ်တော် (၁၂၂) သည် အောက်ပါစကားလုံးတို့ဖြင့် စတင်ထားသည်။

اِذْ هَمَّتْ طَّآئِفَتٰنِ مِنْكُمْ اَنْ تَفْشَلَا

"ထိုအချိန်တွင် အသင် (မုစ်လင်မ်) တို့အနက်မှ လူစုနှစ်စုကား အားလျော့ (၍လှည့်ပြန်ကြ)ရန် ကြံရွယ်ခဲ့ကြလေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ယင်း(လူစု) နှစ်စုလုံးကို စောင့်ရှောက်တော်မူသော အရှင်ဖြစ်၏" ဤ "လူစုနှစ်စု" ဆိုသည်ကား 'အောက်စ်' မျိုးနွယ်မှ "ဗနူဟာရိဆဟ်" လူစုနှင့် ခဇ်ရဂ်မျိုးနွယ်မှ "ဗနူစလိမဟ်" လူစုတို့ကို ရည်ညွှန်းပါသည်။

ဤလူစုနှစ်စုတို့သည် အရေခြုံ များအား မြင်တွေ့ရသောအခါ စစ်တိုက်ခိုက်ရန် သတ္ထိနည်းသွားကြ ပါသည်။ အဗ်ဒုလ္လာအိဗ်နိုအုဗိုင်းသည် သူ၏လူများနှင့် စစ်ပွဲမှခွဲထွက်သွားခဲ့ပါသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အသနားတော်ဖြင့် ပူပင်သောကရောက်သည့် အခြေအနေမှ လွတ်မြောက်စေရန် ကူညီခဲ့ပါသည်။ ဤတွင် မှန်ကန်သောအချက်မှာ ဤကဲ့သို့ အားလျော့ခြင်းသည် အတွေးအထင်ကြောင့်သာ ဖြစ်ပါသည်။ ယုံကြည်မှုတွင် အားနည်းခြင်းကြောင့် မဟုတ်သည်မှာ သေချာပါသည်။ မုစ်လင်မ်စစ်ပွဲဆိုင်ရာ ကျော်ကြားသော သမိုင်းပညာရှင်ကြီး အိဗ်နိဟိရှမ်းက ဤအချက် ထင်ရှားစေပါသည်။ ၎င်းပြင်ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့် **وَاللّٰهُ وَلِيُّهُمَا** "အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထိုလူစုနှစ်စုလုံးကိုပင် စောင့်ရှောက် လျက်ရှိတော်မူခဲ့၏" ဆိုသည်ကလည်း ၎င်းတို့၏ ပြီးပြည့်စုံသော ယုံကြည်မှုအတွက် သက်သေခံပင်ဖြစ်သည်။ ထို့ကြောင့် လူမျိုးစုနှစ်စုမှ အချို့သော သက်ကြီးရွယ်အိုတို့က ပြောလေ့ရှိသည်မှာ "အာယသ်တော်တွင် ကျွန်ုပ်တို့နှင့် ပတ်သက်၍ မကျေနပ်ချက် တစ်ခုပါသည်မှာ သံသယမရှိပါ။" သို့ရာတွင် တစ်ချိန်တည်း၌ **وَاللّٰهُ وَلِيُّهُمَا** "အလ္လာဟ် အရှင်မြတ်သည် ထိုလူစုနှစ်စုစလုံးကိုပင် စောင့်ရှောက်လျက် ရှိတော်မူခဲ့၏" ဟူသော စကားလုံးများထဲတွင် ကျွန်ုပ်တို့အတွက် ကောင်းသတင်းပါပါသည်။

(၃) အာယသ်တော်အဆုံး၌ မိန့်ကြားထားသည်မှာ "သို့ဖြစ်ပေရာ ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြကုန်သော "မုအ်မင်နဲ်' အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ယုံကြည်စိတ်ချ၍ အားကိုးအားထား

ပြုထိုက်ကြချေသည်” ဟူ၍ ဖြစ်သည်။ ဤနေရာတွင် မုစ်လင်မ်များသည် ၎င်းတို့၏ လူအင်အား လက်နက်အင်အား သာလွန်မှုအပေါ် အားမထားသင့်ကြောင်း ရှင်းလင်းစေပါသည်။ သူတို့သည် စစ်တိုက်ခိုက်ရန်လိုအပ်သည့် လက်နက်ပစ္စည်းများကို လျစ်လျူရှုထားရန်ဟု မဆိုချေ။ ရနိုင်သမျှ စုဆောင်း၍ လိုအပ်သလို အသုံးချသင့်ပါသည်။ သို့သော်လည်း အရေးပါဆုံး အချက်မှာကား ၎င်းတို့၏ အလုံးစုံသောယုံကြည်မှုကို အလွှာဟ်အရှင်မြတ်တစ်ပါးတည်း အပေါ်၌သာလျှင် ယုံပုံအပ်နှံထားရှိရန် ဖြစ်သည်။ ဗနူဟာရိဆဟ်နှင့် ဗနူစလိမာဟ်မျိုးနွယ်စုတို့အား လွှမ်းမိုးသွားသည့် အားနည်းမှုဟု စိတ်ထင်မှတ်ခြင်းသည် ဤစစ်လက်နက်ပစ္စည်းအင်အား ချို့တဲ့နည်းပါးမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် သဝပ်ကုလ် (သို့) အလွှာဟ်အရှင်မြတ်ပေါ် ယုံပုံအပ်နှင်းခြင်းသည် အမျိုးမျိုးသော စိုးရိမ်ကြောင့်ကျမှ အားလုံး၏ ကုထုံးပင်ဖြစ်သည်ဟု အကြံပြု ထားသည်။

သဝပ်ကလ်သည် လူသားတို့၏ သာလွန်သော အရည်အချင်းများထဲမှ တစ်ခုပင်ဖြစ်သည်။ ဤသည်က တစ်စုံတစ်ဦးသည် အထောက်အကူပြု ပစ္စည်းများကြိုးပမ်းစုဆောင်းခြင်းကို ဖြစ်တောက်သင့်သည်ဟု သဝပ်ကလ်က မဆိုလိုချေ။ ယင်းနှင့် ဆန့်ကျင်၍ တစ်စုံတစ်ဦးသည် လိုအပ်သည်များကို သူစွမ်းဆောင်နိုင်သလောက် အစွမ်းကုန် စုဆောင်းကာ ၎င်းတို့ကို အသုံးချပါ။ ထို့နောက်ထွက်ပေါ်လာသော ရလဒ်ကိုမူ အလွှာဟ်အရှင်မြတ်စီမံတော်မူပါလိမ့်မည်။ တစ်စုံတစ်ဦးသည် မိမိစုဆောင်းထားသော ပစ္စည်းများ ပိုင်ဆိုင်မှုအတွက် မထောင်လွှားသင့်ကြောင်း ဆိုသည်ကလည်း အရေးကြီးပါသည်။ စင်စစ် “ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်ကိုသာလျှင် ယုံပုံကိုးစားပါ သည်”ဟုသည်သာလျှင် တစ်ခုတည်းသော အလေးထားမှုဖြစ်သင့်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ကောင်း မြတ်သော စံနမူနာသည် ကျွန်ုပ်တို့ရှေ့ဝယ်ရှိပြီးဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဤဂျီဟားဒ်စစ်ပွဲ အတွက် မုစ်လင်မ်စစ်သည်အင်အားကို ကိုယ်တော်ကိုယ်တိုင် စုစည်းခဲ့သည်။ စစ်လက်နက်ပစ္စည်းနှင့် အခြား ပစ္စည်းပစ္စယများကို ကိုယ်တိုင်အစွမ်းကုန် စုဆောင်းခဲ့သည်။ အချိန်နေရာနှင့် လိုက်လျောညီထွေသော စစ်ဗျူဟာကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ စစ်မျက်နှာပြင်သို့ ရောက်သည်နှင့် ခံကတုတ်များ ပြုလုပ်စေကာ စစ်တိုက်ရန် အသင့်ဖြစ်နေသော ဆွဟာဗဟ်ကြီးများအား နေရာ ချထားခဲ့သည်။ ဤသည်တို့သည် စစ်ပွဲကို ကွပ်ကဲစီမံရန် လုပ်ငန်းနှင့်ဆိုင်သော ပစ္စည်းပစ္စယပိုင်း ဖြစ်ပါသည်။ ဤပစ္စည်းပစ္စယများကို တမန်တော်မြတ်﴿ﷺ﴾ သခင်၏ လက်တော်နှင့် အသုံးပြုခြင်းသည်ကား ပစ္စည်းပစ္စယ များသည် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ကြောင်း နောက်ဆုံးနဗီတမန်တော်ချုပ်ဖြစ်သော ကျွန်ုပ်တို့ ချစ်ခင်မြတ်နိုးရပါသော ကိုယ်တော်မြတ်﴿ﷺ﴾ သခင်က လုပ်ဆောင်ပြသခဲ့ပါသည်။ ထိုအရာများကို လျစ်လျူရှုခြင်း (သို့) ထိုအရာများမှ ဖယ်ခွာခြင်းသည်ကား သဝပ်ကုလ်ဟု မခေါ်နိုင်ချေ။ ဤနေရာ၌ မုစ်လင်မ် တစ်ဦး၏ သဘောထားသည် မုစ်လင်မ်မဟုတ်သူတစ်ဦးနှင့် အနည်းငယ်ခြားနားသည်။ မုစ်လင်မ်တစ်ဦးသည် ၎င်း၏စွမ်းဆောင်မှုနှင့် နည်းလမ်းများအရ လိုအပ်သည့်အထောက်အကူပြုပစ္စည်းများကို စုဆောင်းပါလိမ့်မည်။ ယုံကြည်အပ်နှံမှုနှင့် သဝပ်ကလ်တွင်မူ သူသည် အလွှာဟ်အရှင်မြတ်မှတစ်ပါး မည်သူအပေါ်တွင်မျှ ထားလိမ့်မည်မဟုတ်ချေ။ မုစ်လင်မ်မဟုတ်သူမှာမူ ၎င်းသည်ပစ္စည်းအပေါ်၌သာ မှီခိုအားထားနေရသည့်အတွက် ဤကဲ့သို့သော နာမ်ပိုင်းဆိုင်ရာ စွမ်းအားမဲ့နေပါသည်။ ဤခြားနားမှု၏ ပေါ်လွင်ထင်ရှားမှုမှာ အစွလာမ့်စစ်ပွဲ အားလုံးတို့တွင် သမရိုးကျ မြင်တွေ့နိုင်သော မြင်ကွင်းပင်ဖြစ်ပါသည်။

(၄) မုစ်လင်မ်များသည် ပြီးပြည့်စုံသည့် သဝပ်ကလ်ကို ပြသခဲ့ကြပြီး အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များကို အထောက်အပံ့နှင့် အောင်မြင်မှုများ ချီးမြှင့်ခဲ့သည်။ သီးခြားစစ်ပွဲတစ်ခုကို ကျွန်တော်တို့ ယခုအာရုံစိုက်ကြည့်ကြစို့။ ဤအာယသ်တော်ထဲတွင် အောက်ပါစကားလုံးများဖြင့် ဗဒ်ရ်စစ်ပွဲကို ရည်ညွှန်းထားသည်မှာ

وَلَقَدْ نَصَرَكُمُ اللّٰهُ بِبَدْرٍ وَّاَنْتُمْ اَذِلَّـةٌ

"အသင်တို့သည် ဗဒ်ရ်(စစ်ပွဲ)၌ အင်အားချိနဲ့နေခိုက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ဧကန်အမှန် ကူညီတော်မူခဲ့ချေပြီ" (၃း၁၂၃)

မှတ်စု

ဤစစ်ပွဲတွင် အစ္စလာမ့်တမန်တော် အသုံးပြုခဲ့သော သေနင်္ဂဗျူဟာက ပြသသည်မှာ တမန်တော်မြတ် ﷺ သခင်သည် ပြီးပြည့်စုံသော ခေါင်းဆောင်နှင့် သင်ကြားပြသသူတစ်ဦးဖြစ်ရုံမျှမက စစ်သေနင်္ဂဗျူဟာတီထွင်သူတစ်ဦးလည်း ဖြစ်ပေသည်။ ထိုအချိန်က ထိုကဲ့သို့သော ကိစ္စမျိုးပင် မကြားဘူးကြချေ။ စစ်တပ်နှစ်ခု၏ စစ်ပြင်ဆင်စီမံမှုကို ယှဉ်ကြည့်လျှင် နှစ်ဆယ်ရာစုသမိုင်း ပညာရှင် တွမ်အမ်ဒါး ရေးသားသော "The Life of Muhammed" စာအုပ်ထဲတွင် ရေးသားထားသည်မှာ တမန် တော်မြတ်၏ ရန်သူများမှာ ရဲစွမ်းသတ္တိကား ရှိကြသည်။ သို့သော်လည်း တမန်တော်မြတ်သည်သာလျှင် စစ်မက် ဆိုင်ရာစီမံ ပြင်ဆင်မှုတွင် နည်းလမ်းသစ်ဖော်ထုတ်ခဲ့ပါသည်။ မယုံကြည်သွေဖည်ငြင်းပယ်သူ မက္ကာဟ်သားတို့ သည် မစဉ်းစား မဆင်ခြင်း၊ စည်းလုတ်ဝါးလုတ် တိုက်ခိုက်ကြသော်လည်း တမန်တော်မြတ်ﷺ သခင်သည် ကြီးမားသော အမျှော်အမြင်၊ တင်းကြပ်သောစည်းကမ်းနှင့် ထိရောက်သောစုစည်းမှုတို့ကို ထပ်ဆောင်းအကျိုး ဖြစ်စေသည့်ကိစ္စများအဖြစ် အသုံးချခဲ့သည်။

ဗဒ်ရ်၊ တည်နေရာနှင့် အရေးပါအရာရောက်ပုံ

ဗဒ်ရ်သည် မဒီနဟ်မြို့တော်၏ အနောက်တောင်ဘက်မိုင် ရှစ်ဆယ်အကွာဝေးတွင် တည်ရှိသော မက္ကာဟ်နှင့် မဒီနဟ်ကြား ခရီးသွားလာမှုအတွက် နားခိုရာနေရာတစ်ခုဖြစ်ခဲ့သည်။ ယခုခေတ်အခါတွင် တာရီကလ်ဟိဂ်ရာဟ်ကို အသုံးပြုခြင်းကြောင့် ထိုနေရာမှ ရှောင်ကွင်းပြီး ဖြစ်သွားသည်။

ထိုခေတ်က ဗဒ်ရ်သည် အာရေးဗီးယား၏ သဲကန္တာရဇုံတွင် အလွန်အရေးပါ၍ ရေအလျှံပယ်ပေါများသောကြောင့် ကျော်ကြားခဲ့သည်။ ယုံကြည်သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သောသူများ ပထမဦးဆုံးအကြိမ် လက်နက်စွဲကိုင် တိုက်ခိုက်မှုသည် ဟိဂ်ရီ (၂) ခုနှစ်၊ ရမဿန်လမြတ် (၂၇) ရက် သောကြာနေ့တွင် ဤနေရာ၌ ဖြစ်ပွားခဲ့သည်။ (ဤနေ့သည် ခရစ်သက္ကရာဇ် ၆၂၄ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ဖြစ်သည်။) အပေါ်ရံအားဖြင့်ကြည့်လျှင် ဤစစ်ပွဲသည် ဒေသခံလူမျိုးစုများကြား စစ်ပွဲဟု ထင်မှတ်ရသည်။ သို့သော်လည်း အမှန်မှာ ကမ္ဘာသမိုင်းတွင် ဆန်းသစ်သောနည်းဗျူဟာ တစ်ရပ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ ထို့ကြောင့်

ကုရ်အာန်ကျမ်းတော်မြတ်က ဤနေ့ကို ယောင်မုလ်ဖုရ်ကန် (ထူးခြားသည့်နေ့) ဟုခေါ်ဆိုသည်။ ပါမောက္ခဖီးလစ်ဟစ်တီအဆိုရ ဤသည်မှာ အစ္စလာမ်တို့၏ ပထမဆုံးသော ပြတ်သားသည့် အောင်မြင်မှုပင် ဖြစ်သည်။

وَاَنۡتُمُ اَذِلَّـةٌ ဟူသော ဖော်ပြချက်အဓိပ္ပာယ်ဖြစ်သည့် "အသင်တို့သည် [ဗဒ်ရ်(စစ်ပွဲ) ၌] အားအင်ချည့်နဲ့နေခိုက်" ဟူသည်၏ ဆိုလိုရင်းမှာ "ထိုအချိန်တွင် အသင်တို့သည့် လူအင်အားနှင့် စစ်လက်နက်ပစ္စည်းအင်အားတွင် အရေအတွက်နည်းပါးသည်" ဟူ၍ ဖြစ်သည်။ ခိုင်လုံသောဆင့်ပြန်ချက်များအရ မုစ်လင်မ်စစ်သည် အရေအတွက်မှာ (၃၁၃) ဦးသာဖြစ်သည်။ ဤစစ်တပ်တွင် မြင်းနှစ်ကောင်နှင့် ကုအားအုတ် (၇၀) သာပါသည်။ ဤအစီးနင်းများပေါ်တွင် ၎င်းတို့အလှည့်ကျ စီးနင်းသွားခဲ့ကြသည်။

အာယသ်တော်သည် အောက်ပါအမိန့်တော်နှင့် အဆုံးသတ်ထားသည်။ **فَاتَّقُوا اللّٰهَ لَعَلَّكُمۡ تَشۡكُرُوۡنَ** " သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန် သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကျေးဇူးတော်များကို သိတတ်ကြရာသတည်း။" ဤသည်က တစ်စုံတစ်ဦးသည် ကုရ်အာန် ကျမ်းတော်မြတ်နေရာ အတော်များများတွင် ပါဝင်သော သတ်ကဝါ (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း) နှင့် ဆွဗရ် (သည်းခံခြင်း) တို့ကို ပြန်လည်သတိရ စေပါသည်။ သတ်ကဝါနှင့် ဆွဗရ်သည် အရေခြုံများ၏ လျှို့ဝှက်ကြံစည်မှုများနှင့် ရန်သူတို့၏ ရန်လိုမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ဆိုးကျိုးများအား လုံခြုံစေနိုင်သော ဒိုင်းအကာအကွယ်တစ်ရပ်ဖြစ်သည်ဟု ပြထား ခဲ့သည်။ ဤနေရာတွင် ဤစံပြအပြုအမူနှစ်ရပ်ထဲတွင် စုစည်းရုန်းကန်မှုတစ်ခုလုံးနှင့် ပြတ်သားသော အောင် မြင်မှုတို့၏ လျှို့ဝှက်ချက်ပါဝင်သည်။ ထိုအရာနှစ်ခုအားနည်းလျှင် ဆိုးကျိုးများ ဝင်လာပေသည်။ အခြားနေရာ များ၌ ဖော်ပြထားခဲ့သော်လည်း ဤနေရာတွင် ဆက်နွယ်မှု အနေဖြင့် ဆွဗရ်နှင့် သတ်ကဝါကို ဖော်ပြမထားပါ။ သတ်ကဝါသည် စုစည်းရုန်းကန်မှုနှင့် အောင်မြင်မှုတို့အတွက် လုံလောက်သော်လည်း စင်စစ်မှာမူ သတ်ကဝါသည် လူသား၏ ကျယ်ဝန်းသော ဂုဏ်ဒြပ်ဖြစ်သောကြောင့် ဆွဗရ်သည် ယင်းအထဲတွင် အကျုံးဝင်သွားလေသည်။

VVVVVVVVVV

အာယသ် (၁၂၄-၁၂၉)

إِذْ تَقُولُ لِلْمُؤْمِنِينَ
أَلَن يَكْفِيَكُمْ أَن يُمِدَّكُمْ رَبُّكُم بِثَلَاثَةِ آلَافٍ مِّنَ الْمَلَائِكَةِ
مُنزَلِينَ ﴿١٢٤﴾ بَلَىٰ إِن تَصْبِرُوا وَتَتَّقُوا وَيَأْتُوكُم مِّن فَوْرِهِمْ
هَٰذَا يُمْدِدْكُمْ رَبُّكُم بِخَمْسَةِ آلَافٍ مِّنَ الْمَلَائِكَةِ مُسَوِّمِينَ ﴿١٢٥﴾
وَمَا جَعَلَهُ اللَّهُ إِلَّا بُشْرَىٰ لَكُمْ وَلِتَطْمَئِنَّ قُلُوبُكُم بِهِ ۚ وَمَا
النَّصْرُ إِلَّا مِنْ عِندِ اللَّهِ الْعَزِيزِ الْحَكِيمِ ﴿١٢٦﴾ لِيَقْطَعَ طَرَفًا مِّنَ
الَّذِينَ كَفَرُوا أَوْ يَكْبِتَهُمْ فَيَنقَلِبُوا خَائِبِينَ ﴿١٢٧﴾ لَيْسَ لَكَ
مِنَ الْأَمْرِ شَيْءٌ أَوْ يَتُوبَ عَلَيْهِمْ أَوْ يُعَذِّبَهُمْ فَإِنَّهُمْ ظَالِمُونَ ﴿١٢٨﴾
وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ يَغْفِرُ لِمَن يَشَاءُ وَ
يُعَذِّبُ مَن يَشَاءُ ۗ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿١٢٩﴾

(အို-နဗီတမန်တော်) ထိုအခါသင်သည် (စစ်မြေပြင်၌) "မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား (ဤသို့) ပြောကြားလျက်ရှိခဲ့လေသည်။ (ဟယ် အချင်းတို့) အသင်တို့ကို မွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့အား (ထိုအရှင်မြတ်အထံတော်မှ) ဆင်းသက်စေတော်မူခြင်းခံကြရလေသော "မလာအိကဟ်" အပါးတော်စေတမန်သုံးထောင်ဖြင့် ကူညီစောင်မတော်မူခြင်းသည် အသင်တို့အဖို့ မလုံလောက်ပါသလော။ (၃း၁၂၄)

အဘယ်ကြောင့် မလုံလောက်ပါမည်နည်း။ (မုချလုံလောက်ပေမည်) အကယ်၍ အသင်တို့သည် ခန္တီတရားထားရှိကြပါလျှင်လည်းကောင်း၊ ထိုနည်းတူစွာ အသင်တို့သည် (မြစ်တားထားသောအချက်တို့မှ) ကြဉ်ရှောင်ကြပါလျှင်လည်းကောင်း၊ ထို့ပြင် ထို(ရန်)သူမျှားသည် အသင်တို့ထံ ရုတ်တရက်တမဟုတ်ခြင်း လာရောက် (တိုက်ခိုက်)ကြပါလျှင်လည်းကောင်း အသင်တို့ကို မွေးမြူတော် မူသောအရှင်မြတ်သည် အမှတ်သညာထားရှိကြကုန်သော "မလာအိကဟ်" အပါးတော်စေတမန်ငါးထောင်ဖြင့် အသင်တို့အား ကူညီစောင်မတော်မူလတ္တံ့။ (၃း၁၂၅)

အလ္လာဟ်အရှင်မြတ်သည် (တမန်တော်မြတ်၏) ထို(ပြောကြားချက်)ကို အသင်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း (ဖြစ်စေရန်)နှင့်ထို (ပြောကြားချက်ကို ကြားသိရခြင်း)အားဖြင့် အသင်တို့၏ စိတ်နှလုံးများ တည်ငြိမ်ရန် အတွက်သာလျှင် ပြုတော်မူခဲ့လေသည်။ အမှန်စင်စစ် ကူညီမှုဟူသည်ကား တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ အထံတော်မှသာလျှင် ဖြစ်ချေသည်။ (၃း၁၂၆)

(၎င်းပြင် ယင်းသို့ ကူညီစောင်မတော်မူခြင်းသည်) 'ကာဖိရ်' မယုံကြည်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အနက်မှ တစ်စုကို ဖျက်ဆီးရန်အတွက် ဖြစ်ချေသည်။ သို့တည်းမဟုတ် ယင်းသူတို့အား ဂုဏ်ရည်သေးသိမ်စေရန် အတွက်ဖြစ်သည်။ သို့ဖြစ်ပေရာ ယင်းသူတို့သည် အလိုဆန္ဒမပြည့်ဝကြဘဲ လျက် ပြန်လှည့် (ဆုတ်ခွာထွက်ပြေး) ကြရပေမည်။ (၃း၁၂၇)

(အိုး-နဗီတမန်တော်) ဤကိစ္စနှင့် စပ်လျဉ်း၍ အသင်၌ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိချေ။ ထိုအရှင်မြတ်သည် ထိုသူတို့ဘက်သို့ ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုသူတို့အား အပြစ်ဒဏ်ပေးတော်မူသည်ဖြစ်စေ၊ အဘယ်ကြောင့်ဟူမူ ထိုသူများသည် မုချဧကန် မတော်မတရား ကျူးလွန်သော သူများဖြစ်ကြပေသည်။ (၃း၁၂၈)

ထို့ပြင်တစ်ဝ အာကာသကောင်းကင်များ၌ ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာများသည်လည်းကောင်း၊ပထိဝီမြေ၌ ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာများသည်လည်းကောင်း အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများချည်းသာတည်း။ ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိတော်မူသော သူကို အပြစ်မှ ချမ်းသာပေးသနားတော်၏။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို အပြစ်ပေးတော်မူလေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အပြစ်များမှ အလွန်ချမ်းသာခွင့် ပေးသနားတော်မူထသောအရှင်၊ အစဉ်သနားကြင်နာညှာတာတော် မူထသောအရှင် ဖြစ်တော်မူပေသတည်း။ (၃း၁၂၉)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် အုဟုဒ်စစ်ပွဲနှင့် ဆက်နွယ်၍ ဗဒ်ရိစစ်ပွဲကိုလည်း ဖော်ပြခဲ့သည်။ ထို အာယသ်တော်များထဲတွင် မုစ်လင်မ်များအား အလ္လာဟ်အရှင်မြတ်က အကွယ်မှထောက်ပံ့ကူညီခြင်းပါဝင်သည်။

လက်ရှိအာယသ်တော်များထဲတွင် ယင်းကဲ့သို့သော ထောက်ပံ့မှုမျိုးကို အသေးစိတ်အချို့နှင့် ဖော်ပြထားသည်။ ကောင်းကင်စေတမန်များစေလွှတ်ခြင်း နောက်ကွယ်ရှိ ဟစ်ကမသ်အသိဉာဏ်ကိုလည်း ဖော်ပြထားခဲ့သည်။

ဤနေရာ၌ တစ်စုံတစ်ဦးသည် သဘာဝကျကျမေးနိုင်သော မေးခွန်းတစ်ခုရှိသည်။ လူနေမှုတစ်ရပ်လုံးကို ကောင်းကင်စေတမန်တစ်ပါးတည်းက အမြစ်လှန်ပြစ်နိုင်သော စွမ်းအားအပ်နှင်းထားပါးလျက်နှင့် အဘယ်ကြောင့် ကောင်းကင်စေတမန် တပ်တစ်တပ် စေလွှတ်ရန် လိုအပ်ရပါသနည်း။ အဘယ်ကြောင့်ဆိုသော် တမန်တော် လုဿ﴿عليه السلام﴾ သခင်၏လူများနေထိုင်ရာ နေရာကို ဂျိဗ်ရာအီလ်﴿عليه السلام﴾ စေတမန်တစ်ပါးတည်းက ဖျက်ဆီးမြေလှန်ပစ်သော ဥပမာရှိခဲ့သည် မဟုတ်ပါလော။ ထို့အပြင် ကောင်းကင်စေတမန်များ စစ်မြေပြင်၌ပါဝင်ဆင်နွှဲသည်ဆိုလျှင် ရလဒ်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ တစ်ဦးမျှမကျန်ဘဲ လုံးဝဥဿုံ ချေမှုန်းပြီးဖြစ်သင့်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်ကပင်လျှင် ထိုမေးခွန်း၏အဖြေကို **وَمَاجَعَلَهُ اللهُ اِلَّا بُشْرٰى** အာယသ်တော်ထဲတွင် ပေးထားခဲ့သည်။ ဆိုလိုသည်မှာ ကောင်းကင်စေတမန်များကို စေလွှတ်ခြင်း၏ နောက်ကွယ်ရည်ရွယ်ချက်မှာ စစ်မြေပြင် ၌ အောင်နိုင်မှုတစ်ရပ် ရယူနိုင်ရေး အကူအညီပေးရန်သာမဟုတ်ပါ။ ယုံကြည်သူများအား အောင်မြင်မှုသတင်း ကောင်းပေးကာ နှလုံးသားကြိုဆိုခြင်း၌ နှစ်သိမ့်မှုဖြစ်စေခြင်းဖြစ်သည်။ ဤသည်ကို **اِلَّا بُشْرٰى** "အလ္လာဟ် အရှင်မြတ်သည် (တမန်တော်မြတ်၏) ထို (ပြောကြားချက်) ကိုအသင်တို့အဖို့ ဝမ်းမြောက်ဘွယ်ရာ သတင်း"နှင့် **لِتَطْمَئِنَّ قُلُوْبُكُمْ** "ထို(ပြောကြားချက်ကို ကြားသိရခြင်း) အားဖြင့် အသင်တို့၏ စိတ်နှလုံးများ တည်ငြိမ်ရန် အတွက်သာလျှင် ပြုတော်မူခဲ့လေသည်" ဟူ၍ မူရင်းကျမ်းတော်တွင် အလွန်ရှင်းလင်းစွာ ဖော်ပြထားသည်။ ဤကိစ္စနှင့် ပတ်သက်၍ စူရဟ်အလ်အန်ဖာလ်(စာ၁၂) ၏ စကားလုံးများက ပိုမိုရှင်းလင်းစေပါသည်။ ယင်းမှာ **فَثَبِّتُوا الَّذِيْنَ اٰمَنُوْا** "သို့ဖြစ်ပေရာ အသင်တို့သည် မုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့အား (ကြိုခိုင်စွာ) တည်မြဲစေကြလေကုန်"ဟူ၍ ဖြစ်သည်။ ဤနေရာ၌ ဦးတည်ပြောကြားမှုမှာ ကောင်းကင်စေတမန်များကိုဖြစ်၍ ကောင်းကင်စေတမန်များသည် မုစ်လင်မ်များအား စိတ်ပူပင်သောကမဖြစ်စေဘဲ ၎င်းတို့၏ နှလုံးသားများ စွဲမြဲကြိုခိုင်ကာ တည်ရှိနေရေးကို စေခိုင်းခံရခြင်းဖြစ်သည်။

နှလုံးသားတည်ငြိမ်ခြင်းဖြစ်စေရန်အတွက် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။ ဤတွင်ဖြစ်နိုင်ချေရှိသော နည်းလမ်းများစွာ ရှိပါသည်။ ယင်းတို့အနက်တစ်နည်းမှာ ၎င်းတို့နာမ်ပိုင်းဆိုင်ရာ အင်အားဖြည့်တင်းခြင်း၊ ထူးခြားသော ရှိုက်ခ်များ ကျင့်ကြံသည့် အာရုံစူးစိုက်မှုမျိုးနှင့်လည်း သိပ်မတူသည်မဟုတ်။

ဤကိစ္စမျိုးပြုကျင့်ရန် သိပ်မခက်ခဲသော အခြားနည်းလမ်းများလည်း ရှိပေသည်။ ပမာဆိုသော် မလာအိကာဟ်ကောင်းကင်တမန်များသည် မုအ်မင်နှ် ယုံကြည်သက်ဝင်သူများအား ကိုယ်ထင်ပြ၍လည်းကောင်း၊ အသံနှင့် နိမိတ်လက္ခဏာပြ၍လည်းကောင်း၊ အခြားနည်းလမ်းအချို့နှင့်သော်လည်းကောင်း၊ ယင်းတို့က ကူညီရန် အဆင့်သင့်ရှိနေသည်ကို ယုံကြည်စိတ်ချနေစေသည်။ ယင်းကဲ့သို့သော နည်းလမ်းမျိုးစုံဖြင့် ဗဒ်ရ်စစ်ပွဲတွင် အသုံးပြုခဲ့ကြကြောင်း မျက်မြင်တွေ့ရှိခဲ့ရလေသည်။ စင်စစ် **فَاضْرِبُوْا فَوْقَ الْاَعْنَاقِ** "သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့၏ လည်ကုပ်များကို ခုတ်ဖြစ်ကြလေကုန်"ဟူသော အာယသ်တော်(စာ၁၂)၏ အဓိပ္ပာယ် ဖွင့်ဆိုရှင်းလင်း

မှုတွင် မလာအိကဟ် ကောင်းကင်တမန်များကို ဦးတည်မိန့်ကြားခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။ အချို့သော ဟဒီးဆ် တော်များအရ ကောင်းကင်စေတမန် တစ်ဦးတည်း မယုံကြည်သွေဖည်ငြင်းပယ်သူ တစ်ဦးကို တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်လျှင် ယင်းမယုံကြည်သွေဖည်ငြင်းပယ်သူ၏ ဦးခေါင်းသည် ခန္ဓာကိုယ်မှ ပြတ်ထွက်သွားသည်ဟု ဆိုသည်။ **(စဟ်လ်အိဗ်နိဟနိဖ်မှတဆင့် အလ်ဟကီးမ်နှင့် ဗိုင်ဟကီတို့တွင်ကြည့်)**

အချို့သော ဆွဟာဗဟ် သာဝကကြီးတို့သည် ဂျီဗရာအီလ် ﴿عليه السلام﴾ သခင်က ၎င်း၏စီးတော်မြင်း 'ဟိုင်းဇောင်မ်' (ẖOzyH) အား "တိုက်လော့"ဟု အမိန့်ပေးသံကို ကြားရသည်ဟု ဆင့်ပြန်ထားသည်။ အချို့သော ဆွဟာဗဟ်များကမူ မလာအိကဟ်ကောင်းကင် စေတမန်များအား မြင်ခဲ့ရသည်ဟုဆိုသည်။ **(မုစ်လင်မ်)**

ဤအာရုံခံစားချက် အတွေ့အကြုံများသည် အလ္လာဟ်အရှင်မြတ်၏ ကူညီမှုကွင်းဆက်တွင် တစိတ်တဒေသ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်စေတမန်များသည် မုစ်လင်မ်များက ထိုကောင်းကင်တမန်များသည် ၎င်းတို့ စစ်ပွဲတွင်ပါဝင်တိုက်ခိုက်နေသည်ဟု ထင်မှတ်စေရန်အတွက် အချို့အရာများကိုသာ လုပ်ဆောင်ခဲ့ သည်။ ထိုကောင်းကင်တမန်များမှတစ်ဆင့် အလ္လာဟ်အရှင်မြတ်၏ အကူအညီကျရောက်သည်ဆိုသည်ကိုလည်း မုစ်လင်မ်တို့စိတ်တွင် သေချာသွားစေရန်ဖြစ်သည်။ အစောပိုင်းတင်ပြသကဲ့သို့ ကောင်းကင်စေတမန်များ၏ ရည်မှန်းချက်မှာ မုအ်မင်သက်ဝင်ယုံကြည်သူများ စစ်ပွဲနိုင်ရေးအတွက် မဟုတ်ချေ။ ကောင်းကင်စေတမန်များ၏ လုပ်ငန်းအစစ်အမှန်ကား မုစ်လင်မ်များအား နှစ်သိမ့်စေရန်နှင့် မုစ်လင်မ်တို့နှလုံးသား ကြံ့ခိုင်စေရန်ဖြစ်သည်။ ဂျိဟားဒ်၏ မလုပ်မနေရတာဝန်ကို ယနေ့ကမ္ဘာလောကတွင် ယောကျ်ားများပေါ်၌ ပညတ်ခဲ့ပြီး ထိုကဲ့သို့လုပ်ဆောင်ခြင်းကြောင့် ၎င်းတို့သည် နောင်တမလွန်ဘဝတွင် စဝါးဗ်နှင့် အဆင့်အတန်းများ မည်သို့ရနိုင်ဟူသော အချက်တို့က အထက်ပါအယူအဆကိုသက်သေပြခြင်းဖြစ်သည်။ အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိမည်ဆိုလျှင် တိုင်းပြည်များကို မလာအိကဟ်ကောင်းကင်စေတမန်များနှင့် အောင်မြင်စေ၍ မယုံကြည်သွေဖည်ခြင်းဟူသော အမည်နှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများတို့သည် ဤကမ္ဘာလောကမှ ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။ အစိုးရများနှင့် အင်ပါယာများဆိုလျှင်ကား ပြောဖွယ်မရှိတော့ချေ။ သို့သော် ဤကမ္ဘာလောက၏ ဤစနစ်မျိုးကိုမူ အလ္လာဟ်အရှင်မြတ်သည် အလိုတော်မရှိခဲ့ပါ။ ဤ ကမ္ဘာလောကတွင် အီမန်ယုံကြည်ခြင်းနှင့် မယုံကြည်ငြင်းပယ်ခြင်း၊ နာခံခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းတို့သည် ယှဉ်တွဲလျှက် ရှိနေပါလိမ့်မည်။ ကြီးမားသော ခွဲခွဲခြားခြားဖြစ်မှုကား ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် ဖြစ်ပေါ်လာလိမ့်မည်။ ထိုနေ့၌အမှားနှင့် အမှန်ကား လုံးဝပေါ်လွင်ထင်ရှားလာလိမ့်မည်။

ကတိတော်များ၏ ကျိုးကြောင်းညီညွတ်မှု

ဗဒိရ်စစ်ပွဲတွင် ကောင်းကင်စေတမန်များ ကူညီလိမ့်မည်ဟူသော ကတိတော်များကို ကြည့်ကြစို့။ စူရဟ် အလ်အန်ဖာလ်၏ အာယသ်တော်ထဲတွင် ကောင်းကင်စေတမန်တစ်ထောင် စေလွှတ်မည်ဟု ကတိတော်ပါဝင်သည်။ စူရဟ်အာလိအင်မ်ရာမ်၏ ယခုလက်ရှိအာယသ်တော်ထဲတွင် ကတိတော်မှာ ကောင်းကင်စေတမန် (၃၀၀၀) မှအစပြု၍ ကောင်းကင်စေတမန် (၅၀၀၀) ထိ ရောက်ရှိသွားသည်။ ဤသည်၏နောက်ကွယ်ရှိ ဟစ်က်မသ် အသိဉာဏ်ကား မည်သည်နည်း။

အကြောင်းမှာ စူရဟ်အလ်အန်ဖာလ်တွင် မိန့်ကြားထားသကဲ့သို့ မုစ်လင်မ်တို့သည် ဗဒ်ရ်စစ်ပွဲတွင် ထောင်ချီရှိသော ရန်သူများကို မြင်တွေ့ရပြီး မိမိတို့၏ (၃၁၃) ဦးရှိသော စစ်တပ်နှင့် ယှဉ်ကြည့်သောအခါ အလွန်ကွာခြားနေသဖြင့် မုစ်လင်မ်များသည် အလွန်ဟ်အရှင်မြတ်ထံ အကူအညီတောင်းခံခဲ့ကြသည်။ ထိုစဉ်ကောင်းကင်စေတမန်တစ်ထောင်ကူညီမည်ဟု ကတိတော်ရောက်လာခဲ့သည်။ ဆိုလိုသည်မှာ ရန်သူအင်အားနှင့် တန်းတူဖြစ်စေရန်အတွက် ကောင်းကင်စေတမန်များ စေလွှတ်ခဲ့သည်။ အာယသ်တော်တွင် လာရှိသည်မှာ -

اِذْ تَسْتَغِيْثُوْنَ رَبَّكُمْ فَاسْتَجَابَ لَكُمْ اَنِّىْ مُمِدُّكُمْ بِاَلْفٍ مِّنَ الْمَلٰٓئِكَةِ مُرْدِفِيْنَ

"(အကြင်အခါဝယ် အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် ကူညီစောင်မတော်မူရန် လျှောက်ထားပန်ကြားလျှက် ရှိကြလေသည်။ ၎င်းနောက် ထိုအရှင်မြတ်သည် အသင်တို့၏ ပန်ကြားချက်ကို(လက်ခံတော်မူ၍) ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား တစ်ပါးပြီးတစ်ပါး (ဆက်တိုက်) လာကြမည်ဖြစ်သော "မလာအိကဟ်ကောင်းကင်တမန်တစ်ထောင်ဖြင့် ကူညီစောင်မတော်မူမည်" ဟု ပြန်ကြားတော်မူခဲ့လေသတည်း။ (၈း၉)

ဤအာယသ်တော်၏နောက်ပိုင်းတွင်ပင် ကောင်းကင်စေတမန်များ စေလွှတ်ခြင်း၏ နောက်ကွယ်ရှိတူညီသော ရည်ရွယ်ချက်ကို ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ " အလ္လာဟ်အရှင်မြတ်သည် (တမန်တော်မြတ်၏) ထို (ပြောကြားချက်) ကို အသင်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း (ဖြစ်စေရန်)နှင့် ထို (ပြောကြားချက်ကို ကြားသိရခြင်းဖြင့်) အားဖြင့် အသင်တို့၏ စိတ်နှလုံးများ တည်ငြိမ်ရန်အတွက်သာလျှင် ပြုတော်မူခဲ့လေသည်" ဟု ဖြစ်သည်။

ထို့နောက် စူရဟ်အာလိအင်မ်ရာမ်၏ ယခုလက်ရှိအာယသ်တာ် (၁၂၄) ကို ပြန်ဆွေးနွေးစို့။ ဤအာယသ်တော်ထဲတွင် ကောင်းကင်စေတမန် ၃၀၀၀ (သုံးထောင်) ကူညီမည်ဟုသော ကတိတော်မှာ ကုရ်ဇ်၊ အိဗ်နဂျာဗိရ်မုဟာရဗီသည် သူ၏လူမျိုးစု စစ်တပ်များဖြင့် မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများကို ကူညီရန် ဗဒ်ရ်စစ်မြေပြင်သို့ ချီတက်လာပြီဟူသော သတင်းကို မုစ်လင်မ်များ လက်ခံရရှိခဲ့သောကြောင့် ဖြစ်နိုင်သည်။ (ရူဟုလ်မအာနီကျမ်းပါအတိုင်း)။ ရင်ဆိုင်တိုက်ခိုက်မှုတွင် ရန်သူများ၏ အင်အားသည် မုစ်လင်မ်များထက် ၃ဆ ရှိသည်ဟူသော အခြေအနေမှန်ကို သိပြီးဖြစ်၍ ထပ်မံစစ်ကူလာသည်ဟု ကြားသိသောအခါ ထိုသတင်းကြောင့် မုစ်လင်မ်များ စိတ်အနှောက်အယှက်ဖြစ်သွားခဲ့သည်။ ထို့အတွက်ကောင်းကင်စေတမန် သုံးထောင်ဟူသော ကတိတော်ပြုလုပ်ခဲ့သည်။ သို့မှသာ အချိုးအစား ပြောင်းပြန်ဖြစ်ကာ မုစ်လင်မ်တပ်သား အရေအတွက်သည် ရန်သူထက် သုံးဆများသွားပါလိမ့်မည်။

ထို့နောက် ဤအာယသ်တော်ဆုံးကာနီးအထိ ကောင်းကင်စေတမန်အရေအတွက်သည် အခြေအနေများအပေါ်မူတည်၍ ၅၀၀၀ (ငါးထောင်) အထိ တိုးတက်သွားခဲ့သည်။ ယင်းအခြေအနေတို့မှာ -

(၁) မုစ်လင်မ်များသည် ကြီးကျယ်သောအရည်အချင်းများဖြစ်သည့် ဆွဗ်ရ်(သည်းခံခြင်း)နှင့် သတ်ကဝါ (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း) ဟူသည်တို့ကို မြဲမြံစွာ ဆုတ်ကိုင်ထားရလိမ့်မည်။

(၂) ရန်သူအားလုံး တပြိုင်နက်တည်း တိုက်ခိုက်လာလျှင်ဆိုသည့် အခြေအနေများဖြစ်သည်။

ဤအခြေအနေနှစ်ရပ်မှ ဒုတိယအခြေအနေမှာ အကောင်အထည်မပေါ်ခဲ့ပါ။ ထို့ကြောင့် ငါးထောင်ဟူ

သော ကတိတော်သည်လည်း အကျိုးမသက်ရောက်ချေ။ ကတိတော်၏ ဒုတိယအခြေအနေမှာ မဖြစ်ပေါ်လာခဲ့သော အချက်ရ သမိုင်းပညာရှင်နှင့် ဋီကာရှင်များကြား ထိုကတိတော် ဖြည့်ဆည်းမှုနှင့် ပတ်သက်၍ အကွဲအလွဲရှိကြသည်။ ကတိတော်ဖြည့်ဆည်းမှုကား ၃၀၀၀ လော ၅၀၀၀ လော။ ဤကွဲလွဲမှုများအားလုံး၏ အကြောင်းကို ရူဟုလ်မအာနီကျမ်းတွင် ဖော်ပြထားသည်။

لَيْسَ لَكَ مِنَ الْاَمْرِ شَيْئٌ "ဤကိစ္စနှင့် စပ်လျဉ်း၍ အသင်သည် တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိချေ" ဟူသော အာယသ်တော် ၁၂၈ မှ ဗဒ်ရ်စစ်ပွဲ၏ အကြောင်းအကျဉ်းချုပ်ကို ဖော်ပြပြီးနောက် မူရင်းစာသားမှာ အုဟုဒ်စစ်ပွဲ၏ အဓိကအဖြစ်အပျက်ဆီသို့ ပြန်လည်ရောက်ရှိသွားသည်။ ဤအာယသ်တော်သည် အုဟုဒ်စစ်ပွဲ၏ နောက်ခံ အကြောင်းနှင့် ပတ်သက်၍ ကျရောက်ခဲ့သည်။ ထိုစစ်ပွဲ၌ တမန်တော်မြတ်ﷺ သခင်၏ သွားတော်တစ်ချောင်း ရှဟီးဒ်ဖြစ်ခဲ့သည်။ အတိအကျပြောရလျှင် အောက်သွားခွေ၏ ညာဘက်ခြမ်းအံသွားရှေ့မှ သွားတော်တစ်ချောင်း ဖြစ်သည်။ ကိုယ်တော်မြတ်၏ မျက်နှာတော်တွင် ဒဏ်ရာရရှိခဲ့ပြီး "သူတို့ကား အလ္လာဟ်အရှင်မြတ်ထံပါးဖိတ်ခေါ်နေသော တမန်တော်အား ဤကဲ့သို့ ထိခိုက်ဒဏ်ရာရအောင်ပြုလုပ်သူများသည် မည်ကဲ့သို့ အောင်မြင်ကြအံ့နည်း" ထိုအချိန်၌ ဤအာယသ်တော် ကျရောက်ခဲ့ပါသည်။

ဆွဟီးဒ်အလ်ဗုခါရီပါ အခြားအဖြစ်အပျက်တစ်ခုတွင် တမန်တော်မြတ်ﷺ သခင်သည် မယုံကြည်သွေဖည် ငြင်းပယ်သူအချို့အပေါ် မကောင်းကျိုးများ ကျရောက်ရန် ကြိမ်ဆိုခဲ့သည်ဟု ဆင့်ပြန်ထားခဲ့သည်။ ထိုအချိန်၌ ဤအာယသ်တော်ကျရောက်ကာ တမန်တော်မြတ်ﷺ သခင်အား သည်းခံရန် အကြံပြုခဲ့သည်။ **(ဗယာနုလ်ကုရ်အာန်)**

VVVVVVVVVV

အာယသ် (၁၃၀–၁၃၁)

يَٰٓأَيُّهَا ٱلَّذِينَ
ءَامَنُواْ لَا تَأۡكُلُواْ ٱلرِّبَوٰٓاْ أَضۡعَٰفٗا مُّضَٰعَفَةٗۖ وَٱتَّقُواْ
ٱللَّهَ لَعَلَّكُمۡ تُفۡلِحُونَ ١٣٠ وَٱتَّقُواْ ٱلنَّارَ ٱلَّتِيٓ أُعِدَّتۡ
لِلۡكَٰفِرِينَ ١٣١

အို-"မုအ်မင်န်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်းတို့ အသင်တို့သည် ဆထက်တိုးပြီးဖြစ်သော ဆပေါင်းများစွာသော အတိုးအညွှန့်ကိုမစားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြကုန်အံ့။ (၃း၁၃၀)

ထိုမှတစ်ပါးတံု အသင်တို့သည် "ကာဖိရ်" မယုံကြည်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ အသင့်ပြင်ဆင်ထားရှိပြီးဖြစ်သော (ငရဲ) မီးဘေးမှ (လည်း) ကြဉ်ရှောင်ကြလေကုန်။ (၃း၁၃၁)

ဆပွားတိုးခြင်းနှင့် အဆပေါင်းများစွာ ဆိုသည်တို့၏ အဓိပ္ပာယ်

ရိဗာနှင့် ပတ်သက်သော အသေးစိတ်ဥပဒေများနှင့် ယင်းကိုတားမြစ်ခြင်းနှင့် အကျုံးဝင်သော ဒဿနိက အကြောင်းကို စူရဟ်အလ်ဘကရဟ်၏ အာယသ်တော် (၂၇၅-၂၇၈) (အတွဲ ၂ စာမျက်နှာ ၄၂၂) တွင် ရှိ အာယသ်တော်များ အကျယ်ဖွင့်ဆိုခြင်းတွင် ဆွေးနွေးပြီးခဲ့ပြီ။ သို့သော်လည်း ညွှန်ပြလိုသည်ကား ဤအာယသ်တော်ထဲတွင် သုံးစွဲထားသည့် စကားလုံးများဖြစ်သော **اَضۡعَافًا مُّضَٰعَفَةً** (ဆပွားတိုးခြင်းနှင့် အဆပေါင်းများစွာ တိုးခြင်း) က ရိဗာအတိုးကို တားမြစ်ခြင်းသည် ဆပွားတိုးခြင်းဖြင့်ဖြစ်စေ၊ အဆပေါင်းများစွာ တိုးခြင်းတို့ဖြင့်ဖြစ်စေ ရောင်းဝယ်ခြင်း အတွက်သာ ကန့်သတ်တားမြစ်ထားခြင်းဖြစ်သည်ဟု မဆိုလိုချေ။ စင်စစ်ဤစကားလုံးများသည် ကန့်သတ်ထားသည့် အဓိပ္ပာယ်တစ်ခုဖြင့် အသုံးမပြုခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် စူရဟ်အလ်ဘကရဟ်မှ ရိဗာအတိုးသည် ဆပွားတိုးခြင်းကိုဖြစ်စေ အဆပေါင်းများစွာတိုးခြင်းကိုဖြစ်စေ မမြင့်မားသောအတိုးကို အတိုးဟုသတ်မှတ်ထား၍ တားမြစ်ကြောင်း ထင်ရှားသည်။ ဤစကားလုံးများသုံးထားခြင်းသည် ထိုအချိန်က ရေပန်းစားခဲ့သည့် အဖြစ်မှန်အခြေအနေကို ရှင်းပြရန်တစ်ခုတည်းသာလျှင် ဖြစ်သည်။ ထို့နောက် အတိုး၏ ဆိုးဝါးသော သဘာဝနှင့် မတရားမမျှတမှုကိုသာ ရည်ညွှန်းသည်။ ထို့ပြင် ဤစကားလုံးများက (အတိုးကို ဆပွားအနေဖြင့် မဟုတ်ဘဲ ရိုးရိုး အတိုးကို) ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းလုပ်ဆောင်ရာတွင် အတိုးယူမိပြီဆိုပါက တစ်ကြိမ်တည်း ရပ်တန့်ခြင်းမရှိဘဲ နောင်ရောင်းဝယ်ဖောက်ကားမှုတွင်လည်း ဆက်လက်ယူနေရမည်ဖြစ်ကြောင်းကို ညွှန်ပြထားသည်။ သူသည် အတိုးမှရရှိသောဝင်ငွေများကို ငွေချေးငှားသည့်လုပ်ငန်းတွင် မြှုပ်နှံကာ ရရှိလာသော အတိုး များကို အလားတူလုပ်ငန်းတွင် ကြိမ်ဖန်များစွာ မြှုပ်နှံနေခြင်းအားဖြင့် ရလဒ်မှာ ပထမဦးဆုံးယူခဲ့သော မူလအတိုးသည် ဆပေါင်းခြင်းနှင့် အဆပေါင်းများစွာ တိုးပွာသွားပေလိမ့်မည်။

အာယသ် (၁၃၂-၁၃၃)

وَأَطِيعُوا اللَّهَ وَالرَّسُولَ لَعَلَّكُمْ تُرْحَمُونَ ﴿١٣٢﴾
وَسَارِعُوا إِلَىٰ مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمَاوَاتُ
وَالْأَرْضُ أُعِدَّتْ لِلْمُتَّقِينَ ﴿١٣٣﴾

ထို့ပြင်တစ်ဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ ရစူလ်တမန်တော်၏ ဩဝါဒများကိုလည်းကောင်း လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကြင်နာညှာတာတော်မူခြင်းကို ခံကြရလတ္တံ့။ (၃း၁၃၂)

ထို့ပြင်တစ်ဝ အသင်တို့သည် မိမိတို့၏ အရှင်မြတ် အထံတော်မှဖြစ်သော အပြစ်မှ ချမ်းသာပေးသနားတော်မူရာသို့လည်းကောင်း၊ "ဂျန္နသ်" အမတသုခဘုံသို့လည်းကောင်း၊ သူထက်ငါသာအောင် လျင်မြန်စွာ ပြေးလာ ကြကုန်လော။ ထို"ဂျန္နသ်" အမတသုခဘုံ၏ အကျယ်အဝန်းကား မိုးကောင်းကင်များနှင့် ပထဝီမြေပြင် (တမျှ) ဖြစ်၏။ ထိုဂျန္နသ် အမတသုခဘုံသည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော "မုသ်သကီ" သူတော်စင်များအဖို့ အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသတည်း။ (၃း၁၃၃)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော်ထဲတွင် မုစ်လင်မ်များအား အတိုးကိုအခြေခံသည့် လုပ်ငန်းများမှ ရှောင်ကြဉ်ကြရန် မိန့်ကြားထားသည်။ ထိုဂုနာဟ်အပြစ်သည် ၎င်းတို့အား သတ်ကဝါအရည်အချင်း (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း၊ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်ဝယ် ထမ်းဆောင်ရမည့်တာဝန်ဝတ္တရား) တို့မှ ကင်းမဲ့စေပါသည်။

လက်ရှိအာယသ်တော်ထဲတွင် တိကျသေချာသော သတ်ကဝါ၏ အကြောင်းများကို အလေးအနက်ဖော်ပြ၍ ပြီးခဲ့သောအကြောင်းအရာ ဆွေးနွေးချက်များကိုလည်း ဖြည့်စွက်ဖော်ပြထားသည်။ အမိန့်တော်ကို လိုက်နာကျင့်သုံးသူများအတွက် ဆုလာဘ်တော်၏ ကတိတော်လည်း ပါဝင်သည်။ လူဘဝတစ်လျှောက်လုံးအတွက် သတိရစေ သင့်သောအချက်မှာ ဒုတိယအချက်ဖြစ်သည်။ ယင်းအချက်သည် သူ၏လမ်းညွှန်မှုအဖြစ်လည်းကောင်း၊ အမြဲတစေ စဉ်းစားတွေးခေါ်နေမှုအဖြစ်လည်းကောင်း မှတ်ယူခဲ့လျှင် ၎င်းအတွက် အကျိုးရှိပါလိမ့်မည်။ ဤအာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်က ယင်းကိစ္စကို ထင်ရှားရှင်းလင်းစေသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်နာခံမှုကို နှုတ်လျှာဖြင့်သာ လုပ်ဆောင်ခဲ့လျှင် စစ်မှန်၍ အကျိုးသက်ရောက်လာလိမ့်မည်မဟုတ်။ အမိန့်နာခံသူသည် မည်သူများဖြစ်ကြသည် ထိုသူတို့၏ အကျင့်စာရိတ္တ

ထူးခြားချက်နှင့် ၎င်းတို့၏ ကျင့်ကြံမှုများ၊ ၎င်းတို့မည်သို့လုပ်ဆောင်ခဲ့ကြသည်မှသာလျှင် သိနိုင်ကြပါသည်။

အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်နာခံခြင်း

ပထမအာယသ်တော်သည် အတိုချုပ်အမိန့်တစ်ရပ်နှင့် အီမာန်ယုံကြည်မှု၏ အရေးပါဆုံးသော အမိန့်ကို အောက်ပါစကားလုံးများနှင့် တင်ပြထားသည်။

وَاَطِيْعُوا اللّٰهَ وَالرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ

"ထို့ပြင်တစ်ဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ ဩဝါဒများကိုလည်းကောင်း လိုက်နာကြလေကုန်။" ဤအာယသ်တော်ထဲ၌ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာ ညှာတာမှုနှင့် ထိုက်တန်စေရန် အလ္လာဟ်အရှင်မြတ် အမိန့်နာခံရန် လိုအပ်မှုနှင့် နှောင်ဖွဲ့၍ ကြေညာထားခဲ့သည်။ ဤသည်နှင့် တဆက်ဆည်း တမန်တော်မြတ်ﷺ သခင်၏ အမိန့်နာခံရန်လည်း အရှင်မြတ်အမိန့်နာခံသကဲ့သို့ အလားတူလိုအပ်မှုနှင့် နှောင်ဖွဲ့ထားသည်။ ဤကဲ့သို့သော အမိန့်သည် ဤအာယသ်တော်အတွက်သာ ကန့်သတ်ထားသည့်အရာမဟုတ်ချေ။ ယင်းကို ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးတွင် ထပ်ခါတလဲလဲ လေးနက်စွာ ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ် အမိန့်တော်နာခံရန် အမိန့်များနှင့်ဆက်လျက် တမန်တော်မြတ်ﷺ သခင်၏ အမိန့်တော်နာခံရန်ဟူသော အမိန့်တို့ကို ယှဉ်တွဲဖော်ပြသည့်ပုံစံအား ကုရ်အာန်ကျမ်းတော်မြတ်တွင် ကြိမ်ဖန်များစွာမပြတ်တွေ့ရသည်။ ဤစဉ်ဆက်မပြတ် တစ်သမတ်တည်းသော ကုရ်အာန်ကျမ်းတော်မြတ် အမိန့်တော်များသည် အစ္စလာမ်နှင့် အီမာန်ယုံကြည်မှု၏ အခြေခံမူဝါဒများဖြစ်ကြောင်း လူသားများအား သတိပေးရန်ဖြစ်သည်။

အီမာန်ယုံကြည်မှု၏ ပထမပိုင်းမှာ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းရှိကြောင်း အတည်ပြု၍ မြွက်ဟကြေညာရန်ဖြစ်သည်။ ထို့နောက် လူသားသည် အလ္လာဟ်အရှင်မြတ် အမိန့်နာခံရန်နှင့် ခဝတ်ကိုးကွယ်ရန်ဖြစ်သည်။ ဒုတိယပိုင်းမှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်အား အတည်ပြု၍ တမန်တော်၏ အမိန့်နာခံရန်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ မှတ်သားထိုက်သော အမိန့်တော်များမှာ တမန်တော်မြတ်ﷺ သခင်၏ မိန့်ကြားချက်များသည် ကိုယ်တော်မြတ် ကိုယ်ပိုင်၏ မိန့်ကြားချက်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ် ခွင့်ပြုချက်ဖြင့်သာ မိန့်ကြားခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ -

وَمَايَنْطِقُ عَنِ الْهَوٰى ۝ اِنْ هُوَ اِلَّا وَحْىٌ يُّوْحٰى ۝

"ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ်မုဟမ္မဒ်) သည် (မိမိ) စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်းမဟုတ်ပေ။ ယင်းပြောဆိုမူကား (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ထုတ်ပြန်ခြင်းခံရလေသော ထုတ်ပြန် ချက်သာလျှင်ဖြစ်သည်။" (၅၃း၃-၄)

ဤအာယသ်တော်အရ ကျွန်ုပ်တို့ ကောက်ချက်ချနိုင်သည်မှာ တမန်တော်မြတ်ﷺ သခင်၏ အမိန့်ကို နာခံခြင်းသည် အလ္လာဟ်အရှင်မြတ် အမိန့်နာခံသည်နှင့် အတူတူပင်ဖြစ်သည်ဟူ၍ ပင်တည်း။ ယင်းနာခံခြင်း

တွင် မည်သည်နှင့်မျှ ခွဲခြားမရချေ။ စူရတ်အလ်နိစာ (၄:၈၀) တွင် ကုရ်အာန်ကျမ်းတော်မြတ်၌ ယင်းကိစ္စကို ပိုမိုရှင်းလင်းစွာ မိန့်ကြားထားသည်မှာ -

مَنْ يُّطِعِ الرَّسُوْلَ فَقَدْ اَطَاعَ اللّٰهَ

"မည်သူမဆို ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာပါလျှင် ထိုသူသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသည်မည်၏။" (၄:၈၀)

ဤသဘောအရဆိုလျှင် မေးနိုင်သည်မှာ "အဘယ်ကြောင့် အမိန့်နာခံမှုနှစ်ရပ်ကို တစ်သီးတစ်ခြား မိန့်ထားသနည်း" "ဘာရည်ရွယ်ချက်ရှိသနည်း" အထူးသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် တစ်သမတ်တည်း သောသွင်ပြင်တစ်ရပ်အဖြစ် အမိန့်နာခံခြင်းနှစ်ရပ်ကို ယှဉ်တွဲ၍ အမိန့်ပေးထားခဲ့ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရသည်။

လျှို့ဝှက်ချက်ဖော်ထုတ်ရန် ကျွန်ုပ်တို့ပြောနိုင်သည်မှာ အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာရှိ လူများကို လမ်းညွှန်ရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်ﷺ စေလွှတ်ခဲ့သည်။ တမန်တော်မြတ်ﷺ သခင်ကို အောက်ဖော်ပြပါ တာဝန်များ အပ်နှင်းခဲ့သည်။

(၁) တမန်တော်မြတ်ﷺ သခင်ထံ ဝဟီကျစဉ်ကကဲ့သို့ပင် မှန်ကန်တိကျစွာဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကို လူအများထံ ပို့ဆောင်ပေးရန်။

(၂) လူအများအား အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာ မသန့်ရှင်းမှုများမှ စင်ကြယ်သန့်စင်စေရန်။

(၃) အုမ္မသ်ထုအား သင်ကြားပို့ချရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ပါ အကြောင်းအရာကိုသာမက ယင်းတို့၏ ရည်ရွယ်ချက်ကိုလည်း သင်ကြားပို့ချပေးရန်။

(၄) ကုရ်အာန်ကျမ်းတော်မြတ်နှင့်အတူ ယှဉ်၍ ဆင်ခြင်တုံအသိဉာဏ်ကိုလည်း လူအများအား သင်ကြားပို့ချရန်။

ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် ထပ်တူထပ်မျှ မြင်တွေ့ရပါသည်။

يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَيُزَكِّيْهِمْ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ

"ထိုရစူလ်တမန်တော်သည် ယင်းသူတို့ရှေ့မှောက်ဝယ် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကိုလည်း ဖတ်ကြားလေသည်။ ထိုသူတို့အား (ပြစ်မှုဒုစရိုက်အပေါင်းတို့မှ) သန့်စင်အောင်လည်း ပြုချေသည်။ ၎င်းပြင် ယင်းသူတို့အား (အလ္လာဟ်အရှင်မြတ်၏) ကျမ်းဂန်တော်ကိုလည်းကောင်း၊ ထူးသောဉာဏ်အမြော်အမြင်ကိုလည်းကောင်း သွန်သင်ပြသသင်ကြား ပို့ချလေသည်။" (၃:၁၆၄)

ဤသည်က ကျွန်ုပ်တို့အားပြောသည်မှာ တမန်တော်၏ မပြုမနေရ လုပ်ငန်းစဉ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လူအများထံ ပို့ဆောင်ပေးရန်သာဖြစ်သည်ဟု ကန့်သတ်ထားခဲ့သည် မဟုတ်ချေ။ တမန်တော်၏ လုပ်ငန်းစဉ်သည် မြောက်မြားစွာရှိသေးသည်ဆိုခြင်းကား ကုရ်အာန်ကျမ်းတော်မြတ်ကို လူအများအား သင်ကြားပို့ချပေးရန်နှင့် ကျမ်းတော်မြတ်ပါ အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာရှင်းလင်းပေးရန် တာဝန်ဖြစ်သည်။ ထင်ရှားသည်မှာ တမန်တော်မြတ်ﷺ သခင် ဦးတည်မိန့်ကြားခဲ့သောသူများမှာ အရဗီဘာသာစကား၏ အနုစိပ်

ကို ကျွမ်းကျင်၍ အာရေဗီးယား၏ အာဝဇ္ဇာန်းရွှင်သူများ ဖြစ်ကြသည်။ ထိုသူများအား ကုရ်အာန်ကျမ်းတော်မြတ် သင်ကြားပို့ချပေးခြင်းဆိုသည်မှာ ကျမ်းတော်မြတ်ပါ စကားလုံးများတို့၏ အဓိပ္ပာယ်ကို သင်ကြားပေးခြင်းမဟုတ်။ ထိုသူတို့သည် ယင်းတို့ကို ပြီးပြည့်စုံစွာ နားလည်တတ်သိသူများ ဖြစ်ကြသည်။ ဤကဲ့သို့ သင်ကြားခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ ရှင်းလင်းခြင်း၏ ရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိန့်ပညတ်ချက်တစ်ရပ်သည် အတိုချုပ်မိန့်ကြားချက်တို့ကိုလည်းကောင်း၊ အကျဉ်းချုပ်မိန့်ကြားထားချက်တို့ကို လည်းကောင်း၊ အကျယ်ချဲ့၍ ရှင်းလင်းပြသရန်မှအပ အခြားမဖြစ်နိုင်ချေ။ ယင်းသို့ ရှင်းလင်းတင်ပြရာတွင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်စိတ်တစ်ပိုင်း ပုံစံမဟုတ်သော ဝဟီတစ်ရပ် အကူအညီဖြင့် လူအများကို ရှင်းလင်းခဲ့သည်။ ယင်းကို "ဝဟီဂိုင်ရ်ရွတ်လ်မသ်လူလ်" (ရွတ်ဖတ်ရန်မဟုတ်သောဝဟီ) ဟုခေါ်သည်။ တစ်ဖက်တွင် ဤဝဟီကို တမန်တော်မြတ်﴿ﷺ﴾ သခင်၏ နှလုံးသားတွင် စွဲငြိပေါက်ဖွားစေသည်။ အစောပိုင်းတင်ပြခဲ့သည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ဖြစ်သော **اِنْ هُوَ اِلَّا وَحْیٌ یُّوْحٰی "ယင်းပြောဆိုမူကား (အလ္လာဟ် အရှင်မြတ်ထံတော်မှ) ထုတ်ပြန်ခြင်းခံရလေသော ထုတ်ပြန်ချက်သာလျှင် ဖြစ်သည်"** (၅၃း၄) က ဤဆိုလိုရင်းကိုပင် ထောက်ပြနေသည်။

ဤကိစ္စရပ်ကို အခြားသော အဖြစ်အပျက်အချို့မှတစ်ဆင့် ကျွန်ုပ်တို့နားလည်ကြည့်ကြစို့။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မူရင်းစာသားသည် **اَقِیْمُوا الصَّلٰوةَ وَاٰتُوا الزَّكَاةَ**(၄း၇၇) "အသင်တို့သည် ဆွေလာသံဝတ်ပြုကြကုန်။ တရားဝင်ဒါနကြေးဖြစ် သော ဇကားသ်ကိုလည်း ပေးဆောင်ကြကုန်" ဟူသည်ထက် ထပ်၍ရှင်းထားသော အလားတူ မိန့်ကြားချက် တော်တော်များများရှိသည်။ ဆွေလာသံဝတ်ပြုဆောက်တည်မှု၏ နည်းလမ်းအစိတ်အပိုင်းများဖြစ်သော "ကိယမ်" "ရုကူအ်" "စဂ်ဒဟ်" စသည်တို့ကိုပင်လျှင် လုံးဝဖော်ပြမထားပါ။ ဆွေလာသ်၏ အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်း ဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် နည်းနာနိသျှတို့သည်လည်း ကုရ်အာန်ကျမ်းတော် မြတ်တွင် မပါဝင်ချေ။ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းကင်စေတမန် ဂျိဗရာအီလ်﴿عليه السلام﴾ သည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ရှေ့ဝယ်ကိုယ်တိုင် လုပ်ဆောင်ပြ၍ ဆွေလာသ်၏ အသေးစိတ်များ သင်ကြားပြသခဲ့သည်။ ဤနည်းအတိုင်းပင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် အုမ္မသ်ထုအား မိန့်ကြားချက်နှင့် လုပ်ဆောင်ချက်များ ပို့ချခဲ့သည်။

ဇကာသ်တရားဝင်ဒါနကြေးပေးဆောင်မှုနှင့် ပတ်သက်၍ အသေးစိတ်များစွာရှိသည်။ သတ်မှတ်ချက်အတိုင်းအတာများ ဘာတွေလဲ။ "သတ်မှတ်ချက်အတိုင်းအတာတစ်ခုစီအတွက် မည်မျှပေးရမည်နည်း။ တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုများမှ မည်သည့် အစိတ်အပိုင်းသည် ဇကားသ်ထိုက်သနည်း။ မည်သည့်အစိတ်အပိုင်းက ဇကားသ်မထိုက်သနည်း။ သတ်မှတ်ချက်အတိုင်းအတာမှ မည်ရွေ့မည်မျှ ဇကားသ်မထိုက်သနည်း။ သတ်မှတ်ချက်အတိုင်းအတာမှ မည်ရွေ့မည်မျှ ဇကားသ်ကင်းလွတ်ခွင့်ရှိသနည်း။ ဤကဲ့သို့သော အသေးစိတ်များကို အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်﴿ﷺ﴾ က ရှင်းလင်းပေးခဲ့သည်။ ဤသည်များကို တမန်တော်မြတ်﴿ﷺ﴾ သခင်က ကျင့်ထုံးအမိန့်များအဖြစ် ရေးမှတ်စေကာ ဆွေဟာဗတ်သာဝကကြီးများထံ ပို့ခဲ့သည်။

နောက်ထပ် ဥပမာတစ်ခုကြည့်ကြစို့။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ-

لَا تَأْكُلُوٓا أَمْوَالَكُم بَيْنَكُم بِالْبَاطِلِ

"အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦး၏ပစ္စည်းကို တစ်ဦးက မတရားသောနည်းဖြင့် မစားသုံးကြကုန်လင့်" (၄:၁၈၈) ဖြစ်သည်။

ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ သီးစားချခြင်း၊ လုပ်ခပေးခြင်း စသည့်မြောက်မြားစွာသော အရောင်းအဝယ် အပေးအယူကိစ္စရပ်များစွာရှိသည်။ မည်သည့်ပုံစံသည် မတရားသောနည်း၊ မညီမျှသောနည်း (သို့) လူထုကို အန္တရာယ်ပြုသည် (သို့) 'ဘာတွိလ်' မှားယွင်းသည့် နည်းဖြစ်သနည်း။ ဤသည်တို့အတွက် အသေးစိတ် အလုံးစုံကို တမန်တော်မြတ်﴿ﷺ﴾ သခင်သည် အလွှာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့် အုမ္မသ်ထုအား သင်ကြားပြခဲ့သည်။ အလားတူပင် အစ္စလာမ့်ဥပဒေ၏ တရားဝင်ဥပဒေများ အားလုံးကိုလည်း ဤနည်းဖြင့် ပေးအပ်ခဲ့သည်။

ဤအသေးစိတ်အကြောင်းအရာများကို တမန်တော်မြတ်﴿ﷺ﴾ သခင်သည် တမန်တော်လုပ်ငန်းစဉ်၏ ဖြည့်ဆည်းမှုအရဖြင့်လည်းကောင်း၊ ဝဟီပို့ချမှု လမ်းညွှန်ချက်အရလည်းကောင်း ပို့ချရာတွင် ဤအသေးစိတ်များသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မပါဝင်ဘဲ အုမ္မသ်ထုထံ ပို့ဆောင်ခဲ့သောကြောင့် ယင်းတို့သည် အလွှာဟ် အရှင်မြတ်ထံမှ ပေးကမ်းသော ဥပဒေအသေးစိတ်များမဟုတ်ဟု အစိမ်းသက်သက်သောသူများက ထင်ကြလိမ့်မည်။ ထို့ကြောင့် ထိုဥပဒေများသည် အလွှာဟ်အရှင်မြတ် အမိန့်ကဲ့သို့ လိုက်နာရန် မလိုအပ်ဟု ယုံကြည်လောက်အောင် လှည့်ဖြားခြင်းကို ယင်းမကျွမ်းကျင် အစိမ်းသက်သက်လူသားက ခံရပါလိမ့်မည်။ ဤအကြောင်းကြောင့် အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်﴿ﷺ﴾ ၏ အမိန့်နာခံခြင်းသည် အလွှာဟ်အရှင်မြတ် အမိန့်နာခံခြင်းဖြစ်သည်ဟု နှောင်ဖွဲ့ထားခြင်းကို ကုရ်အာန်ကျမ်းတော်မြတ် နေရာအတော်များများတွင် အဖန်တလဲလဲ မိန့်ကြားထားသည်။ သို့ဆိုလျှင် တမန်တော်မြတ်﴿ﷺ﴾ သခင် အမိန့်နာခံခြင်းသည် စင်စစ် အလွှာဟ် အရှင်မြတ်အမိန့်နာခံခြင်းသာ ဖြစ်သည်။ သို့ရာတွင် အမိန့်နာခံမှု၏ ပြင်ပဆိုင်ရာ သွင်ပြင်နှင့် အသေးစိတ် ရှင်းလင်းချက်များအရဆိုလျှင် ယင်းတို့သည် တစ်ခုနှင့်တစ်ခု ကွာခြားပါသည်။

ထိုကွာခြားချက်ကြောင့် အကြိမ်ကြိမ် အဖန်ဖန် အလေးအနက်မိန့်ကြားထားသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အမိန့်တော်များကို အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကဲ့သို့ နာခံသင့်ပေသည်။ ထိုကဲ့သို့ နာခံခြင်းသည် မလုပ်မနေရဖြစ်ပေသည်။ ဤအမိန့်များသည် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ရှင်းလင်းပွင့်လင်းစွာ ဖော်ပြလျှင်လည်းဖော်ပြမည်။ သို့တည်းမဟုတ် မဖော်ပြလျှင်လည်း မဖော်ပြချေ။ ထိုအမိန့်တော်များသည် အုမ္မသ်ထုအပေါ်၌ တပြေးညီစွာ ဖွဲ့နှောင်ထားပေသည်။

ဤကိစ္စသည် အလွန်အရေးပါအရာရောက်ပြီး သံသယရှိသူအချို့အတွက်သာ ကန့်သတ်ဘောင်ခတ်ထားသည်မဟုတ်ပါ။ စင်စစ် အစ္စလာမ်ရန်သူများသည် အစ္စလာမ့်အခြေခံမူကို ဖရိုဖရဲ ကမောက်ကမလုပ်နိုင်ရန်အတွက် ဆင်ခြေတစ်ခု ရရှိသွားစေရန် အခွင့်အရေးရစေနိုင်သည်။ ယင်းမှ မုစ်လင်မ်များ လမ်းမှန်မှ သွေဖည်သွားစေရေး ၎င်းတို့ကြိုးပမ်းအားထုတ်နိုင်ပါသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင် အမိန့်နာခံခြင်းကို စာပေအရ အလေးအနက်ပြုထားခြင်းအား ထပ်ဆောင်း၍ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းအကြောင်းနှင့်

ပတ်သက်၍ နည်းလမ်းမျိုးစုံဖြင့် ရှင်းလင်းမိန့်ကြားထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် တမန်တော်မြတ် ﷺ ၏ အမွန်မြတ်ဆုံးသော အုပ္မသ်ထုအား သတင်းပေးထားသည်မှာ တမန်တော်မြတ်၏ တာဝန်ဝတ္တရား များတွင် ကျမ်းတော်မြတ်ကို သင်ကြားပို့ချရုံမျှမက ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် မပါသော အသိဉာဏ်ဆိုင်ရာ သင်ကြားမှုများကိုပါ ထပ်ဆောင်း၍ သင်ကြားထားသည်ဟု မိန့်ကြားထားသည်။ ယင်းအချက်က ကုရ်အာန် ကျမ်းတော်မြတ်၏ စကားလုံးများထဲတွင် မပါဝင်သော အကြောင်းအရာများသည် တမန်တော်မြတ်၏ သင်ကြား မှုတွင် ပါဝင်သည်ဟု ညွှန်ပြနေပါသည်။ ထိုကုရ်အာန်ကျမ်းတော်မြတ်ထဲ မပါသောအပိုင်းသည် အသိဉာဏ်နှင့် ဆိုင်သည်ဟု ဖော်ပြထားသော ကြောင့် မုစ်လင်မ်များအဖို့ ယင်းတို့အပေါ်ဝယ် လိုက်နာကျင့်သုံးရန် မလုပ်မနေရ တာဝန်ရှိလေသည်။

အစောပိုင်းတင်ပြထားသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်သည် တူညီသော အကြောင်းအရာကို နည်း လမ်းမျိုးစုံနှင့် တင်ပြထားသည်။ ပမာအားဖြင့် **لِتُبَيِّنَ لِلنَّاسِ مَانُزِّلَ اِلَيۡهِمۡ** (၁၆း၄၄) တွင် မိန့်ကြားထားချက်၏ ဆိုလိုရင်းမှာ တမန်တော်စေလွှတ်ခြင်း၏ နောက်ကွယ်ရည်ရွယ်ချက်မှာကား ထိုတမန်တော်ထံ ဝဟီအဖြစ် ကျရောက်လာသည့် အာယသ်တော်များ၏ အဓိပ္ပာယ်များနှင့် ရည်ရွယ်ချက်များကို လူအများအား ရှင်းလင်းပြသရန်ဖြစ်သည်။ တစ်ဖန် မကြာခဏ မိန့်ကြားထားသည့် အာယသ်တော်လည်း ရှိပါသေးသည်။

ယင်းမှာ - **مَآ اٰتٰىكُمُ الرَّسُوۡلُ فَخُذُوۡهُ وَمَا نَهٰىكُمۡ عَنۡهُ فَانۡتَهُوۡا**

‘ထို့ပြင် အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။” (၅၉း၇)

ထိုကဲ့သို့သော အကြောင်းအရာနည်းမျိုးစုံ ထည့်သွင်းထားရခြင်းမှာ တစ်စုံတစ်ဦးသည် “ကုရ်အာန်ကျမ်း တော်မြတ်ထဲတွင် ပါဝင်သည်များသာ ကျွန်ုပ်တို့ လိုက်နာရန်တာဝန်ရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ကျွန်ုပ်တို့မတွေ့သည်များကို လိုက်နာရန်တာဝန်မရှိ”ဟု ပြောဆိုလာနိုင်သောကြောင့်ဖြစ်သည်။ တမန်တော်မြတ် ﷺ သခင်သည် နောင်တစ်ချိန်ဖြစ်ပေါ်လာမည့် ပြဿနာများကို ကြိုတင်မြင်ခဲ့သည်။ ထိုအချိန်၌ လူအချို့ သည် တမန်တော်မြတ်ﷺ သခင် သင်ကြားချက်နှင့် ရှင်းလင်းချက်များကို စွန့်ပစ်ဖယ်ရှားနိုင်ရန် “ကုရ်အာန် ကျမ်းတော်မြတ်သည် ကျွန်ုပ်တို့အတွက် လုံလောက်ပါသည်” ဟု ပြောလာကြလိမ့်မည်။ တမန်တော်မြတ်ﷺ သခင်သည် ဤဖြစ်နိုင်စွမ်းကို ဟဒီးဆ်တော်တစ်ရပ်တွင် အလွန်ရှင်းလင်းစွာ မိန့်ကြားထားသည်။ အလ်သိရ်မိဇီ၊ အဗူဒါဝုဒ်၊ အိဗနိမာဂျာဟ်၊ အလ်ဗိုင်ဟကီနှင့် အီမာမ်အဟ်မဒ်ကျမ်းများတွင် ယင်းဟဒီးဆ်တော်ကို အောက်ပါ စကားလုံးများနှင့် ဆင့်ပြန်ထားခဲ့သည်။

لا الفين احدكم متكئا على اريكته ياتيه الامرمن امرى مما امرت به
او نهيت عنه فيقول لا ادرى ما وجدنا فى كتاب الله اتبعناه

“သင်တို့ထဲမှ တစ်စုံတစ်ဦးသည် ခုံတန်းရှည်ပေါ် လဲလျောင်းမှိအုံးကာ ကျွန်ုပ်တို့ဒါတွေကို မသိပါ။ ကျွန်တော်တို့ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ပါတဲ့အတိုင်းသာ လိုက်နာကြမည်”ဟု ကျွန်ုပ်

တမန်တော်မြတ်﴿ﷺ﴾ မိန့်မှာချက်အချို့နှင့် တားမြစ်သည့် အမိန့်အချို့ပေါ်တွင် မှတ်ချက်ပြုမည်စိုးသောကြောင့်ဟူ၍ မိန့်ကြားထားသည်။

နိဂုံး

အချုပ်မှာ အလ္လာဟ်အရှင်မြတ် အမိန့်နာခံမှုနှင့် ယှဉ်တွဲ၍ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အမိန့်နာခံမှုကို ထပ်ကာတလဲလဲ အလေးအနက်ပြုခြင်း၊ တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ဆိုချက်များကို လိုက်နာရန် သီးသန့်ညွှန်ကြားခြင်းတို့ ကုရ်အာန်ကျမ်းတော်မြတ် နေရာအတော်များများတွင် ပါဝင်ခြင်းမှာ အောက်ပါအကြောင်းကြောင့် ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် ရှင်းလင်းတင်ပြခဲ့သည့်များနှင့်မတူဟု ခွဲခြားကာ အန္တရာယ်ကြီး၍ အသိဉာဏ်ပညာကင်းမဲ့သူတစ်ဦးက အရဲစွန့်ပြောကြားလုပ်ဆောင်ကာ ငြင်းပယ်ပစ်သည့် အန္တရာယ်မှ ဆန့်ကျင်တုန့်ပြန်ကာကွယ်ရန် ဖြစ်သည်။ အမှန်တရားမှာ ယင်းတို့ကိုခွဲခြား၍ မရပါ။

گـفـتــه او گـفـتـه الله بـود

گر چه از حـلقوم عبد الله بود

"အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦး ပြောကြားသော်လည်း ထိုသူပြောဆိုသမျှသည် အလ္လာဟ်အရှင်မြတ် မိန့်ကြားချက်ဖြစ်သည်။"

ချမ်းသာပေးသနားတော်မူခြင်း၊ ဂျန္နသ်အမတသုခဘုံသို့ ပြေးလာကြကုန်လော့။

ပထမအမိန့်တော်မှာ **"ရစူလ်တမန်တော်မြတ်၏ သြဝါဒများကို လိုက်နာကြလေကုန်"** (၁၃၂) ဖြစ်သည်။ ဒုတိယ အမိန့်တော်မှာ **"အသင်တို့သည် မိမိတို့၏ အရှင်မြတ်၏ အထံတော်မှ ဖြစ်သော အပြစ်မှ ချမ်းသာပေးသနားတော်မူရာသို့လည်းကောင်း၊ 'ဂျန္နသ်' အမတသုခဘုံသို့လည်းကောင်း၊ သူထက်ငါသာအောင် လျင်မြန်စွာ ပြေးလာကြကုန်လော့"** (၁၃၃) ဖြစ်သည်။ ဤနေရာတွင် ချမ်းသာပေးသနားတော်မူခြင်းဆိုသည်မှာ ချမ်းသာပေးသနားတော်မူခြင်း ရနိုင်ရန်နည်းလမ်းများကို ဆိုလိုသည်။ ယင်းမှာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူစေရန် ကောင်းမှုကောင်းရာလုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသည်နှင့် ပတ်သက်၍ ဆွဟာဗဟ်သာဝကကြီးများနှင့် ယင်းတို့၏ ဆက်ခံခဲ့သူများထံမှ ဆင့်ပြန်ခဲ့သော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အတော်များများ ရှိခဲ့သည်။ ကွဲပြားခြားနားစွာ ဖော်ပြခဲ့သော်လည်း တူညီသော အဓိပ္ပာယ်သာဆောင်သည်။ ဆွဟာဗဟ်သာဝကကြီးများနှင့် ၎င်းတို့အား ဆက်ခံခဲ့သူများထံမှ စိုက်ယိဒိနာ အလီ﴿ﷺ﴾ က "မလုပ်နေရတာဝန်ကို ထမ်းဆောင်ခြင်း" ဟူ၍လည်းကောင်း၊ အိဗ်နိအဗ္ဗာစ်က "အစွလာမ်" ဟူ၍လည်းကောင်း၊ အဗူလ်အလ်အာလီယဟ်က "ဟစ်ဂျ်ရဟ်" ဟူ၍လည်းကောင်း၊ အနတ်စ်အိဗ်နိမာလိက်က "အလ်သတ်က်ဗိရ်အလ်အူလာ" (ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ပထမဦးဆုံး ရွတ်ဆိုသောအလ္လာဟ်ဟုအတ်က်ဗရ်") ဟူ၍လည်းကောင်း၊ စအိဒ်အိဗ်နိဂျုဗိုင်းရ်က "အမိန့်နာခံခြင်း၏ ပြီးပြည့်စုံမှု" ဟူ၍လည်းကောင်း ဒဟ်ဟတ်က်က "ဂျိဟားဒ်" ဟူ၍

လည်းကောင်း၊ အိက်ရာမဟ်က "သောင်ဗဟ်" (ဝန်ချတောင်းပန်ခြင်း) ဟူ၍လည်းကောင်း ဖွင့်ဆိုခဲ့ကြသည်။ ဤဖွင့်ဆိုချက်အားလုံး၏ ရလဒ်မှာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခြင်းသည် ကောင်းမှုကောင်းရာ အားလုံးကို အကျုံးဝင်စေပြီး ယင်းတို့သည်သာ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးမှု ရနိုင်သည့်နည်းလမ်းများ ဖြစ်သည်။

ဤနေရာ၌ ကျွန်ုပ်တို့ သတိမူရန်အချက် နှစ်ချက်ရှိသည်။ ပထမအချက်မှာ ယခုလက်ရှိ အာယသ်တော်သည် ဂျန္နသ်အမတသုခဘုံသို့ သူ့ထက်ငါသာအောင် လျင်မြတ်စွာ ပြေးလာကြကုန်လော့ဟူ ဆိုထားစဉ်တွင် (၄း၃၂) ရှိ အာယသ်တော်တွင် **لَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهٖ بَعْضَكُمْ عَلٰى بَعْضٍ** "ထိုမှတစ်ပါးတဲ့ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အချို့ကို အချို့ထက် (အရည်အချင်းအဆင့်အတန်း) သာလွန်စေတော်မူခဲ့သည်ကို အသင်တို့သည် အာသာငမ်းငမ်းလောဘ မရှိကြကုန်လင့်) ဟူသည့် ပြဋ္ဌာန်းချက်သည် တစ်စုံတစ်ဦးအား တစ်ခုနှင့် တစ်ခု ဖီလာဆန့်ကျင်ဖြစ်နေဟန်ဖြစ် သည်ဟု ထင်မှတ်ဖွယ်ရှိသည်။

အဖြေကား (ø!avF) ဖသွာအီလ် (ထူးမြတ်ခြင်း၊ အရည်အချင်း၊ အဆင့်အတန်း) သည် နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားသည် မိမိ၏စွမ်းအင်နှင့် ထိန်းချုပ်မှုထက် သာလွန်နေ၍ လူသားသည် ကြိုးပမ်းအားထုတ်၊ မရယူနိုင်ဟူသည်နှင့် သက်ဆိုင်သော အမျိုးအစားဖြစ်သည်။ ဤသည်တို့ကို ကျွန်ုပ်တို့က "ရွေးချယ်မရနိုင်သော" အရာများဟုခေါ်သည်။ ပမာအားဖြင့် အသားအရောင်ဖြစ်စေ၊ လှပတင့်တယ်မှုဖြစ်စေ သူတော်စင်မျိုးရိုးတို့မှ မွေးဖွားခြင်းကိုဖြစ်စေ ရွေးချယ်၍လည်းမရ။ စိတ်တိုင်းကျလည်းမဖြစ်နိုင်ချေ။ အခြားတစ်မျိုးသည်ကား လူသား ကြိုးပမ်းအားထုတ်မှုဖြင့် ရရှိနိုင်သည်။ ထိုအရာများအား "ရွေးချယ်၍ရနိုင်သော" (သို့) "မိမိဆန္ဒအလျောက် ရွေးချယ်နိုင်သော" အရာဟုခေါ်သည်။ ထို့ကြောင့်ရွေးချယ်၍ မရနိုင်သော ထူးမြတ်မှု အရည်အချင်းနှင့် အဆင့်အတန်းများကို ရရှိနိုင်ရန် ကြိုးပမ်းမှုကိုမဆိုထားဘိ ဆန္ဒထားမှုကိုပင် တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကို ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အနန္တဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် အဖန်ဆင်းခံတို့ကို ခွဲးမြှင့်ပေးသနားထားသောကြောင့် ဖြစ်သည်။ ထိုအရာများသည် လူသားကြိုးပမ်းမှုဖြင့် မရနိုင်သော အရာများဖြစ်သည်။ အဘယ်ကြောင့် ထိုအရာများ ရရန် ကြိုးပမ်းနေသနည်း။ ထိုကဲ့သို့ ကြိုးပမ်းမှုအလုံးစုံကား မနာလိုဝန်တိုခြင်းမှအပ ဘာမျှဖြစ် လိမ့်မည်မဟုတ်ချေ။ အသားအရောင်တစ်မျိုးရှိနေသူသည် အခြားအသားအရောင် တစ်မျိုးရချင်နေသော ဆန္ဒရှိနေလျှင် သူဆန္ဒနှင့်သူ ရှိနေပါစေ။ သူ့ရဲ့ဆန္ဒသည် ဘာများရလာနိုင်မည်နည်း။ ဘာမျှ မရရှိနိုင်ပါ။ သို့သော်လည်း ဆဝါဒ်ကုသိုလ်နှင့် ထိုက်တန်သည့် လုပ်ငန်း များစွာရှိသည်။ ထိုအရာများ လုပ်ဆောင်လျှင် လုပ်ဆောင်သည်နှင့်အမျှ ပေါ်လွင်ထင်ရှား ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို ဆဝါဒ်ကုသိုလ်နှင့် ထိုက်တန်သော လုပ်ငန်းများဘက်သို့ အလျင်အမြန်ဦးတည်ရန် ကျွန်ုပ်တို့ကို စေခိုင်းခြင်းဖြစ်သည်။ ဤသို့စေခိုင်းခြင်းသည် အာယသ်တော်တစ်ခုထဲတွင်သာ ကန့်သတ်ထားသည်မဟုတ်ချေ။ ကုရ်အာန်ကျမ်းတော် မြတ်တစ်နေရာတွင် မိန့်ကြားထားသည်မှာ **فَاسْتَبِقُوا الْخَيْرَاتِ "အသင်တို့သည် ကုသိုလ်ကောင်းမှု ဆည်းပူးရာ၌ သူ့ထက် ငါသာအောင် (လုံ့လဝီရိယ စိုက်ထုတ်ကာ) အဆောတလျင် ပြုလုပ်ကြကုန်လော့"** (၂း၁၄၈၊ ၅း၄၈၊ အခြားတစ်နေရာတွင်

وَفِيْ ذٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُوْنَ "စင်စစ်သော်ကား ဖြိုင်ဆိုင်သူတို့သည် (လိုလားသူတို့) ဤသည်ကိုပင် အဖြိုင်အဆိုင် ရယူထိုက်ကြပေသည်။ (လိုအားအပ်ကြပေသည်)"(၈၃း၂၆)

ပညာရှိများပေးသည့် အကြံဉာဏ်ကို ကျွန်တို့စဉ်းစားကြည့်ကြစို့။ ယင်းမှာ "အကယ်၍ တစ်စုံတစ်ဦးသည် ကုသမရသော မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုတစ်ခု ရှိခဲ့ပါလျှင် (ထိုချို့တဲ့မှုအတွက်) ရောင့်ရဲတင်းတိမ်သင့်ပေသည်။ အခြားစဝါးဗ်ကုသိုလ်ရရှိမှု ကိစ္စများလုပ်ဆောင်ရာတွင် ယင်းချို့ယွင်းချက်သည် အကျိုးမသက်ရောက်စေသင့်ချေ။ သူလုပ်နေသည့် ကိစ္စရပ်ကို လုပ်မြဲလုပ်နေသင့်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်း၏ချို့တဲ့မှုအပေါ် ယူကျုံးမရဖြစ်၍ အခြားသူများ၏ ပြည့်စုံမှုအပေါ် မနာလိုဝန်တိုဖြစ်နေမည်ဆိုလျှင် ၎င်းစွမ်းဆောင်နိုင်သမျှပင် မလုပ်ဆောင်နိုင်တော့ဘဲ အဆုံး၌ စဝါးဗ်ကုသိုလ်ရရှိမည့် လုပ်ရပ်များကို အနည်းအကျဉ်း (သို့) လုံးဝ မလုပ်ဆောင်သော အခြေအနေသို့ပင် ရောက်ရှိသွားလိမ့်မည်။

စဉ်းစားတွေးတောထိုက်သော ဒုတိယအချက်မှာ အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းကို ပထမမိန့်ကြား၍ နောက်မှ ဂျန္နသ်သုခဘုံကို မိန့်ကြားထားသည်။ ဖြစ်နိုင်သည်မှာကား ဂျန္နသ်သုခဘုံသို့ဝင်ရောက်ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်း မပါလျှင် မဖြစ်နိုင်ဟု ညွှန်းခြင်းဖြစ်သည်။ အကြောင်းရင်းကား ထင်ရှားပါသည်။ လူသားသည် ဘဝသက်တမ်းကို ကောင်းမှုမျှားပြုလုပ်ခြင်းနှင့် မကောင်းမှုမျှားမှ ရှောင်ကြဉ်ခြင်းဖြင့် ကုန်ဆုံးစေနိုင်သည်။ သို့တိုင် ၎င်း၏ ကောင်းမှုကောင်းရာလုပ်ခြင်းဖြင့် ဂျန္နသ်သုခဘုံဝင်ရန် သက်မှတ်တန်ဖိုး ပေးဆပ်ပြီးဖြစ်သည်ဟု မဆိုနိုင်ချေ။ သူ့အားဂျန္နသ် သုခဘုံဝင်နိုင်စေသည်မှာ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာပေးအပ်မှသာလျှင် ဖြစ်ပေလိမ့်မည်။ တမန်တော်မြတ်ﷺ သခင် မိန့်ကြားသည်မှာ

سَدِّدُوْا وَقَارِبُوْا وَاَبْشِرُوْا، فَاِنَّـهُ لَنْ يُّدْخِلَ اَحَدًا الْجَنَّةَ عَمَلُهُ، قَالُوْا : وَلاَ اَنْتَ يَا رَسُوْلَ اللهِ قَالَ : وَلاَ اَنَا اِلَّا اَنْ يَّتَغَمَّدَنِىَ اللهُ بِرَحْمَتِهِ

"ဖြောင့်မတ်မှန်ကန်ရန် ကြိုးစားလော့။ အလယ်အလတ်လမ်းစဉ်ကျင့်သုံး၍ (အလ္လာဟ်အရှင်မြတ် အသနားတော်မှ) ကောင်းသတင်းများကို ရှာဖွေလော့။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦး၏ ကောင်းမှုကောင်းရာလုပ်ဆောင်မှုများသည် ၎င်းအားဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရလိမ့်မည် မဟုတ်ချေ" အိုအလ္လာဟ်အရှင်မြတ်၏ တမန်တော် ကိုယ်တော်မြတ်၏ လုပ်ရပ်များကပင်လျှင် ဂျန္နသ်သုခဘုံသို့ မရောက်စေပါသလော"ဟု လူအများကပြောကြရာ ကိုယ်တော်မြတ်က မိန့်ကြားသည်မှာ "အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာ ကရုဏာတော် မလွှမ်းခြုံသမျှကာလ ပတ်လုံး ငါကိုယ်တော်မြတ် လုပ်ရပ်များတို့သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ချေ" **(အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတို့ကို ကိုးကား၍ အလ်သရ်ဂီးဗ်ဝအလ်သရ်ဟိဗ်)**

အတိုချုပ်အားဖြင့် ကျွန်ုပ်တို့၏ ကောင်းမှုကောင်းရာများသည် ဂျန္နသ်သုခဘုံအတွက် အဘိုးအခမဟုတ်ချေ။ သို့သော်လည်း ကောင်းမှုကောင်းရာ ပြုလုပ်သောအရှင်မြတ်၏ ကျေးကျွန်တစ်ဦးအပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ အပ်နှင်းသည်ဆိုခြင်းကား အလ္လာဟ်အရှင်မြတ်၏ ပြုနေကျဓလေ့တော်ဖြစ်လေသည်။ စင်စစ်ကောင်းမှုကောင်းရာများ လုပ်နိုင်စွမ်း ပေးအပ်ခံရသောသူသည် အလ္လာဟ်အရှင်

မြတ်က ထိုသူတို့အား ကျေနပ်နှစ်သက်တော်မူသည့် သင်္ကေတ လက္ခဏာပင်ဖြစ်သည်။ ထို့ကြောင့် ကောင်းမှု ကောင်းရာလုပ်ဆောင်ရာတွင် မည်သူမျှ မနှောင့်နှေးကြနှင့်။ တစ်စုံ တစ်ဦး ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရန်မှာ အလွှာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းသည် အဓိကအချက်ဖြစ်သောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤအချက်၏ အရေးပါမှုကို စဉ်းစားတွေးတောစေ၍ ခွင့်လွှတ်ချမ်းသာပေးသနားမှုကို ဆိုလိုရင်းအဓိပ္ပာယ်အတိုင်း တင်ပြမထားပါ။ ကျမ်းတော်မြတ်က အထက်ပါကဲ့သို့မဟုတ်ဘဲ ရွေးချယ်မိန့်ကြားထားသည်မှာ **مَغْفِرَةٍ مِّنْ رَّبِّكُمْ "မိမိတို့၏ အရှင်မြတ်အထံတော်မှဖြစ်သော အပြစ်မှ ချမ်းသာပေးသနားတော်မူရာ"** ဟူ၍ ဖြစ်သည်။ သို့တင်ပြခြင်းသည် "အရှင်မြတ်' ဆိုသည်မှာ အလွှာဟ် အရှင်မြတ်၏ ဂုဏ်တော်အဖြစ် မီးမောင်းထိုးပြ၍ ထိုအရှင်မြတ်သည် အရှင်မြတ်၏ ကျေးကျွန်များအတွက် ကောင်းချီး မင်္ဂလာနှင့် သနားကြင်နာမှုများပါဝင်ကြောင်း ပြသနေသည်။

လူသားအား အဆောတလျင်လုပ်ရန် မိန့်ကြားထားသည့် ဒုတိယရည်ရွယ်ချက်မှာ ဂျန္နသ်သုခဘုံပင်ဖြစ်သည်။ ဤတွင် မိန့်ကြားထားသည့် ဂျန္နသ်သုခဘုံသည် ကမ္ဘာမြေနှင့် မိုးကောင်းကင် အားလုံးတို့လောက်ကျယ်ဝန်းသည်။ လူသားသည် ကမ္ဘာမြေနှင့် မိုးကောင်းကင်များထက် သာလွန်သော ကျယ်ဝန်းမှုကို လူသား၏ အတွေ့ အကြုံအရ ဦးနှောက်က မတွေးတောတတ်သောကြောင့် ဂျန္နသ်သုခဘုံကို ထိုအရာများနှင့် နှိုင်းယှဉ်ထားခဲ့ပါသည်။ ဤကဲ့သို့ ခိုင်းနှိုင်းခြင်းသည် ဂျန္နသ်သုခဘုံသည် အလွန်ကျယ်ဝန်းသည်။ ကမ္ဘာမြေနှင့် မိုးကောင်းကင်များပင်လျှင် ယင်း၏ အကျယ်ဝန်းအတွင်း၌ ဝင်ဆံ့သည်ဟု ပြောဆိုနည်းပင် ဖြစ်သည်။

ဂျန္နသ်သုခဘုံသည် ဤမျှလောက် ကြီးမားနေခဲ့လျှင် ထို့ထက်မက သာလွန်ကြီးသင့်သောအလျားကို မည်သူမှန်းဆနိုင်အံ့နည်း။

အထက်ပါဆွေးနွေးမှုအားလုံးတို့သည် အရဗီစကား **عرض** "အရ်သ်" သည် "အနံ" ဖြစ်သည်ဟူသော ယူဆချက်အပေါ်တွင် အခြေခံသည်။ သို့သော် အချို့သော ဋီကာရှင်များ၏ ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်ဖွင့်ဆိုမှုနောက်တစ်ခုလည်း ရှိပါသေးသည်။ အဓိပ္ပာယ်ကို "တန်ဖိုး" ဟူ၍လည်း သုံးနှုန်းခဲ့သည်။ အကယ်၍သာ ထိုစကားလုံးကို ဤနေရာ၌ တန်ဖိုးဟု မှတ်ယူခဲ့ပါလျှင် အာယသ်တော်က ဆိုလိုသည်မှာ ဂျန္နသ်သုခဘုံသည် ရိုးရိုးတန်းတန်းပစ္စည်းတစ်ခု မဟုတ်ပါ။ မိုးကောင်းကင်တစ်ခုလုံးနှင့် ကမ္ဘာမြေတစ်ခုလုံး၏ တန်ဖိုးလောက် အဖိုးထိုက်တန်လေသည်။ ဂျန္နသ်သုခဘုံ ထိုမျှလောက် ကြီးကျယ်ပြီး မှန်းဆ၍ မရသော အဖိုးထိုက်တန်သော ပစ္စည်းဖြစ်ခဲ့ပါလျှင် တစ်စုံတစ်ဦး လုပ်သင့်သည်ကတော့ ထိုအရာဆီသို့ အလျင်အမြန် သွားရုံမှအပ ဘာမျှမရှိပေ။

အလ်ရာဇီသည် ဤအချက်နှင့် ပတ်သက်၍ သူ၏အလ်သဖ်စီရ် အလ်ကဗီးရ်ကျမ်းတွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

قال ابو مسلم : ان العرض هنا ما يعرض من الثمن فى مقابلة المبيع اى ثمنها لو بيعت كثمن السموت والارض والمراد بذلك عظم مقدارها وجلالة خطرها وانه لا يساويها شيء وان عظم.

အဗူမုစ်လင်မ်က ဤအာယသ်တော်ပါ အလ် "အရ်သ်" ဆိုသော စကားလုံးသည် ရောင်းချမည့်ပစ္စည်း တစ်ခုအတွက် ပေးရသည့်တန်ဖိုးကို ဆိုလိုသည်ဟု မိန့်ကြားထားသည်။ တနည်းဆိုသော် အကယ်၍သာ ဂျန္နသ် သုခဘုံအား တန်ဖိုးသတ်မှတ်ရမည်ဆိုလျှင် စကြဝဠာတစ်ခုလုံး ၎င်းအတွင်းမှာရရှိသော အရာများအားလုံးနှင့် ကမ္ဘာမြေတစ်ခုလုံး ၎င်း၏အတွင်းမှာရှိသောအရာများအားလုံးတို့၏ ပေါင်းစပ်ခြင်းတို့၏ တန်ဖိုးပင်ဖြစ်ပါလိမ့်မည်။ ဤကဲ့သို့ တန်ဖိုးသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဂျန္နသ်သုခဘုံ၏ ကြီးကျယ်ခမ်းနားမှုသည် မည်သည်နှင့်မျှ နှိုင်းယှဉ်၍မရကြောင်းနှင့် ယင်း၏ အလွန်ထွဋ်မြတ်သော အဆင့်အတန်းကို ပြသရန်ဖြစ်သည်။

အာယသ်တော်အဆုံးတွင် ဂျန္နသ်သုခဘုံနှင့် ပတ်သက်သော နောက်အဆိုအမိန့်တစ်ခုမှာ -

اُعِـدَّتْ لِلْمُتَّقِيْنَ

"ထို "ဂျန္နသ်" သုခဘုံသည် အပြစ်ဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော 'မုသ်သကီ' သူတော်စင်များအဖို့ အသင့်ပြင်ဆင်ထားပြီးဖြစ်လေသည်" ဂျန္နသ်သုခဘုံသည် အဆင့်သင့် ဖန်ဆင်းထားပြီးဖြစ်ကြောင်းကို ဤအာယသ်တော်က ကျွန်ုပ်တို့အား ပြောပြပါသည်။ ဂျန္နသ်သုခဘုံသည် ကောင်းကင်ဘုံ၏ ခုနှစ်ထပ်တွင် တည်ရှိကြောင်းကို ကုရ်အာန်နှင့်ဟဒီးဆ်တော်ပါ ထင်ရှားသောအညွှန်းများက အကြံပြုဟန်ရှိပါသည်။

VVVVVVVVVV

အာယသ် (၁၃၄-၁၃၈)

الَّذِيْنَ يُنْفِقُوْنَ فِي السَّرَّآءِ
وَالضَّرَّآءِ وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ ؕ وَاللّٰهُ
يُحِبُّ الْمُحْسِنِيْنَ ﴿۱۳۴﴾ وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً اَوْ ظَلَمُوْۤا
اَنْفُسَهُمْ ذَكَرُوا اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ ۫ وَمَنْ يَّغْفِرُ
الذُّنُوْبَ اِلَّا اللّٰهُ ۫ وَلَمْ يُصِرُّوْا عَلٰى مَا فَعَلُوْا وَهُمْ
يَعْلَمُوْنَ ﴿۱۳۵﴾ اُولٰٓئِكَ جَزَآؤُهُمْ مَّغْفِرَةٌ مِّنْ رَّبِّهِمْ وَ
جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَنِعْمَ اَجْرُ
الْعٰمِلِيْنَ ﴿۱۳۶﴾ قَدْ خَلَتْ مِنْ قَبْلِكُمْ سُنَنٌ ۙ فَسِيْرُوْا فِي
الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ﴿۱۳۷﴾ هٰذَا
بَيَانٌ لِّلنَّاسِ وَهُدًى وَّمَوْعِظَةٌ لِّلْمُتَّقِيْنَ ﴿۱۳۸﴾

ထိုသူတော်စင်များသည် စီးပွားတိုးတက်ချောင်လည်စွာ ရှိသောအချိန်အခါများ၌လည်းကောင်း၊ ဆင်းရဲဒုက္ခရောက်ရှိသောအခါများ၌ လည်းကောင်း၊ (အချိန်အခါမရွေး) ပေးကမ်းစွန့်ကြဲလှူဒါန်းကြကုန်၏။ (ထိုသူတော်စင်များသည်) အမျက်ဒေါသကို ချုပ်တည်းမျိုသိပ်သောသူ များလည်း ဖြစ်ကြကုန်၏။ လူသားတို့အား ခွင့်လွှတ်သူများလည်း ဖြစ်ကြကုန်၏။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းသို့) ကောင်းမှုပြုလုပ်သော သူများအား နှစ်သက်တော်မူချေသတည်း။ (၃း၁၃၄)

ထို့ပြင်တစ်ဝ ယင်းသူတော်စင်များသည် ညစ်ညမ်းသော ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်မိသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းမိကြသည်ဖြစ်စေ၊ (ပြုလုပ်လျှင်ပြုမိခြင်း) အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသတိရကြကုန်၏။ ထို့နောက် မိမိတို့အပြစ်များမှ ချမ်းသာရန်အလို့ငှာ (အလ္လာဟ်အရှင်မြတ်အထံတော်၌) အသနားခံတောင်းပန်ကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အပြစ်များမှ ချမ်းသာခွင့် ပေးနိုင်သောသူသည်

အဘယ်သူနည်း။ တစ်ဖန် ယင်းသူတို့သည် မိမိတို့ပြု လုပ်မိကြသော (ပြစ်မှု ဒုစရိုက်များကို) ဇွတ်တိုး၍ မိမိတို့ကိုယ်တိုင် သိနားလည်ကြပါလျက်နှင့် လက်မလျော့ဘဲ ပြုမြဲပြုနေခဲ့ကြသည်လည်း မဟုတ်ချေ။ (၃း၁၃၅)

ထိုသူတော်စင်တို့၏အကျိုးကား ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အပြစ်ချမ်းသာပေးသနားတော်မူခြင်းနှင့် ဥယျာဉ်များ ဖြစ်၏။ ထိုဥယျာဉ်များ၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိ၏။ (ထိုသူတော်စင်များသည်) ထိုဥယျာဉ်များ၌ ထာဝစဉ်စံမြန်းနေထိုင်လျက် ရှိကြကုန်အံ့။ စင်စစ်ကောင်းမှုပြုလုပ်သောသူတို့၏ ကုသိုလ်အကျိုးသည် အလွန်ကောင်းမြတ်လှပေသတည်း။ (၃း၁၃၆)

ဧကန်ဆတ်ဆတ် အသင်တို့အလျင် အမျိုးမျိုးသော (အယူဝါဒ) ထုံးတမ်းဓလေ့များ (ကိုလိုက်စားသူများ) လွန်လေခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ကမ္ဘာမြေပြင်ဝယ် သွားလာလှည့်ပတ်၍ (အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကို) မဟုတ်မမှန် မုသားဟု ပြောဆိုငြင်းပယ်ကြသောသူတို့၏ နောက်ဆုံးအဖြစ်အပျက်သည် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုဆင်ခြင်ကြလေကုန်။ (၃း၁၃၇)

ဤသည်ကား လူခပ်သိမ်းတို့ (သိနားလည်နိုင်ရန်) အလို့ငှာ ရှင်းလင်းဖော်ပြချက်လည်းဖြစ်၏။ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော "မုသ်သကီ" သူတော်စင်များအဖို့ တရားဓမ္မညွှန်ကြားချက်များလည်း ဖြစ်၏။ ဆုံးမသြဝါဒလည်း ဖြစ်၏။ (၃း၁၃၈)

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သော မုစ်လင်မ်များကို ၎င်းတို့၏ စာရိတ္တ၊ လက္ခဏာများနှင့် ယင်းတို့ကျင့်ကြံပုံ ကျင့်ကြံနည်းများဖြင့် သိသာနိုင်ပါသည်။ ထို့ကြောင့် သူတို့၏ လုပ်ဆောင်ပုံလုပ်ဆောင်နည်းနှင့် သူတို့အား စံနမူနာထားခြင်း၏ နောက်ကွယ်တွင် အကျိုးကျေးဇူးများစွာ ရှိလေသည်။ ဤသည်ပင်လျှင် လက်ရှိအာယသ်တော်များတွင် ပါဝင်သော အကြောင်းအရာဖြစ်ပါသည်။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသော မုစ်လင်မ်များကို အခြားသူများအတွက် စံပြနမူနာအဖြစ် နေထိုင်ရန် အလ္လာဟ်အရှင်မြတ်က ပြုလုပ်ထားပါသည်။ ပမာဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် နေရာတော်တော်များများ၌ အလ္လာဟ်အရှင်မြတ်၏အချစ်တော်များနှင့် အပေါင်းသင်းလုပ်ခြင်းဖြင့် လမ်းညွှန်မှုနှင့် အကျိုးကျေးဇူးကိုရှာဖွေရန် လိုအပ်ကြောင်း အလေးအနက် မိန့်ကြားထားသည်။ စူရာအလ်ဖာသိဟဟ်ပါ အောက်ပါ အာယသ် -

صِرَاطَ الَّذِيْنَ اَنْعَمْتَ عَلَيْهِمْ

"အကြင်သူတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် (မေတ္တာကရုဏာ သက်ဝင်တော်မူ၍) သုခချမ်းသာ ဂုဏ်ကျေးဇူးကို ပြုခဲ့လေပြီဖြစ်၏။ ထိုသူမွန်သူမြတ်တို့၏ တရားလမ်းကို" (၁း၆)က ရှင်းလင်းစွာ ညွှန်းသည်မှာ အီမာန်၏ ဖြောင့်မတ်မှန်ကန်သောလမ်းကို အလ္လာဟ်အရှင်မြတ်၏ သုခချမ်းသာဂုဏ်ကျေးဇူး ပြုခြင်းခံရသောသူတို့ထံမှ သင်ယူရမည်ဟူ၍ ဖြစ်သည်။ တစ်ဖန် အလေးအနက် တိုက်တွန်းချက် -

كُوْنُوْا مَعَ الصّٰدِقِيْنَ

"အသင်တို့သည် သစ္စာဝါဒီတို့နှင့်အတူ ရှိကြလေကုန်။ (သစ္စာဝါဒီနှင့်အတူ နေထိုင်ကြလေကုန်။)" (၉း၁၁၉) လည်းရှိပါသည်။

ထိုကဲ့သို့သောသူများနှင့် အပေါင်းအသင်းလုပ်ခြင်းသည် မည်မျှအကျိုးရှိကြောင်းကို အထက်ပါအာယသ်တော်က ပြသပါသည်။ သို့ရာတွင် ဤကမ္ဘာ၌ ဉာဏ်များသောသူများအပါအဝင် လူမျိုးစုံရှိပါသည်။ သို့ရာတွင် ဉာဏ်များသောသူတို့သည် ကောင်းသောသူများအဖြစ်နေထိုင်ပြသကာ စစ်မှန်သောသူများအဖြစ် ဟန်ဆောင်ပါလိမ့်မည်။ ဤသည်ကြောင့် အမှားနှင့်အမှန်ခွဲခြားသည့် စည်းတားရန်နှင့် ယင်းတို့၏ ထူးခြားသော လက္ခဏာ၊ စာရိတ္တတို့အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာပေးခြင်းခံရသောသူများသည် မည်သူများဖြစ်ကြသည်ဆိုသည်ကို ပြသရန်လိုအပ်လာပါသည်။ ဤသည်ကိုသိသည်နှင့် တစ်ပြိုင်နက် လူအများတို့သည် မှားယွင်းသော ခေါင်းဆောင်များနှင့် လမ်းပြများအား ရှောင်ကြဉ်ကြပါလိမ့်မည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော လမ်းညွှန်မှုကို အသုံးချကာ ဦးစွာပထမ စစ်မှန်သောသူများဖြစ်ကြောင်း သေချာအောင်ပြုလုပ်ပြီးမှ ထိုသူများနောက်သို့ လိုက်ရပါမည်။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသော မုစ်လင်မ်များ၏ လက္ခဏာများနှင့် အမှတ်အသားများကို ဖော်ပြခဲ့ပြီးနောက် ထိုသူများသာလျှင် အဆုံးစွန်အောင်မြင်မှုနှင့် ဂျန္နသ်သုခဘုံ၏ မြင့်မားသော အဆင့်ရမည့်သူများဖြစ်သည်ဟု ဖော်ပြပြီး ဖြောင့်မတ်မှန်ကန်သောသူများအတွက် ကောင်းသတင်းပေးထားသည်။ (ထိုသူများနောက်လိုက်ခဲ့လျှင် အလားတူ ဆုလာဘ်များရရှိနိုင်သည့်အကြောင်း) ထို့ပြင် မကောင်းမှုပြုသူများအား အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသောသူများ နောက်လိုက်ကြ၍ ၎င်းတို့ကိုယ်ကို၎င်းတို့ တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ကြရန် ဖျောင်းဖျ၍ တိုက်တွန်းနှိုးဆော်ထားသည်။

ဤအာယသ်တော်များ၏ အဆုံးတွင်ပါရှိသော **هٰذَا بَيَانٌ لِّلنَّاسِ وَهُدًى وَّمَوْعِظَةٌ لِلْمُتَّقِيْنَ** "ဤသည်ကား လူခပင်းတို့ (သိနားလည်နိုင်ရန်) အလို့ငှာ ရှင်းလင်းဖော်ပြချက်လည်း ဖြစ်၏။ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော "မုသ်သကီ" သူတော် စင်များအဖို့ တရားဓမ္မ ညွှန်ကြားချက်လည်းဖြစ်၏။ ဆုံးမသြဝါဒလည်းဖြစ်၏။ ဆိုသည်က အထက်ပါအချက်ကိုပင် ညွှန်းထားပါသည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသူများ၏ လက္ခဏာနှင့် အမှတ်အသားများ ဖော်ပြစဉ်တွင် လူသားတို့၏ အခွင့်အရေးများ၊ လူမှုဆိုင်ရာ အပြုအမူများတို့နှင့် ပတ်သက်သော အရည်အသွေးများကို ဦးစွာပထမဖော်ပြ၍ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်း သတ်မှတ်ထား

သော အရှင်မြတ်၏ အခွင့်အရေးများကို နောက်မှဖော်ပြထားသည်။ ဤသည်က ညွှန်းလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးသည် အခွင့်အရေး တကာထက် အထွဋ်အထိပ်ဖြစ်သော်လည်း ထိုအခွင့်အရေးများသည် အလ္လာဟ်အရှင်မြတ်အား မည်သို့မျှ အကျိုး ပြုသည်ဟု မဆိုလိုချေ။ အလ္လာဟ်အရှင်မြတ်အတွက် ယင်းအရာကို မလိုအပ်ချေ။ ယင်းအရာများ ဖြည့်ဆည်းမှု မရှိလျှင်လည်း အလ္လာဟ်အရှင်မြတ်ကို ထိခိုက်မှု ရှိလိမ့်မည်မဟုတ်ချေ။

အလ္လာဟ်အရှင်မြတ်သည် ဤအရာများအားလုံးနှင့် လုံးဝဥဿုံ ကင်းစင်တော်မူသည်။ ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်သူသည်သာလျှင် အကျိုးအမြတ်ရသည်။ ထိုအရှင်မြတ်သည် အလွန်အလွန်၊ သနားကြင်နာညှာတာတော်မူသော အရှင်ဖြစ်တော်မူ၍ လူတစ်ဦးသည် အရှင်မြတ်၏ အခွင့်အရေးကို ဖြည့်ဆည်းရာတွင် လျော့နည်းကာ သူလုပ်ခဲ့သမျှအတွက် အချိန်မရွေး နောင်တရနေလိမ့်မည်။ ၎င်းသည် အလ္လာဟ်အရှင်ဘက်လှည့်၍ ဖျူစင်ရိုးသား စစ်မှန်စွာ တောင်းပန်ခဲ့လျှင် ထိုအရှင်မြတ်၏ အစဉ်မပြတ်သော သနားကြင်နာမှုနှင့် မြင့်မြတ်တော်မူမှုကြောင့် ထိုသူ၏ အပြစ်များ တမဟုတ်ချင်း ခွင့်လွှတ်ပြီးဖြစ်သွားနိုင်ပါသည်။ ဤသည်နှင့် ဆန့်ကျင်ကာ အလ္လာဟ်အရှင်မြတ် ကျေးကျွန်များ၏ အခွင့်အရေးလည်း ရှိပေသေးသည်။ လူသားသည် ဤသည်တို့ကိုလည်း ဖြည့်ဆည်းရပေမည်။ ထို့ပြင် အကယ်၍ "မောင်က" သည် "မောင်ခ"ထံမှ ရရန်တာဝန်ရှိ၍ "မောင်ခ"သည် ထိုတာဝန်ကို ပြည့်စုံအောင် မဖြည့်ဆည်းလျှင် "မောင်က" သည် ဆုံးရှုံးနစ်နာပေလိမ့်မည်။ လူသားတစ်ဦးသည် အခြားသူတစ်ဦးကြောင့် ခံစားရသော ဆုံးရှုံးနစ်နာမှုကို ခွင့်လွှတ်ပြီးမှေ့ပျောက်ရန်ဆိုသည်ကား မလွယ်ကူချေ။ ထို့ကြောင့် ဟုကူကုလ်အိဗာဒ် (သို့) အလ္လာဟ်ကျေးကျွန်များ၏ အခွင့်အရေးတို့သည် သူနည်းသူဟန်နှင့် အထူးအရေးပါမှု ရှိလေသည်။

ထို့ပြင် ကျွန်ုပ်တို့လူ့အသိုင်းအဝိုင်း ပြင်ဆင်ထားပုံနှင့် စကြဝဠာလုံးဆိုင်ရာ အစီအစဉ်တို့အတွက် မှန်ကန်သော ဟန်ချက်သည် အချင်းချင်း အပြန်အလှန်ရပိုင်ခွင့်များကို ဖြည့်ဆည်းမှုပေါ်တွင် မူတည်သည်။ ဤကိစ္စရပ်တွင် အနည်းငယ်ဟန်ချက်ပျက်သွားပါက မငြိမ်မသက်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများနှင့် စစ်ပွဲများ စတင်ဖြစ်ပွားစေနိုင်သည်။ အကယ်၍ မြင့်မားသော ကိုယ်ကျင့်တရားကို နှလုံးသွင်းယူမှတ်ယူပြီး လက်တွေ့ကျင့်သုံးပါက ရန်သူများပင်လျှင် မိတ်ဆွေအဖြစ် ပြောင်းလဲသွားပေလိမ့်မည်။

ရာစုနှစ်ပေါင်းများစွာသော ရန်ငြိုးရန်ကြေးများသည်လည်း ငြိမ်သက်သွားစေနိုင်ကာ ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်းသို့ ရောက်ရှိသွားပေမည်။ ဤသည်က လူသားအခွင့်အရေးနှင့် ပတ်သက်သော အမှတ်လက္ခဏာများကို ဦးတည်ဖော်ပြခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

အာယသ်တော် ၁၃၄ က ဤလက္ခဏာများ၏ ပထမအကြောင်းကို အောက်ပါအတိုင်း ကြေညာထားသည်။

အချိန်အခါမရွေး အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ပေးကမ်းစွန့်ကြဲလှူဒါန်းသည့်အကျင့်

အာယသ်တော်၌လာ ရှိသည်မှာ **اَلَّذِيْنَ يُنْفِقُوْنَ فِى السَّرَآءِ وَالضَّرَّآءِ "ထိုသူတော်စင်များသည် စီးပွားတိုးတက်ချောင်လည်စွာ ရှိသော အချိန်အခါများ၌လည်းကောင်း၊ ဆင်းရဲဒုက္ခရောက်ရှိသော အခါများ၌လည်းကောင်း (အချိန် အခါမရွေး) ပေးကမ်းစွန့်ကြဲလှူဒါန်းကြကုန်၏"** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အရှင် မြတ် ကျေနပ်နှစ်သက်စေရန် သုံးစွဲခြင်းကို မည်မျှလုပ်ဆောင်လေ့ရှိကြသနည်းဟူမူ

မည်သည့် အခြေအနေမျိုး၌ မဆို ပေးကမ်းစွန့်ကြဲလှူဒါန်းကြသည်။ ချောင်လည်သောအခါဖြစ်စေ ဆင်းရဲဒုက္ခရောက်စေသောအခါဖြစ်စေ လှူဒါန်းကြ၍ များများရှိလျှင် များများလှူကာ နည်းနည်းရှိလျှင် နည်းနည်းလှူလေ့ရှိသည်။ ဤအမိန့်တော်မှ ညွှန်ကြားချက် (၃) ရပ် ထွက်ပေါ်လာပါသည်။

(၁) ဆင်းရဲနွမ်းပါးသူတို့သည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်းဆိုသည့် တာဝန်မှ လုံးဝ ကင်းလွတ်သည်ဟုမယူဆသင့်ချေ။ ထိုကဲ့သို့ မှတ်ယူခဲ့လျှင် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲခြင်းဟူသော အခွင့်အလမ်းမှ လက်မဲ့ဖြစ်သွားပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ငွေတစ်ထောင်ရှိသူက တစ်ကျပ်လှူဒါန်းခြင်းနှင့် ငွေတစ်ဆယ်ရှိသူက တစ်ပြားလှူဒါန်းခြင်းသည် အတူတူပင်ဖြစ်သည်။

လက်တွေ့တွင် ငွေတစ်ထောင်ပိုင်ဆိုင်သူသည် အလ္လာဟ်လမ်းတွင် တစ်ကျပ်လှူဒါန်းခြင်းမှာ အခက်အခဲ မရှိနိုင်သကဲ့သို့ ငွေတစ်ဆယ်ပိုင်ဆိုင်သူသည် အလ္လာဟ်လမ်းတော်၌ တစ်ပြားသုံးစွဲခြင်းက ထိုသူကို မထိခိုက်စေ နိုင်ပါ။

(၂) ဤနေရာတွင် ပြသည်မှာကား မိမိတတ်နိုင်စွမ်းအတွင်း သုံးစွဲလှူဒါန်းလေ့ရှိသူများသည် အထူးသဖြင့် အခြေအနေဖြောင့်ဖြူးကောင်းမွန်နေလျှင် သို့လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့သည် ပေးကမ်းလှူဒါန်းခြင်း၏ ကောင်းချီးမင်္ဂလာနှင့် မရှိဆင်းရဲသားတို့အား မျှဝေပေးခြင်း၏ အံ့သြဘွယ်အကျင့်သည် ၎င်းတို့ထံတွင် စွဲမြဲသွား ပြီး ဘယ်သောအခါမျှ ပပျောက်သွားမည်မဟုတ်ပါ။ ထိုကဲ့သို့သော လှူဒါန်းခြင်း အရည်အသွေးက အလ္လာဟ် အရှင်မြတ်၏ သနားကြင်နာညှာတာမှုကို ရရှိစေပါသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အနန္တ ကရုဏာတော်ဖြင့် ထိုကဲ့သို့သောသူအား စားဝတ်နေရေး နည်းလမ်းအသွယ်သွယ်တွင် အခွင့်လမ်းအသစ်များနှင့် အသစ်အသစ်သော တိုးပွားမှုများ ပေးအပ်ချီးမြှင့်တော်မူသည်။

(၃) လေးလေးနက်နက် ဂရုစိုက်သင့်သော ဤညွှန်ကြားချက်မှ ပေါ်ထွက်လာသည့် အကျိုးဖြစ်ထွန်းမည့် အခြားအချက်တစ်ရပ်လည်း ရှိပေသေးသည်။ တစ်စုံတစ်ဦးသည် သူ့ထံရှိသည်ကို အခြားလူသားအပေါ် လှူဒါန်း သုံးစွဲသည့်အကျင့်ရှိပြီး သူ၏သုံးစွဲမှုမှတစ်ဆင့် ဆင်းရဲ၍ ချို့တဲ့သူတစ်ဦးကို ကူညီခြင်းဖြင့် အကျိုးဖြစ်ထွန်းစေသူ အား စဉ်းစားကြည့်ပါ။ ထင်ရှားသည်မှာ ထိုကဲ့သို့သော လူတစ်ဦးသည် အခြားသူများ၏ ဆန္ဒနှင့်ဆန့်ကျင်ကာ ၎င်းတို့၏ အခွင့်အရေးကို အလွဲသုံးစားပြုခြင်းအား မည်သည့်အခါမျှ စဉ်းစားလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသည့်သော စစ်မှန်သော မုစ်လင်မ်ဖြစ်သည့်သူနှင့် အလ္လာဟ်အရှင်မြတ်၏ အကူအညီပေးခြင်းခံရသော ကျေးကျွန်တို့၏ စာရိတ္တအရည်အသွေး၏ မဏ္ဍိုင်မှာ အထက်ပါ အချက်ပင်ဖြစ်သည်။ ထိုသူတို့သည် ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ အခြားလူသားများ အကျိုးဖြစ်ထွန်းမှုကို အမြဲရှာဖွေနေသူများဖြစ်ကြသည်။ အဖြစ်အပျက်တစ်ခုရှိခဲ့သည်။ စိုက်ယိဒါဟ် အာအိရှ်ဟ် (ﷺ) သခင်မကြီးသည် ထိုအချိန်က သူမတွင် ဘာဆိုဘာမျှမရှိချိန်တွင် တစ်လုံးတည်းသာရှိသော သပျစ်သီးကို လှူဒါန်းခဲ့ပါသည်။ အစောပိုင်း ဆင့်ပြန်ချက် အခြားတစ်ခုအရဆိုလျှင် သခင်မကြီးသည် ကြက်သွန်တစ်ဥထဲ လှူဒါန်းခဲ့သည့်အချိန်ပင် ရှိခဲ့ပါသည်။ တမန်တော်မြတ်(ﷺ) သခင်မိန့်ကြားခဲ့သည်မှာ -

اتقوا النار ولو بشق تمرة وردوا السائل ولو بظلف شاة

“သပျစ်သီးတစ်လုံး လျူဒါန်း၍ဖြစ်စေ အသင်တို့သည် ဂျဟန္နမ်ငရဲမီးဘေးမှ မိမိကိုယ်ကို ကာကွယ်ကြလော့။ ထို့ပြင် တောင်းခံလာသူတစ်ဦးအား လက်မဲ့ပြန်မလွှတ်ပါနှင့်။ ဆိတ်ခွာတစ်ခုဖြစ်စေ ပေးလွှတ်လိုက်ပါ”

အလ်သဖ်စီရ်အလ်ကဗီးရ်ကျမ်းတွင် အိမာမ်အလ်ရာဇီက ဟဒီးဆ်တစ်ပုဒ်ဆင့်ပြန်ထားသည်။ ယင်း ဟဒီးဆ်တော်၌ တစ်နေ့သောအခါတွင် တမန်တော်မြတ်﴿ﷺ﴾ သခင်က လူအများအား လျူဒါန်းမှု၌ သုံးစွဲကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထိုတိုက်တွန်းနှိုးဆော်ချက်ကို တုန့်ပြန်သည့်အနေဖြင့် ရွှေ၊ ငွေ ရတနာများရှိသူတို့သည် အချိန်မဆိုင်းဘဲ ယင်းတို့ကို လျူဒါန်းရန်အတွက် ပေးအပ်ကြပါသည်။ တစ်စုံတစ်ဦးသည် အခြားလျူစရာဘာမျှမရှိဘဲ စွန်ပလွံချပ်များသာရှိ၍ ယင်းကို ယူဆောင်လာခဲ့သည်။ ထိုစွန်ပလွံချပ်များကို လက်ခံကာ အလျူဒါန အဖြစ် ပေးလိုက်သည်။

ထို့နောက် အခြားသူတစ်ဦးရောက်လာ၍ ပြောကြားသည်မှာ “အို အလ္လာဟ်အသျှင်မြတ်၏ တမန်တော်မြတ်﴿ﷺ﴾ အလျူအတန်းအဖြစ် လျူဒါန်းသုံးစွဲရန် ကျွန်တော်ထံတွင် ဘာမျှမရှိပါ။ သို့သော်လည်း ကျွန်ုပ်တို့အထဲတွင် ကျွန်တော်သည် ဂုဏ်အသရေရှိသူအဖြစ် လူသိများသူဖြစ်ပါသည်။ ထို့ကြောင့် ထိုဂုဏ်အသရေကို သာလျှင် အလျူဒါနအဖြစ် ပြုပါသည်။ ယင်းသို့လျူဒါန်းပေးကမ်းပြီးနောက် ကျွန်ုပ်အား မည်မျှစော်ကားသည်ဖြစ်စေ စော်ကားသူကို ကျွန်ုပ်မည်သည့်အခါမျှ ဒေါသမဖြစ်တော့ပါ။

တမန်တော်မြတ်﴿ﷺ﴾ သခင်၏ သင်ကြားပို့ချချက်များနှင့် ဆွဟာဗဟ်သာဝကကြီး﴿ﷺ﴾ သခင်များက နားလည်၍ လက်တွေ့ကျင့်သုံးခဲ့သည့် နည်းလမ်းများကို ထင်ရှားစေသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်၌ လျူဒါန်းသုံးစွဲခြင်းသည် ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသူများနှင့် သူဌေးသူကြွယ်များကိုသာ ကန့်သတ်ဘောင်ခတ်ထားသည်မဟုတ်ပါ။ ဤသို့လျူဒါန်းသုံးစွဲခြင်း အရည်အသွေးကို ဆင်းရဲသူများနှင့် ချို့တဲ့သူများလည်း ပိုင်ဆိုင်နိုင်ပါသည်။ ၎င်းတို့တတ်စွမ်းသည်နှင့် အချိုးညီ မည်မျှပင်ရှိစေကာမူ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် လျူဒါန်းသုံးစွဲခြင်းဖြင့် ကြီးမားသည့် အရည်အချင်း ရနိုင်သည်။

အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲရာမှာ ပစ္စည်းဥစ္စာနှင့်သာလျှင်မဟုတ် အခြားသော နည်းလမ်းများလည်း ရှိသည်

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးနှုန်းထားသော **يُنفِقُونَ** ဟူသောစကားလုံးကို သတိပြုရန် အရေးကြီးသည်။ ယင်းက ဆိုလိုသည်မှာ ထိုသူတို့အနက် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် သုံးစွဲလျူဒါန်းရာတွင် ဆင်းရဲသည့်အခါဖြစ်စေ၊ ချမ်းသာသည့်အခါဖြစ်စေ မည်သည့်အခြေအနေမျိုး၌မဆိုဟု ဆိုလိုသည်။ သို့သော်လည်း ယင်းက “အဘယ်အရာ” ကို လျူဒါန်းသုံးစွဲရမည်ဟု မဆုံးဖြတ် မသတ်မှတ်ပါ။ ဤနေရာ၌ အမိန့်တော်၏ ယေဘုယျကျခြင်းက ညွှန်းပုံရသည်မှာ ငွေကြေးတစ်ခုတည်းသာ မဟုတ်ဘဲ သုံးစွဲလျူဒါန်း၍ရသော အရာတိုင်း အကျုံးဝင်သည်။ ပမာဆိုသော် တစ်စုံတစ်ဦးသည် ၎င်း၏အချိန်နှင့် လုပ်အားကို အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲလျူဒါန်းခဲ့လျှင် သူသည်လည်း **انفاق فی سبیل الله** “အင်ဖဉ်ဂ်ဖီစဗီလစ်လ္လာဟ်” (သို့)

အလ္လာဟ်အရှင်မြတ် လမ်းတော်၌ သုံးစွဲလျှဒါန်းခြင်းဟူသည့် ဂုဏ်ပုဒ်ချီးမြှင့်ခံရလိမ့်မည်။ အထက်က တင်ပြခဲ့သော ဟဒီးဆ်တော်က ဤအယူအဆကို အထောက်အကူပြုသည်။

စီးပွားတိုးတက် ချောင်လည်စွာရှိသောအချိန်နှင့် ဆင်းရဲဒုက္ခရောက်ရှိသောအချိန်ကို ဖော်ညွှန်းခြင်း၏ နောက်ကွယ်ရှိ အသိဉာဏ်

ဖြစ်နိုင်သည်မှာ လူဘဝတွင် ကြုံတွေ့ရသော ဤအခြေအနေနှစ်ရပ်တို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို မေ့လျော့သွားစေနိုင်သည်။ အလွန်ချမ်းသာပြီး စည်းစိမ်ဥစ္စာတွင် နစ်မြုပ်နေချိန်တွင် သူမေ့လျော့ပါလိမ့်မည်။ မကြာခဏဆိုသလို ၎င်းမေ့လျော့စေနိုင်သော အကြောင်းတစ်ခုကား ၎င်းဆင်းရဲဒုက္ခရောက်ရှိမည့်အကြောင်း စိုးရိမ်သောကရောက်ချိန်တွင် ဖြစ်နိုင်သည်။ ထို့ကြောင့် အာယသ်တော်က ရှင်းလင်းစွာ ဆုံးဖြတ်အဖြေပေးထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာ ပေးခံရသော ကျေးကျွန်များတို့သည် စည်းစိမ်ချမ်းသာရှိနေသောအခါတွင်လည်းကောင်း၊ ဒုက္ခသုက္ခရောက်ချိန်၌ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ကို မည်သည့်အချိန်တွင်မျှ မမေ့လျော့ကြဟူ၍ ဖြစ်သည်။ ၎င်းတို့၏အရည်အချင်းကား ပြိုင်ဖက်ကင်းပေသည်။

ဒေလီမြို့၏ နောက်ဆုံးမဂိုဘုရင်ဖြစ်သော ဗဟာဒူးရှားဇဖရ်(ဇဖရ်ရှား) သည် ၎င်းကဗျာစပ်ဆိုရာအကြောင်းအရာအဖြစ် ဤကုရ်အာန်ကျမ်းတော်မြတ် အယူအဆကို အချက်ကျကျသုံး၍ စပ်ဆိုထားသည်မှာ -

ظفـر آدمـی اس کونه جانیے گاخواہ کتـنا ہی صاحب فـهـم و ذکا
جسے عیش میں یاد خدانه رہی جسے طیش میں خوف خدانه رہا

အိုဇဖရ် - သူမည်မျှပင် ပညာရှိပါစေ
လူသားစင်စစ် မဖြစ်သေးချေ။
သူချမ်းသာ ကြွယ်ဝချိန်တွင် အလ္လာဟ်အရှင်မြတ်ကို သတိမရ
သူစိတ်ဆိုးမာန်ဆိုးဖြစ်ချိန်တွင် အလ္လာဟ်အရှင်မြတ်ကို မကြောက်

အမျက်နှင့် ရန်တုန့်ပြန်ခြင်းမှ ခွင့်လွှတ်ခြင်းနှင့် အကူအညီပေးခြင်းသို့

ဤသည်က ကျွန်ုပ်တို့အား စစ်မှန်သော မုစ်လင်မ်တစ်ဦး၏ ဝိသေသ လက္ခဏာတစ်ခုဆီသို့ ရောက်စေသည်။ ထိုသူတို့သည် အကယ်၍ တစ်စုံတစ်ဦးက ထိခိုက်နာကျင်အောင် လုပ်ဆောင်သော်လည်း အမျက်ဒေါသမထွက်၊ မိမိကိုယ်ကို မိမိထိန်းချုပ်မှုမှလည်း မလွတ်ကင်းခဲ့ဟု မိန့်ကြားထားခဲ့သည်။ တစ်ဆင့်တက်သော် ၎င်းတို့သည် အမျက်ဒေါသစေ့ဆော်မှုနောက်သို့ မလိုက်ပါ။ လက်စားမခချေပါ။ သို့သာမက ထိုသူတို့သည် လက်စားချေခြင်းကို စွန့်လွှတ်လိုက်၍ ၎င်းတို့ကို မတရားပြုလုပ်သူတို့အား စင်စစ် နှလုံးသားမှ နှစ်နှစ်ကာကာ ခွင့်လွှတ်ခဲ့ပါသည်။ ဤကိုယ်ကျင့်တရား မြင့်မားသော အခြေအနေတွင်သာ ရပ်မနေဘဲ သူတို့အား ထိခိုက်စေသူတို့၏ကောင်းရာကောင်းကြောင်းကိုပင် လုပ်၍ ပို၍မြင့်သောအခြေအနေသို့ ရောက်ရှိသွားသည်။ စာရိတ္တဆိုင်ရာ ဤ အရည်အသွေးတစ်ခုသည် အရည်အချင်းသုံးခုပေါင်းစပ်ထားသကဲ့သို့ ဖြစ်သွားသည်။ ယင်းတို့မှာ အမျက်

ဒေါသကို ထိန်းချုပ်ခြင်း၊ မတရားပြုသောသူအား ခွင့်လွှတ်ခြင်းနှင့် ထိုသူအား ကောင်းရာကောင်းကြောင်း ပြုလုပ်ပေးခြင်းတို့ ဖြစ်သည်။

ဤ(၃)ချက်စလုံးကို လက်ရှိအာယသ်တော်ထဲတွင် အာဝိဇ္ဇာန်းရွှင်စွာ ဖော်ထုတ်ပြထားသည်မှာ -

وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ

"အမျက်ဒေါသကို ချုပ်တည်းမျိုသိပ်သော သူများလည်း ဖြစ်ကြကုန်၏။ လူသားတို့အား ခွင့်လွှတ်သူများလည်း ဖြစ်ကြကုန်၏။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းသို့) ကောင်းမှုပြုလုပ်သောသူများအား နှစ်သက်တော် မူချေသတည်း။" (၃း၁၃၄)

ဤအာယသ်တော်ကို ရှင်းလင်းတင်ပြခြိန်တွင် အိမာမ်အလ်ဗိုင်ဟကီက ဟဇရသ်အလီ (ဇိုင်နွလ်အာဗီဒီးန်) အိဗ်နိဟုစိုင်န်﴿ﷺ﴾ သခင်၏ ဘဝထဲမှ အံ့ဘွယ်အဖြစ်အပျက်တစ်ခုတင်ပြထားသည်။ ဆင့်ပြန်ချက်အရ ဆိုလျှင် ဟဇရသ်အလီ(ဇိုင်နွလ်အာဗီဒီးန်) အိဗ်နိစိုက်ယိဒိနာ ဟုစိုင်န်﴿ﷺ﴾ သခင် ဝိုသူရေသန့်စင်စဉ် အစေခံမလေး၏ လက်မှ ရေခွက် ရုတ်တရက် လွတ်ကျကာ ဟဇရသ် အလီ﴿ﷺ﴾ ပေါ် ဖိတ်စင်သွားခဲ့သည်။ ဟဇရသ် အလီ﴿ﷺ﴾ သခင်၏ အဝတ်အစားများ စိုရွှဲသွားခဲ့သည်။ သာဝကကြီး အမျက်ဒေါသဖြစ်မည်မှာ သဘာဝကျပါသည်။ အမျက်ဒေါသဖြစ်မည်ကို သိသောအစေခံမလေးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ပါအာယသ်တော်ကို အချိန်မဖြုန်းဘဲ ရွတ်ဖတ်သရစ္ဈာယ်လိုက်သည်။ ယင်းမှာ **وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ** **"(ထိုသူတော်စင်များသည်) အမျက် ဒေါသကို ချုပ်တည်းမျိုသိပ်သောသူများလည်း ဖြစ်ကြကုန်၏။ လူသားတို့အားခွင့်လွှတ်သူများလည်း ဖြစ်ကြကုန်၏"** ဖြစ်သည်။ ဤဖတ်ရွတ်သရစ္ဈာယ်မှုကို ကြားသိလိုက်သော တမန်တော်မြတ်၏ မိသားစုမှ လေးစားထိုက်သော အိမ်တော်ဝင်သည် ဖြစ်ပေါ်လာနိုင်သော ဒေါသအမျက်များ ပျောက်ကွယ်သွားပါသည်။ သာဝကကြီးသည် လုံးဝငြိမ်သက်သွားခဲ့သည်။ အစေခံမလေးသည် အာယသ်တော်၏ ဒုတိယဝါကျကို ထပ်မံ၍ ရွတ်ဖတ်သရစ္ဈာယ်ခဲ့သည်။ ယင်းမှာ **وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ** **"စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းသို့) ကောင်းမှုပြု လုပ်သောသူများအား နှစ်သက်တော်မူချေသတည်း"** ဟူ၍ဖြစ်သည်။ ဤဝါကျသည် လူအများက အခြားသူများကို ကောင်းမှုကောင်းရာလုပ်စေရန် ယင်းသို့လုပ်ဆောင်ပါက အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူခြင်းခံရမည်ဟူသော သဘောသက်ရောက်သည်။ ထို့ကြောင့် ဟဇရသ် အလီ (ဇိုင်နွလ်အာဗီဒီးန်) အိဗ်နိ စိုက်ယိဒိနာ ဟုစိုင်န်က ယင်းကိုကြားသည်နှင့် တပြိုင်နက်တည်း "ကောင်းပြီ" သင်သွားနိုင်ပြီ။ သင့်ကိုငါကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီ"ဟု မိန့်ကြားခဲ့သည်။ **(ဗိုင်ဟကီက ရည်ညွှန်းသည်။ ရှဟုလ်မအာနီကျမ်း)**

လူအများအား ၎င်းတို့၏ အမှားအယွင်းများနှင့် ချို့တဲ့မှုများအတွက် ခွင့်လွှတ်ခြင်းသည် လူသားတို့၏ စာရိတ္တဆိုင်ရာ အလွန်မြင့်မားဆုံးသော အရည်အချင်းဖြစ်သည်။ ထို့ပြင် ယင်းကြောင့် နောင်တမလွန်ဘဝတွင် ရမည့် အကျိုးကျေးဇူးများကား သာလွန်၍ပင် မြင့်မားလေသည်။ ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် တမန်တော်မြတ် ﴿ﷺ﴾ သခင်၏ ဆင့်ပြန်ချက်ကို မိန့်ကြားထားသည်မှာ -

“ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံမှ အခွင့်အရေးရရန် ရှိပါသလောဟူ၍ မေးမြန်းပါလိမ့်မည်။ အကယ်၍ ရှိခဲ့ပါလျှင် ထိုသူ အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် မတ်တတ်ရပ်စေဟူ၍ ကြေညာပါလိမ့်မည်။ ထိုအချိန်တွင် မတ်တတ်ရပ်နေသူတို့မှာ ကမ္ဘာလော သက်တမ်းတွင် လူအများက သူတို့အား မတရားပြုမှုများကို ခွင့်လွှတ်ခဲ့ကြသောသူများ ဖြစ်ကြသည်။”

နောက်ထပ် ဟဒီးဆ်တော်တစ်ပုဒ်၌ တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားထားသည်မှာ -

من سره ان يشرف له البنيان وترفع له الدرجت فليعف عن من ظلمه ويعط من حرمه ويصل من قطعه

“တစ်ဦးတစ်ယောက်သည် ဂျန္နသ်သုခဘုံတွင် မြင့်မားသော နန်းတော်ကြီးများ ရယူလိုပြီး အဆင့်အတန်း မြင့်မားလိုသူတို့သည် မိမိအား မတရားပြုသော သူတို့ကို ခွင့်လွှတ်သင့်သည်။ ၎င်းပြင် မိမိကို လည်း ဘာမျှပေးကမ်းခြင်း မရှိသူတစ်ဦးကို လက်ဆောင်များ ပေးကမ်းပါ။ ၎င်းပြင် မိမိအား အဆက်အသွယ် ဖြတ်တောက်ထားသူကို အဆက်အသွယ် ပြုလုပ်ပါ။”

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မကောင်းမှုပြုနေသောသူတို့အား ကောင်းရာကောင်းကြောင်း ပြုလုပ်ခြင်းဆိုသည့် ကြီးမားသော ကိုယ်ကျင့်တရားကို ပိုမိုရှင်းလင်းစွာ သင်ကြားပြသထားပြီး ဤနှုးညံ့သိမ်မွေ့သော နည်းလမ်းမှတစ်ဆင့် ရန်သူများကို မိတ်ဆွေဖြစ်အောင် မည်ကဲ့သို့ ပြုလုပ်နိုင်ကြောင်းကို အတည်ပြု မိန့်ကြားထားသည်။ ထိုမိန့်ကြားချက်မှာ -

اِدْفَعْ بِالَّتِیْ هِیَ اَحْسَنُ فَاِذَا الَّذِیْ بَیْنَكَ وَبَیْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِیٌّ حَمِیْمٌ

“အသင်သည် (မကောင်းမှုကို) ကောင်းမှုဖြင့် ခုခံတွန်းလှန်ပါလေ။ သို့ဖြစ်လျှင် အကြင်သူနှင့် အသင်၏ အကြားခ္ဍ ရန်ငြိုးရှိ၏။ ထိုသူသည် မိတ်ဆွေရင်းကဲ့သို့ ဖြစ်လာပေမည်။” (၄၁း၃၄)

ဤသည်းကား ကိုယ်ကျင့်တရားဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှုတွင် အမြင့်မားဆုံး နည်းစနစ်ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်က သူ၏ တမန်တော်မြတ်ကြီးအား ပေးသနားတော်မူခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ အား လမ်းညွှန်မှု ပေးထားသည်မှာ -

صِلْ مَنْ قَطَعَكَ وَاعْفُ عَمَّنْ ظَلَمَكَ وَاَحْسِنْ اِلٰی مَنْ اَسَاءَ اِلَیْكَ

“မိမိအား အဆက်ဖြတ်ထားသူနှင့် အဆက်အသွယ် ပြုလုပ်ပါ။ ထို့ပြင် မိမိအား မတရားပြုလုပ်ထားသူကို ခွင့်လွှတ်ပါ။ ထို့ပြင် မိမိအပေါ် မကောင်းပြုသူအား အကောင်းနှင့် တုန့်ပြန်ပါ။”

တမန်တော်မြတ်ကြီး၏ ကိုယ်ကျင့်တရား ခန်းနားကြီးကျယ်မှုသည် ပြိုင်ဘက်ကင်းပြီး အထင်ကရပင် ဖြစ်ပါသည်။ တမန်တော်မြတ်ကြီး သင်ကြားပို့ချချက်များ၏ ကောင်းချီးများသည် အစေခံများထဲပင် မည်မျှ အောင်အောင်မြင်မြင် စွဲမြဲနေပါသနည်းဟူမူ ယင်းတို့၏ ကိုယ်ကျင့်တရားများနှင့် စာရိတ္တလက္ခဏာများသည် ကိုယ်တော်မြတ်ကြီးနှင့် အလားတူပင် ဖြစ်တော့သည်။ ဤသည် စစ်မှန်သော မုစ်လင်မ်အုမ္မသ်ထု၏ ထင်ရှား

သော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည့် အလျှောက် ဆွဟာဗဟ်သာဝကကြီးများ သက်ရှိထင်ရှားရှိစဉ် ကာလ၌လည်းကောင်း၊ သူတို့အား ဆက်ခံသူတို့၏ အချိန်အခါ၌လည်းကောင်း ရိုသေလေးစားထိုက်သော မုစ်လင်မ်အုမ္မသ်ထု၏ အကြီးအကဲများအတွင်း၌လည်းကောင်း ရာထောင်များစွာ စံပြပုဂ္ဂိုလ်များ ရှိခဲ့ကြသည်။

ကြီးမြတ်သော အီမာမ်အဗူဟနီဖဟ်၏ လက်ထက်တွင် ဆီလျှော်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ လူစည်ကားသော ဈေးတစ်နေရာတွင် တစ်စုံတစ်ဦးသည် သူ့ထံချဉ်းကပ်ပြီး အမျိုးမျိုးဆဲရေးတိုင်းထွာကာ စော်ကားမော်ကားပြုလုပ်ခဲ့သည်။ အီမာမ်သခင်ကြီးသည် သူ၏ဒေါသကို ထိန်းချုပ်ကာ သူ့အား မည်သို့မျှခွန်းတုံ့ပြန် မပြောခဲ့ပါ။ သူသည် အိမ်သို့ပြန်သွားကာ ရွှေ၊ ငွေ တော်တော်များများကို လက်ဆောင်အဖြစ်ပေးရန် ထုပ်ပိုးကာ လင်ဘန်းတစ်ခုတွင် ထည့်ယူပြီး သူ့အားစော်ကားမော်ကား ပြုသူ၏အိမ်သို့ သွားရောက်ခဲ့သည်။ သူ၏ အိမ်တံခါးကိုခေါက်သည်။ ထိုသူထွက်လာသောအခါ၌ ရွှေ၊ ငွေ အပြည့်ထည့်ထားသော လင်ပန်းကိုပေးအပ်ပြီး ပြောကြားသည်မှာ - "ယနေ့တွင် အသင် ကျွန်ုပ်အပေါ်၌ အလွန်ကောင်းရာကောင်းကြောင်း ပြုလုပ်ခဲ့လေပြီ။ (အသင် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို) ကျွန်ုပ်အား ပေးခဲ့သည်။ ဤကဲ့သို့ အသင်ပြုလုပ်ခဲ့သော ကြီးကျယ်သော အလုပ်အတွက် ကျေးဇူးတင်သည့်အနေဖြင့် ကျွန်ုပ်သည် ဤလက်ဆောင်ကို အသင့်အားပေးအပ်ရခြင်းဖြစ်သည်။" ထူးခြားသောလုပ်ရပ်သည် ထိုသူအား ခိုက်သွားသည်မှာ သဘာဝပင်ဖြစ်သည်။ သူသည် အမှားဝန်ချတောင်းပန်ပြီးသည့်နောက် သူ၏ အကျင့်ဆိုးများကို အစဉ်အမြဲ စွန့်လွှတ်ခဲ့သည်။ သူသည် အီမာမ်ကြီးထံမှ ခွင့်လွှတ်ခြင်းကို တောင်းခံပြီးသည့်နောက် အီမာမ်ကြီး၏ အသိုင်းအဝိုင်းတွင် တပည့်ခံကာ အဆုံးတွင် ထင်ရှားလှသော ပညာရှင်တစ်ဦး ဖြစ်သွားခဲ့သည်။

ဤမျှအထိမှာ မူရင်းစာသားတို့က လူသားများ ရပိုင်ခွင့်ကို ဖြည့်ဆည်းခြင်းနှင့် ပတ်သက်သည့် စာရိတ္တအရည်အချင်းများကို ဖော်ပြထားသည်။ ဤသည်နှင့်ဆက်၍ အလွှာဟ်အရှင်မြတ်၏ ရပိုင်ခွင့်များ ဖြည့်ဆည်းခြင်းနှင့် ပတ်သက်သည့် အရည်အချင်းများအကြောင်း ဖော်ပြရာတွင် စစ်မှန်သောမုစ်လင်မ်များသည် အလွှာဟ်အရှင်မြတ်အမိန့် မဖိဆန်ဟု မိန့်ကြားထားသည်။ လူသားအားနည်းချက်၏ စေ့ဆော်မှုကြောင့် ထိုသူတို့အပြစ်ကျူးလွန်မိခဲ့ပါလျှင် ၎င်းတို့သည် အလွှာဟ်အရှင်မြတ်ဘက် ချက်ချင်းလှည့်၍ အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးသနားမှုရရန် ဝန်ချတောင်းပန်၍ နောင်တွင် ထိုအပြစ်မှ ရှောင်ကြဉ်ရန် အဓိဋ္ဌာန်ပြုကြသည်။

စစ်မှန်သော မုစ်လင်မ်များ၏ ဤကဲ့သို့ အရည်အချင်းမှာ မူရင်းစာသား၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً اَوْظَلَمُوْٓا اَنْفُسَهُمْ ذَكَرُوا اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ
وَمَنْ يَّغْفِرُ الذُّنُوْبَ اِلَّا اللّٰهُ وَلَمْ يُصِرُّوْا عَلٰى مَافَعَلُوْا وَهُمْ يَعْلَمُوْنَ

"ထို့ပြင်တစ်ဝ ယင်းသူတော်စင်များသည် ညစ်ညမ်းသော ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်မိသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းမိကြသည်ဖြစ်စေ (ပြုမိလျှင်ပြုမိခြင်း) အလွှာဟ်အရှင်မြတ်အား အောက်မေ့တသသတိရကြကုန်၏။ ထို့နောက် မိမိတို့ အပြစ်များမှ ချမ်းသာရန်အလို့ငှာ (အလွှာဟ် အရှင်မြတ်အထံတော်၌) အသနားခံတောင်းပန်ကြကုန်၏။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်မှ တစ်ပါး အပြစ်များမှ ချမ်းသာခွင့်ပေးနိုင်သောသူသည် အဘယ်သူနည်း။ တစ်ဖန် ယင်းသူတို့သည်

မိမိတို့ပြုလုပ်မိကြသော (ပြစ်မှုဒုစရိုက်များကို) ဇွတ်တိုး၍ မိမိတို့ကိုယ်တိုင် သိနားလည်ကြပါလျက်နှင့် လက်မလျှော့ဘဲ ပြုမြဲပြုနေခဲ့ကြသည်လည်း မဟုတ်ချေ။" (၃း၁၃၅)

အပြစ်ဒုစရိုက်ကျူးလွန်မှုတွင် ပါဝင်ပတ်သက်နေခြင်းသည် တစ်စုံတစ်ဦး၏ အလွှာဟ်အရှင်မြတ်အား တသ အောက်မေ့သတိရခြင်းတွင် လျစ်လျူရှုမှုကြောင့် ဖြစ်သည်ဟု အာယသ်တော်က ကျွန်ုပ်တို့အား ပြောပါသည်။ ထို့ကြောင့် ညွှန်ကြားချက်မှာကား -

အကယ်၍ ပြစ်မှုတစ်ခုကျူးလွန်မိပါက တစ်စုံတစ်ဦးသည် အလွှာဟ်အရှင်မြတ်ဘက်သို့ ချက်ချင်းလှည့်သင့်သည်။ အလွှာဟ်အရှင်မြတ် အမိန့်တော်နာခံရန် စိတ်အားထက်သန်မှုကို တစ်ဖန်ပြန်လည် သစ်ဆန်းစေကာ ထိုအရှင်မြတ်အား သတိရတသသင့်သည့်အတိုင်း စတင်၍ သတိရတသရပေမည်။

ဤနေရာတွင် လမ်းညွှန်မှု၏ အခြားအချက်က ကျွန်ုပ်တို့ကို ပြောသည်မှာ အပြစ်များမှ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းသည် အရာနှစ်ခုအပေါ် တည်မှီနေသည် -

(၁) အတိတ်ကကျူးလွန်ခဲ့သော အပြစ်များအတွက် နောင်တရရန်၊ ဤပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန်နှင့် ခွင့်လွှတ်ချမ်းသာပေးသနားတော်မူရေး ဆုမွန်တောင်းခံရန်။

(၂) နောင်တွင် ထိုပြစ်မှုများ အနီးသို့ပင် မချဉ်းကပ်မိရန် သန္နိဋ္ဌာန်ပြည့်ဝစွာ ချထားရန်တို့ ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်က ဖော်ပြထားသော ဤမြင့်မားလှသည့် ကိုယ်ကျင့်တရားများ ပိုင်ဆိုင် လာရန် အလွှာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့ အပေါ်ဝယ် ကောင်းချီးမင်္ဂလာချီးမြှင့်ပေးသနားတော် မူပါစေ။ အာမီးန်။

VVVVVVVVVV

အာယသ် (၁၃၉-၁၄၃)

وَلَا تَهِنُوْا وَلَا
تَحْزَنُوْا وَاَنْتُمُ الْاَعْلَوْنَ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۳۹﴾ اِنْ
يَّمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهٗ ؕ وَتِلْكَ
الْاَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ ۚ وَلِيَعْلَمَ اللّٰهُ الَّذِيْنَ اٰمَنُوْا
وَيَتَّخِذَ مِنْكُمْ شُهَدَآءَ ؕ وَاللّٰهُ لَا يُحِبُّ الظّٰلِمِيْنَ ﴿۱۴۰﴾
وَلِيُمَحِّصَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَيَمْحَقَ الْكٰفِرِيْنَ ﴿۱۴۱﴾ اَمْ
حَسِبْتُمْ اَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ جٰهَدُوْا
مِنْكُمْ وَيَعْلَمَ الصّٰبِرِيْنَ ﴿۱۴۲﴾ وَلَقَدْ كُنْتُمْ تَمَنَّوْنَ الْمَوْتَ مِنْ
قَبْلِ اَنْ تَلْقَوْهُ ۖ فَقَدْ رَاَيْتُمُوْهُ وَاَنْتُمْ تَنْظُرُوْنَ ﴿۱۴۳﴾

ထို့ပြင်တစ်ဝ အသင်တို့သည် အားမလျော့ကြကုန်လင့်။ ပူပင်သောကလည်း မဖြစ်ကြကုန်လင့်။ စင်စစ်သော်ကား အကယ်၍သာအသင်တို့သည် “မုအ်မင်န်” ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူများ ဖြစ်ကြပါမူ (နောက်ဆုံးတွင်) အသင်တို့သည်သာလျှင် အနိုင်ရရှိသူများ ဖြစ်လတ္တံ့။ (၃း၁၃၉)

အကယ်၍ အသင်တို့၌ (အုဟုဒ်စစ်မြေပြင်တွင်) တစ်စုံတစ်ရာဒဏ်ရာဒဏ်ချက်ထိရောက်ခဲ့ပါလျှင် ယင်းကဲ့သို့ဒဏ်ရာဒဏ်ချက်သည် (ဗဒ်ရ်စစ်မြေပြင်တွင်) ထိုရန်သူများ၌လည်း ထိရောက်ခဲ့ပြီး ဖြစ်ပေသည်။ (နိုင်တစ်ခါရှုံးတစ်လှည့်ဖြစ်သော) ဤခေတ်သမယများကို ငါအရှင်မြတ်သည် လူသားတို့စပ်ကြားတွင်လှည့်ပတ်ရောက်စေတော်မူသည်။ (ယင်းသို့ ပြုလုပ်တော်မူခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြကုန်သော ‘မုအ်မင်န်’ တို့ကိုသိရှိတော်မူရန် အလို့ငှာလည်းကောင်း၊ အသင်တို့အနက်မှ အချို့တို့ကို (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌) အသက်စွန့်သွားသော အာဇာနည်များအဖြစ် ပြုလုပ်တော်မူရန် အလို့ငှာလည်းကောင်း ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးကျော်စော်ကားသောသူများကိုကား နှစ်သက်တော်မူသည် မဟုတ်ချေ။ (၃း၁၄၀)

ၔင်းပြင် (ယင်းကဲ့သို့ ပြုလုပ်တော်မူခြင်းမှာ)အလ္လာဟ်အရှင်မြတ်သည် “မုအ်မင်န်” အီမာန်ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသော သူတို့အား (ပြစ်မှုအပေါင်းတို့မှ) သန့်ရှင်းစင်ကြယ်စေတော်မူရန်အလို့ငှာလည်းကောင်း၊ ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သော သူများကိုသုတ်သင်ရှင်းလင်းတော်မူရန်အလို့ငှာလည်းကောင်း ဖြစ်ချေသတည်း။ (၃း၁၄၁)

(အို - မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် “ဂျန္နသ်” သုခဘုံသို့ (လွယ်လင့်တကူလျင်မြန်စွာ) ဝင်ရောက်နိုင်ကြလိမ့်မည်ဟု ထင်မှတ်ကြလေသလော။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ယခုထက်တိုင်) အသင်တို့အနက် စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်သော သူတို့ကိုလည်း တွေ့ရှိတော်မမူသေးပေ။ ထိုနည်းတူစွာ ခန္တီတရားထားရှိသူတို့ကိုလည်းတွေ့ရှိတော်မမူသေးချေ။ (၁၄၂)

ၔင်းပြင် အသင်တို့သည် သေခြင်းတရားကို ထိုသေခြင်းတရားနှင့်မတွေ့ကြုံမီအလျင်က မချွတ်မလွဲ တောင်းတလျက်ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ယခုမူကား) အသင်တို့သည် သေခြင်းတရားကို (မိမိတို့တောင်းတသည့် အားလျော်စွာ) မလွဲဧန် မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ကြချေပြီတကား။ (၃း၁၄၃)

နောက်တစ်ကြိမ် မုစ်လင်မ်များအား ဤအာယသ်တော်များမှတစ်ဆင့် အုဟုဒ်စစ်ပွဲတွင် သူတို့ဘာဖြစ်ခဲ့သည်ဆိုခြင်းအကြောင်းနှင့် ပတ်သက်၍ နှစ်သိမ့်ထားခဲ့သည်။ အဆုံးတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ဆုံးရှုံးသူများဖြစ်သည်ဟု အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်အတိုင်း မုစ်လင်မ်များအား မိန့်ကြားထားသည်။ မုစ်လင်မ်များတို့၏ နည်းဗျူဟာများယွင်းမှုကြောင့် ဤအကြိမ်တွင် အောင်ပွဲမရသည်မှာ အကြောင်းမဟုတ်။ ဇွဲလုံ့လရှိခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းဟူသည့် အီမာန်၏ တောင်းဆိုချက်အပေါ် ခိုင်မြဲစွာနေကြပါလျှင် မယုံကြည်သွေဖည်ငြင်းပယ်သူများမှာ အဆုံးတွင် အဆုံးစွန်ရှုံးနိမ့်သူများ ဖြစ်ကြရလိမ့်မည်ဟု ကျမ်းတော်မြတ်က မိန့်ကြားထားသည်။

အကျယ်ဖွင့်ဆိုခြင်း

ဤစူရဟ်၏ အစောပိုင်းတွင် အုဟုဒ်စစ်ပွဲအကြောင်း အပြည့်အစုံဖော်ပြထားခဲ့ပြီးသည်ကို ကျွန်ုပ်တို့သိပြီးဖြစ်ပါသည်။ ယင်းစစ်ပွဲအစပိုင်းတွင် မုစ်လင်မ်များ အောင်နိုင်မှုရရှိပြီး ၎င်းတို့၏ ချို့ယွင်းချက်အချို့ကြောင့် ဤဂျိဟာဒ်စစ်ပွဲတွင် အရှုံးတစ်ရပ်အဖြစ် ပြောင်းသွားခဲ့သော်လည်း အစောပိုင်း စစ်ပွဲတစ်ပွဲ (ဗဒ်ရ်) တွင်မူ အောင်နိုင်မှုရခဲ့ပြီးဖြစ်သည်။ ဤစစ်ပွဲ (အုဟုဒ်) တွင် ဆွဟာဗဟ်သာဝကကြီးပေါင်း (၇၀) သည် ၎င်းတို့အသက်စွန့်လွှတ်စတေးခဲ့ရသည်။ တမန်တော်မြတ်ﷺ သခင်သည်လည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ သို့သော်လည်း ဤသို့ ဖြစ်လင့်ကစား အလ္လာဟ်အရှင်မြတ်သည် စစ်ပွဲ၏ ခိုင်ခွင်လျှာကို မုစ်လင်မ်များဘက် အလေးသာစေ၍

ရန်သူများ ဆုတ်ခွာပြေးစေပါသည်။

ဤယာယီဆုံးရှုံးမှုနှင့် အနှောင့်အယှက် အကြပ်အတည်း ဖြစ်ပေါ်လာရခြင်းမှာ -

(၁) မုစ်လင်မ်လေးသည်တော်များသည် တမန်တော်မြတ်ﷺ သခင် ထုတ်ပြန်ခဲ့သည့် အမြဲလိုက်နာရ မည့် အမိန့်တော်များကို ထင်မြင်ယူဆချက် မှားယွင်းမှုကြောင့် မလိုက်နာခဲ့၍ ဖြစ်သည်။ အချို့လေးသည်တော်များသည် ရှိရင်းစွဲနေရာ၌ပင် နေရာယူလိုခဲ့သည်။ အခြားသော လေးသည်တော်များကမူ ဆက်လက်နေရန်အကြောင်းမရှိတော့၍လည်းကောင်း၊ အခြားစစ်သည်များကဲ့သို့ စစ်အောင်နိုင်မှုမှ ရရှိသော ပစ္စည်းများကို ယူငင်ရန်ဆုံးဖြတ်ခဲ့၍လည်းကောင်း ဖြစ်သည်။

(၂) တမန်တော်မြတ် ﷺ သခင် စစ်မြေပြင်တွင် ရှဟီးဒ်ဖြစ်၍ ကျဆုံးသွားပြီဟူသော သတင်းကလည်း ၎င်းတို့ စစ်မြေပြင်တွင် တိုက်ခိုက်လိုစိတ် လျော့နည်းသွားစေခဲ့သည်။

(၃) အလွန်အရေးကြီးသည့် ကိစ္စရပ်တွင် ကွဲလွဲမှုများ ပေါ်ထွက်ခဲ့သည်။ ယင်းကိစ္စရပ်မှာ တမန်တော်မြတ် ﷺ သခင်၏ ရှင်းလင်းပြတ်သားသော အမိန့်ဖြစ်သည်။ ထိုအမိန့်နာခံခြင်းသည် မပြုမနေရဖြစ်သည်။

ထို့ကြောင့် မုစ်လင်မ်များ ပြုလုပ်ခဲ့သော ဤအမှားသုံးရပ်ကြောင့် ယာယီအနှောင့်အယှက် အကြပ်အတည်းဖြစ်ပေါ်စေခဲ့ပါသည်။ ဤယာယီအခက်အခဲသည် နောက်ပိုင်းတွင် မုစ်လင်မ်များအတွက် အောင်ပွဲဖြစ်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ် မရှိသော်လည်း အဆုံး၌ မုစ်လင်မ်မဂ္ဂါဟိဒင်များသည် ဒဏ်ရာအနာတရဖြစ်ခဲ့ရသည်။ ရွတ်ရွတ်ခွဲခွဲတိုက်ခိုက်ခဲ့ကြသော စစ်သည်တော်များ၏ အလောင်းတို့သည် ၎င်းတို့၏ မျက်စိရှေ့မှောက်တွင် ပြန့်ကြဲနေပါသည်။ တမန် တော်မြတ်ﷺ သခင်သည်ပင်လျှင် ရက်စက်သော ရန်သူကြောင့် ထိခိုက်အနာတရ ဖြစ်ခဲ့သည်။ မကျေမနပ် နှင့် စိတ်ပျက်အားငယ်ခြင်းဖြစ်ကာ သူတို့၏အမှားများကြောင့် ၎င်းတို့သည် အလွန်အမင်း စိတ်ချောက်ချားခဲ့ရသည်။ အချုပ်အားဖြင့် မုစ်လင်မ်တို့သည် ရှေ့မတိုး နောက်မဆုတ်နိုင်ဖြစ်ခဲ့သည်။ အတိတ်ဖြစ်ရပ်များကြောင့် ပူးဆွေသောကရောက်နေကြပါသည်။

ယင်းကြောင့်နောက်တွင် သူတို့အင်အားချိနဲ့သည့် အန္တရာယ်လည်း ဖြစ်လာနိုင်သည်။ ကမ္ဘာတစ်ခုလုံးကို ဦးဆောင်ရန်ဟူသည့် အပ်နှင်းထားသော တာဝန်ကို ထမ်းဆောင်ရန် နှောင့်နှေးသွားနိုင်ပါသည်။ ဤအားနည်းချက်နှစ်ရပ်ကို ကာမိရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်က အောက်ပါအတိုင်း မိန့်ကြားထားသည်။

وَلَا تَهِنُوْا وَلَا تَحْزَنُوْا وَاَنْتُمُ الْاَعْلَوْنَ اِنْ كُنْتُمْ مُّؤْمِنِيْنَ

ထို့ပြင်တစ်ဝ အသင်တို့သည် အားမလျှော့ကြကုန်လင့်။ ပူပန်သောကလည်း မဖြစ်ကြကုန်လင့်။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့သည် "မုအ်မင်န်" ယုံကြည်ခြင်းသဒ္ဓါတရားထားသူများ ဖြစ်ကြပါမူ (နောက်ဆုံးတွင်) အသင်တို့သည်သာလျှင် အနိုင်ရရှိသူများ ဖြစ်ကြကုန်လတ္တံ့။

အကျယ်ဖွင့်ဆိုသော အာယသ်၏ အဖွင့်တွင် မုစ်လင်မ်များအတွက် သတင်းစကားပေးသည်မှာ နောက်နောင်တွင် အားနည်းမှုနှင့် တုန့်ဆိုင်းခြင်းများသော်လည်းကောင်း ဖြစ်ပျက်ပြီးကိစ္စရပ်များအပေါ်တွင် ပူဆွေးသောကရောက်ခြင်းများကိုလည်းကောင်း အသင်တို့ထံ မရောက်ရှိပါစေနှင့်ဟူ၍ ဖြစ်သည်။ အကယ်၍သာ အသင်တို့သည် အီမာန်ယုံကြည်မှုလမ်းပေါ်၌ စွဲမြဲစွာ လျှောက်လှမ်းခြင်း၊ အလျှာဟ်အရှင်မြတ် ပေးထားသော ကတိ

တော်များအပေါ်၌ လုံးဝဥဿုံ ယုံကြည်မှုရှိခြင်း၊ တမန်တော်မြတ်ﷺ အမိန့်တော်များကို နာခံခြင်းများနှင့် အလွှာတ်အရှင်မြတ်လမ်းတော်၌ ပြုလုပ်သော ဂျိဟာဒ်ကို မည်သည့်အခါမျှ ကျောခိုင်းမစွန့်ခွာခဲ့လျှင် အဆုံးတွင် အသင်တို့ သာလျှင် အောင်မြင်သူများဖြစ်ကြလိမ့်မည်။

တစ်နည်းအားဖြင့် ပြောရလျှင် လွန်လေပြီးသောအချိန်က အမှားအယွင်းများအပေါ်၌ ဝမ်းနည်းကြေကွဲဖြစ်ကာ သူတို့၏ အချိန်နှင့် အင်အားကို မဖြုန်းတီးသင့်ကြောင်းကို မုစ်လင်မ်များ စွဲမြဲစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ နောင်တွင် သူတို့လုပ်ရပ်များ မှန်ကန်မှုဖြစ်သော နည်းလမ်းများကိုသာ ရွေးချယ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ရှုံးနိမ့်ပြီးမှ အောင်မြင်ခြင်းအတွက် အလွှာတ်အရှင်မြတ်၏ တမန်တော်အပေါ် ခိုင်မာသော ယုံကြည်ချက်၊ မဆုတ်မနစ်သော နာခံမှုတို့သည် သာယာသောအနာဂတ်အတွက် သေချာသော အာမခံချက်ပင်ဖြစ်သည်။ မုစ်လင်မ်များသည် ဤအရည်အချင်းများ၌ စွဲမြဲနေပါက အဆုံးတွင် သူတို့သည်သာ မုချကောန် အောင်နိုင်ပါလိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဖိတ်ခေါ်သံက ပူဆွေးဝမ်းနည်းနေသော နှလုံးသားများကို ပြန်လည်လန်းဆန်းစေပါသည်။ သုန်မှုံနေသော သူတို့၏ မျက်နှာများသည် စိတ်ဓါတ်အသစ်ဖြင့် လင်းဝင်းတောက်ပလာသည်။ အလွှာတ်အရှင်မြတ်သည် အရှင်မြတ်၏သတင်းစကားကို သယ်ဆောင်မည့်သူများ စေလွှတ်ကာ ကိယာမသ်နေ့တိုင် မုစ်လင်မ်များကို လုပ်ကိုင်နည်းနှင့် သက်ဆိုင်သော ဥပဒေတစ်ခုနှင့် မူတစ်ခုပေးစေခဲ့ပါသည်။ ယင်းမှာပြီးခဲ့သော ကိစ္စရပ်များအပေါ်၌ မုစ်လင်မ်များသည် ဘယ်သောအခါမျှ မျက်ရည်မကျရန် လိုအပ်သည်ဟူ၍ဖြစ်သည်။ မျက်ရည်ကျမည့်အစား သူတို့သည် အင်အားနှင့် စွမ်းအားရှိရန် ရနိုင်သမျှသော နည်းလမ်းများဖြင့် လုပ်ဆောင်သင့်သည်။ ၎င်းနောက် အထက်ပါအကြောင်းအရာများနှင့်အတူ ရှင်းလင်းစွာ မိန့်ထားသည်မှာ အသာစီးရခြင်းနှင့် ဂုဏ်သတင်းကျော် ဇောခြင်းတို့သည် တစ်ခုတည်းသော အခြေခံအရင်းအမြစ်ဖြစ်သည့် အီမာန်ယုံကြည်ခြင်းနှင့် ယင်းအီမာန်၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းတို့ဖြင့်သာ ရရှိနိုင်ပါသည်။ အီမာန်၏ လိုအပ်ချက်အများအပြားထဲတွင် စစ် ဖြစ်တော့မည်ဟု ယူဆသော အချိန်တွင် ကြိုပြင်ဆင်မှုများ ပြုလုပ်ခြင်းလည်း ပါဝင်ပါသည်။ ဆိုလိုသည်မှာ စစ်အင်အားကို ခိုင်မာကျစ်လစ်စေရန် လိုအပ်ပါသည်။ အားလုံးသော လိုအပ်သည့် စစ်လက်နက်ပစ္စည်းများကို စုဆောင်းကာ အသင့်ပြုလုပ်ထားရန်နှင့် စစ်ပွဲအတွက် ဦးတည်ရန် အခြားသော အကြောင်းအရာများကို အချိုး ညီစွာ ထိန်းချုပ်ထားရမည်။ စစ်ပွဲစသည်မှ စစ်ပွဲပြီးဆုံးသည့်တိုင် ဖြစ်ပျက်ခဲ့သော အဖုဟ်စစ်ပွဲအတွင်းမှ အဖြစ် ပျက်များက အထက်ပါအချက်များကို ထောက်ခံလေသည်။

ဒုတိယအာယသ်တော်တွင် မုစ်လင်မ်များကို အခြားသော ရှုထောင့်တစ်ခုမှ ဖြေသိမ့်ထားပါသည်။ အာယသ်တော်တွင် မိန့်ကြားထားသည်မှာ အကယ်၍ စစ်ပွဲတွင် မုစ်လင်များသည် ထိခိုက်ဒဏ်ရာရရှိခဲ့ပါလျှင် အလားတူစွာပင် ၎င်းတို့အားယှဉ်ပြိုင်တိုက်ခိုက်သည့် ရန်သူများဘက်တွင် ထိခိုက်ဒဏ်ရာ ရရှိပါသည်။ အကယ်၍ မုစ်လင်မ် ခုနစ်ဆယ် ရှဟီးဒ်ဖြစ်ကာ၊ တော်တော်များများ ဒဏ်ရာရရှိခဲ့ပါသည်ဟုဆိုလျှင် လွန်ခဲ့သော တစ်နှစ်ကျော်ကျော်က မုစ်လင်မ်များက အရေအတွက်ညီတူညီမျှရှိသော ၎င်းတို့၏ရန်သူများကို ဂရဲသို့ရောက်စေခဲ့ကာ တော်တော်များများကိုလည်း ဒဏ်ရာရစေခဲ့သည် မဟုတ်ပါသလော။ သို့ဆိုလျှင် ဤစစ်ပွဲတွင် အစကနဦးကပင် ရန်သူဘက်မှ လူများစွာ သတ်ဖြတ်ခြင်းခံရ၍ ဒဏ်ရာအနာတရလည်း ဖြစ်စေခဲ့သည်။ ထို့ကြောင့် အာယသ်

တော်က -

اِنْ يَّمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهٗ ؕ وَتِلْكَ الْاَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ

“အကယ်၍ အသင်တို့၌ (အုဟုဒ်စစ်မြေပြင်တွင်) တစ်စုံတစ်ရာ ဒဏ်ရာဒဏ်ချက် ထိရောက်ခဲ့ပါလျှင် ယင်းကဲ့သို့ ဒဏ်ရာဒဏ်ချက်သည်ပင် (ဗဒ်ရိစစ်မြေပြင်တွင်) ထိုရန်သူများ၌လည်း ထိရောက်ခဲ့ပြီးဖြစ်ပေသည်။ (နိုင်တစ်ခါ ရှုံးတစ်လှည့်ဖြစ်သော) ဤခေတ်သမယများကို ငါအရှင်မြတ်သည် လူသားတို့စပ်ကြားတွင် လှည့်ပတ်ရောက်စေတော်မူသည်” ဟု မိန့်ဆိုထားပြီး၊ ကျွန်ုပ်တို့အတွက် အခြားသော အရေးကြီးသည့်မူနှင့် လုပ်ကိုင်နည်းဥပဒေကို လမ်းညွှန်ထားသည်။

ဤကမ္ဘာလောကကြီးထဲတွင် အလ္လာဟ်အရှင်မြတ်၏ လုပ်ရိုးလုပ်စဉ်ဖြစ်သော ဓလေ့သည် လူအများတွင် အခက်အခဲများနှင့် လွယ်ကူမှုများ၊ စိမ်းမချမ်းမြေ့ရခြင်းနှင့် စိတ်ချမ်းမြေ့ရခြင်း၊ ဒုက္ခရောက်ခြင်းနှင့် အေးချမ်းသာယာခြင်း အချိန်များ အလှည့်ကျဖြစ်ပေါ်စေပါသည်။ အကယ်၍ အကြောင်းကြောင်းကြောင့် မှားယွင်းစေ့ဆော်ခြင်းခံရသော အင်အားက တစ်ခဏတာမျှ အပေါ်စီးရရှိခဲ့ပါလျှင် အမှန်တရားစေ့ဆော်ခြင်းခံရသော အုပ်စုသည် စိတ်အားမငယ်သင့်ပါ။ ၎င်းနောက် ထိုအချိန်မှစတင်၍ ဆုံးရှုံးမှုသာလျှင် အမြဲတမ်း ခံစားမည့်ကြမ္မာဟု မမှတ်ယူသင့်ပါ။ ဤကဲ့သို့သော အဆိုးမြင်ဝါဒအစား ၎င်းတို့သည် ဆုံးရှုံးမှု၏ အကြောင်းရင်းများကို ရှာကြံသင့်သည်။ ထိုအကြောင်းရင်းများကို ဖော်ထုတ်မိသည်နှင့် တပြိုင်နက် ၎င်းတို့ကိုသည် ယင်းအမှားများကို ထက်မံကျူးလွန်နိုင်သည့် ဖြစ်နိုင်ချေများ အားလုံးပယ်ရှား၍ မှန်ကန်သည့် နည်းလမ်းများကိုသာ လုပ်သင့်သည်။ အဆုံးတွင် မှန်ကန်မှု စေ့ဆော်ခြင်းခံရသောအဖွဲ့သည်သာလျှင် အောင်နိုင်သူအဖြစ် ပေါ်ထွက်လာပါလိမ့်မည်။

VVVVVVVVVV

အာယသ် (၁၄၄-၁၄၅)

وَمَا
مُحَمَّدٌ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ؕ اَفَا۟ٮِٕنْ
مَّاتَ اَوْ قُتِلَ انْقَلَبْتُمْ عَلٰۤى اَعْقَابِكُمْ ؕ وَمَنْ يَّنْقَلِبْ عَلٰى
عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْـًٔا ؕ وَسَيَجْزِى اللّٰهُ الشّٰكِرِيْنَ ﴿۱۴۴﴾
وَمَا كَانَ لِنَفْسٍ اَنْ تَمُوْتَ اِلَّا بِاِذْنِ اللّٰهِ كِتٰبًا مُّؤَجَّلًا ؕ وَ
مَنْ يُّرِدْ ثَوَابَ الدُّنْيَا نُؤْتِهٖ مِنْهَا ۚ وَمَنْ يُّرِدْ ثَوَابَ
الْاٰخِرَةِ نُؤْتِهٖ مِنْهَا ؕ وَسَنَجْزِى الشّٰكِرِيْنَ ﴿۱۴۵﴾

အမှန်သော်ကား (တမန်တော်) မုဟမ္မဒ်﴿ﷺ﴾ သခင်သည် ရစူလ်တမန်တော်တစ်ပါးမျှသာ ဖြစ်သည်။ ထို (ရစူလ်တမန်တော်) မုဟမ္မဒ်﴿ﷺ﴾ ၏ အလျင် (အခြား) ရစူလ်တမန်တော်များ(လည်း) မလွဲဧကန် လွန်လေခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ အကယ်၍သာ ထို (ရစူလ်တမန်တော်) မုဟမ္မဒ်﴿ﷺ﴾သည် (လည်း) ကွယ်လွန်သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် သတ်ဖြတ်ခြင်းခံခဲ့ရလျှင်သော်လည်းကောင်း၊ အသင်တို့သည် (စစ်မြေပြင်မှဖြစ်စေ၊ အစွလာမ်သာသနာတော်မှဖြစ်စေ) မိမိတို့ ခြေဖနောင့်ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွာသွားကြမည်လော။ အမှန်စင်စစ်သော်ကား မည်သူမဆို မိမိခြေဖနှောင့်ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွာသွားပါမူ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှ အလျင်းဆုံးရှုံး နစ်နာစေနိုင်မည် မဟုတ်ချေ။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်သည် “ကတညူ” ကျေးဇူးတော်များကို သိတတ်သောသူတို့အား မကြာမီအကျိုးကျေးဇူးပေးသနားတော်မူအံ့။(၃း၁၄၄)

ထိုမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်၌မျှ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မရှိဘဲလျက် သေဆုံးနိုင်ခွင့်မရှိချေ။ (လူတိုင်းအဖို့ သေဆုံးရန်အတွက်) သတ်မှတ်ထားသော အချိန်တစ်ချိန်သည် ရေးသားပြီးဖြစ်သည်။ တစ်ဖန် မည်သူမဆို လောကီအကျိုးကို အလိုရှိခဲ့ပါမူ ငါအရှင်မြတ်သည် (အလိုတော်ရှိပါလျှင်) ထိုသူအား လောကီအကျိုးကို ပေးသနားတော်မူအံ့။ ထိုနည်းတူစွာ မည်သူမဆို နောင်တမလွန်ဘဝ၏အကျိုးကျေးဇူးများကို အလိုရှိခဲ့ပါလျှင် ငါအရှင်မြတ်သည် ထိုသူအား နောင်တမလွန်ဘဝ၏ အကျိုးကို ပေးသနား

တော်မူအံ့။ ၎င်းပြင် ငါအရှင်မြတ်သည် ကျေးဇူးသိတတ်သောသူတို့အား မကြာမီ အကျိုးပေးဆပ်တော်မူအံ့။ (၁၄၅)

အကျယ်ဖွင့်ဆိုခြင်း

အကြောင်းအမျိုးမျိုးတို့ကြောင့် သီးခြားထူးခြားမှုရှိသော 'အုဟုဒ်' စစ်ပွဲနှင့် ပတ်သက်သော အဖြစ်အပျက်တို့ကို ဤအာယသ်တော်ထဲတွင် ပြန်လည်ဖော်ပြထားပါသည်။ ထိုအကြောင်းတို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်သည် စူရဟ်အလ်အင်မ်ရာမ်၏ လေးငါးရှုကူလောက်ကို 'အုဟုဒ်" စစ်ပွဲတွင် အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်းတို့၏ အစီအစဉ်များနှင့် ၎င်းတို့အထဲတွင် ပါဝင်သော လမ်းညွှန်ချက်၏ သဘောသဘာဝကို အထူးပြုဖော်ပြထားသည်။

အထက်ပါအာယသ်တော်များမှ ပထမဦးဆုံးသော အာယသ်တော်ထဲတွင် အချို့သောဆွဟာဗဟ်ကြီးတို့၏ အမြော်အမြင်မရှိသော လုပ်ရပ်တစ်ခုနှင့် ပတ်သက်သော သတိပေးချက်သည် အလွန်ကြောက် ရွံ့ဖွယ်ရာဖြစ်သော်လည်း၊ အမှန်အားဖြင့် မူနှင့်ပတ်သက်သော ကိစ္စရပ်တစ်ခုကို ပြီးပြတ်သွားစေသည်။ အနည်းငယ်မျှ စဉ်းစားလိုက်ရုံဖြင့် မုစ်လင်မ်များကြုံတွေ့ခဲ့ရသော ယာယီကံဆိုး မိုးမှောင်ကြခြင်း၊ တမန်တော်မြတ် ﷺ ထိခိုက်ဒဏ်ရာရရှိခြင်း၊ တမန်တော်မြတ်ﷺ ရှဟီးဒ်ဖြစ်သွားပြီဆိုသည့် သတင်းပြန့်နှံ့သွားခြင်းနှင့် ထိုသတင်းကြောင့် ဆွဟာဗဟ်သာဝကကြီးအချို့တို့ စိတ်အားငယ်သွားရသည်ဆိုခြင်းတို့ နောက်ကွယ်၌ လျှို့ဝှက်ချက်တစ်ခုရှိသည်ဆိုသည်မှာ သိသာနိုင်ပါသည်။ ယင်းလျှို့ဝှက်ချက်မှာ အခြားမဟုတ်ပါ။ မုစ်လင်မ်တို့သည် ဤအခြေခံစည်းမျဉ်းကို နားလည်သဘောပေါက်သင့်သည်။ စိန်ခေါ်မှု ပေါ်ပေါက်လာပါက ဤမူကို လက်တွေ့ကျကျ စွဲမြဲစွာ ဆုပ်ကိုင်ရမည်။ အစ္စလာမ်၏ ဤမူတွင်နှစ်ပိုင်းရှိပါသည်။ ပထမဦးစွာအနေဖြင့် ပြည့်စုံစွာ သိရှိ နားလည်ထားရမည်မှာ အစ္စလာမ်ဘာသာသည် တမန်တော်မြတ်ﷺ အား ပြိုင်ဘက်ကင်းသော ရိုသေမှုနှင့် ချစ်ခင်မှုကိုမည်မျှ အလေးထားသနည်းဟူမူ၊ ယင်းသည် အီမာန်ယုံကြည်ချက်၏ အစိတ်အပိုင်းတစ်ခုဟု သတ်မှတ် ထားပါသည်။ ထို့ကြောင့် ဤသိမ်မွေ့သောကိစ္စရပ်မှ အနည်းငယ်မျှ တိမ်းစောင်းသွားခြင်းသည်လည်းကောင်း ပေါ့ပေါ့တန်တန်မှတ်ယူခြင်းတို့သည်လည်းကောင်း "ကုဖ်" မယုံကြည်သွေဖည်ငြင်းပယ်ခြင်း (သို့) မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းတို့နှင့် တန်းတူ သတ်မှတ်ပါသည်။ တစ်ဖန် တစ်ချိန်တည်းမှာ ယင်းအလားတူ အရေးကြီးသည့် အချက်တစ်ခုမှာ မုစ်လင်မ်များတို့သည် နဆွာရာနီနှင့် ခရစ်ယာန်များတို့တွင် ကျရောက်ခဲ့သော ရောဂါဆိုးမျိုးမဖြစ်ပွားရန် နဆွာရာနီနှင့် ခရစ်ယာန်များ ပြုလုပ်ခဲ့သော အလုပ်မျိုး မလုပ်သင့်ပါ။ ၎င်းတို့သည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ ပေါ်ထားသော ရိုသေသမှုနှင့် ချစ်မြတ်နိုးမှုကို အလွန်အလွန် ချဲ့ကားကာ အလွာဟ်အရှင်မြတ်နှင့် ယှဉ်တွဲခဲ့ပါသည်။ ၎င်းနောက် အီစာ﴿عليه السلام﴾ အားစတင်ကိုးကွယ်မှု ပြုလုပ်ခဲ့ကြသည်။

အုဟုဒ်စစ်ပွဲအတွင်း မုစ်လင်မ်များ ယာယီအနှောင့်အယှက်အကြပ်အတည်း ခံစားနေရစဉ်တွင် တစ်စုံတစ်ဦးသည် တမန်တော် မြတ်ﷺ ကွယ်လွန်သွားပြီဟု ကောလဟာလ သတင်းစတင်လွှင့်ခဲ့ပါသည်။ ဆွဟာဗဟ်ကြီးများ ပူဆွေးဒုက္ခရောက်ခဲ့ကြပါသည်။ ယင်းကဲ့သို့ ပူဆွေးခြင်းသည် အလွန်သဘာဝကျသော တုန့်ပြန်မှုဖြစ်ပြီး၊ စင်စစ် တိုက်ရိုက်လည်း ပတ်သက်ပါသည်။ လူတိုင်းလူတိုင်းသည် ထိုကဲ့သို့ ပူဆွေးဒုက္ခရောက်မှုကို ခံစားကြည့်၍လည်း မရရှိနိုင်ပါ။ အလွန်လွယ်ကူသော တိုင်းတာမှုမျိုးနှင့်လည်း တိုင်းတာ၍ မရနိုင်ပါ။ ဆွဟာဗဟ်

သာဝကြီးများက တမန်တော်မြတ်﴿ﷺ﴾ အပေါ် ချစ်ခင်မြတ်နိုးခြင်းနှင့် အလေးအမြတ်ထားမှုကို သိရှိနားလည်ပြီး ခံစားနိုင်သူတစ် ယောက်သည်ပင်လျှင် ထိုအချိန်က ဆွဟာဗဟ်သာဝကကြီးတို့ ခံစားခဲ့ရသော ပူဆွေးသောက ရောက်မှုကို အနီးစပ်ဆုံး မှန်းဆနိုင်မည်မဟုတ်ပေ။ အမှန်စင်စစ် ဤဆွဟာဗဟ်ကြီး ပြုလုပ်ခဲ့သော စွန့်လွှတ်မှုမျိုးကို ပြည့်ပြည့်ဝဝ နားလည်မှုနှင့် အသိအမှတ်ပြုမှုတို့ လိုအပ်ပါသည်။ မြင့်မြတ်သော ဆွဟာဗဟ်သာဝကြီးများတို့သည် အလ္လာဟ် အရှင်မြတ်၏ တမန်တော်နှင့် သူတို့အလွန်ချစ်မြတ်နိုးရပါသော လမ်းညွှန်သူအပေါ် ထားရှိသော မဆုတ်မနစ်သော ချစ်ခင်ခြင်းနှင့် အလေးအမြတ်ထားမှုတို့ကြောင့် သူတို့တွင် ရှိရှိသမျှသော အရာအားလုံးဖြစ်သော ငွေကြေး ပစ္စည်းဥစ္စာများ၊ သားသမီးများနှင့် သူတို့၏ အသက်များကိုပင် တမန်တော်မြတ်﴿ﷺ﴾ အတွက် စွန့်လွှတ်ပေးလှူ ခဲ့ကြပါသည်။ ယင်းကဲ့သို့ စွန့်လွှတ်မှုများတို့သည် ကမ္ဘာလောက၏ အလွန်နှစ်လိုဖွယ်ကောင်းသော အောင်မြင်မှုများဟု မှတ်ယူကာ သူတို့၏ လုပ်ရပ်များဖြင့် သက်သေပြခဲ့ကြပါသည်။

မုစ်လင်မ်များတို့သည် အစဦး၌ အနိုင်ရရှိပြီး ရှုံးကာနီးတိုက်ပွဲလည်း ပြင်းထန်နေချိန်တွင် သူတို့အားလုံး၏ မျှော်လင့်ခြင်းအမှတ်လကဏ္ဍာလည်းဖြစ်၊ ရုန်းကန်မှု၏ မဏ္ဍိုင်လည်းဖြစ်သည့် တမန်တော်မြတ်﴿ﷺ﴾ ကွယ်လွန်သွားပြီဟူသော တုန်လှုပ်ချောက်ချားဖွယ်သတင်း ရောက်လာရာ၌ တမန်တော်မြတ်﴿ﷺ﴾ ပေါ် အလွန်လေးစားကြည်ညိုသောသူများ မည်ကဲ့သို့ ဖြစ်သွားမည်ကို စဉ်းစားကြည့်ပါ။

ဤကဲ့သို့သော အခြေအနေ ဖြစ်ရိုးဖြစ်စဉ်ရလဒ်မှာ ကြီးမားသော ဆွဟာဗဟ်အုပ်စုကြီးတစ်ခုသည် နဝေတိမ်တောင်ဖြစ်ကာ စစ်မြေပြင်မှ စတင်ဆုတ်ခွာခဲ့ကြပါသည်။ စစ်မြေပြင်မှ ဤကဲ့သို့ ဆုတ်ခွာခြင်းသည် နဝေတိမ်တောင်ဖြစ်မှုများတို့ကြောင့်သာ ဖြစ်သည်ကို သံသယဖြစ်စရာမလိုပါ။ ၎င်းနောက် အစ္စလာမ်ဘာသာမှ စွန့်ခွာသွားသည်ဆိုသည့် အထောက်အထားလည်း မရှိပါ။ ဤဖြစ်ရပ်၏အမှန်တရားမှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်﴿ﷺ﴾ ၏ ဆွဟာဗဟ်များထဲမှ ဘာသာတရားကိုင်းရှိုင်းပြီး ကောင်းကင်စေတမန်များကဲ့သို့သော အုပ်စုတစ်စုအား ကမ္ဘာကြီးတစ်ခုလုံးအတွက် စံပြုထိုက်သူများ ဖြစ်လာစေရန် ရည်စူးခဲ့ခြင်းပင် ဖြစ်သည်။ ဤသည်ကြောင့်ပင် သူတို့၏ သမရိုးကျ မှားယွင်းမှုကလေးတစ်ခုကိုပင် အကြီးကျယ်မှားယွင်းမှုဟု မှတ်ယူခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့၏ စစ်မြေပြင်မှ ဆုတ်ခွာမှုကိုပင် သူတို့အစ္စလာမ်သာသနာဘောင်မှ စွန့်ခွာသွားသည့်အလားဦးတည်ပြောကြားခဲ့ပါသည်။ ဤသို့အမျက်ဒေါသဖြစ်ခြင်းနှင့်အတူ အီမာန်ယုံကြည်ခြင်းနှင့် ပတ်သက်သော မပြုမနေရ တာဝန်များအားလုံး ခဝတ်ကိုးကွယ်ခြင်းနှင့် ဂျိဟားဒ်စစ်ပွဲဆင်နွှဲခြင်းအားလုံးတို့သည် ထာဝရရှင်သန်နေသော အလ္လာဟ်အရှင်မြတ်တွက်သာဖြစ်ကြောင်း သတိပေးထားသည်။ စစ်မြေပြင်၌ တမန်တော်မြတ် ရှဟီးဒ် ဖြစ်သွားသည်ဆိုသည် မှန်ကန်ခဲ့ပါလျှင်လည်း ထိုအရာသည် သတ်မှတ်ချိန်၌ ဖြစ်ရမည့်အရာ ဖြစ်သည်။ စိတ်ပျက်အားလျော့ခြင်းနှင့် အီမာန်လိုအပ်ချက်များကို စွန့်လွှတ်ခြင်း စသော တုန့်ပြန်မှုတို့သည် ထိုကဲ့သို့သော အဆင့်အတန်းတွင်ရှိသောသူများအတွက် မလျော်ကန်ပါ။ ထို့ကြောင့် မိန့်ကြားထားသည်မှာ -

وَمَا مُحَمَّدٌ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ؕ اَفَاْئِنْ مَّاتَ اَوْقُتِلَ انْقَلَبْتُمْ عَلٰٓى اَعْقَابِكُمْ ؕ وَمَنْ يَّنْقَلِبْ عَلٰى عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْـًٔا ؕ وَسَيَجْزِى اللّٰهُ الشّٰكِرِيْنَ

အမှန်သော်ကား (တမန်တော်) မုဟမ္မဒ်ﷺ သည် ရစူလ်တမန်တော်တစ်ပါးမျှသာ ဖြစ်သည်။ ထို (ရစူလ်တမန်တော်) မုဟမ္မဒ်ﷺ ၏ အလျင် (အခြား) ရစူလ်တမန်တော်များ(လည်း) မလွဲဧကန် လွန်လေခဲ့ချေပြီ။ သို့ဖြစ်ပေရာ အကယ်၍သာ ထို(ရစူလ်တမန်တော်) "မုဟမ္မဒ်ﷺ သည်လည်း ကွယ်လွန်သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် သတ်ဖြတ်ခြင်းခံခဲ့ရလျှင်သော်လည်း ကောင်း၊ အသင်တို့သည် (စစ်မြေပြင်မှဖြစ်စေ၊ အစွယ်လာမ်သာသနာတော်မှဖြစ်စေ) မိမိတို့ခြေဖနှောင့် ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွာသွားကြမည်လော။ အမှန်စင်စစ်သော်ကား မည်သူမဆို မိမိခြေဖနှောင့် ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွားသွားပါမူ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှ အလျင်း ဆုံးရှုံးနစ်နာစေနိုင်မည် မဟုတ်ချေ။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးတော်များကို သိ တတ်သောသူတို့အား မကြာမီ အကျိုးကျေးဇူးပေးသနားတော်မူအံ့။"

ဤအာယသ်တော်ထဲတွင် မုစ်လင်မ်များအား သတိပေးထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ﷺ သည် ဤကမ္ဘာလောကမှ တစ်ရက်မဟုတ် တစ်ရက်ရက်တွင် စွန့်ခွာသွားပါလိမ့်မည်။ သို့ရာတွင် ၎င်းတို့သည် တမန်တော်မြတ်ﷺ ရှိစဉ်ကာလမှာကဲ့သို့ပင် တမန်တော်မြတ် ﷺ မရှိတော့သည်အခါတွင်လည်း အီမာန်ကို စွဲမြဲစွာ ဆုတ်ကိုင်ထားရမည်။ ဤသည်မှ ကျွန်ုပ်တို့ထပ်မံသိရသည်မှာ ယာယီအနှောင့်အယှက်အကြပ်အတည်းကာလအတွင်း တမန်တော်မြတ်ﷺ ဒဏ်ရာရရှိခြင်းနှင့် စစ်မြေပြင်၌ တမန်တော်မြတ် ﷺ ရှဟီးဒ်ဖြစ် သွားသည်ဆိုသည့် သတင်းတို့သည် အကွယ်မှ ပြုလုပ်ထားသော အလ္လာဟ်အရှင်မြတ်၏ အစီအမံတစ်ခုဖြစ် သည်။ ယင်းအစီအစဉ်ကြောင့် တမန်တော်မြတ်ကြီး သေဆုံးပြီးနောက် ဆွဟာဗဟ်များ မည်ကဲ့သို့ဖြစ်သွားမည် ကို တမန်တော်မြတ်ﷺ သက်ရှိထင်ရှားရှိနေစဉ် မြင်တွေ့စေရန်ဖြစ်သည်။ သို့မှသာ ကိစ္စအရပ်ရပ်များအပေါ် ၎င်းတို့လုပ်ဆောင်မှု၊ မည်သည့်မှားယွင်းမှုမျိုးကိုမဆို တမန်တော်မြတ်ﷺ ကိုယ်တော်တိုင် ပြုပြင်ထိန်းကျောင်း နိုင်ပါလိမ့်မည်။ ထိုကဲ့သို့သော ပြုပြင်ထိန်းကျောင်းမှုတို့ကြောင့် တမန်တော်မြတ်ﷺ အပေါ် နှစ်နှစ်ကာကာ ချစ်ခင်လေးစားသော ဆွဟာဗဟ်ကြီးတို့သည် အလ္လာဟ်အရှင်မြတ်၏တမန်တော် အမှန်တကယ် သေဆုံးပြီး သတိဝိယအထူးလိုအပ်သော အခြေအနေမျိုးတွင် သူတို့သည် အေးဆေးတည်ငြိမ်စွာ ရှိနေစေရန်ဖြစ်သည်။ ကိုယ်တော်မြတ်ကြီး အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူသည့်အချိန်တွင် ဆွဟာဗဟ်ကြီးများထဲမှ အလွန်ကြီးမြတ် လှသော ဆွဟာဗဟ်ကြီးများသည်ပင်လျှင် အထိတ်တလန့်ဖြစ်ကာ အပြင်းထန်ဆုံးစိတ်လှုပ်ရှားမှုများဖြစ်ခဲ့ကြ ပါသည်။ ဤသို့ဖြစ်နေချိန်တွင် စိုက်ယိဒိနာအဗူဗကရ်သည် အထက်ပါကဲ့သို့သော ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များ၏ အဆိုအမိန့်ကို ကိုးကားကာ အခြေအနေမှန်ကို သူတို့အား ရှင်းပြခဲ့ပါသည်။ ထို့ကြောင့် ဆွဟာဗဟ်ကြီးများတို့သည် သူတို့၏ စိတ်လှုပ်ရှားမှုများကို ထိန်းချုပ်ကာ အမှန်တရားကို လက်ခံနိုင်စွမ်းရှိလာခဲ့ပါသည်။

ထိုအရေးပါလှသော သင်ခန်းစာကို လေ့လာဆည်းပူးရန် လိုအပ်ကြောင်း ဒုတိယအာယသ်တော်တွင် ဖော်ပြထားသည်။ အခက်အခဲများနှင့် ဒုက္ခရောက်ချိန်တွင် စွဲမြဲခြင်းကို သင်ကြားရန်အတွက် မိန့်ကြားထားသည်မှာ လူသားတိုင်းတို့အတွက် သေခြင်းတရားကို အလ္လာဟ်အရှင်ရေးမှတ်ပြီးဖြစ်သည်။ သေဆုံးမည့်နေ့၊ ရက်နှင့် အချိန်တို့ သတ်မှတ်ပြီးဖြစ်သည်။ သတ်မှတ်ပြီးဖြစ်သော သေခြင်းတရားသည် တစ်စုံတစ်ဦးထံသို့စောလည်း ရောက်မလာပါ။ နောက်ကျလည်း မရောက်ပါ။ သို့ဖြစ်ခြင်းကြောင့် သေခြင်းတရားကို ကြောက်ရွံ့နေခြင်းသည်

အဓိပ္ပာယ်မရှိပါ။

အာယသ်တော်ဆုံးကာနီးတွင် ဤအဖြစ်အပျက်နှင့် ပတ်သက်သောအကြောင်းတရားများအနက်မှ ထင်ရှားသော အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ သတိပေးထားပါသည်။ အစောပိုင်းက တင်ပြထားသကဲ့သို့ စစ်မြေပြင်၏နောက်တွင်ရှိသော တောင်ပေါ်၌ တမန်တော်မြတ်ﷺ က အစောင့်အဖြစ်တာဝန်ပေးထားသော ဆွဟာဗဟ်ကြီးတို့သည် စစ်ပွဲ၏ ကနဦးတွင် အနိုင်ရရှိမှုကြောင့် ညီအစ်ကို မုစ်လင်မ်များ စစ်နိုင်၍ရသော ပစ္စည်းစုဆောင်းယူဆောင်နေသည်ကို တွေ့မြင်ရသည်။ အချို့သော ဆွဟာဗဟ်ကြီးများသည် စစ်ပွဲနိုင်ပြီဖြစ်သောကြောင့် မိမိတို့အား တာဝန်ပေးထားသောနေရာ၌ ဆက်လက်တပ်စွဲနေရန်မလိုဟူသော အချက်ကိုစတင်တွေးတောလာကြသည်။ သို့အတွက်ကြောင့် စစ်အောင်နိုင်ပစ္စည်းများ ရယူစုဆောင်းမှုတွင်ပါဝင်ရန် သူတို့ အဘယ်ကြောင့် မသွားသင့်သနည်းဟု ကောက်ချက်ချခဲ့ကြသည်။ ထို့ကြောင့် သူတို့ရှိနေရမည်ဟု အမိန့်ပေးထားသော နေရာမှ ထွက်ခွာခဲ့ကြသည်။ ထိုစဉ် အာယသ်တော်၌ မိန့်ကြားထားသည်မှာ -

وَمَنْ يُّرِدْ ثَوَابَ الدُّنْيَا نُؤْتِهٖ مِنْهَا ۚ وَمَنْ يُّرِدْ ثَوَابَ الْاٰخِرَةِ نُؤْتِهٖ مِنْهَا وَسَنَجْزِى الشّٰكِرِيْنَ

“တစ်ဖန် မည်သူမဆို လောကီအကျိုးကို အလိုရှိခဲ့ပါမူ။ ငါအရှင်မြတ်သည် (အလိုတော်ရှိပါလျှင်) ထိုသူအား လောကီအကျိုးကို ပေးသနားတော်မူအံ့။ ထိုနည်းတူစွာ မည်သူမဆို နောင်တမလွန်ဘဝ၏ အကျိုးကျေးဇူးကို အလိုရှိခဲ့ပါလျှင် ငါအရှင်မြတ်သည် ထိုသူအား နောင်တမလွန်ဘဝ၏ အကျိုးကို ပေးသနားတော်မူအံ့။ ၎င်းပြင် ငါအရှင်မြတ်သည် ကျေးဇူးသိတတ်သော သူတို့အား မကြာမီ အကျိုးပေးဆပ်တော်မူအံ့။” (၃း၁၄၅)

ဤတွင် စစ်အောင်နိုင်ပစ္စည်းများ ရယူစုဆောင်းရန်အတွက် တမန်တော်မြတ်ﷺ က သူတို့အား အပ်နှင်းထားသော တာဝန်မှ စွန့်ခွာသွားခြင်းသည် အမှားတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ဤအာယသ်တော်က ညွှန်းထားခဲ့ပါသည်။ ဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သတိချပ်ရမည်မှာ အစွလာမ်ရှရီအသ်က ရှုံ့ချထားသော ပစ္စည်းများ၏နောက်သို့ အရှက်ကင်းမဲ့စွာ လိုက်လံစုဆောင်းခြင်းနှင့် စစ်နိုင်ပစ္စည်းများ စုဆောင်းခြင်းတို့သည် စစ်မှန်သော ဆိုလိုရင်းတွင် လုံးလုံးမတူညီကြပါ။ တစ်ဖက်တွင် စစ်အောင်နိုင်ပစ္စည်းများ စုဆောင်းခြင်း၊ ယင်းတို့အား လုံခြုံစိတ်ချရသော နေရာ၌ထားရှိခြင်း၊ ယင်းပစ္စည်းများကို သုံးစွဲ၍ရမည့်နေရာတွင် သုံးစွဲခြင်းတို့သည် ဂျိဟားဒ်စစ်ပွဲ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းပင်လျှင် ‘အိဗာဒသ်’ မည်၏။ ဤကဲ့သို့ စုဆောင်းခြင်းတွင် ပါဝင်လုပ်ဆောင်ခဲ့ကြသော ဆွဟာဗဟ်ကြီးတို့သည် ပစ္စည်းများအပေါ် အကျိုးမြတ်သက်သက်ရရှိရန် လုပ်ဆောင်သည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် စုဆောင်းခြင်းအမှုတွင် မပါဝင်ခဲ့သော ဆွဟာဗဟ်ကြီးတို့သည် အစွလာမ်တရားတော်က အာမခံချက်ပေးထားသည့် ဝေစုဝေပုံ ရရှိပါလိမ့်မည်။ ထို့ကြောင့် ဆွဟာဗဟ်ကြီးများ သူတို့အား တာဝန်ချထားခဲ့သည့်နေရာကို စွန့်လွှတ်ခြင်းသည် လောကီအကျိုးအမြတ်များတို့၏ ဖျားယောင်းသွေးဆောင်မှုကြောင့်ဟု မပြောနိုင်ပါ။ သို့ရာတွင် အာယသ် ၁၄၄ တွင် အကျယ်ဖွင့်ဆိုရှင်းပြထားခဲ့သည့်အတိုင်း ဤကဲ့သို့ ကြီးကျယ်လှသောသူများ ကျူးလွန်ခဲ့သော အမှားအသေးဖွဲကလေးများသည်ပင်လျှင် အထူးအရေးထားခြင်း ခံရပါသည်။ သူတို့တာဝန်ဝတ္တရား ထမ်းဆောင်မှုမှ သမရိုးကျ

တာဝန်မကျေမှုကလေးကိုပင်လျှင် အကြီးအကျယ်ဟု သတ်မှတ်ကာ ထိုအမှားအတွက် သတိပေးခြင်းခံရပါသည်။ ယင်းမူကိုလည်း ဤနေရာတွင် အသုံးပြုထားသည်။ လောကီအကျိုးအမြတ်ရရန်ဟူသော ဆန္ဒနှင့် စစ်နိုင်ပစ္စည်းများကို သူတို့ရယူစုဆောင်းသည်ဟု ဆိုကြပါစို့။ ၎င်းပြင် ဤအသေးအဖွဲကိစ္စရပ်သည် သူတို့၏ နှလုံး၌ လွှမ်းမိုးမှု မရှိဟု ဆိုကြပါစို့။ သို့တိုင် အမြင့်မားဆုံးသော ကိုယ်ကျင့်တရားအဆင့်တွင်ရှိသော သူတို့၏ ဤလုပ်ရပ်သည်လည်း ဤကမ္ဘာလောကတွင် အစားရခြင်းဟု ဖော်ထုတ်မှတ်ယူပြီး ဤကဲ့သို့သော သေးငယ်သော လောကီရေးဆိုင်ရာ စွဲဆောင်မှုက သူတို့၏ နှလုံးသားတွင် ဝင်ရောက်နိုင်မည် မဟုတ်ပါ။

VVVVVVVVVV

အာယသ် (၁၄၆–၁၅၀)

وَكَاَيِّنْ
مِّنْ نَّبِيٍّ قٰتَلَ مَعَهٗ رِبِّيُّوْنَ كَثِيْرٌ ۚ فَمَا وَهَنُوْا
لِمَآ اَصَابَهُمْ فِيْ سَبِيْلِ اللّٰهِ وَمَا ضَعُفُوْا وَمَا اسْتَكَانُوْا ؕ
وَاللّٰهُ يُحِبُّ الصّٰبِرِيْنَ ﴿۱۴۶﴾ وَمَا كَانَ قَوْلَهُمْ اِلَّآ اَنْ
قَالُوْا رَبَّنَا اغْفِرْ لَنَا ذُنُوْبَنَا وَاِسْرَافَنَا فِيْٓ اَمْرِنَا
وَثَبِّتْ اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ﴿۱۴۷﴾
فَاٰتٰىهُمُ اللّٰهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الْاٰخِرَةِ ؕ
وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿۱۴۸﴾

ၚင်းပြင် မြောက်မြားစွာသော နဗီတမန်တော်များနှင့်အတူတကွ အလ္လာဟ်အရှင်မြတ်အား ကြည်ညိုမြတ်နိုးကြကုန်သော သူတော်ကောင်းများသည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြလေသည်။ သို့ပါလျက် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် မိမိတို့၌ ဆိုက်ရောက်လာခဲ့သော ဘေးအန္တရာယ် ဆင်းရဲဒုက္ခများကြောင့် စိတ်အားလျော့ခြင်းသည်လည်းကောင်း၊ အင်အားလျော့နည်းခြင်းသည်လည်းကောင်း၊ ကျို့ငဲ့နိမ့်ကျခြင်းသည်လည်းကောင်း မရှိခဲ့ကြချေ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ဇွဲသတ္တိနှင့်ပြည့်စုံ၍) ခန္တီတရားထားရှိသူတို့ကို ချစ်ကြည်မြတ်နိုးတော်မူပေသည်။ (၃း၁၄၆)

ၚင်းပြင်ထိုသူတို့သည် (ယင်းကဲ့သို့ ဘေးအတန်တန်၊ ရန်အဖုံဖုံ၊ ဆင်းရဲဒုက္ခအမျိုးမျိုး ရောက်နေကြသောအခါ တစ်စုံတစ်ရာညည်းညူခြင်းမပြုဘဲ) ဤသို့သာလျှင် လျှောက်ထားကြကုန်သည်။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်မြတ် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ အပြစ်များကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့၏ အရေးကိစ္စတွင် ကျွန်တော်မျိုးတို့၏ အလွန်အကျွန်ပြုမူခဲ့ခြင်းကိုလည်းကောင်း ချမ်းသာခွင့်ပေးသနားတော်မူပါ။ ထိုမှ တစ်ပါးတံ့ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခြေများကို (ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်အပေါ်၌) တည်တံ့ခိုင်မြဲစေတော်မူပါ။ ၚင်းပြင်

ကျွန်တော်မျိုးတို့အား "ကာဖိရ်" ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့သော သူတို့အပေါ်၌ အောင်မြင်ခြင်းကို ပေးသနားတော်မူပါ။ (၃း၁၄၇)

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား လောကီအကျိုး (ဖြစ်သောအောင်မြင်မှု) ကိုလည်းကောင်း၊ နောင်တမလွန်ဘဝ၏ (နိစ္စသုခ တည်းဟူသော) ကောင်းမြတ်သောအကျိုးကျေးဇူးကိုလည်းကောင်း ချီးမြှင့်ပေး သနားတော်မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သောအကျင့်အမူကို ကျင့်မူသောသူတို့အား ချစ်ကြည်တော်မူ လေသတည်း။ (၃း၁၄၈)

ပြီးခဲ့သောအာယသ်များထဲတွင် အုဟုဒ်စစ်ပွဲတွင်းက မုစ်လင်မ်များအား ၎င်းတို့၏ ချို့ယွင်းချက်များ အတွက် သတိပေးခဲ့သည်။ ယင်းနှင့်ဆက်နွယ်၍ လက်ရှိအာယသ်တော်များထဲတွင် အစောပိုင်းအုမ္မသ်ထုမှ အလ္လာဟ်အရှင်မြတ် အချစ်တော်များသည် စစ်ပွဲတွင် မည်မျှရွှင်ရွှင်ခွံ့ခွံ့ တိုက်ခိုက်ခဲ့သည်ကို ဖော်ပြကာ လက်ရှိ ဦးတည်ပြောကြားခံရသူများအား အပြိုင်လုပ်လိုစိတ်ရှိစေပါသည်။

စကားလုံးအချို့၏ ရှင်းလင်းချက်

(၁) **رِبِّيُّوْنَ** ရိဗ်ဗီယွန်သည် ရဗ္ဗာနီ **رَبَّانِيُّ** ကဲ့သို့ပင် **رَبٌّ** ရဗ်ဗီဟူသော စကားလုံးမှ ဆင်းသက်လာကာ (မွေးမြူ ဖန်ဆင်းတော်မူသောအရှင် (သို့) အလ္လာဟ်အရှင်မြတ်၏) ဟု အဓိပ္ပာယ်သက်ရောက်သည်။ လက်ရှိဘာသာ ပြန်ဆိုမှုတွင် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များဟု ပြန်ဆိုထားသည်။ အကျယ်ဖွင့်ဆိုသူအချို့က **رِبِّيُّوْنَ** ရိဗ်ဗီယွန်ကို များပြားသောအုပ်စုဟု အဓိပ္ပာယ်ကောက်ယူကြသည်။ ထိုသူတို့၏ ယူဆချက်မှာ ဤစကားလုံးသည် **رَبَّهْ** ရိဗ္ဗဟ်"အုပ်စု" ဟူသောစကားလုံးမှ ဆင်းသက်သည်ဟု ဆိုသည်။ သို့ဆိုလျှင် **رِبِّيُّوْنَ** ရိဗ်ဗီယွန် (အလ္လာဟ် အချစ်တော်များ) ဟူသော စကားလုံးသည် ဤနေရာ၌ မည်သူများဖြစ်သည်ဟူသည်နှင့် ပတ်သက်၍ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗာစ်နှင့် ဟစန်အလ်ဗဆရီသခင်တို့မှ တင်ပြချက်အရ ယင်းစကားလုံးသည် အုလမာ (ဘာသာရေးပညာရှင်) နှင့် ဖုကဟာ (ဓမ္မသတ်ပညာရှင်များ) ဖြစ်သည်ဟု ရည်ညွှန်းသည်။ **(ရူဟုလ်မအာနီ)**

(၂) **اِسْتَكَانُوْا** အစ္စသကနူ ဟူသည်မှာ **اِسْتَكَانَة** အစ္စသကနတ်မှ ဆင်းသက်၍ အားအင်ချိနဲ့၍ မလှုပ်မယှက်နိုင်သည့်တိုင် နှိမ်နှင်းခံရခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ **(ဇိုင်ဒါဝီ)**

(၃) **وَهَنُوْا** ဝဟနူ ဟူသောစကားလုံးသည် **وَهْن** ဝဟန် ဟူသောစကားလုံးမှ ဆင်းသက်၍ ဒုက္ခများကြောင့် စိတ်ဓါတ်ကျခြင်းဟူ၍လည်းကောင်း၊ ဖိအားတို့ကြောင့် ချည့်နဲ့နွမ်းလျခြင်းဟူ၍လည်းကောင်း အဓိပ္ပာယ် သက်ရောက်သည်။

အကျယ်ဖွင့်ဆိုခြင်း

အခက်အခဲများကြောင့် စိတ်အားလျော့ခြင်းနှင့် အဟန့်အတားဖြစ်ခြင်းတို့ မဖြစ်စေဘဲ လွန်လေပြီးသော တမန်တော်များနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြကုန်သော အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များကို စံနမူနာပြု ကိုးကားပြီးနောက် ယင်းသူတို့၏ အခြားကြီးမားသော အရည်အချင်းတစ်ခုကို ကုရ်အာန်ကျမ်းတော်မြတ်က ဖော်ပြထားခဲ့သည်။ ယင်းမှာ ၎င်းတို့၏ ကိုယ်ကျိုးစွန့်လွှတ်လုပ်ကိုင်စဉ်အတွင်း အလ္လာဟ်အရှင်မြတ် အထံတော်တွင် ဆုဒုအာမပြတ် တောင်းဆိုခဲ့ပါသည်။ ယင်းဆုဒုအာမာ

(၁) ၎င်းတို့၏ အတိတ်က ပြစ်မှုများကို ချမ်းသာခွင့်လွှတ်တော်မူရန်

(၂) လက်ရှိ ဂျိဟာဒ်စစ်ပွဲ ကြိုးပမ်းနေစဉ်တွင် ၎င်းတို့၏ ချို့တဲ့မှုများအား ခွင့်လွှတ်ချမ်းသာပေးရန်

(၃) ကြံ့ကြံ့ခံနိုင်မှု စွမ်းအားပေးသနားတော်မူရန်

(၄) ရန်သူများအပေါ် လွှမ်းမိုးအောင်နိုင်ရန်

ဤတောင်းဆုဒုအာတွင် မုစ်လင်မ်များအတွက် အရေးကြီးသော လမ်းညွှန်မှုအချို့ သွယ်ဝိုက်ပါဝင်နေသည်။

ကောင်းမှုလုပ်ရပ်တစ်ခုအတွက် မည်သည့်အခါမျှ မာနမထောင်လွှားသင့်

အရှိကို အရှိအတိုင်း နားလည်သော စစ်မှန်သည့် မုစ်လင်မ်တစ်ဦးသည် ကောင်းမှုလုပ်ရပ်တစ်ခုခု ထမြောက်အောင်မြင်မှုအပေါ်တွင် မာနမထောင်လွှားသင့်ချေ။ ထမြောက်အောင်မြင်မှုသည် မည်မျှပင် ကြီးကျယ်ပါစေ၊ အလ္လာဟ်အရှင်မြတ် လမ်းတော်၌ ကြိုးပမ်းမှုသည် မည်မျှပင် လူအားဥာဏ်အား စိုက်ထုတ်ရသည် ဖြစ်ပါစေ၊ ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းထောမနာပြုရန် အခွင့်မရှိချေ။ အဘယ်ကြောင့်ဆိုသော် သူ၏ကောင်းမှုလုပ်ရပ်ကြောင့် ထမြောက်အောင်မြင်မှုသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ မဟာကရုဏာတော်နှင့် အသနားတော်ကြောင့် ဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ် ၏ အသနားတော်နှင့် ကောင်းချီးမင်္ဂလာ မပါခဲ့လျှင် ကောင်းမှုကောင်းရာဟူ၍ပင် ဖြစ်မလာချေ။ ဟဒီးဆ်တော် တစ်ရပ်တွင် လာရှိသည်မှာ -

فو الله لولا الله ما اهتد ينا
ولا تصدقـنا ولا صليـنا

"အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ကောင်းချီးမင်္ဂလာကြောင့်သာ မဟုတ်ခဲ့လျှင် ကျွန်ုပ်တို့သည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အတွက် လမ်းညွှန်မှုကို ရရှိနိုင်မည် မဟုတ်။ ထို့ပြင် ကျွန်ုပ်တို့သည် ဇကားသ်ဒါနကြေးပေးဆောင်နိုင်မည် မဟုတ်။ ဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် ပြုလုပ်နိုင်မည် မဟုတ်ချေ။

မည်သည့်အခြေအနေတွင်မဆို အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးသနားမှု ရရန်ကြိုးပမ်းလော့

ကောင်းမှုကောင်းရာ တစ်ခုလုပ်ဆောင်နိုင်စွမ်းရရှိခြင်း၏ အမှန်တရားမှာကား တစ်စုံတစ်ရာ၏ ထိန်းချုပ်မှုကြောင့်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်သာရှိသည်။ ထိုအလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းတော်မူခြင်း ထိန်းချုပ်မှုကို စိုးပိုင်သည့်အားလျော်စွာ ထိုသူသည် ထိုကောင်းမှုကောင်းရာကို အရှင်မြတ်အလိုရှိတော်မူသည့်အတိုင်း သတ်မှတ်ချက်နှင့်အညီ လုပ်ဆောင်နိုင်စွမ်း ပေးသနားခံရခြင်းသာလျှင် ဖြစ်သည်။ တစ်စုံတစ်ဦးသည် ကိစ္စရပ်များကို မည်မျှမှန်မှန်ကန်ကန် ကြိုးစားလုပ်ဆောင်နေသည် ဖြစ်ပါစေ အထူးသဖြင့် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ်တွင် ချို့ယွင်းချက်ရှိမည်မှာ မလွဲမသွေဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော ကောင်းမှုကောင်းရာ လုပ်ကိုင်နေစဉ်တွင်းမှာပင် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးမှုကို တောင်းခံရှာကြံနေရန် အရေးကြီးလိုအပ်ပေသည်။

ကောင်းမှုကောင်းရာ လုပ်ဆောင်ရာတွင် စွဲမြဲ၍ တစ်သမတ်တည်း မဖောက်ပြန်စေရန်အတွက် ဆုတောင်းဒုအာပြုခြင်း

ကောင်းမှုကောင်းရာတစ်ရပ် လုပ်နိုင်စွမ်းသည် အမြဲရနေမည်ဟု ပြောရန်မှာ မဖြစ်နိုင်ချေ။ ယခုကောင်းမှုကောင်းရာလုပ်နိုင်နေသည့် အစွမ်းကဲ့သို့ နောင်အနာဂတ်တွင်လည်း ဆက်လက်လုပ်နေနိုင်စွမ်း ရနေမည်ဟု မည်သူ အသေအချာပြောနိုင်အံ့နည်း။ ဤသည်အားလုံးသည် သောင်ဖီးက်ပင်ဖြစ်သည်။ သောင်ဖီးက်သည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် ကောင်းမှုကောင်းရာ လုပ်ကိုင်နိုင်စွမ်းပင်တည်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုပစ္စုပ္ပန်တွင် လုပ်ခဲ့သည်များတွင်ရှိသော ချို့တဲ့မှုများအတွက် ဝန်ချတောင်းပန်ပြီး နောင်အနာဂတ်တွင် ကျွန်ုပ်တို့ လုပ်ဆောင်ရာ၌ စွဲမြဲ၍ တစ်သမတ်တည်း မဖောက်ပြန်စေရန် ဆုမွန်တောင်းခံရမည်။ စစ်မှန်သော မုစ်လင်မ်တစ်ဦးအတွက် ဤသို့ ဆုမွန်တောင်းခံခြင်းသည် သူ့အတွက် သဘာဝအလျောက် ဖြစ်လာစေသင့်သည်။

ဦးစွာပထမ ဖော်ပြခဲ့သည့် လွန်လေပြီးသော အတိတ်အပြစ်များအတွက် ဆုဒုအာတောင်းခံခြင်းသည် ဤကမ္ဘာလောကတွင် မကြာခဏ တွေ့ကြုံသည့် ဆုံးရှုံးခြင်း နစ်နာခြင်းတို့သည် လွန်ခဲ့သော အပြစ်များ၏ ရောင်ပြန်ဟပ်ခြင်းကြောင့်သာ ဖြစ်သည်ဟု နူးညံ့သိမ်မွေ့စွာ ညွှန်းထားခြင်းဖြစ်ကြောင်း သတိပြုသင့်သည်။ ယင်းတို့ကို ဝန်ချတောင်းပန်ခြင်း ခွင့်လွှတ်ခြင်းကို တောင်းခံခြင်းမှတစ်ဆင့်သာ ကုစားနိုင်ပေသည်။

နောက်ဆုံးအာယသ်တော်သည် အလ္လာဟ်အချစ်တော်များအတွက် ဤကမ္ဘာနှင့် နောင်တမလွန်ဘဝတွင်ပါ ကောင်းမွန်သော ဆုလာဘ်တစ်ခုအဖြစ် ကတိပြုထားသည်။ ဆိုလိုသည်မှာ ဤကမ္ဘာလောကမှာတွင်ပင် ထိုသူများအား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ရန်သူများထက် သာလွန်စေခြင်းနှင့် ၎င်းတို့ လုပ်ရပ်တွင် အောင်မြင်မှုပေးသနားတော်မူခြင်း ဖြစ်သည်။ ထို့နောက် တမလွန် အာခိရသ်တွင် ပေးအပ်မည့် ဆုလာဘ်များအကြောင်း မိန့်ကြားထားသည်။ ယင်းဆုလာဘ်သည်သာလျှင် အစစ်အမှန်ဖြစ်ကာ မည်သည့်အခါမျှ ကုန်ဆုံးပျောက်ကွယ်မသွားသော ငြိမ်းချမ်းသာယာခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း၏ စံပြအခြေအနေ တစ်ရပ်ပင်ဖြစ်သည်။ ဤ

အကြောင်းကို ထောက်ပြရန်အတွက် حُسْنَ ဟုစ်နု (လှပမှု) ဟူသော စကားလုံးကို "အာခိရတ်တွင် အစားပေးမည်" ဟူသော စကာလုံးရှေ့တွင်ထည့်ကာ မိန့်ကြားထားသည်မှာ -

وَحُسْنَ ثَوَابِ الْاٰخِرَةِ

"နောင်တမလွန်ဘဝ၏ ကောင်းမြတ်သော အကျိုးကျေးဇူးကို" (၁၄၈) ဟူ၍ ဖြစ်သည်။

အာယသ် (၁၄၉-၁၅၀)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ
تُطِيْعُوا الَّذِيْنَ كَفَرُوْا يَرُدُّوْكُمْ عَلٰٓى اَعْقَابِكُمْ فَتَنْقَلِبُوْا
خٰسِرِيْنَ ۝ بَلِ اللّٰهُ مَوْلٰىكُمْ ۚ وَهُوَ خَيْرُ النّٰصِرِيْنَ ۝

အို ယုံကြည်ခြင်းသဒ္ဓါတရားရှိသူ အပေါင်းတို့ အသင်တို့သည် အကယ်၍ သာ ကာဖိရ်ငြင်းပယ်သောသူတို့ (ပြောဆိုကြသည့် အတိုင်း) လိုက်နာကြပါမူ ယင်းသူတို့သည် အသင်တို့အား (အစွယ်လာမ်သာသနာတော်မှ "ကုဖ်ရ်" မိစ္ဆာဒိဋ္ဌိ အယူဝါဒများဘက်သို့) ပြန်လည်၍ လှည့်စေကြကုန်အံ့။ သို့ပြန်လှည့်သွားကြလျှင် အသင်တို့သည် နစ်နာဆုံးရှုံးသူများ အဖြစ်သို့ ရောက်ရှိ သွားကြကုန်လတ္တံ့။ (၃း၁၄၉)

စင်စစ်အားဖြင့် (ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့သောသူတို့သည် အသင်တို့အား စောင့်ရှောက်မည့်သူများ) အလျင်းမဟုတ် (ကြချေ)။ အလွှာဟ် အရှင်မြတ်သည်သာလျှင် အသင်တို့အား အထူးစောင့်ရှောက်တော်မူသော အရှင် ဖြစ်တော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် စောင်မသူများတွင် အကောင်းဆုံး စောင်မတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၅၀)

အုဟုဒ်စစ်ပွဲတွင် မုစ်လင်မ်များ ယာယီအနောင့်အယှက်အကြပ်အတည်း ဖြစ်စဉ်ကာလတွင်းနှင့် တမန်တော်မြတ်﴿ﷺ﴾ သခင် ကျဆုံးရှဟီးဒ်ဖြစ်သွားပြီဟူသော ကောလာဟလ ပေါ်ထွက်လာသောအချိန်တွင် အရေခြုံများသည် စစ်ပွဲတစ်ပွဲ ရှုံးလုဆဲအချိန်၌ မကောင်းမှုလုပ်ဆောင်ရန် အခွင့်အလမ်းတစ်ရပ် ရသွားခဲ့သည်။ အရေခြုံများက မုစ်လင်မ် များကို "အခု တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ကွန်နုံပ်တို့နှင့် မရှိသည့်နောက် ဒို့ယခင်ယုံကြည်ခဲ့သည့်ဘက်သို့ ပြန်လှည့်ခြင်းဖြင့်တို့အချင်းချင်းကြား သဘောကွဲလွဲမှုတွေ ဖယ်ရှား မပစ်သင့်ပေဘူးလား" ဟု ပြောကြားခဲ့သည်။ ဤသည်က အရေခြုံများ၏ လုပ်ရပ်မည်မျှအကျည်းတန်ကြောင်း ပြသခြင်းဖြစ်ပြီး ၎င်းတို့သည် မုစ်လင်မ်များ၏ ရန်သူများပင်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြသခြင်းပင် ဖြစ်လေသည်။

အထက်ပါအာယသ်တော်ထဲတွင် မုစ်လင်မ်များအား ထိုကဲ့သို့ ရန်သူများ၏စကားကို နားမထောင်ရန် မိမိတို့အချင်းချင်း ဆွေးနွေးတိုင်ပင်ရာတွင် ၎င်းတို့မပါဝင်စေရန်နှင့် ထိုအရေခြုံများပေးသော အကြံဉာဏ်ကို မလိုက်နာစေရန် ညွှန်ကြားထားသည်။

ပြီးခဲ့သော အာယသ်တော်များထဲတွင် ပါရှိသည်ကို ပြန်လည်ကောက်ရလျှင် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များနောက်လိုက်ရန် ညွှန်ကြားခြင်းဖြစ်သည်။ ဤအာယသ်တော်များထဲတွင်မူ အရေခြုံများနှင့် အစွလာမ်ဆန့်ကျင်သူများ၏ အကြံအတိုင်း မလိုက်နာ မလုပ်ဆောင်ရန် ညွှန်ကြားခြင်းဖြစ်သည်။ စင်စစ် ထို အရေခြုံများရန်မှ အစဉ်မပြတ် ကာကွယ်ထားရန် ညွှန်ကြားခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်ဖြစ်သော "ယင်းသူတို့သည် အသင်တို့အား (အစွလာမ်သာသနာတော်မှ ကုဖ်ရ်မိစ္ဆာဒိဋ္ဌိ အယူဝါဒများဘက်သို့) ပြန်၍ လှည့်စေကြကုန်အံ့" ၏ ဆိုလိုရင်းမှာ မုစ်လင်မ် ဆန့်ကျင်သူများ၏ စစ်မှန်သောရည်မှန်းချက်မှာ ၎င်းတို့ ပေါ်ပေါ်ထင်ထင်ဖြစ်စေ၊ ပုန်းလျှိုးကွယ်လျှိုးနည်းတို့ဖြင့် ဖြစ်စေ အသေအချာ စီမံလုပ်ဆောင်ထားသော သံသယမှတစ်ဆင့် မုစ်လင်မ်များသည် အီမာန်ယုံကြည်မှုမှ စွန့်ခွာထွက်သွားစေရန်ဖြစ်သည်။ ထိုနည်းလမ်းသည် သေချာပြင်ဆင်၍ ပြီးပြည့်စုံအောင် လုပ်ဆောင်သောနည်းဖြစ်ကာ ယင်းကြောင့် မုစ်လင်မ်များ၏ နှလုံးသားသည် အစွလာမ်သာသနာပေါ်၌ ဂုဏ်ပေးခြင်း၊ ချစ်မြတ်နိုးခြင်းများ တဖြည်းဖြည်း လျော့ပါးသွားကာ ၎င်းတို့၏ အခြေအနေများ ပြောင်းပြန်ဖြစ်သွားစေရန် ဖြစ်သည်။ ထို့ကြောင့် မုစ်လင်မ်များ ဆုံးရှုံးသည့် အခြေအနေသို့ရောက်စေရန် ရည်စူး၍ တွန်းပို့သူများသည် ၎င်းတို့ကိုယ် ၎င်းတို့ မုစ်လင်မ်များ၏ မိတ်ဆွေများဖြစ်သည်ဟု အခိုင်အမာ ပြောလင့်ကစား ထိုသူတို့သည် မုစ်လင်မ်တို့၏ မိတ်ဆွေများ မဖြစ်ကြချေ။

"အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အား အထူးစောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် စောင်မသူများတွင် အကောင်းဆုံး စောင်မတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း" ဟူသော မိန့်ကြားချက်က မုစ်လင်မ်များကို ပြောကြားသည်မှာ အလ္လာဟ်အရှင်မြတ်ပေါ်တွင်သာ ၎င်းတို့၏ ယုံကြည်မှုထားရန်ဖြစ်ပြီး ထိုအရှင်မြတ်၏ အကူအညီကိုသာ ယုံကြည်ကိုးစားရမည်ဖြစ်ကြောင်းပင်တည်း။ မုစ်လင်မ်တို့ကို ဆန့်ကျင်သူများသည် မုစ်လင်မ်များကို ကူညီရန်ဟူသော အကြံအစည်များနှင့် တင်ပြ လာသည့်တိုင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ် တမန်တော်၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်၍ ၎င်းတို့ တင်ပြလာသည့်အတိုင်း မလိုက်နာကြရန်ဖြစ်သည်။

အာယသ် (၁၅၁–၁၅၂)

سَنُلْقِيْ فِيْ قُلُوْبِ الَّذِيْنَ كَفَرُوا الرُّعْبَ بِمَآ اَشْرَكُوْا
بِاللّٰهِ مَا لَمْ يُنَزِّلْ بِهٖ سُلْطٰنًا ۚ وَمَاْوٰىهُمُ النَّارُ ۭ وَ
بِئْسَ مَثْوَى الظّٰلِمِيْنَ ۝ وَلَقَدْ صَدَقَكُمُ اللّٰهُ وَعْدَهٗٓ
اِذْ تَحُسُّوْنَهُمْ بِاِذْنِهٖ ۚ حَتّٰٓى اِذَا فَشِلْتُمْ وَتَنَازَعْتُمْ
فِي الْاَمْرِ وَعَصَيْتُمْ مِّنْۢ بَعْدِ مَآ اَرٰىكُمْ مَّا تُحِبُّوْنَ ۭ
مِنْكُمْ مَّنْ يُّرِيْدُ الدُّنْيَا وَمِنْكُمْ مَّنْ يُّرِيْدُ الْاٰخِرَةَ ۚ
ثُمَّ صَرَفَكُمْ عَنْهُمْ لِيَبْتَلِيَكُمْ ۚ وَلَقَدْ عَفَا عَنْكُمْ ۭ وَ
اللّٰهُ ذُوْ فَضْلٍ عَلَي الْمُؤْمِنِيْنَ ۝

မကြာမြင့်မီ ငါအရှင်မြတ်သည် "ကာဖိရ်" မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့၏ စိတ်နှလုံးအတွင်းသို့ အလွန်တရာ ကြောက်လန့်သောစိတ်ကို ထည့်သွင်းတော်မူအံ့။ အကြောင်းသော်ကား ယင်းသူတို့သည် အကြင်အရာများကို အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်ပြိုင်ကိုးကွယ်ခဲ့ကြ၏။ ထိုအရာများကို (တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ရန်အကြောင်း)နှင့် စပ်လျဉ်း၍ ထိုအရှင်မြတ်သည် မည်သည့်သက်သေသာဓက တစ်စုံတစ်ရာကိုမျှ ထုတ်ပြန်ချမှတ်တော်မူခဲ့သည်မဟုတ်ချေ။ ၎င်းပြင်ထိုသူတို့၏ နေထိုင်ရာဌာနသည် ငရဲမီးဘုံပင်ဖြစ်၏။ စင်စစ်မတော်မတရားပြုမူသူတို့၏ နေထိုင်ရာဌာနသည် အလွန်တရာ ဆိုးရွားလှ၏တကား။ (၃း၁၅၁)

မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ မိမိထားရှိတော်မူခဲ့သောကတိတော်ကို အတည်ဖြစ်စေတော်မူခဲ့ချေပြီ။ အကြင်အခါဝယ် အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် ထိုကာဖိရ်တို့အား သတ်ဖြတ်ချေမှုန်းနေကြကုန်။ နောက်ဆုံးတွင် အသင်တို့အား ထိုအရှင်မြတ်က အသင်တို့နှစ်သက်ကြကုန်သော(ဝါ) အောင်မြင်မှုကို (မျက်မြင်ကိုယ်တွေ့) ပြသတော်မူပြီးသည့်နောက် အသင်တို့သည် သူရသတ္တိညံ့ဖျင်းသွားခဲ့ကြကုန်၏။ ၎င်းပြင် အသင်တို့သည် (နဗီတမန်တော်မြတ်၏) အမိန့်တော်နှင့်စပ်လျဉ်း၍ အချင်းချင်း အငြင်းပွားခဲ့ကြ၏။ (နဗီတမန်တော်မြတ်၏) အမိန့်တော်ကိုလည်း သွေ

ဖည်ခဲ့ကြ၏။ (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိအကူအညီကို ရုပ်သိမ်းထားတော်မူခဲ့လေသည်။ အကြောင်းသော်ကား) အသင်တို့အနက် အချို့သည် လောကီ (အကျိုးစီးပွား) ကို အလိုရှိ၏။ အချို့ကမူ နောင်တမလွန်ဘဝ (သုခချမ်းသာ)ကို အလိုရှိ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စမ်းသပ်တော်မူရန်အလို့ငှာ ထို(ရန်)သူတို့ကို (သုတ်သင်ရှင်းလင်းနေခြင်း)မှ အသင်တို့အား ပြန်လှည့်စေတော်မူခဲ့လေသည်။ (ယခုမူကား) ထိုအရှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) မုချဧကန် ခွင့်လွှတ်တော်မူပြီးဖြစ်ပြီ။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နိ်ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူတို့အဖို့ ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။ (၃း၁၅၂)

ပြီးခဲ့သော အာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်သည် "စောင်မသူများထဲတွင် အကောင်းဆုံးစောင်မတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း" ဟူ၍ ရည်ညွှန်းထားသည်။ ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ စောင်မကူညီမှုအဖြစ်အပျက်အချို့ကို ဖော်ပြထားသည်။

ဤအာယသ်တော်ထဲတွင် an=p'l^S< "စွလ်တွာန်"ဟူသော စကားလုံးအား "သက်သေသာဓက"ဟု အဓိပ္ပာယ်သက်ရောက်စေသည်။ ယင်းတို့သည် ထုတ်ပြန်ပို့ချပြီးသမျှအားလုံး (သို့) ကျိုးကြောင်းဆီလျော်သော အခြေခံများအားလုံးပါဝင်သည်။ ဤအာယသ်တော်ထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ နှလုံးသားတွင်းသို့ အလွန်တရာ ကြောက်လန့်သောစိတ် ထည့်သွင်းမည်ဟူသော ကတိတော်သည် အုဟုဒ်စစ်မြေပြင်၏ နောက်ခံအကြောင်းတွင် အာရေးဗီးယားမှ မယုံကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များ စစ်ရှုံးလုဆဲဖြစ်လင့်ကစား မည်သည့် အကြောင်းပြချက်မျှ မရှိဘဲနှင့် မက္ကာဟ်မြို့သို့ တပ်ဆုတ်သွားခြင်းနှင့် သက်ဆိုင်သည်။ (ဗိုင်ဒါဝီ) သို့သော်လည်း မက္ကာဟ်သို့ဆုတ်ခွာရာမှ ခရီးအတန်ပေါက်မြောက်သောအခါတွင် ၎င်းတို့၏ မိုက်မှားမှုကို သိရှိခဲ့ကြပါသည်။ ၎င်းတို့သည် မဒီနာဟ်မြို့သို့ ပြန်လည်ချီတက်ရန် စဉ်းစားမိသောအခါ၌ အလ္လာဟ်အရှင်မြတ်သည် သူတို့၏စိတ်နှလုံးသားများအတွင်းသို့ ကြောက်လန့်စိတ် မည်မျှထည့်လိုက်သနည်းဆိုလျှင် ပြန်လည်ချီတက်ရန် သတ္တိမွေးရဲဆေးတင်ရန်ပင် မတတ်နိုင်ကြတော့ချေ။ သူတို့အလုပ်နိုင်ဆုံးမှာ ရွာသားတစ်ဦးအားငှား၍ မဒီနာဟ်ကိုသွားကာ ၎င်းတို့ပြန်လာကြမည်ဟု မုစ်လင်မ်များကို ပြောခိုင်းရုံမျှသာ တတ်နိုင်ကြသည်။ သို့သော်လည်း ဤအဖြစ်အပျက်အလုံးစုံကို မဒီနာဟ်မြို့တွင်ရှိ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဝဟီမှတစ်ဆင့် သိရှိခဲ့ရပြီးဖြစ်သည်။ ထိုသူတို့အားဆုံးမရန် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဟမ်ရာအလ်အစဒ်ထိ ချီတက်ခဲ့သော်လည်း ၎င်းတို့အားလုံးထိုနေရာမှ ဆုတ်ခွာပြေးခဲ့ကြပြီး ဖြစ်လေသည်။

ဤအဖြစ်အပျက်သည် ဤအာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်းပင်ဖြစ်သည်။

နောက်ဖော်ပြသော အာယသ်တော်များသည် အစောပိုင်းပြောခဲ့သကဲ့သို့ အုဟုဒ်စစ်ပွဲတွင် မုစ်လင်မ်များအတွက် အလ္လာဟ်အရှင်မြတ်၏ အကူအညီစောင်မတော်မူမှုနှင့် ထောက်ပံ့မှုများအကြောင်းပင် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်

ဆွဟာဗဟ်သာဝကကြီးများ၏ မြင့်မားသောအဆင့်

ပြီးခဲ့သောအာယသ်တော်များထဲ၌ ပြစ်တင်မောင်းမဲခြင်းနှင့် ပြုပြင်ခြင်းတို့၏ အကြောင်းအရာမှာ အုဟုဒ် စစ်ပွဲ၌ ဆွဟာဗဟ်သာဝကကြီးများ၏ ဆုံးဖြတ်ချက်မှားယွင်းမှုတစ်ရပ်ကြောင့် ဖြစ်ကြောင်းမှာ ထင်ရှားလှသည်။ သို့သော်လည်း သတိပေးသည့် အကြောင်းအရာနှင့် ယှဉ်တွဲ၍ ဆွဟာဗဟ်သာဝကကြီးများအပေါ်တွင် အလွှာဟ် အရှင်မြတ်၏ ရဟ်မသ်မဟာဂရုဏာတော် ချပေးသနားတော်မူကြောင်းမှာလည်း မှတ်သားထိုက်သည်။ ပြောရ မည်ဆိုလျှင် لِيَبْتَلِيَكُمْ (“ထိုအရှင်မြတ်သည်) အသင်တို့အား စမ်းသပ်တော်မူခြင်းငှာ” ဟု မိန့်ဆိုထားခြင်းက ယာယီအခက်အခဲသည် အပြစ်ဒဏ်ပေးခြင်း အဖြစ်မဟုတ်ဘဲ ဆွဟာဗဟ်သာဝကကြီးများကို စမ်းသပ်ရန်အတွက် ဖြစ်ကြောင်း ထင်ရှားသည်။ ထို့နောက် وَلَقَدْ عَفَا عَنْكُمْ မိန့်ကြားချက်က အလွန်ရှင်းလင်းစွာ မြွက်ဟကြေညာ ထားသည်မှာ “သို့ရာတွင် မုချဧကန် (ထိုအရှင်မြတ်သည်) ခွင့်လွှတ်တော်မူခဲ့လေပြီ” ဟူ၍ ဖြစ်သည်။

ဆွဟာဗဟ်သာဝကကြီးများသည် ရုပ်ဝတ္ထုဘက်သို့ တိမ်းညွတ်ခဲ့ပါသလား

အာယသ်တော်များထဲတွင် မိန့်ကြားထားသကဲ့သို့ စစ်ပွဲအချိန်တွင် ဆွဟာဗဟ်များကြား၌ အုပ်စုနှစ်စု ကွဲသွားကြပါသည်။ အချို့သည် လောကီရေးအတွက် ရှာဖွေခဲ့ကြ၍ တခြားအချို့မှာကား လောကုတ္တရာအရေး ရှာဖွေခဲ့ကြသည်။ မေးစရာမှာ လောကီရေးရှာဖွေခဲ့သည်ဟု သရုပ်ဖော်ခံခဲ့ရသည့် လေးစားဖွယ်ကောင်းသော ဆွဟာဗဟ်ကြီးများသည် ဘာတွေများလုပ်ခဲ့ကြပါသနည်း။ ထင်ရှားသည်မှာ စစ်နိုင်သည့်ပစ္စည်းများကို စုစည်း ရေးသွားရန်ဟူသော ၎င်းတို့၏ ရည်ရွယ်ချက်ကို လောကီရေးရှာဖွေသူများဟူသည်နှင့် တန်းတူထား သတ်မှတ် ခံခဲ့ရသူများဖြစ်သည်။ အမှန်တရားကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါစို့။ အကယ်၍သာ ဆွဟာဗဟ်များသည် တာဝန် ချထားသည့် နေရာ၌ရှိနေခြင်းကြောင့် စစ်နိုင်ပစ္စည်း ဝေစုခံစားရမှုတွင် လျော့သွားပေမည်လား။ ထို့ပြင် စစ်နိုင် ပစ္စည်း သိမ်းဆည်းစုစည်းမှုတွင် ပါဝင်ခဲ့လျှင် ၎င်းတို့ရမည့်ဝေစု၌ ပိုလာပါမည်လော။ ကုရ်အာန်ကျမ်းတော်မြတ် နှင့် ဟဒီးဆ်တော်အားဖြင့် ခိုင်လုံစွာ အတည်ပြုပြီးသော စစ်နိုင်ပစ္စည်းများနှင့် ပတ်သက်သောဥပဒေမှာ အများ သူငှာ သိရှိပြီးဖြစ်သည်။ ဆွဟာဗဟ်သာဝကြီးများသည် ဤဥပဒေကျင့်သုံးမှုကို ဦးစွာမြင်တွေ့သိရှိသူများ ဖြစ် ကြသည့်အလျောက် မည်သည့်အကြောင်းကြောင့်မျှ ၎င်းတို့၏ ဝေစုနည်းလည်းမနည်း၊ များလည်းမများနိုင် ကြောင်း သိရှိပြီးဖြစ်ကြသည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ စင်စစ် ဆွဟာဗဟ်သာဝကြီးများသည် စစ်နိုင် ပစ္စည်းစုဆောင်း ခြင်းတွင် ကူညီသည်ဖြစ်စေ၊ ၎င်းတို့အား တာဝန်ချရာနေရာ၌ နေသည်ဖြစ်စေ ဝေပုံကျ ရမည်မှာ အသေအချာပင်။

ဤရှုထောင့်မှကြည့်လျှင် ထင်ရှားသည်မှာ ၎င်းတို့၏ လုပ်ရပ်သည် ရုပ်ဝတ္ထုပစ္စည်းဥစ္စာနောက်လိုက်ကြ သည်ဟု သတ်မှတ်၍ မရပါ။ တကယ်ဆိုလျှင် ဆွဟာဗဟ်သာဝကကြီးများသည် မုဂျာဟီဒီးန်များ လုပ်ဆောင် သင့်သည်ကိစ္စကို ပါဝင်လုပ်ဆောင်ခြင်းသာဖြစ်သည်။ သို့သော်လည်း လူသဘောသဘာဝ လုပ်ဆောင်မှုအရ ဆိုလျှင် ၎င်းတို့၏ နှလုံးသားထဲသို့ ထိုအချိန်က စစ်နိုင်ပစ္စည်းများ၏ အတွေးဝင်ခဲ့သည်ဆိုလျှင်လည်း လုံးဝ

ဥသုံမဖြစ်နိုင်ပါဟု မဆိုနိုင်ချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အဖန်ဆင်းခံလူသားများနှင့် ပတ်သက်၍ နည်းလမ်းတော်များရှိသည်။ ထိုအရှင်မြတ်က တမန်တော်၏ ဆွဟာဗဟ်သာဝကြီးများ၏ နှလုံးသားသည် ရုပ်ဝတ္ထုပစ္စည်းများဘက်သို့ တိမ်းညွတ်သောအတွေးများ စိုးစိမ့်မရှိသည့် သန့်ရှင်းစင်ကြယ်မှုကို အလွန်တရာမြင်တွေ့တော် မူလိုပေသည်။ ထို့ကြောင့် လောကီဒွန္ဒယာပစ္စည်းများ ပိုင်ဆိုင်ရန် သွားရောက်ခြင်း၏ ဤအယူအဆအား လောကီဆိုင်ရာများ ရှာဖွေခြင်းဆိုသည်နှင့် တန်းတူသတ်မှတ်ခြင်းသည် အရှင်မြတ်က ထိုကဲ့သို့သော လုပ်ရပ်အတွက် မနှစ်သက်ကြောင်း ရှင်းလင်းစေရန်ဖြစ်သည်။

VVVVVVVVVV

အာယသ် (၁၅၃-၁၅၅)

إِذْ تُصْعِدُونَ وَلَا
تَلْوُۥنَ عَلَىٰٓ أَحَدٍ وَّٱلرَّسُولُ يَدْعُوكُمْ فِىٓ أُخْرَىٰكُمْ
فَأَثَٰبَكُمْ غَمًّۢا بِغَمٍّ لِّكَيْلَا تَحْزَنُوا۟ عَلَىٰ مَا فَاتَكُمْ
وَلَا مَآ أَصَابَكُمْ ۗ وَٱللَّهُ خَبِيرٌۢ بِمَا تَعْمَلُونَ ﴿١٥٣﴾
ثُمَّ أَنزَلَ عَلَيْكُم مِّنۢ بَعْدِ ٱلْغَمِّ أَمَنَةً نُّعَاسًا يَغْشَىٰ طَآئِفَةً
مِّنكُمْ ۖ وَطَآئِفَةٌ قَدْ أَهَمَّتْهُمْ أَنفُسُهُمْ يَظُنُّونَ بِٱللَّهِ غَيْرَ ٱلْحَقِّ
ظَنَّ ٱلْجَٰهِلِيَّةِ ۖ يَقُولُونَ هَل لَّنَا مِنَ ٱلْأَمْرِ مِن شَىْءٍ ۗ قُلْ إِنَّ
ٱلْأَمْرَ كُلَّهُۥ لِلَّهِ ۗ يُخْفُونَ فِىٓ أَنفُسِهِم مَّا لَا يُبْدُونَ لَكَ ۖ يَقُولُونَ
لَوْ كَانَ لَنَا مِنَ ٱلْأَمْرِ شَىْءٌ مَّا قُتِلْنَا هَٰهُنَا ۗ قُل لَّوْ كُنتُمْ فِى بُيُوتِكُمْ
لَبَرَزَ ٱلَّذِينَ كُتِبَ عَلَيْهِمُ ٱلْقَتْلُ إِلَىٰ مَضَاجِعِهِمْ ۖ وَلِيَبْتَلِىَ
ٱللَّهُ مَا فِى صُدُورِكُمْ وَلِيُمَحِّصَ مَا فِى قُلُوبِكُمْ ۗ وَٱللَّهُ عَلِيمٌۢ
بِذَاتِ ٱلصُّدُورِ ﴿١٥٤﴾ إِنَّ ٱلَّذِينَ تَوَلَّوْا۟ مِنكُمْ يَوْمَ ٱلْتَقَى ٱلْجَمْعَانِ ۖ
إِنَّمَا ٱسْتَزَلَّهُمُ ٱلشَّيْطَٰنُ بِبَعْضِ مَا كَسَبُوا۟ ۖ وَلَقَدْ عَفَا ٱللَّهُ
عَنْهُمْ ۗ إِنَّ ٱللَّهَ غَفُورٌ حَّلِيمٌ ﴿١٥٥﴾

(ပြန်လည်အော်မေ့ သတိရကြလေကုန်) တရံရောအခါ အသင်တို့သည် ("အုဟုဒ်"စစ်မြေပြင်မှ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လှည့်၍ မကြည့်ဘဲ (ကိုယ်လွတ်ရုံးကာ) ထွက်ပြေးနေကြလေသည်။ စင်စစ် (ထိုအခါ) ရစူလ်တမန်တော်သည် အသင်တို့နောက်မှ အသင်တို့အား ဟစ်ခေါ်လျက် ရှိတော်မူခဲ့လေသည်။ (သို့ရာတွင် အသင်တို့သည် မလိုက်နာဘဲ ရစူလ်တမန်တော်ကို စိတ်ဆင်းရဲခြင်း ဖြစ်စေခဲ့ကြသည်) သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်ကို အသင်တို့စိတ်ဆင်းရဲခြင်း ဖြစ်စေခဲ့ကြသည့် အတွက်) အသင်တို့အား စိတ်ဆင်းရဲခြင်းအစား စိတ်ဆင်းရဲခြင်းကို ပေးတော်

မူခဲ့လေသည်။ သို့မှသာလျှင် အသင်တို့သည် (ဤသည်ကို အကြောင်းပြု၍ နောက်နောင်များတွင်) မိမိတို့ လက်လွတ်သွားသောကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မိမိတို့၌ဆိုက်ရောက်လာသော ဘေးဒုက္ခများနှင့်စပ်လျဉ်း၍ လည်းကောင်း ပူဆွေးကြမည်မဟုတ်ပေ။ စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (၃း၁၅၃)

တစ်ဖန်(ယင်းကဲ့သို့)စိတ်ဆင်းရဲခြင်းဖြစ်ကြပြီးနောက် (စိတ်ချမ်းသာစေရန်) ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ ဘေးရန်ကင်းငြိမ်းခြင်းတည်းဟူသော ငိုက်မျဉ်းခြင်းကို ချပေးတော်မူခဲ့လေသည်။ ယင်းငိုက်မျဉ်းခြင်း သည် အသင်တို့အနက်မှ လူတစ်စုကို လွှမ်းမိုးခဲ့လေသည်။ သို့ရာတွင် (မုနာဖစ်က်မည်သော) လူတစ်စုမှာမူ မိမိတို့၏အသက် (ဘေးအန္တရာယ်)များကိုသာ စိုးရိမ်နေခဲ့ကြကုန်သည်။ ထိုသူတို့ကား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မမှန်ကန်သော မိုက်မဲသော (ခေတ်က) ထင်မြင်ယူဆချက်မျိုးကို ယူဆခဲ့ကြကုန်၏။ ထိုသူတို့က "အကျွန်ုပ်တို့၌ (ယခုတွေ့ကြုံနေရသောကိစ္စနှင့်စပ်လျဉ်း၍) တစ်စုံတစ်ရာ ပြောရေးဆိုခွင့်အမိန့်အာဏာရှိပါသလား"ဟု ပြောဆိုကြ၏။ (အိုနဗီတမန်တော်) "အမိန့်အာဏာအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်"ဟု အသင်ပြောကြားပါလေ။ (စင်စစ်အားဖြင့်) ထိုသူတို့သည် မိမိတို့ စိတ်တွင်း၌ ထိမ်ချန်ထားရှိသမျှတို့ကို အသင့်အား (ပွင့်လင်းစွာ) ထုတ်ဖော် (ပြောဆို) ကြသည်မဟုတ်ပေ။ ယင်းသူတို့က "အကယ်၍သာ အကျွန်ုပ်တို့၌ တစ်စုံတစ်ရာမျှသော အမိန့်အာဏာသည် ရှိခဲ့ပါမူ အကျွန်ုပ်တို့သည် ဤနေရာ (စစ်မြေပြင်) ၌ အသတ်ခံကြရမည်မဟုတ်ပေ။"ဟု ပြောဆိုကြကုန်၏။ (အိုနဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ "အကယ်၍ အသင်တို့သည် မိမိတို့ အိမ်များ၌ပင် ရှိနေကြသည့်တိုင်အောင် (ရွေးဦးမဆွက) အသတ်ခံရန် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ကြသောသူတို့မှာကား မိမိတို့အသတ်ခံရမည့်နေရာများသို့ မုချထွက်လာကြရမည်သာဖြစ်၏။ စင်စစ်သော်ကား(ယင်းကဲ့သို့ ဖြစ်ခဲ့ရသည်မှာ) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ရင်များအတွင်း၌ရှိသော (ယုံကြည်မှု)ကို စမ်းသပ်တော်မူခြင်းငှာလည်းကောင်း၊ အသင်တို့၏ စိတ်နှလုံးများ၌ရှိသော (အညစ်အကြေးတို့)ကို သန့်ရှင်းစင်ကြယ်စေတော်မူခြင်းငှာလည်းကောင်း ဖြစ်ချေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (လူသားတို့၏) ရင်များအတွင်း၌ ရှိသည့်အရာတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၅၄)

အသင်တို့အနက်မှ အကြင်သူတို့သည် (မုစ်လင်မ်နှင့်ကာဖိရ်) လူစုနှစ်စုတို့ တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်တွေ့ဆုံ တိုက်ခိုက်ကြသောနေ့တွင် (စစ်မြေပြင်မှ) ဧကန်စင်စစ် ကျောခိုင်း၍ ပြန်လှည့်ဆုတ်ခွာသွားကြ၏။ (စင်စစ်တစ်မူကား) ရှိုင်တွာန်သည် ထိုသူတို့ပြုကျင့်ခဲ့သော အချို့ပြုမူချက်များကြောင့်ပင် ထိုသူတို့ကို ခြေချော်အောင် ပြုလုပ်ခဲ့လေပြီ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည်ကား ထိုသူတို့အား အမှန်စင်စစ် ခွင့်လွှတ်တော်မူခဲ့လေပြီ။ ဧကန် မုချ အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော အရှင်မြတ်၊ အလွန်တရာ ထောက်ထားညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၅၅)

ဤအာယသ်တော်များသည် အုဟုဒ်စစ်ပွဲအကြောင်း ပြန်လည်တင်ပြသော အာယသ်တော်အချို့၏ အစိတ်အပိုင်းပင်ဖြစ်သည်။ ပထမအာယသ်တော်သည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဆွဟာဗဟ်သာဝကကြီးများ၏ ဝမ်းနည်းကြေကွဲမှုကို ဖော်ပြသည်။ ဤအာယသ်တော်၏နောက်တွင်လာရှိသော ရှည်လျားသည့် အာယသ်မှာ ယင်းဝမ်းနည်းကြေကွဲမှုအတွက် ဖြေဆေးကို ဖော်ပြထားခြင်းဖြစ်သည်။ တတိယအာယသ်တော်သည် ၎င်းတို့ တွေ့ကြုံခဲ့ရသော ရှုံးနိမ့်မှုသည် ပြစ်ဒဏ်ပေးခြင်းမဟုတ်ကြောင်း ပြန်လည်မိန့်ကြားထားသည်။ အရေခြုံများနှင့် စစ်မှန်သော မုစ်လင်မ်များ ခွဲခြားရန်အတွက် စမ်းသပ်မှုပင်ဖြစ်သည်။ အာယသ်တော်အဆုံး၌ ဆွဟာဗဟ် သာဝကကြီးများ မှားယွင်းမှုပြုလုပ်မိခဲ့ခြင်းကို ခွင့်လွှတ်ပြီးဖြစ်ကြောင်း ထပ်ကာတလဲလဲ မြွက်ဟကြေညာခဲ့ခြင်းဖြစ်သည်။

အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ်တော်ထဲတွင် ဆွဟာဗဟ်သာဝကကြီးများ စစ်ပွဲမှ ထွက်ခွာသွားခြင်း၊ တမန်တော်မြတ်﴿ﷺ﴾ သခင် ကိုယ်တော်တိုင် ဟစ်ခေါ်ခဲ့သော်လည်း ၎င်းတို့ပြန်လည်လှည့်လာနိုင်စွမ်းမရှိခြင်း၊ ၎င်းတို့၏ လုပ်ရပ်ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင် ဝမ်းနည်းကြေကွဲရခြင်းနှင့် ၎င်းတို့၏ အရှင်သခင်ကို ဝမ်းနည်းကြေကွဲစေခဲ့၍ ၎င်းတို့ဝမ်းနည်းကြေကွဲမှုခံစားခဲ့ရကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားသည်။ ဟဒီးဆ်ဆင့် ပြန်ချက်များအရ ဆုတ်ခွာပြေးသွားသောသူများကို စိုက်ယိဒနာ ကအဗ်အိဗ်နိမာလိက်က အော်ဟစ်ခေါ်သော အခါ မုစ်လင်မ်များသည် ၎င်း၏အော်ဟစ်ခေါ်သံကို ကြားခဲ့ကြပြီး ပြန်လည်စုဝေးခဲ့သည်ဟု ဆိုသည်။

ရူဟုလ်မအာနီကျမ်းရှင်က ဤကိစ္စဖြေရှင်းသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကိုယ်တိုင် ခေါ်သော်လည်း ယင်းခေါ်သံကို ဆုတ်ခွာပြေးသူများမကြားသည့်အတွက် ဆုတ်ခွာရာလမ်းအတိုင်း ဆက်လက်ဆုတ်ခွာခဲ့ကြသည်။ ထိုအချိန်တွင် စိုက်ယိဒနာ ကအဗ်အိဗ်နိမာလိက်က ခေါ်ခဲ့ရာ လူတိုင်းသည် ၎င်း၏ခေါ်သံကြား၍ ပြန်လည်စုစည်းခဲ့ကြသည်။

ဘယာန္နလ်ကုရ်အာန်ကျမ်းတွင် မောင်လာနာ အရှ်ရဖ်အလီထာနဝီက မိန့်ကြားခဲ့သည်မှာ ဤကသောင်း

ကနင်းဖြစ်ခြင်း၏ အကြောင်းရင်းမှန်မှာ စစ်မြေပြင်တွင် တမန်တော်မြတ်ﷺ သခင် သာသနာ့အာဇာနည် အဖြစ် ကျဆုံးသွားခဲ့သည်ဟူသော သတင်းကြောင့် ဖြစ်သည်။ ကိုယ်တော်မြတ်က ဟစ်ခေါ်ခဲ့ပြီးနောက် ခေါ်သံကြောင့် ကိုယ်တော်မြတ်ﷺ သခင် ကျဆုံခြင်းမဟုတ်ကြောင်းထင်ရှားသည်။ သို့သော်လည်း ကိုယ်တော်မြတ်၏ အသံကို ဆုတ်ခွာသွားကြသော ဆွဟာဗဟ်သာဝကြီးများ ကြားသိသည့်တိုင် ကိုယ်တော်၏အသံကို မမှတ်မိမကျက်မိသည်လည်းဖြစ်နိုင်သည်။ နောက်ဆုံးတွင် စိုက်ယိဒနာ ကအဗ်အိဗ်နိမာလိက်က အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကြီးသက်ရှိထင်ရှားနေသည့်အချက်ကိုဖော်ပြကာ ကျဆုံးခြင်းမဟုတ်ကြောင်း ငြင်းဆိုသည့်သတင်းပါသည့် ဟစ်ခေါ်မှုပြုခဲ့သည်။ ဤသည်ကိုကြား၍ လူတိုင်းသည် စိတ်သက်သာရာရကာ ပြန်လည်စုစည်းခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှုနှင့် အရှင်မြတ်တမန်တော်၏ ဝမ်းနည်းပူဆွေးမှုနှင့် ပတ်သက်၍မူ အောက်ပါအတိုင်း ရှင်းပြနိုင်ပါသည်။ ယင်းမှာ အကယ်၍ ဆွဟာဗဟ်သာဝကြီးများသည် စိတ်လှုပ်ရှားမှုမရှိဘဲ တည်တည်ငြိမ်ငြိမ်ရှိမည်ဆိုလျှင် တမန်တော်မြတ်၏ အသံတော်ကို သိရှိမှတ်မိနိုင်ပါသည်။

အုဟုဒ်စစ်ပွဲ၌ ကြုံတွေ့ရသည့် အခက်အခဲများ ပြစ်ဒဏ်ပေးခြင်းမဟုတ် စမ်းသပ်မှုတစ်ရပ်သာဖြစ်သည်။

وَلِيَبْتَلِيَ اللهُ مَافِيْ صُدُوْرِكُمْ (၁၅၄)အရ သာဝကကြီးများသည် အုဟုဒ်စစ်ပွဲတွင် ကြုံတွေ့ခဲ့ရသော ဒုက္ခသုက္ခများမှ တစ်ဆင့် အမှန်တကယ် စမ်းသပ်ခံခဲ့ရသည်မှာ ထင်ရှားသည်။ ဤသည်မှာ ပြစ်ဒဏ်ခတ်ခြင်းမဟုတ်ပေ။ အရေခြုံ များနှင့်မတူ ကွဲပြားခြားသည့် စစ်မှန်သော မုစ်လင်မ်များဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ နည်းလမ်းကား အတွင်းပိုင်းဆိုင်ရာ အရည်အချင်းများ စမ်းသပ်မှုတစ်ရပ်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာဝိဇ္ဇန်းရွှင်သော ဖော်ပြချက်ဖြစ်သည့် **اَثَابَكُمْ غَمًّا** (အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စိတ်ဆင်းရဲခြင်းအစား စိတ်ဆင်းရဲခြင်းကို ပေးတော်မူခဲ့လေသည်) အရဆိုလျှင် ပြစ်ဒဏ်ပေးသည်ဟု ရည်ညွှန်းသည်။ ဤအဆိုကို ရှင်းလင်းနိုင်သည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ သို့ရာတွင် စစ်မှန်သော ရည်ရွယ် ချက်သည်ကား ကြင်နာသော ဆုံးမပဲ့ပြင်မှုတစ်ရပ်မျိုးသာလျှင် ဖြစ်သည်။ အဖေတစ်ဦးက သားတစ်ဦးကို ရည် ရွယ်ချက်ကောင်းကောင်းဖြင့် အပြစ်ဖော် မောင်းမဲဆုံးမသကဲ့သို့ အလားသဏ္ဌာန်တူပေသည်။ သို့တည်းမဟုတ် ဆရာသမားတစ်ဦးက မိမိတပည့်တစ်ဦးကို ပြစ်တင်ဆုံးမသကဲ့သို့ပင် ဖြစ်သည်။ ယေဘုယျအသုံးအနှုန်းအရဆိုလျှင် ဤသည်ကို ပြစ်ဒဏ်ပေးခြင်းတစ်ရပ်ဟု ခေါ်ဆိုနိုင်သော်လည်း စင်စစ်မှာ ပြုပြင်ခြင်း၊ လေ့ကျင့်ပေးခြင်းမျိုးသာ ဖြစ်သည်။ ဤသည်မှာ ဥပဒေအကြောင်းအရပင် အပြစ်ဒဏ်ပေးခြင်းမျိုးနှင့် ကွဲပြားခြားနားပါသည်။

အဘယ်ကြောင့် မုစ်လင်မ်များ အုဟုဒ်စစ်ပွဲတွင် ဒုက္ခသုက္ခကြုံတွေ့ရသနည်း

لِيَبْتَلِيَكُمْ "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ရင်တွင်းများအတွင်း၌ရှိသော

(ယုံကြည်မှု) ကို စမ်းသပ်တော်မူခြင်းငှာလည်းကောင်း" မှ အစချီထားသော အာယသ်တော် ၁၅၄ ၏ နောက်ပိုင်းက ရည်ညွှန်းဟန်ရှိသည်မှာ မုစ်လင်မ်များကြုံတွေ့ခဲ့ရသော အခက်အခဲများ၏ အကြောင်းရင်းခံသည် အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်ကြွယ်ဝသော အဓိပ္ပာယ်ဖြစ်ကြောင်းပင်တည်း။ သို့သော်လည်း အာယသ်တော် ၁၅၅ တွင် **اِنَّمَا اسْتَزَلَّهُمُ الشَّيْطٰنُ بِبَعْضِ مَا كَسَبُوْا** အဆိုအဓိန့်က ဆွဟာဗဟ်ကြီးတို့၏ အတိတ်ကအမှားအချို့သည် ရှိုင်တွာန်မိစ္ဆာကြောင့်သာဖြစ်ကြောင်း ရည်ညွှန်းဟန်ရှိသည်။

ဆွဟာဗဟ်သာဝကကြီးတို့၏ အတိတ်က အမှားအချို့သည် ရှိုင်တွာန်မိစ္ဆာကိုအားပေးလှုံ့ဆော်မှုဖြစ်စေခဲ့ကာ ယခုအကြိမ်သည်လည်း ချွတ်ချော်တိမ်းပါးစေရန် ရှိုင်တွာန်၏ ကြိုးပမ်းမှုအောင်မြင်သွားစေခဲ့ပါသည်။ သို့သော်လည်း ဤသည်ထက်မကရှိသည်မှာ ယင်းချွတ်ချော်မှုရလဒ်၏ နောက်ကွယ်၌ ဖန်ဆင်းရှင်းစီမံထားသော အသိဉာဏ်ကြွယ်ဝသည့် အစီအမံများ ရှိပေသေးသည်။ ဤသည်တို့ကို **لِيَبْتَلِيَكُمْ** "စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် စမ်းသပ်တော်မူခြင်းငှာလည်းကောင်း" ဟူသော အဓိန့်တော်ထဲတွင် ပါဝင်သည်။ ရူဟုလ်မအာနီ ကျမ်းတွင် ဇဂျ်ဂျာဂျ်မှတင်ပြချက်တစ်ရပ်မိန့်သည်မှာ ရှိုက်တွာန်သည် ဆွဟာဗဟ်သာဝကကြီးများ၏ အပြစ်အချို့ကို ပြန်လည်သတိရစေကာ ယင်းအဖြစ်အချို့ကြောင့် အရှင်မြတ်ရှေ့မှောက်ဝင်ရောက်ရန် တုန့်ဆိုင်းသွားစေခဲ့သည်။ ထို့ကြောင့် ဆွဟာဗဟ်သာဝကကြီးများသည် ၎င်းတို့၏ အပြစ်များကို ပြုပြင်ပြင်ဆင်ပြီး နောင်တစ်ချိန် ဂျီဟားဒ်စစ်ပွဲတွင် ဝင်တိုက်ရန် သာသနာ့အာဇာနည်အဖြစ်ကျဆုံးခံကာ အလ္လာဟ်အရှင်မြတ်နှင့် တွေ့မည်ဟု မျှော်လင့်၍ ယခုဖြစ်နေသော ဂျီဟားဒ်' စစ်ပွဲမှရှောင်ခွာခဲ့သည်။

အပြစ်ဂုနာဟ်တစ်ခုသည် အခြားအပြစ်ဂိုနာဟ်၏ အကြောင်းခံဖြစ်သည်။

နောက်ဆုံးအာယသ်တော်မှ ကျွန်ုပ်တို့ စူးစမ်းရှာဖွေတွေ့ရှိခဲ့သည်မှာ ကောင်းမှုတစ်ခုသည် အခြားကောင်းမှုတစ်ရပ်ကို ဆွဲဆောင်မှုပြုလုပ်နိုင်သကဲ့သို့ အပြစ်ဒုစရိုက်တစ်ခုကျူးလွန်မိခဲ့လျှင် နောက်ထပ်အခြားပြစ်မှုတစ်ခုကို ပြုလုပ်စေနိုင်သည်။ တစ်နည်းအားဖြင့် အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ လုပ်ရပ်အားလုံးသည် သံလိုက်ဓါတ်ဆွဲဆောင်သကဲ့သို့ တူရာကိုလည်း ဆွဲဆောင်စေပါသည်။ အတွေ့အကြုံအရဆိုလျှင် လူတစ်ယောက်သည် ကောင်းမှုတစ်ရပ်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးပါက ထိုသူ့အတွက် အခြားသောကောင်းမှုလုပ်ဆောင်ရန် လွယ်ကူသွားပေသည်။ သူ၏စိတ်နှလုံးသားသည် ကောင်းမြတ်၍ မှန်ကန်သော လုပ်ရပ်များ လုပ်ဆောင်ရန် လိုလားစပြုလာသည်။ အလားတူပင် လူတစ်ဦးသည် အပြစ်ဒုစရိုက်တစ်ခုပြုလုပ်လိုက်ပါက အခြားအပြစ်ဒုစရိုက်များကျူးလွန်ရန် လမ်းပွင့်သွားစေသည်။ သူ့နှလုံးသားသည် ပြစ်မှုဒုစရိုက်လုပ်ရပ်များ လုပ်ဆောင်ရန် လိုလားစပြုလာသည်။ ထို့ကြောင့် အချို့သောလူကြီးသူမတို့၏ ဆိုရိုးစကားမှာ **ان من جزاء السيئة السيئة بعدها و ان من جزاء السيئة السيئة بعدها** "ကောင်းမှုတစ်ခု၏ ဆုလာဘ်မှာ လူတစ်ဦးတစ်ယောက်အား နောက်ထပ်ကောင်းမှုတစ်ခုကို လွယ်လွယ်ကူကူ ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။ မကောင်းမှု ဒုစရိုက်တစ်ခု၏ ပြစ်ဒဏ်ကား နောက်ထပ်မကောင်းမှုတစ်ခုကို ပြုလုပ်စေခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ဖြစ်ခြင်းမှာ ပထမအစဦးလုပ်ရပ်က လမ်းခင်းပေးခြင်းပင်တည်း။

မောင်လာနာ အရှ်ရဖ်အလီထာနဝီက မဆာအိလုတ်ခ်စုလူးက်ကျမ်းတွင် ဟဒီးဆ်တော်တွင် ရှင်းလင်းပြသသကဲ့သို့ မိန့်ကြားခဲ့သည်မှာ ဂုနာဟ်ဒုစရိုက်သည် နှလုံးသားကို မဲနက်စေ၍ နှလုံးသားမဲနက်သွားပါက ရှိုက်တွာန်အောင်မြင်သွားခြင်းဖြစ်သည်။

အလ္လာဟ်အရှင်ထံတော်မှောက်တွင် ဆွဟာဗဟ်သာဝကကြီးများ၏ အဆင့်အတန်း

အစောပိုင်းက အတိုချုပ်တင်ပြထားသကဲ့သို့ အုဟုဒ်စစ်ပွဲတွင် အချို့သောဆွဟာဗဟ်သာဝကကြီးများ၏ အမှားအယွင်းပြုလုပ်ခဲ့မှုသည်ပင်ကိုယ်အားဖြင့် အရေးပါပါသည်။ တမန်တော်မြတ်ﷺ သခင်သည် အချက်အချာကျသော တောင်ထိပ်ကို ကာကွယ်စောင့်ရှောက်ရန် ရှင်းလင်းပြတ်သားသည့် အမိန့်ပေးထားသည်။ တောင်အောက်တွင်ရှိနေသော ရှေ့တန်းစစ်မျက်နှာတွင် ဘာဖြစ်ဖြစ်အကြောင်းမဟုတ်၊ မိမိတို့အား တာဝန်ချထားရာနေရာမှ တစ်ဖဝါးမှ မခွာရန်မှာကြားကာ တာဝန်ပေးထားခံရသော ဆွဟာဗဟ်များ(၅၀)အနက်မှ အများစုက တာဝန်ကျရာနေရာမှ စွန့်ခွာခြင်း၏ အကြောင်းရင်းမှာ ၎င်းတို့ဘက်မှ စစ်ပွဲနိုင်သည်ဟု ထင်မှတ်ကာ မှားယွင်းသည့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့်ဖြစ်သည်ဟု ဆိုကြပါစို့။ ၎င်းတို့တပ်စွဲကာ စောင့်ကြပ်ရန်ဟူသည့်အမိန့်သည် ၎င်းတို့အယူအဆအရ ပြီးဆုံးပြီဟု ထင်မှတ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် အခြားသော မုစ်လင်မ်များနှင့်အတူ ပူးပေါင်းရန် တောင်အောက်ဆင်းနိုင်သည်ဟု ယူဆခဲ့ကြသည်။ သို့သော်လည်း အမှန်စင်စစ် ၎င်းတို့လုပ်ရပ်သည် တမန်တော်မြတ်ﷺ သခင်ပေးထားသော တိကျပြတ်သားသည့် ညွှန်ကြားချက်နှင့် လုံးဝ ဆန့်ကျင်သွားသည်။ ဤကိစ္စကို မည်သို့ရှင်းလင်းသည်ဖြစ်စေ အစောပိုင်းက ဇဂျ်ဂျာဂျ်၏ တင်ပြချက်ကဲ့သို့ ၎င်းတို့လုပ်ခဲ့သောအမှားက စစ်မြေပြင်မှ ထွက်ခွာလာကြစေရန် လှုံ့ဆော်ခဲ့သည်။ ထို့ပြင် စစ်မြေပြင်မှ ဤသို့ ဆုတ်ခွာမှုပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်က ရှေ့တန်းစစ်မျက်နှာမှ မခွာဘဲ ၎င်းတို့အား နောက်မှ အော်ဟစ်ခေါ်စဉ် ဖြစ်ပေါ်ခဲ့သည်။ ပုဂ္ဂိုလ်ရေးနှင့် အဖြစ်အပျက်အခြေအနေကို ရည်ညွှန်းမှုမပါဘဲ ဤဖြစ်ရပ်ကို သုံးသပ်ရလျှင် ထိုလုပ်ရပ်သည် စစ်တပ်တွင်ကြီးလေးသော အမိန့်ဖောက်ဖျက်မှုပင်ဖြစ်သည်။ စင်စစ်မူရာဂျရာဟ် အမျိုးအစားတွင် အကျုံးဝင်သော ဆွဟာဗဟ်သာဝကကြီး မြောက်များစွာအပေါ် ပြစ်တင်မှုများတွင် ဤကိစ္စသည် ကြီးလေးသော ပြစ်တင်စွပ်စွဲမှုပင်ဖြစ်သည်။ (မူရာဂျရဟ်ဟူသည်မှာ) တမန်တော်မြတ် ﷺ သခင်မရှိသည့်နောက် ဆွဟာဗဟ်သာဝကြီးများအကြား အချင်းချင်း အငြင်းပွားမှုများနှင့် လက်နက်စွဲကိုင် ရင်ဆိုင်တိုက်ခိုက် မှုများကို ဆိုလိုသည်။

သို့သော်လည်း စဉ်းစားသင့်သည်မှာ ဆွဟာဗဟ်ကြီးများ အမှားပြုလုပ်ခဲ့လင့်ကစား ကြီးကျယ်မြင့်မြတ်သော အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အတွက် ဘာလုပ်ထားသနည်းဆိုသည်ပင်တည်း။ လက်ရှိအာယသ်တော်တွင် ဝိုက်မျည်းခြင်းမှတစ်ဆင့် ၎င်းတို့၏ ဝမ်းနည်းကြေကွဲမှုကို ရုပ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုအဖြစ် ပြောင်းလဲခဲ့သည်ကို ဖော်ပြထားသည်။ ထို့နောက် ၎င်းတို့၏ ဒုက္ခသုက္ခရောက်ခြင်းသည် ပြစ်ဒဏ်ပေးခြင်း မဟုတ်ဘဲ စမ်းသပ်မှုအတွက်သာဖြစ်သည်ဟု မိန့်ကြားထားသည်။ ထို့နောက် ၎င်းတို့အား ခွင့်လွှတ်ကြောင်းကို ရှင်းလင်းပြတ်သားသည့် စကားလုံးဖြင့် ကြေညာခြင်းအမိန့်တော်ရောက်ရှိလာသည်။ ပြန်လည်သတိရမည်ဆိုလျှင် ဤကိစ္စရပ်များသည် အစောပိုင်းက ဖော်ပြပြီးဖြစ်သော်လည်း ဤအာယသ်တော်ထဲတွင် ထပ်မံ၍ အတည်ပြုထားသည်။ ဤထပ်ဆင့်

ဖော်ပြချက်နောက်ကွယ်၌ အသိဉာဏ်ရှိလေသည်။ ပထမအကြိမ်တွင် မိန့်ကြားထားသည်မှာ ဆွဟာဗဟ်သာဝကြီးများကို နှစ်သိမ့်ရန် ရည်ရွယ်ချက်ဖြစ်သည်။ ဤသည်နှင့်ဆက်နွယ်၍ အာယသ်တော်ထဲတွင် အရေခြုံများက မုစ်လင်မ်များကို ပြောကြားခဲ့သည်များ မဟုတ်ကြောင်း ငြင်းဆိုထားသည်။ အရေခြုံများက မုစ်လင်မ်များသည် ၎င်းတို့အကြံပြုသည့်အတိုင်း မလုပ်ကြ၍ ဤကဲ့သို့သော အခက်အခက်များနှင့် ကြုံတွေ့ရသည်ဟု အပြစ်တင်ထားသည်။

အတိုချုပ်အားဖြင့် ဤနှီးနွှယ်သောအာယသ်တော် အားလုံးက ရှင်းလင်းစေသည်မှာ ဆွဟာဗဟ်သာဝကြီးများသည် ကြီးမားသော အမှားအယွင်းများပြုလုပ်ခဲ့ကြလင့်ကစား အလ္လာဟ်အရှင်မြတ်၏ ထံတော်မှောက်တွင် ၎င်းတို့သည် ပြိုင်ဘက်ကင်းသည့် အနေအထားရှိခဲ့ကြသည်။ ၎င်းတို့အား ခွင့်လွှတ်ချမ်းသာမှုနှင့် လွတ်ငြိမ်းမှု ပေးသနားထားသည်သာမက မြားမြောင်သော ကောင်းချီးမင်္ဂလာများလည်းပေးသနားခဲ့သည်။ ဆွဟာဗဟ်ကြီးများသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့်သနားကြင်နာမှုများကို အထူးလက်ခံရရှိသူများအဖြစ် သတ်မှတ်ခံရသူများဖြစ်သည်။ ဤသည်မှာ ခိုင်လုံသောကုရ်အာန်ကျမ်းတော်မြတ်မှတစ်ဆင့် အလ္လာဟ်အရှင်မြတ် ထံတော်မှ ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိခဲ့သည့်အတိုင်း အလားတူ ကိစ္စတစ်ရပ်ရှိခဲ့သည်။ ယင်းမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်ထံတော်ဝယ် စိုက်ဒိယိနာ ဟာသိဗ်အိဗ်နိအဗီဗိလ်သအာဟ် ကိစ္စတင်သွင်းခြင်းနှင့် သက်ဆိုင်သည်။ ၎င်းသည် မဒီနဟ်မြို့တွင်နေထိုင်သော မုစ်လင်မ်များအကြောင်း အချက်အလက်ပါဝင်သည့် စာတစ်စောင်ရေး၍ မက္ကဟ်မြို့ရှိ မုရှ်ရိကီးန် မယုံကြည်သွေဖည်ငြင်းပယ်သူများထံ ပို့ခဲ့သည်။ ဤဖြစ်ရပ်ကို တမန်တော်မြတ်﴿ﷺ﴾ သခင်အား ဝဟီမှတစ်ဆင့် အသိပေးပြီးသောအခါတွင် စာအား မက္ကဟ် မရောက်မီ သိမ်းဆည်းနိုင်ခဲ့သည်။ ၎င်း၏လုပ်ရပ်အတွက် ဆွဟာဗဟ်သာဝကကြီးများက စိုက်ယိဒိနာ ဟာသိဗ် အိဗ်နိအဗီဗိလ်သအာဟ်အား စိတ်ဆိုးခဲ့ကြသည်။ စိုက်ယိဒိနာ အုမရ်﴿رضي الله عنه﴾ သည် ထို "အရေခြုံ"အား ခေါင်းဖြတ်သတ်ခွင့် တောင်းခံခဲ့သည်။ သို့သော် လည်း တမန်တော်မြတ်﴿ﷺ﴾ သခင်က ဟာသိဗ်သည် "အရေခြုံ"မဟုတ်ဘဲ စစ်မှန်ဖြူစင်သော မုစ်လင်မ်တစ်ဦး ဖြစ်ကြောင်း သိရှိခဲ့သည်။ သို့သော်လည်း ဟာသိဗ်သည် ထိုအမှားကို မလွှဲမရှောင်နိုင်၍သာ ပြုလုပ်ခဲ့ရခြင်းဖြစ် သည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဟာသိဗ်အား အမှားအတွက် ခွင့်လွှတ်၍ ကြေညာခဲ့သည်မှာ ၎င်းသည် ဗဒ်ရိစ်ပြန်တစ်ဦးဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် ဗဒ်ရိစ်ပွဲပါဝင်သူများအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်သည်ဟူ၍ ဖြစ်သည်။ **(ဤဆင့်ပြန်ချက်သည် ခိုင်လုံသော ဟဒီးဆ် အားလုံးတွင် ပါဝင်သည်။)**

ဆွဟာဗဟ်သာဝကကြီးများသည် မုစ်လင်မ်များအတွက် အတုယူဖွယ်

အဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်ဟူသော တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ကိုယ်တော်မြတ်၏ ဆွဟာဗဟ်သာဝကကြီးများ﴿رضي الله عنهم اجمعين﴾၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးသည့် မုစ်လင်မ်များသည် အထက်တွင် အခိုင်အမာပြုထားချက် အပေါ် အခြေခံထားသောကြောင့် ၎င်းတို့၏ ယုံကြည်ချက်နှင့် ကျင့်စဉ်များသည် မှန်ကန်အတည်ပြုပြီးဖြစ် ကြောင်း တွေ့ရှိရပေလိမ့်မည်။ ဆိုလိုသည်မှာ ဆွဟာဗဟ်သာဝကကြီးများသည် အပြစ်ကင်းစင်သည်ဟု မဆိုလို ချေ။ အပြစ်ဒုစရိုက်အချို့ ကျူးလွန်မိခဲ့နိုင်သကဲ့သို့ အချို့သည်လည်း

ကျူးလွန်မိခဲ့ကြသည်။ သို့ဖြစ်ငြားသော်လည်း မုစ်လင်မ်အုမ္မသ်ထုသည် ဆွဟာဗဟ်သာဝကကြီးများ မကောင်းမှုဒုစရိုက်ကျူးလွန်မှုရှိသည်ဟူ၍လည်းကောင်း၊ ချို့ယွင်းမှုရှိသည်ဟူ၍လည်းကောင်း ရှုတ်ချသည့်အနေဖြင့် မှတ်ယူပြောဆိုခြင်း ခွင့်မပြုချေ။ အလ္လာဟ်အရှင်မြတ် နှင့် အရှင်မြတ်တမန်တော်﴿ﷺ﴾ သခင်က ဆွဟာဗဟ်ကြီးများပြုမိခဲ့သော ကြီးကျယ်သောမှားယွင်းမှုနှင့် ခွါတ်တော်မှုများကို ခွင့်လွှတ်တော်မူကာ ၎င်းတို့အား ရက်ရောကြင်နာစွာဖြင့် **رضى الله عنهم ورضوا عنه** "အလ္လာဟ်အရှင်မြတ်သည် ဆွဟာဗဟ်သာဝကများကို ကျေနပ်နှစ်သက်တော်မူပါစေ။ ထို့ပြင် ၎င်းတို့ကလည်း အလ္လာဟ် အရှင်မြတ်အပေါ်၌ ကျေနပ်နှစ်သက်တော်မူပါစေ" ဟူသော ကြီးမားမြင့်မားသော အဆင့်အတန်းချီးမြှင့်တော်မူခဲ့ပါလျှင် မည်သူသည် ၎င်းတို့အား ရှုတ်ချပြစ်တင်ပြောဆိုခွင့်ရှိအံ့နည်း။

ထို့ကြောင့် အုဟုဒ်စစ်ပွဲတွင် ဖြစ်ပွားခဲ့သော ဤအဖြစ်အပျက်ကို ရည်ညွှန်း၍ တစ်စုံတစ်ဦးက စိုက်ယိဒနာ အုသ်မာန်းအလ်ဂနီနှင့် အချို့သော သာဝကြီးများ စစ်မြေပြင်မှ ဆုတ်ခွာပြေးကြသည်ဟု သရော်ပြောင်လှောင်ပြောဆိုသည်ကို ကြားသိရသော စိုက်ယိဒနာ အဗ်ဒုလ္လာဟ် အိဗ်နိ အုမရ်﴿ﷺ﴾ သခင်က မိန့်တော်မူသည်မှာ " အလ္လာဟ်အရှင်မြတ်က ရှင်းလင်းစွာကြေညာ၍ ခွင့်လွှတ်ထားပြီးဖြစ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မှ ၎င်းတို့ကို ဝေဖန်ခွင့်မရှိချေ" ဟူ၍ ဖြစ်သည်။ **(ရှဟီးဒ်အလ်ဗုခါရီ)**

ထို့ကြောင့် အလ်လေ့စွန္နသ်ဝလ်ဂျမာအသ်မ ထုတ်ဝေသော ဘာသာရေးဆိုင်ရာကျမ်းများအားလုံးတွင် တစ်ညီတစ်ညွတ်တည်း သဘောတူကြသည်မှာ ဆွဟာဗဟ်သာဝကကြီးများ၏ အဆင့်အတန်းကို လေးစားဂုဏ်ပေးခြင်းသည် ဝါဂျိဗ်ဖြစ်သည်။ ၎င်းတို့အကြောင်း မကောင်းပြောခြင်းနှင့် သရော်လှောင်ပြောင်ခြင်း ဝေဖန်ခြင်းတို့မှာ ရှောင်ကြဉ်ရန်လည်း ဝါဂျိဗ်ဖြစ်သည်။ အလ်အကာအိဒ်အန်နတ်စ်ဖိယာဟ်ကျမ်းတွင် လာရှိသည်မှာ-

ویکف عن ذکر الصحابه الابخیر

ဆွဟာဗဟ်သာဝကကြီးများအကြောင်း ပြောဆိုလျှင် ကောင်းသောအကြောင်းမှအပ အခြားအကြောင်း မပြောရန် ဝါဂျိဗ်ဖြစ်သည်။ ရှရဟ်အလ်မုဆာမရဟ်ကျမ်းတွင် အိဗ်နိဟူမာမ်က မိန့်ကြားထားသည်မှာ -

اعتقاد اهل السنة تزکیة جمیع الصحابة والثناء علیهم

စွန္နသ်တော်နောက်လိုက်သူ အဟ်လိစွန္နသ်ဝလ် ဂျမာအသ်များ၏ ယုံကြည်မှုမှာ ဆွဟာဗဟ်သာဝကကြီးများသည် အပြစ်များမှ သန့်စင်ပြီး ဖြစ်သောကြောင့် ၎င်းတို့အား ချီးမွမ်းခြင်းဖြင့်သာ အောက်မေ့တသသတိရရပါမည်။

ယင်းကိစ္စကိုပင် ရှရဟ်မုဝါကစ်ဖ်ကျမ်းတွင် လာရှိသည်မှာ -

یجب تعظیم الصحابة کلهم والکف عن القدح فیهم

ဆွဟာဗဟ်သာဝကကြီးများအားလုံးကို ဂုဏ်ပေးခြင်းသည် ဝါဂျစ်ဗ်ဖြစ်သည်။ ထို့နောက် ၎င်းတို့နှင့် ပတ်သက်၍ ဝေဖန်ခြင်းနှင့် ပျက်ရယ်ပြောင်လှောင်ခြင်းမှာ ရှောင်ကြဉ်ခြင်းသည်လည်း အလားတူ မပြုမနေရ တာဝန်ဖြစ်သည်။

အောက်တွင်အတိုချုပ်ဖော်ပြချက်သည် အကီဒတုလ်ဝစာတီယာဟ်ကျမ်းတွင် ဟာဖိဇ်အိဗ်နိ သိုင်မိယဟ်၏ မိန့်ကြားချက်ဖြစ်သည်။

"တမန်တော်မြတ်ﷺ သခင်၏ သာဝကကြီးများအကြားတွင် ဖြစ်ပေါ်ခဲ့သော သဘောကွဲလွဲမှုများ (သို့) လက်နက်စွဲကိုင် တိုက်ခိုက်မှုများကို ဝေဖန်ခြင်းတို့မှဖြစ်စေ၊ စွပ်စွဲခြင်းတို့မှဖြစ်စေ မုစ်လင်မ်များ ရှောင်ကြဉ်ရန်မှာ အဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်၏ ကြီးမားသော ယုံကြည်ချက်ပင်ဖြစ်သည်။ ဤကိစ္စအတွက် အကြောင်းတစ်ရပ်ကားရှိသည်။ အများဆုံးသော ဆင့်ပြန်ချက်များတွင် ဆွဟာဗဟ်သာဝကကြီးများ၏ အားနည်းချက်များကို ပြစ်တင် ထားမှုသည် သမိုင်းစာမျက်နှာတွင် မသိမသာ ဝင်ရောက်သွားခြင်းကား ရန်သူများ၏ စီမံထားသော လိမ်လည်မှုများ ဖြစ်သည်။ ထိုသမိုင်းတို့တွင် အမှန်တရား မပါရှိချေ။ ထို့ပြင် ယင်းသမိုင်းတို့တွင် အမှန်တရားကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ဖြင့် ပြောင်းပြန်တင်ပြထားသည်များလည်း ရှိသည်။ အကယ်၍ ယင်းကိစ္စရပ်များတွင် မှန်ကန် မှု အနည်းငယ်ရှိမည်ဆိုလျှင်လည်း ထိုကိစ္စရပ်မှာ ဆွဟာဗဟ်သာဝကကြီးများ၌ အခြားရွေးရန် လမ်းမရှိ၍ ဆွဟာဗဟ်ကြီးများ၏ လွတ်လပ်စွာ ဆုံးဖြတ်ချက်သာလျှင်ဖြစ်သည်။

တစ်ဆင့်တိုးကြည့်မည်ဆိုလျှင် အခြေအနေတစ်ရပ်၌ ဆွဟာဗဟ်ကြီးများသည် အကူအညီမဲ့နေသည်မဟုတ်ပါ။ သို့သော်လည်း ၎င်းတို့၏ ရွေးချယ်မှုကို သုံးနိုင်စွမ်းရှိသည်ဟု ယူဆကြည့်ကြစို့။ ယင်းအချိန်၌ လုပ်ဆောင်သွားကြသည်မှာ **اِنَّ الْحَسَنَاتِ يُذْهِبْنَ السَّيِّئَاتِ "မလွဲဧကန် ကောင်းမှုသုစရိုက်များသည် မကောင်းမှုဒုစရိုက်များကို ပယ်ဖျောက်စေကုန်၏"** (၁၁း၁၁၄)ဟူသော အလ္လာဟ်အရှင်မြတ်၏ ဥပဒေသပင်တည်း။ ထို့ပြင် ကောင်းမှုကောင်း ရာကိစ္စများတွင် ဆွဟာဗဟ်သာဝကကြီးများနှင့် တန်းတူဖြစ်သည်ဟု မည်သူမျှ အခိုင်အမာ မပြောနိုင်ဟူသည်မှာလည်း ထင်ရှားပေသည်။ ဆွဟာဗဟ်ကြီးများ လုပ်ဆောင်ခဲ့သော ကောင်းမှုကောင်းရာတို့သည်လည်း မည်သူ တစ်ဦးတစ်ယောက်၏ ကောင်းမှုကောင်းရာနှင့်မျှ နှိုင်းယှဉ်၍မရပါ။ အလားတူပင် ၎င်းတို့နှင့်ယှဉ်လျှင် အလ္လာဟ် အရှင်မြတ်၏ ခွင့်လွှတ်မှုနှင့် သနားကြင်နာပေးသနားမှုတွင် မည်သူမျှ ၎င်းတို့ထက်ပို၍ မထိုက်တန်ကြချေ။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဆွဟာဗဟ်သာဝကကြီးများနှင့် ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ယင်းဆုံးဖြတ် ချက်အတွက် ၎င်းတို့၏ လုပ်ရပ်များကို စစ်ဆေးခြင်း၊ ဝေဖန်ခြင်းနှင့် မကောင်းပြောပိုင်ခွင့် မရှိချေ။

VVVVVVVVVV

အာယသ် (၁၅၆–၁၅၈)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَكُونُوا۟
كَٱلَّذِينَ كَفَرُوا۟ وَقَالُوا۟ لِإِخْوَٰنِهِمْ إِذَا ضَرَبُوا۟ فِى ٱلْأَرْضِ
أَوْ كَانُوا۟ غُزًّى لَّوْ كَانُوا۟ عِندَنَا مَا مَاتُوا۟ وَمَا قُتِلُوا۟ لِيَجْعَلَ
ٱللَّهُ ذَٰلِكَ حَسْرَةً فِى قُلُوبِهِمْ ۗ وَٱللَّهُ يُحْىِۦ وَيُمِيتُ ۗ وَ
ٱللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿١٥٦﴾ وَلَئِن قُتِلْتُمْ فِى سَبِيلِ ٱللَّهِ
أَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ ٱللَّهِ وَرَحْمَةٌ خَيْرٌ مِّمَّا يَجْمَعُونَ ﴿١٥٧﴾
وَلَئِن مُّتُّمْ أَوْ قُتِلْتُمْ لَإِلَى ٱللَّهِ تُحْشَرُونَ ﴿١٥٨﴾

အို-'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အကြင် သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် မယုံမကြည်သွေဖည်ငြင်းပယ်ကြသည်ပြင် မိမိတို့၏ ညီသားအစ်ကိုများနှင့်ပတ်သက်၍ ထိုညီသားအစ်ကိုများသည် ပထဝီမြေပြင်ဝယ် (သာသနာရေးကိစ္စနှင့်) ခရီးသွားလာကြသော အခါ (ကွယ်လွန်သေဆုံးခဲ့သည်)ဖြစ်စေ၊ စစ်သည်တော်ဖြစ်၍ (စစ်မြေပြင်၌ ကျဆုံး) ခဲ့သည်ဖြစ်စေ "အကယ်၍သာ ထိုသူတို့သည် ငါတို့နှင့် အတူရှိနေခဲ့ ကြပါလျှင် (ယင်းကဲ့သို့) သေကြေပျက်စီးကြမည်လည်း မဟုတ်၊ သတ်ဖြတ် ခြင်းခံကြရမည်လည်း မဟုတ်ပေတကား" ဟုပြောဆိုလေ့ ရှိကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကဲ့သို့ အသင်တို့မဖြစ်ကြသည်ကိုပင် ထို (ကာဖိရ်သွေ ဖည်ငြင်းပယ်သော) သူတို့၏ စိတ်နှလုံး၌ ဝမ်းနည်းပူဆွေး ဖွယ်တစ်ရပ်ဖြစ်စေတော်မူရန် ဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် သာလျှင် ရှင်စေတော်မူ၏။ ထိုအရှင်မြတ်သည် သာလျှင် သေစေတော်မူ၏။ ထိုမှတစ်ပါးတုံ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြကုန်သော ကိစ္စရပ်တို့ကိုလည်း ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။ (၃း၁၅၆)

သို့ရာတွင်မူကား စင်စစ်အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသက်ခံကြရသည်ဖြစ်စေ၊ သို့တည်းမဟုတ် သေဆုံးကြသည်ဖြစ်စေ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း၊

ထို(ကာဖိရ်) တို့ စုဆောင်းကြကုန်သော အရာဝတ္ထုများထက် မုချကောန် သာလွန်၍ ကောင်းမြတ်ပေသည်။ (၃:၁၅၇)

ထိုနည်းတူစွာ အကယ်၍ အသင်တို့သည် စင်စစ်သေဆုံးကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသတ်ခံကြရသည်ဖြစ်စေ အသင်တို့သည် အရှင်မြတ် အထံတော်သို့သာလျှင် မုချစုရုံးစေခြင်း ခံကြရပေမည်။ (၃:၁၅၈)

အာယသ်တော် ၁၅၆ တွင် အရေခြုံများပြောထားခဲ့ခြင်းကို ဤအာယသ်တော်တွင် အကျယ်ချဲ့ထား၍ ယင်းကိုပင် အစောပိုင်းအာယသ်တော် ၁၅၄ တွင် **لَوْ كَانَ لَنَا مِنَ الْاَمْرِ شَیْءٌ مَّا قُتِلْنَا هٰهُنَا** "အကျွန်ုပ်တို့သည် ဤနေရာ (စစ်မြေပြင်) ၌ အသတ်ခံကြရမည်မဟုတ်ပေ" ဟု ဖော်ပြထားသည်။ အရေခြုံများ အသုံးပြုခဲ့သော သံသယဖြစ်ဖွယ်နည်း ပရိယာယ်သည် ရိုးသားသော မုစ်လင်မ်များအား ထိခိုက်စေနိုင်သောကြောင့် ထိုကဲ့သို့သော ပြောဆိုမှုများနှင့် လုပ်ဆောင်မှုများကို ဂရုမစိုက်ဘဲနေရန် မုစ်လင်မ်များအား ဤအာယသ်တော်မှ မှာကြားစေခိုင်းသည်။ ထို့ပြင် ဘဝသက်တမ်းနှင့် သေဆုံးမည့်အချိန်တို့သည် အလွှာဟ်အရှင်တစ်ပါးတည်းကသာလျှင် စီရင်ပြဋ္ဌာန်းသည်ဟူသည့် ယုံကြည်မှု စွဲမြဲစေရန် ဤအာယသ်တော်က စေခိုင်းသည်။

VVVVVVVVVV

အာယသ် (၁၅၉)

فَبِمَا رَحْمَةٍ مِّنَ
اللَّهِ لِنتَ لَهُمْ ۖ وَلَوْ كُنتَ فَظًّا غَلِيظَ الْقَلْبِ لَانفَضُّوا مِنْ
حَوْلِكَ ۖ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِي الْأَمْرِ ۖ
فَإِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللَّهِ ۚ إِنَّ اللَّهَ يُحِبُّ الْمُتَوَكِّلِينَ ﴿١٥٩﴾

တစ်ဖန် (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကြောင့်သာလျှင် ထိုသူတို့နှင့် နူးညံ့(စွာဆက်ဆံ) ခဲ့လေပြီ။ အကယ်၍သာ အသင်သည် ကြမ်းတမ်းသောသူ (လူမှုဆက်ဆံရေး၌) စိတ်သဘောခက် ထန်ကြမ်းကြုတ်သောသူဖြစ်ခဲ့ပါမူ ထိုသူတို့သည် အသင်၏အပါးမှ ကစဉ့်ကလျားဖြစ်ကာ ထွက်ခွာသွားကြမည်မှာ ဧကန်မလွဲတည်း။ သို့ဖြစ်ရကား အသင်သည် ထိုသူတို့ (၏ချွတ်ယွင်းမှုများ) ကို ခွင့်လွှတ်ပါလေ။ (အလ္လာဟ်အရှင်မြတ်အထံတော်၌လည်း) ထိုသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံပေးပါလေ။ ထိုမှတစ်ပါးတုံ အသင်သည် ရေးခွင့်ကိစ္စအဝဝနှင့် စပ်လျဉ်း၍ ထိုသူတို့နှင့် တိုင်ပင်ဆွေးနွေးပါလေ။ (သို့ဆွေးနွေးတိုင်ပင်)ပြီးနောက် အသင်သည် (တစ်စုံတစ်ရာသောကိစ္စနှင့် စပ်လျဉ်း၍) ပြုလုပ်ရန် စိတ်ပြဋ္ဌာန်း လိုက်သည့်အခါ အလ္လာဟ်အရှင်မြတ်အပေါ်ဝယ် ယုံကြည်စိတ်ချလွှဲအပ် (၍ ပြုလုပ်)ပါလေ။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ အပေါ်ဝယ်) ယုံကြည်စိတ်ချထားသော သူတို့ကို ချစ်ခင်တော်မူလေသတည်း။ (၃း၁၅၉)

မုစ်လင်မ်များအ မှားပြုလုပ်ခြင်းနှင့် စစ်မြေပြင်မှ စွန့်ခွာသွားခြင်းတို့သည် တမန်တော်မြတ်﴿ﷺ﴾ သခင်အား ဝမ်းနည်းပူဆွေးစေသော်လည်း ဆွဟာဗဟ်သာဝကကြီးများကို ယင်းကိစ္စနှင့် ပတ်သက်၍ အပြစ်မတင်ခဲ့ပါ။ ယင်းသည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ မြင့်မားသောကိုယ်ကျင့်တရားနှင့် ကိုယ်တော်၏ခွင့်လွှတ်သည်းခံတတ်သော သဘာဝကြောင့်ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ၎င်းတို့နှင့် တင်းမာစွာဆက်ဆံသင့်သည့်တိုင် မာရေကျောရေ ဆက်ဆံတော်မမူခဲ့ပါ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်က အရှင်မြတ်တမန်တော်၏ ဆွဟာဗဟ်ကြီးများအား နှစ်သိမ့်မှုဖြစ်စေပြီး ၎င်းတို့အမှားကြောင့် ခံစားခဲ့ရသော အရှက်အကြောက်နှင့် ထိတ်လန့်တုန်လှုပ်မှုအား ဖယ်ရှားပြီးဖြစ်သည်ကို မြင်တွေ့လိုတော်မူခဲ့သည်။ ထို့ကြောင့် ဤအာယသ်တော်တွင်

တမန်တော်မြတ်﴿ﷺ﴾ သခင်အား ဆွဟာဗဟ်သာဝကကြီးများကို ပိုမိုနူးညံ့သိမ်မွေ့၍ ချစ်ခင်ယုယစွာ ဆက်ဆံရန်နှင့် အရေးကြီးသောကိစ္စရပ်များတွင် ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်နှီးနှောရန် မိန့်ကြားထားသည်။

အကျယ်ဖွင့်ဆိုခြင်း

ဦးစီးနာယကတစ်ဦး၏ လက္ခဏာရပ်များ

တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ဆွဟာဗဟ်သာဝကကြီးများသည် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်တို့ထက်သာလွန်၍ ကိုယ်တော်မြတ်အား ချစ်ခင်မြတ်နိုးကြသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များကို ဆန့်ကျင်၍ အမှားကျူးလွန်မိသောအခါ ၎င်းတို့အတွက် အန္တရာယ်နှစ်ခု ရှိခဲ့သည်။ ပထမဦးစွာ ယင်းကိစ္စကြောင့် ၎င်းတို့၏တုန်လှုပ်ချောက်ချားမှုမှာ ပိုမိုပြင်းထန်၍ သမရိုးကျ တုန်ပြန်မှုတွင် ထိခိုက်နိုင်သည်။ အထူးသဖြင့် ၎င်းတို့သည် ခေါင်းဆောင်၏အမိန့်ကို မည်မျှချိုးဖောက်ခဲ့ကြောင်းနှင့် မည်သည့် အမှားလုပ်ဆောင်ခဲ့ကြောင်းကို ပြန်လည်သတိရသောအခါ ၎င်းတို့၏အမှားအတွက် အရှင်မြတ်၏အသနား တောင်အပေါ် မျှော်လင့်ချက်ထားမှုကို ဆုံးရှုံးသွားနိုင်သည်။ ဤအန္တရာယ်ကို ပြီးခဲ့သောအာယသ်တော်ထဲတွင်ပါဝင် သည့် “သို့ဖြစ်လေရာ အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်ကို အသင်တို့ စိတ်ဆင်းရဲခြင်းဖြစ်စေခဲ့သည့် အတွက်) အသင်တို့အား စိတ်ဆင်းရဲခြင်းအစား စိတ်ဆင်းရဲခြင်းကိုပင် ပေးသနားတော်မူခဲ့လေသည်”ဟူသည်က ပယ်ရှားပြီးဖြစ်လေသည်။ ဆိုလိုသည်မှာ ဤအမှားအတွက် အစားပေးမှုသည် ဤကမ္ဘာတွင် ပေးပြီးဖြစ်သော ကြောင့် နောင်တမလွန်အာခိရတ်တွင် ဤကိစ္စအတွက် သန့်စင်ရှင်းလင်းပြီး ဖြစ်ချေသည်။

ဒုတိယအနေဖြင့် ဤအမှား၏ ရလဒ်ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ရုပ်ပိုင်းဆိုင်ရာ နာကျင်ခံစားရမှုဖြစ်ခဲ့ရသည်။ နာမ်ပိုင်းဆိုင်ရာ မချမ်းမြေ့မှုမှာကား ရှိခဲ့ပြီးဖြစ်ချေသည်။ ဤအကြောင်းနှစ်ရပ်သည် တမန်တော်မြတ်﴿ﷺ﴾ သခင်အား ဆွဟာဗဟ်ကြီးများနှင့် ပတ်သက်၍ စိတ်မချမ်းမမြေ့ဖြစ်စေနိုင်ပါသည်။ ယင်းကဲ့သို့ဖြစ်ခဲ့လျှင် ဆွဟာဗဟ်ကြီးများအား လေ့ကျင့်ခြင်းနှင့် သင်ကြားမှုတို့တွင် အဟန့်အတားဖြစ်စေနိုင်သည်။ ဤဖြစ်နိုင်မှု ပြေပျောက်စေရန်အတွက် တမန်တော်မြတ်﴿ﷺ﴾ သခင်အား ၎င်းတို့အမှားကို နှလုံးသားမှ နက်ရှိုင်းစွာ မေ့ပျောက်ရန်နှင့် ၎င်းတို့၏ ချို့တဲ့မှုများကို ခွင့်လွှတ်ရန် နောင်တွင် ၎င်းတို့အား ကြင်နာသိမ်မွေ့စွာ ဆက်ဆံရန် ညွှန်ကြားခဲ့လေသည်။

ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်တွင် သမရိုးကျမဟုတ်ဘဲ နူးညံ့သိမ်မွေ့သည့် အသွင်သဏ္ဌာန်နှင့် ကိုင်တွယ်ခဲ့သည်။ ယင်းမှအချို့သော အရေးကြီးသည့် လမ်းညွှန်မှုအချက်များ ပါဝင်သွားစေသည်။

၁။ တမန်တော်မြတ်﴿ﷺ﴾ သခင်ကို ဆက်သွယ်သည့် အမိန့်ပေးရာတွင် သုံးနှုန်းထားသော အဖွဲ့အစွဲမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ပုဂ္ဂိုလ်ရေးခြိုးမွမ်းမှုနှင့် ကိုယ်တော်၏ အတုမရှိသော မဟာလူသား၏ ကြီးကျယ်မြင့်မြတ်မှုတို့ကို ဝေဆာစွာဖြင့် ဖော်ပြထားသည်။ ဆိုလိုသည်မှာ ဤဂုဏ်ပုဒ်များမှာ တမန်တော်မြတ်﴿ﷺ﴾ သခင်၌ ရှိပြီးဖြစ်သည်။

၂။ မိန့်ကြားချက်၏ရှေ့တွင် فَبِمَا رَحْمَةٍ "တဖန် (အိုနဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကြောင့်သာလျှင်" ဟူသောစာပိုဒ်ထည့်ထားခြင်းက ကိုယ်တော်မြတ်ﷺ သခင်ထံတွင် ထိုသို့သော ဂုဏ်ပုဒ်များရှိနေခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကြောင့်သာလျှင်ဖြစ်ကြောင်း အတည်ပြုရန် ပင်ဖြစ်သည်။ တစ်ဦး၏ပြည့်စုံမှုမှာ မိမိ၏ကိုယ်ပိုင် ရပိုင်ခွင့်မဟုတ်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် 'ရဟ်မသ်' (ကရုဏာတော်)ဟူသည်ကို အတိအကျမဟုတ်သောအသွင်သဏ္ဌာန်နှင့် သုံးနှုန်းထားခြင်းက အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှာ ကြီးမား၍ ကျယ်ပြန့်ကြောင်း ညွှန်းလေသည်။ ယင်းကထင်ရှားစေသည်မှာ ဤကရုဏာတော်သည် ဆွဟာဗတ်ကြီးများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ဘဲ တမန်တော်မြတ်ﷺ ကိုလည်း ပြည့်စုံစွာခံစားစေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော ပြီးပြည့်စုံသည့် ဂုဏ်ပုဒ်များဖြင့် ထုတ်ဖော်ထင်ရှားစေတော်မူသောကြောင့်ဖြစ်သည်။

၃။ တတိယအချက်မှာ တမန်တော်မြတ်ﷺ သခင်ထံတွင် နူးညံ့သိမ်မွေ့သော အမူအရာများ ကောင်းမြတ်သော ကိုယ်ကျင့်တရားများ၊ ခွင့်လွှတ်ခြင်းနှင့် ရက်ရောခြင်း စသည့်အရည်အချင်းများ ရှိနေခြင်းသည် ရည်မှန်းချက်တစ်ခုကြောင့်ဖြစ်ကြောင်း အတည်ပြုထားသည်။ အကယ်၍သာ ကိုယ်တော်မြတ်တွင် ဤအရည်အချင်းများ မရှိခဲ့ပါက လူသားများအား ပညာသင်ပေးရန် အပ်နှင်းထားသည့်လုပ်ငန်းစဉ်ကို မည်သည့်အခါတွင်မျှ မျှော်မှန်းထားသည့်အတိုင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ကိုယ်တော်မြတ်ထံတွင် ကိုယ်ကျင့်တရားမြင့်မားရန်နှင့် အမှားများပြုပြင်ရန်ဟူသည်ကို လာရောက်ရှာဖွေမည့်အစား ကိုယ်တော်ထံပါးမှ ရှောင်ပြေးကြပေလိမ့်မည်။

ဒါအ်ဝသ် (دعوة) ၏ ဆက်ဆံရေးစည်းကမ်းချက်

အထက်ပါအချက်အလက်များကို ပေါင်းစည်းလိုက်သောအခါ မည်သည့်အသွင်နှင့်ဖြစ်စေ တရားဒေသနာဟောကြားရန် လိုအပ်သောအရည်အချင်းများ ပေါ်ထွက်လာပါသည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုရှင်းပြရန်နှင့် လူအများကို မှန်ကန်သည့် ကိုယ်ကျင့်တရားများဘက်သို့ ဖိတ်ခေါ်သည့်လုပ်ငန်းကို လုပ်ဆောင်မည်ဆို လျှင် အထက်ပါအရည်အချင်းများကို မိမိတို့ထဲတွင် ဦးစွာပထမ ရှိနေရပေမည်။ အကြောင်းကား ရှင်းပါသည်။

ဖြစ်နိုင်ဖွယ်ရှိသည့် ကြမ်းတမ်းမှုကိုဖြစ်စေ၊ အကြင်နာကင်းမဲ့သော ချဉ်းကပ်နည်းမျိုးကိုဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ အချစ်တော် တမန်တော်မြတ်ﷺ သခင်လုပ်ခဲ့လျှင်ပင် လျော်ကန်သင့်မြတ်မည်ဟု မယူဆလျှင် မည်သူ ထိုနည်းလမ်းသုံး၍ လုပ်ရဲမည်နည်း။ ထိုနည်းလမ်းမျိုးဖြစ်သော ရန်လိုခြင်းနှင့် မကောင်းသော အကျင့်စာရိတ္တ များဖြင့် လူအများ၏ အမူအကျင့်ကို ပြုပြင်ရန်ဟူသည့် မျှော်လင့်ချက်ဖြင့် မည်သူသည် ဝန်းကျင်ရှိ အလ္လာဟ် အရှင်မြတ်၏ အဖန်ဆင်းခံလူများကို စုစည်းရပါအံ့နည်း။

ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ် မိန့်ကြားထားသည်မှာ "အကယ်၍သာ အသင်သည် ကြမ်းတမ်းသောသူ (လူမှုဆက်ဆံရေး၌) စိတ်သဘောခက်ထန်ကြမ်းကြုတ်သောသူဖြစ်ခဲ့ပါမူ ထိုသူတို့သည် အသင်

၏အပါးမှ ကစဉ့်ကလျားဖြစ်ကာ ထွက်ခွာသွားကြမည်မှာ ဧကန်မလွဲတည်း" ဟူ၍ ဖြစ်သည်။ ဤသည်က ရည်ညွှန်းသည်မှာ 'အလုပ်' တွင်လည်းကောင်း၊ 'အပြော' တွင်လည်းကောင်း ကြမ်းတမ်းခက်ထန်ခြင်းကို ဆိုလိုသည်။ ခက်ထန်ကြမ်းတမ်းခြင်းသည် အလ္လာဟ်အရှင်မြတ် သတင်းစကားကို လူအများထံ သယ်ပို့ပေးသော ဒါအ်ဝသ် ခေါင်းဆောင်တစ်ဦး (သို့) ဒါအ်ဝသ်လုပ်သားတစ်ဦးအတွက် အဆိပ်အတောက် သက်သက်သာဖြစ်ပေသည်။ ဤသည်မှာ တစ်စုံတစ်ဦး ရည်မှန်းသည်ကို ပေါက်မြောက်ရေးတွင် မလုပ်ဆောင်သင့်သောလုပ်ငန်းတစ်ခု ဧကန်ဖြစ်ပေသည်။

ၔင်းနောက် အာယသ်တော် **فَاعْفُ عَنْهُمْ** "ထိုသူတို့ (၏ချွတ်ယွင်းမှုများ)ကို ခွင့်လွှတ်ပါလေ" ဟူသည်က ညွှန်းသည်မှာ "ဒါအ်ဝသ်" လုပ်ငန်းကို လုပ်ဆောင်သူတစ်ဦး (သို့) လူအများကို ပြုပြင်ပြောင်းလဲသူတစ်ဦးသည် လူအများပြုလုပ်သောအမှားများအတွက် အပြစ်မယူသင့်ဟူ၍ ဖြစ်သည်။ သူသည် ယင်းအပြစ်လုပ်သူကို လက်ရှောင်ပြီး ခွင့်လွှတ်သင့်ပါသည်။ သူ၏ဟောပြောချက်ကို နားဆင်သောသူများက သူ့အကြောင်း မကောင်းပြောလာကြပါလျှင် စိတ်လှုပ်ရှားခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ မဖြစ်စေရန်မှာ လွန်စွာ အရေးကြီးပါသည်။ အမှန်မှာ သူသည် ညှင်းပန်းနှိပ်စက်သူများကို ချစ်ချင်ခင်ခင် ညှာညှာတာတာ ဆက်ဆံကာ သူ့အဆင့်အတန်းကို မြင့်မားစေသင့်သည်။

ထို့နောက် အာယသ်တော် **وَاسْتَغْفِرْ لَهُمْ** (အလ္လာဟ်အရှင်မြတ်ထံတော်၌လည်း) ထိုသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံပါလေ" ဟူ၍ မိန့်ကြားထားသည်။ ထိုသူများအတွက် အလ္လာဟ်အရှင်မြတ်ထံတော်မှာ ခွင့်လွှတ်မှုကို တောင်းခံပါလေ" ဟူသည့်အချက်က သမရိုးကျ မဟုတ်သော အမူအကျင့်ဆိုင်ရာ ဥပဒေတစ်ရပ်ကို ထောက်ပြပါသည်။ သူ၏ ထိခိုက်နာကျင်မှုများအတွက် သည်းခံနေရုံသာမက အဆုံးအစွန်ဆုံးသော ဖြူစင်ရိုးသားမှုဖြင့် သူ့အားထိခိုက်နာကျင်အောင် လုပ်ဆောင်သောသူတို့၏ ကောင်းကျိုးကို သယ်ပိုးရန်အတွက် မမေ့မလျော့ရန် တမန်တော်မြတ်ကြီးအား မိန့်ကြားထားသည်။ တမန်တော်မြတ်ကြီး အကောင်းဆုံး လုပ်ဆောင်နိုင်သည်ကတော့ အာခိရသ်၏ ကောင်းကျိုးဖြစ်သော နောင်လာမည့်ဘဝတွင် သူကို့ ကယ်တင်ခြင်းခံရရန် ဆန္ဒပြုပေးခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းသူများအား အလ္လာဟ်အရှင်မြတ် အပြစ်ပေးခြင်းမှ ကင်းလွတ်စေရန်နှင့် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုရစေရန်အတွက် တမန်တော်မြတ်ကြီးက ဆုတောင်းပေးရန် မိန့်ကြားခဲ့သည်။

အဆုံးတွင် မိန့်ကြားထားသော **وَشَاوِرْهُمْ فِي الْأَمْرِ** "ထိုမှတစ်ပါးတုံ အသင်သည် အရေးအခွင့်ကိစ္စအဝဝနှင့်စပ်လျဉ်း ၍ ထိုသူတို့နှင့် တိုင်ပင်ဆွေးနွေးပါလေ" ဟူသည်ကား ဆိုလိုသည်မှာ တမန်တော်မြတ်ကြီးသည် အရေးကြီးသည့် ကိစ္စရပ်များအတွက် ထိုသူတို့၏ အကြံဉာဏ်ကိုရယူရန်ဖြစ်သည်။ သို့မှသာ ၎င်းတို့သည် ပြည့်ပြည့်ဝဝ ကျေနပ် ကြပြီး စိတ်လှုပ်ရှားမှုမရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သွားပါလိမ့်မည်။ အလ္လာဟ် တမန်တော်ကြီးသည် ဤညွှန်ကြား ချက်ကို လိုက်နာခြင်းအားဖြင့် ထိုသူများ၏ ကောင်းရာကောင်းကျိုး လုပ်မည်ဟူသော ကိုယ်တော်၏ရည်မှန်းချက်သည် အပြင်ပန်းအားဖြင့် ပြသပြီးဖြစ်သွားပါလိမ့်မည်။ ဤသို့အားဖြင့် တမန်တော်ကြီးက တိုင်ပင်ဆွေးနွေးရန်အတွက် ၎င်းတို့အား ဖိတ်ခေါ်ခြင်းလုပ်ရပ်သည် နူးညံ့ပျော့ပြောင်းပြီး ကျက်သရေရှိသော လုပ်ရပ်ဖြစ်သွားပါလိမ့်မည်။

တမန်တော်မြတ်ကြီး﴿ﷺ﴾အား ကိုယ်တော်၏ဆွေဟာဗဟ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးရန် မိန့်မှာပြီးသည့်နောက် အာယသ်တော်က အဆုံးသတ်ဆုံးဖြတ်ချက်ချခြင်းနှင့် ပတ်သက်သော ညွှန်ကြားချက်ဖြင့် နိဂုံးချုပ်ထားပါသည်။ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော အမိန့်ပညတ်ချက်များကို ကုရ်အာန်ကျမ်းတော် မြတ်နှစ်နေရာ၌ မိန့်ကြားထားပါသည်။ ပထမတစ်ခုမှာ ယခုအကျယ်ဖွင့်နေသော အာယသ်တော်ထဲတွင်ရှိပြီး ဒုတိယတစ်ခုမှာ စူရဟ်အလ်ရှူရဟ် (၄၂း၃၈) တွင် ပါရှိပါသည်။ ယင်းစူရဟ်တွင်း စစ်မှန်သော မုစ်လင်မ်တစ်ဦး၏ အရည် အချင်းတစ်ခုကို **وَاَمۡرُهُمۡ شُوۡرٰى بَيۡنَهُمۡ** "ထို့မှတစ်ပါး၊ ၎င်းတို့၏ (အရေးကြီးသော) အမှုကိစ္စတို့မှာ မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရကုန်၏" ဟု ဖော်ပြထားသည်။ နေရာအတော်များများတွင် တိုင်ပင်ဆွေးနွေးရန်ဟူသော ညွှန်ကြားချက်ကို တိုက်ရိုက်မဟုတ်သော ဆင့်ပွားနည်းဖြင့် မိန့်ကြားထားသည်။ ပမာဆိုသော် စူရဟ်အလ်ဘကရဟ်(၂း၂၃၃)ပါ နို့ချိုတိုက်ကျွေးခြင်းနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များနှင့်အတူ မိန့်ကြားထားသည်မှာ **عَنۡ تَرَاضٍ مِّنۡهُمَا وَتَشَاوُرٍ** "ထို့နောက် အကယ်၍ မိဘနှစ်ပါးတို့သည် (ကလေး၏အကျိုးငှာ) မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် (နှစ်နှစ်မစေ့ရောက်မီ) နို့ဖြတ်လိုက်ပါက (နို့ဖြတ်ခွင့် ရှိသည်) ထိုသို့ (နို့ဖြတ်သည့်အတွက်) ထိုမိဘနှစ်ပါးအပေါ် ဝယ် မည်သို့မျှအပြစ်မရှိချေ" ဟူ၍ ဖြစ်လေသည်။ တိုင်ပင်ဆွေးနွေးခြင်း ဟူသော ကိစ္စရပ်တွင် အချို့အရေးကြီးသော ပြဿနာများနှင့် ဥပဒေများ ပါဝင်ပါသည်။ ထို့ကြောင့်ယင်းကိစ္စကို ရှင်းလင်းပြရန် လိုအပ်ပါသည်။ အောက်တွင် အသေးစိတ်အချို့ကို ဖော်ပြထားသည်။

၁။ အကြောင်းကိစ္စ اَمۡرُ နှင့် شُوۡرٰى တိုင်ပင်ဆွေးနွေးခြင်းတို့၏ အဓိပ္ပာယ်

اَمۡرُ အမ်ရုဟူသော စကားလုံးသည် အရဗီဘာသာစကားတွင် အဓိပ္ပာယ်များစွာ ထွက်ရှိပါသည်။ ယေဘုယျအသုံးအနှုန်းတွင် ယင်းစကားလုံးသည် အလွန်အရေးကြီးသော မည်သည့်ပြောဆိုမှုကိုလည်းကောင်း၊ မည်သည့်လုပ်ဆောင်မှုကိုလည်းကောင်း၊ ရည်ညွှန်းပါသည်။ ဤစကားလုံးကို အမိန့်ပညတ်ချက်တစ်ခု၊ အမိန့်၊ စေခိုင်းချက်၊ ဥပဒေ (သို့) အခွင့်အာဏာတို့တွင် သုံးပါသည်။ နောက်ဆုံးဖော်ပြသည့် အမိန့် (သို့) အခွင့်အာဏာကို ဆိုလိုရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်က **اُولِى الۡاَمۡرُ** (အုလီအမ်ရ) ဟု ဖော်ပြခဲ့သည်။ ၎င်းပြင်ဤစကားလုံးကိုပင် အလ္လာဟ် အရှင်မြတ်၏ သီးသန့်ဂုဏ်တော်တစ်ပါးကို ဆိုလိုရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာမြောက်များစွာတွင် သုံးစွဲထားကြောင်း တွေ့ရသည်။ ပမာဆိုသော် **اَلَا لَـهُ الۡخَلۡقُ وَالۡاَمۡرُ** "ဖန်ဆင်းမှုသည်လည်းကောင်း အမိန့်အာဏာတော်သည်လည်းကောင်း ထိုအရှင်မြတ်၌သာလျှင် ရှိသည်ကို ကောင်းစွာ မှတ်ယူကြလေကုန်" (၇း၅၄) **اِلَيۡهِ يُرۡجَعُ الۡاَمۡرُ كُلُّـهٗ** "အရေးကိစ္စ အလုံးစုံတို့သည် ထိုအရှင်မြတ်ထံသို့သာလျှင် ပြန်လည်ရောက်ခြင်းကို ခံကြရပေမည်။ (၁၁း၁၂၃) **اِنَّ الۡاَمۡرَ كُلَّهٗ لِلّٰهِ** "အမိန့်အာဏာအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်။ (၃း၁၅၄) **اَمۡرُهٗۤ اِلَى اللّٰهِ** "ထိုသူတို့၏ (အတွင်းရေး) ကိစ္စသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ အပ်နှံပြီး ဖြစ်လေသည်" (၂း၂၇၅) ထို့နောက် **قُلِ الرُّوۡحُ مِنۡ اَمۡرِ رَبِّىۡ** "အသင်သည် (၎င်းတို့အား ဤသို့)

ပြောကြားပါလေ။ (အချင်းတို့) အသက်ဇီဝိန်သည် ငါ့အားဖန်ဆင်း မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အတိုင်း ဖြစ်လာသည်။ (၁၇း၈၅) ဟူသော အာယသ်တော်ထဲတွင် သုံးနှုန်းထားသော အမ်ရုဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ စစ်မှန်သောပညာရှင်များအဆိုအရ အထက်ဖော်ပြပြီးဖြစ်သော အာယသ်တော်များထဲတွင်ပါသော စကားလုံး၏ အဓိပ္ပာယ်နှင့်တူညီကြောင်း ဖော်ပြကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များဖြစ်သော **وَشَاوِرْهُمْ فِى الْاَمْرِ** (ထိုမှတစ်ပါးတံု အသင်သည် အရေးအခွင့်ကိစ္စအဝဝနှင့် စပ်လျဉ်း၍ ထိုသူတို့နှင့် တိုင်ပင်ဆွေးနွေးပါလေ။" (၃း၁၅၉)နှင့် **وَاَمْرُهُمْ شُوْرٰى بَيْنَهُمْ** ("ထိုမှတစ်ပါး၊ ၎င်းတို့၏ (အရေးကြီးသော) အမှုကိစ္စတို့မှာ မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရကုန်၏။ (၄၂း၃၈) ထို့အထဲတွင် ပါဝင်သည့် အမ်ရုဟူသော အဓိပ္ပာယ်နှင့် ပတ်သက်လာလျှင် ဖြစ်နိုင်သည်မှာ ပထမအဓိပ္ပာယ်ကဲ့သို့ ဒုတိယ အာယသ်တော်တွင်လည်း တစ်သဘောတည်း သတ်မှတ်ပြဋ္ဌာန်းပေသည်။ အကယ်၍ ထိုစကားလုံးကို ပထမအဓိပ္ပာယ်ဖြင့် သုံးနှုန်းခဲ့ပြီး ဒုတိယ အဓိပ္ပာယ်လည်း သက်ရောက်နေသည်ဟု ဆိုခဲ့လျှင်လည်း ဤကိစ္စနှင့် ပတ်သက်၍ အတွေးမခေါင်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် အမိန့်၊ အခွင့်အာဏာတို့နှင့် ပတ်သက်သောကိစ္စတို့သည် အလွန်အရေးကြီးသောကြောင့် ဖြစ်သည်။ ထိုကြောင့် အထက်ဖော်ပြပါအာယသ်တော်ထဲတွင် သုံးနှုန်းထားသော အမ်ရုဟူသော စကားလုံးက အခွင့်အာဏာနယ်ပယ်နှင့် သက်ဆိုင်သောကိစ္စတွင်ဖြစ်စေ အချင်းချင်းဆက်ဆံမှုနှင့် သက်ဆိုင်သောကိစ္စတွင်ဖြစ်စေ အထူးသဖြင့် အရေးကြီးသောကိစ္စရပ်တိုင်းအတွက် ဆိုလိုသည်။

ရှုရာ **شُوْرٰى** (ဆွေးနွေးတိုင်ပင်အကြံပေးချက်)၊ မရှ်ဝရဟ် **مشورة** (ညှိနှိုင်းဆွေးနွေးခြင်း) မုရှာဝရသ် **مشاورت** ဆိုသည်မှာ (ချင့်ချင့်ချိန်ချိန် စဉ်းစားတွေးတော၍ အကြံဉာဏ်ရယူလုပ်ဆောင်ခြင်း) ကိုဆိုလိုသည်။ ထို့ကြောင့် လက်ရှိအာယသ်တော်ထဲတွင် ပါဝင်သော **وَشَاوِرْهُمْ فِى الْاَمْرِ** ဖော်ပြချက်က အမိန့်အာဏာနှင့် အုပ်ချုပ်ရေးများပါဝင်သည့်ကိစ္စရပ်များတွင် ချင့်ချိန်ဆုံးဖြတ်ရမည့်ကိစ္စရပ်အတွက် အကြံဉာဏ်များ ရှာဖွေရယူခြင်းတို့ပြုလုပ်ရန် တမန်တော်မြတ်﴿ﷺ﴾ သခင်အားအမိန့်ပေးထားသည်။

အလားတူပင် အထက်ဖော်ပြပြီးဖြစ်သော စူရဟ်အလ်ရှုရာတွင် **وَاَمْرُهُمْ شُوْرٰى بَيْنَهُمْ** ကလည်း အခွင့်အာဏာနှင့် အုပ်ချုပ်ရေးဆိုင်ရာနယ်ပယ်နှင့်ဆိုင်သော ကိစ္စများတွင်ဖြစ်စေ အခြားအရေးကြီးသော ကိစ္စရပ်များတွင်ဖြစ်စေ အလွန်အရေးကြီးသည့် ကိစ္စတိုင်းအတွက် စစ်မှန်သော မုစ်လင်မ်များ၏ လုပ်နေကျ လုပ်နည်းမှာ အချင်းချင်းတိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်သည်ဟု ဆိုလိုသည်။

(၂) အစွလာမ်ဥပဒေတွင် တိုင်ပင်ဆွေးနွေးခြင်း

အထက်ဖော်ပြခဲ့သော ကုရ်အာန်ကျမ်းတော်မြတ်အဆိုအမိန့်များနှင့် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ နှီးနွယ်သောဟဒီးဆ်ဩဝါဒတော်များအရ အမိန့်အာဏာနှင့်သက်ဆိုင်သည်ဖြစ်စေ ယင်းမှအပ အခြားကိစ္စတွင်ဖြစ်စေ အချင်းချင်း တိုင်ပင်ဆွေးနွေးခြင်းသည် ထင်မြင်ယူဆချက်တစ်ခုထက် ပိုမိုရရှိနိုင်ကြောင်း ထင်ရှားသည်။ သို့ဆောင်ရွက်ခြင်းသည် တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ဆွဟာဗဟ်﴿ﷺ﴾ သခင်ကြီးများ စွန့်သတ်တော်

ဖြစ်၍ ဤကမ္ဘာတွင်နှင့် နောင်တမလွန်အာခိရသ်တို့တွင်ပါ ကောင်းချီးမင်္ဂလာ၏ ရင်းမြစ်တစ်ခုဖြစ်ပေသည်။ ဤအယူအဆကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်တို့က ထောက်ခံသည်။ အမိန့်အာဏာနှင့် အုပ်ချုပ်ရေးကိစ္စများဖြစ်သော လူအများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် တိုင်ပင်ဆွေးနွေးခြင်းသည် ဝါဂျိဗ်မလုပ်မနေရတာဝန် ဖြစ်သည်။ **(အိဗ်နိကဆီး၏)**

အလ်ဗိုင်ဟကီက သူ၏ ရှုအုဗုလ်အီမာန်ကျမ်းတွင် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအုမရ်မှ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်မှာ တမန်တော်မြတ်ﷺ သခင် မိန့်ကြားတော်မူခဲ့သည်။ "လူတစ်ဦးသည် တစ်စုံတစ်ရာဆောင်ရွက်ရန် ရည်စူး၍ ဆွေးနွေးတိုင်ပင်မှုပြုလုပ်ကာ ဆောင်ရွက်ရန် (သို့) မလုပ်ဆောင်ရန်ဟူ၍ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါလျှင် မှန်ကန်၍ အကျိုးအမြတ်ရှိသော ရွေးချယ်မှုတစ်ခုလုပ်နိုင်ရန် အလ္လာဟ်အရှင်မြတ်ထံတော်မှ လမ်းညွှန်ချက်ကို ရရှိပါလိမ့်မည်။"

ဟဒီးဆ်တော်တွင်လာရှိသည်မှာ "အသင်တို့၏ အုပ်ချုပ်သူများသည် အသင်တို့အထဲမှ အကောင်းဆုံးဖြစ်၍ အသင်တို့ထဲမှ ချမ်းသာသူများသည် ရက်ရောသူများဖြစ်ကာ အသင်တို့၏ ကိစ္စရပ်များကို အချင်းချင်းတိုင်ပင်ဆွေးနွေးမှုမှတစ်ဆင့် ဆုံးဖြတ်ခဲ့ကြပါလျှင် ကမ္ဘာမြေပြင်တွင် အသက်ရှင်နေထိုင်ခြင်းသည် အသင့်အတွက် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် အသင်တို့၏ အုပ်ချုပ်သူများသည် အသင်တို့အထဲမှ အဆိုးဆုံးသူများဖြစ်၍ အသင်တို့ထဲမှ ချမ်းသာသူများသည် စေးနည်းသူများဖြစ်ကာ၊ အသင်တို့ကိစ္စ များကို အမျိုးသမီးများအား ယုံပုံအပ်နှံလိုက်မည်ဆိုလျှင် အသင်အသက်ရှင်နေထိုင်သည်ထက် မြေထဲမြှုပ်နှံသင်္ဂြိုလ်လိုက်ခြင်းကသာကောင်းပေသည်။

ဆိုလိုသည်မှာ အမျိုးသမီးတစ်ဦး၏ ချစ်ကြည်မှုရရန်သက်သက်အတွက် သူမလက်ထဲသင့်ကိစ္စရပ်များအဆိုးနှင့်အကောင်း၊ အကျိုးအမြတ်၊ အန္တရာယ်များနှင့် ပတ်သက်သည်များကို လျစ်လျူရှုကာ သင့်ဆန္ဒများနောက်လိုက်ခြင်းက သင့်ကိုလွှမ်းမိုးလာပြီဆိုလျှင် အသက်ရှင်နေခြင်းထက် သေခြင်းက သင့်အတွက် ပိုကောင်းပေသည်။ သို့မဟုတ်ဘဲ ဆွေးနွေးတိုင်ပင်မှုပြုလုပ်ကာ အမျိုးသမီးတစ်ဦးထံမှ အကြံဉာဏ်ထင်မြင်ယူဆချက်ရယူ ခြင်းမှာမူကား မလုပ်ကောင်း မလုပ်ထိုက်သောကိစ္စ မဟုတ်ချေ။ ထို့ပြင် စင်စစ် တားမြစ်ပိတ်ပင်ထားသည်လည်း မဟုတ်။ ဤသည်မှာ တမန်တော်မြတ်ﷺ သခင်နှင့် ကိုယ်တော်၏ ဆွေဟာဗတ်သာဝကကြီးများတို့၏ တသမတ် တည်းသော ကျင့်စဉ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ အစောပိုင်းက တင်ပြပြီးဖြစ်သော စူရဟ်အလ်ဘကရဟ် ၏အာယသ်တော် ၂၊၂၃၃ တွင် ကုရ်အာန်ကျမ်းတော်မြတ် မိန့်ကြားထားခဲ့သည်မှာ "ထို့နောက် အကယ်၍ မိဘနှစ်ပါးတို့သည် (ကလေး၏အကျိုးငှာ) မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ နှစ်ဦးနှစ်ဘက် သဘောတူညီ ချက်ဖြင့် (နှစ်နှစ်မစေ့ရောက်မီ) နို့ဖြတ်လိုက်ပါက (နို့ဖြတ်ခွင့်ရှိသည်) ထိုသို့ (နို့ဖြတ်သည့်အတွက်) ထိုမိဘနှစ်ပါး အပေါ်ဝယ် မည်သို့မျှ အပြစ်မရှိချေ" ဟူ၍ဖြစ်သည်။ ဤကိစ္စရပ်သည် အမျိုးသမီးနှင့် ပတ်သက်နေသောကြောင့် အမျိုးသမီးနှင့် ဆွေးနွေးတိုင်ပင်မှုကို အမျိုးသားအပေါ်၌ အထူးလေးစားရန် တာဝန်တင်ရှိသည်။

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺ သခင် မိန့်ကြားထားခဲ့သည်မှာ -

المستشار مؤتمن اذا استشير فليشره بماهو صانع لنفسه "အကြံဉာဏ် တောင်းခြင်းခံရသောသူသည်

ယုံကြည်စိတ်ချရသော သူတစ်ဦးပင်ဖြစ်သည်။" ၎င်းအကြံဉာဏ်ပေးခဲ့သောသူသည် မိမိကိုယ်တိုင်အတွက်ဖြစ်လျှင် မိမိလုပ်မည်ဟု ရည်စူးထားသည့်အတိုင်း အကြံဉာဏ်ပေးခြင်း ဖြစ်ရမည်။ (ထိုသို့ မဟုတ်ပါမူ ယုံကြည်မှုချိုးဖောက်ရာ ရောက်ပေသည်။) ဤဟဒီးဆ်တော်သည် အလ်မုအ်ဂျမ်အလ်အောဝ်ဆာတ်ကျမ်းတွင် အလ်သိဗ်ရာနီက စိုက်ယိဒနာ အလီသခင်မှ ကောင်းမွန်ခိုင်လုံသော ဆင့်ပြန်ချက်ဖြင့် တင်ပြထားခြင်းဖြစ်သည်။ **(အလ်မဇ်ဟရီ ကျမ်းကြည့်)**

ဤနေရာတွင် ကျွန်ုပ်တို့ စိတ်၌စွဲမြဲမှတ်ရမည်မှာ တိုင်ပင်ဆွေးနွေးခြင်းသည် စွန္နသ်တော်တစ်ရပ်ဖြစ်သည်ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် (သို့) ဟဒီးဆ်တော်ထဲတွင် ရှင်းလင်းတိကျပြတ်သားသော အမိန့်မရှိသော ကိစ္စရပ်မျိုးတွင်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ရှင်းလင်း၍ တိကျပြတ်သားသော ရှရီအသ်ဆိုင်ရာ အမိန့်ပညတ်ချက်တစ်ရပ်ရှိနေခဲ့လျှင် မည်သူနှင့်မျှ တိုင်ပင်ဆွေးနွေးရန် မလိုချေ။ ယင်းကဲ့သို့ ဆွေးနွေးတိုင်ပင်ရန်လည်း ခွင့်မပြုချေ။ ပမာအားဖြင့် တစ်စုံတစ်ဦးသည် "ကျွန်ုပ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုပြုရမည်လား၊ မပြုရဘူးလား။ ကျွန်ုပ်ဇကားသ်ပေးသင့်သလား မပေးရဘူးလား။ ကျွန်ုပ်ဟဂ်ျပြုရမည်လား၊ မပြုရဘူးလား" ဆိုသည့်အကြောင်းကို လှည့်လည်ဆွေးနွေးနေမည်ဆိုလျှင် သင်ဆွေးနွေးတိုင်ပင်ရမည့်အကြောင်းများ မဟုတ်ချေ။ အစ္စလာမ့်ရှရီအသ်တွင် ဤကိစ္စတို့မှာ လုံးဝမပြုမနေရ သတ်မှတ်ထားသည့် ကိစ္စများဖြစ်သည်။ သို့သော်လည်း ဟဂ်ျပြုလုပ်ရန်အတွက် ဘယ်လိုသွားရမည်ဆိုသည်ကို တိုင်ပင်ဆွေးနွေးခြင်းကိုမူ ခွင့်ပြုထားသည်။ တစ်စုံတစ်ဦးသည် ဤနှစ် (သို့) နောက်နှစ်မှာသွားသင့်သလော။ ရေကြောင်း (သို့) ကုန်းကြောင်း၊ လေကြောင်း ခရီးသွားသင့်သလော၊ မေးခွန်းများအတွက် အကြံဉာဏ်တောင်းခံ ရှာဖွေနိုင်သည်။

ဇကားသ်ဆင်းရဲသားဒါနကြေးအတွက်လည်း ဤနည်းနှင်နှင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ၎င်း၏ဇကားသ်ငွေကို မည်သည့်နေရာဌာန၊ မည်သူ့အပေါ်တွင် ပေးဝေသုံးစွဲသင့်ကြောင်း ဆွေးနွေးတိုင်ပင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရှရီအသ်တရားတော်သည် ဤကိစ္စရပ်များတွင် ဇကားသ်ပေးဆောင်သူရွေးချယ်နိုင်ရန်အတွက် ချန်လှပ်ထားပါသည်။

ဟဒီးဆ်တော်တစ်ရပ်တွင် ဤတိုင်ပင်ဆွေးနွေးခြင်းအတွက် တမန်တော်မြတ်﴿ﷺ﴾ သခင်ကိုယ်တော်တိုင် ရှင်းလင်းတင်ပြခဲ့သည်ဟု ဆင့်ပြန်ထားသည်။ စိုက်ယိဒနာအလီ﴿رضي الله عنه﴾ သခင်က တမန်တော်မြတ်﴿ﷺ﴾ သခင်ထံ ဤကဲ့သို့လျှောက်ထားခဲ့သည်။ "အကယ်၍ ကိုယ်တော်မြတ်﴿ﷺ﴾ မရှိသည့်နောက် အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်ရ၍ ယင်းကိစ္စနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင်လည်း ရှင်းလင်းပြတ်သားသော အမိန့်လည်းမရှိ။ ထို့ပြင် ကိုယ်တော်ထံမှလည်း ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့လုံးဝ မကြားနာခဲ့ရလျှင် ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်း။" တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားခဲ့သည်မှာ "ယင်းကဲ့သို့သော ကိစ္စရပ်အတွက် ဆိုလျှင် အသင်တို့အထဲမှ အလွှာဟ်အရှင်မြတ်ကို တစ်သမတ်တည်း အိဗာဒသ်လုပ်၍ (ဖုကဟာ) ဓမ္မသတ်ပညာကို နက်နဲစွာနားလည်တတ်ကျွမ်းပြီး ဘာသာရေးရှိသေကိုင်းရှိုင်းသူများကို စုစည်းစေကာ ၎င်းတို့အချင်းချင်း ဆွေးနွေးတိုင်ပင်၍ ယင်းကိစ္စကို ဆုံးဖြတ်ပါ။ တစ်စုံတစ်ဦး၏ တစ်ခုတည်းသော ထင်မြင်ယူဆချက်ကို အခြေခံ၍ မဆုံးဖြတ်ပါနှင့်" ဟူ၍ဖြစ်သည်။

ဤဟဒီးဆ်တော်မှ ပေါ်ထွက်လာသော အချက်နှစ်ရပ်အနက် ပထမအချက်မှာ ဆွေးနွေးတိုင်ပင်ခြင်းသည်

လောကီရေးကိစ္စများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ချေ။ စင်စစ်ရှရီအသံတရားတော်၏ အမိန့် ပညတ်ချက်များ လွှမ်းမိုးသောကိစ္စရပ်များတွင် ယင်းကိစ္စရပ်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်ထဲတွင် ရှင်းလင်းပြတ်သားသော နူစူးစ် (နာပ်စ်၏ အများကိန်းဖြစ်၍) အဓိပ္ပာယ်မှာ ခိုင်လုံသောကျမ်းစာအထောက်အထား) တွင် မပါဝင်သော အခြေအနေမျိုး၌ အချင်းချင်းဆွေးနွေးတိုင်ပင်ခြင်းသည် စွန့်သည်တော်ဖြစ်သည်။ အကယ်၍ အချင်းချင်းတိုင်ပင်ဆွေးနွေးမှုကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သည်တော်ထဲတွင် အထောက် အထား အခိုင်အမာမရရှိနိုင်သော အခြေအနေမျိုးအတွက် ပြုလုပ်သည်ဆိုလျှင် စွန့်သည်တော်ကျင့်စဉ်တစ်ရပ် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ဒုတိယစည်းကမ်းဥပဒေကို ကျွန်ုပ်တို့သိရှိရသည်မှာ အကြံဉာဏ်ကို ဓမ္မသတ်ပညာတတ်သိနားလည်၍ အလ္လာဟ်အရှင်မြတ်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ရိုသေကိုင်းရှိုင်းစွာလုပ်နေသူများဟု ထင်ရှားကျော်ကြားသူများထံမှသာလျှင် ယူသင့်ပေသည်ဟူ၍ဖြစ်သည်။ **(ရူဟုလ်မအာနီ)**

အထက်ပါ ဆင်ခြင်ကောက်ချက်ချမှုအတွက် ဂုဏ်ပြုခြင်းခံရသည့် အလ်ခသိဗ် အလ်ဗဂ်ဒါဒီသည် စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်﴿ﷺ﴾ သခင်ထံမှ အခြားဟဒီးဆ်တော်ကို တင်ပြထားသည်မှာ **استرشدوا العاقل ولاتعصوه فتندموا** (အသိပညာ ရှိသောသူထံမှသာလျှင် အကြံဉာဏ်တောင်းခံပါလေ။ ထို့နောက် ထိုအကြံဉာဏ်နှင့် ဆန့်ကျင်၍မလုပ်ဆောင်ပါ နှင့်။ သို့မဟုတ်ပါမူ သင်နောင်တရနေလိမ့်မည်ဖြစ်သည်။)

အထက်ဖော်ပြပါ ဟဒီးဆ်တော်နှစ်ရပ်ကို ပေါင်းစည်းလျှင် တိုင်ပင်ဆွေးနွေးမှုတွင် ပါဝင်မည့်သူများ၏ အရည်အချင်းနှစ်ရပ်ကို ကျွန်ုပ်တို့ သိရှိရပါသည်။ ဦးစွာပထမ ၎င်းတို့သည် အသိပညာကြွယ်သင့်သည်။ အမျှော်အမြင်ရှိ၍ အကြံဉာဏ်ပေးနိုင်သူဖြစ်ရမည်။ ထို့ပြင် ဒုတိယအနေဖြင့် ၎င်းတို့သည် ဘာသာတရားကိုင်းရှိုင်းရိုသေ၍ အီဗာဒသ်မြဲမြံသူဖြစ်သင့်သည်။ တစ်နည်းပြောရလျှင် ၎င်းတို့သည် အကြံဉာဏ်ပေးထိုက်သူများဖြစ်ရမည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသော သတ်ဝါရှင်ဖြစ်သင့်သည်။ အကယ်၍ ဆွေးနွေးတိုင်ပင်မှုကိစ္စရပ်တွင် အစွလာမ်ဥပဒေနှင့် သက်ဆိုင်သည့် ပြဿနာများပါဝင်နေခဲ့လျှင် ၎င်းတို့သည် (**فقيه**) ဖကီးဟ် (တရားရေးအတိုင်ပင်ခံ အစွလာမ်ဥပဒေနှင့် ဓမ္မသတ်သက်ဆိုင်ရာ ကျွမ်းကျင်သူ) ဖြစ်ရမည်ဆိုခြင်းကား တာဝန် တင်ရှိပေသည်။

(၃) တမန်တော်မြတ်﴿ﷺ﴾ သည် ကိုယ်တော်မြတ်၏ ဆွေးနွေးတိုင်ပင်ခြင်း

လက်ရှိဆွေးနွေးနေသော အာယသ်တော်က တမန်တော်မြတ်ကြီး﴿ﷺ﴾ အား ကိုယ်တော်၏ဆွေးနွေးတိုင်ပင်မှုအကြောင်း သခင်များနှင့် ဆွေးနွေးတိုင်ပင်ရန် အမိန့်ပေးထားပါသည်။ ဤအမိန့်က အခက်အခဲတစ်ခုဖြစ်ပေါ်စေပါသည်။ ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့် ဝဟီများကို လက်ခံရရှိသည့် ထွတ်မြတ်သောသူ မဟုတ်ပါလော။ သို့ဆိုလျှင် ကိုယ်တော်သည် တစ်စုံတစ်ဦးနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်ပါသလား။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ဝဟီကတစ်ဆင့် သူသည်အရာရာကိုသိနိုင်သာကြောင့် အချို့သော ပညာရှင်များက ဤဆွေးနွေးတိုင်ပင်ရန် ဟူသောအမိန့်ကို အဓိပ္ပာယ်ပြန်ဆိုသည်မှာ တမန်တော်မြတ်ကြီးသည် မည်သည့်အကြံဉာဏ်ပေးအပ်ခြင်းကိုမျှ မလိုအပ်သကဲ့သို့၊ မည်သည့်ကိစ္စရပ်အတွက်မဆို ယင်းကဲ့သို့သောအကြံဉာဏ်ပြုမှုများအပေါ်၌ မှီခိုရန်မလိုပါ။ တိုင်ပင်ဆွေးနွေးရန်ဟူသော အမိန့်ကို တမန်တော်မြတ်ကြီးအားပေးခြင်းမှာ ဆွေးနွေးတိုင်ပင်ခြင်းကို

များကို နှစ်သိမ့်စေရန်နှင့် ဆွဟာဗဟ်ကြီးများကို ဂုဏ်ပေးရန် သက်သက်သာဖြစ်သည်ဟူ၍ ပြန်ဆိုပါသည်။ သို့ရာတွင် အိမာမ်အဗူဗကရ်အလ်ဂျဆ်ဆွားဆ်သည် ဤအယူအဆကို သဘောမတူပါ။ သူ့အဆိုရ ဤအယူအဆသည် မမှန်ကန်ပါ။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦး၏ အကြံဉာဏ်အတိုင်း မလုပ်ဆောင်ခြင်းနှင့် အစီအစဉ်၏ လုပ်ဆောင်ချက်များအပေါ်၌ အကျိုးသက်ရောက်မှုမရှိမှန်း သိလျက်နှင့် ဆွေးနွေးတိုင်ပင်မှုလုပ်ခြင်းသည် မည်သည့်အကျိုးကျေးဇူးမျှ မရှိပါ။ သို့ဆိုပါလျှင် မည်သည့်နှလုံးသားကိုမျှ နှစ်သိမ့်မှု မဖြစ်စေဘဲ မည်သည့် ဂုဏ်ပေးမှုမျှ ရရှိမည်မဟုတ်ပေ။ တကယ်ဆိုလျှင် ကိစ္စရပ်၏ အမှန်တရားမှာ တမန်တော်မြတ်ကြီး လုပ်ဆောင်ရမည့်လမ်းစဉ်သည် ဝဟီမှတစ်ဆင့် အလ္လာဟ်အရှင်မြတ်က တိုက်ရိုက်ဖော်ညွှန်း ပြီးဖြစ်သည်။ ဤသည်ကား အားလုံးသော ယေဘုယျကိစ္စရပ်များအတွက် မှန်ကန်ပါသည်။ သို့ရာတွင် အချို့သောကိစ္စရပ်များအတွက် အလ္လာဟ်အရှင်၏ ကရုဏာတော်နှင့် အသိဉာဏ်တော်၏ စေညွှန်းချက်အရ တမန်တော်မြတ် ကြီး﴿ﷺ﴾ ၏ အယူအဆနှင့် ဝေဖန်ပိုင်းခြားမှုတို့ဖြင့် လုပ်ဆောင်စေခဲ့ပါသည်။ ထိုကဲ့သို့သော ကိစ္စရပ်များအတွက် သာလျှင် ဆွေးနွေးတိုင်ပင်ရန် လိုအပ်ပါသည်။ ၎င်းပြင် ယင်းကဲ့သို့သောကိစ္စများအတွက်သာ ဆွေးနွေးတိုင်ပင်ရန်ဟူသော အမိန့်ကို တမန်တော်မြတ်ကြီးအား ပေးခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ် တမန်တော်ကြီး၏ ဆွေးနွေးပွဲသမိုင်းကြောင်းတို့က ဤအယူအဆကို အတည်ပြုခဲ့သည်။

တမန်တော်မြတ်ကြီး﴿ﷺ﴾ က သူ၏ဆွဟာဗဟ်သာဝကကြီးများနှင့် ဗဒ်ရ်စစ်ပွဲအကြောင်း တိုင်ပင်ဆွေးနွေးခဲ့သောအခါတွင် ဆွဟာဗဟ်ကြီးများကပြောသည်မှာ အကယ်၍ တမန်တော်မြတ်ကြီးက သူတို့အားမြစ်ထဲသို့ခုန်ချကြဟု အမိန့်ပေးခဲ့လျှင် သူတို့သည် အမိန့်ပေးသည့်အတိုင်း မြစ်ထဲသို့ ခုန်ချကြပါမည်။ ၎င်းပြင် ဝေးလံသီခေါင်သည့် ဗာ့ကအလ်ဂဟ်မဒ်ကဲ့သို့သော အရပ်သို့စစ်ချီခိုင်းလျှင်လည်း သူတို့သည် တမန်တော်မြတ်ကြီးနှင့် အတူချီတက်ကြပါမည်ဟု ပြောကြားလေသည်။ မူစာ﴿ﷺ﴾ သခင်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ခင်းရန်အတွက် သူ၏ဆွဟာဗဟ်များကို အမိန့်ပေးရာတွင် ၎င်းတို့ကပြောကြားသည်မှာ "သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့်တကွ သွားရောက်ပြီး အသင်တို့နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်(၅း၂၄) ဟူ၍ ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ ၏ ဆွဟာဗဟ်ကြီးများကဲ့သို့ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် တမန်တော်မြတ် ﴿ﷺ﴾ က စစ်ပွဲကို ဦးဆောင်ပါလျှင် ၎င်းတို့သည်တမန်တော်မြတ်ကြီးအား ချစ်ခင်ရိုကျိုးစွာဖြင့် တမန်တော်မြတ်ကြီး၏ ရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း၊ ယာဘက်မှသော်လည်းကောင်း၊ ဝဲဘက်မှသော်လည်းကောင်းပါဝင်၍ ရန်သူများကို တမန်တော်မြတ်ကြီးနှင့်အတူ တိုက်ခိုက်ပါမည်ဟူ၍ ဖြစ်သည်။

အလားတူစွာ အုဟုဒ်စစ်ပွဲနှင့် ပတ်သက်၍ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးရာ၌ မဒီနဟ်မြို့အား မြို့အတွင်းမှနေ၍ ခုခံကာကွယ်ရမည်လော (သို့) မြို့နယ်နိမိတ်ကို ကျော်ကာရန်သူကို မြို့ပြင်စစ်တလင်း၌ ရင်ဆိုင်တိုက်ခိုက်မည်လောဟူ၍ အကြံဉာဏ်တောင်းခံခဲ့သည်။ ဆွဟာဗဟ်အများစုတို့က မြို့ပြင်စစ်တလင်း၌ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရန်အကြံပြုခဲ့သောအခါတွင် တမန်တော်မြတ်ကြီးသည် ယင်းအကြံပေးချက်ကို လက်ခံကျင့်သုံးခဲ့သည်။ ခန်းဒတ်စစ်ပွဲအတွင်းမှာလည်း သီးခြားစာချုပ်တစ်ရပ်ပါ အချက်အလက်များအရ ငြိမ်းချမ်းရေး လက်ခံရန်ကိစ္စရပ်ကို ဆွေးနွေးတိုင်ပင်ရန် ဖြစ်လာပါသည်။ စိုက်ယိဒိနာ စအားဒ်အိဗ်နိမုအားဒ်နှင့် စအားဒ်အိဗ်နိ

အုဟဒဟ်﴿ﷺ﴾ တို့က စာချုပ်ပါ အချက်အလက်များသည် မလျော်ကန်မသင့်မြတ်ဟူသော အကြောင်းပြချက်ဖြင့် စာချုပ်ကို ဆန့်ကျင်ခဲ့ပါသည်။ အဆုံးတွင် ဆွဟာဗဟ်ကြီးများ၏ အကြံပြုချက်ကို တမန်တော်မြတ်﴿ﷺ﴾က လက်ခံခဲ့သည်။ ဟုဒိုင်ဗီယာနှင့် ပတ်သက်သော ကိစ္စတစ်ရပ်အတွက် ဆွေးနွေးပွဲများပြုလုပ်ရာတွင် တမန်တော်မြတ်ကြီး၏ အပြီးသတ်ဆုံးဖြတ်ချက်မှာ စိုက်ယိဒိနာ အဗူဗကရ်﴿رضي الله عنه﴾ သခင်၏ဆုံးဖြတ်ချက်အပေါ် အခြေခံခဲ့သည်။ ဆွဟာဗဟ်ကြီးများအား **(IFK)** အိဖ်ခေါ် မတရားစွပ်စွဲမှုကိစ္စတစ်ရပ်အတွက်လည်း တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ (မတရားစွပ်စွဲခံရသူမှာ စိုက်ယိဒါဟ် အာအိရှဟ် (رضي الله عنها) သခင်မကြီးပင်ဖြစ်သည်။) သို့ရာတွင် ဤကိစ္စနှင့် အခြားဖော်ပြပြီး ကိစ္စရပ်များအားလုံးအတွက် တမန်တော်မြတ်﴿ﷺ﴾ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ဝဟီမှတစ်ဆင့် ဆုံးဖြတ်ခဲ့ခြင်း မရှိပါ။

အချုပ်ဆိုရသော် နဗီတမန်တော်တစ်ပါးလည်းဖြစ်၍ ဝဟီလက်ခံရရှိသူတစ်ဦးဖြစ်ခြင်းသည် တိုင်ပင်ဆွေးနွေးမှုအတွက် အတားအဆီးတစ်ခု မဖြစ်စေပါ။ တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ပတ်သက်၍ပြောရမည်ဆိုလျှင် ဆွဟာဗဟ်သာဝကကြီးများထံမှ အကြံဉာဏ်တောင်းခံခြင်းသည် ၎င်းတို့အား ဟန်ဆောင်နှစ်သိမ့်စေရန် (သို့) ထိုအကြံပြုချက်များသည် လုပ်ငန်းဆောင်တာ လုပ်ဆောင်ရာ၌ အကျိုးသက်ရောက်မှုမရှိဟူသော အသွင်သဏ္ဌာန်ဆောင်သည်ဟု ပြောမရချေ။ တစ်နည်းဆိုရလျှင် အမှန်မှာ တမန်တော်မြတ်﴿ﷺ﴾ သည် ဆွေးနွေးမှုတွင် ပါဝင်သူများ၏ အကြံဉာဏ်ကိုလက်ခံ၍ မိမိကိုယ်ပိုင်အကြံဉာဏ်နှင့် ဆန့်ကျင်ကာ လုပ်ကိုင်ခဲ့သော အဖြစ်အပျက်များစွာ ရှိခဲ့ပါသည်။ စင်စစ်အချို့သော အခြေအနေများတွင် တမန်တော်မြတ်﴿ﷺ﴾ သခင်လုပ်ဆောင်ရမည့် လမ်းစဉ်သည် ဝဟီမှတစ်ဆင့် ဆုံးဖြတ်သတ်မှတ်မှုမရှိသော အခါမျိုးတွင် ဆွေးနွေးတိုင်ပင်မှုများမှတစ်ဆင့် လုပ်ဆောင်ခဲ့သည်။ ဤတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော ဟစ်က်မသ်အသိဉာဏ်ရှိလေသည်။ ရည်ရွယ်ချက်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင်၏ လက်တွေ့ကျင့်စဉ်သည် နောင်အနာဂတ် မျိုးဆက်သစ်မုစ်လင်မ်များအားလုံးအတွက် အတည်ပြုပြီးဖြစ်ပါသည်။

ထို့ကြောင့် ဆွေးနွေးတိုင်ပင်ခြင်းသည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အုမ္မသ်ထုတစ်ရပ်လုံးအပေါ် စွန္ဒသ်တော်တစ်ရပ်အဖြစ် အမြဲအတည်ဖြစ်လာစေပါသည်။ စဉ်းစားကြည့်ပါ။ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ပင်လျှင် ဆွေးနွေးတိုင်ပင်မှုနှင့် မကင်းလျှင် မည်သူသည် ဆွေးနွေးတိုင်ပင်ခြင်းလိုအပ်မှုမှ ကင်းရှင်းနိုင်အံ့နည်း။ ဤအကြောင်းကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ကိုယ်တော်၏ ဆွဟာဗဟ်သာဝကကြီးများ ကာလတစ်လျှောက် အချင်းချင်းတိုင်ပင်ဆွေးနွေးမှု အမြဲမပြတ် ကျင့်သုံးလုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့အထဲတွင် ရှင်းလင်းပြတ်သားသည့် အမိန့်ပညတ်ချက်မပါရှိသော ကိစ္စရပ်များတွင် လုပ်ဆောင်ခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် ဤကမ္ဘာလောကမှ စွန့်ခွာသွားသောအခါတွင် ဆွဟာဗဟ်သာဝကကြီးများသည် ဤကျင့်စဉ်ကို ဆက်လက်လိုက်နာကျင့်သုံးခဲ့သည်။ နောက်ပိုင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ထဲတွင် ရှင်းလင်းပြတ်သားသည့် အမိန့်ပညတ်ချက်မတွေ့ရသော ကိစ္စရပ်များတွင် အစ္စလာမ်ဥပဒေဆိုင်ရာ စီရင်ထုံးများထုတ်နှုတ်ရန်အတွက် အားကိုးအားထားပြုသော နည်းနာနိသယျအဖြစ် အချင်းချင်းတိုင်ပင်ဆွေးနွေးမှုကို ကျင့်သုံးခဲ့သည်။ ဤသည်မှာ စိုက်ယိဒိနာ အလီ﴿ﷺ﴾ သခင်က မေးလျှောက်ခဲ့သော မေးခွန်းကို တမန်တော်မြတ်﴿ﷺ﴾ သခင်ဖြေကြားကာ သင်ကြားပေးခဲ့သည့် နည်းလမ်းအစစ်အမှန်ဖြစ်ပေသည်။

(၄) အစ္စလာမ့်နိုင်ငံတစ်ခုတွင် တိုင်ပင်ဆွေးနွေးမှု အနေအထား

အစောပိုင်းကဖော်ပြထားသကဲ့သို့ မရှဝါရဟ် (သို့) တိုင်ပင်ဆွေးနွေးမှုအကြောင်း ရှင်းလင်းပြတ်သား သည့် ညွှန်ကြားမှုများကို ကုရ်အာန်ကျမ်းတော်မြတ်၏ နှစ်နေရာတွင် ဖော်ပြထားသည်။

တစ်ခုမှာ ယခုလက်ရှိလေ့လာနေသော အာယသ်တော်တွင်ပါဝင်၍ အခြားတစ်ခုမှာ စစ်မှန်သော မုစ်လင်မ်များ၏ အရည်အသွေးများမှတစ်ခုအကြောင်း ဖော်ပြထားသော စူရဟ်အလ်ရှူရာ(၄၂း၃၈) အာယသ်တွင် ပါဝင်သည်။ ယင်းမှာ **وَأَمْرُهُمْ شُورَىٰ بَيْنَهُمْ** ဖြစ်၍ ဆိုလိုသည်မှာ သူတို့၏အရေးကိစ္စများကို အချင်းချင်းတိုင်ပင် ဆွေးနွေးမှုဖြင့် ဖြေရှင်းခဲ့သည်ဟူ၍ ဖြစ်သည်။ နှစ်နေရာစလုံးတွင် (**أَمْرُ**)အမ်ရု (အရေးကိစ္စ)နှင့်အတူ ယှဉ်တွဲဖော်ပြ ထားသည်။ အစောပိုင်းက အသေးစိတ်ဆွေးနွေးပြီးသည့်အတိုင်း အမ်ရုဟူသော စကားလုံးသည် မည်သည့် အရေးကြီးသည့်ကိစ္စ (သို့) လုပ်ဆောင်မှုဟု ဖော်ညွှန်းသကဲ့သို့ တစ်ချိန်တည်းတွင် အမိန့်ပညတ်ချက်၊ ဥပဒေကို လည်းကောင်း၊ အခွင့်အာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုတို့ကိုလည်းကောင်း သုံးနှုန်းသည်။ အဓိပ္ပာယ်နှစ်ခုမှ မည်သည်ကို ယူစေကာမူ ဤအာယသ်တော်များကိုလည်း အခြေခံကာ အုပ်ချုပ်မှုကိစ္စရပ်များတွင် ဆွေးနွေး တိုင်ပင်မှု မလွဲမသွေလိုအပ်ကြောင်း ပေါ်ထွက်လာသည်။ အကယ်၍တစ်စုံတစ်ဦးသည် အုပ်ချုပ်မှုဆိုင်ရာ အခွင့် ကိစ္စကို ဆိုလိုသည်ဟု ယူဆမည်ဆိုလျှင် လိုအပ်ချက်သည် ပိုမိုထင်ရှားစေသည်။ အကယ်၍ ထိုစကားလုံးကို ယေဘုယျအဓိပ္ပာယ် အနေဖြင့် ယူဆခဲ့လျှင် အုပ်ချုပ်မှု ဆိုင်ရာကိစ္စသည် အရေးကြီး၍ အရာရောက်သောကြောင့် ထိုကိစ္စများတွင် တိုင်ပင်ဆွေးနွေးခြင်းသည် မလွဲ မသွေလုပ်ဆောင်ရမည်ဟူ၍ပင် မှတ်ယူရပေလိမ့်မည်။ ထို့ကြောင့် အရေးကြီးသော အုပ်ချုပ်မှုဆိုင်ရာကိစ္စအတွက် အုမ္မတ်ထု၏ အကြီးအကဲဖြစ်သော မုစ်လင်မ်အမိရ်၏တာဝန် တစ်ရပ်မှာ ထိုကိစ္စရပ်၌ တာဝန်ရှိသောသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း ဖြစ်သည်။ အထက်ဖော်ပြပါ ကုရ်အာန် ကျမ်းတော်မြတ် အာယသ်တော်များနှင့် တမန်တော်မြတ်ﷺ သခင်၏ ဖြောင့်မတ်မှန်ကန်စွာ လမ်းညွှန်မှု ခံခဲ့ရသော ခလီဖတ်ကြီးတို့၏ တစိုက်မတ်မတ်ကျင့်သုံးမှုသည် ဤအရာလိုအပ်ချက်ဖြစ်ကြောင်း ရှင်းလင်းပြတ်သား သည့် သက်သေသာဓကပင် ဖြစ်သည်။

ဤအာယသ်တော်နှစ်ခုသည် ဆွေးနွေးတိုင်ပင်မှုလိုအပ်ချက်ကို အလွန်ရှင်းလင်းပြတ်သားစွာ မီးမောင်း ထိုးပြရုံမျှမက အစ္စလာမ်အုပ်ချုပ်မှုစနစ်နှင့် ယင်း၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းအချို့ကိုလည်း ထောက်ပြ ပါသည်။ အစ္စလာမ့်အစိုးရဆိုသည်မှာ ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့် အုပ်ချုပ်မှုတစ်ခုဖြစ်၍ ယင်းတွင် အုပ်ချုပ် မှုအကြီးအကဲ အမိရ်ကို ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ရွေးချယ်ထားခြင်းဖြစ်သည်။ မိသားစုအမွေဆက်ခံခြင်းဆိုင် ရာကိစ္စတစ်ရပ် မဟုတ်ကြောင်းကား သေချာပါသည်။ တစ်ကမ္ဘာလုံးတွင် စည်းမျဉ်းစည်းကမ်းကို တစ်နည်းမဟုတ် တစ်နည်း အသိအမှတ်ပြုခြင်းသည် အစ္စလာမ့်သင်ကြားမှုများ၏ ဗရကသ်မဂ်လာတစ်ရပ်ကြောင့်ဖြစ်သည်။ ထိုသို့ဆိုလျှင် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆွေစဉ်မျိုးဆက် သက်ဦးဆံပိုင်ဘုရင်စနစ်သည် ဤအစ္စလာမ့် စီစဉ်မှုဘက်သို့ ရွေ့လျားလာကြပါသည်။

သို့သော်လည်း သမိုင်း၏ နှစ် ၁၄၀၀ က အင်အားကြီးများဖြစ်သော ဆိုင်းရပ်စ်နှင့် ဆီဇာတို့ဆီသို့ ကျွန်ုပ်တို့ ပြန်လည်သွားကြည့်ကြစို့။ ယင်းတို့နှစ်ဦးကြား တူညီသော အချက်တရပ်မှာ ၎င်းတို့နှစ်ဦးစလုံးသည်

ဆွေစဉ်မျိုးဆက်အရ အင်ပါယာကြီးများ၏ အကြီးအကဲဖြစ်သော အုပ်ချုပ်မှုအခွင့်အာဏာကို ၎င်းတို့ထဲတွင် အပ်နှင်းခြင်းခံခဲ့ရသည်။ ထို့ကြောင့် လူတစ်ဦးက သန်းပေါင်းများစွာကို အုပ်ချုပ်ခြင်းသည် အရည်အချင်းပေါ်တွင်လည်းကောင်း၊ စွမ်းဆောင်နိုင်မှုအပေါ်တွင်လည်းကောင်း အခြေမခံဘဲ ဆွေစဉ်မျိုးဆက်အရ အကြီးအကဲဖြစ်သော ရက်စက်ကြမ်းကြုတ်သည့်မူကြောင့် ဖြစ်သည်။ ဤသို့သောပုံစံအုပ်ချုပ်မှုသည် လူသားအားလုံးကို စော်ကားမှုတစ်ရပ်ပင်ဖြစ်သည်။ ဤပုံစံသည် ဂရိနိုင်ငံ မှအပ တစ်ကမ္ဘာလုံးကျင့်သုံးနေသော နည်းလမ်းဖြစ်သည်။ ဂရိနိုင်ငံတွင် လူဘဝ၏ ဒီမိုကရက်တစ်စနစ်တစ်ခု သင်ကြားမှုသည် အစောပိုင်းမှရှိခဲ့သော်လည်း တည်ငြိမ်သော အစိုးရတစ်ရပ် တည်ထောင်ရန်အတွက် မူများအဖြစ် ပြောင်းလဲရန်လိုသေးသည်။ သို့မဟုတ်ခဲ့လျှင် ဤအတွေးအခေါ် အယူအဆများသည် အရစ္စတိုတယ်လ်ဒဿန၏ အခက်အလက်များဖြစ်ကာ စွန့်ပစ်ခံရသော အတွေးအခေါ်များ ဖြစ်သွားခဲ့ပါသည်။ ဤသည်နှင့်ဆန့်ကျင်၍ အစ္စလာမ် သာသနာသည် ဆွေစဉ်မျိုးဆက်အရ အုပ်ချုပ်ခြင်းဆိုသည့် သဘာဝမကျသောမူကို ပယ်ဖျက်ကာ လူအများအား မိမိတို့အကြီးအကဲကိုခန့်ခြင်း၊ ထုတ်ပယ်ခြင်းဆိုသည့် ရွေးချယ်ခွင့်ပေးသနားထားခဲ့သည်။ ထိုအခွင့်အာဏာကို တိုင်းပြည်၏အရေးကိစ္စများတာဝန်ယူထမ်းဆောင် နေသော ၎င်းတို့ကိုယ်စားလှယ်များမှတစ်ဆင့် အသုံးပြုနိုင်သည်။ ကမ္ဘာကြီးသည် တစ်ချိန်က သက်ဦးဆံပိုင်ဘုရင်စနစ်တွင် နစ်နေခဲ့ပြီး အစ္စလာမ်သင်ကြားမှုမှတစ်ဆင့် သဘာဝကျ၍ မျှတသည့်စနစ်ကို သိရှိလာခဲ့ကြသည်။ ယင်းစနစ်သည် ကျွန်ုပ်တို့သိရှိနားလည်ထားသော ဒီမိုကရေစီဟုခေါ်သည့် အုပ်ချုပ်မှုစနစ်၏ အသက်ဝိညာဉ်ပင် ဖြစ်သည်။

သို့ရာတွင် ခေတ်သစ်ဒီမိုကရေစီသည် ရက်စက်ကြမ်းကြုတ်သောဘုရင်စနစ်ကို တုန့်ပြန်သည့်အနေနှင့် ထွက်ပေါ်လာခဲ့သောကြောင့် မျှတခြင်းလျှော့နည်းမှု ရှိလာခဲ့ပါသည်။ သူတို့သည် ပြည်သူလူထုအများကို အကြွင်းမဲ့အာဏာစိုးပိုင်ခြင်း၊ အဆုံးအစွန်ဆုံးသောဘဝဖြစ်ခြင်း၊ အထိန်းအကွပ်မရှိသော အချုပ်အခြာအာဏာ၏ အုပ်ချုပ်မှုစနစ်နှင့် နိုင်ငံဥပဒေတို့၏ သဘောတရားအသိပေးခဲ့သည်။ သူတို့၏စိတ်ထားများနှင့် နှလုံးသားများသည် ဘုရားသခင်ရှိသည်ဆိုသည့် အယူအဆ ကမ္ဘာမြေမိုးကောင်းကင်စကြဝဠာများနှင့် လူသားကို ဖန်ဆင်းရှင်က ဖန်ဆင်းသည့် အယူဝါဒတို့မှ ကင်းကွာလာသည်ထိ လူထုကို အသိပေးခဲ့သည်။ ကြီးမားသောယုံကြည်ချက်မှ ပေါ်ထွက်လာသော အလွှာဟ်အရှင်မြတ်၏ စစ်မှန်သော အချုပ်အခြာအာဏာနှင့် ဥပဒေအယူအဆမှ ကင်းကွာသွားသည်ကိုတော့ ပြောရန်ပင် မလိုတော့ချေ။ အလွှာဟ်အရှင်က လူသားအား အပ်နှင်းခဲ့ပြီး အလွှာဟ်အရှင်မြတ်ပြဋ္ဌာန်းခဲ့သည့် လူအများ၏ ရွေးချယ်မှုစနစ်ကို သူတို့၏ "ဒီမိုကရေစီ"က ကန့်သတ်မှုများစတင်ပြုလုပ်လာသဖြင့် ယခုအခြေအနေသည် အဘယ်ထိရောက်သွားသနည်းဟုမူ တရားမျှတခြင်း၊ သာတူညီမျှရှိခြင်းတို့ဖြစ်ရမည့်အစား ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်သွားရသည်။

ကမ္ဘာကြီးအား ဆိုင်းရပ်စ်များ၊ ဆီဇာများနှင့် အခြားသော သက်ဦးဆံပိုင်မင်းများတို့၏ လက်မှလွတ်မြောက်စေခဲ့သော အစ္စလာမ်ဥပဒေနည်းလမ်းသည် အလွှာဟ်အရှင်မြတ်က လောကီဆိုင်ရာ ကန့်လန့်ကာနောက်ကွယ်၌ ပုန်းကွယ်နေကြသော အနောက်တိုင်း ဒီမိုကရေစီများကို ဘုရားသခင်၏ နည်းလမ်းအားပြသခဲ့သည်။ အစ္စလာမ့် နည်းလမ်းသည် လျှို့ဝှက်အပ်သောအရာတစ်ခု မဟုတ်ပါ။ ယင်း၏သင်ကြားပြသမှုများကရှင်းလင်းစွာမိန့်သည်မှာ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံများ အစိုးရများနှင့် ပြည်သူများအားလုံးတို့သည် အလွှာဟ်အရှင်မြတ် ပေး သနားတော်မူသော ဥပဒေကို လိုက်နာရပါမည်။ လူအများ ၎င်းတို့ကိုယ်စားလှယ်များ

စုဝေးခြင်း၊ ဥပဒေများ ပြုခြင်း၊ ရာထူးများခန့်အပ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း အားလုံးတို့သည် အလ္လာဟ် အရှင်မြတ် သတ်မှတ်ထားသည့် ဘောင်အတွင်းမှ လုပ်ဆောင်ရပါမည်။ အကြီးအကဲများ ရွေးချယ်ခြင်း၊ ရာထူးဌာနနှင့် အရေးကြီးသောနေရာအတွက် လူများရွေးချယ်ရာတွင် အရည်အချင်းနှင့် အဆင့်အတန်းတို့ကို ပြည့်ပြည့်ဝဝ စဉ်းစားပြုလုပ်ခြင်းသည် သူတို့၏တာဝန်ပင်ဖြစ်သည်။ ၎င်းပြင်အရွေးချယ်ခံသူတို့၏ ရိုးသားဖြောင့်မတ်ခြင်းနှင့် ယုံကြည်ကိုယ်စား ထိုက်ခြင်းတို့ကို ချိန်ဆစမ်းစစ်သင့်ပါသည်။ သူတို့၏ အစိုးရအဖွဲ့၏ အကြီးအကဲကို ရွေးချယ်ရာတွင် အသိဉာဏ် ပညာအရာတွင် အားလုံးအနက်မှ အကောင်းဆုံးဆိုသည်ကိုသာ ရွေးချယ်ရပါမည်။ ယင်းသူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ယုံကြည်အားကိုးထိုက်ခြင်း၊ အရည်အချင်းရှိခြင်းနှင့် နိုင်ငံရေးဆိုင်ရာအတွေ့အကြုံရှိခြင်းတို့ ပြည့်စုံသူဖြစ်ရပါမည်။ ထိုကဲ့သို့ ရွေးချယ်တင်မြောက်ခြင်းခံထားရသည့် အကြီးအကဲသည်ပင်လျှင် အထိန်းအကွက်မရှိ၊ သက်ဦးဆံပိုင် ဘုရင်များကဲ့သို့ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့် မရှိပါ။ သူသည် အကြံဉာဏ်ပေးနိုင်သောသူများထံမှ အကြံဉာဏ် တောင်းခံရပါမည်။ ကုရ်အာန်ကျမ်းတော်မြတ်၊ တမန်တော်မြတ်﴿ﷺ﴾ နှင့် ဖြောင့်မတ်မှန်ကန်စွာ လမ်းညွှန်ခြင်းခံရသော ခလီဖတ်ကြီးတို့၏ စွဲစွဲမြဲမြဲလုပ်ဆောင်မှု၊ တို့က ဤသည်ကို သက်သေခံပါသည်။ သူတို့ထက် ပိုပြီး တရားမျှတပါသည်ဟု မည်သူကပြောနိုင်အံ့နည်း။

စိုက်ယိဒိနာ အုမရ် ﴿رضي الله عنه﴾ သခင်က ပြောခဲ့သည်မှာ -

لاَ خِلاَفَةَ اِلَّا عَنْ مَشُوَرَةٍ

"တိုင်ပင်ဆွေးနွေးမှုမရှိလျှင် ခိလာဖသ်လည်း မရှိနိုင်။" **(ကန်ဇုလ်အုမလ် အိဗ်နိရှီဗာဟ်တွင်ရှ)**

တိုင်ပင်ဆွေးနွေးမှုဖြင့် အုပ်ချုပ်ခြင်းသည် အစွလာမ်၏ အခြေခံလိုအပ်ချက်ပင် ဖြစ်သည်။ မည်မျှထိလိုအပ်ပါသနည်းဟူမူ အကယ်၍ တိုင်းပြည်၏ခေါင်းဆောင် (သို့) အကြီးအကဲတစ်ဦးသည် ဆွေးနွေးမှုလိုအပ်ချက်မှ သူကင်းကွာခဲ့ပါလျှင်ဖြစ်စေ၊ ရှရီအသ်ရှထောင့်အရ အကြံဉာဏ်ပေးရန် မသင့်တော်သောသူထံမှ အကြံဉာဏ်များယူခဲ့ပါလျှင်ဖြစ်စေ လိုအပ်ချက်အရ သူ့အား ရာထူးမှဖယ်ရှားပစ်ရမည်။

ذكـر ابـن عـطية انّ الشـورى مـن قـواعـد الشـريعة وعـزائم الاحكـام ومن لا يستشير اهل العلم والدّين فعزله واجب، هذا مالا خلاف له ((البحرالمحيط لابى حيان))

အဗီဟိုင်ယန်ရေးသားသော အလ်ဗဟ်ရုလ်မုအဟီးတ်ကျမ်းတွင် အောက်ပါအတိုင်း ပါရှိပါသည်။ အိဗ်နိ အတွိယဟ် ([ylI.A]mHR) ကပြောသည်မှာ တိုင်ပင်ဆွေးနွေးခြင်းသည် အစွလာမ်ဥပဒေနှင့် ယုံကြည်မှုဆိုင်ရာ အခြေခံမူများမှတစ်ခုပင် ဖြစ်သည်။ တစ်စုံတစ်ဦးသည် တတ်သိနားလည်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ မပြုလုပ်ပါက သူ့အားဖယ်ရှားပစ်ရန် မပြုမနေရ ဝါဂျိစ်ဖြစ်သည်။ ဤသည်နှင့် ပတ်သက်၍ တစ်စုံတစ်ဦးမျှ အကွဲအလွဲမရှိပါ။

တိုင်ပင်ဆွေးနွေးခြင်းကို မပြုမနေရဟု သတ်မှတ်ခြင်းဖြင့် အစွလာမ်နိုင်ငံများနှင့် ပြည်သူများ အကျိုး

ဖြစ်ထွန်းစေမည့်ကောင်းချီးမင်္ဂလာများအကြောင်း မိန့်ကြားထားသော တမန်တော်မြတ်ကြီး﴿ﷺ﴾ ၏ မိန့်ကြားချက်နှင့် တိုင်းတာနိုင်သည်။ စိုက်ယိဒနာ အိဗ်နိအဗွားစ်၏ ဆင့်ပြန်ချက်ကို အိဗ်နိအဒီနှင့် အလ်ဗိုင်ဟကီက တင်ပြထားသည်မှာ ဤအာယသ်တော်များကျရောက်သည့်အချိန်တွင် တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားသည်မှာ "အလ္လာဟ်အရှင်မြတ်နှင့် သူ၏တမန်တော်သည် ဤဆွေနွေးတိုင်ပင်ခြင်း မလိုအပ်ပါ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏အုမ္မသ်ထုအတွက် သနားကြင်နာခြင်း၏ အရင်းအမြစ်အဖြစ် မုချဧကန် သတ်မှတ်ခဲ့ပါသည်" ဟူ၍ ဖြစ်ပါသည်။ **(ဘယာန္နလ်ကုရ်အာန်)**

အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်သာ သဘောတူညီခဲ့ပါလျှင် အရာခပ်သိမ်း၏အကြောင်းကို အရှင်မြတ်၏ တမန်တော်မြတ်ကို ဝဟီမှတစ်ဆင့် သိစေနိုင်ပါသည်။ မည်သည့်အကြောင်းကိစ္စရပ်အတွက်မှ မည်ကဲ့သို့သော ဆွေးနွေးတိုင်ပင်မှုမျှ မလိုအပ်စေရန်မှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးအာဏာအတွင်းသာရှိသည်။ သို့ရာတွင် မုစ်လင်မ်ထု၏ ကောင်းကျိုးအတွက် အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မှတစ်ဆင့် တိုင်ပင်ဆွေးနွေးခြင်းဟူသည့် အလေ့အကျင့်ကို အတည်ဖြစ်စေရန် အလ္လာဟ်အရှင်မြတ်က ကူညီတော်မူခဲ့ပါသည်။ ဤသည်ကြောင့် ကိစ္စရပ်များစွာတို့သည် ဖော်ပြခြင်းမရှိဘဲ ချန်လှပ်ခဲ့ကာ ယင်းတို့အတွက် သီးသန့်ဝဟီကျရောက်ခဲ့ခြင်းလည်း မရှိပါ။ ဤကိစ္စရပ်များအတွက် တမန်တော်မြတ်﴿ﷺ﴾ အား ဆွေးနွေးတိုင်ပင်ရန် ညွှန်ကြားခဲ့ပါသည်။

(၅) ဆွေးနွေးတိုင်ပင်ခြင်း အယူအဆကွဲလွဲမှုတစ်ခုအပေါ် အဆုံးအဖြတ်ပေးခြင်း

ကိစ္စရပ်တစ်ခုပေါ် အယူအဆကွဲပြားခဲ့လျှင် အဘယ်ကဲ့သို့ ဖြစ်မည်နည်း။ ယင်းကိစ္စကို ခေတ်ပြိုင်ပါလီမန်မူဖြင့် ဆုံးဖြတ်မည်လော။ အကြီးအကဲသည် အများစုဆုံးဖြတ်ချက်အရ အတင်းအကြပ် လုပ်ကိုင်စေမည်လော။ သို့မဟုတ်လျှင် လူနည်းစုဘက်ကဖြစ်စေ၊ လူများစုဘက်ကဖြစ်စေ ပေါ်ထွက်လာသော ပြင်းထန်သော ငြင်းခုံမှုများကိုလည်းကောင်း တိုင်းပြည်အတွက် ထင်ရှားသော ကောင်းကျိုးများကို အခြေခံ၍လည်းကောင်း သူတွင် လုပ်ကိုင်နိုင်ခွင့် ရှိပါသလား။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များအရ ၎င်းပြင် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ၎င်း၏ဆွဟာဗဟ်သာဝကကြီးများ အမြဲပြုလေ့ရှိသော အလေ့အကျင့်အရလည်းကောင်း တိုင်းပြည်ခေါင်းဆောင်ဖြစ်သော မုစ်လင်မ်တို့၏ ခေါင်းဆောင်သည် အများဆန္ဒအရ ပြုလုပ်မည်ဆိုခြင်းမှာ အထောက်အထားမရှိပါ။ အထက်ပါအချက်နှင့် ဆန့်ကျင်စွာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အညွှန်းအချို့တို့နှင့် ဟဒီးဆ်တော်ရှင်းလင်းချက်များနှင့် ဆွဟာဗဟ်သာဝကကြီးများ လုပ်လေ့လုပ်ထရှိသော အပြုအမူများအရ ထင်ရှားသည်မှာ သဘောထားကွဲလွဲသောအချိန်ကာလတွင် အမီရ်သည် သူ၏ဝေဖန်ပိုင်းခြားတတ်မှုကို အသုံးချကာ လုပ်ဆောင်ရန်ရှိသော နည်းလမ်းအချို့တို့မှ တစ်နည်းနည်းနှင့် လုပ်ဆောင်နိုင်ပါသည်။ ယင်းသို့လုပ်ဆောင်ရန် အကြံပေးချက်သည် လူနည်းစုဘက်မှလာသည်ဖြစ်စေ၊ လူများစုဘက်မှလာသည်ဖြစ်စေ လုပ်ဆောင်နိုင်သည်။ အမီရ်သည် အခြားသောအကြံပြုချက်များကို သူပြည့်ပြည့်ဝဝနားလည်အောင် လုပ်ဆောင်ရမည်ဆိုသည်မှာ သံသယမရှိပါ။ သို့ရာတွင် အများထုသည် အကြံပြုချက်တစ်ခုပေးရာ၌ တညီတညွတ်တည်း သဘောတူညီသည့်အခါတွင် ဤအရာသည် သူ့အတွက် ကျေနပ်နှစ်သိမ့်မှုအရင်းအမြစ် ဖြစ်လာပါလိမ့်မည်။

ဤအာယသ်တော်ကို အနီးကပ်လေ့လာချက်အရ ကျွန်ုပ်တို့သိရသည်မှာ တမန်တော်မြတ်﴿ﷺ﴾ အား ဆွေးနွေးတိုင်ပင်မှုပြုရန် အမိန့်ပေးပြီးသည့်နောက်တွင် မိန့်ကြားထားသည်မှာ - **فَإِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللهِ**

-------"အသင်သည် (တစ်စုံတစ်ရာသောကိစ္စနှင့် စပ်လျဉ်း၍) ပြုလုပ်ရန် စိတ်ပြဋ္ဌာန်းလိုက်သောအခါ အလ္လာဟ်အရှင်မြတ်အပေါ် ဝယ် ယုံကြည်စိတ်ချလွှဲအပ် (၍ပြုလုပ်) ပါလေ" ဟူ၍ဖြစ်သည်။ ဤအာယသ်တွင် 'အဇမ်တ' ဟူသောစကားလုံးတွင်ပါဝင်သော 'အဇမ်' ၏အဓိပ္ပာယ်မှာ တစ်နည်းမဟုတ်တစ်နည်း ပြုလုပ်ထားသော ခိုင်မြဲသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး ယင်းစကားလုံးသည် တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် သက်ဆိုင်ပါသည်။ စာသားက အများကိန်းဖြစ်သော **عَزَمْتُمْ** 'အဇမ်တွမ်' ဟူ၍ မိန့်ကြားမထားပါ။ ထိုကဲ့သို့မိန့်ကြားခဲ့ပါလျှင် နောက်ဆုံးပိတ်အဆုံးအဖြတ်ပေးခြင်းတွင် ဆွေဟာဗဟ်သာဝကကြီးလည်းပါဝင်သည်ဟူ၍ ညွှန်းဆိုရာရောက်ပေမည်။ ဤမှာဆွေးနွေးတိုင်ပင်ခြင်းကိစ္စပြီးဆုံးသွားပါက အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်တိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အကြီးအကဲ၏ တရားဝင်အထူးလုပ်ပိုင်ခွင့် အခွင့်အာဏာဖြစ်ကြောင်း ဤအညွှန်းက သက်သေပြသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်ထက် အသက်၊ အသိပညာအဆင့်အတန်းမြင့်မားသူများ ဆွေးနွေးပွဲတွင် ရှိနေလင့်ကစား အခြေအတင်ပြောဆိုမှုတွင် သူ၏ယူဆချက်သည် အလေးသာနေခဲ့ပါလျှင် စိုက်ယိဒိနာအုမ္မရ်အိဗ်နိခတဗ်သည် သူ၏အဆုံးအဖြတ်ကို စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ် အကြံပြုချက်အပေါ် အခြေခံ၍ပေးခဲ့သည့်အခါများလည်းရှိပါသည်။ အကြိမ်တော်တော်များများတွင် တမန်တော်မြတ်﴿ﷺ﴾ သည် အများစုဆွေဟာဗဟ် ကြီးများကို ဆန့်ကျင်ခါ "ရှေခန်" အဗူဗကရ်နှင့် အုမရ်﴿ﷺ﴾ တို့၏ အယူအဆများကို နှစ်သက်ခဲ့သောကြောင့် လူအများက ဤအာယသ်တော်သည် ဤနှစ်ယောက်နှင့်သာ ဆွေးနွေးမှုပြုလုပ်ရန် ကျရောက်ခဲ့သည်ဟု မှတ်ထင်ခဲ့ပါသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်၏ ဆင့်ပြန်ချက်ကို ဟကင်မ်က သူ၏မုစတ်တဒတ်ကျမ်းတွင် တင်ပြ ထားသည်မှာ -

عن ابن عباس فى قوله تعالى (وشاورهم فى الامر) قال ابوبكروعمر
(رضى الله عنهما) (ابن كثير)

အိဗ်နိအဗ္ဗားစ်ကပြောသည်မှာ **وشاورهم** "ဝရှာဝိရ်ဟွမ်" (သူတို့နှင့် ဆွေးနွေးတိုင်ပင်ပါ) တွင် ပါဝင်သောနည်းလမ်းသည် အဗူဗကရ်နှင့် အုမရ်ကို ရည်ညွှန်းပါသည်။ **(အိဗ်နိကဗီးရ်)**

ကာလ်ဗီ၏ တင်ပြချက်မှာ အထက်ပါတင်ပြချက်ထက် ပိုမိုရှင်းလင်းပြတ်သားပါသည်။

عن ابن عباس قال نزلت فى ابى بكر وعمر وكانا حواريي رسول الله ﷺ
ووزيريه وابوى المسلمين

"အိဗ်နိအဗ္ဗားစ်ကပြောသည်မှာ ဤအာယသ်တော်သည် အဗူဗကရ်၊ အုမရ်တို့နှင့် ဆွေးနွေးတိုင်ပင်ရန် အတွက်ကျရောက်ခဲ့ပါသည်။ ဤနှစ်ဦးတို့သည် အလ္လာဟ်အရှင်မြတ်တမန်တော်မြတ်၏ ဆွေဟာဗဟ်ကြီးများ အနက် အထူးဆွေဟာဗဟ်ကြီးဖြစ်ရုံသာမက တမန်တော်မြတ်ကြီး၏ ဝန်ကြီးများလည်းဖြစ်ကြသည်။ ၎င်းတို့သည် မုစ်လင်မ်များ၏ နာယကကြီးများလည်း ဖြစ်ကြသည်။ **(အိဗ်နိကဆီးရ်)**

အလ္လာဟ်အရှင်မြတ်တမန်တော်ကြီး အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း သူ့အပေါ်ခညောင်းပါစေ။ တစ်ချိန်တုန်းက စိုက်ယိဒနာ အဗူဗကရ်နှင့် အုမရ်(ရ.အ) တို့ကို ဦးတည်ပြောကြားခဲ့သည်မှာ -

لو اجتمعتما فى مشورة ماحلفتكما

"အသင်တို့အကြံပြုချက်တစ်ခုအပေါ်၌ သဘောတူညီခဲ့ကြပါလျှင် ကျွန်ုပ်သည် အသင်တို့နှင့် ဆန့်ကျင်ဆုံးဖြတ်လိမ့်မည်မဟုတ်ပါ။" **(အိဗ်နိုခဆီး၊ မုစ်နတ်အဟ်မဒ်ကျမ်းကို ရည်ညွှန်းသည်။)**

သံသယတစ်ခုနှင့် ယင်းအတွက် အဖြေ

တစ်စုံတစ်ဦးသည် ဤဆုံးဖြတ်ချက်ချခြင်း၏ လုပ်နည်းလုပ်ထုံးသည် တစ်ဦးတည်းအုပ်ချုပ်သည့်ပုံစံ ဖြစ်ပြီး ဤစနစ်သည် လူအများစု၏ ရပိုင်ခွင့်ကို ထိခိုက်နစ်နာစေကာ ဒီမိုကရေစီစနစ်နှင့်လည်း ဆန့်ကျင်သည် ဟု ပြောဆိုကာ ကန့်ကွက်နိုင်ပါသည်။

အဖြေမှာ ဤအစွလာမ်အုပ်ချုပ်မှုစနစ်သည် ဤပြဿနာများကို ဂရုပြုပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အစွလာမ်နိုင်ငံတစ်ခု၏ အမိရ်ကို တစ်စုံတစ်ဦးဆန္ဒရှိသည့်အတိုင်း ခန့်အပ်နိုင်ရန်အတွက် လူထုအား အကြွင်းမဲ့အခွင့်အရေးပေးမထားပါ။ ဤသည်နှင့်ဆန့်ကျင်စွာ ၎င်းတို့အား ပေးထားသည့်အခွင့်အာဏာတွင် အားလုံးအနက် ၎င်းတို့အကောင်းဆုံးဟုထင်သည့်သူကို ရွေးချယ်ရာ၌ အသိပညာ၊ အကျင့်စာရိတ္တ၊ လုပ်ရည်ကိုင်ရည်၊ ဘုရားတရားကြည်ညိုမှုနှင့် ရိုးသားဖြောင့်မတ်ခြင်းတို့နှင့် ပြည်စုံမှုသာလျှင် ထိုသူအား အမိရ်အဖြစ် ရွေးချယ်ရမည်။ ယင်းကဲ့သို့ ထည်ဝါခန့်ညားသော အရည်အသွေးများ၊ ဂုဏ်ပုဒ်များနှင့် ပြည့်စုံသောသူကို ရွေးချယ်တင်မြှောက်ပြီးသောအခါတွင် မရိုးသားသူ၊ အပြစ်ဒုစရိုက်မှုများကျူးလွန်သူနှင့် အကျင့်စာရိတ္တ ပျက်ပြားနေသူတို့အပေါ်ထားရှိသော ကန့်သတ်ချက်များနှင့် မသက်ဆိုင်စေရပါ။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ဆင်ခြင်တုံတရား၊ တရားမျှတမှုတို့နှင့် ဆန့်ကျင်နေပါလိမ့်မည်။ ယင်းလုပ်ရပ်ကြောင့် လူအများတို့အား အလုပ်အကျွေးပြုမည့် စစ်မှန်သောသူအတွက် စိတ်ပျက်စရာဖြစ်ပြီး၊ လူထုအခြေခံသော လုပ်ငန်းဆောင်တာများ တိုးမြှင့်လုပ်ဆောင်ခြင်း၌ အဟန့်အတားဖြစ်သွားပါလိမ့်မည်။

(၆) အသင်လုပ်ဆောင်နိုင်သမျှ လုပ်ပါ။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်အားထားပါ

အထူးသဖြင့် အာယသ်တော်ဆုံးခါနီး၊ ဤအချိန်တွင် စိတ်ထဲတွင်စွဲမှတ်ရန် အလွန်အရေးကြီးသည်မှာ အုပ်ချုပ်ရေးလုပ်ငန်းများ အပါအဝင်အားလုံးသော အရေးကြီးသည့်လုပ်ငန်းရပ်တိုင်းတွင် ဆွေးနွေးတိုင်ပင်ရန်ဟူသော အမိန့်ထုတ်ပြန်ပြီးသည့်နောက်မှ ဤညွှန်ကြားချက်ကို ပေးခြင်းဖြစ်သည်။ ဤနေရာ၌ အလွန်အရေးကြီးသောလမ်းညွှန်မှုပေးထားသည်မှာ ပြင်ဆင်မှုများအားလုံး ပြုလုပ်ပြီး၊ လုပ်သင့်သည်များကို လုပ်တော့မည်ဟုနောက်ဆုံးအပြီးသတ် ဆုံးဖြတ်ပြီးသည့်တိုင်အောင် အသင်သည် အသင်တို့၏ဆင်ခြင်တုံတရား၊ အယူအဆများ ပြင်ဆင်မှုများ (သို့) အဆင်သင့်ဖြစ်ခြင်းဆိုသည့်အပေါ်၌သာ ယုံကြည်ကိုးစားအားထားရန် မဟုတ်ဘဲ အလ္လာဟ်

အရှင်တစ်ပါးတည်းအပေါ်၌သာ ယုံကြည်မှုထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဤ တွေးတောကြံဆထားသော အကြံအစည်များသည် ကိစ္စရပ်အားလုံး၏ ကြံစည်ရာ အထွတ်ခေါင်ဖြစ်သော အလ္လာဟ်အရှင်မြတ်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ဤအယူအဆကြောင့် လူသားများနှင့် သူတို့၏ အကြံအစည် ကောင်းကြောင်းကို နည်းနည်းသာပြောခြင်းက ပိုမိုကောင်းမွန်သည်။ လူသားကိုယ်တိုင် သူ၏ဘဝ တစ်သက်တာတွင် ထောင်ပေါင်းမြောက်မြားစွာသော ကိစ္စရပ်များအတွက် သူ၏အကြံအစည်များသည် အကျိုးမရှိ၊ အချည်းအနှီးဖြစ်ခြင်းကို မြင်တွေ့ခဲ့ရပါသည်။

အဆိုအမိန့်ဖြစ်သော (သို့ဆွေးနွေးတိုင်ပင်) ပြီးနောက် "အသင်သည် (တစ်စုံတစ်ရာကိစ္စနှင့် စပ်လျဉ်း၍) ပြုလုပ်ရန် စိတ်ပြဋ္ဌာန်းလိုက်သည့်အခါ အလ္လာဟ်အရှင်မြတ်အပေါ် ဝယ် ယုံကြည်စိတ်ချလွဲအပ် (၍ပြုလုပ်) ပါလေ။" ဤသည်က ရှင်းလင်းစေသည်မှာ အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်အားထားခြင်းသည် အစီအမံများ ပြုလုပ်ခြင်းနှင့် ယင်းအစီအမံတို့အတွက် ပံ့ပိုးမှုများကို ရယူရန်ကြိုးပမ်းမှုကို စွန့်လွှတ်သင့်သည်ဟု မဆိုလိုပါ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်ထံ ယုံကြည်မှုထားပြီး လက်လှမ်းမီသည့် ပံ့ပိုးမှုများကို စွန့်ပစ်ခြင်းသည် တမန်တော်များ၏ လုပ်နည်းလုပ်ထုံးနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားသပြဲချက်များကို ဆန့်ကျင်ပါသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် အလှမ်းဝေးကွာသော ပံ့ပိုးမှုများနှင့် အရေးမပါသော ပူပင်မှုများတို့အတွက် ပျင်းရိငေးမိုက်နေခြင်း (သို့) အကြံအစည်များနှင့် ပံ့ပိုးမှုများသာလျှင် အကျိုးရှိသောအရာများဖြစ်သည်ဟု တစ်စုံတစ်ဦးအား ယုံကြည်ခြင်းတို့သည် ပံ့ပိုးမှုများကို ဖြစ်စေသောသူနှင့် ကိစ္စရပ်များအားလုံးတို့အတွက် အကောင်းဆုံးသော အကြံအစည်ရှင်ကို မေ့လျော့ထားခြင်းပင် ဖြစ်သည်။ ယင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်အားထားမှုပြုခြင်းဆိုသည့် 'သဝပ်ကာလ်' နှင့်လည်း မုချ ဆန့်ကျင်ပါသည်။

VVVVVVVVVV

အာယသ် (၃:၁၆၀-၁၇၁)

إِن يَنصُرْكُمُ اللَّهُ فَلَا غَالِبَ لَكُمْ ۖ وَإِن يَخْذُلْكُمْ فَمَن ذَا الَّذِي
يَنصُرُكُم مِّن بَعْدِهِ ۗ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٦٠﴾ وَمَا
كَانَ لِنَبِيٍّ أَن يَغُلَّ ۚ وَمَن يَغْلُلْ يَأْتِ بِمَا غَلَّ يَوْمَ الْقِيَامَةِ ۚ
ثُمَّ تُوَفَّىٰ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿١٦١﴾ أَفَمَنِ اتَّبَعَ
رِضْوَانَ اللَّهِ كَمَن بَاءَ بِسَخَطٍ مِّنَ اللَّهِ وَمَأْوَاهُ جَهَنَّمُ ۖ وَ
بِئْسَ الْمَصِيرُ ﴿١٦٢﴾ هُمْ دَرَجَاتٌ عِندَ اللَّهِ ۗ وَاللَّهُ بَصِيرٌ بِمَا
يَعْمَلُونَ ﴿١٦٣﴾ لَقَدْ مَنَّ اللَّهُ عَلَى الْمُؤْمِنِينَ إِذْ بَعَثَ فِيهِمْ رَسُولًا
مِّنْ أَنفُسِهِمْ يَتْلُوا عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ
وَالْحِكْمَةَ ۚ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ ﴿١٦٤﴾ أَوَلَمَّا
أَصَابَتْكُم مُّصِيبَةٌ قَدْ أَصَبْتُم مِّثْلَيْهَا قُلْتُمْ أَنَّىٰ هَٰذَا ۖ قُلْ
هُوَ مِنْ عِندِ أَنفُسِكُمْ ۗ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٦٥﴾
وَمَا أَصَابَكُمْ يَوْمَ الْتَقَى الْجَمْعَانِ فَبِإِذْنِ اللَّهِ وَلِيَعْلَمَ
الْمُؤْمِنِينَ ﴿١٦٦﴾ وَلِيَعْلَمَ الَّذِينَ نَافَقُوا ۚ وَقِيلَ لَهُمْ تَعَالَوْا قَاتِلُوا
فِي سَبِيلِ اللَّهِ أَوِ ادْفَعُوا ۖ قَالُوا لَوْ نَعْلَمُ قِتَالًا لَّا اتَّبَعْنَاكُمْ ۗ
هُمْ لِلْكُفْرِ يَوْمَئِذٍ أَقْرَبُ مِنْهُمْ لِلْإِيمَانِ ۚ يَقُولُونَ بِأَفْوَاهِهِم
مَّا لَيْسَ فِي قُلُوبِهِمْ ۗ وَاللَّهُ أَعْلَمُ بِمَا يَكْتُمُونَ ﴿١٦٧﴾ الَّذِينَ قَالُوا
لِإِخْوَانِهِمْ وَقَعَدُوا لَوْ أَطَاعُونَا مَا قُتِلُوا ۗ قُلْ فَادْرَءُوا عَنْ
أَنفُسِكُمُ الْمَوْتَ إِن كُنتُمْ صَادِقِينَ ﴿١٦٨﴾ وَلَا تَحْسَبَنَّ الَّذِينَ قُتِلُوا
فِي سَبِيلِ اللَّهِ أَمْوَاتًا ۚ بَلْ أَحْيَاءٌ عِندَ رَبِّهِمْ يُرْزَقُونَ ﴿١٦٩﴾

فَرِحِيْنَ بِمَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ ۙ وَيَسْتَبْشِرُوْنَ بِالَّذِيْنَ لَمْ
يَلْحَقُوْا بِهِمْ مِّنْ خَلْفِهِمْ ۙ اَلَّا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿١٧٠﴾
يَسْتَبْشِرُوْنَ بِنِعْمَةٍ مِّنَ اللّٰهِ وَفَضْلٍ ۙ وَّاَنَّ اللّٰهَ لَا يُضِيْعُ اَجْرَ
الْمُؤْمِنِيْنَ ﴿١٧١﴾

(အိုသက်ဝင်ယုံကြည်သူအပေါင်းတို့) အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ကူညီစောင်မတော်မူပါလျှင် အသင်တို့အပေါ်၌ အောင်မြင်လွှမ်းမိုးမည့်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ ရှိတော့မည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍သာ ထိုအရှင်မြတ်သည် အသင်တို့အား (ကူညီစောင်မတော်မူခြင်းမပြုဘဲ) စွန့်ပစ်ထားတော်မူပါလျှင် ထိုကဲ့သို့ စွန့်ပစ်ထားတော်မူပြီး အသင်တို့အား ကူညီစောင်မမည့်သူသည် အဘယ်သူရှိပါသေးသနည်း။ သို့ဖြစ်ရကား ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသောသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချအားထားရကြရပေမည်တည်း။ (၃း၁၆၀)

ၔင်းပြင် မည်သည့်တမန်တော်တော်တစ်ပါးမျှ ထိမ်ချန်လျှို့ဝှက်ခြင်း (သစ္စာမဲ့ခြင်း) မရှိခဲ့ပြီ။ အမှန်စင်စစ်သော်ကား မည်သူမဆို ထိမ်ချန်လျှို့ဝှက်ခဲ့ပါမူ ထိုသူသည် ရှင်ပြန်ထမည့်နေ့တွင် မိမိထိမ်ချန်လျှို့ဝှက်သောအရာများကို (အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့) ယူဆောင်လာအံ့။ ထို့နောက် မိမိရှာဖွေဆည်းပူးခဲ့သမျှ (သောကုသိုလ်၊ အကုသိုလ်၏အကျိုး)ကို အပြည့်အစုံရရှိကြလတ္တံ့။ ၔင်းပြင် ထိုသူတို့သည် မတရားပြုခြင်းကို အလျဉ်းခံကြရမည် မဟုတ်ချေ။ (၃း၁၆၁)

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်လိုလားမှုကို လိုက်နာပြုလုပ်သောသူသည် အကြင်သူ (ယုတ်)ကဲ့သို့ အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။ ထိုသူ(ယုတ်)သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကို ခံစားခဲ့ရ၏။ ထိုသူ၏ ပြန်လည်ရာဌာနသည် ငရဲဘုံဖြစ်၏။ ထိုငရဲဘုံသည် အလွန်ယုတ်ညံ့ဆိုးရွားလှသော ပြန်လည်ရာဌာနပင် ဖြစ်ပေသည်။ (၃း၁၆၂)

ထိုသူတို့အဖို့ အလ္လာဟ်အရှင်မြတ်ထံတော်၌ အဆင့်အတန်းအမျိုးမျိုးရှိကြကုန်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ် ထိုသူတို့ပြုမူကြကုန်သောကိစ္စအရပ်ရပ်တို့ကို ခွဲခြားသိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၆၃)

အလ္လာဟ်အရှင်သည် "မုအ်မင်နှ်" သက်ဝင်ယုံကြည်သူတို့ထံသို့ ထိုသူတို့၏ အ(မျိုးအစား)ထဲမှပင် အကြင်ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခြင်းအားဖြင့် မုချယင်းသူတို့အပေါ် (မဟာ)ကျေးဇူးတော်ကို ပြုတော်မူခဲ့ချေပြီ။ ထိုရစူလ်တမန်တော်သည် ယင်းသူတို့ရှေ့မှောက်ဝယ် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကိုလည်း ဖတ်ကြားလေသည်။ ၎င်းပြင် ယင်းသူတို့အား (အလ္လာဟ်အရှင်မြတ်၏) ကျမ်းဂန်တော်ကိုလည်းကောင်း၊ အထူးထူးသော ဉာဏ်အမြော်အမြင်ကိုလည်းကောင်း သွန်သင်ပြသသင်ကြားပို့ချလေသည်။ အမှန်စင်စစ် ၎င်းတို့သည် (ထိုရစူလ်တမန်တော်မပွင့်မီ) အလျင်က ထင်ရှားလှစွာသော လမ်းလွဲမှုဌ်ပင် မုချဧကန် ရှိနေခဲ့ကြကုန်၏။ (၃း၁၆၄)

တဖန် (အုဟုဒ်စစ်မြေပြင်ဝယ်) အသင်တို့ဌ် ဒုက္ခသည် ဆိုက်ရောက်ခဲ့လေသည်။ အသင်တို့သည် ယင်းအတိဒုက္ခ၏ နှစ်ဆမျှသော အတိဒုက္ခများကိုမူ (ရန်သူတို့ဌ်) စင်စစ်ဧကန် ဆိုက်ရောက်စေခဲ့ကြပြီးဖြစ်၏။ (သို့အတိဒုက္ခဆိုက်ရောက်သောအခါ) အသင်တို့က ဤ(ဒုက္ခ)သည် (ကျွန်ုပ်တို့ဌ်) အဘယ်မှဆိုက်ရောက်ပါသနည်းဟု (ညဉ်းညူ) ပြောဆိုခဲ့ကြလေသည်။ (အို-နဗီတမန်တော် စင်စစ်) ယင်းဒုက္ခသည် အသင်တို့ထံမှပင် (ဆိုက်ရောက်ခြင်း) ဖြစ်သည်ဟု ပြောကြားပါလေ။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူပေသည်။ (၃း၁၆၅)

၎င်းပြင် (အုဟုဒ်စစ်မြေပြင်ဝယ်) လူနှစ်စုတို့သည် တစ်စုနှင့်တစ်စု ရင်ဆိုင်ကြသောနေ့တွင် အသင်တို့ဌ် ဆိုက်ရောက်ခဲ့သော ဆင်းရဲဒုက္ခသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် (ဆိုက်ရောက်သောဆင်းရဲဒုက္ခပင်) ဖြစ်ပေသည်။ (ယင်းသို့ဆိုက်ရောက်ခြင်းသည်ကား) အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်နှ်" ယုံကြည်သူတို့အား သိရှိတော်မူခြင်းငှာ ဖြစ်ပေသည်။ (၃း၁၆၆)

ထိုနည်းတူစွာ (ယင်းကဲ့သို့ ဆင်းရဲဒုက္ခဆိုက်ရောက်ခြင်းများ) ထိုအရှင်မြတ်သည် မုစ်လင်မ်အယောင်ဆောင်သော သူတို့ကို သိရှိတော်မူခြင်းငှာ ဖြစ်ချေသည်။ စင်စစ် ထို (မုစ်လင်မ်အယောင်ဆောင်သော) သူတို့အား "(ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်ဌ် လာရောက်တိုက်ခိုက်ကြလေကုန်။ သို့တည်းမဟုတ် ခုခံကြလေကုန်"ဟု ပြောဆိုသောအခါ ထိုသူတို့က "အကယ်၍သာ (စနစ်ကျသော) စစ်ပွဲဟု ကျွန်ုပ်တို့ ယူဆခဲ့ပါလျှင် ဧကန်မလွဲ အသင်တို့နှင့်အတူ လိုက်ခဲ့ကြမည်"

ဟု ဖြေဆိုကြကုန်သည်။ ထိုသူတို့သည် (ယင်းကဲ့သို့ဖြေဆိုသော) နေ့တွင် "အီမာန်"ယုံကြည်ခြင်းဘက်ထက် "ကုဖ်ရ်" ငြင်းပယ်ခြင်းဘက်သို့ပို၍ နီးကပ်သူများဖြစ်ခဲ့ကြကုန်၏။ ထိုသူတို့သည် မိမိတို့စိတ်နှလုံး၌မရှိသောအကြောင်းအရာများကို မိမိနှုတ်များဖြင့် ပြောဆိုကြလေသည်။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ထိမ်ချန်လျှို့ဝှက်ကြကုန်သော အကြောင်းအရာများကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူလေသည်။ (၃း၁၆၇)

ထိုသူတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်စဉ်က) ကိုယ်တိုင် (မိမိတို့အိမ်များတွင်) ထိုင်နေခဲ့ပါလျှက် (အုဟုဒ်စစ်မြေပြင်၌ ကျဆုံးခဲ့သော) မိမိတို့၏ ညီသားအစ်ကိုများနှင့် ပတ်သက်ပြီး "အကယ်၍သာ ထိုသူတို့သည် ကျွန်ုပ်တို့ (ပြောစကား)ကို နာယူခဲ့ကြပါမူ (ယင်းကဲ့သို့) သတ်ဖြတ်ခြင်းခံကြရမည်မဟုတ်ပေတကား"ဟု ပြောဆို (ဝေဖန်)ကြကုန်သည်။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား) "သို့ဖြစ်လျှင် အကယ်၍သာ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ခဲ့ကြပါလျှင် မိမိတို့ကိုယ်မှ "မရဏ" သေခြင်းတရားကို ဖယ်ရှားကြပါလေကုန်"ဟု ပြောဆိုဖြေကြားပါလေ။ (၃း၁၆၈)

ၔင်းပြင် (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ (စစ်တိုက်စဉ်) အသတ်ခံရသောသူတို့ကို သူသေများဟူ၍ အလျင်းမထင်မှတ်ပါလေနှင့်။ (ထိုသူတို့ကားသူသေများ) အလျင်းမဟုတ်။ စင်စစ်မှာမူကား ထိုသူများသည် ၔင်းတို့အရှင်မြတ်အထံတော်ဝယ် အသက်ရှင်နေသောသူများပင် ဖြစ်ကြသည့်ပြင် (အလ္လာဟ်အရှင်မြတ်၏) ကျွေးမွေးတော်မူခြင်းကိုလည်း ခံကြရကုန်၏။ (၃း၁၆၉)

ထိုသူတို့သည် ၔင်းတို့အား အလ္လာဟ်အရှင်မြတ်က မိမိစည်းစိမ်ချမ်းသာအကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူသောကြောင့် နှစ်ထောင်းအားရ ရွှင်လန်းလျက်ရှိသည်သာမက မိမိတို့နောက်၌ (ကျန်ရစ်ခဲ့သော) မိမိတို့နှင့် လာရောက်တွေ့ဆုံပူးပေါင်းခြင်းမရှိကြသေးသော သူတို့နှင့်ပတ်သက်၍လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကြကုန်သည်။ အကြောင်းတစ်မူကား ထို(ကျန်ရစ်ခဲ့သော) သူတို့အဖို့မှာလည်း (မိမိတို့ထံ ရောက်ရှိလာကြသော အခါ) မည်သို့မျှ စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း ဝမ်းနည်းပူဆွေးခြင်းသည်လည်းကောင်း မရှိခြင်းကြောင့်ပင်တည်း။ (၃း၁၇၀)

ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ စည်းစိမ်ချမ်းသာအကျိုး ကျေးဇူးများ (ခံစားရသော)ကြောင့်လည်းကောင်း ထိုနည်းတူစွာ (အလ္လာဟ် အရှင်မြတ်၏) ရက်ရောစွာပေးသနားတော်မူခြင်း(ကိုရရှိသော) ကြောင့်လည်း ကောင်း ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်န်" ယုံကြည်သော သူတို့၏အကျိုးကို ဖြုန်းတီးတော်မူသည် မဟုတ်သောကြောင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ (၃း၁၇၁)

ပထမအာယသ်ဖြစ်သော အာယသ်တော် (၁၆၀) တွင် အုဟုဒ်စစ်ပွဲ၌ ဖြစ်ပျက်ခဲ့ရသည်များတို့ကြောင့် ဆွဟာဗဟ်ကြီးတို့သည် ထပ်ခါတလဲလဲ ဖြစ်ပေါ်လာသော ဝမ်းနည်းကြေကွဲမှုကို ခန့်ညားလှသော အကြံပြုချက်များမှတစ်ဆင့် ဖယ်ရှားပစ်ခဲ့သည်။

အာယသ်တော် ၁၆၁-၁၆၄ တို့တွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်၏အဆင့်အတန်းသည် ဆုံးရှုံးမှုများမှ ကင်းဝေးကြောင်း တမန်တော်မြတ်ကြီးသည် ယုံကြည်ကိုးစားထိုက်မှု၏ အမြင့်ဆုံးအဆင့်တွင်ရှိကြောင်း ကမ္ဘာပေါ်တွင် ကိုယ်တော်မြတ်ရှိနေခြင်းသည်ပင်လျှင် ကြီးကျယ်လှသော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ကြောင်းနှင့် ကမ္ဘာသူ ကမ္ဘာသားများအတွက် အကူအညီပေးဖို့ရာဖြစ်ကြောင်း ကြေညာပါသည်။

အာယသ်တော် ၁၆၅-၁၆၇ တို့တွင် အုဟုဒ်စစ်ပွဲ၌ မုစ်လင်မ်များ အဘယ်ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည့်အကြောင်းကို ရှင်းပြထားသည်။ အာယသ်တော် ၁၆၈ တွင် အရေခြုံတို့၏ အမြင်မမှန်ကန်ကြောင်း ငြင်းဆိုထားပါသည်။

အဆုံးပိုင်းဖြစ်သော အာယသ် ၁၆၉-၁၇၁ တွင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသက်စွန့်သွားကြသောသူများသည် အမြဲထာဝရဖြစ်ပြီး စစ်မှန်သော အဆုံးစွန်ဆုံးအောင်မြင်မှုကို ပြည့်ပြည့်ဝဝ ရရှိကြောင်း မိန့်ကြားထားပါသည်။ အသေးစိတ်များကို အောက်တွင် ဖော်ပြထားပါသည်။

အကျယ်ဖွင့်ဆိုခြင်း

مَاكَانَ لِنَبِيٍّ اَنْ يَّغُلَّ မည်သည့်နဗီတမန်တော်တစ်ပါးမျှ ထိမ်ချန်လျှို့ဝှက်ခြင်း (သစ္စာမဲ့ခြင်း) မရှိခဲ့ပြီ။ (၁၆၁) ဤအာယသ် တော်ကျရောက်ခြင်းတွင် သီးခြားနောက်ခံအကြောင်းရင်းတစ်ရပ် ရှိခဲ့ပါသည်။ ဆင့်ပွားဥပဒေအနေနှင့် "ဂွလ်လူ" စစ်အောင်နိုင်သည့် လက်ရပစ္စည်းများ အလွဲသုံးစားပြုမှုဆိုသော ပြဿနာလည်းပေါ်ထွက်လာသည်။

စစ်အောင်နိုင်သည့်အခါ လက်ရပစ္စည်းများအလွဲသုံးစားပြုခြင်း၊ အပြစ်တစ်ခုသည် မည်သို့ပင် တွေးတွေးမည်သည့်တမန်တော်တစ်ပါးပါးအပေါ်၌မှ ယိုးစွပ်၍မရသော အပြစ်ဖြစ်သည်။

အလ်သရ်မိဇီတင်ပြသည့် အာယသ်တော် ၁၆၁ ကျရောက်ရခြင်းအကြောင်းရင်းမှာ ဗဒ်ရိစစ်ပွဲအတွင်း

သိမ်းဆည်းရမိသော စစ်အောင်၍ရသောပစ္စည်းများအနက် ခြုံထည်တစ်ခုပျောက်ဆုံးနေခြင်းပင် ဖြစ်ပါသည်။ အချို့သောသူများက ဤခြုံထည်သည် တမန်တော်မြတ်﴿ﷺ﴾ ယူထားကောင်းယူထားပါလိမ့်မည်ဟု ပြောကြားခဲ့သည်။ အကယ်၍သာ ထိုကဲ့သို့ ပြောကြားသောသူများသည် အရေခြုံများဖြစ်နေခဲ့ကြပါလျှင် သတင်းစတင်ထွက်ပေါ်လာသည့်အရပ်ကပင် အဖြေပေးပြီး ဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်သည်မှာ တမန်တော်မြတ်﴿ﷺ﴾ သည် ထိုကဲ့သို့ လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်မှတ်သည့် အသိဉာဏ်နည်းသော မုစ်လင်မ်များထံမှလည်း ထွက်ပေါ်လာနိုင်သည်။ ထိုအချိန်တွင် ဤအာယသ်တော်ကျရောက်လာပြီး မိန့်ကြားသည်မှာ "ဂွလ်လူ"သည် ကိယာမသ်နေ့၌ ပြင်းပြင်းထန်ထန်ဒဏ်ခတ်ခြင်းခံရမည့် ကြီးမားသော ပြစ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ၎င်းပြင် ဤကဲ့သို့သောပြစ်မှုမျိုးကို တမန်တော်တစ်ပါးပါးနှင့် ပတ်သက်သည်ဟု တွေးတောခြင်းသည်ပင်လျှင် အကျည်းတန်လှသော စော်ကားမှုတစ်ရပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည် အပြစ်အားလုံးမှ ကင်းစင်သည့် **معصوم** "မအ်ဆွမ်" များ ဖြစ်ကြသည်။

غلول "ဂွလ်လူ" ဆိုသောစကားလုံးသည် "ခေယာနသ်"၏ အကြွင်းမဲ့အဓိပ္ပာယ်အဖြစ် အသုံးပြုပါသည်။ éNayK "ခေယာနသ်" ဆိုသည်မှာ ယုံကြည်မှုကိုချိုးဖောက်ခြင်း (အလွဲသုံးစားလုပ်ခြင်း၊ တိတ်တခိုးယူခြင်းနှင့် ခိုးယူခြင်း) တို့ကို ဆိုလိုပါသည်။ ဤ "ဂွလ်လူ" ကို စစ်အောင်နိုင်ပစ္စည်းများကို အလွဲသုံးစားပြုခြင်းအတွက်လည်း သီးသန့်သုံးစွဲ ထားသည်။ စစ်အောင်နိုင်ပစ္စည်းတို့သည် ရပိုင်ခွင့်တစ်ခုအနေဖြင့် မုစ်လင်မ်စစ်တပ်တစ်ခုလုံးက ပိုင်ဆိုင်သောကြောင့် သာမန်ခိုးဝှက်ခြင်းတို့ထက် စစ်အောင်နိုင်ပစ္စည်းများ ခိုးဝှက်ခြင်းပြစ်မှုသည် ပိုမိုကြီးလေးသောအပြစ် ဖြစ်လေသည်။ ထို့ကြောင့် ထိုပစ္စည်းများကို ခိုးယူခြင်းသည် လူပေါင်းရာထောင်တို့ထံမှ ခိုးယူခြင်းပင်ဖြစ်သည်။ နောက်ပိုင်းတွင် ပြုပြင်မှုများ ပြုလုပ်မည်ဟူသော အတွေးပေါ်ပေါက်ခဲ့လျှင်သော်မှ လူတိုင်းလူတိုင်းအား ၎င်းတို့ရပိုင်ခွင့်များကို ပြန်လည်ပေးအပ်ရန်နှင့် ဤပြစ်မှုအတွက် ၎င်းတို့ထံ ခွင့်လွှတ်မှုတောင်းခံရန် သည်လည်း အလွန်ခက်ခဲပါသည်။ ဤသည်နှင့် ဆန့်ကျင်သည်မှာ အခြားသောခိုးမှုများတွင် ပစ္စည်းပိုင်ဆိုင်သူအား သိရှိနိုင်သည်။ ဤကဲ့သို့သော ကိစ္စရပ်များတွင် အကယ်၍သာ အလွှာဟ်အရှင်မြတ်က လုပ်နိုင်စွမ်းအားပေးသနားထားတော်မူခဲ့ပါလျှင် ခိုးယူသူအား နောင်တရစေရန် အခွင့်အလမ်းရှိပါသည်။ သူသည်ခိုးယူခဲ့သည်များကို ပိုင်ရှင်အားပြန်လည်ပေးအပ်နိုင်ပါသည်။ သို့မဟုတ်လျှင် အနည်းဆုံးသူသည် အပြစ်မရစေရန် ပိုင်ရှင်ထံမှ ခွင့်လွှတ်မှုတောင်းခံနိုင်ပါသည်။ ဤကိစ္စကို မုစ်လင်မ်များ ဆင်နွှဲခဲ့သော စစ်ပွဲများအနက် တစ်ခုတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ပုံဆောင်ပြထားသည်။ တစ်စုံတစ်ဦးသည် စစ်အောင်နိုင်ပစ္စည်းများအနက်မှ သိုးမွေးအချို့တို့ကို လျှို့ဝှက်စွာ ထိမ်ချန်ထားခဲ့သည်။ စစ်အောင်နိုင်ပစ္စည်းများ ခွဲဝေပေးပြီးသည်နောက် သူသည် စဉ်းစားဆင်ခြင်ပြီး ပြန်ပေး ရန်ဟူသော ရည်ရွယ်ချက်ဖြင့် တမန်တော်မြတ်﴿ﷺ﴾ ရှေ့မှောက်သို့ ယူဆောင်ခဲ့ပါသည်။ "စကြဝဠာများ၏ အကြင်နာရှင်" ဖြစ်ပြီး မိဘများက မိမိ၏သားသမီးများအပေါ် ရက်ရောသည်ထက် မိမိအုမ္မသ်အပေါ် ရက်ရောတော်မူသော တမန်တော်မြတ်﴿ﷺ﴾ သခင်က သိုးမွေးကို ထိုသူထံ ပြန်ပေးအပ်ပြီး မိန့်ကြားသည်။ ယခုအချိန်တွင် ငါသည်စစ်တပ်တစ်တပ်လုံးကို ဤပစ္စည်းမည်ကဲ့သို့ ဝေရပါမည်နည်း။ အသင်သည်သာလျှင် ကိယာမသ်နေ့၌ ဤပစ္စည်းနှင့်အတူ အလွှာဟ်ရှေ့မှောက်ဝင်ရမည့်သူ ဖြစ်ပေသည်။

ထို့ကြောင့် **غلول** "ဂွလ်လူ" သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်သည် ခိုးမှုများနှင့် နှိုင်းယှဉ်ပါက ပိုမိုပြင်းထန်သည်။ အလွဲသုံးစားမှုပြုလုပ်သူသည် ပြန်လည်ရှင်ပြန်ထရခြင်းနှင့် ပြစ်ဒဏ်ခံရခြင်း

လွင်ပြင် တွင်ရှိသော အဖန်ဆင်းခံများအားလုံး၏ရှေ့တွင် ၎င်းခိုးယူထားသည်များကို လည်ပင်းခွိတ်ဆွဲကာ အရှက်ရစေ သော အပြစ်ဒဏ်ထက် မည်သည့်အပြစ်ဒဏ်က ပိုပြင်းထန်ပါမည်နည်း။ ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် စိုက်ယိ ဒိနာ အဗူဟုရိုင်ရဟ်၏ ဆင့်ပြန်ချက်တစ်ခုကို တင်ပြထားသည်။ တမန်တော်မြတ်ﷺ က မိန့်ကြားသည်မှာ "သတိထားကြလော့၊ သို့မဟုတ်ပါက ကျွန်ုပ်သည် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်၏ လည်ဂုတ်ပေါ်တွင် ကုလားအုပ်တစ်ကောင် တင်ထားသည်ကို တွေ့ရပါလိမ့်မည်။ (၎င်းပြင် ဤသူသည် စစ်အောင်နိုင်လက်ရပစ္စည်း များထဲမှ ကုလားအုပ်တစ်ကောင် ခိုးယူခဲ့သူဟူ၍လည်း ကြေညာခြင်းခံရပါလိမ့်မည်) အကယ်၍သာ ဤသူက သူ၏ကိုယ်စား အလွာဟ်အရှင်မြတ်ထံတော်၌ အသနားခံပေးရန် ပြောကြားလာပါလျှင် ကျွန်ုပ်က ရှင်းလင်းစွာ ပြောမည်မှာ "ကျွန်ုပ်သည် အလွာဟ်အရှင်မြတ်ထံတော်မှ အလွာဟ်အရှင်မြတ် မိန့်မှာချက်များကို အသင့်ထံသို့ သယ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ ယခုကျွန်ုပ်အသင်အတွက် မည်သည်မျှ ပြုလုပ်မပေးနိုင်ပါ"ဟူ၍ ဖြစ်သည်။

အလွာဟ်အရှင် ကျွန်တော်မျိုးတို့အား ပြန်လည်ရှင်ပြန်ထရမည့်နေ့ ဤကဲ့သို့သော အရှက်ရစေမှုမျိုးမှ အကာအကွယ် ပေးတော်မူပါ။ အချို့သောဆင့်ပြန်ချက်များအရဆိုလျှင် ဤကဲ့သို့သော အပြစ်ဒဏ်သည် မည်မျှ အခံရခက်ပါသနည်းဟူမူ ပြစ်ဒဏ်ခတ်ခြင်းခံရသူတို့သည် ဤဆိုးဝါးလှသော အရှက်ရစေမှုအစား "ဂျဟန္နမ်" ငရဲမီးသို့ ပို့ဆောင်ခြင်းပင် ဆန္ဒပြုကြလိမ့်မည်။

ဝကဖ်ပစ္စည်းများနှင့် အစိုးရဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်ခြင်းသည် "ဂွလ်လူး" غلول တွင် အကျုံးဝင်သည်။

ဤဥပဒေသည် ပလီဝတ်ကျောင်းတော်များ၊ ဘာသာရေးဆိုင်ရာကျောင်းများ၊ တက္ကသိုလ်များ၊ "ခန်ကာ" နှင့် "ဝကားဖ်" မတည်လှူဒါန်းငွေများနှင့် သက်ဆိုင်ပါသည်။ ယင်းတို့သည် သန်းပေါင်းများစွာသော မုစ်လင်မ်တို့ ထည့်ဝင်လှူဒါန်းထားသောကြောင့် ဖြစ်သည်။ အကယ်၍ ကံမကောင်း အကြောင်းမလှသော အလွဲသုံးစားပြုသူသည် သူ၏မကောင်းမှု လုပ်ရပ်အတွက် ခွင့်လွှတ်မှုတောင်းခံမည်ဆိုလျှင် သန်းပေါင်းမြောက်များစွာသော လူများတစ်ဦးချင်းစီသို့ မည်ကဲ့သို့ သွားရောက်နိုင်ပါမည်နည်း။ ထိုဥပဒေသည် ပြည်သူများနှင့်ဆိုင်သော (သို့) အစိုးရဘဏ္ဍာတိုက်များ (ဗိုက်သုလ်မားလ်) တို့အတွက်လည်း အတည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်တစ်ပြည်၏ ပြည်သူအများတို့သည် ထိုအရာများအပေါ်၌ ရပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ထိုအရာများထဲမှ ခိုးယူလာခဲ့လျှင် လူတိုင်းလူတိုင်းထံမှ ခိုးယူသည်မည်၏။ သို့ရာတွင် ဤပြဿနာမှာ ဤငွေရင်းကို ပိုင်ဆိုင်သူမည်သူတစ်ဦးတစ်ယောက်ကမျှ ကြည့်ရှုစောင့်ကြပ်ခြင်းမရှိပေ။ တာဝန်ယူလုပ်ဆောင်သူများသည် ပေါ့လျော့မှု ဖြစ်လာကြသည်။ ဖိတ်စင်မှုမျှားပြားသော ဌာနများ ပေါများလာသည်။ ထိုကဲ့သို့သော ငွေကြေး များနှင့် ပိုင်ဆိုင်မှုများတို့တွင် ခိုးမှုများနှင့် အလွဲသုံးစားပြုလုပ်မှုများသည် ကမ္ဘာပေါ်ရှိ လူများစွာတို့တွင် ကူးစက် ပြန့်ပွားလာသည်။ ယင်းသူတို့သည် အဆုံးသတ်မကောင်းခြင်းက ၎င်းတို့ကို စောင့်နေသည်ကိုလည်း ဂရုမပြုကြပါ။ ဤပြစ်မှုကြောင့် ငရဲတွင် ပြစ်ဒဏ်ပေးခြင်းခံရမည်မှာ မလွဲမရှောင်သာ မဆိုထားဘိ၊ ပြန်လည် ရှင်ပြန်ထခြင်း လွင်ပြင်ဆီသို့ ဤခိုးယူထားသော ပစ္စည်းများနှင့် သွားရောက်ခြင်းသည် အလွန်ဆိုးဝါးလှသော

ဝန်ထုပ်ဝန်ပိုး ကြီးဖြစ်ကြောင်းကိုလည်း သူတို့သတိမမူမိကြပေ။ အဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကြီး ဂတိပြုထား သော အသနားခံပေးမှုသည် ထိုသူများအတွက် ဝမ်းနည်းဖွယ်ရာ လက်မဲ့ဖြစ်သွားပါသည်။ ကျွန်ုပ်တို့အားလုံး ထိုကဲ့သို့သော ကြမ္မာဆိုးမှ လွင်းကင်းစေရန် ခိုလှုံမှုကို ရှာဖွေကြပါစို့။

အစွလာမ်တမန်တော် လူသားထုအတွက် ကြီးမားသော ကောင်းချီးမင်္ဂလာတစ်ရပ်

အာယသ်(၁၆၄)က မုစ်လင်များထံသို့ တမန်တော်မြတ်ﷺ အား စေလွှတ်တော်မူခြင်းအားဖြင့် ၎င်းတို့ကို အလ္လာဟ် အရှင်မြတ်၏ ကြီးမားသော မဟာကရုဏာပြသမှုပင် ဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ တမန်တော်မြတ်ကြီးအား အပ်နှင်းခဲ့သော အခြေခံတာဝန်ဝတ္တရားများကိုလည်း ဤအာယသ်တော်၌ ဖော်ပြထားသည်။ ဤတာဝန်ဝတ္တရားသည် ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်အလ်ဘကရဟ်တွင်ပါဝင်သော စိုက်ယိဒိနာ အိဗ်ရာဟီးမ်﴿عليه السلام﴾ ၏ ဒုအာ ဆုမွန်တွင်ပါဝင်သော တမန်တော်မြတ်ကြီးအား အပ်နှင်းသည့် တာဝန်ဝတ္တရားများနှင့်အတူတူပင်ဖြစ်သည်။ ဤတာဝန်ဝတ္တရားများတို့၏ အသေးစိတ်များကို ဤစာအုပ် (အတွဲ-၁) အာယသ် အမှတ်(၂း၁၂၉)တွင် ဆွေးနွေးပြီးဖြစ်ပါသည်။

လက်ရှိအာယသ်တော်ပါ အဆိုအမိန့်ဖြစ်သော "အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်န်" ယုံကြည်သူ အပေါင်းတို့အပေါ်ဝယ် ကျေးဇူးပြုတော်မူခဲ့ချေပြီ"ဟူသည်သာ အသစ်အဆန်းဖြစ်နေသည်။ ဤအဆိုအမိန့်နှင့် ပတ်သက်သော အချက်နှစ်ချက်ကို ဤနေရာ၌ ဖော်ပြအပ်ပါသည်။

(၁) ဤအာယသ်တော်ပါ "မုအ်မင်န်" ယုံကြည်သူများဆိုသည်က တမန်တော်မြတ်ﷺ ပွင့်တော်မူခြင်းသည် မုစ်လင်မ်များအပေါ်သာ ကျေးဇူးတစ်ရပ်အဖြစ် အပ်နှင်းခြင်းဟု ဆိုလိုဟန်ရှိသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် မိန့်ကြားထားသည်မှာ **رَحْمَةً لِّلْعَالَمِيْنَ** "ကမ္ဘာလုံသိမ်းတို့အဖို့ ကရုဏာတော်" (၂၁း၁၀၇)ဟု ပါရှိလေရာ မုစ်လင်မ်များသာမက မုစ်လင်မ်မဟုတ်သူများပါ အကျုံးဝင်သွားစေပါသည်။ ဤဝိရောဓိ ဖြစ်ဟန်ရှိသည်ကို ဖြေရှင်းရန်အတွက်ဆိုလျှင် ဤအာယသ်တော်ပါ "မုအ်မင် ယုံကြည်သူများ"ဟု သီးခြားအထူးပြုထားမှုသည် **هُدًى لِّلْمُتَّقِيْنَ** "သူတော်စင်များအဖို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသော တရားစာမွှသည်" အရ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူများအတွက် လမ်းညွှန်မှုဖြစ်သကဲ့သို့ အခြားအာယသ်တော်များတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် လူ့လောက တစ်ခုလုံးအတွက် လမ်းညွှန်မှုဖြစ်သည်ဟု ပြောဆိုခြင်းနှင့် အလွန်တူသည်ဟု နားလည်ရပေမည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ စကြဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သည့်အနေအထားကို အခြားနေရာတော်တော်များများတွင် "အလ္လာဟ် အရှင်မြတ်အားကြောက်ရွံ့သူ"အတွက် သီးခြားပြုထားသည်။

ဤနှစ်နေရာစလုံးတွင် တူညီသော အကြောင်းပြချက်များရှိပါသည်။ ယင်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် လူသားထုတစ်ရပ်လုံးအတွက် လမ်းညွှန်ကျမ်းတစ်စောင်ဖြစ်သကဲ့သို့ အကျိုးအတိုပြီးသည့် တမန်တော်မြတ်ﷺ ပွင့်ခြင်းသည်လည်း မုစ်လင်မ်များနှင့် မုစ်လင်မ်မဟုတ်သူများအတွက်ပါ ကြီးမားသော ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတော်တစ်ရပ်ပင် ဖြစ်ပါသည်။ သို့ရာတွင် ဤကိစ္စနှစ်ရပ်မှ

အကျိုးကျေးဇူးပြည့်ပြည့်ဝဝ ရရှိမည့်သူများမှာ စစ်မှန်သော မုစ်လင်မ်များနှင့် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သောသူများသာ ဖြစ်ကြသည်။ ထို့ကြောင့် အချို့သောနေရာများ၌ ကောင်းချီးမင်္ဂလာနှင့် လမ်းညွှန်မှုသည် ၎င်းတို့အတွက် သီးခြားပြုထားပါသည်။

(၂) ဤအာယသ်တော်ပါ မူလအဆိုအမိန့်က ကြေညာသော တမန်တော်မြတ်﴿ﷺ﴾ သည် လူသားထုအားလုံးအတွက်လည်းကောင်း၊ မုအ်မင်နသက်ဝင်ယုံကြည်သူများအတွက်လည်းကောင်း အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတော်ဖြစ်သည်ကို ရှင်းလင်းရာတွင် အကယ်၍သာ ခေတ်သစ်လူသားသည် လူဘဝ၏နာမ်ပိုင်းဆိုင်ရာနှင့် တခြိန်တည်းမှာ ကောင်းသည်ဟူသမျှတို့ကို လောကီအကျိုးစီးပွားသက်သက်အတွက် စွန့်လွှတ်ခြင်းတို့ကို သတိ မူမိခဲ့ပါလျှင် ဤအဆိုအမိန့်ကို မည်သည့်ရှင်းလင်းချက်မျှ ပေးရန်မလိုဟု ပြောနိုင်ပါသည်။ ဤကဲ့သို့သာ သတိ မူမိခဲ့ပါလျှင် ဆင်ခြင်တုံတရားရှိသော လူတိုင်းသည် ကောင်းချီးမင်္ဂလာ၏စစ်မှန်ကြောင်းကို မည်သူမျှ ၎င်းတို့အား ပြောပြခြင်းမရှိဘဲ ကိုယ်တိုင်သိရှိပါလိမ့်မည်။ သို့ရာတွင် ပြဿနာမှာ ခေတ်သစ်လူသားသည် ကမ္ဘာပေါ်ရှိ သတ္တဝါများအနက် အပါးနပ်ဆုံးသော သတ္တဝါထက်မပိုသော သတ္တဝါဖြစ်သွားပါသည်။ သူကို့ “ကျေးဇူးတော်”နှင့် “ကောင်းချီးမင်္ဂလာ” အကြောင်း ပြောပြခဲ့လျှင် သူသည် တမဟုတ်ခြင်း သူဝမ်းဗိုက်အား မည်သည်တို့နှင့် ပြည့်သည်ကို စတင်မြင်ရောင်လာပြီး သူ၏ဆန္ဒများသည်လည်း နိုးကြွလာသည်။ သူလူဖြစ်လာရခြင်း၏ အခြေခံအစစ် အမှန်ဖြစ်သော “ရူးဟ်” ဝိညာဉ်အကြောင်းကို လုံးဝမစဉ်းစားတော့ချေ။ ထိုဝိညာဉ်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ အကောင်းဖြစ်ခြင်းနှင့် မကောင်းဖြစ်ခြင်းဆိုသည့် သောကများကို သူလုံးဝမစဉ်းစားမဆင်ခြင်ပေ။ ထို့ကြောင့် လူသားသည် အရှုံးများ၊ အသားများဖြင့်သာ ပြုလုပ်ထားခြင်းမဟုတ်ကြောင်းကို ရှင်းလင်းပြရန် လိုအပ်လာပါသည်။ ထိုအရာများသည် လူဖြစ်ခြင်း၏ အစစ်အမှန်မဟုတ်ကြောင်း သေချာသည့် လူဖြစ်ခြင်း၏ အစစ်အမှန်သည် သူ့ကိုယ်ထဲတွင်ရှိသော “ရူးဟ်” ဝိညာဉ်ပင်ဖြစ်ပါသည်။ သူကိုယ်ထဲ၌ “ရူးဟ်” ရှိနေသမျှလူသည် လူဖြစ်ပါသည်။ သူလူသားဖြစ်ကြောင်း အခိုင်အမာပြောဆိုမှုသည် သက်သေခံပြီး ဖြစ်ပါသည်။ သူသည် အားအင်ချိနဲ့ကောင်းချိနဲ့ နေပါစေ၊ သေလုမျောပါး ဖြစ်နေကောင်း ဖြစ်နေ ပါစေ၊ မည်သူမျှသူ၏ ဥစ္စာပစ္စည်းများကို အလွဲသုံးစား မပြုနိုင်ပါ။ (သို့မဟုတ်) သူ၏ရပိုင်ခွင့်များကိုလည်း သူ့ထံမှ ယူမသွားနိုင်ပါ။ သို့ရာတွင် သူမည်မျှပင် သန်မာပါစေ။ သူမည်မျှပင် ကြွံခိုင်ပါစေ၊ သူ့ခန္ဓာကိုယ်မှ “ရူးဟ်” ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက်တည်း သူလူမဟုတ်တော့ချေ။ ယခင်အခြေအနေမှ ရပ်ဆိုင်းသွားခြင်းက ယခုအချိန်တွင် သူသည် သူ၏ကိုယ်ပိုင်ပစ္စည်းဥစ္စာများနှင့် ပိုင်ဆိုင်ခြင်းများအပေါ်၌ သူ့ရပိုင်ခွင့် မရှိတော့ပါ။

နဗီတမန်တော်များ ဤကမ္ဘာလောကတွင် ပွင့်ခြင်းမှာ လူသား၏စိတ်ကို မှန်ကန်စွာ သွန်သင်ဆုံးမပဲ့ပြင်ရန်နှင့် လူသားများအနက်မှ လူဖြစ်စေရန်ဖြစ်သည်။ သို့မှသာ ထိုလူသားများသည် တောရိုင်းတိရိစ္ဆာန်နှင့် မြွေကင်းများကဲ့သို့ ကမ္ဘာပေါ်ရှိ လူအများကို ထိခိုက်နာကျင်မှု မပြုလုပ်ဘဲ သူတို့ကိုယ်ခန္ဓာမှ လူသားထုအတွက် အကျိုးပြုလုပ်ရပ်များ ပေါ်ထွက်လာမည်။ ထို့ပြင် ၎င်းသူတို့သည် မိမိတို့၏ ဘဝနိဂုံးအကြောင်းကို စဉ်းစားဆင်ခြင်ကာ တမလွန်တွင်ရှိသော အမြဲတည်ရှိမည့်ဘဝအတွက် စတင်လုပ်ဆောင်သင့်သည်။ တမန်တော်အများစုကို ရှေ့ဆောင်လမ်းပြခဲ့သော ကျွန်ုပ်တို့၏ တမန်တော်ကြီး﴿ﷺ﴾ သည် လူသားများအနက် စစ်မှန်သော လူသားများဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ရာတွင် ပြိုင်ဘက်ကင်းသည့် ထူးကဲကြီးမြတ်သူဖြစ်သည်။ ဤပြုပြင်မှုလုပ်ငန်းကို တမန်တော်မြတ်ကြီး မက္ကာတွင်နေထိုင်စဉ်ကတည်းက လုပ်ဆောင်ခဲ့သည်။

တမန်တော်မြတ်ကြီး ပြုပြင်ပြောင်းလဲခဲ့သော လူ့အဖွဲ့အစည်းသည် ကောင်းကင်စေတမန်များထက်ပင် သာလွန်ပါသည်။ ကမ္ဘာပေါ်တွင်သော်လည်းကောင်း၊ စကြဝဠာများတွင်သော်လည်းကောင်း ထိုကဲ့သို့သော သူများကို မတွေ့နိုင်ပါ။ ထိုသူတို့အနက်မှ တစ်ဦးစီသည် တမန်တော်မြတ်ﷺ ၏ သက်ရှိ မုဒ်ဂျိဇ်ဟ်သဖွယ် ဖြစ်သည်။ ဆွဟာဗဟ်ကြီးများအပေါ် ကောင်းချီးမင်္ဂလာ ကျရောက်ပါစေ။ ထိုသူများမရှိသည့်နောက် မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။ အဖြေမှာ တမန်တော်မြတ်ကြီးနှင့် ဆွဟာဗဟ်ကြီးများတို့ သည် လုပ်ဆောင်ရန်နှင့် တိုးတက်ကောင်းမွန်ရန်အတွက် သင်ကြားမှုများ၊ နည်းလမ်းများနှင့် လမ်းစဉ်များ ချန်ထားခဲ့ပါသည်။ ယင်းတို့ကို လိုက်နာဆောင်ရွက်နိုင်သည်။ ထိုလမ်းစဉ်အတိုင်း ဖြူစင်ရိုးသားစွာဖြင့် လုပ်ဆောင်သူများတို့သည် ဆွဟာဗဟ်ကြီးများ ရောက်ရှိခဲ့သည့် အဆင့်အတန်းသို့ ရောက်ရှိနိုင်သေးသည်။ လူသားထု အားလုံးအကျိုးဖြစ်ထွန်းစေရန်အတွက် ဤသင်ကြားမှုအားလုံးရှိနေရခြင်းဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ ကြီးသည် ဤကမ္ဘာကြီးအတွက် ကရုဏာတော်ဖြစ်ခဲ့ခြင်း၊ ရက်ရောမှုများနှင့် မွေးဖွားသန့်စင်ခဲ့ခြင်းသည် စကြဝဠာရှိ လူသားအားလုံးအပေါ် ကြီးမားသော အကျိုးကျေးဇူးပြုမှုတစ်ရပ်အဖြစ် ပြသမှုဖြစ်သော်လည်း စစ်မှန်သော မုစ်လင်မ်များသာလျှင် ဤကောင်းချီးများကို အပြည့်အဝရရှိပါလိမ့်မည်။

အုဟုဒ်စစ်ပွဲတွင် မုစ်လင်မ်များ ကြုံတွေ့ခဲ့ရသော အခက်အခဲများနောက်ကွယ်မှ အသိဉာဏ်

အာယသ်တော် ၁၆၅ ၏အကြောင်းအရာဖြစ်သော وَلَمَّآ اَصَابَتْكُمْ တစ်ဖန် (အုဟုဒ်စစ်မြေပြင်ဝယ်) အသင်တို့၌ အတိဒုက္ခရောက်ခဲ့လေသည်။ အသင်တို့သည် ယင်းဒုက္ခ၏ နှစ်ဆမျှသော အတိဒုက္ခများကိုမူ (ရန်သူတို့၌) စင်စစ်ကောန် ဆိုက်ရောက်စေခဲ့ကြပြီး ဖြစ်၏။” ဤအာယသ်တော်၌ ဖော်ပြခြင်းမှာ အလေးအနက်ပြုရန်နှင့် ထပ်မံရှင်းလင်းရန်အတွက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအဖြစ်အပျက်၏ ရလဒ်ကြောင့် မုစ်လင်မ်များ မည်မျှစိတ်အနှောက်အယှက်ဖြစ်သွားသနည်းဟူမူ ဂျိဟာဒ်စစ်ပွဲအတွင်း တမန်တော်မြတ်ﷺ နှင့်အတူရှိနေပါလျက် သူတို့အဘယ်ကြောင့် ထိုနည်းအတိုင်း اَنّٰى هٰذَا ခံစားခဲ့ရပါသနည်းဟု သူတို့မတွေးတောဘဲ မနေနိုင်အောင် ဖြစ်နေကြတော့သည်။

ဤအာယသ်တော်ထဲတွင် မုစ်လင်မ်များအား သတိပေးထားသည်မှာ ထိုနေ့က ၎င်းတို့ရင်ဆိုင်ခဲ့သော အခက်အခဲသည် အစောပိုင်းကဖြစ်ပွားခဲ့သော ဗဒ်ရ်စစ်ပွဲတွင်တွေ့ခဲ့သော အခက်အခဲ၏တစ်ဝက်မျှသာ ဖြစ်သည်။ အုဟုဒ်စစ်ပွဲတွင် မုစ်လင်မ်ခုနစ်ဆယ် သာသနာ့သူရဲကောင်းအဖြစ် ကျဆုံးခဲ့သော်လည်း ဗဒ်ရ်စစ်ပွဲတွင်မူ မယုံကြည်သွေဖည်ခုနစ်ဆယ်တို့အား သတ်ဖြတ်နိုင်ခဲ့ပြီး အခြားသော ခုနစ်ဆယ်ကိုမူ စစ်သုံ့ပန်းများအဖြစ် မုစ်လင်မ်တို့က ဖမ်းဆီးနိုင်ခဲ့သည်။ ဤသတိပေးချက်၏ နောက်ကွယ်၌ရှိသော ရည်ရွယ်ချက်မှာ ရန်သူများလက်ဝယ် မုစ်လင်မ်များခံစားခဲ့ရခြင်းတို့သည် ၎င်းတို့က ရန်သူများကို နှစ်ဆမျှ အန္တရာယ်ဖြစ်စေကာ စစ်ပွဲတစ်ပွဲနိုင်ခဲ့သည်ဆိုသည့်အချက်ကြောင့် ယခုလက်ရှိ သူတို့စိတ်ဓာတ်ကျနေခြင်းကို လေးလေးနက်နက် စဉ်းစားသင့်သည်ဟူ၍ဖြစ်သည်။ ထိုကဲ့သို့အောင်နိုင်ခဲ့သောသူတစ်ဦးသည် တစ်ကြိမ်တစ်ခါ အရှုံးနှင့် ကြုံတွေ့ရလျှင် ဝမ်းနည်းခြင်းနှင့် ပူဆွေးသောကရောက်ခြင်းတို့ကို အရှုံးပေးရန် မလိုပါ။

ဒုတိယမှာ ဤအာယသ်တော်၏ အဆုံးတွင်လာရှိသော **قُلْ هُوَ مِنْ عِنْدِ اَنْفُسِكُمْ** "ယင်းဒုက္ခသည် အသင်တို့ထံမှပင် ဖြစ်သည်"ဟူသော အဆိုအမိန့်၏ ရည်ရွယ်ချက်သည် သူတို့ရင်ဆိုင်ခဲ့ရသော အခက်အခဲသည် ရန်သူများက အင်အားတောင့်တင်းခြင်းကြောင့်သော်လည်းကောင်း၊ စစ်သည်တော်များ အင်အားတောင့်တင်း များပြားခြင်းတို့ ကြောင့်သော်လည်းကောင်းမဟုတ်ဘဲ ၎င်းတို့၏ ချို့ယွင်းချက်ကြောင့် ဖြစ်ရသည်ဟူ၍ဖြစ်သည်။ ယင်းချို့ယွင်း ချက်မှာ တမန်တော်မြတ်ﷺ၏အမိန့်ကို မနာခံခြင်းပင်ဖြစ်သည်း

နောက်ဆက်တိုက်လာသော အာယသ်တော် ၁၆၆ တွင်ပါသော **فَبِاِذْنِ اللهِ** "ဖဗိအိဇ်နလ္လာဟ်"ဟူသော စကားလုံးတို့က ဖြစ်ပျက်သမျှအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်နှင့် ခွင့်ပြုချက်တို့ကြောင့် သာလျှင်ဖြစ်သည်ဟု ရည်ညွှန်းပါသည်။ ယင်းအဖြစ်အပျက်တို့၏ နောက်ကွယ်အလ္လာဟ်အရှင်မြတ် အသိဉာဏ် အတိုပြီးသော စီမံမှုများရှိပါသည်။ ယင်းတို့ကို အစောပိုင်းတွင် ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့သော စီမံမှုတစ်ရပ်မှာ "အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်အား စစ်မှန်စွာ ယုံကြည်သူများနှင့် အရေခြုံတို့ကို ခွဲခြား သိမြင်စေတော်မူပါသည်" ဆိုလိုသည်မှာ မုစ်လင်မ်များတို့၏ ရိုးသားမှုနှင့် အရေခြုံတို့၏ အရေခြုံမူတို့ကို လူတိုင်း ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ဖြစ်စေကာရှင်းလင်းပြတ်သားသွားစေပါသည်။ အလ္လာဟ်အရှင်မြတ်၏ သိတော်မူခြင်း (သို့) မြင်တော်မူခြင်းဆိုသည့် ရည်ညွှန်းချက်၏ ဆိုလိုရင်းမှာ ဤလောကကမ္ဘာတွင် ကျွန်ုပ်တို့ ကိုယ်တိုင် အာရုံခံစားမှုအရ ကျွန်ုပ်တို့မြင်သည်ဟူ၍ပင် ဖြစ်သည်။ သို့မဟုတ် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက် လာလျှင် အချိန်တိုင်း၌ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို သိတော်မူသည်၊ မြင်တော်မူသည်။ ထို့ကြောင့် ဤအသိဉာဏ်အတိုပြီးသော စီမံမှုသည် စမ်းသပ်မှုပြုသည့်အချိန်တွင် ပိုမို၍ ထင်ရှားလာပါသည်။ အရေခြုံများတို့ သည် အန္တရာယ်များသော လမ်းကြောင်းမှ ဖယ်ခွာသွားသော်လည်း မုစ်လင်မ်များမှာမူ ရှေ့တန်းစစ်မျက်နှာ အလယ်တွင် မဆုတ်မနစ် ကြံ့ကြံ့ခိုင်နေခဲ့ကြသည်။ အလျဉ်းသင့်၍ ဤနေရာတွင် နှစ်သိမ့်မှု၏ အခြားသော အကြောင်းရင်းခံတစ်ခုကို ဖော်ပြထားသည်။ ယင်းမှာ စစ်မြေပြင်တွင် သူရဲကောင်းအဖြစ် ကျဆုံးသွားသော မုစ်လင်မ်များကို အခြားသောသူများ မနာလိုဝန်တို ဖြစ်လောက်အောင်ပင် အလ္လာဟ်အရှင်မြတ်က အပ်နှင်းသည့် ဆုလာဘ်များ အကြောင်းပင်ဖြစ်သည်။ ထို့ကြောင့် နောက်ထပ်ဖော်ပြမည့် အာယသ်တော် (၁၆၉) **وَلَا تَحْسَبَنَّ الَّذِيْنَ قُتِلُوْا فِىْ سَبِيْلِ اللهِ** ထဲတွင် သူရဲကောင်းများ တို့အတွက် ထူးခြားသောကောင်းချီးမင်္ဂလာများကို လျော်ကန်သင့်မြတ်စွာ ဖော်ပြထားသည်။

အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ၎င်းတို့ဘဝကို စွန့်လွှတ်သူများ၏ အထူးကောင်းချီးမင်္ဂလာနှင့် အဆင့်အတန်းများ

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤမိန့်ကြားချက်ကို ထပ်ဆောင်းကာ သာသနာ့အာဇာနည်တို့၏ အထူး ကောင်းချီးမင်္ဂလာ ချီးမြှင့်ခံရမည့် အကြောင်းကို ခိုင်လုံသော ဟဒီးဆ်တော်များစွာဖြင့် ဖော်ပြထားသည်။ အီမာမ်အလ်ကုရ်တုဗီ၏ အဆိုအရ ရှိဟဒါ (သာသနာ့အာဇာနည်) များတွင် ကွဲပြားခြားနားသော အဆင့် အတန်းများနှင့် အခြေအနေများရှိ၍ ယင်းတို့ကို ဟဒီးဆ်ဆင့်ပြန်ချက်များတွင်ပါဝင်သော ဖော်ပြချက်များမှ တွေးတောဆင်ခြင်သင့်သည်။

ဤနေရာတွင် ဖော်ပြထားသော သာသာနာ့အာဇာနည်များ၏ ပထမဦးဆုံးသော ထူးခြားချက်မှာကား ၎င်းတို့သည် အလျဉ်းသေဆုံးသွားသည်မဟုတ်၊ ထာဝရရှင်သန်မှုအတွက် အစပြုခြင်းသာဖြစ်သည်။ ဤနေရာတွင် မှတ်သားထိုက်သည်မှာ ၎င်းတို့၏ သေဆုံးခြင်းနှင့် ယင်းတို့ကို သခ္ဓိုင်းတွင်မြှုပ်နှံသင်္ကြိုလ်ခြင်းဆိုသည်မှာ အများသူငါသိရှိသော ရူပပိုင်းဆိုင်ရာ တွေ့မြင်မှုဖြစ်သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်မြောက်မြားစွာ၌ ၎င်းတို့သည် သေဆုံးသည်ဟု ပြောဆိုခြင်းကိုဖြစ်စေ၊ မှတ်ယူခြင်းကိုဖြစ်စေ မပြုရန် ရှင်းလင်းစွာ ညွှန်ပြထားသည်။ ဤသည်ကား ဘာကိုဆိုလိုသနည်း။ ဤသည်က သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်း မပြုမီ ကြားကာလဘဝကို ရည်ညွှန်းသော ထိုကာလကို အစ္စလာမ်ဝေါဟာရအရ ဗရ်ဇခ်အခြေအနေဟု ဆိုလိုခဲ့လျှင် ကျွန်ုပ်တို့အတွက် နားလည်ရန် မခက်ချေ။ အဘယ်ကြောင့်ဆိုသော် ဤအခြေအနေသည် သက်ဝင်ယုံကြည်သူများကော မယုံကြည်သူများပါ တန်းတူကြုံတွေ့ခဲ့ရသည့် အခြေအနေပင် ဖြစ်ပေသည်။

ရူပပိုင်းဆိုင်ရာသေဆုံးပြီးနောက် နာမ်ဝိညာဉ်ပိုင်းသည် အမေးအဖြေလုပ်ခြင်းဆိုင်ရာ ကိစ္စရပ်ကို ဖြတ်ကျော်ရပါမည်။ ယင်းနောက် စစ်မှန်၍ ဖြောင့်မတ်မှန်ကန်သော မုစ်လင်မ်များမှာ ဒုက္ခသုက္ခကင်းဝေးရာသို့ ကြုံဆိုခြင်းခံကြရကာ မယုံကြည်သွေဖည်သူများနှင့် အပြစ်ကျူးလွန်သူများမှာမူ သခ္ဓိုင်းတွင် အပြစ်ဒဏ်ခတ်ခြင်းခံကြရပေမည်။ ဤကိစ္စကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်များအားဖြင့် အထောက်အထားပြခဲ့ပြီးဖြစ်သည်။ ဤသို့ဆိုလျှင် ကြားကာလဘဝ ဗရ်ဇခ်သည် အများသူငါ အားလုံးနှင့် သက်ဆိုင်ပါက ရှိဟဒါ (သာသနာ့အာဇာနည်များ)အတွက် ဘာထူးခြားပါမည်နည်း။

အဖြေကား ဤအာယသ်တော်ထဲတွင်ပေး၍ မိန့်ကြားထားသည်မှာ ရှိဟဒါခေါ် အလ္လာဟ်အရှင်မြတ်လမ်းတွင် ကျဆုံးခဲ့သူများကို အလ္လာဟ်အရှင်မြတ်ထံမှ ဂျန္နသ်သုခဘုံ၏ အာဟာရများဖြင့် ကောင်းချီးမင်္ဂလာချီးမြှင့်တော်မူသည်။ ထို့ပြင် အသက်ရှင်ရပ်တည်ရန် လိုအပ်သည့် **رزق** “ရစ်ဇ်” (အာဟာရနှင့် ထောက်ပံ့မှု)ကို ပေးအပ်ရပေမည်။ ဤတွင် ကျွန်ုပ်တို့ သိရသည်မှာ ရှာဟစ်ဒ် (သာသနာ့အာဇာနည်) တစ်ဦးသည် ဤလောကဘဝမှ စွန့်ခွာသွားသည်နှင့်တပြိုင်နက်တည်း သူ့ထံ အာဟာရများ စတင်ရောက်ရှိလာပါသည်။ ဤနည်းကြောင့် ရှာဟစ်ဒ်သည် ကျဆုံးသည်နှင့်တပြိုင်နက် ထူးခြားသော ဘဝတစ်ခုသို့ ရောက်သွားကာ ကျွန်ုပ်တို့ အများသူငါ နားလည်သိရှိထားသော သေဆုံးပြီး အခြေအနေနှင့် ကွဲပြားသော အခြေအနေတစ်ရပ်ဖြစ်ပေသည်။ **(ကုရ်တုဗီ)**

ဤထူးခြားသည့် အခြေအနေသည် ဘာလဲဟူသည်နှင့် ထိုထူးခြားသည့်ဘဝ၏ သဘောသဘာဝမည်သည်နည်းဟူသော မေးခွန်းများအတွက် လွယ်ကူသောအဖြေကား မရှိချေ။ တစ်ခုတည်းသော အဖြေကား ယင်းမေးခွန်းတို့၏ အစစ်အမှန်သည် စကြဝဠာ၏ ဖန်ဆင်းရှင်မှအပ မည်သူမျှ မသိနိုင်ပေ။ ယင်းတို့ မည်သည်ဖြစ်သည်ကို သိရှိရန်အတွက် မည်သူမျှ သိနိုင်စွမ်းမရှိချေ။ သို့ဆိုပါလျှင် ယင်းကိစ္စအတွက် သိရန်လည်း မလိုတော့ချေ။ သို့သော်ငြားလည်း ၎င်းတို့အထူးဘဝ၏ အကျိုးသက်ရောက်မှုကို ဤကမ္ဘာတွင် ၎င်းတို့ခန္ဓာကိုယ် မြှုပ်နှံထားစဉ် ခန္ဓာကိုယ်ပေါ်တွင် တွေ့ရှိမှုက ပြသပေသည်။ ယင်းမှာ မြှုပ်နှံထားသော မြေကြီးသည် ၎င်းတို့ အား မပျက်စီးစေဘဲ အကောင်းပကတိအတိုင်းထားရှိခြင်းမျိုးပင် ဖြစ်သည်။ **(ကုရ်တုဗီ)** ကိုယ်တွေ့မျက်မြင် ဤဖြစ်ရပ်မျိုး အတော်များများ ရှိခဲ့ပါသည်။

အချုပ်ဆိုရသော် ဤအာယသ်တော်တွင် ညွှန်ပြထားသော ၎င်းတို့၏ ပထမကောင်းချီးမင်္ဂလာမှာ ယင်းတို့၏ ထူးခြားသည့် ထာဝရဘဝဖြစ်သည်။ ဒုတိယကောင်းချီးမင်္ဂလာမှာ အလ္လာဟ်အရှင်မြတ်ထံမှ ပြီးပြည့်စုံသည့် ထောက်ပံ့မှုပင်ဖြစ်သည်။ တတိယကောင်းချီးမင်္ဂလာမှာ **فَرِحِيْنَ بِمَآ اٰتٰهُمُ اللّٰهُ** "ထိုသူတို့သည် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်က မိမိစည်းစိမ်ချမ်းသာအကျိုး ကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူသောကြောင့် နှစ်ထောင်းအားရ ရွှင်လန်းလျက် ရှိကြသည်" ဟူ၍ ဖြစ်သည်။ စတုတ္ထ ကောင်းချီးမင်္ဂလာမှာ **وَيَسْتَبْشِرُوْنَ بِالَّذِيْنَ لَمْ يَلْحَقُوْا بِهِمْ** "ဤကမ္ဘာလောကၭ ကျန်ရစ်ခဲ့သော ၎င်းတို့၏ ဆွေမျိုးသားချင်များနှင့် မိတ်ဆွေအသိုင်းအဝိုင်းတို့၏ ကောင်းသတင်းပေးခြင်းပင်ဖြစ် သည်။ ယင်းကောင်းသတင်းမှာ အကယ်၍ ကျန်ရစ်သူများသည် ကောင်းမှုကောင်းရာပြုလုပ်၍ ဂျိဟားဒ်တွင် တက်ကြွစွာပါဝင်မည်ဆိုလျှင် ၎င်းတို့သည်လည်း တူညီသော ကောင်းချီးမင်္ဂလာ အဆင့်အတန်းများနှင့် ထိုက်တန် ကြမည်ဖြစ်ကြောင်းပင်တည်း။ (၁၇၀-၁၇၁)

အလ်စွတ်ဒ်ဒီက မိန့်ကြားခဲ့သည်မှာ ရှာဟိဒ်တစ်ဦးသည် ၎င်း၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်စေ၊ ဆွေမျိုးသားချင်းကိုဖြစ်စေ တစ်ဦးဦးကွယ်လွန်တော့မည်ဆိုလျှင် ကြိုတင်အသိပေးခံရပါသည်။ အချိန်ကာလအားဖြင့်သော်လည်းကောင်း၊ ခရီးအကွာအဝေးကြောင့်သော်လည်း တစ်ဦးနှင့်တစ်ဦး ကြာရှည်စွာ ကွဲကာနေသူ မိတ်ဆွေဟောင်းတစ်ဦးလာရောက် တွေ့ဆုံမည်ဆိုလျှင် ဝမ်းမြောက်ပျော်ရွှင်ရသကဲ့သို့ ရှာဟီဒ်တစ်ဦး၏ အနီးစပ်ဆုံးသူတစ်ဦးက ၎င်းတို့နှင့်လာရောက်တွေ့ဆုံမည်ဟူသော သတင်းသည် ရှာဟိဒ်များကို ဝမ်းမြောက်စေပါသည်။

စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ်မှတစ်ဆင့် ခိုင်လုံသော ဆင့်ပြန်ချက်များကို အဗူဒါဝူးဒ်က ဤအာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်းကို အောက်ပါအတိုင်း တင်ပြထားသည်။ တမန်တော်မြတ်ﷺ သခင်က ဆွဟာဗဟ်သာဝကကြီးများကို မိန့်ကြားခဲ့သည်မှာ အသင်တို့၏ အီမာန်ရှင်ညီနောင်များ အုဟုဒ်စစ်ပွဲတွင် သာသနာ့ အာဇာနည်အဖြစ် ကျဆုံးသည့်အခါ ၎င်းတို့၏ဝိညာဉ်များကို အစိမ်းရောင်ငှက်များ၏ ခန္ဓာကိုယ်တွင်းထည့်ကာ လွတ်လပ်စေပါသည်။ ၎င်းတို့သည် ၎င်းတို့အာဟာရကို ဂျန္နသ်သုခဘုံ၏ သစ်သီးပင်များနှင့် စမ်းရေချောင်းမှ ရရှိကြသည်။ ပြီးနောက် သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ အရပ်ရှိ သလွန်အောက်ရှိ မီးပန်းဆိုင်းများဆီသို့ ပျံသန်းသွားကြသည်။ ၎င်းတို့သည် သူတို့ဘဝ၏ စည်းစိမ်းကို သတိမူမိ၍ ပြောကြားသည်မှာ "ကမ္ဘာလောရှိ ပူဆွေးသောကရောက်နေသော သူတို့မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများကို ၎င်းတို့ ဒီမှာဘယ်လိုနေထိုင်ရပါကြောင်းနှင့် ၎င်းမိတ်ဆွေသားချင်းများသည် ကျွန်ုပ်တို့အတွက် ပူဆွေးသောက ဖြစ်ခြင်းကို ရပ်ဆိုင်းကာ ဂျိဟားဒ်စစ်ပွဲတွင် ကျွန်ုပ်တို့ လုပ်ခဲ့သကဲ့သို့ ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း တစ်စုံတစ်ဦးက သူတို့ကို ပြောနိုင်လျှင် ကောင်းပေအံ့။"

အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်မှာ "သင်တို့၏ ဤအခြေအနေအကြောင်းနှင့် ပတ်သက်၍ ၎င်းတို့အား ငါအရှင်သိစေတော်မူပေအံ့"။ ထို့ကြောင့် ဤအာယသ်တော်မြတ် ကျရောက်ခဲ့သည်။ **(ကုရ်တုဗီ)**

VVVVVVVVVV

အာယသ် (၁၇၂-၁၇၅)

اَلَّذِيْنَ اسْتَجَابُوْا لِلّٰهِ وَالرَّسُوْلِ مِنْۢ بَعْدِ مَآ
اَصَابَهُمُ الْقَرْحُ ۚ لِلَّذِيْنَ اَحْسَنُوْا مِنْهُمْ وَاتَّقَوْا اَجْرٌ عَظِيْمٌ ﴿۱۷۲﴾
اَلَّذِيْنَ قَالَ لَهُمُ النَّاسُ اِنَّ النَّاسَ قَدْ جَمَعُوْا لَكُمْ فَاخْشَوْهُمْ
فَزَادَهُمْ اِيْمَانًا ۖ وَّقَالُوْا حَسْبُنَا اللّٰهُ وَنِعْمَ الْوَكِيْلُ ﴿۱۷۳﴾
فَانْقَلَبُوْا بِنِعْمَةٍ مِّنَ اللّٰهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوْٓءٌ ۙ وَّاتَّبَعُوْا
رِضْوَانَ اللّٰهِ ۗ وَاللّٰهُ ذُوْ فَضْلٍ عَظِيْمٍ ﴿۱۷۴﴾ اِنَّمَا ذٰلِكُمُ الشَّيْطٰنُ
يُخَوِّفُ اَوْلِيَآءَهٗ ۖ فَلَا تَخَافُوْهُمْ وَخَافُوْنِ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۷۵﴾

အကြင်သူတို့သည် (အုဟုဒ်စစ်မြေပြင်၌) ဒဏ်ရာဒဏ်ချက်များရရှိပြီးနောက် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏ ဖိတ်ခေါ်ချက်ကို လက်ခံနာယူခဲ့ကြကုန်သည်။ ထိုသူတို့အနက်မှ ကောင်းမြတ်သောအကျင့်အမူတို့ကို ကျင့်မူသည့်ပြင် (ပြစ်မှုဒုစရိုက်တို့မှလည်း) ကြဉ်ရှောင်ကြကုန်သောသူတို့အဖို့မှာကား အလ္လာဟ်အရှင်မြတ်အထံတော်၌ ထူးမြတ်ကြီးကျယ်လှသော အကျိုးဆုလာဘ်သည် အသင့်ရှိပေသည်။ (၃း၁၇၂)

ထို(သူတော်စင်)များကား ၎င်းတို့အား အချို့သူများက "ဓနသဘ်စစ်ရန်သူတို့သည် အသင်တို့နှင့် ပြိုင်ဆိုင်(တိုက်ခိုက်)ကြရန် အလို့ငှာ (စစ်မက်ပစ္စည်းအားလုံးတို့ကို) မချွတ်ဓနသဘ် စုဆောင်းထားရှိပြီး ဖြစ်လေသည်။ သို့ဖြစ်ရကား အသင်တို့သည် ယင်းသူတို့အား ကြောက်ရွံ့(တိမ်းရှောင်)ကြလေကုန်"ဟု ပြော ဆိုလေသည်။ သို့တစေလည်း ၎င်းတို့ပြောဆိုမှုသည် (တစ်စုံတစ်ရာစိုးရိမ် ကြောင့်ကြစေခြင်းမရှိစေသည့်ပြင်) ထို(သူတော်စင်)တို့၏ "အီမာန်"သက်ဝင် ယုံကြည်မှုကို တိုးတက်ပွားများစေခဲ့လေသည်။ ယင်း(သူတော်စင်)တို့ကမူ (ကြောက်ရွံ့စိုးရိမ်ကြမည့်အစား) ပြန်လည်ဖြေကြားကြသည်မှာ "အလ္လာဟ် အရှင်မြတ်သည် အကျွန်ုပ်တို့ (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော် မူလေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံး အရှင်မြတ်ပင် ဖြစ်တော်မူပေသည်"ဟု တုံ့ပြန်ဖြေကြားခဲ့ကြကုန်သတည်း။ (၃း၁၇၃)

သို့ဖြစ်ပေရာ ယင်းသူတို့သည် (ယုံကြည်စိတ်ချစွာဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်ထွက်ခဲ့ကြပြီးနောက်) မည်သည့်အန္တရာယ်မျှထိရောက်ခြင်းမရှိဘဲ အလွှာဟ်အရှင်မြတ်အထံတော်မှ (ပေးသနားတော်မူသော) စည်းစိမ်ချမ်းသာများအပြင် အထူးကျေးဇူးတော်နှင့်တကွ (မိမိတို့အိမ်များသို့) ပြန်ခဲ့ကြကုန်သည်။ စင်စစ်တစ်မူကား ထိုသူတို့သည် အလွှာဟ်အရှင်မြတ်၏ နှစ်သက်မှုကို လိုက်နာပြုလုပ်ခဲ့ကြကုန်၏။ အလွှာဟ်အရှင်မြတ်သည်လည်း အတိုင်းမရှိ ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။ (၃း၁၇၄)

၌သည် ရှိုင်တွာန်မျှသာတည်း။ ထိုရှိုင်တွာန်သည် (အသင်တို့ထံ ယင်းကဲ့သို့ မဟုတ်မမှန်သော သတင်းများကို ပို့ဆောင်ခြင်းအားဖြင့်) အသင်တို့အား မိမိအဆွေခင်ပွန်းတို့ကို ကြောက်ရွံ့စေလေသည်။ (တစ်နည်း) မိမိအဆွေခင်ပွန်းတို့ကို ခြိမ်းခြောက်လေသည်။ သို့သော်လည်း အကယ်၍ အသင်တို့သည် "မုအ်မင်န်"သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် ယင်းသူတို့အား မကြောက်မရွံ့ဘဲ" ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။ (၃း၁၇၅)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော်သည် အုဟုဒ်စစ်ပွဲအကြောင်းဖြစ်၍ ယင်းနှင့်ဆက်နွယ်သောစစ်ပွဲမှာ ဟမ်ရာအလ်အစဒ်စစ်ပွဲဖြစ်ပြီး လက်ရှိအာယသ်တော်သည် ဟမ်ရာအလ်အစဒ်စစ်ပွဲအကြောင်းပင် ဖြစ်သည်။ ယင်းသည် မဒီနဟ်မြို့တော်မှ ရှစ်မိုင်ဝေးကွာသော နေရာတစ်ခုဖြစ်သည်။

၌အဖြစ်အပျက်၏နောက်ခံအကြောင်းကို အာယသ်တော် ၁၅၁ ၏ နိဒါန်းမှတ်ချက်တွင် အကျဉ်းချုပ်ဖော်ပြထားခဲ့သည်။ ယင်းမှာ မက္ကဟ်မြို့တော်ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ အုဟုဒ်စစ်ပွဲမှ ဆုတ်ခွာလာခဲ့၍ တစ်နေရာသို့ ရောက်သောအခါမှ တပ်ဆုတ်လာခဲ့ခြင်းသည် မှားယွင်းကြောင်း သိရှိလာခဲ့သည်။ ၎င်းတို့သည် စစ်ပွဲအောင်လုဆဲဖြစ်သောကြောင့် မုစ်လင်မ်စစ်တပ်ကို အပြီးသတ် သုတ်သင်ချေမှုန်းရန် နောက်ဆုံးတိုက်ရန်သွားသင့်သည်ဟု ထင်ခဲ့သည်။ ထိုအတွေးက ၎င်းတို့ကို မည်မျှအာရုံရောက်စေသည်ဆိုလျှင် မဒီနဟ်သို့ ပြန်လည်ချီတက်ရန် စတင်၍အဆင်သင့် ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ နှလုံးသားထဲသို့ ကြောက်ရွံ့မှုနှင့် အထိတ်တလန့်ဖြစ်မှုကို မည်မျှထည့်သွင်းစေခဲ့သနည်းဆိုလျှင် မက္ကဟ်ရှိ ၎င်းတို့အိမ် ၎င်းတို့ပြန်လည်ချီတက်ခြင်းက ပိုသင့်လျော်မည်ဟု ထင်မှတ်စေခဲ့ပါသည်။ ၎င်းတို့သည် ထိတ်လန့်ဘွယ်အင်အားဖြင့် မုစ်လင်မ်များထံပြန်လာမည်ဟု သတိပေးရန် မဒီနဟ်မြို့သို့ သွားမည့်ခရီးသည်အုပ်စုသို့ သတင်းပေးပို့ခဲ့သည်။ ၌အကြောင်းကို တမန်တော်မြတ်ﷺ သခင်သည် ဝဟီမှ တစ်ဆင့်သိရှိကာ ဟမ်ရာအလ်အစဒ်သို့ အပူတပြင်း လိုက်လံခဲ့သည်။ **(အီဗနိ ဂျရီး၊ ရူဟုလ်မအာနီ၏ကိုးကားချက်)**

သဖ်စိရ်အလ်ကုရ်တုဗီတွင်ပါရှိသည်မှာ အုဟုဒ်စစ်ပွဲ၏ ဒုတိယနေ့တွင် တမန်တော်မြတ်﴿ﷺ﴾ က ကိုယ်တော်၏ မုဂျာဟီဒီးန်များရှေ့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ နောက်လိုက်လံ တိုက်ခိုက်မည့်သူများသည် ယမန်နေ့က စစ်ပွဲတွင်တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသူများသာ ဖြစ်ကြရမည်"ဟူ၍ဖြစ်သည်။ ဤကြေညာချက်နောက်တွင် မုဂျာဟီဒီန် နှစ်ရာ(၂၀၀) မတ်တပ်ရပ်ခဲ့သည်။

ရှာဟီးဒ်အလ်ဗုခါရီတွင် တင်ပြထားသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများနောက်လိုက်ရန်ဟူသော တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ကြေညာချက်ထွက်ပြီးနောက် လူ(၇၀)မတ်တပ်ရပ်ခဲ့ကြသည်ဟူ၍ ဖြစ်သည်။ ထိုလူများထဲတွင် အချို့မှာ ယမန်နေ့ကစစ်ပွဲတွင် ပြင်းထန်စွာ ဒဏ်ရာရခဲ့သူများအချို့ပါဝင်ကြပြီး အချို့မှာ တွဲကူဖေးမ၍သာ လမ်းလျှောက်နိုင်သူများပါဝင်သည်။ ဤဆွဟာဗဟ်တစ်သိုက်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဖမ်းဆီးရန် ချိတက်သွားခဲ့ကြသည်။ ၎င်းတို့ဟမ်ရာအလ်အစဒ်သို့ရောက်ရာတွင် နအီမ် အိဗ်နိမတ်စ်အုဒ် နှင့်တွေ့၍ သူတို့ကို အဗူစုဖ်ယန်သည် နောက်တစ်ကြိမ် ပိုမိုကြီးမားသော စစ်တပ်တစ်တပ်စုစည်းကာ မဒီနဟ်မြို့တော်အား တိုက်ခိုက်သိမ်းပိုက်၍ ထိုမြို့သူမြို့သားများကို သုတ်သင်ရန် ပြင်ဆင်ပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဒဏ်ရာလည်းရ၍ အားအင်အလွန် ချိနဲ့နေသော ဆွဟာဗဟ်ကြီးများသည် ဤသို့စိတ်နောက်ကျိဖွယ်ရာသတင်းစကား ကြားသိရသော်လည်း "ကျွန်ုပ်တို့ သူ့ကိုမသိပါ **حَسْبُنَا اللهُ وَنِعْمَ الْوَكِيْلُ** " အလွှာဟ်အရှင်မြတ်သည် အကျွန်ုပ်တို့(မြို့ခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူပေ သည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော် မူပေသည်"ဟူ၍ တစ်သံတည်း ပြောကြားခဲ့သည်။

တစ်ဖက်တွင် ဤသတင်းကို မုစ်လင်မ်များသိရှိရသော အချိန်တွင် ၎င်းတို့အထိတ်တလန့်ဖြစ်ခဲ့ရသော်လည်း သူတို့အပေါ်၌ ထိုကဲ့သို့သော အန္တရာယ်မျိုး မကျရောက်ခဲ့ပါ။ အခြားတစ်ဖက်တွင် ဗနီခုဇာအဟ်မျိုးနွယ်ဝင်ဖြစ်သော မအ်ဗဒ်အလ်ခုဇာအီနှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခု ရှိခဲ့ပါသည်။ သူသည် မက္ကာမြို့တော်သို့ ဦးတည်သွားနေသည်။ သူသည် မုစ်လင်မ်တစ်ဦးမဟုတ်သော်လည်း မုစ်လင်မ်များ ကောင်းကျိုးကို လိုလားသူဖြစ်ခဲ့ပါသည်။ သူ၏မျိုးနွယ်စုသည် တမန်တော်မြတ်﴿ﷺ﴾ ၏ မဟာမိတ်ဖြစ်ခဲ့သည်။ ထို့ကြောင့် သူသည် အဗူစုဖ်ယန်မဒီနဟ်မြို့မှ ဆုတ်ခွာခဲ့ခြင်းအတွက် နောင်တရမှုနှင့် တစ်ဖန်ပြန်လည်သွားရောက် တိုက်ခိုက်ရန်သန္နိဋ္ဌာန်ချမှုကို တွေ့ရသောအခါ သူက အဗူစုဖ်ယန်အားပြောကြားသည်မှာ မုစ်လင်မ်များ အားအင်ချိနဲ့သွားပြီဟုယူဆခြင်းသည် အသင်အမှားတစ်ခု ပြုလုပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်မကြာမီက ဟမ်ရာအလ်အစဒ်မှ ဖြတ်သန်းလာခဲ့ရာတွင် ထိုနေရာ၌ မုစ်လင်မ်တို့၏ ကြီးမားလှသော စစ်တပ်ကြီးတစ်တပ် စခန်းချထားသည်ကို တွေ့ရပါသည်။ စစ်သည်တော် အမြောက်အများ၊ စစ်လက်နက်ပစ္စည်းအပြည့်အစုံနှင့် သူတို့သည် အသင့်နောက်သို့ အပူတပြင်း လိုက်လာပါတော့မည်။ ဤသတင်းသည် အဗူစုဖ်ယာန်၏ နှလုံးသားတွင် မုစ်လင်မ်စစ်တပ်များကို ကြောက်ရွံ့စိတ်ဖြစ်ပေါ်သွားစေပါသည်။

ဤအဖြစ်အပျက်ကို အထက်ဖော်ပြပါ အာယသ်တော် (၃)ခု ၁၇၂မှ၁၇၄ တွင် ပြန်လည်တင်ပြထားသည်။ ပထမအာယသ် (၁၇၂) ထဲ၌ အုဟုဒ်စစ်ပွဲတွင် အခက်အခဲများနှင့် ထိခိုက်ဒဏ်ရာအနာတရများ ရှိခဲ့သော်လည်း အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်က နောက် (ဂျိဟားဒ်)စစ်ပွဲအတွက် ဆင့်ခေါ်ခဲ့သော အခါတွင်လည်း သူတို့သည် နောက်စစ်ပွဲအတွက်လည်း အဆင်သင့်ပင် ဖြစ်နေခဲ့ပါသည် ဟူ၍မိန့်ကြားထားပါ

သည်။ မှတ်သားထိုက်သည့် အချက်မှာ ဤနေရာ၌ မုစ်လင်မ်များအား ခြိုးကျူးထောမနာပြုခဲ့ရာတွင် ပေါ်လွင်ထင်ရှားသည့်သဏ္ဌာန်နှစ်ရပ် ရှိခဲ့သည်။ ပထမတစ်ခုသည် **مِنْ بَعْدِ مَآ اَصَابَهُمُ الْقَرْحُ** "အကြင်သူတို့သည် (အုဟုဒ် စစ်မြေပြင်၌) ဒဏ်ရာဒဏ်ချက်များရရှိပြီးနောက်" တွင် ပါရှိပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင် မြတ်တမန်တော်က ဖိတ်ခေါ်သောအခါ တုန့်ပြန်ဖြေကြားခဲ့သောသူများမှာ ဗဒရ်စစ်ပွဲ၌ ဒဏ်ရာရရှိခဲ့သူများ ဖြစ်ကြပါသည်။ ထိုစစ်ပွဲ၌ ၎င်းတို့၏ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ဆွဟာဗဟ်သာဝကကြီး (၇၀)တို့သည် သာသနာ့ အာဇာနည်အဖြစ် ကျဆုံးခဲ့ကြပြီး ၎င်းတို့မှာမူ ခန္ဓာကိုယ်၌ ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နှက်နေသော်လည်း နောက်တစ်ဖန် စစ်မှုထမ်းရန် ဖိတ်ခေါ်ခဲ့ရာတွင် ဂျိဟားဒ်စစ်ပွဲ၌ပါဝင်ရန်အတွက် မဆိုင်းမတွ သဘောတူညီ ခဲ့ကြပါသည်။

ဒုတိယထူးခြားသော သဏ္ဌာန် **لِلَّذِيْنَ اَحْسَنُوْا مِنْهُمْ وَاتَّقَوْا** "ထိုသူတို့အနက်မှ ကောင်းမြတ်သောအကျင့်အမူတို့ကို ကျင့်မူသည့်ပြင် (ပြစ်မှုဒုစရိုက်တို့မှလည်း) ကြဉ်ရှောင်ကြပြီး အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်သည်" ထဲတွင် ဖော်ပြထားသည်။ သို့ဖော်ပြရာတွင် ဤသူများသည် မွန်မြတ်သော ကိစ္စရပ် အတွက် မိမိတို့၏ အသက်များကို စတေးကာ စစ်မြေပြင်တွင် မတွန့်မဆုတ် ကြိုးပမ်းခြင်းကြောင့် ကြီးမားသော အောင်မြင်မှု ရရှိသောသူများသက်သက်မဟုတ်ဘဲ ၎င်းတို့ကိုယ်ထဲတွင် **احسان** "အဲဟ်စာန်" (ဖြောင့်မတ် မှန်ကန်သော အကျင့်သီလ) **تقوى** "သတ္တဝါ" (အလ္လာဟ်အရှင်မြတ်ကို ချစ်ကြောက်ရိုသေခြင်း)ဆိုသည့် အမြင့်မားဆုံးသော သီလဂုဏ်များ ရှိခြင်းကြောင့်သာ ကြီးမားသော အောင်မြင်မှုရရှိသည်ဟူသောအချက်ကို အခိုင်အမာပြုပြီး ဖြစ်လေသည်။ ထို့ကြောင့် ဤမွန်မြတ်သော သီလဂုဏ်များ ပေါင်းစပ်ခြင်းသည် ၎င်းတို့၏ ကြီးမားသော ဆုလာဘ်၏ အကြောင်းရင်းခံပင် ဖြစ်တော့သည်။

သံသယတစ်ခုအား ပယ်ရှားခြင်း

ဤအာယသ်တော်ထဲတွင် သုံးစွဲထားသော **مِنْهُمْ** (ဝေါဟာရအရ "၎င်းတို့အနက်မှ")ဟူသောစကား လုံးနှင့် ပတ်သက်၍ သံသယမဖြစ်ပါလေနှင့်။ ဤစစ်ပွဲတွင် ပါဝင်ဆင်နွှဲသူအားလုံးတို့သည် "အဲဟ်စာန်"နှင့် "သတ်ကဝါ"ဟူသော သီလဂုဏ်နှင့်ပြည့်စုံသောသူများ မဟုတ်မူဘဲ ၎င်းတို့အနက်မှ အချို့သောသူတို့သာ ပြည့်စုံသောသူများဖြစ်ကြသည်ဟူ၍ မမှတ်ယူသင့်ပေ။ ဤနေရာတွင် သုံးစွဲထားသော **مِنْ** ဝိဘက်မင်န် (၏၊ အချို့၏) သည် ခွဲခြားခြင်း သို့မဟုတ် ပိုင်းခြားခြင်းအဖြစ် သုံးစွဲခြင်းမဟုတ်ပါ။ ယင်းကိုတင်ပြခြင်းအနေဖြင့်သာ သုံးစွဲထားသည်မှာ သံသယမရှိပါ။ ဤအာယသ်တော်၏အဖွင့်စကားလုံးများဖြစ်သော **اَلَّذِيْنَ اسْتَجَابُوْا** "အကြင်သူတို့သည် ဖိတ်ခေါ်ချက်ကို လက်ခံနာယူခဲ့ကြကုန်သည်" ဆိုသည်က တင်ပြသည့်အနေဖြင့် သုံးစွဲထားခြင်းကို အတည်ပြု ပါသည်။ ဤသည်မှ ရှင်းလင်းစေသည်မှာ ထိုကဲ့သို့သော တုန့်ပြန်မှုနှင့် ရှိကျိုးနာခံခြင်းသည် တစ်စုံတစ်ဦး၌ "အဲဟ်စာန်"နှင့်"သတ်ကဝါ"ဟူသော အရည်အချင်းတို့မရှိပါက အကောင်အထည်ပေါ် မလာနိုင်ပါ။ ထို့ကြောင့် ဋီကာရှင်တော်တော်များများတို့က ဤနေရာတွင် သုံးစွဲထားသော ဝိဘက် **مِنْ** မင်န် (အချို့၏)သည်

တင်ပြခြင်း သဘောသက်ရောက်သည်ဟု ကြေညာခဲ့ပါသည်။ အချုပ်အားဖြင့် ဤအာယသ်တော်၏ အရေးပါသော ဆိုလိုရင်းသည် ဤသူများအား လုံးအတွက် ဆုလာဘ်များက စောင့်ကြိုနေပါသည်ဟူ၍ ဖြစ်သည်။

မိမိအသက်ရင်း၍ တစ်စုံတစ်ခုကောင်းကျိုးရရှိရန် ကြိုးပမ်းရာတွင် ထိုကြိုးပမ်းမှုနောက်ကွယ်၌ လုံးဝ ဥဿုံဖြူစင်ရိုးသားမှု မရှိလျှင် ရလိမ့်မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ ဤကဲ့သို့သော တစ်မူထူးခြားသည့် ဦးတည်မိန့်ကြားသည့် နည်းသည်ကိုယ်ကျင့်တရား ဆိုင်ရာ အရေးပါသည့် ဥပဒေတစ်ရပ်ဆီသို့ ညွှန်းပါသည်။ ယင်းမှာ ထိုရည်မှန်းချက် ပေါက်မြောက်ရန် တစ်စုံတစ်ဦးသည် မည်မျှကောင်းမွန်သည့် ကြိုးပမ်းမှုကိုဖြစ်စေ၊ ဥစ္စာပစ္စည်းနှင့် အသက်စည်းစိမ်စွန့်လွှတ်၍ ကြိုးပမ်းသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်ထံတော်မှောက်တွင် စဝါးဗ်ကုသိုလ်ရရှိထိုက်သော လုပ်ရပ်ဖြစ်စေရန်မှာ အဲဟ်စန်နှင့် သတ်ကဝါတို့ တစ်ပြိုင်နက်တည်း ပါရန်လိုအပ်ပေသည်။ ထို့ကြောင့် လေ့လာသုံးသပ်ချက်၏ အနှစ်သာရကား လုပ်ရပ်တိုင်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်ရန်သာ ဖြစ်ရပေမည်။ သို့မဟုတ်လျှင် သက်စွန့်ဆံဖျား ရဲဝံ့ရိုးသားစွာ လုပ်သည်ပင်လျှင် ကာဖိရ်များ၏လုပ်ရပ်နှင့် အတူတူပင် ဖြစ်ပေတော့မည်။

အလ္လာဟ်တမန်တော်မြတ်၏ အမိန့်နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်အမိန့်. နာခံခြင်းဖြစ်သည်ဆိုသည်မှာကား အဆုံးစွန်သော မှန်ကန်ချက်ဖြစ်သည်။

ဤအဖြစ်အပျက်တွင် ပြန်လည်သတိရပါက မယုံကြည်သွေဖည်သူများ နောက်လိုက်ရန် အမိန့်ကို တမန်တော်မြတ်﴿ﷺ﴾ သခင် ပေးခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်အာယသ်တော်တွင်မျှ ဖော်ပြမထားပါ။ သို့သော်လည်း လက်ရှိသီခြား အာယသ်တော်ထဲတွင် ထိုသူများ၏ နာခံမှုကို ချီးကျူးရာ၌ အမိန့်သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်တမန်တော်မြတ်တို့က ပေးခဲ့ခြင်းဖြစ်ကြောင်းကို အာယသ်တော် ၃၇၂ ၏မူရင်းစာသားက ထင်ရှားစေပါသည်။ **اَلَّذِيْنَ اسْتَجَابُوْا لِلّٰهِ وَالرَّسُوْلِ** "အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏ ဖိတ်ခေါ် ချက်ကို လက်ခံနာယူခဲ့ကြကုန်သည်" ဤသည်က ရှင်းလင်းစွာ သက်သေပြသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ်တွင် ဖော်ပြထားခြင်း မရှိသည့်တိုင် တမန်တော်မြတ်﴿ﷺ﴾ သခင်ပေးသော အမိန့်သည် အလ္လာဟ် အရှင်မြတ်ပေးသော အမိန့်ပင် ဖြစ်တော့သည်။

ဘာသာတရား မကိုင်းရှိုင်းဘဲ ဟဒီးဆ်တော်ကို ငြင်းပယ်သူများက အလ္လာဟ်တမန်တော်၏ အဆင့်အတန်း ကို သေးသိမ်စေရန် တမန်တော်ကို ဆက်သားအဖြစ် ဘောင်ခတ်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ (နအူသို့ဗိလ္လာဟ်) (အလ္လာဟ်အရှင် ကျွန်ုပ်တို့အား ထိုသို့မပြုလုပ်တော်မူပါစေနှင့်)။ အကယ်၍ ၎င်းတို့နားမဝေးလျှင် အလ္လာဟ်အရှင် မြတ်က ပွင့်လင်းစွာ ကြေညာထားသော တမန်တော်မြတ်﴿ﷺ﴾ သခင်၏ အမိန့်သည် အရှင်မြတ် အမိန့်ပင်ဖြစ်သည့် ရိုးရှင်းစွာ မိန့်ကြားထားချက်က ဤအမှန်တရားကို နားလည်ရန် လုံလောက်သင့်ပေသည်။ ဤအဆိုအမိန့် ကလည်း ရှင်းလင်းသည်မှာ တမန်တော်မြတ်﴿ﷺ﴾ သည် ကိုယ်တော်၏ ကိုယ်တိုင်လုပ်ပိုင်ခွင့်ကို အသုံးပြု တွေးတောဆင်ခြင်ကာ အထောက်အကူဖြစ်ဖွယ် ဥပဒေများ ပြုလုပ်နိုင်ပေသည်။ ထို့ပြင် ယင်းကဲ့သို့သော

ဥပဒေ အားလုံးသည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်တော်မူသော အမိန့်တော်များနှင့် တူညီသော အဆင့်အတန်းများ ဖြစ်ကြသည်။

အဲဟ်စန်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အထက်ပါအာယသ်တော်နှင့် ပတ်သက်သော မှတ်ချက်များထဲတွင် အကြိမ်တော်များဖော်ပြခဲ့သော အဲဟ်စန်ဟူသည့် စကားလုံးသည် ယေဘုယျအားဖြင့် တွေးတောဆင်ခြင်ကာ အစွမ်းကုန်ကြိုးပမ်းအားထုတ်သော ကောင်းမှုကောင်းရာများ လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ သို့သော်လည်း အဲဟ်စန်၏ အခြေခံအဓိပ္ပာယ်ဖွင့်ဆိုခြင်းကို တမန်တော်မြတ်ﷺ သခင်ကိုယ်တိုင် ဖွင့်ဆိုထားမှုအား လူသိများသော ဂျိဗ်ရာအီလ်၏ ဟဒီးဆ်တော်တွင် ဖော်ပြထားပါသည်။ စစ်မှန်သော စကားလုံးများကား -

اَنْ تَعْبُدَ اللهَ كَاَنَّكَ تَرَاهُ فَاِنْ لَمْ تَكُنْ تَرَاهُ فَاِنَّـهُ يَرَاكَ

"အဲဟ်စန်သည် ခဝတ်ကိုးကွယ်မှုပြု ရာတွင် အကယ်၍ အသင်သည် အလ္လာဟ်အရှင်မြတ်အား မြင်တွေ့နေဘိအလား ဝတ်ပြုကုန်။ ထို့ပြင် အကယ်၍ သို့စိတ်ကူး၍ မဖြစ်နိုင်လျှင် အလ္လာဟ်အရှင်မြတ်က သင့်ကိုမြင်တွေ့နေသည်ဟု စိတ်ကူး၍ အိဗာဒသ်ပြုကုန်။"

သတ်ဂ်ဝါ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

သတ်ဂ်ဝါဟူသည့်စကားလုံးကို အမျိုးမျိုးအဓိပ္ပာယ် ပြန်ဆိုခဲ့ကြသော်လည်း စိုက်ယိဒိနာ အုမရ်ﷺ သခင်က ဆွဟာဗဟ်သာဝကကြီး အုဗိုင်းအိဗ်နိကအဗ်ﷺ ကို သတ်ဂ်ဝါဟူသည် စင်စစ်မည်သည်နည်းဟု မေးမြန်းရာ ဆွဟာဗဟ်ကြီးဖြေကြားချက်က အလွန်ပြည့်စုံသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင် ဖြစ်သည်။ စိုက်ယိဒိနာ အုဗိုင်အိဗ်နိကအဗ်ﷺ သခင်က မိန့်ကြားသည်မှာ "အို-အီမာန်ရှင်များ၏ ဗိုလ်ချုပ်ကြီး မုခ္ခေကန် အသင်သည် ဆူးညောင့်ခလုတ်အတိုပြီးသော လမ်းများကို ဖြတ်သန်းခဲ့ပြီမဟုတ်လော။ စိုက်ယိဒိနာ အုမရ်ﷺ သခင်က မိန့်ကြားခဲ့သည်။ "အကြိမ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပြီးဖြစ်သည်။" စိုက်ယိဒိနာ အိဗ်နိကအဗ်က "ထိုသို့သော အချိန်များ၌ အသင်ဘာလုပ်သနည်း။" စိုက်ယိဒိနာ အုမရ်သခင်ﷺ က "ကျွန်ုပ်ဝတ်ရုံကို စုသိမ်းပြီး ဂရုတစိုက် လျှော်ခဲ့ပါသည်။" စိုက်ယိဒိနာ အိဗ်နိ ကအဗ်က "လုံလောက်ပေပြီ။ ထိုအကြောင်း သင်ပြောကြားပြီးဖြစ်သည်။ ယင်းသည်ပင် သတ်ဂ်ဝါ၏ ဆိုလိုရင်း ဖြစ်ပေသည်။" ဤကျွန်ုပ်တို့၏ ကမ္ဘာလောကသည် ဆူးမွှေ့ယာဖြစ်၍ အပြစ်ဂုနာဟ်၏ ဆူးညောင့်များဖြင့် ပြည့်နှက်နေ သည်။ ထို့ကြောင့် ဤကမ္ဘာလောကတွင် တစ်စုံတစ်ဦးနေသင့်သည့် နည်းလမ်းကား အပြစ်ဂုနာဟ်ဆူးညောင့် ခလုတ်များနှင့် မငြိတွယ်အောင်နေရန် ဖြစ်သည်။ ဤကဲ့သို့ဘဝကို နေထိုင်သွားရန် နည်းလမ်း၏ အမည်ကား သတ်ဂ်ဝါဖြစ်သည်။ ယင်းသည်သာလျှင် လူတစ်ဦး စဉ်းစားနိုင်သည့် အမြင့်မားဆုံးနှင့် အကြီးကျယ်ဆုံးသော အောင်မြင်မှုပင်ဖြစ်သည်။ စိုက်ယိဒိနာ အဗူအလ်ဒရ်ဒါး ﷺ က အမြဲရွတ်လေ့ရှိသော ကဗျာမှာ အောက်ပါ အတိုင်းဖြစ်သည်။

يَقُوْلُ الْمَرْءُ فَائِدَتِىْ وَمَالِىْ ، وَتَقْوَى اللهِ اَفْضَلُ مَااسْتَفَادَا

"လူအများကပြောကြသည်။ ကျွန်ုပ်၏ အကျိုးအမြတ်၊ ကျွန်ုပ်၏ငွေကြေးဟူ၍ ဖြစ်သည်။ စင်စစ်မှာမူ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့မှု (သတိက်ဝါ)သည်သာလျှင် အကောင်းဆုံးသော အကျိုးအမြတ်ဖြစ်သည်။"

ဒုတိယ အာယသ်တော်ဖြစ်သော (၁၇၃) ထဲတွင် ဂျိဟားဒ်စစ်ပွဲ၌ ပါဝင်ဆင်နွှဲရန်အတွက် သတ္တိရှိစွာဖြင့် ရှေ့တန်းတက်လာခဲ့ကြသည့် ဆွဟာဗတ်သာဝကကြီးများ ﴿رضى الله عنهم اجمعين﴾ အား ထောမနာမှု ပေါင်းများစွာဖြင့် ချီးမွမ်းထားလေ သည်။ အာယသ်တော်၏ စကားလုံးများကား -

اَلَّذِيْنَ قَالَ لَهُمُ النَّاسُ اِنَّ النَّاسَ قَدْ جَمَعُوْا لَكُمْ فَاخْشَوْهُمْ، فَزَادَهُمْ اِيْمَانًا

ထို(သူတော်စင်)များ ၎င်းတို့အား အချို့သူများက "ဧကန်စင်စစ် ရန်သူတို့သည် အသင်တို့နှင့် ပြိုင်ဆိုင်(တိုက်ခိုက်)ကြရန် အလို့ငှာ (စစ်မက်ပစ္စည်းအားလုံးတို့ကို) မချွတ်ဧကန် စုဆောင်းထားရှိကြပြီး ဖြစ်လေသည်။ သို့ဖြစ်ရကား အသင်တို့သည် ယင်းသူတို့အား ကြောက်ရွံ့(တိမ်းရှောင်)ကြလေကုန်"ဟု ပြောဆိုလေသည်။ သို့တစေလည်း ၎င်းတို့၏ ပြောဆိုမှုသည် (တစ်စုံတစ်ရာစိုးရိမ်ကြောင့်ကြစေခြင်း မရှိစေသည့်အပြင်) ထို(သူတော်စင်)တို့၏ "အီမာန်" သက်ဝင်ယုံကြည်မှု တိုးပွားများပြားစေခဲ့လေသည်။

ဆိုလိုသည်မှာ ဤကောင်းချီးပေးခံရသူတို့သည်ကား ၎င်းတို့အား တိုက်ခိုက်ရန် ကြီးမားသောစစ်တပ်တစ်တပ်ကို ရန်သူစုစည်းပြီးပြီဆိုသည့် သတင်းကိုကြားရကာ ထိုစစ်တပ်ကိုကြောက်ရွံ့ပြီး တိုက်ခိုက်မှုမှ ရှောင်ကြဉ်ရန် အကြံပြုခံရလင့်ကစား ထိုသတင်းကြောင့်ပင် ထိုဆွဟာဗတ်ကြီးများ၏ အီမာန်ယုံကြည်မှုပိုမို တိုးတက်လာစေပါသည်။ အကြောင်းကားရှင်းပါသည်။ ဤကောင်းချီးပေးခံရသူများသည် အလွှာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်နာခံရန် သဘောတူညီပြီးသည့်နေ့မှစ၍ ၎င်းတို့လျှောက်ရန်ရွေးခဲ့သည့်လမ်းသည် အန္တရာယ်အတိဖြစ်ကြောင်း သိရှိခဲ့ကြပါသည်။

ခြေလှမ်းတိုင်းတွင် အခက်အခဲများနှင့် အတားအဆီးများ ရှိနိုင်ပါသည်။ သူတို့လျှောက်လှမ်းရမည့်လမ်းသည် လွယ်ကူလိမ့်မည်မဟုတ်ချေ။ ၎င်းတို့သည် ဟန့်တားခြင်းခံကြရလိမ့်မည်။ ၎င်းတို့၏တော်လှန်ရေးလှုပ်ရှားမှုကို လက်နက်အင်အားသုံး၍ပင် နှိမ်နင်းခံရလိမ့်မည်။ ထို့ကြောင့် ဤမြင့်မြတ်သောသူများသည် ယင်းကဲ့သို့သော အခက်အခဲများကို ကြုံတွေ့ရပါလျှင် ၎င်းတို့၏ အီမာန်ယုံကြည်မှုစွမ်းအားသည် နဂိုအနေအထားနှင့် မတူဘဲ ပိုမိုမြင့်မားသော အဆင့်များသို့ပင် ရောက်စေပါသည်။ ရလဒ်မှာ ၎င်းတို့သည် ယခင်နှင့်မတူ ပိုမို၍ ကြိုးစားလုပ်ဆောင်ကာ ကိုယ်ကျိုးပိုမို၍ စွန့်လာပေသည်။

ထင်ရှားသည်မှာ ဤမြင့်မြတ်သူများ၏ အီမာန်မှာ အစွမ်းသာသနာသို့ စတင်သက်ဝင်ယုံကြည်သည့်နေ့မှစ၍ ပြီးပြည့်စုံပြီးဖြစ်ပေသည်။ ထို့ကြောင့် ဤအာယသ်တော်နှစ်ခုဖြစ်သည့် ၁၇၂-၁၇၃ ထဲတွင်ပါဝင်သော အီမာန်ပိုမိုတိုးပွားခြင်းဟူသော အီမာန်၏အရည်အသွေး တိုးပွားခြင်းနှင့် အီမာန်၏ နောက်ဆုံးရလဒ်တိုးပွားခြင်းကို ဆိုလိုသည်။ အလွှာဟ်အရှင်မြတ်နှင့် အလွှာဟ်တမန်တော်၏ ဖိတ်ခေါ်မှုကို မဆိုင်းမတွ တုန့်ပြန်ခဲ့သည့်

ဆွဟာဗဟ်ကြီးများ၏ ဤအခြေအနေကို ဤနေရာတွင် အထူးဖော်ပြခြင်းခံရကာ ထိုဆွဟာဗဟ်ကြီးများ ဂျိဟားဒ် စစ်ပွဲခရီတက်ရာတစ်လျှောက်တွင် **حَسْبُنَا اللهُ وَنِعْمَ الْوَكِيْلُ** အာယသ်တော်(၁၇၃)ကို အမြဲတစေ ရွတ်ဆိုကြသည်။ အာယသ်တော်ကဆိုလိုသည်မှာ "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့(မှီခိုအားထားရန်)အလို့ငှာ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော်မူလေသည်။"

ဤအချက်မှနေ၍ လုပ်ဆောင်မှုဆိုင်ရာ အရေးကြီးသည့် ဥပဒေတစ်ရပ်ကို တွေးတောဆင်ခြင်ကြည့်ကြစို့။ အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံအားထားမှုပြုခြင်းတွင် တမန်တော်မြတ်ﷺ သခင်နှင့် ကိုယ်တော်၏ ဆွဟာဗဟ်ကြီးများထက် တစ်ဆင့်သာသော ယုံကြည်အားထားမှုမျိုးကို ဤကမ္ဘာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မထားရှိနိုင်ကြောင်းမှာ ကျွန်ုပ်တို့အားလုံး သိရှိကြပြီးဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ ယုံပုံအားထားခြင်း၏ အသွင်သဏ္ဌာန်နှင့် လုပ်နည်းကိုင်နည်းမှာကား ကွဲပြားခြားနားပေသည်။ ရနိုင်သမျှသော ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းအားလုံးတို့ကို စွန့်ပစ်ကာ အေးအေးဆေးဆေးထိုင်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် လုံလောက်ပါသည်။ ဘာမျှမလုပ်ဘဲ နေလျှင်လည်း အလ္လာဟ်အရှင်မြတ်သည် အောင်မြင်မှုနှင့်အတူ ကောင်းချီးမင်္ဂလာများ ပေးအပ်လိမ့်မည်ဟု ပြောဆိုကာ အဆုံးသတ်စေခြင်းကို တမန်တော်မြတ်ﷺ သခင် စဉ်းပင်စဉ်းစားလိမ့်မည်မဟုတ်ချေ။ ထိုသို့ မည်သည့်အခါမျှ မလုပ်ချေ။ ယုံပုံအားထားမှုသည် ထိုသို့လုပ်ရန် မဟုတ်ချေ။ သို့မဟုတ်ပါဘဲ တမန်တော်မြတ်ﷺ သခင်သည် သာဝကကြီးများကို စုစည်းခြင်း၊ ဒဏ်ရာရှိသူတို့၏ နှလုံးသား၌ တိုက်ခိုက်လိုစိတ်သစ်များ သွတ်သွင်းခြင်း ဂျိဟားဒ်စစ်ပွဲအတွက် ဆွဟာဗဟ်ကြီးများအား ရုပ်ပိုင်း၊ နာမ်ပိုင်းဆိုင်ရာများ ပြင်ဆင်ပြီးမှသာလျှင် စစ်ပွဲထွက်စေပါသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺ သခင်သည် ရနိုင်သမျှသော ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများ စုဆောင်းအသုံးပြုပြီးမှသာလျှင် "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူပေသည်"ဟု ကိုယ်တော်မြတ်က မိန့်ကြားတော်မူခဲ့သည်။ ဤသည်သာလျှင် သဝပ်ကလ် (အလ္လာဟ်အရှင်မြတ်ကို ယုံပုံအားထားခြင်း) အလွန်ခိုင်လုံစစ်မှန်သော ပုံစံပင်ဖြစ်သည်။

ဤပုံစံကို ကုရ်အာန်ကျမ်းတော်မြတ်က သင်ကြားပြသခဲ့၍ တမန်တော်မြတ်ﷺ သခင် ကိုယ်တိုင်ကျင့်သုံးကာ အပါးတော်တွင်ရှိသူအားလုံးကိုလည်း လုပ်ဆောင်စေခဲ့ပါသည်။ ဤကမ္ဘာလောကတွင် ကျွန်ုပ်တို့ထံရှိသော ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများအားလုံးသည်ကား အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းချီးမင်္ဂလာများသာ ဖြစ်တော့သည်။ ယင်းတို့ကို ငြင်းပယ်ခြင်းကိုလည်းကောင်း၊ စွန့်လွှတ်ခြင်းကိုလည်းကောင်း အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်းရာ ရောက်ပေသည်။ ရနိုင်သမျှသော ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများကို စွန့်လွှတ်ပြီးမှ အလ္လာဟ်အရှင်မြတ်ထံ ယုံပုံအားထားခြင်းသည် အလ္လာဟ်အရှင်မြတ် တမန်တော်မြတ်၏ စွန့်သစ်လေ့တော်မဟုတ်ချေ။ သို့သော်လည်း တစ်စုံတစ်ဦးသည် ၎င်း၏အခြေအနေက ၎င်းအား ပြီးပြည့်စုံအောင် လွှမ်းမိုးသွားခဲ့လျှင်မူ ၎င်းအား ရှုရီအသ်၏ ဤခံယူချက်ကို မလိုက်နာခြင်းအတွက် ခွင့်လွှတ်နိုင်ပေသည်။ သို့မဟုတ်လျှင် အလွန်ခိုင်လုံသော ဓလေ့မှာကား တိုတိုတုတ်တုတ်ရှင်းလင်းစွာ ဖော်ပြထားသော ပါရှင်းကဗျာဖော်ပြထားသည့် အတိုင်းပင်ဖြစ်သည်။

برتوکل زانوے اشتربه بند

ယုံပုံအားထားမှု မပြုမီ အသင်၏ ကုလားအုင်္ကိုကို ချည်နှောင်ထားပါလေ။

တမန်တော်မြတ်﴿ﷺ﴾ သခင်ကိုယ်တော်တိုင် အမှုတစ်ခုအတွက် ဆုံးဖြတ်ချက်ချရာတွင် ဤအာယသ်တော် **حَسْبُنَا اللهُ وَنِعْمَ الْوَكِيْلُ** "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူလေသည် ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရန် အကောင်းဆုံး အရှင်မြတ်ပင် ဖြစ်တော်မူလေသည်" (၁၇၃) ဟု မိန့်ကြားတော်မူခဲ့ကြောင်း ဟဒီးဆ်တော်တွင် ဖော်ပြထားသည်။

စိုက်ယိဒိနာ အောဖ်အိဗ်နိမာလိက်﴿رضي الله عنه﴾ သခင်၏ ဆင့်ပြန်ချက်အရ လူနှစ်ဦးသည် အမှုတစ်ခုအတွက် အဆုံးအဖြတ်ခံယူရန် ကိုယ်တော်မြတ် ရှေ့မှောက်လာရောက်ခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က အဆုံးအဖြတ်ပေးခဲ့သည်။ အမှုရှုံးသောသူသည် ဆုံးဖြတ်ချက်ကို အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ် နာခံကာ **حَسْبِيَ اللهُ وَنِعْمَ الْوَكِيْلُ** "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ် (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူပေ သည်။ ၎င်းပြင် ထိုအရှင် မြတ်သည် ယုံပုံအားထားရန် အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော်မူလေသည်" ဟူ၍ ၎င်း၏နှုတ်မှရေရွတ်ကာ ထွက်ခွာသွားခဲ့သည်။ ကိုယ်တော်မြတ်﴿ﷺ﴾ သခင်က "ထိုသူအား ကျွန်ုပ်ထံ ခေါ်လာခဲ့"ဟု မိန့်ကြားခဲ့သည်။ ကိုယ်တော်မြတ်က ထိုသူအား မိန့်ကြားသည်မှာ -

اِنَّ اللهَ يَلُوْمُ عَلَى الْعِجْزِ وَلٰكِنْ عَلَيْكَ بِالْكَيْسِ فَاِذَا غَلَبَكَ اَمْرٌ فَقُلْ حَسْبِيَ اللهُ وَنِعْمَ الْوَكِيْلُ.

"အလ္လာဟ်အရှင်မြတ်သည် ဘာမျှမလုပ်ခြင်းကို အပြစ်တင်သည်။ သို့သော်လည်း အသင့်တာဝန်ကား နည်းလမ်းများသုံးရန်ဖြစ်သည်။ ထိုနည်းလမ်းများကိုသုံး၍ အခက်အခဲများကို မကျော်လွှားနိုင်ဘဲ စွမ်းအားမဲ့နေလျှင်သာ သင်သည်" အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ် (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော်မူသည်"ဟု ပြောဆိုပါလေ။

တတိယအာယသ်တော်ဖြစ်သော (၁၇၄)က ဂျိဟားဒ်စစ်ပွဲအတွက် ဖိတ်ခေါ်ရာတွင် ဆွဟာဗဟ်သာဝကြီးတို့၏ ရဲရင့်သောတုန့်ပြန်မှုနှင့် **حَسْبُنَا اللهُ وَنِعْمَ الْوَكِيْلُ** "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ (မှီခိုအားထားရန်) အလို့ငှာ လုံလောက်တော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရန် အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော် မူသည်"ကို ပြောကြားခြင်းကြောင့် ၎င်းတို့အပေါ် ကျရောက်သည့် ကောင်းချီးမင်္ဂလာအကြောင်းပြန်လည်ဖော်ပြ ထားသည်။ ယင်းအာယသ်တော်တွင် ဆက်လက်မိန့်ကြားထားသည်မှာ

فَانْقَلَبُوْا بِنِعْمَةٍ مِّنَ اللهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوْٓءٌ ۙ وَاتَّبَعُوْا رِضْوَانَ اللهِ ؕ

"သို့ဖြစ်ပေရာ ယင်းသူတို့သည် (ယုံကြည်စိတ်ချစွာဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် ထွက်ခဲ့

ကြပြီးနောက်) မည်သည့်အန္တရာယ်မှ ထိရောက်ခြင်းမရှိဘဲ အလ္လာဟ်အရှင်မြတ်အထံတော်မှ (ပေးသနားတော်မူသော) စည်းစိမ်ချမ်းသာများအပြင် အထူးကျေးဇူးတော်နှင့်တကွ (မိမိတို့အိမ်များသို့) ပြန်ခဲ့ကြကုန်၏။ စင်စစ်တစ်မူကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို လိုက်နာပြုလုပ်ခဲ့ကြကုန်၏" (၃း၁၇၄)

အလ္လာဟ်အရှင်မြတ်သည် ထိုသူများအပေါ် (၃)ခုသော ကောင်းချီးမင်္ဂလာများ အပ်နှင်းတော်မူခဲ့သည်။

(၁) မယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ နှလုံးသားတွင်းသို့ ကြောက်ရွံ့တုန်လှုပ်မှု ထည့်သွင်းလိုက်သော ကြောင့် ၎င်းတို့စစ်မြေပြင်မှ ဆုတ်ခွာထွက်ပြေးခဲ့ရသည်။ ထို့ကြောင့် ဆွဟာဗဟ်သာဝကကြီးများသည် စစ်ပွဲ၏ ခက်ထန်မှုများမှ အကာအကွယ်ရသွားခဲ့ပါသည်။ ကျွန်ုပ်တို့က ကောင်းချီးမင်္ဂလာအဖြစ် ရည်ညွှန်းသော **نِعْمَة** "နိအ်မသ်" ဟူသည့် စကားလုံးကို အလ္လာဟ်အရှင်မြတ်က သုံးနှုန်းတော်မူခဲ့သည်။

(၂) ၎င်းတို့အပေါ်၌ ဒုတိယမြောက် ကောင်းချီးမင်္ဂလာကား ဟမ်ရာအလ်အစဒ်စွေးတွင် ရောင်းဝယ်ဖောက် ကားမှု ပြုနိုင်သည့်အခွင့်အလမ်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ငွေကြေးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုမှရသော အကျိုးအမြတ်ကို **فضل** "ဖတ်သွလ်" (သို့) အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးတော်ဟု ခေါ်ဝေါ်သည်။

(၃) ကောင်းချီးမင်္ဂလာများအနက် တတိယမြောက်နှင့် အမြင့်မားဆုံးကား ဤထူးမြတ်သည့်ပုဂ္ဂိုလ်များသည် ဂျိဟားဒ်တွင် အထူးအနေအထားတစ်ရပ်အရ ရရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုပင် ဖြစ်သည်။

حَسْبُنَا اللهُ وَنِعْمَ الْوَكِيلُ ကျွန်ုပ်တို့အားလုံးအတွက် အံ့သြဖွယ် တောင်းဆုတော်တစ်ရပ်

ကုရ်အာန်ကျမ်းတော်မြတ် ညွှန်ပြသော ဤတောင်းဆုတော်၏ ကောင်းချီးမင်္ဂလာသည် တမန်တော်မြတ် ﷺ သခင်၏ ဆွဟာဗဟ်သာဝကကြီးများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ စင်စစ် မည်သူမဆို အီမာန်ယုံကြည်မှု၏ စစ်မှန်သော အနှစ်သာရနှင့် ဤဒုအာကို စူးစူးစိုက်စိုက် ရွတ်ဆိုခဲ့လျှင် ထိုသူသည် ယင်းကဲ့သို့သော ကောင်းချီးမင်္ဂလာကို ရနိုင်ပေသည်။

မုစ်လင်မ်သာသနာ့ပညာရှင်များနှင့် နာမ်ပိုင်းဆိုင်ရာ ဆရာသခင်ကြီးများက မိန့်ကြားခဲ့သည်မှာ မည်သူမဆို စစ်မှန်သော ယုံကြည်ချက်ဖြင့် ဤဒုအာကို အကြိမ်တစ်ထောင် ရွတ်ဆို၍ ဆုဒုအာတောင်းခံခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် သူ၏တောင်းဆိုမှုကို ငြင်းပယ်တော်မမူကြောင်း တွေ့ရှိရပါလိမ့်မည်။ အခက်အခဲများနှင့် ရုံးနိမ့်ရခြင်းတို့၏ ဖိစီးမှုကြောင့် ဤအာယသ်တော် ရွတ်ဖတ်သရစ္ဈာယ်လျှင် အားလုံးသော ကိစ္စရပ်များကို ကျော်လွှားပျောက်ကင်းစေပါသည်။

စတုတ္ထအာယသ်တော်ဖြစ်သော အာယသ်တော် (၁၇၅)က မိန့်ကြားသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ ပြန်လာမည်ဟူသော သတင်းစကား၏နောက်ကွယ်မှ လုပ်ဆောင်သူအစစ်မှာ ရှိုင်တွာန်ပင်ဖြစ်သည်။ သူ၏ မိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အင်အားနှင့် မုစ်လင်မ်များကို ခြိမ်း ခြောက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် **يُخَوِّفُ** ယုခေါက်ဝ်ဝိဖု (အသင့်)အား ခြိမ်းခြောက်သည်ဟူသော

ကြိယာ၏ ကံပုဒ်နှစ်ခုတွင် တစ်ခုကို မူရင်းစာသား၌ ချန်လှပ်ထားသည်။ ဖော်ပြထားသော တစ်ခုမှာ "သူ၏ အဆွေခင်ပွန်း များ၏"တွင် ပါဝင်သည်။ နားလည်သော်လည်း ဖော်ပြမထားသည်မှာ "အသင်"ဟူ၍ဖြစ်သည်။ အကယ်၍ ဖော်ပြမည်ဆိုလျှင် **يُخَوِّفُكُمْ** ယုခေါက်ဝ်ဝိဖုကွန်မ် (အသင့်အားကြောက်ရွံ့စေသည်) ဖြစ်သွားပေမည်။

အဆုံးတွင် အာယသ်တော်က မုစ်လင်မ်များအား ထိုကဲ့သို့ ခြိမ်းခြောက်မှုများကို မကြောက်ရွံ့ရန် တိုက်တွန်းနှိုးဆော်ထားသည်။ လိုအပ်သည်မှာ မုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အား အမြဲတစေ ကြောက်ရွံ့နေ၍ ယင်းသို့ပြုခြင်း၏ သဘာဝရလဒ်မှာ စစ်မှန်သော မုစ်လင်မ်တစ်ဦးသည် အလ္လာဟ်အရှင်မြတ် အမိန့်ဖီဆန်သည့်သဘော သက်ရောက်စေသည့် မည်သည့်အလုပ်ကိုမဆို မလုပ်မီအလျှင် အကြိမ်ကြိမ်စဉ်းစားပါလိမ့်မည်။ ကိစ္စရပ်၏ အမှန်တရားမှာ အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် ထောက်ပံ့မှုသည် တစ်စုံတစ်ဦးဘက်တွင် ရှိနေသောကြောင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမှ အန္တရာယ် မပေးနိုင်တော့ချေ။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းသည် မည်သည်ကို ဆိုလိုသနည်း

လက်ရှိအာယသ်တော်ထဲတွင်ပါဝင်သော မုစ်လင်မ်များ၏ မပြုမနေရတာဝန်မှာ အလ္လာဟ်အရှင်မြတ်အား အမြဲတစေ ကြောက်ရွံ့ရန်ဖြစ်သည်။ အခြားအာယသ်တော်တွင် **يَخَافُوْنَ رَبَّهُمْ مِّنْ فَوْقِهِمْ** (၎င်းတို့သည် မိမိတို့အထက်၌ လွှမ်းမိုးလျက်ရှိတော်မူသော မိမိတို့၏ အရှင်မြတ်အား ကြောက်ရွံ့ကြလေသည်။) (၁၆း၅၀) ဟု လာရှိသည်။ ထိုကဲ့သို့ ပြုမူသူများကို ခီးကျူးထားပါသည်။ အချို့လေးစားဖွယ် အကြီးအကဲများက ယင်းကို ရှင်းလင်းပြောကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ခြင်းသည် အကြောက်လွန်၍ လန့်ဖြန့်နေခြင်း (သို့) ထိုင်ငိုနေရခြင်းကို မဆိုလိုပါ။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့သူဆိုသည်မှာ အလ္လာဟ်အရှင်မြတ် မနှစ်မြို့မှု (သို့) အရှင်မြတ်၏ အပြစ်ပေး ခံရမှုတို့ဖြစ်စေနိုင်သော ကိစ္စရပ်အားလုံးမှ ရှောင်ရှားသူပင်ဖြစ်သည်။

အဗူအလီအလ်ဒွက္ကား ([ylI.A]mHR) ပြောကြားသည်မှာ အဗူဗကရ် အိပ်နိဖုဝါရာခ် မမာမကျမ်းဖြစ်သော အခါ ၎င်းထံ လူမမာမေးသွားရောက်ခဲ့သည်။ အဗူဗကရ်သည် ၎င်းအားတွေ့မြင်စဉ် ငိုကြွေးခဲ့ပါသည်။ အဗူအလီကဘာမျှ စိတ်ပူစရာမရှိကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် သူ့အားကျမ်းမာရေး မကြာမီကောင်းလာစေမည်ဟု အားပေးနှစ်သိမ့်ခဲ့သည်။ အဗူဗကရ်က ၎င်းသေရမှာ ကြောက်ရွံ့၍ ငိုကြွေးနေခြင်းမဟုတ်ကြောင်းဖြင့် အဗူအလီ၏ ထင်မြင်ချက်ကို ပြင်ဆင်ကာ မိန့်ကြားခဲ့သည်။ သူအမှန်စိတ်ပူသည်မှာ သေပြီးနောက် အလ္လာဟ်အရှင် မြတ်၏ ပြစ်ဒဏ်ပေးခံရမှာကိုပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ **(ကုရ်တုဗီ)**

VVVVVVVVVV

အာယသ် (၁၇၆–၁၇၈)

وَلَا يَحْزُنْكَ الَّذِينَ يُسَارِعُونَ فِي الْكُفْرِ ۚ إِنَّهُمْ لَنْ يَضُرُّوا اللَّهَ شَيْئًا ۗ
يُرِيدُ اللَّهُ أَلَّا يَجْعَلَ لَهُمْ حَظًّا فِي الْآخِرَةِ ۖ وَلَهُمْ عَذَابٌ عَظِيمٌ ﴿١٧٦﴾
إِنَّ الَّذِينَ اشْتَرَوُا الْكُفْرَ بِالْإِيمَانِ لَنْ يَضُرُّوا اللَّهَ شَيْئًا ۖ وَلَهُمْ
عَذَابٌ أَلِيمٌ ﴿١٧٧﴾ وَلَا يَحْسَبَنَّ الَّذِينَ كَفَرُوا أَنَّمَا نُمْلِي لَهُمْ خَيْرٌ
لِأَنْفُسِهِمْ ۚ إِنَّمَا نُمْلِي لَهُمْ لِيَزْدَادُوا إِثْمًا ۚ وَلَهُمْ عَذَابٌ مُهِينٌ ﴿١٧٨﴾

ထို့ပြင်တစ်ဝ (အိုနဗီတမန်တော်) သွေဖည်ငြင်းပယ်မှုဌ္ဌ လျင်မြန်စွာ ကျဆင်းသောသူတို့သည် အသင့်အား စိတ်ဒုက္ခ (ရောက်စေသောအကြောင်း) မဖြစ်စေရ။ အမှန်စင်စစ် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှပင် အကျိုးယုတ်နစ်နာစေခြင်းကို အလျင်းပြုစွမ်းနိုင်ကြမည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အဖို့ နောင်တမလွန်ဘဝတွင် (မိမိ၏ စည်းစိမ်ချမ်းသာ အကျိုးကျေးဇူးတော်များအနက်မှ) မည်သည့်ဝေစုဝေပုံကိုမျှ ပေးသနားတော်မူရန် ရည်စူးတော်မမူချေ။ ၎င်းပြင် ထိုသူတို့အဖို့ (နောင်တမလွန်ဘဝတွင်) အလွန်ကြီးလေးသော အပြစ်ဒဏ်သည်လည်း (အသင့်) ရှိပေသည်။ (၃း၁၇၆)

ဧကန်မလွဲ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရား (တည်းဟူသောရတနာ) ဖြင့် သွေဖည်ငြင်းပယ်မှုကို လဲလှယ်ဝယ်ယူကြကုန်သော သူတို့သည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှ အကျိုးယုတ် နစ်နာစေခြင်းကို အလျဉ်းပြုစွမ်းနိုင်ကြမည် မဟုတ်ချေ။ အမှန်စင်စစ်သော်ကား (နောင်တမလွန်ဘဝတွင်) အလွန်နာကျင်ဖွယ်ဖြစ်သော အပြစ်ဒဏ်သည် ၎င်းတို့အတွက် (အသင့်) ရှိချေသတည်း။(၃း၁၇၇)

ထို့မှတစ်ပါးတုံ သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည်မိမိတို့အား ငါအရှင်မြတ်က (အပြစ်ဒဏ်ပေးတော်မူခြင်းမှ) ဆိုင်းငံ့ထားတော်မူသည်ကို မိမိတို့အဖို့ ကောင်းမြတ်လှပေသည်ဟု အလျင်းမထင်မှတ်ကြရချေ။ ငါအရှင်မြတ်သည် ယင်းသူတို့အား (အပြစ်ဒဏ်ပေးတော်မူခြင်းမှ) ဆိုင်းငံ့ထားတော်မူသည်မှာ စင်စင်ယင်းသူတို့သည် အပြစ်ဒုစရိုက်မှုများ၌ ပိုမိုတိုးပွားစိမ့်သောငှာသာလျှင် ဖြစ်ချေသည်။ တစ်ဖန် (နောင်တမလွန်ဘဝတွင်လည်း) ထိုသူတို့

အဖို့ ဝုဏ်အသရေပျက်စေသော အပြစ်ဒဏ်သည် (အသင့်ပြင်ဆင်ပြီး)ရှိပေသတည်း။ (၃:၁၇၈)

ပြီးခဲ့သည့် အာယသ်တော်များထဲတွင် အရေခြုံများ၏ ကောက်ကျစ်စဉ်းလဲမှုနှင့် စိတ်ထားယုတ်ညံ့မှုကို ဖော်ပြထားခဲ့သည်။ လက်ရှိအာယသ်တော်များက မယုံကြည်သွေဖည်ငြင်းပယ်သူများတို့၏ ဘေးအန္တရာယ်ဖြစ်စေသောလုပ်ရပ်အပေါ် ဝမ်းနည်းပူဆွေးမှုမဖြစ်စေရန် တမန်တော်မြတ်ﷺ သခင်အား နှစ်သိမ့်ထားပါသည်။ ယင်းလုပ်ရပ်တို့သည် ကိုယ်တော်မြတ်ﷺ ကို မည်သည့်နည်းနှင့်မျှ အန္တရာယ်မပေးနိုင်သောကြောင့် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်ဖြစ်သည့် ၁၇၈ တွင် မယုံကြည်သွေဖည်ခြင်းပယ်သူများ၏ မမှန်ကန်သော အတွေးအမြင် အယူအဆကို ငြင်းဆိုထားမှုတစ်ခုပါဝင်သည်။ ယင်းမမှန်ကန်သော အယူအဆမှာ လက်ရှိကမ္ဘာ၌ တိုးတက်ကြီးပွားနေသော ၎င်းတို့အား အဘယ်ကြောင့် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်းနှင့် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခြင်းခံရသူများဟု မှတ်ယူနိုင်သနည်း။

အကျယ်ဖွင့်ဆိုခြင်း

မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမှုမှာ အလ္လာဟ်အရှင်မြတ်၏ အပြစ် ဒဏ်ခတ်ခြင်းကို ရှည်ကြာစေခြင်းတစ်ရပ်ဖြစ်သည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများ လောကတွင် ကောင်းစားနေကြခြင်းအတွက် သံသယဖြစ်မနေပါနှင့်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဆိုင်းငံ့ထားခြင်း၊ အသက်ရှည်စေခြင်း၊ လုံခြုံစေခြင်းနှင့် သက်တောင့်သက်သာရှိစေခြင်းတို့မှာ ၎င်းတို့သည် ပြစ်မှုဒုစရိုက်များ ပိုမိုတိုးပွား၍ လုပ်ကိုင်စေနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အား အပြစ်ကင်းစင်သူများအဖြစ် မမှတ်ယူသင့်ချေ။ အာယသ်တော်ကမိန့်ကြားသည်မှာ မုစ်လင်မ်များသည် မယုံကြည်သွေဖည်ငြင်းပယ်သူများအား ယာယီရွှေ့ဆိုင်းပေးထားခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းပေးထားမှုအပေါ် စိတ် အနှောက်အယှက်မဖြစ်ပါစေနှင့်ဟု ဆိုလိုသည်။ ၎င်းတို့သည် မယုံကြည်သွေဖည်၍ အမိန့်မနာခံသည့်တိုင် လောကီ ဥစ္စာပစ္စည်းနှင့် အာဏာပေးထားခြင်းသည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် အပြစ်ဒဏ်ခတ်မှုပုံစံတစ်မျိုးပင် ဖြစ်ပေသည်။ ယနေ့အခါတွင် သူတို့ဤသည်ကို သဘောပေါက်နားလည်မည် မဟုတ်ချေ။ သို့သော်လည်း ဤကမ္ဘာလောကမှ စွန့်ခွာသွားသည်နှင့် တပြိုင်တည်း ၎င်းတို့သဘောပေါက်ပေလိမ့်မည်။ ၎င်းတို့စိတ်ပျက်စွာနှင့် တွေ့ရှိရမည်မှာကား ၎င်းတို့စုဆောင်း၍ ပြစ်မှုကျူးလွန်ရာတွင် သုံးစွဲခဲ့သည့် သက်တောင့်သက်သာဖြစ်စေမည့်အရာအားလုံးသည် စင်စစ်ငရဲမီး၏ လောင်စာများပင် ဖြစ်ကြပေသည်။ ဤအကြောင်းကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အခြားအာယသ်တော်များတွင် အခိုင်အမာ ဖြစ်စေခဲ့ပါသည်။ ပမာအားဖြင့် (၉-၅၅)တွင် **اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ بِهَا** "အလ္လာဟ်အရှင်မြတ်သည် ထိုဥစ္စာပစ္စည်းနှင့် သားသမီးတို့အားဖြင့် ထိုသူတို့အား လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန် ရည်စူးတော် မူလေသည်"ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စည်းစိမ်ဥစ္စာနှင့် အာဏာတို့သည် ၎င်းတို့အတွက် မာနတက်စရာများ မဟုတ်ဘဲ နောင်တမလွန်ဘဝတွင် ၎င်းတို့ ပြစ်ဒဏ်ကို ပိုမိုကျခံစေရန် အတွက် အကြောင်းခံဖြစ်ပေသည်။

အာယသ် (၁၇၉)

مَا كَانَ اللَّهُ لِيَذَرَ الْمُؤْمِنِينَ عَلَىٰ مَا أَنتُمْ عَلَيْهِ حَتَّىٰ يَمِيزَ
الْخَبِيثَ مِنَ الطَّيِّبِ ۗ وَمَا كَانَ اللَّهُ لِيُطْلِعَكُمْ عَلَى الْغَيْبِ وَ
لَٰكِنَّ اللَّهَ يَجْتَبِي مِن رُّسُلِهِ مَن يَشَاءُ ۖ فَآمِنُوا بِاللَّهِ وَرُسُلِهِ ۚ
وَإِن تُؤْمِنُوا وَتَتَّقُوا فَلَكُمْ أَجْرٌ عَظِيمٌ ﴿١٧٩﴾

အလ္လာဟ်အရှင်မြတ်သည် မသန့်စင်သောသူ (မုနာဖစ်က်)ကို သန့်စင်သောသူ (မုစ်လင်မ်အစစ်အမှန်)နှင့် ခွဲခြားတော်မမူဘဲ "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူအပေါင်းတို့အား (ယနေ့) အသင်တို့ ("မုစ်လင်မ်" အစစ်နှင့် "မုနာဖိစ်က်" အယောင်ဆောင် "မုစ်လင်မ်"တို့သည် ရောနှောလျက်ရှိသော) အခြေအနေမျိုးတွင် လွှတ်ထားတော်မူမည် မဟုတ်ပေ။ ထိုနည်းတူစွာ အလ္လာဟ်အရှင်မြတ်သည် (အယောင်ဆောင် "မုစ်လင်မ်"တို့၏ အမည်နာမတို့ကို ထုတ်ဖော်ပြသတော်မူခြင်းအားဖြင့်)အသင်တို့အား မျက်ကွယ်၌ရှိသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အသိပေးတော်မူမည်လည်း မဟုတ်ပေ။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့သောအကြောင်းကိစ္စများအတွက်) မိမိ၏ ရစူလ်တမန်တော်များအနက်မှ အလိုရှိတော်မူသော ရစူလ်တမန်တော်အား ရွေးချယ်(တော်မူ၍ ထုတ်ဖော်ပြသရန်လိုအပ်သော အကြောင်းအရာများကိုသာ ထုတ်ဖော်မိန့်ကြား)တော်မူလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်(အပေါင်း)တို့ကို ယုံကြည်ကြလေကုန်။ တစ်ဖန် အကယ်၍သာ အသင်တို့အသည် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိ၍ (ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်ကြပါမူ (နောင်တမလွန်ဘဝတွင်) အသင်တို့အဖို့ ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်သည်(အသင့်)ရှိလတ္တံ့။ (၁၇၉)

အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌ စက်ဆုတ်ရွံရှာဘွယ်ဖြစ်သော်လည်း အဘယ်ကြောင့် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အမျိုးမျိုးသော ဥစ္စာပစ္စည်းများနှင့် စည်းစိမ်ရှိရှိနေထိုင်ရန် နည်းလမ်းများကို အဘယ်ကြောင့် ပိုင်ဆိုင်ရပါသနည်းဟူသည့် မေးခွန်းကို ပြီးခဲ့သော အာယသ်တော် ၁၇၈ တွင် ဖြေကြားထားပါသည်။

လက်ရှိအာယသ်တော် ၁၇၉ သည် ပြီးခဲ့သောအာယသ်တော်နှင့်မတူဘဲ ကွဲပြားကာ အလ္လာဟ်အချစ်

တော်များဖြစ်ကြလင့်ကစား စစ်မှန်သော အီမာန်ရှင်များသည် အမျိုးမျိုးသော အခက်အခဲများနှင့် အဘယ်ကြောင့် စမ်းသပ်ခံခဲ့ရပါသနည်းဟူသော ဒွိဟသံသယကို ဖယ်ရှားစေခဲ့ပါသည်။ အလ္လာဟ်အချစ်တော်များ ဖြစ်ခဲ့လျှင် သက်တောင့်သက်သာဖြစ်စေသည့် ပစ္စည်းပစ္စယများနှင့် ခြံရံကာ နေသင့်သည်။

အကျယ်ဖွင့်ဆိုခြင်း

အီမာန်ရှင်တစ်ဦးနှင့် အရေခြုံတစ်ဦးကို ဝဟီမှတစ်ဆင့်မဟုတ်ဘဲ လက်တွေ့ပြသခြင်းမှတစ်ဆင့် ကွဲပြားစေရန် ပြုလုပ်ခြင်း၏ အသိဉာဏ်

ဤအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ ကြီးကျယ်မြင့်မြတ်သော အလ္လာဟ်အရှင်မြတ်တွင် စစ်မှန်သော ယုံကြည်သူနှင့် အရေခြုံတစ်ဦးကိုခွဲခြားရန် အရှင်မြတ်တွင် နည်းလမ်းရှိပေသည်။ ယုံကြည်သူသည် ယင်းနည်းလမ်းကြောင့် ခက်ခဲမှု အခြေအနေများဖြစ်စေကာ အရေခြုံများ၏ အရေခြုံမှုကို လက်တွေ့ကျကျ ဖော်ထုတ်ပြီးဖြစ်ပါလိမ့်မည်။ ဤခွဲခြားမှုကို စင်စစ် ဝဟီမှတစ်ဆင့် မည်သူအရေခြုံဖြစ်ကြောင်း နာမည်တတ်ကာ ပြုလုပ်နိုင်ပါသည်။ သို့သော်လည်း ဒုတိယနည်းလမ်းကို အသုံးမပြုပါ။ ယင်းနည်းလမ်းသည် အမြော်အမြင်ရှိသည် မဟုတ်သောကြောင့် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် ပြုလုပ်တော်မူခြင်း၏ နောက်ကွယ်တွင် အသိဉာဏ်တသီကြီး ရှိခြင်းကို ထိုအရှင်တစ်ပါးတည်းသာလျှင် သိတော်မူလေသည်။

သို့သော်လည်း လက်ရှိအာယသ်တော်တွင် အသိဉာဏ်ရှိသည့် ဆင်ခြင်တွေးတောမှုတစ်ရပ်မှာ "အကယ်၍ မုစ်လင်မ်များအား လူတစ်ဦးသည် အရေခြုံဖြစ်ကြောင်းကို ဝဟီမှတစ်ဆင့် ပြောကြားခဲ့လျှင် ၎င်းတို့သည် ထိုအရေခြုံများကို ဂရုတစိုက် ဆက်ဆံရန် အခက်မရှိနိုင်ချေ။ သို့သော်လည်း ဤသည်က အရေခြုံများလက်ခံနိုင်သော ရှင်းလင်းသည့် သက်သေပြချက် မပါဝင်သောကြောင့်ဖြစ်သည်။ ထိုသို့ သက်သေပြချက်မပါခဲ့လျှင် အရေခြုံများက "အသင်တို့မှားနေကြသည်။ ကျွန်ုပ်တို့သည် စစ်မှန်သော မုစ်လင်မ်များဖြစ်ကြသည်"ဟု အလေးအနက် ပြောမြဲပြောဆိုနေကြပေလိမ့်မည်။

ဤသည်နှင့် ဆန့်ကျင်ဖီလာဖြစ်စေရန် ကွဲပြားခြားနားခြင်းကို လက်တွေ့အားဖြင့် လုပ်ဆောင်ခဲ့ပါသည်။ အခက်အခဲများ ထည့်သွင်းထားခြင်းသည် အရေခြုံများအား စမ်းသပ်ရန်ဖြစ်ပြီး ယင်းစမ်းသပ်မှုကို ၎င်းတို့ မခံနိုင်ဘဲ ထွက်ပြေးသွားကြလေသည်။ သူတို့၏ အရေခြုံမှုသည် သရုပ်ပြပြီးဖြစ်ကာ လက်တွေ့ကျကျနှင့် ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြီး ဖြစ်သွားပါသည်။ ၎င်းတို့သည် စစ်မှန်ပြီး သစ္စာရှိသော ယုံကြည်သူမုစ်လင်မ်များ ဖြစ်ကြသည်ဟု ရဲတင်းစွာ မပြောဆိုနိုင်ကြတော့ပါ။

အရေခြုံများအား ဖော်ထုတ်သည့်နည်းလမ်းက မုစ်လင်မ်များအတွက် နောက်ထပ်အကျိုးကျေးဇူးတစ်ခု ပြုသည်မှာ အရေခြုံများနှင့် ပုံမှန်ဆက်ဆံမှုကို ဖြတ်တောက်ပြီးသား ဖြစ်သွားပါသည်။ သို့မဟုတ်ပါမူ သဘောထားကွဲလွဲမှုကို ရင်ထဲတွင် မျိုသိပ်ထားပြီး ဟန်ဆောင်ကာ သမရိုးကျ လူမှုဆက်ဆံရေးပြုနေခြင်းသည် လူကျင့်ဝတ်အရ ထပ်တူထပ်မျှ အန္တရာယ်ရှိပါသည်။

အကွယ်မှ အကြောင်းအရာများအကြောင်းကို တစ်စုံတစ်ဦးအား အသိပေးခြင်းကြောင့် ထိုသူသည် အကွယ်မှအကြောင်းအရာများကို သိသူဟု မဆိုနိုင်ပါ။

ဤအာယသ်တော်က ကျွန်ုပ်တို့အားပြောပြသည်မှာ အလ္လာဟ်အရှင်မြတ်သည် လူတိုင်းအား အကွယ်တွင်ရှိသော ကိစ္စရပ်များကို ဝဟီမှတစ်ဆင့် အသိမပေးပါ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ရွေးချယ်ထားတော်မူသော တမန်တော်များကို ဤနည်းဖြင့်အသိပေးပါသည်။ ဤသည်မှ တမန်တော်များသည်လည်း မမြင်ကွယ်ရာမှ ကိစ္စရပ်များ၏အကြောင်းအရာများ သိခြင်းကိုမျှဝေပိုင်ဆိုင်သူများ (သို့) မမြင်ကွယ်ရာမှကိစ္စရပ်များအကြောင်းကို သိနိုင်သူဟူ၍ အလျင်စလို မမှတ်ပါလေနှင့်။ အကြောင်းမှာ မမြင်ကွယ်ရာမှ ကိစ္စရပ်များ၏ အကြောင်းသိခြင်းသည် ဖန်ဆင်းရှင်၏ သီးသန့်ဂုဏ်တော်တစ်ရပ်ဖြစ်ပြီး မည်သည့်အဖန်ဆင်းခံကမှ မျှဝေမပိုင်ဆိုင်နိုင်ပါ။ ထိုကဲ့သို့ပြုလုပ်ခဲ့ပါလျှင် "ရှိရ်က်" (အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းဟူသော) ကြီးမားသောပြစ်မှုကြီး ကျူးလွန်ခြင်းဖြစ်သည်။ ဤသီခြားအသိကို အခြေအနေနှစ်ရပ်နှင့် အခိုင်အမာ ပြုထားသည်။

(၁) ဤအသိသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကပေးသင့်သည်။ မည်သူကမျှ ပေးစွမ်းနိုင်ခွင့် မရှိပါ။

(၂) ဤအသိသည် အားလုံးပြီးပြည့်စုံရမည်ဖြစ်ပြီး စကြဝဠာအားလုံး၏ အတိတ်ပစ္စုပ္ပန်ကို လွှမ်းခြုံစေနိုင်ရမည်။ ယင်းအသိသည် အဖန်းဆင်းခံများထဲမှ အသေးငယ်ဆုံးသော အရာကိုပင် မည်သည့်အဖုံးအကွယ်မှ မရှိသကဲ့သို့ သိရှိနိုင်ရမည်။ အလ္လာဟ်အရှင်မြတ် တမန်တော်များအား မမြင်ကွယ်ရာမှ အကြောင်းအရာများကို ဝဟီမှတစ်ဆင့် သိရှိစေခြင်းသည် အကွယ်မှ အကြောင်းအရာများအကြောင်းကို သိနိုင်သော အသိဉာဏ်ပေးခြင်း မဟုတ်မူဘဲ သတင်းပေးခြင်းသာဖြစ်သည်။ ယင်းသည် တမန်တော်များအား အကွယ်မှအကြောင်းအရာတို့၏ သတင်းပေးခြင်းသာဖြစ်ပြီး ၎င်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် **مِنْ اَنْبَآءِ الْغَيْبِ** (အကွယ်မှ အကြောင်းအရာများတို့၏ သတင်း ဟု သုံးစွဲထားပါသည်။)

ပမာဆိုသော် -

مِنْ اَنْبَآءِ الْغَيْبِ نُوْحِيْهَآ اِلَيْكَ

ဤ (အဖြစ်အပျက်အကြောင်း) တို့ကား အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်၏။ ငါအရှင်မြတ်သည် ထိုသတင်းများကို အသင့်ထံသို့ ထုတ်ပြန်တော်မူ၏။ (၁၁း၄၉)

VVVVVVVVVV

အာယသ် (၁၈၀-၁၈၆)

وَلَا يَحْسَبَنَّ

الَّذِيْنَ يَبْخَلُوْنَ بِمَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ هُوَ خَيْرًا
لَّهُمْ ۭ بَلْ هُوَ شَرٌّ لَّهُمْ ۭ سَيُطَوَّقُوْنَ مَا بَخِلُوْا بِهٖ يَوْمَ الْقِيٰمَةِ ۭ وَ
لِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ۱۸۰
لَقَدْ سَمِعَ اللّٰهُ قَوْلَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ فَقِيْرٌ وَّنَحْنُ
اَغْنِيَاۗءُ ۘ سَنَكْتُبُ مَا قَالُوْا وَقَتْلَهُمُ الْاَنْۢبِيَاۗءَ بِغَيْرِ حَقٍّ ۙ
وَّنَقُوْلُ ذُوْقُوْا عَذَابَ الْحَرِيْقِ ۱۸۱ ذٰلِكَ بِمَا قَدَّمَتْ
اَيْدِيْكُمْ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ۱۸۲ الَّذِيْنَ قَالُوْٓا
اِنَّ اللّٰهَ عَهِدَ اِلَيْنَآ اَلَّا نُؤْمِنَ لِرَسُوْلٍ حَتّٰى يَاْتِيَنَا
بِقُرْبَانٍ تَاْكُلُهُ النَّارُ ۭ قُلْ قَدْ جَاۗءَكُمْ رُسُلٌ مِّنْ قَبْلِيْ بِالْبَيِّنٰتِ
وَبِالَّذِيْ قُلْتُمْ فَلِمَ قَتَلْتُمُوْهُمْ اِنْ كُنْتُمْ صٰدِقِيْنَ ۱۸۳
فَاِنْ كَذَّبُوْكَ فَقَدْ كُذِّبَ رُسُلٌ مِّنْ قَبْلِكَ جَاۗءُوْ
بِالْبَيِّنٰتِ وَالزُّبُرِ وَالْكِتٰبِ الْمُنِيْرِ ۱۸۴ كُلُّ نَفْسٍ ذَاۗىِٕقَةُ
الْمَوْتِ ۭ وَاِنَّمَا تُوَفَّوْنَ اُجُوْرَكُمْ يَوْمَ الْقِيٰمَةِ ۭ فَمَنْ
زُحْزِحَ عَنِ النَّارِ وَاُدْخِلَ الْجَنَّةَ فَقَدْ فَازَ ۭ وَمَا
الْحَيٰوةُ الدُّنْيَآ اِلَّا مَتَاعُ الْغُرُوْرِ ۱۸۵ لَتُبْلَوُنَّ فِيْٓ
اَمْوَالِكُمْ وَاَنْفُسِكُمْ ۡ وَلَتَسْمَعُنَّ مِنَ الَّذِيْنَ اُوْتُوا
الْكِتٰبَ مِنْ قَبْلِكُمْ وَمِنَ الَّذِيْنَ اَشْرَكُوْٓا اَذًى كَثِيْرًا ۭ
وَاِنْ تَصْبِرُوْا وَتَتَّقُوْا فَاِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ۱۸۶

၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိကျေးဇူးတော်ဖြင့် ရက်ရောစွာ ပေးသနားတော်မူသော ဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍ စစ်စီစေးနှဲကြကုန်သောသူတို့သည် (ယင်းကဲ့သို့) စစ်စီစေးနှဲခြင်းသည် မိမိတို့အဖို့ ကောင်းမြတ်သည်ဟူ၍ မထင်မှတ်ကြရာချေ။ စင်စစ်မှာမူကား (ယင်းကဲ့သို့) စစ်စီစေးနှဲခြင်းသည် ထိုသူတို့အဖို့ဆိုးရွားလှပေသည်။ (အဘယ်ကြောင့်ဟူမူ) ထိုသူတို့သည် မုချရှင်ပြန်ထမည့်နေ့တွင် မိမိတို့ စစ်စီစေးနှဲ (သိုမှီစုဆောင်း)ခဲ့ကြကုန်သော ဥစ္စာပစ္စည်းများဖြင့် လည်ပင်း၌ကွင်းစွပ်ခြင်းကို ခံကြရမည်(ဖြစ်သောကြောင့်တည်း။) အမှန်သော်ကား ကောင်းကင်ဘုံများ၌လည်းကောင်း၊ ပထဝီမြေပြင်၌လည်းကောင်း ရှိရှိသမျှသော အမွေပစ္စည်းအစုစုတို့သည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်သည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၃း၁၈၀)

အလ္လာဟ်အရှင်မြတ်သည် အကြင်သူတို့၏ ပြောဆိုစကားကို ဧကန်စင်စစ် ကြားတော်မူခဲ့လေပြီ။ ထိုသူတို့က "အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ ဆင်းရဲတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ သို့ရာတွင် အကျွန်ုပ်တို့မူကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝပေါများသူများပင် ဖြစ်ကုန်၏"ဟု ပြောဆိုခဲ့ကြလေသည်။ (သို့ပြောဆိုသည်ကို ကြားတော်မူသည့်အတိုင်း) ငါအရှင်မြတ်သည် ထိုသူတို့၏ ပြောဆိုချက်နှင့်တကွ နဗီတမန်တော်များအား မည်သည့်အခွင့်အလမ်းမျှမရှိဘဲလျက် (သက်သက်မတရားသဖြင့်) ထိုသူတို့၏သတ်ဖြတ်ခြင်းကိုပါ မုချအမှန် ရေးမှတ်တော်မူအံ့။ တစ်ဖန် ငါအရှင်မြတ်သည် (ထိုသူတို့အား "ကိယာမသ်ခေါ် ရှင်ပြန်ထမည့်နေ့တွင်) "အသင်တို့သည် ဟုန်းဟုန်းတောက်သော ငရဲမီး(တည်းဟူသော) အပြစ်ဒဏ်၏ ရသာကိုမြည်းစမ်းကြ လေကုန်"ဟု မိန့်ကြားတော်မူလတ္တံ့။ (၃း၁၈၁)

ဤ(ကဲ့သို့ပြစ်ဒဏ်ခံကြရမည်မှာ) ကား အသင်တို့(ကိုယ်တိုင်) မိမိတို့လက်များဖြင့် ကြိုတင်ပို့နှင့်ပြီးဖြစ်သော အကုသိုလ်ဒုစရိုက်မှုများကြောင့်ပင်တည်း။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်များအပေါ်မတရားဖိစီးညှဉ်းပန်းနှိပ်စက်တော်မူသောအရှင် မဟုတ်ပေ။(၃း၁၈၂)

(ထိုယဟူဒီများသည် အကြင်သူများပင်ဖြစ်ကြကုန်၏) ထိုသူတို့က အကျွန်ုပ်တို့သည် မည်သည့်တမန်တော်တစ်ပါးကိုမျှ (ကောင်းကင်မှ) မီးစားသော အလျှဝတ္ထု တစ်စုံတစ်ရာကို ထိုတမန်တော်သည် အကျွန်ုပ်ထံ မယူဆောင်လာသမျှကာလပတ်လုံး မယုံကြည်ကြရန် အလ္လာဟ်အရှင်မြတ်က

ကျွန်ုပ်တို့အား မုချအမိန့်တော်ချမှတ်ထားတော်မူခဲ့လေသည်"ဟု (မဟုတ်မမှန်လုပ်ကြံ) ပြောဆိုကြကုန်သည်။ (သို့ဖြစ်၍ အိုနဗီတမန်တော် အသင်သည် ထိုသူတို့အား ဟယ်အချင်းတို့) အသင်တို့ အကယ်၍သာ "သစ္စဝါဒီ" မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြပါမူ အကျွန်ုပ်၏ အလျင်မြောက်မြားစွာသော ရစူလ် တမန်တော်များသည် (အမျိုးမျိုးသော) တန်ခိုးပြာဋိဟာများနှင့်တကွ အသင်တို့ပြောဆိုသော အချက်ကိုပါ ယူဆောင်ကြွရောက်လာခဲ့ချေပြီ။ သို့ဖြစ်ပါလျက် အသင်တို့သည် အဘယ်ကြောင့် ထိုရစူလ်တမန်တော်များကို သတ်ဖြတ်ခဲ့ကြပါသနည်း"ဟု ပြောဆိုမေးမြန်းပါလေ။ (၃း၁၈၃)

(အိုး-နဗီတမန်တော်) အကယ်၍ ထို ("ကာဖိရ်ငြင်းပယ်သော) သူတို့သည် အသင့်အား မုသားပြောဆိုသူဟူ၍ စွပ်စွဲပြောဆိုကြပါမူ (ဤသို့စွပ်စွဲပြောဆိုခြင်းကား မထူးဆန်းလှပေ။ အကြောင်းဟူမူ) အသင်၏အလျင်ထင်ရှားစွာသော တန်ခိုးပြာဋိဟာ သက်သေသာဓကများကိုလည်းကောင်း၊ ကျမ်းငယ် (အစောင်စောင်)များကိုလည်းကောင်း။ ထွန်းလင်းတောက်ပသော ကျမ်းကြီးများကိုလည်းကောင်း၊ ယူဆောင်လာခဲ့ကြကုန်သော ရစူလ်တမန်တော်များသည်ပင်လျှင် မုသားပြောဆိုသူများဟူ၍ စွပ်စွဲပြောဆိုခြင်းကို ခံခဲ့ကြရလေသတည်း။ (၃း၁၈၄)

သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏ အရသာကို မြည်းစမ်းကြရမည်။ တစ်ဖန် အသင်တို့သည် "ကိယာမသ်" ခေါ် (သေပြီးနောက်) ရှင်ပြန်ထရမည့်နေ့၌သာလျှင် မိမိတို့၏ (ကောင်းမှုမကောင်းမှုတို့၏) အကျိုးများကို အပြည့်အစုံ ပေးခြင်းခံကြရပေမည်။ သို့ဖြစ်ပေရာ အကြင်သူသည် ငရဲမီးဘေးမှ ဖယ်ရှားခြင်းခံရ၍ "ဂျန္နသ်" အမတသုခဘုံသို့ ဝင်ရောက်စေခြင်းကို ခံရအံ့။ သို့ဖြစ်လျှင် ထိုသူသာလျှင် စင်စစ်ကေန် အောင်မြင်သောသူဖြစ်ပေသည်။ အမှန်သော်ကား (နောင်တမလွန်ဘဝသည်သာလျှင် အမြဲခံစားရမည့်ဘဝဖြစ်၍ ဤပစ္စက္ခမျက်မှောက်) လောကဘဝသည်ကား ထင်ယောင်ထင်မှားဖြစ်သော ပစ္စည်းမျှသာ ဖြစ်ချေသည်။ (၃း၁၈၅)

စင်စစ်အသင်တို့သည် မိမိတို့၏ ဥစ္စည်းပစ္စည်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်နှင့်စပ်လျဉ်း၍လည်းကောင်း စမ်းသပ်ခြင်းကို အမှန်ပင်ခံကြရကုန်အံ့။ ထိုမှတစ်ပါးတံ့ ကေန်မလွဲ အသင်တို့သည် မိမိတို့ အလျင် (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ဒေသနာတော်ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ကြရသော သူတို့ထံမှလည်းကောင်း၊ (အခြားအရာကို အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ခဲ့ကြ

ကုန်သော သူတို့ထံမှလည်းကောင်း စိတ်နှလုံးထိခိုက်နာကြည်းဖွယ်ရာ များစွာကိုလည်း အမှန်စင်စစ်ကြားကြရပေမည်။ သို့ရာတွင်မူကား အသင်တို့ သည် (ဘေးဒုက္ခများ နှင့်ရင်ဆိုင်ရာ၌) အကယ်၍သာ ခန္တီတရားထားရှိကာ (အဓမ္မတည်းဟူသော မတရားမှုခပ်သိမ်းတို့မှ) ကြဉ်ရှောင်ကြပါလျှင် ယင်း (ကဲ့သို့သည်းခံခြင်းနှင့် မတရားမှုတို့မှ ကြဉ်ရှောင်ခြင်းတို့) သည် စိတ်ဓာတ် ကြံခိုင်စွာ ပြုမူရသော အရေးကိစ္စများအနက်ပင် ဖြစ်သည်။ (၃း၁၈၆)

ဂျူးတို့၏ အပြုအမူစရိုက် ပုံမှန်မဟုတ်မှုများအား စူရဟ်အာလိအင်မ်ရာမ်၏ အစ (၂၁-၂၅)တို့တွင် ဖော်ပြထားခဲ့ပြီးဖြစ်သည်။ စာသားများက ထိုအကြောင်းအရာဘက်သို့ပင် ပြန်လည်ဦးတည်သွားပါသည်။ အထက်တွင်ဖော်ပြခဲ့သော အာယသ်တော်များထဲတွင် ယင်းနှင့် နှီးနွှယ်သောအကြောင်းများ ပါဝင်သည်။ ကြားထဲတွင် တမန်တော်မြတ်ﷺ သခင်အား နှစ်သိမ့်စေသည့် စကားများနှင့် မုစ်လင်မ်များအား ကောင်း သောအကြံပြုချက်များ ပါဝင်သည်။

အကျယ်ဖွင့်ဆိုခြင်း

အာယသ် (၁၈၀-၁၈၆) ခုနစ်အာယသ်၏ ပထမအာယသ်တော် (၁၈၀)သည် စေးနဲ့တွန့်တိုခြင်းကို အသိအမှတ်မပြုခြင်းနှင့် စေးနဲ့တွန့်တိုသူများကို သတိပေးချက် တစ်ရပ်ပါဝင်သည်။

စေးနဲ့တွန့်တိုခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ယင်းအတွက်ကြောင့် အပြစ်ဒဏ်ခတ်မှု

အစ္စလာမ်ရှရီအသ်၏ အသုံးအနှုန်းအရ **بخل**(ဘုခ်လ်) ခေါ် နှမြောတွန့်တိုခြင်းသည် အလ္လာဟ်အရှင်လမ်း တော်တွင် မသုံးမနေရ သုံးစွဲရေး၌ မသုံးစွဲသော အပြုအမူကို ရည်ညွှန်းသည်။ ထို့ကြောင့် နှမြောတွန့်တိုခြင်း သည် ဟရာမ်တားမြစ်ပိတ်ပင်ထားသည်။ ထို့ပြင် နှမြောတွန့်တိုသောသူများအတွက် ငရဲမီး၏ ဘေးကိုလေး နက်စွာ သတိပေးချက်တစ်ရပ် ပါဝင်သည်။ အချို့သောကိစ္စရပ်များသည် လှူဒါန်းသုံးစွဲရာတွင် ဝါဂျိစ်ဗ်တာဝန် မဟုတ်ဘဲ မုစ်သဟဗ်သာလျှင်ဖြစ်သည်ဆိုလျှင် ထိုကိစ္စရပ်၌ မသုံးစွဲမလှူဒါန်းခြင်းသည် တားမြစ်ပိတ်ပင်ထား သော စေးနဲ့တွန့်တိုခြင်းတွင် မပါဝင်ပါ။ သို့သော်လည်း ဤအပြုအမူသည်လည်း နှမြောတွန့်တိုခြင်း၏ ယေဘုယျသဘောအရ စေးနဲ့တွန့်တိုသည်ဟု ခေါ်ဆိုနိုင်သည်။ အစောပိုင်းကဆိုသကဲ့သို့ ဤသို့နှမြောတွန့်တိုခြင်းသည် ဟရာမ်တားမြစ်ပိတ်ပင်ချက် မဟုတ်သော်လည်း နှစ်လိုဖွယ်ရွေးချယ်မှုဖြစ်သည့် (ခီလာဖေအူလာ) နှင့်ကား မုချဆန့်ကျင်ပေသည်။

ဟဒီးဆ်တော်တွင်ပါရှိသည်မှာ နှမြောတွန့်တိုခြင်း (**بخل**) ဘုခ်လ်နှင့် အဓိပ္ပါယ်တူသော (**شُرٌّ**) ရှဟ်

ဟူသော စကားလုံးလည်းရှိလေသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ သုံးစွဲရမည့်နေရာတွင် မသုံးစွဲခြင်းဟု ဆိုလိုသည်။ ထိုထက်ပိုပြောရလျှင် တစ်စုံတစ်ဦးသည် မိမိဥစ္စာပစ္စည်းတိုးပွားရေးအတွက် လောဘတက်နေခြင်း ဖြစ်သည်ဟု ဆိုလိုသည်။ သို့ဆိုလျှင် ယင်းကဲ့သို့သော ပြစ်မှုတစ်ရပ်သည် ရိုးရိုးသာမန် နှမြောတွန့်တိုခြင်းထက် အပြစ်ပိုကြီးပေသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင်မိန့်ကြားခဲ့သည်မှာ -

لا يَجْتَمِعُ شُحٌّ وَإِيْمَانٌ فِيْ قَلْبِ رَجُلٍ مُسْلِمٍ اَبَدًا

"နှမြောတွန့်တိုခြင်း (ရွဟ်)နှင့် အီမာန်ယုံကြည်မှုတို့သည် မုစ်လင်မ်တစ်ဦး၏ နှလုံးသားတွင် မည်သည့် အခါမှ အတူယှဉ်တွဲမတည်ရှိနိုင်ချေ။" (ကုရ်တွဗီ)

ဤအာယသ်တော်ထဲတွင် ဖော်ပြထားသော နှမြောတွန့်တိုခြင်း ဘုခ်လ်၏ အပြစ်ဒဏ် "ထိုသူတို့သည် မုချရှင်ပြန်ထမည့်နေ့တွင် မိမိတို့စစ်စီစေးနဲ့ (သိုမှီးထားသော) ခဲ့ကြကုန်သော ဥစ္စာပစ္စည်းများဖြင့် လည်ပင်း၌ ကွင်းစွပ်ခြင်းကို ခံကြရမည်" ဆိုသည်ကို တမန်တော်မြတ်﴿ﷺ﴾ ကအောက်ပါအတိုင်း ရှင်းလင်းထားချက်အား စိုက်ယိဒိနာ အဗူဟုရိုင်ရတ်﴿ﷺ﴾ သခင်က ဆင့်ပြန်ခဲ့သည်မှာ -

"မည်သူမဆို အချို့သောဥစ္စာပစ္စည်းများနှင့် ကောင်းချီးပေးခံရသောသူသည် ထိုဓနဥစ္စာများပေါ်တွင် တာဝန်ရှိသော ဇကာသ်ဆင်းရဲသားဒါနကြေးကို မှန်ကန်စွာ မပေးဆောင်ပါက သူ(သို့) သူမ၏ ဥစ္စာဓနများက အလွန်အဆိပ်ပြင်းသော မြွေကြီးတစ်ကောင်အဖြစ် ပြောင်းလဲကာ သူ(သို့)သူမ၏ လည်ပင်းကို ရစ်ပတ်၍ "ငါသည် သင်၏ ဥစ္စာဓန၊ သင်၏အမြတ်အစွန်းများဖြစ်သည်ဟု" ပြောဆိုကာ သူ၏တစ်ဖက်နှုတ်ခမ်းမှ တစ်ဖက်နှုတ်ခမ်းတိုင် ကျွတ်ကျွတ်မြည်ဝါးစားပေလိမ့်မည်။ ထို့နောက်တွင်မှ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဤအာယသ်တော် (၁၈၀) ကို ရွတ်ဖတ်သရစ္ဈာယ်ခဲ့သည်။ **(အလ်နိစာအီ၊ သဖ်စိရ်ကုရ်တုဗီမှ)**

ဒုတိယအာယသ်တော် (၁၈၁)က ဂျူးများသည် ၎င်းတို့၏မျက်နှာပြောင်တိုက်ခြင်း၊ ရဲတင်းခြင်းလုပ်ရပ်ကြောင့် ပြစ်ဒဏ်ခံရမည့်အကြောင်း သတိပေးထားသည်။ အဖြစ်အပျက်၏ နောက်ခံအကြောင်းအရဆိုလျှင် တမန်တော်မြတ်﴿ﷺ﴾ သခင်က ဇကာသ်နှင့် ဆွဒကဟ်(အလျှဒါန)နှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကို တင်ပြရာတွင် မောက်မာသောဂျူးများက စပြောခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် မုချဧကန် ဆင်းရဲသွားပြီး သူတို့မှာ ချမ်းသာကြွယ်ပြီ။ ဤသို့မဟုတ်ပါမူ အလ္လာဟ်အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်ုပ်တို့အား ပေးကမ်းလျှဒါန်းရန် ပြောကြားပါသနည်း။ ထိုကဲ့သို့သော မျက်နှာပြောင်တိုက်ရိုင်းစိုင်းခြင်းမှ ကျွန်ုပ်တို့အား အကာအကွယ်ပေးပါရန် အရှင်မြတ်ထံ ခိုလှုံတောင်းခံပါ၏။ ထင်ရှားသည်မှာ ၎င်းတို့ပြောဆိုသော ဖြစ်နိုင်ဖွယ်မရှိသည့် အချက်ကို ၎င်းတို့ကိုယ်တိုင် လည်း မယုံကြည်ခဲ့ကြချေ။ သို့ရာတွင် ၎င်းတို့ပြောကြားခြင်းမှာ တမန်တော်မြတ်﴿ﷺ﴾ ၏ မိန့်ဆိုချက်တွင် မှားယွင်းမှုရှိသည်ကို သက်သေပြရန် အတွက်ဖြစ်သည်။ ၎င်းတို့ငြင်းချက်မှာ "'အကယ်၍ ယင်းကုရ်အာန်ကျမ်း တော်မြတ်၏ အာယသ်တော်သည် မှန်ကန်စစ်မှန်က အလ္လာဟ်အရှင်မြတ်သည် ဆင်းရဲချို့တဲ့ကြောင်းပြော၍ ရပါမည်။ ဤကဲ့သို့သော ၎င်းတို့၏ အဓိပ္ပာယ်မဲ့အခြေအတင်ပြောကြားမှုမှာ မှားယွင်းနေသဖြင့် တုန့်ပြန်ချေပရန်ပင် မထိုက်ချေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်သည် အရှင်မြတ်ကောင်း ကျိုးအတွက်မဟုတ်ဘဲ ဥစ္စာဓနပိုင်ဆိုင်

သူ၏ ဤကမ္ဘာလောကနှင့် နောင်တမလွန် အတွက်ပါ ကောင်းကျိုးဖြစ်ပေသည်။ သို့သော်လည်း ဤသို့ ပြုလုပ်ခြင်းကို အခြားတစ်နေရာ၌ အလ္လာဟ်အရှင်မြတ်ကို ချေးငှားသည်ဟု ခေါ်ဝေါ်သုံးနှုန်းထားသည်။ အဘယ်ကြောင့် ဆိုသော် ချေးငှားထားသော ဥစ္စာပစ္စည်းကို ပြန်လည်ပေးဆပ်ခြင်းသည် လူကောင်းတို့အမြင်တွင် မပြုမနေရ တာဝန်တစ်ရပ်မုချဖြစ်သည်။ ဤသည်မှာ တစ်စုံတစ်ဦး အလျှုဒါနပြုခြင်းနှင့် အလားတူပါသည်။ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးထံမှ ချေးငှားသကဲ့သို့ ယင်းအလျှုဒါန ပြုမူအား ပြန်လည်ပေးဆပ်ခြင်းကို အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် တာဝန်ယူပါသည်။

မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ဖန်ဆင်းရှင်နှင့် အရာရာတိုင်း၏အရှင်သခင်ဖြစ်သည်ကို ယုံကြည်လျှင် အာယသ်တော်ထဲတွင် ပါဝင်သော ဤကဲ့သို့သော စကားလုံးများနှင့် ပတ်သက်၍ မည်သည့်အခါမျှ သံသယဝင်လိမ့်မည်မဟုတ်ချေ။ ထိုအာယသ်တော်ထဲတွင်ပါဝင်သော စကားလုံးများသည် နှုတ်သရမ်းသော ဂျူးများ၏ ပြောစကားများ ပါဝင်သည်။ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်ဖြစ်ပြီး အရာရာတိုင်း၏ အရှင်သခင်အဖြစ် ယုံကြည်သူ မည်သူမဆိုသည် အာယသ်တော်ပါ ဤစကားလုံးများနှင့်ပတ်သက်၍ မည်သည့် အခါမျှ သံသယဝင်လိမ့်မည်မဟုတ်ပါ။ ဤအာယသ်တော်ပါ စကားလုံးများသည်ပင်လျှင် မောက်မာပြီး နှုတ်သရမ်းသော ဂျူးများ၏ ပြောဆိုမှုတွင် ပါဝင်ပါသည်။ ဤသည်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤကဲ့သို့ သံသယဝင်ခြင်းမျိုးကို ဖြေရှင်းခြင်းမှ ရှောင်ကြဉ်သည်။ ထိုသို့ဖြေရှင်းခြင်းမပြုသည့်တိုင် ဂျူးတို့အား ၎င်းတို့၏ စော်ကားမော်ကားပြုမူများ၊ တမန်တော်မြတ် ﷺ အား မဟုတ်မတရားစွပ်စွဲမှုများနှင့် တမန်တော်မြတ် ﷺ အား ပြက်ရယ်ပြောင်လှောင်မှုများအတွက် ပြစ်ဒဏ်ပေးခြင်းခံရမည့်အကြောင်းကို အာယသ်တော်သည် ရိုးရှင်းစွာ ကြေညာ၍ မိန့်ကြားထားသည်။ ၎င်းတို့၏ မောက်မာသော စကားလုံးများကို ရေးသားကာ မှတ်တမ်းတင်ထားပြီး ယင်းတို့သည် တရားစီရင် မည့်နေ့တွင် အဆုံးသတ် သက်သေဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုအတွက် အပြစ်ဒဏ်ပေးခြင်းခံရမည်။ သို့မဟုတ်ပါမူ အလ္လာဟ်အရှင်မြတ်သည် မည်သည့်ရေးမှတ်ခြင်းမျိုးကိုမျှ မလိုအပ်ချေ။

ဂျူးများကျူးလွန်ခဲ့သော ဤစော်ကားမှုနှင့်အတူ နောက်ထပ်ကျူးလွန်ခဲ့သော ပြစ်မှုကို ယှဉ်တွဲဖော်ပြထားသည်။ ယင်းမှာ ၎င်းတို့သည် တမန်တော်များအား မဟုတ်မတရားစွပ်စွဲခြင်းနှင့် ပြက်ရယ်ပြုရုံမျှမက တမန်တော်များကို သတ်ပစ်သည်အထိ ကျူးလွန်ကြသည်။ ထိုကဲ့သို့သောသူများက အလ္လာဟ်အရှင်မြတ်၏ မည်သည့် တမန်တော်ကိုမဆို မတရားစွပ်စွဲခြင်းနှင့် မထေမဲ့မြင်ပြုခြင်းတို့အတွက် အံ့သြစရာ လုံးဝမရှိပါ။

မယုံကြည်သွေဖည်မှုနှင့် အလ္လာဟ်အရှင်မြတ်အား မနာခံမှုကို စိတ်နှလုံးသားမှ ကျေနပ်နှစ်သိမ့်နေခြင်းသည်လည်း ကြီးမားသော တူညီသည့်ဂုနာဟ်အပြစ်ဖြစ်သည်။

ဤတွင် သတိပြုသင့်သည်မှာ ကျမ်းတော်မြတ်ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ ဦးတည်ပြောကြားသော သူတို့သည် မဒီနဟ်မြို့ရှိ ဂျူးများဖြစ်သော်လည်း နဗီတမန်တော်များကို သတ်ဖြတ်ခြင်းသည် ၎င်းတို့ မတိုင်မီ စိုက်ယိဒိနာ ယာဟ်ယာနှင့် စိုက်ယိဒိနာ ဇကရိယာတို့ခေတ်သမယက ဖြစ်ခဲ့ပါသည်။ မေးစရာတစ်ခုမှာ ဤအာယသ်တော်တွင် ရည်ညွှန်းသော တမန်တော်များအား သတ်ဖြတ်မှုသည် ဤဦးတည်ပြောကြားခြင်းခံကြ

သူများနှင့် မည်ကဲ့သို့ သက်ဆိုင်နေပါသနည်း။ အကြောင်းမှာ မဒီနဟ်ရှိ ဂျူးများတို့သည် ၎င်းတို့၏ဘိုးဘွားဘီဘင်ဂျူးများ၏ လုပ်ရပ်နှင့်ပတ်သက်၍ လုံးဝကျေနပ်နှစ်သက်နေကြသောကြောင့် ၎င်းတို့သည် တမန်တော်များအား သတ်ဖြတ်သည့် အမိန့်ပညတ်ချက် အောက်တွင် အကျုံးဝင်သွားပါသည်။

အိမာမ်အလ်ကုရ်တုဗီက သူ၏သဖိစီရ်ကျမ်းထဲတွင် မိန့်ကြားထားသည်မှာ "မယုံကြည်သွေဖည်မှု" ကုဖ်ရ်၌ ကျေနပ်နှစ်သိမ့်နေခြင်းသည်လည်း မယုံကြည်သွေဖည်မှုနှင့် မနာခံခြင်းတို့တွင် အကျုံးဝင်သွားသည်။ ယင်းသည် အစွလာမ်အဓိကဓမ္မသတ်ဆိုင်ရာ ဥပဒေတစ်ရပ်ဖြစ်သည်။ တမန်တော်မြတ်ﷺ ၏ မိန့်ကြားချက်တစ်ရပ်က ဤကိစ္စကို ပိုမိုရှင်းလင်းစေပါသည်။ တမန်တော်မြတ်ﷺ မိန့်ကြားသည်မှာ -

'အလ္လာဟ်အရှင်မြတ်၏ ကမ္ဘာမြေပေါ်တွင် ပြစ်မှုတစ်ခု ကျူးလွန်ခဲ့ပြီးသည့်နောက် ယင်းကျူးလွန်သည့်နေရာတွင်ရှိခဲ့သော လူတစ်ဦးသည် ယင်းပြစ်မှုသည် မကောင်းမှုဟု ယူဆပြီး ဆန့်ကျင်ခဲ့ပါက ထိုသူသည် ထိုပြစ်မှုကျူးလွန်သောနေရာ၌မရှိဟူ၍ မှတ်ယူရပါမည်။ ဆိုလိုသည်မှာ ထိုသူသည် ပြစ်မှုကျူးလွန်သူတို့နှင့် အလိုတူအလိုပါမဟုတ်ပါ။ ၎င်းပြင် လူတစ်ဦးသည် ပြစ်မှုကျူးလွန်သူတို့၏ လုပ်ရပ်နှင့်ပတ်သက်၍ လုံးဝကျေနပ်နှစ်သက်ခဲ့ပါက ပြစ်မှုကျူးလွန်သည့်နေရာ၌ မရှိငြားသော်လည်း ထိုပြစ်မှုတွင် သူအလိုတူအလိုပါ ဖြစ်သွားပါသည်။

လက်ရှိအာယသ် (၁၈၁) နောက်ပိုင်းနှင့် တတိယအာယသ်ဖြစ်သော အာယသ်(၁၈၂)တွင် ထိုကဲ့သို့သော အာဘောင်အာရင်းသန်သောသူများ ဒဏ်ခတ်ခြင်းခံရမည့်အပြစ်ဒဏ်များအကြောင်းကို ပြန်လည်ဖော်ပြထားသည်။ မီးထဲတွင် လောင်ကျွမ်းခြင်းခံရသည့် အတွေ့အကြုံကို မြည်းစမ်းရန်အတွက် ၎င်းတို့သည် ငရဲသို့ ပို့ဆောင်ခြင်းခံရမည်ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ပို့ဆောင်ခံရခြင်းသည် အလ္လာဟ်အရှင်မြတ်၏ တရားမမျှတမှု မဟုတ်ကြောင်း အသေအချာဖြစ်ကာ ၎င်းတို့လုပ်ရပ်များ၏ ရလဒ်သာဖြစ်သည်ဟူ၍ ဖြစ်သည်ဟု မိန့်ကြားထားသည်။ စတုတ္ထအာယသ် (၁၈၃) ထဲတွင် ဤဂျူးများတို့၏ မှားယွင်းသောစွပ်စွဲချက်တစ်ခုပါဝင်ကာ ယင်းစွပ်စွဲချက်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်းကို ငြင်းပယ်ရန်အတွက် ဆင်ခြေပင်ဖြစ်ပါသည်။ သူတို့၏ ဆင်ခြေဆင်လက်မှာ လွန်လေပြီးသော တမန်တော်များလက်ထက်တွင် အလှူဒါနပြုသည့်ပစ္စည်းများနှင့် ပူဇော်ပသည့် ပစ္စည်းများတို့ကို ကွင်းပြင်တစ်ခုအလယ်တွင်သော်လည်းကောင်း တောင်ထိပ်တစ်ခုပေါ်တွင်သော်လည်းကောင်း ထားစေကာ ကောင်းကင်မှ မီးများကျရောက်စေပြီး ယင်းအလှူပစ္စည်းများပြာဖြစ်သည်အထိ လောင်ကျွမ်းစေပါသည်။ ဤသည်က အလှူဒါနကို သဘောတူလက်ခံသည့်အမှတ်သညာဖြစ်စေသည်။ သို့ရာတွင် တမန်တော်မြတ်ﷺ နှင့် သူ၏အုမ္မသ်အတွက်ကိုမူ အလ္လာဟ်အရှင်မြတ်က ပြိုင်စံကင်းသည့် ထူးခြားမှုတစ်ရပ်ကို အပ်နှင်းသည့်အနေဖြင့် ဤလှူဖွယ်ပစ္စည်းတို့သည် မီးလောင်စေရန်အတွက် မဟုတ်ခဲ့ပါ။ ယင်းအလှူကို မုစ်လင်မ်များထဲမှ ဆင်းရဲချို့တဲ့သူများအား ဝေငှရန်ဖြစ်သည်။ ဒုတိယနည်းလမ်းသည် ပထမနည်းလမ်းနှင့် ဆန့်ကျင်သည့်အတွက်ကြောင့် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ဆင်ခြေပြစရာတစ်ခုရရှိသွားပါသည်။ သူတို့ ကပြောကြားသည်မှာ - အကယ်၍ အသင်သည် တမန်တော်တစ်ပါးဖြစ်ခဲ့ပါလျှင် လှူဒါန်းသည့်ပစ္စည်းများအား ကောင်းကင်မှ မီးလောင်ကျွမ်းခြင်းဆိုသည့် တန်ခိုးပြာဋိဟာလည်း အပ်နှင်းခံရပါလိမ့်မည်။ သူတို့သည် ထိုတွင် မရပ်တန့်ဘဲ အလ္လာဟ်အရှင်မြတ်အပေါ် လိမ်ညာ၊ လိဆည်မှုပြုသည်အထိ အတင့်ရဲကြပါသည်။ သူတို့က အခိုင် အမာပြောသည်မှာ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်တစ်ခုပြုထားသည်။ အကယ်၍

တစ်စုံတစ်ဦးသည် ၎င်းလျှာဒါန်းသည့်ပစ္စည်းများကို ကောင်းကင်မှ မီးများနှင့် လောင်ကျွမ်းစေခြင်းဟူသည် တန်ခိုးမပြသနိုင်ခဲ့ပါလျှင် ထိုသူအား မယုံကြည်ရန်ဟူ၍ပင် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က ဂျူးများနှင့် ပဋိညာဉ်ပြုထားခဲ့သည်ဆိုသည့် ဂျူးများ၏ ပြောဆိုချက်မှာ မမှန်ကန်ချေ။ ထို့ကြောင့် ယင်းကိုချေပရန် မလိုအပ်ချေ။ ထို့ကြောင့် ၎င်းတို့၏အခိုင်အမာပြောဆိုချက်မှတစ်ဆင့် ၎င်းတို့အား နှုတ်ပိတ်စေပါသည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ "အကယ်၍ အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်ပြုလုပ်ထားခဲ့သည်ဟု ပြောဆိုခြင်း မှန်ကန်သည်ဆိုပါက လွန်လေပြီးသော တမန်တော်တို့သည် သင်တို့၏ တောင်းဆိုချက်ကို လိုက်လျောသည့်အနေဖြင့် ကောင်းကင်မှမီးသည် လျှာဒါန်းဘွယ်ပစ္စည်းများကို မီးလောင်ကျွမ်းစေသည့် တန်ခိုးပြာဋိဟာကို သင်တို့တောင်းဆိုသည်နှင့်အညီ ပြသခဲ့သည်။ ထိုပြသသည့်အတွက် ၎င်းတို့မှာ တမန်တော်များကို အနည်းဆုံးယုံကြည်သင့်ပေသည်။ သို့သော်လည်း အမှန်စင်စစ်ဖြစ်ပျက်ခဲ့သည်မှာကား သင်တို့သည် တမန်တော်များကို ကြင်နာထောက်ထားမှုမရှိခဲ့ပါ။ အသင်တို့သည် တမန်တော်များအား မဟုတ်မတရား စွပ်စွဲမြဲစွပ်စွဲခဲ့ကြကုန်သည်။ စင်စစ် သင်တို့သည် တမန်တော်များအား သတ်ဖြတ်ခြင်းဖြင့် အဆုံးစွန်ဘောင်ကျော်ဖောက်ဖျက်ကျူးလွန်ခဲ့ကြသည်။

ဂျူးတို့၏ ဤပြောဆိုချက်သည် လုံးဝဥဿုံ မမှန်ကန်ကြောင်းဆိုသည့်အချက်နှင့် ပတ်သက်၍ တစ်စုံတစ်ဦး မည်သို့သောဒွိဟသံသယမျှ မရှိပါစေနှင့်။ ဖြစ်နိုင်သည်မှာ အကယ်၍ ဤတန်ခိုးပြာဋိဟာကို တမန်တော်မြတ်ﷺ သခင် ပြသခဲ့ပါလျှင် ၎င်းတို့ယုံကြည်ကောင်း ယုံကြည်ကြပါလိမ့်မည်ဟူသော ဒွိဟတို့သည် အခြေအမြစ်မရှိချေ။ အဘယ်ကြောင့်ဆိုသော ဤသူများ ထိုသို့ပြောဆိုခြင်းသည် ရန်လိုခြင်းနှင့် ခေါင်းမာခြင်းတို့ကြောင့်ဖြစ်ကြောင်း ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ် သိရှိတော်မူလေသည်။ ထို့ကြောင့် အကယ်၍ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာတစ်ခုဖြစ်လာခဲ့လျှင်ပင် ၎င်းတို့ယုံကြည်ကြလိမ့်မည် မဟုတ်ချေ။

ပဥ္စမအာယသ်တော် (၁၈၄)ထဲတွင် တမန်တော်မြတ် ﷺ သခင်အားနှစ်သိမ့်၍ မိန့်ကြားထားသည်မှာ ကိုယ် တော်မြတ်၏ ရန်သူများက ကိုယ်တော်မြတ်အား မဟုတ်မတရား ပြောဆိုမှုအတွက် ဝမ်းနည်းပူဆွေးရန် မလို ကြောင်း မိန့်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော လွန်လေပြီးသော တမန်တော်များအားလုံးသည် ဤကဲ့သို့ ပင် ရင်ဆိုင်ခဲ့ကြရသောကြောင့် ဖြစ်သည်။

အာခိရတ် တမလွန်နှင့်ပတ်သက်သော အတွေးများသည် ဝမ်းနည်းကြေကွဲမှုအားလုံးကို ကုစား၍ သံသယအားလုံး ဖယ်ရှားစေသည်။

တစ်ချိန်ချိန် တစ်နေရာရာတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အသာစီးရ၍ ဤကမ္ဘာလောကတွင် ၎င်းတို့စဉ်းစားရနိုင်သမျှသော စည်းစိမ်ဥစ္စာအားလုံးရယူပိုင်ဆိုင်ကြသော အခြေအနေတစ်ရပ်တွင်ရှိသော အရာများ၏ အဆုံးစွန်မှန်ကန်မှုကို ဆဋ္ဌမအာယသ်တော် (၁၈၅)က ထင်ရှားပြတ်သားစွာ ဖော်ပြထားသည်။ ဤသည်နှင့် ဆန့်ကျင်စွာ မုစ်လင်မ်များမှာမူ ဒုက္ခသုက္ခအချို့၊ အခက်အခဲအချို့နှင့် လောကဆိုင်ရာလိုအပ်ချက်အချို့ပင် ရှားပါးမှု ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မည်။ ဤသည်နှင့် ပတ်သက်၍ဘာမျှ အံ့ဩြစရာမဟုတ်သကဲ့သို့

ဝမ်းနည်းပူဆွေးရန်လည်း အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ယုံကြည်မှုတစ်ရပ် (သို့) ဒဿနတစ်ရပ်၏ မည်သည့်နောက်လိုက်မဆို ဘဝ၏ စစ်မှန်မှုဖြစ်သည့် ဤကမ္ဘာတွင် ကြုံတွေ့ရမည့် ဝမ်းနည်းကြေကွဲခြင်းနှင့် ဝမ်းသာပျော်ရွှင်မှုတို့သည် ခဏပန်းသာဖြစ်ကြောင်း လျစ်လျူရှုထား၍ မရချေ။ မည်သည့်ဖန်ဆင်းခံ သက်ရှိမဆိုသေခြင်းတရားမှ ရှောင်လွဲမရချေ။ ဤကမ္ဘာတွင် ကြုံတွေ့ရသော သက်တောင့်သက်သာရှိမှု ဒုက္ခသုက္ခ ရောက်မှုတို့သည် မကြာခဏဆိုသလို ဤကမ္ဘာလောကမှာတွင်ပင် ထင်ရှားလာသကဲ့သို့ ပျောက်ကွယ်သွားသည်တို့လည်းရှိသည်။ သို့သော်လည်း အကယ်၍ ဤကမ္ဘာလောကကြီး၏ ဘဝတွင်မည်သည့်အပြောင်းအလဲမျှ မရှိဟုဆိုလျှင်လည်း သေခြင်းတရားသည် ဤသည်တို့ကို ချုပ်ငြိမ်းစေမည်မှာလည်း မုချဧကန်ဖြစ်ချေသည်။ ထို့ကြောင့် သက်တောင့်သက်သာရှိခြင်းနှင့် ဒုက္ခသုက္ခရောက်ခြင်းဆိုသည့် ခဏပန်းသံသယာလည်မှုကို ဉာဏ်ပညာရှိသူတစ်ဦးသည် အမြဲတစေ ပူပင်သောက မရောက်သင့်ချေ။ တကယ်ဆိုလျှင် သေဆုံးပြီးနောက် ဘာဖြစ်မည်နည်းဟူသည်ကိုသာလျှင် ပူပင်သောကရောက်သင့်သည်။

ထို့ကြောင့် အာယသ်တော် (၁၈၅) က ကျွန်ုပ်တို့အား မိန့်ကြားသည်မှာ သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရားကို မြီးစမ်းရမည်ဖြစ်သည်။ ထို့နောက် တမလွန်အာခိရတ် ရောက်သည်နှင့် လုပ်ရပ်များနှင့် ပတ်သက်၍ ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းတို့ ခံစားကြရလိမ့်မည်။ ယင်းတို့သည် ပြင်းထန်၍ အချိန်ရှည်ကြာလိမ့်မည်ဖြစ်သည်။ ဉာဏ်ပညာရှိသူသည် ဤသည်ကိုသာ သောကပိုက်၍ ကြိုတင်ပြင်ဆင်သင့်ပေသည်။ ဤကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေအရဆိုလျှင် တစ်စုံတစ်ဦးသည် ငရဲမီးဘေးမှ ရှောင်ရှားခဲ့လျှင် ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရပါလိမ့်မည်။ ထိုသူသာလျှင် စစ်မှန်သော အောင်မြင်သူတစ်ဦးဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ အလွန်ဖြောင့်မတ်မှန်ကန်သော ကျေးကျွန်များကဲ့သို့ ဤအဖြစ်မျိုးကို စလျှင်စခြင်း ရရှိနိုင်ပေသည်။ သို့မဟုတ် ပြစ်မှုဂုနာဟ်ကျူးလွန်သော မုစ်လင်မ်များကဲ့သို့ ပြစ်ဒဏ်ခတ်ခြင်းအချို့ ရပ်ဆိုင်းပြီးနောက်တွင်မှ ဤကဲ့သို့အဖြစ်မျိုးလည်း ရရှိနိုင်ပေသည်။ သို့သော်လည်း မုစ်လင်မ်များအားလုံးသည် အဆုံးတွင် ငရဲမီးဘေးမှ ကယ်တင်ခြင်းခံရကာ ဂျန္နသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာများသည် ၎င်းတို့အတွက် အမြဲထာဝရ ဖြစ်သွားပေလိမ့်မည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက်ကား ဆန့်ကျင်ဘက်ဖြစ်ကာ ငရဲမီးသည်ပင်လျှင် ၎င်းတို့၏ထာဝရနားခိုရာဖြစ်ချေတော့မည်။ အကယ်၍ ၎င်းတို့သည် ခဏပန်းမျှသော လောကီဆိုင်ရာအကျိုးအမြတ်ပေါ်တွင် မာနထောင်လွှားသည်ဆိုလျှင် ၎င်းတို့မှာ ဆိုးဝါးစွာလိမ်လည်လှည့်ဖြားခံရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်အဆုံးတွင် မိန့်ကြားထားသည်မှာ "အမှန်သော်ကား (နောင်တမလွန်ဘဝသည်သာ အမြဲခံစားရမည့်ဘဝဖြစ်၍ ဤပစ္စက္ခမျက်မှောက်) လောကီဘဝသည်ကား ထင်ရောင်ထင်မှားဖြစ်စေသော ပစ္စည်းမျှသာဖြစ်ချေသည်"ဟု ဖြစ်သည်။ ဤလိမ်လည်လှည့်လှည့်ဖြားမှုသည်ကား အလွန်ဆန်းကျယ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အထိမ်းအကွပ်မဲ့သော ဤကမ္ဘာလောကီ၏ ပစ္စည်းဥစ္စာ ဆိုင်ရာ ပျော်ရွှင်ခံစားရမှုသည် နောင်တမလွန်ဘဝ၏ ကြီးမားသောခက်ခဲပင်ပန်းမှုရင်းမြစ်ဖြစ်စေကာ ဆန့်ကျင်ဘက်အဖြစ် ဤကမ္ဘာလောကတွင် ကြုံတွေ့ရမည့် ခက်ခဲပင်ပန်းမှုသည်ကား နောင်တမလွန်အာခိရတ်၏ ရတနာဖြစ်လာပါလိမ့်မည်။

မှားယွင်းသော တရားလက်ကိုင်ထားသူသည် အမှန်တရားစွဲကိုင်ထားသူများအား ထိခိုက်နာ ကြင်စေခြင်းဆိုသည်မှာ သဘာဝဖြစ်ရပ်ပင်တည်း။

သည်းခံခြင်း صبر (ဆွဗရ်) နှင့် تقوٰى (သတ်က်ဝါ) အလ္လာဟ်အရှင်မြတ်ကို ချစ်ကြောက်ရိုသေခြင်းသည် အရာရာတိုင်းကို ကုစားသည်။

သတ္တမအာယသ်တော်(၁၈၆)သည် ထူးခြားသော အဖြစ်အပျက်တစ်ခု၏ နောက်ခံအကြောင်းကြောင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းအကြောင်းကို အစောပိုင်းအာယသ်တော် (၁၈၁)ထဲတွင် တိုတောင်းစွာ ဖော်ညွှန်းခဲ့ပါသည်။ ထင်ရှားခိုင်လုံသော အသေးစိတ်များအရ စူရလ်အလ်ဘကရဟ်၏ အာယသ်တော် ၂၄၅ **مَنْ ذَا الَّذِىْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا** "အလ္လာဟ်အရှင်မြတ်အား မွန်မြတ်လှစွာသော ကြွေးမြီချေးငှားမည့်သူသည် မည်သူနည်း"ကျရောက်ခဲ့သောအခါ အာယသ်တော်က လှူဒါန်းပေးကမ်းခြင်းကို အာဝဇ္ဇန်းရွှင်စွာဖြင့် အလ္လာဟ်အရှင်မြတ်အား ငွေကြေးချေးငှား ခြင်းနှင့် တန်းတူပြုထားခဲ့သည်။ ဤသည်က ရည်ညွှန်းသည်မှာ ဤကမ္ဘာလောကဘဝတွင် ပေးကမ်းလှူဒါန်း သမျှအားလုံးသည် ငွေချေးငှားသူတစ်ဦးက မုချဧကန်ပြန်လည်ပေးဆပ်သကဲ့သို့ အလ္လာဟ်အရှင်မြတ်က ထိုပေးကမ်းလှူဒါန်းသမျှ အပြည့်အဝအစား ပြန်လည်ပေးကမ်းလိမ့်မည်ဖြစ်သည်။ မသိနားမလည်သောကြောင့်ဖြစ်စေ၊ ရန်လိုသောကြောင့်ဖြစ်စေ ဂျူးတစ်ယောက်က အောက်ပါစကားလုံးများနှင့် တုန့်ပြန်ခဲ့ပါသည်။ ယင်းမှာ **اِنَّ اللّٰهَ فَقِيْرٌ وَّنَحْنُ اَغْنِيَآءُ** (အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲဆင်းရဲတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။ သို့ရာတွင် အကျွန်ုပ်တို့မူကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝပေါများသူများ ဖြစ်ကြကုန်၏။" ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ အဗူဗကရ် ﴿رضي الله عنه﴾ သခင်သည် ဂျူး၏ စော်ကားမော်ကားပြောဆိုမှုကို စိတ်ဆိုးတော်မူ၍ ၎င်းအား ပါးကိုရိုက်ပစ်ခဲ့ပါသည်။ ဂျူးသည် တမန်တော်မြတ် ﴿ﷺ﴾ သခင်အားတိုင်တန်းခဲ့ ပါသည်။ ထိုစဉ်အာယသ်တော် **لَتُبْلَوُنَّ فِىْٓ اَمْوَالِكُمْ وَاَنْفُسِكُمْ** (စင်စစ် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်နှင့် စပ်လျဉ်း၍လည်းကောင်း စမ်းသပ်ခြင်းကို အမှန်ပင် ခံကြရကုန်အံ့) ကျရောက်ခဲ့သည်။ ဤအာယသ်တော်က မုစ်လင်မ်များကို ညွှန်ကြားသည်မှာ ၎င်း၏အီမာန် ယုံကြည်ချက်ကို ခုခံကာကွယ်ရာ၌ မိမိအသက်နှင့် စည်းစိမ်ဥစ္စာကို စွန့်စားရန် ဖိတ်ခေါ်ခံရလျှင်လည်းကောင်း (သို့) မယုံကြည်သွေဖည်ငြင်းပယ်သူများ၊ ဘုရားအများကိုးကွယ်သူများနှင့် ကျမ်းရသူများ၏ ရင့်သီးစွာပြောဆို ခြင်းအားဖြင့် ထိခိုက်နစ်နာခဲ့လျှင် မိမိတို့၏ အားနည်းချက်ကို မပြသင့်ချေ။ ဤသည်တို့မှာ မုစ်လင်မ်များအတွက် စမ်းသပ်မှုတစ်ရပ်သာဖြစ်သည်။ အကောင်းဆုံးနည်းကား ချုပ်တီးခြင်း၊ သည်းခံခြင်းနှင့် ဘဝ၏အစစ်အမှန် ရည်ရွယ်ချက်ဖြစ်သော ပြီးပြည့်စုံသည့် သတ်က်ဝါ တရား ရရှိရန်ဖြစ်သည်။ ပြီးပြည့်စုံသော သတ်က်ဝါဟူသည် ကား တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ အချိန်တိုင်း အရှင်မြတ်အမိန့်ကို အမြဲလိုက်နာနေခြင်းဖြစ်သည်) ယင်းကဲ့သို့သော အခြေအနေတွင် မုစ်လင်မ်တို့သည် ဆန့်ကျင်ဘက်များ၏ စော်ကားမော်ကားပြုမူကို တုန့်ပြန်ရန်အတွက် သောကမရောက်စေသင့်ပါ။

VVVVVVVVV

အာယသ် (၁၈၇–၁၈၉)

وَإِذْ أَخَذَ اللَّهُ مِيثَاقَ الَّذِينَ أُوتُوا الْكِتَابَ لَتُبَيِّنُنَّهُ
لِلنَّاسِ وَلَا تَكْتُمُونَهُ فَنَبَذُوهُ وَرَاءَ ظُهُورِهِمْ وَ
اشْتَرَوْا بِهِ ثَمَنًا قَلِيلًا ۖ فَبِئْسَ مَا يَشْتَرُونَ ﴿١٨٧﴾ لَا تَحْسَبَنَّ
الَّذِينَ يَفْرَحُونَ بِمَا أَتَوْا وَّيُحِبُّونَ أَنْ يُحْمَدُوا بِمَا لَمْ
يَفْعَلُوا فَلَا تَحْسَبَنَّهُمْ بِمَفَازَةٍ مِّنَ الْعَذَابِ ۖ وَلَهُمْ
عَذَابٌ أَلِيمٌ ﴿١٨٨﴾ وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۗ وَاللَّهُ
عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٨٩﴾

ထို့ပြင်တစ်ဝ (အသင်တို့သည် ပြန်လည်အောက်မေ့သတိရရှိကြကုန်) အခါတစ်ပါး၌ အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အလျင်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်းခံကြရသော သူတို့ထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူခဲ့လေသည်။ "မုချဧကန် အသင်တို့သည် ယင်းကျမ်းဂန် (လာတရားဒေသများ)ကို ထိမ်ချန်မထားကြဘဲ လူသားတို့ (သိစိမ့်သော)ငှာ အတိအကျထင်ရှားစေကြရမည်" (သို့ရာတွင်) ထိုသူတို့သည် သို့ (ပဋိညာဉ်ဝန်ခံချက်ထားရှိခဲ့ကြ)ပါလျက်နှင့်ပင် ယင်းကျမ်းဂန်ကို မိမိတို့၏ ကျောနောက်သို့ ပစ်ထားခဲ့ကြ၏။ ၎င်းပြင် အနည်းငယ်မျှသော အဘိုးအခနှင့် ယင်းကျမ်းဂန်(လာဒေသနာတော်များ)ကို ရောင်းစားခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုသူတို့ လဲလှယ်ဝယ်ယူကြကုန်သော အဘိုးအခသည် အလွန်တရာမျှပင် ယုတ်ညံ့သိမ်ဖျင်းလှပေသည်တကား။ (၃း၁၈၇)

(အို-နဗီတမန်တော်) အသင်သည် အလျဉ်းမထင်မှတ်လေနှင့်။ အကြင်သူတို့သည် မိမိတို့၏ (မဟုတ်မလျား) အကျင့်မှားဖြင့် အားရဝမ်းသာမွေ့လျော်ပျော်ရွှင်လျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် မိမိတို့ မပြုခဲ့သော (ကောင်းမှု) ကိစ္စနှင့် စပ်လျဉ်း၍ (လူအများ၏) ချီးမွမ်းခြင်းကို ခံလိုကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့အား (ဤလောကတွင်လည်း) ပြစ်ဒဏ်မှ လွတ်မြောက်ကြမည်ဟူ၍ အလျင်းမထင်မှတ်လေနှင့်။ ၎င်းပြင် ထိုသူတို့အဖို့ (နောင်တမလွန်ဘဝ၌လည်း) ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်သည် (အသင့်) ရှိချေသတည်း။ (၃း၁၈၈)

အမှန်စင်စစ်သော်ကား အာကာသကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုး အုပ်ချုပ်မှုသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်သည်။ ၎င်းပြင် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အနန္တ တန်ခိုးတော်ရှင် ဖြစ်တော်မူပေသတည်း။ (၃း၁၈၉)

ပြီးခဲ့သော အာယသ်တော်များထဲတွင် ဖော်ပြခဲ့ပြီးဖြစ်သော ဂျူးတို့၏ မကောင်းသောလုပ်ရပ်များကို ဆက်လက်ဖော်ပြသည့်အနေဖြင့် လက်ရှိအာယသ်(၂)ခုဖြစ်သော (၁၈၇) ၏ ပထမအာယသ်တော်တွင် ၎င်းတို့၏ အခြားသော မကောင်းသည့် လုပ်ရပ်ကို ဖော်ပြထားသည်။ ဤသည်ကား လေးနက်သော ပဋိညာဉ်များဆီသို့ ပြန်လည်ရောက်စေခြင်းမှာ ၎င်းတို့၏ အကျင့်စရိုက် ပင်တည်း။ အလ္လာဟ်အရှင်မြတ်သည် ကျမ်းရပုဂ္ဂိုလ်များနှင့် ပဋိညာဉ်ပြုထားသည်မှာ ၎င်းတို့သည် သောင်ရသ် ကျမ်းပါ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို လွတ်လပ်ပွင့်လမ်းစွာနှင့် စကြဝဠာတစ်ခုလုံးအား ဆက်သွယ်ဖြန့်ဝေရမည်ဟူ၍ဖြစ်သည်။ ၎င်းတို့ကိုယ်ကျိုးအတွက် မည်သည့်ပညတ်ချက်ကိုမျှ ဖုံးကွယ်ထိမ်ချန် ခြင်းမပြုရဟူ၍ ဖြစ်သည်။ ကျမ်းရသူများသည် ဤပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသည်။ ၎င်းတို့သည် အမိန့်ပညတ်ချက်များကို ထိမ်ချန်ဖုံးကွယ်ထားခဲ့သည်။ ထို့မျှမက ဤသို့လုပ်ခြင်းကိုပင် ကျေနပ်အားရမှုပြု၍ ယင်းသို့ပြုလုပ် ခြင်းကိုပင် ချီးကျူးသည်ဟု ယူဆကာပို၍အတင့်ရဲလာကြသည်။

အကျယ်ဖွင့်ဆိုခြင်း

အီမာန်သက်ဝင်ယုံကြည်မှုနှင့် သက်ဆိုင်သော အသိပညာကို ဖုံးကွယ်ထားခြင်းအား တားမြစ်သည်။ လက်တွေ့ကျင်သုံးခြင်းမရှိဘဲ ချီးမွမ်းခံရရန် လိမ်မာပါးနပ်စွာ ချယ်လှယ်ခြင်းနှင့် မျှော်လင့်ခြင်းသည် စက်ဆုတ်ဖွယ်ဖြစ်သည်။

အထက်ဖော်ပြပါ အာယသ်တော် သုံးခုထဲတွင် ကျမ်းရပုဂ္ဂိုလ်များထဲမှ ပညာရှင်တို့ ကျူးလွန်သော ပြစ်မှုနှစ်ခုကို ဖော်ပြထားပြီး တချိန်တည်းမှာ ၎င်းတို့ကြောင့် ကျခံရမည့်ပြစ်ဒဏ်ကိုလည်း ဖော်ပြထားသည်။

အစောပိုင်းတင်ပြထားသကဲ့သို့ ဂျူးများအား အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ပါ အမိန့်ပညတ်ချက်များနှင့်ပတ်သက်၍ ၎င်းတို့လူများအား ဖုံးကွယ်ထိမ်ချန်ခြင်းမပြုဘဲ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း တင်ပြရန် အမိန့်ပေးထားခဲ့ပြီးဖြစ်သည်။ မည်သည့်အမိန့်ပညတ်ချက်ကိုမျှ ဖုံးကွယ်မထားရန် ၎င်းတို့အား ရှင်းလင်းပြတ်သားစွာ ညွှန်ကြားခဲ့သော်လည်း ၎င်းတို့၏ ပုဂ္ဂိုလ်ရေးလောဘနှင့် လောကီရေးဆိုင်ရာတွေးတောဆင်ခြင်မှုများကြောင့် ၎င်းတို့ပြုလုပ်ထားခဲ့သည့် ပဋိညာဉ်ကို မသိကျိုးနွံပြုလုပ်ခဲ့ကြသည်။ ၎င်းတို့သည် ကောင်းမွန်သော အမိန့်ပညတ်ချက်များစွာကို ဖုံးကွယ်ခဲ့ကြသည်။

ဒုတိယအနေဖြင့် ၎င်းတို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ မှန်ကန်စွာ ပြုမူလုပ်ဆောင်ခြင်းမရှိသည့် ပြဿနာရှိပါသည်။ တစ်ချိန်တည်းမှာ ၎င်းတို့သည် သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်လိုစိတ်ကားမရှိ၊ ချီးကျူးခံလိုသော စိတ်သည်ကား ရှိနေခဲ့သည်။

သောင်ရသ်ကျမ်းတော်ပါ အမိန့်ပညတ်ချက်များကို ဖုံးကွယ်ထားမှုနှင့် ပတ်သက်၍ ရှာဟီးဒ်အလ်ဗုခါရီ ကျမ်းတော်တွင် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ်၏ စစ်မှန်ခိုင်လုံသော ဆင့်ပြန်ချက်တင်ပြထားသည်။ ၎င်းကဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် သောင်ရသ်ကျမ်းတွင် ဖော်ပြထားသည့် တစ်စုံတစ်ရာအကြောင်းကို ဣျူးများအား မေးမြန်းခဲ့သည်။ ဣျူးတို့သည် အမှန်တရားကို ဖုံးကွယ်ထားခဲ့ကာ သောင်ရသ်ကျမ်းတွင် မိန့်ကြားထားသည်နှင့် ဆန့်ကျင်ဘက်ကို ကိုယ်တော်မြတ်﴿ﷺ﴾ သခင်အား ပြောကြားခဲ့သည်။ ထို့နောက် ၎င်းတို့၏ လိမ်လည်လှည့်ဖြားမှုအတွက် သူတို့ကိုယ်သူတို့ ချီးမွမ်းကြကာတမန်တော်မြတ်﴿ﷺ﴾ သခင်အပါးမှ ကျေနပ်နှစ်သက်စွာ စွန့်ခွာခဲ့ကြသည်။ ထို့ကြောင့် ဣျူးများနှင့်ပတ်သက်၍ သတိပေးချက် တစ်ရပ် ပါဝင်သည့် ဤအာယသ်တော်ကျရောက်ခဲ့သည်။

အခြားအဆိုအမိန့်ဖြစ်သော "ထိုသူတို့သည် မိမိတို့မပြုမိခဲ့ကြသော (ကောင်းမှု) ကိစ္စနှင့် စပ်လျဉ်း၍ (လူအများ၏) ချီးမွမ်းခြင်းကို ခံလိုကြကုန်၏"က ဣျူးများအကြားရှိ အရေခြုံများကိုရည်ညွှန်းသည်။ ယင်း အရေခြုံများသည် ဂျိဟားဒ်စစ်ပွဲအချိန်တွင် အကြောင်းအမျိုးမျိုးပြု၍ အိမ်မှာထိုင်နေကာ ဂျိဟားဒ်စစ်ပွဲ၏ အခက်အခဲများကို ၎င်းတို့ မည်သို့ရှောင်ရှားနိုင်ခဲ့ကြောင်း ပွဲခံပြောကြားခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင် ဂျိဟားဒ် စစ်ပွဲမှပြန်ရောက်လာသောအခါတွင် ၎င်းတို့သည် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်ထံသွား၍ မုသားသစ္စာပြုကာ ဆင်ခြေအမျိုးမျိုးပေးကြသည့်အပြင် အဆိုးဆုံးကား ၎င်းတို့လုပ်ရပ်အား တမန်တော်မြတ်﴿ﷺ﴾ က ချီးကျူးစေလိုကြပေသည်။ **(ရှဟီးဒ်အလ်ဗုခါရီ)**

ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၏ ဤသဘောထားမျိုးကို ပြစ်တင်ရှုတ်ချထားသည်။ ဤသည်မှ ကွန်ပ်တို့သိရသည်မှာ အီမာန်ယုံကြည်မှု၏ အသိပညာ၊ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်၏ အမိန့်ပညတ်ချက်များကို ဖုံးကွယ်ထားခြင်းအား ဟရာမ်တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း ဤကဲ့သို့သော တားမြစ်ချက်သည် ဣျူးများကျင့်သုံးသည့် ဖုံးကွယ်မှုမျိုးကိုသာ ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ၎င်းတို့၏ လောကီဆိုင်ရာအကျိုးအမြတ်တိုးပွားရန်အတွက် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ဖုံးကွယ်လေ့ရှိသည်။ ဤကဲ့သို့လုပ်ဆောင်မှုဖြင့် လူများထံမှ ငွေကြေးဥစ္စာရအောင် ပြုလုပ်ကြသည်။ သို့သော်လည်း အကယ်၍ အမိန့်ပညတ်ချက်တစ်ရပ်သည် အချို့သော ဘာသာရေးဆိုင်ရာ တွေးတောချက်အရ သင့်လျော်သည်ဟုယူဆ၍ လူသိရှင်ကြား မကြေညာခဲ့လျှင် ဤသို့သော လုပ်ရပ်သည် ဟရာမ်တားမြစ်ပိတ်ပင်ခြင်းတွင် အကျုံးမဝင်ချေ။ ဤပြဿနာကို အီမာမ်အလ်ဗုခါရီသည် ထင်ရှားသောဟဒီးဆ်ဆင့်ပြန်ချက်များ အကိုးအကားပြု၍ သီးခြားခေါင်းစဉ်တစ်ခုဖြင့် ရှင်းလင်းထားသည်။ ၎င်းအဆိုအရ တစ်စုံတစ်ရာသော အမိန့်ပညတ်ချက်ကို ပွင့်လင်းစွာ သိစေခြင်းအားဖြင့် လူထုကြား နားလည်မှုလွဲမှားရန် အန္တရာယ်ရှိစေသောအခါများလည်း ရှိပါသည်။ ထိုကဲ့သို့သော အန္တရာယ်ပေါ် အခြေခံ၍ အမိန့်ပညတ်ချက်တစ်ရပ်ကို လူသိရှင်ကြားမပြုလုပ်စေခဲ့ပါလျှင် ပြဿနာမရှိချေ။

ကောင်းမှုတစ်ခုပြုလုပ်ခြင်းနှင့် ပတ်သက်သော ဥပဒေကားရှင်းပေသည်။ အကယ်၍တစ်စုံတစ်ဦးသည် ကောင်းမှုကောင်းရာတစ်ရပ်ပြုလုပ်ပြီး ထိုလုပ်ရပ်အတွက် ချီးကျူးခံရမည်ကို မျှော်လင့်ပါသည်။ သို့မဟုတ် ပိုဆိုးသည်မှာ ချီးကျူးခံရမှုအတွက် ခမ်းနားထည်ဝါသော လုပ်ဆောင်မှုများပြုလုပ်ခဲ့လျှင် ဤလုပ်ရပ်ကို အစွလာမ်

ဥပဒေကိုယ်ကျင့်တရား စံနှုန်းအရ အပြစ်တင်ထိုက်ပါသည်။ ထို့ပြင် တစ်စုံတစ်ယောက်သည် ထိုကောင်းမှုကောင်းရပ်ကို လုံးဝမပြုလုပ်ခဲ့လျှင်မူ ပို၍ပင်အပြစ်တင်ထိုက်ပါသည်။ ကောင်းမှုကောင်းရပ်တစ်စုံတစ်ရာ ပြုလုပ်ရန် သဘာဝဆန္ဒရှိ၍ နာမည်ကောင်းတစ်ရပ် ရလိုသောဆန္ဒရှိခဲ့ပါလျှင် ဤဥပဒေနှင့် အကျုံးမဝင်သော်လည်း နာမည်ကောင်းတစ်ရပ်ရရေးအတွက် သမရိုးကျမဟုတ်သော လုပ်နည်းလုပ်ဟန်နှင့် မလုပ်ကိုင်ရန်ကား လိုအပ်သည်။ **(ဘယာန္ဂလ်ကုရ်အာန်)**

VVVVVVVVVV

အာယသ် (၁၉၀-၁၉၄)

إِنَّ فِي خَلْقِ السَّمٰوٰتِ وَالْأَرْضِ
وَاخْتِلَافِ الَّيْلِ وَالنَّهَارِ لَآيٰتٍ لِّأُولِي الْأَلْبَابِ ﴿١٩٠﴾
الَّذِينَ يَذْكُرُونَ اللَّهَ قِيَامًا وَّقُعُودًا وَّعَلٰى جُنُوبِهِمْ
وَيَتَفَكَّرُونَ فِي خَلْقِ السَّمٰوٰتِ وَالْأَرْضِ ۚ رَبَّنَا مَا
خَلَقْتَ هٰذَا بَاطِلًا ۚ سُبْحٰنَكَ فَقِنَا عَذَابَ النَّارِ ﴿١٩١﴾
رَبَّنَا إِنَّكَ مَنْ تُدْخِلِ النَّارَ فَقَدْ أَخْزَيْتَهُ ۗ وَمَا لِلظّٰلِمِينَ
مِنْ أَنْصَارٍ ﴿١٩٢﴾ رَبَّنَا إِنَّنَا سَمِعْنَا مُنَادِيًا يُّنَادِي
لِلْإِيمَانِ أَنْ آمِنُوا بِرَبِّكُمْ فَآمَنَّا ۚ رَبَّنَا فَاغْفِرْ لَنَا
ذُنُوبَنَا وَكَفِّرْ عَنَّا سَيِّئَاتِنَا وَتَوَفَّنَا مَعَ الْأَبْرَارِ ﴿١٩٣﴾
رَبَّنَا وَآتِنَا مَا وَعَدْتَّنَا عَلٰى رُسُلِكَ وَلَا تُخْزِنَا يَوْمَ الْقِيٰمَةِ ۗ
إِنَّكَ لَا تُخْلِفُ الْمِيعَادَ ﴿١٩٤﴾

ကောနစ်စစ် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌လည်းကောင်း၊ နေ့နှင့် ည၌တို့၏ ပြောင်းလဲမှု၌လည်းကောင်း နိသမ္မဉာဏ်ရှင်များအဖို့ (တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ထင်ရှားသိစေနိုင်သော) သက်သေသာဓကများ မုချရှိပေသည်။(၃း၁၉၀)

အကြင်နိသမ္မ ဉာဏ်ရှင်များသည် အလ္လာဟ်အရှင်မြတ်အား မတ်တတ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက်လည်းကောင်း (အခါခပ်သိမ်း) အောက်မေ့တသတသတိရကြ၏။ ၎င်းပြင် ထိုသူတို့သည် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်(ကာ ဤသို့လျှောက်ထား)ကြ၏။ အို-ကျွန်တော်မျိုးတို့၏ အရှင် အရှင်မြတ်သည် ဤ(ဖန်ဆင်းထားသောအရာများ)ကို အချည်းအနှီး ဖန်ဆင်း ထားတော်မူသည် မဟုတ်ပါ။ အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏ ပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ။ (၃း၁၉၁)

အို-ကျွန်တော်မျိုးတို့အရှင် ဧကန်မုချ အရှင်မြတ်သည် အကြင်မည်သူကိုမဆို ငရဲမီးထဲသို့ ထည့်သွင်းတော်မူပါလျှင် အရှင်မြတ်သည် ထိုသူအား မုချ ဂုဏ်ရည်သေးသိမ်အောင် ပြုတော်မူချေပြီ။ ၎င်းပြင် မရားကျူးလွန်သော သူတို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။ (၃း၁၉၂)

အို-ကျွန်တော်မျိုးတို့၏အရှင် မုချဧကန်၊ ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦး (၏ကြွေးကြော်သံ) ကိုကြားကြပါသည်။ ထိုသူသည် (လူခပ်သိမ်းတို့အား) "အီမာန်"ယုံကြည်ခြင်းတရားထားရန်အလို့ငှာ (အို-လူအပေါင်းတို့) "အသင်တို့သည် မိမိတို့၏ အရှင်မြတ်အားယုံကြည်ကြကုန်" ဟု ကြွေးကြော်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့သည် (အရှင်မြတ်အား) ယုံကြည်ကြပါပြီ။ အို-ကျွန်တော်မျိုးတို့၏အရှင် သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ကြီးလေးသော) အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (သေးငယ်သော) မကောင်းမှုများကိုလည်း ကျွန်တော်မျိုးတို့ထံမှ ပပျောက်စေတော်မူပါ။ ၎င်းပြင်အရှင်မြတ်သည် (မိမိ၏ကရုဏာတော်အဟုန်ဖြင့်) ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့်အတူကွ သေဆုံးစေတော်မူပါ။ (၃း၁၉၃)

အို-ကျွန်တော်မျိုးတို့၏အရှင် ၎င်းပြင်အရှင်မြတ်သည် မိမိ၏ရစူလ်တမန်တော်များမှတစ်ဆင့် ကျွန်တော်မျိုးတို့အား ကတိပြုတော်မူသော ကုသိုလ်အကျိုးကိုလည်း ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကိယာမသ်နေ့တွင် ဂုဏ်ရည်သေးသိမ်အောင် ပြုတော်မမူပါလင့်။ မုချဧကန် အရှင်မြတ်သည် (မိမိထားရှိသော) ကတိတော်ကို(ဘယ်သောအခါမျှ) ဖောက်ဖျက်တော်မူသည် မဟုတ်ပါ။ (၃း၁၉၄)

အစောပိုင်းကဖော်ပြခဲ့သော အာယသ်တော်(၁၈၉)တွင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်တည်ရှိတော်မူကြောင်း (သောင်ဟီးဒ်)ကို အလေးအနက် အခိုင်အမာ ဖော်ပြထားခဲ့သည်။ ထို့ကြောင့် အာယသ်တော် (၁၉၀) တွင် သောင်ဟီးဒ်၏ သက်သေပြချက်ကို တင်ပြထားကာ ယင်းနှင့်စပ်လျဉ်း၍ သောင်ဟီးဒ်၏အမိန့်မှာချက်များနှင့်အညီ တိတိကျကျ လုပ်ဆောင်သူများ၏ မြင့်မြတ်မှုကို ဖော်ပြထားသည်။ သွယ်ဝိုက်သောအားဖြင့် သောင်ဟီးဒ်နှင့်အညီ ကျင့်ဆောင်သူများသည် အခြားသူများကိုပါ အလားတူ ပြုလုပ်စေရန် တိုက်တွန်းလှုံ့ဆော်စေပါသည်။

အစောပိုင်းက ဖော်ပြထားသည့် မယုံကြည်သွေဖည်သူများ ပြုလုပ်ထားသည့် နာကျင်ဖွယ်အကြောင်းများသည် လက်ရှိအာယသ်တော်တွင် ပါဝင်သည်နှင့် တထပ်တည်းဖြစ်ပေသည်။ ရန်လိုသူ မယုံကြည်သွေဖည်

ငြင်းပယ်သူများက တမန်တော်မြတ်﴿ﷺ﴾ သခင်ကို ဆွဖာတောင်အား ရွှေအတိပြီးသော တောင်အဖြစ်ပြုလုပ်ရန် တောင်းဆိုခဲ့သည့်နောက်ခံအကြောင်းမှ နားလည်သိရှိနိုင်ပါသည်။ ထိုစဉ် ဤအာယသ်တော် ကျရောက်ခဲ့၍ အမှန်တရားအား အတည်ပြုသည့် သက်သေသာဓကမြောက်မြားစွာ ၎င်းတို့ပတ်လည်ရှိနေခဲ့ကြောင်း ရည်ညွှန်းပါသည်။ အဘယ်ကြောင့် ၎င်းတို့သည် ထိုအရာများအကြောင်း မစဉ်းစား မဆင်ခြင်ခဲ့ကြပါသနည်း။

တမန်တော်မြတ်﴿ﷺ﴾ သခင်အား သူတို့တောင်းဆိုခဲ့ခြင်း၏ အကြောင်း အစစ်အမှန်ကား အမှန်တရားကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ရင်းမဟုတ်ချေ။ ၎င်းတို့တောင်းဆိုခြင်းမှာ ရန်လိုခြင်းသက်သက်သာဖြစ်၍ ၎င်းတို့၏ တောင်းဆိုချက်ကို လိုက်လျောမည်ဆိုလျှင်ပင် ယုံကြည်ကြမည်မဟုတ်ချေ။

အကျယ်ဖွင့်ဆိုခြင်း

ဤဝဟီကျရောက်ခြင်း၏ နောက်ခံအကြောင်း

ဤအာယသ်တော်များ ကျရောက်ခြင်း၏ နောက်ခံအကြောင်းကို အကျယ်ဖွင့်ရာတွင် အိဗ်နိဟစ်ဗန်က ၎င်း၏ "စဟီဟ်" ကျမ်းတွင်လည်းကောင်း၊ အိဗ်နိအဗီအဆာကီးရ်က ၎င်း၏ သမိုင်းကျမ်းတွင်လည်းကောင်း တင်ပြထားသည်မှာ ဆွဟာဗဟ်သာဝကကြီး အတာအိဗ်နိရဗာဟ် ﴿ﷺ﴾ သခင်သည် ဆိုက်ယိဒါဟ် အာအိရှဟ် (ﷺ) သခင်မထံသွားရောက်ခဲ့၍ လျှောက်ထားခဲ့သည်မှာ "သခင်မတွေ့မြင်ရသော တမန်တော်မြတ်﴿ﷺ﴾ သခင်၏ဘဝအခြေအနေ အမျိုးမျိုးတို့အနက်မှ အဘယ်ကိစ္စရပ်သည် အထူးခြားဆုံးဖြစ်ကြောင်း ကျွန်ုပ်အားပြောကြားပြပါ။" ထို့စဉ် စိုက်ယိဒါဟ် အာအိရှဟ်(ﷺ)သခင်မက "ဘယ်အခြေအနေကို သင်ပြောဆိုနေပါသနည်း" စင်စစ် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ ကိစ္စရပ်တိုင်းသည် ထူးခြားသည်ချည်းသာဖြစ်သည်။ သို့သော်လည်း အလွန်ထူးခြားသည့် အဖြစ်အပျက်တစ်ခုကိုတော့ ကျွန်မသင့်ကိုပြောပြပါမည်။ တစ်ညဥ့် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ကျွန်မထံ ကြွမြန်းလာတော်မူ၍ အတူအိပ်စက်တော်မူရန် လဲလျောင်းခဲ့သည်။ ထို့နောက် ကျွန်မအား "ကျွန်ုပ်၏အရှင်မြတ်အား ခဝတ်ကိုးကွယ်ရန်အတွက် ကျွန်ုပ်ကိုအခွင့်ပြုပါ" ကိုယ်တော်မြတ်သည် အိပ်ရာမှထ၍ ဝိဇူရေသန့်စင်ကာ ဆွလာသ်ဝတ်ပြုဆောက်တည်ရန် မတ်တပ်ရပ်ခဲ့သည်။ ထို့ပြင် ကီယမ်မတ်တပ်ရပ်သော အခြေအနေ၌ ကိုယ်တော်သည် ရင်ပတ်ပေါ်တွင် မျက်ရည်များစိုရွှဲသည်အထိ ငိုကြွေးတော်မူခဲ့လေသည်။ ထို့ နောက် ရုကူအ်အတွက်ဦးညွတ်စဉ် အချိန်တွင်လည်း ငိုကြွေးခဲ့သည်။ ထို့နောက် ကိုယ်တော်သည် စဂျဒဟ်ပြုလုပ်၍ စဂျဒဟ်ပြုလုပ်စဉ်လည်း ယခင်အတိုင်း ငိုကြွေးပြန်သည်။ ထိုနောက် စဂျဒဟ်မှ ဦးခေါင်းပြန်ကြွတော်မူ၍ မနက် မိုးလင်းသည်အထိ ဆက်လက်ငိုကြွေးခဲ့ပါသည်။ စိုက်ယိဒိနာ ဗိလာဟ်﴿ﷺ﴾ သခင်ဝင်ရောက်လာ၍ ဖဂျရ် ဆွလာသ်ဝတ်ပြုချိန်ရောက်သည့်အကြောင်း ကိုယ်တော်အား အသိပေးခဲ့သည်။ စိုက်ယိဒိနာ ဗိလာဟ်ပြောခဲ့သည်မှာ "ကျွန်တော် ရှိသေစွာလျှောက်ထားအပ်ပါသည်။ ကိုယ်တော်အဘယ်ကြောင့် ဤသို့ငိုကြွေးနေရပါသနည်း" အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်၏ အတိတ်နှင့် အနာဂတ်မှ ပြစ်မှုအားလုံးကို ခွင့်လွှတ်ချမ်းသာပေးတော်မူပြီး မဟုတ်ပါလား" ကိုယ်တော်မြတ်က မိန့်ကြားသည်မှာ "သို့ဆိုပါလျှင် ငါကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးသိတတ်သော ကျေးကျွန်တစ်ယောက် မဖြစ်ရပေဘူးလား" ကျွန်ုပ်ကျေးဇူးပြန်ဆပ်ရာ၌ မျက်ရည်

ကျ၍ မငိုသင့်ပေဘူးလား။ အထူးသဖြင့် အလ္လာဟ်အရှင်မြတ်သည် ဤကောင်းချီးမင်္ဂလာအတိုပြီးသည့် အာယသ်တော်(၁၉၀)

اِنَّ فِیۡ خَلۡقِ السَّمٰوٰتِ وَالۡاَرۡضِ

"ကောန်စင်စစ် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌" ငါကိုယ်တော်မြတ်ထံ ကျရောက်သောယနေ့လိုညမျိုးတွင် မငိုသင့်ဘူးလား။ ထို့နောက် ကိုယ်တော်မြတ်ﷺ သခင်က "ဤအာယသ်တော်များကိုဖတ်ရွတ်သရဇ္ဈာယ်၍ အာယသ်တော်ပါအကြောင်းအရာများကို မဆင်ခြင် မတွေးတောသူများ ပျက်စီးပါစေ"ဟု မိန့်ကြားခဲ့သည်။

ထို့ကြောင့် ဤအာယသ်တော်ပါအကြောင်းအရာများကို ဆင်ခြင်တွေးတောနိုင်ရန် ဦးစွာပထမ မေးခွန်းအချို့ဖြေကြားခြင်းဖြင့် အစပြုကြစို့။

"အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူခြင်း" ဆိုသည်ကား မည်သည်ကို ဆိုလိုသနည်း

(**خلق**) ခလ်က်ဟူသော စကားလုံးသည် ကြိယာနာမ်တစ်ခုဖြစ်ပြီး ဖန်ဆင်းခြင်း (သို့) အစပြုခြင်းကို ရည်ညွှန်းသောကြောင့် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော ဝိသေသလက္ခဏာတော်များရှိသည်ဟု ဆိုလိုသည်။ ထို့ကြောင့် အာကာသကောင်းကင်ဘုံနှင့် ကမ္ဘာမြေတွင်ရှိသော အလ္လာဟ်အရှင်မြတ် ဖန်ဆင်းသည့် အရာဝတ္ထုနှင့် သတ္တဝါအားလုံးသည် ဤတွင်အကျုံးဝင်သွားပေသည်။ ထို့ပြင် ဖန်ဆင်းခံများတို့တွင် ပုံသဏ္ဌာန်အမျိုးမျိုး အခြေအနေအမျိုးမျိုးရှိသော လောကအသီးသီးရှိသည့် အဖန်ဆင်းခံတိုင်းက ယင်း၏ ဖန်ဆင်းရှင်ကို ပြည့်ပြည့်စုံစုံ ထောက်ပြနေပါသည်။ ထို့နောက် အနည်းငယ် နက်နက်ရှိုင်းရှိုင်းတွေးကြည့်မည်ဆိုလျှင် "အာကာသကောင်းကင်ဘုံ" ဆိုသည်မှာ မြင့်သည့်အရာအားလုံးအကျုံးဝင်၍ "ကမ္ဘာမြေ" သည် နိမ့်သည်အရာအားလုံး အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အတိုင်းအတာအားလုံး နိမ့်သည်ဖြစ်စေ မြင့်သည်ဖြစ်စေ၊ ၎င်းတို့၏ တည်ရှိမှုသည် အလ္လာဟ်အရှင်မြတ်ကြောင့်သာဖြစ်သည်။

နေ့နှင့်ည ပြောင်းလဲခြင်းတို့၏ ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာများ

နေ့နှင့်ညပြောင်းလဲခြင်းဟူသည်၏ ဆိုလိုရင်းကို ကျွန်ုပ်တို့ ယခုဆုံးဖြတ်ကြည့်ကြစို့။ ပြောင်းလဲခြင်းဟု ဤနေရာ၌ ဘာသာပြန်ထားသည့် **اختلف** အိခ်သိလာဖ်ဟူသော စကားလုံးသည် အရဗီအသုံးအနှုန်း ဖြစ်သည်။ **اختلف فلانٌ فلانًا** (ထိုကဲ့သို့သော သူတစ်ဦးသည် ထိုထိုကဲ့သို့သော သူတစ်ဦးနောက်မှရောက်ရှိလာခဲ့သည်)မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် နေ့နှင့်ညပြောင်းလဲခြင်းဟု ဘာသာပြန်ဆိုထားသည့် အရဗီအသုံးအနှုန်းက ဆိုလို သည်မှာ ညဘျောက်ကွယ်လျှင် နေ့ပေါ်ပေါက်၍ နေ့ဘျောက်ကွယ်လျှင် ညပေါ်ပေါက်သည်ဟူ၍ ဖြစ်သည်။

ဤနေရာ၌ ပြောင်းလဲခြင်းဟု ဘာသာပြန်ဆိုထားသည့် အိခ်သိလာဖ် **اختلف** ဟူသည့် စကားလုံးကို တိုးပွားခြင်း (သို့) လျော့နည်းခြင်းဟူသော အဓိပ္ပာယ်ဆောင်သည်ဟု မှတ်ယူနိုင်သည်။ ပမာဆိုသော် ဆောင်းရာသီတွင် ညတာရှည်၍ နေ့တာတိုတောင်းကာ နွေရာသီတွင်မူ နေ့တာနှင့် ညတာမှာ ပြောင်းပြန်ဖြစ်သွားကာ နေ့တာရှည်၍ ညတာတိုပေသည်။ အလားတူပင် နေ့တာနှင့် ညတာကွာခြားခြင်းတို့သည် တိုင်းနိုင်ငံများ၏ ပထဝီအနေအထား ကွာခြားခြင်းကြောင့်လည်း ဖြစ်ပေသည်။ ပမာဆိုသော မြောက်ဝန်ရိုးစွန်းနှင့် နီးကပ်သော နိုင်ငံများသည် ဝန်ရိုးစွန်းနှင့်ဝေးသော နိုင်ငံများထက် နေ့တာပိုရှည်လေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ အလွန်ပြီးပြည့်စုံသည့် တန်ခိုးတော်၏ အဓိကသက်သေသာဓကကို ဤအဖြစ်အပျက်များမှ တွေးတောဆင်ခြင်ယူဆရန် မခက်ခဲလှပေ။

အာယသ်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကား အဘယ်နည်း

(**اٰيَاتٌ**) အာယသ်ဟူသော စကားလုံးသည် (**آية**) အာယသ်ဟူသောစကား၏ အများကိန်းဖြစ်၍ တစ်ခုထက်မကသော အဓိပ္ပာယ်များကို ဖော်ပြရာတွင် သုံးနှုန်းသည်။ တန်ခိုးပြာဋိဟာကို အာယသ်ဟုခေါ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာပိုဒ်-ဝါကျများကိုလည်း အာယသ်ဟုခေါ်သည်။ သက်သေလက္ခဏာဟူသည့် တတိယ အဓိပ္ပာယ်မျိုးဖြင့်လည်း သုံးနှုန်းသည်။ ဤလက်ရှိစာသားတွင် ဤတတိယအဓိပ္ပာယ်ကို ရည်စူးသည်။ ဆိုလိုသည်မှာ ဤဖော်ပြချက်များထဲတွင် အလ္လာဟ်အရှင်မြတ် တန်ခိုးပြာဋိဟာ သက်သေခံချက်များနှင့် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော လက္ခဏာတော်များ ပါရှိသည်။

အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ ထိုအရှင်မြတ်အား အမြဲတစေ အောက်မေ့တသတိရသူများသာ အသိဉာဏ်ရှိသူများဖြစ်ကြသည်။

اولو الالباب ဟူသော ဖော်ပြချက်၏ အဓိပ္ပာယ်ကို **لباب** လာဗ်၏ ဗဟုဝုစ်ကိန်းဖြစ်သော **الالباب** အလ်ဗာဗ်ဟူသော စကားလုံးမှတစ်ဆင့် ကျွန်ုပ်တို့စဉ်းစား ဆုံးဖြတ်ကြည့်ကြစို့။ ဝေါဟာရအရ ထိုစကားလုံး၏ အဓိပ္ပာယ်မှာ အနှစ်သာရဟူ၍ဖြစ်သည်။ အရာရာတိုင်း၏ အနှစ်သာရသည် ယင်း၏စုစုပေါင်းတန်ဖိုးဖြစ်ကာ ထိုအရာ၏ သဘာဝနှင့် အသုံးဝင်မှု၏ သော့ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအသိဉာဏ်သည် လူသဘာဝ၏ အနှစ်သာရဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အလ်ဗာဗ်သည် အသိပညာရှိသောလူသားဟု အဓိပ္ပာယ် သက်ရောက်သည်။

ကျွန်ုပ်တို့ရှေ့ရှိ ပြဿနာကား အသိပညာရှိသော သူများကို မည်ကဲ့သို့ သရုပ်ပေါ်အောင် ဖော်ထုတ်ကြမည်နည်းဆိုခြင်းပင်တည်း။ အဘယ်ကြောင့်ဆိုသော် တစ်ကမ္ဘာလုံးမှ လူများသည် အသိပညာရှိသူများသာဖြစ်ကြသည်ဟု ဆိုနေသောကြောင့်ဖြစ်သည်။ ငတုံးငအကပင်လျှင် ၎င်းတို့သည် အသိဉာဏ်မရှိသူ၊ ဆင်ခြင်တုန်တရားမရှိသူ၊ ဦးနှောက်မရှိသူဟု ဝန်ခံလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ဝိသေသလက္ခဏာအချို့ကို ကျွန်ုပ်တို့အား မိန့်ကြားထားသည်။ စင်စစ် ယင်းတို့သည် အသိဉာဏ်၏ ခိုင်လုံသော စံများပင်

ဖြစ်သည်။ ထိုကဲ့ သို့သော ဝိသသေလက္ခဏာ၏ ပထမမှာကား အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ခြင်းဖြစ်သည်။ အာရုံခံစားမှုဖြစ်သော အကြား၊ အမြင်၊ အနံ့၊ အရသာနှင့် ဆက်သွယ်မှုတို့မှ ရရှိသည့် ဤအသိပညာများကို စဉ်းစားကြည့်ပါ။ အချို့သော စဉ်းစားတွေးတောခြင်း ကင်းမဲ့သည့်တိရစ္ဆာန်များတွင် အာရုံခံစားမှုရှိပါသည်။ ဝိသေသလက္ခဏာများမှတစ်ဆင့်လည်းကောင်း၊ သက်သေအထောက်အထား မပြနိုင်သော်လည်း ယုံမှတ်နိုင်လောက်အောင် သက်သေသာဓကများမှ တစ်ဆင့်လည်းကောင်း၊ သီးခြားအဆုံးသတ်ကောက်ချက်စွဲရန်မှာ အသိဉာဏ်(သို့) ဆင်ခြင်တုန်တရား၏ အလုပ်တာဝန်ဖြစ်ပေသည်။ ထိုသို့ဆုံးဖြတ်ချက်ချခြင်းသည် အာရုံခံစားမှုမှ တစ်ဆင့် မရနိုင်ချေ။ သို့သော် ယင်းအာရုံခံစားမှုမှာကား အကြောင်းခံများ၏ ကွင်းဆက်ကို ခြုံငုံမိနိုင်စွမ်းအားကား ရှိလေသည်။

ဤဥပဒေသကို လက်ကိုင်ထား၍ ကျွန်ုပ်တို့ဝန်းကျင်ရှိ စကြဝဠာအကြောင်း စဉ်းစားကြည့်စမ်းပါ။ ဤကဲ့သို့ အံ့သြဘွယ်ဖွဲ့စည်းထားခဲ့သည် စနစ်ကြီးအကြောင်း စဉ်းစားရန် သိပ်မခက်ခဲလှချေ။ ထိုဖွဲ့စည်းမှုတွင် အာကာသကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့ရှိ၍ ယင်းနှစ်ခုကြားတွင် ဖန်ဆင်းမှုအားလုံးတည်ရှိကြသည်။ ထို့ပြင် ၎င်းတို့အတွင်းရှိ အရာရာအကြီးအငယ် မဟူတိုင်းကို အလွန်ကျွမ်းကျင်စွာ စီမံခန့်ခွဲထားမှုသည် ပို၍စင်းလုံးချောစေပါသည်။ ယင်းတို့က အဓိန့်အာဏာနှင့် တန်ခိုးတော်၊ အသိဉာဏ်၊ ပညာနှင့်ပတ်သက်လျှင် စိုးပိုင်တော်မူသော အဦးဆုံးနှင့် အမြင့်မားဆုံးအရှင်သခင်တစ်ပါးတည်းတည်ရှိကြောင်း ညွှန်ပြနေပါသည်။ ထိုအရှင်သည် ဤအစိတ်အပိုင်းအားလုံးကို ဖန်ဆင်းတော်မူ၍ ပုံဖော်တော်မူပြီး ထိုအရှင်၏ အလိုဆန္ဒနှင့် အမြင့်မားဆုံးကြံဆတော်မူကာ ဤစနစ်တစ်ခုလုံးကို လည်ပတ်စေတော်မူသည်။ ထိုအရှင်ကား ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာလျှင် ဖြစ်ကြောင်းထင်ရှားသည်။ အချို့သောနာမ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူဆရာသခင်များက စကားလုံးအနည်းငယ်နှင့် အကောင်းဆုံးတင်စားသည်မှာ -

بر گیاهے که اززمین روید ، وحده لا شریك له گوید

"မြေပြင်မှာ ပေါက်ရောက်သော မြက်ပင်တိုင်းကပြောကြားနေသည်မှာ ထိုအရှင်သည် တစ်ပါးတည်းတည်ရှိ၍ ထိုအရှင်နှင့် ယှဉ်တွဲကိုးကွယ်ရန်မရှိ" ဟူ၍ဖြစ်သည်။

အချိန်တိုင်းနှင့် နေရာတိုင်းတို့တွင် လူသားတို့၏ ရည်မှန်းချက်နှင့် အကြံအစည်များ မအောင်မြင်ခြင်းသည် သမရိုးကျ အတွေ့အကြုံတစ်ခုပင်ဖြစ်သည်။ ဤသည်များသည် စကြဝဠာစနစ်၏ အဓိကစွမ်းအားရှင်နှင့် စီမံခန့်ခွဲသူဟူ မခေါ်ဆိုနိုင်ပါ။ ထို့ကြောင့် မိုးကောင်းကင်များနှင့် ကမ္ဘာမြေအား ဖန်ဆင်းခြင်းနှင့် ယင်းတို့အထဲတွင် မည်သည့်တို့ဖန်ဆင်းထားခဲ့သည်ကို ဆင်ခြင်တွေးတောခြင်း၏ ရလဒ်သည် အသိဉာဏ်၏ ညွှန်ကြားချက်အရ အလ္လာဟ်အရှင်မြတ်အား သိရှိနားလည်ခြင်း၊ နာခံခြင်းနှင့် အမြဲတစေ သတိရတသနိုင်ရန်အတွက် အသက်ရှင်နေခြင်းပင်ဖြစ်သည်။ ဤသည်ကို သတိမမူမိသော မည်သူကိုမဆို အသိပညာရှိသည်ဟု သတ်မှန်ရန် မထိုက်ပါ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က အသိပညာရှိခြင်း လက္ခဏာတစ်ရပ်ကို အောက်ပါအတိုင်း မိန့်ကြားထားသည်။

اَلَّذِيْنَ يَذْكُرُوْنَ اللّٰهَ قِيَامًا وَّقُعُوْدًا وَّعَلٰى جُنُوْبِهِمْ

"အကြင်အသိပညာရှင်များသည် အလ္လာဟ်အရှင်မြတ်အား မတ်တပ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက်လည်းကောင်း (အခါခပ်သိမ်း) အောက်မေ့တသ သတိရကြ၏"(၁၉၁)

တနည်းဆိုသော် ထိုသူများတို့သည် အချိန်တိုင်း၌ မည်သည့်အခြေအနေမျိုးတွင်ရှိပါစေ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းအလုပ်တွင်သာ ရှိနေပါသည်။

ဤသည်မှစ၍ ကျွန်ုပ်တို့သိရသည်မှာ ကျွန်ုပ်တို့ခေတ်သစ်ကမ္ဘာ၏ ဆင်ခြင်တုံတရားနှင့် ကောင်းစွာသဘောပေါက်နားလည်အပ်သော အသိဉာဏ်တို့၏ စံဟုမှတ်ယူထားသောအရာကား လိမ်လည်လှည့်ဖြားခြင်းသာဖြစ်ပါသည်။ လောဘနောက်သို့လိုက်ကာ အချို့သောသူများတို့သည် ငွေကြေးတိုးပွားအောင်လုပ်ခြင်းကို သူတို့အသိဉာဏ်၏ စံနမူနာအဖြစ် မှတ်ယူခဲ့ကြသည်။ အချို့သောသူတို့သည် သိပ္ပံနည်းကျတီထွင် ဆန်းသစ်ခြင်းအီလက်ထရောနစ်ပစ္စည်း တီထွင်နိုင်ခြင်းတို့ကို လူသား၏ အသိဉာဏ်ဟုမှတ်ကြသည်။ ဤသည်တို့သည် စွမ်းအင်များသာဖြစ်ကြသည်။ သို့ရာတွင် စစ်မှန်ပြီး ကောင်းမွန်သော အသိဉာဏ်သည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များ သယ်ဆောင်လာသော သတင်းစကားတွင်သာ ပါရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းနဗီတမန်တော်တို့သည် အသိနှင့် ပညာဉာဏ်တို့မှ စတင်ကာဖြစ်ပျက်ခြင်းအကြောင်းတရားများ၏ ကွင်းဆက်တို့ကိုကြားအဆင့်များ ကျော်လွှားကာ နိမ့်ရာမှမြင့်ရာသို့ရောက်ရှိစေခဲ့ပါသည်။ လူသားတို့သည် ကုန်ကြမ်းပစ္စည်းများမှတစ်ဆင့် စက်ကရိယာများပြုလုပ်ပြီး နည်းမျိုးစုံသုံး၍ ရရှိအောင်စွမ်းအင်များကို အသုံးချကာ သိပ္ပံပညာဖြင့်လူသားကို စွမ်းအားရှင်ဖြစ်စေခဲ့ပါသည်။ သို့ရာတွင် မြင့်မားသော အသိပညာက စေခိုင်းသည်မှာ လူသားသည်ခြေလှမ်း ကျဲကျဲတစ်လှမ်းတိုး၍ လှမ်းခဲ့ပါလျှင် လူသားတို့၏အောင်မြင်ခြင်း၏ အဓိကအရာသည် ရေလည်းမဟုတ်၊ ရွှံ (သို့) သံ (သို့) ကြေးနီ (သို့) အခြားအရာများမဟုတ်ဘဲ စွမ်းအင်ထွက်သောစက်များပင်လျှင် မဟုတ်ကြောင်းကို တွေ့ရှိရပါမည်။ ဤကဲ့သို့အောင်မြင်စေသူမှာ လူသားများသည် နည်းပညာနှင့် စွမ်းအင်တို့ကို ထိန်းချုပ်နိုင်စေသောမီး၊ ရေ၊ လေတို့ကို ဖန်ဆင်းတော်မူသော အရှင်မြတ်မှလွဲ၍ မည်သည်မျှ မဖြစ်နိုင်ချေ။

کا رِزلفِ تست مشک افشانی اما عاشقاں
مصلحت را تہمتے بر آہوئے چیں بستہ اند

"ကတိုးနံ့သာမွှေးပျံ့နေခြင်းသည် သင်၏ဆံကေသာနွယ်ကြောင့် ဖြစ်သည်။ သို့ရာတွင် အသင့်ကိုချစ်ခင်သူများက ကတိုးနံ့သာသည် ကတိုးကောင်ကြောင့် ဖြစ်ရသည်ဟု သင့်သလိုပြောကြသည်။"

ကျွန်ုပ်တို့သည် ဝေးလံခေါင်ဖျားသော တောအရပ်တွင် နေထိုင်သည့် အသိဉာဏ်မဲ့သည့် လူတစ်ဦးမီးရထားဘူတာတစ်ခုသို့ ရောက်သည့် သာမန်ဥပမာကလေးဖြင့် ဤအရာကိုနားလည်ကြည့်ကြစို့။ သူသည်ကြီးမားလှသော ရထားသည် အလံနီတစ်ချက်ဝှေ့ရမ်းရုံဖြင့် ရပ်တန့်သွားစေပြီး အလံစိမ်းဝှေ့ရမ်းလိုက်သောအခါစတင်ထွက်ခွာကြောင်း သူတွေ့ရှိရပါသည်။ ၎င်းနောက်သူကပြောသည်မှာ ကြီးမားလှသောရထား၏ စွမ်းအားရှိသောစက်ကို ဤအလံနီ အလံစိမ်းများတို့က ရပ်တန့်စေခြင်း၊ ထွက်ခွာစေခြင်းတို့ကို ပြုလုပ်နိုင်လျှင် ထိုအလံများတွင် ပိုမိုထူးကဲသောစွမ်းအင်ရှိသည်ဟု ပြောပါသည်။ ထင်ရှားသည်မှာ အသိဉာဏ်ရှိသော လူတိုင်းတို့သည်

ပညာမဲ့၏ ပြောကြားချက်ကို ပြစ်ပယ်ကာ အလံများတွင် မည်သည့်စွမ်းအင်မျှ မရှိကြောင်း သူ့အားပြောကြပါသည်။ တကယ် ဆိုလျှင် ဤအချက်ပြချက်များကို စောင့်ကြပ်ကာ ရထားကိုထွက်ခွာစေခြင်း (သို့) ရပ်တန့်စေခြင်းတို့ကို ပြုလုပ် နေသည့် စက်ခန်းတွင်ထိုင်နေသောသူတွင်သာ စွမ်းအားရှိသည်ဟု ပြောကြားသည်။ သို့ရာတွင် ပိုမိုတတ်သိနားလည်သော သူတစ်ယောက်က စက်ခန်းတွင်ထိုင်နေသောသူက ရထားကို ထွက်ခွာစေခြင်း၊ ရပ်တန့်စေခြင်းဟူသော စွမ်းအားကို ပိုင်ဆိုင်သည်ဟူသော အယူအဆကို ငြင်းပယ်ပါလိမ့်မည်။ သူ၏ စွမ်းအားသည် ရထားနှင့်ဘာမျှ မပတ်သက်ပါ။ သူက တစ်ဆင့်တက်၍ ပြောသည်မှာ စွမ်းအားသည် စက်၏ အစိတ်အပိုင်း များတို့ကြောင့်သာ ဖြစ်သည်ဟု ပြောကြားသည်။ သို့ရာတွင် သိပ္ပံပညာရှင်တစ်ယောက်ကပြောသည်မှာ စက်၏ အေးသောအစိတ်အပိုင်းများကို ရှောင်ကွင်းကာ စက်အတွင်းတွင်ရှိသော ရေနှင့်အပူဓါတ်တို့ကထွက်ရှိလာသော ရေနွေးငွေ့သာလျှင် စစ်မှန်သော စွမ်းအားဟုပြောပါသည်။ ဤသည်မှာ အများခေါ်သော လောကဓာတ်သိပ္ပံအရ တွေးခေါ်မှုအရ တွေးတောခြင်းပင်ဖြစ်သည်။ ဤနေရာတွင် တမန်တော်များ၏ တွေးခေါ်မှုအရ အကယ်၍သာ စွမ်းအင်သိုလှောင် ရာဌာနသည် အလံ (သို့) မောင်းနှင်သူ (သို့) အင်ဂျင်အစိတ်အပိုင်းများဖြစ်သည်ဟု မှတ်ယူသည့် ကျေးတောသား မှားယွင်းသည်ဟုဆိုလျှင် စွမ်းအင်၏ အရင်းအမြစ်ကြောင့် စွမ်းအားရသည်ဟု ဆိုသူများသည်လည်း မှားယွင်းသည် ဟု ပြောရပေမည်ဟု တွေးခေါ်သူများအား ပြောပေလိမ့်မည်။ တမန်တော်များက ၎င်းတို့အား တွေးခေါ်မှု ရှေ့တစ်လှမ်းတိုးကြည့်ရန် ပြောပေလိမ့်မည်။ သို့မှသာ ၎င်းတို့သည် ရှုတ်ထွေး၍ ပျောက်နေသော ကြိုးစအဆုံးကို စမ်းသပ်တွေ့ရှိရပါလိမ့်မည်။ ဖြစ်နိုင်သည်မှာ သို့လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့သည် အရာဝတ္ထုများဖြစ်ပျက်ခြင်း အဆင့်ဆင့်၏ နောက်ဆုံးအဆင့်ကို ရောက်သွားကြပါလိမ့်မည်။ ဤတွင် ၎င်းတို့ရရှိမည့် အဖြေကား စွမ်းအားစုများကို ထိမ်းချုပ်ကာ လူသားများ ၎င်းတို့၏စွမ်းအင်ပုံစံများကို ရရှိစေ၍ အားလုံးသော အင်အားစုများကို ဖန်ဆင်းတော်မူသော အရှင်သခင်သည်သာလျှင် စွမ်းအားများတို့၏ အဆုံးစွန်ဆုံးသော အရှင်သခင်ဖြစ်တော်မူပေသည်။

ဤသည်မှ မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်အား သိနားလည်၍ အချိန်တိုင်း အခြေအနေတိုင်းတွင် အောက်မေ့တသသတိရသူများသာလျှင် "အသိပညာရှိသူများ"ဟု ခေါ်ဆိုထိုက်ကြောင်း ကောက်ချက်ချရန် မခဲယဉ်းချေ။ ဤသည်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က "အသိဉာဏ်ရှိသူများ" ကို အောက်ပါအတိုင်း သရုပ်ဖော်ထားသည်မှာ **اَلَّذِيْنَ يَذْكُرُوْنَ اللّٰهَ قِيَامًا وَّقُعُوْدًا وَّعَلٰى جُنُوْبِهِمْ** အကြင်နိသမဉာဏ်ရှင်များသည် အလ္လာဟ်အရှင်မြတ်အား မတ်တပ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက်လည်း ကောင်း (အခါခပ်သိမ်း) အောက်မေ့သတိရတသကြ၏။ (၃း၁၉၁)

ဤသည်ကို အခြေခံ၍ မုစ်လင်မ်ဓမ္မသတ်ရှင်များက သေဆုံးသည့်သူတစ်ဦးသည် မသေမီဌင်းကျန်ရစ်ပစ္စည်းများကို ပညာရှိသူများအားပေးရန်ဟူသည့် သေတမ်းစာနှင့် ပတ်သက်၍ ဖြေကြားခဲ့သည်။ ဥစ္စာပစ္စည်းများကို မည်သူ့ပေးရမည်နည်းဟူသည်နှင့် ပတ်သက်၍ ဓမ္မသတ်ပညာရှင်များက ဥပဒေထုတ်ပြန်သည်မှာ လောကီရေးရာကို မျက်ကန်းတောတိုး ရှာဖွေခြင်းကို ဆန့်ကျင်၍ ပစ္စည်းဥစ္စာရင်းမြစ်ကို မလိုအပ်ဘဲ ရှာဖွေခြင်းမှ ရှောင်သူများသာလျှင် ယင်းပစ္စည်းဥစ္စာနှင့် ထိုက်တန်သောသူများဖြစ်သည်ဟု ဆုံးဖြတ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများသာလျှင် ဉာဏ်ပညာရှိသူ အစစ်အမှန်ဖြစ်ကြပေသည်။ **(အလ်ဒုရ်ရလ်မုခ်သာရ်၊ ကိသာဗုလ် ဝစီယဟ်)**

ဤအချက်မှ သတိမူထိုက်သည်မှာ အစ္စလာမ့်ရှရီအသ်သည် ဇိကိရ်မှလွဲ၍ အခြားမည်သည့်ခဝတ်ကိုး ကွယ်နည်းကိုမျှ များစွာလုပ်ရန် အမိန့်ပေးထားခြင်း မရှိပါ။ သို့သော်လည်း ဇိကိရ်နှင့် ပတ်သက်ရာကို မိန့်ကြားထားသည်မှာ **وَاذْكُرُوا اللهَ ذِكْرًا كَثِيْرًا** "အလ္လာဟ်အရှင်မြတ်အား အလွန်များပြားစွာ အောက်မေ့တသ သတိရကြလေကုန်"(၃၃:၄၁) ဟူ၍ဖြစ်သည်။ အကြောင်းမှာ ဇိကိရ်မှအပ အခြားသော ခဝတ်ကိုးကွယ်မှုနည်းများ တွင် အခြေအနေအချို့နှင့် ဥပဒေများရှိပေသည်။ ယင်းအခြေအနေများနှင့် ဥပဒေများကို လိုက်နာကျင့်သုံးမှုမရှိ လျှင် ယင်းခဝတ် ကိုးကွယ်မှုတို့သည် နည်းလမ်းတကျပြုမူလုပ်ဆောင်သည်ဟု မမှတ်ယူပါ။ ဇိကိရ်တွင်မူ အထက်ပါ အချက်နှင့်ဆန့်ကျင်၍ အချိန်တိုင်း၊ အခြေအနေတိုင်း၊ ရပ်နေစဉ်ဖြစ်စေ၊ ထိုင်နေစဉ်ဖြစ်စေ၊ လဲလျောင်းနေစဉ် ဖြစ်စေ၊ ဝုဇူနှင့်ဖြစ်စေ၊ ဝုဇူမရှိဘဲဖြစ်စေ ပြုမူလုပ်ဆောင်နိုင်ပါသည်။ ဤအာယသ်တော်သည် ဤအသိဉာဏ်ကို ရည်ညွှန်း ကောင်းရည်ညွှန်းခြင်း ဖြစ်သည်။

ဤအာယသ်တော်တွင် ပေးထားသောအသိဉာဏ်ရှိသူများ၏ ဒုတိယလက္ခဏာကား ၎င်းတို့သည် အာကာသ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေဖန်ဆင်းခြင်းကို စဉ်းစားဆင်ခြင်ကြသူများဖြစ်သည်။

يَتَفَكَّرُوْنَ فِىْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ

"အာကာသ ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ကြ၏" (၃၉၁)

ဤနေရာတွင် ကျွန်ုပ်တို့သည် စဉ်းစားဆင်ခြင်ခြင်းလုပ်ရပ်၏ အဓိပ္ပာယ်နှင့် မည်သည့်အဆင့်တွင် ယင်း စဉ်းစားဆင်ခြင်မှုက လုပ်ဆောင်ကြောင်း ဆုံးဖြတ်ရန် လိုပါသည်။

အရဗီစကားလုံး ဖိက်ရ်နှင့် သဖတ်က်ကုရ်တို့သည် အဘိဓာန်အရ စဉ်းစားဆင်ခြင်ရန်ဟု အဓိပ္ပာယ် သက်ရောက်သည်။ ထို့ပြင် တစ်စုံတစ်ရာ၏ အကြောင်းကိုစဉ်းစားရာတွင် ယင်း၏အစစ်အမှန်ရောက်သည့်တိုင် ကြိုးပမ်းမှုတစ်ရပ်ကိုခေါ်သည်။ ဤအာယသ်တော်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ဤသို့စဉ်းစားဆင်ခြင်မှု ပြုလုပ် ခြင်းသည်လည်း ဇိကိရ် (အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသတိရ) သကဲ့သို့ အီဗာဒတ်ခဝတ်ကိုးကွယ်မှု တစ်ရပ်ပင်ဖြစ်သည်။ ခြားနားချက်မှာ ဇိကိရ်၏ ရည်ရွယ်ချက်သည် အလ္လာဟ်အရှင်မြတ် တည်ရှိခြင်းနှင့် အရှင် မြတ်၏ ဂုဏ်တော်များကို အောက်မေ့သတိရခြင်းဖြစ်ပြီး ဖိက်ရ်နှင့် သဖတ်က်ကုရ် (သို့) တွေးတောစဉ်းစား ဆင်ခြင်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုအရှင်မြတ်၏ ဖန်ဆင်းခြင်းနှင့် နှိုးနွှယ်သက်ဆိုင်သည်။ အလ္လာဟ်အရှင်မြတ် တည်ရှိခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များ စစ်မှန်ခြင်းကို လက်ခံခြင်းသည် လူသားတို့စဉ်းစား ဆင်ခြင်၍ပင် မမှီသောကိစ္စဖြစ်ပေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်လျှင် အံ့သြကုန်နိုင် ဘွယ်မရှိချေ။ ကဗျာဆရာကြီး ရူမီက မိန့်ကြားသည်မှာ -

دوربینان بارگاہِ الست ، غیر ازیں پے نبردہ اند کہ ہست

"အလ္လာဟ်အရှင်မြတ်၏ ရုံးတော်တွင် အမြော်အမြင်ရှိသူသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူမျှ မရှိဟူ၍ သိမြင်သူသာလျှင် အမြော်အမြင်ရှိသူဖြစ်၏။"

စင်စစ် စုံစမ်းလေ့လာမှုနယ်ပယ်တွင် အလ္လာဟ်အရှင်မြတ် တည်ရှိမှုနှင့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်တို့ကို လွန်ကျူးစွာ စဉ်းစားဆင်ခြင်ပါက ၎င်း၏မပြည့်စုံသော ဆင်ခြင်တုံတရားကြောင့် လမ်းမှားသို့ပင် ရောက်တတ်သော အချိန်အခါအချို့ရှိတတ်ပေသည်။ ထို့ကြောင့် နာမ်ပိုင်းဆိုင်ရာ ဆရာသခင်များထဲမှ ဆရာကြီးတို့က လေးနက်စွာ အကြံပြုထားသည်မှာ -

تَفَكَّرُوْا فِىْ اٰيَاتِ اللّٰهِ وَلَا تَتَفَكَّرُوْا فِى اللّٰهِ

"အလ္လာဟ်အရှင်မြတ်၏ ဝိသေသ လက္ခဏာများအကြောင်းကိုသာ စဉ်းစားဆင်ခြင်လော့။ သို့သော် အလ္လာဟ်အရှင်မြတ်အကြောင်းကို မစဉ်းစား မဆင်ခြင်လေနှင့်။"

ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းခဲ့သည်များတွင် ဝိသေလက္ခဏာများရှိလေသည်။ တစ်စုံတစ်ဦးသည် ဤဝိသေသလက္ခဏာများအကြောင်းကို စဉ်းစားသင့်သည်။ သို့သော်လည်း တစ်စုံတစ်ဦး အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူခြင်းနှင့် ထိုအရှင်မြတ်၏ ဂုဏ်တော်များအကြောင်းကို စဉ်းစားဆင်ခြင်မှု မပြုလုပ်သင့်ချေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့မှာ ၎င်းစဉ်းစား၍ မမှီသောအချက်ဖြစ်သည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် နေကိုကြည့်လိုသည့်ဆန္ဒရှိ၍ကြည့်လျှင် မျက်စိစူး၍ပြာသွားလိမ့်မည်။ အလ္လာဟ်အရှင်သည် မည်သူနည်း။ ထိုအရှင်မြတ်သည် မည်သည်နှင့် သဏ္ဌာန်တူသနည်း။ ဤမေးခွန်းများကို အသိပညာရှိသော တွေးခေါ်သူများနှင့် နာမ်ပိုင်းဆိုင်ရာ ဆရာသခင်ကြီးများက အကြံပြုအဖြေပေးခဲ့သည်မှာ -

نه هر جائے مرکب تواں تاختن
که جاها سیـر بایدانـداختن

"သင့် စူးစမ်းလေ့လာရာ နယ်ပယ်တိုင်းတွင် အရာရာတိုင်းအတွက် ထိုးစစ်ဆင်စရာ မလိုချေ။ အဘယ်ကြောင့်ဆိုသော် အချို့သောနေရာများတွင် သင်သည် အလျော့ပေးသင့်ပေမည်။"

သို့သော်လည်း ဖန်ဆင်းခြင်းအကြောင်း စဉ်းစားရာတွင် တစ်စုံတစ်ဦးအား ဖန်ဆင်းရှင်တည်ရှိကြောင်းကို မလွဲမသွေ သိရှိစေပါသည်။ ကျွန်ုပ်တို့အထက်တွင်ရှိ အပြောကျယ်သည့်ကောင်းကင်ပြင်ကို ကြည့်လိုက်ပါ။ ယင်းတွင် နေ၊ လ၊ ကြယ်၊ မြောက်မြားစွာသော နက္ခတ်တာရာတို့သည် နေစနစ်။ လစန္ဒာစနစ်တို့အောက်တွင် ခိုင်မြဲ၍ ကြိုတင်တွက်ဆထားသော နည်းနာများနှင့် နှစ်ထောင်ပေါင်းများစွာ ကောင်းကောင်းလုပ်ဆောင်ခဲ့ပါသည်။ ယင်းစနစ်ကြီးအား မည်သည့်အလုပ်ရုံတွင်မျှ ပြင်ဆင်မွမ်းမံမှုပြုရန် မလိုအပ်ခဲ့ချေ။ ထိုပြင် ကျွန်ုပ်တို့ကမ္ဘာမြေကြီးကား ဖန်ဆင်းခြင်း၏ အံ့သြဖွယ်များစွာပါဝင်သော မြစ်များ၊ တောင်တန်းများ၊ သစ်ပင်များ၊ သားရဲတိရစ္ဆာန်များနှင့် ဖုံးကွယ်လျက်ရှိသော သတ္တုများရှိကြသည်။ အာကာသကောင်းကင်နှင့် ကမ္ဘာမြေကြား လှည့်ပတ်သွားလာနေသည့် လေထုနှင့်မိုးများ၊ ထိုမိုးရွာခြင်းမှ ပေါ်ထွက်လာသော လျှပ်စစ်များလည်းရှိကြသည်။ ဤသို့ခမ်းနားကြီးကျယ်စွာ တည်ထားသော စနစ်တစ်ခုလုံးသည်း စဉ်းစားဆင်ခြင်၍ နားလည်ချင်သောသူတစ်ဦးအတွက် ထိန်းချုပ်မှုနှင့် တန်ခိုးတော်တွင် လူတိုင်းထက် သာလွန်တော်မူသော အထူးအရှင်တစ်ပါးရှိသည်ဆိုသော အချက်သို့ ရောက်ရှိစေပါသည်။ ဤသည်ကား မအ်ရိဖသ်ပင်ဖြစ်သည်။ မအ်ရိဖသ်ဆိုသည်မှာ သိရှိနားလည်ခြင်း၏ အဆင့်ပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ရှာဖွေတွေ့ရှိသော ဤကဲ့သို့စဉ်းစားဆင်ခြင်မှုသည် အိဗာဒတ်

ခဝတ်ကိုးကွယ်မှုတစ်ရပ်ဖြစ်၍ ကြီးကျယ်သောလုပ်ရပ်ဖြစ်သည်။ ဤအကြောင်းကြောင့် ဟဇရသ်ဟစန်ဗစ္စရီက မိန့်ကြားသည်မှာ **تفكر ساعة خير من قيام ليلة** (**အိဗ်နိကဆီး၏**) "အလ္လာဟ်အရှင်မြတ်၏ ဝိသေသလက္ခဏာများ အကြောင်း တစ်နာရီမျှစဉ်းစားဆင်ခြင်ခြင်းသည် တစ်ညလုံးမတ်တပ်ရပ်၍ အိဗာဒသ်ခဝတ်ကိုးကွယ်မှု လုပ်သည်ထက် သာပိုအသုံးဝင်လေသည်။

ဟဇရသ် အုမရ် အိဗ်နိအဗ်ဒုလ်အဇီးဇ်က ဤကဲ့သို့စဉ်းစားဆင်ခြင်ခြင်းသည် ခဝတ်ကိုးကွယ်မှု၏ မြင့်မားသော လုပ်ဆောင်မှုတစ်ရပ်အဖြစ် ဖော်ပြသည်။ (**အိဗ်နိကဆီး၏**)

စိုက်ယိဒိနာ ဟစန်အိဗ်နိ အမီးရ်﴿ﷺ﴾ က စဉ်းစားဆင်ခြင်ခြင်းသည် အီမာန်ယုံကြည်မှု၏ အလင်းရောင်ဖြစ်သည်ဟု မိန့်ကြားခဲ့သည်။

ဟဇရသ် အဗူစုလိုင်မာန် အလ်ဒါရာနီက "ကျွန်ုပ်အိမ်ပြင်ထွက်သည်နှင့် မြင်သမျှအရာတိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာ တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်နေကြောင်း ကျွန်ုပ်သိရသည်။ ထို့ပြင် ဤသို့ပါဝင်နေခြင်းက ကျွန်ုပ်စာသင်ယူခြင်းတွင် အရင်းအမြစ်ကောင်းတစ်ခု ရရှိခဲ့ပါသည်"ဟု မိန့်ကြားခဲ့ပါသည်။ (**အိဗ်နိကဆီး၏**)

ထို့ကြောင့် မိမိကိုယ်၏ လျှို့ဝှက်ချက်သိသူများက အမြဲပြောဆိုသည်မှာ -

ကမ္ဘာမြေကြီးပေါ် ပေါက်ရောက်သော မြက်ပင်တိုင်းကပြောသည်မှာ "အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူ၍ ထိုအရှင်မြတ်နှင့် ယှဉ်တွဲဖက် မရှိပါ။"

ဟဇရသ်စူဖ်ယမ် အိဗ်နိအုယိုင်နာဟ်က "အဖန်တလဲ စဉ်းစားဆင်ခြင်ခြင်းသည် အသင့်နှလုံးသားထဲဝင်သွားသော အလင်းရောင်တန်း တစ်ခုပင်ဖြစ်သည်" ဟု မိန့်ကြားခဲ့သည်။

ဟဇရသ် ဝဟ်ဗ်အိဗ်နိမုနာဗ်ဗိဟ်က "များများစဉ်းစားဆင်ခြင်သူသည် အစစ်အမှန်ကို နားလည်သဘောပေါက်လိမ့်မည်။ နားလည်သဘောပေါက်သောသူသည် ခိုင်လုံသော အသိပညာ ရရှိလိမ့်မည်။ ခိုင်လုံသော အသိပညာရရှိသူသည် တစ်သဝေမတိမ်း လုပ်ဆောင်မည်မှာ မုချဧကန်ဖြစ်သည်။" (**အိဗ်နိကဆီး၏**) ဟု မိန့်ကြားခဲ့သည်။

စိုက်ယိဒိနာ အိဗ်နိအုမရ်﴿ﷺ﴾ သခင် မိန့်ကြားသည်မှာ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးသည် အလွန်ခြိုးခြံသောသူတစ်ဦး တစ်နေရာတွင်ထိုင်နေသည်ကိုတွေ့ရ၍ ၎င်းသူ၏တစ်ဘက်တစ်ချက်တွင် သခ္ဓိုင်းရှိ၍ တစ်ဖက်တွင်မူ အမှိုက်ပုံကြီးရှိသည်။ ဖြတ်သန်းသွားသော ဘာသာရေးကိုင်းရှိုင်းသူက မှတ်ချက်ချသည်မှာ အသင့်ရှေ့တွင်ရတနာသိုက်နှစ်ခုရှိ၍ တစ်ခုမှာ သခ္ဓိုင်းဟုခေါ်သည့် လူသားရတနာသိုက်ဖြစ်ကာ အခြားတစ်ခုမှာ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းအဖြစ် ပြောင်းလဲသွားသော ဥစ္စာဓနနှင့် ပိုင်ဆိုင်ပစ္စည်းရတနာသိုက်ဖြစ်သည်။ ဤရတနာသိုက်နှစ်ခုသည် အသင်သင်ခန်းစာယူရန် လုံလောက်သည်။ (**အိဗ်နိကဆီး၏**)

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအုမရ်﴿ﷺ﴾ သခင်သည် ၎င်း၏နှလုံးသားလေ့ကျင့်ရန်နှင့် သင်ကြားရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြို့ပြင်ထွက်ကာ တောတန်းတစ်နေရာသို့ သွားလေ့ရှိသည်။ ထိုနေရာသို့ ရောက်သောအခါ ၎င်းကမြေကွက်လပ်တစ်ကွက်ကို မေးသည်မှာ (**اين اهلك؟**) "ဒီမှာနေခဲ့သူများ ဘယ်ရောက်ကုန်

ပြီလဲ" ထို့နောက်သခင်က မေးခွန်းကို သူကိုယ်တိုင် ပြန်ဖြေသည်မှာ **كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهُ** "အလ္လာဟ် အရှင်မြတ်တစ်ပါးတည်း ကျန်ရှိ၍ အားလုံးမှာ ပျက်စီးရမည်သာတည်း"။ (အိဗ်နိကဆီး၏) ဤနည်းလမ်းဖြင့် ၎င်းနှလုံးသားတွင် နောင်တမလွန်အာခိရတ်ဘဝ၏ အောက်မေ့တသသတိရမှုကို ကျင့်ကြံအားထုတ် ထည့်သွင်းထားသည်။

ဟဇ်ရသ် ဗိရှာရ်ဟာဖီသခင်မိန့်ကြားခဲ့သည်မှာ အကယ်၍လူသားသည် အလ္လာဟ်အရှင်မြတ်ကြီးကျယ်တော်မူကြောင်း တွေးတောစဉ်းစားဆင်ခြင်နေမည်ဆိုလျှင် ၎င်းတို့တွင် မနာခံခြင်းနှင့် အပြစ်ကျူးလွန်ခြင်းဆိုသည့် အခြေအနေမျိုး ရှိမနေနိုင်ချေ။

စိုက်ယိဒနာ အီစာ﴿عليه السلام﴾မိန့်ကြားခဲ့သည်မှာ "အားအင်ချိနဲ့စွာ ဖန်ဆင်းခြင်းခံရသော သင်တို့ဘယ်နေရာတွင်မဆို အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်"။ ကမ္ဘာမြေတွင် ဧည့်သည်တစ်ဦးအဖြစ် နေလော့။ ဝတ်ပြုရာနေရာများကို အသင်တို့အိမ်များအဖြစ်ပြုကုန်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့မှုဖြင့် ငိုကြွေးကြကုန်လော့။ အသင်တို့ခန္ဓာကိုယ်သည် အမြဲသည်းခံလျက်ရှိပါစေ။ ထို့ပြင် အသင်တို့နှလုံးသားသည် အဖန်တလဲ စဉ်းစားဆင်ခြင်လျက်ရှိပါစေ။ ဤသို့သော အလေ့အကျင့်ဖြစ်ခဲ့ပါမူ မနက်ဖန်၏ စားနပ်ရိက္ခာအတွက် မစိုးရိမ်လေနှင့်။

ဤကဲ့သို့ တွေးတောခြင်းနှင့် သောကရောက်မှုသည် အသိဉာဏ်ရှိသောလူများ၏ ထူးကဲသောအရည်အချင်းဖြစ်သည်ဟု ဤအာယသ်တော်များက ဖော်ပြထားသည်။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုအကြောင်း စဉ်းစာဆင်ခြင်ခြင်းဖြင့် ထိုကဲ့သို့သော သူများသည် ၎င်းတို့၏ ဖန်ဆင်းရှင်ကို သိလာ၍ ဤကမ္ဘာ၏ ခဏပန်းအခြေအနေကို သူတို့ကိုယ်တိုင် သိရှိသွားရလေသည်။

ဤသည်မှာ ခဝတ်ကိုးကွယ်မှု၏ ကြီးကျယ်ခမ်းနားသော လုပ်ရပ်တစ်ခုဖြစ်၍ အီမာန်၏ အလင်းရောင်ကို ပိုမိုဝင်းလက်တောက်ပစေသည်။ အလားတူပင် အလ္လာဟ်အရှင်မြတ်၏ ဝိသေသလက္ခဏာများကို မြင်တွေ့ကာ ကိုယ်တိုင်သိရှိရသော်လည်း ဖန်ဆင်းခံတို့၏ အပေါ်ရံကြော ဝင်းလက်တောက်ပြောင်မှု ဖုံးလွှမ်းခဲ့သဖြင့် ၎င်းတို့သည် စစ်မှန်သော အရှင်သခင်ကို မသိကြတော့ချေ။ ထို့ကြောင့် ယင်းကို သတိမမူခြင်းနှင့် တစ်တန်းတစ်စားထဲသတ်မှတ်၍ အလွန်တရာမရင့်ကျက်ခြင်းပင် ဖြစ်ချေသည်။ ပညာရှင်များက သတိပေးခဲ့သည်မှာ သူ့မျက်စိရှေ့ရှိဤစကြဝဠာမှ သင်ခန်းစာတစ်ရပ် မသင်ယူခဲ့ပါလျှင် ၎င်းတို့၏နှလုံးသားသည် အမှန်တရားသိရှိနားလည်ရန် မှာကား သတိမမူခြင်းနှင့် အချိုးညီစွာ ယိုယွင်းပျက်စီးနေပါသည်။ သိပ္ပံပညာဆိုင်ရာ တိုးတက်မှုတွင် စိတ်အားထက်သန်စွာ ဦးဆောင်သူများသည် ၎င်းတို့၏အောင်မြင်မှုတွင် အလွန်အာရုံစူးစိုက်နေသောကြောင့် ၎င်းတို့၏နောက်ဆုံးကြမ္မာကိုပင် သတိမမူမိကြတော့ချေ။ အကျိုးဆက်အားဖြင့် သိပ္ပံပညာဆိုင်ရာ စူးစမ်းလေ့လာမှု၏တိုးတက်မှုတို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုလျှို့ဝှက်ချက်ပေါ်ထွက်သည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်နှင့် အမှန်တရားတို့မှ ဝေး၍ဝေး၍ သွားပေတော့မည်။

ကဗျာဆရာလည်းဖြစ် ဟာသစာရေးဆရာလည်းဖြစ်သော အေလာအာဗတ်မြို့မှ အတ်ဗရ်က မှတ်ချက်ပြုသည်မှာ -

بھول کر بیٹھا ھے یورپ آسمانی باپ کو
بس خدا سمجھا ھے اس نے برق کواور بھاپ کو

ဥရောပသည် ကောင်းကင်ဘုံမှ ခမည်းတော်ကို မေ့လျော့သွားခဲ့သည်။ ၎င်းတို့အတွက် လျှပ်စစ်စွမ်းအင်နှင့် ရေနွေးငွေ့တို့သည် ဘုရားသခင်လောက်နီးနီး ကောင်းပေသည်။

ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေးလံသော ဝန်ထုပ်ဝန်ပိုးပိနေသည့် တွေးတောဆင်ခြင်ဉာဏ်မရှိသော ထိုကဲ့သို့သောသူများအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ -

وَكَاَيِّنْ مِّنْ اٰيَةٍ فِى السَّمٰوٰتِ وَالْاَرْضِ يَمُرُّوْنَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُوْنَ

စင်စစ်မူကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေပြင်၌လည်းကောင်း၊ မြောက်မြားစွာသော သက်သေလက္ခဏာများရှိကြပေသည်။ ၎င်းတို့သည် ယင်းသက်သေလက္ခဏာများဘက်မှ ဖြတ်ကျော်၍ သွားကြလေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းသက်သေလက္ခဏာများ မျက်နှာလွှဲသူများဖြစ်လျက် ရှိကြကုန်သတည်း။ (၁၂း၁၀၅)

ဤအာယသ်တော်၏ နောက်ဆုံးပိုင်း **رَبَّنَا مَاخَلَقْتَ هٰذَا بَاطِلاً** "အို ကျွန်တော်မျိုးတို့၏အရှင် အရှင်မြတ်သည် ဤ(ဖန် ဆင်းထားသောအရာများ) ကို အချည်းအနှီးဖန်ဆင်းထားသည်မဟုတ်ပါ" ရောက်သော အခါ အလွှာဟ်အရှင်မြတ် တန်ခိုးပြာဋိဟာ၏ ဝိသေသလက္ခဏာတော်များနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်မှုရလဒ်ဖြစ်ကြောင်း ကျွန်ုပ်တို့ထင်ရှားစွာ တွေ့နိုင်ပါသည်။ ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတွင် ရည်ရွယ်ချက်မရှိသည်ဟူ၍ မရှိချေ။ ဖန်ဆင်းမှုနောက်ကွယ်တွင် တွေးတောဆင်ခြင်ဖွယ်ရာ ထောင်ပေါင်းများစွာ ရှိပေသည်။ အရာရာတိုင်းကို လူသားများအား အလုပ်အကျွေးပြုရန် ထိန်းချုပ်ထားပေသည်။ လူသားများသာလျှင် စကြဝဠာ တစ်ခုလုံး အရင်းအမြစ်များကို သုံးစွဲသူဖြစ်သည်။ စကြဝဠာတစ်ခုလုံးသည် ၎င်းတို့အကျိုးအတွက် ဖန်ဆင်း ထားသည်ဟူသည်ကို ဤသည်မှ လူသားများသိသင့်ပါသည်။ အလားတူပင် လူသားတိုင်းအား ဖန်ဆင်းထားမှုသည် အလွှာဟ်အရှင်မြတ်အားနာခံ၍ အရှင်မြတ်ကို ခဝတ်ကိုးကွယ်ရန်ဖြစ်သည်။ ဤသည်ပင်သူ (သို့) သူမ၏ ဘဝရည်မှန်းချက်ဖြစ်သည်။

ရှေ့ဆက်ရသော် အာယသ်တော် ၁၉၂ မှ ၁၉၄ ထိထဲတွင် ဤစကြဝဠာသည် အချည်းအနှီးမဲ့ ဖန်ဆင်းထားခြင်းမဟုတ်ကြောင်းနှင့် စကြဝဠာဖန်ဆင်းရှင်၏ ကြီးကျယ်သောတန်ခိုးပြာဋိဟာနှင့် ဉာဏ်တော်အနန္တမှာ ပွင့်လင်းသော သက်သေသာဓကများဖြင့် ပြည့်လျှံနေကြောင်းကို သိရှိနားလည်သူများနှင့် ၎င်းတို့၏တောင်းဆိုတော်များ၊ အသနားခံမှုများပါဝင်သည်။ ထို့ကြောင့် ထိုသူများသည် ၎င်းတို့အား ဖန်ဆင်း၍ ကျွေးမွေးပြုစောင့်ရှောက်တော်မူသောအရှင်သခင်ကို သိသည်နှင့်တပြိုင်နက်တည်း ၎င်းတို့သည် ထိုအရှင်ရှေ့မှောက်တွင် ခယဝတ်တွားဦးခိုက်ကြပေမည်။

၁။ ၎င်းတို့၏ ပထမတောင်းခံချက်မှာ **فَقِنَا عَذَابَ النَّارِ** "အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏အပြစ် ဒဏ်မှ ဖယ်ရှားတော်မူပါ။"

၂။ ဒုတိယတောင်းခံချက်မှာ "နောင်တမလွန်ဘဝတွင် ကျွန်ုပ်တို့အား ဂုဏ်ရည်သေးသိမ်အောင်ပြုတော်မူခြင်းမှ ကယ်တင်တော်မူပါ"ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂျဟန္နမ်မီးတွင် ထည့်သွင်းခံရလျှင် ထိုသူသည် တစ်ကမ္ဘာလုံး၏ရှေ့တွင် အရှက်ရစေသောကြောင့်ဖြစ်သည်။ အချို့သော ပညာရှင်များက မိန့်ကြားသည်မှာ ပြန်လည်ရှင်ပြန်ထသည့် ကွင်းပြင်တွင် အရှက်ရစေခြင်းသည် မည်မျှဂုဏ်အသရေမဲ့သော ပြစ်ဒဏ်တစ်ရပ်ဖြစ်သည်ဟူမူ ယင်းအစားဂျဟန္နမ်ငရဲမီးထဲ ပြစ်ချခံချင်သည့် ဆန္ဒပင်ဖြစ်ပေါ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မကောင်းမှုလုပ်ရပ်များကို ထို့နေ့တွင်ရှိ လူမြောက်များစွာတို့ မကြားသိစေလိုသောကြောင့် ဖြစ်ပေသည်။

၃။ တတိယတောင်းခံချက်မှာ "အရှင်မြတ်၏ သတင်းစကားကို အရှင်မြတ်၏ စေတမန်တော်မှတစ်ဆင့် ကျွန်တော်မျိုးတို့ကြားသိရပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ထိုတမန်တော်အား သက်ဝင်ယုံကြည်ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးတို့၏ ဂုနာဟ်အပြစ်ကြီးများကို ခွင့်လွှတ်တော်မူ၍ ချို့တဲ့မှုများနှင့် မှားယွင်းမှုများကို ပလပ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ဖြောင့်မတ်မှန်ကန်သူများနှင့်အတူ ရုပ်သိမ်းတော်မူပါ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အား ဖြောင့်မတ်မှန်ကန်သောသူများ၏ အုပ်စုဝင်များအဖြစ် သတ်မှတ်တော်မူပါဟူ၍ဖြစ်သည်။

ဤအသနားခံ တောင်းခံချက် (၃) ရပ်တို့သည် ပြစ်ဒဏ်ပေးခံရခြင်း၊ နာကျင်ခြင်းနှင့် ဆုံးရှုံးခြင်းတို့မှ ကာကွယ်ရန် ရည်စူးသည်။ စတုတ္ထအသနားခံချက်သည် တမန်တော်များမှတစ်ဆင့် ကတိပြုထားခဲ့သော ဂျန္နသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာများဖြစ်သည်။ ဤကောင်းချီးမင်္ဂလာအတွက် တောင်းဆုဒုအာပြုရာတွင် တရားစီရင်မည့်နေ့၌ ဂုဏ်အသရေမဲ့ခြင်းမှ ကင်းဝေးစေရန်ဟူသည့် အသနားခံချက် ထပ်ထည့်ထားသည်။ တစ်နည်းဆိုရလျှင် တစ်စုံတစ်ဦး၏ လုပ်ရပ်များအားလုံးနှင့် ပတ်သက်၍ ကြီးမားသောဒုက္ခဝေဒနာအတိုဖြီးသော စာရင်းစစ်ဆေးမှုများမှ ကင်းလွတ်စေခြင်း၊ မကောင်းမှု လုပ်ရပ်တို့ကြောင့် အရှက်ရစေခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အသနားတော်ကြောင့် ခွင့်လွှတ်ချမ်းသာခွင့် ရခြင်းတို့အတွက် တောင်းခံအသနားခံခြင်းဖြစ်သည်။ တောင်းဆုဒုအာပြုခြင်းသည် အတိအလင်း ခွင့်လွှတ်တော် မူခြင်းအတွက်ဖြစ်ကာ အလ္လာဟ်အရှင်မြတ်သည် ကတိတော်ကို ဘယ်သောအခါမျှ ဖောက်ဖျက်တော်မမူချေ။ ဤကဲ့သို့ ခယဝတ်တွားခြင်းနှင့် ထပ်မံ၍ ယခဝတ်တွားခြင်း၏ ရည်ရွယ်ချက်ကား မည်သည်နည်း။ ရည်ရွယ်ချက်ကား "အိုအလ္လာဟ် အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ကတိတော်နှင့်ထိုက်တန်သူများအဖြစ် ထားတော်မူပါ။ အလ္လာဟ်အရှင် ပြုလုပ်ထားသော ကတိတော်အကျိုးကို ခံစားနိုင်သောသူများဖြစ်ပါရစေ။ ထို့ပြင် ကျွန်တော်မျိုးတို့အား စွဲစွဲမြဲမြဲ ကျင့်ကြံသူများအဖြစ်ထားတော်မူပါ။ သို့မှသာ ကျွန်ုပ်တို့သည် ဤကမ္ဘာလောကမှ ထွက်ခွာရာတွင် နှလုံးသား၌ **(ایمان)** အီမာန်တည်ရှိနေကာ အလ္လာဟ်အရှင်မြတ်ထံတော်၌ ကျွန်ုပ်တို့သည် ကောင်းရာမွန်ရာ **عمل صالح** ပြုလုပ်ကြသူများဖြစ်ပါရစေ" ဟူ၍ဖြစ်သည်။

VVVVVVVVVV

အာယသ် (၁၉၅-၁၉၉)

فَاسْتَجَابَ لَهُمْ رَبُّهُمْ أَنِّي لَا أُضِيعُ
عَمَلَ عَامِلٍ مِّنكُم مِّن ذَكَرٍ أَوْ أُنثَىٰ ۖ بَعْضُكُم مِّن بَعْضٍ ۖ
فَالَّذِينَ هَاجَرُوا وَأُخْرِجُوا مِن دِيَارِهِمْ وَأُوذُوا فِي سَبِيلِي
وَقَاتَلُوا وَقُتِلُوا لَأُكَفِّرَنَّ عَنْهُمْ سَيِّئَاتِهِمْ وَلَأُدْخِلَنَّهُمْ
جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ثَوَابًا مِّنْ عِندِ اللَّهِ ۗ وَ
اللَّهُ عِندَهُ حُسْنُ الثَّوَابِ ﴿١٩٥﴾ لَا يَغُرَّنَّكَ تَقَلُّبُ الَّذِينَ
كَفَرُوا فِي الْبِلَادِ ﴿١٩٦﴾ مَتَاعٌ قَلِيلٌ ثُمَّ مَأْوَاهُمْ جَهَنَّمُ ۚ وَ
بِئْسَ الْمِهَادُ ﴿١٩٧﴾ لَٰكِنِ الَّذِينَ اتَّقَوْا رَبَّهُمْ لَهُمْ جَنَّاتٌ تَجْرِي
مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا نُزُلًا مِّنْ عِندِ اللَّهِ ۗ وَمَا
عِندَ اللَّهِ خَيْرٌ لِّلْأَبْرَارِ ﴿١٩٨﴾ وَإِنَّ مِنْ أَهْلِ الْكِتَابِ لَمَن
يُؤْمِنُ بِاللَّهِ وَمَا أُنزِلَ إِلَيْكُمْ وَمَا أُنزِلَ إِلَيْهِمْ خَاشِعِينَ
لِلَّهِ لَا يَشْتَرُونَ بِآيَاتِ اللَّهِ ثَمَنًا قَلِيلًا ۚ أُولَٰئِكَ لَهُمْ أَجْرُهُمْ
عِندَ رَبِّهِمْ ۗ إِنَّ اللَّهَ سَرِيعُ الْحِسَابِ ﴿١٩٩﴾

သို့ဖြစ်ပေရာ ထိုသူတော်စင်တို့၏ လျှောက်ထားပန်ကြားချက်ကို ထိုသူတို့၏ အရှင်မြတ်သည် သဘောတူလက်ခံတော်မူခဲ့လေပြီ။ အကြောင်းသော်ကား ငါအရှင်မြတ်သည် အသင်တို့အနက်မှ မည်သည့်ကောင်းမှုပြုသောသူ၏ ကောင်းမှုကိုမျှ အလဟသအချည်းအနှီးဖြစ်စေတော်မူသည် မဟုတ်သောကြောင့်တည်း။ ထိုကောင်းမှုပြုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသင့်တို့ အညမည အချင်းချင်း တစ်ဦးသည် တစ်ဦး၏အစိတ်အပိုင်း (ဖြစ်ပေရာ အမိန့်တော်သည်လည်း တစ်မျိုးတစ်စားတည်းပင်) ဖြစ်ချေသည်။ ပြီးနောက် အကြင်သူတို့သည် (မှန်ကန်သောတရားလမ်းစဉ်ကို လိုက်နာကျင့်မူနိုင်အံ့သောငှာ မိမိတို့၏ နေရင်းဒေသကို) စွန့်လွှတ်ထွက်ခွာခဲ့ကြကုန်၏။

၎င်းပြင် မိမိတို့၏ နေအိမ်များမှ နှင်ထုတ်ခြင်းလည်း ခံခဲ့ကြရ၏။ ၎င်းပြင် ငါအလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (အမျိုးမျိုးသော) ဒုက္ခပေးခြင်းကိုလည်း ခံခဲ့ကြရ၏။ ၎င်းပြင် (မှန်ကန်သော တရားလမ်းစဉ်၌) စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြ၏။ (များစွာသောသူများသည်) သတ်ဖြတ်ခြင်းကိုလည်း ခံခဲ့ကြရ၏။ ငါအရှင်မြတ်သည် ထိုသူတို့၏ မကောင်းမှု ဒုစရိုက်တို့ကို မုချဖယ်ရှားတော်မူအံ့။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား အကြင်ဥယျာဉ်တော်များသို့လည်း ဝင်ရောက်စေတော်မူအံ့။ ထိုဥယျာဉ်တော်များ၏ အောက်၌ စမ်းရေချောင်းများ စီးဆင်းလျက်ရှိ၏။ ဤသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ရရှိမည့် ကုသိုလ်အကျိုးပင်ဖြစ်ချေသည်။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော အကျိုးဆုလာဘ်သည်ကား အလ္လာဟ်အရှင်မြတ် အထံတော်၌သာလျှင် ရှိပေသတည်း။ (၃း၁၉၅)

(အို-နဗီတမန်တော်) အမြို့မြို့အရွာရွာတွင် (လောကီစည်းစိမ်များဖြင့် ပြည့်ပြည့်စုံစုံ ချမ်းသာစွာ) ကာဖိရ်တို့၏ သွားလာခြင်းသည် အသင့်အား အထင်မှားအမြင်မှား မဖြစ်စေနှင့်။ (၃း၁၉၆)

(အမှန်စင်စစ်သော်ကား ယင်းသွားလာမှုနှင့်စည်းစိမ်ချမ်းသာများသည်) တဒင်္ဂတခဏမျှသော အကျိုးခံစားမှုမျှသာ ဖြစ်သည်။ နောက်ဆုံးတွင်မူကား ထိုသူတို့၏ ပြန်လည်ရာဌာနသည် "ဂျဟန္နမ်" ငရဲဘုံသည်သာလျှင် ဖြစ်လတ္တံ့။ စင်စစ် ယင်း "ဂျဟန္နမ်" ငရဲဘုံသည် အလွန်တရာဆိုးဝါးလှသော နေရာပင် ဖြစ်ပေသတည်း။ (၃း၁၉၇)

သို့ရာတွင်မူကား အကြင်သူတို့သည် မိမိတို့၏ အရှင်မြတ်ကို ကြောက်ရွံ့ (ရိုသေခြင်းအားဖြင့် ပြစ်မှုဒုစရိုက်တို့မှကြဉ်ရှောင်) ကြပါမူ ထိုသူတို့အဖို့ အကြင်ဥယျာဉ်များရှိအံ့။ ထိုဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများ စီးတွေလျက်ရှိကြ၏။ ထိုသူတို့သည် ၎င်းဥယျာဉ်များ၌ ထာဝစဉ်နေထိုင် စံမြန်းလျက်ရှိကြပေမည်။ ဤသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဧည့်ခံတော်မူခြင်းပင်ဖြစ်ချေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်အထံတော်၌ရှိသောအရာသည် သူမွန်သူမြတ်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသည်။ (၃း၁၉၈)

၎င်းပြင် ဧကန်မုချ ကျမ်းဂန်ရရှိသော သူတို့အနက် အကြင်သူတို့သည်လည်း ဧကန်စင်စစ် ရှိကြကုန်၏။ ထိုသူတို့အနက် အလ္လာဟ်အရှင်မြတ်ကို

လည်းကောင်း၊ အသင်တို့ထံထုတ်ပြန်ပို့ချပြီးသောအရာ (ဝါ) ကုရ်အာန်ကျမ်း တော်မြတ်)ကိုလည်းကောင်း၊ မိမိတို့ထံထုတ်ပြန်ပို့ချပြီးဖြစ်သောအရာ (ဝါ) "သောင်ရသ်"နှင့်"အင်နဂျီလ်" ကျမ်းများကိုလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်သည်။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်ဝယ် မိမိတို့ကိုယ်ကို နှိမ့်ချကျိုးနွံလျက် ရှိကြကုန်သည်။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်၏ မုက္ခပါဠ်တော်များကို အနည်းငယ်မျှသော အဖိုးအခနှင့် လဲလှယ်ဝယ်ယူကြသည်လည်း မဟုတ်ပေ။ ဤကဲ့သို့သောသူတို့၏ အကျိုးဆုလာဘ်သည် ထိုသူတို့၏ အရှင်မြတ်အထံတော်၌ရှိချေပြီ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (လူခပင်းတို့၏ သုစရိုက်၊ဒုစရိုက်တို့ကို)ဆောလျင်စွာ စောကြောစစ်ဆေးတော်မူမည့်အရှင် ဖြစ်တော်မူပေသတည်း။ (၃း၁၉၉)

ဤအာယသ်တော်အလျင် အာယသ်များထဲတွင် ကောင်းမွန်သောယုံကြည်သူများ၏ အသနားခံဒုအာတောင်းဆုတော်အချို့ကို ဖော်ပြထားခဲ့သည်။

ပထမအာယသ်တော်ဖြစ်သည့် (၁၉၅) ထဲတွင် ဤအသနာခံတောင်းဆုဒုအာကို လက်ခံခဲ့ကြောင်းနှင့် ၎င်းတို့၏ကောင်းမှုအတွက် ကြီးမားသောဆုလာဘ်များ သတ်မှတ်ထားကြောင်း ယုံကြည်သူများကို ကောင်းသတင်းပေးထားသည်။ ဒုတိယနှင့် တတိယအာယသ်ဖြစ်သည့် (၁၉၆-၁၉၇) ထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကမ္ဘာ လုံးဆိုင်ရာလုပ်ဆောင်မှုများနှင့် အပေါ်ယံကြွယ်ဝမှုတို့ကို မုစ်လင်မ်များ အထင်မမှားကြစေရန် ညွှန်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ယာယီသာဖြစ်ပြီး ယင်းနောက်တွင်ပါလာသည့် ပြစ်ဒဏ်ခတ်မှုများမှာကား ထာဝရဖြစ်ပေသည်။

စတုတ္ထအာယသ်တော် (၁၉၈) တွင် အလ္လာဟ်အရှင်မြတ်အား အမြဲတစေ ကြောက်ရွံ့ရိုသေသော မုစ်လင်မ် များအတွက် ဂျန္နသ်သုခဘုံ၏ ထာဝရကောင်းချီးမင်္ဂလာများ ချီးမြှင့်မည်ဆိုသည့် ကတိတော်ကို ပြန်လည်အခိုင် အမာ အတိအလင်း ဖော်ပြထားသည်။

ပဉ္စမ အာယသ်တော် (၁၉၉) တွင် ကျမ်းရပုဂ္ဂိုလ်များထဲမှ အစွန်လာမ်သာသနာ သက်ဝင်ယုံကြည်သော မုစ်လင်မ်များအတွက် ကြီးမားသော ဆုလာဘ်များနှင့် ကြိုဆိုလျက်ရှိနေကြောင်း သီးသန့် ဖော်ပြထားသည်။

အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော် ၁၉၅ တွင်ပါဝင်သော မိန့်ကြားချက်ဖြစ်သည့် **لَأُكَفِّرَنَّ عَنْهُمْ سَيِّاٰتِهِمْ** (ငါအရှင်မြတ်သည် ထိုသူတို့၏ မကောင်းမှု ဒုစရိုက်တို့ကို မုချဖယ်ရှားတော်မူအံ့) ကို ရှင်းလင်းတင်ပြရာတွင် မော်လာနာ အရှရဖ်အလီ ထာနဝီ က မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ထားသော တာဝန်များ ဖြည့်ဆည်းရာတွင် ချို့တဲ့မှုများ နှင့် အပြစ်များကိုသာ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည်ဟု ကန့်သတ်ထားသည်။ အကြောင်းမှာ

တမန်တော်မြတ် ﷺ သခင် ဟဒီးဆ်တော်တစ်ရပ်တွင် မိန့်ကြားထားသည်မှာ ကြွေးမြီနှင့်ပတ်သက်၍ ဤအာယသ်တော်တွင် အကျုံးမဝင်ချေ။ ဥပဒေမှာကား သက်ဆိုင်သူ (သို့) သူ၏အမွေဆိုင်တို့က ၎င်းကြွေးမြီကိုဆပ်လျှင်ဆပ် (သို့) ခွင့်လွှတ်ရန်တောင်းခံလျှင် တောင်းခံရပေမည်။ ဤကဲ့သို့သော ကိစ္စ၌ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးအတွက် အထူးရက်ရောတော်မူကာ ကြွေးမြီရရန် ကျန်သူ၏ နှလုံးသားထဲသို့ လျော့ပေါ့ပေးမှုနှင့် ခွင့်လွှတ်ခြင်းထည့်သွင်းပေးတော်မူခြင်းမှအပ အခြားနည်းလမ်းမရှိချေ။ ထိုသို့ဖြစ်ပါလျှင်ကား ကိစ္စတစ်မျိုး ဖြစ်လာပေမည်။ စင်စစ် အချို့သူများအတွက် ဤသို့ပင် ကြုံတွေ့ရလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့စွဲမှတ်ရမည်မှာ ဟိဂျ်ရသ် (ရွှေ့ပြောင်းခြင်း) နှင့် ရှဟာဒဟ် (အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သာသနာ့အာဇာနည် အဖြစ်ကျဆုံးခြင်း) တို့နှင့် ပတ်သက်လျှင်မူ အပြစ်များအားလုံး ခွင့်လွှတ်ခြင်းခံရမည်။ သို့ရာတွင် လူများ၏ ရပိုင်ခွင့်နှင့် ကြွေးမြီများ (**حقوق العباد**) "ဟုကုကုလ်အိဗာဒ်" နှင့် ပတ်သက်လျှင်မူ ကတိပြုထားခဲ့ခြင်း မရှိချေ။

VVVVVVVVVV

အာယသ် (၂၀၀)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱصۡبِرُواْ وَصَابِرُواْ وَرَابِطُواْ وَٱتَّقُواْ ٱللَّهَ لَعَلَّكُمۡ تُفۡلِحُونَ ٢٠٠

အို သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် (ဒုက္ခတွေ့ကြုံရလျှင်) သည်းခံကြလေကုန်။ ၎င်းပြင် (ရန်သူတို့နှင့်) ဖြိုင်ဆိုင်တိုက်ခိုက်ရာတွင်လည်း တည်တံ့ခိုင်မြဲစွာ ရှိကြလေကုန်။ ၎င်းပြင်အသင်တို့သည် (ရန်သူတို့အားခုခံကာကွယ်ရန်) အဆင်သင့်ရှိကြလေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် (အခါခပ်သိမ်း) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။ (၃း၂၀၀)

ဤသည်မှာ စူရဟ်အာလိအင်မ်ရာမ်၏ နောက်ဆုံးအာယသ်တော်ဖြစ်သည်။ ဤအာယသ်တော်ထဲ၌ ပေးထားသော အကြံပြုချက်သည် မုစ်လင်မ်အားလုံးအတွက် စံနမူနာကောင်းဖြစ်သည်။

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်ထဲတွင် မုစ်လင်မ်များအား အကြောင်းအရာ(၃)ခုနှင့် ပတ်သက်၍ တာဝန်ပေးထားသည်။ ဤသည်တို့မှာ ဆွဗရ်၊ မုဆွာဗရဟ်နှင့် မုရာဗတွဟ်တို့ဖြစ်သည်။ စတုတ္ထတစ်ခုမှာ သတ်ဂ်ဝါဖြစ်၍ အထက်ပါ (၃)ခုထဲတွင် မပါလျှင်မပြီးသော ကိစ္စဖြစ်သည်။ ယင်းတို့၏အဓိပ္ပာယ်များကို အောက်တွင် ဖော်ပြထားသည်။

အရဗီစကားလုံး (rbU)ဆွဗရ်သည် စာသားအရ "ကိုင်တွယ်ရန်" (သို့) "ချည်နှောင်ရန်" ဟူ၍ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်အသုံးအနှုန်းအရ ဆွဗရ်ဆိုသည်မှာ စိတ်ဆန္ဒအရ မနှစ်မြို့သည့်အရာများမှ ကိုယ်ကိုတိုင် ထိန်းချုပ်ရန်နှင့်ကာကွယ်ရန် ကြိုးပမ်းခြင်းဟု ဆိုလိုသည်။ ဤဆွဗရ်(တိကျတူညီသော အဓိပ္ပာယ်မရှိသောကြောင့် "သည်းခံခြင်း"ဟု အကြမ်းဘာသာပြန်ထားသည်) တွင် အသွင်သဏ္ဌာန်(၃)မျိုးရှိသည်။

(၁) တာဝန်ဝတ္တရားများနှင့် ပတ်သက်သော သည်းခံခြင်း - ဆိုလိုသည်မှာ ယင်းကိုလုပ်ဆောင်ရာတွင် မည်သို့သော ဝန်လေးမှုပေါ်ပါစေ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့ ပေးထားသော မည်သည့်အမိန့်ကိုမဆိုရိုကျိုးစွာ နာခံလုပ်ဆောင်ရန်ဟူ၍ ဖြစ်သည်။ တစ်စုံတစ်ဦးသည် မိမိကိုယ်မိမိ အတားအဆီးအနှောက်အယှက်များ ရှိလင့်ကစား အမိန့်ပညတ်ချက်များကို လိုက်နာရန် လုံးဝအာရုံစူးစိုက်ထားရေး ရည်ရွယ်ရင်းဖြစ်သည်။

(၂) အပြစ်ဒုစရိုက်များကို ဆန့်ကျင်ခြင်းနှင့် ပတ်သက်သည့် သည်းခံမှုတွင် မည်မျှပင် စိတ်ဆန္ဒရှိ၍ ဆွဲဆောင်မှုရှိလျှင်ပင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့က တားမြစ်ပိတ်ပင်ထားသော မည်သည့်အရာကိုမဆို မိမိစိတ်ဆန္ဒ ထိန်းချုပ်ထားခြင်းကို ဆိုလိုသည်။

(၃) ဒုက္ခသုက္ခကြုံစဉ် သည်းခံခြင်း - အခက်အခဲကြုံတွေ့ရာတွင်လည်းကောင်း၊ နာကြင်မှုဝေဒနာခံရာတွင်လည်းကောင်း ကြုံကြိုံခံခြင်းနှင့် လွန်ကဲသည့် စိတ်ပူပင်သောကရောက်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့သော သည်းခံခြင်းမျိုးများတွင် အလုံးစုံသောနာကြင်မှုနှင့် သက်တောင့်သက်သာမှုတို့သည် အလွှာဟ်အရှင်မြတ်ထံမှ ကျရောက်လာကြောင်း မှတ်ယူစေရန်နှင့် ယင်းအချက်ကို သိရှိနားလည်ခြင်းမှတစ်ဆင့် မိမိကိုယ်မိမိထိန်းချုပ်နိုင်ရန် စွမ်းရည်ရရှိစေသည်။

(...rBauM) မုဆွဗရာသ်ဟူသော စကားလုံးမှာ (rbU) ဆွဗာရ်မှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ ရန်သူနှင့် ရင်ဆိုင်ရာတွင် ကြုံကြိုံခံခြင်း၊ စွဲမြဲစွာရှိခြင်း ဆိုလိုသည်။

([pBArM) ဗုရာဗတွာဟ်သည် ([pBR) ရာဗိတွဟ်ဟူသော စကားလုံးမှ ဆင်းသက်လာသည်။ စကားလုံး၏ ရင်းမြစ်အရဆိုလျှင် ချည်နှောင်ရန်ဟု အဓိပ္ပာယ်သက်ရောက်၍ ယင်းကြောင့် ရာဗိတွ်နှင့် မုရာဗတွာဟ်တို့ကို "မြင်းများကိုချည်နှောင်ရန်"နှင့် စစ်ပွဲအတွက် အဆင်သင့်ဖြစ်စေခြင်းကို ဆိုလိုသည်ဟု မှတ်ယူသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းအဓိပ္ပာယ်အတိုင်းပင် ရာဗိတွ်ကို **وَمِنْ رِبَاطِ الْخَيْلِ** (ၛင်းပြင် မြင်းများမွေးမြူ (လေ့ကျင့်) ခြင်းကို) ၈း၆၀ တွင် သုံးနှုန်းထားသည်။ သို့ သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်တို့အသုံးအနှုန်းအရ ဤစကားလုံးကို အဓိပ္ပာယ်နှစ်မျိုးသုံးနှုန်းထားသည်။

(၁) အစွလာမ်နယ်စပ် ရှေ့တန်းလုံခြုံစေရန်အတွက် သမရိုးကျဖြစ်စေ၊ ခေတ်မီစစ်လက်နက်ပစ္စည်းများဖြင့် ဖြစ်စေ တပ်ဆင်ထားရန် လိုအပ်သည်။ သို့မှသာ အစွလာမ့်ရှေ့တန်း စစ်မျက်နှာပြင်တွင် ရန်သူများအရဲစွန့်ဝင်ရောက်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

(၂) ဂျမာအသ် အစုအဝေးနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကို မည်မျှတာဝန်သိစွာ ဂရုစိုက်လုပ်ဆောင်ထားသနည်းဆိုလျှင် တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုမှု တစ်ကြိမ်ဝတ်ပြုဆောက်တည်ပြီးလျှင် နောက်ဆွလာသ်ဝတ်ပြုမှုကို ပြုလုပ်ရန် စတင်မျှော်လင့်နေပေသည်။

အထက်ပါကိစ္စနှစ်ရပ်စလုံးသည် အစွလာမ့်သာသနာတွင် ခဝတ်ကိုးကွယ်မှု၏ မြင့်မားစွာ ကောင်းချီးပေးခံရသော လုပ်ရပ်များဖြစ်သည်။

၈၆၂ ရိဗာတ်ွ - အစွလာမ့်ရှေ့တန်းစစ်မျက်နှာအား ကာကွယ်စောင့်ရှောက်ခြင်း

အစွလာမ့်ရှေ့တန်းစစ်မျက်နှာကို ကာကွယ်ရန်ရည်ရွယ်၍ စစ်ဆင်ရေး အသင့်အနေအထားဖြင့် စောင့်ကြပ်နေခြင်းကို ရိဗာတ်ွနှင့် ဗုရာဗတွာဟ်ဟူ၍ ခေါ်တွင်သည်။ ယင်းမှာ အသွင်သဏ္ဌာန်နှစ်မျိုးနှစ်စား ရှိသည်။ ပထမအနေဖြင့် စစ်ဖြစ်ပွားနိုင်သည့် အန္တရာယ်ကားမရှိ၊ နယ်စပ်များလည်း လုံခြုံသော်လည်း စောင့်ကြပ်ခြင်းတာဝန်မှာကား ဖြစ်ပေါ်လာနိုင်သည်။

ခြိမ်းခြောက်မှုအန္တရာယ်ကို ဖယ်ရှားပစ်ရန်အတွက် နီးကြားနေရန်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် တာဝန်ထမ်းဆောင်နေသောသူတို့သည် မိသားစုနှင့်အတူတကွ နေနိုင်ခွင့်ရှိကာ အသက်မွေးဝမ်းကြောင်းရန် ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထိုကဲ့သို့သော ကိစ္စများလုပ်ဆောင်ခွင့်ရှိလေသည်။ အထက်ပါအခြေအနေ

မျိုးဌ် အကယ်၍ စောင့်ကြပ်ခြင်းနှင့် ကာကွယ်ရန်ဟူသော ရည်စူးချက်အမှန်ဖြင့် အစ္စလာမ်နယ်စပ်တွင် နေထိုင်ရှာဖွေစားသောက်ကာ ရည်ရွယ်ချက်အတိုင်း ရိုကျိုးနာခံနေလျှင် ဤသို့သောသူသည် "အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် နေထိုင်ခြင်း" (رِبَاط فِيْ سَبِيْلِ الله) ကဲ့သို့ ဆုလာဘ်ရရှိပေမည်။ အကယ်၍ စစ်မတိုက်ခိုက်ရာဘဲ ယင်းအတိုင်းနေလျှင်ပင် ဆုလာဘ်ရရှိမည်။ သို့သော်လည်း မည်သူမဆို တစ်စုံတစ်ဦးသည် စစ်မှန်သောရည်ရွယ်ချက်က အစ္စလာမ့်စစ်မျက်နှာရှေ့တန်းကို စောင့်ရှောက်ကာကွယ်ရန်မဟုတ်ဘဲ အသက်မွေးဝမ်းကြောင်းရန် သက်သက်ဟုဆိုခဲ့ပါလျှင် အကယ်၍ အမှတ်မထင် နယ်စပ်ရှေ့တန်းစစ်မျက်နှာစောင့်ရှောက်ရန် အခွင့်အရေး ရခဲ့လျှင်လည်း ဤသို့သောသူကို "အလ္လာဟ်အရှင်မြတ်လမ်းတော်တွင်နေထိုင်သူ" အဖြစ် သတ်မှတ်လိမ့်မည် မဟုတ်ချေ။ အခြားဖြစ်တန်ရာသည့်ကိစ္စမှာ နယ်စပ်ကို ရန်သူ၏တိုက်ခိုက်နိုင်ခြေရှိသော ခြိမ်းခြောက်မှုပင်ဖြစ်သည်။ ထိုကဲ့သို့ သော အခြေအနေ မျိုးတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အနီးအပါးရှိနေစေခြင်းမှာ မမှန်ကန်ချေ။ ရန်သူကို တိုက်ခိုက်နိုင်သောသူများသာ ထိုနေရာ၌ နေသင့်သည်။ **(ကုရ်တုဗီ)**

ဤကိစ္စနှစ်ရပ်လုံးအတွက် များစွာသော ကောင်းချီးမင်္ဂလာများရှိလေသည်။ စိုက်ယိဒိနာ စဟလ် အိဗ်နိ စအဒ်စာအီဒီ၏ ဆင့်ပြန်ချက်ကို ရှာဟီးဒ်ဗုခါရီကျမ်းတွင် တင်ပြထားသည်မှာ - တမန်တော်မြတ်ﷺသခင် မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်၌ တစ်နေ့တာရိဗာတ်ပြုခြင်းသည် တစ်ကမ္ဘာလုံးတွင်ရှိသမျှ တို့ထက် သာလွန်ကောင်းမြတ်သည်။ စိုက်ယိဒိနာ စလ်မာန်၏ဆင့်ပြန်ချက်ကို ရှဟီဒ်မုစ်လင်မ်ကျမ်းတော် ဖော်ပြထားသည်။ တမန်တော်မြတ်ﷺ သခင် မိန့်ကြားသည်မှာ တစ်နေ့နှင့်တစ်ည ရိဗာတ်လုပ်ဆောင်လျှင် တစ်လလုံးနေ့တွင် ဥပုဒ်စောင့်ထိန်း၍ ညတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းထက် သာမြတ်သည်။ ထိုအခြေအနေ၌ ၎င်းသူ သေဆုံးသွားခဲ့လျှင် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် နေထိုင်ခြင်း၏ နေ့စဉ်ဆုလာဘ်များသည် ၎င်းထံ ထာဝရဆက်တိုက်ရှိနေမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ စားနပ်ရိက္ခာများ အစဉ်မပြတ်ရရှိ၍ ရှိုက်တွာန်၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း ခံရပေလိမ့်မည်။

ဖုဒါလာဟ်အိဗ်နိအုဗိုက်ဒ်၏ ဆင့်ပြန်ချက်ကို အဗူဒါဝူဒ်ကျမ်းတွင် ဖော်ပြထားသည်။ တမန်တော်မြတ်ﷺ မိန့်တော်မူသည်မှာ တစ်စုံတစ်ဦးသေဆုံးပါက ၎င်းနှင့်ပတ်သက်သော ကောင်းမှု မကောင်းမှုစာရင်းသည် ချုပ်ငြိမ်းသွားပါသည်။ သို့သော် မုရာဗိတ္တိ (အလ္လာဟ်အရှင်မြတ်လမ်းတွင်သေဆုံးသူ) တစ်ဦးသေဆုံးက ၎င်း၏ ကောင်းမှုများစာရင်းသည် ကိယာမသ်စာရင်းစစ်ဆေးမည့်နေ့တိုင် ဆတက်ထမ်းပိုး တိုးပွားနေလိမ့်မည်။ ၎င်းပြင် ပြစ်ဒဏ်ခတ်ခံရမည်ကို စိုးရိမ်ခြင်းမှလည်း ကာကွယ်ပြီးဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သခ္ဓိုင်းတွင် ၎င်း၏လုပ်ရပ်များကို နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးပြီးသောကြောင့် ဖြစ်သည်။

ဤဆင့်ပြန်ချက်များက ညွှန်ပြသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် နေထိုင်ခြင်း "ရိဗာတ်" ဟူသည့် အပြုအမူကား အဆက်မပြတ်ရရှိလျက်ရှိသော အလှူဒါနတိုင်း၏ အကျိုးကျေးဇူး (ဆွဒကဟ် ဂျာရီယဟ်) ထက်ပင် သာပိုမြင့်မြတ်သည်။ ဤသို့ အဘယ်ကြောင့်ဖြစ်သနည်းဆိုလျှင် (ဆွဒကဟ်ဂျာရီယဟ်) လှူဒါန်းခြင်း အကျိုးအဆက်မပြတ်ရခြင်းသည် လှူဒါန်းသည့် လူအများအား အကျိုးမပြုတော့သောအချိန်တွင် စဝါဗ်အကျိုးရခြင်းမှ ရပ်တန့်သွားသည်။ အကျိုးပြုခြင်း လူအများထံရောက်ခြင်း ရပ်သွားသည်နှင့် တပြိုင်နက် လှူဒါန်းခြင်းအတွက် ရရှိမည့်ဆုလာဘ်လည်း ရပ်တန့်သွားပေသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်လမ်းတော်တွင်

နေထိုင်သည့်သူ ရရှိမည့် အကျိုးစဝါးဗ်ကား တရားစီရင်မည့်နေ့ရောက်သည့် တိုင် ရပ်တန့်လိမ့်မည် မဟုတ်ချေ။ အကြောင်းကား မုစ်လင်မ်များတို့သည် အုပ်စုတစ်ရပ်အနေဖြင့်ကောင်းမှုကုသိုလ်ပွားများနိုင်ကြရန်မှာ ရန်သူများ၏ တိုက်ခိုက် ခြင်းရန်မှ ကောင်းမွန်စွာ ကာကွယ်ပေးထားမှသာလျှင် ဖြစ်နိုင်ပေသည်။ ငြိမ်းချမ်းသာယာသော အခြေအနေတွင် မုစ်လင်မ်အားလုံး ကောင်းမှုကောင်းရာဆောင်ရွက်ရန် အကြောင်းတရားဖြစ်လာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် နေထိုင်ခြင်း (رِبَاط فِىْ سَبِيْلِ اللهِ) (ရိဗာတ်ဖီစဗီလစ်လ္လာဟ်)၏ စဝါးဗ် ကုသိုလ်သည် တရားစီရင်မည့်နေ့တိုင် ဆက်လက်ရရှိနေမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာလောကတွင် သူ့ဘဝအသက် ရှင်စဉ်၌ လုပ်ခဲ့သောကောင်းမှုကောင်းရာများသည် ၎င်းသူသေဆုံး၍ အမှန်တကယ် မလုပ်ဆောင်ရဘဲလျှက် ယင်းအကျိုးစဝါးဗ်သည် ထပ်ဆင့်၍ ရရှိပေဦးမည်။ ဤသည်မှာ အိဗနိမာဂျာဟ်ကျမ်းတွင်ပါဝင်သော စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်သခင်၏ ခိုင်လုံသော ဆင့်ပြန်ချက်အတိုင်းပင်ဖြစ်သည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ -

من مات مرابطا فى سبيل الله اجرى عليه اجر عمله الصالح الذى كان يعمله واجرى عليه رزقه وامن من الفتان وبعثه الله يوم القيمة امنا مـن الفزع (تفسير القرطبى)

"တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်လမ်းတော် (ရာဗိတ်) ၌နေထိုင်ရင်း သေဆုံးကွယ်လွန်သွားပါက သူ့ဘဝတွင် လုပ်ဆောင်ခဲ့သမျှသော ကောင်းမှုကုသိုလ်၏ ဆုလာဘ်သည် ဆက်လက်ရရှိနေပါလိမ့်မည်။ သူ၏ စားနပ်ရိက္ခာသည်လည်း ဆက်လက်ရရှိနေပါလိမ့်မည်။ ထို့ပြင် ၎င်းသည် ရှိုက်တွာန်၏ ရန်မှလည်း ကာကွယ်ပြီး ဖြစ်နေကာ အလ္လာဟ်အရှင်မြတ်သည် ၎င်းသူအား ကိယာမသ်နေ့၌ စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးသောအဖြစ်နှင့် ပြန်လည်ရှင်ပြန်ထရပေလိမ့်မည်။" (သဖ်စိရ် အလ်ကုရ်တုဗီ)

ဤဆင့်ပြန်ချက်တွင်ဖော်ပြထားသည့် ကောင်းကျိုးများကို ရရှိရန်မှာ လူတစ်ဦးသည် အစွမ်းလွှမ်းမိုးတန်းစစ်မျက်နှာကို ကာကွယ်စောင့်ရှောက်ရန်နေထိုင်ရင်း သေဆုံးကွယ်လွန်ခြင်း ဖြစ်ရမည်။ သို့ရာတွင် အခြားသော ဆင့်ပြန်ချက်များကဤနှန်းသည်မှာ သေဆုံးမှ ရမည့်ဆုလာဘ်တို့မှ မသေဘဲအသက်ရှင်လျက်နှင့် မိသားစုထံ ပြန်လည်ရောက်ရှိခဲ့လျှင်ပင် ရရှိပေလိမ့်မည်ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာ အုဗိုင်းအိဗ်နိကအဗ်က ဆင့်ပြန်ခဲ့သည် တမန်တော်မြတ် ﷺ သခင် မိန့်ကြားတော်မူခဲ့သည်မှာ - ရမဿွန်လမြတ်၏ရက်များမှအပ မုစ်လင်မ်များ၏ အားနည်းချိန်သည့် နယ်စပ်ဧရိယာကို တစ်နေ့တာရိုးသားစွာဖြင့် စောင့်ကြပ်ကာကွယ်ခြင်း၏ အကျိုးစဝါးဗ်သည် နှစ်ပေါင်းတစ်ရာ စဉ်ဆက်မပြတ် ဥပုဒ်သီလဆောက်တည်ခြင်းနှင့် ညတွင်ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းထက် သာပိုမြင့်မြတ်သည်။ ရမ္မဿွန်လမြတ်တွင် ရိဗာတ်၏တစ်ရက်လုပ်ဆောင်လျှင် နှစ်ပေါင်းတစ်ထောင် ဥပုဒ်သီလစောင့်ထိမ်းခြင်းနှင့် ညတွင်အိဗာဒသ်ခဝတ်ကိုးကွယ်ခြင်းထက် သာလွန်မြင့်မြတ်သည်။ (ဒုတိယကုသိုလ်စဝါးဗ်နှင့်ပတ်သက်၍မူ ဆင့်ပြန်သူသည် ခိုင်လုံမှုနှင့်ပတ်သက်၍ သံသယရှိကြောင်းဖော်ပြထားသည်) ထို့နောက် တမန်တော်မြတ် ﷺ သခင် မိန့်ကြားသည်မှာ- အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား ကျန်းမာစွာဖြင့် ၎င်း၏မိသားစုထံ ပြန်လည်ပို့ဆောင်ခဲ့လျှင်

၎င်း၏ဂုနာဟ်ဒုစရိုက်များကို နှစ်ပေါင်းတစ်ထောင်တိုင် မှတ်တမ်းတင်ထားမည်မဟုတ်ချေ။ သို့သော် ကောင်းမှု ကုသိုလ်အတွက်မူ သူ၏စာရင်းတွင် ထည့်သွင်းမှတ်သားပေလိမ့်မည်။ ထို့ပြင် အစ္စလာမ်ရှေ့တန်း စစ်မျက်နှာကို ကာကွယ်ရန် နယ်စပ်၌ နေထိုင်ခဲ့ခြင်းကြောင့် ၎င်း၏ဆုလာဘ်များမှာ တရားစီရင်မည့်နေ့တိုင် ဆက်လက်ရရှိပေလိမ့်မည်။ **(ကုရ်တွဗီ)**

ဣမာအသ်နှင့် ဆွလာသ်ဝတ်ပြုပြီးနောက် လာမည့် ဆွလာသ်ဝတ်ပြုဆောက်တည်မှုအတွက် စောင့်ဆိုင်းခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်လမ်းတော်၌နေခြင်းပင် ဖြစ်သည်။

စိုက်ယိဒိနာ အဗူစလ်မာန်အိဗ်နိအဗ်ဒုရ်ရဟ်မာန် ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အပြစ်ဂုနာဟ်များ ခွင့်လွှတ်ချမ်းသာပေး၍ အသင်တို့၏ နာမ်ပိုင်းဆိုင်ရာ အဆင့်မြင့်မားစေသော အကြောင်း ကျွန်ုပ်ပြောပြမည်။ ဤသည်တို့မှာ အေးမြသော ရာသီဥတုကြောင့်ဖြစ်စေ၊ နာကြင်မှုကြောင့်ဖြစ်စေ၊ ဒဏ်ရာကြောင့်ခန္ဓာကိုယ်တွင် ရေစွတ်စိုရမည့် အစိတ်အပိုင်းတို့ကို စွတ်စိုစေရန် ခက်ဟန်ရှိသည်ဖြစ်စေ ဝုဇူရေသန့်စင်ခြင်းကို ပြည့်ပြည့်ဝဝနှင့် တိတိကျကျလုပ်ဆောင်ခြင်း။ ဗလီဝတ်ကျောင်းတော်သို့ ထပ်ခါတလဲလဲ သွားရောက်ခြင်း၊ ဆွလာသ်ဝတ်ပြုမှု တစ်ကြိမ်ပြီးနောက် လာမည့် ဆွလာသ်ဝတ်ပြုမှုကို စောင့်စားခြင်းတို့ဖြစ်သည်။ ထို့နောက် ကိုယ်တော်မြတ်﴿ﷺ﴾ သခင်က မိန့်ကြားသည်မှာ **ذلكم الربط** အသင်တို့အတွက် ဤသည်မှာ ရိဗိတ္ဝ် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အစ္စလာမ့် ရှေ့တန်း စစ်မျက်နှာပြင်ကို စောင့်ကြပ်ရန်နေထိုင်ခြင်း) ဖြစ်သည်။

ဤဟဒီးဆ်တော်တင်ပြခဲ့ပြီးနောက် အိမာမ်အလ်ကုရ်တွဗီက မိန့်ကြားသည်မှာ ဤဟဒီးဆ်တော်၏ အလိုသဘောအရ လူတစ်ဦးသည် ဣမာအသ်အစုအဝေးနှင့် ဝတ်ပြုဆောက်တည်ရသော ဆွလာသ်နှစ်ခုကြားတွင် တစ်ကြိမ်ပြီး တစ်ကြိမ်ကို စောင့်ဆိုင်းသည့်အကျင့် စွဲစွဲမြဲမြဲပြုလုပ်လျှင် ဟဒီးဆ်တော်ထဲ၌ ဖော်ပြထားသည့် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ ရိဗိတ္ဝ်စောင့်ဆိုင်းခြင်းတွင်ရရှိမည့် အကျိုးဆုလာဘ်ကို မျှော်မှန်းနိုင်ပေသည်။

အထူးမှတ်ရန်

ဤအာယသ်တော်တွင် မုစ်လင်မ်များအား အခြေအနေအားလုံးနှင့် မည်သည့်အချိန်တွင်မဆို ဖြစ်နိုင်သမျှ သည်းခံနေထိုင်ရန် ညွှန်ကြားထားသည်။ ထင်ရှားသော အသေးစိတ်အချက်အလက်များ အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။ ဒုတိယညွှန်ကြားချက်မှာ အခြားသူများထက် ပိုမိုသည်းခံရန်နှင့် မယုံကြည်သွေဖည်ငြင်းဆန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် ပို၍သည်းခံမှုကို ပြသရန် ညွှန်ကြားထားသည်။ တတိယညွှန်ကြားချက်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် လက်နက်စွဲကိုင်ကာ ရင်ဆိုင်ရပြီး တိုက်ပွဲအချိန်မရွေးဖြစ်နိုင်သည့် အန္တရာယ်မျိုးနှင့် သက်ဆိုင်သည်။ နောက်ဆုံးလာရှိသော ညွှန်ကြားချက်မှာ သတ်ဂါ (အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်း) စောင့်ထိန်းရန်ဖြစ်သည်။ ယင်းသတ်ဂါသည် တစ်စုံတစ်ခုပြုလုပ်မှုတိုင်း၏ အနှစ်သာရဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏ လက်ခံမှုသည် ယင်းသတ်ဂါ ပေါ်မူတည်သည်။ ဤညွှန်ကြားချက်တို့သည် ရှရီအသ်

အမိန့်ပညတ်ချက်အားလုံးကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ကျွန်တော်မျိုးတို့အား ဤညွှန်ကြားမှုများနှင့်အညီ အစွမ်းကုန် လုပ်ဆောင်နိုင်ရန် အလွှာဟ်ရှင် စွမ်းအားပေးတော်မူပါ။ (အာမီးန်)

စူရဟ်အာလိအင်မ်ရာမ်၏ အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးဆုံးသည်း

ရဗီအွလ်အာခိရ် (၁၂) ရက်၊ ဟစ်ဂျရီ (၁၄၂၈)

မေလ (၈) ရက်၊ ၂၀၀၇ ခုနှစ်

VVVVVVVVVV

က

ကသာဒဟ်၊ ၁၂၁၊ ၁၄၂၊ ၁၅၉
ကအစ်အိပ်နိမာလိက်၊ ၂၇၃
ကအ်ဗဟ်၊ ၁၄၁၊ ၁၄၂၊ ၁၄၄၊ ၁၅၅၊ ၁၅၁၂
ကာဒိယမ်မြို့၊ ၉၅
ကာဆင်မ်အိပ်နိမုဟမ္မဒ်၊ ၁၈၂
ကုရိုက်ရှ်၊ ၁၄၂၊ ၁၆၅၊ ၂၁၀၊ ၂၁၃
ကုရ်တုဗီ (အိမာမ်)၊ ၁၈၈၊ ၂၀၄၊ ၃၁၀၊ ၃၃၅၊ ၃၆၅
ကွန်မြူနစ်၊ ၉၀

ခ

ခရစ်ယာန်၊ ၃၈၊ ၄၂၊ ၈၉၊ ၉၀၊ ၉၁၊ ၉၉၊ ၁၀၀၊ ၁၀၂၊ ၁၀၄၊ ၁၀၅၊ ၁၀၅၊ ၁၁၆၊ ၁၁၇၊ ၁၆၂၊ ၁၈၁၊ ၂၀၄၊ ၂၀၅၊ ၂၅၆
ခဝါရိဂျ် (လူမျိုး)၊ ၁၈၈
ခါလိဒ်အိပ်နိဝလီးဒ်၊ ၂၁၂
ခန်းဒတ် (စစ်ပွဲ)၊ ၄၂၊ ၂၉၁
ခဇ်ရာဂျ် (လူမျိုးနွယ်စု)၊ ၁၅၅၊ ၁၆၉၊ ၂၀၁၊ ၂၁၇
ခလ်ဗီ၊ ၁၃၉၊

ဂ

ဂဇာလီ (အိမာမ်)၊ ၂၉
ဂရိ (နိုင်ငံ)၊ ၂၉၄
ဂျဗီရ်၊ ၂၁၄
ဂျူး၊ ၃၈၊ ၄၀၊ ၄၂၊ ၈၂၊ ၈၄၊ ၈၆၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၁၀၅၊ ၁၆၂၊ ၁၈၁၊ ၁၉၄၊ ၁၉၆၊ ၂၀၁၊ ၂၀၂၊ ၂၀၄၊ ၂၀၅၊ ၂၀၅၊ ၂၃၈၊ ၃၄၀
ဂျာရ်အိဗ်နိဖယဒ်၊ ၁၀၀
ဂျလာဟ်လုဒ္ဒင်အလ်စုယုတ္တီ (ရှိုခ်)၊ ၁၄၉
ဂျဆွ်ဆွားဆွ် (အိမာမ်အဗူဗကရ်)၊ ၂၉၁
ဂျမ်ရတ်၊ ၁၄၉၊ ၁၅၀
ဂျိဗ်ရာအီလ်၊ ၃၃၊ ၄၃၊ ၁၄၂၊ ၂၂၃၊ ၂၃၁
ဂျူရ်ဟူမ် (မျိုးနွယ်စု)၊ ၁၄၂

စ

စအားဒ်၊ ၂၁၄
စအိဒ်အိပ်နိဂျူပိုင်းရ်၊ ၂၃၄
စဟလ်အိပ်နိစအဒ်စာအီဒီ၊ ၃၆၃
စလ်မာန်၊ ၃၆၃
စအားဒ်အိပ်နိမုအားဒ်၊ ၂၉၁
စအားဒ်အိပ်နိအုဗာဒဟ်၊ ၂၉၁
စုလိုင်မာန်၊ ၁၄၅

ဆ

ဆီဇာ၊ ၂၉၃
ဆီးရီးယား၊ ၅၊ ၃၀၊ ၈၆၊ ၂၁၀
ဆိုင်းရပ်စ်၊ ၂၉၃
ဆွဟာဗီ၊ ၈၀
ဆွဟာဗဟ်၊ ၈၀
ဆွဖာ (တောင်)၊ ၃၄၃
ဆွာလေးဟ်၊ ၈၅

ဇ

ဇကရိယာ၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၆၊ ၆၈၊ ၆၉၊ ၇၁
ဇဂျဂျာဂျိ၊ ၂၇၅၊ ၂၇၆
ဇုပိုင်းရိ၊ ၈၀
ဇုပိုင်းရိအိပ်နိုအောင်ဝမ်၊ ၂၁၂
ဇိုက်ဒ်အိပ်နိဟာရိဆ်၊ ၁၃၃
ဇိုက်ဒ်အိပ်နိအတ်စ်လာမ်၊ ၁၅၆
ဇိုက်ဒ်အိပ်နိအရကန်၊ ၁၆၃

တ

တွလ်ဟာ၊ ၂၁၄
တွန်မ်အွန်းဒါ(နှစ်ဆယ်ရာစုသမိုင်းပညာရှင်)၊ ၂၁၉

ဒ

ဒီမိုကရေစီ၊ ၂၉၄
ဒဟ်ဟက်၊ ၂၃၄
ဒဂျိဂျလ်၊ ၉၄

န

နအိမ်အိပ်နိမတ်စ်အုဒ်၊ ၃၁၅
နဆွာရာနီ၊ ၆၊ ၈၊ ၁၀၊ ၃၇၊ ၃၈၊ ၈၅၊ ၈၇၊ ၁၃၉၊ ၂၅၆
နူးဟ်၊ ၅၊ ၃၁၊ ၃၃၊ ၄၆၊ ၅၈၊ ၉၃၊ ၁၂၁၊ ၁၃၉၊ ၁၄၂
နဂျိရန် (ဒေသ)၊ ၉၉၊ ၁၁၆

ပ

ပါရှား၊ ၄၂၊ ၄၃၊ ၄၄၊ ၁၈၀

ဖ

ဖာသွေမဟ်၊ ၇၀၊ ၁၀၀
ဖုဒါလာဟ်အိပ်နိအုပိုက်ဒ်၊ ၃၆၃
ဖီးလစ်ဟစ်တီ (ပါမောက္ခ)၊ ၂၁၉
ဖိရ်အောင်၊ ၁၄

ဗ

ဗဂါဝိ (အိမာမ်)၊ ၃၀၊ ၄၆
ဗနီကုရိုင်ဇဟ်(လူမျိုးနွယ်စု)၊ ၁၈၈
ဗနီနဿီရ်(လူမျိုးနွယ်စု)၊ ၁၈၈
ဗနီခုဇာအဟ် (လူမျိုးနွယ်စု)၊ ၃၁၅
ဗဟာဒုးရှားဇဖရ် (ဇဖရ်ရှား)၊ ၂၄၅
ဗနီအစ္စရာအီလ်၊ ၃၈၊ ၇၉
ဗနူသွာကိဖ် (အမျိုးအနွယ်)၊ ၅၂
ဗနူဟာရိဆာဟ် (လူးမျိုးနွယ်စု)၊ ၂၁၇၊ ၂၁၈
ဗနူစလိမဟ် (လူမျိုးနွယ်စု)၊ ၂၁၇၊ ၂၁၈
ဗနူသမီးမ် (လူမျိုးနွယ်စု)၊ ၁၆၅
ဗဒ်ရ်၊ ၄၂၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၄၊ ၂၁၅၊ ၂၁၉၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၅၁၊ ၂၅၄၊ ၂၉၁၊ ၃၀၉၊ ၃၁၆
ဗဒ်ရ်အာလမ်မုဟာဂျိရ်မဒနီ (မော်လာနာ)၊ ၉၂
ဗီရေဟာ (ရေတွင်း)၊ ၃၂
ဗုခါရီ (အိမာမ်)၊ ၁၃၁၊ ၃၄၁
ဗိုင်ဟကီ၊ ၁၄၂၊ ၂၄၆၊ ၂၈၈

ဗိလာဟ်၊ ၃၄၅
ဗိုင်သုလ်မုကတ်ဒတ်စ်၊ ၆၀၊ ၆၁၊ ၁၂၃၊ ၁၄၄၊ ၁၄၅
ဗိုင်ဇန်တိုင်း၊ ၄၂၊ ၄၃၊ ၄၄၊ ၁၀၂၊ ၁၀၃၊ ၁၈၀
ဗရိဇခ်၊ ၃၅

ဘ

ဘေရွှတ် (မြို့)၊ ၉၂

မ

မလာအိကာဟ်၊ ၂၈၊ ၆၆၊ ၇၀၊ ၇၃၊ ၁၁၆၊ ၂၂၁
မဒီနဟ်မြို့၊ ၃၀၊ ၄၂၊ ၄၃၊ ၈၆၊ ၁၃၂၊ ၂၀၁၊ ၂၀၂၊ ၂၁၀၊ ၂၁၁၊ ၂၆၈၊ ၂၇၇၊ ၂၉၁၊ ၃၁၄၊ ၃၁၅၊ ၃၃၅
မက္ကဟ်မြို့၊ ၄၂၊ ၅၂၊ ၆၆၊ ၁၄၁၊ ၁၄၃၊ ၁၄၆၊ ၁၄၉၊ ၁၅၂၊ ၂၁၀၊ ၂၁၂၊ ၂၆၈၊ ၂၇၇၊ ၃၀၉၊ ၃၁၅
မစိဟ်၊ ၇၃၊ ၉၅၊ ၁၁၇
မိုးဇက် (မူစာ)၊ ၃၃၊ ၇၈၊ ၁၂၃
မူစာ၊ ၅၊ ၃၃၊ ၇၈၊ ၈၆၊ ၁၂၁၊ ၁၂၃၊ ၁၂၅၊ ၂၉၁
မုဟမ္မဒ်၊ ၅၊ ၃၀၊ ၃၂၊ ၃၃၊ ၇၁၊ ၈၆၊ ၉၃၊ ၁၀၅၊ ၁၀၇၊ ၁၁၆၊ ၁၂၆၊ ၁၂၂၊ ၁၂၅၊ ၂၅၅၊ ၂၅၈
မုဟမ္မဒ်အန်နဝါရ်ရှား အလ်ကရ်မီရီ (မော်လာနာ)၊ ၉၂
မုအာဗ်အိဗ်နိအုမိုင်းရ်၊ ၂၁၂
မုဂျာဟစ်ဒ်၊ ၁၄၂
မုဟမ္မဒ်အိဒ်ရိုးစ်၊ ၉၂
မုတ်နဗ်ဗီ (ကဗျာဆရာ)၊ ၄၅
မရ်ယမ်၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၁၂၁
မာလိတ်အိဗ်နိအနားစ် (အိမာမ်)၊ ၁၄၃
မဲဟ်ရာမ်၊ ၁၅၃
မေရီ၊ ၁၁၆
မိရ်ဇာဂူလာမ်အဟ်မဒ်၊ ၉၅
မတ်စ်ဂျိဒ်အလ်ဟရာမ်၊ ၁၄၄၊ ၁၄၆
မတ်ဂျိဒ်အလ်အက်ဆွာ၊ ၁၄၆
မအ်ဗဒ်အလ်ခုဇာအီ၊ ၃၁၅

ယ

ယဟူဒီ၊ ၃၇၊ ၁၀၂၊ ၁၀၄၊ ၁၀၅၊ ၁၃၈၊ ၁၃၉
ယီမင်၊ ၄၃၊ ၄၄
ယာမုက် (စစ်ပွဲ)၊ ၂၁၅
ယဟ်ယာ၊ ၆၆၊ ၆၇၊ ၃၃၄
ယအ်ကူးဗ် (ဝါ) အစ္စရာအီလ် (တမန်တော်)၊ ၅၊ ၁၃၈
ယေရှု၊ ၈၇၊ ၈၈၊ ၈၉၊ ၉၁၊ ၉၃၊ ၁၁၆

ရ

ရဗီအ်၊ ၁၅၉
ရာဇီ (အိမာမ်)၊ ၈၇၊ ၂၃၇၊ ၂၄၄
ရာဂစ်ဗ်အလ်အဆ်ဖဟာနီ၊ ၂၀၂
ရူမီ (ကဗျာဆရာ)၊ ၅၃၊ ၃၅၁
ရှာဖိအီ (အိမာမ်)၊ ၁၈၄

ရှဖီး (မော်လာနာ)၊ ၉၂၊ ၉၅
ရှဗီရ်အဟ်မဒ် အုတ်သ်မာနီ (ရိုက်ခွဲလ်အစ္စလာမ် မော်လာနာ)၊ ၁၇၃
ရှမားစ်အိဗ်နိကိုက်စ်၊ ၁၅၅
ရှဟ်ရာဟ်ဗီလ် အဗ်ဒုလ္လာဟ်ဗင် ရှဟ်ရာဟ်ဗီလ်၊ ၁၀၀
ရုရှား၊ ၉၀၊ ၁၉၆

လ

လုသ် (တမန်တော်)၊ ၈၅၊ ၂၂၃

ဝ

ဝါဟီဒ်၊ ၁၃၉

သ

သမုဒ် (လူမျိုးနွယ်စု)၊ ၈၅
သောင်ရသ်၊ ၁၊ ၄၊ ၂၈၊ ၃၀၊ ၃၃၊ ၃၆၊ ၇၇၊ ၁၀၄၊ ၁၀၆၊ ၁၀၇၊ ၁၃၈၊ ၃၄၀၊ ၃၅၉
သဗ်ရာနီ၊ ၂၈၉
သအ်ဝုဇ်၊ ၁၂၁၊ ၁၆၀

ဟ

ဟစန်၊ ၁၀၀၊ ၁၀၁
ဟုဗိုင်န်၊ ၁၀၀၊ ၁၀၁
ဟုဗိုင်န်၊ ၂၄၆
ဟစန်ဗစွရီ၊ ၆၅၊ ၁၂၁၊ ၁၃၉၊ ၂၆၂၊ ၃၅၂
ဟစန်အိဗ်နိအမီးရ်၊ ၃၅၃
ဟသိဗ်အိဗ်နိအဗီဗီလ်သအာဟ်၊ ၂၇၇
ဟသ္မိမ် (အိမ်တော်၏တစ်စိတ်တစ်ဒေသ)၊ ၁၄၂
ဟင်ဒါဟ်၊ ၂၁၃
ဟောင်ဝါ၊ ၁၄၂
ဟိရက်ကလ် (ဟိရက်ကလိယပ်စ်)၊ ၁၀၂၊ ၁၀၃
ဟိုနိုင် (စစ်ပွဲ)၊ ၂၁၆
ဟမ်ဇာဟ်၊ ၂၁၂
ဟမ်ရာအလ်အစဒ်၊ ၂၆၈၊ ၃၁၄၊ ၃၁၅၊ ၃၂၂
ဟဇ်ရသ်စူဖ်ယမ်အိဗ်နိအုယိုင်နဟ်၊ ၃၅၃
ဟဇ်ရသ်ဝဟ်ဗ်အိဗ်နိမုနာဇ်ဗိဟ်၊ ၃၅၃
ဟဇ်ရသ်ဗရှာရ်ဟာဖီ၊ ၃၅၄
ဟဂျ်ဂျာဂျ်အိဗ်နိယူစွဖ်၊ ၁၄၃၊ ၁၅၂
ဟုဒိုင်ဗီယာ၊ ၂၁၃
ဟာရွန်၊ ၅

အ

အာရေးဗီးယား၊ ၃၇၊ ၁၆၅၊ ၂၁၉၊ ၂၃၁၊ ၂၆၈
အရဖတ်၊ ၃၀
အရဗ်၊ ၁၆၅၊ ၁၆၆၊ ၁၆၉
အရဗီ၊ ၁၆၆
အလီ၊ ၁၀၀၊ ၁၀၁၊ ၁၂၁၊ ၁၄၂၊ ၂၃၄၊ ၂၄၆၊ ၂၈၉၊ ၂၉၂
အနတ်စ်၊ ၆၅
အနတ်စ်အိဗ်နိအလ်နဒီးန်၊ ၂၁၄
အနတ်စ်အိဗ်နိမာလိက်၊ ၂၃၄
အတာအိဗ်နိရဗာဟ်၊ ၃၄၅
အပူအိုင်ယွတ်ဗ်အလ်အန်စွာရီ၊ ၃၁

အဗူနအီးမ်၊ ၄၂
အဗူဟနီဖဟ် (အိမာမ်)၊ ၁၁၂၊ ၁၈၄၊ ၂၄၈
အဗူဗကရ်၊ ၁၃၁၊ ၂၀၈၊ ၂၉၂၊ ၂၉၇၊ ၂၉၈၊ ၃၃၈
အဗူတွလ်ဟဟ်၊ ၁၃၂
အဗူဇရ်၊ ၁၄၄
အတွာ (ဟဇ်ရသ်)၊ ၁၈၈
အဗူအုမာမာဟ်၊ ၁၈၈
အဗူစွဖ်ယမ်၊ ၂၁၃၊ ၃၁၅
အဗူဒူဂျာနာဟ်၊ ၂၁၄
အဗူအလ်အာလီယဟ်၊ ၂၃၄
အဗူမုစ်လင်မ်၊ ၂၃၈
အဗူဟုရိုင်ရဟ်၊ ၂၉၀၊ ၃၀၆၊ ၃၃၃၊ ၃၆၄
အဗူဒါဝူဒ်၊ ၃၁၂
အဗူဒရ်ဒါး၊ ၃၁၈
အဗူအလီဒွက်က၊ ၃၂၃
အဗူဗကရ်အိပ်နိဖုဝါရာခ်၊ ၃၂၃
အဗူစုလိုင်မာန် အလ်ဒါရာနီ၊ ၃၅၃
အဗူစလ်မာန်အိပ်နိ အဗ်ဒုရ်ရဟ်မာန်၊ ၃၆၅
အရှ်ရဖ်အလီထာနဝီ (မော်လာနာ)၊ ၅၄၊ ၂၇၃၊ ၂၇၅၊ ၃၅၉
အင်နှ်ဂျီလ်၊ ၁၊ ၄၊ ၂၈၊ ၃၃၊ ၃၆၊ ၃၇၊ ၃၉၊ ၅၆၊ ၅၇၊ ၁၀၄၊ ၁၀၆၊ ၁၀၇၊ ၃၅၉
အီစာ၊ ၇၈၊ ၇၉၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၇၊ ၈၈၊ ၈၉၊ ၉၁၊ ၉၂၊ ၉၄၊ ၉၅၊ ၉၈၊ ၁၂၁၊ ၁၂၃၊ ၁၂၅၊ ၁၂၇၊ ၃၅၄
အိစ်မာအီလ်၊ ၅၊ ၁၄၄
အစ်ဟားက်၊ ၅
အီရတ်၊ ၅၊ ၄၄၊ ၈၆
အီဂျစ်၊ ၈၆
အင်မ်ရာန်၊ ၅၈၊ ၅၉၊ ၆၁၊ ၆၂၊ ၉၃
အင်္ဂလိပ်၊ ၁၆၆၊ ၁၉၆
အန်ဆွာ (လူမျိုးနွယ်စု)၊ ၁၅၅
အလ်စုယူတွီ၊ ၈၅
အာဒ် (လူမျိုးနွယ်စု)၊ ၈၅
အစ္စရေး(နိုင်ငံ)၊ ၈၉၊ ၉၀၊ ၁၉၆
အမေရိကန်၊ ၉၀၊ ၁၉၆
အမလ်ကိုက် (လူမျိုးနွယ်စု)၊ ၁၄၂
အနတ်စ်အိပ်နိမာလစ်၊ ၂၁၄
အရစ္စတိုတယ်လ်၊ ၂၉၄
အောက်ဖ်အိပ်နိမာလိက်၊ ၃၂၁
အေလာအာဗတ် (မြို့)၊ ၃၅၄
အဟ်ဇားဗ် (စစ်ပွဲ)၊ ၄၂
အစ္စလာမ်၊ ၃၃၊ ၃၄၊ ၃၅၊ ၁၂၄၊၁၂၆၊ ၁၆၀
အလ္လာဟ်မဟ်အဗ္ဗဒုလ်ဖသ်သဟ်အဗူရွှန်ဒါဟ်၉၂
အလ္လာမာဟ်အလ်စုဗ်ကီ၊ ၁၂၂
အစ်သိဖာမန်ဇီလ် (အဆောက်အဦ)၊ ၁၃၂
အဗ်ဒုလ္လာအိပ်နိအမ်ရ် အိပ်နိ အလ်အားစ်၊ ၁၄၂
အဗ်ဒုလ္လာအိပ်နိမတ်အူးဒ်၊ ၁၅၉၊ ၁၆၃
အဗ်ဒုလ္လာအိပ်နိ ဇုဗိုင်းရ်၊ ၂၄၃၊ ၂၅၂
အဗ်ဒုလ္လာအိပ်နိစလာမ်၊ ၁၉၃
အဗ်ဒုလ္လာအိပ်နိဂျုဗိုင်းရ်၊ ၂၁၂
အဗ်ဒုလ္လာအိပ်နိ အုဗိုင်ရ်၊ ၂၁၁၊ ၂၁၇
အဗ်ဒုလ္လာအိပ်နိအဗ္ဗားစ်၊ ၂၆၂

အာမတ်ရှိ (အိမာမ်)၊ ၃၀
အာအိရှာဟ်၊ ၁၀၊ ၁၄၃၊ ၂၄၃၊ ၂၉၂၄၅
အာဒမ်၊ ၅၊ ၉၊ ၃၁၊ ၅၁၊ ၅၃၊ ၅၈ ၊ ၁၂၊ ၁၄၁၁၄၂
အောက်စ် (လူမျိုးနွယ်စု) ၁၅၅၊ ၁၆၉၊ ၂၀၁၊ ၂၁၃
အုဟုဒ် ၄၂၊ ၂၀၉၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၅၊ ၂၂၂၊ ၂၅၁၊ ၂၅၄၊ ၂၆၈၊ ၂၇၁၊ ၂၇၃၊ ၂၇၄၊ ၂၇၆၊ ၂၇၈၊ ၂၉၁၊ ၃၀၃၊ ၃၀၄၊ ၃၀၉၊ ၃၁၃၊ ၃၁၄၊ ၃၁၆
အုမရ်၊ ၅၂၊ ၁၃၃၊ ၂၀၄၊ ၂၁၅၊ ၂၁၆၊ ၂၇၇၊ ၂၇၈၊ ၂၈၈၊ ၂၉၅၊ ၂၉၇၊ ၂၉၈၊ ၃၁၈၊ ၃၅၃
အုမ်မိစုလိုင်မ် ၊ ၆၅
အုစာမာဟ်၊ ၁၃၃
အုသ်မာန်အလ်ဂနီ၊ ၂၇၈
အုပိုင်းအိပ်နိကအဗ်၊ ၃၆၄
အုမာရ်အိပ်နိ အဗ်ဒုလ်အဇီးဇ်၊ ၃၅၃
အမ်ရ်အိပ်နိအလ်အားစ်၊ ၁၈၂
အိပ်ရာဟီမ်၊ ၅၊ ၃၂၊ ၃၃၊ ၄၅၊ ၅၈၊ ၈၆၊ ၉၃၊ ၁၀၄၊ ၁၀၅၊ ၁၂၁၊ ၁၃၈၊ ၁၃၉၊ ၁၄၄၊ ၁၄၈၊ ၁၅၀၊ ၁၅၁
အိပ်နိကဆီးရ်၊ ၂၉
အိပ်နိအဗီဟာသင်၊ ၃၈၊ ၂၀၄
အိပ်နိခုဇိုင်မဟ်၊ ၄၂
အိပ်နိသိုင်မီယဟ် (ဟာဖိစ်) ၈၄
အိပ်နိအဗွားစ်၊ ၈၅၊ ၁၂၁၊ ၁၃၉၊ ၁၆၀၊ ၁၈၈၊ ၁၈၉၊ ၂၃၄၊ ၂၉၆၊ ၃၁၂၊ ၃၄၁
အိပ်နိဟဂျရ် (ဟာဖိဇ်)၊ ၉၂
အိပ်နိအစ္စဟားက်၊ ၁၅၆
အိပ်နိဟူမာမ်၊ ၂၇၈
အိပ်နိသိုင်မီယဟ်၊ ၂၇၉
အိပ်နိအတ္တီယဟ်၊ ၂၉၅
အိပ်နိအဒီ၊ ၂၉၆
အိပ်နိဟစ်ဗန်၊ ၃၄၅
အိပ်နိအဗီအဆာကီးရ်၊ ၃၄၅
အိပ်နိဟိရှမ်း (သမိုင်းပညာရှင်)၊ ၂၁၇
အိန္ဒိယ (နိုင်ငံ)၊ ၉၄၊ ၁၆၅၊ ၁၆၆
အိစ်ကရမဟ်၊ ၁၈၈၊ ၂၃၅
အဗ်ရဟဟ်၊ ၁၄၉
အရ်ယာစမာဂျ်၊ ၁၆၅
အဗ်ဒါအလ်ဗား၊ ၁၈၄
အတ်က်ဗရ် (စာရေးဆရာ)၊ ၃၅၄၇

ဥ

ဥရောပ၊ ၉၀၊ ၁၆၆၊ ၁၉၆၊ ၃၅၅

tñ@f